
www.burmeseclassic.com



www.burmeseclassic.com

# သမ္ဗုဒ္ဓေဂါထာ ဘုရားရှိခိုး

## ဒွိဋ္ဌ-အနက်



သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။

ပဉ္စသတသဟဿာနိ၊ နမာမိ သိရသာမဟံ။

အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ။

တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။

နမက္ကာရာနုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။

အနေကာ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။


**အဋ္ဌဝီသံ**-သုံးပါးဘဝ သုံးလောကတွင် ဉာဏရောင်ဖိတ် အောင်ဘိသိက်နှင့် နှစ်ကျိပ်ရှစ်ဆူကုန်သော၊ **သမ္ဗုဒ္ဓေစ**-တန်ဆောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာပွင့်လင်း တရားမင်းတို့ကိုလည်းကောင်း၊ **ဒွါဒသဉ္စ သဟဿကေ**-နိဗ္ဗာန်ကိန်းအောင်း စက်မွေ့လျောင်းသည့် တစ်သောင်းနှစ်ထောင်ကုန်သော၊ **သမ္ဗုဒ္ဓေစ**-လရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းပြောင် မြတ်ဘုန်းခေါင်တို့ကိုလည်းကောင်း၊ **ပဉ္စသတသဟဿာနိ**-သောင်းတိုက်စကြဝဠာ ဂုဏ်ဝါရောင်ရှိန်း ငါးသိန်းကုန်သော၊ **သမ္ဗုဒ္ဓေစ**-နေရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းထိန် မြတ်မုနိန်တို့ကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်သည်၊ **သိရသာ**-ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ **နမာမိ**-ရိုသေညွတ်ကျိုး လက်အုပ်မိုး၍ ရှိခိုးပါ၏။

ဂင်္ဂါ ဂင်္ဂါယ-ဂင်္ဂါမြစ်အတွင်း၌၊ **ဝါဠုကာ**-ရှိကြကုန်သော သဲတို့သည်၊ **အပ္ပကာ**-နည်းကြကုန်သေး၏။ **နိဗ္ဗုတာ**-ဘုံဇာတ်သိမ်း၍ ငြိမ်းအေးတော်မူကြကုန်ပြီးသော၊ **ဇိနာ**-နှောင့်ယှက်ဖန်လာ မာရ်ငါးဖြာကို အရိယာမဂ် ဘုန်းရောင်စက်ဖြင့် ချိုးဖျက်လွယ်ကူ အောင်တော်မူသော ဘုရားရှင်အပေါင်းတို့ကား၊ **အနန္တာ**-သင်္ချာဂဏန်း ရေတွက်မှန်းလည်း ဆုံးခန်း တိုင်မြောက် မရောက်နိုင်ကြကုန်၏။ **တေ ဇိနေစ**-ထိုဘုရားရှင်တို့ကိုလည်းကောင်း၊ **တေသံ**-ထိုငါးသိန်းတစ်သောင်းနှစ်ထောင် နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်, မရေတွက်နိုင်သော ဘုရားရှင်တို့၏၊ **ဓမ္မဉ္စ**-တရားတော်မြတ်ကိုလည်းကောင်း၊ **သံဃဉ္စ**-တပည့်သားသံဃာတော်မြတ်ကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်သည်၊ **အာဒရေန**-အာဒရံ-ရိုသေစွာ၊ **နမာမိ**-ရှိခိုးပါ၏။

**နမက္ကာရာနုဘာဝေန**-ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ပဏာမကုသိုလ် စေတနာကြောင့်၊ **သဗ္ဗေ**-ခပ်သိမ်းကုန်သော၊ **ဥပဒ္ဒဝေ**-ဘေးရန်တို့ကို၊ **ဟိတွာ**-ပယ်ဖျောက်၍၊ **အနေကာ အန္တရာယာပိ**-တစ်ပါးမက များလှသွယ်သွယ် အန္တရာယ်တို့သည်လည်း၊ **အသေသတော**-အကြွင်းအကျန် မရှိသောအားဖြင့်၊ **ဝိနဿန္တု**-ပျောက်ပျက်ပါစေကုန်သတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com




စစ်ကိုင်းမိဖုရားမင်းလှထွတ်၏ကျောင်းမှ အရှေ့ညီအစ်မကောင်းမှု မြစေတီတော်

## အင်းဝခေတ်နှောင်း နရပတီမင်း၏ သမီးတော်များကောင်းမှု

စစ်ကိုင်းမြို့

# ညီအစ်မကောင်းမှုစေတီတော်

နန္ဒာမင်းလွင်

__မြို့ရောနယ်ပါဆင်နွှဲ ဝေမျှဝန်ငါးထပ်ကြီးဘုရားပွဲ__

စစ်ကိုင်းမြို့သည် ယဉ်ကျေးမှုမြို့တော်၊ ဘာသာရေးမြို့တော်ဟု သတ်မှတ်ကြသည်။ ရှေးဟောင်းယဉ်ကျေးမှုမြို့တော်ဖြစ်သည်နှင့်အညီ သမိုင်းအမွေအနှစ်၊ ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သော ရှေးဟောင်းသမိုင်းဝင် စေတီပုထိုးများ၊ သာသနိကအဆောက်အအုံများ၊ ကျောက်စာ၊ မော်ကွန်းစာများစွာတည်ရှိနေသည်။ ဘာသာရေးမြို့တော်ဖြစ်သည်နှင့်အညီ စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုးတစ်ခွင်တွင် ရှေးဟောင်းဘုရား၊ ကျောင်း၊ ကန်၊ စေတီပုထိုးများစွာ လက်ညှိုးထိုးမလွဲ တည်ရှိနေပေသည်။ စစ်ကိုင်းတောင်၊ ဗျိုင်းကောင်နှင့်တူသလေးဟု ရှေးယခင် စာဖွဲ့ခဲ့ကြသည်။ စစ်ကိုင်းတောင်ရိုးကြီးတစ်ခုလုံးတွင် ထုံးဖြူဖြူစေတီပုထိုးတို့နှင့် ဖွေးဖွေးလှုပ်တည်ရှိနေမှုကို တင်စားခဲ့ကြခြင်းပင်။

ဤသို့ ရှေးယခင်ကပင် ဗုဒ္ဓဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုတို့ ထွန်းကားခဲ့ရာ စစ်ကိုင်းမြို့ကွင် ဝါတွင်း(၃)လတာ သီတင်းစဉ်တိုင်း တန်ခိုးကြီးသမိုင်းဝင် စေတီပုထိုးများကို ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပပြုလုပ်ကာ ဆွမ်းတော်ကြီးကပ်လှူလေ့ရှိကြသည်။ စစ်ကိုင်းမြို့၏ ဝါတွင်းဘုရားစဉ်ပွဲတော်များကို ပုံ၊ တောင်၊ ဓေ၊ ချမ်း၊ ဥ၊ နံ၊ နန်း၊ လေး၊ ပ၊ ထူ၊ ရှင်၊ ငါး၊ အောင်၊ ကောင်း အပြီးကောင်းမှုတော်၊ အမြောင်ငါးထပ်ကြီးဟု လင်္ကာဖြင့် မှတ်သားကြသည်။ ဤဝါတွင်းဘုရားစဉ် ပွဲတော်လင်္ကာလေးကို စစ်ကိုင်းသူ စစ်ကိုင်းသားမှန်လျှင် အားလုံးနီးပါး အလွတ်ရကြသည်။

လင်္ကာလေးမှာ ဝါဆိုလပြည့်နေ့မှစတင်ကာ စစ်ကိုင်းတောင်ရိုး၊ ပုညရှင်စေတီတော်ကို ဆွမ်းဦးစတင်ကပ်လှူ၍ ဝါတွင်းဘုရားစဉ်ပွဲတော်များ အစပြုသည်။ စစ်ကိုင်းတောင်၊

www.burmeseclassic.com

www.burmeseclassic.com

ပုညရှင်စေတီတော်ကြီးမှာ ဝါတွင်းကာလ၏ ပထမဆုံးဆွမ်းတော်ဦးကို ကပ်လှူပူဇော်ခြင်းခံယူရသည်ဖြစ်၍ ဆွမ်းဦးပုညရှင်ဟု သမုတ်ခေါ်ဝေါ်ကြခြင်းဖြစ်သည်။ ဆွမ်းဦးပုညရှင်ဘုရားပွဲမှစတင်ကာ သီတင်းအပတ်စဉ် ဥပုသ်နေ့တိုင်းတွင် ပုံ-ပုညရှင်စေတီ၊ တောင်-တောင်ဖီလာလေးကျွန်းဆီမီးစေတီ၊ ဇေ-ဇေတဝန်စေတီ၊ ချမ်း-ချမ်းသာကြီး ချမ်းသာရစေတီ၊ ဥ-ဥမင်သုံးဆယ်စေတီ၊ နံ့-ရှင်ပင်နံ့ကိုင်းစေတီ၊ နန်း-ရှင်ပင်နန်းဦးစေတီ၊ လေး-လေးကျွန်းမာရ်အောင်စေတီ၊ ပ-ပတ္တမြားစေတီ၊ ထူ-ထူပါရုံစေတီ၊ ရှင်-ရှင်ဖြူရှင်လှစေတီ၊ ငါး-ဝေဠုဝန်ငါးထပ်ကြီးဘုရား၊ အောင်-အောင်မြေလောကကျောက်စေတီ၊ ကောင်း-ရာဇမဏိစူဠာကောင်းမှုတော်စေတီကြီး ဘုရားပွဲတော်တို့ကို အစဉ်အတိုင်း ကျင်းပပြုလုပ်ကြသည်။

အမြောင်ငါးထပ်ကြီး အပြီးကောင်းမှုတော်ဟု ဆိုခြင်းမှာ ဝေဠုဝန်ငါးထပ်ကြီးပွဲသည် သီတင်းပတ်စဉ် အဖိတ်၊ ဥပုသ်နေ့တွင် ကျင်းပသောပွဲမဟုတ်ဘဲ ကြားရက်တွင်မြောင်၍ ကျင်းပခြင်းဖြစ်သည်။ သီတင်းကျွတ်လဆန်း (၃၊ ၄၊ ၅၊ ၆)ရက်များတွင် ကျင်းပလေ့ရှိသည်။ အပြီးကောင်းမှုတော် ဆိုသည့်စကားရပ်မှာ ဝါတွင်းဘုရားစဉ်ပွဲတော်များကို သီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပပြုလုပ်သည့် ကောင်းမှုတော်စေတီကြီး၏ ဘုရားပွဲတော်နှင့် အပြီးသတ်လေ့ရှိသည်ဟု ဆိုလိုခြင်းဖြစ်သည်။

စစ်ကိုင်းမြို့ပေါ် (၁၈)ရပ်ကွက်နှင့် ဝါးချက်ရွာ၊ ညောင်ကုန်းရွာ၊ ရေခါးရွာ၊ ကျောက်တာရွာ၊ ရွာထောင်ရွာတို့တွင် အရဏ်တော်ဝတ်အသင်းများ ရှိကြသည်။ အဆိုပါ အရဏ်တော်ဝတ်အသင်းများသည် ဝါတွင်း ဘုရားစဉ် စေတီတော်များသို့ သွားရောက် အရဏ်ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို သွားရောက်ဆက်ကပ် လှူဒါန်းကြသည်။ ဆွမ်းတော်ကြီးအဖွဲ့တွင် အုပ်ထိုးအုပ်ကိုင်၊ ကျိုင်းကိုင်၊ သိုင်းကိုင် စသည်တို့ပါရှိကာ ဝတ်ဖြူစင်ကြယ်များဖြင့် ဖိနပ်မစီးဘဲ ဘုရားတက်ကြရသည်။ အမျိုးသမီးများက ယောဂီဝတ်စုံနှင့် လိုက်ပါကြသည်။ အရဏ်ဆွမ်းအမီ နံနက်စောစော ဘုရားသို့ အရောက်သွားကြရကာ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူ၍ ဓမ္မစကြာဒေသနာ ပရိတ်တရားတော်တို့ဖြင့် ရွတ်ဖတ်ပူဇော်ကြသည်။

ဝါတွင်း ဘုရားစဉ်တွင် ကြားပွဲ၊ အမြောင်ပွဲအဖြစ် ကျင်းပပြုလုပ်သည့် စစ်ကိုင်းမြို့၊ ဝေဠုဝန်ငါးထပ်ကြီး ဘုရားပွဲမှာ အခြားဘုရားပွဲတော်များကဲ့သို့ ဥပုသ်နေ့၊ အဖိတ်နေ့တို့တွင် ကျင်းပပြုလုပ်ခြင်းမဟုတ်ချေ။ နှစ်စဉ် သီတင်းကျွတ်လဆန်း (၃)ရက်နေ့မှ (၇)ရက်နေ့အထိ ကျင်းပပြုလုပ်လေ့ရှိသည်။

ဝေဠုဝန်ငါးထပ်ကြီးဘုရားကို ညောင်ရမ်းခေတ်၊ သာလွန်မင်းတရားကြီး၏သားတော် အင်းဝနန်းစံ မင်းရဲရန္တမိတ်က တည်ထားခဲ့ခြင်းဖြစ်သည်။ မင်းရဲရန္တမိတ်မင်းသည် သမိုင်းတွင် ပင်းတလဲမင်းဟူ၍လည်းကောင်း၊ ငါးထပ်ဒါယကာမင်းဟူ၍လည်းကောင်း ထင်ရှားသည်။

ဝေဠုဝန်ငါးထပ်ကြီးဘုရားသည် စစ်ကိုင်းမြို့၏ အနောက်ဘက်စွန်းတွင် တည်ရှိသဖြင့် ဘုရားပွဲတော်ကျင်းပချိန်တွင် မြို့ပရိသတ်၊ နယ်ပရိသတ်များ၊ ဈေးပွဲ၊ ဇာတ်ပွဲ၊ လက်ဝှေ့ပွဲများနှင့် အထူးစည်ကားသည်။ ဘုရားပွဲတော်တွင် နာမည်ကျော်ဇာတ်ပွဲကြီးများ၊ လက်ဝှေ့ပွဲများနှင့်အတူ ဒေသထွက်ကုန်ပစ္စည်းများ ရောင်းချကြသည်။ စစ်ကိုင်းမြို့ပေါ် ရပ်ကွက်များကသာမက စစ်ကိုင်းမြို့ အနောက်တာရေဝင်ကျေးရွာများဖြစ်သည့် ညောင်ကုန်း၊ သပြေပင်၊ ရွှေစင်ကဲ၊ ကန္တားတော်၊ မအူပင် (၄)ရွာ၊ သဖြူး၊ ဒေါင်းမ၊ ဆင်မြေ၊ နေပူကုန်း၊ တဲကြီး စသည့်ကျေးရွာများကပါ




ညီအစ်မကောင်းမှုမြေစေတီမှဖူးတွေ့ရသော အနောက်ညီအစ်မကောင်းမှုဗွတ်စေတီတော်



www.burmeseclassic.com

www.burmeseclassic.com



ပုခန်းမိဖုရားမင်းများထွတ်ကောင်းမှု
ညီအစ်မကောင်းမှုပွတ်စေတီတော်ကြီး

ရွာလုံးကျွတ်၊ နယ်လုံးကျွတ် ဆင်နွှဲကြသည်။

ဧရာဝတီမြစ်တစ်ဖက်ကမ်းမှ အင်းဝ၊ ဆင်တဲ စသည့် နယ်များကလည်း ရေကြောင်းခရီးဖြင့် ဘုရားပွဲတော်ကို လာရောက်ဆင်နွှဲကြသည်။ ဒေသထွက်ကုန်ဖြစ်သော ထန်းလျှော်တောင်းအမျိုးမျိုး၊ ကျောက်တာရွာထွက် ကျောက်ပျဉ်၊ ငရုတ်ဆုံ၊ နွယ်ငြိမ်းရွာထွက် စဥ့်အိုးစဥ့်ထည်များ၊ နှီးဖျာလိပ်၊ ရိုင်လိပ်၊ ဆန်ကော၊ ဆန်ခါ စသည့်ဝါးနှီးထည်များ၊ တောင်သူလုပ်ငန်းခွင်သုံး ပစ္စည်းအမျိုးမျိုးတို့ကို အလုံးအရင်း ခင်းကျင်းရောင်းချလေ့ရှိကြသည်။ ကျေးလက်တောရွာများ၏ အသုံးလိုပစ္စည်းပစ္စယ၊ ကိရိယာများဖြစ်၍ ဈေးသည်များလည်း ရောင်းကောင်း,ဝယ်ကောင်းရှိကြသည်။

မြို့ပွဲ၊ တောပွဲ၊ မြို့ပရိသတ်၊ နယ်ပရိသတ်များနှင့် အထူးစည်ကားသောပွဲဖြစ်၍ ဝေဠုဝန်ငါးထပ်ကြီးဘုရားပွဲတော်သို့ မိသားစုနှင့်အတူ သွားရောက်ဆင်နွှဲဖြစ်ပါသည်။

ဘုရားပွဲတော်သို့ သွားရောက်ဆင်နွှဲရင်း စစ်ကိုင်းမြို့အနောက်ပိုင်း ဒါးဝယ်ဈေးရပ်ကွက်နှင့် လင်းဇင်းရပ်ကွက်အနီးရှိ အင်းဝခေတ်၊ နရပတိမင်းကြီး၏သမီးတော် မိဖုရား(၂)ပါးတို့၏ ကောင်းမှုဖြစ်သော ညီအစ်မကောင်းမှုစေတီတော်နှစ်ဆူကို ဝင်ရောက်ဖူးမြော်ဖြစ်ပါသည်။

**ထူပါရုံဒါယကာ နရပတိမင်း၏**
**သမီးတော်နှစ်ပါးကောင်းမှု ညီအစ်မကောင်းမှုစေတီ**

ညီအစ်မကောင်းမှုစေတီတော်နှစ်ဆူကို အင်းဝနန်းစံ၊ ထူပါရုံဒါယကာ နရပတိမင်း၏ သမီးတော်(၂)ပါးတို့က သက္ကရာဇ်(၈၂၅)ခုနှစ်တွင် တည်ထားခဲ့ခြင်းဖြစ်ပါသည်။ နရပတိမင်း၏ သမီးတော်နှစ်ပါးဖြစ်သည့် သမီးတော် စစ်ကိုင်းမိဖုရား မင်းလှထွတ်နှင့် သမီးတော် ပုခန်းမိဖုရား မင်းများထွတ်တို့က တည်ထားခဲ့ကြသည်။ စေတီတော်(၂)ဆူမှာ ပေ(၁၀၀)ခန့်ကွာဝေးပြီး အရှေ့ဘက်စေတီတော်မှာ အစ်မတော် စစ်ကိုင်းမိဖုရား မင်းလှထွတ်၏ကောင်းမှုဖြစ်သည်။ အစ်မတော် စစ်ကိုင်းမိဖုရားကောင်းမှုဖြစ်သော အရှေ့စေတီတော်ကို မြစေတီဘွဲ့မည်တွင်သည်။ ညီမတော် ပုခန်းမိဖုရားကောင်းမှုဖြစ်သော အနောက်စေတီတော်ကို ပွတ်စေတီဟု ခေါ်ဝေါ်ကြသည်။ စေတီတော်တည်ထားပြီးသည့်အခါ များစွာသောပူဇော်သက္ကာရကို ပြုတော်မူကြသည်။ ခမည်းတော်ပေးသည့် မြေပယ်တို့ကိုလည်း လှူဒါန်းခဲ့ကြသည်။ စစ်ကိုင်းမိဖုရားကောင်းမှုအရှေ့ မြစေတီအနီးရှိ ကျောင်းတော်သည် အသောကကျောင်းဟူ၍ ခေါ်ဝေါ်ကာ ပုခန်းမိဖုရားကောင်းမှု၊ ပွတ်စေတီအနီးရှိ ကျောင်းတော်ကို ဥဩကျောင်းဟု အမည်တွင်ခဲ့သည်။

သက္ကရာဇ်(၁၀၀၀)ပြည့်နှစ်တွင် သာလွန်မင်းတရားကြီးသည် ယိုယွင်းပြိုပျက်သည့် ညီအစ်မကောင်းမှုစေတီတော်နှစ်ဆူကို ဌာပနာသစ်ထည့်သွင်း၍ ပြန်လည်တည်ထားတော်မူခဲ့သည်။ ညီအစ်မကောင်းမှုစေတီတို့တွင် ဇရပ်တော်များ ဆောက်လုပ်လှူဒါန်းခဲ့သည်။

အနောက်ဘက် ပုခန်းမိဖုရားမင်းများထွတ်၏ ကောင်းမှုဖြစ်သော ပွတ်စေတီမှာ နှစ်ပေါင်းများစွာ ပြိုကျပျက်စီးနေခဲ့သည်။ စေတီတော်အတွင်း၌ ကြီးမားသောမြွေကြီးများ ခိုအောင်းကာ အနောက်ဘက်လိုဏ်ပေါက်မှ ဝင်ထွက်သွားလာ ကျက်စားနေထိုင်လျက်ရှိခဲ့သည်။ သက္ကရာဇ်(၁၃၆၈)ခုနှစ်တွင် ဓာတ်ပေါင်းစုအောင်မြေဆရာတော်မှ ဦးဆောင်ကာ တပည့်ဒါယကာ,ဒါယိကာမများ၏ ပေါင်းစည်းမှုဖြင့် အနောက်ဘက် ညီမကောင်းမှု ပွတ်စေတီတော်ကြီးအား ပြန်လည်ပြုပြင်တည်ထားခဲ့သည်။ ဓာတ်ပေါင်းစုအောင်မြေဆရာတော် ဦးတေဇောဘာသမှ ဦးဆောင်၍ (၂၅-၂-၁၉၉၇)ရက်နေ့ မှ စတင်ကာ ဘက်စုံမွမ်းမံပြုပြင်တော်မူ

www.burmeseclassic.com

www.burmeseclassic.com

ခဲ့ရာ (၁၂-၄-၂၀၀၀)ရက်နေ့တွင် ပြီးစီးအောင်မြင်ခဲ့သည်။ သက္ကရာဇ် (၁၃၆၈)ခုနှစ်၊ တပေါင်းလဆန်း (၁၃)ရက်နေ့တွင် ထီးတော်ဘုံဆင့် (၁၁)ဆင့်၊ အကျယ်(၆)ပေ၊ အမြင့် (၁၆)ပေရှိသော ရွှေထီးတော်ကြီးကို တင်လှူနိုင်ခဲ့သည်။


ညီအစ်မကောင်းမှု မြစေတီရှိ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ

စိန်ဖူးတော်နှင့် ပစ္စယာအဆင့်ဆင့်တွင် အပူဇော်ခံကိန်းဝပ်မည့် ဗုဒ္ဓရုပ်ပွားတော်အဆူ(၁၀၀)ကို စစ်ကိုင်းမြို့ ဦးခင်မောင်ညွန့်၊ ဒေါ်ခင်ဝင်းမြင့် မိသားစုတို့မှ လှူဒါန်းခဲ့ကြသည်။ ထီးတော်အလှူရှင်များမှာ မန္တလေးမြို့၊ (၂၇)လမ်းမှ ဦးကျော်လင်း+ ဒေါ်ဖြူဖြူ၊ ဦးထွန်းအောင်+ဒေါ်ခင်ခင်ရွှေ၊ ဦးစိန်ဝင်း+ ဒေါ်နန်းကြာ စသည့်အလှူရှင်များက လှူဒါန်းခဲ့ကြပြီး စစ်ကိုင်းမြို့၊ ပန်းဘဲတန်းရပ်မှ ဦးမောင်လင်း+ဒေါ်ခင်မမ မိသားစုတို့က စေတီတော်ကြီးအား ပြုပြင်တည်ထားခဲ့ခြင်းဖြစ်သည်။

အနောက်ဘက်ညီမတော်ကောင်းမှု၊ ပွတ်စေတီတော်ကြီးမှာ အစ်မတော် စစ်ကိုင်းမိဖုရားကောင်းမှု၊ မြစေတီတော်၏အနောက်ဘက် ပေ(၁၅၀)ခန့်အကွာတွင် တည်ရှိသည်။ မြေနိမ့်ပိုင်းတွင် တည်ရှိသော်လည်း ကျောက်စီမြေဖို့၍ တံတိုင်းမီးတား၊ လေးမျက်နှာမုခ်ဦးတို့ဖြင့် စေတီတော်ကို တည်ထားခဲ့ခြင်းဖြစ်ပေသည်။


အနောက်ညီအစ်မကောင်းမှု ပွတ်စေတီရှိ ဗုဒ္ဓရုပ်ပွားတော်

**နရပတိမင်း၏**
**ဘဝဇာတ်ကြောင်းနှင့်**
**မိသားစုအဖြစ်အပျက်များ**

စစ်ကိုင်းမြို့၊ ညီအစ်မကောင်းမှု ဘုရားဒါယိကာမကြီးများဖြစ်ကြသော စစ်ကိုင်းမိဖုရား မင်းလှထွတ်နှင့် ပုခန်းမိဖုရား မင်းများထွတ်တို့မှာ အင်းဝထီးနန်းကို သက္ကရာဇ်(၈၀၄)ခုနှစ်တွင် စံမြန်းစိုးအုပ်ခွင့်ရခဲ့သည့် စစ်ကိုင်းထူပါရုံဒါယကာမင်း နရပတိ၏သမီးတော်များ ဖြစ်ကြသည်။

သီရိတြိဘဝနာ ဒိတျာပဝရနရပတိ မဟာဓမ္မရာဇာဓိပတိဘွဲ့ခံ ထူပါရုံဒါယကာမင်းကြီးနှင့် အတုလမဟာရာဇဒေဝီ မိဖုရားကြီးတို့တွင် (၁) သားတော် အိမ်ရှေ့မင်း မဟာသီဟသူရ၊ (၂) သမီးတော် တွင်းသင်းမိဖုရား ရွှေအိမ်သည်၊ (၃) သမီးတော် မင်းလှထွတ်၊ (၄) သားတော် မင်းကြီးစွာ၊ (၅) သမီးတော် ဘို့တော်မယ်၊ (၆) သမီးတော် မင်းများထွတ်၊ (၇) သားတော် မင်းစောနောက်(နောင် ပြည်မြို့တွင် သတို့မင်းစော အမည်နှင့် မင်းပြု)၊ (၈) သမီးတော် မင်းတရားမယ်တော် ပင်လယ်မိဖုရားတို့ကို ဖွားမြင်ခဲ့သည်။

အင်းဝနန်းစံ နရပတိမင်းကြီးသည် စစ်ကိုင်းဘက်သို့




www.burmeseclassic.com

www.burmeseclassic.com



အနောက်ညီအစ်မကောင်းမှုရှိ ကြီးမားသောမြွေကြီးများ ဝင်ထွက်သွားလာသည့် လိုဏ်ပေါက်ဝ

ကူးတော်မူကာ ကောင်းမှုများစွာ ပြုလုပ်ခဲ့သည်။ သက္ကရာဇ်(၈၀၅)ခုနှစ်တွင် စစ်ကိုင်းထူပါရုံစေတီတော်ကြီးကို ကြီးကျယ်ခမ်းနားစွာ တည်ထားတော်မူခဲ့သဖြင့် ထူပါရုံဒါယကာမင်းဟူ၍ သမိုင်းတွင်ခဲ့သည်။ ထူပါရုံစေတီအရှေ့မြောက်ယွန်းတွင် ရတနာဇိမာန်ရွှေကျောင်းတော်ကို တည်



ညီအစ်မကောင်းမှုမြစေတီရှိ ရှေးဟောင်းကျောက်သပိတ်နှင့် သင်ပုတ်စင်

ထားခဲ့သည်။

ထိုနည်းတူစွာ သားတော်အိမ်ရှေ့မင်း မဟာသီဟသူကလည်း ထူပါရုံစေတီ၏ အရှေ့တောင်ဘက်တွင် ရွှေကျောင်းတော်တည်ထားခဲ့သည်။ နရပတိမင်းကြီး၏ တတိယသမီးတော် စစ်ကိုင်းမိဖုရား မင်းလှထွတ်နှင့် ဆဋ္ဌမသမီးတော် ပုခန်းမိဖုရား မင်းများထွတ်တို့ကလည်း စစ်ကိုင်းအနောက်တွင် မြစေတီနှင့် ပွတ်စေတီတို့ကို အတူယှဉ်တွဲတည်ထားခဲ့ကြသည်။ သမီးတော်(၂)ပါးတို့၏ ကောင်းမှုစေတီနှစ်ဆူကို ညီအစ်မကောင်းမှုဟူ၍ပင် ယှဉ်တွဲခေါ်ဝေါ်သမုတ်ခဲ့ကြသည်။

အစ်မတော် စစ်ကိုင်းမိဖုရားမင်းလှထွတ်၏ စေတီတော်မှာ အရှေ့ဘက်မှဖြစ်ပြီး မြစေတီဟု ခေါ်ဝေါ်ကြသည်။ သမီးတော်မင်းလှထွတ်၏ ကြင်ရာတော်မှာ မင်းဖြူဖြစ်သည်။ ထူပါရုံဒါယကာ နရပတိမင်းကြီးက သမက်တော်မင်းဖြူအား စစ်ကိုင်းမြို့ကို မြောက်ဘက် ဆယ်မြို့နှင့်တကွ ပေးတော်မူခဲ့သည်။ သို့ဖြစ်၍ တတိယသမီးတော် မင်းလှထွတ်ကို စစ်ကိုင်းမိဖုရားဟု ခေါ်ဆိုခြင်းဖြစ်သည်။

ဆဋ္ဌမသမီးတော် မင်းများထွတ်၏ မျောက်သားကြင်ရာတော်မှာ ပုခန်းကြီးနှင့် ဗန်းကျီဆယ်တိုက် ရဲလှေဆယ်စင်းတို့ကိုစားရသော သီဟပတေ့ဖြစ်သည်။ သီဟပတေ့မှာ ဒုတိယသမီးတော် ရွှေအိမ်သည်၏လင်ဖြစ်သည်။

ပညာရှင်အချို့၏ ယူဆချက်မှာ အရှေ့ဘက် မြစေတီသည် စစ်ကိုင်းမိဖုရား မင်းလှထွတ်၏ ကောင်းမှုဖြစ်သော်လည်း အနောက်ဘက်ပွတ်စေတီမှာ ပုခန်းမင်း သီဟပတေ့၏ မိဖုရားများဖြစ်ကြသော ဒုတိယသမီးတော် ရွှေအိမ်သည်နှင့် ဆဋ္ဌမသမီးတော် မင်းများထွတ် ညီအစ်မနှစ်ပါးတို့၏ ကောင်းမှုဖြစ်သည်။ ပုခန်းမင်း၏မိဖုရား ညီအစ်မနှစ်ပါး တည်ထားခဲ့သဖြင့် ညီအစ်မကောင်းမှုဟူ၍ ဘွဲ့မည်သမုတ်ခဲ့ခြင်းဟု ယူဆကြသည်။

စစ်ကိုင်းမိဖုရား မင်းများထွတ်၏ကြင်ရာတော် မင်းဖြူမှာ နရပတိမင်းကြီး၏ မိဖုရားခေါင် အတုလမဟာရာဇာဒေဝီ၏မောင်တော် သဒ္ဒယာဝတီမြို့စား မင်းရဲကျော်စွာ၏



www.burmeseclassic.com

www.burmeseclassic.com

သားတော်ဖြစ်သည်။ မင်းဖြူနှင့် မင်းများထွတ်တို့သည် မောင်နှမတစ်ဝမ်းကွဲတော်စပ်သည်။ ညီအစ်မရင်း ရွှေအိမ်သည်နှင့် မင်းများထွတ်တို့၏ကြင်ရာတော် ပုခန်းမင်း သီဟပတေ့ငယ်မှာလည်း ဦးရီးတော် မိုးညှင်းသီဟပတေ့(အသခ်ယာ)၏ သားတော်ဖြစ်၍ ဝမ်းကွဲမောင်နှမများပင် တော်စပ်ကြသည်။

**အချစ်မီးတောက်လောင်သူ သတိုးကျော်နှင့် ဘိုးတော်နရပတိမင်း**

ထူပါရုံဒါယကာ နရပတိမင်းကြီးသည် သားတော် အိမ်ရှေ့မင်း မဟာသီဟသူရ၏သားတော်အကြီး နော်ရထာနှင့် သမီးတော် ရွှေအိမ်သည်၏သမီး နောင် အတုလသီရိမဟာဒေဝီတို့ကို အသက်ဆယ်နှစ်အရွယ်နှင့် စုံဖက်ပေးတော်မူခဲ့သည်။ ရွှေအိမ်သည်၏သမီးတော်မှာ နောင်တွင် အင်းဝဘုရင်မင်းခေါင်၏မိဖုရားကြီး အတုလသီရိမဟာဒေဝီဖြစ်သည်။

အိမ်ရှေ့မင်းမဟာသီဟသူရ၏သားတော်လတ် သတိုးကျော်သည် အရီးတော်စစ်ကိုင်းမိဖုရား မင်းလှထွတ်၏သမီးတော်အကြီးနှင့် ရည်ငံချစ်ကျွမ်းဝင် ရှိနေခဲ့သည်။ စစ်ကိုင်းမိဖုရား မင်းလှထွတ် သိတော်မူလေသောအခါ မယ်တော်အတုလသီရိမဟာဒေဝီထံ လျှောက်ထားခဲ့သည်။ ဘုရင်နရပတိနှင့် မယ်တော်အတုလသီရိ မဟာဒေဝီမိဖုရားကြီးတို့က မြေးတော်သတိုးကျော်ကို အမျက်တော်ရှကာ စစ်ကိုင်းမိဖုရား သမီးတော်ကို နန်းတွင်းသို့ ခေါ်ယူထိန်းသိမ်းထားကြသည်။ သတိုးကျော်မှာ ချစ်ခင်စုံမက်ခဲ့သဖြင့် စစ်ကိုင်းမိဖုရား၏ သမီးတော်နှင့် စုံဖက်တော်မူပါမည့်အကြောင်းကို ဘိုးတော်၊ ဘွားတော်တို့ထံ အကြိမ်ကြိမ်လျှောက်ထားတောင်းပန်ခဲ့သည်။ .

ဘိုးတော်နရပတိမင်းက မြေးတော်နှစ်ပါးကို စုံဖက်ပေးတော်မမူလိုသဖြင့် သတိုးကျော်သည် ညဉ့်အချိန်တွင် နန်းတွင်းသို့ရောက်အောင် ဝင်ရောက်ခဲ့လေသည်။ သတိုးကျော် နန်းတွင်းထိတိုင် ဝင်ရောက်သည်ကို သိတော်မူလျှင် ဖမ်းဆီးစေရာ ရမိလေသည်။ သတိုးကျော်ကို ခြေနှင့်နင်းဖိ၍ အနာအကျင်ရိုက်နှက်ဆုံးမတော်မူလေသည်။ သတိုးကျော်မှာ စိတ်နှလုံးနာကြည်းမိလေသည်။ သို့ဖြစ်၍ သတိုးကျော်သည် မိမိ၏ကျွန်ရင်း(၃၀၀)ကျော်တို့နှင့်တိုင်ပင်ကာ ခမည်းတော် အိမ်ရှေ့မင်းအိမ်ကစ၍ နန်းတွင်း၌ မီးနှင့်တိုက်လေတော့သည်။ တစ်နန်းတော်လုံး မီးလောင်၍ အုန်းအုန်း



စစ်ကိုင်းမြို့ သမိုင်းဝင် ဝေဠုဝန်ငါးထပ်ကြီးဘုရား

ကျွက်ကျွက် ရှိနေချိန်တွင် နန်းတော်သို့ ကျွန်များနှင့်အတူ အပြင်းပြေးဝင်လေကာ ဘိုးတော်နရပတိကို ဓားနှင့်ခုတ်လေသည်။ မြေးတော်သတိုးကျော်၏ အချစ်ပေါက်ကွဲမှုပြင်းအားဓားခုတ်ချက်က ဘိုးတော်၏အသက်ဇီဝိန်ကို တစ်ခါတည်း မပြတ် ကြွေခဲ့သော်လည်း နံတော်တွင် ပြင်းထန်စွာထိရှခဲ့လေသည်။

အတုလသီရိမဟာရာဇဒေဝီ မိဖုရားကြီးသည် ဘုရင်နရပတိ၏လက်တော်ကို ကိုင်တွဲယူကာ နန်းတွင်းမှ အပြင်းထွက်၍ မြစ်ဆိပ်မှရှောင်ရှားကာ အစေအပါးငါးယောက်နှင့်သာ နေတော်မူရသည်။ အင်းဝနန်းမြို့တစ်ခုလုံး သောသောအုန်းအုန်းဖြစ်ကာ မီးလည်းလောင်လေသည်။

ရာဇသင်္ကြံသားအဖတို့က အကြောင်းရှိလေပြီဟု လှေကားလက်ပြည့်နှင့် လှော်ခတ်လာခဲ့သည်။ ရေဆိပ်တွင် ဘုရင်နရပတိကိုတွေ့လေရာ အကြောင်းအရင်းကို သိရလေပြီ။ 'စိုးရိမ်တော်မမူနှင့်။ သတိုးကျော်ကို ရအောင်ဖမ်း၍ ဆက်သမည်'ဟု လျှောက်တင်သည်။

ဘုရင်နရပတိလည်း 'ရှိစေတော့။ ငါ သည်မှာမနေလိုပြီ။ သားလတ်ရှိရာ ပြည်မြို့သို့သာ အရောက်ပို့စေတော့'ဟု



www.burmeseclassic.com

www.burmeseclassic.com

မိန့်တော်မူသည်။ ရာဇသကြံလည်း လှော်ကားလက်ပြည့်နှင့် သက္ကရာဇ်(၈၂၉)ခုနှစ်၊ ဝါဆိုလဆန်း (၁၂)ရက်နေ့တွင် အင်းဝမှ ပြည်မြို့သို့ ပို့လေသည်။

ရာဇသကြံသားအဖတို့ အင်းဝသို့ပြန်ရောက်လျှင် သားတော်ကြီးအိမ်ရှေ့မင်းသည် ပြည်မင်းကြီးစွာထံ ရောက်ရှိနေသော ခမည်းတော်,မယ်တော်တို့အား ချီပင့်ရန် ရေအား၊ ကြည်းအားဖြင့် စုန်တော်မူသည်။ ရောက်ရှိလျှင် သားတော်တို့ကို ဓားလက်မပါရ၊ ဝတ်သန့်ဖြူစင်နှင့် ပြည်ဆံတော်ရှင်ဘုရားရင်ပြင်၌ ဖူးတော်မူကြသည်။ သားတော်သုံးပါးကို မနှောင့်မယှက်ကြနှင့်ဟူ၍ သစ္စာတော်ပေးတော်မူကာ မုနှောလင်ပန်းနှင့် ခမည်းတော်,မယ်တော်၊ သားတော်သုံးပါးတို့ အတူလက်ဆုံစားတော်ခေါ်ကြသည်။ ဘုရားရှင်ဌာပနာတိုက်ကိုဖွင့်၍ ဦးတိုက်ဖူးမြော်တော်မူကြပြီး ကောင်းမွန်စွာတည် လုပ်ရသည်။

သားတော်အိမ်ရှေ့မင်းက ခမည်းတော်၊ မယ်တော်တို့အား အင်းဝသို့ပြန်၍ ထီးနန်းစံရန် တောင်းပန်ပင့်လျှောက်သော်လည်း "ငါ အင်းဝသို့မပြန်ပြီ။ အမောင်အိမ်ရှေ့မင်းသာ မင်းကျင့်တရားဆယ်ပါးနှင့်အညီ အင်းဝ၌ မင်းပြုလေ။ အမှုးအမတ်၊ ကိုယ်လုပ်မောင်းမတို့ကို ကြိုက်ရာရွေးနုတ်ယူလေ"ဟု မိန့်တော်မူသည်။

အဖိုးအနဂ္ဃထိုက်တန်သော လက်စွပ်ခုနစ်သီကို သားတော်သုံးပါးတို့ကို တစ်သီစီပေးတော်မူ၍ "မောင်တို့ညီနောင်သုံးပါး ငါမရှိသည့်နောက် မဖောက်မပြန်ကြလေနှင့်"ဟု သစ္စာပေးတော်မူသည်။ သားတော်အိမ်ရှေ့မင်းလည်း ခမည်းတော်,မယ်တော်တို့ကို ရှိသေစွာခယမ်းကန်တော့၍ ရေအား၊ ကြည်းအားနှင့် အင်းဝသို့ ပြန်ကြလေသည်။

အိမ်ရှေ့မင်းသည် အင်းဝသို့ရောက်ရှိလေသော် ပညာရှိဗေဒင်တတ်တို့နှင့်တိုင်ပင်၍ သက္ကရာဇ်(၈၃၀)တွင် မဟာသီဟသူရ ဘွဲ့မည်ခံ၍ ရွှေထီးရွှေနန်း သိမ်းမြန်းစိုးအုပ်တော်မူသည်။

နရပတိမင်းမှာ မြေးတော်သတိုးကျော်၏ လုပ်ကြံသောအနာနှင့် ပြည်မြို့၌ နတ်ရွာစံတော်မူရှာသည်။

မဟာသီဟသူရမင်းကြီးသည် နန်းတက်တော်မူပြီးလျှင် သားတော်ကြီး နော်ရထာကို မဟာသီဟသူရဟူသော အမည်ကိုပင်ပေး၍ အိမ်ရှေ့အရာနှင်းအပ်သည်။ သားတော်အလတ် သတိုးကျော်ကိုလည်း သတိုးဓမ္မရာဇာအမည်နှင့် ရည်ငံရင်းဖြစ်သော နှမတော် စစ်ကိုင်းမိဖုရား မင်းလှထွတ်၏ သမီးတော်နှင့် စုံဖက်ပေးတော်မူခဲ့သည်။ မဟာသီဟသူရမင်းကြီးကမူ သားတော်လတ် သတိုးကျော်၏ တောက်လောင်ဆူပွက်နေသော အချစ်ရမ္မက်မီးကို လိမ္မာပါးနပ်စွာဖြင့် ငြိမ်းပေးတော်မူခဲ့သည်။ ဘိုးတော်နရပတိမင်းကြီးမှာမူ မြေးတော်၏ အချစ်ရမ္မက်မီးကို ပိုမိုတောက်လောင်ဆူပွက်စေရန် ဖန်တီးလိုက်သကဲ့သို့ဖြစ်ခဲ့ရပြီး မြေးတော်၏ ဓားချက်ဒဏ်ရာနှင့် အသက်ကိုပါ ပေးအပ်သွားခဲ့ရရှာသည်။

စစ်ကိုင်းညီအစ်မကောင်းမှုစေတီတော်ကြီးကို ဖူးမြော်ပူဇော်ရင်း စစ်ကိုင်းမိဖုရား၊ ပုခန်းမိဖုရားနှစ်ပါးတို့နှင့်တကွ ထူပါရုံဒါယကာ နရပတိမင်းကြီးနှင့် မြေးတော်သတိုးကျော်တို့၏ ရာဇဝင်အဖြစ်အပျက်လေး ပြန်လည်သတိရစရာပင်။ သတိုးကျော်နှင့် စစ်ကိုင်းမိဖုရား၏သမီးတော် အကြင်လင်မယား မင်းနှစ်ပါးတို့လည်း မယ်တော်နှင့် အရီးတော်တို့၏ ကောင်းမှုစေတီတော်များကိုလည်း လာရောက်ဖူးမြော်ပူဇော်လှူဒါန်းခဲ့ကြမည်မှာ အမှန်ပင်။


ဒါးထပ်ကြီးဘုရားပွဲတော်ပွဲဈေးခင်း

**အင်းဝနန်းစံမင်းတို့**
**ကောင်းမှုကုသိုလ်ပြုရာနယ်မြေ**

ညီအစ်မကောင်းမှုစေတီတော် နှစ်ဆူမှာ စစ်ကိုင်းမြို့တွင်း၌ ဝေဠု

www.burmeseclassic.com

www.burmeseclassic.com

ဝန်ငါးထပ်ကြီးဘုရားကြီးသို့ သွားရောက်ရာ လမ်းမတော်အနီးတွင် တည်ရှိသည်။ ညောင်ရမ်းခေတ်ကာလတွင်လည်း ထိုအနီးဝန်းကျင်တွင် အင်းဝရွှေနန်းစံ ဘုရင်များသည် ကောင်းမှုကုသိုလ်များစွာ ပြုလုပ်ခဲ့ကြသည်ကို တွေ့ရသည်။

ထူပါရုံဒါယကာ နရပတိမင်း၏မြေးတော် ဒုတိယမင်းခေါင်သည် ဘိုးတော်ဘုရားအား ပြစ်မှားမိလေသဖြင့် ဆွံ့အသောရောဂါဖြစ်ခဲ့လေသည်။ သက္ကရာဇ်(၈၅၃)ခုနှစ်တွင် နရပတိမင်းအား ဝန်ချတောင်းပန် ကန်တော့ခြင်းအားဖြင့် ရတနာမုနိစေတီတော်ကို တည်ထားခဲ့သည်။ စေတီတည်ထားပြီး ရောဂါပျောက်ကင်းချမ်းသာလေသဖြင့် အဘယစေတီဟု ဘွဲ့မည်တွင်ခဲ့သည်။ အဘယရတနာမုနိစေတီသည် ညီအစ်မကောင်းမှု၏အနောက်ဘက် မနီးမဝေးအရပ်တွင် တည်ရှိပါသည်။

သာလွန်မင်းတရားကြီးလက်ထက်တွင် ညီအစ်မကောင်းမှုစေတီများ ယိုယွင်းသည်ကို ဌာပနာအသစ်ထည့်သွင်း၍ ပြန်လည်တည်ထားတော်မူခဲ့သည်။ ရွှေဇရပ်များကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့သည်။ ညီတော်မင်းရဲကျော်စွာက တိပိဋကလင်္ကာရ တောင်ဖီလာပုဂ္ဂိုလ်ကျော်အား မြစ်နား လေးထပ်ကျောင်း ဆောက်လုပ်လှူဒါန်းသည်။ သာလွန်မင်းကြီး၏အမတ် ဗညားကျန်းတောကလည်း ဧရာဝတီမြစ်အနားတွင် ဘုရားတည်ခဲ့သည်။ သိမ်လည်းသမုတ်တော်မူခဲ့သည်။

ထိုနည်းတူစွာ သာလွန်မင်းတရားကြီး၏သားတော်မင်းရဲရန္တမိတ် (ခေါ်) ပင်းတလဲမင်းသည် ထိုအနီးဝန်းကျင်မှာပင် ဝေဠုဝန်ငါးထပ်ကြီးဘုရားကို တည်ထားခဲ့သည်။ စစ်ကိုင်း ဝေဠုဝန်ငါးထပ်ကြီးဘုရားကို တည်ထားခဲ့သည်ကိုစွဲ၍ ပင်းတလဲမင်း၊ မင်းရဲရန္တမိတ်သည် ငါးထပ်ဒါယကာမင်းဟု ရာဇဝင်မှာ ထင်ရှားခဲ့ခြင်းဖြစ်သည်။

စစ်ကိုင်းမြို့အနောက်ပိုင်းတွင် တည်ရှိနေသော ညီအစ်မကောင်းမှုစေတီတော်နှစ်ဆူအား ဖူးမြော်ပူဇော်ရင်း တစ်ဆက်တစ်စပ်တည်းအနေဖြင့် ဝေဠုဝန်ငါးထပ်ကြီးဘုရား၊ ရတနာမုနိအဘယစေတီ၊ ဗညားကျန်းတောဘုရား၊ မင်းကျောင်းကြေးဘုရားကြီးတို့ကို ဖူးမြော်ကြည်ညိုနိုင်ကြပါသည်။

သမိုင်းဝင်စေတီပုထိုးများတည်ရှိရာ ညီအစ်မကောင်းမှုစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုနိုင်ကြပါသည်။ ညီအစ်မကောင်းမှုစေတီတော်များမှာ သမိုင်းထင်ရှားလှသော



အရှေ့ညီအစ်မကောင်းမှုမြစေတီရှိ
မင်းလှထွတ်၊ မင်းများထွတ် ညီအစ်မရုပ်တု

ဘုရားနှစ်ဆူဖြစ်သော်လည်း စေတီတော်ပရိဝုဏ် အတွင်း၊ အပြင်မှာ သန့်ရှင်းသပ်ရပ်မှု အားနည်းနေပါသည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးစနစ် ပွင့်လင်းမြင်သာလာသည့်နှင့်အမျှ နိုင်ငံခြားသား ခရီးသွားဧည့်သည်များ ဝင်လာမစဲတသဲသဲရှိလာနေပြီဖြစ်ပါသည်။ လူမျိုးနှင့် ဘာသာ၊ သာသနာတို့အပေါ် အထင်မြင်သေးသိမ်မှု မရှိစေရန် ဝန်းကျင်မှ သံဃာတော်၊ ဆရာတော်ကြီးများ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ညီအစ်မကောင်းမှုစေတီနှင့် ဘုရားပရိဝုဏ် သန့်ရှင်းသပ်ရပ်သာယာလှပရေးကို ဆောင်ရွက်သင့်ကြပါကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။

**နန္ဒာမင်းလွင်**


**ကိုးကား**

(၁) မှန်နန်းမဟာရာဇဝင်တော်ကြီး (ဒုတိယတွဲ)။

(၂) ဦးကုလား မဟာရာဇဝင်ကြီး (ဒုတိယအုပ်)။

(၃) တွင်းသင်းတိုက်ဝန် မဟာစည်သူဦးထွန်းညို၏ မဟာရာဇဝင်သစ် ညောင်ရမ်းဆက် (တတိယတွဲ)။


(၄) မုံရွေးဇေတဝန်ဆရာတော်ဘုရားကြီး၏ စေတိယကထာမည်သော ရာဇဝန်ချုပ်။

(၅) ကိုယ်တိုင်ကွင်းဆင်းလေ့လာမှုများ။




www.burmeseclassic.com

www.burmeseclassic.com



နောင်ခမ်းကြီးစေတီတော်အား ဖူးတွေ့ရစဉ်

အဘရာကျော်ဆရာတော်က သိဒ္ဓိဝင်ဓာတ်ပစ္စည်းများဖြင့် ဌာပနာပြုတည်ထားခဲ့သော

ပြင်ဦးလွင်မြို့ နောင်ခမ်းကြီးတောင်ပေါ်က

# နောင်ခမ်းကြီးစေတီတော်

သစ္စာမင်းခေါင်

ပြင်ဦးလွင်မြို့မြောက်ဘက်အစွန်ဆုံးရှိ နောင်ခမ်းကြီးတောင်သည် ယခင်က သစ်တော၊ ဝါးတောများ ထူထပ်စွာ ဖုံးလွှမ်းထားသော တောင်တစ်ခုဖြစ်ပြီး သားရဲတိရစ္ဆာန်များလည်း လွန်စွာပေါများ၏။ ကျား၊ ကျားသစ်၊ ဝက်ဝံ၊ တောဆင်ရိုင်း၊ သမင်၊ ဒရယ်၊ ချေ၊ ဆိုင်၊ ဆတ် စသည့်တောတွင်းသတ္တဝါတို့ ကျင်လည်ကျက်စားနေထိုင်ကြကုန်၏။ ထိုတောင်ပေါ်သို့ သာမန်လူတို့ တက်ရောက်လာကြသည်ဆိုလျှင် ပြန်လမ်းမရှိဟု ဆိုကြ၏။

လွန်စွာတောကျွမ်းသော မုဆိုးကျော်တို့သည်ပင်လျှင် သတိတစ်ချက်လွတ်သွားပါက ထိုနောင်ခမ်းကြီးတောင်ပေါ်၌ သားရဲတိရစ္ဆာန်တို့လက်ချက်ဖြင့် အသက်ကုန်ကြရသည်ဟုဆို၏။

အဆိုပါနောင်ခမ်းကြီးတောင်ပေါ်သို့ လွန်ခဲ့သည့်နှစ်ပေါင်း(၁၀၀)ကျော်ခန့်က ထွက်ရပ်လမ်းစဉ်များ ကျင့်ကြံအားထုတ်နေသော ရာကျော်ဆရာတော် (ခေါ်) ရှမ်းကလေးသည် ဓာတ်စခန်းဝင်ရောက်ရန် ရောက်ရှိလာခဲ့၏။ ရာကျော်ဆရာတော်သည် တောကြီးမျက်မည်းများ ပတ်လည်ဝိုင်းနေသော အဆိုပါနောင်ခမ်းကြီး တောင်ပေါ်၌ တစ်ဖက်ရပ်သက်ငယ်မိုး ဝါးတဲငယ်လေး၌ နေထိုင်သီတင်းသုံးပြီး မိမိ၏ အကျင့်စခန်းကို ကြိုးပမ်းအားထုတ်တော်မူ၏။

ကျားသစ်၊ ကျား၊ ဝက်ဝံ၊ ဆင်ရိုင်း အစရှိသည့် တောရိုင်းသတ္တဝါတို့သည် ရာကျော်ဆရာတော် နေထိုင်သီတင်းသုံးရာ ပတ်ဝန်းကျင်တစ်ဝိုက်သို့ ရောက်ရှိလာကြသော်လည်း ဆရာတော်အား တစ်စုံတစ်ရာ ရန်သတ္တုရှမပြုဘဲ ပျပ်ဝပ်ကျိုးနွံကြကုန်၏။ ယင်းသို့ဖြစ်ရသည်မှာ ဆရာတော်ကြီး၏ ကြီးမားသောမေတ္တာတရား၊ ဖြူစင်ခိုင်ခံ့သော သမာဓိအားကြောင့်ပင် ဖြစ်လေ၏။ ရာကျော်ဆရာတော်သည် ဖော်ပြပါ နောင်ခမ်းကြီးတောင်ပေါ်၌ မိမိ၏ အကျင့်စခန်းကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့လေ၏။

**နောင်ခမ်းကြီးတောင်ပေါ်၌**
**ကိုးတောင်ပြည့်စေတီငယ် တည်ထားခြင်း**

ရာကျော်ဆရာတော်သည် ဖော်ပြပါအတိုင်း အကျင့်

www.burmeseclassic.com

www.burmeseclassic.com

စခန်း ပေါက်ရောက်အောင်မြင်ခဲ့ပြီးနောက် အောင်ဓာတ်၊ အောင်နိမိတ် ကိုဆောင်၍ မိမိ၏ ဖြူစင်သန့်ရှင်းသော အကျင့်စရဏများကို တိုင်တည်သစ္စာပြုကာ မြန်မာပြည်သူတို့ ကပ်(၃)ပါးမှ လွတ်မြောက်စေရန် ရည်ရွယ်လျက် အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ကိုးတောင်ပြည့် မြေစိုက်စေတီငယ်တစ်ဆူကို အဆိုပါ နောင်ခမ်းကြီးတောင်ပေါ်၌ တည်ထားခဲ့လေ၏။ ရာကျော်ဆရာတော်သည် မိမိ၏ သိဒ္ဓိဝင်ဓာတ်လုံးနှင့်တကွ ဓာတ်စခန်းဝင်ရောက်ရာ၌ အသုံးပြုခဲ့သော လုံ့အိုး၊ ဖို၊ ဓာတ်ပြာအစရှိသည့် သိဒ္ဓိဝင်ဓာတ်ပစ္စည်းများအားလုံးကိုလည်း အဆိုပါစေတီငယ်၌ ဌာပနာထည့်သွင်းခဲ့လေ၏။ ရန်အောင်ကပ်ကျော်ဘွဲ့အမည်ရှိ အဆိုပါကိုးတောင်ပြည့် စေတီငယ်သည် နောင်ခမ်းကြီးတောင်ပေါ်၌ တည်ရှိသည်ကို အစွဲပြုပြီး နောင်ခမ်းကြီးစေတီတော်ဟုသာ အစဉ်တစိုက် ထင်ရှားခဲ့လေ၏။

**<u>နောင်ခမ်းကြီးစေတီတော်အား</u>**
**<u>ပြုပြင်မွမ်းမံတည်ထားခြင်း</u>**

မြန်မာသက္ကရာဇ်(၁၃၀၉)ခုနှစ်တွင် အဆိုပါ နောင်ခမ်းကြီးတောင်ပေါ်သို့ ရဟန်းတော်ဦးပဏ္ဍိတ ကြွရောက်သီတင်းသုံးခဲ့ပြီးနောက် ဖော်ပြပါ ကိုးတောင်ပြည့် နောင်ခမ်းကြီးစေတီငယ်ကို အပေါ်မှငုံ၍ ဉာဏ်တော်အမြင့်(၂၄)တောင်ရှိ စေတီတော်ကြီးအဖြစ် ပြုပြင်တည်ထားခဲ့၏။ စေတီတော်ပရိဝုဏ်အတွင်း၌ သာသနိကအဆောက်အအုံများကိုလည်း ဆောက်လုပ်ခဲ့၏။ ထို့ကြောင့် နောင်ခမ်းကြီးတောင်ပေါ်တွင် ကြည်ညိုဖွယ် နောင်ခမ်းကြီးစေတီတော်နှင့်အတူ တင့်တယ်ခံ့ညားသော သိမ်၊ တန်ဆောင်း၊ ဓမ္မာရုံ စသည့် သာသနိကအဆောက်အအုံများပါ ဖြစ်ပေါ်လာခဲ့၏။


နောင်ခမ်းကြီးစေတီတော်သို့ အတက်စောင်းတန်း


နောင်ခမ်းကြီးစေတီတော်ပရိဝုဏ်ရှိ ဘုရားဆောင်


နောင်ခမ်းကြီးစေတီတော်ပရိဝုဏ်ရှိ
သာသနာ(၂၅၀၀)ပြည့်အထိမ်းအမှတ်သိမ်တော်



www.burmeseclassic.com

www.burmeseclassic.com



နောင်ခမ်းကြီးစေတီတော်လိုဏ်အတွင်း၌
ကိန်းဝပ်စံပယ်တော်မူနေသော ဗုဒ္ဓရုပ်ပွားတော်



နောင်ခမ်းကြီးစေတီတော်လိုဏ်အတွင်းအား တွေ့မြင်ရစဉ်



နောင်ခမ်းကြီးစေတီတော်ပရိဝုဏ်ရှိ တာတ်တော်တိုက်

**နောင်ခမ်းကြီးစေတီတော်ကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည့် ဆရာတော်ဦးစန္ဒိမာ**

သက်တော်(၅၂)နှစ်ရှိ နောင်ခမ်းကြီးဇာတိ ဆရာတော် ဦးစန္ဒိမာသည် ခရစ်နှစ်(၁၉၈၀)ပြည့်နှစ်တွင် နောင်ခမ်းကြီးစေတီတော်ပရိဝုဏ်ရှိ ရာကျော်ကျောင်း၌ တစ်ပါးတည်း ဧကစာရီဆောက်တည်၍ သီတင်းသုံးနေထိုင်ကာ နောင်ခမ်းကြီးစေတီတော်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့၏။ ဆရာတော် ဦးစန္ဒိမာသည် တောင်ပေါ်မှ တောင်အောက်သို့မဆင်းဘဲ တစ်ပါးတည်း သီတင်းသုံးနေထိုင်ခဲ့သည်မှာ နှစ်ပေါင်း(၂၅)နှစ်တိုင်တိုင်ဖြစ်၏။ ယခုအခါတွင်မူ ဆရာတော်နှင့်အတူ ဦးပဥ္စင်း(၁)ပါး၊ ကိုရင်(၁)ပါးတို့ သီတင်းသုံးနေထိုင်ပြီး နောင်ခမ်းကြီးစေတီတော်ကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိ၏။

**နောင်ခမ်းကြီးစေတီတော်သို့ လာရောက်လှူဒါန်းမှုပြုကြသူများနှင့် အဓိဋ္ဌာန်စခန်း ဝင်ရောက်ကြသူများ**

ထွက်ရပ်လမ်းသို့ မြန်းကြွတော်မူခဲ့ပြီးဖြစ်သည့် အဘရာကျော်ဆရာတော်၏ ဣစ္ဆာသယလွယ်အိတ်ကို ရရှိလိုက်ကြသည့် ရာကျော်ဆရာတော်နှင့် ပဋ္ဌာန်းဆက်ရှိသော တပည့်ဒကာ၊ဒကာမတို့သည်လည်း ရံဖန်ရံခါ နောင်ခမ်းကြီးတောင်ပေါ်သို့ ရောက်ရှိလာကြပြီး နောင်ခမ်းကြီးစေတီတော်အတွက် ·လိုအပ်သည်များကို သဒ္ဓါတရား ထက်သန်စွာဖြင့် လှူဒါန်းသွားကြသည်ဟု ဆရာတော်ဦးစန္ဒိမာက မိန့်တော်မူ၏။

ထို့ပြင် ထူးခြားသော ရသေ့၊ ရဟန်း၊ ယောဂီတို့သည်လည်း မိုးဘယ်လောက်ပင်သည်းသည်း၊ လေဘယ်လောက်ပင်ထန်ထန် နောင်ခမ်းကြီးတောင်ပေါ်သို့ ရောက်ရှိလာတတ်ကြပြီး နောင်ခမ်းကြီးစေတီ



www.burmeseclassic.com

www.burmeseclassic.com

တော်၌ အဓိဋ္ဌာန်စခန်း ဝင်ရောက်ကြသည်ဟု ဆို၏။

**အေးချမ်းမှု၊ ဆိတ်ငြိမ်မှု၊ ငြိမ်းချမ်းမှုတို့ဖြင့် လွှမ်းခြုံထားသည့် နောင်ခမ်းကြီးတောင်**

နောင်ခမ်းကြီးတောင်သည် ပြင်ဦးလွင်မြို့၏မြောက်ဘက် (၃)မိုင်ခန့်အကွာတွင် တည်ရှိပြီး နောင်ခမ်းကြီးတောင်သို့ ပြင်ဦးလွင်မှ ဆိုင်ကယ်၊ ရထားလုံး၊ ကား စသည်တို့ဖြင့် သွားရောက်နိုင်၏။ ခြေကျင်လျှောက်သွားလျှင် (၁)နာရီခန့် အချိန်ကြာမြင့်၏။

နောင်ခမ်းကြီးတောင်ခြေတွင် မဟာမြိုင် ရခိုင်ဘုန်းတော်ကြီးကျောင်း၊ ဝါဆိုမိကျောင်း စသည့် ဘုန်းတော်ကြီးကျောင်း (၅)ကျောင်းရှိ၏။ ထိုဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်တို့သည် အသွားအပြန် (၂၄)နာရီခန့် ကြာမြင့်သော ပြင်ဦးလွင်မြို့သို့ နေ့စဉ် ဆွမ်းခံကြွရောက်တော်မူကြသည်မှာ လွန်စွာလေးစားကြည်ညိုဖွယ်ကောင်းလှပါ၏။

နောင်ခမ်းကြီးတောင်ပေါ်သို့ ရောက်ရှိပြီး နောင်ခမ်းကြီးစေတီတော်ကို ဖူးမြင်လိုက်ရလျှင်ကား မောလာသမျှသော အမောများသည် တဒင်္ဂအတွင်း ကွယ်ပျောက်သွားတတ်၏။ ဘဝ၏အထွေထွေသော သောကဗျာပါဒများ၊ စိတ်ဆင်းရဲဖွယ်များတို့သည်လည်း နောင်ခမ်းကြီးတောင်၏ အေးချမ်းမှု၊ တိတ်ဆိတ်မှု၊ ငြိမ်းချမ်းမှုတို့နှင့် ထိတွေ့လိုက်ရသောအခါတွင်ကား လုံးဝဥဿုံကင်းစင်သွားလေ့ရှိ၏။

နောင်ခမ်းကြီးတောင်ပေါ်မှ လှမ်းမျှော်ကြည့်လိုက်လျှင်လည်း ပြာမှောင်သော တောင်တန်းတောင်စွယ်များကို နောက်ခံပြုလျက် ငြိမ်သက်အေးချမ်းနေသော ပြင်ဦးလွင်မြို့ကို လှမ်းမြင်ရသည်မှာ လွမ်းမောဖွယ်ရာပင် ဖြစ်ပါ၏။


နောင်ခမ်းကြီးစေတီတော်ပရိဝုဏ်ရှိ အဘရာကျော်ဆရာတော်၏ကျောင်းတော်


နောင်ခမ်းကြီးစေတီတော်ပရိဝုဏ်ရှိ ကျောင်းတော်အတွင်းမှ အဘရာကျော်ဆရာတော်၏ရုပ်ထုတော်


နောင်ခမ်းကြီးစေတီတော်ကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော ဆရာတော်ဦးစန္ဒိမာ

www.burmeseclassic.com

## နောင်ခမ်းကြီးတောင်ပေါ်က စောင်းသံချိုချို

နောင်ခမ်းကြီးတောင်ပေါ်တွင် ထူးခြားမှုတစ်ခုမှာ လပြည့်၊ လကွယ် ညများ၏ သန်းခေါင်ကျော်အချိန်လောက်တွင် နောင်ခမ်းကြီးစေတီတော်ရင်ပြင်အနီးမှ ချိုမြကြည်လင်သော စောင်းခတ်သံများ ထွက်ပေါ်လာတတ်ခြင်းပင်ဖြစ်၏။ နောင်ခမ်းကြီးစေတီတော်သည် အဘရာကျော်ဆရာတော်က ဓာတ်ပန္နက်ပြုတည်ထားခဲ့သော တန်ခိုးကြီးစေတီတော်တစ်ဆူဖြစ်သည့်အလျောက် ဘုမ္မိယအန္တယ်ဝင်သိုက်နန်းရှင်တို့က စောင်းသံချိုချိုပေးလျက် စေတီတော်ကို လာရောက်ပူဇော်ကြခြင်းပင်ဖြစ်လိမ့်မည်ဟု ဆို၏။

◆ ◆ ◆

ပန်းမြို့တော် ပြင်ဦးလွင်သို့ ခရီးကြွသူတို့သည် ငြိမ်းချမ်းကိတ်ဆိတ်သော နောင်ခမ်းကြီးတောင်ပေါ်မှ ကြည်ညိုဖွယ် နောင်ခမ်းကြီးစေတီတော်အား သွားရောက်ဖူးမြော်ကြပြီး ဘဝအမောများ ပြေနိုင်ကြပါစေဟု ဆန္ဒပြုလိုက်ပါ၏။

(၇)ရက်သားသမီးများအားလုံး ဘေးဘယာဝေးကွာကြပါစေ။




မေတ္တာရည်၍
သစ္စာမင်းခေါင်

---

"လိမ်းဆေးအပူနဲ့ မပျောက်တဲ့ ရောဂါမှန်သမျှ ဒီဆေးကိုသာ လိမ်းကြည့်ပါ။"

**စန်းသော်တာ**

အမှတ်တံဆိပ်

ကျွမ်းရှက်ဆီလိမ်းဆေး (အအေး)

- အကိုက်အခဲပျောက်လိမ်းဆေး။
- ရင်လှူးဆေး။
- အနာကျက်ဆီ၊ အဖြစ် သုံးနိုင်သည်။

**(ကွမ်းရွက်အဆီထုတ်၍ သိပ္ပံနည်းကျ ဖော်စပ်ထားသည်)**

- အသားရောင်ကိုက်၊ လေးဖက်နာ၊ ကျီးပေါင်း၊ အကြောတက်ခေါင်းအုံ၊ ဇက်လေး၊ မျက်ကြောကိုက်တို့ကို **အကိုက်အခဲ** ပျောက်ဆေး အဖြစ် သုံးစွဲနိုင်ပါသည်။
- ကလေးချွဲကျပ်၊ ချောင်းဆိုး၊ အစာမကြေ ... သည်တို့ကို ရင်လှူးဆေး အဖြစ် သုံးစွဲနိုင်ပါသည်။
- အပူနာ၊ Bed Sores ၊ အပူကျိတ်၊ အပူလောင်၊ ... လိပ်ခေါင်း သည်တို့ကို **အနာကျက်ဆီ** အဖြစ် သုံးစွဲနိုင်ပါသည်။


**(3in1)** ဆေးအရွမ်းပြား ...

ဖြန့်ချိရေး- ကိုဝင်းမြင့်+မဘေဘီ ၁၅လမ်းနှင့်ကမ်းနားလမ်းထောင့်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၆၃၈၂
ပင်ရင်း- စန်းသော်တာဆေးတိုက်၊ R-1 (102) ပန်းလှိုင်အိမ်ရာ၊ ရွှေသံလွင်၊ ဟုမ်းလမ်းရပ်ကွက်၊ ဝမ်းချောင်းမြို့နယ်၊ ဖုန်း-၇၀၆၆၀။



www.burmeseclassic.com

www.burmeseclassic.com



ထမ်စမ်းလိုဏ်ဂူအဝင်ဝ



ထမ်စမ်းလိုဏ်ဂူတော်အတွင်းရှိ ဘုရားရှင်၏တရားပလ္လင်


# မောဝ်တို့ဌာနေ ဟိုပုံးမြေရှိ ထူးထွေတင့်ဆန်း ဂူထမ်စမ်း

ခင်မောင်အေး(မန္တလေး)

ကမ္ဘောဇတိုင်း ရှမ်းတို့ဌာနေ ညောင်ရွှေကနေ ထမ်စမ်းလိုဏ်ဂူဆီသို့ တစ်ခါတစ်ခေါက် ထပ်မံရောက်ခဲ့ရပြန်ပါပြီ။ ညီမငယ် နေပြည်တော် လယ်ယာနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဒေါ်နီလာတင် စီစဉ်ပေးတာဖြစ်ပါတယ်။ ဘုရားဖူးခရီးစဉ်မှာ ခရီးသည်က သုံးယောက်တည်း။ ဓာတ်ဆရာဗိုလ်ကြီးမောင်မောင်တင်၊ နောက်ပြီး ကျွန်တော်နဲ့ ကျွန်တော့်အမျိုးသမီး ဒါပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ထမ်စမ်းလိုဏ်ဂူအတွင်းရှိ လျောင်းတော်မူမြတ်စွာဘုရား

ထမ်စမ်းလိုဏ်ဂူကို သွားရတဲ့ ခရီးလမ်းက တောင်ကြီးကနေ ဟိုပုံးကို သွားရပါမယ်။ ပြီးတော့ ဟိုပုံးကမှတစ်ခါ ထမ်စမ်းလိုဏ်ဂူကို ရောက်ပါတယ်။ မော်တော်ယာဉ်ကို ကိုခင်မောင်မြင့်က မောင်းပါတယ်။ တိုယိုတာဖင်ကောက်ဗင်လေးပါ။ ဒါကြောင့် မိုင်လေး၊ ငါးဆယ်ခရီးက ခဏလေးပဲလို့ ထင်ရတယ်။

လမ်းခရီးတစ်လျှောက် မြင်ရတဲ့မြင်ကွင်းတွေဟာ အသစ်အဆန်း မဟုတ်တော့ပေမယ့်လို့ ဘယ်တော့မှ ရိုးအီမသွားနိုင်ပါဘူး။ ညို့ညို့မှိုင်းမှိုင်းတောင်တန်းကြီးတွေ၊ စိမ်းစိမ်းစိုစို သစ်ပင်သစ်တောတွေ၊ ကွေ့ကွေ့ကောက်ကောက် တောင်ပေါ်လမ်းတွေ၊ မွှန်းကျပ်နေတဲ့ရင်ကို ပေါ့ပါးလန်းဆန်းသွားစေတာတော့ ဘယ်လိုမှမငြင်းနိုင်ပါဘူး။ လန်းဆန်းပေါ့ပါးစွာနဲ့ ကျွန်တော်တို့တစ်တွေ ထမ်စမ်းလိုဏ်ဂူရှိတဲ့နေရာကို ရောက်လာပါတော့တယ်။

ယခင်ရှေးကတော့ ထမ်စမ်းလိုဏ်ဂူတစ်ဝိုက်မှာ သောင်းကျန်းသူတွေ ကြီးစိုးခဲ့ကြဖူးပါတယ်။ အဲဒီအချိန်တုန်းကတော့ ဒေသခံမဟုတ်ဘဲ သွားလို့လာလို့မရဘူး။ တောင်ကြီးမြို့က ဒေသခံတွေတောင် မသွားဝံ့ကြဘူး။ ယခုချိန်မှာတော့ ငြိမ်းချမ်းရေးနှစ်ဖက်ရယူခဲ့ပြီးမို့လို့ ချောချောမောမော သွားလာနိုင်ကြပါပြီ။ ဟိုယခင်ရှေးအခါကတည်းက တည်ရှိနေခဲ့တဲ့ ထမ်စမ်းလိုဏ်ဂူကို ဘယ်သူတစ်ဦးတစ်ယောက်ကမှ မမြင်မတွေ့ခဲ့ကြဖူးပါ။

ဟိုပုံးကိုရင်လေးလို့ ယခုအချိန်မှာ လူတိုင်းကြားဖူး၊ သိဖူးနေတဲ့ ရှင်ပေါရိသက အိပ်မက်အရ ရှာဖွေတွေ့ရှိခဲ့ပြီးတဲ့နောက် ထမ်စမ်းလိုဏ်ဂူကို ရှုချင်စဖွယ်တင့်တယ်အောင် သာသနာ့နယ်မြေတစ်ခု ဖြစ်ပေါ်လာအောင် မွမ်းမံပြုပြင် ပြင်ဆင်ခဲ့ပါတယ်။

လိုဏ်ဂူအတွင်းမှာ သပ္ပာယ်ကြည်ညိုဖွယ်ရာ ဗုဒ္ဓမြတ်စွာဘုရားရှင်ရဲ့ ကိုယ်ပွားတော်များဖြစ်တဲ့ လျောင်းတော်မူ၊ ရပ်တော်မူ၊ မုဒြာအမျိုးမျိုးနဲ့ ဆင်းတုတော်များ တည်ထားခဲ့ပါတယ်။ ဒါ့အပြင် မြတ်ဘုရားရှင် ဒေသစာရီကြွချီတော်မူပုံ၊ လိုဏ်ဂူအတွင်းမှ ကျောက်သားနံရံတွေပေါ်မှာ နတ်ဘီလူးရုပ်၊ အမျိုးစုံလှသည့်နတ်ရုပ်၊ ဘုရားရှင်အား ဝပ်တွားကြည်ညိုနေကြတဲ့ ပဉ္စဝဂ္ဂီငါးပါး၊ ရဟန်းရှင်လူပရိသတ်များ၊ မိဂဒါဝုန်သမင်ငယ်ကလေးများ စသည်တို့ ထုဆစ်ပူဇော်ထားပါတယ်။

ပြီးတော့လည်း သဘာဝမပျက်ပြုပြင်ထားတဲ့ ကျောက်ပန်းကျောက်ဆွဲတွေကိုလည်း တွေ့မြင်ရပါတယ်။ အထက်



ထမ်စမ်းလိုဏ်ဂူအတွင်းရှိ မြတ်စွာဘုရားရှင်နှင့် ရဟန္တာများ ဒေသစာရီကြွချီတော်မူဟန်



www.burmeseclassic.com

www.burmeseclassic.com


ထမ်စမ်းလိုဏ်ဂူအတွင်းရှိ ဆင်းတုတော်များ


ထမ်စမ်းလိုဏ်ဂူတော်ဘုန်းဘုန်း ဟိုပုံးကိုရင်လေး ရှင်ပေါ်ရိသသ


ထမ်စမ်းလိုဏ်ဂူအတွင်းရှိ ဟိုပုံးကိုရင်လေး၏ ပန်းချီပုံတူ

ကျောက်ခေါင်မိုးပေါ်က အလို အလျောက် တစ်စက်စက်ကျနေတဲ့ ရေစက်တွေကနေပြီး လိုဏ်ဂူကြမ်း ပြင်မှာ စေတီပုံသဏ္ဍာန် တောင်ပို့ ကြီးတွေ ဖြစ်ပေါ်နေတာကိုလည်း မြင်တွေ့ရပါတယ်။ လိုဏ်ဂူအတွင်း မှာ လျှပ်စစ်မီးတွေ ထိန်ထိန်ညီး အောင် ဟိုပုံးကိုရင်လေးက စီစဉ် ပေးထားပါသေးတယ်။ ကျွန်တော် တို့ လိုဏ်ဂူအတွင်း လှည့်လည်ပြီး သပ္ပာယ်ကြည်ညိုဖွယ်ရာကောင်း လှတဲ့ ဆင်းတုတော်များကို ဖူးမြော် ကြည်ညိုခဲ့ပါတယ်။


လိုဏ်ဂူတွင်းတစ်နေရာမှာတော့ တဝေါဝေါမြည်အောင် ရေသံပေး ပြီး ရေတွေစီးဆင်းနေတဲ့ ကြည် လင်လှတဲ့ ရေကန်ကြီးတစ်ကန်ကို လည်း မြင်တွေ့ရပါတယ်။ တချို့ ဘုရားဖူးတွေက ရေကန်ထဲကို ငွေ အကြေစေ့တွေပစ်ချပြီး ဆုတောင်း နေကြလေရဲ့။ အများ မိုးခါးရေ သောက်နေကြတာ တို့လည်း သောက်ကြတာပေါ့။ ဒါနဲ့ပဲ ရှား ရှားပါးပါးပါလာကြတဲ့ အကြေစေ့ တွေ စေတနာအပြည့်နဲ့ ရေကန်ထဲ ကို ပစ်ချပြီး အသံမထွက်အောင် ခပ်တိုးတိုး ဆုတောင်းခဲ့မိပါသေး တယ်။ ဆုတောင်းတာကတော့ လျှို့ ဝှက်ထားစရာ မလိုပါဘူးလေ။

ထမ်စမ်းလိုဏ်ဂူသို့ နောက်နှစ် မှာတစ်ကြိမ် ထပ်မံရောက်ရှိဖူးမြော် နိုင်ပါစေလို့ ဆုတောင်းခဲ့တာပါ။ ဟိုတစ်မြန်နှစ်တုန်းကလည်း ဒီလိုပဲ ဆုတောင်းခဲ့တယ်လေ။ ဆုတောင်း ပြည့်တယ် ဆိုရမှာပေါ့။ မဟုတ် ဘူးလား။


လိုဏ်ဂူထဲက ထွက်မလာသေးမီ

www.burmeseclassic.com


www.burmeseclassic.com



ကျောက်ပန်းဆက်များရှေ့ရှိ ဆင်းတုတော်



သဘာဝကျောက်ပန်းဆွဲများနှင့် ကျိုးသုတော်



ထမ်စမ်းလိုဏ်ဂူအတွင်းရှိ ဗုဒ္ဓခြေတော်ရာ

ဂူအတွင်းတစ်နေရာမှာ တရားပေးနေတဲ့ ဟိုပုံးကိုရင်လေးရှေ့ကိုသွားပြီး ဝတ်ပြုကန်တော့ကြပါတယ်။ ကိုရင်လေးရှင်ပေါရိသက ကျွန်တော့်ခေါင်းကို ညာဘက်လက်ဖဝါးနဲ့ အုပ်ကိုင်ပြီး ခပ်တိုးတိုးဆုတောင်းပေးပါတယ်။ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းနိုင်ပါစေ၊ လိုအင်ဆန္ဒအဝဝနဲ့ ပြည့်စုံနိုင်ပါစေတဲ့။ ဟုတ်ပါရဲ့။ ကျွန်တော့်လိုအင်ဆန္ဒက ပြည့်ကောင်းပြည့်နိုင်ပါတော့မလား။ အချိန်က ပြောပါလိမ့်မည်လေ။

ကျွန်တော် ဟိုပုံးကိုရင်လေးကျွေးတဲ့ သက်သတ်လွတ်ထမင်းနဲ့ဟင်းကို ထမင်းစားဆောင်မှာ သွားစားကြပါတယ်။ ထမင်းစားဆောင်ကိုအသွား လမ်းတစ်ဝက်မှာ လိုဏ်ဂူအတွင်းရှိ ဆင်းတုတော်များကို ပူဇော်ကပ်လှူထားတဲ့ ဂမုန်းပန်းများ စွန့်ပစ်နေကြတဲ့ ပအိုးဝ်ပျိုကလေးနှစ်ဦး ကုသိုလ်ရေးမို့ ပျော်ပျော်ပါးပါးလုပ်အားပေးနေကြတဲ့ မြင်ကွင်းကိုကြည့်ပြီး မုဒိတာပွားကြည်နူးမိခဲ့ပါသေးတယ်။

ထမ်စမ်းလိုဏ်ဂူမှ အပြန်ခရီးကတော့ ထူးထူးခြားခြားပြောစရာ ဘာမှမရှိတော့ပါဘူး။ ကိုခင်မောင်မြင့် မောင်း



www.burmeseclassic.com

www.burmeseclassic.com

လာတဲ့ တိုယိုတာဗင်ကားလေး တောင်ပေါ်လမ်းတစ်လျှောက် ကွေ့ပတ်မောင်းလာရာမှာ အလာတုန်းက မြင်တွေ့ခဲ့ရတဲ့ ညို့ညို့မှိုင်းမှိုင်း တောင်တန်းကြီးတွေ၊ စိမ်းစိမ်းစိုစို တောအုပ်ကြီးတွေ၊ မော်တော်ယာဉ်နံဘေးမှာ တရိပ်ရိပ်ကျန်နေရစ်ပြီ။


ဘုရားပန်းများစွန့်နေသော ပအိုဝ်းပျိုမြများ

ဆည်းဆာချိန်မို့ ဝန်းကျင်ဟာ ပိုလှနေလေသလားလို့တောင် ထင်ရပါတယ်။ အလှဆိုတာ စင်စစ်တော့ နေရာတိုင်းမှာ မရှိနိုင်ပါဘူး။ သဘာဝတရားကြောင့် လှနေတဲ့ အလှကို ကျွန်တော်တို့ တစ်ခါတုန်းက ကြည့်ခဲ့ရဖူးတဲ့ ဘယ်ပန်းချီရေးလို့မမီဆိုတဲ့ ရုပ်ရှင်ဇာတ်ကားလို လူတွေ ဖန်တီးလို့မရနိုင်တာ အသေအချာပါ။ လူတွေဖန်တီးနိုင်တဲ့ အလှဆိုတာ လူတွေရဲ့ရင်တွင်းက နှလုံးသားထဲမှာသာ ရှိနေပြီးသားပဲ။

အဲဒီအလှတရားကို ထုတ်ဖော်လှစ်ပြသဖို့ကိုတော့ လူတွေကပဲ တတ်နိုင်ပါလိမ့်မယ်။

ကျွန်တော်တို့ အဲဒီအလှကို ထုတ်ဖော်ပြသကြပါစို့လား ခင်ဗျာ။

ခင်မောင်အေး(မန္တလေး)

**စာကိုး** * ကိုယ်တိုင်သွားရောက်လေ့လာတွေ့ရှိချက်။


# ဆရာကြီးဦးအေးထွန်း

[အကြောပြင်ပညာရှင်]

အကြောပြင်ပညာဆိုတာ ဝေဒနာခံစားနေရတဲ့ အကြောကို အားသုံးဖိနှိပ်ပြီး နာကျင်တဲ့ဝေဒနာအဖြစ် အာရုံပြောင်းကုသရတဲ့ပညာ မဟုတ်သလို မလိုအပ်ဘဲ ဆေးပူတွေလိမ်း၊ ပတ်တီးစည်းပြီး လူနာရဲ့စိတ်ကို လှည့်စားရတဲ့ ပညာလည်း မဟုတ်ပါဘူး။ ဝေဒနာရှင်ရဲ့ ခံစားရတဲ့ အကြောလေးတွေကို မနာကျင်စေဘဲ အချိန်တိုမိနစ်ပိုင်းအတွင်း သက်သာအောင် ပြုပြင်ပေးတဲ့ပညာ ဖြစ်ပါတယ်။

ကျွန်တော် ဒီနည်းတွေကို အသုံးချပြီး-

- ❖ ခါးနာ၊ ဒူးနာ၊ ကျီးပေါင်းတက်၊ လက်ကိုက်၊ လက်ကပ်နဲ့ ထုံနာကျင်နာတွေကို (၁၅)မိနစ်အတွင်း၊
- ❖ အခြားအကြောရောဂါတွေကို မိနစ်ပိုင်းအတွင်း၊
- ❖ လေဖြတ်စ (၂၄ နာရီအတွင်း) လူနာတွေကို တစ်ပတ်အတွင်းကောင်းအောင် ကူညီနေပါတယ်။
- ❖ လေဖြတ်ခံရပြီး ပုံမှန်ခြေ,လက် မလှုပ်ရှားနိုင်သူများအား အမြန်ဆုံးကောင်းမွန်အောင် ပြုပြင်ပေးသည်။
- ❖ ဝေဒနာကို ပျောက်ကင်းနိုင်ခြင်းရှိ/မရှိ၊ ပျောက်ကင်းမည့်အချိန်ကိုပါ တစ်ပါတည်း ခန့်မှန်းပေးပါမည်။

တွေ့ချိန် - နေ့စဉ် (၉)နာရီ မှ ညနေ(၅)နာရီအတွင်း

အမှတ်(၅၇)၊ (၄)လမ်း၊ မာလာမြိုင်ရပ်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

(ပါရမီလမ်းမကြီးနှင့် ကျောချင်းကပ်လမ်း။ ဖုန်း - ၀၉ ၇၃၂၄၂၄၄၂




www.burmeseclassic.com

www.burmeseclassic.com




ဦးစန္ဒိမ(စလင်း)

# အညာဘုရားပွဲရှုခင်း

စလင်းမြို့ မြင်တင်ရပ်၊ မြို့ဦးမြို့ထိပ်က ကုသိနာရုံဘုရားပွဲတော်ကို နှစ်စဉ် ကဆုန်လမှာ ကျင်းပလေ့ရှိပါတယ်။ စာရေးသူရဲ့ကျောင်းရှေ့မှာတင် ပွဲတော်ကွင်းပါ။ ဈေးသည်တွေနဲ့ အမျိုးတွေလို ဖြစ်လို့ပေါ့လေ။ ကျောင်းဝိုင်းအုတ်တံတိုင်းရှေ့မှာလည်း ပွဲတော်ဈေးသည်တွေ တန်းစီလို့ပေါ့။ အနောက်ဘက်ခြေရင်းမှာတော့ ရွှေမန်းဇာတ်ရုံကြီး ဟည်းထလို့လေ။ မိုးလုံလေလုံ သွပ်မိုးအကျယ်ကြီးပဲ။ ကျောင်းဝိုင်းတံတိုင်းပဲ ခြားတာကလား။ ပွဲတော်က ဂေဇက်ရပွဲတော်ကြီးဆိုတော့ ဇာတ်ကြီးပွဲကြီး နာမည်ကြီး မင်းသား၊ မင်းသမီး၊ အဆိုတော်တွေ လာရောက်ကပြဖျော်ဖြေလေ့ရှိပါတယ်။ ည,ညဆို အသံတွေ ဆူလို့ညံလို့ပေါ့။ ပွဲကြည့်သူတွေက ပွဲကြည့်ရလို့ အိပ်ရေးပျက်တာ၊ စာရေးသူကတော့ ပွဲမကြည့်ရဘဲနဲ့ အိပ်ရေးပျက်တာရယ်။ ကုသိနာရုံဘုရားပွဲတော်က နယ်ပွဲရယ် ဟိုတုန်းက လွှတ်စည်တာ။

ဆရာကြီးသိပ္ပံမောင်ဝ စလင်းမြို့မှာ နေသွားစဉ်က အညာဘုရားပွဲဆိုပြီး ဂန္ထလောကမဂ္ဂဇင်းမှာ ဆောင်းပါးရေးခဲ့ဖူးပါတယ်။ အဲဒီခေတ်က လွှတ်စည်သလို စာရေးသူတို့ငယ်ငယ် လွန်ခဲ့တဲ့အနှစ်သုံးဆယ်လောက်ကလည်း သိပ်ကိုစည်ကားတာရယ်။ ပွဲဈေးတန်းက တစ်မျှော်တစ်ခေါ်၊ လှည်းတန်းကြီးက ထောင်ကျော်ရာကျော်ပါ။ ခုနောက်ပိုင်းတော့ ပွဲဈေးဆိုင်ခန်းတွေ နည်းသွားလိုက်တာ ဟိုတုန်းကထက် သုံး,လေးဆလောက်မကပေါ့။ ဟိုတုန်းက ဆိုင်တွေကများ၊ လူတွေကလွှတ်စည်တော့ ကလေးတွေ လူချင်းကွဲပြီး ငိုယိုနေတာကို မြင်တဲ့တွေ့တဲ့သူက မေးမြန်းပြီး ရေချမ်းအိုးဆေးတိုက်ကိုပို့။ ရေချမ်းအိုးဦးကျော်က ဘယ်အရပ်က ဘယ်သူ့သားသမီး၊ နာမည်ဘယ်သူ၊ လူကွဲနေပါတယ်။ ကြားရာအရပ်က လာခေါ်ပါဆိုပြီး အသံချဲ့စက်ကနေ ကြေညာနေပေးတော့တာကလား။ ပြည့်ပြည့်စုံစုံမပြောတတ်တဲ့ကလေးဆိုရင်လည်း ကလေးပုံပန်းသဏ္ဌာန်၊ အရပ်အမောင်း၊ ဝတ်တဲ့အင်္ကျီ၊ ဘောင်းဘီအရောင်တွေပြောပြီး အမြဲအကျိုးဆောင်ပေးပါတယ်။

ဦးကျော်က ကဆုန်၊ နယုန်လမှာ ကျင်းပတဲ့ စလင်းကုသိနာရုံပွဲတော်မှာ မရှိမဖြစ်လိုအပ်တဲ့ သောက်ရေအတွက် သူ့ဆိုင်ရှေ့မှာ သောက်ရေအိုးအသစ်(၁၀)လုံးလောက် အမြဲရေဖြည့်ပြီးတော့လည်း နှစ်စဉ် ရေအလှူ လှူပါသေးတယ်။ သူက အဟောအပြောသိပ်ကောင်းတာရယ်။ သူ ဆေးကြော်



www.burmeseclassic.com

www.burmeseclassic.com

ကြာပြီလားဆိုရင် လောကဓမ္မရေးရာတွေ၊ ပုံပြင်တွေ၊ ဇာတ်တော်တွေညှပ်ပြီး လေအေးအေးကလေးနဲ့ ပိပိရိရိတစ်လုံးချင်းပြောတာလေ။ ကြားရသူတိုင်း ရပ်နားထောင်ရတယ်၊ သူပြောတာတွေ ကောင်းလွန်းလို့ အပျင်းလည်းပြေ၊ ဗဟုသုတလည်းရလို့ စာရေးသူလည်း နှစ်သက်တယ်။ ခုတော့ သူဆုံးပါးတာ (၁၀)နှစ်မကတော့ဘူး။ သူ့အသံလည်း မကြားရ၊ ရေချမ်းအိုးဆေးလည်း ပျောက်ကွယ်သွားပြီမို့ လွမ်းစရာကောင်းလိုက်ပါဘိတော့တယ်။

ပိုပြီးလွမ်းဖို့ကောင်းတာက သူပြောတာလေးတွေ သဘောကျလို့ ဆောင်းပါးတစ်ပုဒ်လောက်ရေးချင်လို့ သူ့သားတစ်ယောက်ဆီမေးကြည့်တော့ .တိပ်ခွေသွင်းထားတာ မရှိဘူးတဲ့။ ဆေးတိုက်သက်တမ်း (၇၅)နှစ်ကျော်မှ ရပ်ဆိုင်းသွားရတာလည်း နှမြောစရာပါပဲ။

ဩော်··သခ်ါရပေကိုးလို့။ ဦးကျော်က အပြောတင်မဟုတ်ဘူး သဘောမနောလည်းကောင်းရှာတယ်။ ဆယ့်နှစ်ပွဲဈေးရဲ့ သာရေး၊ နာရေး၊ လူမှုရေးတွေမှာ သူ ့မပါရင် မပြီးဘူး။ သူ့ကိုပဲ တိုင်ပင်ကြ၊ နှီးနှောကြရတာကလား။ ဆယ့်နှစ်ပွဲ ဈေးသည်ဘက်က တောင်းဆိုမှု၊ နစ်နာမှုအတွက် အသံချဲ့စက်ကနေ ညင်ညင်သာသာ ပျော့ပျော့ပျောင်းပျောင်း ကြောင်းကျိုးဆက်စပ်မျှမျှတတနဲ့ နားဝင်အောင်ပြောပြတတ်သလို သံဃာတော်တွေအတွက် ဆွမ်းဆန်စိမ်းလောင်းလှူဖို့၊ ဘုရားရွှေချဖို့၊ တန်ဆောင်းပြုပြင်ဖို့ မြို့ခံ ဘုရား၊ တရား၊ သံဃာကိစ္စအတွက်ကျပြန်တော့လည်း ဈေးသူဈေးသားတွေကို သူပဲ ဒိုင်ခံဟောပြောအလှူခံပေးပါတယ်။ သူဟောပြောစည်းရုံးရင် အောင်မြင်တာပါပဲ၊ လက်ခံကြတာပါပဲ။ အဲသလောက်ဩဇာရှိသူပါ။ သူက စေတနာပါပါ အားကြိုးမာန်တက်ရှိသူကိုး။ ကိုယ်ကျင့်တရားကောင်းသူကိုး။ သူမရှိတော့တဲ့နောက်ပိုင်း ရေချမ်းအိုးဆေးတိုက်လည်းပျောက်၊ ရေလှူသူလည်းမရှိ၊ ငွေဆွမ်းလောင်းလှူတဲ့ဓလေ့လည်း ကွယ်ကုန်ပါပြီ။ ပွဲတော်ဆိုင်တွေကလည်း အရေအတွက်နည်းကုန်လို့ ဆွမ်းဆန်စိမ်းလောင်းလှူတဲ့အလေ့အထ ကွယ်ပျောက်သွားတယ်ထင်ပါရဲ့။

စာရေးသူတို့ ခပ်ငယ်ငယ် ကိုရင်ဘဝတုန်းက ဆယ့်နှစ်ပွဲဈေးသည်တွေစုပေါင်းပြီး မြို့ပေါ်ရှိ သံဃာ(၃၀၀)လောက်ကို ဝက်သားဆီပြန်၊ သရက်ချဉ်၊ ငရုတ်သီးကြော်နဲ့ သင်္ကန်းပရိက္ခရာ၊ သံသေတ္တာ၊ ပျဉ်သေတ္တာ၊ သင်ဖြူး၊ ဓား စတဲ့ ဆိုင်တွေမှာရောင်းတဲ့ ရောင်းကုန်တွေထဲက သင့်လျော်ရာမှာ အသုံးအဆောင်တွေကို စာရေးတံမဲချလှူတယ်။ အဲဒါ ဟိုတုန်းကပါ။ ဒီဓလေ့ပျောက်တာ ကြာပါပြီ။ နောက်တော့ ဘုရားလူကြီးတွေနဲ့ ရေချမ်းအိုး ဦးကျော်တို့


စလင်း ကုသိနာရုံဘုရားတန်ဆောင်းအတွင်းရှိ ဆရာအေးပန်းချီကား



www.burmeseclassic.com

www.burmeseclassic.com



စလင်းကုသိနာရုံဘုရားပွဲတစ်နေရာ

ဦးဆောင်၊ပြီး ညနေပိုင်း သံဃာလေး,ငါး,ဆယ်လောက်ပင့် ငွေဆွမ်း လောင်းလှူလိုက်ပါသေးတယ်။ ဒီဓလေ့လည်း မရှိတော့ပါဘူး။ ဘာသာ၊ သာသနာဘက်မှာ အစဉ်အလာတော့ မပျောက်ပျက်သင့်ပါဘူး၊ မဆုတ်ယုတ်သင့်ပါဘူး။

ပွဲတော်တွေ မစည်ကားခြင်းအကြောင်းမှာ တိုးတက်ခြင်းရဲ့ ရလဒ်ကြောင့်ပါ။ ဟိုတုန်းက မိုးဖြိုဒယ်၊ ပန်းကန်ခွက်ယောက်၊ ဒန်အိုးကြီးတွေ၊ သင်ဖြူးတွေ စတဲ့ပစ္စည်းတွေကို တစ်နှစ်မှတစ်ခါသာ ကျင်းပတဲ့ ပွဲတော်ရောက်မှ ဝယ်လို့ရတယ်လေ။ ခုလို လမ်းတွေ၊ တံတားတွေမှ မပေါက်သေးဘဲကိုး။ တယ်လီဖုန်းတွေမှ မများသေးဘဲကိုး။ ခုတော့ စလင်း-ရန်ကုန်၊ စလင်း-မန္တလေး၊ စလင်း-နေပြည်တော် နေ့စဉ် အချိန်မှန်ပြေးဆွဲနေတဲ့ မှန်လုံကားကြီးတွေ ရှိနေတာဆိုတော့ လွယ်သလားမမေးနဲ့။ ဆိုင်ကြီးတွေကို ဖုန်းတစ်ချက် ကောက်ဆက်လိုက်ရုံနဲ့ (သို့မဟုတ်) အသိမိတ်ဆွေတွေဆီ အကြောင်းကြားလိုက်ရုံနဲ့ ဒီနေ့မနက်မှာရင် ညကားနဲ့ နောက်နေ့ကျ လိုချင်တဲ့ပစ္စည်းတွေ ရောက်လာရော။ နောက်တစ်ခု ပွဲကြည့် ပရိသတ်ကိစ္စ။ သူလည်းပဲ တီဗွီ၊ ဒီဗီဒီ၊ အီးဗီဒီ အထက်စက်,အောက်စက်တွေ ရှိနေတော့ ကြည့်ချင်တဲ့အခွေ စလင်းမှာ ဝယ်မလား၊ တခြားမှာဝယ်မလား။ လွယ်လွယ်မြန်မြန် ကြည့်ရှုနေရတာဆိုတော့ အကုန်ခံ အချိန်ကုန် အိပ်ရေးပျက်ခံပြီး တချို့က မကြည့်ကြတော့ဘူးလေ။

စလင်းကုသိနာရုံဘုရားပွဲတော်မှာ ပြီးခဲ့တဲ့နှစ်တုန်းက စပါးဈေး၊ ပဲဈေးတွေကောင်းလို့ လုပ်သီးကိုင်စာတွေရလို့ ဈေးသည်တွေ အတော်ရောင်းကောင်းကြပါတယ်။ ဒီနှစ်တော့ လုပ်သီးကိုင်စာကမရ၊ သီးနှံဈေးတွေက မကောင်းဆိုတော့ အများစုက ရောင်းမကောင်းကြဘူးပေါ့လေ။ အဲသလို ပွဲတော်အကြောင်း၊ သောင်းပြောင်းထွေလာ စပ်မိစပ်ရာတွေ ပြောကြတဲ့အခါ စာရေးသူတို့ဇာတိ တောစိမ့်ရွာက ဟာသနှောပြောတတ်တဲ့ ကိုအာလောက ဝင်ပြောတယ်။

'ပဲက ရွက်ဝါ၊

ဝက်က နားရွက်ပြာ၊

အရက်သမားက အသက်မပါ၊

ဘယ်လိုလုပ် ပွဲတော်က စည်တော့မှာတုံးဗျာ' တဲ့။

ဒီနှစ်မှာ ပဲတီစိမ်းတွေက ရွက်ဝါတွေထိုးလို့ ပိုက်ဆံအကုန်ခံပြီး ပိုးသတ်ဆေး၊ မှိုသတ်ဆေးတွေ ဖျန်းကြရတယ်။ ဒါနဲ့လည်း အဆင်မပြေဘူး။ ပဲက,မရ၊ ဈေးက,မကောင်း၊ ဝက်တွေမှာလည်း တစ်နယ်လုံး နားရွက်ပြာရောဂါဖြစ်လို့ မွေးမြူရေးသမားတွေ ရှိစုမဲ့စုလေးကို စုဘူးသဘောမျိုးမွေးသူတွေမှာ အရှုံးကြီးရှုံးလို့ မပိုင်ဝက်မွေး၊ ဝက်မွေးကြွေးတင်ဖြစ်ကြရသလို အရက်သမားတွေကလည်း ရာသီကပူလွန်းတော့ ဒဏ်မခံနိုင်ဖြစ်ပြီး သေကြတာသောက်သောက်လဲဟာကိုး။ ပွဲတော်လာပရိသတ်တွေထဲမှာ သူတို့လည်း ပါကြပေသကိုး။ ကိုအာလောတို့ ပြောတတ်လိုက်ပုံများနော်။

ပွဲဆိုတာ နယ်ချဲ့ဖြိုးမှ လုပ်သီးကိုင်စာတွေရ သီးနှံဈေးနှုန်းတွေကောင်းမှ ရောင်းဝယ်စည်ကား အဆင်ပြေတာဟုတ်လား။ မြန်မာပြည်ရဲ့ လူအများစုက စိုက်ပျိုးရေးသမားတွေလေ။ ဒါကြောင့် မိုးလေဝသရာသီဥတု မှန်ပါစေ။ လုပ်သီးကိုင်စာတွေရ၊ သီးနှံတွေ ဈေးကောင်းရကြပါစေ။ ဆယ့်နှစ်ပွဲဈေးသည်တွေလည်း ရောင်းဝယ်ကောင်းကြပါစေ။ ကုသိနာရုံဘုရားကြီးလည်း ရွှေဘုန်းတော်တိုးလို့ သာသနိကအဆောက်အအုံတွေ ဖွံ့ဖြိုးတိုးတက်ပါစေလို့ပဲ ဆုတောင်းလိုက်ပါရဲ့။

ဦးစန္ဒိမ(စလင်း)



www.burmeseclassic.com

www.burmeseclassic.com

ဦးစန္ဒိမ(စလင်း)

# သုနာပရန္တ အညာမြေ ရွှေစလင်းရဲ့ ဝက်သည်းကန်

စလင်းမြို့ကို ဧည့်သည်ရောက်လာခဲ့ရင်လေ ရှင်ပင်ရတနာမဉ္ဇူဘုရား၊ ရှင်ပင်ကုသိနာရုံဘုရားနဲ့ တောင်ဖီလာဆရာတော်ဘုရား မွေးဖွားချက်မြှုပ်ခဲ့တဲ့နေရာမှာ တည်ထားခဲ့တဲ့ တောင်ဖီလာဆရာတော်ဘုရားကြီးက မွေးမိခင်မယ်တော်ကို ကျေးဇူးဆပ်တဲ့အနေနဲ့ မိခင်အမည်နဲ့ တည်ထားခဲ့တဲ့ မယ်သာဒွန်းဦးဘုရားရယ်၊ ရှင်ပင်ရွှေတန်ဆာစေတီရယ်၊ ဝက်သည်းကန်ရွှေမုဋ္ဌော၊ ကန်လယ်ကန်ချောင်ရယ် စတဲ့ နေရာတွေက မဖြစ်မနေလိုက်ပို့ရတဲ့ နေရာဒေသတွေပေါ့။ နောက်ပြီး မင်းကြီးဗိုလ်ဥတ္တမခံတပ်လုပ်ခဲ့တဲ့ ကိုးဆောင်တိုက်အုတ်ကျောင်းနဲ့ ရမ်းရွာကုန်းအရှေ့က မြောက်လေးစဉ်ပန်းပုရုပ်စုံကျောင်းတော်ကြီးတွေလည်း ပါပေသပေါ့။ ဒီကျောင်းကြီးတွေက နှစ်ပေါင်း(၁၅၀)လောက်တောင် ရှိနေလေပြီလေ။

ဧည့်သည်ကို နေရာများများလိုက်ပို့စရာ သိပ်မရှိပေမယ့် တစ်နေရာမှာရောက်ရင်ပဲ ရှေးဟောင်းနှောင်းဖြစ် အမွေအနှစ်ယဉ်ကျေးမှုလက်ရာ လေ့လာစရာတွေ ပြည့်သိပ်နေတာမို့ အချိန်ပေးရပါတယ်။ ရာဇဝင်သမိုင်း နောက်ခံယဉ်ကျေးမှုတွေ၊ ဝါသနာအထုံပါတဲ့လူ ဆိုရင်ပေါ့လေ။ သမ္မာအားကောင်း၊ ရှေးဟောင်းလက်ရာ၊ ရတနာပညာသုတ တစ်ခုခုရလို့ အဆိုရှိသမို့လား။

စလင်းမြို့ရဲ့ ထူးခြားချက်မှာ စေတီပုထိုးတွေ ပေါလား ပေါရဲ့၊ ဘုန်းတော်ကြီးကျောင်းတွေ များလား များရဲ့၊ သက်တမ်းရင့်သစ်ပင်ကြီးတွေ ရှိလား ရှိရဲ့ကိုး။ စလင်းမြို့မှာ စေတီ၊ ပုထိုး များပြားလွန်းလို့ စေတီယပကာသနီကျမ်းမှာ စေတီပုထိုး၊ မြေကြီးကျိုးမျှလို့တောင် ဆိုထားလေရဲ့။ မြို့က (၈)ရပ်ကွက်ရှိသလို ဘုန်းတော်ကြီးကျောင်းပေါင်း (၆၀)ရှိပါတယ်။ လက်ပံပင်စာသင်တိုက်၊ မဟာဝိသုတာရာမစာသင်တိုက်၊ ရွှေလဝင်းသီလရှင်စာသင်တိုက်၊ တေဇစက္ကီရိပ်သာ၊ မိုးကုတ်ရိပ်သာ၊ သဲအင်းဂူရိပ်သာ၊ မဟာစည်ရိပ်သာနဲ့ သံဃာတော်ပေါင်း(၃၀၀)ကျော် ရှိသပေါ့။ သီလရှင်ပေါင်း(၁၀၀)ကျော်လည်း ရှိတယ်လေ။ သာသနာ့ဟိတနေ့စဉ်အရုဏ်ဆွမ်းလောင်းအသင်းကြီးရှိနေတော့ စာသင်သားသံဃာတော်တွေ ပျော်မွေ့ကြပေသပေါ့။

ကြာဖက်အင်း စလင်းတည်ဆိုတဲ့ လင်္ကာနဲ့အညီ စလင်းမြို့ကို သက္ကရာဇ်(၂၅၁)ခုနှစ်မှာ စောစီးစွာတည်ခဲ့ပါတယ်။ အနော်ရထာ၊ ကျန်စ်ယုံမဟာပုဏ်၊ တည်တုံသုံးရှစ်သုံး၊ ငါးငါးခြောက်ရှိ နရပတိ၊ မှတ်ဘိအလွယ်ဆုံး။ ခွန်သုံးနှစ်တွေ့ သီဟပတော့၊ တည်လေ့မြို့နယ်ချုံး ဆိုသလို စလင်းမြို့ကို (၄)ကြိမ်တည်ခဲ့တာပါ။ အနှစ်ချုပ်ပြောရရင် စလင်းမြို့ဟာ ပုဂံခေတ်ကတည်းက တည်ရှိပြီး သာသနာထွန်းကားနေတယ် ဆိုတာပါပဲ။ သမိုင်းပါမောက္ခဆရာကြီးဒေါက်တာသန်းထွန်းကလည်း ပုဂံဘုရားတွေတည်စဉ်က စလင်း၊ စကု၊ စလေအရပ်က အုတ်တွေသယ်ယူကြတယ်လို့ ကလျာမဂ္ဂဇင်းမှာ ရေးဖူးတယ်လေ။

စလင်းပန်းပု၊ စကုပန်းချီလို့ ဆိုတဲ့အတိုင်း အတော်စောစောကတည်းက စလင်းမှာ လက်မှုအနုပညာတွေ ခြေခြေမြစ်မြစ်ဖြစ်ထွန်းနေပါပြီ။ သားချစ်တော့ ကျပင်း၊ သမီးချစ်တော့ စလင်း ဆိုရိုးအရ ဆန်ရေစပါးပေါများတဲ့ စလင်းကို ရှေးဘုရင်များက သူတို့သိပ်ချစ်တဲ့သမီးကို စလင်းမြို့၊ သားကို ကျပင်းမြို့တွေကို အပိုင်စားစေခဲ့တယ်။ ကျပင်းဆိုတာကလည်း စလင်းမြို့နယ်ထဲကပါပဲ။ စလင်းမြို့ရဲ့ မြောက်ဘက် (၁၀)မိုင်ဝန်းကျင်မှာ တည်ရှိနေတယ်လေ။ ကျပင်းဟာ ကုန်းဘောင်ခေတ်က ရှေးမြို့ဟောင်းတစ်မြို့ပေါ့။ ခုတော့ တောင်ရွာ၊ မြောက်ရွာ ဖြစ်နေရှာပါပြီ။ ကျပင်းကလည်း နယ်နယ်ရရမှတ်လို့။ ကျမ်းပြုအကျော် ကျပင်းဆရာတော် အရှင်ဓမ္မရက္ခိတနဲ့ မဏ္ဍလာဆရာတော်၊ ရွှေမန်းတင်မောင်ရဲ့ ဗုဒ္ဓဝင်ဇာတ်စာတွေရေးခဲ့တဲ့ ကျပင်းဆရာဖီး ပေါ်ထွန်းခဲ့တယ်လေ။ ဆရာဖီးရဲ့အုတ်ဂူ ခုထိရှိနေပါသေးတယ်။

ဆရာဖီးဇာတ်စာတွေ ရွှေမန်းတင်မောင်ဆီရောက်ပုံက ဒီလိုပါ။ ဒုတိယကမ္ဘာစစ်အတွင်းမှာ မင်းသားကြီးအမယ်ကြီးအိုအောင်စိန်က သူ့သူငယ်ချင်းဦးဘသော့ရှိတဲ့ ကျပင်းရွာကိုရောက်လာပြီး ကြိတ်ထိုးဆန်ဖွပ်မောင်းထောင်းရာ၊ ကောက်စိုက်ပျိုးနုတ်ရာ၊ ထင်းခွေရေခပ်ရာပါမကျန် ဦးအောင်စိန်က လိုက်ပြီး ဆရာဖီးကခဲ့တဲ့ ဇာတ်ထုပ်ဇာတ်စာတွေ၊ ဗုဒ္ဓဝင်ဇာတ်စာတွေ ရေးကူးမှတ်ယူသွားတယ်လေ။ နောက်တော့ အမယ်ကြီးအိုအောင်စိန်၊ ရွှေမန်းတင်မောင်နဲ့တွေ့ပြီး ကျပင်းဆရာဖီး ဗုဒ္ဓဝင်ဇာတ်စာတွေကို ကောင်း



www.burmeseclassic.com

www.burmeseclassic.com

ကောင်းကြီးအသုံးချတော့တာပါပဲ။ ဟိုတုန်းက ခုလို ရေဒီယို၊ ကက်ဆက်၊ ရုပ်ရှင်၊ အသံချဲ့စက်မှ ဟုတ်ဟုတ်ညားညားရှိတာမှ မဟုတ်တာကလား။ ဇာတ်ပွဲတောင် ရှားရှားပါးပါးမဟုတ်လား။ ဒီတော့ ပွဲကြည့်ပြီဆိုရင် မင်းသမီး၊ မင်းသား၊ လူပြက်တွေ ဆိုကြ၊ ပြောကြ၊ ငိုကြတာတွေ လိုက်ပြီးအာဂုံမှတ်ထားကြ။ လူစုစုရှိရာ ထင်းခွေရေခပ်ရာတွေမှာ ပြန်ဆိုကြပြောကြ ဝေဖန်ကြတာလေ။

စလင်းမြို့နယ်ထဲက တညောင်ရွာဆိုရင် လက်မှုပညာ သိပ်တတ်တဲ့ပညာရှင်တွေထွက်တယ်။ အထူးသဖြင့် လက်သမားပညာနဲ့ ပန်းပဲပညာမှာ သိပ်နာမည်ကြီးတွေထွက်တယ်။ စလေမြို့က ပန်းပုရုပ်စုံကျောင်းကြီးဆိုရင် တညောင်က လက်သမားဆရာတွေ ဆောက်ခဲ့တာကလား။ သံ၊ သံမှို၊ ဓားအမျိုးမျိုးနဲ့ ငန်းပြားတွေထုတ်လုပ်တဲ့ ပန်းပဲလုပ်ငန်းတွေ ခုထိလုပ်ကြတုံး၊ နာမည်ကြီးတုံးပါ။ စလေမြို့တောင်ဘက်က ရှင်ပင်စာကြို့ဘုရားတန်ဆောင်း လင်းနို့တောင် ပန်းဆွဲ၊ မျက်နှာကြက်ဇာတ်တော်နောက်ခံ ပန်းပုတွေကလည်း စလင်းမြို့နယ် နွယ်တမယ်ရွာက ဆရာလွှားလက်ရာတွေလေ။

ရေခံမြေခံကောင်းလှတဲ့ စလင်းမြို့မှာ ရှေးဟောင်းစေတီပုထိုး၊ ကျောင်း၊ တန်ဆောင်းတွေက မြို့ရဲ့ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားဝံ့ကြွားထည်ဝါခဲ့ပုံကို ယနေ့တိုင်တွေ့မြင်ခံစားနိုင်ပါတယ်။ သက်သေခံအရာဝတ္ထုက အဓိကမဟုတ်လား။ ဒါမျိုးဆိုတာ ပြောနေရုံနဲ့ပြီးတာမှ ဟုတ်ဘဲကလား။ သာသနာတော်ဘက်ကဆိုရင်လည်း တောင်ဖီလာဆရာတော်၊ ဆီးတောဆရာတော်၊ ထန်းတပင်သာသနာပိုင်၊ သာသနာပိုင်ဦးချက်လောက်၊ ဆုံတားသာသနာပိုင်၊ ဒုတိယမိုးထိဆရာတော်၊ ပန်းလွှားဆရာတော်၊ ဆရာတော်ဦးလှဲ့၊ ကန်ချောင်ဆရာတော် ဦးဒီပတို့ ပေါ်ထွန်းခဲ့သလို လူပုဂ္ဂိုလ်တွေထဲက ယောမဝန်ဇွဲ ဦးမြတ်သာဒွန်း၊ ရွှေတောင်နန္ဒသူ၊ ယောကျ်ားမင်းသမီး မယ်အောင်ဗလ၊ ကျပင်းဆရာဖိုး၊ အသံဝိဇ္ဇာ မင်းသားပုလဲစိန်၊ ခင်ဝင်းကြည်၊ ဇာတိစိန်၊ လင်ဗန်းခွေ လှလေးစိန်၊ စကောလားရှစ်ကျော်အုန်းစိန်၊ ကျက်သရေဆောင် ခင်တုတ် စတဲ့အနုပညာရှင်တွေ

လောက်လောက်လားလား ထင်ထင်ရှားရှား ဖြစ်ထွန်းပေါ်ပေါက်ခဲ့တယ်လေ။

စလင်းမြို့ဟာ ဟိုတုန်းက ယောနကတိုင်း၊ သုနာပရန္တတိုင်းထဲက ယခု မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင် အတွင်းကပေါ့။ ကျေးရွာအုပ်စု(၁၀၈)အုပ်စုရှိပြီး ဆန်၊ စပါး၊ ပြောင်း၊ နှမ်း၊ ငရုတ်၊ ကြက်သွန်၊ အာလူး၊ နေကြာနဲ့ ပဲမျိုးစုံထွက်ပါတယ်။ ဟိုတုန်းက ရှားစေးနဲ့ ပုရပိုက်တွေပါ ထွက်ခဲ့ပေသပေါ့။ သရက်ချဉ်ရွာ မြောက်ဘက်နားက ပုရပိုက်တန်းဆိုတာ ပုရပိုက်လုပ်တဲ့ရွာလေ။ သရက်ချဉ်ရွာကတော့ ပုရပိုက်သာမက မုန့်ပဲသရေစာဖြစ်တဲ့ ကရေကရာနဲ့ အနုဆုပ်မုန့်တွေပါ ထွက်ပါတယ်။ ဒီရွာတွေက စလင်းနယ်ထဲကလေ။ စလင်းမြို့နဲ့ (၅)မိုင်လောက်သာဝေးတာကိုး။

ကဲ‥ဒါတွေထားလိုက်ဦး။ စလင်းမြို့ရဲ့ အလှကျက်သရေသင်္ကေတတွေထဲက ပုံရိပ်တစ်ခွန်း၊ တစ်စွန်းတစ်ဒေသပြယုဂ်တစ်ခုကို ရင်ဖိုစွာထုဆစ်လှစ်ပြချင်ပါတယ်။ တခြားဟုတ်ပါရိုးလား၊ စလင်းမြို့ရဲ့အနောက်ဘက်က ဝက်သည်းကန်ကြီးရဲ့ သမိုင်းတစ်စ အလှရုပ်ပုံလွှာပေါ့။ ဒီကန်ကြီးက သမိုင်းရှိပေတာကိုး။ အလှပြည့်ပေတာကိုး။ အလောင်းစည်သူမင်းကြီး တိုင်းခန်းလှည့်လည်တော့ စလင်းမြို့ကိုရောက်လာရော ဝက်သည်းကန်ကြီးကို မြင်တော်မူတဲ့အခါ ကိုယ်စိတ်နှလုံး ရွှင်ပြုံးအားရတော်မူပြီး စလင်းမြို့ဝန်မင်းကို ဒီဝက်သည်းကန်ကြီးရဲ့ နောက်ခံသမိုင်းကြောင်းမေးပါတယ်။ မြို့ဝန်မင်းက စမ်းတဝါးဝါးနဲ့ လုံးစေ့ပတ်စေ့ ဆုပ်ဆုပ်မိမိ မပြောနိုင်ဘူး။

"မှန်ပါ၊ အရှင်မင်းကြီးဘုန်းတော်ကြောင့် ကန်စောင့်နတ်ကြီးကိုမေးရင် ပြည့်ပြည့်စုံစုံသိနိုင်ပါလိမ့်မယ်ဘုရား" လို့ လျှောက်တော့ အလောင်းစည်သူမင်းကြီးက ကန်စောင့်နတ်


ဝက်သည်းကန်ရှုမျှော



www.burmeseclassic.com

www.burmeseclassic.com



စလင်းမြို့ကန်လယ်ကျောင်းဆရာတော်

ကြီးကို ကြိမ်စကြာနဲ့ရိုက်ခေါ်ပြီး မေးတယ်လေ။

ကန်စောင့်နတ်ကြီးလည်း သူ့မသိတဲ့အကြောင်း လျှောက်တင်ပြီး အာယုကပ်(၃)ကပ် အသက်ရှည်တဲ့ ငဖြူရှင်နတ်ကြီးကို ခေါ်မေးသင့်ကြောင်း လျှောက်တင်ပါတယ်။

အလောင်းစည်သူမင်းကြီးလည်း ငဖြူရှင်နတ်ကြီးကို ခေါ်မေးပါရော။ "မှန်လှပါ၊ အမှန်အတိုင်းလျှောက်တင်တဲ့အခါ အပြစ်မပေးဘဲ ခွင့်လွှတ်ပါ"လို့ လျှောက်တင်ကတိတောင်းပြီးမှ အဖြစ်မှန်ကို ဖြေကြားခဲ့ပါတယ်။

"သာသနာပအခါမှာ အရှင်မင်းကြီး ဝက်ဖြစ်စဉ်က ဒီနေရာမှာ ကျက်စားခဲ့ဖူးပါတယ်။ နေရာအနှံ့ထိုးဆွရင်း မိုးရွာတဲ့အခါ ကျင်းချိုင့်ကြီးဖြစ်ရာက တစ်စ,တစ်စ ကြီးထွားနက်ရှိုင်းလာပါတယ်။ အဲဒီတုန်းက ကန်ချောင်ကုန်းမှာ သီတင်းသုံးနေထိုင်တဲ့ ဈာန်ရ,ရသေ့(၇)ပါးက ဒီကန်ရေကို အသုံးပြုရလို့ ဒီဝက်ကြီးအကျိုးကျေးဇူးကြီးမားပါပေတယ်။ အထွတ်အမြတ်ဘဝ ရောက်ပါစေ၊ ရပါစေလို့ ဆုတောင်းမေတ္တာပို့ပေးမှုနဲ့ ရေအကျိုး(၁၀)ပါးကုသိုလ်ကြောင့် ယခုဘဝမှာ အလောင်းစည်သူမင်းကြီး ဘုန်းတန်ခိုးကြီးတဲ့မင်းတစ်ပါး ဖြစ်လာရတာပါဘုရား"လို့ လျှောက်တင်ပါတယ်။

ထိုအခါ အလောင်းစည်သူမင်းကြီးလည်း နှစ်ထောင်းအားရဝမ်းသာဖြစ်တော်မူပြီး ကန်ကြီးကို ထပ်မံတိုးချဲ့တူးစေကာ သမီးတော်စောဝကို အပိုင်စားပေးခဲ့တယ်လေ။ ဒီကန်ကြီးကို သမီးတော်စောဝကန်လို့ ကမ္ပည်းထိုးခဲ့ပါတယ်။

နို့ပေမယ့် ဒီနေ့အချိန်ထိ ဝက်သည်းကန်လို့ပဲ တွင်နေပါရောလား။ ဝက်လူးကန်လို့လည်း တွင်ပါသေးတယ်။

ဒီဝက်သည်းကန်ကြီးဟာ (၁၇)စတုရန်းမိုင်ကျယ်ဝန်းပြီး ပဒုမ္မာကြာမျိုးမှအပ တခြားဘာကြာမျိုးမှ မပေါက်ရောက်ပါဘူး။ ပဒုမ္မာကြာတွေ ကန်ထဲမှာ ပေါများစွာပွင့်နေတဲ့နှစ်ဆိုရင် အစာရေစာ၊ ဆန်ရေစပါးပေါများတဲ့ နိမိတ်လည်း ရှိပါတယ်။ ဒီကန်ရဲ့ အလယ်မှာ ရှင်ပင်သီင်္ဂံတောဘုရားကို အနောက်ဘက်လွန်မင်း အမတ်သေနာပတိမင်းကြီးမဟာမင်းလှက သက္ကရာဇ်(၉၆၈)ခုနှစ်၊ ကဆုန်လဆန်း(၉)ရက် စနေနေ့မှာ တည်ခဲ့ပါတယ်။

ရွှေမုဋ္ဌောဘုရားကတော့ အသောကမင်းကြီးကောင်းမှုစေတီငယ်ကို ကန်လယ်ဆရာတော်ဘုရားကြီးက ဦးဆောင်ပြီး အများကောင်းမှုနဲ့ (၁၂၉၄)ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်(၅)ရက်နေ့မှာ စတင်ပြုပြင်ခဲ့ပါတယ်။ (၉)တောင်ပြည့်စေတီကို ငုံတည်ခဲ့တာပါ။ နောက်ပိုင်း သူကောင်းဦးမောင်မောင်၊ ဒေါ်လုံးမမိသားစုက တာဝန်ယူပြုပြင်ခဲ့ပါတယ်။ ကန်လယ်တောင်ဘက်နားက အောင်မြင်တော်မူကုန်းဘုရားကိုတော့ ဦးဘာစီ၊ ဒေါ်မင်းဖာတို့က တည်ထားကိုးကွယ်ခဲ့ပါတယ်။ သားစဉ်မြေးဆက်အထိပါ။ ကန်လယ်ရဲ့မြောက်ဘက် ရေလယ်ကျွန်းမှာ ဖိုးသူတော်ကုန်းဆိုတာ ရှိပါသေးတယ်။

ကန်လယ်ရဲ့အနောက်ဘက်မှာတော့ ခေမာသီဝန်တောရကန်ချောင်တိုက်ဆိုတာ ရှိတယ်လေ။ စတင်ပြီးတော့ရှင်းပြီး သီတင်းသုံးခဲ့တဲ့ ဆရာတော်ဦးဒီပကလည်း ကျမ်းပြုဆရာတော်ပါ။ ကန်လယ်ဆရာတော် ဦးဝဇီရာဝုဓကတော့ ရဟန္တာလို့ကျော်ကြားတဲ့ ဆရာတော်ပေါ့။ ဇာလီတောင်ဆရာတော်၊ ဗာရာဏသီဆရာတော်၊ တောင်ပုလုဆရာတော်၊ တောင်တန်းသာသနာပြုဆရာတော် ဦးဥတ္တမသာရတို့ ကြွရောက်ခဲ့တဲ့ ကန်လယ်ပါ။ ရွှေမုဋ္ဌောဘုရားက ရေပေါ်လျှောက်လမ်းတန်ဆောင်းတွေနဲ့ တည်ဆောက်ထားပြီး လူအရောက်အပေါက် များလှပါတယ်။ မြောက်ဘက်မှာ တစ်ဆက်တည်း ရှင်ဥပဂုတ္တဆောင်၊ တောင်ဘက်မှာ မဟာဗောဓိပင် ရှိပါတယ်။ ဒီမဟာဗောဓိပင်ကို ကန်လယ်ဆရာတော်ကြီး (၁၂၉၈)ခုနှစ်က သီဟိုဠ်ကနေ လေယာဉ်နဲ့ ပင့်ဆောင်ပြီး စိုက်ပျိုးခဲ့တာပါ။

ဝက်သည်းကန်(ဘေးမဲ့ကန်ကြီး)မှာ ငှက်မျိုးစုံ၊ ငါးမျိုးစုံ ရှိသလို လူတွေအတွက် စားစရာကြာရိုး၊ ကြာစွယ်၊

www.burmeseclassic.com

www.burmeseclassic.com

ကြာခွက်သီး၊ ပိတ်စွယ်၊ ကြာပင်းဖူးတွေ ရှိသလို အသုံးပြုစရာ ကြာရွက်တွေ ရှိပါတယ်။ ညနေမှာ ရခိုင်ရိုးမနောက်ခံ တောင်ကြီးတွေနဲ့ ဝက်သည်းကန်ရှုခင်းက သိပ်လှတယ်။ ကြာနံ့ကတသင်းသင်း၊ လေကတဖြူးဖြူးနဲ့ ရွှေမှုဋ္ဌောတန်ဆောင်းမှာ အနားယူကြ၊ စကားပြောကြပေါ့။ စလင်းနယ်မှာတော့ ခုချိန်ထိ ကြာဖက်၊ ငှက်ပျောဖက်ကို ထုပ်ပိုးပစ္စည်းအဖြစ် အသုံးပြုကြတုန်းပါ။ ကြာဖက်နဲ့ထုပ်တဲ့ မုန့်ဟင်းခါး၊ ခေါက်ဆွဲ၊ ထမင်းသုပ်၊ တိုဟူး၊ သင်္ဘောသီးသုပ်တွေက ကြာဖက်နံ့ တသင်းသင်းလေးနဲ့မွှေးပြီး သိပ်စားလို့ကောင်းပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့လည်း ကိုက်ညီ၊ ကျန်းမာရေးနဲ့လည်း သင့်လျော်တာမို့ ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ ကြာဖက်ကို သုံးသင့်နေပါပြီ။ အကုန်အကျလည်း သိပ်သက်သာတယ်လေ။ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဆိုပါတော့။

စာရေးဆရာမကြီး လူထုဒေါ်အမာနဲ့အဖွဲ့ စလင်းရောက်လာတော့ နေရာအနှံ့လိုက်ပို့တဲ့အခါ စလင်းကကျောင်း၊ ကန်ဘုရားတွေ သိပ်ပေါတာပဲလို့ ကောက်ချက်ချပြီး ဝက်သည်းကန်မှာ အေးအေးဆေးဆေး နားပါသေးတယ်။ ဒေါ်ခင်ဆွေဦး၊ ဒေါ်ကလျာ၊ သန်းမြင့်အောင်၊ ဂျူး၊ ဝိုင်းတို့ ကျောင်းလာတုန်းကလည်း မဂျူးက စလင်းမြို့ကသစ်ပင်ကြီးကြီးမားမားကြီးတွေနဲ့ သိပ်ချစ်စရာကောင်းတာပဲတဲ့။ ဒေါ်ခင်ဆွေဦးကတော့ ဂန္ထဝင်ဆန်တဲ့မြို့၊ ဒေါ်ကလျာကလည်း သူကောင်းတွေရှိတဲ့မြို့မို့ စိတ်ဝင်စားမိတယ်။ သန်းမြင့်အောင်က ဝက်သည်းကန်နဲ့အတူ လှတဲ့မြို့လို့ ကောက်ကြောင်းဆွဲခဲ့ကြတယ်လေ။ ဆရာချစ်ဦးညိုက ကြာညိုနံ့သင်းတဲ့ မြို့စလင်းတဲ့။ နေဝင်းမြင့်၊ ခင်ခင်ထူးတို့က အညာဆန်တဲ့မြို့တဲ့။ မိချမ်းဝေကတော့ စိုစွတ်လှပတဲ့ စလင်းတဲ့။

အမြင်ချင်း တူချင်မှ တူကြမယ်။ နို့ပေမယ့် စလင်းအလှကို ဝက်သည်းကန်ကြီးနဲ့ နှစ်ရှည်သက်ရင့်သစ်ပင်ကြီးတွေက ခံ့ညားထည်ဝါစေတယ်ဆိုတာ ဧကန်ဧကပါပဲလို့ ပြောချင်တယ်လေ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့လည်းကိုက်ညီ၊ အညာဆန်ပြီး စိမ်းစိုညိုမောင်း အလှအပေါင်းနဲ့လည်း ပြည့်စုံလို့ စလင်းမြို့နဲ့ ဝက်သည်းကန်ကို ရင်ဖိုစွာဂုဏ်ယူနေမိပါတော့တယ်။

ဦးစန္ဒိမ(စလင်း)


ချက်ချင်းသောက်-လက်ငင်းပျောက်

ဓါ

အမှတ်တံဆိပ်

အစာအိမ်လေနိုင်သောက်ဆေး

နှစ်ပေါင်း(၂၀)ကျော် အစာအိမ် လေထိုးလေအောင့် ဝေဒနာရှင်များအတွက် အထူးဖော်စပ် လျှုဒါန်းကုသပြီး ဝေဒနာရှင် ရဟန်း၊ ရှင်လူ၊ ပြည်သူများ၏ ပျောက်ကင်းထောက်ခံတောင်းဆိုမှုကြောင့် စေတနာ၊ ဝါသနာကို အရင်းခံ၍ ထုတ်လုပ်ဖြန့်ချိလိုက်သော 'အစာအိမ်ရောဂါ လေနာ ရောဂါဝေဒနာရှင်များအတွက် အထူးသင့်လျော်သော ဆေးစွမ်းကောင်းတစ်လက်' ဖြစ်ခြင်းကြောင့် သုံးစွဲသူများအတွက် တန်ဖိုးလုံးဝဆုံးရှုံးခြင်း မရှိစေရ။

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် 0114 Y 010697

ပျောက်ကင်းနိုင်သော ရောဂါများ

အစာအိမ်ရောဂါ၊ လေထိုးလေအောင့်၊ အစားများအစားမှား၍ မအီမလည်ဖြစ်ခြင်း၊ အစာအိမ်အချဉ်ပေါက်ခြင်း၊ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ ဝမ်းဖောဝမ်းပျက်ခြင်း၊ လေနှင့်ဝမ်း မကျွဲခြင်း၊ အစာအိမ်နှင့်ပတ်သက်သော ရောဂါများအတွက် ယုံကြည် စိတ်ချစွာဖြင့်သုံးစွဲနိုင်ပါသည်။

ပင်ရင်း-ဦးမြသွေး၊ ဖုန်း-၅၁၂၀၉၈၊ ၀၉ ၅၁၁ ၂၅၃၁၊ အမှတ်(၃၆)၊ ဖျာပုံလမ်း၊ အမှတ်(၁၄) မင်္ဂလာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com

## ပွင့်ထွန်းပေါ်ပေါက်လာတော့မည့်

# ဗုဒ္ဓခေတ် ကမ္ဘာလွှမ်းခြုံ မြတ်စွာဘုရားကြီး

ခေတ္တာရာ–ဆရာကျော်


ဗုဒ္ဓခေတ်ကမ္ဘာလွှမ်းခြုံမြတ်စွာဘုရားကြီး

ဘွဲ့တော်မှာ ထူးခြားသည်။ ဗုဒ္ဓခေတ် ကမ္ဘာလွှမ်းခြုံ မြတ်စွာဘုရားကြီးဟူ၍ဖြစ်သည်။ ဗုဒ္ဓခေတ်၊ ဓမ္မခေတ်၊ သံဃာ့ခေတ်များ ကမ္ဘာတစ်ဝန်း တကယ်တမ်းသာ လွှမ်းခြုံ ပျံ့နှံ့ စိမ့်ဝင်စီးဆင်းပါမူ သတ္တဝါအများ ငြိမ်းချမ်းလှပေလိမ့်မည်ဟု စိတ်ကူးအတွေးဝင်မိသည်။

ဤဘုရားကြီးကို အဓိပ္ပာယ်ပေါင်းများစွာ လေးနက်သောသင်္ကေတရား၊ ယုံကြည်ချက်များထား၍ သစ္စာမေတ္တာရင်ဝယ်ပိုက်ပြီး ကျေးဇူးတော်ရှင် ရွှေတောင်မှဲ့ရှင်ဆရာတော်ကြီး၏ ဩဝါဒကိုခံယူကာ အလှူရှင် ဒကာ၊ဒကာမများက တည်ထား ပူဇော်ကိုးကွယ်ကြမှာဖြစ်သည်။

တည်နေရာမှာ ရွှေတောင် ရဟန္တာ(၈၀) ရွေးပေါင်းမဟာသိမ်တော်ကြီးကျောင်း သာသနိကနယ်မြေအတွင်း တည်ထားခြင်းဖြစ်ပါသည်။ ဉာဏ်တော်အမြင့်(၁၈၀)ပေရှိမည်။ ပုံစံမှာ ပေ(၉၁)အချင်းရှိ ကမ္ဘာလုံးကြီးပေါ်၌ ဉာဏ်တော်ပေ(၉၀) မြတ်စွာဘုရားရှင်၏ မတ်ရပ်ပုံတော်ကြီးဖြစ်ပါသည်။

ဤပုံတော်ကြီးမှာ အကြောင်းမဲ့ အကျိုးမဲ့ ဖြစ်တည်လာခြင်းမဟုတ်ပါ။ ဆရာတော်ကြီး၏ သီလ၊ သမာဓိ၊ ပညာစသော သိက္ခာသုံးရပ် အကျင့်မြတ်မှ အကြောင်းခံအကျိုးသင့် ပေါ်ထွန်းလာခြင်းပင်ဖြစ် သည်။ ပဋ္ဌာန်းဆက်ကောင်းရှိကြသူများက လာရောက်လှူဒါန်းကြခြင်းမှ အစပြုကာ ယနေ့တွင် အခြေခံဖောင်ဒေးရှင်း မြေတွင်းအုတ်မြစ်ကြီး ပြီးစီးရုံမက ကမ္ဘာလုံးကြီးအတွက် သံချည်သံကွေး သံတိုင်များပင် ထောင်ပြီးနေပြီ ဖြစ်ပါသည်။ ကျန်ရှိနေသော အစိတ်အပိုင်းများကိုလည်း မနားတမ်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပေသည်။


ရဟန္တာ(၈၀)သာသနိကနယ်မြေအတွင်းရှိ မဟာလကန်တော်နှင့်
သာသနိကအဆောက်အအုံများမြင်ကွင်း


မှဲ့ရှင်ဆရာတော်ကြီးသည် များစွာသော သာသနာပြု လုပ်ငန်းများကို အားသွန်ခွန်စိုက် တာဝန်ယူ ... တစ်ရိုက်



www.burmeseclassic.com

www.burmeseclassic.com

ကလေးမျှ မပျက်ရစေဘဲ နေ့မအား ညမအား ဆောင်ရွက်တော်မူနိုင်သူ ဖြစ်သည်။ ယနေ့တွင်လည်း ဗုဒ္ဓ ဓာတ် ကမ္ဘာလွှမ်းခြုံ မြတ်စွာဘုရား ကြီး ပွင့်ထွန်းလာစေရေးတွင် အချိန် နှင့်မပြတ် အဓိပတိစိတ်တပ်၍ ရွက် ဆောင်နေပေသည်။ တကယ့်အာဇာ နည် ရဟန်းတစ်ပါးပါလားဟူ၍ ကြည်ညိုမိပါသည်။




တကယ်တမ်းတွင် ရှေးပုဂ္ဂိုလ် များကောင်းမှုဖြင့် တည်ထားပူဇော် ကိုးကွယ်ခဲ့ကြ၍သာ နှောင်းလူများ ဖူးမြော်ကြည်ညိုနိုင်ကြခြင်းပင်။ ရွှေတိဂုံဘုရားသို့ရောက်တိုင်း ထို စိတ်အတွေးဝင်မိပြီး တည်ထားကိုး ကွယ်ခဲ့ကြသူများ အဆက်ဆက်ကို ကျေးဇူးတင်မဆုံးဖြစ်ရပြီး လက် အုပ်ချီမိုး ကန်တော့ဖြစ်သည်။



တည်ထားမှုအစ ပထမမြင်ကွင်း

လောက၌ မန္တာတုစကြာမင်း ကြီးများသာ သုံးဆောင်ထိုက်သော မနောမယပတ္တမြားရတနာကြီးကို အချို့သောသူတို့သည် အညတြနေ ရာတစ်ခုတွင်တွေ့ပါမူ ထိုရတနာ ကြီး၏ မွန်မြတ်ထူးကဲလှစွာသော တန်ခိုးအာနိသင်ကို ထူးထူးချွန်ချွန် မသိသည်ဖြစ်၍ သာမညကျောက် ကြီးဟူ၍သာ ပြောပေလိမ့်မည်။ ထိုသူများမှာ နက်နက်နဲနဲ ထူးကဲ စူးစိုက်စွာ မကြည့်ရှုတတ်၍ မသိ သော်လည်း မနောမယရတနာကြီး ကို အမှန်အတိုင်းသိရှိသူတို့ကား မည်မျှလောက် အံ့သြဖွယ်ကောင်း လောက်အောင် ထူးကဲမွန်မြတ်လှ စွာသော အကျိုးကျေးဇူးအာနိသင်ရှိ ကြောင်း၊ နှစ်သက်မြတ်နိုးဖွယ် ကောင်းကြောင်း သဘောပေါက် ကာ ပြောကြားပေလိမ့်မည်သာဖြစ်




ယခုနေ့ထိပြီးမြောက်နေမှုအခြေအနေ



www.burmeseclassic.com

www.burmeseclassic.com




သည်။

ဤလောကတွင် ဘုရားတစ်ဆူပွင့်ရန် လွန်စွာမှခဲယဉ်းသည်။ ဘုရားဟူသောအသံကို ကြားရရုံမျှပင် လွန်စွာအကျိုးကျေးဇူးရှိ၍ ကြားရခဲပေသည်။ ထို့အတူ မြတ်စွာဘုရားရှင်၏ ဂုဏ်တော်ကျေးဇူးကိုမှန်းဆ၍ အမြတ်တနိုးပူဇော်သော မြတ်စွာဘုရားရှင်၏ ကိုယ်စားတော်ဓာတ်ရုပ်ပွားတော်၊ စေတီတော်တို့ကိုလည်း တကယ်တမ်းအရေးပါအရာရောက်သဒ္ဒါထက်စွာ ဖူးမြော်ကြည်ညိုတတ်ဖို့ရန်လည်း ခဲယဉ်းလှသည်။

ယနေ့မြန်မာနိုင်ငံတော်သည် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ စစ်မှန်သောသာသနာတော် ပွင့်ထွန်းတည်တံ့ စည်ပင်ဝေဆာပြန့်ပွားနေသောကြောင့်သာ ဖူးမြော်စရာများ၊ ကျင့်ပွားစရာများ ရှိနေခြင်းဖြစ်၏။ ရှေးပုဂ္ဂိုလ်တို့၏ ကျေးဇူးပြုခဲ့ပုံကို လေးနက်သောအသိတရားဖြင့် ဆင်ခြင်လျှင် ထင်ထင်ရှားရှား မြင်တွေ့သိရှိနိုင်ပေလိမ့်မည်။



ရန်ကုန်မြို့တွင်ရှိသော ရွှေတိဂုံစေတီတော်ကြီးကိုကြည့်ပါ။ ရွှေရောင်တွေတဝင်းဝင်း တလင်းလင်းဖြင့် ကြည်ညိုစရာကောင်းပါ၏။ ထို့ထက်ကား စေတီတော်ကြီးအတွင်း၌ ကိန်းဝပ်ကုန်သော ဓာတ်တော်၊ ဆံတော်များ၊ သရီရဓာတ်သဘောသဘာဝများမှာ အံ့ချီးထူးကဲလှပါသည်။ အကျိုးတောဖော်တန်ခိုးတော်၊ ဂုဏ်တော်များကိုသိပြီး ပူဇော်လျက် ကြည်ညိုသဒ္ဒါပွားပါက လက်ငင်းဒိဋ္ဌ စိတ်အေးချမ်းရသော ဒိဋ္ဌဓမ္မဝေဒနိယကံဖြစ်၍ နိဗ္ဗာန်ရောက်သည်တိုင်အောင် အကျိုးများနိုင်ပါသည်။



ဘုရားစေတီများတွင် ကျင့်ပွားအားထုတ်မိခြင်း၊ ရှိခိုးပူဇော်မိခြင်း၊ နောက်ဆုံးရောက်လာရုံသက်သက်မျှပင် အပူတွေ တဒင်္ဂငြိမ်း၍ စိတ်အေးချမ်းရခြင်း စသောအကျိုးကျေး



www.burmeseclassic.com

www.burmeseclassic.com

ဖူးမျှားစွာရခြင်းများ ရှိကြပေမည်။ ထို့ထက်မက တရားထူးများရ၍ ပေါက်မြောက်သူများပင် ရှိနိုင်ပေသည်။ စေတီ၊ ပုထိုး၊ ကျောင်း၊ ကန်၊ ဘုရားများသည် ဓာတ်ကောင်းများ ပေါင်းစုနေသော နေရာထူးဖြစ်လေရာ ကောင်းသောဓာတ်များ ကူးစက်နိုင်မှာ သာဖြစ်သည်။

မြတ်စွာဘုရားရှင်သည် စေတီ တည်ထားကိုးကွယ်သဖြင့် လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော အကျိုးကျေးဇူး ရနိုင်သော အကျိုးကိုပြ၍ မိန့်တော်မူ ခဲ့ခြင်းရှိသည်။ မဟာကပ္ပိလဇာတ်တွင် အလောင်းတော်မျောက်မင်း၏ အရိုးကို ပင် မျောက်၏ ဦးခေါင်းပုံသဏ္ဌာန် စေတီတည်ထားကိုးကွယ်ခြင်းဖြင့် ဂုဏ် ကျေးဇူးတော်ကို ပြတော်မူခဲ့ကြောင်း တွေ့ရသည်။

အချို့သောပုဂ္ဂိုလ်များက စေတီ၊ ဘုရား တည်ထားကိုးကွယ်မည့်အစား ငတ်နေသူတွေကို ထိုကုန်ကျမည့်ငွေဖြင့် ကျွေးမွေးစောင့်ရှောက်လျှင် ကောင်းမည်ဟူ၍ ပြောကြသည်။ ကံကိုပစ်ပယ်၍ ပြောခြင်းဖြစ်သည်၊ ရုပ်သဘောဆန်သည်။ ကွန်မြူနစ်ဆန်သည်။ သတ္တဝါများမှာ သူ့ကံနှင့်သူသာဖြစ်သည်။ ငတ်နေသူဆိုလျှင် လူမဆိုထားနှင့်၊ တိရစ္ဆာန်ကိုပင် ကျွေးသင့်သည်။ သို့သော် ဘုရားတည်ထားကိုးကွယ်ခြင်းနှင့် မဆိုင်။ ပညာလွန်ကွန့်ပြီး ပြောဆိုသော စကားများကို ဒီခေတ်လူငယ်တွေ အယူလွဲသွားမှာ စိုးရိမ်မိသည်။ ပုဂံနေပြည်တော်တွင် ယနေ့တိုင် ဖူးမြော်မဝသော ဘုရားစေတီများမှာ ရှေးခေတ်က တည်ထားခဲ့၍သာဖြစ်သည်။ ဘာသာ၊ သာသနာ၏အထွတ်ပြယုဂ်ဖြစ်ရုံမက အမျိုးဂုဏ်၊ ဇာတိဂုဏ်၏ ပြယုဂ်ကောင်းလည်း ဖြစ်ပေသည်။

ယနေ့ ရွှေတောင်မြို့ ရဟန္တာ(၈၀)

ရှေးဟောင်းမဟာသိမ်တော်ကြီး သာသနိကနယ်မြေအတွင်းတွင် မကြာမီ ပွင့်ထွန်းပေါ်ပေါက်လာတော့မည့် ဗုဒ္ဓဓာတ်ကမ္ဘာလွှမ်းခြုံ မြတ်စွာဘုရားကြီးသည်လည်း ဒီနေ့ခေတ်


လာရောက်ဖူးမြော်ပူဇော်ကန်တော့ကြသည့်ပရိသတ်တချို့


လာရောက်ဖူးမြော်ပူဇော်ကန်တော့ကြသည့်ပရိသတ်တချို့


လာရောက်ဖူးမြော်ပူဇော်ကန်တော့ကြသည့်ပရိသတ်တချို့



www.burmeseclassic.com

www.burmeseclassic.com

လူများအတွက်သာမက မျိုးဆက်သစ် အနာဂတ်လူများ အဘွက်ပါ လွန်စွာအကျိုးများမှာ ဖြစ်ပေသည်။

မှဲ့ရှင်ဆရာတော်ကြီး၏ သီလ၊ သမာဓိ၊ ပညာဂုဏ် ပေါင်းကို ခံယူပြီး (၇)ရက်သားသမီး အများကောင်းမှုဖြင့် တည်ထားခြင်းဖြစ်သည်။ သို့သော် ဆရာတော်ကြီးက အလှူ မခံပေ။ တပည့်ဝေနေယျတို့၏အားဖြင့်သာ တည်ထားခြင်း ဖြစ်သည်၊ အလှူထည့်ဝင်လိုသူ ပဋ္ဌာန်းဆက်များက ထည့် ဝင်လှူဒါန်းလိုပါက လက်ခံတော်မူပါသည်။ တကူးတက အလှူခံခြင်းကား လုံးဝပြုတော်မမူပါ။

ထို့ကြောင့် စာရေးသူက ဘဝဆက်၊ ပဋ္ဌာန်းဆက် ရှိကြသူများအား လာရောက်လှူဒါန်းလိုက သွားရောက်လှူ ဒါန်းနိုင်ကြစေရန်နှင့် ဆရာတော်ဘုရားကြီးအား ဖူးမြော် နိုင်ကြစေရန် ရည်သန်ရေးပြောလိုက်ရခြင်းဖြစ်ပါသည်။

သက်တော်ထင်ရှား ငါဘုရားအားလည်းကောင်း၊ ငါ ဘုရား၏ကိုယ်စား စေတီလေးပါးတို့အား မြတ်နိုးကော်ရော် ပူဇော်ရှိခိုးကြရာတွင် စေတနာတူမျှကြပါလျှင် တူမျှသော အကျိုးကိုပင်ပေး၏။ (အင်္ဂုတ္တိုရ်ပါဠိတော်)

ခေတ္တရာ-ဆရာကျော်


ရွှေတောင်မှဲ့ရှင်ဆရာတော်ကြီး ဦးခေမာစာရ
ရဟန္တာ(၈၀)ကျောင်းတိုက်



(ယောမြို့) ဆရာပြောင်၊ ဆရာအောင်၊ ဆရာထွန်းမင်းအောင်တို့၏ သားတပည့်

# ရှမ်းဆရာ ဦးစိုင်းငွေးလှိုင်

(ဝမ်းတွင်းမှော်စက်ရှင်)

လူအများ၏ ကောင်းကျိုးချမ်းသာအတွက် အံ့ဖွယ်နက်နဲသော ပညာရပ်များဖြင့်သာ ကူညီဆောင်ရွက်မည်။

စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး(အချစ်ရေး)၊ နိုင်ငံရပ်ခြားကိစ္စများနှင့် ဘာသာ၊ သာသနာရေး ကိစ္စရပ်များ၊ အိမ်မြေ၊ ခြံမြေ၊ တိုက်တာ၊ ကား ရောင်းဝယ်ခြင်းများ၊ အိမ်တွင်း/အိမ်ပြင် မည်သည့်ပယောဂနှင့်ယှဉ်သော အနှောင့်အယှက်၊ အတိုက်အခိုက်များမဆို ရက်ပိုင်းအတွင်း တိကျမှန်ကန် မြန်ဆန်အောင်မြင်စွာ ဖြေရှင်းဆောင်ရွက်ပေးပါသည်။

**ဆရာနှင့်တွေ့ချိန် – နေ့စဉ် (တနင်္လာနေ့မှအပ)**

**နံနက်(၉)နာရီ မှ ညနေ(၄)နာရီ အထိ**

အမှတ်–၄၀၇၊ လှော်ကားလမ်းမကြီး (ဘုန်းကြီးကျောင်းကွေ့ကားမှတ်တိုင်ရှေ့)၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်။ ☎ ၀၉ ၇၃၀ ၇၂၉၇၀




www.burmeseclassic.com

www.burmeseclassic.com

တွန်းအားရှင်

# မျက်ရည်မိုးများ သွန်းဖြိုးရွာခဲ့ရာ

# ကုသိနာရုံ အင်ကြွင်းရဝံ

ဗုဒ္ဓဘာသာဝင်တိုင်းသည် မြတ်စွာဘုရားပွင့်တော်မူရာ ဗုဒ္ဓဂယာမြေမြတ်မဟာသို့ ဘုရားဖူးသွားချင်ကြသည်။ စာရေးသူမှာလည်း ဝန်ထမ်းဘဝကပင် ဗုဒ္ဓဂယာသို့ ဘုရားဖူးသွားချင်သော သဒ္ဓါတရား ကိန်းအောင်းနေခဲ့ပါသည်။ သို့ရာတွင် အလုပ်က မအားသည့်အပြင် အခြားသော အကြောင်း အကျိုးမညီညွတ်မှုများကြောင့် မသွားဖြစ်ခဲ့ပါ။ စိတ်ကူးယဉ်အိပ်မက်သာ ဖြစ်ခဲ့ရသည်။ အသက်ခြောက်ဆယ်ပြည့်၍ ပင်စင်သွား၊ အနားယူပြီးမှသာလျှင် အနှစ်နှစ်အလလကပင် သွားချင်နေခဲ့သော ဗုဒ္ဓဂယာမြေမြတ်မဟာသို့ ဘုရားဖူးသွားဖြစ်ခဲ့သည်။

ဒါနဗုဒ္ဓဂယာဘုရားဖူးအကျိုးဆောင်အဖွဲ့၏ အစီအစဉ်ဖြင့် (၂၀၁၁)ခုနှစ်၊ ဧပြီလ (၂)ရက်နေ့တွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ မင်္ဂလာဒုံလေဆိပ်မှ မြန်မာ့လေကြောင်းဖြင့် နံနက်(၉)နာရီခွဲတွင် ထွက်ခွာသည်။ (၁၁)နာရီခွဲတွင် အိန္ဒိယနိုင်ငံ၊ ဗီဟာပြည်နယ် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေယာဉ်ဆိုက်ရောက်ခဲ့သည်။ မိမိတို့ဘုရားဖူးအဖွဲ့တွင် မြန်မာနိုင်ငံတစ်နံတစ်လျားမှ ရဟန်းသံဃာများ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်ယောက်ျားမိန်းမ အသက်အရွယ်မျိုးစုံ၊ လူတန်းစားအလွှာမျိုးစုံ စုစုပေါင်း ဘုရားဖူးခရီးသည်(၇၈)ဦးပါဝင်သည်။

ဂယာလေဆိပ်တွင် ဒါနဘုရားဖူးအကျိုးဆောင်လုပ်ငန်းမှ အသင့်လာကြိုနေသော ကားကြီးနှစ်စီးတွင် မျှပြီး တက်ကြသည်။ တည်းခိုမည့်နေရာ မြန်မာဘုန်းကြီးကျောင်းမှာ လေဆိပ်နှင့်နီးသဖြင့် ကားမှာ ခဏလေးမောင်းရုံနှင့်ပင် ရောက်ရှိသည်။ ဘုရားဖူးများမှာ မြန်မာဘုန်းကြီးကျောင်းတွင် နေရာထိုင်ခင်းများယူကြပြီး နေ့လယ်စာစားကာ ခဏနားကြသည်။ ညနေ(၃)နာရီခန့်တွင် ဗုဒ္ဓဂယာရှိ မြတ်စွာဘုရား သဗ္ဗညုတဉာဏ်တော်ကို ရတော်မူခဲ့ရာ မဟာဗောဓိမဏ္ဍိုင်သို့ ဘုရားဖူးရန် ကားကြီးနှစ်စီးဖြင့် သွားကြသည်။

နွေကာလအခါသမယ ဧပြီလ၏ ဂယာရာသီဥတုမှာ နေ့အပူချိန်က ချစ်ချစ်တောက်ပူနေသော်လည်း တငြိမ့်ငြိမ့် တသိမ့်သိမ့် တိုက်ခတ်လာသော လေပြည်လေညင်းတို့ကြောင့် မဟာဗောဓိစေတီတော်ကြီး၏ထီးတော်မှ လှုပ်ရှားတိုက်ခတ်လာသော ဆည်းလည်းသံများမှာ ဓမ္မတေးသံစဉ်အလား နားဝင်ချိုကာ ရင်ထဲက အပူကို အေးမြသွားစေပါသည်။ သံဝေဇနီယလေးဌာနတွင် တစ်ခုအပါအဝင်ဖြစ်သော မြတ်စွာဘုရားပွင့်တော်မူရာ ဤနေရာ ဤဒေသသို့ သွားရောက်ကာ မဟာဗောဓိစေတီတော်ကြီးနှင့် သတ္တသတ္တာဟ (၇)ဌာနတို့ကို ဖူးတွေ့ရသည့်အခါ မြတ်စွာဘုရား သက်ရှိထင်ရှားအချိန်တွင် ဖူးတွေ့ရသလို ခံစားကြရသည်။ ဝမ်းသာလွန်း၍ မျက်ရည်ပင် စို့ခဲ့ကြရသည်။

မိမိတို့ဘုရားဖူးအဖွဲ့အနေဖြင့် ရန်ကုန်မြို့မှ အသင့်ယူဆောင်လာသော ရွှေကြာသင်္ကန်းများကို မဟာဗောဓိပင်တွင် ကပ်လှူပူဇော်ကြသည်။ ထို့နောက် မဟာဗောဓိပင်အောက်တွင်ထိုင်ကာ ငါးပါးသီလဆောက်တည်ခြင်း၊ (၂၄)ပစ္စည်းပဋ္ဌာန်းများ ရွတ်ဖတ်ပူဇော်ခြင်း၊ မေတ္တာဘာဝနာပွားများခြင်းနှင့် တရားရှုမှတ်ခြင်း ပြုလုပ်ကြသည်။ ပြုပြုသမျှသော ကုသိုလ်ကောင်းမှုတို့ကို အမျှအတန်းပေးဝေကြသည်။ ပြီးလျှင် မိမိတို့နှင့်အတူလိုက်ပါလာသော ဗုဒ္ဓဂယာမြန်မာဘုန်းကြီးကျောင်းတိုက်မှ ဆရာတော်ဦးကောသလ္လက ဗုဒ္ဓဂယာရှိ သတ္တသတ္တာဟ(၇)ဌာနများကို တစ်ခုချင်းလိုက်လံရှင်းပြရာ မိမိတို့က ဖူးမြော်ကြည်ညိုကြသည်။

ဧပြီလ (၃)ရက်နေ့တွင် ဗုဒ္ဓဂယာမြန်မာဘုန်းကြီးကျောင်းတွင် နံနက်စာစားသောက်ကြပြီး မြတ်စွာဘုရား ဒုက္ကရစရိယာကျင့်တော်မူခဲ့ရာ ဥရုဝေလတောသို့ ဘုရားဖူးခရီးဆက်ကြသည်။ ဥရုဝေလတော(တောင်)မှာ မြင့်သဖြင့် အသက်အရွယ်ကြီးသူတချို့နှင့် ကျန်းမာရေးမကောင်းသူတချို့မှာ အထမ်းသမားများနှင့် တက်ကြရသည်။ ထို့နောက် နေရဉ္စရာမြစ်တစ်ဖက်ကမ်း သေနနိဂုံးရွာရှိ သုဇာတာနေအိမ်၊ သုဇာတာဃနာနို့ဆွမ်းကပ်သည့်နေရာ၊ ရွှေခွက်မျှောသည့်နေရာ၊ မြက်ရှစ်ဆုပ်လှူသည့်နေရာများသို့ သွားရောက်



www.burmeseclassic.com

www.burmeseclassic.com

မျက်ရည်မိုးများ သွန်းဖြိုးရွာခဲ့ရာ

တွန်းအားရှင်

# ကုသိနာရုံ အင်ကြင်းရုံ

ဗုဒ္ဓဘာသာဝင်တိုင်းသည် မြတ်စွာဘုရားပွင့်တော်မူရာ ဗုဒ္ဓဂယာမြေမြတ်မဟာသို့ ဘုရားဖူးသွားချင်ကြသည်။ စာရေးသူမှာလည်း ဝန်ထမ်းဘဝကပင် ဗုဒ္ဓဂယာသို့ ဘုရားဖူးသွားချင်သော သဒ္ဓါတရား ကိန်းအောင်းနေခဲ့ပါသည်။ သို့ရာတွင် အလုပ်က မအားသည့်အပြင် အခြားသော အကြောင်း အကျိုးမညီညွတ်မှုများကြောင့် မသွားဖြစ်ခဲ့ပါ။ စိတ်ကူးယဉ်အိပ်မက်သာ ဖြစ်ခဲ့ရသည်။ အသက်ခြောက်ဆယ်ပြည့်၍ ပင်စင်သွား၊ အနားယူပြီးမှသာလျှင် အနှစ်နှစ်အလလကပင် သွားချင်နေခဲ့သော ဗုဒ္ဓဂယာမြေမြတ်မဟာသို့ ဘုရားဖူးသွားဖြစ်ခဲ့သည်။

ဒါနဗုဒ္ဓဂယာဘုရားဖူးအကျိုးဆောင်အဖွဲ့၏ အစီအစဉ်ဖြင့် (၂၀၁၁)ခုနှစ်၊ ဧပြီလ (၂)ရက်နေ့တွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ မင်္ဂလာဒုံလေဆိပ်မှ မြန်မာ့လေကြောင်းဖြင့် နံနက်(၉)နာရီခွဲတွင် ထွက်ခွာသည်။ (၁၁)နာရီခွဲတွင် အိန္ဒိယနိုင်ငံ၊ ဗီဟာပြည်နယ် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေယာဉ်ဆိုက်ရောက်ခဲ့သည်။ မိမိတို့ဘုရားဖူးအဖွဲ့တွင် မြန်မာနိုင်ငံတစ်နံတစ်လျားမှ ရဟန်းသံဃာများ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်ယောက်ျားမိန်းမ အသက်အရွယ်မျိုးစုံ၊ လူတန်းစားအလွှာမျိုးစုံ စုစုပေါင်း ဘုရားဖူးဓမ္မခရီးသည်(၇၈)ဦးပါဝင်သည်။

ဂယာလေဆိပ်တွင် ဒါနဘုရားဖူးအကျိုးဆောင်လုပ်ငန်းမှ အသင့်လာကြိုနေသော ကားကြီးနှစ်စီးတွင် မှျပြီး တက်ကြသည်။ တည်းခိုမည့်နေရာ မြန်မာဘုန်းကြီးကျောင်းမှာ လေဆိပ်နှင့်နီးသဖြင့် ကားမှာ ခဏလေးမောင်းရုံနှင့်ပင်ရောက်ရှိသည်။ ဘုရားဖူးများမှာ မြန်မာဘုန်းကြီးကျောင်းတွင် နေရာထိုင်ခင်းများယူကြပြီး နေ့လယ်စာစားကာ ခဏနားကြသည်။ ညနေ(၃)နာရီခန့်တွင် ဗုဒ္ဓဂယာရှိ မြတ်စွာဘုရား သဗ္ဗညုတရွှေဉာဏ်တော်ကို ရတော်မူခဲ့ရာ မဟာဗောဓိမဏ္ဍိုင်သို့ ဘုရားဖူးရန် ကားကြီးနှစ်စီးဖြင့် သွားကြသည်။

နွေကာလအခါသမယ ဧပြီလ၏ ဂယာရာသီဥတုမှာ နေ့အပူချိန်က ချစ်ချစ်တောက်ပူနေသော်လည်း တငြိမ့်ငြိမ့် တသိမ့်သိမ့် တိုက်ခတ်လာသော လေပြည်လေညင်းတို့ကြောင့် မဟာဗောဓိစေတီတော်ကြီး၏ထီးတော်မှ လှုပ်ရှားတိုက်ခတ်လာသော ဆည်းလည်းသံများမှာ ဓမ္မတေးသံစဉ်အလား နားဝင်ချိုကာ ရင်ထဲက အပူကို အေးမြသွားစေပါသည်။ သံဝေဇနီယလေးဌာနတွင် တစ်ခုအပါအဝင်ဖြစ်သော မြတ်စွာဘုရားပွင့်တော်မူရာ ဤနေရာ ဤဒေသသို့ သွားရောက်ကာ မဟာဗောဓိစေတီတော်ကြီးနှင့် သတ္တသတ္တာဟ (၇)ဌာနတို့ကို ဖူးတွေ့ရသည့်အခါ မြတ်စွာဘုရား သက်ရှိထင်ရှားအချိန်တွင် ဖူးတွေ့ရသလို ခံစားကြရသည်။ ဝမ်းသာလွန်းလို့ မျက်ရည်ပင် စို့ခဲ့ကြရသည်။

မိမိတို့ဘုရားဖူးအဖွဲ့အနေဖြင့် ရန်ကုန်မြို့မှ အသင့်ယူဆောင်လာသော ရွှေကြာသင်္ကန်းများကို မဟာဗောဓိပင်တွင် ကပ်လှူပူဇော်ကြသည်။ ထို့နောက် မဟာဗောဓိပင်အောက်တွင်ထိုင်ကာ ငါးပါးသီလဆောက်တည်ခြင်း၊ (၂၄)ပစ္စည်းပဋ္ဌာန်းများ ရွတ်ဖတ်ပူဇော်ခြင်း၊ မေတ္တာဘာဝနာပွားများခြင်းနှင့် တရားရှုမှတ်ခြင်း ပြုလုပ်ကြသည်။ ပြုပြုသမျှသော ကုသိုလ်ကောင်းမှုတို့ကို အမျှအတန်းပေးဝေကြသည်။ ပြီးလျှင် မိမိတို့နှင့်အတူလိုက်ပါလာသော ဗုဒ္ဓဂယာမြန်မာဘုန်းကြီးကျောင်းတိုက်မှ ဆရာတော်ဦးကောသလ္လက ဗုဒ္ဓဂယာရှိ သတ္တသတ္တာဟ(၇)ဌာနများကို တစ်ခုချင်းလိုက်လံရှင်းပြရာ မိမိတို့က ဖူးမြော်ကြည်ညိုကြသည်။

ဧပြီလ (၃)ရက်နေ့တွင် ဗုဒ္ဓဂယာမြန်မာဘုန်းကြီးကျောင်းတွင် နံနက်စာစားသောက်ကြပြီး မြတ်စွာဘုရား ဒုက္ကရစရိယာကျင့်တော်မူခဲ့ရာ ဥရုဝေလတောသို့ ဘုရားဖူးခရီးဆက်ကြသည်။ ဥရုဝေလတော(တောင်)မှာ မြင့်သဖြင့် အသက်အရွယ်ကြီးသူတချို့နှင့် ကျန်းမာရေးမကောင်းသူတချို့မှာ အထမ်းသမားများနှင့် တက်ကြရသည်။ ထို့နောက် နေရဉ္ဇရာမြစ်တစ်ဖက်ကမ်း သေနနိဂုံးရွာရှိ သုဇာတာနေအိမ်၊ သုဇာတာဃနာနို့ဆွမ်းကပ်သည့်နေရာ၊ ရွှေခွက်မျှောသည့်နေရာ၊ မြက်ရှစ်ဆုပ်လှူသည့်နေရာများသို့ သွားရောက်



www.burmeseclassic.com

www.burmeseclassic.com


ဖူးမြော်ကြပြီး နံနက်(၁၁)နာရီတွင် ပြန်လာခဲ့ကြသည်။

ဧပြီလ(၄)ရက် နံနက်ပိုင်းတွင် ဘုန်းကြီးကျောင်းတွင် နံနက်စာစားကြပြီး ကားကြီးနှစ်စီးဖြင့် အဖွဲ့နှစ်ဖွဲ့ခွဲကာ ရာဇဂြိုဟ်သို့ ဘုရားဖူးခရီးဆက်ခဲ့ကြသည်။ ထို့နောက် ရာဇဂြိုဟ်မှ ပတ္တနား၊ ဝေသာလီ တစ်မြို့ဝင်၊တစ်မြို့ထွက် တစ်ညနား နောက်တစ်နေ့သွားဖြင့် အားသည်မရှိ။ ဧပြီလ (၆) ရက်နေ့ နေ့လယ်စာစားပြီး ဝေသာလီမှ ခရီးဆက်ကြသည်။ ညနေ(၃)နာရီခန့်တွင် ကုသိနာရုံသို့ရောက်ရှိကာ မြန်မာဘုန်းကြီးကျောင်းတွင် တည်းခိုကြသည်။ ကုသိနာရုံမြန်မာဘုန်းကြီးကျောင်းမှာ ဘုရားရှင် ပရိနိဗ္ဗာန်ပြုရာပရိဝုဏ်နှင့် စည်းရိုးလေးတစ်ခုသာခြားသည်။ ည(၈)နာရီတွင် ကုသိနာရုံဆရာတော် အရှင်ဉာဏိသရအား ဝတ္ထုငွေနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ပူဇော်ကန်တော့ကြပြီး ညနေစာစား တစ်ညနားကြသည်။

ကုသိနာရုံသည် မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုခဲ့ရာ ဘူမိနက်သန်မြေဖြစ်သည်။ မြတ်စွာဘုရားသည် လေးဆယ့်ငါးဝါကာလပတ်လုံး ကျွတ်ထိုက်သော ဝေနေယျသတ္တဝါတို့ကို တရားရေအေး အမြိုက်ဆေးတိုက်ကျွေးတော်မူ၍ ပရိနိဗ္ဗာန်ပြုရန် ကုသိနာရုံသို့ ကြွတော်မူလာသည်။ မဟာသက္ကရာဇ် (၁၄၈)ခုနှစ်၊ ကဆုန်လပြည့် အဖိတ်နေ့ညနေတွင် ကုသိနာရုံမြို့၏အရှေ့ဘက် ခြောက်မိုင်ခန့်အကွာ ပါဝါမြို့သို့ ရောက်တော်မူ၏။

ပါဝါမြို့တွင် စုန္ဒအမည်ရှိ ရွှေပန်းထိမ်သည်၏ သရက်ဥယျာဉ်၌ တစ်ညခန့် ကွန်းခိုနားနေတော်မူ၏။ စုန္ဒသူကြွယ်သည် မြတ်စွာဘုရားအားဖူးမြော်၍ ဘုရားအမှူးပြုသော သံဃာတော်တို့အား နောက်နေ့အတွက် ဆွမ်းဘုဉ်းပေးရန် ပင့်၏။ စုန္ဒသည် မြတ်စွာဘုရားအား ဆွမ်းကပ်ရန် ညဉ်းကပင် အလွန်နူးညံ့သော ဝက်ပျို့သားဟင်းကို စီမံထား၏။ နံနက်မိုးသောက်သောအခါ ကဆုန်လပြည့်နေ့တွင် မြတ်စွာဘုရားနှင့်တကွ သံဃာတော်များကို ဆွမ်းဘုဉ်းပေးပင့်၏။ မြတ်စွာဘုရားရှင်သည် ဝက်ပျို့သားဟင်းကို ရဟန်းသံဃာတော်များအား မကပ်စေရ။ အခြားဆွမ်းဟင်းများကိုသာ ကပ်လှူစေ၏။

မြတ်စွာဘုရားဘုဉ်းပေး၍ ပိုလျှံသော ဝက်ပျို့သားဟင်းကို မည်သူမျှစားခွင့်မပြုဘဲ ကျင်းတူး၍ မြှုပ်စေ၏။ အကြောင်းမူ ထိုဝက်ပျို့သားဟင်းကို နတ်၊ ဗြဟ္မာတို့ နတ်သြဇာစုပေါင်းထည့်ထားသဖြင့် မြတ်စွာဘုရားမှတစ်ပါး အခြားမည်သည့်သတ္တဝါမျှ အစာကြေညက်စေနိုင်မည်


ကုသိနာရုံ အင်ကြင်းရုံတွင် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူဟန် ရုပ်ပွားတော်မြတ်ကို ဖူးမြော်ကြစဉ်



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်သောကြောင့်ပင်တည်း။

ဆွမ်းဘုဉ်းပေးပြီးနောက် စုန္ဒအား တရားဟောကြားတော်မူ၍ ကုသိနာရုံပြည်သို့ ကြွချီတော်မူ၏။ မကြာခင်ပင် မြတ်စွာဘုရားသည် ဝမ်းတော်လား၍ ဝမ်းသွေးသွန်တော်မူ၏။ လမ်းခရီးတွင် တစ်ခုသောချောင်းငယ်အနီးသို့ ရောက်သောအခါ သစ်ပင်တစ်ပင်အရင်း၌ နှစ်ထပ်သင်္ကန်းကြီးကို လေးခေါက်ခေါက်ခိုင်းစေ၍ ထိုင်တော်မူ၏။ အရှင်အာနန္ဒာကို ချောင်းငယ်သို့သွား၍ သောက်ရေခပ်စေရာ ချောင်းငယ်ကို လှည်းအစီးငါးရာ ဖြတ်မောင်းသွားသည်မှာ မကြာသေးသဖြင့် ရေများနောက်နေကြောင်း၊ ရှေ့မလှမ်းမကမ်းတွင် ကကုဓာမြစ်ရှိ၍ ထိုမြစ်သို့ရောက်မှ ရေကြည်တော်သုံးပါရန် အရှင်အာနန္ဒာက ပြန်လည်လျှောက်ထား၏။

သုံးကြိမ်တိုင်တိုင် ထပ်မံခိုင်းတော်မူသဖြင့် အရှင်အာနန္ဒာသည် ချောင်းငယ်အတွင်းသို့ဆင်း၍ ရေခပ်ရာ ချောင်းငယ်ရေသည် နောက်ကျုနေရာမှ အလိုအလျောက်ကြည်လင်သွား၏။ အရှင်အာနန္ဒာသည် အံ့သြဝမ်းသာခြင်းဖြင့် ရေခပ်၍ မြတ်စွာဘုရားအား ရေကြည်တော်ဆက်ကပ်၏။ မြတ်စွာဘုရားသည် ရေကြည်တော်သုံးဆောင်ပြီးနောက် သစ်ပင်ရင်း၌ နားနေတော်မူစဉ် မလ္လာမင်းသား ပက္ကုသရောက်လာ၍ တရားဟောတော်မူ၏။ ပက္ကုသမင်းသားသည် မြတ်စွာဘုရားရှင်အား ရွှေအဆင်းရှိသော အဝတ်တစ်စုံ ဆက်ကပ်လှူဒါန်းလေသည်။

ထို့နောက် မြတ်စွာဘုရားရှင်သည် ကကုဓာမြစ်သို့ ခရီးဆက်လက်ကြွတော်မူ၏။ ကကုဓာမြစ်သို့ ရောက်သောအခါ မြတ်စွာဘုရားရှင်သည် ရဟန်းသံဃာတို့နှင့်အတူတကွ မြစ်အတွင်းသက်ဆင်း၍ ရေသပ္ပာယ် ရေချိုးတော်မူသည်။ ထို့နောက် အနီးရှိဥယျာဉ်အတွင်း၌ ခေတ္တလဲလျောင်းနေတော်မူ၏။ ထိုအချိန်တွင် စုန္ဒသူကြွယ်၏ ဆွမ်းအကျိုးအာနိသင်ကို ဟောကြားတော်မူ၏။ စုန္ဒသူကြွယ်ကပ်လှူသော ဆွမ်းမှာ မြတ်စွာဘုရားရှင်အတွက် နောက်ဆုံးပင်ဖြစ်လေသည်။ ဘုရားဖြစ်တော်မူသောနေ့၌ ကပ်လှူသော သုဇာတာသူဌေးသမီး၏ ပထမဦးဆုံးဆွမ်းနှင့် ပရိနိဗ္ဗာန်စံတော်မူသည့်နေ့၌ ကပ်လှူသော စုန္ဒသူကြွယ်၏ နောက်ဆုံးဆွမ်းသည် တူမျှသောတန်ခိုးအာနိသင်ရှိသည်။

သုဇာတာ၏ဆွမ်းကို ဘုဉ်းပေးပြီးနောက် အမြတ်ဆုံးသဗ္ဗညုတဉာဏ်တော်ကို ရတော်မူ၏။ စုန္ဒ၏ဆွမ်းကို ဘုဉ်းပေးပြီးနောက် ပရိနိဗ္ဗာန်စံဝင်တော်မူ၏။ ဆွမ်းလှူသူနှစ်ဦးမှာ တူမျှသောကုသိုလ်၊ တူမျှသောအကျိုးကို ရကြသည်။ သုဇာတာကပ်လှူသောဆွမ်းကို ဘုဉ်းပေးပြီးနောက် မြတ်စွာဘုရားရှင်သည် (၄၉)ရက်ကိုတိ နောက်ထပ်ဆွမ်းဘုဉ်းမပေးဘဲ နေတော်မူခဲ့သည်။ ယခု စုန္ဒသူကြွယ်ကပ်လှူသောဆွမ်းကို ဘုဉ်းပေးရသောကြောင့်သာ မြတ်စွာဘုရားရှင်သည် ကုသိနာရုံပြည်သို့ (၆)မိုင်ခရီးကို ကြွတော်မူနိုင်ခြင်းဖြစ်သည်။

ဝမ်းတော်လားရခြင်းမှာ စုန္ဒ၏ဝက်ပျို့သားဆွမ်းကြောင့် မဟုတ်ချေ။ ဘုရားအလောင်းတော် နုစဉ်အခါ ဆေးသမားဘဝ၌ ဆေးဖိုးဝါးခမပေးလိုသော သူဌေးသားတစ်ဦးကို ဝမ်းလားဆေး တိုက်ကျွေးခဲ့ဖူးသည်။ ထိုအကုသိုလ်ကံအကြွင်းအကျန်က နောက်ဆုံးဘဝတွင် အကျိုးပေး၍ ဝဋ်တော်ဆိုက်ခြင်းဖြစ်လေသည်။ စုန္ဒ၏ဆွမ်းကို ဘုဉ်းမပေးခဲ့လျှင်လည်း ထိုအချိန်ကျလျှင် ဝမ်းတော်လားရမည်ဖြစ်သည်။ ထိုအခါ အင်အားကုန်ခန်းအားပြတ်သွားနိုင်သည်။ ယခုမူ စုန္ဒ၏ဆွမ်းကြောင့် ကုသိနာရုံအရောက် ကြွတော်မူနိုင်ခဲ့သည်။ မြတ်စွာဘုရားသည် ပါဝါနှင့် ကုသိနာရုံအကြား (၂၅)ကြိမ်ရပ်နားတော်မူခဲ့ရ၏။

ထို့နောက် ခရီးဆက်လက်



မဟာဗောဓိမဏ္ဍိုင်တွင် စာရေးသူနှင့်အဖွဲ့တို့ ရေချမ်းတစ်ထောင်၊ ပန်းတစ်ထောင် ကပ်လှူပူဇော်ကြစဉ်



www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား တေဇောဓာတ်လောင်ကျွမ်းခဲ့သည့်နေရာ၌ တည်ထားခဲ့သော
အင်္ဂါရစေတီကို စာရေးသူတို့အဖွဲ့ ဖူးမြော်အပြီး တွေ့ရစဉ်

ကြွချီတော်မူရာ ဟိရညဝတီမြစ်ကို ဖြတ်ကူးတော်မူ၏။ ကုသိနာရုံမြို့ အဝင်လမ်းကွေ့ရှိ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်သို့ ရောက်တော်မူ၏။ ထိုဥယျာဉ်၌ အင်ကြင်းပင်ပျို နှစ်စုံ၏အကြားတွင် ညောင်စောင်းတော်ကို မြောက်အရပ်သို့ ဦးခေါင်းလှည့်ကာ နေရာခင်းစေ၏။ မြတ်စွာဘုရားရှင်သည် ညောင်စောင်းပေါ်၌ လက်ယာနံတောင်းဖြင့် လဲလျောင်းတော်မူ၏။ ထိုအခါ ခေါင်းရင်းနှင့် ခြေရင်းရှိ အင်ကြင်းပင်ပျို အစုံတို့သည် အခါမဲ့ပွင့်သောပန်းတို့ဖြင့် ပင်လုံးကျွတ်ပွင့်ကုန်၍ မြတ်စွာဘုရားရှင်ကိုယ်တော်ထက်သို့ ပန်းပွင့်များ မပြတ်မစဲ ကြဲဖြန့်လေ၏။

မန္ဒာရဝမည်သော နတ်ပန်းတို့သည်လည်း ကောင်းကင်မှ ကျလာကုန်၏။ နတ်ပြည်၌ဖြစ်သော စန္ဒကူးနံ့သာမှုန့်တို့သည်လည်း ကောင်းကင်မှ ကျလာကုန်၏။ နတ်တို့သည် မြတ်စွာဘုရားရှင်အား နတ်ပန်းနံ့သာတို့ဖြင့်ပူဇော်၍ နတ်သီချင်း၊ နတ်တူရိယာတို့ကို သီဆိုတီးမှုတ်ကြကုန်၏။ အချို့သောနတ်တို့သည် ကောင်းကင်ယံ၌ လူးလှိမ့်ငိုကြွေးလျက် နေကြကုန်၏။ မြတ်စွာဘုရားရှင်သည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန်စံတော်မူလိမ့်မည်တကား။ လောက၌ မျက်စိအလင်းသည် အလွန်လျင်မြန်စွာ ကွယ်ပလိမ့်မည်တကား ဟုဆို၍ ဆံပင်ကိုဖြန့်၊ လက်မောင်းကိုမြှောက်ပြီး ငိုကြွေးကြကုန်၏။ ပစ်လှဲ၍ လူးလှိမ့်ငိုကြွေးကြကုန်၏။

အရှင်အာနန္ဒာသည် မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကမူ ဝါကျွတ်သောအခါ ဘုရားဖူးရောက်လာကြကုန်သော ရဟန်းကောင်း,ရဟန်းမြတ်တို့ကို ဆည်းကပ်ဖူးမြော်ခွင့်ရခဲ့ပါ၏။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသောအခါ ဘုရားဖူးရဟန်းတော်များ လာရောက်ကြတော့မည် မဟုတ်သဖြင့် အဘယ်နေရာ၊ အဘယ်ဌာန၌ ရဟန်းကောင်း,ရဟန်းမြတ်တို့ကို ဆည်းကပ်ဖူးမြော်ခွင့်ရနိုင်ပါမည်နည်း။ ဖူးမြော်ခွင့်ရနိုင်တော့မည် မဟုတ်ပါဘုရားဟု လျှောက်ထား၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် အရှင်အာနန္ဒာအား ငါဘုရား ပရိနိဗ္ဗာန်စံတော်မူသည့်နောက်၌ အောက်ဖော်ပြပါ လေးဌာနသို့ ရဟန်းယောက်ျား၊ ရဟန်းမိန်းမ၊ ဥပါသကာ ဒါယကာများနှင့် ဥပါသိကာဒါယိကာမများ ဘုရားဖူးလာရောက်ကြမည့်အကြောင်း ဟောကြားတော်မူခဲ့၏။

"ချစ်သားအာနန္ဒာ..ရတနာသုံးပါး၌ ကြည်ညိုသော အမျိုးကောင်းသားတစ်ဦးအတွက် သွားရောက်ဖူးမြော် သံဝေဂယူသင့်သောဌာန(၄)ဌာန ရှိကုန်၏။

ထိုဌာနလေးပါးတို့မှာ-

(၁) မြတ်စွာဘုရားဖွားတော်မူရာ လုမ္ဗိနီသာမော အင်ကြင်းတော၊

(၂) သဗ္ဗညုတဉ္ဉာဏ်တော်ကို ရတော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူရာ ဗုဒ္ဓဂယာမဟာဗောဓိမဏ္ဍိုင်။

(၃) ပဉ္စဝဂ္ဂီငါးဦးတို့အား မြတ်စွာဘုရား တရားဦးဓမ္မစကြာ ဟောမြွက်ရာ မိဂဒါဝုန်၊

(၄) မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူရာ မလ္လာမင်းတို့၏ ကုသိနာရုံ အင်ကြင်းရဂုံ စသောဌာနများပေတည်း။

အထက်ပါလေးဌာနသို့ ဘုရားဖူးလာကြသူများမှာ ဘုရားဖူးလှည့်လည်မှုကိုပြု၍ ကြည်ညိုစိတ်ဖြင့် သေလွန်ခဲ့လျှင် နတ်ရွာသုဂတိသို့ ရောက်ကြမည်"ဟု မြတ်စွာဘုရား ဟောတော်မူ၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူတော့မည်ကို ဆင်ခြင်စဉ်းစားမိသော အရှင်အာနန္ဒာသည် တွေးမိတိုင်း ဝမ်းနည်းကြေကွဲလျက် စိတ်မထိန်းနိုင် ဖြစ်လာသည်။ ရင်တွင်း၌ ကတုန်ကယင်ဖြစ်လာပြီး သောကမီးဆူဝေလာသည်။ မျက်ရည်များရစ်ဝဲလာ၍ ဖိုလှိုက်,ဖိုလှိုက်ဖြစ်လာသည်။ ကြေ



www.burmeseclassic.com

www.burmeseclassic.com

လျှင် ငိုရှိုက်သံထွက်လာတော့မည်။ ငိုရှိုက်သံကို မြတ်စွာဘုရားကြားသွားပါက အလွန်မသင့်လျော်။ ဆက်လက်ပြီး ဟန်ဆောင်ထိန်းချုပ်မျိုသိပ်နေရန်လည်း မတတ်နိုင်။ တစ်နေရာ လွတ်ရာကျွတ်ရာသွား၍ အားရပါးရငိုချလိုက်ရပါလျှင် သက်သာလိမ့်မည်ထင်သည်။ ထို့ကြောင့် အရှင်အာနန္ဒာသည် မြတ်စွာဘုရားအနားမှာ နေရာမှ ကျောင်းခန်းအတွင်းသို့ ဝင်သွားသည်။ ကျောင်းခန်းအတွင်း တံခါးတိုင်ကိုမှီပြီး အသံထွက်ငိုကြွေးလိုက်သည်။

မြတ်စွာဘုရားရှင်သာ ဆက်လက်ရှိနေပါက ငါ့အား ဆက်လက်နည်းပေးလမ်းညွှန်မှု ပြုပေလိမ့်မည်။ ယခုမူ မကြာခင် မြတ်စွာဘုရား- ပရိနိဗ္ဗာန်စံတော့မည်။ ငါကား ရဟန္တာမဖြစ်သေး။ ရဟန္တာဖြစ်အောင် ဆက်လက်အားထုတ်ရဦးမှာပါတကား။

ထိုအကြောင်းကို မြတ်စွာဘုရား သိတော်မူသဖြင့် အရှင်အာနန္ဒာကို ခေါ်တော်မူ၍ သောကငြိမ်းရန် သင်္ခါရတရားတို့၏ ပြိုကွဲပျက်စီးခြင်းသဘောကို ဆင်ခြင်ရန် တရားဟောတော်မူသည်။

ထို့နောက် အရှင်အာနန္ဒာသည် မြတ်စွာဘုရားရှင်၏ အမိန့်တော်အရ ကုသိနာရုံမြို့တွင်းသို့ဝင်၍ မလ္လာမင်းတို့၏ အစည်းအဝေးသို့ ကြွရောက်တော်မူပြီး ယနေ့ည သန်းလွဲပစ္ဆိမယာမ်၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူတော့မည်ဖြစ်ကြောင်းနှင့် နောက်ဆုံးဖူးမြော်ခြင်းအဖြစ် လာရောက်ဖူးမြော်ကြရန် ပြောကြားလေသည်။ ထိုစကားကို ကြား၍ မင်း၊ မိဖုရား၊ မင်းသား၊ မင်းသမီးများသည် ဆံပင်ဖြန့်ကြဲ ငိုပွဲဆင်ကြကုန်၏။ ကိုယ်ကိုပစ်လှဲ၍ လူးလှိမ့်ငိုကြွေးကြကုန်၏။

မြတ်စွာဘုရားရှင်အား ဖူးမြော်ရန်လာရောက်ကြကုန်သော မလ္လာမင်းပရိသတ်မှာ အလွန်များပြားသဖြင့် တစ်ဦးစီ ဖူးမြော်ခွင့်ပေးနေပါက တစ်ညလုံး မိုးလင်းအထိပြီးနိုင်မည်မဟုတ်။ ထို့ကြောင့် အရှင်အာနန္ဒာသည် အမျိုးအနွယ်တူရာ ဆွေမျိုးစုအလိုက် ဘုရားဖူးခွင့်ပြု၏။ မြတ်စွာဘုရားသည် မလ္လာမင်းတို့အား တရားဟောတော်မူသည်။ ပထမယံ (၁၀) နာရီခန့်တွင် ပရိသတ်ရှင်းသွားလေပြီ။

ထို့နောက် သန်းခေါင်မဇ္ဈိမယာမ်၌ သုဘဒ္ဒပရိဗိုဇ်အား တရားဟော ချွတ်တော်မူရာ အရဟတ္တဖိုလ်ဆိုက်၍ ရဟန္တာအဖြစ်သို့ ရောက်လေသည်။ ထိုသုဘဒ္ဒရဟန်းသည် မြတ်စွာဘုရားလက်ထက်တော်၌ နောက်ဆုံးရဟန္တာတစ်ပါးအဖြစ် ထင်ရှားလေသည်။

မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်မစံမီ ပစ္ဆိမယာမ် သန်းလွဲ၌ ရဟန်းပရိသတ်တို့အားခေါ်၍ "ဟန္ဒဒါနိဘိက္ခဝေ အာမန္တယာမိဝေါ၊ ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။ ငါ၏ချစ်သားရဟန်းတို့..သင်တို့အား နောက်ဆုံးစကားကို မှာကြားပေအံ့။ ပြုပြင်၍ဖြစ်သမျှသော သင်္ခါရတရားတို့သည် ပျက်တတ်သောသဘောရှိကုန်၏။ သင်တို့သည် မမေ့မလျော့ မပေါ့မဆသော သတိတရားဖြင့် ပြည့်စုံစွာနေရစ်ကြလော့"ဟု နောက်ဆုံးတရား၊ နောက်ဆုံးစကားမြွက်ကြားပြီး ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့သည်။

စာရေးသူတို့ ဘုရားဖူးအဖွဲ့သည် ဧပြီလ (၇)ရက်နေ့ နံနက်စောစော မဟာပရိနိဗ္ဗာနစေတီတော်ကြီးနှင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူဟန် လျောင်းတော်မူရုပ်ပွားတော်မြတ်ကြီးရှိရာသို့ ကုသိနာရုံဆရာတော်ကြီးက ဦးဆောင်ကာ ဘုရားဖူးများ စုညီစွာသွားရောက်ကြသည်။ ပဌာန်း(၂၄)ပစ္စည်းကို ညီညာဖြိုဖြိုရွတ်ဖတ်ပူဇော်ကာ ရုပ်ပွားတော်မြတ်ကြီးကို ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဆရာတော်ထံမှ ငါးပါးသီလခံယူကာ ဆုတောင်းမေတ္တာပို့သခြင်း၊ အမျှအတန်းပေးဝေခြင်းများ ပြုလုပ်ကြသည်။ ဆရာတော်ကလည်း ရုပ်ပွားတော်မြတ်အကြောင်းကို အသေးစိတ်ရှင်းပြသည်။

ရုပ်ပွားတော်မြတ်ကြီးမှာ ကျောက်၊ သစ်သားတို့ဖြင့် ထုလုပ်ထားခြင်းမဟုတ်၊ မြေသားကိုမီးဖုတ်ကာ ပူဇော်ထားခြင်းဖြစ်သည်။ ရုပ်ပွားတော်မှာ ဖဝါးတော်မှ ဦးသျှောင်တော်ထိ ပေ(၂၀)၊ ပခုံးတော် (၅)ပေ (၆)လက်မ၊ ညောင်စောင်းတော်မှာ အလျား(၂၃)ပေ (၉)လက်မနှင့် အနံမှာ (၂)ပေ (၁)လက်မရှိသည်။ ရုပ်ပွားတော်မြတ်ကြီး၏ခြေရင်းတွင် ညီတော်အာနန္ဒာ ငိုကြွေးနေပုံ၊ အလယ်တွင် သုဘဒ္ဒမထေရ်မြတ် တရားကျင့်နေဟန်ပုံနှင့် ထိပ်ဘက်တွင် ဆေးဆရာဇီဝက မြတ်စွာဘုရားအတွက် ဆေးကြိတ်နေဟန်ပုံများ ထွင်းထုထားသည်။

လျောင်းတော်မူကိုယ်တော်မြတ်ကြီးမှာ မြောက်အရပ်သို့ ဦးခေါင်းပြု၍ အနောက်ဘက်သို့ မျက်နှာမူလျက်ရှိသည်။ လက်ယာဘက်လက်ဖဝါးတော်တွင် ခေါင်းတင်၍ တစောင်းနေဟန် ထုလုပ်ထားသည်။ ပရိနိဗ္ဗာန်မစံဝင်မီ ဝေဒနာကို သည်းခံစွာခံစားရသည့်နှယ် မျက်နှာတော်မှာလည်း အနည်းငယ် အမ်းတမ်းတမ်းဖြစ်နေသည်။ မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com

တော်အစုံမိုတ်သည်ဟုလည်း မမည်၊ မျက်လွှာချသည်ဟုလည်း မဆိုသာပေ။ နှာခေါင်းတော်၏ ပွယောင်းနေပုံ၊ နားရွက်တို့ နောက်ကပ်နေပုံ၊ မျက်လုံးတော်တို့ အားပျော့နေပုံ၊ ပါးတစ်ခြမ်းမှာ အိထွက်နေပုံ၊ ခြေဖမိုးတော်တို့ ဖူးရောင်နေပုံတို့မှာ အလွန်တရာ ကြက်သီးမွေးညင်းထလောက်အောင်ပင် လက်ရာမြောက်ပေသည်။ သေသေချာချာကြည့်လေ အသက်ဝင်လေဖြစ်သည်။

ရုပ်ပွားတော်ကို ခြေရင်းတော်မှ ဖူးမြော်သည့်အခါ ပြင်းထန်သည့်ဝေဒနာကို ခံစားရသည့်ဟန်၊ အလယ်တည့်တည့်မှ ဖူးမြော်ရလျှင် သက်တော်ကုန်၍ ပရိနိဗ္ဗာန်စံဝင်တော်မူသည့်ဟန်၊ ဦးခေါင်းတော်ဘက်မှဖူးမြော်လျှင် ပြုံးရွှင်တော်မူသည့်ဟန် သုံးဖက်မြင်ဖူးမြော်ရသည်မှာ လွန်စွာအံ့သြစရာပင်။

လွန်ခဲ့သောနှစ်ပေါင်း(၂၅၀၀)ကျော်က ဤနေရာ၊ ဤဌာနတွင် ဘုရား၏သားတော် ရဟန်းတော်မြတ်များ၊ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့ အုတ်အော်သောင်းတင်း ငိုပွဲဆင်ခဲ့ရသောနေရာဖြစ်ခဲ့ကြောင်း စာရေးသူ၏စိတ်ထဲမှာ တရေးရေးမြင်ယောင်လာမိသည်။

ထို့ပြင် မြတ်စွာဘုရားသည် အရှင်အာနန္ဒာအား 'ချစ်သားအာနန္ဒာ··အင်ကြင်းပင်အစုံတို့သည် အခါမဲ့ပွင့်သောပန်းတို့ဖြင့် ပင်လုံးကျွတ်ပွင့်လျက်နေကြ၏။ ထိုအင်ကြင်းပင်တို့သည် မြတ်စွာဘုရားကို ပူဇော်သည့်အနေဖြင့် ပန်းပွင့်တို့ကို မြတ်စွာဘုရားရှင်ကိုယ်တော်ထက်သို့ မပြတ်မစဲ ကြဲဖြန့်နေကြ၏။

မန္ဒာရဝအမည်ရှိသော နတ်ပန်းတို့ကိုလည်း မြတ်စွာဘုရားကိုပူဇော်သည့်အနေဖြင့် နတ်တို့က ကောင်းကင်ထက်မှ မပြတ်မစဲ ကြဲဖြန့်နေကြပြန်၏။ စန္ဒကူးနံ့သာမှုန့်ကိုလည်း နတ်တို့ကပင် ငါဘုရား၏ကိုယ်တော်ထက်သို့ ကြဲဖြန့်နေကြလေ၏။ နတ်တူရိယာတို့ကို တီးမှုတ်၍လည်းကောင်း၊ နတ်သီချင်းသံတို့ကို သီဆို၍လည်းကောင်း နတ်တို့က ငါဘုရားကို ကောင်းကင်ယံထက်မှ ပူဇော်နေကြကုန်၏။

ချစ်သားအာနန္ဒာ·· ဤမျှလောက်ပူဇော်ခြင်းမျိုးဖြင့် မြတ်စွာဘုရားကို အရိုအသေပြုသည် မမည်နိုင်သေးပေ။ အလေးအမြတ်ပြုသည်၊ မြတ်နိုးသည်၊ ပူဇော်သည်၊ ပ,သသည်ဟု မဆိုနိုင်သေးပေ။

ချစ်သားအာနန္ဒာ··ရဟန်းယောက်ျားဖြစ်စေ၊ ရဟန်းမိန်းမဖြစ်စေ၊ ဥပါသကာယောက်ျားဖြစ်စေ၊ ဥပါသိကာမိန်းမဖြစ်စေ အကြင်သူသည် လောကုတ္တရာတရားနှင့် မွေ့လျော်သောအကျင့်ကို ကျင့်၍နေ၏။ တရားနှင့်လျော်သောအကျင့်ကို ကျင့်နေသူသည်သာ ငါဘုရားကို အရိုအသေပြုသည်၊ အလေးအမြတ်ပြုသည်၊ မြတ်နိုးပူဇော်ပ,သသည်ဟု ဆိုနိုင်၏။ ထို့ကြောင့် ဤသာသနာတော်၌ လောကုတ္တရာတရားနှင့်လျော်သောအကျင့်ကို ကျင့်ခြင်းသည်သာ ငါဘုရားကို ပူဇော်ရာရောက်သည်ဟု နှလုံးသွင်းလျက် သင်တို့သည် ကျင့်ကြံအားထုတ် နေထိုင်ကြရမည်'

ဘုရားရှင်သည် ပရိနိဗ္ဗာန်ပြုလုဆဲ၌မှာပင် အရှင်အာနန္ဒာမှတစ်ဆင့် ဝေနေယျသတ္တဝါအပေါင်းတို့အား ကျင့်စဉ်အမှန်၊ နည်းလမ်းအမှန်အား တခုတ်တရမှာတော်မူခဲ့သည်ကို စာရေးသူ၏နားထဲမှာ ကြားယောင်နေသလိုလို ခံစားမိသည်။ ထိုအတိတ်က ပုံရိပ်ဟောင်းတို့ကို ကြားယောင်၊ မြင်ယောင်မိသဖြင့် ရင်ထဲမှာ ဝမ်းနည်းကြေကွဲ၍ မျက်ရည်မိုးတွေ ရွှန်းရွှန်းဝေကာ သွန်းဖြိုးစွေခဲ့ရသည်။

ဘုန်းတော်အနန္တ၊ ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်ပင်လျှင် မမြဲသောအနိစ္စသဘောကို မလွန်ဆန်နိုင်ပါလား။ ငါတို့လည်း ဖြစ်လာရင် ပျက်ရမှာပါပဲကော၊ မမြဲခြင်းအနိစ္စပါတကားဟူ၍ ဘုရားဖူးများ



မြတ်စွာဘုရားဒုတ္တရစရိယာကျင့်ခဲ့ရာ ဥရုဝေလတော(တောင်)သို့ ဘုရားဖူးအရှို့ အထမ်းသမားများဖြင့် တက်ကြစဉ်



www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားပွင့်တော်မူရာ မဟာဗောဓိပင်ရှေ့တွင် စာရေးသူ(အလယ်)နှင့် ဘုရားဖူးအချို့

သံဝေဂယူစရာပင်ဖြစ်သည်။

စာရေးသူတို့ ဘုရားဖူးအဖွဲ့သည် ကုသိနာရုံပရိဝုဏ်အတွင်းမှ ဘုရားဖူးပြီး ထွက်လာချိန်မှာ နံနက်(၉)နာရီခွဲရှိနေပြီ။ ကုသိနာရုံနံနက်ခင်းမှာ ကျင်လည်တောက်ပနေသည်။ တိမ်မရှိသော ကောင်းကင်ပြာကြီးက ပရိနိဗ္ဗာနစေတီနှင့် ဘုရားရှင် ပရိနိဗ္ဗာန်ပြုခြင်းအထိမ်းအမှတ် လျောင်းတော်မူရုပ်ပွားတော်ရှိရာ ကျောင်းတော်ရာတို့အား ဖြန့်ကြက်အုပ်မိုးထားဆဲပင်ဖြစ်သည်။ မိမိတို့မှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် ဘုရားရှင်၏ရုပ်ကလာပ်တော် တေဇောဓာတ်လောင်ကျွမ်းရာ အထိမ်းအမှတ်ဖြစ်သော အင်္ဂါရစေတီကိုဖူးမြော်ရန် သွားကြသည်။ မလ္လာမင်းများက မိမိတို့၏ မကိုဋ်ဉသျှောင်ထုံးသောနေရာ၌ အမြတ်တနိုးဖြင့် ဤစေတီကို တည်ထားကိုးကွယ်ခဲ့ကြသည်။ ထို့ကြောင့် ဤစေတီကို မကုဋဗန္ဓစေတီဟုလည်း ဘွဲ့အမည်ပေးခဲ့ခြင်းဟု သိရသည်။ မြတ်စွာဘုရား၏ တေဇောဓာတ်လောင်ကျွမ်းသောနေရာ၌ မီးသွေးများ ကျန်ရစ်သည်။ ထိုမီးသွေးများကို ဥာပနာ၍ စေတီတည်သောကြောင့် အင်္ဂါရမီးသွေးစေတီတော်ဟုလည်း ခေါ်တွင်ခြင်းဖြစ်သည်။

စာရေးသူတို့သည် ထိုအင်္ဂါရစေတီတွင် ဖယောင်းတိုင်၊ အမွှေးတိုင်များ ထွန်းညှိပူဇော်ကြပြီး ဆရာတော်ထံမှ ငါးပါးသီလခံယူကြသည်။ မေတ္တာဘာဝနာပွားများကာ ဆယ့်ငါးမိနစ်ခန့် တရားထိုင်ပြီး အမျှအတန်းပေးဝေကြသည်။ ထို့နောက် ကုသိနာရုံ မြန်မာဘုန်းကြီးကျောင်းသို့ပြန်လာကာ နေ့လယ်စာကို ထိုကျောင်းမှာ စားသောက်ကြသည်။

သံဝေဇနိယလေးဌာနတွင် တစ်ခုအပါအဝင်ဖြစ်သော ဤကုသိနာရုံ အင်ကြင်းရဂုံကား ဘုရားဖူးများ တရားသံဝေဂယူရန် အဓိကနေရာတစ်ခုဖြစ်သည်။ ဤနေရာ၊ ဤဒေသတွင် မြတ်စွာဘုရားက "ရဟန်းတို့..သင်တို့ကို ယခုနောက်ဆုံး ငါဘုရားမှာကြားတော်မူခဲ့မည်။ သင်္ခါရတို့သည် ပျက်စီးတတ်သောသဘောရှိ၏။ မမေ့မလျော့သော သတိတရားဖြင့် အစစအရာရာပြည့်စုံအောင် ဆောင်ရွက်ကြစေကုန်သတည်း။

ဤကား ဘုရားရှင်၏ နောက်ဆုံးစကား၊ နောက်ဆုံးတရားဖြစ်သည်။ လေးဆယ့်ငါးဝါကာလပတ်လုံး ဟောကြားထားလေသမျှ ဓမ္မခန္ဓာအပေါင်းကို ဤစကားဝါကျတို့ဖြင့် အကျဉ်းချုံး၍ ဟောကြားတော်မူခဲ့ခြင်းဖြစ်သည်။ ပထမဝါကျသည် မိန့်ဆိုမည့်စကားကို နားစိုက်ကြစေရန် နှိုးဆော်လိုက်ခြင်းဖြစ်၏။ ဒုတိယဝါကျသည် ခြွင်းချက်မရှိ မှန်ကန်သောသဘောတရားကို ညွှန်ပြထား၏။ ပြုပြင်ဖန်တီးမှုကြောင့် ဖြစ်ပေါ်လာသော သင်္ခါရတရားဟူသမျှ မုချပျက်စီးရ၏။ ဤလောက၌ မပျက်စီးသော အမြဲတစေတည်နေသော သင်္ခါရတရားဟူ၍ လုံးဝမရှိပေ။

အလွန်တိုတောင်းသော အချိန်ကလေးကို အစွဲပြု၍ ဖြစ်ဆဲ၊ တည်ဆဲဟု ဆိုကြရသော်လည်း ထိုအခိုက်အတန့်လေးသည်ပင် ပျက်စီးရန် ရှေးရှုနေခြင်းဖြစ်၏။ ဖြစ်ပြီးသည့်နောက် ချက်ချင်းဆိုသလို ပျက်စီးရသည်ချည်းဖြစ်၏။ ပျက်စီးသွားသောတရားသည် အကြွင်းမဲ့ပျက်စီးသွားသည်သာဖြစ်၏။ တစ်ကျော့တစ်ဖန် ပြန်လည်လာခြင်းမရှိပေ။ သူတို့နေရာတွင် ဖြစ်ပေါ်လာသောတရားများကား အသစ်,အသစ်တို့သာလျှင်ဖြစ်ကြ၏။ အကြောင်းတရားတို့ ပေါင်းဆုံမှုအလျောက် ပေါ်ပေါက်လာသောတရားများသာ ဖြစ်ကြ၏။ ဤသည်ပင်လျှင် သံသရာတည်း။

ဤသံသရာဝဋ်မှ ထွက်မြောက်ရန်ကား ပြုပြင်ခြင်းကင်းဝေးသော၊ ပြုပြင်ခြင်းကင်းသဖြင့် ပျက်စီးခြင်းမရှိသော နိဗ္ဗာန်တရားကို ကိုယ်တိုင်ကိုယ်ကျ မျက်မှောက်ပြုနိုင်ရေးအတွက် နိဗ္ဗာန်နှင့်လျော်သောအကျင့်ကို ကျင့်သုံးကြရပါ



www.burmeseclassic.com

www.burmeseclassic.com

လိမ့်မည်။ အေးသောသဘောရှိသော နိဗ္ဗာန်နှင့်လျော်ညီစွာ အေးဆေးသောစိတ်သဘောကို ပွားများကြရပါလိမ့်မည်။ ငြိမ်းချမ်းသောသဘောရှိသော နိဗ္ဗာန်နှင့်လျော်ညီစွာ ငြိမ်းချမ်းသောစိတ်သဘောကို မွေးမြူကြရပါလိမ့်မည်။ ဤသို့သော ကျင့်ဝတ်များကို မမေ့မလျော့ ကျင့်သုံးနိုင်ကြရန် တတိယဝါကျက ညွှန်ပြ၍ထားပေသည်။

မြတ်စွာဘုရားသည် ဤနောက်ဆုံးစကား၊ နောက်ဆုံးတရားကို ဟောကြားတော်မူပြီးနောက် ဈာန်အင်္ဂါအဆင့်ဆင့်နှင့်တကွ နိရောဓသမာပတ်ကို အပြန်ပြန်အလှန်လှန်ဝင်စားကာ အနုပါဒိသေသနိဗ္ဗာန်သို့ မျက်မှောက်ပြုသွားခဲ့လေပြီ။ ထို့ကြောင့် ဘုရားဖူးများမှာ မြတ်ဗုဒ္ဓ၏အဆုံးအမကို မိမိတို့၏နှလုံးသားမှာ မှတ်ကျောက်တင်ကာ သံသရာဒုက္ခဘေးမှ ကင်းဝေးလွတ်မြောက်ရေးအတွက် မမေ့မလျော့သောသတိဖြင့် ကြိုးစားအားထုတ်ကြရပေမည်။ သို့မှသာ ဘုရားဖူးတို့၏ ခြေတစ်လှမ်းသည် ကုဋေတစ်သန်းမက တန်ဖိုးရှိသည်ဟု ဆိုရပေမည်။

မည်သို့ပင်ဆိုစေကာမူ ကုသိနာရုံ အင်ကြင်းရဂုံအတွင်း၌ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့၏ ပူဆွေးတမ်းတ မျက်ရည်စတို့သည် ယခုထက်တိုင် မခန်းခြောက်နိုင်သေး။ မရပ်မနား ကြွေကျနေဆဲပါလားဟု စာရေးသူ ခံစားနေမိပါသေးသည်။

ကုသိနာရုံ မြန်မာဘုန်းကြီးကျောင်းတွင် နေ့လယ်စာစားပြီး ခဏနားနေကြသော မိမိတို့ဘုရားဖူးအဖွဲ့ကားမှာ မကြာမီအချိန်တွင် နီပေါနိုင်ငံရှိ မြတ်စွာဘုရားဖွားတော်မူရာ လုမ္ဗိနီသာမော အင်ကြင်းတောသို့ ခရီးဆက်ကြပေမည်။ ထို့ကြောင့် စာရေးသူမှာ ကုသိနာရုံဆရာတော်ကို သွားရောက်ဖူးမြော်သည်။ ဆရာတော်မှာ ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်ဇာတိဖြစ်သည်။ စာရေးသူနှင့် တစ်မြို့နယ်တည်းသားဖြစ်သည်။ စာရေးသူမှာ ရန်ကုန်တွင်နေသော်လည်း မင်းပြားမြို့နယ်မှ အပေါင်းအသင်း သူငယ်ချင်းများနှင့် အဆက်အသွယ်အမြဲရှိသည်။

ဆရာတော်မှာ မိမိအရပ်ဒေသ မင်းပြားမြို့ရှိ ကျိန်းတောင်ဘုရားနှင့် ငါးစင်ရိုင်းချောင်းကျေးရွာရှိ မျက်မှုံတော်ဓာတ်ဘုရားတို့တွင် ဆက်ကပ်လှူဒါန်းရန်အတွက် ရွှေကြာသင်္ကန်းနှစ်ထည်ကို စာရေးသူနှင့် တစ်ပါတည်းပေးလိုက်သည်။ ဆရာတော်၏အလှူဒါနဖြစ်မြောက်ရေးအတွက် မိမိမှာ ဝေယျာဝစ္စဆောင်ရွက်ခွင့်ရ၍ ကုသိုလ်တစ်ခုထပ်တိုးသည်ကို ဝမ်းသာနေမိသည်။ ဆရာတော်၏အလှူကိုလည်း သာဓုခေါ်နေမိပါသည်။

ကုသိနာရုံ၏ နွေဦးအခါသမယ ဧပြီလ နေ့လယ်အပူချိန်ကား အပြင်တွင် အလွန်ပူပြင်းနေသည်။ သို့ရာတွင် ကားပေါ်တက်သည်နှင့် လေအေးပေးစက်၏ အအေးဓာတ်ကြောင့် ပူမှန်းမသိတော့ပေ။ မွန်းလွဲ(၂)နာရီထိုးသည်နှင့် ကားဘီးမှာ တရွေ့ရွေ့လိမ့်ကာ နီပေါနိုင်ငံသို့ စတင်ခရီးနှင်လေပြီ။ မိမိတို့ကားမှာ ရှေ့သို့ ချီတက်ခရီးဆက်နေသော်လည်း မျက်ရည်မိုးများ သွန်းဖြိုးရွာခဲ့သော လွမ်းမောဖွယ်ရာ ကုသိနာရုံ အင်ကြင်းရဂုံမှာကား တဖြည်းဖြည်း ဝေး၍၊ ဝေး၍ ကျန်ရစ်ခဲ့လေပြီ။

ကားစထွက်သည်နှင့်တစ်ပြိုင်နက် ဘုရားဖူးဓမ္မခရီးသည်များမှာ နမောတဿအစချီ၍ ပဋ္ဌာန်း(၂၄)ပစ္စည်းနှင့် အရပ်ဆယ်မျက်နှာ မေတ္တာပို့တို့ကို ညီညီဖြဖြ ရွတ်ဆိုသံမှာ ကုသိနာရုံ အင်ကြင်းရဂုံတစ်ခွင်တွင် ပဲ့တင်ဟပ်လျက် ရှိနေခဲ့သည်။ စာရေးသူ၏ရင်ထဲမှာကား မြတ်ဗုဒ္ဓ၏အဆုံးအမဖြစ်သော အပ္ပမာဒေန၊ သမ္ပာဒေထဟူသော ဘုရားရှင်၏ နောက်ဆုံးစကား နောက်ဆုံးတရားကို မိမိ၏နှလုံးသားတွင် မှတ်ကျောက်တင်ရင်း အောက်ပါကဗျာတေးသွားလေးတစ်ပိုဒ်ကို ရေးစပ်သီကုံးလိုက်မိပါတော့သည်။

ရုပ်နာမ်နှစ်ဖြာ၊ ငါ့ခန္ဓာကား၊
သေမှာမဝေး၊ အနီးလေးဟု၊
မျှော်တွေးမှန်းဆ၊ သံဝေဂဖြင့်၊
ဗုဒ္ဓဘုရား၊ နောက်ဆုံးထား၍၊
ဟောကြားခဲ့ရာ၊ အပ္ပမာဒေန၊
သမ္ပာဒေထ၊ ဆုံးမစကား၊
မမေ့ငြားဘဲ၊ လုံ့လစွဲဖြင့်၊
အမြဲကြိုးစား၊ အားထုတ်သွားလျှင်၊
ဘုရားဖူးကျိုးနပ်မည်တည်း။
တရားထူးလည်း ရမည်တည်း။
သံသရာမှ လွတ်မည်တည်း။

တွန်းအားရှင်

<u>ကျမ်းကိုးစာရင်း</u>

* မဟာဗုဒ္ဓဝင် ပဉ္စမတွဲ
(မင်းကွန်းဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ)။
* သုတ်မဟာဝါပါဠိတော်မြန်မာပြန်။
* စာရေးသူကိုယ်တိုင် သွားရောက်ဖူးမြော်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com

## ဘဝတစ်သက်တာ ကျင့်စဉ်တရားများ

မင်္ဂလာတရားတော်အမှတ်(၁၁)

# ဆန်းဝင်း

(တနညာင်း၊ကန်ခွယ်)



ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် (၃၈)ဖြာ မင်္ဂလာတရားတော်၌ သုဘာသိတာစ ယာဝါစာ မင်္ဂလာတရားတော်၏ အနက်အဓိပ္ပာယ်များကို မထင်ရှားသောနတ်သားအား ဟောကြားတော်မူပြီးသည့်နောက် ဆက်လက်၍ အမှတ်(၁၁) ဖြစ်တော်မူသော မာတာပိတုဥပဋ္ဌာနံ မင်္ဂလာတရားတော်ကိုလည်း ထိုနတ်သားအား ရှင်းလင်းဟောကြား ဆုံးမတော်မူပြန်ပါသည်။

မာတာပိတုဥပဋ္ဌာနံပါဠိတော်၏ အနက်အဓိပ္ပာယ်မှာ မာတာ-အမိ(မိခင်)၊ ပိတု-အဖ(ဖခင်)၊ ဥပဋ္ဌာနံ-လုပ်ကျွေးခြင်းတို့ဖြစ်၍ ထိုသုံးရပ်ကို ပေါင်းစပ်လိုက်သောအခါ အမိ၊ အဖတို့ကို လုပ်ကျွေးပြုစုခြင်းဖြင့် ကုသိုလ်တရားများကို ရင့်ကျက်သည့် မင်္ဂလာတစ်ပါး ဖြစ်စေသည်ဟု ဆိုလိုခြင်းဖြစ်သည်။

**မိဘတို့၏နေရာ**

ထိုမင်္ဂလာတရားတော်က မိဘတို့ကို လုပ်ကျွေးပြုစုခြင်းရမည်ဟု ဆိုဆုံးမ၏။ အဘယ်ကြောင့် လုပ်ကျွေးပြုစုလိုက်



www.burmeseclassic.com

www.burmeseclassic.com

သနည်းဟု စဉ်းစားသော် မိဘဖြစ်သူတို့ ရပ်တည်ပေးခဲ့ကြရသော နေရာအနေအထားကို ပြန်လည်သုံးသပ် ဆင်ခြင်ကြည့်လျှင်ပင် ရှင်းရှင်းကြီးအဖြေပေါ်လာပေသည်။

လောကတွင် မည်သည့်မိဘမဆို သားသမီးရလိုဇောဖြင့် မရသေးမီကပင် ဆုတောင်းခဲ့ကြရ၏။ ထိုဆုတောင်းပြည့်မြောက်၍ အမိဖြစ်သူတွင် ကိုယ်ဝန်ဆောင်လာရပြန်သောအခါ ပဋိသန္ဓေအား မထိခိုက်စေရအောင် ချိုချဉ်ပူစပ်ငန်ဖန်ခါး စသည့်အစားအစာများကို ချင့်ချိန်ရှောင်ကြဉ်စားသောက်ရပြန်၏။ ကြမ်းတမ်းသောသွားလာနေထိုင်မှုကိုလည်း ဆင်ခြင်ရပြန်၏။ တစ်ဖန် မွေးဖွားပြီးမြောက်ချိန်တွင်လည်း မှက်၊ ခြင်၊ ယင်၊ ကြမ်းပိုး စသည့်သတ္တဝါတို့၏ အန္တရာယ်၊ ပူခြင်း၊ အေးခြင်း စသောရာသီဥတု၏ သဘာဝအန္တရာယ်တို့မှ ကာကွယ်စောင့်ရှောက်၍ နို့ချိုတိုက်ကျွေးကာ ဝါးဖတ်တော်ကစီနှစ်ဖြင့် လူဖြစ်အောင် ပြုစုကြရပြန်၏။ ငယ်ရွယ်နုနယ်လှသေးသော သားသမီးတို့ကို နေ့ ညဉ့်မပြတ် အရိပ်တကြည့်ကြည့်နှင့် ကျန်းမာရှင်သန်ရေးကို အလေးထားပွဲပိုးကြရသည်မှာ မိဘတိုင်း ထမ်းရွက်ကြရသည့် အချိန်ပြည့်တာဝန်ကြီးတစ်ရပ်ပင်။

ထို့နောက် အသက်(၅)နှစ်၊ (၆)နှစ် အရွယ်မှစတင်ကာ စာပေဗဟုသုတများ ရရှိစေရန် ပညာသင်ကြားပေးကြရခြင်း၊ ပညာစုံသောအခါ အချိန်တန်အရွယ်ရောက်လာပြီဖြစ်သည့်အတွက် သင့်တင့်သောကြင်ရာများနှင့် ထိမ်းမြားမင်္ဂလာ ဆောင်နှင်းပေးရခြင်း၊ ထိုမှတစ်ဖန် မိမိတို့တစ်သက်တာ ရှာဖွေစုဆောင်းခဲ့ကြရသော ဥစ္စာပစ္စည်းများထဲမှ ခွဲဝေပေးအပ်၍ သားသမီးတို့ဘဝ ရပ်တည်ရှင်သန်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံပေးရခြင်း စသည်ဖြင့် ဘဝတစ်သက်တာ နားနေချိန်မရှိ ဆောင်ရွက်ပေးကြရသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ထိုတွေ့ရှိချက်များကို အနှစ်ချုပ်ပေါင်းစည်းလိုက်သည်နှင့်ပင် မိဘတို့၏ အနန္တဂုဏ်ကျေးဇူးဆိုသော တရားကိုယ် ပင်မအချက်ကြီးက ထင်ရှားပေါ်လွင်လာပါတော့သည်။

**ကျေးဇူးဆပ်နည်းအထွေထွေ**

အနန္တဂုဏ်ကျေးဇူးနှင့်ပြည့်စုံသော မိဘတို့၏နေရာကို သားသမီးများက သိကြရပါပြီ။ သို့ဆိုလျှင် ထိုကျေးဇူးတို့ကို မည်သို့မည်ပုံ ပြန်လည်ပေးဆပ်ရမည်ဆိုသည်ကိုလည်း သိရှိထားကြဖို့လိုပေလိမ့်မည်။ ဤသို့ဆိုလိုက်သဖြင့် အထူးတလည် ကြီးမားခက်ခဲသည့် နည်းလမ်းများကိုဆောင်ရွက်မှ ကျေးဇူးဆပ်ရာရောက်သည်ဟု ပြောလိုရင်းမဟုတ်ပါ။ မိမိတတ်စွမ်းနိုင်သမျှသော တစ်ကိုယ်ရေစာ ဖြည့်ဆည်းဆောင်ရွက်မှုကလေးများသည်လည်း အဖိုးနည်းဝန်ပါ အရာရောက်ထက်မြက်သော ကျေးဇူးဆပ်နည်းများပင် ဖြစ်ကြသည်ဟု သတိပေးလိုခြင်းဖြစ်ပါသည်။

မိဘများကို ဆေးပေးမီးယူ ခြေဆုပ်လက်နယ် နင်းနှိပ်ပြုစုပေးခြင်း၊ ချိုးရေ၊ သုံးရေ၊ သောက်ရေများ ဖြည့်ဆည်းကာ ရေချိုး,ခေါင်းလျှော် သန့်စင်ပေးခြင်းတို့သည် လူတိုင်းမပင်မပန်း လုပ်ဆောင်ပေးနိုင်ကြသည့် အပေါ့စားဝန်ဆောင်မှုများသာ ဖြစ်ကြ၏။ လုပ်ကိုင်ပေးလိုသော စိတ်ဆန္ဒရှိဖို့သာ လိုသည်။ ဆန္ဒရှိလျှင် လူတိုင်း လုပ်နိုင်ကြသည်ချည်းဖြစ်သည်။ အပေါ့စားဝန်ဆောင်မှုကလေးများဖြစ်သော်လည်း အကျိုးရလဒ်ကြီးမားသည့် ကျေးဇူးဆပ်ခြင်းစာရင်း၌ ပါဝင်သည်သာဖြစ်ပါသည်။ ဤသည်တို့မှာ မိမိကိုယ်ကာယ အင်အားစိုက်ထုတ်ခြင်းပါဝင်သော ဝေယျာဝစ္စကုသိုလ်ဖြင့် ပေးဆပ်သည့် အခြေခံကျေးဇူးဆပ်ခြင်းပင်ဖြစ်သည်။

တစ်ဖန် မိမိ၏ကိုယ်ကာယအင်အားမျှသာမက မိမိ၏ တရားသဖြင့် ရှာဖွေရရှိအပ်သော ဥစ္စာငွေကြေးကိုပါ စိုက်ထုတ်အသုံးချ၍ မိဘတို့၏ နေအိမ်အဆောက်အအုံကို ပြုပြင်ပေးခြင်း၊ မိဘတို့ နာမကျန်းသောအခါ ဆေးဝါးကုသပေးခြင်း၊ အဝတ်အထည်တို့ ဝယ်ယူဆင်မြန်းပေးခြင်း၊ စားဖွယ်သောက်ဖွယ်အမျိုးမျိုး စီမံပြုလုပ်ကျွေးမွေးခြင်း စသောကုသိုလ်တရားများနှင့်လည်း ကျေးဇူးဆပ်နိုင်ကြသည်သာ ဖြစ်သည်။

ထိုသည်နည်းများထက်ပို၍ မြင့်မြတ်သောကျေးဇူးဆပ်နည်းကတော့ ဘာဝနာကုသိုလ်ပါထည့်၍ လုံ့လပြုခြင်းဟု ဆိုချင်ပါသည်။ အကယ်၍ မိမိ၏မိဘတို့သည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး၌ သဒ္ဓါယုံကြည်စိတ် မရှိကြသူများ ဖြစ်နေခဲ့လျှင် သဒ္ဓါယုံကြည်စိတ်ဖြစ်လာအောင် သားသမီးများက သွေးဆောင်တိုက်တွန်းပေးခြင်း၊ ဒါနသီလ စသော ကုသိုလ်ကောင်းမှုများ ပြုလုပ်လာအောင် စည်းရုံးပေးခြင်း၊ တရားရိပ်သာများ၌ တရားအားထုတ်နိုင်ရန် ထောက်ပံ့ချီးမြှင့်ပေးခြင်း၊ မိဘများကို လပြည့်,လကွယ် ဥပုသ်ဆောင်ဝင်စေခြင်း၊ မိဘများက အလိုဆန္ဒရှိခဲ့ပါသော် ရသေ့ရဟန်းပြုပေးခြင်း စသည်တို့ကမူ ဗုဒ္ဓဘာသာတို့အဖို့ အမြင့်မြတ်ဆုံးသော ကျေးဇူးဆပ်နည်းပင် ဖြစ်ပါတော့



www.burmeseclassic.com

www.burmeseclassic.com

သည်။

**ရှေ့ဆောင်လမ်းပြ မြတ်ဗုဒ္ဓ**

အနန္တောအနန္တငါးပါး၌ တစ်ပါးအပါအဝင်ဖြစ်သည့် မိဘတို့၏ကျေးဇူးသည် မြင်းမိုရ်တောင်မက ကြီးမားလှသည်ဟု ဆိုထားသည့်အတိုင်း မြတ်စွာဘုရားရှင်သည်ပင်လျှင် မိဘတို့၏ကျေးဇူးကို ဆပ်တော်မူခဲ့ပါသည်။ ဘုရားရှင်သည် တာဝတိံသာနတ်ပြည်သို့ကြွမြန်းပြီး ပင်လယ်ကသစ်ပင်ရင်း ပဏ္ဍုကမ္ဗလာမြကျောက်ဖျာထက်၌ စံနေတော်မူ၍ မယ်တော်ဟောင်းဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကို အလွန်ခက်ခဲနက်နဲလှသည့် အဘိဓမ္မာဒေသနာတော်များကို ဟောကြားတော်မူ၏။ ထို့ကြောင့် မယ်တော်မိနတ်သားသည် သောတာပန်တည်ခဲ့ပြီး စကြဝဠာတိုက်တစ်သောင်းမှ တရားနာကြွရောက်လာကြသည့် များစွာသောနတ်ဗြဟ္မာအပေါင်းတို့သည်လည်း ကျွတ်တမ်းဝင်ခဲ့ကြပါသည်။

ထို့အပြင် ဘုရားရှင်သည် မိမိ၏ပဋိသန္ဓေကို လွယ်ခဲ့ရသော မိခင်ဟောင်းကိုသာမက မိခင်ရင်း မယ်တော်မာယာကွယ်လွန်ပြီးနောက် မိမိကို နို့ချိုတိုက်ကျွေးမွေးမြူခဲ့သော မိထွေးတော်ဂေါတမီကိုလည်း ဂရုဓမ္မရှစ်ပါးဆိုသည့် ရဟန်းမိန်းမများ ထိန်းသိမ်းရမည့် တရားတို့ကိုဟောကြား၍ ဘိက္ခုနီရဟန်းပြုပေးခဲ့ခြင်းဖြင့် ကျေးဇူးတော်ကို ဆပ်တော်မူခဲ့၏။ မွေးဖခင်ရင်း သုဒ္ဓေါဓနမင်းကြီးကိုလည်း မင်းကြီး၏ နောက်ဆုံးအချိန်တွင် ထီးရိပ်အောက်မှာပင် သောတာပတ္တိဖိုလ်၊ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သည်အထိ တရားဓမ္မဖြင့် ပြန်လည်ကျေးဇူးဆပ်တော်မူခဲ့သည်မှာ အတုယူစံတင်ဖွယ်ပင် မဟုတ်ပါလား။

**အရှင်သာရိပုတ္တရာ၏ မိခင်ကျေးဇူးဆပ်ပုံ**

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က အရှင်သာရိပုတ္တရာမထေရ်မြတ်သည် ဗုဒ္ဓ၏လက်ယာတော်ရံ အဂ္ဂသာဝကကြီးဖြစ်၏။ ထို့အပြင် ပညာကြီးရင့်သည့်အရာတွင် ဧတဒဂ်ရတော်မူသည့် တရားစစ်သူကြီးလည်းဖြစ်၏။ အရှင်သာရိပုတ္တရာမထေရ်မြတ်သည် အတိတ်ဘဝက ဝိပါက်ကံကြောင့် သွေးအန်ရောဂါ စွဲကပ်လာသောအခါ မိစ္ဆာအယူရှိနေသော မိခင်ပုဏ္ဏေးမကြီးထံသို့ အိမ်အရောက် ပြန်ကြွချီတော်မူ၏။ ပြီးနောက် တရားဓမ္မဟောကြားခြင်းဖြင့် ကျေးဇူးဆပ်တော်မူ၏။ ထို့ကြောင့် မိခင်ပုဏ္ဏေးမကြီးသည် မိစ္ဆာဒိဋ္ဌိအယူအမှားမှ သမ္မာဒိဋ္ဌိအယူမှန်သို့ ကူးပြောင်းခဲ့ပြီး သောတာပန်အရိယာအဖြစ်သို့ တည်စေခဲ့နိုင်လေသည်။

ဤသာဓကများကိုထောက်ရှု၍ ယနေ့မျက်မှောက်ကာလ လူငယ်မောင်မယ်များတို့သည်လည်း မိဘတို့၏ကျေးဇူးကို တတ်စွမ်းနိုင်သမျှပေးဆပ်ဖို့ လုံ့လစိုက်ကြရန် စာရေးသူအနေဖြင့် အထူးတိုက်တွန်းလိုပေသည်။

**အကျိုးတရား(၆)ပါး**

ဤနေရာ၌ မိဘတို့ကျေးဇူးဆပ်ကြရန် တိုက်တွန်းနေရုံမျှဖြင့်မပြီးသေး။ ကျေးဇူးပြန်ဆပ်ကြသည့် သားသမီးများတွင် ခံစားရရှိနိုင်မည့် အကျိုးတရားများကိုလည်း ဖော်ပြဦးမှ သင့်လျော်ပေမည်။ မိဘကျေးဇူးကို ပြန်လည်ပေးဆပ်ကြသော သားသမီးတို့တွင် ရရှိခံစားကြရသည့် အကျိုးတရားမှာ (၆)ပါးရှိပါသည်။

ယင်းတို့မှာ-

(၁) ဒုဗ္ဘိက္ခန္တရကပ်၊ သတ္ထန္တရကပ်၊ ရောဂန္တရကပ် (ငတ်မွတ်ခေါင်းပါးခြင်း၊ လက်နက်ဘေးရန်ကျရောက်ခြင်း၊ အနာရောဂါထူပြောကူးစက်ခံရခြင်း)ဟူသည့် ကပ်ကြီးသုံးပါးဘေးရန်ကို ကျော်နင်းနိုင်ခြင်း၊

(၂) ဘီလူးဘေး၊ သားရဲဘေးနှင့် ရန်သူမျိုး(၅)ပါးဘေးတို့မှ ကင်းဝေးနိုင်ခြင်း၊

(၃) မီးဘေး၊ လေဘေး၊ ရေဘေး၊ လျှောင်တော်လဲ စသည့် သဘာဝဘေးဆိုးများမှ ကင်းဝေးနိုင်ခြင်း၊

(၄) လူ၊ နတ်၊ ဗြဟ္မာ သူတော်ကောင်းများက ချစ်ခင်မြတ်နိုးခြင်း၊

(၅) ဆုတောင်းတိုင်း ပြည့်ဝတတ်ခြင်း၊

(၆) မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားများကို ရရှိစေနိုင်ခြင်း စသည်တို့ဖြစ်ကြသည်။

အမိ၊အဖတို့ကို လုပ်ကျွေးပြုစု ကျေးဇူးဆပ်ခြင်းအတွက် ရရှိနိုင်သည့် အကျိုး(၆)ပါးကို သိရှိကြရပြီးပါပြီ။ သို့သော် ထိုအကျိုး(၆)ပါးကို အမှန်တကယ်ရရှိခံစားခဲ့ကြရသော ဇာတ်နိပါတ်ဝတ္ထုများကို ကောက်နုတ်ဖော်ပြမှသာလျှင် ပို၍ပြည့်စုံနိုင်မည်ဖြစ်၍ ဆက်လက်တင်ပြရပါဦးမည်။

**သုဝဏ္ဏသာမဝတ္ထုသာဓက**

ဗုဒ္ဓဘာသာဝင်မှန်လျှင် ဂေါတမမြတ်စွာဘုရားရှင်၏ ရင့်မာတစ်ကျိပ်ဟုဆိုအပ်သော ဘဝဖြစ်စဉ် ဇာတ်ကြီးဆယ်ဘွဲ့ထဲမှ တတိယမြောက် သုဝဏ္ဏသာမကို မသိသူ မရှိဟုဆိုရပါမည်။

အလောင်းတော်သုဝဏ္ဏသာမသည် မျက်စိနှစ်ကွင်းအလင်းမရရှာကြသည့် ဒုကုလနှင့် ပါရိကာဆိုသော အဘ



www.burmeseclassic.com

နှစ်ပါးကို လုပ်ကျွေးပြုစုသော သားလိမ္မာဖြစ်သည်။ တစ်နေ့သောအခါ မိဘများသောက်သုံးရန်အတွက် သမင်အပေါင်းခြံရံလျက် ရေခပ်ဆင်းသည်တွင် ထိုစမ်းချောင်းအနီး၌ တောကစားထွက်လာသည့် ဗာရာဏသီပြည့်ရှင် ပီဠိယက္ခမင်း၏ မှားယွင်းပစ်လိုက်သော မြားဒဏ်ချက်ကြောင့် သဲသောင်ပြင်ဝယ် လဲကျမေ့မြောသွားရလေသည်။ ပီဠိယက္ခမင်းသည် သားကောင်သမင်ငယ်ကို ထိသည်အမှတ်ဖြင့် လာရောက်ကြည့်ရှုတော့မှ မိမိ၏မှားယွင်းပစ်ခတ်ခဲ့မှုကို သိရှိ၏။

အလောင်းတော်၏ ပြောပြမှုဖြင့် တောထွက်၍ တရားအားထုတ်နေသော သူတော်စင် မျက်မမြင်မိဘနှစ်ပါးကို ကျွေးမွေးပြုစုနေသောသားမှန်း သိရသောအခါ အထူးတုန်လှုပ်စွာ အထပ်ထပ်တောင်းပန်၏။ မျက်မမြင်မိဘနှစ်ပါးရှိရာ ကျောင်းသင်္ခမ်းသို့ သွားရောက်ကာ သားဖြစ်သူထံအရောက် ရေ့မှ တုတ်ဆွဲလမ်းပြ၍ ခေါ်ယူပေး၏။ မိဘနှစ်ပါးသည် မြားဒဏ်ဖြင့်လဲကျနေသောသားကို စမ်းသပ်သိရှိ ပူဆွေးကြရတော့၏။

ထို့နောက်တွင်မှ မိဘတို့သည် စိတ်အကြံ၌ ဖြစ်ပေါ်လာသည့်အတိုင်း မှန်သောသစ္စာစကားဖြင့် အဓိဋ္ဌာန်ပြုကြရာ ဘဝဟောင်းက မိခင်တော်စပ်ခဲ့ဖူးသည့် နတ်သမီး၏ အကူအညီကို ရရှိကြသည်။ မိဘနှစ်ပါးသည်လည်း စက္ခုအလင်းပြန်ရကြ၏။ သုဝဏ္ဏသာမ သားလိမ္မာသည်လည်း မြားဒဏ်ရာဝေဒနာတို့ ပျောက်ကင်းချမ်းသာကာ ရေအိုးအစား ရွှေအိုးကိုထမ်း၍ ကျောင်းသင်္ခမ်းသို့ ချမ်းသာစွာ ပြန်လည်လိုက်ပါနိုင်ခဲ့လေသည်။ မိဘကျေးဇူးကို အထူးသိတတ် ပြန်ပေးဆပ်သော သားလိမ္မာတစ်ဦး၏ စံပြအတုယူဖွယ် ဇာတ်လမ်းတစ်ပုဒ်အဖြစ် ထင်ရှားသောဇာတ်တော်ဖြစ်ပေသည်။

## မိဘတို့၏ ဘွဲ့ထူးဂုဏ်ထူး(၄)ပါး

သားသမီးများအပေါ်တွင် ထားရှိသော မိဘတို့၏ မေတ္တာတရားသည် ဗြဟ္မဝိဟာရတရားလေးပါးနှင့် အမြဲအစဉ် မချို့မယွင်းပြည့်စုံလျက်ရှိပါသည်။

ထိုသို့ပြည့်စုံခြင်းအကျိုးကြောင့်ပင် မိဘတို့သည်-

(၁) ဗြဟ္မာကြီးဆိုသော ဘွဲ့ထူးဂုဏ်ထူး (ဗြဟ္မာ၏အနက်မှာ ကြီးမားခြင်းဖြစ်ပါသည်)၊

(၂) သားသမီးတို့၏ ရှိခိုးပူဇော်ခြင်းကို ခံယူထိုက်သော အိမ်ဦးနတ်ဟူသော ဘွဲ့ထူးဂုဏ်ထူး၊

(၃) မိမိတို့လူမျိုးအလိုက် ခေါ်ဝေါ်သုံးစွဲကြသော ဘာသာစကား၊ အနေအထိုင်၊ အသွားအလာ၊ အမူအကျင့်များကို ရှေးဦးစွာ သင်ပြပေးခဲ့ကြသူများဖြစ်သောကြောင့် လက်ဦးဆရာဟူသော ဘွဲ့ထူးဂုဏ်ထူး၊

(၄) သားသမီးတို့က ဆန္ဒအလျောက် ပေးအပ်ချီးမြှင့်ပူဇော်လှူဒါန်းသည့် အရာဝတ္ထုတို့ကို ခံယူထိုက်သူများဖြစ်၍ အလှူခံပုဂ္ဂိုလ်ဟူသော ဘွဲ့ထူးဂုဏ်ထူး စသည့်ဘွဲ့ထူးဂုဏ်ရည်လေးပါးနှင့် ပြည့်စုံညီညွတ်ကြသည့် ပုဂ္ဂိုလ်များဟု သားသမီးတို့က အသိအမှတ်ပြု ရိုသေကိုင်းရှိုင်းကြရမည် ဖြစ်ပါသည်။

## ကျေးဇူးမဲ့တို့အတွက် ကဲ့ရဲ့ခြင်း(၄)ပါး

အထက်တွင်ဖော်ပြခဲ့သည့် ဘွဲ့ထူးဂုဏ်ရည်(၄)ပါးနှင့် ပြည့်စုံသည့်မိဘများကို ကျွေးမွေးပြုစုစောင့်ရှောက်ခြင်းမရှိ။ ပစ်ပယ်ထားတတ်ကြသည့် ကျေးဇူးမဲ့သားသမီးများတွင်လည်း သူတော်ကောင်းများ ကဲ့ရဲ့ခြင်း(၄)ပါးနှင့် ရင်ဆိုင်ကြရလေ့ရှိပါသည်။

၎င်းတို့မှာ-

(၁) ခွေးသတ္တဝါမျှ မိုက်မဲသောသားသမီး၊

(၂) သားရဲဘီလူးတို့မှ လူယောင်ဆောင်ထားသော သားသမီး၊

(၃) လက်သုံးတောင်ဝှေးလောက်မျှ အသုံးမဝင်သော သားသမီး၊

(၄) နွားအို၊ နွားကျိုး၊ မြင်းအို၊ မြင်းကျိုးလောက်မျှ တန်ဖိုးမရှိသောသားသမီး ဟူ၍ဖြစ်ပါသည်။ ထိုသို့ကျေးဇူးမဲ့သားသမီးများနှင့် ပတ်သက်လာလျှင် အဇာတသတ်မင်းသည် ထင်ရှားသောပြယုဂ်ဖြစ်သည်ကို မမေ့သင့်ကြပါဟု အကြံပြုရမည်ဖြစ်ပါသည်။

## အဇာတသတ်ကိုသတိရ

မြတ်စွာဘုရားရှင်၏ လက်ထက်တော်အခါက ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရမင်းကြီး၏ သားတော်ဖြစ်သော အဇာတသတ်မင်းသားသည် ယုတ်မာသော အရှင်ဒေဝဒတ်ကို ဆရာတင်မှားခဲ့မိလေ၏။ အရှင်ဒေဝဒတ်၏ သွန်သင်ချက်အတိုင်း ဖခင်ကိုလုပ်ကြံ၏။ သို့သော် မအောင်မြင်။ ခမည်းတော်က အဘယ်ကြောင့် ဤသို့လုပ်ကြံရသနည်းဟု မေးမြန်းသော် ထီးနန်းကိုလိုချင်၍ဟုဖြေ၏။ ခမည်းတော်က အသာတကြည်ပင် ထီးနန်းကိုလွှဲအပ်ပေးတော်မူ၍ ကိုယ်တိုင် ရှင်ဘုရင်ဖြစ်လာသောအခါ ခမည်းတော်မင်းကြီးကိုပင် ထောင်သွင်းအကျဉ်းချထားခဲ့၏။ ထိုမျှမက ခြေဖဝါးကို

www.burmeseclassic.com

စားနှင့်ခွဲကာ ရှားမီးခဲဖြင့် ကင်မြိုက်စေသည်အထိ ရာဇသံပေး၍ ရက်စက်ခဲ့လေသည်။

ထိုကာလတွင် မိမိ၏ရင်သွေး သားတော်ကလေး မွေးဖွားသည်ကို ကြားရသောအခါ ရိုးတွင်းခြင်ဆီစိမ့်ခိုက်တမျှ ပီတိဖြစ်ကာ မိဘမေတ္တာတို့ သူ့ရင်မှာ ပေါ်ပေါက်လာ၏။ ဤတွင်မှ ခမည်းတော်သည်လည်း ငါ့အား ဤသို့ပင်ချစ်ရှာပေမည်ဟု သတိရလာကာ မယ်တော်ဝေဒေဟီမိဖုရားကြီးကို မေးမြန်းစုံစမ်း၏။ ထိုအခါ မယ်တော်က သင့်ဖခင် ဗိမ္ဗိသာရမင်းကြီးသည် သင့်အပေါ် မည်မျှမေတ္တာထားခဲ့သနည်းဆိုလျှင် သင်ငယ်စဉ် ရင်ခွင်ပိုက်အရွယ်က သင်၏လက်ညှိုးတွင် ခူနာကြီးပေါက်ခဲ့၍ ညမအိပ်နိုင်။ ထိုဝေဒနာသက်သာစေရန် သင့်ဖခင်က အနာရှိသော လက်ညှိုးကို သူ့အာခံတွင်းတွင်ငုံထားကာ အနွေးဓာတ်ပေး၍ အိပ်ပျော်စေရသည်။ အာခံတွင်းအနွေးဓာတ်ကြောင့် ထိုခူနာက ပြည်ပေါက်သောအခါ သင် အိပ်ရာမှနိုးမည်စိုးသောကြောင့် ထိုရွံရှာဖွယ် သွေးပြည်တို့ကို မျိုချတော်မူခဲ့ရှာသည်အထိ သင့်ကို ချစ်ခဲ့သည်ဟု ရှင်းပြတော့မှ သတိတရားဝင်လာကာ ခမည်းတော်ကိုလွှတ်စေဟု အမိန့်ပေး၏။ သို့သော် ထိုအချိန်တွင် ခမည်းတော်က နတ်ရွာစံခဲ့ပြီးလေပြီ။

အဇာတသတ်မင်းသည် မိဘကွယ်လွန်ပြီးချိန်တွင်မှ ရရှိခဲ့သော နောင်းနောင်တ၏ ထက်ကြပ်မကွာ နှိပ်စက်မှုကို ဘဝတစ်သက်တာလုံး ခံစားသွားခဲ့ရလေတော့၏။ မိဘကွယ်လွန်ပြီးတော့မှ ကျေးဇူးမဆပ်လိုက်ရလေခြင်းဟူသော နောင်းနောင်တမျိုးမှ ကင်းဝေးလိုသူတိုင်းသည် အဇာတသတ်မင်း၏ဖြစ်စဉ်ကို အစဉ်နှလုံးသွင်း သတိချပ်ကြရမည် ဖြစ်ပါသည်။

**အတုယူကြ ကေဒါရ**

စာရေးသူတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့တွင် ကြွေးဟောင်းဆပ်ပေး၊ ကြွေးသစ်ချနှင့်၊ ရွှေအိုးမြှုပ်နှံ ဟူသော ဆိုရိုးစကားအစဉ်အလာ ရှိပါသည်။ ထိုစကားမှာ ပကိဏ္ဏနိပါတ်၊ သာလိကေဒါရဇာတ်တော်(၂၇၆)မှ အခြေခံ၍လာသောစကားဖြစ်၏။ ထိုဇာတ်တော်မှာ ယခုတင်ပြနေသော မာတာပိတုဥပဋ္ဌာန် မင်္ဂလာတရားတော်နှင့် အကျုံးဝင်လှသောကြောင့် ဆောင်းပါး၏နိဂုံးအဖြစ် ဖော်ပြလိုပါသေးသည်။ ဇာတ်တော်၏အကြောင်းကား ဤသို့တည်း။

ရာဇဂြိုဟ်ပြည်အနီး သာလိန္ဒိယပုဏ္ဏားရွာ၌ ကောသိယဂေါတ္တအမည်ရှိသော ပုဏ္ဏားသည် မိမိပိုင်လယ်ယာမြေများမှ အချို့ကို လယ်လုပ်သားတစ်ယောက်အား အဖိုးအခပေး၍ စိုက်ပျိုးလုပ်ကိုင်စေ၏။ စပါးနှံများ ရင့်မှည့်ချိန်တွင် ထိုလုပ်သား၏လယ်သို့ ကျေးငှက်များ လာရောက်စားသောက်ကြရာ ဘုရားလောင်းကျေးသားငှက်မှာမူ ကိုယ်တိုင်စားရုံသာမကဘဲ စပါးနှံများကိုကိုက်ချီ၍ ယူငင်သွားလေ့ရှိ၏။ လယ်လုပ်သားမှာ ကျေးငှက်တို့စားသောက်ခြင်းမှ တားဆီးရန်အလို့ငှာ မတတ်နိုင်၍ လယ်ရှင်ပုဏ္ဏားကို သွားရောက်ပြောကြားအသိပေးသောအခါ အခြားငှက်များထက် စပါးနှံကိုပါ ကိုက်ချီယူသွားလေ့ရှိသော ကျေးသားငှက်ကိုသာ မိအောင်ဖမ်းပါဟု တာဝန်ပေးလေသည်။ ထို့ကြောင့် ကျော့ကွင်းထောင်၍ မိအောင်ဖမ်းပြီး ထိုကျေးသားငှက်ကို ပုဏ္ဏားထံ ပို့လေသည်။ ထိုကျေးငှက်သည် ကေဒါရကျေးမင်း ဖြစ်တော့၏။

ကောသိယဂေါတ္တပုဏ္ဏားသည် ကေဒါရကျေးမင်းကို ဖမ်းမိသောအခါ မေးမြန်းလေသည်။

"အို..ကျေးသားငှက်၊ အခြားသူများ၌လည်း ဝမ်းဗိုက်ရှိသည်သာမဟုတ်လော။ ထို့ကြောင့် ဝမ်းဗိုက်ပြည့်ရုံမျှသာ စားသောက်ကြသည်ဖြစ်လျက် သင်မူကား ဝမ်းဗိုက်ပြည့်ရုံမက စပါးနှံတို့ကို ကိုက်ချီသယ်ဆောင်သွားသည်မှာ သင့်တွင် သိုလှောင်ရန် စပါးကျီရှိနေ၍လော၊ သို့မဟုတ် ကျွန်ုပ်နှင့် ရန်ဘက်ဖြစ်နေ၍ တမင်ဖျက်ဆီးခြင်း ဖြစ်လေသလော"

"အရှင်ပုဏ္ဏား..အကျွန်ုပ်၌ စပါးကျီလည်း မရှိပါ။ အရှင့်ကို ရန်လို၍လည်းမဟုတ်ပါ။ စပါးနှံများကို ကိုက်ချီသွားရခြင်းမှာ ကျွန်ုပ်တွင် ကြွေးဟောင်းဆပ်ပေး ကြွေးသစ်ချနှင်းပြီးနောက် ရွှေအိုးမြှုပ်နှံရခြင်းတို့ကြောင့်ဖြစ်ပါသည်"

ပုဏ္ဏားကြီးသည် ကျေးမင်း၏အဖြေကို နားမလည်သောကြောင့် ထိုစကား၏အဓိပ္ပာယ်တို့ကို မေးမြန်းရပြန်လေသည်။

"အရှင်ပုဏ္ဏား..အကျွန်ုပ်၏ အတောင်မပေါက်သေးသော ကျေးသားငယ်ကလေးများကို ကျွေးရသည်မှာ သူတို့က နောင်တစ်ချိန် ကျွန်ုပ်အိုမင်းသောအခါ ပြန်လည်ကျွေးမွေးကြမည်ဖြစ်၍ ကြွေးသစ်ချခြင်း မည်ပါသည်။ အိုမင်းမစွမ်းတော့သော မိဘတို့ကို ကျွေးရသည်မှာ ကျွန်ုပ်ငယ်စဉ်က သူတို့ကျွေးမွေးခဲ့သည့် ကြွေးဟောင်းကို ဆပ်ခြင်းမည်ပါသည်။ ထို့အပြင် ကြွေးဟောင်းဆပ်ခြင်းဟု သဘောမထားဘဲ ကုသိုလ်တရားကိုရည်စူး၍ ကျွေးမွေးခြင်းမှာမူ ရွှေအိုးမြှုပ်နှံခြင်း ဖြစ်ပါတော့သည်"

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ တစ်ဆင့်ချင်းရှင်းပြလေသောအခါ ပုဏ္ဏားကြီးသည် အလွန်တရားရှိသော ကျေးသားကောင်းပေတကားဟု ကျေနပ်အားရလှသောကြောင့် ပယ်တစ်ထောင်မျှကျယ်ဝန်းသောလယ်ခင်းကို ကျေးမင်းအတွက် ချီးမြှင့်အပ်နှင်းလေသည်။ အလောင်းတော်ကျေးမင်းသည် လယ်ရှစ်ပယ်ကိုသာ ယူ၍ ပုဏ္ဏားအား မိဘတို့အား လုပ်ကျွေးပြုစုရန်၊ အလှူဒါန ပြုရန် တရားတို့ကို ဟောကြားလေသည်။ ပုဏ္ဏားကြီးလည်း ထိုတရားအတိုင်း လိုက်နာကျင့်သုံးလျက် တရားစောင့်သော ရဟန်းပုဏ္ဏားတို့အား အလှူဒါနအကြီးအကျယ်ပြုသကဲ့သို့ မိဘတို့အားလည်း ယခင်ကထက် ဆတက်ထမ်းပိုးတိုး၍ ကျွေးမွေးပြုစု ကျေးဇူးဆပ်လေသည်။

ထို့ကြောင့် ဤကေဒါရကျေးမင်း၏ ထုံးဟောင်းသာဓကကိုယူ၍ မိဘတို့အား မကွယ်လွန်မီအချိန်၌ မိမိတတ်စွမ်းသမျှ ကျေးဇူးဆပ်ခြင်းဖြင့် မာတာပိတု ဥပဋ္ဌာန်မင်္ဂလာ တရားတော်နှင့်အညီ ကျင့်ကြံကြိုးကုတ်ကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

နိဂုံးအနေဖြင့် မြတ်စွာဘုရားရှင် ဟောကြားတော်မူသော ဤ(၃၈)ဖြာမင်္ဂလာ တရားတော်များကို-

(၁) ဘုရားရှင်၏ အဆုံးအမသာသနာတော်ကြီး စည်ပင်ပြန့်ပွားစေလိုခြင်း၊

(၂) သိရှိနိုင်ကြစေလိုခြင်းနှင့် လိုက်နာကျင့်သုံးနိုင်စေလိုခြင်း၊

(၃) ထိန်းသိမ်းစောင့်ရှောက်ကြ၍ ကာလကြာရှည်တည်တံ့စေလိုခြင်း၊

(၄) မျက်မှောက်လောကရှိ ကမ္ဘာသူကမ္ဘာသားများအားလုံး မေတ္တာဗြဟ္မစိုရ်တရားများ ခန်းခြောက်မသွားစေလိုခြင်း စသောရည်ရွယ်ချက်များဖြင့် လက်လှမ်းမီသမျှ ကြိုးစားရေးသားခြင်းဖြစ်ပါကြောင်း တင်ပြလိုက်ရပါသတည်း။

ညွန့်တင်(တညောင်-ကန်ဆွယ်)

**ကျမ်းကိုး**


၁။ (၃၈)ဖြာမင်္ဂလာအကျယ်ဟောပြောကျမ်း (ဆရာတော်ဦးအဂ္ဂဝံသ)။

၂။ ပရိတ်ကြီးနိဿယသစ် (အရှင်ဝါသေဋ္ဌာဘိဝံသ)။

၃။ သမ္မတဆယ်စောင်တွဲ။

၄။ မင်္ဂလသုတ် ကိုယ်တိုင်ဆည်းပူးလေ့လာသင်ကြားခဲ့ခြင်း။


မိုးကြိုး 900



နိဗ္ဗာန်ကုန်နှင့် ကြေးကုန်၊ သံကုန် ထုတ်လုပ်ဖြန့်ချီရေး

ဘုရား၊ ရဟန္တာ ဆင်းတုတော်များကို ပင့်လျှင် ရောင်ခြည်ပွင့်သော ဓာတ်တော်များနှင့် အခမဲ့ ရင်ငွေ့ခိုလှုံပေးသည်။ ဘုရားရောင်တော်ဖွင့်သည်။ ရွှေချသည်။

စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ မီးဘေး၊ ရေဘေး အပါအဝင် ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို အထူးဆုတောင်းပေးသည်။ ဆုတောင်းပြည့်သည်။

သက်န်းနှင့် ပရိက္ခရာမျိုးစုံတို့ကိုလည်း ရရှိနိုင်ပါသည်။

အမှတ်(၉/၃၇၉)၊ အထက်ဗဟိုလမ်းမကြီး၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉ ၄၃၀ ၉၂၉၅၀ ၊ ၀၉ ၇၃၀ ၃၅၆၁၂

www.moekyoe.900.com




www.burmeseclassic.com

www.burmeseclassic.com

(၁)

ဤလောက၌ တရားထက်သန်သော သူတော်ကောင်းတို့သည် အလျှုဒါနပြုခြင်းဖြင့် ကုသိုလ်ကိုရအောင် ယူတတ်ကြ၏။ သို့သော် မိုက်မဲဝန်တိုသူတို့ကား သူတစ်ပါးတို့၏ အလှူဒါနကိုပင် ပြစ်ရှုကဲ့ရဲ့ခြင်းဖြင့် ကြားကဝင်၍ အကုသိုလ်ယူတတ်ကြလေသည်။ ဓားခုတ်ရာ လက်ဝင်လျှိုဆိုသကဲ့သို့ မိမိကိုယ်မိမိ အကျိုးမဲ့ဖြစ်အောင် ပြုတတ်ကြသူများဟု ဆိုနိုင်ပေသည်။

ထိုသို့သောပုဂ္ဂိုလ်များသည် ယနေ့ယခုကာလတွင်သာမဟုတ် မြတ်စွာဘုရားရှင်၏ လက်ထက်တော်တွင်လည်း ရှိခဲ့ကြသည်သာဖြစ်၏။ ထိုသို့သော တစ်ပါးသူ၏အလှူကို ပြစ်ရှုကဲ့ရဲ့တတ်သော ရဟန်းငယ်တစ်ပါးကို အကြောင်းပြု၍ ဘုရားရှင်သည် ဒဒါတိဝေ ယထာသဒ္ဓံ အစရှိသောဒေသနာတော်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဟောကြားတော်မူခဲ့ရလေသည်။ ထိုရဟန်းငယ်ကား တိဿအမည်ရှိသော ရဟန်းငယ်ပင်ဖြစ်လေသည်။

◆◆◆

တိဿရဟန်းငယ်ကား သာဝတ္ထိပြည်အတွင်းရှိ ကျေးရွာတစ်ရွာမှ တစ်ယောက်သောတံခါးစောင့်၏သားဖြစ်၏။ သူသည် တောအရပ်သို့သွားကြသော လက်သမားတို့နှင့် အတူတကွလိုက်လံအလုပ်လုပ်ရင်း သာဝတ္ထိပြည်သို့ ရောက်ရှိလာကာ ရဟန်းပြုခဲ့သူဖြစ်၏။

တိဿသည် ရဟန်းငယ်တစ်ပါးဖြစ်လာသည့်တိုင် သူ့






www.burmeseclassic.com

www.burmeseclassic.com

တစ်ပါးတို့အား ကဲ့ရဲ့သည့်အကျင့်စရိုက်ကို မဖျောက်နိုင်ဘဲ ရှိ၏။ ထိုရဟန်းငယ်သည် အနာထပိဏ်၊ ဝိသာခါတို့မှအစ သာဝတ္ထိမြို့နေ ငါးကုဋေမျှလောက်သော အရိယာသာဝက တို့ကို ပေးလှူသည့်အလှူမှန်သမျှကို မည်သည့်အခါမှ အကောင်းမပြောချေ။ နည်းအမျိုးမျိုးဖြင့် ကဲ့ရဲ့ရှုတ်ချလျက် သာရှိ၏။

ထိုသူဌေးသူကြွယ်တို့၏အလှူမှ ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်တို့ကို ခံယူရရှိသည့်အခါ အေးသည်ကိုရလျှင် အေး၍၊ ပူသည်ကိုရလျှင် ပူ၍၊ အနည်းငယ်မျှရလျှင် နည်းပါး၍၊ များစွာပေးလှူပြန်လျှင်လည်း ရဟန်းတို့ကို မျှတရုံသာမလှူဘဲ များပြားစွာ မကုန်နိုင်မခန်းနိုင်လှူ၍ အကျိုးမဲ့စွန့်ပစ်ရခြင်းသာ အဖတ်တင်သည်ဟူ၍ စသဖြင့် အပြစ်မလွတ်နိုင်အောင် ပြောဆိုကဲ့ရဲ့၏။ သာမန်သူဌေးသူကြွယ်တို့၏ အလှူပွဲကိုထားပါဦး၊ ပြည့်ရှင်ဖြစ်သော ပသေနဒီကောသလမင်းကြီး၏ အသဒိသအလှူကြီးကိုပင် ကဲ့ရဲ့ရှုတ်ချသည်ဖြစ်၍ ကမ်းကုန်နေပြီဟု ဆိုရတော့မလိုပင်။ သို့သော် သူ၏ဆွေမျိုးများအကြောင်းကို ပြောပြီဆိုလျှင်မူ အမြဲပင်ချီးမွမ်းစကားသာဆို၏။ ငါ၏ဆွေမျိုးတို့အိမ်များသည်မူ အရပ်လေးမျက်နှာမှ ရောက်လာကြကုန်သော အလှူခံရဟန်းတို့၏ ရေတွင်းသဖွယ် အားကိုးအားထားပြုရာများ ဖြစ်ပေသည်ဟုသာ ပြောကြားလေ့ရှိလေသည်။

အချိန်ကြာလာသောအခါ အတူနေရဟန်းတော်တို့သည် တိဿ၏အကြောင်းကို သိရှိလာကြ၍ စုံစမ်းလိုစိတ်များ ဖြစ်ပေါ်လာကြ၏။

'ငါ့ရှင်တို့..ဤတိဿရဟန်းငယ်သည် တစ်ပါးသော အလှူရှင်တို့၏အလှူမှန်လျှင် အမြဲပင် ဆီလိုအပေါက်ရှာ၍ မကောင်းစကားဖြင့် ကဲ့ရဲ့ရှုတ်ချ၏။ သို့သော် သူ၏အဆွေအမျိုးတို့နှင့်ပတ်သက်လာလျှင်ကား ရဟန်းတို့၏အားကိုးရာကြီးသဖွယ် အကောင်းအမွန်ချည်း ချီးမွမ်းပြောကြား၏။ ဧကန္တ သူ၏အဆွေအမျိုးတို့သည် ကျွန်ုပ်တို့အား ပေးလှူနေကြသော အလှူရှင်များထက် ချမ်းသာကြွယ်ဝကြလေသလော၊ သဒ္ဓါတရားထက်သန် မွန်မြတ်ကြလေသလော။ ဤရဟန်းငယ်တိဿသည် ဘယ်အရပ်၊ ဘယ်ရွာက လာခဲ့သူဖြစ်သနည်း။ သူ့အဆွေအမျိုးများသည် ဘယ်ရပ်ဘယ်ရွာတွင် အခြေချနေထိုင်ကြသနည်း။ ငါတို့သည် အကြောင်းရင်းကိုသိရအောင် စုံစမ်းကြကုန်အံ့'

ရဟန်းတော်တို့သည် ဤသို့လျှင် တိုင်ပင်မိကြပြီးနောက် တိဿရဟန်းငယ်၏ ရပ်ရွာဒေသကို အမှတ်တမဲ့ မေးမြန်းကြ၏။ တိဿရဟန်းငယ်လည်း အမြဲသတိချပ်၍ မနေနိုင်လေရကား သူ၏ရပ်ရွာဒေသကို ဖြေကြားမိလေ၏။ တိဿ၏နေရပ်ဒေသကို သိရှိရပြီဆိုသည်နှင့် ရဟန်းငယ်နှစ်ပါး၊ သုံးပါးကို ထိုအရပ်ဒေသသို့ စုံစမ်းရန်စေလွှတ်လိုက်ကြ၏။

တိဿရဟန်းငယ်၏ ကျေးရွာသို့ ရောက်ရှိသွားကြသောအခါ ရွာသူရွာသားတို့သည် စုံစမ်းရန်ရောက်ရှိလာသော ရဟန်းတို့ကို ပူဇော်သက္ကာရပြုကြ၏။ ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်များ ကပ်လှူကြ၏။ ရဟန်းတော်တို့ကလည်း ချမ်းသာကြွယ်ဝသော ဆွေမျိုးရှိသည့် တိဿအမည်ရှိသော သူငယ်၏အကြောင်းကို မေးမြန်းစုံစမ်းကြ၏။

'အရှင်ဘုရားတို့..တပည့်တော်တို့ကျေးရွာမှာ ချမ်းသာကြွယ်ဝကြသူများတွင် ထိုအမည်ဖြင့် သားယောကျ်ားလုလင်ပျို မရှိကြပါ။ သို့သော် တံခါးစောင့်တစ်ဦးတွင်မူ တိဿအမည်နှင့် သားတစ်ယောက်ရှိပါသည်။ ထိုသူငယ်သည် လက်သမားအဖွဲ့များနှင့်အတူ လိုက်ပါအလုပ်လုပ်နေရာမှ ရဟန်းပြုသွားသည်ဟု ကြားသိကြရပါသည်။ အရှင်ဘုရားတို့မေးမြန်းသော တိဿမှာ ထိုသူငယ်သာ ဖြစ်ပါလိမ့်မည်။ အခြားအမည်တူဟူ၍ ဤရွာ၌ မရှိပါဘုရား'

ကျေးရွာခံလူအများ၏ တညီတညွတ်တည်းလျှောက်တင်ချက်ကြောင့် တိဿရဟန်းငယ်၏ နောက်ကြောင်းရာဇဝင်အမှန်ကို သိရှိကြရပေပြီ။ ထို့ကြောင့် ရဟန်းတို့လည်း သာဝတ္ထိပြည်သို့ ပြန်ကြွသွားကြပြီး အခြားရဟန်းတို့အား တစ်ဆင့်ပြန်လျှောက်ကြားကြ၏။ ရဟန်းတို့က တစ်ဖန် မြတ်စွာဘုရားထံ လျှောက်ကြားကြပြန်သောကြောင့် ဘုရားရှင်က မိန့်တော်မူလေသည်။

'ချစ်သားတို့..တိဿရဟန်းငယ်သည် ယခုအခါတွင်သာ ဤသို့ကဲ့ရဲ့ရှုံ့ချနေသည်မဟုတ်၊ ရှေးအခါကလည်း ဤသို့ပင် ကဲ့ရဲ့ရှုံ့ချခဲ့သူသာတည်း'

ဤတွင် ရဟန်းတို့က တောင်းပန်ကြသောကြောင့် မြတ်စွာဘုရားရှင်လည်း တိဿရဟန်းငယ်၏အတိတ်ကို ဆောင်တော်မူလေသည်။

◆ ◆ ◆

(၃)

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်ကို ဗြဟ္မဒတ်မင်းကြီး မင်းပြုနေစဉ်၌ ဘုရားလောင်းသည် ထိုပြည်



www.burmeseclassic.com

www.burmeseclassic.com

တွင် ကြီးကျယ်ခမ်းနားသော သူဌေးကြီးတစ်ဦးဖြစ်ခဲ့လေသည်။ သူဌေးကတော်ကြီးက သားဖွားသောနေ့မှာပင် ထိုအိမ်မှ ကျွန်မသည်လည်း သားကိုဖွားမြင်ခဲ့၍ ထိုသူငယ်နှစ်ဦးသည် အတူတကွပင် နေထိုင်ကြီးပြင်းလာခဲ့ကြ၏။ ကျွန်မ၏သားသည် ကဋ္ဌာဟကဟု အမည်တွင်၏။

သူဌေးကြီးသည် ကဋ္ဌာဟကကို မိမိသားနှင့်မခြား အဆင့်အတန်းမခွဲခြားဘဲ ကြည့်ရှုစောင့်ရှောက်၏။ မိမိ၏သားနှင့်အတူ ဂဏန်းသင်္ချာစာပေတို့ကို သင်ကြားစေ၏။ ကဋ္ဌာဟကသည် အဆင်းလှသကဲ့သို့ စကားပြောဆိုရာ၌လည်း လိမ္မာပြေပြစ်သူဖြစ်၍ အရွယ်ရောက်လာသောအခါ သူဌေးကြီးက ဘဏ္ဍာစိုးအဖြစ် ခန့်အပ်နေရာချထားပေးလေသည်။ သို့သော် ကဋ္ဌာဟကသည် မိမိသည် ကျွန်မ၏သားဟူသော ဘဝအတွက် နောက်ကျောလုံသူ,မဟုတ်။ ထို့ကြောင့် မိမိရှေ့ရေး အေးချမ်းစေရေးအတွက် အမြဲတွေးတော ကြံစည်နေ၏။

'သူဌေးကြီးသည် ငါ့ကို ယခုအခါ ဘဏ္ဍာစိုးအဖြစ် ခန့်အပ်ချီးမြှောက်ထားသည်ကားမှန်၏။ သို့သော် စိတ်ချရသည်မဟုတ်။ အပြစ်တစ်စုံတစ်ရာတွေ့ခဲ့လျှင် ငါ့အား ရာထူးမှချနိုင်၏။ ထို့အပြင် ရိုက်နှက်ချုပ်နှောင်ကာ သံပူတံဆိပ်ခတ်နှိပ်ပြီး ကျွန်အဖြစ်လည်းခိုင်းစေနိုင်၏။ ဤအရပ်နှင့် ဝေးကွာလှသော ပစ္စန္တရွာ၌ သူဌေးကြီး၏မိတ်ဆွေဖြစ်သော သူဌေးတစ်ဦးရှိသည်ကို ငါသိ၏။ ထိုသူဌေးကြီး၌ အရွယ်ရောက်ပြီး သမီးတစ်ယောက်ရှိသည်ကိုလည်း ငါသိ၏။ ငါသည် ဗာရာဏသီသူဌေးကြီးအနေမျိုးဖြင့် စာတစ်စောင်ကိုရေး၍ ပစ္စန္တရွာသူဌေးကို ပေးအံ့။ ရွာသူဌေး၏သမီးကိုယူ၍ ချမ်းသာစွာနေထိုင်ရလျှင် ရှေ့ရေးရင်အေးရပေလိမ့်မည်'

ကဋ္ဌာဟကသည် ထိုသို့ကြံစည်ပြီး ဗာရာဏသီသူဌေးကြီးအနေမျိုးဖြင့် စာတစ်စောင်ကို ရေးလေသည်။

*မိတ်ဆွေပစ္စန္တရွာသူဌေး··*

*ကျွန်ုပ် ဗာရာဏသီသူဌေးမှ ပေးစာတစ်စောင်နှင့်အတူ ကျွန်ုပ်၏သားကို သင့်ထံ စေလွှတ်လိုက်သည်။ ကျွန်ုပ်၏သားကို သင်၏သမီးနှင့် ထိမ်းမြားပေး၍ သင်နှင့်အတူနေထိုင်စေရန် ခွင့်ပြုထားရှိပါလေ။ အခွင့်ကြုံသောအခါ၌ သင့်ထံ ကျွန်ုပ်လာရောက်ခဲ့ပါမည်။*

ကဋ္ဌာဟကသည် အကြောင်းကြားစာကို ကိုယ်တိုင်ရေးပြီးနောက် ဗာရာဏသီသူဌေးကြီး၏ အမှတ်တံဆိပ်ကို တိတ်တခိုးယူ၍ ခတ်နှိပ်သည်။ ပြီးနောက် လမ်းခရီးအတွက် ရိက္ခာနှင့် ကောင်းမွန်သော နံ့သာအဝတ်အစားတို့ကို စုဆောင်းယူဆောင်၍ ပစ္စန္တရွာသို့ သွားလေသည်။ ရွာသူဌေးကြီးထံ ရောက်သောအခါ အသင့်ရေးယူလာခဲ့သောစာကိုပြ၏။

စာတွင် ဗာရာဏသီသူဌေးကြီး၏ အမှတ်အသားတံဆိပ်ခတ်နှိပ်ထားသောကြောင့် ပစ္စန္တသူဌေးက ယုံကြည်သွား၍ အားရဝမ်းသာစွာပင် မိမိ၏သမီးနှင့် ကဋ္ဌာဟကကို ထိမ်းမြားလက်ထပ်ပေးလေသည်။ ထို့နောက် စည်းစိမ်ချမ်းသာဖြင့်နေစေကာ သမက်အတွက် အခြွေအရံများကိုလည်း ထားရှိပေး၏။

ကဋ္ဌာဟကကမူ မိမိ၏ရည်မှန်းချက်အတိုင်း စည်းစိမ်ချမ်းသာနှင့် နေထိုင်ရပြီဆိုသည့်တိုင် သူတစ်ပါးအား ကဲ့ရဲ့ရှုတ်ချသောအကျင့်က မပျောက်ချေ။ သူ့အား ပေးအပ်ထားသော အခြွေအရံတို့ကို ထမင်းစားချိန်ရောက်တိုင်း ဤထမင်း ဤဟင်းတို့ကို ဤသို့ညံ့ဖျင်းစွာချက်ပြုတ်ကြရသလောဟု အမြဲကဲ့ရဲ့ရှုတ်ချ၏။ တစ်စုံတစ်ရာသော ကဲ့ရဲ့စကားကို မပြောဆိုဘဲနှင့် တစ်နပ်မျှ ဖြောင့်ဖြောင့်စားသောက်သည် မရှိချေ။

◆ ◆ ◆

(၄)

သခင်ဖြစ်သော ဗာရာဏသီသူဌေးကြီးသည် မိမိ၏သားသဖွယ် သဘောထားခဲ့သော ဘဏ္ဍာစိုး ကဋ္ဌာဟက, က မိမိနေအိမ်လောင်းရိပ်မှ ပျောက်ကွယ်သွားခဲ့သည်ကို သိရှိသည်နှင့် စုံစမ်းရှာဖွေ၏။ အနီးပတ်ဝန်းကျင်တွင် အရိပ်မျှ မတွေ့ရသောအခါ တပည့်လက်သားများအား တာဝန်ခွဲဝေပေးအပ်ကာ အရပ်ရပ်သို့ စေလွှတ်စုံစမ်းစေ၏။

ဤတွင် တစ်ယောက်သောသူက ပစ္စန္တရွာသို့ရောက်ရှိသွားခဲ့ကာ ပစ္စန္တသူဌေး၏ သမက်အဖြစ်နှင့် တင့်တယ်ကောင်းစားနေသော ကဋ္ဌာဟကကို တွေ့ရှိခဲ့လေသည်။ ထို့ကြောင့် တိတ်တဆိတ်ပြန်လာကာ ဗာရာဏသီသူဌေးကြီးကို ပြန်လည်ပြောပြ၏။

'ကြည့်စမ်းကွယ်တို့··သည်သူငယ်ဟာ ငါကမြှောက်စားပါလျက်နဲ့ မသင့်လျော်တဲ့အမှုကိုပြုတာပဲ။ သူ့ကို ငါကိုယ်တိုင် သွားရောက်ဖမ်းဆီးပြီး ပြန်လာခဲ့မယ်။ သည်အတောအတွင်း နေအိမ်ကို စောင့်ရှောက်ရစ်ကြ'

သူဌေးကြီးသည် ဤသို့မှာကြားထားခဲ့ကာ များစွာ

www.burmeseclassic.com

www.burmeseclassic.com

သောနောက်ပါအခြွေအရံတို့နှင့်တကွ ပစ္စန္တရွာသို့ထွက်ခဲ့၏။ သူဌေးကြီးထွက်လာခဲ့ပြီဖြစ်ကြောင်း သတင်းကြားရလျှင်ပင် ကဋ္ဌာဟကသည် များစွာတုန်လှုပ်သွား၏။

သူဌေးကြီးသည် ငါ့ကိုဖမ်းဆီးရန် လာခြင်းဖြစ်မည်။ ငါက ကြိုတင်၍ထွက်ပြေးခဲ့လျှင် လွတ်မြောက်နိုင်သည်မှာ မှန်၏။ သို့သော် ဤအရပ်သို့ ဘယ်သောအခါမှ ပြန်လာခွင့်ရတော့မည်မဟုတ်။ ထို့ကြောင့် ငါထွက်မပြေးဘဲ ငါ၏အရှင်သခင်အား ရှေ့မှသွားရောက်ကာ ခရီးဦးကြိုပြု၍ ငယ်ကျွန်တစ်ဦးကဲ့သို့ ပြုစုခြင်းဖြင့် နှစ်သိမ့်ခြင်းသည်သာ သက်သာဖွယ်ရှိပေလိမ့်မည်ဟု စဉ်းစားမိလေသည်။ စဉ်းစားမိသည့်အတိုင်းပင် ကဋ္ဌာဟကသည် မိမိ၏အခြွေအရံများကို ခေါ်ယူစုရုံးစေပြီး စည်းရုံးပြောကြားထားနှင့်လေသည်။

'အချင်းတို့..မိုက်မဲသူတို့သည် အမိ,အဖတို့ကျေးဇူးကို မသိကြ၊ မရှိသေကြဘဲ မိဘတို့နှင့်အတူ လက်ရေတစ်ပြင်တည်း စားသောက်တတ်ကြ၏။ ငါမူကား မိဘကျေးဇူးကို သိ၍ ဘယ်သောအခါကမျှ မိဘနှင့်အတူ ဝင်ရောက်စားသောက်ခြင်းမပြု။ မိဘတို့စားသောက်သောအခါ စားသောက်ဖွယ်တို့ကို ကိုယ်တိုင်ပြင်ဆင်ပေး၏။ သောက်ရေ၊ လက်ဆေးရေ၊ ထွေးခံတို့ကို အသင့်ဆောင်ယူပေးပြီး အနီးမှ ယပ်ခတ်ပေးစမြဲဖြစ်သည်။ မိဘတို့ ကိုယ်လက်သန့်စင်သောအခါတွင်လည်း ချိုးရေအိုးကို ကိုယ်တိုင်ဖြည့်ပေး၏။ ရေချိုးခန်းအတွင်းသို့ဝင်ရောက်၍ ကိုယ်တိုင်ပင် ချေးညှော်တို့ကို ပွတ်တိုက်သန့်ရှင်းပေး၏။ ယခု ငါ၏ဖခင်သည် ငါ့ထံလာရောက်နေပြီဟု ကြားသိရသည်။ ဖခင်ရောက်လာလျှင် ထိုကဲ့သို့ပြုစုပေးနိုင်ရန် လိုအပ်သမျှတို့ကို ယခုကတည်းက ကြိုတင်ပြင်ဆင်ထားပေးနှင့်ကြ'ဟု အမိန့်ပေး၏။

တစ်ဆက်တည်းပင် ယောက္ခမသူဌေးကိုလည်း ပြောကြား၏။

'အကျွန်ုပ်၏ဖခင်သည် အလည်အပတ်ရောက်ရှိလာမည်ဖြစ်၍ လက်ဆောင်ပဏ္ဏာများနှင့်တကွ ခရီးဦးကြိုဆိုရန် သွားရောက်ရပါမည်။ ခွင့်ပြုတော်မူပါလော့'

ယောက္ခမသူဌေးလည်း ခွင့်ပြုရလေသည်။ ကဋ္ဌာဟကသည် များစွာသောလက်ဆောင်ပဏ္ဏာတို့ကိုယူ၍ အခြွေအရံများနှင့်တကွ နေအိမ်မှ ကြိုတင်ထွက်၏။ ဘုရားလောင်းသူဌေးကြီးကို ကြိုဆိုရှိခိုး၍ အမျိုးမျိုးသောလက်ဆောင်ပဏ္ဏာများကို ဆက်သ၏။ ဘုရားလောင်း ဗာရာဏသီသူဌေးကြီးလည်း မည်သို့မျှမှတ်ချက်မပြုသေးဘဲ ကဋ္ဌာဟကကို အကဲခတ်လျက်သာနေ၏။

နံနက်စာစားသောက်ခါနီးအချိန်၌ သူဌေးကြီးသည် ကိုယ်လက်သန့်စင်ရန် ရေချိုးရာအခန်းသို့ဝင်၏။ ထိုအချိန်တွင် ကဋ္ဌာဟကသည် သန့်သက်ရေအိုးတို့ကို ဆောင်ယူလျက် ဘုရားလောင်းထံဝင်ရောက်၍ ရေကိစ္စပြီးဆုံးသည်အထိ ကူညီလုပ်ကိုင်ဆောင်ရွက်ပေး၏။ သူဌေးကြီးနှင့် နှစ်ဦးတည်းရှိကြသောအချိန်တွင်မှ ရှိသေစွာရှိခိုး၍ နှစ်ကိုယ်ကြားတောင်းပန်လေသည်။

'အရှင်သည် ဤမျှလောက်သောဥစ္စာကို အလိုရှိပါက ကျွန်ုပ်ပေးဆောင်ပါမည်။ ကျွန်ုပ်၏စည်းစိမ်ချမ်းသာကို ရှိရင်းစွဲအတိုင်းရှိပါစေ။ ကွယ်ပျောက်အောင်မပြုပါနဲ့အရှင်'

သူဌေးကြီးလည်း ကဋ္ဌာဟက၏ ဝတ်ကြီး,ဝတ်ငယ်ပြုမှုတို့ကို ကျေနပ်မိသောကြောင့် 'မစိုးရိမ်ပါနဲ့၊ သင့်ကို ငါ အန္တရာယ်ပြုနှောင့်ယှက်မည်မဟုတ်ပါ'ဟု နှစ်သိမ့်လိုက်လေသည်။

သူဌေးကြီး ရွာသို့ဝင်သောအခါ ကဋ္ဌာဟကသည် ကြီးစွာသောပူဇော်သက္ကာရကိုပြု၍ သူ၏လေးမြတ်မှုကို ထင်ရှားစေပြန်သဖြင့် နှုတ်ဆိတ်၍ နေမိရပြန်လေသည်။ ကဋ္ဌာဟကသည် သူဌေးကြီး မိမိရွာ၌ရှိနေစဉ်အတွင်း ကျေးကျွန်သဖွယ် ပြုစုဆောင်ရွက်လေသည်။

'ကျွန်ုပ်သည် အရှင်သူဌေးကြီးပေးလိုက်သော ကမ္ပည်းစာအရ ကျွန်ုပ်၏သမီးနှင့် အရှင့်သားကို ထိမ်းမြားပေး၍ ကျွန်ုပ်နဲ့အတူ ချမ်းသာစွာနေထိုင်စေပါသည်'ဟု ပစ္စန္တသူဌေးက ပြောကြားလာသောအခါ ဘုရားလောင်းသူဌေးသည် ကဋ္ဌာဟကကို သားအဖြစ်သာလျှင် သင့်လျော်သောစကားဖြင့် တုံ့ပြန်ပြောဆိုကာ ပစ္စန္တသူဌေးအား နှစ်သိမ့်လေသည်။ ပစ္စန္တသူဌေးလည်း များစွာကျေနပ်နှစ်သက်၏။

ဘုရားလောင်းသူဌေးသည် ကဋ္ဌာဟက၏ ကဲ့ရဲ့တတ်သောအကျင့်ကို ပယ်ဖျောက်ရန် ဆုံးမလို၏။ ထို့ကြောင့် သူဌေးသမီးကိုခေါ်ယူကာ ကဋ္ဌာဟကအကြောင်းကို စုံစမ်း၏။ သူဌေးသမီးက ပြော၏။

'ဖခင်..၎င်းတွင် အခြားသောအပြစ်မရှိပါ။ သို့သော် အစာအာဟာရနှင့်ပတ်သက်လျှင် အမြဲကဲ့ရဲ့ရှုတ်ချလေ့ရှိပါသည်'

'ချစ်သမီး..ငါသည် အာစေးထည့်သောမန္တန်ကို သင်ကြားပေးခဲ့မည်။ ရအောင်ကျက်မှတ်၍ အစာစားသောအခါ ကဲ့ရဲ့ရှုတ်ချလျှင် ၎င်းရှေ့မှရပ်၍ ဤဂါထာကို ရွတ်ဆိုပါ

www.burmeseclassic.com

www.burmeseclassic.com

လော့'

ဘုရားလောင်းသူဌေးကြီးသည် သူဌေးသမီးအား ဂါထာကို အလွတ်ရအောင်ကျက်မှတ်သင်ယူစေပြီးနောက် သုံး၊လေးရက်ကြာလျှင် ဗာရာဏသီသို့ ပြန်လေသည်။ ကဋ္ဌာဟကသည် သူဌေးကြီး၏အပြန်ခရီးတွင်လည်း များစွာသောလက်ဆောင်ပဏ္ဏာများ၊ ခဲဖွယ်၊ ဘောဇဉ်များနှင့်တကွ လိုက်လံပို့ဆောင်၍ ရှိခိုးကန်တော့ပြီးမှ မိမိရွာသို့ ပြန်ခဲ့လေသည်။ သူဌေးကြီးက ရန်မမူဘဲပြန်သွားသည်ဖြစ်၍ ကဋ္ဌာဟကသည် ထိုအချိန်မှစ၍ ယခင်ကထက် မာန်မာန တက်ကြွလာလေရာ အစားအစာစားသောက်တော့မည့် အချိန်တိုင်းပင် မည်မျှမွန်မြတ်အောင် ချက်ပြုတ်ကျွေးမွေးစေကာမူ အပြစ်ရှာ၍ ကဲ့ရဲ့ရှုတ်ချလေတော့၏။

ထိုအခါတိုင်းပင် သူဌေးသမီးသည် ဘုရားလောင်းသူဌေးကြီးသင်ကြားပေးခဲ့သော ဂါထာကို ရှေ့မှနေ၍ ရွတ်ဆိုလေသည်။ စင်စစ်၌ အနက်အဓိပ္ပာယ်ကို သိ၍မဟုတ်၊ သူဌေးကြီးက မှာကြားထားခဲ့သောကြောင့်သာ ရွတ်ဆိုရခြင်းဖြစ်၏။

'ဗဟုမ္ပိသော ဝိကတ္ထေယျ၊ အညံ ဇနပဒံ ဂတော၊
အန္ဝါဂန္တွာန ဒူသေယျ ဘုဉ္ဇ ဘောဂေ ကဋ္ဌာဟက'

ထိုဂါထာကို ရွတ်ဆိုသံကြားရလျှင် ကဋ္ဌာဟကသည် များစွာတုန်လှုပ်သွားရလေသည်။ သူဌေးသမီးက ဂါထာ၏ အနက်အဓိပ္ပာယ်ကို မသိသော်လည်း ကဋ္ဌာဟကကမူ သိရှိနေသောကြောင့်ဖြစ်၏။

ဂါထာ၏ အနက်အဓိပ္ပာယ်မှာ-

'အကြင်သူသည် မိမိဇာတိအရပ်မှ တစ်ပါးသော ဇနပုဒ်သို့ သွားရောက်၏။ ထိုသူသည် များစွာကဲ့ရဲ့တတ်၏။ ဤသို့ကဲ့ရဲ့နေလျှင် နောက်တစ်ကြိမ်ပြန်လာ၍ ဖျက်ဆီးလိမ့်မည်။ ထို့ကြောင့် စည်းစိမ်ချမ်းသာကို အေးအေးသာ သုံးဆောင်ခံစားပါလော့'ဟူ၍ဖြစ်သည်။

ထို့ကြောင့် ကဋ္ဌာဟကသည် သူဌေးကြီးသည် ငါ့ဇနီးသည်အား ငါ၏အကြောင်းကို ပြောပြထားပြီးဖြစ်ချေသည်တကား။ ဤသို့ကဲ့ရဲ့ရှုတ်ချနေလျှင် ငါ၏စည်းစိမ်ချမ်းသာသည် မကြာမီပျက်စီးရချေတော့မည်ဟု စဉ်းစားမိကာ တုန်လှုပ်သွားရခြင်းဖြစ်တော့၏။ ထိုအချိန်မှစ၍ ကဋ္ဌာဟကသည် အစားအသောက်နှင့်ပတ်သက်၍ ကဲ့ရဲ့ရှုတ်ချခြင်းမပြုတော့ဘဲ မာန်မာနတို့ လျှော့ကျပျောက်ပြယ်သွားခဲ့ရလေတော့သည်။

◆ ◆ ◆

(၅)

မြတ်စွာဘုရားရှင်သည် ဧကကနိပါတ်တော်လာ ကဋ္ဌာဟကဇာတ်တော်ကို အကျယ်ဟောတော်မူပြီးနောက် ထိုအခါ ကဋ္ဌာဟကသည် ယခုတိဿရဟန်းငယ်ဖြစ်ခဲ့သည်။ ဗာရာဏသီသူဌေးကြီးကား ယခု ငါဘုရားရှင်ဖြစ်ပေသတည်းဟု ဇာတ်တော်ကိုပေါင်းတော်မူ၏။

ပြီးလျှင် ကဲ့ရဲ့ရှုတ်ချတတ်ခြင်းတို့၏အပြစ်ကို ဟောကြားတော်မူသောကြောင့်-

ဒဒါတိဝေ ယထာသဒ္ဓံ၊ ယထာပသာဒနံ ဇနော၊
တတ္ထယောစ မင်္ကုဘဝတိ၊ ပရေသံပါန ဘောဇနေ၊
နသောဒိဝါ ဝါ ရတ္တိံဝါ၊ သမာဓိ မဓိ ဂစ္ဆတိ။
ယဿ စေတံ သမုစ္ဆိန္နံ မူလဃစ္စံ သမူဟတံ၊
သဝေ ဒိဝါ ဝါ ရတ္တိံဝါ၊ သမာဓိ မဓိဂစ္ဆတိ။

အကြင်ပုဂ္ဂိုလ်၌ လူတို့သည် ကြည်ညိုခြင်းဖြစ်၏။ ထိုကြည်ညိုသည့်ပုဂ္ဂိုလ်အား ကြည်ညိုသည့်အားလျော်စွာ ပေးလှူကြကုန်၏။ အကြင်ပုဂ္ဂိုလ်သည်လည်း သူတစ်ပါးတို့၏ ထိုအဖျော်ဘောဇဉ်တည်းဟူသောအလှူ၌ မျက်နှာမသာယာသည်ဖြစ်၏။ ထိုပုဂ္ဂိုလ်သည် နေ့၌လည်းကောင်း၊ ညဉ့်၌လည်းကောင်း မြဲမြံသည့်သမာဓိကို မရနိုင်။

အကြင်ပုဂ္ဂိုလ်အားလည်း သူတစ်ပါးအလှူတို့၌ ဤမျက်နှာမသာသောအပြစ်ကို ကောင်းစွာအမြစ်ဖြတ်ခြင်းကိုပြု၍ အကြွင်းမရှိ နှုတ်ပယ်၏။ ထိုပုဂ္ဂိုလ်သည် နေ့၌လည်းကောင်း၊ ညဉ့်၌လည်းကောင်း မြဲမြံသောသမာဓိကိုရ၏ဟု မိန့်ကြားတော်မူ၏။

ထို့နောက် မြဲမြံသောသမာဓိကို မရရှိခြင်းသည် မဂ်၊ ဖိုလ်နှင့် ဝေးသောအကြောင်းဖြစ်ပြီး မြဲမြံသောသမာဓိကို ရခြင်းသည် မဂ်၊ဖိုလ်နှင့်နီးစေခြင်း၏ အခြေခံအကြောင်းဖြစ်ကြောင်း ဆက်လက်ဟောကြားတော်မူကာ တစ်ပါးသူတို့၏ ပေးလှူခြင်း၌ ကဲ့ရဲ့ရှုတ်ချခြင်းမှ ကင်းဝေးစွာရှောင်ကြဉ်ရန် အဆုံးအမကို ပေးတော်မူ၏။

ဘုရားရှင်၏ ထိုဒေသနာတော်အဆုံး၌ များစွာကုန်သောသူတို့သည် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်ကြလေကုန်သည်။


**နန္ဒာစိုး(ဆင်ဖြူကျွန်း)**

**ကျမ်းကိုး**

* ဓမ္မပဒ မလဝဂ် စဉ်(၈)၊ တိဿရဟန်းငယ်ဝတ္ထု။

www.burmeseclassic.com

www.burmeseclassic.com



# ကြာသော... ကာလ...ဂတ...

လောဘမီး၊ ဒေါသမီး၊ မောဟမီး စသည်တို့သည် အဟုန်ပြင်းလာသည်နှင့်အမျှ ဆူပွက်လာချိမ့်မည်သာဖြစ်လေ၏။ အဆုံးစွန်သို့ ရောက်လေသောအခါတွင်ကား လောင်မြိုက်ပေါက်ကွဲလာချေတော့မည်တည်း။

အနှီလောဘ၊ ဒေါသ၊ မောဟမီးသည် ကမ္ဘာ့စစ်မီးကြီး အဖြစ်လည်း လောင်ကျွမ်းခဲ့ဖူးပါ၏။ ကမ္ဘာ့စစ်မီးလျှံကြောင့် ပူလောင်လှသောဒုက္ခအပေါင်းကို လူသားသန်းပေါင်းများစွာ ခန္ဓာပျက်ကြွေကြရသည်။ အတိဒုက္ခရောက်သူပေါင်းကား မရေမတွက်နိုင်တော့ပြီ။

ထိုအခါ ကျန်ရှိနေကြကုန်သော လူသားအပေါင်းတို့သည် ပူလောင်လှသော ကမ္ဘာ့စစ်မီးလျှံမှ ကင်းလွတ်ရာကို



www.burmeseclassic.com

www.burmeseclassic.com

တမ်းတရှုမျှော်ကြကုန်လျက် စစ်မီးလျှံငြိမ်းစေရေးကို ဝါယမ စိုက်ကြကုန်၏။

သို့သော်ငြားလည်း လောကီပညာ၊ လောကဓာတ်ကဝိကြီးများ ရှိကုန်ကြသော ကမ္ဘာ့နိုင်ငံကြီးတို့သည် မိမိတို့ရှို့သောမီးကို ငြိမ်းအောင်မငြိမ်းနိုင်ကြသေး။ အခိုးအလျှံ၊ အငွေ့များ ရှိနေကြသေး၏။ လောဘ၊ ဒေါသ၊ မောဟအရိပ်များ ကင်းပမှုမရှိကြသေးချေ။

မီးဖြစ်ပေါ်အောင် ရှာကြံတတ်ကြသော လောကဓာတ်ဆရာတို့သည် မိမိတို့ရှာဖွေထားသောမီးကို တစ်ဖန်ငြိမ်းအေးအောင် မစွမ်းဆောင်နိုင်သေးကြောင်း ထင်ရှားလှပါဘိတောင်း။ လောကီပညာများ၏ ထူးထွေဆန်းပြားမှုကြောင့် လူတို့၏ဇီဝိတိန္ဒြေရုပ်တို့မှာ အလွယ်ဆုံးနည်းများဖြင့် အများဆုံး ခွင်းချေဖျက်ခြင်းကို ခံကြရလေ၏။

လက်နက်ဆန်းများ၊ ယာဉ်ယန္တရားဆန်းများသည် လူတို့၏ဘုန်းကံကြောင့် ပေါ်ပေါက်လာသည်ဟုဆိုရန် ခဲယဉ်းလှချေ၏။ လူတို့၏အကုသိုလ်အဟုန်ကြောင့် ပေါ်ပေါက်လာရခြင်းဖြစ်၏ဆိုသော် ရနိုင်ပေ၏။

လူအပေါင်းတို့သည် အနိဋ္ဌာရုံအကုသိုလ်ဘေးအမျိုးမျိုး၊ ကပ်ဆိုးအမျိုးမျိုးကို ကြုံတွေ့ခဲ့ကြရာဝယ် ခမ္မတာအလျောက် ခိုကိုးရာ၊ ကိုးကွယ်လဲလျောင်း ပုန်းအောင်းရာအရိပ်ဆာယာတို့ကို ရှာဖွေကြရကုန်၏။

ကိုးကွယ်မှုဟူရာဝယ် ယုံကြည်မှုသည်သာ အဓိကဖြစ်ရကား သတ္တဝါတို့သည် မိမိတို့ယုံကြည်မြတ်နိုးရာ ပုဂ္ဂိုလ်သတ္တဝါ အရာဝတ္ထုတို့နှင့်တကွ ဘာသာတရားတို့ကို ဆည်းကပ်ကြကုန်၏။

ယခုအခါ နည်းပညာအဆင့်မြင့်မားလာသည့်အားလျော်စွာ ဆိုင်ရာ,ဆိုင်ရာ ဘာသာတရားကိုလည်း လေးနက်စွာဆင်ခြင်ကြံဆလျက် ရှိကြကုန်၏။ ရှေးအထက်ကျော်ကာရီကကဲ့သို့ မဟုတ်ချေတော့ပြီ။ အစဉ်အလာ ယုံကြည်ခဲ့ကြသဖြင့် မိမိတို့လက်ထက်မှာလည်း မိဘရိုးရာအလျောက် ယုံကြည် ဆည်းကပ်ခြင်းမျိုး မဟုတ်ချေလေတော့။ အများညီ၍ ဤကို ကျွဲဖတ်သည်မျိုး နည်းပါးခဲ့လေပြီ။ ဂုဏ်ရှိသူ၊ အာဏာရှိသူတို့ ယုံကြည်သောဘာသာဖြစ်၍ ယုံရသည်ဟူ၍လည်း မရှိချေတော့ပြီ။

ကိုယ်ပိုင်ဉာဏ်ဖြင့်အသုံးပြုပြီး ဘာသာတရားအပေါ်လေ့လာလိုက်စား ဆည်းကပ်သူတွေ များပြားလာခဲ့သည့်အတိုင်း ကယ်တင်သောဘုရားများကို ကိုးစားသောအလေ့နည်းပါးခဲ့လေပြီ။ အဘယ်ကြောင့်ဟူမူ လူသတ္တဝါအပေါင်းတို့သည် ကယ်တင်သောဘုရားကို ယုံကြည်ခဲ့သလောက်အနှီဘုရားများသည် အမှန်စေကန်ကယ်တင်ခြင်းအမှု မရှိခဲ့ခြင်းကို သိလာကြ၍ဖြစ်သည်။

သို့ဖြစ်ရကား ယခုအခါ အားထားဖွယ်ရာအစစ်ကြီးကိုသာ ရှာဖွေဆည်းပူးလျက် ရှိနေကြကုန်၏။ အားထားဖွယ်ရာအစစ်ကြီးဟူရာ၌ မှန်သောတရားပင်ဖြစ်လေ၏။ မှန်သောတရားသည်သာလျှင် အားထားမှီခိုရာအစစ်ကြီး ဖြစ်လေ၏။

ထိုတရားသည်ကား အဘယ်မှာနည်း။

ထိုတရားသည်ကား နက်နဲစွာတွေးတောကြံဆတတ်သူတို့၌သာ ရှိအပ်သော့အလင်းရောင်တွင်သာ ဖြစ်နိုင်ပေ၏။ မှန်ကန်သောတရားအစကိုမြင်လျှင် ထိုသည့်တရားကို ဆက်လက်ရှာဖွေစုံစမ်းသင့်ပါ၏။

ကမ္ဘာ့အရပ်ရပ် တွေးဆတတ်သူအပေါင်းသည် မှန်ကန်သောတရားကို စုံစမ်းရှာဖွေလျက် ရှိကြလေပြီ။ ထိုတရားကိုသာမက ထိုတရား၌ အစကနဦး ရှာဖွေတွေ့ရှိခဲ့သူကိုလည်း စုံစမ်းကြလေပြီ။

ဤကမ္ဘာကြီးတွင် တရားစစ် တရားမှန်ကို ရှေးဦးစွာတွေ့ရှိခဲ့သူသည်ကား တထာဂတဟု ကျော်ကြားသူပင်ဖြစ်လေ၏။ ထိုတထာဂတ၏တရားများသည်ကား ဘယ်သောအခါမှ နှစ်ခွတွေးဖွယ်၊ နှစ်မျိုးဆင်ခြင်ဖွယ်ဟူ၍မရှိ။

အခြား,အခြားသောဘာသာတရားတို့ထက် မြင့်မြတ်၍ လုံးဝအားထားယုံကြည်ဖွယ်၊ ကိုးကွယ်ဆည်းကပ်ဖွယ်အစစ်ကြီးဖြစ်ကြောင်း သိမြင်ကြလေပြီတည်း။

ကမ္ဘာကြီး၏ လောကဓာတ်ပညာရှင်များ ဖြစ်ကြကုန်သော ဒုက္ခခလုတ်ကြိုးကိုင်သူများဟုဆိုထိုက်သော လောကဓာတ်ဆရာကြီးတို့သည်လည်း တထာဂတ၏ တရားစစ်, တရားမှန်တို့ကို လုံးဝယုံကြည်ကိုးစားလာကြချေပြီ။ ကမ္ဘာ့စစ်မီးလျှံများကို ငြိမ်းအေးစေနိုင်သောသတ္တိကား တထာဂတ၏ တရားမှန်ပင်ဖြစ်ကြောင်း ကောင်းစွာဝန်ခံကြလေပြီ။

သို့တပြီးကား ကျွန်ုပ်တို့ကိုးကွယ်ဆည်းကပ်သင့်သော တထာဂတသည်ကား အဘယ်သူဖြစ်ပါသနည်း။ ဘုရားဟူသည် နှစ်ဆူမရှိ၊ တစ်ဆူသာရှိရမည်။ ထို့ကြောင့် အကျွန်ုပ်တို့ကိုးကွယ်ဆည်းကပ်သော ဘုရားဟူသည်ကား ဗုဒ္ဓရှင်တော်ဂေါတမဖြစ်သည်ဟု ဝန်ခံရပေမည်။

တရားစစ်,တရားမှန်ကို အလိုရှိကြကုန်သောသူတို့သည် ဗုဒ္ဓဂေါတမရှင်တော်မြတ်ကြီးကိုသာ ကိုးကွယ်ဆည်း



www.burmeseclassic.com

www.burmeseclassic.com

ကပ်၍ ဗုဒ္ဓဂေါတမရှင်တော်မြတ်ကြီး၏ မြင့်မြတ်သော တရားစစ်,တရားမှန်ကိုသာ လိုက်နာကြရပေမည်။ အခြား, အခြားသော ဘုရားများကို ကိုးကွယ်ရမည်မဟုတ်ဟု ယုံကြည်၏။

သို့သော်ငြားလည်း ကိုးကွယ်ဆည်းကပ်သင့်သော တထာဂတဘုရားအပေါင်းသည်လည်း ရှိပါသေး၏။ အခြားသောတထာဂတတို့သည် ဗုဒ္ဓဂေါတမရှင်တော်မြတ်ကြီး၏ တရားနှင့် တူညီသည်ဟု ယုံကြည်ပါမူ ထိုဘုရားရှင်များသည်လည်း အကျွန်ုပ်တို့ကိုးကွယ်ဆည်းကပ်သော တထာဂတများဖြစ်ပါ၏။


အဘယ်ကြောင့်ဟူမူ နန္ဒ၊ သုနန္ဒ၊ ပထဝီ၊ မဏ္ဍ၊ ဓရဏီ၊ ပုဏ္ဍရိက(စိတ်ဖြင့်)သာလျှင် ဘုရားဆုကိုပန်လျက် (၇)သင်္ချေတွင်း၌ ပွင့်တော်မူကြကုန်သော တစ်သိန်း နှစ်သောင်းကုန်သော ဗြဟ္မဒေဝဘုရားအပေါင်းတို့ကိုလည်း ကျွန်ုပ်တို့ ယုံကြည်ဆည်းကပ်သင့်ပေ၏။

ထိုမှတစ်ပါး သဗ္ဗဘဒ္ဒ၊ သဗ္ဗပုလ္လ၊ သဗ္ဗရတန၊ ဥသဘက္ခန္ဓ၊ ဟာနိဘဒ္ဒ၊ ပဒုမ၊ ဥသဘ၊ ခန္ဓုတ္တမ၊ သဗ္ဗဘလ္လဟူ၍ နှုတ်မြွက်ကာ ဘုရားဆုကိုပန်ခဲ့ကြသော (၉)သင်္ချေတွင်း၌ ပွင့်တော်မူခဲ့ကြသည့် သကျမုနိဘုရားပေါင်း(၃၈၇,၀၀၀) ကိုလည်း ကိုးကွယ်ဆည်းကပ်သင့်ပေ၏။ ထိုဘုရားရှင်များသည်ကား ဗောဓိသစ်ပင်၌ ပွင့်တော်မူသည်ဟုမဆို၊ ဘုရားလောင်းဟူသော နိယတဗျာဒိတ်လည်း မရခဲ့ကြဘဲ ဘုရားဖြစ်တော်မူခဲ့ကြလေ၏။

ထို့ပြင် သေလ၊ ဘာသ၊ ဇယ၊ ရုစိယဟူ၍ ကိုယ်၊ နှုတ် နှစ်ပါးဖြင့် ဘုရားဆုကိုပန်ခဲ့ကြသော လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတွင်း၌ ပွင့်တော်မူကြကုန်သော တဏှင်္ကရစသော (၂၇)ဆူသောဘုရားတို့ကိုလည်းကောင်း၊ ထိုဘုရားရှင်တော်မြတ်အားလုံးတို့သည် ယခု အကျွန်ုပ်တို့ ကိုးကွယ်ဆည်းကပ်လျက်ရှိသော ဗုဒ္ဓဂေါတမရှင်တော်မြတ်ကြီးနှင့် ဝါဒချင်း တူညီကြသည်ဖြစ်သောကြောင့် အကျွန်ုပ်တို့သည် အဆိုပါဘုရားရှင်တော်မြတ်အပေါင်းတို့ကိုလည်း ဆည်းကပ်ထိုက်ပေ၏။

ကိုးကွယ်ဆည်းကပ်သူအပေါင်းတို့သည် ဒုက္ခခပ်သိမ်းတို့မှ ကင်းလွတ်ပပျောက်စေရန် ရည်ရွယ်ရင်း စိတ်ဖြင့်သာလျှင် ရှိကြကုန်၏။

သို့သော်ငြားလည်း ဆည်းကပ်ကိုးကွယ်သည်ဟူရာ၌ အထက်တွင်ဆိုခဲ့ပြီးသည့်အတိုင်း မိမိကိုယ်တိုင်က စုံစမ်း



ဆင်ခြင်ခြင်း မရှိပါဘဲ အစဉ်အလာအတိုင်း ကိုးကွယ်ခဲ့သဖြင့်သာ ကိုးကွယ်ရသည်ဆိုပါမူ အကျိုးခံစားခွင့်ရသင့်သလောက် မရနိုင်ပါချေ။ မခိုင်မြဲသောကိုးကွယ်ဆည်းကပ်ခြင်းသာ ဖြစ်တုံရာ၏။ တရားစစ်တရားမှန်၏ အနှစ်သာရကိုကား မသိနိုင်ပါချေ။

ထိုမှတစ်ပါး အများကိုးကွယ်၍သာ လိုက်ပါရောယောင် ကိုးကွယ်ခြင်းသည်လည်း ကျေးဇူးများမည်မဟုတ်ပါ။ အာဏာပိုင်များကိုကြောက်၍ ကိုးကွယ်ခြင်း၊ ချစ်ခင်နှစ်သက်၍ ကိုးကွယ်ဆည်းကပ်ခြင်းတို့မှာလည်း တစ်စုံတစ်ရာသော ထူးခြားမှုအကျိုးကိုမရနိုင်။ မိမိကိုယ်တိုင်က တရားစစ်,တရားမှန်ကိုသိပြီးလျှင် တထာဂတ၏ဂုဏ်တော်ကို အလိုလိုကြည်ညိုစိတ်ဖြစ်ပေါ်လာမှသာ မိမိသဘောအလျောက် ကိုးကွယ်ဆည်းကပ်သင့်လှပေ၏။

ကိုယ်တိုင်ကိုယ်ကျ သေချာစွာမသိရှိခဲ့ပါမူ အပူငြိမ်းအေးစေတတ်သောတရားသည် အပူငြိမ်းအေးအောင် စွမ်းဆောင်နိုင်ဖွယ်ရာ မရှိပါကြောင်း ကုသိုလ်စိတ်ညွတ် ရေးသားခဲ့ပါ၏။

ဤသို့ဆိုပါလျှင်…။

သန်းဝင်း(ဘဏ်)

<u>ကိုးကား</u>

* ဒဂုန်နတ်ရှင် - သင် ဘာကိုကိုးကွယ်သလဲ
  သာသနာ့အလင်း (၁၂၉၉)ခုနှစ်၊
  ပထမတွဲ စာစောင်(၁)။



www.burmeseclassic.com

www.burmeseclassic.com

(ဒါးဘီး)

# အလယ်ဖောင်းချက်စေတနာကံ နိဗ္ဗာန်ရောက်မှ အဟောသိကံ



မကောင်းမှုအကုသိုလ်စေတနာကံ ဒုစရိုက်တရားတွေကို မဖြစ်စလောက် သေးသေးမွှားမွှားလေးပဲ မပြောပလောက်ပါဘူးဆိုပြီးတော့ မကျူးလွန်လိုက်ပါနဲ့။ အဆုံးမထင် သံသရာတစ်ခွင်မှာ အကျိုးပေးချိန်တန်ရင်တော့ အတုံ့အလှည့်ဝိပါက်အနေဖြင့် ပြန်လည်ပြီး ခံစားပေးဆပ်ရစမြဲပါ။

ဒါနဲ့ပတ်သက်ပြီး မြတ်စွာဘုရားရှင်က ဓမ္မပဒမှာ-
ပါပေါဝိ ပဿတိဘဒြံ



www.burmeseclassic.com

www.burmeseclassic.com



ယာဝ ပါပံ နပစ္စတိ၊

ယဒါစ ပစ္စတိ ပါပံ၊

အထပါပေါ ပါပါနိပဿတိ··လို့ ဟောကြားဆုံးမတော်မူထားပါတယ်။

ဒီပါဠိတော်လေးရဲ့ ဆိုလိုရင်းအဓိပ္ပာယ်ကတော့-

မကောင်းမှုကို ပြုထားသူဟာ အကျိုးပေးချိန် မကျရောက်သေးခင်မှာတော့ ချမ်းသာသုခတရားတွေကို တွေ့မြင်ခံစား,စံစားရရင် ရနေပါလိမ့်မယ်။ ဒါပေမဲ့ အဲဒီလိုကိုယ်ပြုလုပ်ခဲ့သော အကုသိုလ်ကံ ဒုစရိုက်တရားတွေဟာ လေလို၊ ပြာလို လွင့်စဉ်မသွားဘဲ အကျိုးပေးချိန်တန်လို့ သူ့ရဲ့သတ္တိကို ပြသလာသောအခါမှာတော့ ပြုလုပ်ခဲ့သူဟာ ယုတ်မာဆိုးရွားသော ဆင်းရဲဒုက္ခအမျိုးမျိုးတို့ကို တွေ့ကြုံခံစားပေးဆပ်ရပါလိမ့်မယ်လို့ ဆိုလိုလိုက်တာပဲဖြစ်ပါတယ်။

ဒီလို ကိုယ်ပြုလုပ်ခဲ့တဲ့ မကောင်းမှုအကုသိုလ်စေတနာကံ ဒုစရိုက်တရားတွေဟာ သာမန်လူတွေကို မဆိုပါနဲ့ဦး ပါရမီဆယ်ပါး၊ အပြားသုံးဆယ်၊ စွန့်ခြင်းကြီးငါးပါး၊ စရိယသုံးပါး အစရှိတဲ့ ပါရမီတော်တွေကို ဖြည့်ကျင့်တော်မူလာခဲ့ပြီး သုံးလောကထွတ်ထား သမ္မာသမ္ဗုဒ္ဓဘုရားရှင်အဖြစ်ကို ရောက်ရှိတော်မူလာခဲ့တဲ့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးတောင်မှ တစ်ခုသောအလောင်းတော်ဘဝ,ဘဝတွေတုန်းက အမှတ်မထင်ပြုလုပ်ပြောဆို ကျူးလွန်မိခဲ့တဲ့ အကုသိုလ်စေတနာကံ ဒုစရိုက်တရားတွေဟာ နောက်ဆုံး ဘုရားရှင်အဖြစ်ကို ရရှိတော်မူပြီးခဲ့သော်လည်းပဲ ဝိပါက်တော် တစ်ဆယ့်နှစ်ပါး ကြွေးဟောင်းကျန်နေသေးလို့ တစ်ခါတည်းအပြီးပေးဆပ်ခဲ့ပြီးမှ ပရိနိဗ္ဗာန်စံဝင်ရရှာပါတယ်။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ပထမဦးဆုံး ကြွေးဟောင်းပေးဆပ်လိုက်ရတဲ့ ဝိပါက်တော်က မဟာသက္ကရာဇ်(၉၇)ခုနှစ်၊ ဝါဆိုလပြည့်နေ့ညမှာ နန်းစည်းစိမ်ကို



www.burmeseclassic.com

www.burmeseclassic.com

စွန့်ခွာတော်မူပြီး ဘုရားအဖြစ်ကိုရရှိဖို့ရာ တောထွက်တရားကျင့်တဲ့အခါမှာ ဒုက္ကရစရိယအကျင့်ကို ခြောက်နှစ်ကြာကျင့်ရတဲ့ ဝိပါက်တော်ပါ။

ဒုက္ကရစရိယအကျင့်ဆိုတာ သာမန်လူသားတွေ မကျင့်နိုင်ကြတဲ့အကျင့်လို့ အဓိပ္ပာယ်ရပါတယ်။ ဒါကို တချို့က ဒုက္ခစရိယလို့ အသံထွက်မှားပြီး ထွက်ဆိုနေကြပါတယ်။ ဒုက္ခစရိယလို့ အသံထွက်ရင် ဆင်းရဲသောအကျင့်လို့ အဓိပ္ပာယ်ရပါတယ်။ အခု မြတ်စွာဘုရားရှင် ပထမဝိပါက်တော်အနေနဲ့ ခြောက်နှစ်တာကျင့်ရတဲ့အကျင့်ဟာ ဒုက္ခစရိယအကျင့်မဟုတ်ပါဘူး။ ဒုက္ကရစရိယအကျင့်ပဲဖြစ်ပါတယ်။ သာမန်လူသားတွေ မကျင့်နိုင်ကြတဲ့အကျင့်ပါပဲ။

အလောင်းတော်သိဒ္ဓတ္ထမင်းသားဟာ ဥရုဝေလတောကြီးထဲမှာ ဘုရားအဖြစ်ကိုရရှိဖို့ရန် အသက်နဲ့ခန္ဓာကိုယ်ကို မငဲ့ညှာတော့ဘဲ ကြီးမားသောဖွဲ၊ လုံ့လနဲ့ တစ်နေ့ကို ဆွမ်းတစ်ထပ်တည်းသာ ဘုဉ်းပေးသုံးဆောင်တော်မူရာကနေ တစ်လုတ်မျှသောဆွမ်းကိုသာ ဘုဉ်းပေးသုံးဆောင်တော်မူလိုက်ပါတယ်။ နောက် အဲဒီတစ်လုတ်မျှသောဆွမ်းကိုတောင် ပယ်တော်မူပြီး သစ်သီးတစ်လုံးနဲ့သာ မျှတစွာဘုဉ်းပေးသုံးဆောင်ပြန်ပါတယ်။ အဲသလိုကျင့်သုံးတော်မူရာကနေ နောက်တော့ သစ်သီးတစ်လုံးကိုတောင် ဘုဉ်းပေးမသုံးဆောင်တော့ဘဲ ရေမျှသာ ဘုဉ်းပေးသုံးဆောင်ပြန်ပါတယ်။ ဒါကို ရေထပြီးသောက်ရတာ တရားအလုပ်ပျက်ယွင်းတယ်ဆိုပြီး နောက်ဆုံး ရေကိုတောင် ထပြီးမဘုဉ်းတော့ဘဲ အပင်ပန်းခံကာ ကျင့်တော်မူလိုက်ပါတယ်။

အဲသလို အပင်ပန်းခံ ခဲယဉ်းစွာကျင့်လာခဲ့တဲ့ ဒုက္ကရစရိယအကျင့်ဟာ ဘယ်လောက်တောင်ကြာသွားခဲ့သလဲဆိုတော့ ခြောက်နှစ်တိတိကြီးတောင် ကြာသွားခဲ့ရာမှ ဒီလိုမျိုးအကျင့်လမ်းစဉ်ဟာ ကိလေသာကို ကုန်ခန်းနိုင်သောလမ်းစဉ်တော့ မဟုတ်ပေဘူးလို့ သတိသမ္ပဇဉ်ဝင်လာပြီး မဇ္ဈိမပဋိပဒါအကျင့်လမ်းစဉ်ဖြင့် ပြောင်းလဲကျင့်သုံးလိုက်တော့မှ မဟာသက္ကရာဇ်(၁၀၃)ခုနှစ်၊ ကဆုန်လပြည့်နေ့ကိုလည်း ရောက်ရှိရော ဘုရားအဖြစ်ကို ရောက်ရှိတော်မူလာခဲ့ပါတယ်။

မြတ်စွာဘုရားရှင်ဟာ ဒီလိုမျိုးဘုရားအဖြစ်ကိုရောက်ရှိဖို့ ဒုက္ကရစရိယအကျင့်ကို ခြောက်နှစ်တာကျင့်ကြံခဲ့ရတဲ့ အကြောင်းတရားက ဘာကြောင့်လဲလို့ဆိုတော့ ကဿပဘုရားရှင်လက်ထက်တော်တုန်းက အလောင်းတော်ဟာ ဗြာဟ္မဝုဓမ္မနမြို့မှာ ဇောတိပါလဆိုတဲ့ ပုဏ္ဏားတစ်ဦး ဖြစ်ခဲ့ပါတယ်။ အဲဒီအချိန်တုန်းက ဗာရာဏသီပြည်မှာ ကဿပမင်းသားဟာ ဒုက္ကရစရိယအကျင့်ကို ခြောက်ရက်မျှလောက်ကျင့်ကြံတော်မူပြီး ဘုရားအဖြစ်ကို ရရှိတော်မူသွားခဲ့ပါတယ်။

ဒါကို ဗုဒ္ဓဝါဒနဲ့ ဆန့်ကျင်ဘက်ဝါဒများကို ကျင့်သုံးနေသော ဇောတိပါလပုဏ္ဏားက ဘယ်လိုစကားမျိုးကို ပြောဆိုလိုက်သလဲဆိုတော့-

'လောကမှာ ခက်ခဲသောအတတ်ပညာများကိုပင် နှစ်ပေါင်းများစွာ သင်ယူကျင့်ကြံရလေတယ်။ ဘုရားအဖြစ်ကို ရရှိဖို့ဆိုတာ လုံးဝလွယ်တဲ့အလုပ်မဟုတ်ဘူး။ ခြောက်ရက်လောက်ကျင့်ကြံရုံမျှနဲ့တော့ လုံးဝ၊လုံးဝ ဘုရားမဖြစ်နိုင်ပါဘူး။ အဲသလောက် ခြောက်ရက်လောက်မပြောနဲ့၊ ငါသာ ဘုရားဖြစ်မယ်ဆိုရင် ခြောက်နှစ်လောက်တောင် ကျင့်နိုင်ပါရဲ့'လို့ ဘုရားရှင်ကို အများကြည်ညိုမှုပဲ့အောင် ပြက်ရယ်သောစကားကို ပြောဆိုမိခဲ့တဲ့ ဝစီဒုစရိုက်အကုသိုလ်ကံကြောင့်ပဲ ဖြစ်ပါတယ်။

မြတ်စွာဘုရားရှင်ဟာ ဒုတိယထပ်မံကြွေးပေါင်းပေးဆပ်လိုက်ရတဲ့ ဝိပါက်တော်ကတော့ စိဥ္စမာဏမိန်းမယုတ်ရဲ့ စွပ်စွဲပြောဆိုခံရခြင်းပါပဲ။ ဒီအချိန်မှာ မြတ်စွာဘုရားရှင်ဟာ ဇေတဝန်ကျောင်းတော်ထဲမှာ ပရိသတ်လေးပါးကို တရားဟောတော်မူနေသောအချိန်ပေါ့။ စိဥ္စမာဏမိန်းမယုတ်ဟာ သူ့ကိုယ်သူ ကိုယ်လေးလက်ဝန်ရှိဟန်ဆောင်ကာ ဘုရားရှင် တရားဟောကြားနေသော ဇေတဝန်ကျောင်းတော်ထဲကိုဝင်လာပြီး ပရိသတ်လေးပါးရဲ့အလယ်မှာ သူ့မှာရှိနေတဲ့ကိုယ်ဝန်ဟာ မြတ်စွာဘုရားရှင်နဲ့ရရှိတဲ့ ကိုယ်ဝန်ပါလို့ လူအများ မြတ်စွာဘုရားရှင်ရဲ့ထံပေါ်ကို ကြည်ညိုကင်းမဲ့သွားရလေအောင် ပုံစံတကျနဲ့ အကွက်ဆင်ပြီး စွပ်စွဲပြောဆို ရှုတ်ချလိုက်ပါတယ်။

မြတ်စွာဘုရားရှင်ရဲ့ထံပေါ်ကို စိဥ္စမာဏမိန်းမယုတ် ဒီလိုစွပ်စွဲပြောဆိုခြင်းဟာ သူ့ရဲ့သဘောထားဆန္ဒသက်သက်တစ်ခုတည်းတော့ မဟုတ်ပါဘူး။ သူ့ရဲ့တိတ္ထိဆရာကြီးတွေရဲ့ စေခိုင်းမှုလည်း ပါပါတယ်။ ဒီအချိန်မှာ မြတ်စွာဘုရားရှင်ရဲ့ သာသနာတော်က ထွန်းလင်းတောက်ပလာတဲ့အချိန်ပေါ့။ ဘုရားရှင်ရဲ့ သာသနာတော်မှာ ရဟန်းပြုလုပ်သူတွေက ပြုလုပ်၊ ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်းသူတွေက လှူဒါန်းနဲ့ စည်ကားနေလေတော့ တိတ္ထိဆရာကြီးတွေရဲ့



www.burmeseclassic.com

www.burmeseclassic.com

ဘက်မှာက လာဘ်လာဘက ရှားပါးလာ၊ တပည့်တပန်းတွေကလည်း နည်းပါးလာတာပေါ့။ ဒီတော့ တိတ္ထိဆရာကြီးတွေက ဘုရားရှင်ရဲ့ထံပေါ်မှာ ဣသာမစ္ဆရိယဖြစ်ပြီး တပည့်မ,ဖြစ်သူ စိဉ္စမာဏာမိန်းမယုတ်ကို ငွေအသပြာပေးပြီး ဘုရားရှင်ကို လူအများအလယ်မှာ အများကြည်ညိုကင်းမဲ့သွားရလေအောင် စွပ်စွဲခိုင်းလိုက်တာပါပဲ။

မြတ်စွာဘုရားရှင်ဟာ ဒီလိုလူပုံအလယ်မှာ အများကြည်ညိုကင်းမဲ့လေအောင် စိဉ္စမာဏာမိန်းမယုတ်ရဲ့ မဟုတ်မဟာတ်စွပ်စွဲပြောဆိုခံရခြင်းရဲ့ အကြောင်းကံက ဘာကြောင့်လဲလို့ဆိုရင် အလောင်းတော်ဟာ တစ်ခုသောဘဝတုန်းက ဗာရာဏသီပြည်က သူဆင်းရဲမျိုးမှာ လူလာဖြစ်ပါတယ်။ ပညာကလည်းမတတ်၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းကလည်း အဆင့်အတန်းမရှိနဲ့ နေ့စဉ်နေ့တိုင်း ပါပမိတ်ဆိုးများနဲ့ပဲ ပေါင်းသင်းပြီး အရက်သေစာများကို သောက်စားမူးရူးကာ ယစ်ထုတ်ကြီးဘဝကို ရောက်ရှိနေပါတယ်။

ဒီလိုနဲ့ တစ်နေ့သောအခါမှာတော့ အလောင်းတော် အရက်သမားယစ်ထုတ်ကြီးဟာ မူးမူးရူးရူးနဲ့ ရှင်အာနန္ဒာဆိုတဲ့ ရဟန္တာအရှင်သူမြတ်ကြီး ဆွမ်းခံကြွမြန်းလာတာကိုလည်းမြင်ကရော လူအများအလယ်မှာ ဘာစကားကို ပြောဆိုလိုက်သလဲဆိုတော့ ဒီဦးပြည်းကတုံးတွေဟာ သပိတ်ကိုပိုက်ပြီး လိုက်တောင်းစားနေတော့တာပဲ။ သူများတွေလိုခြေလက်အင်္ဂါ ပြီးပြည့်စုံနေပါလျက်နဲ့ လုပ်ကိုင်မစားဘဲ အချောင်သက်သက် အညွှန့်ခူးစားနေတယ်။ ကိုယ်ကျင့်သီလကိုမရှိဘူး၊ ရှက်စရာကောင်းလိုက်တာလို့ ကဲ့ရဲ့စွပ်စွဲပြောဆိုလိုက်သော မကောင်းမှုအကုသိုလ် ဝစီကံဒုစရိုက်တရားရဲ့ ကြွေးဟောင်းက အခုလိုပြန်လည်ပြီး ပေးဆပ်လိုက်ရတာပဲဖြစ်ပါတယ်။

ဒီတစ်ခါ တတိယအနေနဲ့ မြတ်စွာဘုရားရှင် ပေးဆပ်လိုက်ရတဲ့ ဝိပါက်တော်ကတော့ ဒုတိယပေးဆပ်လိုက်ရသော ဝိပါက်တော်နဲ့ ခပ်ဆင်ဆင်ပါပဲ။ ဒုတိယဝိပါက်တော်တုန်းက စိဉ္စမာဏာမိန်းမယုတ်ရဲ့ စွပ်စွဲပြောဆိုခြင်းခံရတာ။ အခု တတိယဝိပါက်တော်ကျတော့ သုန္ဒရီမိန်းမယုတ်ရဲ့ စွပ်စွဲပြောဆိုခြင်းကို ခံရတာပဲဖြစ်ပါတယ်။

တတ္ထိဆရာကြီးများက စိဉ္စမာဏာမိန်းမယုတ်နဲ့ ပူးပေါင်းကြံစည်တဲ့လုပ်ရပ်က သူတို့ထင်ထားသလို မအောင်မြင်ကြလေတော့ နောက်တစ်ခါ သူတို့ရဲ့တပည့်မတစ်ဦးဖြစ်သူ သုန္ဒရီကိုခေါ်ပြီး မိန်းမမာယာဖြင့် ဟန်ဆောင်လှည့်ဖြား အထင်မှားရလေအောင် အကွက်ဆင်ပြန်ပါတယ်။ ဒီလိုအကွက်ဆင်လို့အောင်မြင်မှ လူအများက မြတ်စွာဘုရားရှင်ပေါ်ကို အကြည်ညိုကင်းမဲ့ပြီး သူတို့ရဲ့ဘက်ကို ပြန်လည်ပြီး ချဉ်းကပ်လာမှာကိုး။

အကြံသေးနုပ် မိန်းမယုတ်သုန္ဒရီဟာ ညနေခင်းမှောင်ရီပျိုးချိန်ရောက်တော့ မြတ်စွာဘုရားရှင် သီတင်းသုံးရာ ဇေတဝန်ကျောင်းဝင်းထဲကို အများမသိရလေအောင် တိတ်တိတ်ကလေးဝင်လာပြီး တစ်နေရာမှာ သွားအိပ်နေလိုက်တယ်။ နံနက်စောစော မိုးလင်းခါနီးကျတော့မှ ကျောင်းဝင်းထဲကနေ အများမြင်သာထင်သာအောင် ထွက်လာခဲ့ပါတယ်။ ဒီတော့ သုန္ဒရီကိုတွေ့မြင်သူတွေက ဒီလောက်အစောကြီး ဘယ်ကနေပြန်လာတာလဲလို့မေးကြတော့ သုန္ဒရီက ဇေတဝန်ကျောင်းတော်ထဲက ပြန်လာတာ။ ဂေါတမနဲ့ အိပ်ပြီးတော့ပြန်လာတာလို့ လိမ်ညာပြီး ပြန်လည်ပြောကြားလိုက်ပါတယ်။ ဒီတော့ အသိဉာဏ်နည်းပါးသူတွေကတော့ မြတ်စွာဘုရားရှင်အား အကြည်ညိုပျက်ပြားသွားကြတော့တာပေါ့။

ဒီလိုမြတ်စွာဘုရားရှင်မှာ အများကြည်ညိုကင်းမဲ့ရလေအောင် သုန္ဒရီမိန်းမယုတ် မဟားတရားဟန်ဆောင်လိမ်ညာစွပ်စွဲပြောဆိုခြင်းခံရတာကလည်း အလောင်းတော်ဟာ တစ်ခုသောဘဝတုန်းက အရက်သမားယစ်ထုတ်ကြီး ဖြစ်ခဲ့ဖူးပါသေးတယ်။ သူ့နာမည်က မုနာဠိလို့ ခေါ်ပါတယ်။

အရက်သမားကြီး မုနာဠိဟာ တစ်နေ့သောအခါမှာ ဆွမ်းခံကြွမြန်းလာသော သုရတိလို့ ဘွဲ့တော်အမည်ရှိတဲ့ ပစ္စေကဗုဒ္ဓါရဟန္တာအရှင်သူမြတ်ကြီးကို အရက်မူးမူးနဲ့ ဘာပြောလိုက်သလဲဆိုတော့ ဒီပုဂ္ဂိုလ်ဟာ သူ့ကျောင်းမှာ မိန်းမတွေ တရုန်းရုန်းနဲ့ ပျော်ပါးနေပြီး ဆွမ်းခံချိန်ကျတော့မှ သင်္ကန်းကိုရုံ၊ သပိတ်ကလေးပိုက်ပြီး ဣန္ဒြေဆည်ကာ အတောင်းအရမ်းထွက်လာတာကို မသိသူတွေက ပေးကမ်းကြတယ်။ တကယ်တော့ ဒီပုဂ္ဂိုလ်ကြီးဟာ အလဇ္ဇီဒုသီလ အချောင်သမားသာဖြစ်တယ်။ ပေးကမ်းစရာမလိုဘူးလို့ စသဖြင့် လက်ညှိုးငေါက်ငေါက်ထိုးပြီး ကဲ့ရဲ့ရှုတ်ချပြောဆိုပြစ်မှားမိခဲ့တဲ့ အကုသိုလ်ဝစီကံ အကြောင်းကံကြောင့်ပါပဲ။ ဝစီကံများ ကြောက်စရာကောင်းလိုက်တာ။ စကားတစ်ခွန်းကို အမှတ်မထင် မပြောဆိုမိကြစေနဲ့နော်။ ဝစီဘေဒ ထိတိုင်းရှ။

စတုတ္ထမြောက်မြတ်စွာဘုရားရှင် ပေးဆပ်လိုက်ရတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဝိပါက်တော်ကတော့ သုန္ဒရီမိန်းမယုတ်ကိုသတ်မှုနဲ့ပတ်သက်ပြီး စွပ်စွဲပြောဆိုခံရခြင်းအကြောင်းပါပဲ။

တိတ္ထိဆရာကြီးတွေဟာ သုန္ဒရီမိန်းမယုတ်ကို ဘုရားရှင်အား သူ့လင်ပါလို့ စွပ်စွဲပြောဆို ရှုတ်ချခိုင်းတာဟာ မအောင်မြင်ရကောင်းလား၊ ပီပီပြင်ပြင်မရှိဘူးဆိုပြီးတော့ ရိုက်ပုတ်သတ်ဖြတ်ပစ်လိုက်ကြပါတယ်။ အဲသလို တိတ္ထိဆရာကြီးတွေဟာ သုန္ဒရီကို ရိုက်ပုတ်သတ်ဖြတ်ပြီးတော့ ဘုရားရှင် သီတင်းသုံးရာ ဇေတဝန်ကျောင်းတော် တံခါးမုခ်ဦးအနီးရှိ ပန်းပင်များအကြားမှာ သွားရောက်ဝှက်ထားလိုက်ပါတယ်။

နံနက်မိုးလင်းတော့ သုန္ဒရီပျောက်ဆုံးသွားကြောင်းကို တိတ္ထိဆရာကြီးတွေက ရှေးဦးစွာ နန်းတော်ကို သွားရောက်တိုင်ကြားလိုက်ပါတယ်။ ဒီတော့ ဘုရင်ရဲ့အမိန့်တော်နဲ့ ပျောက်ဆုံးသွားသော သုန္ဒရီကို တစ်မြို့လုံး လိုက်လံရှာဖွေကြတော့ နောက်ဆုံး ဇေတဝန်ကျောင်းတော်အနီးရှိ ပန်းပင်များအကြားမှာ ဒဏ်ရာများနဲ့ သေဆုံးနေသော သုန္ဒရီရဲ့အလောင်းကို တွေ့ရှိပါလေရော့။ နဂိုကတည်းက ဒီလိုမျိုးဖြစ်အောင် တိတ္ထိဆရာကြီးတွေက တမင်အကွက်ဆင်ထားတာကိုး။

ဒီတော့ တိတ္ထိဆရာကြီးတွေက ဘုရင်ကြီးကို-

ကျွန်ုပ်တို့ရဲ့တပည့်မလေး သုန္ဒရီကို ဂေါတမဗုဒ္ဓနဲ့ သူ့ရဲ့တပည့်များက ရက်ရက်စက်စက် ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ပြီး ဝှက်ထားကြတာဖြစ်ပါတယ်လို့ အကွက်ဆင်လုပ်ကြံကာ စွပ်စွဲပြောဆိုလိုက်ပါတယ်။

မြတ်စွာဘုရားရှင်ဟာ ဒီလိုမျိုး မဟုတ်မဟတ် လုပ်ကြံစွပ်စွဲပြောဆိုခံရခြင်းရဲ့ အတိတ်အကြောင်းကံကတော့ အလောင်းတော်ဟာ နုစဉ်အခါတုန်းက ရသေ့တစ်ပါးဖြစ်ခဲ့ဖူးပါသေးတယ်။ တစ်နေ့မှာ သူ့အနားကို တခြားနယ်က ဈာန်ရ ရသေ့လေးတစ်ပါးက ကောင်းကင်ကနေ ဈာန်ပျံပြီး ဆင်းသက်လာပါတယ်။ အလောင်းတော်ရသေ့လေးက ဈာန်မရရှိတော့ ကိုယ့်ထက်သာ မနာလိုဆိုတဲ့အတိုင်း ဒီဈာန်ရတဲ့ရသေ့လေးရဲ့အပေါ်ကို မနာလိုဣဿာစိတ်များ လွှမ်းကဲလာပြီး ပတ်ဝန်းကျင်ရှိ လူအများအား အဲဒီရသေ့အကြောင်းတော့ မပြောချင်ပါဘူး။ သူဟာ ဈာန်သာရတယ် အကျင့်ကမကောင်းဘူး။ အကျင့်ယုတ်မာသူတစ်ဦးဖြစ်တယ်။ ဒီလိုမျိုး အကျင့်ယုတ်မာသူကို ကိုးကွယ်ဆည်းကပ်သူဟာ ဘာအကျိုးမှမရနိုင်ပါဘူး။ အပြစ်ပဲဖြစ်လာနိုင်ပါတယ် စသဖြင့်ပေါ့။ ပလီပလာစကားကို လီဆယ်ပြီး ပြစ်မှားကျူးလွန်ခဲ့သော မကောင်းမှုဝစီကံဒုစရိုက်အကြောင်းတရားရယ်၊ နောက်ပြီး ကိုယ့်ထက်သာ မနာလိုဣဿာဖြစ်တဲ့ မနောကံအကြောင်းတရားရယ်ကြောင့်ပဲ ဖြစ်ပါတယ်။

မြတ်စွာဘုရားရှင် ပဉ္စမဝိပါက်တော်အနေနဲ့ ပေးဆပ်လိုက်ရတဲ့ဝိပါက်တော်ကတော့ ဒေဝဒတ်ရဲ့ကျောက်မောင်းဆင် ထုချေမှုကြောင့် ခြေမတော်ကို ကျောက်လွှာထိမှန်ခံရခြင်း ဝိပါက်တော်ပါပဲ။

ဒီနေရာမှာ စကားလေးတစ်ခွန်းလောက် ဗဟုသုတအနေနဲ့ ကြားညှပ်ပြီး နည်းနည်းလောက်ပြောပါဦးမယ်။ မြတ်စွာဘုရားတို့မည်သည် သူတစ်ပါးပယောဂကြောင့် သေရတယ်ဆိုတာ မရှိပါဘူး။ ဝိပါက်တော်အနေနဲ့ သူတစ်ပါးပယောဂကြောင့် သွေးခြေဥတာလောက်တော့ ရှိပါတယ်။ ဘယ်လိုပဲ သူတစ်ပါးက သေကြောင်းကြံကြံ အတုမရှိ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားတို့မည်သည် သူတစ်ပါးပယောဂကြောင့် သေတယ်ဆိုတာ လုံးဝမရှိပါဘူး။ ဒါဆိုရင် ဗုဒ္ဓဘာသာ ကလျာဏမိတ်ဆွေများအနေနဲ့ သူတစ်ပါးပယောဂကြောင့် သေကြသူများကို ဘုရားလို့ သတ်မှတ်ပြောဆိုခြင်းကို ဟုတ်၊မဟုတ် ကိုယ့်ဘာသာကိုယ်ပဲ စဉ်းစားကြည့်ကြပါစို့။

ကဲ··ထားပါတော့။ မြတ်စွာဘုရားရှင်ရဲ့ ပဉ္စမဝိပါက်တော် ပေးဆပ်လိုက်ရတဲ့အကြောင်းကို ပြန်သွားလိုက်ကြရ



www.burmeseclassic.com

www.burmeseclassic.com

အောင်ပါ။ အရှင်ဒေဝဒတ်ဟာ မြတ်စွာဘုရားရှင်ရဲ့ သာသနာတော်မှာ ရဟန်းသာပြုလာခဲ့တယ် မင်းသွေးမင်းနဲ့ မပျောက်ဘူးလို့ပဲ ဆိုရမှာပါပဲ။ သာသနာကို သူဟာ ဘာများထင်မှတ်နေသလဲ မသိဘူးနော်။ လောကရာထူးဌာနန္တရ သတ်မှတ်ပေးလို့ရသလိုမျိုး ရတယ်လို့ထင်မှတ်နေတဲ့ အရှင်ဒေဝဒတ်။ အခု သူဟာ မြတ်စွာဘုရားရှင်ရဲ့နေရာကို လိုချင်နေသူပါ။ ဘုရားဖြစ်ချင်လွန်းတဲ့သူပေါ့။ ဒါကြောင့် သူက မြတ်စွာဘုရားရှင်ကို အနှားယူပါတော့တဲ့။ သူ ဘုရားလုပ်မယ်လို့ တကဲကဲလျှောက်ထားနေပါတော့တယ်။ ဘယ်လိုပြောရမလဲ။ ဖိနပ်ကြားက နတ်စကားပြောတယ်လို့ပဲ ဆိုရမလား မသိဘူးနော်။

ဒါကို မြတ်စွာဘုရားရှင်က ခွင့်မပြုတော့ ဘုရားရှင်ကို ရန်ငြိုးထားပြီး ဂိဇ္ဈကုဋ်တောင်ပေါ်ကနေ အဆင်သင့်ကျောက်မောင်းဆင်ထားကာ မြတ်စွာဘုရားရှင် ဆွမ်းခံအလာကို စောင့်နေပါတယ်။ ဘုရားရှင် ဆွမ်းခံကြွလာလို့ ဂိဇ္ဈကုဋ်တောင်ခြေလည်းရောက်ကရော တောင်ပေါ်ကနေ အဆင်သင့်ပြုလုပ်ထားတဲ့ ကျောက်မောင်းကို တစ်ခါတည်း ဖြုတ်ချလိုက်တော့တာပါပဲ။

ဒီတော့ ကျောက်တုံးကျောက်ခဲများဟာ တောင်ပေါ်ကနေ အရှိန်နဲ့ လွင့်စဉ်ပြုတ်ကျလာပါလေရဲ့။ ဒါပေမဲ့ မြတ်စွာဘုရားရှင်ရဲ့ ဘုန်းတန်ခိုးတော်ကြောင့် မြတ်စွာဘုရားထံတော်ကို ရောက်မလာဘဲ ကျောက်တုံးအချင်းချင်း ထိခိုက်ကာ ပွဲထွက်လာသောကျောက်လွှာကလေးက ဘုရားရှင်ရဲ့ ခြေမတော်ကိုသာ အရှိန်ပြင်းပြင်းနဲ့ ထိမှန်သွားလို့ ခြေမတော်မှာ သွေးခြေဥသွားရရှာပါတယ်။

ဒီလိုမျိုး ကျောက်လွှာကလေးထိမှန်ပြီး ခြေမတော်မှာ သွေးခြေဥသွားရခြင်းခံရတဲ့ မြတ်စွာဘုရားရှင်ရဲ့ အတိတ်ကံအကြောင်းတရားက ဘာကြောင့်လဲလို့ဆိုရင် အလောင်းတော်ဟာ တစ်ခုသောဘဝတုန်းက လူချမ်းသာအသိုင်းအဝိုင်းမှာ လူလာဖြစ်ပါတယ်။ သူ့မှာ ညီငယ်လေးတစ်ယောက်လည်းရှိပါတယ်။ သူတို့ညီအစ်ကိုနှစ်ယောက် ကြီးပြင်းလာတဲ့အရွယ်ကိုရောက်တော့ မိဘနှစ်ပါးဟာ ရှေ့ဆင့်နောက်ဆင့်ဆိုသလို ကွယ်လွန်သွားခဲ့ကြပါတယ်။ ဒီတော့ မိဘများကျန်ခဲ့တဲ့ အမွေပစ္စည်းတွေကို ညီငယ်ဖြစ်သူအား မဖြစ်မနေထုံးစံအတိုင်း တစ်ဝက်ခွဲဝေပေးရတော့မှာပေါ့။ ဒါကို အစ်ကိုကြီးဖြစ်သူ အလောင်းတော်ဟာ သူတစ်ယောက်တည်းပဲလိုချင်တော့ ညီငယ်လေးဖြစ်သူကို အယုံသွင်းပြီး တောထဲကို ခေါ်သွားခဲ့ပါတယ်။ တောကြီးထဲကိုလည်းရောက်ကရော အနားမှာတွေ့ရှိတဲ့ကျောက်ခဲနဲ့ ညီငယ်လေးရဲ့ဦးခေါင်းကို အသေထုကာ အဆုံးစီရင်ခဲ့လေတယ်။

အဲသလိုပြုလုပ်လိုက်တဲ့ အလောင်းတော်ဖြစ်သူ အစ်ကိုကြီးဟာ သေသောအခါမှာ ငရဲကိုကျသွားခဲ့ပါတယ်။ ငရဲကနေလွတ်လာပြီး လူ့ဘဝကို ပြန်ရရှိလာတော့ ဘဝပေါင်းများစွာ သူတစ်ပါးရဲ့သတ်ဖြတ်ခြင်းကို ခံခဲ့ရပြီး နောက်ဆုံးဘဝ ဘုရားအဖြစ်ကိုရောက်ရှိခဲ့တာတောင်မှ အခုလို အရှင်ဒေဝဒတ်ရဲ့ ကျောက်မောင်းဆင်ကာ လုပ်ကြံလို့ ကျောက်စကလေးလွင့်စဉ်ထိမှန်ပြီး ခြေမတော်မှာ သွေးခြေဥရတဲ့ ဝိပါက်တော်ကို ပေးဆပ်လိုက်ရတာပဲဖြစ်ပါတယ်။ ဩော်.. အမွေဟာ မွေတယ်ဆိုတာ ဒါမျိုးပေါ့နော်။

နောက် ဆင့္မအနေနဲ့ ပေးဆပ်လိုက်ရတဲ့ မြတ်စွာဘုရားရှင်ရဲ့ ဝိပါက်တော်ကတော့ အရှင်ဒေဝဒတ် ကျောက်မောင်းဆင်လုပ်ကြံလို့ ကျောက်လွှာကလေးထိမှန်ပြီး ခြေမတော်မှာ သွေးခြေဥရာကနေ နာကျင်ကိုက်ခဲမှုဝေဒနာကို ခံစားရခြင်းရဲ့ ဝိပါက်တော်ပါ။

ဒီလိုမျိုး နာကျင်ကိုက်ခဲမှုဝေဒနာကို ခံစားရခြင်းရဲ့ အတိတ်ကံအကြောင်းတရားက အလောင်းတော်ဟာ နုစဉ်ဘဝတစ်ခုတုန်းက မထင်ရှားသောအမျိုးတစ်ခုမှာ လူလာဖြစ်ပါတယ်။ ဖြစ်ပုံက ကလေးအရွယ် ဆော့ကစားနေချိန် ပစ္စေကဗုဒ္ဓါအရှင်မြတ်တစ်ပါး ဆွမ်းခံကြွမြန်းလာတာကိုလည်း မြင်ကရော "ဒီရဟန်းကြီး..ငါဆော့ကစားနေတဲ့နေရာကို လာရှုပ်မလို့နဲ့တူတယ်။ ငါ့အနားကိုမလာအောင် ခဲနဲ့ပေါက်လိုက်ဦးမှလို့ကြံစည်ပြီး ပစ္စေကဗုဒ္ဓါအရှင်သူမြတ်ကြီးကို ကျောက်ခဲဖြင့် ပစ်ပေါက်လိုက်ပါတယ်။

အဲသလိုပစ်ပေါက်လိုက်သော ကျောက်ခဲက ပစ္စေကဗုဒ္ဓါအရှင်သူမြတ်ရဲ့ ခြေမတော်ကိုထိမှန်ပြီး သွေးစိမ်းများယိုစီးထွက်ကျလာပါတယ်။ ဒီတော့ ပစ္စေကဗုဒ္ဓါအရှင်သူမြတ်ကြီးဟာ အလွန်နာကျင်မှုဝေဒနာကို ခံစားနေရရှာတာပေါ့။ အလောင်းတော်ဟာ အဲသလို ပစ္စေကဗုဒ္ဓါအရှင်သူမြတ်ကြီးကို ကျူးလွန်စော်ကား ပြစ်မှားမိတဲ့မကောင်းမှုအကုသိုလ်ကာယကံဒုစရိုက်တရားက အခုလိုဘုရားအဖြစ်ကို ရောက်ရှိခဲ့တာတောင် နောက်ဆုံးဝိပါက်တော်အနေနဲ့ ခြေမတော်မှာ သွေးခြေဥပြီး အလွန်နာကျင်မှုဝေဒနာကို ခံစားနေရတာပဲဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒီတစ်ခါ သတ္တမဝိပါက်တော်အနေနဲ့ မြတ်စွာဘုရားရှင် ပေးဆပ်လိုက်ရတာဟာ အခဲမကျေ ဒေါသမပြေနိုင်သော အရှင်ဒေဝဒတ်ဟာ နောက်တစ်ကြိမ်ထပ်မံပြီး နာဠာဂီရိဆင်ကြီးကို အရက်မူးအောင်တိုက်ကျွေးပြီး တိုက်ခိုက်တာပါပဲ။

ဒီအချိန်မှာ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ ဝေဠုဝန်ကျောင်းတော်ကနေ ရာဇဂြိုဟ်မြို့အတွင်းကို ဆွမ်းခံကြွတော်မူလာချိန်ပေါ့။ အရှင်ဒေဝဒတ်ဟာ နာဠာဂီရိဆင်ကြီးကို အရက်မူးအောင်တိုက်ကျွေးပြီး ဘုရားရှင်နဲ့ ရဟန်းသံဃာတော်တွေ ကြွလာတဲ့လမ်းကို ချွန်းနဲ့တိုက်လွှတ်လိုက်ပါတယ်။

ဆင်မူးဟာ ဘုရားရှင်နဲ့ ရဟန်းသံဃာတော်တွေရှိရာကို တိုက်ခိုက်ဖို့ ရန်ပြေးလာသောအချိန်မှာ အနားမှာရှိတဲ့ သားငယ်ကို ပွေ့ချီထားသော မိခင်တစ်ယောက်က ဆင်မူးပြေးလာတာကို ရုတ်တရက်တွေ့မြင်လိုက်ရတော့ ကြောက်လန့်ပြီး လက်ထဲမှာ ပွေ့ချီထားသောသားငယ်ကို မြေပြင်မှာ ချခဲ့ပြီး ထွက်ပြေးပါလေရဲ့။

ဒီတော့ နာဠာဂီရိဆင်မူးဟာ ဘုရားရှင်ရှိရာကို ပြေးလာရာမှ ကလေးကိုချခဲ့ပြီး ထွက်ပြေးသောမိခင်နောက်သို့ လိုက်ပြန်ပါတယ်။ ဒီအချိန်မှာ မြတ်စွာဘုရားရှင်ဟာ ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးလိုက်ပြီး မဟာကရုဏာတော်ကြီးမားသော အင်္ဂါရှစ်ဖော်အသံတော်ဖြင့် တရားဟောတော်မူလိုက်ပါတယ်။ ဒီတော့ နာဠာဂီရိဆင်မူးဟာ အမူးပြေ စိတ်ကောင်းဝင်လာပြီး မြတ်စွာဘုရားရှင်ရဲ့ ရှေ့တော်မှောက်မှာ တစ်ခါတည်း ဒူးထောက်ပြားပြားဝပ်ချပြီး ရှိခိုးပါလေရဲ့။

မြတ်စွာဘုရားရှင်ဟာ အဲသလို နာဠာဂီရိဆင်မိုက်ရဲ့ တိုက်ခိုက်ခံရခြင်းရဲ့ အကြောင်းကံကလည်း ဘာကြောင့်လဲလို့ဆိုရင် အလောင်းတော်ဟာ တစ်ခုသောဘဝတုန်းက ပြည့်ရှင်မင်းရဲ့ဆင်ကို ထိန်းကျောင်းရတဲ့ ဆင်ထိန်းအမှုထမ်းတစ်ဦးဖြစ်ခဲ့ပါတယ်။ တစ်နေ့မှာ ဆင်ထိန်းကျောင်းရာမှ မြို့ထဲကိုပြန်အလာ လမ်းခရီးမှာ ပစ္စေကဗုဒ္ဓါအရှင်သူမြတ်တစ်ပါး ဆွမ်းခံကြွပြီး ပြန်အလာနဲ့ တိုက်တိုက်ဆိုင်ဆိုင်ဆိုသလို တွေ့ကြုံပါလေရဲ့။ ဒီတော့ ဆင်ထိန်းဟာ သူလာနေတာကို ပစ္စေကဗုဒ္ဓါက လမ်းဖယ်မပေးရကောင်းလားဆိုပြီး အမျက်ထွက်ကာ ဆင်ကို ချွန်းနဲ့ တစ်အားပေါက်ထုတ်လိုက်ပါတယ်။

ဒီတော့ ပစ္စေကဗုဒ္ဓါအရှင်သူမြတ်ကြီးဟာ ရုတ်တရက်အဘိညာဉ်တန်ခိုးတော်နဲ့ ကောင်းကင်ကို ပြန်တက်တော်မူလိုက်ရာ အပေါ်ရုံဇကသီက ပြေပေါ်ကျကျန်ခဲ့ပါတယ်။ ဒေါသလုံးပေါက်ကွဲနေသော အလောင်းတော်ဆင်ထိန်းဟာ ပစ္စေကဗုဒ္ဓါကျကျန်ခဲ့သော သင်္ကန်းကို တစ်ခါတည်း ဖွတ်ဖွတ်ညက်ညက်ကျေအောင် ဆင်နဲ့နင်းချေပစ်လိုက်ပါတော့တယ်။ အဲသလို ကျူးလွန်ပြစ်မှား စော်ကားခဲ့တဲ့ အကုသိုလ်ကာယကံဒေါသမီးက အခုလို ဘုရားအဖြစ်ကို ရောက်ရှိတော်မူသောအခါမှာ နောက်ဆုံးအနေနဲ့ ပြန်လည်ပြီးပေးဆပ်လိုက်ရတာပဲဖြစ်ပါတယ်။

ဒီတစ်ခါ မြတ်စွာဘုရားရှင် အဋ္ဌမဝိပါက်တော်အနေနဲ့ ကြွေးဟောင်းပေးဆပ်လိုက်ရတာကတော့ ခြေမတော်ကို ဓားဖြင့်ခွဲစိတ်ခံရခြင်းရဲ့ ဝိပါက်တော်ပါပဲ။

အရှင်ဒေဝဒတ်ဟာ မြတ်စွာဘုရားရှင်ရဲ့ထံပေါ်ကို မနာလိုမုန်းပွားစိတ်နဲ့ ဂိဇ္ဈကုဋ်တောင်ပေါ်ကနေ ကျောက်မောင်းဆင်လုပ်ကြခဲ့လို့ ခြေမတော်ကို ကျောက်စမှန်ပြီး သွေးစိမ်းတည်ကာ ကိုက်ခဲနေသောဝေဒနာက တော်တော်နဲ့ မပျောက်နိုင်တော့ဘဲ သွေးပြည်ပုပ်များ ခိုအောင်းနေပါတယ်။

ဒါကို သမားတော်ကြီးဇီဝကက ဘုရားရှင်ခံစားနေရသောဝေဒနာကို ပျောက်ကင်းသွားရလေအောင်ဆိုပြီး သွေးပြည်ပုပ်များကို ဓားနဲ့ခွဲစိတ်ထုတ်ယူကာ ကုသိုလ်ယူကုသပေးလိုက်ပါတယ်။

မြတ်စွာဘုရားရှင်ဟာ အဲသလို ခြေမတော်ကို ဓားနဲ့ခွဲစိတ်ကုသခံရခြင်းရဲ့ အကြောင်းကံတရားက ဘာကြောင့်လဲလို့ဆိုတော့ အလောင်းတော်ဟာ ရေမြေ့သနင်း ပြည့်ရှင်မင်းဖြစ်ခဲ့စဉ်က အချိန်ပြည့် မူးယစ်သောက်စား ပျော်ပါးနေသူပါ။ ဒီလို နေ့စဉ်ရက်ဆက် မူးယစ်သောက်စား ပျော်ပါးနေခြင်းကို မသင့်လျော်ကြောင်း မိဖုရားနဲ့ သားတော်၊ သမီးတော်များက တောင်းပန်နားချပြောကြားသော်လည်းပဲ မရ။ ဒီလိုနဲ့ တစ်နေ့မှာ အလောင်းတော်ပြည့်ရှင်မင်းဟာ အရက်သေစာများ သောက်စားလွန်ပြီး လူစိတ်ပျောက် သတိလွတ်ကာ နန်းတော်ထဲက အပြစ်မဲ့သော မင်းမှုထမ်းတစ်ဦးကို ကိုယ်တိုင် ဓားနဲ့ခုတ်သတ်လိုက်ပါတယ်။

အဲသလို ပြုလုပ်ကျူးလွန်ခဲ့မိတဲ့ ကာယကံအကုသိုလ်ဒုစရိုက်တရားရဲ့ ကြွေးဟောင်းက အခုလို ဘုရားအဖြစ်သို့ ရောက်ရှိသော်လည်းပဲ နောက်ဆုံးဝိပါက်အနေနဲ့ ခြေမတော်



www.burmeseclassic.com

www.burmeseclassic.com

ကို ဓားခွဲခံရကာ ပေးဆပ်လိုက်ရပါတယ်။

မြတ်စွာဘုရားရှင်ဟာ အတိတ်ကံအကုသိုလ်ကြွေးဟောင်းတွေကို ပေးဆပ်လာရတာဟာ ဒီတစ်ခါ နဝမအကြိမ်အနေနဲ့ ပေးဆပ်လိုက်ရတာကတော့ ရုံဖန်ရံခါ ဦးခေါင်းတော်ကိုက်ခဲရခြင်း ခံစားနေရတဲ့ ဝိပါက်တော်ပါ။

အလောင်းတော်ဟာ နုစဉ်ဘဝတစ်ခုတုန်းက တံငါသည်မိသားစုမှာ လူလာဖြစ်ပါတယ်။ သူ့ရဲ့အမည်က ကေဝဋ္ဋတဲ့။ တံငါသည်မိသားစုဆိုတော့ နေ့စဉ် ငါးရှာ၊ ဖားရှာ ထွက်ရတာပေါ့။ ဒီအချိန်မှာ အလောင်းတော် ကေဝဋ္ဋက ငယ်ရွယ်သူတစ်ယောက်ဆိုတော့ အိမ်မှာပဲကျန်နေခဲ့ပါတယ်။ ကေဝဋ္ဋရဲ့မိဘများဟာ ငါးရှာပြီးပြန်လာတိုင်း ပါလာတဲ့ ငါးအရှင်တွေကို ဈေးထဲကိုသွားပြီး ရောင်းချဖို့ရန် ဦးခေါင်းကို ထုသတ်နေပါတယ်။ ဒါကို အလောင်းတော် ကေဝဋ္ဋလေးက အနားကနေရပ်ကြည့်ပြီး ဝမ်းမြောက်နေပါတယ်တဲ့။ အဲသလိုကြည့်ရာမှ နောက်တော့ သူကိုယ်တိုင်ပါ ပါဝင်ပြီး ငါးအရှင်တွေရဲ့ဦးခေါင်းကို ထုသတ်လိုက်ပါတော့တယ်။

အကုသိုလ်ဆိုတာ ကိုယ်တိုင်ပြုလုပ်တာသက်သက်မှ အကုသိုလ်မဟုတ်ပါဘူး။ အခုလို သူများထုသတ်နေတာကို ကြည့်ပြီး ဝမ်းမြောက်နေတာဟာလည်း အကုသိုလ်ဖြစ်နေတာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ မြတ်စွာဘုရားရှင်က အဘိဓမ္မာတရားတော်ကြီးမှာ ဒုစရိုက်တရားဆယ်ပါးကို ကိုယ်တိုင် တိုက်တွန်း၊ ချီးမွမ်း၊ စိတ်ကူးဆိုတဲ့လေးချက်နဲ့ မြှောက်လိုက်တာပါတဲ့။ အဲသလိုမြှောက်လိုက်တဲ့အခါမှာ ဒုစရိုက်တရားဆယ်ပါးက အပွားလေးဆယ် ဖြစ်သွားပါတယ်တဲ့။

ဒါကြောင့် မကောင်းမှုအကုသိုလ်စေတနာကံရဲ့ သတ္တိတွေဟာ ကိုယ်ကိုယ်တိုင်မပြုလုပ်သော်လည်းပဲ သူတစ်ပါးကိုပြုလုပ်ရန် တိုက်တွန်းလိုက်ချင်သော်လည်းကောင်း၊ သူတစ်ပါးပြုလုပ်နေတာကို ချီးမွမ်းပြောဆိုရင်သော်လည်းကောင်း၊ နောက်ပြီး သူတစ်ပါးပြုလုပ်နေတာကို ဝမ်းမြောက်မှုနဲ့ စိတ်တူနေရင်သော်လည်းကောင်း ကိုယ်တိုင်ကိုယ်ကျ ပြုလုပ်သောသူနဲ့မခြား အကုသိုလ်ဖြစ်နေတာပါပဲလို့ ဆိုပါတယ်။

အခုလည်း မြတ်စွာဘုရားရှင်အလောင်းတော် ကေဝဋ္ဋလေးဟာ သူ့ရဲ့မိဘများက ငါးအရှင်တွေရဲ့ခေါင်းတွေကို ထုနေတဲ့အခါမှာ ဘေးနားကနေထိုင်ပြီး ဝမ်းမြောက်ဝမ်းသာနဲ့ ကြည့်နေပါတယ်။ နောက်ပြီး သူကိုယ်တိုင်ပါ ပါဝင်ပြီး ကိုယ်ထိလက်ရောက် ထုသတ်နေတယ်ဆိုတော့ အကုသိုလ်ဝဋ်ကြွေးက နှစ်ထပ်ကွမ်းပေါ့။ ဒါကြောင့် အလောင်းတော်ဟာ အဲသလိုပြုလုပ်ခဲ့သော အကုသိုလ်စေတနာကံ ဒုစရိုက်တရားက အခုလို ဘုရားအဖြစ်ကို ရောက်ရှိလာတဲ့ နောက်ဆုံးဘဝမှာ ခေါင်းကိုက်ဝေဒနာကို ရုံဖန်ရံခါခံစားရခြင်းပါပဲ။

မြတ်စွာဘုရားရှင် ပေးဆပ်လိုက်ရတဲ့ ကြွေးဟောင်းတွေထဲမှာ မုယောဆန်ကြမ်းကြမ်းကို ဘုဉ်းပေးသုံးဆောင်ရတာလည်း ပါပါတယ်။ ဒီလိုမုယောဆန်ကြမ်းကြမ်းကြီးကို ဘုဉ်းပေးသုံးဆောင်ရတဲ့ ဝိပါက်တော်ကို အကြိမ်အရေအတွက်နဲ့ပြောမယ်ဆိုရင် ဒသမအကြိမ်ပေးဆပ်လိုက်ရတဲ့ ဝိပါက်တော်ပေါ့။

မြတ်စွာဘုရားရှင်ဟာ ဝေရဥ္စာဆိုတဲ့ပုဏ္ဏားကြီးရဲ့ ပင့်ဖိတ်မှုအရ ဝေရဥ္စာပြည်မှာ ဝါဆိုဖြစ်ပါတယ်။ မြတ်စွာဘုရားရှင်နဲ့အတူ အရှင်အာနန္ဒာ၊ အရှင်မောဂ္ဂလာန် အစရှိတဲ့တပည့်သံဃာပေါင်းမြောက်မြားစွာလည်း ပါပါတယ်။

မြတ်စွာဘုရားရှင် ဝါဆိုတဲ့ အဲဒီနှစ်မှာပဲ ဝေရဥ္စာပြည်ကြီးဟာ မိုးခေါင်ရေရှားဖြစ်လို့ တောင်သူလယ်သမားတွေဟာ စိုက်ပျိုးသီးနှံတွေ မဖြစ်ထွန်းတော့ပါဘူး။ ဝေရဥ္စာပြည်ကြီးဟာ ဆန်စပါးအလွန်ရှားပါးပြီး ဒုဗ္ဘိက္ခန္တရကပ်ဆိုးကြီးဆိုက်ရောက်ပါတော့တယ်။ လူတွေငတ်မွတ်နေပြီးဆိုမှတော့ ဘုရားရှင်နဲ့ ရဟန်းသံဃာတော်တွေလည်း ဆွမ်းခံလို့ ဘယ်ရရှိတော့မှာလဲ။

ဒီလိုအခါမှာ ကံကောင်းတယ်လို့ပဲ ပြောရမလားမသိဘူး။ ဥတ္တရာပထတိုင်းက မြင်းကုန်သည်တွေဟာ မြင်းငါးရာနဲ့အတူ ဝေရဥ္စာပြည်ထဲကို တစ်ဝါတွင်းလုံးလာပြီး စတည်းချကာ မြင်းတွေကို အဝယ်အခြမ်းပြုလုပ်နေပါတယ်။ ဝေရဥ္စာပြည်က လူတွေဟာ ဒီလိုမျိုး စီးပွားရေးအကျပ်အတည်းဖြစ်နေတော့ သူတို့ပိုင်ဆိုင်တဲ့မြင်းတွေကို ဥတ္တရာပထတိုင်းက မြင်းကုန်သည်တွေထံ ရောင်းချစားရတယ်လို့ထင်ပါရဲ့။

မြတ်စွာဘုရားရှင်နဲ့ ရဟန်းသံဃာတော်တွေဟာ ဝေရဥ္စာပြည်ထဲမှာ ဆွမ်းခံဖို့အခက်အခဲတွေ့တော့ ဥတ္တရာပထတိုင်းက မြင်းကုန်သည်တွေထံသွားပြီး ဆွမ်းခံရပါတယ်။ မြင်းကုန်သည်တွေကလည်း သဒ္ဓါတရားရှိပင်ရှိငြားသော်လည်းပဲ မြင်းတွေကိုကျွေးဖို့ပါလာတဲ့ မုယောဆန်ကြမ်းကြမ်း မြင်းစာတွေကိုပဲ လောင်းလှူနိုင်ရှာပါတယ်။ မြတ်စွာဘုရားရှင်နဲ့ ရဟန်းသံဃာတော်တွေဟာ အဲဒီတစ်ဝါတွင်း



www.burmeseclassic.com

www.burmeseclassic.com

လုံး မြင်းကုန်သည်တွေလောင်းလှူတဲ့ မြင်းစာမုယောဆန်ကြမ်းကြမ်းကြီးကိုပဲ နေ့စဉ်ဘုဉ်းပေးပြီး သီတင်းသုံးနေခဲ့ရပါတယ်။

မြတ်စွာဘုရားရှင်ဟာ အဲသလို တစ်ဝါတွင်းလုံး မုယောဆန်ကြမ်းကြမ်းကြီးကိုပဲ ဘုဉ်းပေးသုံးဆောင်တော်မူရသော ဝိပါက်တော်ရဲ့ အတိတ်အကုသိုလ်စေတနာကံ ဒုစရိုက်အကြောင်းတရားက ဘာကြောင့်လဲဆိုတော့ အလောင်းတော်ဟာ ဘဝတစ်ခုတုန်းက အညတြလုလင်တစ်ဦးဖြစ်ခဲ့ပါတယ်။ အဲဒီတုန်းက အလောင်းတော်ဟာ တစ်နေ့မှာ ကဿပဘုရားရှင်နဲ့ ရဟန်းသံဃာတော်တွေ ဆွမ်းဘုဉ်းပေးနေတာကိုတွေ့တော့ မလိုတမာမုန်းထားစိတ်နဲ့ လက်ညှိုးငေါက်ငေါက်ထိုးပြီး အချိုးမပြေ ပုံစံမကျတဲ့ ဒီခေါင်းတုံးတွေဟာ အခုလိုကောင်းမွန်လှတဲ့ သလေးဆန်နဲ့မတန်ဘူး။ အလုပ်မရှိ အကိုင်မရှိ ရေသာခိုအချောင်သမားတွေဆိုတော့ မုယောဆန်ကြမ်းကြမ်းနဲ့ပဲ ထိုက်တန်တယ်လို့ စွပ်စွဲရှုတ်ချပြစ်မှားပြောဆိုခဲ့သော ဝစီကံစကားဆိုးကြောင့်ပါပဲ။

ဒီတစ်ခါ ဇကာဒသမအကြိမ်အနေနဲ့ ပေးဆပ်လိုက်ရပြန်တဲ့ အတိတ်ကံကြွေးဟောင်း ဝိပါက်တော်ကတော့ မြတ်စွာဘုရားရှင်ဟာ ရံဖန်ရံခါ ခါးတော်ကိုက်ခဲမှုဝေဒနာကို ခံစားနေရတာပဲဖြစ်ပါတယ်။

မြတ်စွာဘုရားရှင်ဟာ ဒီလို ခါးတော်ကိုက်ခဲမှုဝေဒနာကို ခံစားနေရတာဟာလည်း ဟိုးလွန်လေပြီးသောဘဝတစ်ခုတုန်းက ဗာရာဏသီပြည်မှာ ဝါမနဆိုတဲ့အမည်နဲ့ သူဌေးသားတစ်ဦးဖြစ်ခဲ့ဖူးပါတယ်။ အလောင်းတော် ဝါမနသူဌေးသားလေးဟာ လက်ဝှေ့ထိုးဝါသနာပါလို့ သူ့ရဲ့မိဘများက လက်ဝှေ့ဆရာကြီးများထံမှာ ပညာသင်အပ်နှံပေးခဲ့ပါတယ်။ ဒီလိုနဲ့ ဝါမနသူဌေးသားလေးက လက်ဝှေ့ပညာတွေကို တတ်မြောက်ပြီး ကြေးစားလက်ဝှေ့အကျော်အမော်တစ်ဦးဖြစ်လာခဲ့ပါတယ်။ ခွန်အားဗလကလည်းကြီးမား လက်ဝှေ့ပညာကလည်း တော်ဆိုတော့ ဖြိုင်ပွဲတိုင်းမှာ သူနဲ့ပြိုင်ဘက်များကို ခါးရိုးကျိုးအောင်ချိုးပြီး မြေပေါ်ကိုလှဲချကာ အနိုင်ယူလေ့ရှိပါတယ်။

အလောင်းတော်ရဲ့ အဲသလိုပြုလုပ်ခဲ့သော အတိတ်အကုသိုလ်ကာယကံဒုစရိုက်တရားက အခုလို ဘုရားအဖြစ်ကို ရောက်ရှိလာတာတောင်မှ ရံဖန်ရံခါ ခါးတော်ကိုက်ခဲရသော ဝေဒနာကို နောက်ဆုံးဝိပါက်အနေနဲ့ ပေးဆပ်လိုက်ရတာပဲ ဖြစ်ပါတယ်။

အဲသလို အတိတ်အကုသိုလ်ကံ ဒုစရိုက်ကြွေးဟောင်းကို မြတ်စွာဘုရားရှင် ပေးဆပ်လာခဲ့ရာမှာ နောက်ဆုံးပရိနိဗ္ဗာန်စံဝင်ခါနီးတောင်မှ မညှာမတာပေးဆပ်လိုက်ရပြန်ပါတယ်။

သက်တော်ရှစ်ဆယ်၊ ဝါတော်လေးဆယ့်ငါးဝါ ရှိပြီဖြစ်တဲ့ မြတ်စွာဘုရားရှင်ဟာ ဘုရားရှင်တို့ရဲ့ဓမ္မတာအရ မဟာသက္ကရာဇ်(၁၄၈)ခုနှစ်၊ ကဆုန်လပြည့် အင်္ဂါနေ့မှာ ပရိနိဗ္ဗာန်ပြုဖို့ရန်ကို ကုသိနာရုံပြည် မလ္လာမင်းတို့ရဲ့ဥယျာဉ်တော်ကို ကြွချီတော်မူအလာ လမ်းခရီးမှာ ပါဝါပြည်က စုန္ဒဒကာဆက်ကပ်လိုက်သောဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော်မူရာမှ ဝမ်းလျှောပါလေရော။

ဒီလိုဆိုလိုက်တော့ စာဖတ်သူများအနေနဲ့ တို့ဘုရားဟာ စုန္ဒကဆက်ကပ်တဲ့ဆွမ်းကို ဘုဉ်းပေးသုံးဆောင်လိုက်လို့ ဝမ်းတော်လားရတာ။ နို့မို့ဆို ဒီလိုဖြစ်မှာမဟုတ်ပေဘူးလို့ တွေးကောင်းတွေးကြပါလိမ့်မယ်။ ဒီလိုမဟုတ်ရပါဘူး။ ဝိပါက်တော်အရ ဝမ်းတော်လားပြီးမှပဲ ပရိနိဗ္ဗာန်စံဝင်ရမှာပဲ ဖြစ်ပါတယ်။

အဲသလိုထင်မှားမိမှာစိုးလို့လည်း မြတ်စွာဘုရားရှင်က အမွန်မြတ်ဆုံးဆွမ်းအလှူဒါနနှစ်မျိုးကို မိန့်တော်မူခဲ့ပါတယ်။ ဘုရားမဖြစ်မီ မဟာဗောဓိပင်ကိုအကြွမှာ အဇပါလညောင်ပင်ရင်းမှာ သူဌေးသမီးသုဇာတာ ဆက်ကပ်လှူဒါန်းလိုက်သော နို့ဃနာဆွမ်းနဲ့ ယခုပါဝါပြည်က စုန္ဒဒကာဆက်ကပ်လှူဒါန်းလိုက်တဲ့ ဆွမ်းတို့ဟာ အမွန်မြတ်ဆုံးဖြစ်တယ်လို့ မှာကြားခဲ့ပါတယ်။

မြတ်စွာဘုရားရှင်ဟာ အခုလိုဝမ်းတော်လားရတဲ့အခါမှာ သမားတော်ကြီးဇီဝကရဲ့ ဝမ်းရပ်တားဆေးတောင် ဘယ်လိုမှမစွမ်းတော့ဘူးတဲ့။ တကယ်တော့ သမားတော်ကြီးဇီဝကရဲ့ ဝမ်းရပ်တားဆေးက စွမ်းပါတယ်။ မြတ်စွာဘုရားရှင်ရဲ့ အတိတ်အကုသိုလ်ဝဋ်ကြွေး ပေးဆပ်လိုက်ရတာကြောင့် မစွမ်းတာပါ။ ဆရာဇီဝကဟာ သူ့ရဲ့ဆေးတွေဟာ အစွမ်းမထက်တော့ဘူးလို့ထင်ပြီး ဂင်္ဂါမြစ်ထဲကို ပစ်ချလိုက်တဲ့အခါမှာ ဂင်္ဂါမြစ်ရေယဉ်ဟာ ခေတ္တရပ်တန့်သွားပါတယ်တဲ့။ အဲသလောက်အစွမ်းထက်တဲ့ဆေးတောင် ဘုရားရှင်ရဲ့ ဝမ်းသွားတာက မရပ်ဘူးဆိုတော့ ဝိပါက်ကြမ္မာ မလွတ်သာပေါ့။

အဲသလို မြတ်စွာဘုရားရှင် ဝမ်းတော်လားရခြင်းရဲ့ ဝိပါက်တော်ကတော့ အလောင်းတော်ဟာ ဘဝတစ်ခုမှာ



www.burmeseclassic.com

www.burmeseclassic.com

ကျွမ်းကျင်ပါးနပ်သော ဆေးဆရာတစ်ဦး ဖြစ်ခဲ့ပါတယ်။ အဲဒီတုန်းက အလွန်နှမြောစေးနှဲသော သူဌေးသားတစ်ယောက်ဟာ အစားမှားပြီး ဝမ်းသွားပါလေရဲ့။ သူဌေးသားဟာ သူ့ရောဂါကို ငွေကုန်ကြေးကျမများမှာစိုးပြီး နီးစပ်ရာကောင်းနိုးရာရာ ဆေးမြီးတိုလေးတွေနဲ့ပဲ ကုသပါတယ်။ ဒါပေမဲ့ ရောဂါဟာ မပျောက်ဘဲ ပိုပိုဆိုးရွားလာပါတယ်။


ဒီတော့မှ သူဌေးသားဟာ အလောင်းတော်ဆေးဆရာကို ပင့်ခေါ်ပြီး ဆေးကုသပါတယ်။ အလောင်းတော်ဆေးဆရာဟာ သူဌေးသားရဲ့ ဝမ်းလျှောရောဂါကို ကုသလိုက်တော့ ပျောက်ကင်းသွားပါတယ်။ ဒါပေမဲ့ အလွန်ကပ်စေးနှဲတဲ့ သူဌေးသားဟာ ဆေးဖိုးဝါးခကို မပေးချင်သောကြောင့် သူ့ရဲ့ဝမ်းဟာ သွားမြဲသွားနေပါတယ်လို့ လိမ်ညာပြီးပြောဆိုလိုက်ပါတယ်။ ဒီတော့ အလောင်းတော် ဆေးဆရာဟာ ရောဂါပျောက်ကင်းပါလျက်နဲ့ မပျောက်ဘူးလို့ပြောရကောင်းလားဆိုပြီး အလွန်ပြင်းထန်သော ဝမ်းလျှောဆေးကို များများတိုက်ခဲ့ပြီး ပြန်လာခဲ့ပါတယ်။ ဒါနဲ့ သူဌေးသားလည်း အလောင်းတော်ဆေးဆရာ တိုက်ကျွေးခဲ့သော ဆေးကို သောက်ပြီး ဝမ်းတွေအလွန်အကျွံသွားလို့ သေဆုံးသွားရရှာလေရဲ့။

အဲသလိုပြုလုပ်ကျူးလွန်ခဲ့သော မကောင်းမှုအကုသိုလ်ကံ ဒုစရိုက်တရားရဲ့ကြွေးဟောင်းက အခုလို နောက်ဆုံးဘဝ ဘုရားအဖြစ်ကို ရရှိတာတောင်မှ ဝမ်းတော်လားပြီးမှပဲ ပရိနိဗ္ဗာန်စံဝင်ရတာဖြစ်ပါတယ်။

မြတ်စွာဘုရားရှင်က အခုလို ကိုယ်ပြုလုပ်ခဲ့သောစေတနာဇောကံသတ္တိတွေကို အဘိဓမ္မာတရားတော်ကြီးရဲ့ ဝီထိပုတ်ပိုင်းမှာ ဇောခုနစ်ကြိမ်အကျိုးပေးပုံ အလှည့်အကြိမ်ဖြင့် ဟောကြားတော်မူထားပါတယ်။

ကိုယ်ပြုလုပ်ခဲ့တဲ့ အရာရာတိုင်းမှာ စေတနာဇောသတ္တိတွေ ခုနစ်ကြိမ်တိတိစောပါတယ်။ အဲသလိုစောတဲ့နေရာမှာ ပထမစေတနာကံက ကိုယ်ပြုလုပ်ခဲ့သော မျက်မှောက်ဘဝမှာပင် ဒိဋ္ဌဓမ္မ ဝေဒနီယကံအဖြစ် အကျိုးပေးတယ်လို့ ဆိုပါတယ်။ အကျိုးပေးခွင့် အခွင့်အခါမသာရင်တော့ အဲဒီ ပထမဇောစေတနာကံဟာ အဟောသိကံဖြစ်သွားရရှာပါတယ်။

နောက်တစ်ခါ အဲသလို ခုနစ်ကြိမ်စောတဲ့ နောက်ဆုံးသတ္တမမြောက်စေတနာကံဟာ သေပြီး ဒုတိယဘဝမှာ ဥပပဇ္ဇဝေဒနီယကံအဖြစ် အကျိုးပေးပြန်ပါတယ်။ သူလည်းပဲ အဲဒီဒုတိယဘဝမှာ အကျိုးပေးဖို့ အခွင့်မသာရင်တော့



အဟောသိကံဖြစ်ပြန်ပါတယ်။

အလယ်ဇောငါးချက်စေတနာကံတွေကတော့ တတိယဘဝမှပင် နိဗ္ဗာန်မရမချင်း သုံးဆယ့်တစ်ဘုံမှာကျင်လည်နေသမျှကာလပတ်လုံး ခန္ဓာရှိနေသမျှ အကျိုးပေးခွင့်အခွင့်သာတိုင်း အခွင့်သာတိုင်း အပရာပရိယာယဝေဒနီယကံအဖြစ် အကျိုးပေးနေမှာပါပဲ။ အရဟတ္တဖိုလ်ကိုရရှိလို့ ပရိနိဗ္ဗာန်စံဝင်သွားပြီဆိုရင်တော့ ခန္ဓာမရရှိတော့တဲ့အတွက် သုံးဆယ့်တစ်ဘုံကနေ လွန်မြောက်သွားပြီဖြစ်လို့ အဲဒီတော့မှ ဒီအလယ်ဇောငါးချက်စေတနာကံသတ္တိတွေဟာ အဟောသိကံဖြစ်သွားရတာပါပဲ။

ဒါကြောင့် စာဖတ်သူများအနေနဲ့ သတိချပ်ရမှာက ကိုယ်ပြုလုပ်ပြောဆို တွေးကြံခဲ့သမျှတွေဟာ လေလို၊ ပြာလို လွင့်စဉ်မသွားဘဲ ကံမြောက်ပြီးခဲ့ပြီဖြစ်လို့ နိဗ္ဗာန်မရောက်မချင်း အကျိုးပေးဖို့ အခွင့်သာတိုင်း ဝိပါက(ဝိပါက်)အနေနဲ့ ပြန်လည်ပြီးအကျိုးပေးခြင်းကို ခံစားရပါလိမ့်ဦးမယ်ဆိုတာပါပဲ။

ကျော်ကျော်ဦး(ဒါးဘီး)


မှီငြမ်း

(၁) ဓမ္မပဒ၊ ဂါထာ(၁၁၉)။

(၂) ဗုဒ္ဓဝင် ယဉ်ကျေးမှုသင်ခန်းစာ။

(၃) ဝိပါက်တော်(၁၂)ပါး (မောင်သက်)။


www.burmeseclassic.com

www.burmeseclassic.com



# ဗုဒ္ဓမာတာ

ဒေါက်တာ [illegible]

| ပညာရေး[illegible] |

ရညော မာတာ မဟေသီတိ၊ သုလဘံ နာမ မိတ္တိနံ။
ဗုဒ္ဓမာတာဟိ ယံနာမံ၊ ဧတံ ပရမဒုလ္လဘံ။

အထက်ပါစကားမှာ မဟာပဇာပတိ ဂေါတမီထေရီ အပါဒါန်မှာပါသည့် စကားကလေး ဖြစ်ပါသည်။ မြတ်စွာဘုရားကို မွေးဖွား တော်မူခဲ့သည့် မယ်တော်မာယာ၏ ညီမတော်အရင်းဖြစ်သူ

www.burmeseclassic.com

www.burmeseclassic.com

မဟာပဇာပတိဂေါတမီထေရီက မြတ်စွာဘုရားကိုကိုယ်တိုင် လျှောက်ထားတော်မူခဲ့သည့်စကား ဖြစ်ပါသည်။

ပါဠိဘာသာမှ မြန်မာဘာသာသို့ ပြန်ရမည်ဆိုလျှင်-

'အို··သားတော်မြတ်ဘုရား၊ ဤလောကကြီးတွင် မင်းအမျိုးမျိုးတို့၏ မိခင်ဆိုသည့်အမည်၊ မိဖုရားဆိုသည့် အမည်များကို တပည့်တော်တို့လို အမျိုးသမီးများသည် လွယ်လွယ်ကူကူရနိုင်ပါသည်ဘုရား။

အရှင်ဘုရားတို့ကဲ့သို့ သစ္စာလေးပါးတရားသိမြင် ဘုရားရှင်ကိုယ်တော်မြတ်တို့၏ မိခင်ဆိုသည့် အမည်မှာကား ဘုရားမယ်တော်ဆိုတဲ့အမည်ကတော့ ရဖို့ရန် အလွန်ခဲယဉ်းပါသည်ဘုရား။ တပည့်တော်မှာ အလွန်ဖြစ်ဖို့ခက်ခဲသည့် ဘုရားမယ်တော်ကြီးဖြစ်ရပါသည်။ ထို့ကြောင့် အလွန်ဝမ်းမြောက်ဝမ်းသာရှိလှပါသည်ဘုရား'ဟု မဟာပဇာပတိဂေါတမီထေရီက လျှောက်ထားခဲ့ပါသည်။

ထိုကဲ့သို့ မဟာပဇာပတိဂေါတမီထေရီကိုယ်တော်တိုင် လျှောက်ထားသောစကားကို ထောက်ထား၍ မိထွေးတော်ဂေါတမီ၏အကြောင်းကို တင်ပြသည့်အခါ ဗုဒ္ဓမာတာဟု ရဲရင့်စွာခေါင်းစဉ်ပေးလိုက်ပါသည်။ သေသေချာချာစဉ်းစားကြည့်လေလေ ဗုဒ္ဓမာတာဖြစ်ဖို့ရာ ခက်ခဲလှသည်ဆိုသည့် စကားမှာ တိကျမှန်ကန်သော အချက်ကလေးဖြစ်သည်ဟု လက်ခံလာမိလေလေဖြစ်ရသည်။ မိထွေးတော်ဂေါတမီအနေဖြင့် ဝမ်းသာအားရဖြစ်သည်ဆိုသည့် အချက်ကိုလည်း နားလည်သဘောပေါက်မိလေလေဖြစ်လာသည်။ ကြည်ညိုလာရသည်။

ဟုတ်ပါသည်၊ မင်းသိမ်မင်းငယ်ကအစ စကြဝတေးမန္တမင်းကြီး၏ မယ်တော်ဆိုသည့် အမည်နှင့်ဂုဏ်ကိုလည်း အကြောင်းအားလျော်စွာ အမျိုးသမီးများ ရလွယ်ပါသည်။ ထို့အတူ မိဖုရားဆိုသည့်အမည်နှင့် ဂုဏ်ကိုလည်း ရဖို့လွယ်ပါသေးသည်။ မိထွေးတော်ကိုယ်တိုင် သုဒ္ဓေါဒနမင်းကြီး၏ မိဖုရားဖြစ်ခဲ့သည်။ သို့သော် ဗုဒ္ဓမာတာ(ဗုဒ္ဓမယ်တော်) ဖြစ်ဖို့ဆိုသည်မှာ အလွန်ခက်ခဲသည့်ကိစ္စဖြစ်ပါသည်။

အကြောင်းမှာ မြတ်စွာဘုရားရှင်တစ်ပါး ပွင့်ထွန်းတော်မူလာဖို့ဆိုသည်မှာ အလွန်ခက်ခဲသည်။ မြတ်စွာဘုရားအလောင်းတော်များသည် စိတ်ထဲမှနေ၍ ဘုရားဆုပန်ဖို့တောင့်တနေရသည်မှာ အသေင်္ချေများစွာ ကြာပါသည်။ အကြောင်းမှာ ဆိုခဲစေ မြဲစေ ဆိုသည့်လူမျိုးမှသာ အလွန်တရာမြင့်မြတ်သောဆုကိုပြည့်အောင် နှုတ်မှမြွက်ဆိုမည်။ မမြွက်ဆိုမီကပင် ကောင်းသောအမှုများကို ကျင့်ကြံမည်။ ဖြည့်ဆည်းမည်။ အားပါးတရနှုတ်မှမြွက်၍ တောင်းဆိုပြီးသည့်နောက် အမှန်တကယ် လေးလေးနက်နက် ဖြည့်ဆည်းကျင့်ကြံမည်ဖြစ်သည်။ ထိုသို့ကျင့်ရသည်မှာ အသင်္ချေပေါင်းများစွာကြာအောင် ကျင့်ရခြင်းဖြစ်ပါသည်။ တောင်းသည့်ဆု ပြည့်နိုင်ပြီဟု သေချာသည့်အခါ မည်သည့်ကမ္ဘာမှာ မည်သို့သောဘွဲ့မျိုးနှင့် ဘုရားဖြစ်တော်မူမည်ဆိုသည့် ဗျာဒိတ်ပန်းကို ဘုရားရှင်တစ်ပါးပါးထံမှာ ခံယူရပါသည်။ ထိုကဲ့သို့ခံယူပြီးသည့်နောက်မှာလည်း အသင်္ချေပေါင်းများစွာကြာအောင် ပါရမီဆယ်ပါးကို အယုတ်အလတ်အမြတ်အားဖြင့် ဖြည့်ဆည်းရပါသည်။ ဂေါတမမြတ်စွာဘုရားရှင်သည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာအောင် ဗျာဒိတ်ခံပြီးမှ ပါရမီဖြည့်ဆည်းတော်မူခဲ့ရသည်။ ထိုကဲ့သို့ ပါရမီတော်များကို ခက်ခဲစွာဖြည့်ကျင့်ရသောကြောင့် မြတ်စွာဘုရားတစ်ဆူ,တစ်ဆူ ပွင့်ထွန်းပေါ်ပေါက်ဖို့ အလွန်ခက်ခဲသည်။

ဘုရားရှင်ငါးဆူပွင့်ထွန်းတော်မူသော စာရေးသူတို့၏ ဘဒ္ဒကမ္ဘာမှာ ဗုဒ္ဓမာတာငါးပါးသာ ရှိမှာပါတကား။ တခြားသောမင်းများ၏ မယ်တော်များ၊ မိဖုရားများကတော့ မရေမတွက်နိုင်အောင်ရှိမှာ သေချာပါသည်။ ထိုကဲ့သို့တွေးတောမိသည့်အချိန်တွင် မိထွေးတော်ဂေါတမီ ဝမ်းမြောက်ဝမ်းသာဖြစ်ထိုက်ပါပေသည်ဟု ဝမ်းမြောက်ဝမ်းသာဖြစ်မိသည်။

မာတာများ၏အကြောင်းကို တစ်ကျော့ပြန်အားဖြင့် ပြည့်ပြည့်စုံစုံရေးမည်ဟု တွေးမိသည့်အခါတွင် အသင့်လျော်ဆုံးမှာ ဗုဒ္ဓမာတာ၏ အကြောင်းမှစပြီး ရေးခြင်းဖြစ်သည်။ ပထမတစ်ခါ ရေးစဉ်ကတည်းက မိထွေးတော်ဂေါတမီ၏ အကြောင်းမှစပြီး ရေးဖြစ်ခဲ့သည်။ ထိုအချိန်က မိထွေးတော်ဂေါတမီ၏ လျှောက်တင်ချက်နှင့်ပတ်သက်ပြီး မဖတ်ဖူးခဲ့သေးပါ။ ထိုသို့ ဗုဒ္ဓမာတာအကြောင်းကို ပထမဦးစွာရေးမိသည်မှာ ဘိက္ခုနီသာသနာကို စတင်ခဲ့သူဖြစ်သောကြောင့်ပင်။

ယခုတစ်ခါတွင် ဗုဒ္ဓမာတာအနေဖြင့်သာမက ဘိက္ခုနီသာသနာ၏ မိခင်ကြီးအဖြစ်ပါ ပူဇော်သမှုပြုသည့်အနေဖြင့် ရေးသားတင်ပြမည်ဖြစ်ပါသည်။

မိထွေးတော်ဂေါတမီဟု ဗုဒ္ဓသာသနာကို လက်ခံယုံကြည်သူ မြန်မာများက အလွန်ချစ်မြတ်နိုးစွာ အလွန်လေးစားစွာ ခေါ်ဆိုနေကြသည်မှာ လူ့လောကတွင် ဖြစ်တော်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ခဲ၊ ရှိတောင့်ရှိခဲဆိုသလို ကိုယ်တိုင်ဝမ်းနှင့်လွယ်ကာ မွေးထားသောသားရှိပါလျက် အစ်မတော်၏သား မိတဆိုး သိဒ္ဓတ္ထမင်းသားကို အထူးစောင့်ရှောက်တော်မူခဲ့သောကြောင့် ဖြစ်ပါသည်။

မြတ်စွာဘုရား၏မယ်တော် မာယာဒေဝီအမည်ရသော သုဒ္ဓေါဒနမင်းကြီး၏ မိဖုရားခေါင်ကြီးဖြစ်သူသည် သားတော်သိဒ္ဓတ္ထကိုမွေးဖွားပြီး (၇)ရက်အရတွင် နတ်ရွာစံတော်မူခဲ့သည်။ မယ်တော်နတ်ရွာစံတော်မူကတည်းက (၇)ရက်သားသာရှိသေးသော ဘုရားအလောင်းတော်ကို မိမိ၏သားတော်အရင်းထက် ပို၍ပင် မိထွေးတော်ဂေါတမီက စောင့်ရှောက်တော်မူခဲ့ပါသည်။ မိထွေးတော်ဂေါတမီမှာလည်း သားတော်တစ်ပါး ဖွားမြင်လာခဲ့သည်။ အမည်အားဖြင့် နန္ဒဟု မှည့်ခေါ်ထားသည်။ ထိုကဲ့သို့ ကိုယ့်ဝမ်းကြာတိုက်မှာ လွယ်ကာ ကိုယ်တိုင်မွေးဖွားခဲ့သော သားတော်နန္ဒမင်းသားထက် မိတဆိုး သိဒ္ဓတ္ထမင်းသားကို ကရုဏာလည်းပို အထင်ကြီးလေးစားမှုလည်းပိုကာ စောင့်ရှောက်တော်မူခဲ့သည့် မိထွေးတော်ဖြစ်လာသောကြောင့် မြန်မာဗုဒ္ဓဘာသာဝင်များက မိထွေးတော်ဂေါတမီဟု အထင်တကြီးလေးလေးစားစား ခေါ်ဆိုခဲ့ကြခြင်းဖြစ်သည်။

**ဆုကြီးပန်ခဲ့သူ ဂေါတမီ**

မိထွေးတော်ဂေါတမီ၏ ဘဝအဆက်ဆက်အပိုင်းများကို လေ့လာရသည်မှာ စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။ မည်သည့်အကြောင်း၊ မည်သည့်ဖြစ်ရပ်မှ အကြောင်းမဲ့စွာဖြစ်ပေါ်လာခြင်းမရှိပေ။ အလွန်တာဝန်ကြီးသော အလွန်ပင်ဂုဏ်ကျေးဇူးကြီးသော သူတို့၏ဘဝကိုရလာအောင် ဘယ်သူကမှ လုပ်ပေး၍မရနိုင်ပေ။ မိမိတို့ဘာသာ ကြိုးစားအားထုတ်လုပ်ကိုင်ကြရသည်။ ထိုကဲ့သို့ဆောင်ရွက်နိုင်ရန် မိမိတို့ကိုယ်တိုင် ပြင်းပြသောဆန္ဒကို အရင်းတည်ကာ ဆုတောင်းဆုယူပြုခဲ့ကြရသည်။ ဆုကိုလည်း တောင်းရုံမျှသာမဟုတ်ဘဲ ပြည့်ဝအောင်ဖြည့် ဆည်းခဲ့ကြသဖြင့် နောက်ဆုံးဘဝမှာ လိုသည့်အရာကို ရခဲ့ကြခြင်းဖြစ်သည်။

မိထွေးတော်ဂေါတမီဖြစ်လာမည့် အမျိုးသမီးကလေးသည် ပဒုမုတ္တရမြတ်စွာဘုရားလက်ထက်တော်တွင် ဟံသာဝတီနေပြည်တော်မှ အမတ်တစ်ဦး၏သမီးဖြစ်ခဲ့သည်။ သူသည် မြတ်စွာဘုရားကို ကြည်ညိုဆည်းကပ်သော ဖခင်ဖြစ်သူနှင့် မြတ်စွာဘုရားကျောင်းတော်ကို လိုက်ပြီးသွားလေ့ရှိပါသည်။

ကျောင်းတော်ကိုလိုက်သွားသည့် နေ့တစ်နေ့တွင် မြတ်စွာဘုရားက မိထွေးတော်ဖြစ်ပြီး ဘုရားအလောင်းတော်ကို ပြုစုပျိုးထောင်ပေးခဲ့ဖူးသူ ရဟန္တာဘိက္ခုနီတစ်ပါးကို ရတ္တညျူဆိုသည့်ဘွဲ့ဖြင့် ချီးမြှင့်ခြင်းကို မြင်ခွင့်ရခဲ့သည်။ အမတ်ကြီး၏သမီးသည် ရတ္တညျူဘွဲ့ရသူကို အလွန်လည်းကြည်ညိုသွားခဲ့သည်။ သူကိုယ်တိုင်လည်း ရတ္တညျူဆိုသည့်ဘွဲ့ကို ရချင်စိတ် ပြင်းပြခဲ့သည်။

ထို့ကြောင့် ဖခင်အမတ်ကြီးကို ဆုကြီးပန်လိုသည့်အကြောင်းကို ဖွင့်ဟပြောဆိုသည်။ ဖခင်ကြီးကလည်း တိုက်တွန်းတော်မူသဖြင့် ပဒုမုတ္တရမြတ်စွာဘုရားနှင့် ရဟန္တာအရှင်မြတ်ကြီးများကို မိမိတို့အိမ်သို့ ပင့်ဖိတ်ပြီး (၇)ရက်(၇)လီ ဆွမ်းလုပ်ကျွေးခဲ့သည်။ (၇)ရက်ပြည့်သည့်နေ့တွင် အမတ်မင်း၏သမီးက မြတ်စွာဘုရားရှေ့တွင် ဝပ်စင်းပြီး ရတ္တညျူဧတဒဂ်ရသူ ဘိက္ခုနီဖြစ်ရပါလို၏ဘုရားဟု ဆုတောင်းပါသည်။

ပဒုမုတ္တရမြတ်စွာဘုရားကလည်း သူကြွယ်သမီးကို ဗျာဒိတ်ပေးတော်မူခဲ့သည်။

'ဒါယိကာမ··အသင်ဟာ နောက်ကမ္ဘာတစ်သိန်း ကြာသည့်အခါ ပွင့်တော်မူမည့် ဂေါတမမြတ်စွာဘုရားရှင်၏လက်ထက်မှာ ရတ္တညျူဧတဒဂ်ကို ရလိမ့်မည်ဟု မိန့်တော်မူခြင်းအားဖြင့် မဟာပဇာပတိဂေါတမီထေရီ အလောင်းအလျာဖြစ်သူ အမတ်ကြီးသမီးကို ဗျာဒိတ်ပေးတော်မူပါသည်။

အမတ်ကြီး၏သမီးသည် ထိုဘဝမှ စုတေသည့်အခါတွင် သိကြားမင်း၏မိဖုရား ဖြစ်ခဲ့ပါသည်။ ဘဝကို အစုန်အဆန်ဆိုသကဲ့သို့ ပြောင်းလဲကာ နေထိုင်ရင်းလည်း ရောက်လေရာ ဘဝများတွင် အားစွမ်းရှိသရွေ့ အားထုတ်ပြီး လှူဒါန်းလေ့ရှိပါသည်။

ဥပမာပြရမည်ဆိုပါက ဘဝတစ်ဘဝတွင် များစွာမပြည့်စုံသော လက်သမားဆရာကြီး၏ဇနီးဖြစ်ခဲ့သည်။ ထိုဘဝမှာလည်း ဟိမဝန္တာမှ ကြွတော်မူလာသည့် ပစ္စေကဗုဒ္ဓါ(၅)ပါးကို ဝါဆိုဝါကပ်တော်မူကြဖို့ ဝါဆိုကျောင်းများဆောက်လုပ်ကြရန် လက်အောက်ငယ်သားများကိုလည်း နှိုးဆော်ပါသည်။ သူကိုယ်တိုင်လည်း ဝီရိယထုတ်ပြီး ခင်ပွန်းသည်ကိုပါ တိုက်တွန်းကာ ဝါတွင်းသုံးလပတ်လုံး ဆွမ်းပြည့်စုံဖို့ ကြိုးစားခဲ့ပါသည်။

ဝါကျွတ်ချိန်တွင်လည်း အရှင်ပစ္စေကဗုဒ္ဓါများကို အား



www.burmeseclassic.com

www.burmeseclassic.com

လုံးသောလက်သမားအိမ်ထောင်စုများ၏ လုပ်အားခကြေးငွေနှင့် ဝယ်ယူထားသော ပရိက္ခရာရှစ်ပါးငါးစုံကို တစ်စုံစီ လှူဒါန်းနိုင်ခဲ့ပါသည်။ အရှင်မြတ်များသည် အလှူရှင်များ၏ မျက်မှောက်မှာပင် ကောင်းကင်ခရီးနှင့် ကြွတော်မူသွားကြပါသည်။ ထိုကဲ့သို့ နိမ့်သည့်ဘဝ၊ မြင့်သည့်ဘဝ ဆိုသလို သံသရာမှာ ကြာလျှင်ကြာသလို စုန်ဆန်သွားလာနေကြရသည့် အချိန်မှာလည်း မဟာပဇာပတိဂေါတမီထေရီ အလောင်းအလျာသည် အလှူဒါနများကို ပြုရုံသာမက သီလစသည့် ကရုဓမ္မတရားများကိုစောင့်ရှောက်ကာ ပါရမီကို ရင့်သန်သည်ထက်ရင့်သန်အောင် ဖြည့်ဆည်းတော်မူခဲ့ပါသည်။

## ကပိလဝတ်နန်းတော်ထက်မှ ဗုဒ္ဓမာတာ

ပဒုမုတ္တရမြတ်စွာဘုရားရှင် ဧတဒဂ်ထားတော်မူခဲ့သည့်အချိန်မှာ ဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူသော မြတ်စွာဘုရားရှင် ငါးဆူအနက် လေးဆူမြောက်ဖြစ်တော်မူသည့် ဂေါတမနွယ်ဖွား မြတ်စွာဘုရားလက်ထက်သို့ ရောက်လာခဲ့သည်။

ကပိလဝတ်နိုင်ငံကို အစိုးရသောဘုရင်မှာ သုဒ္ဓေါဒနမင်းကြီးဖြစ်သည်။ မင်းကြီးသည် သင့်လျော်မည့် မိဖုရားလောင်းများကို ရှာတော်မူသည့်အခါ သာကီဝင်မင်းမျိုးမင်းနွယ်ထဲမှ မင်းသမီးများကို တွေ့ပါသည်။ ထိုမင်းသမီးများမှာ ဒေဝဒဟပြည်ကို အစိုးရသော သုပ္ပဗုဒ္ဓအမည်ရသည့် မင်းကြီး၏ သမီးတော်နှစ်ပါးဖြစ်ပါသည်။ မင်းသမီးကြီး၏ အမည်မှာ မဟာမာယာဒေဝီဖြစ်ပါသည်။ အငယ်ဖြစ်သူ မင်းသမီး၏အမည်မှာ မဟာပဇာပတိဂေါတမီဒေဝီဖြစ်သည်။ သုဒ္ဓေါဒနမင်းကြီးက မင်းသမီးနှစ်ပါးစလုံးကို မိဖုရားကြီးများအဖြစ် ချီးမြှင့်မြှောက်စားခဲ့သည်။

မင်းသမီးနှစ်ပါးစလုံးသည် ထိုအချိန်ကစပြီး ကပိလဝတ်ပြည်သူများအဖြစ်ဖြင့် နေခဲ့ကြရပါသည်။ မဟာမာယာဒေဝီသည် နှုတ်ငုံရှိတော်မူပြီးသည့်နောက် ကလေးမွေးတော့မည့်အချိန် နီးလာသည့်အခါ မိခင်လောင်းတို့၏ ဓမ္မတာအတိုင်း အမိ၊အဖတို့ထံမှာ မွေးဖွားလိုသောကြောင့် မိဘရပ်ထံသို့ ပြန်ခဲ့ပါသည်။ ထိုကဲ့သို့ မိဘရပ်ထံ ပြန်ကြသည့်အခါ လုမ္ဗိနီအမည်ရှိသော အင်ကြင်းပင်များပေါက်ရောက်သော ဥယျာဉ်တော်တွင် ခဏဝင်ရောက်ရပ်နားရင်း မြတ်စွာဘုရားအလောင်းတော်ကို ဖွားမြင်တော်မူခဲ့ပါသည်။

ထိုနေရာတွင် ဇာတ်ကကြသူများက လွမ်း၍ကောင်းအောင် ကလေးမီးဖွားပြီးသည်နှင့် ဥယျာဉ်တော်ထဲမှာ ဆုံးသည်ဟု ကပြလေ့ရှိကြပါသည်။ အမှန်မှာမူ မဟာမာယာဒေဝီသည် (၇)ရက်ပြည့်မှ နတ်ရွာစံတော်မူခဲ့ခြင်းဖြစ်ပါသည်။ ထိုသို့ မယ်တော်မာယာ နတ်ရွာစံပြီးသည့်နောက်ပိုင်းအချိန်များတွင် ကမ္ဘာတစ်သိန်းပတ်ထက်က ဖြည့်ဆည်းခဲ့သည့် ဆုတောင်းခဲ့သည့် မိထွေးတော်ဂေါတမီ၏ အခန်းကဏ္ဍက ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။ ထိုကဲ့သို့ ဗုဒ္ဓမာတာဖြစ်ရန် တောင်းခဲ့သည့်ဆု ပြည့်သောကြောင့် မဟာပဇာပတိဂေါတမီဒေဝီသည် တူတော်သူ သိဒ္ဓတ္ထမင်းသားကလေးကို ကိုယ်တိုင်ကောက်ယူ ကျွေးမွေးရတော့သည်။

အစ်မတော် နတ်ရွာစံသွားသဖြင့် ပူဆွေးရသည်ကတစ်ဖက်၊ ပုလုကွေးလေး သားတော်ကလေးကို အသက်ရှင်မှရှင်ပါ့မလားဟု စိုးရိမ်ရသည်ကတစ်ဖက်ဖြင့် မဟာပဇာပတိဂေါတမီသည် အလွန်ပူပန်သောကရောက်ခဲ့ရမည်ဖြစ်သည်။ မကြာခင် သူကိုယ်တိုင်လည်း သားတော်ကလေးတစ်ပါးကို မွေးဖွားပါသည်။ နန္ဒမင်းသားဟု အမည်ပေးခဲ့ကြသည်။ မိထွေးတော်ဂေါတမီသည် ကိုယ်တိုင်လွယ်ပြီး မွေးရသည့် သားတော်နန္ဒ ရှိလာသည့်တိုင်အောင် သားတော်အကြီး သိဒ္ဓတ္ထမင်းသားအပေါ်မှာ အပြုအစုလစ်ဟင်းခြင်းမရှိခဲ့ပေ။ မိတဆိုးဖြစ်နေသောကြောင့်တစ်ကြောင်း၊ ဆုကြီးပန်မင်းမိန်းမဖြစ်တော်မူသည့်အတွက် ထိုကဲ့သို့သောတာဝန်ကို ကျေပွန်ရမည်ဆိုသည်ကို ထူးပြီးစဉ်းစားတွေးတောနေစရာမလို





www.burmeseclassic.com

www.burmeseclassic.com

တော့ဘဲ စိတ်ရင်းစေတနာ သန့်စင်သည်ထက် သန့်စင်စွာ ဆောင်ရွက်တော်မူခဲ့ခြင်းဖြစ်သည်။

သိဒ္ဓတ္ထမင်းသားကို ခြသေ့်ကြီးစသည်ဖြင့်ခေါ်ဝေါ်ပြီး အလွန်ချစ်ခင်စွာဆက်ဆံသည်ကိုထောက်ထားပြီး မြတ်စွာဘုရားအလောင်းတော်ကို ချစ်ခင်ရုံမက အလွန်လည်းအထင်ကြီးတော်မူသည်ဟု သိနိုင်ပါသည်။

ထိုကဲ့သို့ ကလေးနှစ်ယောက်စလုံးကို ရင်အုပ်မကွာ မွေးမြူပြီး သိဒ္ဓတ္ထမင်းသား အရွယ်ရောက်လာသည့်အခါ ဒေဝဒဟပြည်မှ မင်းသမီးတစ်ပါးဖြစ်သည့် ဘဒ္ဒကစ္စနာ ဒေဝီနှင့် လက်ဆက်ပေးခဲ့ကြသည်။ ထိုမင်းသမီးနှင့် နှစ်အတန်ကြာ ရွှေနန်းမသုံးဆောင်တွင် တစ်လှည့်စီစံစားနေတော်မူကြရင်း သိဒ္ဓတ္ထမင်းသားသည် နိမိတ်ကြီးလေးပါးကို မြင်ပြီး သားတော်ရာဟုလာမွေးသည့်နေ့ ညပိုင်းမှာ တောထွက်တော်မူခဲ့သည်။

သုဒ္ဓေါဒနမင်းကြီးမှာ တိုင်ပင်ဖော်တိုင်ပင်ဖက်အဖြစ် မဟာပဇာပတိ ဂေါတမီတစ်ယောက်သာ ရှိတော့သည်။ မင်းကြီးနှင့် မိဖုရားကြီးတို့သည် ချွေးမဖြစ်သူ ဘဒ္ဒကစ္စနာခေါ် ယသော်ဓရာဗိမ္ဗာဒေဝီကို နှစ်သိမ့်ဖျောင်းဖျကြသည်။ မြေးတော်ကလေးကိုလည်း ကောင်းစွာမွေးခဲ့ကြပါသည်။ ထိုကဲ့သို့နေကြရင်း သုဒ္ဓေါဒနမင်းကြီးနှင့် မဟာပဇာပတိ ဂေါတမီတို့ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ကြရသည့် သတင်းတစ်ခုကို ခြောက်နှစ်လွန်မြောက်သည့်အချိန်မှာ ရရှိကြပါသည်။

ထိုသတင်းမှာ သိဒ္ဓတ္ထဂေါတမမင်းသားသည် သဗ္ဗညုတဉာဏ်တော်ရှင် မြတ်စွာဘုရားရှင် ဖြစ်တော်မူပြီဆိုသည့်သတင်းဖြစ်ပါသည်။ ထို့နောက် မြတ်စွာဘုရားကို မွေးရပ်ဌာနီ ကပိလဝတ်ပြည်ကို ကြွရောက်တော်မူဖို့ ပင့်လျှောက်ကြပါသည်။ ထိုသို့ပင့်လျှောက်ရသည်မှာလည်း အကြိမ်ကြိမ်ဖြစ်သည်။ နောက်ဆုံး ကာဠုဒါယီအမတ် လျှောက်ထားသည်တွင်မှ ကပိလဝတ်ပြည်သို့ မြတ်စွာဘုရား ကြွတော်မူလာသည်။ သုဒ္ဓေါဓနမင်းကြီးနှင့် မိထွေးတော်ဂေါတမီတို့မှာ သားတော်ဘုရားကို မြင်တွေ့ဖူးမြင်ကြရသည်တွင် ဝမ်းသာဝမ်းနည်းဖြစ်ကြရသည်။

အကြောင်းမှာ မြတ်စွာဘုရား၏ ခမည်းတော်မှစ၍ အားလုံးသော နန်းတွင်းသူ ,နန်းတွင်းသားများသည် အလွန်ပင် အမျိုးမာန် အနွယ်မာန် တက်ကြွလှေ့ရှိကြသည့် ခတ္တိယနွယ် သာကီဝင်မင်းမျိုးများဖြစ်ကြသည်။ ကိုယ့်အမျိုး ကိုယ့်



အနွယ်နောက်လိုက် ရဟန်းတစ်ပါးမှမပါဘဲ အခြားသော အနွယ်များမှ ရဟန်းဖြစ်သူများ ခြံရံကာ ကြွရောက်တော်မူလာသည့် သားတော်ကို တွေ့ရသည်တွင် ခမည်းတော်ကြီးခမျာ လွန်စွာဝမ်းနည်းရသည်။ သားတော်သည် အသရေတော်အားဖြင့် လွန်စွာထူးခြားနေသည်။ ကြည်လင်အေးချမ်းပြီး လွှမ်းတ,နေသည့် မိဘဆွေမျိုးများကို စိတ်ကြည်လင်ချမ်းမြေ့မှု ပေးနိုင်ပါသည်။ သို့သော် အဝတ်အဆင်အားဖြင့် ပုံ့သကူသင်္ကန်းကို လွှမ်းခြုံထားသည့်အတွက် မယ်တော် မဟာပဇာပတိဂေါတမီအတွက် စိတ်ဆင်းရဲစရာ ဖြစ်ရပြန်သည်။ အစားအသောက်၊ အနေအထိုင် မဆင်းရဲရအောင် မွေးကင်းစကစပြီး အသက်(၂၉)နှစ်အရွယ် တောထွက်သွားသည့် အချိန်အထိ စီစဉ်ပေးတော်မူခဲ့ရသည့် မယ်တော်မဟာပဇာပတိဂေါတမီမှာ သားတော်ဖြစ်သူ ဝတ်ရုံထားသည့် အဝတ်ကလည်း ကြမ်းတမ်းလိုက်တာဟုတွေးပြီး စိတ်ဆင်းရဲနေသည်။

သာကီဝင်မင်းမျိုးမင်းနွယ်များ၏ တောင်တောင်အီအီ အတွေးများနှင့် တွေးတောစဉ်းစား၍မဆုံးအောင်ဖြစ်နေသည့် ကိစ္စကို မြတ်စွာဘုရားက အဆုံးသတ်ပေးတော်မူလိုက်သည်။ ခမည်းတော်နှင့် မယ်တော်ကို တရားရေးအေး တိုက်ကျွေးတော်မူလိုက်ခြင်းအားဖြင့် ခမည်းတော်က သကဒါဂါမိမဂ်ဖိုလ်အဆင့်သို့ ဆိုက်ရောက်သွားသည်။ မယ်တော် မဟာပဇာပတိဂေါတမီကတော့ သောတာပတ္တိမဂ်ဖိုလ် အဆင့်သို့ ဆိုက်ရောက်သွားသည်။


(နောက်လဆက်ရန်)

ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com



# ဧတဒဂ်ငါးဘွဲ့ရ
# ဗဟုဿုတရှင်၏
# နံ့မွှေးသင်းထူးခြားဖြစ်စဉ်

ဝိုင်းသာကျော်

မြတ်ဗုဒ္ဓလက်ထက်တော်အခါက ဧတဒဂ်ဘွဲ့တော်ရကာ ထင်ရှားကျော်ကြားတော်မူခဲ့သည့် အရှင်အာနန္ဒာမထေရ်မြတ်၏ ထူးခြားမှုများနှင့် ပတ်သက်၍ ပြီးပြည့်စုံအောင် သိထားသူ နည်းပါးလှပါသည်။ အရှင်အာနန္ဒာမထေရ်မြတ်ကြီးသည် အရှင်ဘဒ္ဒိယ၊ အရှင်ကိမိလ၊ အရှင်ဒေဝဒတ်၊ အရှင်ဥပါလိတို့နှင့်အတူ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး သီတင်းသုံးတော်မူရာ အနုပိယမည်သော သရက်တောကျောင်း၌ ရဟန်းပြုတော်မူခဲ့သည်။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ကြေးမုံမှန်ကို ကြည့်သည်ရှိသော် မိမိမျက်နှာနှင့်မှန်ကို အစွဲပြု၍ မိမိမျက်နှာ အရိပ်ထင်သကဲ့သို့ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို အစွဲပြု၍



www.burmeseclassic.com

www.burmeseclassic.com

တဏှာ၊ မာန၊ ဒိဋ္ဌိဟူသော ပပဉ္စတရားသုံးပါးဖြစ်ပုံနှင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဖြစ်ပုံ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် မစွဲယူသင့်ပုံတို့ကို မန္တာဏီ ပုဏ္ဏားမ၏သား အရှင်ပုဏ္ဏ ဟောသောတရားကို နာကြားရသဖြင့် သောတာပန်တည်ခဲ့ကြောင်းကို အရှင်အာနန္ဒာ ကိုယ်တော်တိုင် မိန့်ကြားတော်မူခဲ့သည်။

အရှင်အာနန္ဒာမထေရ်မြတ်သည် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး သက်တော်(၅၅)နှစ်၊ ဝါတော်(၂၀)တွင် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ အမြဲတမ်းအလုပ် အကျွေးပြုခွင့်ရရှိကာ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်စံဝင်တော်မူသည့်တိုင်အောင် ပြုစုလုပ်ကျွေးတော်မူခဲ့သည်။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် အရှင်အာနန္ဒာမထေရ်မြတ်အား ဗဟုသုတ၊အကြားအမြင် များသောအရာ၊ သတိမန္တမြတ်ဗုဒ္ဓ၏တရားကို ဆောင်ရာ၌ သတိရှိသောအရာ၊ ဂတိမန္တမြတ်ဗုဒ္ဓဟောတော်မူသည့် တရားအားလုံးကို ဟောသည့်အတိုင်း သိနိုင်စွမ်းသည့်အရာ၊ မိတိမန္တမြတ်ဗုဒ္ဓဟောကြားတော်မူသော တရားတို့ကို သင်ခြင်း၊ ဆောင်ခြင်း၊ သရဇ္ဈာယ်ခြင်း၊ လုပ်ကျွေးခြင်းတို့၌ လုံ့လရှိသောအရာ၊ ဥပဋ္ဌာကမြတ်ဗုဒ္ဓကို ပြုစုလုပ်ကျွေးသောအရာ စသည့်ငါးဌာနတို့၌ အသာဆုံး၊ အမြတ်ဆုံးဟု အဓိပ္ပာယ်ဆောင်သည့် ဧတဒဂ်ဘွဲ့ကို မြတ်ဗုဒ္ဓက ချီးမြှင့်တော်မူခဲ့သည်။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်ပြုတော်မူပြီးသည့်နောက်ပိုင်း တောထွက်ရဟန်း သုဘဒ္ဒကို အကြောင်းပြုကာ သာသနာတော်ကြီး ပျက်စီးစေမည့် အကြောင်းတရား ဖြစ်ပေါ်လာသောကြောင့် အရှင်မဟာကဿပမထေရ် အမှူးပြုသော ရဟန္တာထေရ်(၅၀၀)တို့သည် ဘုရားရှင်ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်ပြုတော်မူပြီး သုံးလအကြာ မဟာသက္ကရာဇ်(၁၄၈)ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၅)ရက်နေ့တွင် ပထမသင်္ဂါယနာတင်တော်မူကြသည်။ သင်္ဂါယနာတင်ရန် (၁)ရက်လိုသည်အထိ ဝါခေါင်လပြည့်ကျော် (၄)ရက်နေ့အထိ အရှင်အာနန္ဒာသည် သောတာပန်မျှသာရှိသေးသည်။ ရဟန္တာမဖြစ်ဘဲ သင်္ဂါယနာတင်ပွဲသို့သွားရန် မသင့်လျော်သည့်အတွက် ကာယဂတာသတိ ကမ္မဋ္ဌာန်းကို ကျင့်ကြံအားထုတ်ခဲ့သည်။ ထိုသို့အားထုတ်နေစဉ် ညဉ့်အချိန်များကိုကျော်လွန်ပြီး မိုးသောက်ယံအချိန်သို့အရောက်တွင် စင်္ကြံလျှောက်နေရာမှ ကျောင်းတွင်းသို့ဝင်ကာ ခေတ္တခဏအပန်းဖြေဦးအံ့ဟု သတိကပ်လျက် အိပ်ရာညောင်စောင်းထက်ဝယ် လျောင်းမည်အပြု မြေမှ ခြေနှစ်ဖက်လည်းအကြွ ဦးခေါင်းသည်လည်း ခေါင်းအုံးပေါ်သို့ မရောက်မီ အချိန်အတွင်း၌ ရဟန္တာအဖြစ်သို့ ရောက်ရှိတော့သည်။ ထူးခြားလှပါသည်။ မြတ်ဗုဒ္ဓ၏ သာသနာတွင်းဝယ် လျောင်း၊ ထိုင်၊ ရပ်၊ သွား ဣရိယာပုတ်လေးပါးမှလွတ်၍ ရဟန္တာဖြစ်သူကား အရှင်အာနန္ဒာမထေရ်ပင်ဖြစ်လေသည်။

အရှင်အာနန္ဒာမထေရ် ရဟန္တာဖြစ်သည်နှင့် များပြားသော အကြားအမြင်ရှိသော ဆန်းကြယ်သောတရားဓမ္မကို ဟောဖော်ညွှန်ကြားတော်မူသည့် ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်ဗုဒ္ဓ၏အလုပ်အကျွေးဖြစ်သော ဂေါတမအနွယ်ဖြစ်သော အရှင်အာနန္ဒာသည် ချအပ်သောခန္ဓာဝန်ရှိသည်ဖြစ်၍ ဩဃလေးပါးနှင့်မယှဉ်မူ၍ မြတ်သောလျောင်းခြင်းကို ပြုနိုင်ပေ၏ဟု ဥဒါန်းကျူးရင့်တော်မူသည်။ ထိုသို့ကျူးရင့်တော်မူခြင်းမှာ အရဟတ္တဖိုလ်ကို ရရှိတော်မူကြောင်း ဆိုလိုရင်းပင်ဖြစ်သည်။

အာသဝေါကုန်ပြီးသော ဩဃလေးပါးနှင့်မယှဉ်သော ရာဂအစရှိသော ငြိတွယ်တတ်သောတရားကို လွန်ပြီးသော ကိလေသာအပူခပ်သိမ်းမှ ငြိမ်းပြီးသော အရှင်အာနန္ဒာသည် ပဋိသန္ဓေနေခြင်း၊ အိုခြင်းတို့၏ လမ်းတစ်ဖက်သို့ ရောက်သည်ဖြစ်၍ အဆုံးစွန်သောခန္ဓာကိုယ်ကို ဆောင်နိုင်ပေ၏ဟု ဥဒါန်းများကျူးရင့်တော်မူခဲ့ကြောင်း ထေရဂါထာ(၃၄၇)၊ ထေရဠ(၂·၄၂၂)တွင် တွေ့ရပါသည်။

အရှင်အာနန္ဒာမထေရ်သည် ရဟန္တာအဖြစ်ကိုရရှိပြီးသည်နှင့် ပဌမသင်္ဂါယနာသဘင်ကို ဝင်ရောက်တော့လေရာ ပဌမသင်္ဂါယနာသဘင်သို့ ဝင်ရောက်လာသော အရှင်အာနန္ဒာမထေရ်အား အခြားသောရဟန္တာများ ထင်ရှားသိခွင့်ရရှိနိုင်ကြစေရန် သုဒ္ဓါဝါသရဟန္တာ မဟာဗြဟ္မာကြီးသည် အကြင်ပုဂ္ဂိုလ်ထူး၌ နေမင်း၏အဆွေဖြစ်တော်မူသော ဘုန်းတော်ကြီးမြတ်လှသည့် မြတ်ဗုဒ္ဓ၏တရားတို့သည် တည်ကုန်၏။ မြတ်ဗုဒ္ဓ၏အနွယ်ဖြစ်တော်မူသော ထိုအရှင်အာနန္ဒာသည် အနုပါဒိသေသနိဗ္ဗာန်သို့ သွားရောက်ရာဖြစ်သော လမ်းခရီး၌တည်လေပြီဟူသောဂါထာကို ရွတ်ဆိုခဲ့ကြောင်း ထေရဂါထာ(၃၄၇)၊ ထေရ ဋ္ဌ-၂-၄၂၇ တွင် အထင်အရှား ရှိနေပါသည်။ အရှင်အာနန္ဒာမထေရ် ရဟန္တာဖြစ်ပြီး တရားဓမ္မများ ဆင်ခြင်နေစဉ် တစ်နေ့သောအခါ ဂေါပကမောဂ္ဂလာန်မည်သော ပုဏ္ဏားက ဤသို့လျှောက်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com

'အရှင်ဘုရားသည် ဗဟုသုတရှိသော ပုဂ္ဂိုလ်ဖြစ်သည်ဟူ၍ မြတ်ဗုဒ္ဓသာသနာတော်ဝယ် ထင်ရှားကျော်ကြားလျက်ရှိနေသည်။ မြတ်ဗုဒ္ဓဟောကြားတော်မူအပ်သော တရားဒေသနာတော်တို့ကို အာဘယ်မျှလောက်ဆောင်ထားအပ်ပါသနည်း'

အရှင်အာနန္ဒာမထေရ်က 'ဂေါပကပုဏ္ဏား··ငါသည် ဘုန်းတော်ကြီးမြတ်လှသော မြတ်ဗုဒ္ဓထံတော်မှ ရှစ်သောင်းနှစ်ထောင်ကုန်သော ဓမ္မက္ခန္ဓာတို့ကို သင်ယူခဲ့သည်။ အရှင်သာရိပုတြာ အစရှိသော သာဝကရဟန်းတို့ထံမှ နှစ်ထောင်သော ဓမ္မက္ခန္ဓာတို့ကို သင်ယူခဲ့သည်။ ရှစ်သောင်းလေးထောင်ကုန်သော ထိုတရားတို့ကို ငါ၏နှုတ်၌ လေ့လာအပ်ကုန်ပြီ' ဟု ပြန်လည်ဖြေကြားတော်မူခဲ့သည်။

အရှင်အာနန္ဒာမထေရ်မြတ်သည် မင်းမိန်းမပရိသတ်၊ သူဌေးမိန်းမပရိသတ်၊ ဘိက္ခုနီမပရိသတ်တို့နှင့် ရောရောထွေးထွေး ဆက်ဆံနေခဲ့ရသောအချိန်သည် မြတ်ဗုဒ္ဓကို ပြုစုလုပ်ကျွေးတော်မူနေရသည့် သောတာပန်ဘဝတွင် (၂၅)နှစ်ပတ်လုံး ကာမရာဂစိတ်၊ ဒေါသစိတ်တို့ တစ်ကြိမ်တစ်ခါမျှ မဖြစ်ခဲ့ဖူး၊ မပေါ်ပေါက်ခဲ့ဖူးကြောင်းကိုလည်း ဤသို့ဖွင့်ဆိုတော်မူခဲ့သည်။

နှစ်ဆယ့်ငါးနှစ်ပတ်လုံး သောတာပန်သေက္ခမျှသာဖြစ်သောငါသည် သတိရှိသည်ဖြစ်၍ ကာမဂုဏ်၌ဖြစ်သောအမှတ်သညာသည် ဒေါသနှင့်ယှဉ်သောအမှတ်သညာသည် မဖြစ်ဖူးပေ။ တရားတော်၏ ကောင်းသောတရားတော်၏ အဖြစ်ကို ရှုမြင်ကြပါလော့ဟူ၍ပင်ဖြစ်သည်။ လွန်စွာထူးခြားမှုရှိသော အံ့ဖွယ်ကောင်းလွန်းလှသော အရှင်အာနန္ဒာအဖြစ် ထင်ရှားစေသည့်အချက်ပင်ဖြစ်သည်။

အရှင်အာနန္ဒမထေရ်ကား မြတ်ဗုဒ္ဓ၏ သာသနာတော်ဝယ် လွန်စွာထူးခြားဆန်းကြယ်လှသည့် ဖြစ်ရပ်များဖြင့် ထူးခြားစွာထင်ရှားခဲ့သည့် မထေရ်မြတ်တစ်ပါးပင်ဖြစ်သည်။ မြတ်ဗုဒ္ဓ၏ သာသနာတော်ဝယ်အထက်တွင် တင်ပြခဲ့သည့်အတိုင်း ဧတဂ်ဘွဲ့ငါးဘွဲ့ရရှိကာ ဧတဒဂ်ဘွဲ့အများဆုံးပိုင်ရှင် ဖြစ်ခဲ့သည်။ အရှင်အာနန္ဒာမထေရ်သည် အခြားရဟန္တာသည် အခြားရဟန္တာများကဲ့သို့ ရဟန္တာဖြစ်ခြင်းမျိုးများဖြစ်သည့် လျောင်း၊ ထိုင်၊ ရပ်၊ သွား တစ်မျိုးမျိုးဖြင့် ရဟန္တာအဖြစ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ အခြားရဟန်းတို့ကား ထိုင်၍လည်းကောင်း၊ ရပ်၍လည်းကောင်း၊ သွား၍လည်းကောင်း၊ လျောင်း၍လည်းကောင်း ဣရိယာပုတ်တစ်မျိုးမျိုးဖြင့် ရဟန္တာအဖြစ်သို့ ရောက်ကြရသည်ချည်းပင်ဖြစ်သည်။

အရှင်အာနန္ဒမထေရ်သည် ရဟန္တာအဖြစ်ရောက်ခဲ့စဉ်ကသာ ထူးခြားလှသည်မဟုတ်၊ အရှင်အာနန္ဒာ ပရိနိဗ္ဗာန်စံဝင်ပုံကလည်း ထူးခြားဆန်းကြယ်လှပါသည်။ သံသရာတစ်ခွင် ကျင်လည်နေကြရရာ ဤကမ္ဘာမြေနေရာအနှံ့အပြားတွင် မသေဖူးသောအရပ်ဟူ၍ မရှိပေ။ အခြားသောရဟန္တာတို့သည်ကား ကမ္ဘာမြေကြီးပေါ်တွင်ရှိ သေဖူးသောအရပ်၌သာ ပရိနိဗ္ဗာန်စံဝင်ကြရသည်။ အရှင်အာနန္ဒာကား အခြားရဟန္တာများနှင့်မတူဘဲ မသေဖူးသောအရပ်၌ ပရိနိဗ္ဗာန်စံဝင်ရသည်။ ပရိနိဗ္ဗာန်စံဝင်ပုံကလည်း ထူးခြားလှသည်။

ရောဟိနီမြစ်၏ ဟိုမှာဘက်ကမ်းနှင့် သည်မှာဘက်ကမ်း မြစ်ကမ်းဘေးနှစ်ဖက်စလုံးတွင် နေထိုင်ကြသူများသည် အရှင်အာနန္ဒာကို ကျေးဇူးပြုကြသူများချည်းဖြစ်ကြသည်။ မြစ်ကမ်း၏တစ်ဖက်ဖက်၌ ပရိနိဗ္ဗာန်ပြုက ငြင်းခုံခိုက်ရန်ဖြစ်မည့်အရေးကို မြင်တော်မူသဖြင့် ရောဟိနီမြစ်အလယ် ထန်းခုနစ်ဆင့်မြင့်သော ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူလျက် တေဇောကသိဏ်းကို ဝင်စားတော်မူသည်။ တေဇောကသိဏ်း ဝင်စားလိုက်သည်နှင့် မီးတောက်မီးလျှံများထလာကာ အရှင်အာနန္ဒာမထေရ်၏ အဓိဋ္ဌာန်ထားချက်အရ အလယ်မှကွဲ၍ ဓာတ်တော်တစ်စုတစ်ဝက်သည် ဟိုမှာဘက်ကမ်း၊ ဓာတ်တော်တစ်စုတစ်ဝက်သည် သည်မှာဘက်ကမ်းဖြင့် မြစ်ကမ်းဘေးတစ်ဖက်တစ်ချက်ဆီသို့ မျှဝေကာ ချီးမြှင့်တော်မူခဲ့ကာ ပရိနိဗ္ဗာန်စံဝင်တော်မူသွားခဲ့သည်။

အရှင်အာနန္ဒာမထေရ်သည် မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်တော်မူပြီး နှစ်ပေါင်း(၄၀)အကြာ အရှင်အာနန္ဒာမထေရ်၏ သက်တော်(၁၂၀)အရွယ်တွင် ပရိနိဗ္ဗာန်စံဝင်တော်မူသွားရခြင်းပင်ဖြစ်သည်။ အရှင်အာနန္ဒာမထေရ်၏ ထူးခြားဆန်းကြယ် တန်ခိုးကြွယ်ခဲ့မှုများသည် မြတ်ဗုဒ္ဓသာသနာတော်၏ မှတ်တမ်းတွင် အထင်အရှားရှိနေခဲ့လေရာ အဓိကကျသည့် အချက်အချို့ကိုသာ ထုတ်နုတ်တင်ပြလိုက်ရခြင်းဖြစ်ပါသည်။

မြတ်ဗုဒ္ဓသာသနာ ရောင်ဝါနေသို့ လင်းစေသော်။

**အောင်သာကျော်**

<u>**ကိုးကား**</u> ✳ ဟိတေသီနေလ အရှင်နိပု[illegible]ာ၏ သတ္တလောကကို စောင့်ရှောက်တော်မူသောဖူး



www.burmeseclassic.com

www.burmeseclassic.com



# အိုးဖြစ်ပမာန်

ဟိမဝန္တာတောင်၏တစ်နေရာတွင် ကောသိကီအမည်ရှိသော မြစ်တစ်မြစ်ရှိလေသည်။ ကောသိကီမြစ်၏ ကမ်းနားတစ်လျှောက်တွင် သုံးယူဇနာကျယ်ဝန်းသော သရက်ဥယျာဉ်ရှိသည်။ သရက်ဥယျာဉ်သည် စိမ်းစိုသောသရက်ပင်များဖြင့် တန်ဆာဆင်ထားသည်ဖြစ်၍ စိတ်နှလုံးကို ဆွဲငင်နိုင်စွမ်းရှိသည်။ မြင်ရသူတို့၏မျက်လုံးကို ကြည်လင်စေသည်။ ပူဆွေးနေသောစိတ်ကို အေးမြစေသည်။ ထိုသရက်ဥယျာဉ်မှာ ရွှေအတိဖြင့် ဖွဲ့စည်းထားသော အဆောက်အအုံ ဗိမာန်တစ်ခုရှိသည်။ အလှတန်ဆာမျိုးစုံနှင့် ပြည့်စုံနေသောဗိမာန်သည် နေချင်စရာကောင်း၏။

ဗိမာန်ထဲတွင် အလှမပျောသီနတ်သမီးပေါင်း တစ်သောင်းခြောက်ထောင် နေထိုင်လျက်ရှိသည်။ နတ်သမီးတို့၏ အရှင်သခင်မှာ တစ်ယောက်တည်းသော နတ်သားဖြစ်သည်။ နတ်သမီးတို့သည် နတ်သား၏ အခြွေအရံများဖြစ်သည်။ နတ်သား၏အသုံးတော်ခံ ခစားနေရသူများဖြစ်



www.burmeseclassic.com

www.burmeseclassic.com

သည်။ နေချင်စဖွယ်ကောင်းသော ဗိမာန်သည် နတ်သား၏ ဘုန်းကံကြောင့် ဖြစ်လာခဲ့ခြင်းဖြစ်သည်။ သရက်ဥယျာဉ်သည်လည်း နတ်သား၏ဘုန်းကံကြောင့်ပင် ဖြစ်နေခြင်းဖြစ်သည်။ နတ်သားသည် စိတ်နှလုံးမွေ့လျော်ဖွယ်ကောင်းသော သရက်ဥယျာဉ်က ချိုမြိန်ကောင်းမြတ်သော သရက်သီးကို စားလျက် ဗိမာန်ထဲမှာ နတ်သမီးများနှင့်အတူ စည်းစိမ်ကို ခံစားနေ၏။

ထိုသို့ခံစားနေရာတွင် စိတ်ရှိသလောက် ခံစားခွင့်ကိုတော့ နတ်သားမရရှိပေ။ နေ့တစ်ရက်၏ သတ်မှတ်နှုန်းကာလတစ်ခုထိသာ စည်းစိမ်ချမ်းသာကို နတ်သားခံစားရသည်။ နတ်သား၏ စည်းစိမ်ချမ်းသာကို ခံစားရာကာလသည် ညကာလဖြစ်၏။ နေမင်းသည် ကမ္ဘာမြေကြီးကို နှုတ်ဆက်နေချိန်သည် နတ်သားစည်းစိမ်ချမ်းသာကို ခံစားဖို့ အစပြုချိန်ဖြစ်သည်။ နေမင်းသည် ကမ္ဘာမြေသို့ ဝင်ရောက်ဖို့ အားယူနေချိန်သည် နတ်သားစည်းစိမ်ချမ်းသာနှင့် ခွဲခွာရန် ငိုကြွေးနေချိန်ဖြစ်သည်။

သတ္တဝါတိုင်းသည် ကြီးစွာသောချမ်းသာကို ခံစားချင်ကြ၏။ ဆင်းရဲကိုမူ အနည်းငယ်မျှကိုလည်း မခံစားချင်ကြပေ။ နတ်သားသည် ကြီးစွာသောချမ်းသာကို ဆုံးရှုံးရပြီးနောက် ကြီးစွာသောဆင်းရဲကို ခံစားရသူဖြစ်သည်။ အရုဏ်တက်လာသောအချိန်တွင် နတ်သားသည် သရက်ဥယျာဉ်ထဲကို ဝင်ရသည်။ သရက်ဥယျာဉ်ထဲသို့ရောက်သည်နှင့် နတ်သားကိုယ်ထည် ပျောက်ကွယ်သွားသည်။ အတောင်ရှစ်ဆယ်ပမာဏရှိသော ကိုယ်ထည်တစ်ခုကို ပိုင်ဆိုင်လာရသည်။

ကိုယ်ထည်သည် ပုလောင်လွန်း၏။ ခန္ဓာကိုယ်တစ်ခုလုံးတွင် အဖြူကွက်များ ရှုပ်ယှက်ခတ်လျက်ရှိသည်။ လက်နှစ်ဖက်တို့သည် လူတို့၏လက်များကဲ့သို့ လက်မ၊ လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ်၊ လက်သန်းဟူ၍ မရှိချေ။ လက်ညှိုးတစ်ချောင်းစီသာရှိ၏။ လက်ညှိုးတွင်ပါသော လက်သည်းတို့သည် ပေါက်တူးလောက် ပမာဏရှိသည်။ ဓားသွားထက် ချွန်မြသည်။ နတ်သားသည် မိမိ၏ ချွန်မြသောလက်သည်းများဖြင့် မိမိ၏ကျောကုန်းကို ကုတ်ဖဲ့၏။ ပါလာသောအသားတို့ကို စားသောက်နေရ၏။

စိမ်းစိုသောသရက်ဥယျာဉ်သည် နတ်သား၏စိတ်ကို မဆွဲယူနိုင်တော့ပါ။ ကုတ်ဖဲ့လိုက်တိုင်း သေလုမတတ်ခံစားရသော ဝေဒနာတို့သည်သာ နတ်သား၏စိတ်ကို နှိပ်စက်နေသည်။ ခံစားရသော ဝေဒနာတို့သည် သူတစ်ပါးပြုလုပ်နေ၍မဟုတ်၊ ကိုယ့်ဝေဒနာကို ကိုယ်သာပြုလုပ်နေခြင်းဖြစ်သည်။ ကိုယ့်အသားကို ကိုယ်စားနေရခြင်းသည် စားချင်၍မဟုတ်ပေ၊ မစားမဖြစ်သောအကြောင်းတစ်ခု အရင်းခံနေ၍ဖြစ်သည်။

နတ်သားသည် အတိတ်ဘဝက ဗာရာဏသီပြည်တွင် လူတစ်ယောက်ဖြစ်ခဲ့သည်။ မင်း၏နန်းတော်ထဲ၌ ပညာရှိပုရောဟိတ်တစ်ယောက်အဖြစ်ဖြင့် ဘဝခရီးကို ဖြတ်သန်းခဲ့သည်။ ပုရောဟိတ်ပုဏ္ဏား၏ရာထူးသည် တရားသူကြီးဖြစ်သည်။ တရားသူကြီးသည် ပြည်သူလူထု၏ မှန်တစ်ချပ်ဖြစ်သည်။ မည်သူတို့က မည်မျှပင်လိမ်လိမ်၊ မည်သူတို့က မည်မျှပင်ကောက်ကျစ်ကျစ် တရားသူကြီးသည် ဖြောင့်မှတ်ရသည်။ မည်သူတွေ မည်မျှပင်တရားပျက်ပျက် တရားသူကြီးသည် တရားရှိရ၏။ အမှုကို ဆုံးဖြတ်ရာ၌ လွန်ကျူးသည့်အပြစ်၏ အတိမ်အနက်ကိုသာကြည့်ရ၏။ တရားခံ၊ တရားလိုတို့၏ မျက်နှာကို မကြည့်ရပေ။

တရားခံ၊ တရားလိုတို့၏ မျက်နှာကိုကြည့်လျှင် ပုထုဇဉ်သဘာဝအရ ပြောင်းလဲသွားတတ်သော စိတ်ထားလေးမျိုးရှိသည်။ ထိုကို အဂတိတရားလေးမျိုးဟု ခေါ်သည်။ တရားခံသော်လည်းကောင်း၊ တရားလိုသော်လည်းကောင်း မိမိချစ်ရသောသူဖြစ်နေလျှင် အမှုအသွားလာအတိုင်း မှန်ကန်စွာဆုံးဖြတ်နိုင်ဖို့ရာခက်သည်။ ချစ်ခြင်းသံယောဇဉ်သည် စိတ်အစဉ်ကို နှောင်ဖွဲ့ထားတတ်သည်။ အသိဉာဏ်ကို တိုတောင်းစေတတ်သည်။ ရှုခင်းကျယ်ကို ကျဉ်းမြောင်းစေတတ်သည်။ မိမိချစ်ရသောသူသည် မှားနေသည်ဖြစ်စေ၊ မှန်နေသည်ဖြစ်စေ မှန်သည်ဟုသာ ဆုံးဖြတ်ချင်သည်။ မိမိချစ်ရသောသူကို ဒုက္ခမတွေ့စေချင်သည်မှာ ချစ်ခြင်း၏ သဘာဝဖြစ်သည်။

တရားခံသည်လည်းကောင်း၊ တရားလိုသည်လည်းကောင်း မိမိမုန်းတီးနေသောသူ၊ မိမိရန်ငြိုးဖွဲ့ထားသောသူဖြစ်နေလျှင်လည်း ဆုံးဖြတ်ချက်သည် မှန်ကန်ဖို့ရာခက်သည်။ မုန်းတီးခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၏ သဘာဝသည် ကြမ်းတမ်းခြင်းလက္ခဏာကိုဆောင်သည်။ မုန်းတီးနေသူအား မှားသည်၊ မှန်သည်ကို ဂရုမစိုက်ဘဲ ကြမ်းကြမ်းတမ်းတမ်းဆက်ဆံသည်။ ရက်ရက်စက်စက်ပြုလုပ်သည်။ မုန်းတီးနေသူ၏ အောင်မြင်ခြင်း၊ ကျော်ကြားခြင်း၊ အဆင်ပြေခြင်းတို့ကို လုံးလုံးမကြားချင်၊ မဖြစ်စေချင်၊ စီးပွားဥစ္စာပျက်စီးခြင်း၊



www.burmeseclassic.com

www.burmeseclassic.com

ကျရှုံးခြင်း၊ ဒုက္ခရောက်ခြင်းတို့ကို တောင့်တသည်။ အခွင့်ရလျှင် ကိုယ်ကိုယ်တိုင်လည်း ပြုလုပ်တတ်သည်။

တရားခံသည်လည်းကောင်း၊ တရားလိုသည်လည်းကောင်း မိမိကြောက်ရသောသူ ဖြစ်နေလျှင်လည်း မှန်ကန်စွာ ဆုံးဖြတ်ဖို့ရာ မလွယ်ကူပေ။ မိမိကြောက်ရသောသူသည် အပြစ်ရှိမှန်း ထင်ရှားစွာသိပါလျက် ထိုက်သင့်သောပြစ်ဒဏ်ကိုချမှတ်လျှင် မိမိအား ဒုက္ခပေးမည်လား၊ မိမိ၏စီးပွားရေးကို ဖျက်ဆီးမည်လား၊ မိမိ၏အသက်အန္တရာယ်ကို ပြုလာမည်လား၊ မိမိ၏ဇနီးမယား၊ သားသမီး၊ မိသားစု၊ ဆွေမျိုးတို့ကို အန္တရာယ်ပြုမည်လား။ ဤသို့ကြောက်စိတ်၏တွန်းအားကြောင့် တွေဝေမှုသည်ဖြစ်လာနိုင်၏။ ပြစ်ဒဏ်မှကင်းလွတ်ခွင့်ကို ပေးလိုသောစိတ် ဖြစ်လာတတ်၏။

တရားသူကြီးရာထူးကိုယူထားသော သူတစ်ယောက်သည် တရားသူကြီးပညာရပ်၌ တစ်ဖက်ကမ်းတတ်မြောက်ရသည်။ လေ့လာမှုစွမ်းရည်ပြည့်စုံစွာ ရှိနေဖို့လိုသည်။ ပြစ်မှုသဘောကို အသေးစိတ်သိနေဖို့လိုသည်။ သို့မှ မှန်ကန်သောဆုံးဖြတ်ချက်၊ ထိုက်သင့်သောပြစ်ဒဏ်ကို ချမှတ်နိုင်မှာဖြစ်သည်။ ပြစ်မှုသဘောကိုလည်းမသိ။ လေ့လာမှု၊ တတ်မြောက်မှုလည်းမရှိလျှင် မှန်ကန်သောဆုံးဖြတ်ချက်ကို မချနိုင်ပေ။

ပြစ်မှု၏ အတိမ်အနက်ကိုသာကြည့်လျှင် စိတ်သည် အဂတိလေးမျိုးမှကင်းလွတ်၏။ ချစ်ရသောသူပဲဖြစ်စေ၊ မုန်းသောသူပဲဖြစ်စေ၊ ကြောက်ရသောသူပဲဖြစ်စေ စိတ်သည် မည်သို့မျှယိမ်းယိုင်၍မသွားတတ်။ ပကတိတည်မြဲလျက်ရှိသည်။ ပြဿနာကို မှန်ကန်စွာဖြေရှင်းနိုင်သည်။ ထိုက်သင့်သောအပြစ်ကို ချမှတ်နိုင်သည်။ တရားဥပဒေကိုစိုးမိုးစေနိုင်သည်။ တိုင်းနိုင်ငံကို ငြိမ်းချမ်းစေနိုင်သည်။ နိုင်ငံသူနိုင်ငံသားတို့၏သောကကို ပယ်ဖျောက်ပေးရာလည်းကျသည်။

တရားသူကြီးရာထူးကိုယူထားသော ပုရောဟိတ်သည် တရားသူကြီးလုပ်ရပ်ကို မလုပ်ပေ။ ပြစ်မှု၏အတိမ်အနက်ကိုမကြည့်။ ငွေအနည်းအများကိုသာကြည့်သည်။ ပုရောဟိတ်၏ တရားခွင်တွင် အမှန်တရားသည် အဓိကမကျ။ ငွေသည် အဓိကကျ၏။ ငွေများတရားနိုင်ဟူသောစကားကို ဘဝတစ်သက်တာ မှတ်ထားစရာဆောင်ပုဒ်အဖြစ် ခံယူထားဟန်တူ၏။

ပုရောဟိတ်သည် မတရားသဖြင့် တရားစီရင်ခြင်းတစ်ခုကိုပြုလုပ်ကာ မင်းကြီးဆီရောက်လာခဲ့သည်။ ရောက်သည်နှင့် ဗာရာဏသီမင်းကြီးသည် 'ဆရာ..သင် ဥပုသ်ဆောက်တည်ပါသလား' ဟု မေးလေသည်။ ထိုသို့မေးခြင်းသည် ပုရောဟိတ်ပုဏ္ဏားတစ်ယောက်တည်းကို ကွက်၍မေးသည်တော့မဟုတ်ပေ။ နန်းတွင်းထဲရောက်လာသော အမတ်အားလုံးကို မေးခြင်းဖြစ်သည်။ ဗာရာဏသီမင်းသည် သီလ၊ သမာဓိနှင့်ပြည့်စုံ၏။ ဥပုသ်ကို အမြဲတမ်းဆောက်တည်၏။ တရားမျှတမှုကို ရှေးရှုပြုသူဖြစ်သည်။ မိမိ၏နောက်လိုက်ဝန်ထမ်းအားလုံးကို မိမိကဲ့သို့ သီလ၊ သမာဓိနှင့် ပြည့်စုံစေချင်သည်။ ဥပုသ်ဆောက်တည်စေချင်သည်။ မေးခြင်းသည် တိုက်တွန်းခြင်းတစ်မျိုးဖြစ်သည်။ ထို့ကြောင့် ဗာရာဏသီမင်းမေးခြင်းဖြစ်သည်။

အမတ်တို့သည် ဗာရာဏသီမင်းအား မညာချင်ကြပါ။ တိုင်းပြည်ကို အစိုးရသော မင်းတစ်ပါးဖြစ်၍လည်းကောင်း၊ သီလ၊ သမာဓိနှင့်ပြည့်စုံသော မင်းတစ်ပါးဖြစ်၍လည်းကောင်း အမတ်တို့သည် ဗာရာဏသီမင်းအား ရိုသေကြသည်။ လေးစားကြသည်။ ဗာရာဏသီမင်း၏ အလိုဆန္ဒကို ဖြည့်ဆည်းပေးချင်ကြသည်မှာ အမတ်တို့၏ ဆန္ဒတစ်ခုလည်းဖြစ်သည်။ အမတ်တို့သည် မင်းကြီးအလိုကျသော ဥပုသ်ကို စောင့်ကြပါ၏။ ထို့ကြောင့် ဗာရာဏသီမင်းကြီး၏ အမေးအတွက် အဖြေသည် ဖြောင့်ဖြူး၏။ ပုရောဟိတ်ပုဏ္ဏားသည်လည်း ဥပုသ်ဆောက်တည်ကြောင်း လျှောက်တင်၏။

အမှန်က ပုရောဟိတ်ပုဏ္ဏားသည် ဥပုသ်ဆောက်တည်ခဲ့သည်မဟုတ်။ ပုရောဟိတ်၏အဇ္ဈတ္တ၌ ဥပုသ်ဆောက်တည်လိုသောစိတ်သည် မရှိ။ အမြဲတစေ မကောင်းမှုပြုလုပ်ဖို့၊ ငွေများရာ အမှုအနိုင်ပေးဖို့ အကြံသာရှိသည်။ အကြီးစားမကောင်းမှုများကို ပြုလုပ်ခြင်း၌ နေသားကျနေသော ပုရောဟိတ်ပုဏ္ဏားအား လိမ်ညာခြင်းဟူသော အသေးစားမကောင်းမှုကိုပြုလုပ်ဖို့ ဝန်မလေးသည့်အတွက် ဗာရာဏသီမင်းအား လိမ်ညာပြောဆိုခြင်းဖြစ်သည်။ သို့သော် ပုရောဟိတ်၏ လိမ်ညာခြင်းသည် လုံခြုံမှုမရှိပေ။

ပုရောဟိတ်ပုဏ္ဏား ဥပုသ်မဆောက်တည်သည်ကို အမတ်အားလုံး သိကြသည်။ ပုရောဟိတ်ပုဏ္ဏားသည် အမတ်များရှေ့တွင် ဗာရာဏသီမင်းအား လိမ်ညာခဲ့ခြင်းဖြစ်သည်။ ခစားရာမှအပြန်တွင် အမတ်တစ်ယောက်သည် သင် ဥပုသ်မစောင့်ဘူးမဟုတ်လားဟု ပေါ်ပေါ်တင်တင်မေးလေ



www.burmeseclassic.com

www.burmeseclassic.com

သည်။

ပုရောဟိတ်ပုဏ္ဏားသည်လည်း 'ငါ မနက်စာ စားတယ်။ အိမ်ကိုရောက်ရင် ခံတွင်းကိုဆေးပြီး ဥပုသ်စောင့်မယ်။ ညနေစာ မစားတော့ဘူး။ ညဦး သီလစောင့်မယ်။ ငါစောင့်တဲ့ဥပုသ်ဟာ ထက်ဝက်ဥပုသ်ဖြစ်လိမ့်မယ်' ဟု ပြောဆိုခဲ့သည်။

ပုရောဟိတ်ပုဏ္ဏားသည် ပြောဆိုခဲ့သည့်အတိုင်း ဥပုသ်စောင့်ခဲ့သည်။ ထက်ဝက်သောဥပုသ်ဖြင့် ပုရောဟိတ်ပုဏ္ဏား ဘဝတစ်ခုကို ကျေနပ်နေခဲ့သည်။ ဘဝတစ်ခု၏ သက်တမ်းတစ်လျှောက်လုံး ပုရောဟိတ်ပုဏ္ဏားသည် ငွေမျက်နှာကို ကြည့်ပြီး တရားကို ဆုံးဖြတ်ခဲ့သည်။ အမှုကို ပိုင်းဖြတ်ခဲ့သည်။ ထိုသို့အမှုကိုပိုင်းဖြတ်ခဲ့ရာ များစွာသောနေ့တို့တွင် တစ်နေ့သ၌ ပုရောဟိတ်ပုဏ္ဏားသည် သီလရှိသော မိန်းမတစ်ယောက်ကို တွေ့ခဲ့သည်။ ထိုမိန်းမသည် တရားယှဉ်ပြိုင်ရန် ပုရောဟိတ်၏ခုံရုံးသို့ ရောက်လာခဲ့ခြင်းဖြစ်သည်။ တရားယှဉ်ပြိုင်နေရင်း နံနက်အချိန်သည် ကုန်လွန်သွား၏။ တရားကား မပြီးနိုင်သေး။ နေ့လယ်ဘက်သို့ရောက်ခါနီး မိနစ်ပိုင်းအလိုတွင် ခံတွင်းကိုဆေး၏။ ထိုမိန်းမ၏အပြုအမူကို ပုရောဟိတ်ပုဏ္ဏားမြင်သည်။ မြင်သည်နှင့် ထိုမိန်းမ ဥပုသ်ဆောက်တည်သူဖြစ်ကြောင်း ပုရောဟိတ်ပုဏ္ဏား သိသည်။ ပုရောဟိတ်ပုဏ္ဏားသည် ထိုမိန်းမအား သရက်သီးတစ်လုံးကို ပေးခဲ့သည်။

ပုရောဟိတ်ပုဏ္ဏား၏ ဘဝသမိုင်းကို သရုပ်ဖော်ကြည့်သောအခါ ကောင်းမှုကုသိုလ်ပြုခဲ့သည်ဆို၍ နေ့တစ်ဝက်ဥပုသ်နှင့် သီလရှိသောမိန်းမအား သရက်သီးတစ်လုံးပေးခဲ့ခြင်းတို့သာ ထင်ရှားသည်။ များစွာသောနေ့၊ ရက်၊ လ၊ နှစ်ပတ်လုံး မတရားသဖြင့် တရားဆုံးဖြတ်ခြင်းဟူသော မကောင်းမှုတို့ဖြင့် ဘဝပန်းချီကားကို ရေးဆွဲခဲ့သည်။ မကောင်းမှုများနှင့် ဘဝကိုရေးဆွဲခဲ့သည်ဖြစ်၍ ဘဝပန်းချီသည် လှပမှုနည်းပါးခဲ့သည်။

ပုရောဟိတ်သည် လူ့ဘဝကို ကျောခိုင်းထွက်သွားသည်နှင့် နတ်သားတစ်ယောက်ဖြစ်ခဲ့ရသည်။ စစ်မှန်သောနတ်သားတော့မဟုတ်ပေ။ ညအခါ၌သာ နတ်သားစည်းစိမ်ကို ခံစားရပြီး နေ့အခါ၌ ဆင်းရဲဒုက္ခကြီးစွာခံစားနေရသော နတ်သားတစ်ပိုင်း၊ ပြိတ္တာတစ်ပိုင်းဖြစ်သည်။ ထိုအဖြစ်ကို ဝေမာနိကပြိတ္တာဟုခေါ်သည်။ ညအခါ၌ နတ်စည်းစိမ်ကို ခံစားရခြင်းသည် လူ့ဘဝ ပုရောဟိတ်ဖြစ်ခဲ့စဉ်က ညဘက်



ဥပုသ်စောင့်ခဲ့ခြင်းကြောင့်ဖြစ်သည်။ သုံးယူဇနာရှိသော သရက်ဥယျာဉ်ကို ပိုင်ဆိုင်ရခြင်းသည် သီလရှိသောမိန်းမအား သရက်သီးပေးခဲ့သော ကောင်းမှုကြောင့်ဖြစ်သည်။

ပေါက်တူးနှင့်တူသော လက်သည်းရှိခြင်း၊ လက်ညှိုးတစ်ချောင်းသာရှိခြင်း၊ အတောင်ရှစ်ဆယ်ရှိသော ခန္ဓာကိုယ်ကိုရရှိခြင်း၊ ကိုယ့်အသားကိုကိုယ် ကုတ်ဖဲ့စားသောက်နေရခြင်းတို့သည် သူများဆီက မတရားသဖြင့် ငွေများကိုယူခဲ့ခြင်း၊ အမှုကို ငွေများရာဘက်သို့လိုက်ကာ ဆုံးဖြတ်ခဲ့ခြင်းဟူသော မကောင်းမှုကြောင့်ဖြစ်သည်။ တံစိုးလက်ဆောင်ယူခြင်းသည် ဘဝ၏ငွေကြေးပြဿနာကို ဖြေရှင်းနိုင်သည်ဆိုလျှင် မှန်၏။ သို့သော် လူ့ဘဝ၏ဂုဏ်သိက္ခာနှင့် တန်ဖိုးကိုမူ မြှင့်တင်မပေးနိုင်ပါ။ နဂိုရှိနေသောဂုဏ်တို့ကို နိမ့်ကျစေသည်။ လူ့ဘဝတန်ဖိုးကို အဓိပ္ပာယ်မဲ့စေသည်။ ဆုံးဖြတ်မမှန်သော ဘဝကံတို့သည် မလှပနိုင်ကြောင်း တင်ပြအပ်ပါသည်။

မေတ္တာဖြင့်

ဓမ္မယောသက-အရှင်ဩဘာသ

<u>ကျမ်းကိုး</u>

* ဇာတကအဋ္ဌကထာ တိသနိပါတ်၊ ကီဠနဇာတ်။



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဘာသာဝင်မဖြစ်သေးသူဆိုလျှင် ဗုဒ္ဓဘာသာဝင်ဖြစ်လာရေးအတွက် ပထမရှေးဦးစွာပြုလုပ်ရခြင်းကား သရဏဂုံကိုဆောက်တည်ခြင်းဖြစ်သည်။ သရဏဂုံသည် မြတ်ဗုဒ္ဓ၏ သာသနာတော်သို့ အစကနဦးဝင်ပေါက်ဖြစ်သည်။

သရဏဂုံတည်ခြင်းဆိုသည်မှာ (၁) ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးအား ယုံကြည်သောသဒ္ဓါစိတ်ဖြင့် မိမိကိုယ်ကိုအပ်နှံခြင်း၊ (၂) ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို မှီခိုအားထားခြင်း၊ (၃) ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါး၏ တပည့်အဖြစ်ခံယူခြင်း၊ (၄) ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ရိုသေစွာရှိခိုးခြင်းဟူသော (၄)ပါးအနက် (၁)ပါးပါးကိုပြုလုပ်လျှင် ပြုလုပ်သူ၌ သရဏဂုံတည်သည်။

မိမိ၌ သရဏဂုံတည်သည်မှာလည်း ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကပေး၍ တည်ခြင်းမဟုတ်။ မိမိကိုယ်တိုင်က ယုံယုံကြည်ကြည် သရဏဂုံမခံယူ မဆောက်တည်လျှင် မည်သည့်ပုဂ္ဂိုလ်ကမျှ ပေး၍ မရနိုင်ချေ။ ကိုယ်တိုင်ကိုယ်ကျ ယုံယုံကြည်ကြည် ခံယူဆောက်တည်မှသာ ရနိုင်ပါသည်။ တစ်ကြိမ်တစ်ခါမျှ ခံယူဆောက်တည်ထားပြီးသော သရဏဂုံစိတ်ကို မစွန့်သမျှ ဗုဒ္ဓဘာသာဝင်အဖြစ်မှ အခြားဘာသာဝင်အဖြစ်သို့ မပြောင်းသမျှ



www.burmeseclassic.com

www.burmeseclassic.com



သရဏဂုံညစ်နွမ်းကြောင်းတရားများ ရှိတတ်သည်။ ထို သရဏဂုံညစ်နွမ်းကြောင်းတရားများရှိလျက် သရဏဂုံ ဆောက်တည်သော်လည်း သရဏဂုံ မပြောက်နိုင်ချေ။ ဆောက်တည်ထားသော သရဏဂုံသည်လည်း ညစ်နွမ်းမှု ရှိလာနိုင်သည်။

**သရဏဂုံညစ်နွမ်းကြောင်း(၄)ပါး**

(၁) ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါး၏ ဂုဏ်တော်များကို ကောင်းကောင်းမသိခြင်း၊ လုံးလုံးလျားလျားမသိခြင်း၊ ကိုးကွယ်ရမှန်းမသိခြင်း (မောဟ)။

(၂) ရတနာမြတ်သုံးပါးအပေါ် အစစ်ဟုတ်ပါ့မလားဟု သံသယဖြစ်ခြင်း (ဝိစိကိစ္ဆာ)။

# သရဏဂုံတန်ခိုး
# ဆို[illegible]အကျိုး

[illegible]မြတ်ထွေး

အသက်ရှင်နေသမျှ သရဏဂုံတည်သည်။

ဟိံသတိတိသရဏံဟု ဟောကြားတော်မူချက်အရ သရဏဂုံ၏ အဓိပ္ပာယ်မှာ ဖိစီးနှိပ်စက်ဖျက်ဆီးတတ်သောသဘောရှိခြင်းကြောင့် သရဏဂုံဟုခေါ်သည်။ သရဏဂုံသည် ဘေးရန်ကို၊ ကြောက်ခြင်းကို၊ ထိတ်လန့်ခြင်းကို၊ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲခြင်းကို၊ အပါယ်လေးပါးသို့လားခြင်းကို ဖိစီးနှိပ်စက် ဖျက်ဆီးတတ်သည်။

သရဏဂုံကို ယုံကြည်လေးမြတ်စွာ တစ်ကြိမ်ဆောက်တည်ထားလျှင်၊ ယုံကြည်စိတ်မပျက်သမျှ၊ အသက်မသေသေးသမျှ တစ်သက်လုံးတည်ခြင်း အမှန်ဖြစ်သည်။ သံဃာတော်အရှင်မြတ်များထံ သီလယူတိုင်း သရဏဂုံကို အထပ်ထပ်အခါခါ တည်ကြသည်။ ဘုရားစေတီ၊ ဆင်းတုရှေ့၌လည်း သီလယူတိုင်း သရဏဂုံကို အကြိမ်ကြိမ်ဆောက်တည်ကြသည်။ ထိုသို့ သရဏဂုံအကြိမ်ကြိမ်ဆောက်တည်ခြင်းသည် ညှိုးနွမ်းသောသရဏဂုံကို ပြန်လည်အရောင်တင်ခြင်းဖြစ်သည်။

ဤနေရာ၌ သရဏဂုံကို ခံယူဆောက်တည်ကြရာတွင်

(၃) ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးအပေါ် အမှန်မမြင်ဘဲ အမှားမြင်ခြင်း၊ အရဟံ စသောဂုဏ်တော်များကို ဂုဏ်တော်မဟုတ်ဟု ပြောင်းပြန်မြင်ခြင်း၊ ရတနာမြတ်သုံးပါး ကိုးကွယ်ဆည်းကပ်မှုသည် အလကားပါ စသည်ဖြင့် အယူမှားခြင်း မိစ္ဆာဒိဋ္ဌိအယူရှိခြင်း (ဒိဋ္ဌိ)။

(၄) ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို မယုံကြည်၊ မလေးစား၊ မမြတ်နိုးခြင်း၊ မကြည်ညိုခြင်း၊ ဘုရားရှိခိုးမှု စသည်မပြုလုပ်ခြင်း (သဒ္ဓါ၏ဆန့်ကျင်ဘက် အကုသိုလ်တရား)။

**တစ်သက်ပန် သရဏဂုံဆောက်တည်ခြင်း**

သရဏဂုံညစ်နွမ်းကြောင်းတရားများ ကင်းစင်ပြီး ကာလရှည်ရှည် သရဏဂုံတည်လေလေ အကျိုးများလေလေဖြစ်သည်။ သို့ဖြစ်၍ အောက်ပါတစ်သက်ပန်သရဏဂုံကို ဆောက်တည်ကြပါ။



www.burmeseclassic.com

www.burmeseclassic.com

(၁) အစ္စအာဒိ ကတွာ အဟံ အတ္တာနံ ဗုဒ္ဓဿ နိယျာဒေမိ၊

(၂) အစ္စအာဒိ ကတွာ အဟံ အတ္တာနံ ဓမ္မဿ နိယျာဒေမိ၊

(၃) အစ္စအာဒိကတွာ အဟံ အတ္တာနံ သံဃဿ နိယျာဒေမိ၊

(၄) ဇီဝိတပရိယန္တိကံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

(၅) ဇီဝိတပရိယန္တိကံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊

(၆) ဇီဝိတပရိယန္တိကံ သံဃံ သရဏံ ဂစ္ဆာမိ။

အထက်ပါအတိုင်း ဒုတိယမ္ပိ၊ တတိယမ္ပိ သုံးကြိမ်ဆောက်တည်ပါ။

**အနက်အဓိပ္ပာယ်**

(၁) အစ္စအာဒိကတွာ-ယနေ့ကိုအစပြု၍၊ အဟံ-အကျွန်ုပ်သည်၊ အတ္တာနံ-မိမိကိုယ်ကို၊ ဗုဒ္ဓဿ-မြတ်စွာဘုရားအား၊ ဒေမိ-လှူဒါန်းပါ၏။

(၂) ဓမ္မဿ-တရားတော်မြတ်အား၊

(၃) သံဃဿ-သံဃာတော်မြတ်အား (ကျန်တာ အထက်ပါအတိုင်းဆိုပါ)၊

(၄) ဇီဝိတပရိယန္တိကံ-အသက်ဆုံးသည်တိုင်အောင်၊
ဗုဒ္ဓံ-မြတ်စွာဘုရားကို၊

(၅) ဓမ္မံ-တရားတော်မြတ်ကို၊

(၆) သံဃံ-သံဃာတော်မြတ်ကို၊
ဂစ္ဆာမိ-ဆည်းကပ်ပါ၏။

**သရဏဂုံဆောက်တည်ခြင်း အကျိုးတရားများ**

ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ကိုးကွယ်အားထားရာဟူ၍ ယုံကြည်သိမှတ် ဆည်းကပ်ကိုးကွယ်ရသဖြင့် သရဏဂုံတည်ခြင်းသည် လွန်စွာအကျိုးကြီးမြတ်လှသည်။ ကောင်းသောသုဂတိဘဝသို့ရောက်ခြင်း၊ စည်းစိမ်ဥစ္စာနှင့်ပြည့်စုံခြင်း၊ အပါယ်ဒုဂ္ဂတိဘဝသို့ မကျမရောက်ရဘဲ နတ်ပြည်သို့ရောက်ရခြင်း၊ နတ်ပြည်၌လည်း နတ်သက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ အခြွေအရံများခြင်း၊ အစိုးရခြင်းငါးပါးနှင့် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ အာရုံငါးပါး ပေါင်းဆယ်ပါးတို့မှာ အခြားသရဏဂုံမတည်သောနတ်များထက် သာလွန်ခြင်းတို့ကို ရရှိခံစားနိုင်သည်။

တစ်နည်းအားဖြင့် ဖြစ်လေရာဘဝတိုင်း၌ အများအပူဇော်ခံရခြင်း၊ ထက်သောဉာဏ်ပညာရှိခြင်း၊ မိမိအလိုသို့လိုက်ပါစေနိုင်ခြင်း၊ အများနှင့်မတူသော စည်းစိမ်ချမ်းသာများကို ခံစားရခြင်း၊ ရွှေအဆင်းနှင့်တူခြင်း၊ အများနှစ်သက်ကြည်ညိုမှုကိုခံရခြင်း၊ မိတ်ဆွေအပေါင်းအသင်းများ၏ ချစ်ခင်မှုကိုရခြင်း၊ ကျော်စောထင်ရှားခြင်းဟူသော အကျိုးထူး(၈)ပါးကိုရခြင်းတို့မှာ သရဏဂုံတည်ခြင်းကြောင့် ရရှိခံစားရသော ကျမ်းဂန်လာအကျိုးများဖြစ်သည်။

ထိုမျှမက သရဏဂုံရွတ်ပွား၍ အစားစားလျှင် အစာအဆိပ်မသင့်ချေ။ ကိုယ်ဝန်ဆောင်ထားစဉ် သရဏဂုံကိုရွတ်ပွားလျှင် ချမ်းသာစွာမွေးဖွားရသည်။ မွေးရဖွားရ လွယ်ကူသည်။ မွေးဖွားလာသော သားသမီးလည်း ဘေးရန်ကင်းသည်။ သရဏဂုံကို အမြဲရွတ်ပွားနေလျှင် သရဲတစ္ဆေကို မကြောက်သည့်အပြင် မည်သည့်ဘေးရန်မျှလည်း မရောက်ချေ။ သရဏဂုံရွတ်ဆို၍ သစ်ပင်များစိုက်ပျိုးလျှင် သစ်ပင်များ ပိုးမကျခြင်း၊ သစ်ပင်များ ကောင်းစွာရှင်သန်၍ ဖွံ့ဖြိုးထွားကျိုင်းသော အသီး၊ အရွက်၊ အနံ့များ ရသည်။

သရဏဂုံအမြဲရွတ်စဉ် ထုံကူးထားသူများတို့၏ ဝန်ခံပြောဆိုကြသော သရဏဂုံအကျိုးတို့မှာ လွန်စွာများလှသည်။ သရဏဂုံတည်ခြင်း၏ အကျိုးတရားသည် ဤမျှသာတည်း။ ဤထက်မပိုဟု မဆိုထား၊ မမှတ်ယူနိုင်လောက်အောင်ကို များလွန်းပါသည်။ အမြင့်ဆုံး၊ အမြတ်ဆုံးဖြစ်သော ရတနာသုံးပါးအပေါ် ယုံကြည်သိမှတ် ဆည်းကပ်ကိုးကွယ်ခြင်းကြောင့် ရနိုင်သောအကျိုးတို့ကား အနန္တအပရိမာဏအတိုင်းအတာမရှိ၊ အဆုံးအစမရှိ များပြားကြီးကျယ်သည်သာ အမှန်ဖြစ်သည်။

ယခုတင်ပြခဲ့သော သရဏဂုံအကျိုးများသည် လောကီသရဏဂုံတည်ခြင်း၏ အကျိုးများသာဖြစ်သည်။ ထိုမျှမက လောကုတ္တရာသရဏဂုံတည်လျှင် အကျိုးရင်း(မုချအကျိုး)အားဖြင့် ဖိုလ်တရားလေးပါး အကျိုးဆက်အားဖြင့် ဒုက္ခခပ်သိမ်းတို့၏ ကုန်ငြိမ်းရာ နိဗ္ဗာန်တရားတော်ကြီးအား မျက်မှောက်ပြုရသည်တိုင်အောင် အကျိုးရှိလေသည်။

**အရက်သမား သရဏဂုံတည်ပုံ**

ဘုရားလက်ထက်တော်၌ ဘုရားရှင်၏ ဆွေတော်မျိုးတော်တစ်ယောက်သည် အရက်ကို လူမှန်းသိတတ်သည့်အရွယ်မှစ၍ နေ့စဉ်မပြတ်မလပ် သောက်စားခဲ့သည်။ ဤမျှအရက်သောက်၊ အရက်မူးနေသော်လည်း ရတနာသုံးပါးကို ယုံကြည်အားထားသည့်စိတ်ကား လွန်စွာကြီးမားခိုင်မာလှသည်။



www.burmeseclassic.com

www.burmeseclassic.com

သူသည် အရက်ကို သေခါနီးဆဲဆဲအထိ သောက်သည်။ သူသေလွန်သောအခါ မြတ်စွာဘုရားက ထိုသူသည် နတ်ပြည်သို့ရောက်သည်ဟု ဟောတော်မူသည်။

ဤသို့ဟောတော်မူကြောင်းကြားကြသဖြင့် ဘုရား၏ ဆွေတော်မျိုးတော်များအကြား ပြဿနာတက်တော့သည်။ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ဟောတော်မူသည်ကိုပင် မယုံမကြည်ဖြစ်ကြသည်။

'သည်လောက်အရက်သောက်စားမူးယစ် ရမ်းကားကျူးလွန်သူ နတ်ပြည်ရောက်သတဲ့။ လူမှန်းသိတဲ့ အရွယ်က စ ယခုသေသည်အထိ အရက်ကို မပြတ်မလပ်သောက်လာတာပဲ။ နတ်ပြည်ရောက်တယ်ဆိုတာ မယုံဘူး'

ဤစကား မဟာနာမ်မင်းကြီးကြား၍ ဘုရားရှင်ရှေ့တော်မှောက်ရောက်သွားကာ 'အရှင်ဘုရား··အရှင်ဘုရားရဲ့ ဆွေတော်မျိုးတော်တွေက အရှင်ဘုရားကို ပြစ်တင်နေကြပါတယ် အရှင်ဘုရား'ဟုလျှောက်သည်။

'အဘယ်အကြောင်းကြောင့် ပြစ်တင်နေကြသနည်း' ဟု မြတ်စွာဘုရားရှင်က မေးသည်။

'သည်လောက်သေသောက်ကျူးသူ၊ လူမှန်းသိတဲ့ အရွယ်ကအစ သေခါနီးဆဲဆဲအထိ သေအရက်သောက်ခဲ့သူ၊ သေတော့ နတ်ပြည်ရောက်တယ်လို့ အရှင်ဘုရားဟောတာကို ဆွေတော်မျိုးတော်တွေက မယုံကြဘူးဘုရား' ဟု မဟာနာမ်မင်းကြီးက လျှောက်တင်သည်။

'သည်သရဏာဉပါသကာဟာ သေတာနှင့်တစ်ပြိုင်နက် သောတာပန်ဖြစ်ပြီး နတ်ပြည်ကို ရောက်သွားတယ်။ သေရည်သေရက်သောက်တဲ့ အကုသိုလ်ကံက သူ့ကိုမတားနိုင်ဘူး။ ဘာကြောင့်ဆိုတော့ ဘုရား၊ တရား၊ သံဃာဆိုတဲ့ ရတနာသုံးပါးရဲ့ ဂုဏ်တော်၊ ကျေးဇူးတော်တွေက အတိုင်းမသိ ကြီးကျယ်မြင့်မြတ်တာကတစ်ကြောင်း၊ သူကိုယ်တိုင်ကလည်း ရတနာမြတ်သုံးပါးကို သူ့အသက်ကိုစွန့်နိုင်တဲ့ အဝေစ္စပသာဒဟု ဆိုအပ်သည့် သဒ္ဓါတရားထားရှိတာက တစ်ကြောင်း၊ သည်အကြောင်းတွေကြောင့် သေရက်သောက်တဲ့ အကုသိုလ်ကံဟာ သူ့ကို မတားမြစ်နိုင်ဘူး။ သူက ရတနာသုံးပါးကို အဘယ်ကဲ့သို့ အသက်စွန့်ယုံကြည်ပုံကို ကြည့်လော့။

ဥပမာ-သရဏာဉပါသကာကို တစ်ယောက်ယောက်က သရဏာဉပါသကာ··သင့်ကိုလေ ဘုရားကို ဘုရားမဟုတ်ဘူး၊ တရားကို တရားမဟုတ်ဘူး၊ သံဃာကို သံဃာ မဟုတ်ဘူးလို့ ပြောရင်ပြော၊ မပြောရင် သင့်ဦးခေါင်းကို ဖြတ်ပစ်မယ်လို့ ဆိုခဲ့ရင်တောင် သရဏာဉပါသကာက ငါ့ဦးခေါင်းကို ဖြတ်ချင်သလို ဖြတ်လိုက်ကြ။ ငါဘုရားကို ဘုရား မဟုတ်ဘူး၊ တရားကို တရားမဟုတ်ဘူး၊ သံဃာကို သံဃာ မဟုတ်ဘူးလို့ ငါမပြောဘူး။

ဤသို့ ရဲရဲဝံ့ဝံ့ပြန်ပြောနိုင်စွမ်းရှိသည့် သရဏာဉပါသကာဖြစ်သည်'ဟု မြတ်စွာဘုရားဟောကြားတော်မူသည်။ (သံ၊ ၄၊ ၁၊ နှာ ၂၀၇)။

**သူဆင်းရဲ သရဏဂုံတည်၍ သိကြားမင်းဖြစ်**

ကိုးဆယ့်တစ်ကမ္ဘာထက် ဝိပဿီဘုရားပွင့်တော်မူစဉ်က လူ့အသက်သည် တစ်သိန်းတန်းဖြစ်သည်။ လူများသည် အလွန်အသက်ရှည်ကြသဖြင့် သရဏဂုံကြာကြာတည်လေ ပို၍ကောင်းလေဖြစ်သည်။ ထိုအခါက သူဆင်းရဲလေးတစ်ယောက်ရှိသည်။ မျက်မမြင်မိဘနှစ်ပါးကို လုပ်ကျွေးနေရသည်။ ဆင်းရဲလွန်းမက ဆင်းရဲလွန်းလှ၍ မည်သည့်အလှူအတန်းမျိုးမှ မလှူဖူးခဲ့ချေ။ ရဟန်းလည်းမပြုနိုင်။ သီလလည်း မဆောက်တည်ရရှာဘူး။

ထိုသို့သောအခြေအနေရှိသောကာလတွင် ရဟန်းတစ်ပါးသည် သူဆင်းရဲလေးထံ ကြွလာသည်။ ရဟန်းမြတ်က သူဆင်းရဲလေးကို သရဏဂုံအား နှုတ်တိုက်သင်ပေး၍ သူဆင်းရဲလေး သရဏဂုံဆောက်တည်ဖူးတော့သည်။ သူသေသည့်အခါ နတ်ပြည်ရောက်သည်။ သိကြားမင်းအဖြစ် အကြိမ်ပေါင်းရှစ်ဆယ်ဖြစ်သည်။ စုတေပြီး လူ့ပြည်ရောက်တော့လည်း စကြာမင်းအဖြစ် ခုနစ်ဆယ့်ငါးကြိမ်၊ ထို့နောက် ပဒေသရာဇ်ဧကရာဇ်မင်းအသီးသီးအဖြစ်က ကိုးဆယ့်တစ်ကမ္ဘာလုံးဖြစ်သည်။ အပါယ်လေးဘုံသို့ တစ်ခေါက်တလေမျှ မရောက်ဖူးခဲ့ချေ။

**ဂေါတမမြတ်စွာဘုရား ပွင့်သောအခါ**

(၇)နှစ်သားအရွယ်နှင့်ပင် ရဟန္တာဖြစ်တော်မူသည်။ ထိုရဟန္တာမြတ်သည် သရဏဂုံ၏ အကျိုးကျေးဇူးများအကြောင်း ဟောကြားတော်မူလေသည်။

**ဒမိဋ္ဌတံငါသည် တစ်သက်တစ်ကြိမ်**
**သရဏဂုံဆောက်တည်ရရုံဖြင့် နတ်ပြည်ရောက်**

ဒမိဋ္ဌတံငါသည်၏ဘဝကား အသက်(၅၀)ပြည့်သည်အထိ တံငါအလုပ်နှင့် အသက်မွေးခဲ့သည်။ အသက်(၅၀)နှစ်ပြည့်သည့်နေ့တွင် ရောဂါစွဲကပ်၍ အိပ်ရာမှမထနိုင်တော့ချေ။ သူ့ဇနီးက သူ့ကိုပြုစုနေစဉ် ရဟန်းတစ်ပါးကြွလာ

www.burmeseclassic.com

www.burmeseclassic.com

သည်။

သူ့ဇနီးက 'သခင်··ဟိုမှာ ရဟန်းတစ်ပါးကြွတော်မူလာတယ်'ဟုပြောသည်။ ခင်ပွန်းဖြစ်သူက ဇနီးကိုပိုင်သောကြောင့် ပိုင်ရှင်အရာမှာထား၍ သခင်ဟုခေါ်သည်။

ဒမိဋ္ဌတံငါသည်၏ဘဝကား အကုသိုလ် တင်းပြည့်တောင်းပြည့် ဖြစ်နေသည့်ဘဝဖြစ်သည်။ ရတနာမြတ်သုံးပါးအား မည်သည့်အရွယ်ကမျှ ဖူးမြော်ကိုးကွယ်ခဲ့ဖူးသူမဟုတ်။ သီလခံယူဆောက်တည်ဖို့ထားနှင့် သရဏဂုံကိုမျှ ရွတ်ဆိုဆောက်တည်ဖူးခြင်း မရှိချေ။

သို့ဖြစ်သောကြောင့် ဒမိဋ္ဌက 'ရှင်မ··ငါ့အသက်အနှစ်(၅၀)ရှိပြီး ငါဟာ သည်ရဟန်းကို မမြင်ဖူးဘူး။ သူကလည်း ငါ့ကိုမမြင်ဖူးဘူး။ သူ့ကျေးဇူးလည်း ငါ့အပေါ်မှာမရှိဘူး။ ငါ့ကျေးဇူးလည်း သူ့အပေါ်မှာမရှိဘူး။ သည်အတိုင်းပြောလိုက်'ဟု သူ့အိမ်ရှင်မကို အမိန့်ပေးသည်။

သူ့ဇနီးကတော့ ရဟန်းတော်ကို 'ကန်တော့ဆွမ်းပါဘုရား'ဟုသာ လျှောက်သည်။

ရဟန်းတော်က 'ဒါယကာ··ဘယ့်နှယ်နေတုံး'ဟု မေးတော်မူသည်။

'ဒါယကာတော့ အလွန်အားနည်းနေပါတယ်ဘုရား။ သည်ရောဂါမှ လွတ်မြောက်တော့မှာ မဟုတ်ပါဘူးဘုရား'ဟု ဒါယိကာမက လျှောက်သည်။

ရဟန်းတော်သည် ဒါယကာအနီးသို့ကြွလာပြီး အင်းပျဉ်ပေါ်မှာထိုင်ကာ 'ဒါယကာ··သီလများမဆောက်တည်ချင်ပါဘူးလား'ဟု မေးသည်။

'ဆောက်တည်ပါ့မယ်'ဟု ဒမိဋ္ဌတံငါသည်၏နှုတ်က ထွက်သွားသည်။ သေခါနီးမှ တရားရချင်လာတော့ ဤသို့ဖြစ်ရသည်။ အံ့သြစရာပင်။

ရဟန်းတော်က ဒမိဋ္ဌတံငါသည်ကို သရဏဂုံနှင့်တကွ ငါးပါးသီလ ပေးသနားတော်မူသည်။

ဒမိဋ္ဌတံငါသည်၏ရောဂါသည် ပြင်းထန်သည်ထက် ပြင်းထန်ဖောက်ပြန်လာသဖြင့် ရဟန်းတော်က သီလပေးသနားချီးမြှင့်ပါလျက် ဒမိဋ္ဌသည် ငါးပါးသီလခံယူရသည်အထိ မရောက်တော့ချေ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ··ဟု သရဏဂုံခံယူဆောက်တည်ရန် လိုက်ဆို၍ သုံးကြိမ်ပြီးဆုံးသည့်အချိန်၌ ဒမိဋ္ဌတံငါသည် မေ့မြောနစ်မွန်းသွားကာ သေလွန်ရှာလေသည်။

ဒမိဋ္ဌတံငါသည် သေပြီးနောက် နတ်ပြည်ရောက်သွားသည်။ ငါ ဘာကြောင့် နတ်ပြည်ရောက်လာတာလဲဟု သူ့ဟာသူ ဆင်ခြင်ကြည့်မိသည်။ ရဟန်းတော်ထံမှ ခံယူဆောက်တည်ခဲ့ဖူးသည့် သရဏဂုံ၏အကျိုးကျေးဇူးကို ပြန်သတိရမိသည်။ ရဟန်းတော်၏ကျေးဇူးကား ကြီးမားလှစွတကား၊ လူ့ပြည်ဆင်း၍ ရဟန်းမြတ်အား ကန်တော့မည်ဟု စိတ်ကူးကာ ရဟန်းတော်ရှေ့မှောက် အရောက်သွားပြီး ကန်တော့လေသည်။

'သင် ဘယ်သူတုံး'ဟု ရဟန်းတော်ကမေးသည်။

'အရှင်ဘုရား··သရဏဂုံချီးမြှင့်လိုက်တဲ့ ဒမိဋ္ဌတံငါသည်ပါဘုရား'

'သင် ယခု ဘယ်ရောက်နေတုံး'

'တပည့်တော်သေလွန်ပြီးနောက် စတုမဟာရာဇ်နတ်ဘုံသို့ ရောက်နေပါတယ်ဘုရား။ ယခုလို စတုမဟာရာဇ်နတ်ဘုံသို့ ရောက်ရခြင်းသည် အရှင်ဘုရားပေးတော်မူသောသရဏဂုံကို ခံယူဆောက်တည်ခဲ့ရဖူးလို့ပါဘုရား။ အရှင်ဘုရား ဆက်လက်ပေးတော်မူတဲ့ ငါးပါးသီလအထိ တပည့်တော် ခံယူဆောက်တည်နိုင်ခြင်းမရှိဘဲ သေခဲ့ပါသည်ဘုရား။ အကယ်၍သာ တပည့်တော်သည် ငါးပါးသီလအား ခံယူဆောက်တည်ပြီးဆုံးမည်ဆိုပါလျှင် အထက်,အထက်နတ်ဘုံသို့ပင် ရောက်နိုင်ပါတယ်ဘုရား။ အရှင်ဘုရားဂုဏ်ကျေးဇူးသည် တပည့်တော်အပေါ် အလွန်ကြီးမားလှပါသည်ဘုရား'ဟု လျှောက်တင်လေသည်။

သရဏဂုံ၏ကျေးဇူး၊ သရဏဂုံ၏ တန်ခိုးစွမ်းရည်တို့သည်ကား ကြီးမားများပြားလှသည်။ သရဏဂုံ၏တန်ခိုးကြောင့် အမိဝမ်းတွင်းရှိ ကိုယ်ဝန်ဆောင် သားငယ်လေးအတွက်ပါ အစောင့်အရှောက်ရသူမှာ ဇောဓိမင်းသားလေးဖြစ်သည်။ ဇောဓိမင်းသားလေး၏မယ်တော်သည် ကိုယ်ဝန်ရှိစဉ်မှစ၍ ကိုယ်ဝန်သားဖြစ်သော ဇောဓိမင်းသားလေးအတွက်ပါ ရည်မှန်းပြီး ဘုရားရှင်ထံ၌ သရဏဂုံကို ခံယူဆောက်တည်ခဲ့သည်။ ဤဂုဏ်ကျေးဇူးတော်တို့ကြောင့် ဇောဓိမင်းသားလေး အစောင့်အရှောက်ရရှိခြင်းဖြစ်သည်။

**သရဏဂုံတန်ခိုးကြောင့်**

**ကျောင်းပေါ်မှ လိမ့်ကျမသေတဲ့ကျွန်တော်**

အသက်(၉)နှစ်အရွယ် ကျွန်တော် ကိုရင်ဝတ်ခဲ့သည်။ သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၊ လက်ဆက်ရွာဦးဆရာတော် ဦးစန္ဒိမကျောင်း၌ ကိုရင်ဝတ်ခဲ့သည်။ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com

အမေ၏ဖခင် ကျွန်တော့်အဘိုး ဦးဘိုးစိန်သည် အသက်(၈၀) ပြည့်သောနှစ်တွင် အတော်မကျန်းမမာဖြစ်သဖြင့် သူ့မြေး ကျွန်တော့်ကို ကိုရင်ဝတ်နှင့် ဦးချသွားချင်သည်ဟု ပြော သည်။ ထို့ကြောင့် ကျွန်တော့်အသက်(၉)နှစ်အရွယ်တွင် ကိုရင်ဝတ်ခဲ့ရခြင်းဖြစ်သည်။ ကိုရင်မဝတ်ခင် ဘုန်းကြီး ကျောင်းသားအဖြစ် အသက်(၇)နှစ်ကစ၍ မြန်မာသင်ပုန်း ကြီးဖတ်စာသင်ရသည်။ (က)၊ (ခ)မှစ၍ ဗျည်းအက္ခရာ များ ရေးတတ်၊ဖတ်တတ်ရှိပြီးနောက် မြန်မာသင်ပုန်းကြီး ဖတ်စာပါ က၊ ကာ၊ ကိ၊ ကီ၊ ကူး၊ ကျ၊ ကျာ၊ ကျိ၊ ကျီ၊ ကျူး၊ ကြ၊ ကြာ၊ ကြိ၊ ကြီ၊ ကြူး စသည်ဖြင့် ရပင့်၊ ရရစ်မှစ၍ အစုံရေးဖတ်သင်ရသည်။ မြန်မာစာရေးတတ်၊ ဖတ်တတ်ရှိတော့မှ ပါဠိပါဠိသား ရေးတတ်ဖတ်တတ်ရန် သင်ရသည်။ ထို့နောက် နမက္ကာရဘုရားရှိခိုး၊ ရတနာရွှေ ချိုင့်၊ အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်း၊ ပရိတ်ကြီး (၁၁)သုတ်၊ လောကနီတိတို့ သင်ကြားရသည်။ ကိုရင်ဝတ် ခါနီးတွင် သရဏဂုံကို ပီသစွာ ဋ္ဌာန်ကရိုဏ်းတကျသင်ယူရ သည်။ လိင်ဆယ်ပါး၊ ဒဏ်ဆယ်ပါး စသည့် ရှင်သာမဏေ ၏ ကျင့်ဝတ်များ သင်ယူရသည်။

ကိုရင်ဝတ်ဖို့ သရဏဂုံတည်ပြီးသူ မှန်သော်လည်း ကလေးအရွယ်မို့ ဆော့ကစားတုန်းဖြစ်သည်။ ထို့ကြောင့် သဲဒဏ်၊ ရေဒဏ် ခဏ၊ခဏထမ်းရသည်။ သီလလည်း ဘုရားဝတ်တက်တိုင်း ဆေးရသည်။ ကျွန်တော်၏အစ်ကို ဝမ်းကွဲ ကိုရင်ကြီးဖိုးမြသည် ကျောက်သင်ပုန်းနှင့် ကျောက် တံကိုင်တတ်ရန် သင်ပြပေးသော ပထမဦးဆုံးဆရာဖြစ် သည်။ ကိုရင်ကြီးဖိုးမြကို သာမဏေဘွဲ့အမည်တပ်၍မခေါ် ဘဲ ကိုရင်ကြီးဖိုးမြဟု လူတကာနှုတ်က ခေါ်တွင်သွားခြင်း သည် လူအမည်ကိုမြသည် ကိုရင်ဝတ်နှင့် (၆)နှစ်ရှိသည် အထိ ကိုမြဆိုသောလူအမည်ကို ဖျောက်မရနိုင်ဘဲ လူအများ ၏နှုတ်က လွယ်လွယ်ပဲ ကိုရင်ဖိုးမြဟု ခေါ်နေကြခြင်းဖြစ် သည်။ ကိုရင်ဖိုးမြသည် ဆရာတော်ဦးစန္ဒိမထံ စာလိုက်ခဲ့ သည်မှာ ပထမလတ်တန်းအဆင့်ထိ ရောက်ခဲ့သည်။ ဆရာ တော်ကြီး၏ ဝတ်ကြီးဝတ်ငယ်ပြုစုသူဖြစ်သည်။ ပိဋကတ် စာအုပ်ဗီရိုထဲမှ လိုအပ်သောကျမ်းစာအုပ်တို့ကိုထုတ်၍ ဆရာ တော်ကြီးအား ဖတ်ပြရသည်။ ဆရာတော်ကြီးသည် ဓမ္မ ကထိကများထိုင်သော လက်တန်းပျဉ်ပြားကြီးကြီး အဖျား ကော့ကော့ရှိသော ကြိမ်ကုလားထိုင်ကြီးပေါ်၌ သီတင်းသုံး လျက် ကိုရင်ဖိုးမြဖတ်ပြသော ဇာတ်နိပါတ် စသည်တို့အား နှလုံးသွင်းဆင်ခြင်လျက်ရှိသည်။

ကိုရင်ဖိုးမြ သင်ပြထားသောစာများကို ကျွန်တော်တို့ ကိုရင်လေးများသည် ကိုရင်ဖိုးမြထံ အလွတ်ကျက်ရသမျှ အာဂုံဆိုပြရသည်။ အထစ်အငေါ့မရှိ ဒိုးဒိုးဒေါက်ဒေါက်ဆို ပြနိုင်လျှင် ကိုရင်ကြီးက တစ်မူး၊ တစ်ပဲ ဆုချသည်။ ထို ခေတ်က တစ်မူးတစ်ပဲ၊ တစ်ကျပ် (၆၄)ပြား သုံးစွဲရသော ခေတ်ဖြစ်သည်။ ကျွန်တော်သည် ကိုရင်ဝတ်ဖြင့် (၁)ဝါဆို ခဲ့သည်။

လက်ဆက်ရွာဦးဘုန်းကြီးကျောင်းကြီးကို လူကြီးလက် တစ်ဖက်စာရှိသော ကျွန်းတိုင်လုံးကြီး(၄၀၊ ၅၀)နှင့်ဆောက် ထားသည်။ သံတစ်ချောင်းမျှမသုံး၊ သစ်သားကို သစ်သား ချင်း ယက်မလျှို၍ဆောက်ထားသော ကျောင်းကြီးဖြစ် သည်။ နှစ်ထပ်ကျောင်းဖြစ်သော်လည်း အောက်ထပ်မှ ကျောင်းအပေါ်ထပ်သို့ မော့ကြည့်ရအောင်မြင့်သည်။ ခြေတံ ရှည်ကျွန်းတိုင်လုံးကြီးများကို မျက်စိအမြင်ပသာဒ အလှ ဆင်ထားခြင်းဖြစ်သည်။ ကျောင်းကား နှစ်ထပ်ကျောင်းဖြစ် သော်လည်း ကျောင်းခေါင်မိုးပေါ်တွင် ပြာသာဒ်ဘုံအဆင့် ဆင့် ဆောက်ထားသည်။ ခရီးအတော်ဝေးဝေးမှလှမ်း၍ ကျောင်း၏ ဘုံအဆင့်ဆင့်ကို ထင်ထင်ရှားရှားမြင်ရသည်။ ဆရာတော်ကြီးနှင့် ရဟန်းများ၊ ကိုရင်များသည် ကျောင်း အပေါ်ထပ်ရှိ ကျက်သရေအခန်းအသီးသီးတွင် သီတင်းသုံး နေကြသည်။

ဥပုသ်နေ့တိုင်း၌ ကျောင်းအောက်ထပ်တွင် ဥပုသ်သည် များနှင့် ပြည့်လျက်ရှိသည်။ ကျောင်းအပေါ်ထပ်တွင် ဆွမ်း နှင့်ဟင်းများ ပြင်ဆင်ရသော ကျောင်းဆောင်တစ်ဆောင် ရှိသည်။ ဂေါစရရွာကြီးလေးရွာမှ ထာဝရနိစ္စဘတ် နေ့စဉ် နေ့ဆွမ်းပို့လှူကြသောဆွမ်းအုပ်များ မနက်(၁၀)နာရီဆိုလျှင် ရောက်လာကြသည်။ ထို့အပြင် ဦးပဉ္စင်းများ၊ ကိုရင်များ၊ ကျောင်းသားများသည် မနက်(၉)နာရီမှစ၍ ရွာ(၄)ရွာသို့ လှည့်လည်ဆွမ်းခံသောဆွမ်းများလည်း ရောက်လာသည်။ ကိုရင်ဖိုးမြ ခေါင်းဆောင်၍ ဆွမ်းဟင်းအားလုံးကို စားပွဲ ဝိုင်းကြီးများပေါ်တွင် ပြင်ရသည်။ ထိုဆွမ်းဟင်းပြင်ရသော အဆောင်တွင် တံခါးပေါက်အကြီးကြီး(၁)ပေါက်ရှိသည်။ တံခါးရွက်မရှိ၊ ဟင်းလင်းပွင့်လျက်ရှိသည်။ တံခါးရွက်တပ် မထားခြင်းဖြင့် အလင်းရောင်ကောင်းကောင်းရရန်ဖြစ်သည်။ ထိုတံခါးပေါက်မှ ကျောင်းအောက်ထပ်သို့ ခြေချော်လက် ချော်၍ လိမ့်မကျရန် သစ်သားတန်းကြီးတစ်ခုကို သံရိုက်



www.burmeseclassic.com

www.burmeseclassic.com

ကာ တားထားသည်။

ကိုရင်ငယ်လေး(ကျွန်တော်)သည် ထိုသစ်သားတန်းကြီးကို ကျောနှင့်မှီကာ ကိုရင်ဖိုးမြနှင့် ကျောင်းသားများ ဆွမ်းဟင်းပြင်ဆင်ကြသည်ကို ငေးကြည့်လျက်ရှိသည်။ ထိုနေ့ကား တန်ခူးလပြည့် ဥပုသ်နေ့ဖြစ်၍ ကျောင်းအောက်ထပ်တွင် ဥပုသ်သည်များနှင့် ပြည့်နေသည်။ ကျွန်တော်၏ အဖေလည်း ပါသည်။

ထိုသစ်သားတန်းကြီးကိုရိုက်ထားသော သံသည် နှစ်ကာလကြာလာသောကြောင့် ဆွေးမြည့်သံချေးတက်နေသည်။ ထိုသစ်သားတန်းကြီးကို ကျွန်တော်မှီနေရာမှ သစ်သားတန်းကြီး ပြုတ်ထွက်သွားသည်။ ကျွန်တော်သည် ကျောင်းပေါ်မှလိမ့်ကျကာ လေထဲမှာ ကျွမ်း(၃၊ ၄)ပတ်လည်ကာ မြေကြီးပေါ်သို့ကျသွားသည်။ ကျွန်တော်သတိမရဘဲ ခေတ္တမေ့မြောသွားသည်။

မေ့မြောရာမှ ပထမဦးစွာ ကျွန်တော်အမှတ်သတိပြန်ရသည်ကား ကျွန်တော့်အဖေသည် ကျွန်တော့်ကို ပွေ့ပိုက်ထားခြင်းဖြစ်သည်။ ကျွန်တော် မျက်စိဖွင့်လိုက်တော့ အဖေက "ကိုရင်လေး..အဖေ့ကိုမှတ်မိလား"ဟု မေးသဖြင့် ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။ ယခုမှပဲ ကျွန်တော် ရင်တုန်လာသည်။ စကားလည်း မပြောမဆိုချင်ဖြစ်သည်။ မည်သို့ ကျောင်းကြီးပေါ်က ပြုတ်ကျလာသည်ကို ကျွန်တော် မသိလိုက်ပါ။ နောင်မှ အခြားလူများက ကျွန်တော် မည်သို့မည်ပုံလိမ့်ကျသည်ကိုပြောပြ၍ အလုံးစုံသိရခြင်းဖြစ်သည်။ ကျွန်တော်လိမ့်ကျပြီး မိနစ်အတော်ကြာမှ အကောင်းပကတိဖြစ်ကာ ထထိုင်လိုက်သည်။ မတ်တတ်ရပ်ကြည့်တော့လည်း ကောင်းကောင်းရပ်နိုင်သည်။ မည်သည့်ဒဏ်ရာမျှမရသည်ကို တွေ့ရသည်။

ကျွန်တော်လိမ့်ကျသော ကျောင်းအောက်ရှိ မြေကြီးသည် ဒိုးသားကဲ့သို့ မာတင်းနေသည်ကို တွေ့ရသည်။ သမံတလင်းပေါ် လိမ့်ကျသည်နှင့်မခြားဖြစ်သည်။ ဤမျှမာကျောသော မြေပေါ်သို့ အမြင့်မှ အရှိန်ပြင်းပြင်းဖြင့် လိမ့်ကျသော်လည်း ခြေမကျိုး၊လက်မကျိုး ကိုယ်ခန္ဓာ ဒဏ်ရာတစ်ခုတလေမျှ မရခြင်းအတွက် ကျွန်တော် အလွန်အံ့သြမိသည်။

ကျွန်တော် လိမ့်ကျခါနီးတွင် ကျွန်တော့်စိတ်ထဲမှ သရဏဂုံကို အောက်မေ့လိုက်မိသည်ကတော့ အမှန်သတိရခြင်းဖြစ်သည်။ ဤသို့အရေးကြုံသက်လုံကောင်းစေဆိုသော ပညာရှိစကားအရ အရေးကြုံချိန်တွင် သရဏဂုံကို အမှတ်သတိရခြင်းသည်လည်း ငါကိုရင်ဝတ်နှင့် ညစဉ် ဘုရားဝတ်တက်တိုင်း၊ သီလဆောက်တိုင်း သရဏဂုံဆောက်တည်ရခြင်းကြောင့်ပါလားဟု သရဏဂုံ၏တန်ခိုးကို ရှိခိုးလိုက်သည်။

**သူပုန်အဖမ်းခံရသည်မှ လွတ်လာသည့်ကျွန်တော်**

ကျွန်တော်၏ငယ်စဉ်ဘဝ အစိတ်အပိုင်းတစ်ခုကို ပြန်ပြောရပါလျှင် သရဏဂုံကို နေ့စဉ်ထုံခဲ့သော ကျွန်တော်သည် (၁၂)နှစ်သားအရွယ် ကိုရင်ဝတ်ရာမှလူထွက်ပြီး သာယာဝတီခရိုင်၊ မင်းလှမြို့ အထက်တန်းကျောင်း၌ (၁၉၄၈)ခုနှစ်တွင် စတုတ္ထတန်းမှစ၍ သင်ရသည်။ ပထမအစမ်းစာမေးပွဲတွင် ထူးထူးချွန်ချွန်အောင်၍ ပဉ္စမတန်းသို့ တင်ပေးသည်။ ကျွန်တော် ဆဋ္ဌမတန်းသို့ရောက်သောနှစ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီက ကျွန်တော်တို့မင်းလှမြို့အပါအဝင် သာယာဝတီခရိုင်ကို သိမ်းပိုက်အုပ်ချုပ်သည်။ ကွန်မြူနစ်အစိုးရစစ်သော ဆဋ္ဌမတန်းစာမေးပွဲ ကျွန်တော်အောင်ခဲ့သည်။

ကျွန်တော်မွေးဖွားရာနှင့် နေထိုင်ရာရွာသည် မင်းလှမြို့မှ (၄)မိုင်ဝေးသော လက်ဆက်ရွာဖြစ်သည်။ ကျွန်တော်တို့ရွာမှ ဗကပကွန်မြူနစ်ခေါင်းဆောင် အတော်များများထွက်သည်။ ကျွန်တော့်အစ်ကိုကြီးလည်း ကွန်မြူနစ်ခေါင်းဆောင်ဖြစ်သည်။

(၁၉၅၀)ပြည့်နှစ်တွင် ဖဆပလဦးနုအစိုးရသည် သာယာဝတီခရိုင်နှင့် ပြည်ခရိုင်ကိုအုပ်စိုးနေသော ကွန်မြူနစ်အစိုးရကိုတိုက်ထုတ်ကာ ပြန်သိမ်းယူလိုက်သည်။ ကျွန်တော့်အစ်ကိုကြီးအပါအဝင် ကျွန်တော်တို့ရွာမှ ကွန်မြူနစ်အားလုံး တောခိုသွားကြသည်။

ကျွန်တော့်အစ်ကိုကြီးသည် တောခိုရာမှ (၁)နှစ်အတွင်း လက်နက်ကိုင်လမ်းစဉ်ကိုစွန့်ပြီး ဇီးကုန်းမြို့ပေါ်သို့ ရောက်လာသည်။ တောထဲတွင်ကျန်ခဲ့သော ကျွန်တော်တို့ရွာမှ ကွန်မြူနစ်တို့သည် ကျွန်တော့်အစ်ကို၏အကြောင်း သတင်းရလျှင်ပဲ ကျွန်တော်တို့ရွာကို လက်နက်ကိုင်တပ်ဖွဲ့များနှင့် ဖြန့်ဝိုင်းကာ ပစ်ခတ်ဝင်လာကြသည်။ ကျွန်တော့်အစ်ကိုကြီးသည် ရွာတွင်မနေ အိုးသည်ကုန်းမြို့သို့ သွားရောင်းနေရသည်။ ကွန်မြူနစ်တပ်များက အထူးသဖြင့် ကျွန်တော်တို့ အိမ်ဝင်းထဲသို့ သေနတ်ပစ်ခတ်ဝင်လာကြသည်။ ကျွန်တော့်အစ်ကိုကိုတွေ့ရင် ဖမ်းခေါ်သွားပြီး သတ်ပစ်မည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်အစ်ကိုကို ရှာမတွေ့လျှင် ကျွန်တော့်အဖေကို ဖမ်းခေါ်သွားပြီး သတ်ပစ်မည်။ ဤသို့စီစဉ်ကာ ဝင်လာကြခြင်းဖြစ်သည်။ ကျွန်တော့်အဖေသည် ရွာတွင်းရှိ အခြားမိတ်ဆွေတစ်ယောက်၏အိမ်သို့ ထွက်ပြေးကာ ထိုသူ၏ခြံကြီးထဲရှိ မန်ကျည်းပင်ပေါ်တက်၍ ပုန်းနေရသည်။ သူပုန်တို့သည် အဖေ့ကို ရှာမရသဖြင့် ကျွန်တော့်အစ်မနှင့် ကျွန်တော့်ကို လက်ပြန်ကြိုးတုပ်၍ ဖမ်းသွားသည်။

သူပုန်တို့သည် ကျွန်တော်တို့မောင်နှမကို နွားလှည်းပေါ်တင်ကာ တောထဲသို့ ခေါ်သွားကြသည်။ တောထဲတွင် ကျွန်တော်တို့ကို ပြန်ပေးဆွဲထားခြင်းဖြစ်သည်။ အဖေကိုယ်တိုင်လာ၍ လူချင်းလဲယူရမည်ဟုဆိုသည်။ အဖေလိုက်လာပါက သတ်ပစ်မှာ သေချာသည်။ သို့ဖြစ်၍ အဖေလိုက်မလာပါ။ အဖေလိုက်မလာမချင်း မလွှတ်ဘူးဟု သူပုန်တို့က အမိန့်ထုတ်ထားသည်။ သူတို့သဘောအတိုင်းဆိုလျှင် လာမရွေးသည့်နောက်ဆုံး၌ ကျွန်တော်တို့မောင်နှမကိုပါ သတ်ပစ်ဖို့ သေချာသည်။

ဤသို့သောအခြေအနေတွင် ကျွန်တော်ဘာလုပ်မည်နည်း။ ဘုန်းကြီးကျောင်းသားဘဝ၊ ကိုရင်ဘဝကပင် သရဏဂုံကို နေ့စဉ်ဆောက်တည်ရုံမက အခက်အခဲတွေ့တိုင်း သရဏဂုံကို ဋ္ဌာန်ကရိုဏ်းတကျရွတ်ဖို့ ကိုရင်ကြီးဖိုးမြကမှာထားသည်။ ယခုအတန်းကျောင်းတက်နေစဉ် သူပုန်အဖမ်းခံရခြင်းဖြစ်၍ အရေးကြုံလာလျှင် ကျွန်တော်သည် သရဏဂုံရွတ်ဖို့ပဲ သတိရသည်။ ငါးပါးသီလ မလုံခြုံပေမယ့် သရဏဂုံကိုတော့ ကျွန်တော့်အသက်နှင့် လဲရသည်အထိ ယုံကြည်သည်။ သူပုန်အသတ်ခံရသည့်အချိန်အထိ သရဏဂုံကိုတော့ ငါအပျက်မခံဘူးဆိုပြီး နေ့စဉ်,ညစဉ် သရဏဂုံရွတ်လျက်ရှိသည်။

သရဏဂုံ၏ တန်ခိုးစွမ်းအားကား အလွန်အံ့ဩစရာကောင်းသည်။ ကျွန်တော်တို့မောင်နှမကို ပြန်ပေးဆွဲထားသော တောတွင်းသူပုန်စခန်းနေရာသို့ ကျွန်တော်တို့ရွာသားသူပုန်များထဲမှ အကြီးဆုံးခေါင်းဆောင်သူပုန်ကြီး ရောက်လာသည်။ ကျွန်တော်တို့သတင်းကိုကြား၍ လာခြင်းမဟုတ်၊ တောတွင်းသူပုန်တပ်များကို လိုက်စစ်ရင်း အမှတ်မထင် ရောက်လာခြင်းဖြစ်သည်။ ထိုသူပုန်ခေါင်းဆောင်ကြီးသည် ရွာမှာရှိစဉ်ကပင် စိတ်သဘောထားပျော့ပျောင်းသူဖြစ်သည်။ ကွန်မြူနစ်ပါတီထဲတွင်လည်း သဘောတရားအလွန်ပြည့်ဝသူဖြစ်သည်။ ကွန်မြူနစ်ပါတီဗဟိုကော်မတီအထိ အဆင့်မြင့်နိုင်ငံရေးနှင့် စစ်ရေးခေါင်းဆောင်ဖြစ်သည်။

'မင်းတို့..သူတို့မောင်နှမကို ဘာလို့ဖမ်းလာတာလဲ' ဟု သူပုန်ခေါင်းဆောင်ကြီးက သူပုန်ဗိုလ်ငယ်များကို မေးသည်။

'သူတို့အစ်ကို လက်နက်ချ အလင်းဝင်သွားလို့'ဟု ဖြေသည်။

'သူ့ဟာသူ အလင်းဝင်တာ သူတို့နဲ့ဘာဆိုင်လဲ'

'သူတို့အစ်ကို သူတို့အဖေတို့က အစိုးရနှင့်ပေါင်းပြီး ကျွန်တော်တို့ကို ပြန်မတိုက်နိုင်အောင်လို့ပါ'ဟု သူပုန်ဗိုလ်ငယ်များက ဖြေသည်။

'မင်းတို့လုပ်တာ လုံးဝမှားတယ်။ မင်းတို့အတွေးအခေါ်ဟာ စိတ်ဝါဒပဲ။ ပကတိရုပ်ဝါဒမကျဘူး။ သူတို့မောင်နှမကို ခုချက်ချင်းပြန်လွှတ်'ဟု ကွန်မြူနစ်သူပုန်ခေါင်းဆောင်ကြီးက အမိန့်ပေးသွားသည်။

ဤနည်းဖြင့် ကျွန်တော်တို့မောင်နှမသည် သူပုန်တို့ဖမ်းထားရာမှ (၁)လအကြာတွင်ပြန်လွှတ်ပြီး ရွာသို့ ပြန်ရောက်လာပါသည်။

ကျွန်တော်ကျောင်းပြန်တက်သည့်အခါ ဆရာ၊ဆရာမများ၊ ကျောင်းသားကျောင်းသူများက ဝိုင်းဝန်းမေးကြသည်။ အသက်မသေ ချောချောမောမောကျောင်းပြန်တက်နိုင်၍ သူတို့လည်း ဝမ်းသာကြသည်။ သို့သော် ယခုအုပ်ချုပ်လျက်ရှိသော အစိုးရသည် ဖဆပလအစိုးရဖြစ်သည်။ ဗကပကွန်မြူနစ်အစိုးရ မဟုတ်တော့ပါ။ ဖဆပလအစိုးရသည် ပညာရေးအနေဖြင့် ကွန်မြူနစ်အစိုးရစစ်သွားသော စာမေးပွဲများကို အသိအမှတ်မပြုဘဲ ပယ်ဖျက်သည်။ ကျွန်တော် တောထဲသူပုန်အဖမ်းခံနေရစဉ် အခြားကျောင်းသားများသည် ဖဆပလအစိုးရက ပြန်လည်စစ်ဆေးသော အတန်းလိုက်စာမေးပွဲများကို ဖြေဆိုအောင်မြင်ပြီးကြပြီ။ ပြန်ဖြေရန် ကျွန်တော်တစ်ယောက်တည်းပဲကျန်သည်။

သို့ဖြစ်၍ ဆရာ၊ဆရာမများက 'စတိဖြစ်ဖြစ် မင်းဆဋ္ဌမတန်းစာမေးပွဲ ပြန်ဖြေကွာ'ဟု ကျွန်တော့်ကိုပြောသည်။ ကျွန်တော်သည် ဆဋ္ဌမတန်းအတန်းတင်စာမေးပွဲကို တစ်ယောက်တည်း ပြန်ဖြေအောင်မြင်ခဲ့သည်။

သရဏဂုံ ကိုယ်လုံးထုံထားသော တန်ခိုးစွမ်းအားကား ဤမျှကြီးမားကြောင်း တင်ပြလိုက်သည်။

မေတ္တာစိတ်တွေနဲ့

မင်းလှ-မြတ်ထွေး

www.burmeseclassic.com

www.burmeseclassic.com

# ကြည်ဦးမောင်လင်း

# ကိုယ့်ကိုယ်ကိုယ် သတ်သေကြောင်းကြံသူ

စာရေးသူ၏ ဂမ္ဘီရဖောက်သည်တစ်ဦး ရှိပါသည်။ တစ်လလျှင်တစ်အုပ် ပုံမှန်ပို့ပေးရပါသည်။ စာအုပ်ပေး ပိုက်ဆံယူပြီး ပြန်လာခဲ့သည်ကများ၍ ဖောက်သည်ဆိုပေမယ့် တရင်းတနှီး စကားပြောဖူးသည်ကား မဟုတ်ပါ။ ကြည့်မြင်တိုင် ညဈေးအတွင်းရှိ သူမပိုင်အေးရတနာရွှေဆိုင်သို့ သွားပို့ပေးရခြင်း ဖြစ်၍ နေရာကျဉ်းမြောင်းသောကြောင့် စကားစမြည် မပြောဖြစ်ခြင်းဖြစ်ပါသည်။ သည်တစ်ခါတော့ စာအုပ်ပေး ပိုက်ဆံယူပြီး ပြန်တော့မလို့လုပ်စဉ် အေးအေးခိုင်ကသူမပိုင်ဆိုင်သော သဃ်န်းကျွန်းမြို့နယ်၊ မေခအိမ်ရာ၊ မေခလမ်းသွယ်(၁)၊ အိမ်နံပါတ်(T-7) ကို ရောင်းလို၍ ဗေဒင်ပညာဖြင့် အဖြေရှာရန် အကူအညီတောင်းလာသောကြောင့် တရင်းတနှီးစကားပြောဖြစ်သွားပါသည်။



ပြောလိုရင်းကိစ္စများ ပြီးဆုံးသွား၍ ထပြန်တော့မလို့ နှုတ်ဆက်တော့မှ မေးခွန်းတစ်ခု ထပ်မေးလာပြန်၏။

'ဆရာ‥တစ်ခုလောက် မေးကြည့်ချင်လို့'ဟု စကားခံကာ စာရေးသူအား အကဲခတ်ကြည့်နေ၍ 'မေးလေ၊ ဘာမေးမလဲ။ ဆရာသိသလောက် ပြောပြမှာပေါ့' ဆိုပြီး ခွင့်ပြုလက်ခံစကား ဆိုလိုက်ပါသည်။

သူမမျက်လုံးများ ပြူးယောင်သန်းသွားပြီး 'ဒီလိုပါဆရာ၊ သူများတွေက ကိုယ့်ကိုယ်ကိုယ် သတ်သေရင် ဘဝပေါင်းငါးရာတိုင် အဲဒီလိုပဲ ကိုယ့်ကိုယ်ကိုယ် သတ်သေရတယ်တဲ့။ အဲဒါ ဟုတ်ပါသလား ဆရာ။ ဆရာတို့က ဒီအကြောင်း ပိုသိမှာပေါ့'ဟုဆိုကာ မြောက်ထိုးပင့်ကော်လုပ်ရင်း မေးလာပါသည်။

ဘာသာရေးစာပေများ ရေးသားနေသည့် စာရေးဆရာလို့ သိထားနှင့်၍ ပိုသိမှာပေါ့ဟု မြှောက်ထိုးပင့်ကော်ထားသော်လည်း မှန်တာပြောရင် စာရေးသူ ထိုအကြောင်းကို ကောင်းစွာမသိပါ။ သို့တွက်ကြောင့် အေး‥ဟုတ်တယ်ဟူ၍လည်းကောင်း၊ ဘယ်ဟုတ်မလဲ



www.burmeseclassic.com

www.burmeseclassic.com

ဘဝါးရာ မခံရပါဘူးဟူ၍လည်းကောင်း Yes or No အဖြေတစ်မျိုးမျိုးကို တိကျမှန်ကန်စွာ မထုတ်နိုင်ခဲ့ပါ။ အေး..ဆရာပြန်ကြည့်ရဦးမယ်။ အသေအချာလေ့လာပြီးမှ ပြန်ပြောမယ်လေ။ မတိကျရင် မကောင်းလို့ပါဟု ခပ်တည်တည်နှင့် အရှက်ပြေပြောပြီး ပြန်လာခဲ့ပါသည်။

နောက်တော့ သည်အကြောင်းကို အများသိခွင့်ရအောင် ဆောင်းပါးတစ်ပုဒ် ရေးသားတင်ပြရလျှင် ကောင်းမှာပဲဟု တွေးမိလာ၏။ ထိုအတွေးကြောင့် မေးခွန်းနှင့်ဆိုင်ရာ ပိဋကတ်ကျမ်းစာများကို လက်လှမ်းမီသရွေ့ လေ့လာဖြစ်သွားပါသည်။ ဤအကြောင်းသည် လွယ်လွယ်ပြော၍ မဖြစ်သော ပြဿနာပင်ဖြစ်၏။ သေကြောင်းကြံမလို့ လာမေးနေတာဆိုပါက ဘုန်းကြီးအမှု ရွာပတ်မှာစိုးရ၏။ ထို့အပြင် သေစေလိုခြင်း၌ အားပေးအားမြှောက်ပြုရာ ရောက်ပါက ပါဏာတိပါတကံ၏ ဆိုးကျိုးသက်ရောက်မှုက မလွတ်နိုင်ပေ။ ယခုမေးမြန်းလာသည့် အေးအေးခိုင်အနေဖြင့် ထိုသို့ မေးမြန်းခြင်းမှာ သေကြောင်းကြံလို၍မဟုတ်၊ မသိလျှင်မေး မစင်လျှင် ဆေးဆိုသည့်အတိုင်း မသိနားမလည် မရှင်းလင်းသည်ကို သိလိုရေးဖြင့် မေးမြန်းလျှင် ဉာဏ်ပညာထက်မြက်စေသည့်အပြင် စကင်းလော့ရှင်းသုံးစရာမလိုဘဲ သုံးသူထက်ပင် အသားအရေပိုမိုချောမွေ့လှပစေသည်ဟူသော ဘုရားဟောဒေသနာတော်ကို လေ့လာမှတ်သားဖူး၍ ဤသို့မေးမြန်းခြင်းသာဖြစ်သည်ဟု နားလည်မိ၏။ ထို့ကြောင့် ရှာရှာဖွေဖွေ မေးလာသည်ကို လျစ်လျူမရှုသာဘဲ ဖြေဆိုလိုက်ပါသည်။

ဤအမေးသည် ပါဏာတိပါတ-သူ့အသက်သတ်ခြင်းနှင့် ဆက်နွှယ်၏။ လောကဝေါဟာရအားဖြင့် သတ္တဝါ ပရမတ္ထအားဖြင့် ရုပ်နာမ်နှစ်တွေ ဇီဝိတိန္ဒြေဟူသောပါဏကို သူ့ပင်ကိုသဘောအတိုင်း ရှင်သန်ရပ်တည်ခွင့်မပေးတော့ဘဲ ရပ်စဲပြတ်တောက်သွားအောင် ဖြတ်တောက်သတ်ဖြတ်ခြင်း အတိပါတမှုပြုလျှင် သူ့အသက်ကို အလျင်အမြန်ကျအောင် ခွင်းချလိုက်၍ ပါဏာတိပါတဖြစ်၏။ ထိုသို့ပါဏာတိပါတမှုပြုကာ သူ့အသက်ကိုသတ်ရာ၌ အင်္ဂါငါးချက်ပြည့်စုံပါမှ ပါဏာတိပါတကံမြောက်ရန် လုံလောက်၏။

၎င်းတို့မှာ တစ်-သတ္တဝါဖြစ်ခြင်း၊ နှစ်-သတ္တဝါဟုသိ သတ္တဝါဟု အမှတ်သညာရှိခြင်း၊ သုံး-သတ်လိုသောစိတ်စေတနာရှိခြင်း၊ လေး-သတ်ဖြတ်ရန် လုံ့လပယောဂတစ်ခုခုပြုခြင်း၊ ငါး-ထိုလုံ့လပယောဂကြောင့်ပင် သေခြင်းတို့ဖြစ်ပါသည်။ ရှေ့အင်္ဂါလေးပါး ပြည့်စုံညီညွတ်သော်လည်း နောက်ဆုံးအင်္ဂါ မပြည့်စုံလျှင် ပါဏာတိပါတကံမမြောက်၊ ဆိုးကျိုးဆိုးပြစ် မရောက်ပေ။

သတ္တဝါဖြစ်ခြင်း၊ သတ္တဝါဟုသိ သတ္တဝါဟု အမှတ်သညာရှိခြင်းဟူသော အမှတ်တစ်၊ နှစ် အင်္ဂါရပ်အရ ပါဏာတိပါတ၌ ပါဏဟူသည် သတ်လိုသူမှ တစ်ပါးသောအခြားသတ္တဝါများဖြစ်ကြောင်း သိရ၏။ ထို့ကြောင့် သူတစ်ပါး+အသက်ဟူသော စကားနှစ်ရပ်ကို အကျဉ်းရုံးကာ သူ့အသက်ဟု ဆိုထားခြင်းဖြစ်ပါသည်။ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံရာ၌ကား သူ့အသက်မဟုတ်ဘဲ ကိုယ့်အသက်ဖြစ်နေ၍ ပါဏာတိပါတကံနှင့် တိုက်ရိုက်မပတ်သက်တော့ပေ။ ကိုယ့်အသက်လည်းအသက်ပဲ၊ ကိုယ်လည်း သတ္တဝါပဲဟုယူဆလျှင် မြတ်ဘုရားလည်း အာယုကပ်ပတ်လုံး နေနိုင်စွမ်းရှိပါလျက် အာယုသင်္ခါရကို စွန့်လွှတ်တော်မူပြီး ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့လေရာ စဉ်းစားဆင်ခြင်စရာများပြားပြီး အဖြေမရဘဲ ရှုပ်ထွေးသွားနိုင်၏။ ထို့ကြောင့် စဉ်းစားခွင့်ရရုံ အမြွက်မျှတင်ပြပြီး ထိုအကြောင်းကို ချန်လှပ်ခဲ့ပါအံ့။ ထိုနှင့်ဆင်တူသော ဖြစ်စဉ်တစ်ခုကို တင်ပြပါမည်။

မြတ်ဘုရား သက်တော်ထင်ရှားရှိစဉ်က ဝေသာလီပြည် ကူဋာဂါရသာလာ (စုလစ်မွမ်းချွန်အထွတ်တပ်သော ကျောင်း)၌ သီတင်းသုံးတော်မူရင်း အသုဘတရားအမျိုးမျိုး ဟောကြားတော်မူခဲ့ပါသည်။

အသုဘစကား၊ အသုဘဘာဝနာ၏ ဂုဏ်ကျေးဇူး၊ အသုဘသမာပတ်၏ ဂုဏ်ကျေးဇူးတို့ကို အမျိုးမျိုးဟောကြားပြီး "ရဟန်းတို့..ငါဘုရားသည် လခွဲဆယ့်ငါးရက်ပတ်လုံး တစ်ပါးတည်းကိန်းစက်ခြင်းငှာ အလိုရှိ၏။ ဆွမ်းဆောင်ပို့သော ရဟန်းမှတစ်ပါး အခြားမည်သူမျှ ငါဘုရားအနားသို့ မချဉ်းကပ်အပ်။ မလာပါနဲ့"ဟု မိန့်တော်မူကာ တစ်ပါးတည်း သီတင်းသုံးတော်မူနေပါသည်။

မြတ်စွာဘုရားဟောကြားသည့် အသုဘတရားနာကြားရသည့် ရဟန်းတော်များ မိမိတို့ခန္ဓာအပေါ် စက်ဆုပ်ရွံရှာငြီးငွေ့လာသဖြင့် ကိုယ့်ကိုယ်ကိုယ် သတ်သေကြကုန်၏။ အချင်းချင်း အပြန်အလှန်လည်း သတ်ဖြတ်ကြကုန်၏။ မိဂလဏ္ဍိက အမည်ရသော ရဟန်းရှင်ယောင် အသွင်ဆောင်သူများကို မိမိတို့ပိုင် သင်္ကန်းပရိက္ခရာများကိုပေး အပ်ပြီး သတ်စေခိုင်းကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုဝတ္ထုကြောင်း၌ မြတ်ဘုရား တတိယပါရာဇိက သိက္ခာပုဒ်ကို ပညတ်တော်မူ၏။ ထိုသို့ပညတ်တော်မူရာ၌ လူဇာတ်ဖြစ်သောသူကို သတ်ဖြတ်လျှင် သေခြင်း၏ကျေးဇူးကို ချီးမွမ်းပြောဆိုလျှင်၊ သေခြင်းငှာ အထောက်အကူပြုပေးလျှင် ပါရာဇိကအာပတ်သင့်ကြောင်း ပညတ်တော်မူ၏။ မိမိကိုယ်ကို သတ်သေခြင်းကြောင့် ပါရာဇိကအာပတ်သင့်ကြောင်း မပညတ်ပေ။

ထို့အပြင် ထိုသိက္ခာပုဒ်ဆိုင်ရာ ဝိနီတဝတ္ထုများကိုထုတ်ပြန်ရာ၌ အနဘိရတိဝတ္ထုဟု ဝတ္ထုကြောင်းတစ်ပုဒ် ပါဝင်ပါသည်။ ထိုဝတ္ထုကြောင်း၌ ရဟန်းသည် သာသနာတော်၌ မမွေ့လျော်နိုင်တော့၍ ဂိဇ္ဈကုဋ်တောင်ပေါ်တက်ပြီး ချောက်ကမ်းပါးကြီးထဲသို့ခုန်ချကာ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံပါသည်။ ဖြစ်ချင်တော့ ချောက်ကမ်းပါးထဲ တိုက်ရိုက်မကျဘဲ နှီးရွေသမားတစ်ယောက်ပေါ်ကျသွား၍ ကိုယ်မသေဘဲ နှီးရွေသမား သေသွားခဲ့ပါသည်။

ထိုရဟန်းသည် နှီးရွေသမားအား သေစေလိုခြင်းမဟုတ်၍ အနာပတ္တိဘိက္ခုပါ ရာဇိကဿ-ရဟန်း··သင်သည် ပါရာဇိကအာပတ်မသင့်ဟု မြတ်ဘုရား ဆုံးဖြတ်တော်မူ၏။ ထို့အပြင် န စ ဘိက္ခဝေ အတ္တာနံ ပါတေတဗ္ဗံ-ရဟန်းတို့ မိမိကိုယ်ကို မကျစေအပ်၊ (ဝါ) ကိုယ့်ကိုယ်ကိုယ် သေကြောင်းမကြံအပ်ဟူ၍ ဆက်လက်၍မိန့်တော်မူပါသည်။ ထို့နောက် ယော ပါတေယျ-အကြင်ရဟန်းသည် ကျစေငြားအံ့ (ဝါ) ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံအံ့။ အာပတ္တိ ဒုက္ကဋဿ-ဒုက္ကဋ် အာပတ်သင့်စေဟူ၍ တစ်ခါတည်း ပြစ်ဒဏ်ကိုပါ တွဲပြထားပါသည်။

ဒုက္ကဋ်အာပတ်ဟူသည် အာပတ်(၇)မျိုးအနက် ဒုတိယအပေါ့ဆုံးအာပတ်ဖြစ်ပါသည်။ သူ့ထက်ပေါ့သောအာပတ်ကား ဒုဗ္ဘာသီအာပတ်ဖြစ်ပါသည်။ ဒုဗ္ဘာသီဆိုသည်မှာ မကောင်းသောပြောဆိုခြင်းပင်ဖြစ်၍ ဝစီကံအာပတ်ဖြစ်ပါသည်။ ဒုက္ကဋ်ဆိုသည်မှာ မကောင်းသောပြုမူခြင်းဖြစ်၍ ကာယကံအာပတ်ဖြစ်ပါသည်။ ထို့ကြောင့် ဝစီကံအာပတ် ဒုဗ္ဘာသီကိုဖယ်ထားပါက ဒုက္ကဋ်သည် ကာယကံအာပတ်ထဲတွင် အပေါ့ဆုံးအာပတ်သာဖြစ်ပါသည်။ အသေးအဖွဲ့မျှသာဖြစ်ပါသည်။ ကြီးလေးသောအပြစ် မရှိပါ။

ထိုဝတ္ထုကြောင်း၌ ထိုရဟန်း မမွေ့လျော်၊ မပျော်ပိုက်နိုင်ဘဲ သာသနာတော်မှ လူထွက်လိုခြင်း အကြောင်းရင်းမှာ ကာမဝိတက် စသည်နှိပ်စက်ခြင်းကို မတားမြစ်နိုင်၊ သည်းမခံနိုင်၊ မအောင့်အည်းနိုင်တော့၍ဖြစ်ပါသည်။ လူထွက်လိုစိတ်ကို မထိန်းချုပ်နိုင်တော့၍ သီလမပျက်စီးသေးမီ သေသွားသည်ကကောင်း၏ဟု ကြံစည်စဉ်းစားကာ တောင်ပေါ်က ခုန်ချလိုက်ခြင်းဖြစ်ပါသည်။ စိတ်ထွက်ပေါက်ရှာခြင်းပင် ဖြစ်ပါသည်။ ထိုသို့ တောင်ပေါ်ကခုန်ချခြင်းမျိုးသာမဟုတ် အခြားတစ်ပါးသော နည်းလမ်း၊ ဥပါယ်တံမျဉ်၊ လုံ့လပယောဂဖြင့်လည်း ကိုယ့်ကိုယ်ကိုယ် သေကြောင်းမကြံအပ်။ ယုတ်စွအဆုံး အာဟာရဖြတ်တောက်ပြီး အသေခံခြင်းမျိုးလည်း မပြုအပ်ကြောင်း အဋ္ဌကထာဆရာ ဖွင့်ပြ၏။

မှန်၏။ နေထိုင် မကောင်းသော ဂိလာနရဟန်းသည် ဆေးဝါးပြုစုမည့်သူ ရှိနေပါလျက် သေလိုစိတ်ဖြင့် အာဟာရဖြတ်ကာ အငတ်ခံလျှင် ဒုက္ကဋ်အာပတ်သင့်ပါသည်။ နာတာရှည်ရောဂါဖြစ်နေ၍ ပြုစုသူများက ဒီလူနာက ဘယ်တော့လွတ်ပါ့မလဲမသိပါဘူး စသည်ဖြင့် ညည်းညူလာ၍ ဤခန္ဓာကိုယ်သည်ကား လုပ်ကျွေးမွေးမြူသော်လည်း ထာဝရတည်တံ့သည်မဟုတ်။ ငါ့အား လုပ်ကျွေးသူတို့လည်း ပင်ပန်းလှပြီ စသည်ဖြင့် နှလုံးသွင်းကာ အာဟာရဖြတ် အငတ်ခံလျှင်၊ ဆေးဝါးမမှီဝဲလျှင် အပ်၏။ အာပတ်မသင့်ဟု ဖွင့်ပြထား၏။

အလားတူပင် အကောင်းဘက်ကိုရှုပြီး ရောဂါကလည်း ပြင်းထန်၏။ အာယုသင်္ခါရတို့သည် မတည်တံ့နိုင်ကုန်။ တရားထူးရခြင်းသည်လည်း လက်ထဲရောက်နေဘိသကဲ့သို့ ထင်ရ၏။ ငါသေတော့အံ့ဟု နှလုံးသွင်းပြီး အာဟာရဖြတ်ခြင်း စသည်ကိုပြုပါကလည်း အပ်သည်ပင် အပြစ်မရှိ၊ အာပတ်မသင့်ပါ။

www.burmeseclassic.com

www.burmeseclassic.com

ဆိုလိုရင်းမှာ အတ္တ၊ ပရနှစ်ပါးလုံးတွက် အကောင်းဘက်ရှုပြီး အသင့်နှလုံးသွင်းကာ ကိုယ့်ကိုယ်ကိုယ်သတ်သေပါက အပြစ်မရှိ၊ အာပတ်မသင့်ပါ။ အဆိုးဘက်ရှုပြီး သေကြောင်းကြံပါက ရဟန်းဖြစ်လျှင် ဒုက္ကဋ်အာပတ်။ လူဖြစ်လျှင် မကောင်းသောအပြုအမူတစ်ခုပင်ဖြစ်ပါသည်။ ထို့ကြောင့် ထိုသဘောအတိုင်းပင် အပဒါနအဋ္ဌကထာ ပထမတွဲ၊ စာ(၂၁၅)၌ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ခြင်းမှာ မိန်းမတို့၏အလုပ်သာဖြစ်ကြောင်း ဆိုထား၏။ ယုတ်နိမ့်သည်ဟု ဆိုလိုပါသည်။ ဒုက္ကဋ်အာပတ်ဟုဆိုသည်နှင့် အတူတူပင်ဖြစ်ပါသည်။ မကောင်းပါဘူး၊ ယုတ်ညံ့တဲ့အပြုအမူဟု သုတ္တန်ဒေသနာက ပြဆိုသလို ဝိနည်းဒေသနာကလည်း မကောင်းတဲ့အပြုအမူ-ဒုက္ကဋ်အာပတ်ဟု သတ်မှတ်၏။ သို့သော် ကြီးလေးသောအပြစ်၊ အာပတ်ဟူ၍ကား ပြထားခြင်းမရှိပါပေ။

ဘဝငါးရာတိုင် ထိုသို့ပင် ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံ၍ သေရတတ်သည်ဟု ဟောပြထားသည်ကိုမူ စာပေ၌ မတွေ့မိပေ။ သို့သော် အဘိဓမ္မာဒေသနာရှုထောင့်က ကြည့်ပါမူကား စိတ်ကိုမဖြေသိမ့်နိုင်။ စိတ်ထွက်ပေါက်မရှိတော့၍ အဆုံးစီရင်သူ၏ရင်ထဲ၌ အတက်ဒေါသဟု ခေါ်ဆိုသော မခံမရပ်နိုင်ဖြစ်နေခြင်း၊ အသက်ဒေါသဟု ခေါ်ဆိုသော ဝမ်းနည်းကြေကွဲအားငယ်နေခြင်း ဒေါသတရားများ ကြီးထွားနေမှာ သေချာပါသည်။ ထိုသို့ ဒေါသ၊ အာဃာတတရားများ လောင်ကျွမ်းလျက် အသက်ဆုံးရှုံးရလျှင် ဒေါသနှင့်သေ ငရဲပြည် ဆိုသည့်အတိုင်း ဒုဂ္ဂတိဘုံဘဝသို့ ရောက်ရဖွယ်ရှိ၏။ သုဂတိဘုံဘဝသို့ ရောက်ဖွယ်မမြင်ပါ။

ထို့ကြောင့် အနှစ်ချုပ်ဆိုပါက Yes or No ဟု အဖြေနှစ်မျိုးသာရှိသော ပြဿနာအရပ်ရပ်ကို အမှန်ဘက်က ရပ်တည်ဆုံးဖြတ်ပြီး ဖြေရှင်းခြင်းဖြင့် လောကဓံကို ရင်ဆိုင်သင့်၏။ အကောင်းဘက်ရှုငဲ့ပြီးသော်လည်း အထက်၌ပြဆိုခဲ့သည့်အတိုင်း နှလုံးသွင်းကာ ဘဝကို အဖြေရှာသင့်၏။ မည်သို့မျှ မရှုမြင်၊ မဆင်ခြင်နိုင်၍ အားမတန် မာန်လျှော့ကာ သေကြောင်းကြံမိသူများ ဆိုပါကလည်း ဘဝပေါင်းငါးရာတိုင် မခံစားရပါဘူးဟု နှလုံးသွင်းနိုင်ရပေမည်။ ဘဝငါးရာတိုင် ခံစားရမည်ဟု ဗုဒ္ဓစာပေ၌ ပြဆိုထားခြင်းမရှိပေ။

မောင်ဉာဏ်လင်း(တောင်ကုတ်)


# တောင်တွင်းကြီးမဟာတံခွန်

## နိုင်ငံကျော် ဝိဇ္ဇာ မဟိဒ္ဓိ သိဒ္ဓိ ဂမ္ဘီရ(အကြားအမြင်)ပညာရှင်

**အမှတ်-၄၃၇(၇-လွှာ) ကျိုက္ကဆံလမ်း၊ အစွန်လွှတ်ဈေးရှေ့၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**

☎ ၇၀၈၆၂၁၊ 📱 ၀၉-၅၀-၆၉၇၆၄၊ ☎ ၀၁-၄၀၁၁၆၅

အပိုမပြောလိုပါ။ တစ်ကြိမ်တစ်ခါ ဆွေးနွေးကြည့်ရုံမျှဖြင့် စိတ်ကျေနပ်မှုရစေမည်။ အိမ်ထောင်ရေးမပြေလည်သူများ ဆရာကြီးနှင့် အမြန်ဆုံးဆက်သွယ်ဆွေးနွေးပါ။ ထီပေါက်ကိန်းရှိ/မရှိ ပြတ်ပြတ်သားသားသိရမည်။ လစဉ်အလိုက် ထိုးသင့်သောအက္ခရာစုံးမိုးဂဏန်းများကို စနစ်တကျ စိစစ်တွက်ချက်၍ တိကျစွာလမ်းညွှန်ပေးမည်။ ရာထူးအတက်အကျ၊ နိုင်ငံခြားသွားရကိန်းရှိ/မရှိ၊ သွားရမည့်နိုင်ငံ၊ ပညာရေးအခြေအနေ (စာမေးပွဲအောင်/ရှုံး) စသည်ဖြင့် တိတိကျကျ ဟောကိန်းထုတ်ပေးမည်။ ဘဝကံကြမ္မာမကောင်း၍ ဆင်းရဲဒုက္ခများနှင့် တွေ့ကြုံနေရသူများအား မြန်မာ့ရိုးရာအင်္ဂဝိဇ္ဇာ ဓာတ်ယတြာပညာရပ်များဖြင့် ကံကြမ္မာမြှင့်တင် ပါရမီဖြည့် ကူညီပေးနေသည်။ ဟောကိန်းတိကျမှန်ကန်မှုအတွက် ရာနှုန်းပြည့်တာဝန်ယူသည်။




www.burmeseclassic.com

www.burmeseclassic.com

(က)

ဝိဇ္ဇာမိုရ်တို့သည် ဖန်ဆင်းနိုင်သော ကမ္ဘာဇိဒ္ဓိတန်ခိုးရှိကြသည်။ ဘာသာ၊ သာသနာကိစ္စနှင့်ပတ်သက်၍ မိမိလိုရာကို ဖန်ဆင်း၍ သာသနာပြုကုသိုလ်ကောင်းမှုပြုသော ဝိဇ္ဇာမိုရ်တွေ ရှိသကဲ့သို့ ကာမဂုဏ်အာရုံတောမှာ မွေ့လျော်ပျော်ပါးတတ်သော အကုသိုလ်ကိစ္စ၌ လက်ရဲဇက်ရဲပြုတတ်သော ဝိဇ္ဇာမိုရ်များလည်းရှိကြောင်း ကျမ်းဂန်တို့၌ တွေ့ရှိရပေသည်။ အများအားဖြင့် ကာမဂုဏ်အာရုံကြောမှာနှစ်မျောရင်း အကုသိုလ်လောကီကိစ္စတို့၌သာ ပျော်ပါးမွေ့ထုံလေ့ရှိကြသော ဝိဇ္ဇာမိုရ်ကသာ များပေ၏။

ယခုလည်းကြည့် ဝိဇ္ဇာမိုရ်တစ်ယောက်သည် ည,ညအခါ လသာသာ,မသာသာ ဇာရာဏအသီမင်း၏ မိဖုရားကြီးနှင့် တွေ့ဆုံပျော်ပါးနေ၏။ ထိုအကြောင်းကို မိဖုရားကြီးက မင်းကြီးအား မကွယ်မဝှက် ပြန်ပြောလေ၏။

'မောင်တော်..နှမတော် ပြောစရာရှိတယ်။ သဘောထားကြီးစွာနဲ့ ရွှေနားပန်ဆင်တော်မူပါ။ ည,ညအခါ ဘယ်






www.burmeseclassic.com

www.burmeseclassic.com

သူဘယ်ဝါမှန်းလည်းမသိ အိပ်မက်လိုလို၊ တကယ်လိုလို ဝိုးတိုးဝါးတားဖြစ်နေတဲ့ကိစ္စကို သံတော်ဦးတင်ပါ့မယ်။ အဲဒါ..အဲဒါကတော့ ယောကျ်ားတစ်ယောက်ဟာ နှမတော်ထံ ဘယ်လိုရောက်လာမှန်းမသိ ရောက်ရှိလာပြီး နှမတော်ကို..နှမတော်ကို၊ အို..လျှောက်တင်ရန်ပင် ခက်လှပါဘိ'

ထိုအခါ မင်းကြီးက 'နှမတော်..မောင်တော် သဘောပေါက်ပြီ။ ဒီတစ်ခါ အဲဒီပုဂ္ဂိုလ်ရောက်လာရင် နှမတော်က အမှတ်အသားတစ်ခုခုရရှိသွားအောင် လုပ်လိုက်ပါ'ဟု မိန့်လေသည်။

(ခ)

ညအခါ

လတော့မသာပါ။

သို့သော် သူရောက်လာပါ၏။

သူဆိုတာ ဘယ်သူဘယ်ဝါမှန်းမသိတဲ့ ယောကျ်ားတစ်ဦး။ သူ့ရဲ့အယုအယ အကြင်နာငွေ့မှာ မိဖုရားကြီး ပျော်မောသာယာမိသည်အမှန်။ ဒါကိုတော့ မငြင်းမဆန် ဝန်ခံရပေမည်။

ဒီည သူအပြန်မှာ မိဖုရားကြီး ပွေ့ဖက်ကျီစယ်သလိုနဲ့ သူ၏ကျောကုန်းမှာ ဟင်္သာပြဒါးနဲ့ လက်ငါးချောင်းရာ ပေးလိုက်လေသတည်း။

နံနက်မိုးသောက် အလင်းသို့ရောက်ပါပြီ။

ဗာရာဏသီ၏နံနက်ခင်းသည် ယနေ့ ထူးထူးခြားခြား အုံ့မှိုင်းရီဝေလျက်ရှိသည်။ ပတ်ဝန်းကျင်တစ်ခွင်လုံးကို နှင်းစပေါ်လွှမ်းခြုံထားသကဲ့သို့ရှိ၏။ ဗြဟ္မဒတ်မင်းကြီး၏ရင်ထဲတွင်လည်း သံသယမြူနှင်းများဖြင့် ဝေဝါးလျက်ရှိနေသည်။ သို့ရာတွင် မင်းကြီးသည် လုပ်သင့်လုပ်ထိုက်တာကိုလုပ်ရန် ဆုံးဖြတ်လိုက်ပြီး မင်းမှုထမ်းများကိုခေါ်ကာ အမိန့်တစ်ရပ် ချမှတ်လိုက်၏။

'မှူးမတ်တို့..မြို့တော်တွင်း၌ ကျောကုန်းမှာ ဟင်္သာပြဒါးနဲ့ လက်ငါးချောင်းရာထင်နေသူကို တွေ့မြင်လျှင် ငါ့ထံခေါ်ဆောင်ခဲ့ကြ။ မြို့ပြင်လေးရပ် နှံ့စပ်အောင်သွားကာ မတွေ့,တွေ့အောင် ရှာဖွေကြ'

(ဂ)

လိမ်ညာကောက်ကျစ်သူတို့သည် မာယာဉာဏ်များ တတ်ကြ၏။

သူတို့၏ မာယာဉာဏ်ဖြင့် ယုံအောင် ပုံဆောင်ကာ လှည့်စားတတ်၏။ လိမ်ညာတတ်၏။

ဝိဇ္ဇာဓိုရ်သည် ညကကိစ္စ သူနှင့် ဘာမျှမဆိုင်သလို ရဟန်းအသွင်ဖန်ဆင်းကာ ဗာရာဏသီသုသာန်ထဲသို့ရောက်နေ၏။ လူတွေကိုလှည့်စားသည့်အတတ် နှံ့စပ်ကျွမ်းကျင်သူပီပီ သူ၏လုပ်နေပုံကို ကြည့်ပါဘိဦး။

ခြေထောက်တစ်ဖက်တည်းဖြင့် မတ်တတ်ရပ်ကာ နေဘက်သို့ မျက်နှာမူပြီး နေကို ရှိခိုးလျက်ရှိသည်။

တိုင်းပြည်အနှံ့ နှံ့စပ်အောင်၊ တွေ့အောင် ရှာခဲ့ကြရမည်ဟူသော မင်းမိန့်အရ မင်းမှုထမ်းတို့သည် သုသာန်သို့လည်း ရောက်လာသည်။ နေဘက်သို့မျက်နှာမူကာ နေကိုရှိခိုးလျက် ခြေထောက်တစ်ချောင်းတည်းဖြင့် ထူးထူးဆန်းဆန်းရပ်နေသော ရဟန်းတစ်ပါး(သင်္ကန်းဝတ်ထားသူတစ်ယောက်)ကို တွေ့မြင်ကြလေသည်။ လေအဟုန်အဟပ်တွင် ရဟန်း၏ ကိုယ်ရုံကျောပိုင်း ကွာလပ်သွားလေရာ ဟင်္သာပြဒါး လက်ငါးချောင်းရာကို တွေ့မြင်သွားလေပြီ။

မင်းမှုထမ်းတို့သည် သူတို့ရှာဖွေနေသူကို တွေ့ရှိကြလေရာ ရဟန်းလော၊ သင်္ကန်းဝတ်ရုံထားသူလော၊ ရသေ့လော စောကြောမနေကြတော့ဘဲ ဖမ်းဆီးခေါ်ဆောင်သွားရန် ကြိုးစားနေစဉ်မှာပင် မန္တရားမန်း၍ ကောင်းကင်သို့ ပျံတက်သွားလေသည်။

ဤရဟန်းကဲ့သို့ပင် လူများ မစင်စွန့်ရာ ကျောက်ဖျာပေါ်မှာ ခြေထောက်တစ်ချောင်းတည်းရပ်၊ ပါးစပ်ကို ဖွင့်ဟထားကာ လေကိုသာစားသူဟု ကြွေးကြော်လျက် လူအများကို လှည့်စားလိမ်ညာခဲ့သော လူလိမ်လူညာကြီးတစ်ယောက်လည်း ရှိခဲ့ဖူးပါ၏။ သူ့အမည်က ဇမ္ဗုက။

သူက ဝိဇ္ဇာဓိုရ်ထက်ပိုဆိုးသည်။ မစင်တွေကိုသာ စားသုံးနေသော်လည်း လူတွေကိုလှည့်စားလိမ်ညာကာ လေကိုသာစားသူ(ဝါတဘက္ခ)ပုဂ္ဂိုလ်ထူးကြီးအဖြစ် ကြေညာလိုက်လေသည်။ ဤအကြောင်းကို ဓမ္မပဒ ဇမ္ဗုကဝတ္ထု၌လာ၏။

မင်းမှုထမ်းတို့သည် နန်းတော်သို့ ပြန်ရောက်သောအခါ အကြောင်းစုံကို မင်းကြီးအား သံတော်ဦးတင်ကြ၏။

မင်းမှုထမ်းတို့ လျှောက်တင်ချက်အရ မင်းကြီးသည် ရဟန်းသံဃာတော်များအပေါ်၌ အထင်လွဲမှားကာ ကြည်ညိုမှုကင်းမဲ့သွားလေသည်။ ထိုအချိန်မှစ၍ နိုင်ငံတော်အတွင်း၌ ရဟန်းသံဃာများတွေ့လျှင် မင်းဒဏ်သင့်စေရမည်ဟူသော အမိန့်တစ်ရပ်ကို ထုတ်ပြန်ချမှတ်လိုက်လေသတည်း။

(ဃ)

ထိုအချိန်မှစ၍ ကာသိတိုင်းမှာ ရဟန်းသံဃာ မမြ



www.burmeseclassic.com

www.burmeseclassic.com

ရတော့ပေ။

လူတို့ယဉ်ကျေးမှုဓလေ့ထုံးစံများကို အများအားဖြင့် ဘာသာရေးမှ ရရှိကြသည်။ ဘာသာရေးကဏ္ဍမှ ရဟန်းသံဃာများ၏ ဆုံးမပဲ့ပြင်မှုမရရှိလေသောအခါ ပြည်သူလူထု၏ စရိုက်များသည် ကြမ်းတမ်းလာ၏။ ခက်ထန်လာ၏။ ကိုယ်ချင်းစာနာမှုတရားများ ပျက်ပြားလာလေတော့၏။

ထိုအခါ အလှူဒါနမှုပျောက်ကွယ်ခြင်း၊ သီလစောင့်ထိန်းမှုကင်းမဲ့ခြင်း၊ တရားဘာဝနာပွားများမှု ဆိတ်သုဉ်းသွားကြသည်။ ဒါနမှု၊ သီလ၊ ဘာဝနာမှုများ ကင်းကွာလေသောအခါဝယ် သေလွန်သွားကြသောအခါ အများအားဖြင့် အပါယ်ငရဲသို့ ကျရောက်သွားကြလေသည်။ နတ်ပြည်၌ဖြစ်သူကား မရှိသလောက် ရှားပါးလေတော့၏။ လူ့ပြည်မှာ လူသားတွေ ဆင်းရဲဒုက္ခများပြားသောအခါ နတ်ပြည်ကမိုးသိကြားလည်း မျက်ကွယ်ပြုမနေနိုင်တော့ပေ။

ဤသို့ လူသားများ ဆင်းရဲဒုက္ခရောက်ရခြင်း၏ အကြောင်းခံမှာ ဗာရာဏသီမင်း၏ ရဟန်းသံဃာများအပေါ် အထင်လွဲမှားမှုမှ မြစ်ဖျားခံကြောင်း သိရှိသွားလေသည်။ သို့ဖြစ်ရာ သိကြားမင်းကြီးသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်များ သီတင်းသုံးတော်မူရာ နန္ဒမူလိုဏ်ဂူသွားပြီး ပစ္စေကဗုဒ္ဓါတစ်ပါးပေးပါရန် တောင်းပန်လျှောက်ထား၏။ ပစ္စေကဗုဒ္ဓါအရှင်မြတ်များက သိကြားမင်းအား သံဃာ့ထေရ်ကို သင်ပေးလိုက်ကြ၏။

သိကြားမင်းကြီးသည် ပစ္စေကဗုဒ္ဓါသံဃာ့ထေရ်ကြီး၏ သပိတ်၊ သင်္ကန်းများကို ယူဆောင်ကာ ချောမောလှပသော ကျောင်းသားအသွင်ဖြင့် သံဃာ့ထေရ်ကြီးနောက်မှ လိုက်ပါလာ၏။ ပစ္စေကဗုဒ္ဓါသည် ဗာရာဏသီမြို့ကို သုံးကြိမ်လှည့်ပတ်ပြီးနောက် မင်းကြီး၏နန်းတော်ဆောင် တံခါးဝကောင်းကင်ပေါ်မှာသာ ရပ်တည်နေလေ၏။

မင်းကြီးသည် အဆိုပါသတင်းကို မင်းချင်းများထံမှ ကြားသိရပြီးနောက် ခြင်္သေ့ခံ လေသာပြတင်းကို ဖွင့်၍ကြည့်ရှုကာ ဤလုလင်ပျိုသည် ရုပ်ရည်အဆင်း လှပချောမောသူဖြစ်လျက် အဆင်းမလှသောရဟန်းကို ရှေ့မှာထားကာ ရှိခိုးဦးချနေပါလား။ ရဟန်းက သင့်ထက်မြတ်သလော၊ (သို့မဟုတ်) သင်နှင့် တန်းတူလော။ ရဟန်းနှင့် သင်၏အမည်ကို ငါသိချင်သည်၊ ပြောပါလော့'ဟူ၍ မေးမြန်းလေသည်။

ထိုအခါ လုလင်ငယ်ကျောင်းသားအသွင်ဆောင်ထားသော သိကြားမင်းက 'အသင်မင်းကြီး··ရဟန်းတော်တို့မည်သည် ရှိသေကိုင်းညွတ်ထိုက်သောပုဂ္ဂိုလ်များဖြစ်သည်။ အမည်တစ်စုံတစ်ရာဖြင့်ခေါ်ရန် မသင့်လျော်ပါ။ ငါသည်ကား သိကြားမင်းတည်း'ဟု ဖြေကြားလိုက်၏။

မင်းကြီးက 'ရဟန်းတော်များကို ရှိသေစွာရှိခိုးသောကြောင့် ရအပ်သော ယခုပစ္စုပ္ပန်အကျိုးတရားနှင့် နောင်တမလွန်အကျိုးတရားများ ရှိပါသလား'ဟု ဆက်မေးသည်။

သိကြားမင်းက 'ယခုမျက်မှောက်ပစ္စုပ္ပန်တွင် လူအများ၏ ချီးမွမ်းခြင်းကို ခံရသည်။ နောင်တမလွန်ဘဝတွင် နတ်ပြည်သို့ရောက်ရသည်··'စသည်ဖြင့် ရှင်းပြ၏။

သည်တော့မှ မင်းကြီးသည် ရဟန်းသံဃာများအား ပြစ်မှားမိခြင်း၊ တိုင်းပြည်မှနှင်ထုတ်မိခြင်း အမှားများ၊ အပြစ်များကို နောင်တကြီးစွာရရှိသွားလေသည်။

ထို့နောက်တွင်ကား မင်းကြီးသည် နန်းဆောင်ပြာသာဒ်ပေါ်မှဆင်းပြီး ပစ္စေကဗုဒ္ဓါအရှင်မြတ်အား ရှိခိုးလျက်-

'ယနေ့မှစ၍ ကုသိုလ်ကောင်းမှုများကို ပြုလုပ်ပါတော့မည်'ဟု လျှောက်ထားလေ၏။

ပစ္စေကဗုဒ္ဓါသည် ကောင်းကင်ထက်မှာ ထက်ဝယ်ဖွဲ့ခွေနေလျက်ပင်-

'မြတ်သောမင်းကြီး··အမှန်တရားကို ငါပြောကြားမည်။ သင်မင်းကြီး ကောင်းစွာနားဆင်လော့။ ညအခါသင်မင်းကြီး၏မိဖုရားထံရောက်လာပြီး ဖောက်ပြန်သူကားရဟန်းစစ်စစ်မဟုတ်၊ နေ့အခါမှာ ရဟန်းအယောင်ဆောင်သင်္ကန်းဝတ်ထားသော ရဟန်းအတုဖြစ်သည်။ သူသည်ဝိဇ္ဇာဓိုရ်တစ်ယောက်သာဖြစ်ချေသည်။ သို့အတွက်ကြောင့် သင်မင်းကြီးသည် ရဟန်းသံဃာတော်များအား မပြစ်မှားသင့်၊ မစော်ကားနှင့်။ ကျန်ရှိနေသော သက်တမ်းကာလမှာဒါန၊ သီလ၊ ဘာဝနာတရားများကို ကြိုးစားအားထုတ်ကာနေထိုင်ပါလော့'ဟူ၍ တရားဟောကြားပြီးနောက် ဂန္ဓမာဒနလိုဏ်ဂူနန်းသို့ ကြွမြန်းသွားတော်မူလေ၏။


နောက်တစ်နေ့တွင် ဗာရာဏသီမှ ဗြဟ္မဒတ်မင်းသည် ယူဇနာသုံးရာကျယ်ဝန်းသော ကာသိတိုင်းအတွင်းသို့ ထွက်ခွာသွားကြသော ရဟန်းသံဃာများအား မိမိနိုင်ငံအတွင်းသို့ ပြန်လည်ကြွရောက်တော်မူလာကြပါရန် စည်လည်လှည့်ကာကြေညာပြီး ပြန်လည်ဖိတ်ခေါ်လိုက်လေသတည်း။

မုံရွာ-နေဇော

ဓာတက ဆက္ကနိပါတ် ဝိဇ္ဇာရေဇာတ်ကို ခြယ်မှုန်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# ဆေးခိုးသောက်သား ရှောက်ချွဲသား

| ပန်းဝမြ |

စာရေးသူနှင့် အလွန်ခင်မင်သော သူငယ်ချင်းတစ်ဦး ရှိသည်။ လက်ရိုက်အုတ်လုပ်ငန်းဖြင့် စီးပွားရေးထောင်ထားသူဖြစ်၏။ စာပေဝါသနာအခြေခံရှိသူမို့ မိမိထံသို့လည်း မကြာခဏ လာလည်တတ်ကာ စာအကြောင်းပေအကြောင်း ဆွေးနွေးဖြစ်ကြ၏။

သူ၏အုတ်ကျင်းဝယ် လက်ရိုက်အုတ်လုပ်သား နှစ်ဆယ်

www.burmeseclassic.com

www.burmeseclassic.com

ကျော်နှင့် ပွင့်လင်းရာသီရောက်လျှင် အလုပ်စတင်ကာ ကဆုန်၊ နယုန် မိုးကျရေဝင်အထိပင်ဖြစ်သည်။ လုပ်ငန်း ကျွမ်းကျင်မှု၊ ပေါင်းသင်းဆက်ဆံရေးပြေပြစ်မှုကြောင့် လုပ်ငန်းမှာ အထူးအောင်မြင်လှသည်။ အုတ်လုပ်ငန်းအတွက် အဓိကလိုအပ်သောကုန်ကြမ်းမှာ အုတ်ဖုတ်ရန် ထင်းပင်ဖြစ်၏။

အရင်နှစ်များဝယ် ပဲခူးရိုးမ တောင်ညီြဒေသမှ အုတ်ထင်းအား လိုသလောက်ဝယ်ယူရရှိခဲ့၏။ ပြီးခဲ့သည့်နှစ်မှ စတင်ကာ ရိုးမစိမ်းလန်းစိုပြည်ရေးအတွက် နိုင်ငံတော်မှ သစ်မခုတ်ရနယ်မြေ သတ်မှတ်လိုက်သည့်အခါ လုပ်ငန်းမှာ အကျပ်တွေ့လာ၏။ သူ့ခမျာ ကျွမ်းကျင်အောင်မြင်နေသော အလုပ်မို့ မစွန့်လွှတ်နိုင်ဘဲ မိမိရွာနှင့် ပတ်ဝန်းကျင်ခြံသစ်များအား အပင်ဖြတ်ရောင်းချသူများဆီမှ ဝယ်ယူကာ အသက်ဆက်နေရ၏။ အုတ်ဖုတ်ရန်အတွက် ထင်းတစ်ဝက် ဖွဲတစ်ဝက်ဖြင့် လုပ်ငန်းအရှိန်မပျက်ရေး ထိန်းနေရပေ၏။

တစ်ရက်တွင် လက်ဖက်ရည်ဆိုင်၌ အလုပ်အကိုင်အကြောင်း ဆွေးနွေးကြရင်း ဗောဓိညောင်သားထင်းအဖြစ် သုံးကောင်း မသုံးကောင်းကိစ္စမေးလာ၏။ ဖြစ်စဉ်မှာ သူတို့ရွာအနီးဝယ် ဘုန်းကြီးကျောင်းခြံပျက်တစ်ခုရှိကြောင်း၊ ခြံမှာ မြစ်ကမ်းနံဘေးတွင်ရှိသောကြောင့် မြစ်ရေတိုက်စားကာ ကျောင်းနေရာသစ်ရွှေ့သွားကြောင်း၊ ကျောင်းဟောင်းနေရာတွင်ကျန်ခဲ့သော ဗောဓိပင်ကြီးမှာ အမြစ်ပွလဲလျက် ပင်ခြောက်ကြီးအဖြစ်ရှိနေကြောင်း၊ ရောင်းဈေးမှာ အလွန်ချို၍ အုတ်ထင်းအတွက် ဝယ်ယူရန် မဝံ့မရဲ ချီတုံချတုံ ဖြစ်နေရပုံကို ပြောပြ၏။

အမေးရှိလျှင် အဖြေရှိရပေတော့မည်။ ဤမေးခွန်းအား မေးလာသူမှာ မိမိထံ၌ပင် နှစ်ဦးရှိလေပြီ။ အလုပ်သဘောအရ အရေးမပါလှသော်လည်း ဘာသာတရားနှင့်တွက်လျှင် ကြီးကျယ်လှသည်မို့ ဗုဒ္ဓဘာသာဝင်တိုင်း သိစေခြင်းအလို့ငှာ ဤဆောင်းပါးရေးဖြစ်ပါသည်။

ဗောဓိညောင်သားအား ထင်းမစိုက်ကောင်းကြောင်း မည်သည့်ကျမ်းဂန်၌ပင် တားမြစ်ချက်ပေးထားသည်ကို မတွေ့ရသော်လည်း လက်တွေ့ ထင်းအဖြစ် သုံးခဲ့သူများ ဆိုးကြိုးနှင့် ကြုံဆုံခဲ့ရသည့်ဖြစ်စဉ်များ စာရေးသူတို့နယ်တွင် အမှန်တကယ်ပင် ရှိခဲ့သည်။

အင်္ဂလိပ်လက်ထက် ဘုံဘေဘားမားသစ်ကုမ္ပဏီသည် အရည်အသွေးစံချိန်မီ၍ ဈေးကွက်တွင် ရောင်းပန်းပွင့်လှသော ကျွန်းသစ်များထွက်ရှိရာ ပဲခူးရိုးမအား အထူးမျက်စိကျလေ၏။ ရိုးမအတွင်းမှသစ်များထုတ်ယူရန် သစ်ထုတ်လုပ်ရေးလမ်းများ အသီးသီးဖောက်လုပ်စေလေ၏။ လမ်းများစွာဖောက်လုပ်သည့်အထဲမှ သုံးဆယ်မြို့အရှေ့ဘက် ဖားရွှေကျော်ရေတိုက်လမ်းသည် အထူးထင်ရှား၏။

လမ်းများဖောက်လုပ်ရာဝယ် ချောင်းကူးမြောင်းကူး၊ ခုံးတံတားများစွာ ဆောက်လုပ်ကြရသည်။ ခုံးတံတားများ ဆောက်လုပ်ရာဝယ် ဆောက်လုပ်ရေးအတွက် လိုအပ်သော အုတ်ရရှိရန် တည်ဆောက်ရမည့် လုပ်ငန်းခွင်အနီးပင် အုတ်ကျင်းများတည်ကာ နေ့ချင်းညချင်း ဆောင်ရွက်ကြ၏။

အုတ်လုပ်ငန်းအတွက် မရှိမဖြစ်လိုအပ်သည့်ကုန်ကြမ်းမှာ ထင်းပင်ဖြစ်သည်။ ထင်းရရှိရေးအတွက် နီးစပ်ရာသစ်ပင်ကြီးငယ် ရရာလှဲလျက် အုတ်ထင်းပြုကြ၏။ ပဲခူးနယ်အရှေ့ဘက် ကွမ်းခြံစုရွာအနီး သဲကောအင်းလျှိုကြီးမှာ ချောက်အတော်နက်၏။ ထိုလျှိုကြီးအားဖြတ်၍ ခုံးတံတားဆောက်ရန် အင်္ဂလိပ်လူမျိုး လမ်းပြဗိုလ်တစ်ယောက်နှင့် လူမျိုးခြား မြေတူးကုလား အယောက်နှစ်ဆယ် ပါလာသည်ဟု ဆို၏။

လုပ်သားအယောက်နှစ်ဆယ်မှာ အုတ်ရိုက်လုပ်သားဆယ်ဦးနှင့် ကျန်ဆယ်ဦးမှာ ထင်းအတွက် အပင်လှဲဖြတ်တောက် ဖိုဝင်ပြုရသူတို့ဖြစ်၏။ လျှိုကြီး၏တစ်ဖက်ကမ်းကုန်းကမူဝယ် မြန်မာဘုန်းတော်ကြီးကျောင်းတစ်ကျောင်းရှိလေ၏။ လိုအပ်သောအုတ်ထင်းရရန် အုတ်ကျင်းအနီးတည်ရှိသောကျောင်းဝင်းမှ ဗောဓိပင်ကိုပင် အလွတ်မထား ထင်းပြုကြလေ၏။

မြန်မာတို့၏ ဗုဒ္ဓဘာသာအရ အထွတ်အမြတ်ထားသည်မို့ မလှဲပါရန် မေတ္တာရပ်ခံသော်လည်းမရ ဖွတ်ပြုကြလေ၏။ သူ့ခေတ်သူ့အခါ သူ့အာဏာတည်လှသည်မို့ ဆရာတော်နှင့် ရွာသားအများစုမှာ စိတ်မကောင်းစွာဖြင့် ကြည့်နေခဲ့ရသည်ဟုဆို၏။ လူမျိုးခြားတိုင်းတစ်ပါးသားလက်အောက်ဝယ် ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့ မျက်နှာငယ်ရပုံကို စာရေးသူ၏အဘမှာ အခွင့်ကြုံလေတိုင်း အကြောင်းအရာအစုံ လွမ်းသံနှော၍ ပြောတတ်ပေ၏။

ဆောက်လုပ်ရေးအတွက် အုတ်စိမ်းနေကျက် အရေအတွက်အားဖြင့် လုံလောက်သောအခါ မီးတင်ကာဖုတ်တော့၏။ လုပ်သားအများစုမှာလည်း ကျောင်းဝင်းအနီး ရွက်ဖျင်တဲများထိုးကာ စခန်းချ၏။ အုတ်လုပ်ငန်း၏ထုံးစံ



www.burmeseclassic.com

www.burmeseclassic.com


မှာ အုတ်ဖိုအတွင်း လုံလောက်သောအပူရှိန်ရရှိအောင် လေလမ်း၊ မီးလမ်း စနစ်တကျလောင်စာထည့်ကာ ဖုတ်ရလေ၏။ အုတ်ကျက်လောက်သည့် မီးအနေအထားဖမ်းကာ နှပ်ထင်းအဖြစ် တုံးအစိုထည့်ရ၏။ အုတ်ဖုတ်အဖွဲ့သည် အသင့်ဖို့ဝင်ဖြတ်တောက်ထားသော ဗောဓိညောင်သားများထည့်လျက် ဖိုပိတ်လိုက်တော့၏။

ဖိုပိတ်ပွဲအဖြစ် လမ်းဗိုလ်မှပင် စီစဉ်ကာ ဆေးခြောက်များ၊ အရက်များနှင့် ဟင်းချက်ကာ ဝပ္ပကုံမြေအတွင်း အောင်ပွဲခံသောက်စားကြသည်ဟုဆိုသည်။ မူးယစ်သောက်စား၍ အိပ်ပျော်သွားကြပြီး ညသန်းခေါင်ယံကျော်သော် အသံနက်ကြီးများဖြင့် ကယ်ပါယူပါ တစာစာဖြင့် ဝမ်းများတရဟောထိုးပန်းကာ လမ်းဗိုလ်အပါအဝင် ဆယ့်တစ်ဦးခန့် သေဆုံးနေသည်ဟုဆို၏။

အော်သံဟစ်သံများအား ရွာသားများနှင့် ကျောင်းထိုင်ဆရာတော် ကောင်းစွာကြားခဲ့ရသော်လည်း အသက်ရှင်လျက်ကျန်သူများမှာ အတူအိပ်လင့်နေကစား မသိရှိဟုဆို၏။ မနက်လင်းမှသာ အလောင်းများအဖြစ် အသက်ပျောက်နေ၍ အံ့သြရကြောင်း ပြောကြ၏။ သေဆုံးသူအများစုမှာ ဗောဓိပင်လှဲစဉ် ထင်းခုတ်အဖွဲ့နှင့် လမ်းညွှန်သူအင်္ဂလိပ်ဗိုလ်သာဖြစ်လေ၏။ ကျန်လုပ်သားများလည်း ကြောက်လန့်၍ မနေရဲတော့ဘဲ ပြောင်းပြေးသွားသည်ဟု သိရ၏။

ဤသတင်းသည် တစ်မှုဟုတ်ချင်းပျံ့နှံ့သွားပြီး ညောင်ပင်စောင့်ဘီလူး ကုတ်ချိုးသည်။ ရက္ခစိုးဖမ်းသည်။ ဘုရားစူးသည် စသဖြင့် ဟိုးလေးတကြော်ကြော်ဖြစ်ခဲ့သည်။ သေဆုံးသူအရေအတွက်များသဖြင့် အင်္ဂလိပ်အရေးပိုင်ကိုယ်တိုင်ဆင်းလာပြီး နောက်နောင်တွင် ဗောဓိညောင်ပင်အား မခုတ်လှဲစေတော့ကြောင်း တားမြစ်ချက်ပေးခဲ့သည်ဟု စာရေးသူငယ်စဉ်က သက်ကြီးစကား သက်ငယ်ကြားခဲ့ရပေသည်။ မည်သည့်အကြောင်းကြောင့်ဆိုစေကာမူ အကြောင်းကိုမှီတွယ်၍ အကျိုးဖြစ်လာသည်မို့ အထူးဆင်ခြင်ဖွယ်ဖြစ်လေ၏။

အင်္ဂဝိဇ္ဇာဓာတ်ရိုက်ဓာတ်ဆင်နည်းအရလည်း ဤသို့ရှိနေသေး၏။ လက်ပံနှင့် မြင်းလား၊ ကင်ပွန်းနှင့် မီးခိုးတို့သည် ကက်ကင်းသဘောအရ ဓာတ်ဝင်နေကြသည်။ လက်ပံပင်ကို မြင်းလားအစွယ်ဖြင့် ရိုက်လျှင်သော်လည်းကောင်း၊ ကင်ပွန်းပင်ကို မီးခိုးမှိုင်းတိုက်လျှင်သော်လည်းကောင်း အပင်များခြောက်ကာ သေသွားတတ်လေ၏။



လူသည် ငယ်စဉ်အရွယ် ငါးနှစ်၊ ခြောက်နှစ်မှစတင်ကာ လူ့ဘဝအသက်မွေးဝမ်းကျောင်းရန် ပညာရပ်မျိုးစုံသင်ယူကြရသည်။ သိမှတ်ဖွယ်ရာအလုံးစုံ ပြည့်စုံသည်မရှိ၊ သေဆုံးချိန်ထိဝယ် ပညာသင်ယူရမြဲ၊ သင်နေရဆဲ ဖြစ်လေ၏။

ညောင်ပင်ဟူသည် ပညာ၏ကက်ကင်းဖြစ်လေသည်။ ညောင်ပင်၏အစိတ်အပိုင်း၊ အကိုင်းအရွက်များ မီးမြှိုက်ခြင်း၊ မီးတိုက်ခြင်းကြောင့် ပြုမိသူကာယကံရှင်၏ တတ်ကျွမ်းမှုပညာရပ်များ ရပ်တန့်သွားစေသည်ဟုဆိုသည်။ ထို့ကြောင့် ရှေးအခါ ဓာတ်ဆရာများမှာ ဗောဓိညောင်သား အလေးအမြတ်ထားကြရန် အသုံးမမှားကြရန် သတိပေးလေ့ရှိသည်ဟု ဆိုပါသည်။

အမှီမရှိ ဗောဓိဟူ၍ ရှေးစာရှိပေ၏။ ဆိုလိုသည်မှာ ညောင်ပင်အမျိုးအစား တော်တော်များများမှာ တည်ရာမှီရာဖြင့် တွယ်ကပ်ပေါက်လေ့ရှိ၏။ ဗောဓိပင်ဟူသည် မည်သည့်အပင်ကိုမှ တွယ်ကပ်ပေါက်ခြင်းငှာမရှိ။ ပကတိမြေပြင်ထက်မှ တစ်ပင်တည်း ထီးထီးမားမား ပေါက်လာတတ်သည့်သဘောကို ဆိုလိုရင်းဖြစ်သည်။ ရက္ခမူအရ နဂိုတည်းက ထူးခြားသောသစ်မျိုး ဖြစ်ပေသည်။

မြတ်စွာဘုရားရှင်သည် ဗောဓိရိပ်ဝယ် သဗ္ဗညုတာရွှေဉာဏ်တော်ရရှိခဲ့ပေသည်။ မြတ်စွာဘုရားရှင်၏ ရင့်ငွေ့တော်ခံခဲ့သည်ဆိုလျှင်လည်း မှားအံ့မထင်။ တစ်ဖန် ဖွားဖက်တော်ခုနစ်ပါးဝယ် တစ်ပါးအပါအဝင်ဖြစ်သောကြောင့် မဟာဗောဓိသားအား မြန်မာပြည်တစ်နံတစ်လျား ဗုဒ္ဓဘာသာဝင်များ အသုံးမမှားကြရန် ဤဆောင်းပါးဖြင့် အသိပေးလိုက်ရပါတော့သတည်း။

မိုးသဲအောင်(ပုဂံ)မြေ


www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားရှင်တို့၏ အစဉ်အလာ အဆုံးအမ အားဖြင့် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသူ တစ်ယောက်ဖြစ်ရန် မကောင်းမှုဟူသမျှ ရှောင်ကြဉ်ခြင်း၊ ကောင်းမှုဟူသမျှ အားထုတ်လုပ်ဆောင်ခြင်း၊ ကောင်းမှုဒ္ဒသာ ဖြစ်တည်မွေ့လျော်ရာတွင် စိတ်ကို ဖြူစင်စွာထားရှိခြင်းများ ပါဝင်လေသည်။ စိတ်သည် မှန်တစ်ချပ်ကဲ့သို့ပင် မိမိပြုမူကြံစည်ပြောဆိုသည့်အတိုင်း အရိပ်ထင် သက်ဝင်စေသော်လည်း ပင်ကိုသဘော သဘာဝအရ စိတ်တွင် အရောင်မရှိပါ။

ကုသိုလ်စေတသိက် ရောစပ်သည့်အခါ အဖြူရောင် တောက်ပလာပြီး အကုသိုလ်စေတသိက် ရောနှော ပေါင်းစပ်လျှင်တော့ မှိုင်းညို့မည်းညစ်သော အရောင်အသွေးများ စွန်းထင်းသွားရစမြဲဖြစ်သည်။ သန့်ရှင်း



www.burmeseclassic.com

www.burmeseclassic.com

စင်ကြယ်မှုဖြင့် စိတ်အဖြူရောင်ဖြစ်ပေါ်စေသည့် အကြောင်းတရား(၇)ပါးရှိသည်။ ယင်းတို့ကို သူတော်ကောင်းဥစ္စာ(၇)ပါးဟူ၍လည်း ခေါ်သည်။

၁။ သဒ္ဓါ (ရတနာသုံးပါးအပေါ် ယုံကြည်မှု)၊
၂။ သီလ (ငါးပါးသီလ၊ ရှစ်ပါးသီလ စသောအလေ့အကျင့်)၊
၃။ သုတ - ပရိယတ်၊ ပဋိပတ်နှင့် ဗဟုသုတများ၊
၄။ စာဂ - စွန့်ကြဲပေးကမ်းမှု၊
၅။ ပညာ - တွေးခေါ်စူးစမ်းဆင်ခြင်မှု၊
၆။ ဟိရီ - မကောင်းမှုကိုရှက်ခြင်း၊
၇။ ဩတ္တပ္ပ - မကောင်းမှုကိုကြောက်ခြင်းတို့ဖြစ်သည်။
၁။ လောဘ - လိုချင်တပ်မက်ခြင်း၊
၂။ ဒေါသ - ကြမ်းတမ်းခက်ထန်ခြင်း၊
၃။ မောဟ - မသိ တွေဝေမိုက်မဲခြင်းတို့သည်ကား စိတ်ကို မည်းညစ်သိမ်ဖျင်းစေသော အခြင်းအရာများပင် ဖြစ်သည်။

စိတ်နှလုံး ဖြူစင်ခြင်းနှင့်တကွ ရုပ်ရည်ရူပကာယ၊ အနေ အထိုင်၊ အပြောအဆို၊ ပေါင်းသင်းဆက်ဆံရေး၊ ယဉ်ကျေးသိမ်မွေ့မှုအားလုံးကို ကျက်သရေဟု ဆိုပါသည်။ ထို့ထက်ပို၍ အနှစ်အသားကျကျ စေ့ငုကြည့်လျှင် အသိပညာနှင့် ကုသိုလ်ကောင်းမှုနှစ်မျိုးကို ကျက်သရေ၏ အရင်းအမြစ်သဖွယ် တွေ့မြင်ရပေမည်။ တစ်နည်းအားဖြင့် ကျက်သရေဆိုသည်မှာ ကုသိုလ်ကောင်းမှုပြုလုပ်ခဲ့ကြသော (ဝါ) ကုသိုလ်ကောင်းမှုဖြင့် ရှင်သန်နေကြသော ပုဂ္ဂိုလ်များ၏ တည်ရာမှီရာပင်ဖြစ်သည်။ မင်္ဂလသုတ်တရားတော်ထဲက အတ္တသမ္မာပဏိဓိသည် မိမိကိုယ်စိတ်နှစ်ပါးလုံး ကောင်းမွန်စေရန် ပြုပြင်ခြင်းဖြစ်၍ ကျက်သရေလျှမ်းတင့်နေရုံမက မင်္ဂလာတရားနှင့်ညီညွတ်သော အသိပညာနှင့် ပြည့်စုံရလေသည်။

အသိတွင် အဆင့်(၃)ဆင့်သတ်မှတ်ထားပြီး စာပေသိ၊ လောကသိ၊ ဘဝသိဟူ၍ဖြစ်သည်။ ဘဝသိကို ခန္ဓာသိဟုလည်းဆို၏။ စာပေသိမှသည် ဘဝသိအထိ အဆင့်ဆင့်တက်လှမ်းခြင်းဖြင့်သာ ပြည့်စုံသောအသိကို လက်ခံရယူနိုင်မည်ဖြစ်သည်။ အသိပြည့်စုံကြွယ်ဝမှု မရှိခြင်းသည် မိမိအတွက်လည်းကောင်း၊ လောကအတွက်လည်းကောင်း ဖြောင့်မတ်မှန်ကန်သည့်အကျိုးကို မဖြစ်ထွန်းစေတတ်ပါ။ အစွန်းရောက်သဘောကို ဆောင်တတ်၍လည်း အထိုက်အလျောက်အားဖြင့် အန္တရာယ်ကိုပင် ဖြစ်စေတတ်ပါသည်။

ထို့ကြောင့် အခြေအနေမှန်တစ်ရပ်ကို သိရှိခြင်းသည် မိမိ၏အမှားပြင်ဆင်ချက်(The Correction)ကို သိခြင်းဖြစ်၍ လူမှုအစီအစဉ်အဖြစ် မိမိကိုယ်မိမိ ပရိုမိုးရှင်း (Promotion) ပြုကာ ကောင်းစွာမြှင့်တင်ဆောင်ရွက်နိုင်ရပေမည်။

◆ ◆ ◆

ထေရဝါဒဗုဒ္ဓဘာသာအရ ဘာသာရေးသည် ဆိတ်ငြိမ်ရာသို့ချဉ်းကပ်နိုင်လေ ကောင်းလေဟုဆိုသော်ငြား ကျန်းမာရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ အုပ်ချုပ်ရေး စသည့်အရေးအရာအားလုံးတို့၏ အခြေခံအုတ်မြစ်ဖြစ်သည်။ ယင်းတို့သည် ဘာသာရေးအခြေခံအုတ်မြစ်ပေါ်၌သာ အဆင့်ဆင့်တက်ရသော အပေါ်ယံအစိတ်အပိုင်းများဟူ၍ ဆိုလိုခြင်းဖြစ်သည်။

(၁၉၄၆)ခုနှစ်၊ ဇန်နဝါရီလ (၂၀)ရက်နေ့ကဖြစ်၏။ ဖဆပလအဖွဲ့ချုပ်ကြီး၏ နိုင်ငံလုံးဆိုင်ရာညီလာခံကြီး၌ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောကြားခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် သံဃာတော်အရှင်သူမြတ်များနှင့်ပတ်သက်ပြီး ထည့်သွင်းလျှောက်ထား ပြောကြားခဲ့သည်မှာ-

"အရှင်သူမြတ်တို့ဘုရား..အရှင်ဘုရားတို့သည် အလွန်ထူးကဲသော ဗုဒ္ဓသာသနာတော်ထမ်း ရဟန်းမြတ်များ ဖြစ်တော်မူကြပါသည်။ အရှင်ဘုရားတို့က သာသနာတော်ရောင်ထွန်းပြောင်အောင် အားထုတ်တော်မူကြရာမှာ ကမ္ဘာလောကကြီးကိုပါ သာသနာရောင် အလင်းပေးတော်မူကြပါ။ သို့မှသာလျှင် ကမ္ဘာ့သူကမ္ဘာ့သားတို့ မေတ္တာတရားပွားများ၍ သမစိတ္တနှင့် ညီရင်းအစ်ကို မောင်ရင်းနှမကဲ့သို့ နေနိုင်ကြပါလိမ့်မည်။ အရှင်ဘုရားတို့ကို တပည့်တော်တို့ ကိုးကွယ်ဆည်းကပ်ပါသည်။ တစ်ကမ္ဘာလုံး ကိုးကွယ်ဆည်းကပ်သည်ကိုလည်း မြင်ချင်ပါသည်။ တပည့်တော်တို့နိုင်ငံတွင်မက တစ်ကမ္ဘာလုံးမှာပင် မေတ္တာတရား၊ သမစိတ္တသဘောထားတို့ကို ပြုပြင်နိုင်သောစွမ်းပကား အရှင်ဘုရားတို့မှာ ရှိပါသည်။ ဤစွမ်းပကားကိုသုံးရာ၌ အောင်မြင်တော်မူပါလျှင် မနုဿလူတစ်မျိုးလုံး အစဉ်အဆက် နှစ်ပရိစ္ဆေဒရှည်လျားစွာ ရှိနိုးပူဇော်ကြပါလိမ့်မည်။ ဤကဲ့သို့ဆောင်ရွက်မှုသည် သာသနာတော်ဘက်ကသာကြည့်၍ မြင့်မြတ်သည် မဟုတ်ပါ။ တပည့်တော်တို့၏နိုင်ငံနှင့် လူမျိုးအတွက် မြင့်



www.burmeseclassic.com

www.burmeseclassic.com

မြတ်ဆုံးသော နိုင်ငံရေးကို ဆောင်ရွက်ရာလည်း ရောက်ပါသည်ဘုရား။ အရှင်ဘုရားတို့ နိုင်ငံအရပ်ရပ်သို့ ကြွရောက်တော်မူပြီးလျှင် မေတ္တာတရား၊ ညီညွတ်ရေးတရားများကို ဟောတော်မူကြပါ။ မြင့်မြတ်သောလွတ်လပ်ရေးတရားကိုလည်း ဟောတော်မူကြပါ။ မြင့်မြတ်သောလွတ်လပ်ရေးတရားဟုဆိုရာမှာ လွတ်လပ်စွာဘာသာတရား ကိုးကွယ်နိုင်မှု၊ ကာလဒေသမရွေး ဟောပြောနိုင်မှု၊ ကြောက်ရွံ့စိုးရိမ်ပူပန်ခြင်းမှ ကင်းလွတ်မှု၊ လူ့အ လူ့နဘဝမှ လွတ်မြောက်မှု စသည်တို့ဖြစ်ပါသည်ဘုရား'

အမှန်ဆိုရပါမူ မည်သည့်အရေးအရာကို လုပ်ကိုင်ဆောင်ရွက်သည်ဖြစ်စေ၊ စိတ်ဖြင့်ပုံဖော်လုပ်ဆောင်ရခြင်းဖြစ်ပြီး ကုသိုလ်စိတ်ဖြစ်စေရန် ဘာသာရေးကို နားလည်ထားရမည်။ ကုသိုလ်စိတ်မွေးမြူထားရှိဖို့ ကြိုးပမ်းအားထုတ်ခြင်းသည်လည်း ဘာသာရေးကို လေ့ကျင့်ခြင်းဖြစ်သည်။ ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးတွင် နိုင်ငံအချင်းချင်း လိုက်နာကျင့်သုံးအပ်သည့်ဥပဒေများ၊ နိုင်ငံတစ်နိုင်ငံချင်းစီ၌ နိုင်ငံသားချင်း ဆောင်ရွက်ကျင့်သုံးအပ်သော ဥပဒေများကို ပြဋ္ဌာန်းထားသည်မှာ လောကတွင် ငြိမ်းချမ်းစွာရှင်သန်နေထိုင်ရေးအတွက်ပင်ဖြစ်၏။ ထိုဥပဒေများသည် လူတို့၏ အကျိုးစီးပွားအတွက် အသုံးပြုနိုင်သော ဥပဒေများဖြစ်၍ အခြေအနေ၊ အချိန်အခါနှင့်လျော်ညီစွာ သမ္မုတိသစ္စာအရသာလျှင် မှန်ကန်မှုရှိနိုင်ပါသည်။ သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာ နှစ်ရပ်လုံးအတွက် မှန်ကန်မှုကိုပေးစွမ်းသော ဥပဒေတစ်မျိုးလည်းရှိသည်။ ထိုဥပဒေကား ငါးပါးသီလပင်ဖြစ်၏။ အရည်အချင်းအနေဖြင့် ငါးပါးဟူ၍ဆိုစေကာမူ အရေအတွက်အားဖြင့် အဆုံးအပိုင်းအခြားမရှိ ချဲ့လိုသလောက် ချဲ့ထွင်နိုင်သည်။ သို့ရာတွင် အနှစ်သာရအားဖြင့် ငါးပါးကိုသာ လုံခြုံအောင် ထိန်းသိမ်းဖို့လိုသည်။

ကုသိုလ်အရာ၌ သစ္စာဝါစာသည် အင်အားကောင်းပြီး အကုသိုလ်ဖြစ်စဉ်တွင် မုသာဝါဒသည် အင်အားကောင်းသည်ဆိုသကဲ့သို့ မုသားစကား၏အခန်းကဏ္ဍသည် အလေးအနက်ရှိခဲ့သည်။ မဟုတ်မမှန်သိစေခြင်းဖြစ်သော မုသားကို ဗဟိုပြုကာ လုံးဝစိတ်ပါဝင်စားခြင်း မရှိပါဘဲ နှုတ်ကပြောရုံမျှပြောသောအလုပ်သည် ရေရှည်တည်တံ့မှု၊ ငြိမ်းချမ်းသာယာမှုဖြစ်ထွန်းရန် ခက်ခဲစေပါလိမ့်မည်။

ရူပဗေဒပညာရှင်ကြီး အဲ(လ်)ဘတ်အိုင်းစတိုင်းကို သမ္မတအဖြစ်မြင်လိုသူတချို့က အစ္စရေးနိုင်ငံ၏ သမ္မတအဖြစ် ဆောင်ရွက်ရန် တိုက်တွန်းသည့်အခါ အိုင်းစတိုင်းက မိမိ၌ သမ္မတအရည်အချင်းမရှိပါကြောင်း ပြတ်သားစွာငြင်းဆိုသည်ကို မှတ်သားဖူးပါသည်။ အိုင်းစတိုင်းသည် နိုင်ငံရေးဝါသနာမပါ၍လား၊ ဒါမှမဟုတ် ယုံကြည်မှုမတည့်မတ်နိုင်၍လား။ သူသည် သမ္မတအရည်အချင်းမရှိကြောင်းကိုလည်း ရိုးသားစွာပြော၏။ ရိုးသားသည့်အလျောက် သမ္မတဖြစ်လိုသည့်ဆန္ဒ မရှိခြင်းသည်ကား ပို၍အဓိကကျမည်ထင်ပါသည်။ မိမိအရေးထက် နိုင်ငံရေးကို အဓိကထားလျှက် သမ္မတဖြစ်လိုသည့်ဆန္ဒရှိလျှင် ဖြစ်နိုင်ပါသည်။

ပတ်ဝန်းကျင်ကြောင့် လူ့အသိဖြစ်ပေါ်နိုင်သလို အတွေ့အကြုံကြောင့်လည်း လူ့အသိဖြစ်ပေါ်နိုင်၏။ ဉာဉ်နှင့်စရိုက်ကလည်း လူ့အသိဖြစ်ပေါ်နိုင်သလို ကံကြောင့်လည်း လူ့အသိဖြစ်ပေါ်စေနိုင်သည်။ အသိဟူသရွေ့ ကုသိုလ်,အကုသိုလ်ဓာပင်ဖြစ်သော်လည်း ထိုအသိ(၄)မျိုးတွင် အင်အားအကောင်းဆုံးမှာ ကံသိဖြစ်သည်။ ဉာဉ်ဆိုး၊ စရိုက်ဆိုးများကို ကံသိ(ကံကြမ္မာသိ) အလှည့်အပြောင်းကသာ ချေဖျက်ပစ်နိုင်ခြင်းကြောင့်ဖြစ်၏။ အသိဟူသမျှ ဥပါဒါန်ကြောင့်ဖြစ်ရာ ဥပါဒါန်မရှိလျှင် အသိဟူ၍မရှိ။ အသိမရှိလျှင် ဘဝလည်း မရှိတော့ပါ။

သို့သော် လူသည် ခန္ဓာငါးပါးဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ရာ ခန္ဓာငါးပါးတို့၏ လှုံ့ဆော်မှုအတိုင်း လူ၏ဆန္ဒတွင် ရူပက္ခန္ဓာအရ စီးပွားရေးကိစ္စပါဝင်သည်။ ဝေဒနာက္ခန္ဓာအရ အနုပညာရေးပါဝင်သည်။ သညာက္ခန္ဓာအရ ပညာရေး၊ သင်္ခါရက္ခန္ဓာအရ စီမံရေး၊ ဝိညာဏက္ခန္ဓာအရ ဘာသာရေးလည်း ပါဝင်ရသည်။ ထို့ကြောင့် လူ့ဘဝတွင် ခန္ဓာငါးပါး၏ တောင်းဆိုမှုအရ ရေးရာအများအပြား ပါဝင်နေရမည်သာဖြစ်သည်။ ကိုယ်၊ နှုတ်၊ စိတ်အားဖြင့် အလုပ်လုပ်ဆောင်ရာတွင် မလျှော့သောဇွဲ၊ လုံ့လ၊ ဝီရိယကိုစွဲကိုင်လျှက် ငါကောင်းစားရေးအတွက် လောကကိုအသုံးမချဘဲ လောကကောင်းစားရေးအတွက် ငါကို စွဲကိုင်အသုံးချနိုင်ရပါမည်။ လောကသည် မိမိအတွက် ဒိုင်းမဟုတ်၊ ဝီရိယပါရမီနှင့်ပြည့်စုံကာ သည်းခံခြင်းကိုပါမွေးမြူလျှက် လောကအတွက် မိမိသည်သာ ဒိုင်းသဖွယ် ထောက်ကူထားနိုင်ဖို့လိုသည်။ အခက်အခဲတစ်ခုကို ကျော်ဖြတ်ရာတွင် သွေးတိုးစမ်းမှုများ၊ အရည်အသွေးစမ်းသပ်ချက်များနှင့်လည်း တွေ့ကြုံရမည်ဖြစ်ရာ သည်းခံခြင်း(ခန္တီ)တရားသည် မှားယွင်းစွာကျင့်သုံးခြင်း၏ ဆန့်ကျင်ဘက်များကို ထိန်းမတ်ထူထောင်ပေးနိုင် စွမ်း



www.burmeseclassic.com

www.burmeseclassic.com

အားတစ်ရပ် ဖြစ်လာပေမည်။

ကမ္ဘာကြီး၏ လတ်တလောအနေအထားတွင် မိမိအတွက် ငွေကြေးဥစ္စာ မည်ရွေ့မည်မျှ မျှော်ကိုးခြင်းမရှိဘဲ နိုင်ငံအတွက် အနစ်နာခံသောစိတ်၊ ချစ်ခင်ကြင်နာမှုဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေလိုသောဆန္ဒနှင့် လှုပ်ရှားဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များနောက်သို့ လာဘ်လာဘများ၊ ရာထူးဂုဏ်သိန် အဆင့်တန်ဆာများ၊ ထင်ပေါ်ကျော်ကြားမှုများသည် လူမှုအစီအစဉ်အားဖြင့် ထက်ကြပ်မကွာ လိုက်လာကြ၏။ ပေးသူနှင့် ယူဆောင်သူအချင်းချင်း ဆက်ဆံရာတွင်လည်း လောကငြိမ်းချမ်းရေးအတွက် အကြင်နာ၊ အနစ်နာနှင့်တကွ တစ်ဖက်၏ ကောင်းကျိုးဖြစ်ထွန်းမှုကို အသွင်သဏ္ဌာန်အားဖြင့်မဟုတ်ဘဲ အနှစ်သာရပြည့်ဝစွာ ပြည့်စွမ်းပေးရန်ဖြစ်ပါသည်။ ပေးချင်သောစိတ်သည် ပင်ကိုရှိနေပြီးသား အစုန်စိတ်မဟုတ်၊ အဆန်စိတ်ဖြစ်၏။ အဆန်စိတ်ကို မွေးမြူခြင်းသည် ပါရမီဖြည့်ကျင့်ခြင်းပင်ဖြစ်သည်။ လူတိုင်းသည် ယူလိုသည့်သဘောသဘာဝ တစ်ခုတည်းပေါ်တွင် ရပ်တည်နေလျှင် အမြဲတမ်း ထိပ်တိုက်ရင်ဆိုင်နေရမည်ချည်းဖြစ်သည်။

လောကကို စစ်မြေပြင်ကြီးတစ်ခုအဖြစ် မသတ်မှတ်ဘဲ ကစားကွင်းတစ်ခုအဖြစ် သဘောထားမည်ဆိုပါက ထားသင့်ပေသည်။ ထို့ကြောင့် ကစားကွင်းပမာ စည်းမျဉ်းစည်းကမ်းနှင့်အညီ ကစားကြပြီဆိုပါစို့။ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖက်နှင့်တစ်ဖက် ပုဂ္ဂိုလ်ရေးအနိုင်ရလိုမှုဖြင့် လူချကစားခြင်းမျိုး မဖြစ်သင့်ပါ။ အခမ္မက ဓမ္မအပေါ် မလွှမ်းမိုးနိုင်အောင် နည်းလမ်းတကျ ကစားခြင်းမျိုးကား မှန်ကန်ကောင်းမြတ်သော၊ သန့်ရှင်းစင်ကြယ်သော အနိုင်ဂိုးများ ရရှိလျက် ရိုးဖြောင့်စွာပိုင်ဆိုင်ထူးချွန်သူများအဖြစ် မှတ်တမ်းတင်ပါမည်။ အမြဲတမ်းစီးဆင်းနေသော မြစ်တစ်စင်းသည် မည်သည့်အခါမှ အနည်ထိုင်တိမ်ကောသွားရိုး ထုံးစံမရှိပါ။ မြတ်ဗုဒ္ဓ၏ တရားလမ်းစဉ်အရ လေ့ကျင့်မှုသာလျှင် ပြီးပြည့်စုံစေပါသည်။ (Practice makes perfect)

ထက်ဘုန်းလူ

ကိုးကား

* ဘဝအမြင်သစ် (ဦးရွှေအောင်)။
* မိမိ၏အတွေ့တွေ့မှတ်စုစာအုပ်။
* မြတ်မင်္ဂလာစာစောင်။


မြန်မာပြည်

ဆရာဦးမင်းသန်းထိုက်

(တဆ-၃၃၅၈)

အနာပေါက်အထူးကုသမားတော်ကြီး

ခန္ဓာကိုယ်အတွင်း, အပြင်ရှိ မှိုနာ၊ အမြစ်ပွားနာ၊ ကင်ဆာအလုံးအခဲ၊ အကြိတ်အဖုများအား မခွဲမစိတ်၊ စုပ်အပ်မထိုး၊ အနာလုပ်မကု၊ စားဆေးထည့်သွင်းမကု (သဘာဝအတိုင်း) ဆေးအုံ၊ ဆေးကပ်၊ ဆေးရွက်နှင့် အုံထားရုံဖြင့် အမြစ်မကျန်စေရအောင် ကုသရနိုင်တဲ့ဆေး ကိုယ့်ပြည်တွင်းမှာ ရှိနေတယ်။

မကုခင် လာရောက်ဆွေးနွေးပါ။ ဂရင်ဂျီနာ၊ လိပ်ခေါင်း(အတွင်း) ရက်ပိုင်းအတွင်း ရောဂါပျောက်ကင်းစေရမည်။

(တနင်္ဂနွေနေ့မှအပ နေ့စဉ် နံနက် ၁၀:၀၀ နာရီမှ ညနေ ၅:၀၀ နာရီအထိ)

အမှတ်(၃၉၈)၊ ရွှေဘုံသာအထက်လမ်း၊ သီတာမင်းအထူးကုဆေးခန်းထပ်ခိုး၊ ရန်ကုန်မြို့။


www.burmeseclassic.com

www.burmeseclassic.com




ကျွန်ုပ်တို့လူသားများသည် လူ့ဘုံဘဝ လူ့လောကအတွင်း တစ်ယောက်တည်း၊ တစ်အိမ်တည်း နေ၍မရနိုင်။ လူ့ဘဝ အသက်ရှင်သန်ရေးအတွက် တစ်နည်းအားဖြင့်ဆိုရလျှင် စားဝတ်နေရေး ဖူလုံပြည့်စုံရေးအတွက် နေ့စဉ် လှုပ်ရှားရုန်းကန်နေရသည်။ ထိုသို့လှုပ်ရှားရုန်းကန်ရာတွင် တစ်ဦးတည်း၊ တစ်ယောက်တည်း ရုန်းကန်၍မရပါ။ မိမိကဲ့သို့သော လူသားများနှင့် တစ်နည်းမဟုတ်တစ်နည်း ပေါင်းသင်းဆက်ဆံ၍ လုပ်ဆောင်နေကြရသည်။ သို့ကလို ပေါင်းသင်းဆက်ဆံရာတွင် မိမိအကျိုးစီးပွားရရှိရေးတစ်ခုတည်းကိုသာ ဦးမတည်ဘဲ အခြားလူသားများ၏ အကျိုးစီးပွားကိုလည်း စွမ်းနိုင်သမျှ လုပ်ဆောင်ပေးကြရမည်ဖြစ်သည်။ ယင်းသို့ လုပ်ဆောင်ရာ၌ တစ်ဦးအပေါ်တစ်ဦးက စိတ်ကောင်း,စေတနာကောင်းထားခြင်း၊ တစ်ယောက်ကျေးဇူးကို တစ်ယောက်က နားလည်ခြင်း၊ အချင်းချင်း သစ္စာရှိခြင်း၊ တစ်ဦးအကျိုးကို တစ်ဦးက လိုလားခြင်း၊ တစ်ဦးအပေါ်တစ်ဦးက မေတ္တာထားနိုင်ခြင်း စသည့် ကောင်းမြတ်သော လူမှုနီတိကျင့်ဝတ်များကို လိုက်နာကြခြင်းဖြင့် မိတ်ဆွေကောင်းတစ်ဦး (ကလျာဏမိတ္တ)ဖြစ်အောင် ကြိုးစားကြရမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ကျွန်ုပ်တို့သည် မျက်မှောက်,သံသရာ နှစ်ဖြာသောဘဝတို့၌ ကြီးပွားချမ်းသာရေးကို ဆောင်ရွက်ရာတွင် ကလျာဏမိတ္တ မိတ်ကောင်းဆွေကောင်းကိုသာ ရှာဖွေပေါင်းသင်းဆက်ဆံ၍ လုပ်ဆောင်ကြရမည်။ ပညာရှိသူတော်ကောင်းနှင့် ပေါင်းသင်းဆက်ဆံလျက် ပညာရှိသူတော်ကောင်းအား ဆည်းကပ်ကိုးကွယ်ရခြင်းကြောင့် ပစ္စုပ္ပန်, သံသရာ နှစ်ဖြာသောဆင်းရဲဒုက္ခမှ လွတ်မြောက်ခြင်း၊ သံသရာဝဋ်ဒုက္ခမှလွတ်မြောက်၍ နိဗ္ဗာန်ချမ်းသာကို ရရှိနိုင်ခြင်းဟူသော အကျိုးထူးများကို ရရှိခံစားနိုင်ပေသည်။

မြတ်စွာဘုရားရှင်လက်ထက်က လူပေါင်းထောင်ချီ၍ သတ်ဖြတ်ညှဉ်းဆဲခဲ့သော အင်္ဂုလိမာလခိုးသူကြီးသည် မြတ်စွာဘုရားတည်းဟူသော ပညာရှိသူတော်မြတ် ကလျာဏမိတ္တနှင့် တွေ့ဆုံဆည်းကပ်ခွင့်ရရှိခဲ့သဖြင့် မင်းပြစ်မင်းဒဏ်မှ လွတ်မြောက်ရုံမျှမက အာသဝေါကုန်ခန်း၍ ရဟန္တာဖြစ်သည်အထိ ကောင်းကျိုးရရှိသွားခဲ့သည်။ သို့ဖြစ်၍ ပညာရှိသူတော်ကောင်းများကို ကလျာဏမိတ္တ မိတ်ဆွေကောင်းအဖြစ်သတ်မှတ်၍ ပေါင်းသင်းဆက်ဆံကြရမည်ဖြစ်သည်။

ဗုဒ္ဓဘုရားရှင်၏သားတော် အရှင်အာနန္ဒာက မိတ်ဆွေကောင်းသည် လိုအပ်သောအကျိုးတရားကို တစ်ဝက်ပြီးစေနိုင်သည်ဟု ဥဒါန်းစကားကျူးရင့်သည်ကို မြတ်စွာဘုရားကြားသိတော်မူ၍ ဘုရားရှင်က "ချစ်သားအာနန္ဒာ..ဤသို့မဆိုလင့်။ ကလျာဏမိတ်ဆွေကောင်းသည် လိုအပ်သောအကျိုးတရား အလုံးစုံအပြည့်အဝပြီးစေနိုင်သည်"ဟူ၍ မိန့်တော်မူခဲ့သည်။

ဤနေရာတွင် တိရစ္ဆာန်ပင်ဖြစ်သော်လည်း သူတစ်ပါးကျေးဇူးတရားကိုသိတတ်သော မြေခွေးနှင့် နွားကျောင်းသားတို့ မိတ်ဆွေကောင်းပီသမှုကြောင့် အသက်အန္တရာယ်မှ လွတ်မြောက်ခဲ့ရသော ဝတ္ထုသာဓကတစ်ခုကို တင်ပြလိုပါသည်။

◆ ◆ ◆

သေလာတောင်တန်း လျှိုမြောင်စမ်းနှင့် ဆိပ်ကမ်းသာယာ လင်္ကာဒီပ အလှစွန်းစို ကျွန်းသီဟိုဠ်တွင် ဒဏ္ဍာဂေါဏဟူသော ကျေးရွာတစ်ရွာရှိလေ၏။ ထိုကျေးရွာရှိ မြေခွေးတစ်ကောင်သည် ခွေးတို့၏ဘာသာဘာဝအတိုင်း ဟိုဝင်သည်ထွက် အိမ်စဉ်လှည့်လည်ကာ အစာရှာ၍ အသက်မွေးကျောင်းလေ့ရှိ၏။ ကျေးရွာသားတို့သည် သားကောင်များကို ဖမ်းဆီးရန်အလို့ငှာ ညွှတ်ကွင်း၊ ညှောင့်၊ ပိုက်၊ ထောင်ချောက်များကို တပ်ဆင်ထားလေ့ရှိ၏။ တစ်ခါသော် ကံဆိုးရှာသောသား ကောင်တစ်ကောင်မှာ ရွာသားတို့ထောင်ထားသော ထောင်ချောက်မှ ညှောင့်စူးမိ၍ ပြင်းထန်သောဒဏ်ရာကြောင့် နေရာမှမရွေ့နိုင်ဘဲ ရှိနေသည်။

အိမ်စဉ်လှည့်၍ အစာရှာနေသော မြေခွေးအဖို့ မှာထားအလားသင့် ဆိုသကဲ့သို့ ညှောင့်စူးသောဒဏ်ချက်ကြောင့် အသက်ထွက်တော့မတတ် ဆန့်ငင်,ဆန့်ငင်နှင့် ရှန်းကန်နေသော မသေမရှင်ဖြစ်နေသည့်သားကောင်ကို တွေ့မြင်ရလေသော် လောဘရမ္မက် ငမ်းငမ်းတက်ကာ သားကောင်ရှိရာသို့ တစ်ဟုန်ထိုးပြေးသွားလေ၏။ အနီးသို့ရောက်လတ်သော် သားကောင်သာမြင်ပြီး ညှောင့်စူးကိုမမြင်သော မြေခွေးသည် ထောင်ချောက်ကိုနင်းမိသွားသဖြင့် တစ်ချောင်းသော ညှောင့်မှာ မြေခွေးအား စူးဝင်လေ၏။ မျက်လုံးကို ဖောက်ထွင်းသွားသောကြောင့် မျက်လုံးတစ်ဖက်ကန်းသွားခဲ့ရာ ထိုအခါမှစ၍ ကာဏသိင်္ဂါလမြေခွေးကန်းဟု ခေါ်တွင်လေ၏။

အဆိုပါဒဏ္ဍာဂေါဏရွာနှင့် မနီးမဝေးအရပ်တွင် ကျွဲ၊ နွားများအတွက် စားကျက်ကွင်းတစ်ကွင်းလည်းရှိ၏။ နွားကျောင်းသား၊ ကျွဲကျောင်းသားတို့သည် ထိုစားကျက်ထဲ၌ ကျွဲ၊ နွားများကို လွှတ်ကျောင်းကြသောကြောင့် နေ့အခါများတွင် ထိုစားကျက်ကွင်းထဲတွင် ကျွဲ၊ နွား၊ သိုး၊ ဆိတ်တို့ဖြင့် စည်ကားသက်ဝင်လျက် ရှိနေသည်။

တစ်နေ့သောအခါမှာတော့ ကာဏသိင်္ဂါလမြေခွေးကန်းသည် အစာရှာဖွေရန်အလို့ငှာ ရေကန်ကြီးတစ်ကန်အနီးသို့ ရောက်ရှိသွားလေ၏။ တစိုက်စိုက်နှင့်လျှောက်၍ အစာရှာဖွေနေခိုက်တွင် စပါးကြီးမြွေကြီးတစ်ကောင်သည် ရုတ်တရက် ချုံထဲမှထွက်လာပြီး မြေခွေးအား ဖမ်းယူရန် ရစ်ပတ်လေ၏။ မြေခွေးလည်း တဂိန်ဂိန်အော်မြည်ရင်း စပါးကြီးမြွေကြီးဘေးမှ လွတ်မြောက်ရန် အားကုန်ထုတ်ရုန်းကန်နေလေ၏။ ထိုစဉ်အချိန်တွင် နွားပျောက်၍လိုက်ရှာနေသော နွားကျောင်းသားတစ်ယောက်သည် မြေခွေးအော်သံကြားရာသို့ သွားရောက်ကြည့်ရှုလတ်သော် စပါးကြီးမြွေကြီးနှင့် မြေခွေးတို့ လုံးထွေးရစ်ပတ်နေသည်ကို တွေ့ရလေသည်။

နွားကျောင်းသားသည် မြေခွေးဒုက္ခရောက်နေသည်ကို သနားခြင်းကရုဏာဖြစ်လာပြီး မြေခွေးအား ဝင်ရောက်ကယ်တင်လေတော့၏။ သူ့တွင်ပါလာသော နွားမောင်းတုတ်နှင့် စပါးကြီးမြွေအား ရိုက်နှက်လေ၏။ စပါးကြီးမြွေသည်



www.burmeseclassic.com

www.burmeseclassic.com

ဒေါသအမျက်ထွက်လာပြီး မြေခွေးကို လွှတ်လိုက်ပြီး နွားကျောင်းသားကို မဲတင်းကာ အခွေဖြင့် ရစ်ပတ်လေတော့ရာ နွားကျောင်းသားကရုန်းလိုက်၊ မြွေကပတ်လိုက်နှင့် ဘတစ်ပြန်၊ ကျားတစ်ပြန် ဖြစ်နေလေသည်။

ထိုအခြင်းအရာကို မြင်နေရသော မြေခွေးသည် မိမိလွတ်မြောက်သွားသော်လည်း မိမိအတွက် မြွေပတ်ခြင်းခံနေရသော နွားကျောင်းသားအတွက် စိတ်မကောင်းခြင်းများစွာ ဖြစ်နေလေ၏။ သူ့ခမျာ ငါ့ကိုကယ်တင်ပေးမှုကြောင့် ဒုက္ခရောက်ရရှာသည်။ သူ့ကို ငါ မည်သို့ကယ်တင်ရပါမည်နည်း။ စဉ်းစားကြံဆ နည်းလမ်းရှာဖွေနေ၏။ မြေခွေးသည် နွားကျောင်းသားနှင့်မြွေ လုံးထွေးနေသည့် မြင်ကွင်းကြောင့် အသည်းတယားယားဖြစ်လာပြီး စွမ်းအားရှိသမျှ ဝင်ရောက်ကယ်တင်သော်လည်း အရာမရောက်၊ မလွတ်မြောက်နိုင်ဖြစ်နေရ၏။ စပါးကြီးမြွေကား နွားကျောင်းသားကို ပတ်ထားရာမှ အနည်းငယ်မျှမလျှော့၊ ပို၍,ပို၍သာ တင်းကျပ်စွာ ရစ်ပတ်ထားချက်ကြောင့် နွားကျောင်းသားမှာ အသက်ရှူရကျပ်၍လာ၏။

မြေခွေးလည်း မတတ်နိုင်သည့်အဆုံး အကူအညီရအံ့သောငှာ အဝေးတွင်လယ်ထွန်နေသော လယ်သမားများထံသို့ အတင်းအားထည့်ကာ ပြေးသွားလေ၏။ ပါးစပ်ကလည်း တဝုတ်ဝုတ်အသံပေးလေ၏။ လယ်သမားများသည်လည်း အပြေးလာနေသောမြေခွေးကို အကဲခတ်ကြည့်နေကြသည်။ မြေခွေးသည် လယ်သမားများအနီးသို့ ရောက်သောအခါ တဝုတ်ဝုတ်အသံပေးပြီး ကန်သင်းပေါ်၌စုပုံထားသော အဝတ်အထည်များကို ပါးစပ်ဖြင့်ကိုက်ချီ၍ ပြေးလေသောကြောင့် လယ်သမားများလည်း ထိုမြေခွေးနောက်သို့ တစ်ဟုန်ထိုးပြေးလိုက်ကြတော့သည်။

ထိုအချိန်ထိပင် စပါးကြီးမြွေနှင့် နွားကျောင်းသားတို့မှာ လုံးထွေးသတ်ပုတ်နေဆဲပင်။ ကာဏာသိဂ်ါလမြေခွေးသည် ကသောကမျောရောက်ရှိလာပြီး ကိုက်ချီယူခဲ့သော ပုဆိုး၊ အင်္ကျီတို့ကို စပါးကြီးမြွေ၏အနီး၌ချထားလျက် အနီး၌ပင် ရပ်နေ၏။ တုတ်၊ ဓားလက်နက်များဆွဲကိုင်၍ မြေခွေးကိုသတ်ရန် ဒေါသတကြီးလိုက်လာကြသော လယ်သမားများသည် နွားကျောင်းသားအား ရစ်ပတ်ထားသော စပါးကြီးမြွေကို တွေ့မြင်ရသောအခါ မြေခွေးအပေါ် အမျက်မထားကြတော့ဘဲ စပါးကြီးမြွေကြီးကိုသာ ရိုက်သတ်လိုက်ကြပြီး နွားကျောင်းသားအား ကယ်တင်လိုက်ကြလေသည်။

ဤဖြစ်ရပ်ကိုသုံးသပ်ကြည့်လျှင် စပါးကြီးမြွေ၏ဘေးရန်မှ နွားကျောင်းသားလွတ်မြောက်ခဲ့ရခြင်းမှာ မြေခွေး၏လုပ်ဆောင်မှုကြောင့်ဖြစ်၏။ နွားကျောင်းသားသည် ငါ့အသက်ကိုကယ်ခဲ့ဖူးသည်။ သူ့ကျေးဇူး ငါ့အပေါ်မှာရှိသည်။ သူ့ကျေးဇူးကို ငါပြန်ဆပ်အံ့ဟူ၍ သူသိသမျှအသိဉာဏ်ဖြင့် လယ်သမားများကို ပရိယာယ်ဖြင့်ခေါ်ယူ၍ ကယ်တင်ပေးခဲ့ခြင်းဖြစ်သည်။ ထိုသို့ တိရစ္ဆာန်များပင်လျှင် သူတစ်ပါး၏ကျေးဇူးကို သိတတ်သေးလျှင် ကျွန်ုပ်တို့လူသားများအဖို့မူ ဆိုဖွယ်ရာမရှိ။ ပို၍ပင် သူ့ကျေးဇူးကို သိထိုက်လှပေ၏။

ထို့ကြောင့် လူမှန်သမျှ ကျေးဇူးတရားကို သိထိုက်လှ၏။ အတုံ့အလှည့်ကျေးဇူးပြုအပ်၏။ ထိုသို့ကျေးဇူးတုံ့ပြန်သင့်ကြောင်း ပြဆိုရာ၌ ဆင်ခြင်ရမည့်အချက်များကို တရားဒေသနာတော်တွင် အောက်ပါအတိုင်း ဖွင့်ဆိုထားပါသည်။

လောကဓာတ်ခုံ လူတို့ဘုံ၌ ကာမဘုံဘောက်သို့ လူတစ်ယောက်အဖြစ် ရောက်ရှိလာသော အကြင်ပုဂ္ဂိုလ်တို့သည် လက်ပွန်းတတီး အလွန်ရင်းနှီးသောမိတ်ဆွေသည် ကံကြမ္မာညှိုးခြောက် ဒုက္ခရောက်လေသည်ရှိသော် ကူညီရန်အရေး မတွေးစိတ်ထဲ မျက်နှာလွှဲကြကုန်၏။ စည်းစိမ်ရိပ်ငြိမ်ဂုဏ်သိမ်စွင့်စွင့် အဆင့်အတန်းမြင့်နေသောအခါ၌ မျက်နှာကြည်လင် မှိုရသွင်သို့ ရွှင်တဟဟ မျက်နှာပြကြကုန်၏။ ထိုသူတို့သည်ကား မရှိမပေါင်း၊ ရှိမှပေါင်းသည့် သာပေါင်းညာစား မိတ်ဆွေတု,မိတ်ဆွေယောင်များသာတည်း။ ထိုသို့ပိုင်နိုင်စွာသိထားလျှင် လူ့အကောင်ပလောင်များအား မေတ္တာကို မပြုအပ်ပေ။

လူ့ဘဝရောက်ရှိလာကြသော အကြင်လူတစ်ယောက်သည်ကား မိမိ၏အဆွေခင်ပွန်းတို့အား ကိုယ်စိတ်နှလုံး ညှိုးချုံးစရာဖြစ်လာတုံဆ ဘေးဒုက္ခတို့သည် ဖြစ်လာကုန်သည်ရှိသော် မိတ်ဆွေအတွက် ရတက်မအေး၊ ဆွေးတသိမ့်သိမ့် ပူပန်ခြင်းရှိ၏။ မိတ်ဆွေနှင့်အမျှ ဆင်းရဲဒုက္ခကို မျှဝေခံစားကြကုန်လေ၏။ ထိုလူသည်ကား မိတ်ဆွေကောင်း,မိတ်ဆွေစစ်ဖြစ်သကဲ့သို့ အဆွေခင်ပွန်းတို့၏အကျိုးကို လိုလားသောပုဂ္ဂိုလ်ပင်ဖြစ်၏။

အကြင်ပုဂ္ဂိုလ်တစ်ယောက်သည် အဆွေခင်ပွန်းတို့အား မပြုထိုက် မလုပ်ထိုက်သောအမှုများ၏အပြစ်ကို မြင်ကောင်းကျိုးရှင်အောင် တွင်တွင်ကြီးတားမြစ်လေ၏။ ကြီးပွားရေးအတွက် လုပ်သင့်လုပ်ထိုက်သော လုပ်ငန်းကိစ္စအဝဝတို့၌ မတွန့်မဆုတ် လုပ်သာလုပ်ဟု ဖြစ်မြောက်အောင်တိုက်



www.burmeseclassic.com

www.burmeseclassic.com

တွန်း၏။ အကြံအား၊ ဉာဏ်အား၊ ပစ္စည်းအားဖြင့်လည်း ပံ့ပိုးပေး၏။ ထိုသူကား မိတ်ဆွေကောင်းမိတ်ဆွေစစ် အမှန် ဖြစ်၏။ အဆွေခင်ပွန်းတို့၏အကျိုးစီးပွား ကြီးထွားရေးကို လိုလားသူ အမှန်ပေတည်း။

အကြင်ပုဂ္ဂိုလ်တစ်ယောက်သည် အဆွေခင်ပွန်းအား စီးပွားနိမ့်ကျ ဒုက္ခရောက်နေသောအခါ၌ ထမင်း၊ အဝတ် အစရှိသော သုံးဆောင်ဖွယ်ရာပစ္စည်းများကို ပေးကမ်း၏။ စိတ်နှလုံးထဲ၌ ကောက်ကျစ်စဉ်းလဲခြင်းအလျဉ်းမရှိ။ ထိုသူ သည် မိတ်ကောင်းဆွေမွန်အစစ်ဖြစ်၏။ အဆွေခင်ပွန်းတို့၏ ကောင်းကျိုးကိုသာ အစဉ်လိုလားသူဖြစ်၏။

အကြင်ပုဂ္ဂိုလ်တစ်ယောက်သည် မိမိ၏အဆွေခင်ပွန်း တို့အား သူ့အသက်ကို သတ်ဖြတ်ညှဉ်းဆဲခြင်း၊ သူ့ဥစ္စာကို ခိုးယူခြင်း အစရှိသော မကောင်းမှုများကို မလုပ်ဖြစ်အောင် တားမြစ်၏။ ကုသိုလ်ရေး၌ အားပေးတိုက်တွန်း၏။ ထိုသူ သည် မိတ်ဆွေကောင်းအမှန်ဖြစ်၏။ အဆွေခင်ပွန်းတို့၏ ကောင်းကျိုးကို လိုလားသူဖြစ်၏။

အကြင်ပုဂ္ဂိုလ်တစ်ယောက်သည် မိမိ၏အဆွေခင်ပွန်း အား အမြဲရိုသေဂါရဝထား၏။ အခါခပ်သိမ်း ပိယဝါစာ ချိုသာသောစကားကိုသာ ပြောကြားလေ့ရှိ၏။ အပျော် အပျက်စကားကို ဘယ်တော့မှမပြောပါ။ ဤအမူအကျင့် သည်ကား မိတ်ဆွေကောင်းတို့၏ လက္ခဏာပေတည်း။

အကြင်ပုဂ္ဂိုလ်သည် အဆွေခင်ပွန်းတို့အား ကိုယ်,နှုတ် နှလုံးသုံးပါးတို့ဖြင့် မပြစ်မှား။ ထိုသူသည် ကိုယ်ရောစိတ်ပါ ချမ်းသာ၏။ ဆင်းရဲခြင်းလည်းကင်းဝေး၏။ ရောက်လေ ရာရာအရပ်တို့၌ သူ့ကို ချီးမွမ်းအပ်သူဟူ၍လည်းကောင်း၊ မြတ်သောသူဟူ၍လည်းကောင်း ချစ်ခင်လေးစားအပ်ပေ၏။

သို့ပါ၍ တောင်ဇလပ်ပန်းကို ပေါက်ဖက်နှင့်ထုပ်လျှင် ပေါက်ဖက်ပါ ပန်းရနံ့မွှေးကြိုင်ပါသည်။ ထို့အတူ ပညာရှိ သူတော်ကောင်း ကလျာဏမိတ္တပေါင်းဖက်လျှင် သူတော် ကောင်းဖြစ်လာနိုင်ပါသည်။ တစ်ယောက်ကျေးဇူး တစ်ဦး မေတ္တာ ရင်မှာခညောင်း မိတ်ဆွေကောင်းနှင့် ဆုံစည်းနိုင် ပါစေဟူ၍··။

မောင်ထည်ဝါ(ပျော်ဘွယ်)

<u>ကျမ်းကိုး</u>


* လင်္ကာဒီပဝတ္ထု(၆၀) (ဒဂုန်ဦးစန်းငွေ)။
* မင်္ဂလာနိဒါန်း (မောင်အုံ၊ မဟာဝိဇ္ဇာ)။






www.burmeseclassic.com

www.burmeseclassic.com



ကညွတ်ကွင်းမြို့ကျက်သရေဆောင် နှစ်တစ်ရာကျော် ငါးထပ်ကြီးဘုရား

ကိုရွှေမြသန်း(သမိုင်း)

## အခက်ဆင့်သရွေ့ အပွင့်ဝေစေတဲ့
# ပိတ်ဖြူတောရကျောင်း ပရိဝါသ်ဆောက်တည်ပွဲ

သီလဝိသုဒ္ဓိဆောက်တည်ပွဲ (ပရိဝါသ်ဆောက်တည်ပွဲ) ဆိုသည်မှာ မြတ်ဗုဒ္ဓ၏အလိုတော်ကျ သီလစင်ကြယ်အောင် ဆောင်ရွက်ခြင်းဖြစ်ပါသဖြင့် သံဃာတော်များ၏ အထူးကုဆေးရုံကြီးပမာ ဖြစ်သကဲ့သို့ မြတ်စွာဘုရားအလိုတော်ကျ ကျင့်ကြံနေထိုင်ခြင်းကို သီလဝိသုဒ္ဓိဆောက်တည်ခြင်း ပရိဝါသ်ဆောက်တည်ခြင်းဟုခေါ်ပါသည်။

ဤကဲ့သို့ မြတ်စွာဘုရားအလိုတော်ကျ ကျင့်ကြံနေထိုင်ခြင်း ပရိဝါသ်ဆောက်တည်ပွဲကို (၁၃၇၄)ခုနှစ်၊ နတ်တော်လပြည့်ကျော် (၂)ရက်နေ့မှ နတ်တော်လပြည့်ကျော် (၁၄)ရက်နေ့ထိ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့ ပိတ်ဖြူတောရကျောင်းတိုက်တွင် သတ္တမအကြိမ်မြောက်အဖြစ် ကျင်းပရာသို့ ရောက်ဖြစ်ခဲ့ပါ၏။

ဦးစီးဆောင်ရွက်တော်မူကြသည့် ကညွတ်ကွင်းမြို့၊ ပိတ်ဖြူတောရကျောင်းတိုက်၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တသီမာဉာဏနှင့် ပဲခူး ပျဉ်ပုံကြီးတောရ စွယ်တော်ကျောင်းဆရာတော် ဘဒ္ဒန္တနေမိန္ဒတို့ အရှင်နှစ်ပါးအား ဦးတိုက်ဝတ်ပြုအပြီး ဆရာတော်မှ-

"စာရေးဆရာကိုယ်တော်ရေ..ဒီတစ်နှစ်လည်း ဆောင်ရွက်စရာရှိတာတွေကို ဝိုင်းပါဦး၊ ဝန်းပါဦး။ လုပ်အားဒါနကုသိုလ်ယူပါဦး" ဟု အမိန့်ရှိခဲ့သဖြင့် မိမိလည်း အသေမဦးခင် ရသမျှကုသိုလ် အပယူဦးအောင် ယူဖြစ်ခဲ့သည်။

◆◆◆

ဦးချရိုကျိုး လက်အုပ်မိုး၍ ရှိခိုးရုံမျှ ကုသိုလ်ရ၏။ စိတ်ကကြည်သာ ပြုလုပ်ပါလျှင် နံ့သာတစ်စက်၊ ရေတစ်ခွက်နှင့် သစ်ရွက်တစ်ဆုပ် လက်အုပ်တစ်ချီ ပြုလုပ်သည်ကို ပါရမီကံဖြစ်ကြောင်းမှန်၍ ဤကံနောင်ခါ ထွတ်မြတ်စွာတို့ ပွင့်ရာကြုံက ဗျာဒိတ်ရလိမ့်။

ရှေးဆရာတော်ကြီးတစ်ပါး ရေးသားခဲ့သည့် ဘုရားစကားတော်ပါ။

ယခု မိမိရောက်ရှိနေတဲ့ သံဃာ့ပရိဝါသ် ဆောက်တည်ပွဲကြီးတွင်တော့ သီလဝိသုဒ္ဓိစင်ကြယ်အောင် ဆောင်ရွက်နေကြသည့် အနယ်နယ်အရပ်ရပ်မှ ကြွရောက်တော်မူလာကြသော ဆရာတော်၊ သံဃာတော် (၈၅)ပါးထံ၌ အရှိအသေပြု လှူဒါန်းမှုအစုစုကို ဆောင်ရွက်နေကြသည့်



www.burmeseclassic.com

www.burmeseclassic.com

ကညွတ်ကွင်းမြို့မှ သာသနာ့ဒါယကာ၊ဒါယိကာမများ၊ ရပ်ဆေးရပ်နီးမှ ဒါယကာများ၊ဒါယိကာမများနှင့် ကညွတ်ကွင်းဈေး အထည်ရုံမိသားစုဝင်များ၏ ဒါနကုသိုလ်တို့ကား လက်အုပ်တစ်မိုးလည်း မကတော့ချေ။ နံ့သာတစ်စက်၊ ရေတစ်ခွက်နှင့် သစ်ရွက်တစ်ဆုပ်နှင့်လည်း မရပ်ချေ။ အခက်ကို အခက်ဆင့်သည့် အခက်ဆုံးအလုပ်တွေကို ဆောင်ရွက်နေကြသူတွေပါလားဟု တွေးမြင်ကြည့်ပြီး မိမိဖတ်မှတ်ခဲ့ဖူးသည့် ဇာတ်တော်တစ်ပုဒ်ကို အမှတ်ရမိလိုက်ပါ၏။

အမှတ်ရမိလိုက်သည့် ဇာတ်တော်သည်ကား..။

◆◆◆

ဗာရာဏသီပြည် မန္တဝမင်းကြီး တိုင်းပြည်အုပ်ချုပ်ဘုရင်လုပ်စဉ်အခါက ဖြစ်ပါတယ်။ မင်းကြီးမှာ ဘုရားလောင်းသေနက ပညာရှိအမတ်ရယ်၊ အရှင်သာရိပုတ္တရာအလောင်းဖြစ်တဲ့ ပက္ကုသအမတ်ရယ်၊ အရှင်မဟာမောဂ္ဂလာန်အလောင်း အာယုရအမတ်ရယ်ဆိုပြီး မင်းတိုင်ပင်အမတ်ကြီး(၃)ဦး ရှိပါတယ်။ ဒါ့အပြင် မင်းကြီးမှာ ကောင်းခြင်း(၅)ဖြာနဲ့ပြည့်စုံပြီး လွန်စွာမှပဲ ချောမောလှပတဲ့ မိဖုရားငယ်တစ်ပါးလည်း ရှိပါတယ်။

တစ်နေ့တော့ မင်းကြီးထံမှာ ခစားရတဲ့ ပုရောဟိတ်ကြီးဟာ သူ့သားလူပျိုပေါက်ကိုခေါ်ပြီး မင်းကြီးကိုခစားဖို့ ညီလာခံကို လာခဲ့ပါတယ်။ အဲဒီမှာ ပြဿနာကစတော့တာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ စောစောကညွှန်းခဲ့တဲ့ အလှပဂေး မိဖုရားလေးကလည်း ညီလာခံမှာ ဝတ်ကောင်းစားလှတွေဝတ်ပြီး တင့်တယ်နေပါတယ်။ နဂိုကမှ ချောရ၊ လှရပါတယ်ဆိုတဲ့အထဲ ပြင်ပြင်ဆင်ဆင်ဆိုတော့ မြင်ရသူပုရိသတို့စိတ်ထဲ ဘယ်လိုနေရမှာလဲပေါ့။

အဲဒီမှာတင် ပုရောဟိတ်ရဲ့သားဟာလည်း အဲဒီမိဖုရားကိုမြင်ပြီး သူမှသူ တန်းတန်းစွဲဖြစ်သွားပါတော့တယ်။ ဘယ်လောက်တောင် ဖြစ်သွားသလဲဆိုရင် သူ့ကိုမှမရရင် စားလည်းမစားတော့ဘူးဆိုပြီး အိပ်ရာညောင်စောင်းထက်မှာပဲ တညိုးညိုးတခွေခွေ လဲလျောင်းနေပါတော့တယ်။ မိဘတွေက ဖျောင်းဖျတော့လည်းမရ၊ မိတ်ဆွေအပေါင်းအသင်းတွေက ဖျောင်းဖျတော့လည်း မရနဲ့ နေလာလိုက်တာ အရိုးပေါ် အရေတင်ပဲ ကျန်ပါတော့တယ်။

ဒါနဲ့ ဘုရင်ကြီးဟာ ပုရောဟိတ်ကြီးရဲ့သားကို မမြင်တာကြာလို့ အကျိုးသင့်အကြောင်းသင့် မေးတဲ့အခါမှာတော့ အကြောင်းစုံကို သိရှိလိုက်ရပါတော့တယ်။ ဘုရင်ကြီးလည်း ပုရောဟိတ်ကြီးရဲ့ကျေးဇူးကို ထောက်ဆသောအားဖြင့်တစ်ကြောင်း၊ သူ့သားကိုလည်း ကရုဏာသက်မိသည်ကတစ်ကြောင်းကြောင့် မိမိရဲ့မိဖုရား အချောအလှကို (၇)ရက်တာမျှခံစားဖို့ ခွင့်ပြုပေးသနားတော်မူလိုက်ပါတယ်။

ပုရောဟိတ်သားဟာလည်း လိုတာရပြီဆိုတော့ ကျေနပ်မှုအတိုင်းနဲ့ ရောဂါတွေလည်း လျှောခနဲပျောက်သွားပါတော့တယ်။ စိတ်ထောင်းတော့ ကိုယ်ကျေ၊ စိတ်ပျိုတော့ ကိုယ်နုဆိုသလိုပေါ့။ စိတ်နေစိတ်ထားဟာ ရုပ်မှာလာပြီးထင်ပေါ်နေတတ်တာ ဓမ္မသဘာဝပါ။ ဒါနဲ့ပဲ ပုရောဟိတ်သားလည်း လိုတာရလာတော့ ကျွန်းမာစွာနဲ့ပဲ မိဖုရားနဲ့အတူ ကာမဂုဏ်စည်းစိမ်တွေ ယစ်မူးကြတယ်ပေါ့လေ။

ဒီလိုနဲ့ (၇)ရက်ပြည့်တဲ့အခါကျတော့ သူတို့နှစ်ဦးဟာလည်း အတွေ့အာရုံမှာ ယစ်မူးလို့ တစ်ဦးကိုတစ်ဦး ချစ်ကြိုက်ပြီး လူမသိ၊သူမသိ တိတ်တဆိတ်ထွက်ပြေးသွားပါတော့တယ်။ သူတို့ထွက်ပြေးတာကလည်း ပိရိလွန်းလှပါတယ်။ ရေထဲမှာ လှေရဲ့လမ်းကြောင်းရာဟာ ထင်မကျန်ရစ်ခဲ့သလိုပါဘဲ။ သူတို့တွေ ဘယ်သွားပြီး ဘယ်မှာခိုလှုံနေတယ်ဆိုတာကို ဘယ်သူမှ ရှာလို့မတွေ့နိုင်တော့ပါဘူး။

ဒီအကြောင်းကို ဘုရင်ကြီးသိတော့ အသည်းတွေဟက်



ငါးဝင်းကြီးဘုရားရှိ ရှေးဟောင်းမဟာဝိဇယသိမ်တော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖျဉ်ပုံတောရစွယ်တော်ဆရာတော် ဘဒ္ဒန္တနေမိန္ဒ၏တရားအလှူ

တက်ကွဲတော့တာပေါ့။ ဒါဟာ သင်ခန်းစာပါပဲ။ ကိုယ်မြတ်နိုးတန်ဖိုးထားတဲ့၊ ကိုယ်စွဲလမ်းလွန်းတဲ့ ကာမဂုဏ်အာရုံတွေက အနီးကပ်ဆုံး၊ အကြမ်းတမ်းဆုံး နှိပ်စက်နေတာပါပဲ။ ဘုရင်ကြီးမှာလည်း မလှူးသာမလွန့်သာနဲ့ပေါ့။ အစားပျက် အအိပ်ပျက် တိုင်းရေးပြည်ရေးတွေကိုပစ်ပြီး စိတ်သောကဝေဒနာကို အပြင်းအထန်ခံစားနေရပါတော့တယ်။ တရားသံဝေဂရစရာပါ။ ကာမဂုဏ်အာရုံတွေဟာ လိုချင်တုန်းကလည်းပူ၊ သူ့သဘောသူဆောင် အနိစ္စသဘောနဲ့ ပျောက်သွားပြန်တော့လည်းပူနဲ့ အပူပေါ် အပူဆင့်လို့သာ နေပါတော့တယ်။

အဲဒီအပူကို သတိရယ်၊ ပညာရယ်နဲ့ မငြိမ်းသတ်နိုင်တဲ့



မွေ့စကြာအဖွဲ့

ဘုရင်ကြီးဟာ မိဖုရားကြီးပျောက်သွားလို့ ရှေ့နိုင်,မကယ်နိုင် ဖြစ်နေပါပြီ။ တိုင်းရေးပြည်ရေးတွေ လစ်ဟင်းတော့ ပညာရှိအမတ်(၃)ယောက် ခေါင်းချင်းရိုက်ဆွေးနွေးရပါတော့တယ်။ ဒီလိုနဲ့ အကြံတွေဉာဏ်တွေ ထုတ်ကြပါတယ်။ သူတို့ရဲ့အကြံဉာဏ်က ဒီလိုပါ။

ဘုရားလောင်း သေနကပညာရှိအမတ်က ကျန်တဲ့ပက္ကုသနဲ့ အာယုရကို ပြောပါတယ်။

"တို့ဘုရင်ကြီးမှာ ကျန်တဲ့ရောဂါရှိတာမဟုတ်ဘူး။ ဒါဟာ ကာမရာဂပူလောင်လို့ဖြစ်ရတာ။ တစ်နည်းအားဖြင့် စိတ်ကြောင့်ဖြစ်ရတာပေါ့။ ရေကြောင့်ဖြစ်တဲ့ အညစ်အကြေးကို ရေနဲ့ပဲပြန်ဆေးရသလို စိတ်ကြောင့်ဖြစ်တဲ့ ကိလေသာအညစ်အကြေးကိုလည်း သန့်ရှင်းတဲ့စိတ်နဲ့ပဲ ပြန်ဆေးရမယ်" ပေါ့။

ဒီလိုနဲ့ တစ်နေ့တော့ မင်းရင်ပြင်မှာ ပွဲလမ်းသဘင်တစ်ခုကို အကြံနဲ့ဉာဏ်နဲ့ ကျင်းပကြပါတယ်။ ပွဲသဘင်ကျင်းပတယ်ဆိုရင်ပဲ အမတ်(၃)ဦးဟာ ဘုရင်ကြီးထံသွားပြီး စိတ်ပြေလက်ပျောက် ပွဲလမ်းသဘင်မှာ အပန်းဖြေဖို့ ဖွတ်အတင်းပဲ ခေါ်ဆောင်ကြပါတယ်။ ဒီလိုနဲ့ ဘုရင်ကြီးလည်း ပါလာတယ်ပေါ့လေ။ ကပြတဲ့အစီအစဉ်တွေက တစ်ခုပြီးတစ်ခု၊ တစ်ခုပြီးတစ်ခုနဲ့ပေါ့။

အဲဒီအစီအစဉ်တွေထဲမှာ ဘာပါသလဲဆိုတော့ (၃၂)လက်သစ်ရှိတဲ့ သန်လျက်ကိုမျိုပြတဲ့ ပြကွက်တစ်ခုပါပါတယ်။ ယခုခေတ်အခေါ်ဆိုရင်တော့ မျက်လှည့်သဘောမျိုးပေါ့။

သန်လျက်ဆိုတာဟာ ဘုရင်တွေရဲ့လက်နက်ပါ။ ရေမြေ့သေဌ်နှင်းပြည့်ရှင်မင်းရဲ့ လက်နက်ဆိုတော့ ထက်မယ်၊ မထက်ဘူးဆိုတာ ပြောဖို့တောင် မလိုတော့ပါဘူး။ အဲဒီပြကွက်ကို ကပြဖို့လည်း ဘယ်လောက်ခက်လိုက်မလဲ။ ဘယ်



www.burmeseclassic.com

www.burmeseclassic.com

လောက်တောင် အံ့သြဖို့ကောင်း မလဲဆိုတာ စဉ်းစားကြည့်ရင် သိပါလိမ့်မယ်။

ဘုရင်ကြီးဟာ အဲဒီပြကွက်ကိုလည်းတွေ့ရော 'အင်း..လောကကြီးမှာ ဒီလို သန်လျက်ကိုမျိုတဲ့ အလုပ်ထက်ခက်တာ ရှိမှာမဟုတ်တော့ဘူး' ဆိုပြီး အံ့သြဘနန်း ချီးမွမ်းခန်းဖွင့်ပါတယ်။

ဒီစကားကို ကြားရတဲ့အခါမှာတော့ အကြံနဲ့ဉာဏ်နဲ့ စောင့်နေတဲ့ အာယုရဟာ ကိုယ့်မွှင်ထဲဝင်လာတဲ့ အခွင့်အရေးကို လက်လွှတ်မခံဘဲ ချက်ချင်းဆိုသလိုပဲ ပြန်လည်လျှောက်တင်လိုက်ပါတယ်။


ပရိယတ္တိသံဃာတော်များ၏ ဆွမ်းအလှူခံကြွအလုပ်မ်း

သူလျှောက်တင်လိုက်ပုံက ဒီလိုပါ။

'မင်းကြီး..လောကကြီးမှာ ဒီလိုသန်လျက်ကိုမျိုခြင်းထက် ခက်ခဲတဲ့အမှု ရှိပါသေးတယ်။ အဲဒါကတော့ မိမိမှာ ရှိနေတဲ့၊ မိမိရဲ့စိတ်အာရုံမှာ ကပ်ငြိနေတဲ့ ဝတ္ထုကို စွန့်မယ်၊ ပေးမယ်လို့ ပြောလိုက်တာဟာ အဲဒီသန်လျက်ကို မျိုတဲ့အမှုထက် ခက်ပါတယ်မင်းကြီး' လို့ လျှောက်ပါတယ်။

ဒါနဲ့ ဘုရင်ကြီးလည်း စဉ်းစားတယ်ပေါ့။

'ကြည့်စမ်း၊ ငါဟာ ငါပိုင်တဲ့မိဖုရားအချောအလှ ချစ်မငြီးတဲ့ ချစ်ဇနီးကို ပုရောဟိတ်သားကိုပေးမယ်လို့ ပြောမိပေတယ်။ ငါဟာ လောကမှာ ခက်ခဲတဲ့အလုပ်ကို လုပ်နိုင်တဲ့ အာဂလူပါလား' လို့ အားရဝမ်းသာဖြစ်လာပြီးတော့ သူ့ရဲ့ စိတ္တဇရောဂါဟာလည်း သုံးချိုးတစ်ချိုး ပြေပျောက်သွားပါတော့တယ်။

ဒါနဲ့ ဘုရင်ကြီးက မိန့်ပါတယ်။

'ကိုယ့်မှာရှိတဲ့ ပစ္စည်းကို ပေးမယ်၊ စွန့်မယ်လို့ ပြောလိုက်တဲ့ အလုပ်ထက်ရော ခက်ခဲတဲ့အလုပ် လောကမှာ ရှိသေးလား' လို့ ဆက်မိန့်ပါတယ်။

အဲဒီအခါမှာတော့ ပဏ္ဍုသပညာရှိအမတ်က လျှောက်ထားပါတယ်။

'မင်းကြီး..လောကမှာ ပေးလှူမယ်လို့ပြောပြီး ပြောတိုင်း မလှူရင်လည်း အဲဒီအလုပ်ဟာ အထမမြောက်လို့ ဒါဟာလည်း ခက်ခဲတယ်လို့ မဆိုနိုင်သေးပါဘူး။ မိမိပြောထားတဲ့အတိုင်း လက်တွေ့ကျကျ လုပ်လိုက်မှ၊ လှူလိုက်မှ၊ ပေးလိုက်မှပဲ အထမြောက်တဲ့အတွက် လက်တွေ့ပေးလှူခြင်းဟာသာ လောကမှာ ခက်ခဲတဲ့အလုပ်ပါ' လို့ လျှောက်ထားပြန်ပါတယ်။

ဘုရင်ကြီးလည်း ဆက်ပြီးစဉ်းစားပါတယ်။


'ငါဟာ ပုရောဟိတ်သားကို ပေးမယ်လို့သာပြောပြီး


မြို့တွင်းသို့ အကြွသည်ညီခံ မကြွလုမ်းခင် တောရဆွယ်တော်ဆရာတော်၏ မေတ္တာပို့



www.burmeseclassic.com

www.burmeseclassic.com



သံဃာတော်များ ပရိဝါသ်ကျောင်းဆောင်

မပေးလှူဘဲ မနေဘူး။ လက်တွေ့အထမြောက်အောင်ကို တကယ်ပဲ ပေးလှူခဲ့ပါတယ်။ ငါဟာ လောကမှာ အလွန်ခက်ခဲတဲ့အလုပ်ကို လုပ်နိုင်တဲ့သူပဲ ဆိုပြီး ကျေနပ်မှုတွေဖြစ်ကာ မိမိရဲ့ရောဂါဟာလည်း သုံးချိုးနှစ်ချိုးသက်သာလို့ စိတ်ချမ်းသာမှု အတော်အတန်ရသွားပါတယ်။

ဘုရင်ကြီးဟာ ဒီတင်ဆိုင်း မနေပါဘူး။ ဆက်ပြီးမိန့်ပြန်ပါတယ်။

'အင်း‥လောကကြီးမှာ ပေးလှူခြင်းထက်ခက်တာ ဘာရှိသေးသလဲ' ပေါ့။

ဒီတစ်ခါတော့ ဘုရားအလောင်း သေနကအမတ်ရဲ့ အလှည့်ပါ။

ဘုရားအလောင်းသေနက ပညာရှိအမတ်က-

'မင်းကြီး‥လောကကြီးမှာ ပြောတိုင်းလည်းပေးလှူ ပေးလှူခဲ့တဲ့အတိုင်းလည်း လှူပြီးနောက်ပိုင်းမှာ မိမိလုပ်ခဲ့တဲ့ ကောင်းမွန်မှန်ကန်တဲ့စိတ်ထားနဲ့ လုပ်ရပ်ကို ကျေနပ်နှစ်သက်မှုဖြစ်ရမယ်။ သူတစ်ပါးအပေါ်မှာ စေတနာအပြည့်၊ မေတ္တာအပြည့် ထားရမယ်။ အဲဒီလိုပြောတဲ့အတိုင်းလည်း ပေးလှူ၊ ပေးလှူခဲ့သည့်အတိုင်းလည်း ကြည်နူးဝမ်းမြောက်မှုရှိခြင်းဟာ လောကကြီးမှာတော့ ခက်ခဲတကာ့အခက်ခဲဆုံး၊ အခက်ကို အခက်ဆင့်တဲ့ အခက်အခဲဆုံးအလုပ်ပဲ' လို့ လျှောက်ထားလိုက်တဲ့အခါမှာ ဘုရင်ကြီးရဲ့စိတ်ထဲမှာ ကျေနပ်ကြည်နူးမှုတွေဟာ တဖွားဖွားပေါ်လာပါတော့တယ်။

'အင်း‥လောကကြီးမှာ ငါဟာ အခက်တကာ့ထွတ်ခေါင် အခက်ခဲဆုံးအလုပ်ကို လုပ်နိုင်တဲ့သူပါလား' လို့ ပီတိသောမနဿတွေအတိဖြစ်လို့ မိမိရဲ့ကိုလေသာအပူ ရောဂါထူထူကြီးဟာလည်း အကြွင်းမဲ့ဥသုံ ပျောက်သွားရပါတော့တယ်။

◆◆◆

ဘာတစ်ခုမျှမတည်မြဲတဲ့ လောကကြီးထဲမှာ မတည်မြဲခြင်းသာလျှင် တည်မြဲခြင်းနိယာမပါလားလို့ သဘောပေါက်တဲ့အခါ။

ကံ၊ကံ၏အကျိုးနှင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာရေး (၃)ပါးကို ရေးရေးမျှ မြင်တဲ့၊ သိတဲ့အခါ-

ဘဝခန္ဓာရဲ့ ကာမဂုဏ်အာရုံ စားဝတ်နေရေးတွေအတွက် ရှာကြဖွေကြတာမှန်ပေမယ့် ရှာဖွေလို့၊ စုဆောင်းလို့ရတဲ့ ကာမဂုဏ်အာရုံတွေအပေါ်မှာ သိပ်ပြီးတော့ တပ်မက်စွဲလမ်းမှု မရှိတတ်ကြတော့တာ ခမ္မတာပါ။

သို့ဖြစ်ပါ၍ မိမိလည်း မျှတစွာသုံးဆောင်ခံစား၍ သူတစ်ပါးအပေါ်၌လည်း စေတနာမေတ္တာအပြည့်ထား၍ ကိုယ်ချင်းစာနာ မျှတဝေငှတတ်ပါလိမ့်မည်။

ဤသည်သာလျှင် ချမ်းသာခြင်းတရားကို ရှာဖွေသကဲ့သို့ အခက်ကိုအခက်ဆင့်သည့် အခက်အခဲဆုံးအလုပ်ကို ဆောင်ရွက်ခြင်းပင်ဖြစ်သည်ဟု ခမ္မစကားဆိုရင်း-

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့၊ ပိတ်ဖြူတောရကျောင်းတိုက်၌ ကျင်းပသည့် သတ္တမအကြိမ်မြောက် ပရိဝါသ်ဆောက်တည်ပွဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် အထူးတရားပွဲတို့တွင် အနယ်နယ်အရပ်ရပ်မှ ကြွရောက်တော်မူလာကြသည့် ဆရာတော်၊ သံဃာတော်(၈၅)ပါးတို့ကို ပစ္စည်းလေးပါးဖြင့် ဒါနအမှုကို လက်မတွန့်ဘဲ ရွက်ဆောင်ခဲ့ကြသည့် ကညွတ်ကွင်းမြို့မှ ဒါနရှင်ထုအား-

အခက်ကို အခက်ဆင့်သည့် အခက်ဆုံးအလုပ်များကို လုပ်နေကြသူများဟု မုဒိတာပွား ဂုဏ်ပြုလိုက်ပါသည်။

ကိုရွှေမြသန်း(သမိုင်း)

<u>မှီငြမ်း</u>

* ရွှေဘုန်းရိပ်ဆရာတော် အရှင်ရာဇိန္ဒ(ကံမ)၏ အခက်ကို အခက်ဆင့်သည့် အခက်ဆုံး။



www.burmeseclassic.com

www.burmeseclassic.com

# ဥပုသ်ချောင်းဘေးမှာ သာတဲ့လ

ချိုတကူး(ကလေး)

ခု ကျုပ်တို့နိုင်ငံမှာ အခြေအနေအကြောင်းအရပ်ရပ် ပေါ်မူတည်ပြီး ပရဟိတအဖွဲ့တွေ ပေါ်ထွန်းလာခဲ့ပါတယ်။ အမြို့မြို့အနယ်နယ်အရပ်ရပ်တိုင်းမှာပါပဲ။ မပြည့်စုံတဲ့ လူမှုနယ်ပယ်တွေအတွက် များစွာထောက်ကူပြုတာမို့ ဝမ်းမြောက်ရပါတယ်။ ပြည့်စုံသူလူနည်းစုတွေအတွက် မထောင်းတာပေမယ့် ချို့တဲ့,ချို့ငဲ့သူ အများစုအတွက်တော့ ကယ်တင်ရှင်ကြီးများသဖွယ် ဖြစ်ကြရပါတယ်။

ပရဟိတကြီးကြီးငယ်ငယ်တွေ ပေါ်ပေါက်လာတဲ့နေရာမှာ လူအင်အား၊ ငွေအင်အား တောင့်တင်းစွာ ရွက်ဆောင်နိုင်တဲ့ အဖွဲ့အစည်းတွေရှိသလို မရှိမဲ့ရှိမဲ့စွာဖြင့် မဖြစ်,ဖြစ်အောင် ဖျစ်ညှစ်ပြီး စေတနာဗရပွထား ရွက်ဆောင်ကြတဲ့ အဖွဲ့အစည်းလေးတွေလည်း ရှိနေပါတယ်။

အဲဒီအထဲက ကလေးမြို့လေးမှာရှိနေတဲ့ မေတ္တာရှင်ပရိဟာတလူငယ်အဖွဲ့လေးအကြောင်း တစေ့တစောင်းကို ပြောပြမှာဖြစ်ပါတယ်။ စိတ်ဝင်စားဖွယ်၊ လေးစားဖွယ်၊ အတုယူဖွယ်ကောင်းတာမို့ ရေးသားတင်ပြချင်စိတ် တားမရလို့ ရေးဖြစ်ရပါတယ်။

သူတို့အဖွဲ့လေးရဲ့အမည်ကို မေတ္တာရှင်ပရဟိတလူငယ်အဖွဲ့ရယ်လို့ ရိုးရိုးစင်းစင်းလေးပေးထားကြပါတယ်။ မပြည့်စုံသူတို့ရဲ့ဘဝကို စာနာလို့ အကျိုးဆောင်ပေးချင်ကြတဲ့ စိတ်စေတနာရှိသူတွေဖြစ်ပေမယ့် သူတို့ကိုယ်နှိုက်ကလည်း မပြည့်စုံသူတွေ ဖြစ်နေတာကို တွေ့ရပါတယ်။ ချမ်းသာကြွယ်ဝသူတွေမဟုတ်ဘဲ သာမန်လက်လုပ်လက်စား၊ သာမန်ဝန်ထမ်း၊ သာမန်အငြိမ်းစား စတဲ့အခြေခံလူတန်းစားတွေချည်းလိုလို ဖြစ်နေပါတယ်။ သူတို့ကိုယ်တိုင် မိမိတို့ရဲ့မိသားစုဝမ်းစာအတွက် ရုန်းကန်လှုပ်ရှားနေကြရင်း အချိန်ထုတ်ပြီး၊ အချိန်ယူပြီး အများအကျိုးရွက်ဆောင်နေကြသူများဖြစ်ကြပါတယ်။

တစ်နေ့ သူတို့အဖွဲ့လေးနဲ့ ဆုံစည်းမိတော့ စတင်ဖွဲ့စည်းသူ အဖွဲ့ဝင်တစ်ယောက်ဖြစ်တဲ့ ကိုနဂါးကို မေးမြန်းကြည့်မိခဲ့ပါတယ်။

"ကျွန်တော်တို့နေထိုင်တဲ့ ရပ်ကွက်လေးက လက်လုပ်လက်စား ဆင်းရဲသားရပ်ကွက်လေးပါဗျာ။ နာရေးကိစ္စတစ်ခုဖြစ်ပြီဆိုရင် ပြည့်စုံမှုမရှိတဲ့ အခြေအနေတွေနဲ့မို့ ယုတ်စွအဆုံးပြောရရင် အလောင်းမြေချဖို့အတွက်ကိုပဲ ချေးရ၊ ငှားရ၊ ပြီးရင် ရက်လည်ဖို့အတွက် တွေးတောပူပင်ရ၊ နာရေးကိစ္စ လာမေးသူတွေအတွက် နေရာထိုင်ခင်းကအစ အခက်တွေ့ကြရပါတယ်။ ဝါးမတ္တာပ်ထိုးဖို့အတွက်ကိုပဲ ကြည့်ဦးဗျာ၊ ဝါးအလုံးရေ(၄၀)လောက်လိုတယ်။ ငှားခ တစ်လုံးကို နှစ်ရာကျပ် ပေးရတယ်။ ပြီးတော့ အမိုးအတွက် မိုးကာလိုပြန်ရော။ ကားပိုင်ရှင်အိမ်တွေ၊ ဒါမှမဟုတ် မိုးကာရှိသူတွေဆီ မျက်နှာငယ်ငယ်နဲ့ သွားငှားကြရတယ်။ အဆင်ပြေတဲ့အခါလည်းပြေပေါ့။ အများအားဖြင့်တော့ အကြောင်းအမျိုးမျိုးနဲ့ ငြင်းပယ်ခံရတာ များတယ်ဗျ။ တချို့ အပေါက်ဆိုးတဲ့သူတွေက ငါတို့မိုးကာကို မသာကိစ္စအတွက် ဝယ်ထားတာ မဟုတ်ဘူးလို့ အပြောခံရတာလည်း ကြုံရဖူးသဗျာ။

မရှိဆင်းရဲသားတွေရဲ့ဘဝဟာ သားသေ၊ လင်သေ၊ သမီးသေ၊ မယားသေ၊ မိဘမောင်ဘွားသေလို့မှ လွတ်လွတ်ကင်းကင်း ပူဆွေးရတာမျိုး မဟုတ်ဘူးဗျာ။ အပူပေါ်အပူဆင့်ကြရတယ်။ ဒါကို ကျွန်တော်တို့က စာနာမိတယ်။ ထပ်တူခံစားမိတယ်။ စာနာထောက်ထားရုံမက ကူညီဆောင်ရွက်ပေးလိုတဲ့စိတ်တွေ တဖွားဖွားဖြစ်နေတော့တာပါပဲ။ စိတ်မကောင်းပါဘူးဗျာလို့ ပါးစပ်ကပြောရုံနဲ့တော့ မတင်းတိမ်နိုင်တော့ဘူးလေ။ အများအားဖြင့်တော့ လူမှုရေးအရ ဒီလောက်နဲ့ပဲ အဆုံးသတ်ကြတာများတာကိုး။ မနောကံ၊ ဝစီကံကို လွန်မြောက်လို့ ကာယကံမြောက် လူမှုရေးအလုပ်ကို လုပ်လိုက်ချင်တယ်။ အဲသလိုဗျ"

"ဒါနဲ့ ညီလေးတို့အသင်းအဖွဲ့လေး စဖြစ်လာတာကို ပြောပြပါဦး" ဆိုတော့-

"ရပ်ကွက်ထဲမှာ သာရေး,နာရေးကိစ္စတွေ ပေါ်တိုင်း



www.burmeseclassic.com

www.burmeseclassic.com

ဝါး၊ မိုးကာ၊ စားပွဲခုံ၊ အိုးခွက်ပန်းကန်ကအစ လိုအပ်တာတွေကို ငှားရတယ်။ မေတ္တာနဲ့ကူညီတာရှိသလို ငွေပေးပြီး ငှားရတာလည်းရှိတယ်။ အများအားဖြင့်တော့ အခကြေးငွေနဲ့ ငှားကြတာများတော့ ဆင်းရဲသားတွေအတွက် ကျွန်တော်တို့ စပြီး စဉ်းစားမိလာပါတယ်။ ရှိတဲ့သူတွေအဖို့တော့ ဘာပြဿနာမှ မရှိဘူးပေါ့ဗျာ။ အဲသလို အကြိမ်ကြိမ်အခါခါ ကြုံတွေ့လာရတော့ ပရဟိတဆိုတဲ့ စကားလုံးလေး ကျွန်တော်တို့စိတ်ထဲ စဝင်လာတာပါပဲ။ စိတ်ထဲသာစဝင်လာတာ ဘာမှမတတ်နိုင်သေးဘူးလေ။ နှစ်တွေသာ တစ်နှစ်ပြီးတစ်နှစ် ကုန်သာသွားရော ကျွန်တော်တို့ကိုယ်နှိုက်ကလည်း မပြည့်စုံတဲ့သူတွေဆိုတော့လေ။ ဒါပေမဲ့ စိတ်မပျက်သွားဘူးဗျ။ ရင်ထဲမှာ အမြဲရှိနေကြတယ်။ ဒီပြင်ပရဟိတအဖွဲ့တွေဆီ မေးမြန်းတယ်။ လေ့လာမှတ်သားတယ်။ ဘာတွေလိုမယ်၊ ဘယ်လောက်ကုန်ကျမယ် စသဖြင့်ပေါ့လေ။

ကလေးမြို့မှာဆိုရင် ပရဟိတအမည်တပ်ထားတဲ့အဖွဲ့တွေ အများကြီးရှိပါတယ်။ တချို့ကျတော့လည်း အခကြေးငွေကိစ္စလေးတွေ ပါလာတာရှိတယ်။ အိုးခွက်ပန်းကန်ငှားခ၊ မီးစက်ငှားခ၊ မဏ္ဍပ်ငှားခ၊ စားပွဲခုံငှားခ စသဖြင့်ပေါ့။ အဲဒီမှာ ကျွန်တော်တို့သူငယ်ချင်းတစ်စုစိတ်ထဲမှာ ပရဟိတစစ်စစ်ဆိုတာ ဘာလဲလို့ အတွေးမေးခွန်းတစ်ခု ဝင်လာပါတယ်။ စိတ်တူကိုယ်တူ (၄၊ ၅)ယောက် စုမိလာတယ်။ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာတွေရဲ့ ဒုက္ခသုက္ခတွေကို မျှဝေခံစားရင်း ကိုယ်တတ်နိုင်သလောက် အခမဲ့ကူညီဆောင်ရွက်ကြရအောင်လို့ တိုင်ပင်ခဲ့ကြတယ်။ စည်းရုံးခဲ့ကြတယ်ဗျ။

ဒီလိုနဲ့ တစ်ညမှာ ကိုကျော်ဝင်းနဲ့ တွေ့ခဲ့ကြတယ်။ သူက မီးစက်၊ မီးချောင်း၊ မီးကြိုးတွေကို မရှိဆင်းရဲသားတွေအတွက်ဆိုရင် အခမဲ့ကူညီနေတဲ့သူကိုး။ သူနဲ့တိုင်ပင်ခဲ့ကြပြီး ကျွန်တော်တို့လည်း နာရေးကူညီမှုအဖွဲ့လေးလုပ်ဖို့ ဆုံးဖြတ်ခဲ့ကြတယ်ပေါ့ဗျာ'

'ဒါဆို ညီလေးတို့က အဲဒီမှာပဲ စတင်ဖွဲ့စည်းဖြစ်တော့တာပဲလား'

'မဟုတ်ဘူးဗျ၊ အချိန်ယူရတယ်။ လူငယ်လေးတွေကို စည်းရုံးရတယ်။ စည်းရုံးတယ်ဆိုတာကလည်း အပြောလွယ်သလောက် အလုပ်ခက်ပါတယ်။ လူဆိုတာ စိတ်ပါရုံနဲ့ လုပ်မဖြစ်ဘူးလေ။ တချို့စိတ်သာရှိတယ်၊ လူက မလိုက်နိုင်ဘူး။ တချို့ကျတော့လည်း လူအားတယ်၊ စိတ်မပါဘူး။ အပျော်သဘောမျိုး လာချင်လာလိုက်၊ လုပ်ချင်လုပ်သွားလိုက်၊ မလာချင်မလာ၊ မလုပ်ချင်မလုပ်ဘဲ နေလိုက်တာမျိုးလည်းရှိတယ်။ တာဝန်သိစိတ်နဲ့ လုပ်ကိုလုပ်မှဖြစ်မယ်ဆိုတဲ့ ခိုင်မာတဲ့စိတ်လိုတယ်။ အဲသလိုလူမျိုးက ရှားပါတယ်။ ရှားပေမယ့် ကျွန်တော်တို့က စိတ်ရှည်ရှည်ထား စုဆောင်းလိုက်တာ၊ လူရွေးလူစုလိုက်တာ (၂၀၁၁)ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့ နံနက်(၉)နာရီအချိန်မှာ လူငယ်လူဦးရေ(၃၇)ယောက်နဲ့ စတင်ဖွဲ့စည်းဖြစ်ခဲ့ပါတယ် အစ်ကို'

'(၁-၁-၂၀၁၁)ရက်နေ့ပေါ့နော်။ ကောင်းလိုက်တဲ့ရက်စွဲပဲ။ တစ်လေးလုံးအမှတ်တရအဖြစ် မှတ်မိသားမိဖြစ်တာပေါ့။ အဲဒီမှာ ဘယ်လိုသတ်မှတ်ချက်တွေ၊ မူစည်းကမ်းတွေ ချမှတ်ခဲ့ကြသလဲ ညီလေးတို့'

'အဖွဲ့အစည်းအမည်ကို မေတ္တာရှင်ပရဟိတလူငယ်အဖွဲ့ရယ်လို့ သတ်မှတ်ခေါ်တွင်စေတယ်။ နာရေးအဓိကဆိုပေမယ့် သာရေးမှာပါ အခလွတ် လူအင်အား၊ ပစ္စည်းအင်အား ရှိသရွေ့နဲ့ ကူညီကြမယ်။ ကာယကံရှင်စိတ်တိုင်းကျ အတတ်နိုင်ဆုံးဆောင်ရွက်ပေးမယ်။ ပစ္စည်းသယ်ယူစရိတ် ကားခကိုတော့ ကာယကံရှင်က ကုန်ကျခံပေးရမယ်။ ဒါလည်း တကယ်မတတ်နိုင်သူဆိုရင် အဆင်ပြေသလို


လုပ်အားဒါနပြုမယ့် အဖွဲ့သားများ

www.burmeseclassic.com

www.burmeseclassic.com

ဆောင်ရွက်ပေးမယ်။ မရှိဆင်းရဲသား၊ ဒါမှမဟုတ် ပိုင်ရှင်မဲ့အလောင်းလိုဖြစ်နေရင် အခေါင်းကိုလှူမယ်။ နာရေးကိစ္စရက်လည်တဲ့နေ့အထိ ကူညီဆောင်ရွက်ပေးပြီး အဲဒီအတောအတွင်း ကုန်ကျစရိတ်ငွေတစ်သိန်းကျပ်အထိကို အဖွဲ့ကစိုက်ထုတ်ပေးထားတယ်။ နောက်မှ အသုဘကူညီငွေရတဲ့အခါပြန်ဆပ်ပေါ့ဗျာ။ စဖွဲ့တော့ အဖွဲ့ဝင်(၃၇)ဦးက လစဉ်ကြေးတစ်ဦးကို ငါးရာကျပ်စီပေးသွင်းပြီး စခဲ့ကြပါသဗျာ'

'(၃၇)ယောက် (၅၀၀)ကျပ်နှုန်းနဲ့ဆိုတော့ တစ်လကို (၁၈၅၀၀)ကျပ်ပဲ ရမှာပေါ့။ အဲသလောက်ငွေနဲ့ဆိုရင် တော်တော်ကြာကြာ စိတ်ရှည်ရှည်ထား စုဆောင်းခဲ့ရမှာပဲ။ ငွေကြေးလည်ပတ်မှုရှိရဲ့လားဗျာ။ မြို့ထဲရွာထဲ အလှူခံမထွက်ကြဘူးလား'

'ကျွန်တော်တို့အဖွဲ့က မကြာသေးပေမယ့် ကျွန်တော်တို့ရဲ့ လုပ်ဆောင်ချက်တွေကြောင့် အဆင်ပြေပြေသွားတယ်ဗျ။ အသင်းဖွဲ့ပြီး မကြာခင်မှာပဲ ခေတ်ကာလအခြေအနေအရ အနေအထားကိုကြည့်ပြီး လုပ်လိုက်ကြတာ။ ကောက်ခံရရှိငွေနဲ့ပဲ မြေကျင်းတူးပြီးလုပ်ရတဲ့ ဝါးမဏ္ဍပ်အစား ကွန်ကရစ်တုံးနဲ့ သစ်သားတိုင်တွေ၊ တန်းတွေနဲ့ မဏ္ဍပ်တစ်စုံလုပ်ဖြစ်သွားပါတယ်။ မိုးကာကိုလည်း ကိုယ်ပိုင်ဝယ်ဖြစ်သွားပါတယ်။ အဲဒီအချိန်က အလှူခံမထွက်ပါဘူး။ ကြားသိပြီး စေတနာအလျောက် ထည့်ဝင်လှူဒါန်းငွေတော့ ရှိတာပေါ့။ အဲဒါကို မှတ်တမ်းပြုထားပါတယ်'

'ဝမ်းသာစရာပါပဲ။ ဒါနဲ့ အသုဘအိမ်မှာ ငွေတစ်သိန်းအထိ စိုက်ထုတ်ပေးထားပြီး ရက်လည်တဲ့နေ့ရောက်တော့ ကူငွေက တစ်သိန်းထက်ပိုရရင် ကာယကံရှင်ကို အပ်နှံပေးမယ်ဆိုတာတော့ သိပါတယ်။ ဒါပေမဲ့ ကူငွေက တစ်သိန်းအောက်ဆိုရင်ရောဗျာ'

'ဟာ..အစ်ကိုတွေးသလို ကြုံဖူးတယ်။ အဲလိုဖြစ်ရင်လိုငွေကို လှူလိုက်ရတာပါပဲဗျာ။ ဘယ်တတ်နိုင်ပါ့မလဲ။ ဟိုမှာက မရှိတဲ့အထဲ အပူသည်ဖြစ်နေတာဆိုတော့ ပြောရရင် တကယ်ဆင်းရဲသူမှန်ရင် ပစ္စည်းသယ်ယူစရိတ်ကအစ မီးစက်ဆီဖိုးအလယ်၊ အသုဘမြေချဖို့ သစ်သားခေါင်းအဆုံး အဖွဲ့ကပဲ ကုန်ကျခံရတယ်။ တကယ်မရှိပြီဆိုရင်အစ်ကိုရာ သက်ပျောက်ဆွမ်းတရားနာ၊ အိမ်ဆင်းတရားနာ၊ ဘုန်းကြီးပင့် သရဏဂုံတင် အစစလုပ်ပေးရတာပါပဲ'

'နောက် ကူညီဆောင်ရွက်တယ်ဆိုတဲ့နေရာမှာ မဏ္ဍပ်ဆောက်၊ စားပွဲကုလားထိုင်ချပေးပြီး အိုးခွက်ပန်းကန်တွေသူ့နေရာနဲ့သူထားပေး၊ မီးစက်နေရာယူ၊ မီးချောင်း၊ မီးကြိုးတွေဆွဲပြီး ပြင်ဆင်ပေးပြီးပြီဆိုပါတော့ နောက်ထပ်ဘာတွေဆက်လုပ်ပေးကြပါသလဲဗျာ။ ရက်လည်တဲ့နေ့အထိဆိုတော့ တချို့က အယူအဆမျိုးမျိုး (၃)ရက်၊ (၅)ရက်၊ (၇)ရက် စသဖြင့်ပေါ့။ အဲသလိုရက်တွေမှာ နေ့ရောညရော ဘာတွေလုပ်နေကြသလဲ သိချင်လို့ပါနော်'

'အဲဒါက ကာယကံရှင်ရဲ့ အခြေအနေပေါ်မူတည်ပြီး လိုအပ်ရင်လိုအပ်သလို လုပ်ဆောင်သွားတာပါပဲ။ ကျွန်တော်တို့ဘက်က စောစောကပြောသလို အခြေခံလိုအပ်ချက်တွေ ပြင်ဆင်ပေးပြီးတာနဲ့ ပြီးတာပါပဲ။ ဒီနေရာမှာ တချို့ဝေဖန်ကြတဲ့စကားရှိတယ်။ သာရေး,နာရေးကိစ္စတွေမှာ ကျွန်တော်တို့အဖွဲ့က မှီပြီးစားသောက်နေထိုင်ကြတယ် ဆိုတာမျိုးပေါ့။ အဲသလို အပြောမျိုးမခံရအောင် အဖွဲ့သားတွေကို ရေတောင် မသောက်ကြဖို့ မှာထားပါတယ်။ အစားတစ်လုတ်အတွက်နဲ့ အဖွဲ့ရဲ့ စစ်မှန်တဲ့မေတ္တာစေတနာကို အထိအပါးမခံချင်လို့ပါဗျာ။ လုံးဝမစားမသောက်ဘူးရယ်လို့တော့ မဟုတ်ဘူးပေါ့။ ကာယကံရှင်နဲ့ ပတ်ဝန်းကျင်ရဲ့ တုံ့ပြန်မှုအခြေအနေပေါ် မူတည်တာပေါ့။ ဒါပေမဲ့ ဖြစ်နိုင်ရင်တော့ မစားမသောက်ကြပါဘူး။ ကိုယ့်အဖွဲ့



ရှိတဲ့နာရေးကိစ္စတစ်ခု အသုဘခေါင်းကို အဖွဲ့က အိမ်မှအထုတ်မြင်ကွင်း



www.burmeseclassic.com

www.burmeseclassic.com



ချိုတွဲသူအသုဘခေါင်းကို သုသာန်သို့ အဖွဲ့က သယ်ယူလာပုံ

အတွက် ကာယကံရှင်အပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေချင်တာ အမှန်ပါပဲ။ အလုပ်ဆိုတာကတော့ အစ်ကိုသိတဲ့အတိုင်း ကိစ္စမပြီးမချင်း ရှိနေတာပါပဲ။ ဒါပေမဲ့ လုပ်မယ့်ကိုင်မယ့်သူတွေ ပေါများနေရင် ကျွန်တော်တို့အဖွဲ့က ပြန်လာခဲ့တာပါပဲ။ လိုမှမလိုအပ်တာကိုး။ နောက်ပြီး ကျွန်တော့်အဖွဲ့သားတွေကလည်း အားလပ်ပြီး အားနေတဲ့သူတွေမှ မဟုတ်တာဘဲ။ ကိုယ့်မိသားစု ဝမ်းစာအတွက်လည်း ရုန်းကန်လှုပ်ရှားနေကြရတဲ့သူတွေချည်းပါပဲ။ မအားတဲ့ကြားက အချိန်ဖဲ့ပြီး လုပ်နေကြတာပါ အစ်ကို'

'နောက်တစ်ခါ ညီလေးတို့က နာရေးသာမက သာရေးမှာလည်း လိုက်ပြီးကူညီပေးကြတယ်ဆိုတော့ သာရေးနဲ့ နာရေး တိုက်ဆိုင်နေရင် ဘယ်လိုဖြေရှင်းလုပ်ကိုင်ကြသလဲ။ နောက် နာရေးကိစ္စတစ်ခု အပြီးမသတ်ခင်၊ ရက်မလည်ခင် နောက်ထပ်နာရေးတစ်ခု ပေါ်လာတာမျိုး ကြုံဖူးပါသလား။ အဲသလိုဖြစ်ရင် ဘယ်လိုဆုံးဖြတ်လုပ်ကိုင်ကြသလဲ။

ပြီးတော့ ညီလေးတို့က ကိုယ့်ရပ်ကွက်လေးအတွက် ပရဟိတလုပ်ဖို့ အစကနဦးမှာ ရည်ရွယ်ခဲ့ပေမယ့် ခုချိန်မှာ တော့ ဒီပြင်ရပ်ကွက်တွေရော နီးရာကျေးရွာတွေအထိ လိုက်လံဆောင်ရွက်ပေးနေတာ တွေ့ရတယ်လေ။ တကယ်လို့ ကိုယ့်ရပ်ကွက်ပြင်ပနဲ့ အဝေးတစ်နေရာမှာ ရောက်တုန်း ကိုယ့်ရက်ကွက်လေးထဲမှာ နာရေး၊ သာရေးကိစ္စ ပေါ်လာရင်ရော အဲဒါလေး ဖြေပေးပါလား'

'အဲသလိုကိစ္စတွေအတွက် ပြင်ဆင်ထားပါတယ်။ အရေးပေါ်သုံးဖို့ မဏ္ဍပ်တစ်စုံ သီးသန့်ထားပါတယ်။ ဝါးမဏ္ဍပ်နှစ်စုံ၊ အင်္ဂတေမဏ္ဍပ်နှစ်စုံ၊ ဒီဇယ်မီးစက်ကြီးနှစ်လုံး၊ လက်ဆွဲမီးစက်တစ်လုံးကိုယ်ပိုင်ရှိပါတယ်။ နောက်လိုအပ်ရင် ကိုကျော်ဝင်းရဲ့ မီးစက်နှစ်လုံးလည်း ရှိနေပါတယ်။ ကျန်တဲ့ပစ္စည်းတွေလည်း ခွဲဝေသုံးလို့ရပါတယ်။ အဖွဲ့သားတွေလည်း လူခွဲပြီး လုပ်ပေးကြပါတယ်။ ခုချိန်ထိတော့ အဆင်ပြေနေပါတယ်'

'ညီလေးတို့က အစပထမမှာတော့ နာရေးကိုအဓိကထားပြီး အဖွဲ့ဖွဲ့ခဲ့ပေမယ့် ခုတော့ သာရေးမှာပါ ကူညီဆောင်ရွက်ပေးကြတယ်ဆိုတော့ သာရေးနဲ့နာရေး ဘာတွေဘယ်လို ကွာခြားမှုရှိသလဲဗျာ'

'ဟုတ်တယ် အစ်ကို၊ သာရေးကိစ္စတွေမှာလည်း ကူညီနေပါပြီ။ သာရေးဆိုတဲ့အတိုင်း တတ်နိုင်လို့လုပ်ကြတာဆိုတော့ ကျွန်တော်တို့ဆီမှာရှိတဲ့ မဏ္ဍပ်၊ စားပွဲခုံ၊ မီးစက်၊



ချိုတွဲသူ အသုဘခေါင်း မြေချအပြီးပုံ



www.burmeseclassic.com

www.burmeseclassic.com



ဓမ္မဗျူဟာရှင်ပရဟိတလူငယ်အဖွဲ့က ရျိုတဲ့နာရေးကိစ္စတွင် ဤကဲ့သို့ ဘုန်းကြီးပင့်၍ တရားနာရက်လည်ပွဲပြုလုပ်ပေးခဲ့သည်၊

ခဲ့တာ (၁၆၂)ကြိမ်ရှိပြီဗျ။ အသုဘ ခေါင်းလှူခဲ့တာက (၃၂)ခေါင်း ရှိသွားပြီ၊ ခုလို အားတက်သရော လုပ်ပေးခဲ့လို့ စေတနာရှင်တချို့က ကျွန်တော်တို့အဖွဲ့ကို အသိအမှတ်ပြုပြီး ငွေကြေးထည့်ဝင်လှူဒါန်းတာတို့၊ ပစ္စည်းအနေနဲ့ ပံ့ပိုးကူညီတာတို့ ရှိလာပါတယ်ဗျာ'

'ညီလေးတို့ အသင်းအဖွဲ့ပိုင်ပစ္စည်းတွေရော ပြည့်ပြည့်စုံစုံဖြစ်နေပြီလားဟင်'

'ပြည့်စုံတယ်လို့တော့ မဟုတ်သေးဘူးဗျ။ အစကနဲ့ စာရင်တော့ အလုပ်ဖြစ်ရုံအတွက်တော့ အတန်အသင့်ရှိလာပြီ ဆိုရမှာပေါ့လေ။ စေတနာရှင်တွေရဲ့ ပံ့ပိုးမှုရယ်၊ နောက်ပြီး အသင်းဝင်တို့ရဲ့ လစဉ်ကြေးရတာတွေရယ်ပေါင်းပြီး စုဆောင်းလာခဲ့ကြတာပေါ့။ မဏ္ဍပ်(၂)စုံ၊ ထိုင်ခုံ(၁၀၀)၊ စားပွဲ(၁၆)စုံနဲ့ အိုးခွက်ပန်းကန်တွေ အတော်လေးစုမိဆောင်းမိနေပါပြီ။ အဲဒီပစ္စည်းတွေနဲ့ပတ်သက်လို့ အဖိုးအခလုံးဝမယူဘဲ အခမဲ့လွှတ် ကူညီနေတာပါ'

'ဒါနဲ့ ညီလေးတို့ကို အမြဲလိုလိုကူညီပံ့ပိုးပေးနေတဲ့သူတွေရှိရင် ပြောပြပါလား'

'ရှိတယ်အစ်ကို။ မင်္ဂလာဥယျာဉ်ရပ်ကွက် သစ်စက်ပိုင်ရှင် ဦးစောမောင်ဝင်းနဲ့ဇနီးတို့က လိုအပ်လာရင် အသုဘခေါင်းအတွက် ပျဉ်တွေအမြဲလိုလိုပေးလှူပါတယ်။ နောက်ပြီး ကျွန်တော်တို့အဖွဲ့ထဲကပဲ ကိုကျော်ဝင်းပေါ့။ မီးစက်နဲ့ပတ်သက်လို့ တာဝန်ယူဆောင်ရွက်ပေးတယ်။ ခုဆို ကျွန်တော်တို့အဖွဲ့ရဲ့ လူ့ပ်ရှားဆောင်ရွက်ပေးမှုတွေကို မှတ်တမ်းဓာတ်ပုံရိုက်ပေးသူကတော့ ကိုသိန်းဆန်း(ပညာပန်းတိုင်ဘော်ဒါဆောင်)က ပြုလုပ်ပေးနေပါတယ်။

ဒီနေရာမှာ ပြောချင်တာတစ်ခုက အဖွဲ့ဝင်တွေ ကျွန်တော်အပါအဝင်ပေါ့ ကုန်တင်ကုန်ချရုံးမှာ လုပ်နေတာဆိုတော့ အရေးပေါ်ကိစ္စတစ်ခု ပေါ်ပေါက်လာရင် ရုံးရဲ့ဦးစီးအရာရှိ ဦးတင်မောင်အုန်း၊ စောင့်ရှောက်ရေးမှူး ကိုမိုးရှန်၊ လုပ်သားမှူး ကိုဝင်းနိုင်၊ ဦးစောလင်းတို့က နားလည်မှုနဲ့ ခွင့်ပြုပေးသလို ကျွန်ရုံးအဖွဲ့ကလည်း ရုံးလုပ်ငန်းမထိခိုက်စေဖို့ ကူညီကြတယ်။ ဒီတော့ ကျွန်တော်တို့လည်း နောက်

ပန်းကန်ခွက်ယောက်အပြင် ပြည့်စုံလုံလောက်မှုမရှိရင် လိုအပ်တာတွေကို ဖြည့်စွက်ငှားရမ်းပေးရတာပေါ့။ ပြီးတော့ အလှူဆင်တဲ့နေရာမှာလည်း လိုအပ်ရင်လိုအပ်သလို မွမ်းမံပေးရတာပေါ့။ ကုန်ကျစရိတ်ကို သူတို့ခံတာပါပဲ။ ကိုယ်က လုပ်အားစိုက်ပေါ့။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ကတော့ ပရဟိတစိတ်ထားအပြည့်နဲ့ ကိုယ်ကျိုးမဖက်ဘဲ ဆောင်ရွက်ပေးကြပါတယ်။ ခုဆို ကိုယ့်ရပ်ကွက်လေးတင်မကဘဲ ဒီမြို့ပြင်ရပ်ကွက်၊ ကျေးရွာလေးတွေအထိပါ ဆက်နွှယ်မှုရှိသလို သွားရောက်ပြီး လုပ်ဆောင်ပေးနေပါပြီ။

သာရေးနဲ့ နာရေးဆိုတဲ့အတိုင်း ကွာတာပေါ့ အစ်ကိုရာ၊ သာရေးကျတော့ မုဒိတာစိတ်လေးမွေးပြီး အပျော်စိတ်နဲ့ လုပ်ရတာကိုး။ စိတ်ပါ ချမ်းမြေ့ရတာပေါ့။ ထပ်တူဝမ်းမြောက်တဲ့စိတ်နဲ့ ရွှင်လန်းတက်ကြွစွာ လုပ်ကြရတာမဟုတ်လား။

နာရေးကျတော့ ကရုဏာစိတ်လေးမွေးပြီး စာနာစိတ်နဲ့ လုပ်ရတော့ စိတ်ပါပူဆွေးစိတ်ကူးစက်နေတာပေါ့။ ထပ်တူဝမ်းနည်းစိတ်နဲ့ ခပ်လေးလေးဖြစ်နေသလားပဲ။ စိတ်လေးတာ ပြောတာပါ။ အလုပ်ကိုတော့ တတ်တက်ကြွကြွ အားအပြည့်ထည့်လုပ်ကြရပါတယ်။ ဒါမှလည်း ပူဆွေးနေတဲ့ ကာယကံရှင်တွေခမျာ အပူပေါ်အပူဆင့်ရတဲ့ဒုက္ခ သက်သာရမှာမဟုတ်လား။ မရှိဆင်းရဲသား နာရေးကိစ္စတွေမှာဆိုရင် ပိုပြီးဂရုပြုလုပ်ကြရတယ်။ လိုအပ်ရင် မြေကျင်းပါ လိုက်တူးပေးရတယ်။ ကျင်းတူးခကလည်း မသေးဘူးလေ။ ငှားရရင် သူတို့အဖို့ မလွယ်ဘူး။ ခုချိန်ထိ မြေကျင်းတူးပေး



www.burmeseclassic.com

www.burmeseclassic.com

ဆံမတင်းဘဲ ပရဟိတအလုပ် လုပ်ခွင့်သာတာပေါ့ဗျာ။ နောက်ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေ၊ မြို့မိမြို့ဖတွေ၊ စည်ပင်ဝန်ထမ်းတွေ အားလုံးပါပဲ။ တတ်နိုင်တဲ့ဘက်က ကူညီကြပါတယ်'

'ပရဟိတဆိုတဲ့စကားက အင်မတန်ကျယ်ပြန့်တယ်။ လိုရင်းကတော့ အများအကျိုးပေါ့။ ညီလေးတို့ သာရေးနာရေးကိစ္စတွေအပြင် ဒီ့ပြင်အများအကျိုးရှိစေမယ့်လုပ်ငန်းမျိုး ရွက်ဆောင်ခဲ့ကြတာများ ရှိသေးလား။ ရှိရင်ပြောပြပါဦး။ မှတ်တမ်းမှတ်ရာလေးနဲ့ပေါ့'

'ဟာ··ရှိတယ်အစ်ကို၊ ကျွန်တော့်ဆီမှာ မှတ်တမ်းစာအုပ်လေး ပါလာပါတယ်။ ကျွန်တော်ဖတ်ပြပါ့မယ်။

ခုချိန်ထိ မရှိဆင်းရဲ ထောက်ပံ့သူမဲ့တဲ့ နာရေးကိစ္စ(၅)ဦးအတွက် ငွေအား၊ လူအား၊ ပစ္စည်းအားတွေနဲ့ လုံးလုံးလျားလျားတာဝန်ယူခဲ့ပြီးပြီ။

ဒီ့ပြင် (၁၀-၅-၂၀၁၂)ရက်နေ့မှာ မင်္ဂလာဥယျာဉ်ရပ်ကွက်အတွင်း အများသူငါသွားတဲ့လမ်းတွေကို သဲကြမ်းခင်းပြုပြင်တဲ့နေရာမှာ လုပ်အားဒါနပေးခဲ့ကြပါတယ်။

နောက်ပြီး (၈-၆-၂၀၁၂)ရက်နေ့မှာ အမှတ်(၁၁)စာသင်ကျောင်းမှာ ရေမြောင်းတူးဖော်ဖောက်လုပ်ခဲ့ရာမှာလည်း လုပ်အားဒါနပေးခဲ့ကြပါတယ်။

ပြီးတော့ (၆-၇-၂၀၁၂)ရက်နေ့မှာလည်း မင်္ဂလာဥယျာဉ်ရပ်ကွက် ပတ္တမြားလမ်းဘေးမှာရှိတဲ့ ရေမြောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်စေဖို့ ရေကာတာလုပ်တယ်။ ရေမြောင်းပြုပြင်တယ်။ အဲဒီမှာလည်း လုပ်အားဒါနပြုခဲ့ပါတယ်။ အဖွဲ့သားအားလုံး တက်တက်ကြွကြွ လုပ်ခဲ့ကြပါတယ်။

ပြီးကျတော့ (၂၁-၇-၂၀၁၂) ရက်နေ့မှာတော့ မင်္ဂလာဥယျာဉ်ရပ်ကွက်နဲ့ ညောင်ပင်သာရပ်ကွက်အကူး ဥပုသ်ချောင်းတံတားကြီးကို ငွေကျပ်ရှစ်သောင်းနှစ်ထောင် အကုန်အကျခံပြီး ကျွန်တော်တို့အဖွဲ့ကပဲ ပြုပြင်ပေးခဲ့ကြပါတယ်။ အရင်က အဲဒီတံတားက ခနော်ခနဲ့နဲ့ ခဏ,ခဏပျက်တယ်။ လူတွေ၊ ဆိုင်ကယ်တွေ ပြုတ်ပြုတ်ကျခဲ့ဖူးတယ်။ ခုတော့ ခိုင်ခိုင်ခံ့ခံ့ဖြစ်သွားပါပြီ။ ကားတောင်ဖြတ်ကူးသွားနိုင်ပါပြီ။

(၁၁-၁၁-၂၀၁၂)ရက်နေ့မှာတော့ ကလေးမြို့နယ်တစ်နယ်လုံး အသုဘချရာလမ်းကြီးဖြစ်တဲ့ ဒိုးဝိုင်းချောင်းသုသာန်လမ်းကို ကျွန်တော်တို့ မေတ္တာရှင်ပရဟိတလူငယ်အဖွဲ့နဲ့အတူ အခြားအဖွဲ့တစ်ခုဖြစ်တဲ့ သာယာအေးပရဟိတလူငယ်အဖွဲ့တို့ပူးပေါင်းပြီး လမ်းအသစ်ဖောက်ပြီး လမ်းကြောင်းတစ်လျှောက် ရှင်းလင်းခြင်းတို့ကို လုပ်အားဒါနပြုလုပ်ခဲ့ကြပါတယ်ဗျာ'

'အဲသလို ညီလေးတို့ဆောင်ရွက်ခဲ့ကြတာကို လူအများက ချီးမွမ်းမြှောက်စားပေးကြတဲ့သူတွေရှိသလို ကဲ့ရဲ့ပြစ်တင်ရှုတ်ချသူတွေရော ရှိလား။ ကြုံဖူးသလားဟင်'

'ရှိတယ်ဗျ။ လူဆိုတာ ချီးမွမ်းဖို့ ခဲယဉ်းသလောက်ကဲ့ရဲ့ဖို့လွယ်ကူလေသလားလို့ထင်တယ်။ အမျိုးမျိုးသောနည်းတွေနဲ့ လိုအပ်ချက်၊ ချို့ယွင်းချက်၊ အားနည်းချက်တွေကို ရှာဖွေပြီး ထိုးနှက်သူတွေရှိတယ်။ လူ့သဘာဝကိုက အားနည်းသူကို ဖိနှိပ်ဖို့ဖြစ်လာသလိုပဲ၊ နှိမ့်ချတတ်ကြတယ်။ ကိစ္စမရှိပါဘူး။ သူတို့ဆီကနေ ကျွန်တော်တို့အဖို့ ပြုပြင်စရာတွေ သိလာရတယ်။ နောက်ပြီး ပိုပြီးကြိုးစားလုပ်ဖို့ တွန်းအားရလာသလိုပဲ သဘောထားပါတယ်။ ခုဆို အခက်အခဲတွေ အများကြီးကြားထဲက ကျွန်တော်တို့ ပရဟိတအများအကျိုး ရွက်ဆောင်လာတာ (၂)နှစ်ဆိုတဲ့ကာလကို ကျော်လွှန်လာခဲ့ပါပြီ။ ခုချိန်ထိ နာရေးကူညီမှုပေါင်း(၁၆၂)ကြိမ်၊ သာရေးကူညီမှုပေါင်း(၂၂၅)ကြိမ် စုစုပေါင်း(၃၈၇)ကြိမ်



ချီးတဲ့သူ နာရေးကိစ္စတစ်ခု၏ တရားနာပရိသတ်မြင်ကွင်း



www.burmeseclassic.com

www.burmeseclassic.com

မြောက်ခဲ့ပါပြီဗျာ’

‘ဝမ်းမြောက်ဂုဏ်ယူပါတယ် ညီလေး၊ အချိန်ကာလ တိုတိုတောင်းတောင်းလေးမှာကိုပဲ အဲသလောက်ရွက်ဆောင် နိုင်ခဲ့တာကိုလေ။ ဒါနဲ့ ညီလေးတို့အဖွဲ့တည်နေရာနဲ့ ဆက် သွယ်ရမယ့်သူတွေရော ပြောပြပါဦး’

‘မင်္ဂလာဥယျာဉ်ရပ်ကွက်၊ ပတ္တမြား ၁၆၊ နယ်မြေ(၂) ပါဗျာ။ ကျွန်တော်တို့မှာ ဆက်သွယ်ရမယ့်သူတွေ (၁၃)ဦး ရှိပါတယ်။ ဦးဆောင်ဦးရွက်ပြုသူတွေပါပဲ။ အဆောက် အအုံနဲ့ဘာနဲ့ ဖုန်းနံပါတ်တွေဘာတွေနဲ့ မဟုတ်သေးပေမယ့် ဒီလူတွေက မြို့ထဲမှာ နေရာတကာမှာ ဘယ်နေရာတွေ့တွေ့ ပြောလိုက်ရင်ကို ရပါတယ်ဗျာ။ လူကြုံနဲ့စကားပါးလိုက် ရင်လည်း ကျွန်တော်တို့ လူစုပြီး အရောက်လာခဲ့မှာပါဗျာ။

နာမည်တွေပြောရရင် ဦးကျော်ဝင်း (ခေါ်) ပေါက်စ၊ (မီးစက်)၊ ဦးနဂါး (ခေါ်) ထွန်းဇော်လင်း (ကုန်တင်/ချ)၊ ဦးနိုင်ဦး (ခေါ်) ပြောင်ကြီး (ကုန်တင်/ချ)၊ ဦးကျော်သန်းစိန် (ခေါ်) တွေ့မရှောင်၊ ဦးကျော်ရွှေ (ခေါ်) သေနန်း(ကုန်တင်/ ချ)၊ ဦးရနိုင် (ခေါ်) သန်းစိန်၊ ဦးခင်မောင်တင့် (ခေါ်)


လုပ်အားဒါနပြုမြင်ကွင်း

ရဲဘော်ကြီး၊ ဦးသန်းလင်း (ခေါ်) ပါချုပ်၊ ဦးလှမိုး (ခေါ်) နွဲ့နှောင်း၊ ကိုမောင် (ခေါ်) ငထစ်၊ ကိုနေလင်း (ခေါ်) တာတီး၊ ကိုဇင်နိုင်ထွန်း (ခေါ်) စကာ၊ ကိုအောင်မြင့်ထွန်း (ကုန်တင်/ချ)တို့ပါပဲ။

ဒီအဖွဲ့လေးဟာ ဘယ်အဖွဲ့အစည်းကမှ စည်းရုံးတိုက် တွန်းခိုင်းစေလို့ ဖွဲ့စည်းထားတာမဟုတ်ဘဲ မိမိတို့ဆန္ဒ သဘောအရာ စိတ်တူကိုယ်တူ ပရအကျိုးစိတ်ရှိလို့ ဖွဲ့စည်း ထားတာပါ။ ဒါကြောင့် ဘယ်သူမဆို အကူအညီလိုအပ်ခဲ့ ရင် တောင်းခံနိုင်ပါတယ်ဗျ’

‘ဟုတ်ပါပြီဗျာ။ ဒါနဲ့ ညီလေးတို့မှာ ထူးခြားတဲ့ဖြစ် ရပ်လေး၊ ဒါမှမဟုတ် အမှတ်တရဖြစ်စရာ အတွေ့အကြုံ လေးများရှိခဲ့ရင် ပြောပြပါလား’

‘ကျွန်တော့်စိတ်ထဲ မှတ်မှတ်ထင်ထင်ဖြစ်နေတာလေး တစ်ခုရှိတယ်ခင်ဗျ။ အိုဇာတာမကောင်းရှာတဲ့ မိခင်အိုကြီး တစ်ဦးရဲ့ဖြစ်ရပ်ပါ။ သူတို့ရဲ့အတွင်းရေးတွေတော့ ကျွန်တော် မပြောလိုပါဘူး။ မိခင်တစ်ယောက်ဟာ သားသမီးတွေကို လူလားမြောက်အောင် လုပ်ပေးနိုင်ခဲ့ပေမယ့် အဲဒီမိခင် အို မင်းမစွမ်းဖြစ်တဲ့အချိန်မှာ သားသမီးတွေက မိခင်အိုကြီးကို ပြန်လည်မပြုစုနိုင်ကြဘဲ ဒုက္ခတွေပင်လယ်ဝေရတဲ့ ဖြစ်ရပ် လေးပါ။

အသက်(၇၄)နှစ်ရှိပါပြီ။ ရပ်ထဲရွာထဲမှာ ဆန်ပြာလိုက် တယ်၊ အဝတ်လျှော်တယ်၊ ကလေးထိန်းအလုပ်လုပ်တယ်။ သူများအိမ်ကို စောင့်ပေးတယ်၊ အဲသလိုပေါ့။ ကြုံသလိုသူ လုပ်နိုင်တာလေးတွေလုပ်ပြီး အသက်မွေးနေရှာတာပေါ့။ ရတဲ့ငွေလေးနဲ့ လှူတယ်၊ စားတယ်ပေါ့။ သမီးတစ်ယောက် က သူနဲ့အတူနေတယ်။ အဲဒီသမီးလုပ်စာနဲ့ သူ့လုပ်စာလေး ပေါင်းပြီး ရပ်တည်နေတာပဲ ဆိုပါတော့။ အဲ ··ကံများဆိုး ချင်တော့ အားကိုးရတဲ့သမီးက ဆုံးသွားတယ်ဗျာ။

အဘွားကြီး ခြေမကိုင်မိ လက်မကိုင်မိ ဘာလုပ်ရမှန်း မသိ ပျာယာခတ်ပြီပေါ့။ ဘာဆိုဘာမှလုပ်မရ ဖြစ်နေတော့ တာလေ။ လက်ထဲမှာ စုမိဆောင်းမိငွေကလည်းမရှိ၊ အား ကိုးစရာလူလည်းမရှိ။ အနီးအနားက အိမ်တွေကလည်း သူ့ လိုပဲ ဆင်းရဲတဲ့သူတွေချည်း။ စားဖို့ကိုလည်း မနည်းရုန်းကန် နေကြရတဲ့သူတွေဆိုတော့ ဘယ်လိုမှဦးဆောင်ဦးရွက်မပြု ပေးနိုင်ကြဘူးဖြစ်နေတယ်။ ဆင်းရဲတဲ့သူတွေရဲ့ဘဝဟာ နေ ရေးပူရသလို သေရေးလည်း ပူရတာပါပဲ။ အနေခက် အသေခက်ဆိုတာ ဒါမျိုးကိုပြောတာနေမှာ။ အဲဒါ (၁၁၂)



www.burmeseclassic.com

www.burmeseclassic.com

ခုနှစ်၊ (၁၀)လပိုင်းကပါ။ အားကိုးရတဲ့ အလိမ္မာတုံးသမီးကြီးဆိုပြီး ငိုရှုံကလွဲလို့ ဘာမှမလုပ်နိုင် ဖြစ်နေရှာတာပေါ့။ ရှုံးမတတ်ခံစားပူဆွေးသောက ဖြစ်နေတယ်ဗျာ။ သမီးသေအလောင်း မြေကျဖို့အရေး အခက်တွေ့နေတုန်း စဉ်းစားမရဖြစ်နေချိန် ကျွန်တော်တို့အဖွဲ့အတွက် ခိုကိုးရာမဲ့ (ပိုင်ရှင်မဲ့အလောင်းလို) အသုဘဖြစ်သွားတာပေါ့။ အဲဒီမှာ အစကနေအဆုံးထိ လုပ်ပေးခဲ့ပါတယ်။

ချက်ချင်းပဲ မဏ္ဍပ်ထိုး၊ စားပွဲခုံတွေချ၊ မီးစက်၊ မီးချောင်း၊ မီးကြိုးတွေဆင်ပေး စတဲ့အသုဘဝေယျာဝစ္စတွေလုပ်ရတယ်။ နောက်နေ့မှာ အိမ်ဆင်းသက်ပျောက်တရားနာဖို့ ဘုန်းကြီးပင့်၊ သရဏဂုံတင်၊ ဆွမ်းချိုင့်ကပ် စသဖြင့်ပေါ့။ နောက် အသုဘခေါင်းလုပ်ဖို့စီစဉ်၊ အိုဗျာ..သင်္ဂြိုဟ်ကိစ္စအားလုံး ဆိုပါတော့။ ပြောရရင် ရက်လည်တဲ့နေ့အထိအားလုံးအကုန်ကျခံပြီး စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်ဗျာ။ အဲသလိုပဲ လိုအပ်ရင်လိုအပ်သလို အဖွဲ့ရန်ပုံငွေကို အသုံးပြုလိုက်ပါတယ်'

'အလို..ကောင်းလိုက်တဲ့ ကုသိုလ်ကောင်းမှုပါပဲဗျာ။ သာဓုခေါ်ပါတယ်။ အဲသလို အစကနေအဆုံးထိ လိုက်လုပ်ပေးခဲ့တဲ့ ပရဟိတအဖွဲ့မျိုးကတော့ ခပ်ရှားရှားပဲဖြစ်မှာပါ။ နာရေးကူညီမှုဆိုတဲ့နေရာမှာ အတိုင်းအတာတစ်ခုအထိပဲ ကူညီနိုင်ကြမှာပေါ့လေ။ ဟုတ်တယ်မဟုတ်လား'

'ဟုတ်ပါတယ် အစ်ကို၊ ကျွန်တော်တို့လည်း အားလုံးကိုတော့ အဲလိုမလုပ်ပေးနိုင်ပါဘူး။ ဒါပေမဲ့ ခုလိုကိစ္စမျိုး၊ ဖြစ်ရပ်မျိုး ကြုံလာရင်တော့ လက်မရှောင်နိုင်ဘဲ မဖြစ်ဖြစ်အောင် ကြိုးစားလုပ်ကြမှာပါ။

ကျွန်တော်တို့မှာ ဆောင်ပုဒ်လေးရှိတယ်။ ဒါကလည်း ကိုယ်နားလည်သလောက် စာသားလေးနဲ့ရေးထားတာပါ။ စာသားမလှပေမယ့် ကျွန်တော်တို့ရဲ့ စိတ်စေတနာကိုတော့ ထင်ဟပ်မယ်ထင်လို့ပါ။ မေတ္တာရှင်ပရဟိတလူငယ်အဖွဲ့ရဲ့ ဆောင်ပုဒ်ပါ။

*မာန်မာနကို ပယ်၊*
*ကိုယ့်အကျိုးကို ဖယ်၊*
*အနှစ်နာခံ၍ အများအကျိုးကို*
*သယ်ပါ..*တဲ့ဗျာ။

ကျွန်တော်ရေးထားတာပါ။ ဒကာတော်နဂါးဆိုတဲ့ ကလောင်အမည်နဲ့ပေါ့။ စာရေးဝါသနာပါတယ်ဗျ။ ဒါပေမဲ့ အကြောင်းမညီညွတ်လို့ သိပ်မရေးဖြစ်သေးပါဘူး။ အခြေအနေမပေးသေးဘူး ပြောရမှာပေါ့နော်။ နောက်တစ်ခုရှိသေးတယ်။ ပြောပြမယ်နော် အစ်ကို။

*အို..မေတ္တာရှင်၊*
*အသင်တို့သည်ကား ရွှေမရှိ၊ ငွေမရှိ၊*
*မေတ္တာတရားရှိ၏။*
*အသင်တို့သည်ကား မာန်မာနမထား၊*
*မေတ္တာထား၏။*
*အသင်တို့သည်ကား လူပင်နိမ့်ငြား၊*
*စိတ်ထားမြင့်မြတ်၏။*
*အို..မေတ္တာရှင်၊*
*သူများအပူ ကိုယ့်အပူဟုထား၊*
*သင့်မေတ္တာတရား အားသည်*
*နတ်လူသာဓု ခေါ်စေသော်ဝ်..*တဲ့ဗျ။

ဘယ်လိုလဲ အစ်ကို၊ ကောင်းရဲ့လား'

'ဘယ့်နှယ်ပြောလိုက်ပါလိမ့် ညီလေးရာ။ အပြောနဲ့အလုပ်ညီညွတ်နေရင် လောကအလှတရားချည်းပါပဲလေ။ ကျွန်တော့်စိတ်ထဲ အားရလှပါတယ်။ နာရေးကို အဓိကထားပြီး ညီလေးတို့က အကျိုးဆောင်ရွက်တယ်ဆိုပေမယ့် သာရေးကိစ္စတွေက အများသားဆိုတော့ ဘယ်လိုသာရေးကိစ္စတွေ လုပ်ဆောင်ပေးရသလဲ။ နောက်ထပ် ဘာအစီအစဉ်တွေရှိသေးလဲ'



မေတ္တာရှင်ပရဟိတလူငယ်အဖွဲ့၏ ရပ်ကွက်တွင်း ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရန် လုပ်အားဒါနပြုကြစဉ်



www.burmeseclassic.com

www.burmeseclassic.com

'ရှင်ပြုအလှူပွဲ၊ မင်္ဂလာဆောင်၊ မွေးနေ့၊ ဂုဏ်ပြုပွဲနဲ့ ဘာသာရေးဆိုင်ရာပွဲတော်တွေပေါ့ဗျာ။ နောက် သဘာဝ ပတ်ဝန်းကျင် လှပစိုပြည်ရေးအတွက် သစ်ပင်စိုက်တဲ့ အစီအစဉ်လုပ်ဖို့လည်း စဉ်းစားထားပါတယ်။ အဲ..ဒါနဲ့ ပြောဖို့က အသံချဲ့စက်ပစ္စည်းတွေလည်း ဖြည်းဖြည်းချင်းစုဆောင်းလာတာ စုံနေပြီဗျ။ ဘက်ထရီအိုးပဲ ဝယ်ဖို့ကျန်နေတယ်။ အဖွဲ့ဝင်တွေလည်း (၇၀)လောက်ဖြစ်နေပါပြီ။ ပရဟိတအလုပ်တွေကို တတ်နိုင်သလောက် လုပ်သွားမှာပါ အစ်ကို'

'ညီလေးနဲ့ ခုလိုတွေ့ဆုံပြီး မေးမြန်းခဲ့ရတာ ဝမ်းသာဂုဏ်ယူမိပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ လုပ်ဆောင်နေကြတဲ့ ပရဟိတအဖွဲ့တွေရှိသလို ညီလေးတို့လို တပိုင်တနိုင် ပရဟိတအဖွဲ့တွေလည်း ရှိဖို့လိုတယ်။ မြို့တိုင်းရွာတိုင်းမှာပေါ့။ တစ်တိုင်းပြည်လုံး ထွန်းလင်းတဲ့လမင်းကြီးမဟုတ်ပေမယ့် ကိုယ်နိုင်ရာဆိုင်ရာနေရာလေးမှာ ထွန်းလင်းတဲ့လမင်းလေးလို အစ်ကိုခံစားရပါတယ်။ ဒါကြောင့် ညီလေးတို့ အဖွဲ့လေးကို ဥပုသ်ချောင်းဘေးမှာ သာတဲ့လလို့ အမည်တပ်လိုက်ချင်ပါရဲ့ဗျာ'

'ဟုတ်ကဲ့အစ်ကို၊ ကျွန်တော် အဲဒီအမည်လေးကို နှစ်ခြိုက်ပါတယ်'

◆◆◆

တကယ်တော့ ပရဟိတစိတ်ဓာတ်ဆိုတာ ဘုရားအလောင်းတော်တို့ရဲ့ စိတ်ဓာတ်ပါပဲ။ ပရဟိတအလုပ်ဆိုတာ ဘုရားချီးမွမ်းတဲ့ အလုပ်ပါပဲ။ မြတ်ဗုဒ္ဓရဲ့အလိုကျ လုပ်ငန်းစဉ်ပါပဲ။

ကမ္ဘာမှာရော မြန်မာမှာပါ ကောင်းသတင်းနဲ့ ကျော်ဇောနေသူတွေကိုကြည့်လိုက်ရင် အတ္တနည်းနိုင်သမျှနည်းပြီး ပရအကျိုး များနိုင်သမျှများအောင် ရွက်ဆောင်နိုင်ကြသူတွေပါပဲ။

သူတစ်ပါးအပေါ် ကိုယ်ချင်းစာနာစိတ်ရှိသူတိုင်း၊ လူသားချင်းစာနာစိတ်ရှိသူတိုင်း ပရဟိတစိတ်ဓာတ် ရှိနိုင်ပါတယ်။

ပြုပြင်ပြောင်းလဲနေတဲ့ ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံသားတိုင်း ပရဟိတစိတ်ဓာတ် မွေးမြူနိုင်ကြပြီး နိုင်ငံ့အကျိုး ရွက်ဆောင်နိုင်ကြပါစေလို့ ဆန္ဒပြုအပ်ပါတယ်။

ချိုတက္ကူး(ကလေး)


မြန်မာ့နည်းပညာ၊ ကမ္ဘာ့နည်းပညာဖြင့် ဟောပြောနေပါပြီ

**ဆရာမဒေါ်ဝေဝေမင်း**

ချစ်သူ၊ မုန်းသူ၊ အိမ်ထောင်ဖက်၊ စီးပွားဖက်၊ ရန်ဘက်တို့၏ နာမည်၊ ရုပ်ဆင်းသဏ္ဌာန်တို့ကို ဒေဝစက္ခု၊ မနောစက္ခုဖြင့် လက်တွေ့ပုံဖော် ဟောပြောပေးနေပါပြီ။

**ထီကံ၊ ငွေကြေးကံ၊ အမွေကံစွ**

အလုံးစုံကို တိကျပြတ်သားစွာ အမည်နှင့်တကွ ဟောပြောနေပါပြီ။ ယခုပင် ကြွခဲ့ပါ။ လာရကျိုး နပ်စေရမည်။

**ထီကံအထူးဟောနေပြီ**

သင့်မှာ ထီပေါက်ကိန်းရှိပါက ပုချလက်ငင်း ထီပေါက်မည်။

**တစ်ဘဝစာဟောစာတမ်း**

အမည်၊ မွေးနေ့သက္ကရာဇ် အတိအကျ၊ မွေးရပ်၊ မွေးချိန်နှင့် နေရပ်လိပ်စာတို့ကို ဖော်ပြပြီး ငွေ(၂၅၀၀/-) နှစ်ထောင့်ငါးရာကျပ်ကို စာတိုက်မှ (M.O) ဖြင့် ပေးပို့ပါက တစ်ဘဝစာဟောစာတမ်းကို စာတိုက်မှ မှတ်ပုံတင်စာဖြင့် အမြန်ဆုံးပြန်လည်ပေးပို့ပေးပါမည်။

(မှတ်ချက် - စာအိတ်အတွင်း ငွေထည့်ပို့ခြင်း လုံးဝတာဝန်မယူပါ။ မပို့ပါနှင့်။)

**ဆရာမဒေါ်ဝေဝေမင်း**

ဆိုင်အမှတ်-၂၉၊ ကမ္ဘာအေးဘုရားစောင်းတန်း၊ ရန်ကုန်မြို့။

နံနက်(၁၁)နာရီ မှ ညနေ(၅)နာရီ ထိ (ပိတ်ရက် - လပြည့်/လကွယ်)




www.burmeseclassic.com

# ရတီမာလာစစ်ဆင်ရေး

နီငြိမ်း(အညာတက္ကသိုလ်)

(၁)

စစ်ဆင်ရေးအမည် ဆန်းကြယ်သည်။

ရတီမာလာစစ်ဆင်ရေး(Rati Mala Operation) ဟု အမည်ပေးလိုက်သဖြင့် ဆန်းကြယ်လှသည်ဟု ဂမ္ဘီရအဖွဲ့သားများက ယူဆကြပေလိမ့်မည်။ တရုတ်ဖြူကို တိုက်ခဲ့ရသော ရန်ကြီးအောင် နဂါးနိုင်စစ်ဆင်ရေးများ၊ တစ်ဖက်နိုင်ငံနှင့် နယ်စပ်မျဉ်းတိုင်းတာသော ဘာဘစစ်ဆင်ရေး၊ ဘိန်းခင်းများ ဖျက်ဆီးရှင်းလင်းသော မိုးဟိန်းစစ်ဆင်ရေး စသည်ဖြင့် စစ်ဆင်ရေးမျိုးစုံတွင် ပါဝင်ဖူးသော ကျွန်တော်သည် ယခုတစ်ကြိမ်တွင် ရတီမာလာစစ်ဆင်ရေး၌ ပါဝင်ခဲ့ရပြန်၏။

ရတီ-နှစ်သက်မြတ်နိုးဖွယ်ရာ၊ မာလာ-ပန်းပွင့် နှစ်သက်မြတ်နိုးဖွယ်ရာ ပန်းကလေးတစ်ပွင့်ဟု အမည်ရပါသည်။ နိုင်ငံတော်အကြီးအကဲများက ကျွန်တော်တို့ ဖမ်းယူရရှိခဲ့သော ဆင်ဖြူတော်မလေးကို ရတီမာလာဟု အမည်ပေးကြပါသည်။ အမှန်ဆိုမူ ရတီမာလာစစ်ဆင်ရေးဟူသည်ကား ဆင်ဖြူရတနာဖမ်းသည့် စစ်ဆင်ရေးတစ်ခုသာဖြစ်တော့သည်။



ဆင်ဖြူလေးကို ဤသို့သင်ခဲ့ရသည်

**အထက်အမိန့်**

ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဘက်တွင် ဆင်ဖြူတော်ပေါ်နေကြောင်း သတင်းရရှိရာ ထိုသတင်းကို အထက်လူကြီးများက စိတ်ဝင်စားနေကြသည်။ စစ်ဆင်ရေးလို သဘောထားပြီး ဆင်ဖြူတော်ကို ရအောင်ဖမ်းရမည်ဟု အမိန့်ပေးသည်။ သို့နှင့် ကျွန်တော်အပါအဝင် သစ်လုပ်ငန်းအဖွဲ့ဝင်များ ဆင်ဖြူတော်ရှာဖွေဖမ်းဆီးရေး လုပ်ကြရတော့သည်။ ခရီးစဉ်ကား ရန်ကုန်မှ စစ်တွေသို့ ခရီးစထွက်ရမည်။ ရခိုင်ပြည်နယ်သို့ရောက်လျှင် နယ်ခံများထံမှ သတင်းစုံစွာရယူကာ ဆင်ဖြူတော်ဖမ်းရေး ဆောင်ရွက်ကြရန်ဖြစ်၏။

**လွန်ခဲ့သောဆယ်နှစ်က**

ဆယ်စုနှစ်တစ်ခုတော့ ကြာခဲ့ပါပြီ။ လွန်ခဲ့သော(၁၀) နှစ်က စိတ်ဝင်စားဖွယ်ရာ ဖြစ်ရပ်မှန်တစ်ခုပါ။ (၂၀၀၂) ခုနှစ် မိုးဦးရာသီကဖြစ်၏။ ဇူလိုင်မိုးက အငြိုးကြီးစွာ ရွာချနေသည်။ ပဲခူး၊ ရန်ကုန်ဘက်တွင်ရော ရခိုင်ပါ မုတ်သုံဝင်နေလေပြီ။ ဆင်ဖြူတော်ဖမ်းရမည့်အချိန်မှာ ရာသီဥတုဆိုးဝါးနေချိန်ဖြစ်ပါသည်။ မိုးထဲလေထဲတွင် ပွဲကြီးပွဲကောင်းနွှဲရပေတော့မည်။ တပ်မတော်သားဆိုသည်ကား နေပူ၊မိုးရွာ ရှောင်နေလို့မဖြစ်။ အထက်မှတာဝန်ကို ကျေပွန်စွာထမ်းဆောင်ရသူများဖြစ်သည်။

စစ်ရုံးမှ အကြီးအကဲများ၏အမိန့်၊ ရှုတ်မိန့်များအရ ကျွန်တော်တို့အဖွဲ့သည် (၂၀၀၂)ခုနှစ်၊ ဇူလိုင်လ([illegible])ရက်နေ့



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

တွင် ရန်ကုန်မှလေယာဉ်ဖြင့် စစ်တွေသို့လိုက်ပါကာ တိုင်းမှူးထံ သတင်းပို့ကြသည်။ တိုင်းမှူးဗိုလ်ချုပ်မောင်ဦးက သူ့ရုံးခန်းသို့ခေါ်သွားပြီး ဆင်ဖြူတော်သတင်း Briefing လုပ်ရာ မှတ်စုမြေပုံများတွင် သေသေချာချာမှတ်ယူခဲ့သည်။ ဇူလိုင်လ (၈)ရက်နေ့ စစ်တွေမှ ဘူးသီးတောင်သို့ ရေယာဉ်ဖြင့် ဆန်တက်ကြသည်။ လှိုင်းကြီးလေထန်နေသော်လည်း ကြောက်ရွံ့နေ၍မဖြစ် ဆင်ဖြူတော်ဖမ်းဖို့က အရေးကြီးနေသည်။

ဘူးသီးတောင်ရောက်လျှင်ပင် ဆင်ဖြူသင်တန်းစရသည်။ ဆင်ဖြူမှာ (၁)ကောင်တည်းမဟုတ်၊ (၃)ကောင်ဟု ပြောနေသည်။ သို့အတွက် ဆင်အုပ်ရှိရာ မောင်တောနယ် သပြေကုန်းဘောင်ရွာသို့ ဆက်ထွက်ကြသည်။ ဆင်အုပ်များ တစ်အုပ်ပြီးတစ်အုပ်တွေ့သော်လည်း ဆင်မည်းအုပ်များဖြစ်နေသည်။ ရခိုင်ပြည်နယ်(နစကမှူး) ဗိုလ်မှူးချုပ်အောင်ငွေက ကျီးကန်းပြင်တောင်ကြောမှာ ဆင်ဖြူတစ်ကောင်တွေ့ရပုံကို ဗီဒီယိုဆလိုက်များဖြင့်ပြသည်။ ထိုဆင်မှာ ဆင်ဖြူမဟုတ်၊ ဆင်မည်းကြီး။ ရွံ့လူးထား၍ ဖြူနေရာ အားလုံး ပြုံးစိစိဖြစ်ကုန်သည်။ ကျွန်တော်တို့ ဆင်ဖြူတော်ရှာဖွေရေး အဖွဲ့တွင် အရာရှိ(၃)ဦး၊ စစ်သည်(၄)ဦး၊ အရပ်ဝန်ထမ်း(၅)ဦး စုစုပေါင်း(၁၂)ဦးပါသည်။ လုံခြုံရေးတပ်စိတ်၊ မေ့ဆေးဆရာဝန်အဖွဲ့ကို သီးသန့်ဖွဲ့ထားသည်။

(၂)

ဇူလိုင်လ (၁၂)ရက် နံနက်စောစောပင် ဆင်ဖြူသတင်းမေးမြန်း၍ ဘူးသီးတောင်မှ မောင်တောဘက် ထွက်လာကြသည်။ မောင်တောနှင့် (၁၀)မိုင်ကွာ အလယ်သံကျော်ရွာအနီး သပြေကုန်းဘောင်ရွာ ဘုန်းကြီးကျောင်းသို့ ရောက်၍ ခေတ္တနားသည်။ နောက်မှ ဗီဒီယိုရိုက်မည့်အဖွဲ့ကို ဗိုလ်ကျော်ခိုင်တို့ တပ်စိတ်ကခေါ်၍ လိုက်လာသည်။ မိုးတစ်အားရွာနေသည့် ဇူလိုင်လ (၁၃)ရက်နေ့ကို လုံးဝမမေ့ပါ။ မိုးကြီးလေထန်ကာ လျှပ်စစ်မိုးကြိုးများ ပစ်ချနေသည်။ မေယုတောင်ကြောဘေးကပ်၍ ဆင်အုပ်လိုက်ရှာကြသည်။ ပင်ပင်ပန်းပန်း လိုက်ရှာပေမယ့် ဘာဆင်ကိုမျှ မတွေ့ရ။ ဆင်အကောင်ကြီးကိုသာမဟုတ်၊ ဆင်ချေးတုံးပင် မမြင်ရ၍ အားလုံး စိတ်ညစ်ကြရသည်။

ဇူလိုင်လ (၁၄)ရက် နောက်တစ်နေ့တွင် လက်ထောက်မန်နေဂျာ ဦးညွန့်ဝေတို့အဖွဲ့က တောဆင်အကောင်နှစ်ဆယ်အုပ်တစ်အုပ်ကို တွေ့ထားတယ်။ ဆင်ဖြူလေးတစ်ကောင်လည်းပါတယ်ဟု သတင်းပို့ရာ အားလုံးလက်ခုပ်လက်ဝါးတီး၍ ဩဘာပေးကြသည်။ ဆင်လေးမှာ မျက်စိအနီရောင်မဟုတ်။ ပုလဲဖြူရောင်။ ဦးခေါင်း၊ နှာမောင်း၊ နားရွက် တစ်ကိုယ်လုံးဖြူနေတာပဲဟု မြင်ခဲ့သူများကပြောသည်။ ထိုဆင်အုပ်ကို မေယုတောင်ခြေ ကင်းချောင်းရွာထိ လိုက်ရှာကြသည်။ လိုလိုမယ်မယ် သေနတ်အဖွဲ့ကိုပါ ဆက်သွယ်ရေးစက်မှ လှမ်းခေါ်လိုက်သည်။

ကင်းချောင်းတွင် ယာယီစခန်းဖွင့်ပြီး ဆင်အုပ်ကိုလိုက်ရှာရာ ဆင်မည်းများချည်းဖြစ်နေ၍ စိတ်ဓာတ်ကျပြီး ကင်းချောင်းရွာဇရပ်ပေါ်တွင် မိုးခိုရင်း နားနေကြသည်။ ဇူလိုင်လမှာ လတစ်ဝက်ကုန်ခဲ့လေပြီ။ (၁၆)ရက်နေ့တွင် ဦးညွန့်ဝေဦးဆောင်သော မေ့ဆေးဆရာဝန်၊ မေ့ဆေးသေနတ်အဖွဲ့များ ရောက်လာသည်။ ကင်းချောင်းရွာအနီး ဦးတိန္ဒနတ်စင်တစ်ခုထိုးကာ နတ်ကန်တော့ကြသည်။

ဦးတိန္ဒနတ်ကို လူတိုင်းသိပါသည်။ ဆင်များရှာဖွေဖမ်းဆီးခြင်း၊ ကျုံးသွင်းလေ့ကျင့်ခြင်းလုပ်ရာ၌ ဦးတိန္ဒနတ်ကို မကန်တော့၍မဖြစ်။ ပူဇော်ပ,သပြီးမှ လုပ်ကြရ၏။ ရေးထုံးလည်းမပယ်နှင့်၊ ဈေးသုံးလည်းမကြွယ်နှင့် ဟူသောစကားရှိသည်။ ဦးတိန္ဒနတ်ကို အန္တရာယ်ကင်းအောင် ဝိုင်းကန်



ရတီမာလာ ဆင်ဖြူရတနာ


www.burmeseclassic.com

www.burmeseclassic.com



ဆင်ဖြူမလေးကို ယဉ်ပါးအောင်လေ့ကျင့်နေစဉ်

တော့ကြရပေသည်။

(၃)

ဇူလိုင်လ (၁၇)ရက် မိုးကြိုးလေထန်နေစဉ် ဆင်ဖမ်းရန် ယာယီစခန်းမှ ထွက်ခဲ့ကြသည်။ ဆင်ဆရာဝန်၊ မေ့ဆေးသေနတ်အဖွဲ့ အားလုံးပါသည်။ ဦးတိန္နတ်ကိုကန်တော့၍ လုပ်ငန်းအောင်မြင်ဖို့ ဆုတောင်းရ၏။

ဆင်ဖမ်းအဖွဲ့ခေါင်းဆောင်က စည်းကမ်းတကျလုပ်ကြဖို့မှာသည်။ ယောကျ်ားဆင်စီး မိန်းမမီးနေဆိုသဖြင့် ရှေးလူကြီးများ၏စကားကို သတိထားကြရသည်။ ဆင်ဖမ်းသူများအနေဖြင့် အရက်မသောက်ရ၊ သေး(ကျင်ငယ်)ကို မတ်တတ်ရပ်၍မပေါက်ရ။ ဆင်ကျောပေါ်မှ ကျင်ကြီးမစွန့်ရ။ အိုးစွပ်ခွက်စွပ် မစားရ။ ထမင်းအိုးပေါ်တွင် ယောက်မထောင် စိုက်မထားခဲ့ရ။

တောထဲတွင် ထင်းတုံး၊ ငှက်ပျောတုံးများကို တရွတ်ဆွဲ၍ မသယ်ရ။ မိန်းမများ ခေါင်းလျှော်ပြီး ဆံပင်ဖားလျားချမနေရ။ ယောကျ်ားကို ကျားဆွဲတတ်သည်ဟု အယူအဆရှိသည်။ ဆင်စည်းကမ်း အလွန်များလှ၍ အနည်းငယ်သာ တင်ပြလိုက်ပါသည်။

**ဆင်ဖြူတော်မိပြီ**

ဆင်ဖမ်းရန် ထွက်လာရာ ခရီးအတော်ပေါက်မှ ဆင်အုပ်တစ်အုပ် သပြေကုန်းဘောင်ရွာအနီး ရောက်နေသည်ဆို၍ နောက်ပြန်လှည့်ရ၏။ ည(၈)နာရီထိုးမှရောက်သည်။ ခေါင်းချလိုက်လျှင်ပင် အားလုံးအိပ်ပျော်ကုန်သည်။ နောက်နေ့ ဇူလိုင်လ (၁၈)ရက်တွင် မလျှော့သောဇွဲဖြင့် ဆင်ရှာထွက်ကြပြန်သည်။ ခရီးမထွက်မီ ဆင်ဆရာဝန်က ဆင်ပစ်အဖွဲ့ကို သေသေချာချာမှာနေသည်။

ဆင်ကို မေ့ဆေးသေနတ်နဲ့ပစ်ရင် လည်ပင်းနှင့် ရင်အုပ်ကို မပစ်ရ။ ဆင်သေသွားတတ်သည်။ ကျောကုန်းနှင့် တင်ပါးကိုသာ ရွေးပစ်ပါ။ (၂)မိနစ်ခန့် ရှေ့ဆက်သွားပြီးမှ လဲကျသွားလိမ့်မယ်။ အဲဒီအခါ ကျမှ ခြေ၊ လက်၊ လည်ပင်းတွေကို ကြိုးနဲ့ ညင်ညင်သာသာတုပ်ပါ။ နောက်မှ ကွန်ဂျီးဆင်နဲ့တွဲပြီး တဖြည်းဖြည်းခေါ်ယူခဲ့ရမယ်ဟု ဆရာဝန်က ဆိုသည်။ ကွန်ဂျီးဆင်မှာ ဆင်ယဉ်ကြီးဖြစ်၍ ဆင်ရိုင်းလေ့ကျင့်ရာတွင်သုံးသော ဆင်ဖြစ်၏။


ဇူလိုင်လ (၁၈)ရက် နေ့လယ်ပိုင်းတွင် ဆင်ရိုင်းတစ်အုပ်ကို မမျှော်လင့်ဘဲ တွေ့ကြရသည်။ ဆင်ရိုင်းများအလယ်တွင် ဆင်ဖြူငယ်တစ်ကောင် ပါလာသည်။ သေသေချာချာ မှန်ပြောင်းဖြင့်ကြည့်ရာ ဆင်လေးမှာ အမလေးဖြစ်နေ၍ အား



ကွန်ဂျီးဆင်ဖြင့် လေ့ကျင့်ကြစဉ်

www.burmeseclassic.com

www.burmeseclassic.com



လေ့ကျင့်ရေးကောင်းသူ ကိုအောင်သူ

လုံးပျော်သွားကြသည်။ ဆင်အုပ်အနီးသို့ သေနတ်သမား(၂)ယောက်ကပ်သွား၍ ဆင်မလေး၏ တင်ပါးကို သေနတ်ဖြင့်ပစ်သည်။ ဆင်အုပ်တစ်ခုလုံး ထွက်ပြေးသည်။ ဆင်မလေးပါ လိုက်ပြေးပြီး ကိုက်ငါးရာသာသာအရောက်တွင် လဲကျသွားသည်။ ဆင်မလေးကို ကြိုးဖြင့်ညင်သာစွာတုပ်ချည်၍ မေ့ဆေးပြယ်မှ ကွန်ဂျီးဆင်ဖြင့် တဖြည်းဖြည်း ဆွဲခေါ်ခဲ့သည်။ ဆင်ဖြူလေးရှိသောနေရာမှာ မောင်တောနယ်၊ ကိုင်းကြီးရွာတောင်ခြေ၊ မြေပုံညွှန်း (က-၄၁၇၂၇၀)တွင်ဖြစ်သည်။ ဆင်မလေးမှာ အော်လိုက်၊ ရုန်းလိုက်ဖြင့် မလိုက်ချင့်လိုက်ချင်နှင့် လိုက်လာသည်။ ဆင်ဖမ်းအဖွဲ့က ဘေးမှ မနာမကျင်အောင် ပြုစု၍လိုက်သည်။ ဆင်ဖြူတော်လေးသည် ည(၈)နာရီကျော်မှ သပြေကုန်းဘောင်ရွာဆင်စခန်းသို့ ရောက်ခဲ့လေသည်။

(၄)

ဇူလိုင်လ (၁၉)ရက်နေ့မှစတင်ကာ ဆင်ဖြူမလေးကို ညှပ်သွင်း၍ စနစ်တကျလေ့ကျင့်ကြသည်။ မှိန်းသင်အဖွဲ့က ဆင်မလေးကို အမည်ပေးပြီး သီချင်းဆိုကာချော့ကြသည်။ ကျောကို လျှော်ပိုက်ရေဖြင့်ပက်၍ ပွတ်ပေးရာ သူ သိပ်သဘောကျ သည်။ ဇော်ပိုင်၏သီချင်းကို ဆင်မလေး သိပ်ကြိုက်၍ အကြိမ်ကြိမ် ဆိုပြကြသည်။ ဦးတိန္နနတ်ကိုပြကာ ဆင်မလေးအနီးတွင် သံဃာတော်များ ပရိတ်ရွတ်ကြရသည်။ ဆင်မလေးမှာ (၁၉)ရက်၊ (၂၉)ရက်နေ့တွင် အစာမစားဘဲနေသည်။ သူ့ကို အားဆေးထိုးကာ ကွန်ဂျီးဆင်တစ်ကောင်ဖြင့် ပူးတွဲလေ့ကျင့်သည်။ ထိုင်ခြင်း၊ ထခြင်း၊ ဝပ်ခြင်းများ သင်ကြရသည်။

**ဆင်စကား**

မတ်မတ် - ဝပ်နိုင်ခြင်း၊

ဟောင်းဟောင်း - မလုပ်နဲ့၊

ရားရား - ရပ်ရပ် ပြောသင်ရသည်။

သုံးရက်မြောက်တော့ ဆင်လေးအစာစားသည်။ ငှက်ပျောအူ၊ ငှက်ပျောရွက်၊ ဝါးရုံညွန့်များစားသည်။ ကြံချောင်းအလွန်ကြိုက်၍ မပြတ်ကျွေးရာ ဆင်မလေးပျော်နေသည်။ တိုင်းမှူးနှင့် နစကမှူးများ ရောက်လာပြီး ဆင်လေ့ကျင့်နေပုံများကြည့်ရှုကာ ဓာတ်ပုံရိုက်ယူသည်။ ဆင်ဖမ်းအဖွဲ့၊ လေ့ကျင့်ရေးအဖွဲ့များကို ဆုချ၍ပြန်ကြသည်။ ဇူလိုင်လကုန်ထိ လေ့ကျင့်သောဆင်မလေးကို အနားပေးကြသည်။

ဩဂုတ်လ (ပထမပတ်)

အလိုတော်ပြည့်ဆရာတော်ကိုပင့်ဖိတ်ကာ အမွေးနံ့သာများ ဆင်ကိုဖျန်း၍ ပရိတ်တော်များရွတ်သည်။ ဆင်မလေး



ဆင်ဖြူရတနာကို ဆင်စခန်းမှ ဘုရားသီးတောင်သို့ ကားဖြင့်သယ်ယူလာစဉ်



www.burmeseclassic.com

www.burmeseclassic.com

တစ်စ,တစ်စ ယဉ်ပါးလာသဖြင့် ကားလမ်းဘေးခေါ်သွားပြီး စက်သံ၊ ဟွန်းသံများ မကြောက်အောင် လုပ်ကြသည်။ ဆင်မလေး ဘာသံမှမကြောက်တော့မှ ကားပေါ်တင်ချဖို့ စလေ့ကျင့်သည်။ ဒါလည်း တစ်နေ့တည်းဖြင့် အောင်မြင်ပါသည်။

သို့နှင့် ဩဂုတ်လ (၉)ရက်နေ့တွင် ဆင်ဖြူလေးကို သပြေကုန်းဘောင်ဆင်စခန်းမှ ဘူးသီးတောင်သို့ ကားဖြင့်ပို့ကြသည်။ တစ်လမ်းလုံး ငြိမ်လိုက်လာသောဆင်ဖြူလေးသည် လိုဏ်ခေါင်းရှည်ကြီးတစ်ခုကို တစ်မိနစ်သာသာဖြတ်သောအခါ လန့်၍အော်တော့သည်။ ဆီးများ၊ ဝမ်းများ ပါချသည်ကိုထောက်၍ တော်တော်ကြောက်ပုံရသည်။ လိုဏ်ခေါင်းမှထွက်လျှင် ကားကိုရပ်ပြီး ဆင်ဆရာဝန်က ဆင်ဖြူလေးကို ဆေးကုပေးသည်။ လမ်းဘေးဝဲယာတွင် ဆင်ရိုင်းအုပ်များ ပေါ်ပေါ်လာသဖြင့် မောင်းထုတ်ရသည်မှတစ်ပါး အခြားအခက်အခဲမရှိပါ။ နောက်ဆုံးတွင် မိမိတို့မော်တော်ယာဉ်သည် ဘူးသီးတောင်ထောက်လှမ်းရေးတပ်(၁၈)သို့ ရောက်သွားရာ ဗိုလ်မှူးသန့်ဇင်အဖွဲ့က ဆင်လေးကို လက်ခံလိုက်၍ ကိုမိုးဟိန်းတို့ စစ်တွေပြန်ခဲ့သည်။

**ဆင်ဖြူမလေးကို ရန်ကုန်သို့သယ်ခဲ့**

ဆင်ဖြူမလေးမှာ ဘူးသီးတောင်တွင် (၂)လတာမျှ အေးအေးဆေးဆေးပင်နေခဲ့သည်။ ဒီဇင်ဘာလ (၆)ရက်ခန့် ရာသီဥတုကောင်းချိန်တွင် ဆင်လေးကို အောင်ရတနာရေယာဉ်ပေါ် ချော့တင်ပြီး ရေလမ်းခရီးအတိုင်း ရန်ကုန်ထိခေါ်လာခဲ့သည်။ ဆင်ဖြူရတနာလေးကား ကြောက်လန့်ရုန်းကန်မှုမပြုဘဲ လိုက်ပါလာသည်။ ရန်ကုန်သို့ရောက်လျှင် ရတီမာလာလေးကို လှော်ကားကန်ဥယျာဉ်၌ ခေတ္တထားရသည်။ လှော်ကားကန်ဥယျာဉ်မှာ သာယာလှပပြီး တောရိပ်တောင်ရိပ်ကောင်းလှသည်။ ငါးရက်ခန့်ကြာသောအခါ ရတီမာလာလေးကို အခမ်းအနားဖြင့် လှော်ကားကန်ဥယျာဉ်မှ မင်းဓမ္မကုန်းတော်ထိ သယ်ယူပြီး စိတ်ဝင်စားနေသော ဧည့်ပရိတ်သတ်များကို ပြသခဲ့ကြောင်း ဆင်ဖြူရတနာရှာဖွေမှုလုပ်ငန်းစဉ်များကို တင်ပြလိုက်ရပါသည်။

နီငြိမ်း(အညာတက္ကသိုလ်)

**စာကိုး**

* ဆင်ဖြူရတနာရှာဖွေမှုမှတ်တမ်းဒိုင်ယာယီ (အောင်ကျော်မိုး-သစ်တော)။

ဆရာမဒေါ်နှင်းသူဇာဦး

(အမျိုးသမီးသီးသန့်)

(လက္ခဏာ ဗေဒင် ယတြာ အစီအရင်)

* ကွဲကွာနေသော ချစ်သူ/အိမ်ထောင်ဖက်တို့နှင့် အမြန်ဆုံးပြန်ပေါင်းသင်းရစေဖို့
* အချစ်ရေး၊ အိမ်ထောင်ရေး ရှုပ်ထွေးဖောက်ပြန်မှုများ ကင်းရှင်းစေဖို့
* မိမိနောက်ကွယ်မှာ ခြေမများဘဲ ခြေငြိမ် အိမ်ငြိမ်စေဖို့
* ချစ်သူ/အိမ်ထောင်ဖက်မှ မိမိအပေါ်တွင် ချစ်ခင်ကြင်နာယုယ အလိုလိုက်လာစေဖို့
* ချစ်သူ/အိမ်ထောင်ဖက်တို့ထံမှ အဆက်အသွယ် အမြန်ဆုံးလုပ်လာစေဖို့
* အချစ်ရေး၊ အိမ်ထောင်ရေး ဖောက်ပြန်ရှုပ်ထွေးနေသူနှင့် အမြန်ဆုံး မုန်းတီးပြတ်စဲစေဖို့
* ချစ်သူအိမ်ထောင်ဖက်တို့အပေါ်တွင် ပြောသမျှ အောင်မြင်နေစေဖို့

အမှတ်(A ၂)၊ တိုက်(၄၀)၊ မဟာမြိုင်အိမ်ရာ၊ ဦးဝိစာရလမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)။

ဖုန်း - ၀၉ ၅၀ ၉၃၈၉၁ ၊ ၀၉ ၇၃၁ ၄၇၀၂၄



www.burmeseclassic.com

www.burmeseclassic.com

မောင်ညာဏ်စိန်

# ပဏ္ဍစ်နေရူးနှင့် ဗုဒ္ဓဝါဒ

ပဏ္ဍစ်နေရူးဟူသည်မှာ အိန္ဒိယနိုင်ငံ၏ခေါင်းဆောင်ကြီး လွတ်လပ်သော အိန္ဒိယနိုင်ငံ၏ ဝန်ကြီးချုပ်ဖြစ်ကြောင်းကို လူတိုင်းလိုလိုသိကြသည်။ ဘက်မလိုက်လှုပ်ရှားမှု၏ ခေါင်းဆောင်၊ ကြားနေဝါဒ၏ ဦးဆောင်ခဲ့ကြသူများတွင် အပါအဝင်ဖြစ်ကြောင်းကိုလည်း ခေတ်သစ်နိုင်ငံရေးသမိုင်းကို လေ့လာသူများသိကြသည်။

မြန်မာနိုင်ငံ၏ နယ်ချဲ့ဆန့်ကျင်ရေး ဖက်ဆစ်တော်လှန်ရေးသမိုင်းကို ပြောဆိုဆွေးနွေးကြလျှင် ဗိုလ်ချုပ်အောင်ဆန်း၊ ဦးနု၊ ဗိုလ်ချုပ်ကြီးနေဝင်း၊ သခင်သန်းထွန်း၊ သခင်စိုးဟူသော နာမည်များကို အမြဲတမ်းတွဲ၍ ကြားရလေ့ရှိသည်။ ထိုနည်းတူပင် အိန္ဒိယနိုင်ငံ၏ နယ်ချဲ့ဆန့်ကျင်ရေးသမိုင်းအကြောင်းပြောကြလျှင် မဟတ္တမဂန္ဒီ၊ ပဏ္ဍစ်ဂျဝါဟာလာနေရူး၊ ဆူးဘတ်(စ်)ချန္ဒရာဘို့(စ်)ဟူသော အမည်တို့ကို အမြဲတမ်းတွဲ၍ ကြားရလေ့ရှိသည်။

ပဏ္ဍစ်နေရူးသည် အိန္ဒိယနိုင်ငံ၏ဝန်ကြီးချုပ် ဖြစ်လာခဲ့သည်။ အင်ဒီရာနေရူးဂန္ဒီ၏ဖခင် ရာဂျစ်ဂန္ဒီ၏အဘိုးလည်း ဖြစ်လေသည်။ နိုင်ငံရေးမျိုးရိုးစဉ်လာ မည်မျှကြီးမားသည်၊ ပြည်သူက မည်မျှအထိ လေးစားကြသည်ကို အကဲခတ်နိုင်ပေသည်။

ပဏ္ဍစ်နေရူးသည် အိန္ဒိယနိုင်ငံကြီး၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ဂန္ဒီနှင့်တွဲဖက်၍ ရှေ့တန်းမှ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် ကမ္ဘာကျော် အိန္ဒိယအမျိုးသားကြီးဖြစ်သည်။ ဂန္ဒီကြီး၏ လက်ရုံးတစ်ဆူလည်းဖြစ်သည်။ အိန္ဒိယကွန်ဂရက်၌ ဥက္ကဋ္ဌအဖြစ် အကြိမ်ကြိမ်ရွေးကောက်တင်မြှောက်ခြင်း ခံခဲ့ရသည်။ ဗြိတိသျှလက်အောက်ခံဘဝတွင် နိုင်ငံရေးဆောင်ရွက်မှုများကြောင့် အကြိမ်ကြိမ်ပင် ထောင်ကျခံခဲ့ရသည်။ (၁၉၄၇)ခုနှစ်တွင် အိန္ဒိယနိုင်ငံကို ဒိုမီနီယန်အဆင့်အတန်း လွတ်လပ်ရေးပေးရာတွင် နေရူးသည် ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ ပြည်တွင်းရေးတွင်သာမက နိုင်ငံတကာကိစ္စရပ်များနှင့် ပြည်ထောင်ချင်းချင်း ဆက်ဆံရေးများ၌ အထူးကျွမ်းကျင်လိမ္မာသော ခေါင်းဆောင်ကြီးဖြစ်သည်။ အာရှ၊ အာဖရိက စည်းရုံးရေးကို အထူးလုံးပန်းခဲ့သော ပုဂ္ဂိုလ်ကျော်ကြီးလည်း ဖြစ်ပေသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရစအချိန်တွင် ရရှိပြီးဖြစ်ကြသော လွတ်လပ်ရေး မဆုံးရှုံးရန်အတွက် အထူးအကူအညီပေးခဲ့သူဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း၊ ဝန်ကြီးချုပ်ဟောင်းဦးနု အပါအဝင် မြန်မာ့နိုင်ငံရေးခေါင်းဆောင်များနှင့်လည်း အထူးရင်းနှီးသူ ဖြစ်ပေသည်။



ပဏ္ဍစ်ဂျဝါဟာလာလ်နေရူး

ဗုဒ္ဓဝါဒ စတင်ထွန်းကားရာ အိန္ဒိယနိုင်ငံ၏ ခေါင်းဆောင်ကြီးတစ်ဦးဖြစ်၍ ဗုဒ္ဓဝါဒနှင့် ၎င်း၏ဆက်စပ်မှုမှာလည်း စိတ်ဝင်စားဖွယ်ကောင်းပေသည်။

အရှင်ဇနကာဘိဝံသ၏ ဒသမကျမ်းစာဖြစ်သော အနာဂတ်သာသနာရေးစာအုပ်တွင် ဗုဒ္ဓပုံတော်နှင့် ရှရီ



www.burmeseclassic.com

www.burmeseclassic.com

နေရှုးဟူ၍ သီးသန့်အခန်းတစ်ခန်း ရေးသားထားသည်ကို အောက်တွင်ဖော်ပြလိုက်ရပေသည်။

ဗုဒ္ဓအဆင်းတော်၏ ကြည့်ရှုဖူးမြော်သူတို့ စိတ်အစဉ်ကို ကြည်လင်ရွှင်ပျစေနိုင်ပုံမှာ ပြောမယုံ ကြုံဖူးသူတို့မှသိနိုင်ပေမည်။ ဗုဒ္ဓသည် ရှုချင်စဖွယ် သပ္ပာယ်ရုံမျှမဟုတ် ထို သပ္ပာယ်သော ရုပ်ပုံတော်အတွင်းမှ သတ္တဝါတို့၏အကျိုးကို နှစ်နှစ်ကာကာ လိုလားတော်မူသော မေတ္တာတော်နှင့် ကရုဏာပညာတော်တို့ကြောင့် မျက်နှာတော်သည် စန္ဒာလမင်းကဲ့သို့ ပဝင်းရွှင်ပျ အေးမြတော်မူလေသည်။

ယခုအခါ အိန္ဒိယတစ်တိုင်းလုံး အလေးပြုအခံရဆုံး ခေါင်းဆောင်တစ်ယောက်ဖြစ်သော ရှာရီနေရူးသည် ခပ်ရွယ်ရွယ်တုန်းက ကျန်းမာရေးအတွက် အနားယူရင်း သီဟိုဠ်ကျွန်း(ယခု သီရိလင်္ကာနိုင်ငံ)သို့ သူ့ဇနီးနှင့်အတူသွား၍ ရှေးဟောင်းအဆောက်အအုံများကို လှည့်လည်ကြည့်ရှုလေသော် တစ်နေ့ရာ၌ ဗုဒ္ဓပုံတော်ကို အထူးစိတ်ဝင်စားစွာကြည့်ရှု၍ မိမိတည်းခိုရာသို့ရောက်သော်လည်း ထိုဗုဒ္ဓပုံတော်သည် မျက်စိထဲမှ မပျောက်နိုင်အောင် အာရုံစွဲနေသတဲ့။ ထိုသို့စွဲနေကြောင်းကိုလည်း သီဟိုဠ်မိတ်ဆွေတို့အား ပြောပြခဲ့လေသည်။

အိန္ဒိယသို့ ပြန်ရောက်ပြီးနောက် နိုင်ငံရေးနှင့်စပ်၍ ထောင်ထဲသို့ ရောက်နေရသည့်အခါ မိမိလုပ်လိုရာကို မလုပ်ရသဖြင့် စိတ်ညစ်ညစ်ရှိနေခိုက်မှာ အဘိဓမ္မာသဘောအားဖြင့် ဒေါမနဿဖြစ်နေခိုက်မှာ သီဟိုဠ်ကျွန်း မိတ်ဆွေထံမှ ယခင်က ကြည်နူးစွာဖူးတွေ့ခဲ့ရသော ဗုဒ္ဓပုံတော်ကို ဓာတ်ပုံရိုက်၍ ပို့လိုက်သောကြောင့် ထိုပုံတော်ကိုပင် စားပွဲပေါ်တင်၍ ဖူးမြင်နေရခြင်းဖြင့် ညစ်ညှုးနေသောစိတ်ကို ကြည်နူးစေခဲ့ရသည်ဟု သူ၏အတ္ထုပ္ပတ္တိတွင် ထည့်သွင်းပြသခဲ့သည်။

သက်တော်ထင်ရှား ဗုဒ္ဓကို မဆိုထားဘိ ဗုဒ္ဓ၏ပုံတော်သည်ပင် ပညာရှင်တို့၏စိတ်ကို မည်မျှအထိ ကြည်လင်စေသည်ကို ဆရာတော်အရှင်ဇနကာဘိဝံသက ၎င်း၏အနာဂတ် သာသနာရေးကျမ်းစာတွင် ရေးသားဖော်ပြထားခြင်း ဖြစ်ပေသည်။

အိန္ဒိယပြည်၏ ဆန်ချီနယ်တွင် သီရိဓမ္မာသောကမင်းကြီးသည် အသောကကျောက်စေတီတစ်ဆူတည်ပြီး အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်တို့၏ ဓာတ်တော်,မွေတော်ကို ဌာပနာခဲ့သည်။ ဗြိတိသျှအစိုးရလက်ထက်တွင် ယင်းဓာတ်တော်များကို ဘိလပ်သို့ ယူသွားပြီး ပြတိုက်တစ်ခုတွင် ထားရှိခဲ့သည်။ အိန္ဒိယပြည်လွတ်လပ်ရေးရရှိသောအခါ ဝန်ကြီးချုပ်နေရူး၏လက်ထက်တွင် ယင်းဓာတ်တော်များကို အိန္ဒိယပြည်သို့ ပြန်ပင့်ခဲ့သည်။

ဆန်ချီရှိ မူလကျောက်စေတီနှင့် မနီးမဝေးတွင် အဆောက်အအုံတစ်ခုကို အခိုင်အခံ့ဆောက်လုပ်ပြီး အိန္ဒိယနိုင်ငံရှိ မဟာဗောဓိအသင်း၏ အစီအစဉ်အရ အိန္ဒိယဝန်ကြီးချုပ် နေရူးနှင့် ထိုစဉ်က မြန်မာနိုင်ငံ၏ဝန်ကြီးချုပ် ဦးနုတို့သည် ဓာတ်တော်များကိုဌာပနာ သွင်းခဲ့ကြသည်။

ရှင်ဘုရင်အာသောကသည် ဆန်ချီတွင် ကျောက်စေတီတည်ပြီး အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်တို့၏ ဓာတ်တော်များကို ဌာပနာတိုက်သွင်းသကဲ့သို့ ပဏ္ဍိတ်နေရူးနှင့် ဦးနုတို့သည်လည်း ဆန်ချီတွင် စံကျောင်းတော်


ပဏ္ဍိတ်ဂျဝါဟာလာနေရူး၏သမီး အင်ဒီရာနေရူးဂန္ဒီနှင့် ၎င်း၏မိသားစုအား အတူတကွတွေ့မြင်ရပုံ



www.burmeseclassic.com

တစ်ခုတည်ဆောက်ပြီး ဓာတ်တော်များကို ဌာပနာတိုက်အတွင်းသို့ သွင်းခဲ့ကြခြင်းဖြစ်သည်။

ဓာတ်တော်များကို ဌာပနာပြီး ပြန်အလာတွင်မူ ဝန်ကြီးချုပ်ဟောင်းဦးနုက ဘာသာသက်ဝင်ယုံကြည်မှုနှင့်စပ်လျဉ်းပြီး မေးမြန်းသောအခါ ပဏ္ဍိတ်နေရူးကလည်း 'ကျွန်တော်ဟာ ဗုဒ္ဓဘာသာကို ကိုင်းညွတ်နေတယ်' ဟု ဖြေကြားခဲ့ကြောင်း သိရှိရပေသည်။

မောင်ဉာဏ်စိန်

<u>ရည်ညွှန်းစာအုပ်များ</u>

(၁) အနာဂတ်သာသနာရေး (အရှင်ဇနကာဘိဝံသ)။

(၂) နှစ်ငါးဆယ် လူမှုရေးရာ (ဘာသာပြန်စာပေအသင်း)။

(၃) တာတေစနေသား (ဦးနု)။



ပဏ္ဍိတ်ဂျဝါဟာလာနေရူးနှင့် ၎င်း၏သမီး အင်ဒီရာနေရူးဂန္ဓီတို့အား လွတ်လပ်ရေးရပြီးစတွင် တွေ့မြင်ရပုံ


အာရောဂျံ ပရမံ လာဘံ

မြန်မာအာယုဗ္ဗေဒ ( သိမ်ဖြူ )

# ဆရာဦးမန်းထင်အောင်

( တဆ-၀၁၁၆၆ )

## နာတာရှည်ရောဂါအထူးကု

အထွေထွေမြန်မာ့ဆေးကုခန်းနှင့်ဆေးတိုက်

မြန်မာ့ရိုးရာ အကြောပြင်၊ သွေးပြင် အတတ်ပညာ

**အောက်ပါဝေဒနာများကို ကုသပေးပါသည်**

၁။ ဆီးချို၊ သွေးချို၊ သွေးတိုး၊ နှလုံးရောဂါ
၂။ လေငန်း၊ သွက်ချာပါဒ၊ ပါးစပ်ရွဲ့စောင်း အကြောရောဂါအမျိုးမျိုး
၃။ မီးယပ်နှင့်ပတ်သက်သောရောဂါအမျိုးမျိုး
၄။ သုငယ်နာနှင့်ပတ်သက်သောရောဂါအမျိုးမျိုး
၅။ အစာအိမ်နှင့်ပတ်သက်သောရောဂါအမျိုးမျိုး
၆။ သွေးအားနည်း၊ သွေးပူ၊ သွေးကျဲ၊ သွေးနှင့်ပတ်သက်သော ရောဂါအမျိုးမျိုး
၇။ အဆစ်အမြစ်တင်း၊ ရောင်၊ နာ၊ ကိုက်၊ လေးဖက်နာ ရောဂါအမျိုးမျိုး
၈။ ဆီးနှင့်ပတ်သက်သော ကျောက်ကပ်ရောဂါအမျိုးမျိုး
၉။ အသည်းနှင့်ပတ်သက်သောရောဂါအမျိုးမျိုး

နာတာရှည်ရောဂါများကို မြန်မာ့သွေးစမ်း၊ ဆေးဝါး၊ ဓာတ်စာ၊ အကြောပြင်၊ သွေးပြင် အတတ်ပညာဖြင့် ကုသပေးပါသည်။

အမှတ်(၇၇)၊ ကီးတန်းလမ်းမ၊ ကီးတန်းရပ်၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။ ဖုန်း- ၂၁၄၇၆၉

www.burmeseclassic.com

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)

# မငြိမ်းချမ်းသောနယ်မြေမှ မပြယ်သောမေတ္တာရနံ့များ

(သို့မဟုတ်)

# အာဖဂန်နစ္စတန်မှ ဗုဒ္ဓဘာသာဘုရားစေတီများ

(၂၁)ရာစုအတွင်း ဘာသာရေးအရသာ မဟုတ်ဘဲ ယဉ်ကျေးမှုအရလည်း ကမ္ဘာမှာ ဆုံးရှုံးမှုကြီးတစ်ရပ် ဖြစ်ပေါ်သွားခဲ့ပါတယ်။ အဲဒါကတော့ အာဖဂန်နစ္စတန်နိုင်ငံ Bamiyan ဒေသက အလွန်ကြီးမားလှတဲ့ ဗုဒ္ဓမတ်ရပ်ဆင်းတုတော်ကြီး(Colossal Standing Buddha) ဖျက်ဆီးခံရပြီး ကမ္ဘာ့မြေပေါ်က ပျောက်ကွယ်သွားခဲ့တာပါပဲ။ (၆)ရာစုထက် နောက်မကျသော အချိန်ကာလမှာ ဒီဆင်းတုတော်ကြီးကို သဘာဝကျောက်နံရံကမ်းပါးပေါ်မှာ ထွင်းထုယူပြီး တည်ဆောက်ခဲ့တာပါ။ (၂၀၀၁)ခုနှစ်မှာတော့ စစ်သွေးကြွ တာလီဘန်များရဲ့ ဖျက်ဆီးခြင်းကို ခံခဲ့ရပါတယ်။ ယနေ့ခေတ်မှာ အစ္စလာမ်ဘာသာ အလေးထားတဲ့ အာဖဂန်နစ္စတန်(Afghanistan) နိုင်ငံမှာ ဒီလောက်ကြီးတဲ့ ဗုဒ္ဓဆင်းတုတော်ကြီးတွေ ရှိခဲ့တာကလည်း သမိုင်းကြောင်းကို မသိရင်ဖြင့် အံ့သြစရာပါ။ ဗုဒ္ဓသာသနာတော်ရဲ့ ဖြစ်စဉ်သမိုင်းကြောင်းကို သိရင်တော့ အံ့သြစရာ မဟုတ်လှပါဘူး။

**<u>ဗုဒ္ဓသာသနာ အာဖဂန်နစ္စတန်နဲ့ အာရှအလယ်ပိုင်းသို့ ပျံ့နှံ့ရောက်ရှိသွားခြင်း</u>**

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်ပြီးနောက် သာသနာနှစ် (၂၃၅)ခုနှစ် ရောက်တဲ့သောခါ အိန္ဒိယနိုင်ငံ၊ မဇ္ဈိမဒေသ၊ ပါဋလိပုတ် မင်းနေပြည်မှ မောရိယဘုရင် အသောကမင်းကြီးဟာ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် အမှူးပြုတဲ့ ရဟန္တာမထေရ်တစ်ထောင်နဲ့ အသောကာရုံကျောင်းတော်မှာ (၉)လကြာ တတိယသင်္ဂါယနာတင်တော်မူခဲ့ပါတယ်။

အဲဒီနောက် အသောကဟာ ဗုဒ္ဓသာသနာကို လူအများလက်ခံအားပေးလာစေဖို့အတွက် အချို့သော ဗုဒ္ဓရဲ့ တရားတော်တွေကို ကျောက်စာမှာရေးထိုးပြီး ဖော်ပြပေးခဲ့တယ်။ မင်းကြီးဟာ မဟာမောဂ္ဂလိပုတ္တတိဿမထေရ်ရဲ့ လမ်းညွှန်မှုနဲ့ ဘုရားရှင်ဗျာဒိတ်တော်ထားရှိခဲ့ရာ မဇ္ဈိမတိုင်းအပြင်မှ ပစ္စန္တရစ်အရပ်များဆီကို ပြင်ပသာသနာပြုအဖွဲ့(religious missions) တွေ စေလွှတ်တော်မူခဲ့တယ်။ သူ့ရဲ့ အသောကကျောက်စာတိုင် အမှတ်၁၃(Edict XIII) မှာလည်း ဒီလို သူလုပ်ဆောင်ခဲ့တာတွေကို ရေးသားမှတ်ထမ်းတင်ခဲ့ပါသေးတယ်။

သာသနာပြုစေလွှတ်ခဲ့ရာ တစ်ပါးသောတိုင်းနိုင်ငံ ကိုးနေရာနဲ့ ဦးဆောင်မထေရ်တို့ကတော့-

(၁) ကက်သျှမီးယား၊ ဂန္ဓာရသို့ မဇ္ဈန္တိကထေရ် အမှူးပြုတဲ့ မထေရ်ငါးဦး။

(၂) မဟိံသကတိုင်းသို့ မဟာဒေဝထေရ် အမှူးပြုတဲ့ မထေရ်ငါးဦး။

(၃) ဝနဝါသီတိုင်း၊ မလဗာနယ်သို့ ရက္ခိတထေရ် အမှူးပြုတဲ့ မထေရ်ငါးဦး။

(၄) အပရန္တကတိုင်း၊ အိန္ဒိယအနောက်ပိုင်း ဘောဇနယ် ကမ္ဘောဇ (Kamboja) သို့ ယောနကဓမ္မရက္ခိတ်နဲ့ မထေရ်ငါးဦး။

(၅) မဟာရဋ္ဌတိုင်း၊ ဘုံဘိုင်နယ်သို့ မဟာဓမ္မရက္ခိတထေရ် အမှူးပြုတဲ့ မထေရ်ငါးဦး။



အာဖဂန်နစ္စတန်ရှိ ဗုဒ္ဓဘာသာဆင်းတုတော်များ



www.burmeseclassic.com

www.burmeseclassic.com

(၆) ယောနကတိုင်း ယောန(the Yona) ပါသိယံ ဂရိနိုင်ငံ(Greek) သို့ မဟာရက္ခိတထေရ် အမှူးပြုတဲ့ မထေရ်ငါးဦး။

(၇) ဟိမဝန္တာအရပ်သို့ မဇ္ဈိမထေရ် အမှူးပြုတဲ့ မထေရ်ငါးဦး။

(၈) သုဝဏ္ဏဘူမိပြည်သို့ သောဏထေရ်၊ ဥတ္တရထေရ် အမှူးပြုတဲ့ မထေရ်ငါးဦး။

(၉) လင်္ကာဒီပ၊ သီဟိုဠ်ကျွန်းသို့ ရှင်မဟိန္ဒထေရ် အစရှိတဲ့ မထေရ်ငါးဦးတို့ ဖြစ်ကြပါတယ်။

ဒီလိုနဲ့ ဗုဒ္ဓသာသနာတော်ဟာ အိန္ဒိယတိုက်ကနေ အနောက်ဘက် ဂရိ၊ တူရကီနိုင်ငံများ၊ အရှေ့နဲ့ အရှေ့မြောက်ဘက် ဟိမဝန္တာဒေသနဲ့ စိန့်တိုင်း(၅)ရပ် (ပဥ္စစိနရှူ-ခိုတန်၊ ယရကန်၊ တိဗက်၊ ဘူတန်နဲ့ တရုတ်ပြည်)၊ တောင်ဘက်နဲ့ အရှေ့တောင်ဘက် သီရိလင်္ကာ(သီဟိုဠ်ကျွန်း)၊ မြန်မာနိုင်ငံနဲ့ မလေးကျွန်းအပါအဝင် အင်ဒိုနီးရှားကျွန်းစုများတိုင် ခရီးပေါက်ခဲ့ပါတယ်။ ဗုဒ္ဓသာသနာဟာ အသောကလက်ထက် (၂၆၅-၂၃၈)ဘီစီအတွင်းမှာ အိန္ဒိယတိုက်ငယ်ကိုကျော်လွန်ပြီး လျင်မြန်စွာပြန့်ပွားသွားခဲ့တာပါ။

အာဖဂန်နစ္စတန်တောင်ပိုင်း ယနေ့ခေတ်(Lagman) အနီးက (Kandahar) မှာ တွေ့ရှိခဲ့တဲ့ အသောကကျောက်စာသုံးချပ်ကလည်း ဒါကို အတည်ပြုခဲ့ပါတယ်။ အဲဒီကျောက်စာတွေကို ဂရိ၊ (Aramaic) နဲ့ (Greek-Aramaic texts) ဘာသာနှစ်မျိုးရောတွေနဲ့ ရေးထိုးထားပါတယ်။ ဒီကျောက်စာတွေက ဗုဒ္ဓဘာသာဟာ အာဖဂန်မှာ တတိယရာစုဘီစီအလယ်နှစ်တွေလောက် စောစောကတည်းက ရှိနေတယ်ဆိုတာကို ပြသနေရဲ့။ ပါဠိမဟာဝံသမှာလည်း Pallavabhogga နဲ့ Alasandra နိုင်ငံတွေက ဗုဒ္ဓဘာသာဘုန်းတော်ကြီးတွေဟာ (၁၀၁-၇၇)ဘီစီအတွင်း အုပ်ချုပ်ခဲ့တဲ့ ဒုဋ္ဌဂါမဏိမင်းရဲ့ နန်းတွင်းကို ရောက်ခဲ့ပြီး ဗုဒ္ဓဘာသာပွဲလမ်းတွေမှာ ပါဝင်ဆင်နွှဲခဲ့တယ်လို့ ဆိုထားပါတယ်။ Alasandra ဟာ အလက်ဇန္ဒရီးယား(Alexandria) ဖြစ်နိုင်ရဲ့။ ယနေ့ခေတ် ကဘူးလ်(Kabul)ဟာ Caucasus ဖြစ်ပြီး Pallavabhogga ဟာ အာဖဂန်က ပါသီရာ(Parthia) ရဲ့ အရှေ့ဘက်နယ်စပ် Margiana ဒါမှမဟုတ် ပါသီရန်လက်အောက်ခံ ပြည်နယ်တွေမှာ ဖြစ်လိမ့်မယ်။

ဂရိဒဿနိကဗေဒပညာရှင် ပထဝီနဲ့ သမိုင်းဆရာ Alexander Polyhistor ကတော့ the Samanioi သက္ကတလို Samana ဖြစ်တဲ့ ဘက်ထရီးယန်(Bactrian) မှာ ပထမရာစု(၁၀၅-၃၅)ဘီစီလောက် စောစောကတည်းက ဗုဒ္ဓဘာသာ ရောက်ရှိပျံ့နှံ့ခဲ့ပြီလို့ သက်သေသာဓကတွေပြပြီး ဆိုထားတယ်။ နောက်ပိုင်းမှာ အခြားအာရှအလယ်ပိုင်းဒေသတွေကို ထိုးဖောက်ဝင်ရောက်ခဲ့ပြီး အာရှအလယ်ပိုင်းနဲ့ ကက်ရှ်မီးယားကနေ Xinjiang ရောက်၊ အဲဒီကနေ အရှေ့ဘက်ဆီကို ဆက်လက်ဦးတည်သွားတယ်။

ပါသီရန်လက်အောက်ခံနိုင်ငံ Margiana က လာတဲ့ ဗုဒ္ဓဘာသာတရားပြဆရာ An Shih-kao ဟာ တရုတ်ပြည်ကို (၁၄၈)ဘီစီမှာ ရောက်ခဲ့ပြီး ဗုဒ္ဓကျမ်းစာများကို တရုတ်ဘာသာနဲ့ စတင်ပြန်ဆိုခဲ့ပါတယ်။ မျိုးဆက်အသီးသီးက ဘာသာပြန်ဆရာများစွာဟာ အနောက်ကနေ တရုတ်ပြည်ကို ရောက်ရှိခဲ့ကြတယ်။ အဲဒီထဲမှာ Yu"eh-chi နဲ့ အခြားဘက်ထရီးယားသားတွေ၊ Sogdians နဲ့ ပါသီရန်သားတွေပါတယ်။ ဗုဒ္ဓဘာသာဟာ အတော်စောစောကတည်းက ရောက်ရှိတယ်လို့ အသောကခေတ်ပုံပြင်တစ်ပုဒ်မှာ ဆိုထားတယ်။ Xinjiang တောင်ပိုင်း အထူးသဖြင့် ကိုတန်(Khotan) ကိုလည်း ရောက်တယ်။ အဲဒီမှာနေထိုင်ကြသူတွေက အီရန်-ကိုတန်ရော ဘာသာစကားကို သုံးကြတယ်။ တိဗက်သမိုင်းတစ်ခုမှာ ဖော်ပြထားတဲ့ ဗုဒ္ဓသာသနာ ရောက်ရှိလာတဲ့ ရက်စွဲကတော့ (၈၄)ဘီစီပါ။ ပထမနဲ့ ဒုတိယ ရာစု


အာဖဂန်နစ္စတန်ရှိ ဗုဒ္ဓဘာသာဆင်းတုတော်များ


www.burmeseclassic.com

www.burmeseclassic.com



အာဖဂန်နစ္စတန်ရှိ ဗုဒ္ဓဘာသာဆင်းတုတော်များ

စီအီးက ကိုတန်မှာတွေ့ရှိခဲ့တဲ့ ဗုဒ္ဓဘာသာကျမ်းရင်း ဓမ္မပဒ လက်ရေးမူဟာ အဲဒီခေတ်အတွင်း အခြားဘာသာရေးကျမ်းတွေနဲ့အတူ လည်ပတ်စီးဆင်းနေတာပါ။

ဗုဒ္ဓသာသနာဟာ ကိုတန်အပြင် အီရန်အရှေ့ပိုင်းက ပါသီရား၊ ဘက်ထရီးယား၊ Nagarahara, Arachosia, Kapisa နဲ့ Sogdiana နယ်မြေတွေကိုလည်း အတော်စောစောကတည်းက ရောက်နေတာဖြစ်မယ်လို့ သိလာရတယ်။ အဲဒီနေရာတွေမှာ အေဒီ(၁-၃)ရာစုအတွင်းက ဗုဒ္ဓဘာသာအဆောက်အအုံပျက်များစွာ ရှိနေကြတယ်။

## ကုရှန်(the Kushans dynasty) မင်းဆက်များ

(၁၃၅)ဘီစီအီးလောက်က အာရှအလယ်ပိုင်းမှာ ရေကြည်ရာမြက်နုရာ လှည့်လည်နေထိုင်ကြတဲ့ the Yuezhi လူမျိုးစုငါးစုပူးပေါင်းပြီး လွတ်လပ်စွာဖွဲ့စည်းထားတဲ့အဖွဲ့က ဘက်ထရီးယားကို ဘက်ထရီးယန်ဂရိ(the Bactrian Greeks) တွေ လက်ကနေ ဆွဲထုတ်ယူခဲ့ပါတယ်။ အဲဒီလူမျိုးစုတွေဟာ ကုရှန်-ကုသန(the Kushan -Kusana) တွေရဲ့ အလံတော်အောက်မှာ စုစည်းသွားကြတယ်။ လူမျိုးစုငါးစုထဲက တစ်စုဟာလည်း အာဖဂန်နယ်မြေကို အနိုင်ရလိုက်ပါတယ်။ ကုရှန်အာဏာဟာ (၂)ရာစုစီအီး ကနစ်ရှကမင်း(King Kaniska)(၇၈-၁၄၄ စီအီး) လက်ထက်မှာတော့ အထွတ်အထိပ်ကို ရောက်ရှိခဲ့တယ်။ ဒီမင်းရဲ့ အင်ပါယာဟာ အိန္ဒိယအလယ်ပိုင်းရဲ့မြောက်ဘက် မထုရာ(Mathura) ကနေ ဘက်ထရီးယားကိုကျော်ပြီး အာရှအလယ်ပိုင်း တရုတ်ပြည်နယ်စပ်အထိ ခပ်လှမ်းလှမ်းရောက်တဲ့တိုင် ကျယ်ပြန့်သွားပါတယ်။

ကုရှန်တွေဟာ အနုပညာနဲ့ ဘာသာရေးတွေကို ကာကွယ်စောင့်ရှောက်ခဲ့သူတွေလည်းဖြစ်ရဲ့။ ရောမ၊ အိန္ဒိယနဲ့ တရုတ်ပြည်တို့အကြား အဖိုးတန်ဇိမ်ခံပစ္စည်းတွေကို သယ်ယူခဲ့ရာ၊ အတွေးအခေါ်တွေ ဖလှယ်ပံ့ပိုးရာ ပိုးလမ်းမကြီး (the Silk Road) ရဲ့ အဓိကလမ်းခွဲတစ်ခုဟာ အာဖဂန်နစ္စတန်ကို ဖြတ်သွားပါတယ်။ ကုန်ဖလှယ်ရာ ဗဟိုဌာနဟာ Balkh မှာ တည်ရှိနေရဲ့။ အေဒီအစောပိုင်းရာစုနှစ်တွေအတွင်းမှာ အိန္ဒိယဘုရားဖူးတွေဟာ ပိုးလမ်းမကြီးကနေ ခရီးနှင်ပြီး ဗုဒ္ဓဝါဒကို တရုတ်ပြည်နဲ့ မိတ်ဆက်ပေးခဲ့ကြပါတယ်။ ဗုဒ္ဓဘာသာ ဂန္ဓာရအနုပညာ(Buddhist Gandharan art) ဟာလည်း အဲဒီကာလတွေအတွင်းမှာပဲ ဖွံ့ဖြိုးတိုးတက်လာတာပါ။

အဲဒီခေတ် ကုန်သွယ်ရေးနဲ့ ယဉ်ကျေးမှုဆိုင်ရာ လုပ်ဆောင်ချက်များရဲ့ သက်သေသာဓကတွေကိုလည်း ကဘူးလ်မြို့မြောက်ဘက်က ကုရှန်နွေရာသီမြို့တော် Bagram မှာ တွေ့ကြရသတတ်။ အလက်ဇန္ဒီးယားက ဆေးခြယ်ဖန်ထည်တွေ၊ အင်္ဂတေထည်တွေ၊ ရောမက ကြေးထည်၊ အလှဆင်တဲ့ ခဲဝင်မှုန်ကျောက်ထည်နဲ့ စကျင်ကျောက်ထည်တွေ၊ အိန္ဒိယက ဆင်စွယ်ပန်းပုတွေနဲ့ တရုတ်ပြည်က ယွန်းထည်တွေ အပါအဝင်ပေါ့။ Balkh မြောက်ဘက်က လူစည်ကားခဲ့တဲ့ ကုရှန်မြို့ကြီး Delbarjin နဲ့ အနောက်ဘက် Sheberghan နားက အထူးပဲ အနုလက်ရာမြောက်လှတဲ့ ရွှေထည်ရတနာသိုက်ကြီးတွေကိုလည်း တူးဖော်လေ့လာမှုတွေ ပြုလုပ်ခဲ့ပြီးပါပြီ။

## ဒေသအလိုက်အသွင်ပြောင်းလာသော ဗုဒ္ဓဘာသာလက်ရာများ

ဗုဒ္ဓဘာသာရိုးရာဓလေ့တွေကို လိုက်နာကျင့်သုံးရာမှာ ကျော်ကြားထင်ရှားပြီး ဘာသာရေးကိစ္စတွေမှာ တက်ကြွစွာပါဝင်ချီးမြှောက်ခဲ့တဲ့ ကုရှန်ဘုရင် ကနစ်ရှကဟာ ဘာသာရေးအဆောက်အအုံများစွာကို ပထမရာစုစီအီးမှာတည်

www.burmeseclassic.com

www.burmeseclassic.com

ဆောက်ပေးခဲ့ပါတယ်။ သူ့ရဲ့ဒင်္ဂါးပြား(coinage) တွေမှာတော့ အီရန်(Iranian) နဲ့ (Hellenistic-Roman deities) နတ်ဘုရားရုပ်တွေပါပြီး ဗုဒ္ဓပုံတော်တွေလည်း ရှားရှားပါးပါး ပါရဲ့။ ကနစ်ရှက အမည်ပါ the Rabatak inscription ကျောက်စာမှာတော့ သူ့ရဲ့ ဘာသာရေးယုံကြည်ချက်၊ ခံယူချက်တွေနဲ့ပတ်သက်ပြီး ရေးထွင်းထားပေမယ့် ဗုဒ္ဓနဲ့ ဗုဒ္ဓသာသနာစောင့်နတ်တွေအကြောင်းတော့ ဘာမှရေးထိုးမထားပါဘူး။

ပထမရာစုဘီစီကနေ ပထမရာစုစီအီးအတွင်းမှာ ဗုဒ္ဓဘာသာဟာ ရုပ်တုရုပ်လုံးတွေနဲ့ ဘာသာရေးတစ်ရပ် ဖြစ်လာတာကို ဂန္ဓာရအနုပညာတွေအရ သိနိုင်ပါတယ်။ အစောဆုံးတင်ပြနိုင်တဲ့ သက်သေကတော့ ဘက်ထရီးယား(Tillya Tepe) ရှေးဟောင်းသင်္ချိုင်းက ဘုရားကျောင်းဒင်္ဂါး(ရွှေတိုကင်ပြား)ပေါ်က ဗုဒ္ဓပုံတော်ပါ။ ဗုဒ္ဓဘာသာ ဂန္ဓာရအနုပညာဟာ အာဖဂန် တစ်နေရာတည်းကိုသာ ပျံ့နှံ့ခဲ့တာမဟုတ်ပါဘူး။ အာရှအလယ်ပိုင်းရဲ့ တောင်ဘက်နဲ့ Xinjiang ထိပါ ပျံ့နှံ့ခဲ့ပြီး ကျယ်ပြောတဲ့ အဲဒီကုန်းမြေအတွင်းမှာ ကျောင်းများစွာ ပေါ်ထွန်းစေခဲ့တယ်။ ဂန္ဓာရအနုပညာကို ဗုဒ္ဓဘာသာဆိုင်ရာ တည်ဆောက်ရေးတွေမှာ တွေ့မြင်နိုင်ပါတယ်။ အထူးသဖြင့် ဘုန်းကြီးကျောင်း ဝိဟာရ (vihara) တွေမှာပေါ့။ ဗုဒ္ဓနဲ့ အခြားသူတော်စင်မထေရ်မြတ်တွေရဲ့ ဓာတ်တော်၊ မွေတော်တွေ ထည့်သွင်းဌာပနာပြီး တည်ထားတဲ့ ဗုဒ္ဓဘာသာဝင်တွေ ရှိခိုးကြည်ညို အလေးအမြတ်ပြုရာ စေတီယ(caitya) နဲ့ ထူပါ(stupa) တွေလည်း ပါတယ်။

အဲဒီ အဓိကဗိသုကာပညာရပ်တွေနဲ့ ပေါင်းစပ်ဖွဲ့စည်းမှု စိတ်ကူးတွေမူလအရင်းခံရာကတော့အိန္ဒိယပြည်ကြီးပါ။ ဒါပေမဲ့ ဒေသ၊ ရာသီဥတု၊ အသုံးပြုတဲ့ ပစ္စည်းပစ္စယတွေ၊ ရိုးရာဓလေ့ ဗိသုကာပညာရပ်တွေနဲ့လည်း ညှိနှိုင်းချိန်ဆ ပြုပြင်ယူပြီး အဆောက်အအုံတွေကို တည်ဆောက်သွားကြပါတယ်။ ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ အဓိကအဆောက်အအုံ တစ်ခုချင်းစီမှာ ရှည်လျားတဲ့ ပြောင်းလဲတိုး


အာဖဂန်နစ္စတန်ရှိ ဗုဒ္ဓဘာသာဆင်းတုတော်များ

တက်မှုတွေနဲ့ပါ။ ဒါ့အပြင် လွတ်လပ်စွာရပ်တည်နေတဲ့ အာဖဂန်၊ အာရှအလယ်ပိုင်းတောင်ဘက်နဲ့ တရုတ်ပြည်မြောက်ပိုင်း Xinjiang တွေက ဗုဒ္ဓဘာသာကျောင်းတော်တွေဟာ အိန္ဒိယမှာတွေ့ရတဲ့ မူလပုံစံများလိုပဲ ဂူကျောင်း(Cave Monastery) များဖြစ်ပေမယ့် ဒေသလက္ခဏာသွင်ပြင်တွေ ပါဝင်လာပါတယ်။

**အာဖဂန်နစ္စတန်ဒေသကို မှတ်တမ်းတင်ခဲ့သော တရုတ်ခရီးသည်ရဟန်းများ**


ယနေ့ခေတ် Jalalabad အနီးရှိ Hadda (ရှေးအခေါ် နာဂရဟာရ)ဟာ အာဖဂန်ရဲ့ အကြီးမားဆုံး ဗုဒ္ဓဘာသာဌာနတစ်ခုပါ။ လာရောက်ဖူးမြော်ခဲ့ပြီး ပြန်လည်ရေးသားဖော်ပြခဲ့တဲ့ တရုတ်ဗုဒ္ဓဘာသာဘုရားဖူး ဘုန်းတော်ကြီးတွေ ရှိခဲ့တယ်။ ဖာရှိယန်(Fa-hsien)(၃၃၇-၄၂၂ ခုနှစ်)နဲ့ ဟူရှင်း


အာဖဂန်နစ္စတန်ရှိ ဗုဒ္ဓဘာသာဆင်းတုတော်များ



www.burmeseclassic.com

www.burmeseclassic.com



အာဖဂန်နစ္စတန်ရှိ(၁၁၁၅)ခုနှစ်လက်ရာ
အောင်မြင်ခြင်းမျှော်စင်အနီးကပ်ပုံ

တောင်(Hsuan-tsang)(၆၀၂-၆၄ ခုနှစ်)တို့ပါ။ အဲဒီမှာ (Bagh Gai, Deh Ghundi, Tepe Kafiriha, Tepe Kalan, Tepe Shutur, Gan Nao) စတဲ့ ကျောင်းတော်ရာ အပျက်အစီးတွေနဲ့ အခြားအဆောက်အအုံရာတွေ ဖုံးလွှမ်းနေတဲ့ (၁၅)ကီလိုဧရိယာလောက်ကျယ်တဲ့ နေရာနှစ်ခုရှိတယ်။ ကြီးသော၊ ငယ်သော စတူပါတွေ၊ ဘုန်းကြီးကျောင်းတွေနဲ့ ဖန်တီးပြုလုပ်ထားတဲ့ လှုပ်ဂူကျောင်းတွေနဲ့ပါ။ ဘုန်းကြီးကျောင်းတွေဟာ စတုရန်းပုံ၊ ထောင့်မှန်စတုဂံပုံတွေရှိပြီး ကျောင်းဝင်းကို တရားထိုင်အခန်းငယ်တွေ၊ စုဝေးခန်းမတွေ၊ ဇရပ်တွေနဲ့ အခြားအဆောက်အအုံများက ပတ်ရံနေတယ်။

အလယ်ဗဟိုမှာတော့ ကြီးမားတဲ့ ထူပါစေတီကြီးတစ်ဆူ နေရာယူထားပြီး စေတီရံများစွာလည်း ရှိရဲ့။ တစ်ခါတစ်ရံမှာ အဲဒီနေရာတွေဟာ ကျောင်းဝင်းနှစ်ခုပါပြီး တစ်ခုကို အခန်းငယ်လေးတွေနဲ့ အနားသတ်ဝန်းရံထားတယ်။ နောက်တစ်ခုကိုတော့ ဇရပ်တွေနဲ့ ရံထားတယ်။

ကျောင်းတွေရဲ့ဘေးနဲ့ ကျောင်းတွေကြားမှာလည်း များစွာသော ဘုရား၊ စေတီနဲ့ ရုပ်တုတွေရှိတယ်။ အောက်ခံပန္နက်အဆင့်ဆင့်ပေါ်မှာ ထူပါအဆူ(၅၀၀)ကျော် တည်ထားကြပြီး အင်္ဂတေတွေ၊ ကျောက်တွေနဲ့ ထွင်းထုတန်ဆာဆင်ထားတဲ့ ရုပ်ကြွတွေလည်း ရှိကြရဲ့။ ဗိသုကာအသေးစိတ်မှာတော့ နဖူးစီး(cornice)၊ တိုင်လုံး(Corinthian column)၊ အခုံး(arche) တွေနဲ့ ဗုဒ္ဓမတ်ရုပ်တော်၊ ထိုင်တော်မူနဲ့ အခြား

လောကီရေးရာပုဂ္ဂိုလ်တွေရဲ့ပုံတွေပါ အတန်းလိုက်စီလျက်တွေ့နိုင်တယ်။

ကျောင်းတော်ဝိဟာရတွေကိုလည်း အလားတူပဲ တန်ဆာဆင်ထားရဲ့။ ဒတ္တာအနုပညာဟာ အထူးထင်ရှားတဲ့ ဂန္ဓာရအနုပညာနဲ့ယှဉ်နိုင်ပြီး ပိုမိုလွတ်လပ်အသက်ပါပြီး ပိုလည်းလက်တွေ့ကျပါရဲ့။ နတ်သိကြားတွေထက်စာရင် လူပုဂ္ဂိုလ်ပုံတွေကို ပန်းပုထုလုပ်ရတာက ကျွမ်းဂန်လာ လိုအပ်ချက်တွေ ကင်းလွတ်လေတော့ ပိုလက်စွမ်းပြနိုင်ကြတယ်။ အဲဒီမှာ ထွင်းထုထားတဲ့ ခေါင်းတွေ၊ ရုပ်တုတွေဟာ တုမနှိုင်းသာအောင်ဘဲ အလွန်လှပပါတယ်။

အဲဒီ နာဂရဟာရဒေသက အခြားဗုဒ္ဓဘာသာဌာနတစ်ခုဖြစ်တဲ့ Bimaran မှာတွေ့ရတဲ့ ရွှေသားဓာတ်တော်ကြုတ်မှာ ဗုဒ္ဓရဲ့ လူသားအသွင်ပုံတော်ကို အစောဆုံးတင်ပြဖန်တီးထားတယ်။ ကာဘူးလ်က Kapisa ဧရိယာမှာလည်း ပထမနဲ့ တတိယ ရာစုနှစ်စီအီးမှာ ထွန်းကားခဲ့တဲ့ ဘုန်းကြီးကျောင်းတွေ၊ စတူပါတွေ အစဉ်လိုက်ရှိနေရဲ့။ အဲဒီက တန်ဆာဆင်ရုပ်တုတွေဟာ 'ဒတ္တာ'အရုပ်တွေနဲ့ ဆင်တူယိုးမှားပါ။ ဒါ့အပြင် ဘက်ထရီးယားဗုဒ္ဓသာသနာကို အစောဆုံးကာလသတ်မှတ်နိုင်စေဖို့ အထောက်အကူပြုတာကတော့ (the Kunduz ဧရိယာက ရရှိခဲ့တဲ့ ကြေထည်၊ မြေထည် ဓာတ်တော်ကြုတ်ပါ။

ကြုတ်ပေါ်မှာ 'ဒီအနီးအပါးမှာ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းတစ်ကျောင်းရှိတယ်။ အဲဒီမှာ (the Dharmaguptaka Sect ဂိုဏ်းက အယူဝါဒတွေကို သင်ကြားပြီး ကျယ်ကျယ်ပြန့်ပြန့်သာသနာပြုနေတယ်'လို့ kharosthi inscription စာနဲ့ ဖော်ပြထားတယ်။

ဒီအရေးအသားဟာ ပထမနဲ့ဒုတိယ ရာစုစီအီးကပါ။ ဒုတိယနဲ့ တတိယ ရာစုစီအီးခေတ်ကာလကလို့ ညွှန်းထားတဲ့ Sork Kotal က ဗုဒ္ဓဘာသာကျောင်းတော်ဟာလည်း ရုပ်တုတွေနဲ့ ထူးခြားတဲ့အဆောက်အအုံပါပဲ။ Kunduz က ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းတစ်ခုရဲ့ ပန္နက်ကိုတော့ ကုရှန်ခေတ်အကုန်ကလို့ ကာလခန့်မှန်းနိုင်ပါရဲ့။ Dilberjin နဲ့ Haibak အပြင် အခြားနေရာတွေမှာလည်း နောက်ထပ် ဗုဒ္ဓဘာသာဘုရားကျောင်းတွေ တွေ့ရတယ်။

ဘက်ထရီးယားဟာ (the Amu Darya) ရဲ့ မြောက်ဘက်၊ ယနေ့ခေတ် ဥဇဘက်ကစ္စတန်(Uzbekistan) နဲ့ (Tajikistan)ရဲ့တောင်ဘက်မှာ ရှိပါတယ်။ အဲဒီရဲ့ မြောက်



www.burmeseclassic.com

www.burmeseclassic.com

ပိုင်းမှာ စနစ်ကျတဲ့ ရှေးဟောင်းသုတေသနလုပ်ငန်းတွေ လုပ်တဲ့ခါ ဗုဒ္ဓဘာသာအဆောက်အအုံများစွာ ပေါ်ထွက်လာခဲ့တယ်။ တားမက်ဇ်(Termez) မှာတော့ အထူထပ်ဆုံးပါ။ တားမက်ဇ်အနောက်မြောက်ပိုင်း အမူဒါရာက သိပ်မဝေးတဲ့နေရာလေးမှာတင် ဂူကျောင်းသခ်မ်းတွေရှိတဲ့ (Kara Tepe) ဗုဒ္ဓဘာသာဌာနရှိတယ်။ သူ့ဘေးမှာ (Fayaz Tepe) ဘုန်းကြီးကျောင်းလည်း သီးခြားရှိသေးရဲ့။ ကရာတေပီဘုန်းကြီးကျောင်းဝင်းဟာ (၇)ဟက်တာလောက်ကျယ်တယ်။ အဲဒီနားမှာ ကာလအမျိုးမျိုးက အဆောက်အအုံတွေ အစီအရီရှိနေတဲ့ ဝင်းကြီးလည်းရှိတယ်။ အများစုဟာ မြေပေါ်မှာဖြစ်ပြီး မြေအောက်မြုပ်နေဆဲတွေလည်း အများကြီးပေါ့။

မြေအောက်ကအပိုင်းရဲ့အလယ်မှာ ကြီးမားတဲ့ကျောက်စာတိုင်ကြီး တစ်ခု၊ နှစ်ခုလည်း ရှိတယ်။ အဲဒါကို စကြံလမ်းနဲ့ပတ်ထားပြီး အတွင်းမှာ ဂူလိုဏ်ရှိပုံရတယ်။ ပန္နက်ခုံ(platform) ရှေ့ မြေအောက်ပိုင်းကိုဝင်တဲ့ အပေါက်ဝမှာ တိုင်လုံးအစဉ်တွေနဲ့ စတုရန်းပုံသဏ္ဌာန် ခန်းဆောင်မျက်နှာပြင်တစ်ခု ရှိနေတယ်။ စတူပါတစ်ဆူ၊ ရေကန်တစ်ကန်၊ တိုင်ခုံတွေနဲ့ ပန်းပုရုပ်တုတွေအတွက် မုခ်ကပ်တွေလည်း ပါရဲ့။ ပန္နက်ခုံအမျိုးမျိုးနဲ့ နှစ်ထပ်အဆောက်အအုံအချို့ပါတဲ့ ကျောင်းဝင်းကြီးတွေလည်း ရှိသေးတယ်။ ကရာတေပီမှာ တွေ့ရတဲ့ ကျောက်နဲ့ အင်္ဂတေရုပ်တုတွေ၊ ပန်းချီတွေနဲ့ ကျောက်ထည်ဗိသုကာတွေစတဲ့ အနုလက်ရာပစ္စည်း အများအပြားဟာလည်း အသေးစိတ်လှပေ့ါ။ kharosthi နဲ့ brahmi မှာလည်း အိန္ဒိယအရေးအသားနဲ့ ကျောက်စာ (၁၅၀)ကျော် ဖော်ထုတ်ပြီးပါပြီ။ ဝင်းကြီးတစ်ခုလုံးရဲ့ တည်ဆောက်မှုတွေကို (၁-၂)ရာစုစီအီးမှာ စတင်ခဲ့ပြီး (၃-၄)ရာစုအတွင်းမှာ အထွတ်အထိပ်ရောက်ခဲ့ကာ (၅-၆) ရာစုမှာတော့ ပြိုလဲသွားခဲ့ပါတယ်။

ကရာတေပီမှ တစ်ကီလိုမီတာလောက် အဝေးမှာရှိတဲ့ (the Fayaz Tepe) ကျောင်းမှာတော့ ကပ်လျက်ရှိနေတဲ့ ခန်းဆောင်သုံးဆောင်နဲ့ ပတ်ပတ်လည်က အခန်းတွေ ပါဝင်တယ်။ အလယ်လောက်မှာ ကြီးမားတဲ့အခန်းကြီးရှိပြီး နံရံတွေမှာ ဗုဒ္ဓဘာသာပုဂ္ဂိုလ်ထူးတွေရဲ့ပုံပါတဲ့ ကြီးကျယ်ခမ်းနားတဲ့ ဆေးရောင်စုံပန်းချီတွေ ရေးဆွဲထားတယ်။ ရွှံ့နဲ့ အင်္ဂတေ ပန်းပုရုပ်တွေ၊ ဗုဒ္ဓဘာသာကျောက်ထွင်းရုပ်ကြွတွေနဲ့ လွှမ်းခြုံထားတယ်။ အိန္ဒိယကျောက်စာအရေးအသား (၃၅)ခုလည်း အဲဒီမှာ တွေ့ရတယ်။ ခန်းမအပြင်ဘက်မှာတော့ စတူပါရှိနေပြီး အစက ခပ်ဝိုင်းဝိုင်းဖြစ်ကာ နောက်ပိုင်းတော့ ပြန်လည်တည်ဆောက်လိုက်ပုံရတယ်။ အဲဒီမှာ တွေ့ရတဲ့ ဒင်္ဂါးတွေကတော့ ပထမရာစုစီအီးခေတ်ကပါ။ နံရံဆေးရေးပန်းချီလို အနုပညာအချို့ကိုလည်း နောက်ပိုင်းမှာ ထပ်မံဖြည့်စွက်လာတယ်။ တတိယ၊ စတုတ္ထ ရာစုလောက်က ဖြစ်နိုင်တယ်။

ဗုဒ္ဓဘာသာအစုအဝေးကြီးတစ်ခုကို Termez အနောက်ပိုင်း အမူဒါရာ(the Amu Darya) ပေါ်က Ayrtam မှာ တွေ့ရသေးတယ်။ အဲဒီမှာ ကုရှန်ခေတ် အမျိုးသားနဲ့ အမျိုး



အာဖဂန်နစ္စတန် ကာဘူးလ်ပြတိုက်မှ အမြင့်(၄၂)စင်တီမီတာရှိ
ဘေဂရမ်နတ်သမီး ယက္ခီရဲ့ ဆင်စွယ်ပန်းပုရုပ်



www.burmeseclassic.com

www.burmeseclassic.com

သမီး ဂီတပညာရှင်ပုံတွေကို ဖော်ကျူးထားတယ်လို့ ယူဆရတဲ့ ထုံးကျောက်ပန်းတန်းတွေ ပါရှိတယ်။ ဘက်ထရီးယားဟာ ဂန္ဓာရအနုပညာပြန့်ပွားတဲ့နေရာဖြစ်ကြောင်း အဆင်တန်ဆာပါတဲ့ အဝတ်အစားတွေ၊ ပန်းကုံးစွပ်ထားတာတွေ၊ ဗုံ၊ ပလွေ၊ စောင်းတွေနဲ့ မျက်မြင်သက်သေအဖြစ် ပြနေရဲ့။

တားမက်ဇ်ကနေ (၂၅)ကီလိုမီတာအကွာမှာရှိတဲ့ Zar Tepe မှာ ဗုဒ္ဓဘာသာကျောင်းနဲ့ စေတူပါတစ်ဆူ ရှိတာကိုလည်း ဖော်ပြရလိမ့်မယ်။ ဥဇ္ဗဘက်ကစ္စတန်က Surkhan နဲ့ Hissar တောင်ကြားနယ်စပ် (အခု Dalverzin Tepe) မြို့မှာလည်း အခြားကြီးမားတဲ့ ဗုဒ္ဓဘာသာဌာနတွေ ရှိသေးတယ်။ ဘာသာရေးအဆောက်အအုံတွေကို မြို့တွင်းနဲ့ မြို့ပြင်မှာ တွေ့ရတယ်။ အမူဒါရာကို Kafirnigan မြစ် စီးဆင်းတဲ့နေရာမှာ ကုရှန်ခေတ် ဗုဒ္ဓဘာသာကျောင်းတော် (Usturmullo)ရှိတယ်။ အဲဒီက တူပါရုံမှာတော့ Ayrtam မှာလိုပဲ ရုပ်ကြွတွေပါတဲ့ ကျောက်ပြားတွေနဲ့ မျက်နှာစာ ဖော်ထားတယ်။ ကျောင်းတော်တွင်းမှာလည်း ပန်းချီကားတွေနဲ့ တန်ဆာဆင်ထားရဲ့။ နောက်ဆုံးဗုဒ္ဓဘာသာတည်ဆောက်မှုတွေကို ပါသီရန်ခေတ်နောက်ပိုင်းကာလ (၁-၂)ရာစုစီအီးအတွင်း Marv မြို့တော်မှာ ဆောက်ခဲ့ကြပါတယ်။

အထက်မှာဖော်ပြထားသလို ဗုဒ္ဓဘာသာဟာ ကိုတန်ကို အစောပိုင်းအခြေမှာ ရောက်ရှိခဲ့တယ်။

Xinjiang တောင်ဘက်ပိုင်းက နားခိုစခန်းနေရာများစွာနဲ့ Miran အရှေ့ဖျားနေရာများစွာမှာ ဗုဒ္ဓဘာသာ အဆောက်အအုံအကြွင်းအကျန်တွေကို မြင်နိုင်ပါသေးရဲ့။ အဲဒီက (၄၊ ၅)ကီလိုမီတာလောက်ဧရိယာရှိတဲ့ ဗုဒ္ဓဘာသာ ဗဟိုဌာနကြီးတွေအတွင်းမှာ ကျောင်း၊ ဇရပ် (၂)ဒါဇင်ကျော်ဟာ ပြန့်ကျဲနေရဲ့။ အစိတ်အပိုင်းအတော်များများကို ကောင်းစွာထိန်းသိမ်းထားရှိပါတယ်။ အထူးသဖြင့် တူပါရုံအဝိုင်း, အဝိုင်းအတွင်းမှာ စတုဂံပုံပန္နက်နဲ့ အမိုးခုံးပါတဲ့ ကျောင်းခန်းတွေဟာ ဝန်းပတ်နေရဲ့။ တည်ဆောက်ထားသမျှကို ပန်းချီ၊ ပန်းပုနဲ့ ရုပ်ကြွတွေနဲ့လည်း တန်ဆာဆင်ထားရဲ့။ ပန်းချီတွေဟာ ဂန္ဓာရဟန်(the Gandharan type) ပြတ်ပြတ်သားသားပေါ်နေပြီး ပါကစ္စတန်-ဆွတ်(Swat) က တည်ဆောက်ရေးသမားတွေရဲ့လက်ရာနဲ့ အတူတူပဲလို့ မှတ်ချက်ချထားကြတယ်။ Miran က အစောဆုံးတည်ဆောက်ရေးနဲ့ ပန်းချီတွေကို တတိယရာစုစီအီးခေတ်ကလို့ ကာလသတ်မှတ်နိုင်တယ်။ Karadong က ဗုဒ္ဓဘာသာ ကျောင်း,ကန်,ဇရပ်တွေဟာ ခေတ်ပြိုင် ဒါမှမဟုတ် ပိုစောတဲ့ တတိယရာစုလယ်က တည်ဆောက်မှုတွေဖြစ်တယ်။ ခမ်းနားထည်ဝါတဲ့ ဗုဒ္ဓဘာသာပန်းချီတွေမှာ ဂရိအသွင်သဏ္ဌာန်ပေါ်နေလို့ ဂန္ဓာရ အနုပညာနဲ့ ဆင်တူပါတယ်။

ပထမကနေ တတိယရာစုစီအီးကာလအတွင်း ဗုဒ္ဓဘာသာဘုရားကျောင်းဆောင်တွေဟာ လက်ခံတဲ့အယူအဆရောလူမှုရေးအခြေခံတွေမှာပါ အောက်ခြေကနေ ပြောင်းသွားပုံရတယ်။ အဲဒါနဲ့ အံကိုက်ပြီး မဟာယာနဗုဒ္ဓဘာသာကျောင်းတွေ ဖွံ့ဖြိုးတိုးတက်လာသလို ဟီနာယာနကျောင်းတွေကိုလည်း နေရာအတော်များများမှာ သူ့အတိုင်း ထိန်းသိမ်းစောင့်ရှောက်ထားခဲ့တယ်။ ဒီဘာသာရေးဖြစ်စဉ်ဟာ ဘက်ထရီးယား၊ ကိုတန်၊ Nagarahara နဲ့ Kapis'a အနီးအနားဒေသ နေရာတိုင်းမှာ အများအားဖြင့် ရှိနေတဲ့ ဗုဒ္ဓဘာသာရဲ့ ပုံသဏ္ဌာန်မှန်ပါ။ အဲဒီက ရရှိတဲ့ သတင်းအချက်အလက်ကတော့ ဘက်ထရီယန်-တိုခါရီ(Bactrian-Tokhari) သားတွေဟာ ဗုဒ္ဓဘာသာ ဘာသာရေးဆရာ ဂေါသက (Gho-saka) ရဲ့ တရားအယူအဆတွေကို ကျင့်ကြံလိုက်နာကြပါသတဲ့။ သူဟာ တောခါရစ္စတန် (Tokharistan) မှာ မွေးပြီး တောခါရစ္စတန်မှာပဲ တရားကျင့်ကြံခဲ့သူ



အာဖဂန်နစ္စတန် မဇာရ်ရှရစ်ဖ်ရှိ ယခုခေတ်အပြာရောင်ဗလီ



www.burmeseclassic.com

www.burmeseclassic.com

ပါ။ သူက the Vaibhasika ဂိုဏ်းကို ကိုယ်စားပြုထားပါတယ်။ ဒီဂိုဏ်းဟာ အာဖဂန်နစ္စတန်၊ ကိုတန်၊ တောခါရစ္စတန်နဲ့ အာရှအလယ်ပိုင်းတွေအပါအဝင် နေရာကျယ်ကျယ်ပြန့်ပြန့်က ဆက်နွယ်လက်ခံထားတဲ့ the Sarva-stivada ဂိုဏ်းရဲ့ လက်ခွဲဖြစ်ပါတယ်။ အဲဒါကို ဟီနာယာနက ပိုင်ဆိုင်ပေမယ့် အချို့သော the Sarvastivada doc-trine တရားတွေက အကြောင်းအရာတွေဟာ မဟာယာနနဲ့ ဆက်နွယ်နေတုန်းပါ။

အာဖဂန်နစ္စတန်မှာ များစွာသော ဟီနယာနကျောင်းတွေ၊ ဂိုဏ်းတွေဟာ Maha-samghika, Sarvastivadin, Dharmaguptaka နဲ့ အခြားနေရာတွေမှာ ကိုယ်စားပြုတင်ပြနေကြတယ်။ ဘက်ထရီးယားမြောက်ပိုင်းက ကျမ်းစာတွေဟာ the Maha-samghika ဂိုဏ်းကို တိုက်ရိုက်မှီငြမ်းကြပါတယ်။ ကုရှန်ခေတ်အကုန်လောက်မှာ the Sammatiya ဂိုဏ်းကို ထောက်ခံအားပေးသူတွေပေါ်လာပြီး အလားတူပဲ the Sarvastivadin ဂိုဏ်းရဲ့ ကျမ်းပြုတွေလည်း ရှိလာတယ်။ အဲဒီကျောင်းတွေနဲ့ မဟာယာနကျောင်းတွေကြားမှာ နိုင်မာစွာခြားနားထားတဲ့မျဉ်း မရှိပါဘူး။ သူတို့ဟာ ခေတ်ပြိုင်အမြင်ရှိတဲ့ Maha-samghika, Sarvastivadin ဂိုဏ်းတွေကိုရော မဟာယာနဂိုဏ်းရဲ့နောက်လိုက် Dharma-guptaka ကိုပါ လေ့လာကြတယ်။ မဟာယာနကိုလည်း မြှင့်တင်ပေးခဲ့ကြတယ်။ အယူအဆပိုင်းဆိုင်ရာတွေမှာ ခြားနားချက်တွေ ရှိနေပေမယ့် ဟီနာယာနနဲ့ မဟာယာန ဂိုဏ်းသားတွေဟာ ဘုန်းကြီးကျောင်းတစ်ခုတည်းမှာပဲ နေထိုင်သင်ယူခဲ့ကြတယ်။

ဗုဒ္ဓဘာသာဟာ ပထမဆုံး တောင်ပိုင်း Xinjiang အိုအေစစ်မှာ ထိုးဖောက်ဝင်ရောက်ပြီး ကွန်းခိုခဲ့တယ်။ အထူးသဖြင့် ကိုတန်မှာ မဟာယာန Sarva-stivada နဲ့ Maha-samghika ဂိုဏ်းတွေအနေနဲ့ပေါ့။ (၃)ရာစုစီအီးမှာ ကိုတန်ဟာ မဟာယာနဌာနချုပ်အဖြစ် ထင်ရှားလာခဲ့တယ်။ နှစ်(၂၆၀)လောက်ကြာတော့ တရုတ်မဟာယာနတွေက သက္ကတကျမ်းစာ (Prajna-paramita-sutra) သုတ္တန်ကို အပြည့်အစုံရှာဖွေတွေ့ရှိခဲ့ကြတယ်။ နောက်ပိုင်းမှာတော့ ကိုတန်မှာ မဟာယာနတွေရဲ့နေရာ ပိုမိုမြင့်တက်လာခဲ့တယ်။

**<u>အာဖဂန်နစ္စတန်ရဲ့ လွှမ်းမိုးဖွယ်သာသနာနှစ်များ</u>**

ကုရှန်ခေတ်နောက်မှာတော့ ဗုဒ္ဓဘာသာဟာ အာဖဂန်ဧရိယာတွေမှာ အတော်လေးကို ဖွံ့ဖြိုးတိုးတက်လာပါတယ်။



အာဖဂန်နစ္စတန် မဇာရ်ရှရစ်ဖ်ရှိ ယနေ့ခေတ်အပြာရောင်ဗလီ

အဲဒီ(၃-၆)ရာစုခေတ်က (Sasanian & Hephthalite do-mination) အထင်ရှားဆုံးအဆောက်အအုံတစ်ခုဖြစ်တဲ့ ဗုဒ္ဓဘာသာဌာနဟာ the Sasanian အနုပညာတွေ လွှမ်းမိုးတဲ့နေရာဖြစ်လို့ အဲဒီမှာ ပေါ်ထွန်းနေတဲ့ ဗုဒ္ဓဘာသာအနုပညာတွေဟာ မှတ်သားလောက်အောင် ထင်ရှားပါတယ်။

ဘာမိရန်လွင်ပြင်ဟာ ကဘူးလ်မြို့ကနေ (၂၅၀)ကီလိုမီတာအကွာမှာရှိတယ်။ သူ့ရဲ့မြောက်ဘက်နယ်နိမိတ်၊ the Kuhe Baba တောင်ကုန်းရဲ့အခြေ ရဟန်းသံဃာတွေ သီတင်းသုံးလို့ ပျားအုံပုံဖြစ်နေတဲ့ ဂူအတု(၇၅၀)ရှိရာ (၁၀၀၀) မီတာရှည်တဲ့တောင်ဟာ တောင်နံရံကမ်းပါးနဲ့ မျက်နှာချင်းဆိုင်နေတယ်။ အဲဒီဂူတွေမှာ အနုစိတ်လက်ရာမြောက် ဗိသုကာဒီဇိုင်းတွေနဲ့ ခမ်းနားသန်းပြားတဲ့ ဗုဒ္ဓဘာသာ နံရံဆေးရေးပန်းချီတွေရှိတယ်။ ဂူနှစ်ခုမှာတော့ စတူပါတွေလည်း ရှိနေတယ်။

ဒါ့အပြင် (၄-၅)ရာစုစီအီးမှာတော့ ဉာဏ်တော်အမြင့်(၁၇၅)ပေ (၅၃ မီတာ)နဲ့ ပေ(၁၂၀)(မီတာ-၄၀) အရှည်ရှိကြတဲ့ ကမ္ဘာ့အကြီးဆုံး မတ်ရပ်ဗုဒ္ဓဆင်းတုနှစ်ဆူကို အာဖဂန်နစ္စတန်အလယ်ပိုင်း ဘာမိရန်က တောင်တန်း



www.burmeseclassic.com

www.burmeseclassic.com

တွေရဲ့ ကျောက်တောင်ကမ်းပါးနံရံ ကျောက်သားပျော့ပျော့ကို ထွင်းထုယူပြီး မုခ်ကပ်အတွင်းမှာ ပုံဖော်တည်ဆောက်နိုင်ခဲ့ကြတယ်။ အဲဒီနောက်မှာတော့ အလွှာလွှာအထပ်ထပ်သော အင်္ဂတေတွေနဲ့ ထပ်အုပ်မိုးခဲ့ပြီး ကိုယ်လုံးတော်နဲ့ သဏ္ဌာန်တော်တွေကို ပုံဖော်ယူတာပါ။ လက်တော်တွေကိုတော့ သစ်သားတွေပေါ်မှာ ပန်းပုထုပြီး သစ်သားစရွေးတွေနဲ့ ဆက်ယူခဲ့ကြတယ်။ ကြီးမားတဲ့မုခ်ကပ်နှစ်ခုကိုလည်း အခြားသေးငယ်တဲ့မုခ်ကပ်တွေလိုပဲ တောင်ကမ်းပါးမှာ ထွင်းယူခဲ့ပြီး နံရံပန်းချီတွေနဲ့လည်း ရေးဆွဲတန်ဆာဆင်ထားရဲ့။ ပန်းပုရုပ်တုတွေကို ဆေးရောင်စုံခြယ်ထားကြပြီး အစပိုင်းတုန်းကတော့ ရွှေချပြီး အဖိုးတန်ကျောက်တွေလည်း မြှုပ်ထားခဲ့ကြပုံပါ။ တောင်ကမ်းပါးယံဘေးမှာတော့ ထူပါရဲ့ စေတီတစ်ဆူရဲ့ အကြွင်းအကျန် အပျက်အစီးတွေလည်း ရှိတယ်။

အစပိုင်းတုန်းကတော့ အဲဒီမှာ ဆင်းတုတော်အားလုံး (၆)ဆူရှိခဲ့တာပါ။ အလွန်ကြီးမားတဲ့ colossi (၃)ဆူနဲ့ အသေး (၃)ဆူပါ။ လျောင်းတော်မူ(reclining) ဗုဒ္ဓဆင်းတုတော်ဟာ ဗုဒ္ဓရဲ့ လူ့လောက,ကနေ နောက်ဆုံးထွက်ခွာပျောက်ကွယ်သွားရမယ့်အချိန်၊ ဒါမှမဟုတ် ပရိနိဗ္ဗာန် (parinirvana) စံဝင်တော်မူရမယ့်အချိန်ကို ပြနေရဲ့။ ဒါဟာ ဘုရားရှင်ရဲ့ ခန္ဓာဝန်စွန့်ခဲ့ခြင်းများစွာမှာ အကြီးမားဆုံးလည်းဖြစ်ရဲ့။ ဒီလျောင်းတော်မူဆင်းတုတော်ကြီးဟာ မတ်ရပ်ဆင်းတုတော်တွေထက်လည်း အဆပေါင်းများစွာ ပိုကြီးပါတယ်။

အဲဒီအာဖဂန် ဘာမိရန်တောင်ကြားက ဘာသာရေးအထွတ်အမြတ်လည်းဖြစ်၊ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်လည်းဖြစ်တဲ့ ဆင်းတုတော်ကြီးတွေဟာ တာလီဘန်များစိုးမိုးစဉ်ကာလ (the Taliban regime) (၂၀၀၁)ခုနှစ်၊ မတ်လမှာတော့ လုံးဝအားလုံးကုန် ဖျက်ဆီးခံလိုက်ရပါပြီ။ စစ်သွေးကြွ တာလီဘန်တွေဟာ ရှေးခေတ်နှစ်ပေါင်းများစွာတည်းက ထွင်းထုပြုလုပ်ခဲ့တဲ့ ယဉ်ကျေးမှုအမွေအနှစ် ဗုဒ္ဓဆင်းတုတော်တွေကို ကမ္ဘာတစ်ဝှမ်းလုံးက ကျယ်ကျယ်ပြန့်ပြန့် ဝိုင်းဝန်းကန့်ကွက်နေတဲ့ကြားက "ရုပ်တုဆင်းတုကိုးကွယ်မှု(idolatrous) အလိုမရှိ" ဆိုပြီး ဖျက်ဆီးပစ်လိုက်ကြတာပါ။ အများသိအောင် လူထုဆက်သွယ်ရေးတွေကတစ်ဆင့် ကမ္ဘာကို ကြေညာပြီးမှ သူတို့ရဲ့ ရန်လိုအကြမ်းဖက်တဲ့ပုံစံအတိုင်း တစ်ပြိုင်နက်တည်း ကိစ္စတုံးလုပ်လိုက်ခြင်းပါ။ ယုံကြည်ကိုးကွယ်ရာ ဘာသာရေးတစ်ရပ်ကို စော်ကားရာရောက်တဲ့အပြင် ပျက်စီးကျိုးပဲ့နေတဲ့ ဆင်းတုတော်အပျက်အစီးများကို ရဲရဲတင်းတင်း မထီလေးစားစွာ စိမ်းစိမ်းဝါးဝါး ကြည့်ရင်း အောင်ပွဲခံနေကြတဲ့ အဲဒီဖျက်ဆီးရေးသမားတွေရဲ့ ပုံကို ရုပ်မြင်သံကြားအစီအစဉ်တွေကနေ မြင်ရတဲ့ တစ်ကမ္ဘာလုံးကပဲ သူတို့ကို မနှစ်မြို့နိုင်ဘဲ ရွံရှာခဲ့ကြလို့ ရုတ်ခြည်းမှာပဲ ထိန်းမနိုင်သိမ်းမရအောင် အုတ်အော်သောင်းတင်းဖြစ်သွားကြကာ ဝိုင်းဝန်းရှုံ့ချကြပါတယ်။ (နောက်ဆုံးသတင်းအရ အဲဒီဆင်းတုတော်ကြီးရဲ့ အပိုင်းအစတွေကို ပြန်ဆက်ပြီး မူရင်းအတိုင်းဖြစ်အောင် ဂျပန်နိုင်ငံက သူတို့ရဲ့ နည်းပညာတွေနဲ့ ပြန်လည်ဆက်စပ်တည်ဆောက်ပေးသွားမယ်လို့ သိရတယ်။)



ယနေ့ခေတ်အာဖဂန်နစ္စတန်နိုင်ငံမြေပုံ

## ကျောက်ကမ်းပါးယံက ဗုဒ္ဓဘာသာဆိုင်ရာဂူများ

ခပ်သေးသေးဂူလေးတွေလည်း ရှိနေပါတယ်။ အဲဒီထဲက အများစုမှာ ဗုဒ္ဓဘာသာဆိုင်ရာ ပန်းချီတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com

အပြည့်ဖုံးလွှမ်းထားတယ်။ ဂူအတွင်းမှာလည်း အနည်းဆုံး ဗုဒ္ဓဆင်းတုတော်တစ်ဆူတော့ ရှိတတ်တယ်၊ ပိုချင်လည်း ပိုနိုင်သေးတယ်။ ဂူတိုင်းကတော့ ဝိဟာရကျောင်းတော်တွေ မဟုတ်ပါဘူး။ အချို့ကတော့ သံဃာ့အဖွဲ့အစည်းရဲ့ အစည်းအဝေးခန်းတွေ ဖြစ်မှာပေါ့။ အမြဲတမ်းနေထိုင်ခဲ့တယ်ဆိုတဲ့ သက်သေသာဓကိုတော့ ခြေရာကောက်လို့ မရခဲ့ပါဘူး။ ဒါဟာလည်း ကျောက်ကမ်းပါးယံအောက်ခြေက ဝိဟာရကျောင်းတွေမှာ သံဃာတော်တွေ သီတင်းသုံးခဲ့ပုံရတယ်လို့ နာမည်ကျော် တရုတ်ခရီးသည်ဘုန်းတော်ကြီး၊ ပညာရှင်နဲ့ ဘာသာပြန်ဆရာတော် ဟွာယင်ဆန်က ဆိုခဲ့တယ်။ အဲဒီတုန်းက ဂူတွေကို ရိုးရာအစဉ်အလာ ပူဇော်ကန်တော့ဖို့နဲ့ တရားထိုင်ဖို့ အဓိကသုံးခဲ့တယ်လို့လည်း ပြောခဲ့တယ်။ ကာလသတ်မှတ်မှု ထင်ကြေးတွေမှာတော့ ကွဲပြားမှုရှိနေရဲ့။ ဧရာမဆင်းတုတော်ကြီး(the colossi) က (၆)ရာစုလောက်က ဖြစ်နိုင်ပြီး ဘုန်းတော်ကြီးကျောင်း အစုအဝေးကတော့ (၇၊ ၈)ရာစုလောက်က ဖြစ်နိုင်ကောင်းရဲ့။

ဘာမိရန်ကနေ (၄)ကီလိုမီတာလောက်ကွာတဲ့ Fuladi မြစ်ချောင်းလွင်ပြင်မှာရှိနေတဲ့ လူထွင်းဂူ(၅၀)လောက်ရဲ့ နံရံတွေနဲ့ မျက်နှာကြက်မှာတော့ ဘာမိရန်ထက်နောက်ကျတဲ့ ဗုဒ္ဓဝင်ပန်းချီတွေကို ကောင်းစွာထိန်းသိမ်းထားရဲ့။ အခြားမြစ်ဝှမ်းလွင်ပြင် Kakrak မှာ (၇)မီတာမြင့်တဲ့ မတ်ရပ်ဗုဒ္ဓဆင်းတုတော်နဲ့ နံရံဆေးရေးပန်းချီတွေပါတဲ့ လူထွင်းဂူ(၁၀၀)လောက် ရှိသေးတယ်။ ဘာမိရန်နဲ့ ကဘူးလ်ကြား ခရီးတစ်ဝက်လောက်က Fundu-kistan လို့ခေါ်တဲ့ the Gorband လွင်ပြင်မှာလည်း ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း တစ်ကျောင်းရှိတယ်။ ကျောင်းဝင်းအလယ်မှာ ထူပါရုံစေတီရှိပြီး ပတ်လည်မှာတော့ အမိုးခုံးပါတဲ့ မုခ်ကပ်တွေ ပတ်ရံလို့ပေါ့။ အဲဒီအတွင်းမှာ ခမ်းနားထည်ဝါတဲ့ ရုပ်တုတွေ အစုလိုက်ရှိနေတယ်။ နံရံတွေမှာလည်း ဆေးတွေခြယ်လို့။

ဘင်ဂျမင်ရိုလန် (Benjamin Rowland) ကတော့ 'ဒီလိုလုပ်ထားတာတွေဟာ အဆင့်မြင့်ဘာသာရေး အနေအထားရဲ့ ဖော်မြူလာပုံသေနည်းအတိုင်းပါပဲ။ ဖွဲ့စည်းထားပုံတစ်ခုလုံးဟာ ဘာသာတစ်ရပ်ရဲ့ အကျိုးအာနိသင်ကို သေတ္တာထဲက ရုပ်ပုံကားတွေကို မှန်ဘီလူးတပ်ထားတဲ့ ချောင်းကြည့်ပေါက်ကနေ ကြည့်ရသလို ခံစားမှုမျိုးကို မလွဲမသွေပေးနေတယ်' တဲ့။ 'အဲဒီနေရာဟာ လာရောက်လည်ပတ်သူတွေကို ကောင်းကင်ဘုံလောကကို ရိပ်ခနဲ၊ ဖျတ်ခနဲ မြင်စေနိုင်တဲ့ စင်မြင့်တစ်ခုလိုလည်းဖြစ်တယ်' လို့ ဖော်ပြခဲ့တယ်။

ကဘူးလ်ကနေ ကီလိုမီတာ(၂၀)အကွာမှာရှိတဲ့ the Kapis ဧရိယာက the Gul Dara ဘုန်းကြီးကျောင်းဟာ (၅-၆)ရာစုလောက်က တည်ဆောက်ခဲ့တာပါ။ ကျောင်းအပြင်ဘက်မှာ ဝင်းသတ်သတ်နဲ့ စေတီတစ်ဆူလည်းရှိနေရဲ့။

အာဖဂန်နစ္စတန်က (၅-၈)ရာစုအတွင်း ဗုဒ္ဓဘာသာအဆောက်အအုံတွေကြားမှာ Gazni က Tepe Sardar ဟာလည်း ထင်ရှားလှတယ်။ အဲဒီမှာ ဘုန်းကြီးကျောင်းအစုအဝေးတစ်ခုရှိပြီး ထူပါရုံစေတီကြီးကြီးမားမားတစ်ဆူ၊ ခပ်သေးသေးစေတီအများအပြားနဲ့ ကျောင်း၊ တန်ဆောင်းများစွာ ပါဝင်နေပါတယ်။ ပန်းချီတွေ၊ ရုပ်ကြွတွေ၊ ပန်းပုတွေအပြင် (၁၅)မီတာရှည်လျားတဲ့ လျောင်းတော်မူဗုဒ္ဓဆင်းတုတော်တစ်ဆူလည်း ရှိနေတယ်။ အဲဒီမှာ ရုပ်တုတွေနဲ့ ဟိန္ဒူဘုရားကျောင်းလည်း တွေ့ရတယ်။

အာဖဂန်နစ္စတန်မြောက်ပိုင်း ဥဇဘက်ကစ္စတန်တောင်ပိုင်းနဲ့ အာရပ်တွေလွှမ်းမိုးခဲ့တုန်းက တိုကာရစ္စတန်(Tokharistan) လို့ခေါ်တဲ့ တာဂျီကစ္စတန်(Tajikistan) တွေမှာတော့ ဘက်ထရီးယားတို့၊ Baxl တို့မှာလိုမဟုတ်ဘဲ ဗုဒ္ဓ



ပါရှား(အီရန်)၊ အာဖဂန်နစ္စတန်နဲ့ ဗလူချစ္စတန်နိုင်ငံများပါတဲ့ ရှေးဟောင်းမြေပုံ



www.burmeseclassic.com

www.burmeseclassic.com

ဘာသာဟာ သူ့နေရာကို ဆက်လက်ထိန်းထားနိုင်ခဲ့တယ်။ များစွာသောဗုဒ္ဓဘာသာဆိုင်ရာ တည်ဆောက်မှုတွေကို အာဖဂန်ရဲ့တောင်ပိုင်းမှာ ရှာတွေ့ခဲ့ရတယ်။ Balka ဒေသနား က Takte Rostam မှာ အလယ်ခေတ်အစောပိုင်း ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းအပျက်အစီးတွေနဲ့ စေတီပါတစ်ဆူ ရှိနေတယ်။

<u>**တရုတ်ဘုန်းတော်ကြီးများရဲ့ အာဖဂန်ဗုဒ္ဓဘာသာမြင်ကွင်း**</u>

မဟာခရီးသည် တရုတ်ဗုဒ္ဓဘာသာဘုန်းတော်ကြီး ဟူယင်ဆန်ရဲ့အဆိုအရ (၇)ရာစုရဲ့ ပထမလေးပုံတစ်ပုံမှာ တိုကာရစ္စတန်ရဲ့မြို့တော် Balk အတွင်း ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း(၁၀၀)လောက်နဲ့ ရဟန်းတော်အပါး(၃၀၀၀) ရှိခဲ့တယ်။ မြို့နဲ့သိပ်မဝေးတဲ့ နေရာမှာလည်း Novasan-gharama ဆိုတဲ့ ဘုန်းကြီးကျောင်းသစ်တစ်ခုကို သူ တွေ့ခဲ့ပြီး ရွှေပိန်းချရုပ်တုတွေ၊ ကျောက်တွေ မြှုပ်ထားတဲ့ ခန်းမတွေနဲ့ တည်ဆောက်ထားသတဲ့။ အဲဒါကို အာရဗီနဲ့ ပါရှန်လို Nawbahar လို့ ခေါ်ပြီး အာရပ်တွေ အောင်နိုင်ပြီးတဲ့အခါ ဖျက်ဆီးခံလိုက်ရတယ်။

သူ့ရဲ့ ခရီးသွားမှတ်တမ်းတွေမှာ ဟူယင်ဆန် ရေးခဲ့တာက (၆၂၈)ခုနှစ် အဲဒီနေရာမှာ မြောက်ပိုင်း တိုကာရစ္စတန်မှာလို ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းတွေ ရှိခဲ့တယ်တဲ့။ ဥပမာအားဖြင့် ယခုအခါ Termez လို့ခေါ်တဲ့ Ta-mi မြို့မှာ ဘုန်းကြီးကျောင်းတစ်ဒါဇင်နဲ့ ရဟန်း(၁၀၀၀) ရှိနေတယ်။

(၇၂၆)ခုနှစ်မှာ အခြားတရုတ်ဗုဒ္ဓဘာသာဘုရားဖူး Huei-ch'ao ရောက်ရှိဖော်ပြတဲ့ မင်းသားအုပ်ချုပ်တဲ့နိုင်ငံ (the Tokhari principality) ဟာ ဒီနေ့ခေတ် တာဂျီကစ္စတန်တောင်ပိုင်းမှာရှိတဲ့ Kotolo (သို့မဟုတ်) Khuttal ဖြစ်ပါတယ်။

"ဘုရင်၊ မှူးမတ်တွေနဲ့ ပြည်သူပြည်သားများဟာ ရတနာသုံးပါးကို ယုံကြည်စွာ ပူဇော်ကန်တော့ကြတယ်။ များ စွာသော ဘုန်းကြီးကျောင်းတွေနဲ့ ရဟန်းသံဃာတွေဟာ ဟီနာယာန ဘာသာ့ဝင်တွေဖြစ်တယ်" လို့ ရေးခဲ့ပါတယ်။ အဲဒီ တိုကာရစ္စတန်မြောက်ပိုင်းရဲ့ အရှေ့ဘက်ပိုင်းနယ်မြေတွေမှာ (၇-၈)ရာစုခေတ်က ဗုဒ္ဓဘာသာအဆောက်အအုံတွေလည်း ရှာဖွေတွေ့ရှိခဲ့ရတယ်။ Adjina Tepe ဘုန်းကြီးကျောင်းကို အပြည့်အစုံလေ့လာကြည့်တဲ့အခါ အဲဒါဟာ ကျောင်းဝင်းနှစ်ခုပါတဲ့ အမျိုးအစားဖြစ်တယ်။ ပင်မစေတီကြီးနဲ့ စေတီငယ်တွေဟာ စင်္ကြံလမ်းနဲ့ ဝန်းပတ်ထားတဲ့ ကျောင်းဝင်းတစ်ခုရဲ့ အလယ်ဗဟိုမှာ ရှိနေတယ်။ နောက်တစ်ခုမှာတော့ ထိုင်တော်မူဗုဒ္ဓဆင်းတုတော်တွေပါတဲ့ မုခ်ကပ်တွေနဲ့ တန်ဆာဆင်ထားတယ်။ (၁၄)မီတာမြင့်တဲ့ လျောင်းတော်မူဆင်းတုတော်ကြီးလည်းရှိတယ်။ အခြားတစ်ပိုင်းရဲ့ ကျောင်းဝင်းကြီးကို ရဟန်းတို့ရဲ့ ကျောင်းသခ်မ်းလေးတွေနဲ့ ဝန်းပတ်ထားပြီး နောက်ထပ်ဥပစာတွေလည်းရှိတယ်။ Khisht Tepe ဘုန်းကြီးကျောင်းရဲ့ အခြားတစ်နေရာမှာတော့ Kalai Kafirnigan နဲ့ Kafyr Kala ဘာသာရေးအဆောက်အအုံတွေနဲ့ ဒုတိယခေတ်က စေတီပါစေတီတွေလည်းရှိနေရဲ့။

အခြားကြီးမားတဲ့ ဗုဒ္ဓဘာသာဌာနတစ်ခု မားဗ်(Marv) မြို့မှာရှိတယ်။ အဲဒီမှာ ဗုဒ္ဓဘာသာ အဆောက်အအုံတွေနဲ့ လက်ရေးကျမ်းစာတွေရှိတယ်။ ဗုဒ္ဓဘာသာဆိုင်ရာ အဆောက်အအုံတွေကို Ferghana မှာလည်း အလားတူပဲ တွေ့ရှိရတယ်။ အထူးသဖြင့် Semirechie မှာပေါ့။ အစ္စလာမ်ခေတ်က ဗုဒ္ဓဘာသာအဆောက်အအုံတွေကို Semirechie နဲ့ မားဗ်မှာ လေ့လာနိုင်ပါတယ်။ မူရင်းမှတ်တမ်းအထောက်အထားတွေနဲ့ ရှေးဟောင်းသုတေသန တွေ့ရှိချက်တွေအရ Sogd မှာတော့ ဗုဒ္ဓဘာ


အာဖဂန်နစ္စတန် ကဘူးလ်မြို့သားတွေ လမ်းဘေးကပွဲကြည့်နေပုံ



www.burmeseclassic.com

www.burmeseclassic.com

သာဟာ မကျယ်ပြန့်ခဲ့ဘူး။

ကိုတန်မှာတော့ ဗုဒ္ဓဘာသာဟာ အတော်ကြီးကို ခေတ်စားခဲ့ပါတယ်။ တရုတ်ဗုဒ္ဓဘာသာဘုရားဖူး ဖာယီယန်အရ (၄၀၁)ခုနှစ်က ကိုတန်မှာ နေထိုင်ကြသူတိုင်းဟာ ဗုဒ္ဓဘာသာဝင်တွေပါ။ သူက ဘုန်းကြီးကျောင်းကြီး(၁၄)ကျောင်းနဲ့ ကျောင်းလေးများစွာအကြောင်းကို ရေးသားမှတ်တမ်းတင်ခဲ့ပါတယ်။ (၈-၉)ရာစုခေတ် တိဗက်ဇာစ်မြစ်အရ အဲဒီမှာ မြောက်မြားစွာသော ထောင်နဲ့ချီတဲ့ ကျောင်းကြီး၊ ကျောင်းလတ်၊ ကျောင်းငယ်တွေ၊ တန်ဆောင်း၊ ဇရပ်တွေ ရှိခဲ့တယ်။ အချို့ကတော့ ကိုယ်ပိုင်အိမ်တွေပါ။ ရှေးဟောင်းသုတေသနပညာရှင်တွေထဲက အထူးသဖြင့် M. Aurel Stein ကတော့ မင်းသားအုပ်ချုပ်ရာ ကိုတန်မှာ (၅-၈)ရာစုခေတ်က ကျောင်း၊ ဇရပ်နဲ့ စတူပါများစွာကို တွေ့ရှိတူးဖော် လေ့လာနိုင်ခဲ့တယ်။ (Rawak, Farhad-Beg Yaliaki, Dandanoi-liq, Khadalik, Balawaste) နဲ့ အခြားနေရာတွေက အဲဒီလို အဆောက်အအုံမျိုးတွေကို နံရံဆေးရေးပန်းချီ(wall paint-ings) တွေ၊ ပန်းပုရုပ်တုတွေနဲ့ တန်ဆာဆင်ထားကြတယ်။ အဲဒါတွေဟာ အိန္ဒိယမှာ မွေးဖွားခဲ့တဲ့ ပေါင်းစပ်ဖွဲ့စည်းမှုစိတ်ကူးတွေ ဒီနေရာကို ဖြန့်ကျက်ရောက်ရှိလာပြီး အသွင်ပြောင်းကာ ဆက်လက်ဖွံ့ဖြိုးတိုးတက်လာတာပါ။

ဘာသာရေးတရားဓမ္မတွေဟာ ကုရှန်ခေတ်နောက်ပိုင်းမှာ ဆက်လက်ပြီးဖွံ့ဖြိုးတိုးတက်လာခဲ့တယ်။ အဲဒီခေတ်က များစွာသောအနုလက်ရာတွေမှာလည်း ထင်ဟပ်နေခဲ့တယ်။ ဟီနာယာနနဲ့ အခြားသောဂိုဏ်းများစွာဟာ Bareau မှာ ဆက်လက်တည်ရှိနေခဲ့တယ်။ Hsuan tsang အရ (၇)ရာစုမှာ ဟီနာယာနနောက်လိုက်တွေဟာ အိန္ဒိယဘုန်းတော်ကြီးတွေရဲ့ သုံးပုံနှစ်ပုံရှိတယ်။ ကျန်တဲ့သုံးပုံတစ်ပုံဟာ မဟာယာနနောက်လိုက်တွေဖြစ်တယ်။ ဗုဒ္ဓရဲ့ ဘာသာရေးအတွေးအခေါ် တိုးတက်ပြောင်းလဲဖြစ်ပေါ်လာမှုများဟာ အိန္ဒိယတစ်ခုတည်းမှာသာ ကန့်သတ်ဖြစ်ပေါ်နေတာ မဟုတ်ဘဲ အီရန်ရဲ့ လူဦးရေထူထပ်တဲ့ နယ်မြေများမှာပါ ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒေသတစ်ခုချင်းစီက ဗုဒ္ဓဘာသာမှာ ထူးခြားတဲ့ အသွင်သဏ္ဌာန်တွေတော့ ရှိကြတယ်။ အာဖဂန်နစ္စတန်နဲ့ အာရှအလယ်ပိုင်းက အခြားအီရန်ဘာသာရေး Zoroastri-anism, Manicheism၊ ခရစ်ယာန်ဘာသာ၊ ဂျူးဘာသာတို့နဲ့လည်း ထိတွေ့မှုတွေရှိခဲ့ပြီး အိန္ဒိယကနေလည်း ဟိန္ဒူဘာသာကို ယူခဲ့ကြပါတယ်။ အဲဒါဟာ အမျိုးမျိုးကွဲပြားခြားနားတဲ့ အချိန်ကိုက်ဖြစ်ပေါ်ခြင်း အကျိုးကျေးဇူးများပါပဲ။ Tepe Sardar လို ဘာသာရေးဌာနတွေမှာလည်း ရောင်ပြန်ဟပ် ဖြစ်ပေါ်မှုတွေ ရှိပါတယ်။ Zoroastrian နဲ့ Sanian မှာလည်း ဗုဒ္ဓဘာသာပဋိမာသိပ္ပံပညာ (iconography) အပေါ် လွှမ်းမိုးမှုများ ရှိခဲ့တယ်။

အချို့သော ဟီနာယာနဂိုဏ်းတွေ အထူးသဖြင့် the Sarvastivadin, Mahasamghika နဲ့ Lokottaravadin တွေမှာလည်း မဟာယာနတရားတော်တွေကိုပါ မြှင့်တင်ပေးမယ့်စိတ်ကူးတွေ ဖွံ့ဖြိုးလာတယ်။ အဲဒီက ဗုဒ္ဓဝါဒလမ်းစဉ်နှစ်ခုအတွင်းမှာ မကျော်လွှားနိုင်လောက်အောင်ထူထဲတဲ့ တံတိုင်းတွေလည်း မခြားထားပါဘူး။ (၈)ရာစုအကုန်မှာ



အာဖဂန်နစ္စတန် ဘာမီယန်တောင်ကြားကျောက်လိုဏ်ဂူရှိ
တာလီဘန်တို့ဖျက်ဆီးမခံရခင်က ဆင်းတုတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com




အာဖဂန်နစ္စတန် ဘာမီရန်တောင်ကြားကျောက်လိုဏ်ဂူရှိ
တာလီဘန်တို့ဖျက်ဆီးမခံရခင်က ဆင်းတုတော်ကြီး

ဒီကိုရောက်ရှိလာတဲ့ ဗုဒ္ဓဘာသာဝင် ဘုရားဖူးတစ်ယောက်ကတော့ 'ဟီနယာနနဲ့ မဟာယာနဂိုဏ်းတွေကို ခွဲခြားဖို့တောင် ခက်ပါရဲ့'လို့ ဆိုဖူးပါတယ်။ အာဖဂန်နစ္စတန်နဲ့ အာရှအလယ်ပိုင်း၊ အထူးသဖြင့် ဘာမီရန်၊ Kapisa နဲ့ တိုကာရစ္စတန်ဒေသတွေအကြောင်း ဖော်ပြတဲ့ (၆၂၈-၆၃၂) ခုနှစ်က Hsuantsang နဲ့ နောက်ပိုင်း (၇၂၆)ခုနှစ်က Huei-chao တို့ရဲ့ ရေးသားမှတ်တမ်းတင်ချက်တွေမှာ 'အုပ်ချုပ်သူတွေ၊ ဂုဏ်သရေရှိလူတွေနဲ့ သာမန်လူတန်းစားတွေ အားလုံးဟာ ဗုဒ္ဓဘာသာမှာ သက်ဝင်ယုံကြည်နေလာကြတယ်'လို့ ရေးခဲ့တယ်။

ဘုန်းတော်ကြီးကျောင်းများစွာမှာ စာသင်သားရဟန်းသံဃာတော်တွေ၊ ဗုဒ္ဓအတွေးအခေါ် သင်ယူသူတွေလည်း ရှိနေကြရဲ့။ Balkh ဟာဆိုရင် 'ရာဇဂြိုဟ်ငယ်'(Little Rajagrha) အဖြစ်တောင် ထင်ရှားလာတယ်။

အဲဒီနောက် ဟီနယာနဗုဒ္ဓဘာသာဟာ တိုကာရစ္စတန်မှာ ကျယ်ပြန့်လာတယ်။ Hsuan tsang ရဲ့ ရေးသားဖော်ပြချက်အရဆိုရင် ဟီနယာနကျောင်း လောကုတ္တရာဝါဒ (Lokottaravadin) ဟာ ဘာမီရန်မှာ ထင်ရှားလာတယ်။ အဲဒီမှာ the Mahasamghika ဂိုဏ်းလည်း တရားဒေသနာ ဟောကြားတော်မူနေတယ်။ (Huei-chao) ကလည်း မဟာယာနနဲ့ ဟီနယာနဂိုဏ်းကို ထောက်ပံ့လှူဒါန်းသူတွေ အကြောင်းကို 'လူအများစုဟာ Kapis'a မှာတော့ မဟာယာနဘာသာဝင်တွေပါပဲ။ အဲဒီက သာဝတ္ထိဝါဒနဲ့ Mahisa-sana ကျောင်းတွေမှာ ရဟန်းတွေ စာသင်ကြတယ်'လို့ ရေးသားအစီအရင်ခံ တင်ပြသွားခဲ့တယ်။ အဲဒီနောက် Huei-ch'ao ကလည်း အဲဒီမှာ ဟီနယာနကျောင်းတွေ လွှမ်းမိုးလာတယ်လို့ ဖော်ပြမှတ်တမ်းတင်ပြန်တယ်။

ဘာမီရန်မှာ the Mahasamghika နဲ့ သာဝတ္ထိဝါဒ ဂိုဏ်းဆိုင်ရာ (၆-၈)ရာစုခေတ်က လက်ရေးမူအပိုင်းအစတွေလည်း တွေ့ရှိလာရတယ်။ အဲဒီရက်စွဲနဲ့ ဂိုဏ်းဂဏဆိုင်ရာ သက်သေသာဓကတွေဟာ အိန္ဒိယ၊ ကိုတန်နဲ့ Kucha စာပေ အရေးအသားတွေနဲ့ ရေးသားထားတဲ့ လက်ရေးမူတွေက အချက်အလက်တွေနဲ့ ပေါင်းစပ်လိုက်တဲ့ခါ အထူးအရေးပါလာပါတော့တယ်။ အဲဒီအာရှအလယ်ပိုင်း ဘာသာရေးဌာနတွေဟာ ဘာမီရန်ကို ကုန်သွယ်ရေးလမ်းကြောင်းနဲ့ ဆက်သွယ်ကြတယ်။ ဒါ့ကြောင့် ဘာမီရန်ယဉ်ကျေးမှုနဲ့ ဘာသာရေး ဆိုင်ရာ ပတ်ဝန်းကျင်အသိုင်းအဝိုင်း



အာဖဂန်နစ္စတန် ဘာမီရန်တောင်ကြားကျောက်လိုဏ်ဂူရှိ
တာလီဘန်တို့ဖျက်ဆီးမခံရခင်က ဆင်းတုတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com

များကြား အားပြိုင်မှုများကို မြင်သိလာရတယ်။ ပင်မအာရှ အလယ်ပိုင်း ဗုဒ္ဓဘာသာဌာနတွေရဲ့ (၆)ရာစုမှ (၈)ရာစု အတွင်း အတက်အကျတွေကိုလည်း သိလာနိုင်ပါရဲ့။

တိုကာရစ္စတန်မှာ ဘုဇပတ်ပင်အခေါက်ပေါ် ရေးထားတဲ့ ကျမ်းစာလက်ရေးမူတွေ တွေ့ရတယ်။ Zang Tepe က ရခဲ့တဲ့ ဗုဒ္ဓတရားတော်ပိဋကတ်တွေထဲက တစ်ခုဖြစ်တဲ့ ဝိနယ(vinaya) ကျမ်းအပိုင်းအစတွေနဲ့ Kafyr Kaly က ရရှိတဲ့ (၇-၈)ရာစုခေတ် ဗြဟ္မီ(Brahmi) အရေးအသားနဲ့ ရေးသားထားတဲ့ အပိုင်းအစလေးတွေပါ။ စာမျက်နှာ(၁၅၀) ရှိတဲ့ ဗြဟ္မီလို သက္ကတကျမ်းစာတစ်ခုလည်း မားဗ်က Bayram Ali မှာ ထွက်ပေါ်တွေ့ရှိလာရတယ်။ ဒါဟာ လိုရင်း တိုရှင်းရေးထားတဲ့ ဗုဒ္ဓတရားတော်အနှစ်ချုပ်တစ်ခု (သို့ မဟုတ်) ဓမ္မဆရာတစ်ဦးရဲ့ မှတ်စုဖြစ်မယ်။ ဒီလက်ရေးမူ တွေရဲ့ စာရေးသူတွေဟာ သာဝတ္ထိဝါဒဂိုဏ်းက ဖြစ်နိုင် တယ်။

အဲဒီအချိန်မှာ ကိုတန်ဟာ အီရန်ဗုဒ္ဓဘာသာရဲ့ အကြီး မားဆုံးဌာနဖြစ်တယ်။ အိန္ဒိယက ရောက်ရှိလာတဲ့ ဗုဒ္ဓဘာ သာ သက္ကတစာပေများစွာကိုလည်း ပိုင်ဆိုင်ထားတယ်။ ကိုတန်ကိုဖြတ်ပြီး အဲဒါတွေဟာ တရုတ်ပြည်ကို ရောက် သွားပြီး မဟာယာနဟာ ကိုတန်မှာထက် ပိုပြီးခေတ်စား သွားတယ်။ အဲဒီအချိန်မှာ Hsu"an-tsang ရဲ့ စိုးမိုးမှုဟာ ပြိုင်ဘက်မရှိ ဖြစ်နေသော်လည်းပဲ ဟီနယာနထောက်ခံသူ များကလည်း ကျန်နေဆဲပါ။ ဒီလွှမ်းမိုးခြင်းဟာ (၈-၉)ရာစု ခေတ် တိဗက်မှာ ပိုမိုထင်ရှားလာတယ်။ တိဗက်ကျမ်းစာ တွေမှာ မဟာယာနထောက်ခံအားပေးသူတွေရဲ့ အရေ အတွက်ကို နှိုင်းယှဉ်ပြတဲ့အခါ မြင်းရဲ့ကိုယ်ပေါ်က မြင်းမွေး တွေလောက် ရှိလိမ့်မယ်လို့ တင်စားကြတယ်။ ဟီနယာန ထောက်ခံသူတွေကိုတော့ မြင်းနားရွက်မွေး လောက်ပဲလို့ ဆိုကြရဲ့။

အချိန်ကြာမြင့်စွာ ကိုတန်သား တွေဟာ ဗုဒ္ဓဘာသာကို သက္ကတ စာတွေကနေ သင်ယူခဲ့ကြရလို့ သက္ကတဟာ 'ဝတ်တက်စာ'ဖြစ်နေ ခဲ့တယ်။ (၁၀)ရာစုနီးလာတဲ့အခါ သူတို့ဟာ ပင်မသက္ကတကနေ ဗုဒ္ဓ စာပေတွေ ဘာသာပြန်ခြင်း အပါ အဝင် ကိုတန်ဗုဒ္ဓဘာသာစာပေတွေကို ပြုစုဖန်တီးခဲ့ကြ တယ်။ အချို့အပိုင်းမှာ ဗုဒ္ဓတရားတော်တွေကို ဒေသစကား နဲ့ ဖော်ပြထားကြပါ။ မူရင်းစာလုံးတွေလည်း အလားတူပဲ ပေါ်ထွက်လာတယ်။ ဒါတွေဟာ သက္ကတဖွဲ့စည်းပုံလည်း မဟုတ်၊ ဘာသာပြန်လည်း မဟုတ်ပါ။ အဲဒီဗုဒ္ဓတရားတော် များဟာ ကိုတန်ဘာသာရေးအခြေအနေကို ထင်ဟပ်ပြနေ ပါတယ်။

Xinjiang တရုတ်နဲ့ မွန်ဂိုလီးယားမှာနေတဲ့ များစွာ သော the Sogdians များဟာ ဗုဒ္ဓဘာသာဝင်တွေပါ။ အဲဒီတွေမှာ အခြေချနေထိုင်ကြပြီး မြို့တွေအထိတောင် သူ တို့လူဦးရေတွေ များလာပါတယ်။ သူတို့အတွက် ဗုဒ္ဓဘာ သာဟာ အဓိကဘာသာရေးများထဲက တစ်ခုဖြစ်ပြီး သူတို့ရဲ့ ဇာတိမြေမှာ ရှင်သန်နေဖို့ အကြောင်းရင်းလည်းဖြစ်တယ်။ များလှစွာသော Sogdian ဗုဒ္ဓဘာသာလက်ရေးမူတွေလည်း ထွက်ပေါ်လာတယ်။ အဲဒါတွေထဲက အများစုကြီးဟာ (၇) ရာစုမှ (၁၀)ရာစု အတွင်းက မဟာယာနကျောင်းတွေက တရုတ်ဗုဒ္ဓဘာသာဝင်များရဲ့ ဘာသာပြန်ချက်တွေပါ။

အဲဒါကြောင့် ဗုဒ္ဓဘာသာဟာ အီရန်သားတွေရဲ့ သမိုင်း၊ ယဉ်ကျေးမှုနဲ့ အဓိကအခန်းကဏ္ဍများစွာမှာ ပါဝင် ခဲ့တယ်။ ဒါဟာ အိန္ဒိယဘာသာရေးတစ်ခုတည်းကနေ ဆောင်ကြဉ်းသွားပြီး အတွေးအခေါ်၊ စာပေနဲ့ အနုပညာတွေ မှာလည်း အီရန်သားတွေဆီ ရောက်သွားတယ်။ ဒါဟာ သူတို့နဲ့ အိန္ဒိယယဉ်ကျေးမှုတစ်ခုလုံးကြားမှာ တံတားသဖွယ် လည်း ဖြစ်နေရဲ့။ ဒါဟာ အာရှအလယ်ပိုင်းနဲ့ အိန္ဒိယတို့ အကြားယဉ်ကျေးမှုဖလှယ်ရေးကိုလည်း အရှိန်မြှင့်ပေးတယ်။

နောက်ဆုံးမှာတော့ ဗုဒ္ဓဘာသာအမွေအနှစ်တွေကို






www.burmeseclassic.com

www.burmeseclassic.com

အစ္စလာမ်ခေတ်ကာလ(the Islamic periods) က အိန္ဒိယတွေကြားမှာလည်း မြင်တွေ့ထိစပ်နိုင်လာခဲ့တယ်။ အစ္စလာမ်ကာလအစပိုင်းမှာ ဗုဒ္ဓဘာသာဝင်တွေဟာ အဆင့်မြင့်နေရာတွေမှာ ပြည့်နှက်နေခဲ့တယ်။ အဲဒီမှာ ဗုဒ္ဓဝါဒဟာ အတွေးအခေါ်တွေနဲ့ အစောပိုင်း အရှေ့ဖျားက Sufism အလေ့အကျင့်တွေပေါ်မှာလည်း အတော်လေးလွှမ်းမိုးမှုရှိနေတယ်လို့ ကောက်ချက်တစ်ခုရှိခဲ့တယ်။ နောက်တော့ Madrasas မှာ အဆင့်မြင့်အစ္စလာမ်ပညာရေးဌာနတွေ (၁၀)ရာစုအတွင်း ပေါ်ပေါက်လာတယ်။ အာရှအလယ်ပိုင်းနဲ့ အံဝင်ခွင်ကျဖြစ်လာတာတွေလည်း ရှိခဲ့တယ်။ အချို့လည်း ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းများမှာပါ ဆက်သွယ်ပြီး ရောနှောစိမ့်ဝင်သွားတာလည်း ဖြစ်နိုင်တယ်။ ဒါပေမဲ့ (၁၀)ရာစုက ပါရှင်းကဗျာသစ်တွေမှာတောင် 'ဗုဒ္ဓ'ဆိုတဲ့ စကားလုံးကို ထိန်းသိမ်းထားတာ တွေ့နေရသေးရဲ့။ ဆင်းတုတော်၊ အလှတရားနဲ့ ချစ်မြတ်နိုးခြင်းဆိုတဲ့ အဓိပ္ပာယ်တွေနဲ့ပါ ရောလို့ပေါ့။ ဒီလိုနဲ့ပဲ··။

**<u>အာဖဂန်နစ္စတန် ရှေးဟောင်းသုတေသနလေ့လာရေး</u>**

အာဖကန်နစ္စတန်မှာ ရှေးဟောင်းသုတေသနလုပ်ငန်းတွေကို (၁၉၂၂)ခုနှစ်လောက်တည်းက လုပ်ခဲ့ပါတယ်။ အစ္စလာမ်ကာလမတိုင်မီခေတ်(the pre-Islamic periods) နဲ့ အစ္စလာမ်ကာလများက များစွာသောအနုလက်ရာပစ္စည်းတွေကိုလည်း ဖော်ထုတ်နိုင်ခဲ့တယ်။ ရှိးရာအနုပညာတွေ ပြန်လည်ပေါ်ထွက်လာပြီး (၁၉၃၀)ပြည့်နှစ်ရောက်တဲ့အခါမှာတော့ ကဘူးလ်မှာ အနုပညာကျောင်းကို ထူထောင်ဖွင့်လှစ်ပေးခဲ့ပါတယ်။ ရိုးရာအနုပညာတွေ၊ ဗိသုကာပညာတွေကိုလည်း ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြတယ်။ ကမ္ဘာကျော် အာဖဂန်နစ္စတန် ကော်ဇောနဲ့ ကြွေထည်တွေလည်း ပြန်လည်ဖော်ထုတ် လုပ်ကိုင်နိုင်ခဲ့ပါတယ်။ အာဖဂန်နစ္စတန်ပြည်တွင်းစစ်ဖြစ်လာတဲ့အခါမှာတော့ လုပ်ငန်းတွေအားလုံး နီးပါး ရပ်ဆိုင်းသွားတော့တယ်။ ကမ္ဘာကြီးမှာ မေတ္တာတရားနဲ့ နေထိုင်လိုသူ၊ စစ်တလင်းမှာ ပျော်မွေ့သူ၊ တည်ဆောက်ဖန်တီးသူ၊ ချိုးဖျက်ချေမွသူ အဆိုးနဲ့ အကောင်းတွေ ဒွန်တွဲရှိနေတာကတော့ နိယာမပေပဲလား။

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)

**<u>စာကိုး</u>**

* Encyclopædia Religion.

---

## စေတီတည်ထိုက်သော ပုဂ္ဂိုလ်(၄)ပါး

ဓာတ်တော်တို့ကိုလည်း ခရီးဆုံရာ၌ ကောင်းစွာ စေတီတည်အပ်၏။ ထိုစေတီကို ပူဇော်ချီးမြှောက်ရသော လူ၊ နတ် အများတို့သည် စီးပွားချမ်းသာ လွန်စွာဖြစ်ကုန်လတ္တံ့။ ချစ်သား အာနန္ဒာ. . စေတီတည်ခြင်းငှာ ထိုက်သော ပုဂ္ဂိုလ်တို့ကား ငါဘုရားတစ်ပါး၊ ပစ္စေကဗုဒ္ဓါလည်းတစ်ပါး၊ ရဟန္တာလည်းတစ်ပါး၊ စကြဝတေးမင်းလည်းတစ်ပါး ဤလေးပါးသာတည်း။

အဘယ်အကျိုးထူးကိုစွဲ၍ စေတီတည်ခြင်းငှာ ထိုက်သနည်းဟူမူကား အကြင်ဒါယကာတို့သည် သစ္စာလေးပါး တရားတို့ကို အလိုလိုသိမြင်တော်မူသော သဗ္ဗညုဘုရား၏ သရီရဓာတ်တော် တည်ရာပေတကားဟု စေတီ၌ ကြည်ညိုခြင်း၊ လေးမြတ်ခြင်းတို့ကို ဖြစ်စေကုန်လတ္တံ့။ အထူးထူးသော ပန်းနံ့သာ ပူဇော်ရာ ဝတ္ထုတို့ဖြင့် ငါဘုရားဂုဏ်ကို အာရုံပြု၍ ပြုပြင်ချီးမြှောက်ကုန်လတ္တံ့။ ထိုဒါယကာတို့သည် ဤကြည်ညိုသော စေတနာကြောင့် ခန္ဓာပျက်ကြွေသောအခါ နတ်ရွာသုဂတိသို့လည်း တက်ရကုန်လတ္တံ့။ သူဌေး၊ သူကြွယ်၊ ပဒေသရာဇ် စသော လူကောင်းလူမြတ်၏ စည်းစိမ်ချမ်းသာကိုလည်း ရကုန်လတ္တံ့။ ထိုသို့ အကျိုးထူးရှိသည်ကိုစွဲ၍ စေတီတည်ခြင်းငှာ ထိုက်သတည်း။ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ စကြာမင်းတို့၏ စေတီ၌လည်း ဤနည်းအတူပင် လူတို့ အကျိုးစီးပွား များဘိရာသတည်းဟု မိန့်တော်မူ၏။ ယင်းသို့ စေတီတည်ထိုက်သည့် လေးပါးကို ဟောတော်မူပြီးသော် ကိုယ်တော်မြတ်သည် ဖလသမာပတ်ချမ်းသာဖြင့် ဆိတ်ငြိမ်စွာနေတော်မူ၏။

[ဇိနတ္ထပကာသနီကျမ်း-မှ]



www.burmeseclassic.com

www.burmeseclassic.com

# (၇)နေ့သားသမီး ဆောင်ရွက်စရာ နှစ်ဆန်းအခါ အထူးဓာတ်ယတြာ



ဂမ္ဘီရဆရာလှမျိုး(B.Sc)

လွန်ခဲ့သော(၁၀)နှစ်ခန့်က စာရေးသူသည် လောကီပညာမဟာဘုတ်နှင့် အင်္ဂဝိဇ္ဇာ နဝင်းစီးယတြာကို လေ့လာသင်ယူခဲ့ပါသည်။ ထိုပညာရပ်များမှာ မဟာဘုတ်ပါရဂူ ဆရာကြီး ဦးကြာမြင့်နှင့် ဆရာကြီး ဦးလင်းအောင်တို့၏ ပညာရပ်ဖြစ်ပြီး စာတွေ့,လက်တွေ့ သင်ကြားပေးသူမှာ ဆရာဦးအောင်ကြင်(ဗိုလ်တထောင်)ဖြစ်သည်။

စာတွေ့တစ်လ၊ လက်တွေ့တစ်လသင်ယူပြီး မြန်မာနှစ်ဆန်း(၁)ရက်နေ့ ရောက်သောအခါ (၇)နေ့သားသမီးများ တစ်နှစ်တာအထူးဓာတ်ယတြာကို ဝိုင်းကူလုပ်ပေးရ၏။ သုံးနှစ်ဆက်တိုက် ပြုလုပ်ပြီးသောအခါ စာရေးသူအိမ်မှာ မိတ်ဆွေများ၊ မိသားစု၊ ပရိသတ်အားကိုယ်တိုင် ဆောင်ရွက်ပေးပါသည်။ (၂၀၀၃)ခုနှစ်မှ (၂၀၁၀)ပြည့်နှစ်အထိ ကြိုတင်အကြောင်းကြား၊ ကြိုတင်စာရင်းယူ၍ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဉာဏ်ပူဇော်ခမှာလည်း စေတနာကြေးသာယူပါသည်။ အကျိုးအမြတ်အဓိကမထားဘဲ မေတ္တာတရားရှေ့ထားကာ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။

(၂၀၁၁)ခုနှစ်၊ (၂၀၁၂)ခုနှစ်တွင် မည်သူ့ကိုမှ ကြိုတင်အကြောင်းကြားခြင်းမရှိဘဲ စိတ်ဝင်စားသူ၊ ယုံကြည်သူ၊ အမှန်တကယ် ဆောင်ရွက်လိုသူသာ ရောက်လာပါစေ၊ ချေသင့်သူတွေကို ချေပေးမယ်ဟု စိတ်ဆုံးဖြတ်ထားလိုက်၏။ စုစုပေါင်း ကျား၊ မ၊ ကလေး၊ လူကြီး အယောက်(၃၀)လောက် ရောက်လာကြသည်။ နှစ်ဆန်း(၁)ရက်တွင် ပြုလုပ်သော အုန်းသီးပါးစပ်ဖွင့် အထူးဓာတ်ယတြာချေထားပါက တစ်နှစ်တာကာလပတ်လုံး ဘေးဥပဒ်အန္တရာယ်ကင်းဝေးခြင်း၊ ကပ်သုံးပါးဘေးမှ ကျော်လွှားနိုင်ခြင်း၊ ရောဂါဝေဒနာဆိုး မခံစားရပေ။ အထူးသဖြင့် ဥပစ္ဆေဒကကံဖြင့် မသေနိုင်ပါ။ ရောဂါဖြစ်လျှင် ဆရာကောင်း၊ ဆေးကောင်း တွေ့နိုင်သည်။ မကောင်းသောဂြိုဟ်စီးဂြိုဟ်နင်းမှ ပျောက်ကင်းနိုင်သည်။ မကောင်းသောအတိတ်နိမိတ်ကင်းစင်လျှင် ပျောက်နိုင်သည်။ ထိုယတြာဆောင်ရွက်သူသည် အနန္တငါးပါးဂုဏ်ကျေးဇူးသိတတ်သူ၊ ငါးပါးသီလမြဲသူ၊ ခင်ပွန်းကြီးဆယ်ပါးမပြစ်မှားသူဖြစ်သင့်သည်။ ဆောင်ရွက်ပေးသူရော ဆောင်ရွက်ခံသူနှစ်ဦးနှစ်ဖက် ယုံကြည်မှုရှိနေကြရမည်။ အပြစ်ကင်းစင်သူ ဖြစ်ရမည်။

အုန်းသီးပါးစပ်ဖွင့်ယတြာ မဆောင်ရွက်မီ မိမိ၏ကိုယ်ပိုင်နဝင်းတွဲ သိထားကြရပါမည်။ ထိုနဝင်းတွဲသိရန် မိမိ၏ မြန်မာမွေးသက္ကရာဇ်ကို (၇)ဖြင့်စား၍ရသော အကြွင်းကို ဘင်္ဂအိမ်တွင်ချ တည်ဆောက်သော မဟာဘုတ်ဇာတာဖွားသိရှိထားရမည်။

ဥပမာ-မြန်မာမွေးသက္ကရာဇ်(၁၃၂၇)ခုနှစ်၊ တနင်္ဂနွေသား။

၁၃၇၂ ÷ ၇ = ၄ ကြွင်း

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ၀ | ၄ | ၅ |

(မူလမဟာဘုတ်)

www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

(မဟာဘုတ်အိမ်အမည်)

(၄)ခုကြွင်း တနင်္ဂနွေသားဖြစ်၍ အဓိပတိဖွားဖြစ်သည်။ (၄)ကြွင်း ၁နွေ အဓိပတိ၊ တနင်္လာ-ရာဇ၊ အင်္ဂါ အထွန်း၊ ဗုဒ္ဓဟူး ဘင်္ဂ၊ ၅တေး ပုတိ၊ ၆ကြာ သိုက်၊ စနေ မရဏဖွား စသည်ဖြင့် သိထားရပါမည်။

မွေးသက္ကရာဇ် နောက်ဆုံးနှစ်လုံး (၅)ပေါင်း၊ (၇)ဖြင့် စားခြင်းဖြင့် အတိုကောက်တွက်နိုင်သည်။

ဥပမာ-(၁၃၃၂)ခုနှစ်ဖွား တနင်္လာသား

နောက်ဆုံးနှစ်လုံး ၃၂ + ၅ = ၃၇ ÷ ၇= ၂ ကြွင်း

| | | |
|---|---|---|
| | ၆ | |
| ၁ | ၄ | ၀ |
| ၅ | ၂ | ၃ |

(မွေးနံ)

တနင်္လာသား - ဘင်္ဂဖွား
၅တေးသား - မရဏဖွား
အင်္ဂါသား - ပုတိဖွား
ဗုဒ္ဓဟူးသား - သိုက်ဖွား
တနင်္ဂနွေသား - အထွန်းဖွား
သောကြာသား - အဓိပတိဖွား
စနေသား - ရာဇဖွား
မရဏနှင့် ရာဇဖွား - အမြစ် + အညွန့်တွဲ
ပုတိနှင့်သိုက်ဖွား - ပင်းယတွဲ
ဘင်္ဂ၊ အထွန်း၊ အဓိပတိဖွား - သစ်စိမ့်တွဲ

**မရဏနှင့် ရာဇဖွားများအားလုံး**

| မွေးနံ | အထက်ဆောင်ပန်း | အောက်နင်းကြမ်း |
|---|---|---|
| တနင်္ဂနွေ | ကံ့ကော်ညွန့်(၁၅) | ထန်း(၁၀) |
| တနင်္လာ | ဇော်စိမ်း(၈) | အုန်း(၆) |
| အင်္ဂါ | ရွက်လှ(၁၇) | ကံ့ကော်(၁၅) |
| ဗုဒ္ဓဟူး | ပျဉ်းမ(၁၉) | ဇော်စိမ်း(၈) |
| ကြာသပတေး | သီဟိုဠ်(၂၁) | ရွက်လှ(၁၇) |
| သောကြာ | ထန်း(၁၀) | ပျဉ်းမ(၁၉) |
| စနေ | အုန်း(၆) | သီဟိုဠ်(၂၁) |

တနင်္ဂနွေသားသမီးဆိုပါက ကံ့ကော်(၁၅)ညွန့် ဘုရားကျောင်းဆောင်ရှေ့တွင် ဖန်ခွက်ထဲ ထည့်တင်ထားပါ။ ကံ့ကော်မရပါက ကျည်းရွက်၊ ကြံညွန့်၊ ငွေပန်း စသည့်

**ပုတိနှင့် သိုက်ဖွားများအားလုံး**

| မွေးနံ | အထက်ဆောင်ပန်း | အောက်နင်းကြမ်း |
|---|---|---|
| တနင်္ဂနွေ | ပျဉ်းမရွက်(၁၉) | ရွက်လှ(၁၇) |
| တနင်္လာ | သီဟိုဠ်ရွက်(၂၁) | ပျဉ်းမ(၁၉) |
| အင်္ဂါ | ထန်း(၁၀) | သီဟိုဠ်(၂၁) |
| ဗုဒ္ဓဟူး | အုန်း(၆) | ထန်း(၁၀) |
| ကြာသပတေး | ကံ့ကော်(၁၅) | အုန်း(၆) |
| သောကြာ | ဇော်စိမ်း(၈) | ကံ့ကော်(၁၅) |
| စနေ | ရွက်လှ(၁၇) | ဇော်စိမ်း(၈) |

**ဘင်္ဂ၊ အထွန်း၊ အဓိပတိဖွားများအားလုံး**

| မွေးနံ | အထက်ဆောင်ပန်း | အောက်နင်းကြမ်း |
|---|---|---|
| တနင်္ဂနွေ | သီဟိုဠ် | ဇော်စိမ်း |
| တနင်္လာ | ထန်း၊ အုန်း | ရွက်လှ |
| အင်္ဂါ | အုန်း | ပျဉ်းမ |
| ဗုဒ္ဓဟူး | ကံ့ကော် | သီဟိုဠ် |
| ကြာသပတေး | ဇော်စိမ်း | ထန်း |
| သောကြာ | ရွက်လှ | အုန်း |
| စနေ | ပျဉ်းမ | ကံ့ကော် |



www.burmeseclassic.com

www.burmeseclassic.com

တနင်္လာနံတစ်မျိုးမျိုး အစားထိုးဆောင်ရွက်နိုင်သည်။ နင်းကြမ်း ခြေထောက်အောက်တွင် ထန်း(၁၀)ညွန့်တစ်စီး နင်းပါ။ လက်တစ်ထွာခန့် ထန်းညွန့် (၁၀)ညွန့် အပ်ချည်ဖြင့် ချည်စီးထားပါ။ မွေးနံတိုင်မှာ အုန်းညွန့်တစ်တောင်ခန့်ဖြစ်သည်။

အရေအတွက်ဂြိုဟ်သက်အတိုင်းဖြစ်သည်။ မွေးနံတိုင်မှာ တနင်္ဂနွေ အုန်း၊ တနင်္လာ ကံ့ကော်၊ အင်္ဂါ ဇော်စိမ်း၊ ဗုဒ္ဓဟူး ရွက်လှ၊ ကြာသပတေး ပျဉ်းမ၊ သောကြာ သီဟိုဠ်ကိုင်း၊ စနေ ထန်းညွန့် အသုံးပြုနိုင်သည်။ မိမိလက်နှင့်တစ်တောင်ခန့်။

**<u>လိုအပ်သောသပစ္စည်းများ</u>**

အုန်းသီးတစ်လုံး၊ အထက်ဆောင်ပန်း အောက်နင်းကြမ်း မွေးနံကိုင်း၊ ချည်မန်းကွင်းနှစ်ကွင်း၊ ဆံပင် နှစ်ထုပ်၊ လက်သည်း၊ ခြေသည်း နှစ်ထုပ်စီ။

(၁၇-၄-၂၀၁၃)ရက်နေ့ ဗုဒ္ဓဟူးနေ့သည် မြန်မာနှစ်ဆန်း (၁)ရက်နေ့ဖြစ်သည်။

**<u>ပြုလုပ်ရမည့်အချိန်များ</u>**

တနင်္ဂနွေသားသမီး-နံနက်(၆-၇း၃၀၊ ၉-၁၀း၃၀၊ ၁၂-၁း၃၀၊ ညနေ ၄း၃၀-၆း၀၀)နာရီ။

တနင်္လာသားသမီး-နံနက်(၆-၇း၃၀၊ ၁၀း၃၀-၁၂း၀၀၊ ၁း၃၀-၃း၀၀၊ ညနေ ၄း၃၀-၆း၀၀)နာရီ။

အင်္ဂါသားသမီး-နံနက်(၇း၃၀-၉း၀၀၊ ၁၀း၃၀-၁၂း၀၀၊ ၃-၄း၃၀)နာရီ။

ဗုဒ္ဓဟူးသားသမီး-နံနက်(၉-၁၀း၃၀၊ ၁၂-၁း၃၀၊ ၃-၄း၃၀)နာရီ၊

ကြာသပတေးသားသမီး-နံနက်(၆-၇း၃၀၊ ၉-၁၀း၃၀၊ ၁း၃၀-၃း၀၀)နာရီ။

သောကြာသားသမီး-နံနက်(၇း၃၀-၉း၀၀၊ ၁၀း၃၀-၁၂း၀၀၊ ၁း၃၀-၃း၀၀)နာရီ။


စနေသားသမီး-နံနက်(၇း၃၀-၉း၀၀၊ ၁၂-၁း၃၀၊ ၃-၄း၃၀)နာရီ။

ပြုလုပ်ပေးရမည့်သူမှာ မိမိမွေးနံ၏ အထက်နေ့သားများဖြစ်သည်။ အပ်ချည်မျှင်(၉၀)ပင်၊ လက်နှစ်ဖက်ဆန့်(လက်တစ်လံ)သာသာ အထုံး(၈)ထုံးထုံးပြီး အစနှစ်စကို တစ်ထုံးထုံးရမည်။ ထို့ကြောင့် စုစုပေါင်း(၉)ထုံးဖြစ်မည်။ တစ်ထုံးနှင့်တစ်ထုံး တစ်မိုက်ခန့်အကွာ ပြုလုပ်ပါ။

အုန်းသီးပါးစပ်ဖွင့်ပြီး အုန်းစို့နှင့် ယာယီပြန်ပိတ်ထား



အပ်ချည်မန်းကွင်း



အုန်းသီးပါးစပ်ဖွင့်

ပါ။ အုန်းသီးငြိမ်အောင် ပန်းကန်လုံးတစ်လုံးပေါ် တင်ထားပါ။ မိသားတစ်စု အုန်းသီးတစ်လုံး၊ တစ်ယောက်တစ်လုံး ပြုလုပ်နိုင်သည်။

တနင်္ဂနွေသားတစ်ဦး ဥပမာပေး၍ ပြုလုပ်ပုံအဆင့်ဆင့်ကို ရှင်းပြပေးသွားပါမည်။

(၁၃၂၆)ခုနှစ်၊ တနင်္ဂနွေသား

၁၃၂၆ ÷ ၇ = ၃ကြွင်း

| | | | |
|---|---|---|---|
| | ၀ | | |
| ၂ | ၅ | ၁ | ရာဇဖွား |
| ၆ | ၃ | ၃ | |



www.burmeseclassic.com

www.burmeseclassic.com

၅
၂ ← အညွန့် (ကုံ့ကော် ၁၅ ညွှန့်)
၆
—
၁ မွေးနံ
—
၄
၀ – အမြစ် - ထန်း(၁၀)ညွှန့်
၃


ကုံ့ကော်(၁၅)ညွှန့်ကို သောကြာ၊ တနင်္လာ၊ ကြာသပတေးသားတစ်ဦးဦးမှ ဖန်ခွက်ထဲထည့်၍ ဘုရားရှေ့ တင်ထားပါ။ မွေးနံ့ကိုင်း အုန်း(၁)ညွှန့် တစ်တောင်ခန့်၊ အဖျားတွင် ဆံပင်၊ အလယ်တွင် လက်သည်း၊ အရင်းတွင် ခြေသည်း ချည်ပါ။

ဆံပင်၊ လက်သည်း၊ ခြေသည်း တစ်ထုပ်စီကို စက္ကူ









ဖြင့်ထုပ်ပြီး မွေးနံ့ကိုင်းရှေ့မှာ ချထားပါ။ အထူးနဝင်းယကြာချေမည့်သူသည် နင်းကြမ်းထန်းစည်းပေါ် မတ်တတ်ရပ်နေရမည်။ ကာယကံရှင် ခရီးဝေးရောက်နေ၊ အပြင်ရောက်နေပါက အင်္ကျီနှင့် ဓာတ်ပုံကို ကိုယ်စားလုပ်ပေးနိုင်သည်။ ချည်မန်းကွင်းနှစ်ကွင်းကို ခေါင်းမှစွပ်ချလိုက်ပါ။ ဘုရားခေါင်းရင်းဘက် မျက်နှာမူပြီး ဆောင်ရွက်ပေးမည့်သူမှ ကုံ့ကော်ညွှန့်(၁၅)ညွှန့်ယူပြီး တစ်ညွှန့်စီ ရိုက်ချပါ။ ဦးခေါင်းမှ ခြေဖျားအထိ ရိုက်ချပြီးသောအခါ ချည်မန်းကွင်းကို ဦးခေါင်းမှ ခြေရင်းအထိ ချွတ်ချပါ။ အပေါ်မလှန်ရ။ အောက်ချပြီး အကွင်းလိုက် ပြုလုပ်ထားရမည်။ ချည်မန်းကွင်းနှစ်ကွင်းကို ကာယကံရှင်မှ ကျော်ထွက်သွားရမည်။ ပြုလုပ်ပေးသူက ဆောင်ပန်း၊ နင်းကြမ်း၊ မွေးနံ့ကိုင်း(၃)မျိုး ပေါင်း၍ ချည်လိုက်ပါ။ ကျန်တစ်ကွင်းကို အုန်းသီးပါးစပ်ပေါက်ထဲထည့်ပါ။ စက္ကူဖြင့်ထုပ်ထားသော ခြေသည်း၊ လက်သည်း၊ ဆံပင်ကို ခြေမှစ၍ တစ်ထုပ်စီထည့်ပါ။ နောက်ဆုံး ချည်မန်းကွင်းကိုထုံး၍ ထည့်လိုက်ပါ။ အပေါက်စ ပြန်ပိတ်ထားပါ။ ကိစ္စအားလုံးပြီးလျှင် ကာယကံရှင် အိမ်ထဲပြန်ဝင်လို့ရပြီ။ ချည်မန်းကွင်း ကျော်ထွက်သွားချိန် နောက်ပြန်လှည့် မကြည့်ရ။ ခြံဝင်းအိမ်အပြင် ထွက်သွားရမည်။

နောက်ထပ်ချေမည့်သူရှိပါက အုန်းသီးကို ဒီအတိုင်းထားပါ။ ဆောင်ပန်း၊ နင်းကြမ်း ချည်ထားသောအစည်းကို အိမ်ဝင်း၊ ခြံဝင်း၊ အိမ်ခန်းအပြင် ထုတ်ထားပါ။ အားလုံးပြီးပါက ကြွပ်ကြွပ်အိတ်တစ်ခုတွင် အုန်းသီးနှင့် ချေပြီးအစည်းကို မြစ်၊ ချောင်းအနီးယူသွားပြီး အုန်းသီးနှင့် အစည်းကို ထုပ်ကာ ရေစီးထဲ မျှောလိုက်ပါ။ အကယ်၍ ရေစီးနှင့်ဝေးနေလျှင် ဘုမ္မိအရပ်၊ အမှိုက်ကန်၊ အမှိုက်ပုံ စွန့်နိုင်သည်။ ရေစီး ဦးစားပေးမျှောပါ။ နေ့တူ၊ နံတူ မဟုတ်လျှင် မည်သူ့ကိုမဆို စွန့်ပစ်ခိုင်းနိုင်သည်။

စာရေးသူအနေဖြင့် သင်္ကြန်မတိုင်မီကပင် အရွက်၊ အခက်များ ကြိုတင်စုဆောင်းထား၊ အရွက်များ ခြောက်မသွားအောင် စီစဉ်ထား၊ ချည်မန်းကွင်းများ ပြုလုပ်ထား၊ အပင်ပန်းခံ၍ (၇)နှစ်တိုင်တိုင် လူများစွာကို နံနက်(၆)နာရီမှ ညနေ(၄)နာရီ ပြုလုပ်ပေးခဲ့ပါသည်။ ထို့နောက် အရွက်အစည်း အုန်းသီးများ အိတ်တစ်လုံးဖြင့်စုထည့်၊ ဆိုက်ကားဝုံးက ကမာကြည်တံတားသွား၊ ငမိုးရိပ်ချောင်း သွားမျှောပေးလိုက်ပါသည်။ စေတနာကြေးဟုဆို၍ အချို့ဆို မိသားစုငါးဦးလောက်လာချေပြီး ငွေတစ်ထောင်ထည့်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ယခု စာဖတ်ပရိသတ်များကိုယ်တိုင် ဆောင်ရွက်စေရန် ရည်ရွယ်၍ မဂ္ဂဇင်းမှတစ်ဆင့် ရေးသားဖော်ပြပေးခြင်းဖြစ်ပါသည်။ ဆောင်ရွက်နည်း မရှင်းလင်းပါက လူကိုယ်တိုင် (သို့မဟုတ်) ဖုန်းဖြင့်တစ်သွယ် မေးမြန်းနိုင်သည်။

ချည်မန်းကွင်း ပြုလုပ်ပေးပါမည်။ အပ်ချည်လုံးအဖြူရောင်အလုံးကြီးတစ်လုံး ဝယ်လာပေးပါ။ အရွက်၊ အခက် ကြိုတင်စီစဉ်ထားပါ။ အချို့အရွက်များ နံတူအစားထိုး ဆောင်ရွက်နိုင်ပါသည်။

ကံ့ကော်အစား ကျည်းရွက်၊ ကြံညွန့်၊ ငွေပန်းညွန့်၊ ပျဉ်းမအစား မေမြို့ပန်း၊ ပေါက်ပန်းဖြူ၊ ပေရွက်၊ သီဟိုဠ်အစား သီးညွန့်၊ သံသတ်ညွန့် စသည့်သဘောဖြစ်ပါသည်။

**မွေးနံပြုလုပ်ပေးရမည့်သူ**

တနင်္ဂနွေ-သောကြာ၊ တနင်္လာ၊ ကြာသပတေး၊
တနင်္လာ-စနေ၊ အင်္ဂါ၊ သောကြာ
အင်္ဂါ-တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ စနေ
ဗုဒ္ဓဟူး-တနင်္လာ၊ ကြာသပတေး၊ တနင်္ဂနွေ
ကြာသပတေး-အင်္ဂါ၊ သောကြာ၊ တနင်္လာ
သောကြာ-ဗုဒ္ဓဟူး၊ စနေ၊ အင်္ဂါ
စနေ-ကြာသပတေး၊ တနင်္ဂနွေ၊ ဗုဒ္ဓဟူး

သားသမီးတစ်ဦးဦးမှ စိတ်ပါလက်ပါစေတနာဖြင့် ကူညီဆောင်ရွက်ပေးနိုင်ပါသည်။

ဤအထူးဓာတ်ယတြာသည် ရှေးဆရာကြီးများ အစဉ်အဆက်ပြုလုပ်လာသောနည်းဖြစ်သည်။ နီးစပ်ရာ နဝင်းစီးယတြာပညာရှင်ထံ သွားရောက်ဆောင်ရွက်နိုင်သည်။ အချို့မှာ ချည်မန်းကွင်းအသုံးမပြုဘဲ ခေါင်းမှ ခြေဖျားအထိ အပ်ချည်ကို ခေါင်းပြန်၊ ခြေပြန် သက်စေ့တိုင်းကာ ဆောင်ရွက်ခိုင်းတာ ဖတ်ရသည်။ အကောင်းဆုံးနည်းမှာ ချည်မန်းကွင်းနည်းသာ ဖြစ်ပါသည်။

မိဘအကြီးအကဲအား ငယ်ရွယ်သူသားသမီးမှ ပြုလုပ်ပေးပြီး စွန့်ပစ်ပေးနိုင်သည်။ ငယ်ရွယ်သူ၊ အကြီးအကဲ၊ မိဘ၊ ဆရာသမားအား ပြန်လည်ပြုလုပ်ခိုင်းစေခြင်းတော့ မပြုလုပ်သင့်ပေ။

အထူးဓာတ်ယတြာချေပြီး ဘေးဥပဒ်အန္တရာယ် ကပ်သုံးပါး၊ မကောင်းသောဂြိုဟ်စီးဂြိုဟ်နင်းမှ ကင်းလွတ်နိုင်ကြပါစေ။

**ဂမ္ဘီရ-ဆရာလှမျိုး(B.Sc)**


နှစ်ပေါင်း(၃၀)ကျော် အကြားအမြင် ဟောသက်ရှိခဲ့သော

# ဆရာကြီးအရဟံဆရာအောင်

## အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်

**မော်လမြိုင်၊ ခေါင်းဆေးကျွန်း။ ပဲခူး ဒေးဒရွန်ပါ။ သန်လျင် ကျောက်တန်း ဘုရားတည်နယ်လှည့်သာသနာပြု**

- ပညာရေးကိစ္စများ၊ စာမေးပွဲအတွက် လိုအပ်ချက်များ၊ နိုင်ငံခြားကိစ္စ၊ သင်္ဘောလိုက်ရန်နှင့် အလုပ်အကိုင်ဝင်ငွေကောင်းရန်ကိစ္စ။
- စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရန်ကိစ္စ၊ တိုက်အိမ်၊ ခြံ၊ မြေ၊ ကား အမြန်ရောင်းဝယ်ရေး၊ ဆိုင်၊ ကုမ္ပဏီ၊ ပွဲရုံလုပ်ငန်း မော်ဒယ်လုပ်ငန်းများ အမည်ပေးခြင်း၊ အချစ်ရေး မင်္ဂလာအခါပေးခြင်း၊ ကလေးနာမည်ပေးခြင်း၊ အိမ်ထောင်ရေးကိစ္စများ (မူလအိမ်ထောင်ရှင်ဘက်မှသာ ဆောင်ရွက်သည်)၊ ပစ္စည်းပျောက်၊ လူပျောက်။
- ရာထူးတိုးတက်ရေး၊ ပြောင်းလဲရေး၊ တည်မြဲရေး၊ အကြွေးကိစ္စများ၊ အမှုအခင်းကိစ္စများ၊ သားသမီးများကို လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန်တို့ကို ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံ၍ ဆောင်ရွက်သည်။ ကံစမ်းလုပ်ငန်းများနှင့် ထီကိစ္စများအတွက် အထူးဆောင်ရွက်သည်။

နေ့စဉ် - နံနက်(၇း၀၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီ (တနင်္လာနေ့ပိတ်သည်)
မင်္ဂလာဟောခန်း - အမှတ်(၃၀၂)၊ ရွှေဘုံသာ(အလယ်)လမ်း၊ ဖုန်း - ၀၉ ၇၃၁ ၅၃၁၈၈၊ (၀၅၆)၂၁၆၀၉ (အိမ်)
အမှတ်-၈၈(ပထမထပ်)၊ သတိပဋ္ဌာန်လမ်း၊ ကျောက်မြောင်း၊ ရန်ကုန်။ (မွန်းလွဲ ၂း၀၀ နာရီမှ ညနေ ၄း၀၀ နာရီ)
အိမ် - နေ့စဉ် ညနေ(၆း၀၀)နာရီနောက်ပိုင်း၊
အမှတ်(၁၇) အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်၊ သန်လျင်၊ နံ့သာကုန်းမှတ်တိုင်။ ဖုန်း-၀၉ ၅၁ ၁၂၁၄၆




www.burmeseclassic.com

www.burmeseclassic.com

# အသပြောတစ်သိန်း အပလိုန်းအနန္တ

ပုဒရောဟိတ်–ဆရာဦးမြတ်စံ

ကျွန်ုပ်၏ အယူတော်မင်္ဂလာဗေဒင်ဟောခန်းသို့ ဇနီးမောင်နှံစုံတွဲ လာရောက်ဗေဒင်မေးပါသည်။ လင်မယားနှစ်ယောက်စလုံးမှာ အသက်(၅၀)ကျော်ခန့်ရှိမည်ထင်ပါသည်။

ဗေဒင်မမေးခင် ဇနီးလုပ်သူအမျိုးသမီးကြီးက 'ဆရာရယ်..ဗေဒင်မမေးခင် မေးခွန်းတစ်ခုလောက်မေးပါရစေ' ဟု မေတ္တာရပ်ခံလာပါသည်။

ကျွန်ုပ်ကပင် 'အစ်မကြီးရယ်..ကျွန်တော် ဗေဒင်ဟောရင်း အစ်မကြီးသိလိုတဲ့ဟာကို တစ်ပါတည်း မေးလိုက်ပါလား' ဟု အကြံပြုပြောကြားလိုက်ပါသည်။

ထိုအခါ အမျိုးသမီးကြီးက 'ကျွန်မမေးချင်တာက ဗေဒင်နဲ့ပတ်သက်တာတော့ မှန်ပါတယ် ဆရာရယ်။ ဒါပေမဲ့ အသက်ရှည်ခြင်းနှင့်ပတ်သက်တဲ့ မေးခွန်းပါ' ဟု ထပ်တိုးမေးပြန်ပါသည်။

'ဒါဆိုရင် အစ်မကြီးဗေဒင်မမေးခင် မေးလိုရာ မေးပါတော့' ဟု ဗေဒင်မေးသူ၏ဆန္ဒကို ဖြည့်ဆည်းလိုက်ပါသည်။

ထိုအခါကျမှ ဗေဒင်မေးသူ လင်မယားစုံတွဲက ဖြစ်ကြောင်းကုန်စင်ကို အောက်ပါအတိုင်း ပြောကြားရာ စာဖတ်သူတို့နားလည်လွယ်ရန် အတိုချုပ်ရှင်းလင်းရေးသားလိုက်ပါသည်။

ခင်ပွန်းဖြစ်သူမှာ နိုင်ငံခြားသင်္ဘော အရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရာမှ မတော်တဆ ထိခိုက်ဒဏ်ရာကြောင့် စင်ကာပူနိုင်ငံတွင် ဆေးရုံတက်ရောက်ကုသမှု ခံယူခဲ့ရပါသည်။ ထိုဒဏ်ရာနှင့်ပင် သင်္ဘောလိုက်ခြင်းကို အနားယူ စွန့်လွှတ်လိုက်ရပါသည်။ ခင်ပွန်းဖြစ်သူ ကျန်းမာရေးကြောင့် စိတ်ပူ၍ ဇနီးက စင်ကာပူသို့လိုက်သွားရင်း တစ်ပါတည်း ဆေးစစ်မှုခံယူရာ ကင်ဆာဆဲ(လ်)(Cell) တွေ့ရှိသဖြင့် အတော်စိတ်ဆင်းရဲခဲ့ရကြောင်း ပြောပါသည်။ လတ်တလောအခြေအနေအရ ခင်ပွန်းဖြစ်သူ၏ ကျန်းမာရေးသည် အဓိကဖြစ်သဖြင့် မိမိ၏ကျန်းမာရေးကို နောက်တန်းတွင် အသာမျိုသိပ်ခဲ့ပါသည်။

ခင်ပွန်းသည်ကျန်းမာရေးပြန်ကောင်းသောအခါမှ မြန်မာပြည်သို့ ပြန်ရောက်လာစဉ် ၎င်းတို့၏မိသားစုတွင် ကျန်းမာရေးသည် အဓိကကျကြောင်း၊ အသက်ရှည်နေထိုင်ဖို့ အဓိကဖြစ်ကြောင်း အမြဲနှလုံးသွင်း စိတ်ပူလျက်ရှိပါသည်။ အကြောင်းမှာ နိုင်ငံခြားတက္ကသိုလ်တွင် ပညာတန်းလန်းဖြစ်နေကြသော သားနှင့်သမီး ရှိနေသောကြောင့်ဖြစ်ပါသည်။

ထိုအခါ လင်မယားနှစ်ယောက် တိုင်ပင်ပြီး ဗေဒင်ဆရာကြီးတစ်ဦးထံ ချဉ်းကပ်ဗေဒင်မေးကြပါသည်။ ထိုအခါ ဆရာကြီးက အသက်ရှည်ဖို့ တာဝန်ယူကြောင်း၊ လက်ရှိအသက်ထက် (၁၀)နှစ်ပိုရှည်လိုပါက တစ်နှစ်လျှင် တစ်သိန်းကျသင့်မည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ (၁၀)နှစ်အတွက် (၁၀)သိန်းကျသင့်မည်ဖြစ်ကြောင်း ပြောပါသည်။ လင်မယားနှစ်ယောက်အတွက် သိန်းနှစ်ဆယ်ကုန်ကျမည်ဖြစ်ကြောင်း ပြောပါသည်။ ထိုအခါ ခင်ပွန်းဖြစ်သူက သူ့အတွက် အရေးမကြီးကြောင်း၊ ဇနီးဖြစ်သူအတွက် ယခုခံစားနေရသော ဖြစ်စကင်ဆာဆဲ(လ်)ကို အချိန်မီကုသရန်လိုကြောင်း စဉ်းစားပြီး ဆရာကြီးအား အကြောင်းပြန်မည်ဟုပြော၍ အိမ်သို့ ပြန်လာကြပါသည်။ ထိုဆရာကြီး၏ ဗေဒင်ဟောခညာဏ်ပူဇော်ခမှာ တစ်ထောင်ကျပ်မျှသာ ဖြစ်ပါသည်။

ထိုအခါကျမှ ဇာတ်ရှည်လည်လာပါတော့သည်။ ကျွန်ုပ်ဗေဒင်ဟောခန်းသို့ ဗေဒင်လာမေးခြင်းမှာ အသက်ကို ဆွဲဆန့်၍ရ၊မရဟူသော သံသယစိတ်ကို ရှင်းတမ်းထုတ်ရန် ရောက်လာကြခြင်းဖြစ်ပါသည်။ ကျွန်ုပ်လည်း ကျွန်ုပ်၏ မိခင်ဖြစ်သူ၏ ကိုယ်တွေ့ဖြစ်ရပ်ကို မကျဉ်းမကျယ် ပြန်လည်ရှင်းပြလိုက်ရပါတော့သည်။

ကျွန်ုပ်၏ဖခင်ဖြစ်သူမှာ ဒေးဒရဲမြို့ဇာတိဖြစ်ပါသည်။ အမှန်တော့ မိဘများ၊ အဘိုး၊အဘွားများသည် ဧရာဝတီတိုင်းဒေသကြီး မိသားစုပါ။ အမေဘက်က အဘိုး ဆေးဆရာ၊ ဂိုဏ်းဆရာကြီး ဦးငွေစန်းသည် ကျိုက်လတ်ဇာတိဖြစ်ပါသည်။ အဘွားဖြစ်သူ ဒေါ်လေးမေမှာ ကွမ်းခြံကုန်းဇာတိ ဖြစ်ပါသည်။ အ[illegible]ကိုမွေးတော့ ဖျာပုံတွင် ဖြစ်ပါသည်။ သို့ဖြစ်ရာ ဒေးဒရဲ၊ ဖျာပုံ၊ ကျိုက်လတ်၊ ကွမ်းခြံကုန်းတို့သည် စာရေးသူအဖို့ ဒေသန္တရ ရပ်ဆွေရပ်မျိုးများ ဖြစ်ကြပါသည်။

မိခင်၏ ပြောပြချက်အရ ဒေးဒရဲမြို့နယ်၊ သံဒိတ်ကျေးရွာသည် နောင် သူဌေးကြီးဖြစ်လာမည့် ဦးသက်ရှည်၏ ဇာတိဖြစ်ပါသည်။ ဦးသက်ရှည်ကိုမွေးဖွားစဉ် မိဘဖြစ်သူက ကျန်းမာရေးချူချာသော မိမိတို့၏သားလေးကို ရွာဦး



www.burmeseclassic.com

www.burmeseclassic.com

ဘုန်းတော်ကြီးထံ အပ်နှံ၍ ဇာတာ၊ စန်း၊ လဂ် တွက်ချက်ကြပါသည်။

ဆရာတော်မှ ကလေး၏ကံကြမ္မာကို တွက်ချက်ဆန်းစစ်ပြီးသောအခါ 'ကလေးမိဘတွေ..အခုချိန်ကစပြီး ဒီကလေးက ငါ့ကလေး(ဘုန်းကြီးရဲ့မွေးစားကလေး) ဖြစ်သွားပြီ။ နင်တို့က ကလေးကို နို့ချိုတိုက်ကျွေးတဲ့ နို့ထိန်းမိဘတွေ ဖြစ်သွားကြပြီ'ဟု မိန့်ပါသည်။

နောက်ဆက်မိန့်သည်မှာ 'ကလေးရဲ့နာမည်ကို သက်ရှည်လို့ ကင်ပွန်းတပ်ပါ။ နောက် ငါပေးလိုက်တဲ့အင်းကို ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ပေတော့'ဟု ဆရာတော်မှမိန့်ကာ ကျောင်းမှ ပြန်လွှတ်လိုက်ကြပါသည်။

စာရေးသူမိခင်၏ ပြောပြချက်အရ ဦးသက်ရှည်၏မိဘများမှ စီးပွားရေးအဆင်မပြေခြင်း၊ ကျန်းမာရေးအသိပညာဗဟုသုတနည်းပါးခြင်းတို့ကြောင့် ဦးသက်ရှည်ကို မွေးစဉ်က ခက်ခက်ခဲခဲမွေးဖွားရပြီး မိခင်၏အသက်အန္တရာယ်ပါ စိုးရိမ်ခဲ့ရပါသည်။ တစ်နေ့လုပ်မှ တစ်နေ့စားရသော လက်လုပ်လက်စား မိဘ(၂)ပါးမှ မွေးဖွားခဲ့သော ဦးသက်ရှည်သည် နောင်တွင် သူဌေးကြီးဖြစ်ကာ ရွှေတိဂုံစေတီတော်တွင် ဇရပ်၊ တန်ဆောင်း ဒါယကာ ဖြစ်လာပါတော့သည်။

ရွာဦးကျောင်း ဆရာတော်စီရင်ပေးသော နည်းစနစ်ကို မေးသောအခါ မိခင်ဖြစ်သူက ဆရာတော် စီရင်ပေးသော အင်းမှာ သက်တော်ရှည်အင်းဖြစ်ကြောင်း သိရပါသည်။ အင်းစီရင်ပုံနှင့် အင်းပူဇော်နည်းကို မိခင်မှတစ်ဆင့် သိခွင့်ရသဖြင့် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။ ထိုအင်းစီရင်ပုံကို အမေ၏အဖေ ဦးငွေစန်းထံမှတစ်ဆင့် အမေက သင်ယူထားခဲ့ခြင်းဖြစ်ပါသည်။

(၁) အင်းကို စီရင်သောအခါ အနန္တေအနန္တငါးပါးကန်တော့ပွဲတစ်ပွဲ၊ အုန်း၊ ငှက်ပျောတို့ဖြင့် ပူဇော်ပါ။ [ဆွမ်း(၉)ပွဲ၊ သောက်တော်ရေ(၉)ခွက်၊ နံ့သာ(၉)တိုင်၊ အလင်းတိုင်(၉)တိုင်ပါ တစ်ဆက်တည်းပူဇော်ပါ။]

(၂) ကိုးပါးသီလခံယူပါ။ (ရွာဦးဆရာတော်မှာ အကျင့်သီလနှင့် ပြည့်စုံပြီးဖြစ်ပါသည်။ အထူးခံယူစရာမလိုပါ)

(၃) လပြည့်နေ့တွင် စီရင်ရပါသည်။ (လူ့ဘဝတွင် ပြည့်ပြည့်ဝဝ သက်ပြည့်စီမံနေရန် ရည်ရွယ်ပါသည်။)

**မှတ်ချက်**-ကဆုန်လပြည့်၊ ဝါဆိုလပြည့်ကဲ့သို့ နေ့ကြီးရက်ကြီးများနှင့် တိုက်ဆိုင်လျှင် ပိုကောင်းပါသည်။

(၄) စီရင်ပေးရမည့်သူ၏ အညွှန့်နံပန်းကို မွေးနံဂြိုဟ်သက်အလိုက် ဘုရားတွင်ပူဇော်ပါ။ [ဥပမာ-သောကြာသား သီဟိုဠ်(၂၁)ညွှန့် လှူပါ။]

(၅) ရွှေပြား၊ ငွေပြား၊ ကြေးပြားတို့င် စီရင်ပါ။ ထိုအင်းကို တန်ခိုးကြီးဘုရား(၉)ဆူတွင် လှည့်လည်၍ သိဒ္ဓိတင်ပါ။

(၆) ဆီမီးခွက်တွင် နှမ်းဆီ(၉)ကျပ်သားထည့်၍ ဖော်ပြပါ စီရင်ထားသော သက်ရှည်အင်းကို ထည့်ပါ။

(၇) ကာယကံရှင်၏ အင်္ကျီစသော်လည်းကောင်း၊ အပ်ချည်ကိုယ်တိုင်း(၉)မျှင်ကို ကိုးထုံးပြုရပါသည်။ ထိုသို့ဆောင်ရွက်စဉ် အပ်ချည်တစ်ထုံး,ထုံးတိုင်း ဘုရားဂုဏ်တော်တစ်ပုဒ်ရွတ်ပါ။ (၉)ထုံးထုံးပြီးသောအခါ ဘုရားဂုဏ်တော်(၉)ပါးရွတ်ပြီး ဖြစ်နေပါသည်။ အင်္ကျီစကိုလည်း ကြိုး(မီးစာ)သဖွယ်ပြုပြီးမှ (၉)ထုံး,ထုံးရပါသည်။ ထိုကြိုးကို ဆီမီးခွက်တွင်ထည့်၍ မီးထွန်းရပါမည်။

အင်းပူဇော်သောအခါ အရွယ်မရောက်သေးသော ကလေးဖြစ်ပါက မိဘများက ကလေးကိုယ်စား ပူဇော်နိုင်ပါသည်။ အနည်းဆုံး(၉)ရက်၊ အများဆုံး(၁၀၈)ရက် ပူဇော်ရပါသည်။ ပူဇော်နေစဉ် သက်တော်ရှည်ဂါထာ နာညတြဂါထာတော်ကို အနည်းဆုံး(၉)ခေါက် ရွတ်ဖတ်ပူဇော်ပါ။ အရွယ်ရောက်ပြီး သူများအဖို့ နေ့စဉ်(၉)ခေါက် အသက်ထက်ဆုံး ရွတ်ဖတ်ပူဇော်ပါ။ ကိုယ်စိတ်နှစ်ပါး ကျန်းမာပြီး ရောဂါကင်းပါသည်။

**<u>အင်းဆံဂါထာ</u>**

(အင်းချစဉ် ရွတ်ဖတ်ရန်နှင့် အင်းပူဇော်စဉ် ရွတ်ပါ)

*နာညတြ ဗောဇ္ဈာတပသာ၊*
*နာညတြိန္ဒြိယ သံဝရာ၊*
*နာညတြ သဗ္ဗနိဿဂ္ဂါ၊*
*သောတ္ထိံ ပဿာမိ ပါဏိနံ။*

နေ့စဉ် (၉)ခေါက်ရွတ်ပါ။

**<u>အသံထွက်လမ်းညွှန်</u>**

*နင်ညတရ ဗွဇ်ဈာ။*

နင်ညတရိန်ဒရိယဟု ရကောက်အသံဖြင့် အသံထွက်ပါ။

**မှတ်ချက်** - လက္ခဏာပညာကျွမ်းကျင်သူများ၊ ဗဟုသုတရှိသူများသည် မိမိ၏လက်ဝါးပြင်တွင် အာယုလေခဟုခေါ်သော အသက်လမ်းကြောင်း(Life Line)တွင် အဖျက်လမ်း(Disturbent Line)ကြက်ခြေ၊ ကျွန်းသဏ္ဌာန်အမှတ်အသား(Island) ခံနေသူများသည် အထက်ပါအင်းတော်

www.burmeseclassic.com

www.burmeseclassic.com

| | | | | | |
|---|---|---|---|---|---|
| က | နာ | သာ | ဝ | ပါ | ဃ |
| ပ | သံ | ဏိ | ည | နာ | ရာ |
| နံ | ပ | ဏ္ဍီး | မိ | နို | တြ |
| ယ | သာ | သ | သ | နာ | ည |
| တ | တြ | န္တြီ | သော | ဗော | ဗ္ဗ |
| ဋ္ဌ | ဂ္ဂါ | ရွှာ | ည | တြိ | ဏ |

သက်တော်ရှည်အင်း

ကြီးကို စီရင်ပူဇော်ပါ။ နာညတြဂါထာတော်ကို ယုံယုံကြည်ကြည်ရွတ်ဖတ် ပူဇော်ပါက အသက်ရှည်ပါလိမ့်မည်။ သက်စေ့ရွတ်နိုင်လျှင် ပိုကောင်းပါသည်။

တစ်နှစ်လျှင် (၁)သိန်းနှုန်းဖြင့် အသက်ရှည်ရန် အစီအရင်လုပ်စရာ မလိုတော့ပါ။ အထက်ပါလင်မယားစုံတွဲမှာလည်း ကျွန်ုပ်ရှင်းပြသော နာညတြသက်တော်ရှည်အင်းကို ကြိုက်နှစ်သက်ပြီး ကျွန်ုပ်အား စီရင်ပေးရန် တောင်းဆိုလာပါသည်။ ကျွန်ုပ်ကလည်း သူတစ်ပါး၏ ကျရောက်နေသော အသက်အန္တရာယ်ကို ကာကွယ်စောင့်ရှောက်ပေးခြင်းသည် မိမိအတွက် ကုသိုလ်တူးရသဖြင့် စီရင်ပေးလိုက်ပါသည်။

လွန်ခဲ့သော (2012 January) (၂၀၁၂)ခုနှစ်၊ ဇန်နဝါရီလမှ စီရင်ပေးခဲ့ရာ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်သဖြင့် ကင်ဆာဆဲ(လ်)များပျောက်ကင်းပြီး ယခု ကျန်းမာပကတိ ကောင်းမွန်စွာရှိကြောင်း၊ (၂၀၁၃)ခုနှစ်ဆန်းပိုင်းတွင် မင်္ဂလာသတင်းနှင့်အတူ ကျွန်ုပ်အား လက်ဆောင်ပစ္စည်းများဖြင့် လာရောက်ကန်တော့ပါကြောင်းနှင့် အသပြာတစ်သိန်းမကုန်သော အင်းတော်ကြီးအကြောင်း ခုနစ်ရက်သားသမီးအပေါင်း သက်ရှည်ကျန်းမာစေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

အသက်ရှည်၍ ကျန်းမာကြပါစေ။

**မေတ္တာရှည်၍**
**ပုရောဟိတ်-ဆရာဦးမြတ်စံ**


**အဘိဓာဝိဇ္ဇာတို့၏ ခေခိုင်းချက်အရ ဘုရားသုံးဆူတည်ရန်အတွက်**



**ဆရာမကြီး အေးမိုးမိုး**
စိတ်မနောအာရုံ

အထူးအဓိဋ္ဌာန်သာသနာပြုလျက်ရှိသော

# ဆရာမကြီးအေးမိုးမိုး

**စိတ်** မနောအာရုံ အကြားအမြင်လက္ခဏာဖြင့် (၇)နေ့သားသမီးတို့မှာ ဖြစ်ပေါ်တတ်သည့် ပညာရေး၊ စီးပွားရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေး၊ အမည်ပေးခြင်းနှင့် ကလေးအမည်ပေးခြင်း၊ မိမိတို့ဘဝမှာ ဖြစ်ပေါ်တတ်သည့် ကိစ္စအဝဝ အားလုံးတို့ကို စေတနာ၊ မေတ္တာ ရှေ့ထားပြီး ဟောပေးနေပါသည်။

ရွှေတိဂုံဘုရားတောင်ဘက်မုခ်၌ရှိသော မဟာဝိဇယဘုရား(မြောက်ဘက်မုခ်)၊ ဓာတ်ခန်းအမှတ်(၇)၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၇၃၀ ၂၇၇၃၂ ၊ ၀၉ ၄၂၁၀ ၂၁၁၆၈




www.burmeseclassic.com


www.burmeseclassic.com

# မဂ္ဂီမေခလာနတ်သမီး၏ ဈေးလာဘ်ခေါ်စီရင်ပုံ

ပုရောဟိတ်-ဆရာဦးမြတ်စံ

တစ်နေ့သောနံနက်ခင်း ဝေလီဝေလင်း ကျွန်ုပ်၏ဗေဒင်ဟောခန်းသို့ အသက်(၅၀)ခန့်အမျိုးသမီးနှစ်ဦး ဗေဒင်မေးရန် ရောက်ရှိလာပါသည်။ နှစ်ဦးစလုံးမှာ အရောင်းအဝယ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူများ ဖြစ်ကြပါသည်။ အသက်အနည်းငယ်ကြီးသော ဒေါ်စန္ဒီမှာ ပိုးထည်တိုက်ပိုင်ရှင်တစ်ဦးဖြစ်ပါသည်။ နောက်တစ်ဦး မခိုင်မှာမူ ကော့စမက်တစ်(Cosmetic) မိန်းကလေးအလှပြင်ပစ္စည်းရောင်းချသောသူ ဖြစ်ပါသည်။ ၎င်းတို့နှစ်ဦးလုံး၏ဆန္ဒမှာ ယခုပွင့်လင်းရာသီဖြစ်သော်လည်း ၎င်းတို့၏ဆိုင်များမှာ အရောင်းအဝယ် အရင်ကလောက် မကောင်းကြသဖြင့် ဆိုင်ကိုရောင်းအားတက်စေရန် ဈေးရောင်းကောင်းစေသော အဆောင်ယတြာ လာ၍တောင်းခံခြင်း ဖြစ်ပါသည်။

ကျွန်ုပ်လည်း ကျွန်ုပ်၏ဆရာနှစ်ပါးဖြစ်ကြသော အရှင်သံဝရနှင့် ဆရာကြီးရန်ကုန်ကျော်ရင် သင်ကြားပေးခဲ့သော လက်တွေ့အောင်မြင်ခဲ့သည့် နည်းစနစ်များကို တစ်လှည့်စီ အသုံးချကြည့်ရာ အောင်မြင်မှုပိုများသော ယတြာနည်းများကို ပို၍စီရင်ပေးလေ့ရှိပါသည်။ ဆိုခဲ့ပြီးသည်မှာ ကျေးဇူးရှင် သဲအင်းဂူဆရာတော်ဘုရားကြီး မိန့်သကဲ့သို့ နှာတစ်လက်တည်း ဆေးဆရာမလုပ်ရဘူး ဖြစ်ပါသည်။ မိမိတွင် တတ်ထားသော အတတ်ပညာ ဝမ်းစာဗဟုသုတမရှိသဖြင့် တစ်ခါလာလည်း ဒီနှာဆေး၊ တစ်ခါလူနာတစ်ယောက်လာလည်း ဒီနှာဆေးကို အမျိုးမျိုးရေလဲမသုံးသင့်ကြောင်း သဲအင်းဂူဆရာတော်ဘုရားကြီးက ဆုံးမဩဝါဒပေးခဲ့ဖူးပါသည်။ ယခုလည်း စာရေးသူအနေဖြင့် မိမိထံလာ၍ ဗေဒင်လက္ခဏာပညာအပြင် အဆောင်ယတြာ ဂမ္ဘီရအစီအရင်များ တောင်းခံကြသော ဗေဒင်ပရိသတ်ကို မိမိအတွေ့အကြုံအပြင် ထပ်မံဆည်းပူးထားသော ပညာရပ်များကိုလည်း ဖော်ထုတ်သုံးစွဲလေ့ရှိပါသည်။



မဂ္ဂီမေခလာနတ်သမီးအား တင်မြှောက်ထားသော ကန်တော့ပွဲ

ယခု ဒေါ်စန္ဒီနှင့် မခိုင်တို့နှစ်ဦးအား စီရင်ပေးသော ဈေးခေါ်လက်ဖွဲ့အဆောင်မှာ (၂၀၁၃) ခုနှစ်၊ ဇန်နဝါရီလ (၁၂)ရက် စနေနေ့တွင် စီရင်ပေးသော လက်တွေ့ဂမ္ဘီရအဆောင်ဖြစ်ပါသည်။ ထိုအစီအရင်ရရှိလာပုံမှာ မြောက်ဒဂုံတွင် နေထိုင်သော အငြိမ်းစားကျောင်းအုပ်ဆရာကြီးတစ်ဦးနှင့် တွေ့ဆုံခဲ့စဉ်က အဓိဋ္ဌာန်ဝင်ရန် ပညာရပ်တစ်ခုကို ကျွန်ုပ်အား ဆရာကြီးမှ စီစဉ်ညွှန်ကြား ပြသပေးခဲ့ပါသည်။

ကျွန်ုပ်လည်း တစ်ကျောင်းတစ်ဂါထာ တစ်သွာ



www.burmeseclassic.com


www.burmeseclassic.com

တစ်ပုဒ်ဆန်းဆိုသော စာဆိုနှင့်အညီ ဆရာကြီး၏ ညွှန်ကြားချက်အတိုင်း အဓိဋ္ဌာန်ဝင်ခဲ့ပါသည်။ ထိုသို့ အဓိဋ္ဌာန်ဝင်နေစဉ်အတွင်း သက်သတ်လွတ်စားခြင်း၊ ကိုးပါးသီလဆောက်တည်ခြင်း၊ ပဋ္ဌာန်းပဒေသမန္တန်ရွတ်ခြင်း၊ မေတ္တာသုတ်ရွတ်ခြင်းတို့အပြင် ဂုဏ်တော်ကိုးပါး၊ သရဏဂုံသုံးပါး၊ အနန္တော အနန္တငါးပါးကို သက်စေ့ရွတ်ဖတ်ပူဇော်ခဲ့ပါသည်။

တစ်နေ့သောနံနက် အရုဏ်တက်တွင် အိပ်ရာမှ မထမီ မိမိမေတ္တာပို့သနေသော ဘောဂဝတီနဂါးတိုင်း(၁၆)ပြည်မှ နဂါးမင်းကြီးနှင့် နဂါးမယ်တော် နဂါးဒေဝါဒေဝီများ၊ နဂါးတစ်ထောင်မယ်တော်ကြီးမှဝန်းရံပြီး နဂါးပတ်ကျောက်ကွင်းတစ်ခု စာရေးသူ၏လက်တွင်းသို့ အပ်နှံပြီး ပျောက်ကွယ်သွားပါသည်။ ထိုအခါကျမှ စာရေးသူလည်း သဘောပေါက်ပါတော့သည်။ ကျောင်းအုပ်ဆရာကြီး၏ အိမ်အပေါ်ထပ်တွင် မဏိမေခလာနတ်သမီး ကိုင်ဆောင်သော နဂါးပတ်ကျောက်ကွင်းကို စာရေးသူက လိုချင်သဖြင့် မနေ့ာလွတ်၍ မည်ကဲ့သို့ဆောင်ကြဉ်းရသည်ကို ဆရာကြီးအား မေးခဲ့ဖူးပါသည်။

ဆရာကြီးက ဆရာဦးမြတ်စံ လိုချင်တဲ့အရာကို အဓိဋ္ဌာန်ပြုတောင်းလျှင် ရနိုင်ကြောင်း မိန့်ကြားပြီး အဓိဋ္ဌာန်ဝင်ခိုင်းခြင်းဖြစ်ကြောင်း နားလည်သဘောပေါက်ပါတော့သည်။

အဓိဋ္ဌာန်ဝင်နေစဉ်ကာလအတွင်း ရွှေတိဂုံဘုရား ဝိဇ္ဇာတန်ဆောင်းအနီးရှိ နဂါးဘုရားသို့လည်းကောင်း၊ နဂါးရုံဘုရားနှင့် စာရေးသူ အိန္ဒိယဗုဒ္ဓဂယာရောက်ခဲ့စဉ် နဂါးရုံဘုရားကိုလည်းကောင်း မနေ့ာလွတ်၍၊ အာရုံပြု၍ အဓိဋ္ဌာန်ဝင်ခြင်း၊ နွားနို့နှင့်ပေါက်ပေါက်များ နေ့စဉ် အလှူဒါနပြုခဲ့ပါသည်။ (၂၀၁၃)ခုနှစ်၊ ဇန်နဂါရီလ(၁၂)ရက်သည် ကောဇာသက္ကရာဇ်(၁၃၇၄)ခုနှစ်၊ ပြာသိုလဆန်း(၁)ရက် စနေနေ့ဖြစ်ပါသည်။ စနေဂြိုဟ်၏ သင်္ကေတသည် နဂါးဖြစ်ပါသည်။ စနေဆန်းသောကြောင့် နဂါးနှင့်ပတ်သက်သောအစီအရင်ကို ပြုလုပ်ပေးနိုင်ရန် ကြိုတင်၍ စီရင်ဆောင်ရွက်ရပါသည်။ မဏိမေခလာ၏ ဈေးရောင်းကောင်းစေသော ဈေးခေါ်လက်ဖွဲ့အဆောင်ကို ကြေးကမ္ဗလာတွင် စီရင်ခဲ့ပါသည်။


အစ်မတော်မဏိမေခလာနတ်သမီး၏
မောင်တော်ကြီးသာတာဂီရိနတ်မင်းပွဲ

စီရင်ပုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) မဏိမေခလာနတ်သမီးအား ကန်တော့ပွဲတစ်ပွဲဖြင့် ပူဇော်ရပါသည်။ ကန်တော့ပွဲတွင် အုန်းသီး(၁)လုံး၊ ရခိုင်ငှက်ပျောသီး(၂)ဖီး (ရတာတွေ ခိုင်မြဲစေရန် ရည်ရွယ်သည်ဟု ထင်ပါသည်)၊ ကောက်ညှင်းပေါင်းတစ်ပွဲ (ကောင်းခြင်းများ ပေါင်းစည်းသည်ဟု အဓိပ္ပာယ်ရပါသည်)၊ ထန်းလျက်အနည်းဆုံး (၃)ခဲမှ (၅)ခဲ၊ (၇)ခဲ မ,ဂဏန်းပူဇော်ရပါသည်။ မိမိအား မ,စစေရန်ဖြစ်ပါသည်။ လက်ဖက်(၉)ပုံထည့်၍ သီးခြားပန်းကန်ဖြင့် ပူဇော်ရပါသည်။ လက်ဖက်သည် ဗုဒ္ဓဟူးနံ(၄)နှင့် ကြာသပတေးနံ(၅)ပေါင်းလျှင် (၉) နဝင်းရပါသည်။ သပြေပန်းကို ပွဲ၏တစ်ဖက်တစ်ချက်တွင် ပန်းအိုးတစ်အိုးစီဖြင့်ပူဇော်ပါ။ တစ်ဖန် အုန်း၊ ငှက်ပျောပွဲပေါ်တွင် စံပယ်ပန်းဖြင့် ပူဇော်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

(၂) မဏိမေခလာ၏မောင်တော်ကြီး သာတာဂီရိနတ်မင်းကြီးအားလည်း အစ်မတော်မဏိမေခလာကဲ့သို့ပင် အုန်း၊ ငှက်ပျောဖြင့် ပူဇော်ပ,သပါ။ ထူးခြားသည်မှာ သာတာဂီရိနတ်မင်း၏ပွဲတွင် အုန်းသီးအပေါ်၌ ပုတီးတစ်ကုံး တင်ထားပူဇော်ရခြင်း ဖြစ်ပါသည်။

ဖော်ပြပါအသေးစိတ်မှုကို ဓာတ်ပုံတွင်ကြည့်လျှင် ပို၍ပေါ်လွင်ထင်ရှားပါသည်။ ပွဲရကန်တစ်ခုတွင် မှတ်တမ်းတင်ရိုက်ကူးထားသောဓာတ်ပုံ ဖြစ်ပါသည်။ ထိုသို့စီစဉ်ပြီး ကန်တော့ပွဲများ ပူဇော်ပြီးပါက အလင်းတိုင်၊ နံ့သာတိုင်များ ပူဇော်ပါ။ ထို့နောက် အဆင်သင့်စီရင်ထားသော ကြေးကမ္ဘဝါတွင် အောက်ဖော်ပြပါအတိုင်း မဏိမေခလာနတ်သမီး၏ လာဘ်ခေါ်အင်းတော်ကို စီရင်နိုင်ပါသည်။


အင်းဟိန်းမှာ-ဥုံ..ရာဇ သဗ္ဗ ဣတ္ထိ သိန္နေ ဟံ ပီယံ မမ သွာဟ (၃၇)အုပ်ရွတ်ပါ။

**<u>မဏိမေခလာနတ်သမီးဂါထာတော်</u>**

ဥုံ..သဗ္ဗဟိတ မင်္ဂလာနိ၊
ပုညာဘိ သိရိသောဘဏီ၊
မဏိမေခလာစ မေမာတာ၊
နိစ္စံ ရက္ခန္တု မံသဒါ..(၃၇)အုပ်ရွတ်ပါ။

ထိုသို့စီရင်ပြီးသောအခါ လိုင်းဆွဲနေသောမော်တော်ယာဉ်၊ သင်္ဘော၊ အငှားယာဉ်(Taxi)ဖြစ်ပါက ယာဉ်မောင်း၏ရှေ့ လေကာမှန်တွင် ကပ်ထားပါ။ Super Market (စူပါမားကတ်)၊ Show Room (ပြခန်း)၊ အရောင်းစင်တာများဖြစ်ပါက ဝင်ပေါက်အဝတွင် ချိတ်ဆွဲထားပါ။ ရတနာရောင်းသောဆိုင်များဖြစ်ပါက Show Case Counter (မှန်ကောင်တာ)တွင် ကပ်ထားပါ။ မိမိရောင်းရသော ယခင်မှတ်တမ်းများနှင့် ယခု မဏိမေခလာနတ်သမီး၏ ဈေးခေါ်အဆောင်စီရင်ပြီး ချိတ်ဆွဲထားသောအခါ ရောင်းရသောဝန်ဆောင်ခဝင်ငွေများ သိသိသာသာတိုးတက်လာကြောင်း သိရှိရပေလိမ့်မည်။

ကျွန်ုပ်စီစဉ်ညွှန်ကြားသကဲ့သို့ မဏိမေခလာဈေးခေါ် (လာဘ်ခေါ်) အဆောင်အင်းကို ဒေါ်စန္ဒီနှင့် ဒေါ်မမခိုင် (မခိုင်)ကို ပွဲရကန်ဖြင့် အပ်နှံပေးခဲ့ပါသည်။ နေ့စဉ်လည်း သရဏဂုံသုံးပါး၊ ဂုဏ်တော်ကိုးပါး၊ အနန္တောအနန္တငါးပါးကို သက်စေ့ပုတီးစိပ်အဓိဋ္ဌာန်ဝင်ပြီး မဏိမေခလာဈေးခေါ်လာဘ်ခေါ်ဂါထာကိုလည်းကောင်း၊ မဏိမေခလာနတ်သမီး



မဏိမေခလာနတ်သမီး
ဈေးလာဘ်ခေါ်အင်းတော်

ဂါထာကိုလည်းကောင်း နေ့စဉ်(၃၇)အုပ် ရွတ်ဖတ်စေခဲ့ပါသည်။ ထိုသို့မရွတ်မီ သောက်ရေသန့်တစ်ခွက်ကို မိမိ၏ရှေ့တွင်ထား၍ ရွတ်ဖတ်ပြီး ရောင်းမည့်ကုန်ပစ္စည်းကောင်တာကိုလည်းကောင်း၊ မော်တော်ယာဉ်ဖြစ်ပါက ကားဦးခန်းနှင့်ရှေ့ပိုင်းကိုလည်းကောင်း ပက်ဖျန်းခြင်းဖြင့် ယာဉ်အန္တရာယ်ကင်းပြီး ဝင်ငွေသိသာစွာတိုးလာကြောင်း ဒေါ်စန္ဒီနှင့် ဒေါ်မမခိုင်တို့၏ ပြန်ပြောချက်အရ သိရပါသည်။

စာရှုသူ (၇)ရက်သားသမီးအပေါင်းလည်း ယုံကြည်စွာဖြင့် ဆောင်ရွက်ပါက စီးပွားဥစ္စာတိုးနိုင်ကြောင်း အသိပေး၍ စေတနာရှေ့ထား ဖော်ပြလိုက်ပါသည်။

တိုးတက်ကြီးပွားချမ်းသာကြပါစေ။

မေတ္တာရှေ့ထား၍
ပုရောဟိတ်-ဆရာဦးမြတ်စံ

www.burmeseclassic.com

www.burmeseclassic.com

သတိုးစော(သုံးဖက်လှ)

# ကောင်းလိုက်တဲ့နည်း

ပေါက်ကုန်းစုရွာကလေး၌ အသက်(၈၀)ကျော်ပြီဖြစ်သော အဘဦးဖိုးနှစ် ဆိုသူရှိ၏။ သူသည် ဗေဒင်ပညာ၊ ဆေးပညာရပ်များကို ကောင်းစွာတတ်ကျွမ်းသူဖြစ်ရာ ရွာ၏ အားထားဖွယ် ဆရာကြီးတစ်ဆူလည်းဖြစ်၏။ ကျွန်ုပ်သည် ဆွေမျိုးနီးစပ်တော်သူပင်ဖြစ်လင့်ကစား ရှေးဟောင်းလူကြီး၊ ခေတ်ဟောင်းက အတွေးပညာရှင်ကြီးဟု ခေတ်သစ်ပညာရှင်ပီပီ ပညာမာနလေးနှင့် လုံးဝအထင်မကြီးပါပေ။ ထို့ပြင် ဓာတ်စာပေး၍ ရောဂါကုသသော ၎င်း၏ဆေးအတတ်ကိုလည်း (၇)ခုစား၊ (၈)ခုစားဟု အထင်သေးမိ၏။

၎င်း၏ဆေးကုသပုံကို တစ်ရံရောအခါက ကျွန်ုပ်မြင်တွေ့ဖူး၏။ ရွာမှ ဦးငတက် အပြင်းဖျားရာ ထုံးစံအတိုင်း ဦးဖိုးနှစ်ထံ ရောက်လာ၏။ ဦးဖိုးနှစ်က လူနာကို သွေးမစမ်း၊ မျက်စိ,လျှာ စသဖြင့် မစစ်ဆေး၊ တစ်စုံတစ်ရာ မမေးပါဘဲ မွေးသက္ကရာဇ်ကိုသာမေး၍ တွက်ချက်လေ၏။ ထို့ပြင်တဝ တောရွာတို့၏ ဓလေ့အတိုင်း မွေးသက္ကရာဇ် အပြည့်အစုံ မမှတ်သားမိသူများရကား ဦးငတက်မှာ မွေးသက္ကရာဇ်တွင် ခုနှစ်လောက်သာ မှန်အောင်ပြောနိုင်၏။ မွေးချိန်ပြောနိုင်ဖို့ အသာထားဘိ။ ရက်၊ လကိုပင် မှန်အောင် မပြောနိုင်ရှာပေ။ ဤသည်ကိုပင် အခြေခံ၍ တွက်ချက်နေသော ဦးဖိုးနှစ်၏ ပညာကို ကျွန်ုပ် အထင်မကြီးခြင်းဖြစ်၏။

ပထမ ဗေဒင်တွက်သည်ဟု ထင်မိသော်လည်း မဟုတ်ချေ။ ဓာတ်တိုင်တွက်နေခြင်းဟု နောင်မှ သိရ၏။ ဆေးအဖြစ် ဓာတ်စာကို ကောက်ညှင်းပေါင်းပူပူကို အာပြခြောက်ကြော်နှင့် စားရမည်ဟု ဆို၏။ ကျွန်ုပ်၏စိတ်ထဲမှ ဘယ့်နှယ်ဆေးဖြစ်သွားပါလိမ့်ဟု တွေးနေမိ၏။ လူနာမှာ ၎င်းဓာတ်စာစားပြီး နောက်ရက်များ၌ ထူထူထောင်ထောင်နှင့် လယ်ထဲဆင်းနိုင်သွား၏။ အံ့ဖွယ်ပါတကား။

ကျွန်ုပ်၏စိတ်အစဉ်၌ ဦးဖိုးနှစ်ကား မဟာဘုတ်သက်ရောက်လောက်၊ ဇနက္ကကိန်းလောက်သာ တတ်ချေမည်။ ခေတ်သိပ္ပံအတတ်များကိုကား လုံးလုံးပင်တတ်လိမ့်မည် မဟုတ်ဟုလည်း အထင်အမြင်သေးခဲ့သေး၏။ သို့ရာတွင် ၎င်းနှင့် စကားစမြည်ပြောရင်း ဦးဖိုးနှစ်အပေါ် ကောင်းစွာအထင်အမြင်ကြီးခဲ့ရချေတော့၏။ ကျွန်ုပ်တို့စကားဝိုင်း၌ ဗဟုသုတများ၊ ပညာရပ်များ ပါဝင်နေချေရာ စာရှုသူတို့အတွက်ပါ ပညာတိုးစေရန် အရင်းအတိုင်း ချပြလိုက်ပါသည်။

'ငါ့တူလည်း ဗေဒင်ဆရာဆိုကွ။ အခု ဟောနေပြီလား'ဟု ဦးဖိုးနှစ်က ကျွန်ုပ်ကို မေးလေ၏။

ကျွန်ုပ်က 'ဟုတ်ပါတယ်အဘ။ (၂၀၀၂)ခုနှစ်လောက်ကမှ စဟောတာပါ'ဟု ပြန်ပြောလိုက်ပါသည်။

ဦးဖိုးနှစ်က-

'ကောင်းပါလေ့ကွာ။ ဒီအတတ်မျိုးဆိုတာ အသုံးချတတ်ရင် ကုသိုလ်လည်းရ ဝမ်းလည်းဝတဲ့ အလုပ်ပဲကွ။ ဒါပေမဲ့ အကုသိုလ်ဖြစ်အောင် မလုပ်ယူမိဖို့လည်း လိုသကွယ့်။ ခေတ်ကာလကြီးက ကလိယုဂ်ဆုတ်ကပ်တဲ့အခါဆိုတော့ ကုသိုလ်ထက် အကုသိုလ်ဖြစ်စေဖို့က ပိုလွယ်သကွာ'

ဟု ဆိုသဖြင့် ကျွန်ုပ်က-

'ကျွန်တော်ကတော့ အကုသိုလ်မဖြစ်အောင် အတတ်နိုင်ဆုံး ကြိုးစားနေပါတယ် အဘရဲ့။ ပြီးတော့ ဒီပညာကို လေ့လာလိုက်စားတာကလည်း အသက်မွေးဝမ်းကျောင်းဖို့ ရယ်သက်သက်တော့ မဟုတ်ပါဘူး။ စစ်မှန်တဲ့ပညာကို ချစ်တဲ့ စိတ်နဲ့ပါ'ဟု ပြန်ပြောလိုက်ပါသည်။

ဦးဖိုးနှစ်က ပြုံး၍-

'အိမ်း‥ငါ့တူရဲ့ရည်ရွယ်ချက်ဟာ ကောင်းပါတယ်။ စစ်မှန်တဲ့ပညာကိုချစ်တဲ့စိတ် ဟုတ်သလား။ ပညာလို အိုသည်မရှိတဲ့။ ပညာဆိုတာ အမြဲလေ့လာဆည်းပူးနေရတယ်ကွယ့်။ အဆင့်တစ်ဆင့် ငါရပြီဆိုပြီး ဘယ်တော့မှ ရပ်မထားလေနဲ့။ လေ့ရင် လာတာဟာ ပညာပဲ။ ရှာဖွေလေ တွေ့ရှိလေ၊ နိုက်လေ နက်လေဆိုတာ ပညာပဲ'

ဟုပြောရာ ကျွန်ုပ်က-

'အခုလည်း အဘဆီမှာ လိုအပ်နေတာတွေ ထပ်ဆင့်ဆည်းပူးရအောင် လာတာပါ။ ဒါပေမဲ့ ကျွန်တော့်စိတ်ထဲက‥'ဟုဆိုကာ ဆက်မပြောဖြစ်ဘဲ စကားကို ရပ်ထားမိ၏။



www.burmeseclassic.com

www.burmeseclassic.com

ဦးဖိုးနှစ်က ကျွန်ုပ်ကိုကြည့်ပြီး ဟက်ဟက်ပက်ပက် ရယ်မောလိုက်၏။

ပြီးမှ-

'ဘာလဲ၊ မင်းက ငါ့ပညာကို အိုလွန်းဟောင်းလွန်းပြီး ဒီဘက်ခေတ်မှာ သိပ်အသုံးမဝင်လောက်တော့ဘူး။ သင်ရင်လည်း အလကားပဲလို့ ထင်နေလို့လား။ မင်းအမေ ငါ့ဆီ စာရေးလိုက်ကတည်းက မင်းဟာ ဘယ်လိုစိတ်ထားရှိတယ်။ အမှားအယွင်း၊ အာဃာတလေးတွေပါရင် သည်းခံခွင့်လွှတ်ဖို့ ငါ့ကို မှာပြီးပါပြီကွာ'

ဟု ပြောသဖြင့် ကျွန်ုပ်က ပွင့်ပွင့်လင်းလင်းပင်-

'ဒီလို အဘရဲ့..ကျွန်တော်ဟာ မဟာဘုတ်ပညာလောက်ကို စာမဖွဲ့ဘူး။ အဆင့်မြင့်ပညာတွေကို လိုချင်တာ။ အဲဒါတွေ အမြဲလိုက်ရှာနေတာလေ။ ဒီတော့ ကျွန်တော် သိပြီးသား၊ တတ်ပြီးသားတွေကို အဘဆီက မလိုချင်ပါဘူး။ ဆန်းပေ့၊ စွမ်းပေ့ဆိုတာတွေ လေ့လာချင်တာ'ဟု ပြောလိုက်ပြန်၏။

ဦးဖိုးနှစ်က-

'ငါ့တူက ငယ်သေးတော့ ပညာမာနလေးကလည်းရှိ၊ ပညာရှာဖွေမှုနဲ့ တန်ဖိုးကိုလည်း နားမလည်သေးဆိုတော့ အဘ အပြစ်မတင်ရက်ပါဘူး။ ဒါပေမဲ့ ငါ့တူ တစ်ခုစဉ်းစားကြည့်စမ်းပါ။ ပစ္စည်းတစ်ခုတောင် အိုလွန်းဟောင်းလွန်းသွားရင် ရှေးဟောင်းပစ္စည်းဆိုတဲ့အမည်နဲ့ တန်ဖိုးတက်လာတတ်သလို ပညာဆိုတာကလည်း အိုလွန်းဟောင်းလွန်းလို့ ခေတ်မမီတာမှန်ပေမယ့် တန်ဖိုးအနေနဲ့တွက်ရင် အဖိုးမဖြတ်နိုင်ဘူးကွယ့်။ ဥပမာပြောပြမယ်။ မဟာဘုတ်ဗေဒင်ပညာဆိုပါတော့၊ ငါ့တူတို့ခေတ်မှာသင်တဲ့နည်းနဲ့ အဘတို့ခေတ်က နည်းဟာ မကွာလှပါဘူး။ အဲ..အယူအဆ၊ ဉာဏ်ပညာတော့ ကွာခြားသွားနိုင်တယ်။ အဘ မဟာဘုတ်ပညာသင်တုန်းက အဘရဲ့ဆရာဟာ ဂြိုဟ်နဲ့လူ တူတယ်။ ဂြိုဟ်ကို လူလိုကြည့်ဖို့ တိုက်တွန်းခဲ့ဖူးတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူမှာရှိတဲ့ ဓာတ်တွေဟာ ဂြိုဟ်မှာလည်း ရှိနေကြလို့ပဲ။ ဥပမာ-ကမ္ဘာဂြိုဟ်နှင့် ယှဉ်ပြမယ်။ ငါတို့မှာ အမွေးအမှင် ဆံပင်တွေ ရှိတယ်။ အဲဒီထဲမှာ ကြေးဓာတ်ပါဝင်တယ် မဟုတ်လား။ ကမ္ဘာဂြိုဟ်မှာလည်း ကြေးဓာတ်ရှိတာပဲ။ တံတွေး၊ နှပ်တွေမှာ ခဲဓာတ်ပါသလို ကမ္ဘာလည်း ခဲရှိတာပဲ။ အရိုးမှာ ငွေဓာတ်ပါသလို ကမ္ဘာမှာ ငွေဓာတ်ရှိတယ်။ သွေးမှာ ရွှေဓာတ်ပါသလို ကမ္ဘာမှာ ရွှေရှိတယ်။ ခန္ဓာကိုယ်မှာ ရေ(၈၀)ရာခိုင်နှုန်းရှိသလို ကမ္ဘာမှာ ရေ(၈၀)ရာခိုင်နှုန်း ရှိတယ်။ ကမ္ဘာမှာ သက်ရှိသတ္တဝါတွေ မှီတင်းနေထိုင်သလို လူ့ခန္ဓာကိုယ်မှာလည်း သက်ရှိသတ္တဝါပိုးတွေ မှီတင်းနေထိုင်ကြတယ်။ ဒါက ရုပ်ဓာတ်တူမှုကိုပြောတာ၊ မတူတာ ရှိသေးတယ်။ အဲဒါက လူဟာ နာမ်ဓာတ်ရှိပေမယ့် ဂြိုဟ်(ကမ္ဘာ)မှာ နာမ်ဓာတ် ဝိညာဉ်ဓာတ်ဆိုတာ မရှိဘူး။ ဒါကြောင့် လူဟာ အမြဲမတည်နိုင်ဘူး။ ကြာရှည်မဖြစ်ထွန်းနိုင်ဘူး။ ဂြိုဟ်တွေကတော့ ကြာရှည်ဖြစ်ထွန်းနိုင်ကြတယ်'ဟု ရှည်လျားစွာရှင်းပြလေ၏။

ကျွန်ုပ်မှာ နားမရှင်းတာ ရှင်း၊ ရှင်းတာရှင်း ဖြစ်နေရ၏။

ထို့ကြောင့်-

'အဘပြောတာ ကျွန်တော် ရှင်းတန်သလောက်ရှင်းပါတယ်။ ဒါပေမဲ့ မဟာဘုတ်မှာ ကမ္ဘာဂြိုဟ်မှမပါဘဲ ဘာကြောင့် ကမ္ဘာက အဘစကားမှာ ပါဝင်လာရတာလဲ'

ဟု မေးလိုက်ရာ ၎င်းက-

'ငါ့တူတို့ခေတ် မဟာဘုတ်မှာ ဘယ်နှယ့်သင်ရလဲ တော့မသိဘူး။ အဘသင်ခဲ့ရစဉ်က (၁)ဆိုတာ ၁နွေ၊ (၂)ဆိုတာ ၂လာ၊ (၃)ဆိုတာ ၃ဂင်္ဂါ စသဖြင့် ဂြိုဟ်(၇)လုံး၊ သက်ရောက်သင်တော့ ရာဟုဆိုတာ ပါဝင်လာတယ်။ ဂြိုဟ်(၈)လုံး ကမ္ဘာမပါ,ပါဘူး။ ဒါပေမဲ့ မဟာဘုတ်ခွင်ချတဲ့ အခါ စတုရန်း(၉)ကွက် ချရတယ်မဟုတ်လား။ အဲဒီ သင်္ကေတဟာ ကမ္ဘာပါပဲ။ တစ်နည်းအားဖြင့် ဆိုလာစစ်စတမ်(Solar System)လို့ခေါ်တဲ့ နေအဖွဲ့အစည်း စကြဝဠာ တစ်ခုလို့ သင်ရတယ်။

ပြီးတော့ ကမ္ဘာကနေ ဂြိုဟ်တွေကို အနီးအဝေးယှဉ်လိုက်ရင်-

(၁) ကမ္ဘာ၊ (၂) ၂လာ(လမင်း)၊ (၃) ၄ဟူး၊ (၆) ၆ကြာ၊ (၅) ၁နွေ၊ (၆) ၃ဂင်္ဂါ၊ (၇) ၅တေး၊ (၈) ဝနေ ဆိုပြီး အဆင့်ဆင့်ရှိကြတယ်မဟုတ်လား။ ကမ္ဘာမှာ လူသားတစ်ယောက် မွေးပြီဆိုတာနဲ့ အဲဒီကလေးဟာ အနီးဆုံးဂြိုဟ် လမင်း ၂လာရဲ့ ထိတွေ့မှုကို ခံစားကြရတယ်။

လူမှာ စိတ်ဆိုတဲ့အရာ စတင်ဖြစ်ပေါ်လာတာဟာ အဲဒီ ၂လာကြောင့်ပဲ။ ဒါကြောင့် ၂လာကို စိတ္တကာရက စိတ်လို့ ယူဆကြတာပေါ့။ ၂လာကို ကျော်လွန်တာနဲ့ ၄ဟူးနဲ့ စတင်တွေ့တော့တာပဲ။ စကားပြောတတ်လာပြီ။ အဲဒါ ၄ဟူး ဝါစဏရကကြောင့်ပဲ။ ၄ဟူးကိုကျော်လွန်ရင် ဟန်ဆူအရာ၊



www.burmeseclassic.com

www.burmeseclassic.com

မှုရာမာယာတွေ ရောက်လာတာဟာ ဖြကြာ မာယာကာရက ကြောင့်ပေါ့။ ပြီးတော့ ကျော်စောချင်လာတယ်။ တန်ခိုးကြီးပြီး အခွင့်အရေးလိုလားမယ်။ ဒါဟာ ၁နွေ တေဇကာရကရဲ့ ထိတွေ့မှုပဲ။ အဲဒီအောင်မြင်ကျော်ကြားမှုတွေ ရရှိစေဖို့ သတ္တိ၊ ဗျတ္တိ၊ လုံ့လအားထုတ်မှုတွေ ရောက်လာတာဟာ ၃ဂံါ သတ္တိကာရကရဲ့ ထိတွေ့ရိုက်ခတ်မှုပဲ။ နောက် မိုက်ရူးရဲဆန်မှု၊ တလွဲသတ္တိတွေကို ချင့်ချိန်နိုင်ဖို့ ၅တေး ပညာကာရကက ထိတွေ့ပြန်တယ်။ နောက်ဆုံး အပင်ပန်းခံတာ၊ အနစ်နာခံတာ၊ တာဝန်ယူတတ်တာလေးတွေကို ဝနေ ခန္တီကာရကက ထိတွေ့လွှမ်းမိုးလာရတယ်။ ဒါတွေဟာ ဂြိုဟ်ရဲ့ အကွာအဝေးက ကမ္ဘာလူသားတစ်ယောက်ကို လွှမ်းမိုးတဲ့ ဘဝဖြစ်စဉ်အကျဉ်းပဲ ဟု ရှင်းပြပြန်၏။

ကျွန်ုပ်မှာ ဉာဏ်မမီတော့ပေ။ မဟာဘုတ်ဟူသော ကျွန်ုပ်အတွက် အလွယ်ကူဆုံးသော ပညာရပ်ပင် ဦးဖိုးနှစ်စကားကြောင့် ခက်ချင်ချင်ဖြစ်လာရ၏။ ဗေဒင်အကြောင်းဆက်ပြောရလျှင် ပို၍နားရှုပ်တော့မည်မို့ ဆေးပညာဘက် လှည့်မိပြန်၏။

'အဘရဲ့ ဆေးပညာအကြောင်း ပြောပါဦး အဘရဲ့'

ဟု မေးလိုက်ရာ ၎င်းက-

'ငါ့ပညာက ဓာတ်စာပညာကွ။ လူတစ်ယောက်ရဲ့ အသက်မှန်သိရင် တွက်လို့ရပြီ။ အပူတိုင်၊ အအေးတိုင် ခွဲပြီး ကုရတယ်။ အသက်ကိုတည်၊ (၇)နဲ့စားလိုက်လို့ (၁၊ ၃၊ ၆)ကြွင်းရင် အပူတိုင်လို့မှတ်။ အပူတိုင်အတွ... အကောင်းဆုံးအသက်ကယ်ဆေးက ငရုတ်ကောင်းနဲ့ ထန်းလျက်ပြုတ်ရည်တိုက် ကုရတယ်။ ကျန်တာကြွင်းရင် အအေးတိုင်ပေါ့ကွာ။ အသက်ကယ်ဆေးအနေနဲ့ ချင်းနဲ့ သကြား ပြုတ်တိုက်ရတယ်။ အပူဆိုတာ နေကွ၊ အအေးဆိုတာ လမင်း။ ဒါကို နေလဆေးပညာလို့ အလွယ်ခေါ်နိုင်ပေမယ့် ရှေးဆရာကြီးတွေကတော့ နိယာမဆေးကုထုံးလို့ ခေါ်ကြတယ်။ ရောဂါကုစွမ်းရည်တက်ဖို့ ဓာတ်နှိမ်၊ ဓာတ်ကု၊ ဓာတ်ဖွင့်၊ ဓာတ်အုပ်တွေ တတ်ကျွမ်းရမယ်။ မြေထု၊ ရေလောင်း၊ ရေထောင်း၊ မီးတိုက်၊ မီးခိုက်၊ လေသွင်း၊ လေပြင်း၊ မြေဖို့ ဆိုတဲ့စကားဟာ ဓာတ်နှိမ်ပုံပြတဲ့စကားပဲ။ တစ်ထိုင်တည်း ပြောလို့ ကုန်မှာမဟုတ်ဘူး'

ဟုပြောရာ ကျွန်ုပ်က-

'အဘ အခုပြောတဲ့အထဲမှာ ဓာတ်တိုင်ထူတာလည်း မပါပါလား။ အဘ ဟိုနေ့က ဒေါ်ဖွားရှင်ကိုကုတော့ တိုင်ထူတာ တွေ့ရတယ်။ အဲဒါ ဒီပညာပဲလား'

ဟု မေးလိုက်ရာ ၎င်းက-

'သြော်..အေး..အေး..ငါ့တူ စိတ်မဝင်စားဘူးထင်လို့ အကြမ်းဖျင်းပြောလိုက်တာပါ။ ဒီလိုကွ၊ ဒေါ်ဖွားရှင်ဟာ အသက်(၅၇)နှစ်ရှိပြီ။ (၇)နဲ့စားရင် (၁)ကြွင်းမယ်မဟုတ်လား။ ဓာတ်တိုင်က အင်္ဂဝိဇ္ဇာတိုင်နဲ့ အတူတူပါပဲ။ ဒီလိုကွ။

၅ ခိုက်
၂ လွှန်
၆ ချုပ်
၁ ဆောင်
၄ ဆုံး
၀ ငုပ်
၃ ပျက်

(အပူတိုင်)

အပူတိုင်မှာ ဒေါ်ဖွားရှင် ကျရောက်နေတယ်။ အခိက ရောဂါဖြစ်တဲ့ အကြောင်းရင်းဟာ အာပေါဓာတ် ၂လာ်လွန်လို့ကွ။ ဒါကြောင့် ရောဂါဖြစ်တာ။ အာပေါဆိုတာ ရေပဲ။ ရေချိုးမှားရာက စတာပဲ။ အဲဒီနေ့က ငါမေးကြည့်တာတွေ မင်းမြင်မှာပါ။ ဒီတော့ ပျက်နေတာကို ပြန်ပြင်လိုက်ရင် သူ့ရောဂါပျောက်ပြီပေါ့။ ဒီတိုင်မှာ ပျက်နေတာက အဂ်ါ တေဇောဓာတ်ပဲ။ ဒါကြောင့် ဆိတ်သားပူပူလေးကို မှုတ်မှုတ်ပြီး စားခိုင်းလိုက်တာပေါ့။ ဒါက ဓာတ်နုနေလို့ အလွယ်ပေးလိုက်တာ။ ဓာတ်ရင့်ပြီး ရောဂါပြင်းမယ်။ အပူပြင်းမယ်ဆိုရင်တော့ နံ့သာဖြူကို တစ်ကိုယ်လုံး လိမ်းတန်လိမ်း၊ နေရှိချိန်လေးမှာ ခြေထောက်ကို ရေစိမ်တန်စိမ် လုပ်ခိုင်းရမှာပဲ။ ဒါဟာ ငုပ်ဓာတ် စနေ(အာကာသ)ကို ပြန်ဖော်တာပဲ' ဟု ရှင်းပြလေ၏။

ကျွန်ုပ်မှာ ယခုမှပင် ယောင်တီးယောင်နဖြစ်သွားရ၏။ လာလည်စဉ်က ဤအရပ်၌ ငါ့လောက်ပညာတတ်သူ တစ်ဦးတစ်ယောက်မှမရှိဟု မာန်ကလေးရှိခဲ့သလောက် ယခုမှ ငါမသိသေးတာ အများကြီးရှိပါသေးလားဟု တွေးလာမိ၏။

ဦးဖိုးနှစ်မှာ ကျွန်ုပ်၏အခက်အခဲကို ရိပ်မိဟန်ရှိ၍-

'စကားကျယ်သော် နားငယ်မဆံ့ ဆိုတဲ့စကားကလည်း အရှိသားဆိုတော့ ငါ့တူကို လွယ်လွယ်နဲ့ အသုံးချနိုင်တဲ့ မဟာဘုတ်လျှို့ဝှက်ပညာတစ်ခု လက်ဆင့်ကမ်းလိုက်ပါဦးမယ်။ ငါ့တူက ဗေဒင်ဆရာဆိုတော့ လာတဲ့လူတိုင်း ကူညီပေးပေါ့။ တွက်ရချက်ရနည်းအောင် ဇယား



www.burmeseclassic.com

www.burmeseclassic.com

ချရှင်းပြပေးမယ်။ ရေးပညာက နည်းနည်းတွက်ရတယ်။ ဒါပေမဲ့ ဒီဇယားကို သဘောပေါက်အောင် မှတ်ထားရင် တွက်ချက်မှုအဆင့် နည်းသွားမှာပါ'ဟုဆိုကာ အောက်ပါအတိုင်း ဇယားတစ်ခု ရေးဆွဲပြလေ၏။

ကျွန်ုပ်မှာ ဦးဖိုးနှစ်၏ဇယားကို ထပ်တူညီအောင် လိုက်လံရေးကူးရလေ၏။ ဇယားမှာ မဟာဘုတ်ပညာဟု ပင် အမည်တပ်စေကာမူ မဟာဘုတ်ခွင်များ ပါဝင်ခြင်းမရှိ။ သာမန်ကြည့်ရုံနှင့် သဘောမပေါက်။ ဇယားမှာ တစ်ဖက်ပါအတိုင်း ဖြစ်ပါ၏။

၁ကိစ္စ-အိုးအိမ်ကိစ္စ၊ အလုပ်ကိစ္စ၊ အိမ်ထောင်ရေးကိစ္စ၊

| အသက် | ဂုဏ်တော်(၉)ပါး ပုတီးစိပ်ရန် | | | | | | |
|---|---|---|---|---|---|---|---|
| ၁ | ဝိဇ္ဇာစရဏသမ္ပန္နော (၇)ပတ် | အနုတ္တရောပုရိသဒမ္မသာရထိ (၄)ပတ် | သမ္မာသမ္ဗုဒ္ဓေါ (၈)ပတ် | အရဟံ (၉)ပတ် | အနုတ္တရောပုရိသဒမ္မသာရထိ (၄)ပတ် | လောကဝိဒူ (၅)ပတ် | သုဂတော (၆)ပတ် |
| ၂ | သုဂတော (၆)ပတ် | သတ္ထာဒေဝမနုဿာနံ (၃)ပတ် | ဝိဇ္ဇာစရဏသမ္ပန္နော (၇)ပတ် | သမ္မာသမ္ဗုဒ္ဓေါ (၈)ပတ် | သတ္ထာဒေဝမနုဿာနံ (၃)ပတ် | အနုတ္တရောဒမ္မသာရထိ (၄)ပတ် | လောကဝိဒူ (၅)ပတ် |
| ၃ | လောကဝိဒူ (၄)ပတ် | ဗုဒ္ဓေါ (၁)ပတ် | သုဂတော (၅)ပတ် | ဝိဇ္ဇာစရဏသမ္ပန္နော (၆)ပတ် | ဗုဒ္ဓေါ (၁)ပတ် | သတ္ထာဒေဝမနုဿာနံ (၂)ပတ် | အနုတ္တရောပုရိသဒမ္မသာ:ရထိ (၃)ငတ် |
| ၄ | အနုတ္တရောပုရိသဒမ္မသာရထိ (၄)ပတ် | ဘဂဝါ (၁)ပတ် | လောကဝိဒူ (၅)ပတ် | သုဂတော (၆)ပတ် | ဘဂဝါ (၁)ပတ် | ဗုဒ္ဓေါ (၂)ပတ် | သတ္ထာဒေဝမနုဿာနံ (၃)ပတ် |
| ၅ | သတ္ထာဒေဝမနုဿာနံ (၃)ပတ် | အရဟံ (၉)ပတ် | အနုတ္တရောပုရိသဒမ္မသာရထိ (၄)ပတ် | လောကဝိဒူ (၅)ပတ် | အရဟံ (၉)ပတ် | ဘဂဝါ (၁)ပတ် | ဗုဒ္ဓေါ (၂)ပတ် |
| ၆ | ဗုဒ္ဓေါ (၂)ပတ် | သမ္မာသမ္ဗုဒ္ဓေါ (၈)ပတ် | သတ္ထာဒေဝမနုဿာနံ (၃)ပတ် | အနုတ္တရာပုရိသဒမ္မသာရထိ (၄)ပတ် | သမ္မာသမ္ဗုဒ္ဓေါ (၈)ပတ် | အရဟံ (၉)ပတ် | ဘဂဝါ (၁)ပတ် |
| ၇ | ဘဂဝါ (၁)ပတ် | ဝိဇ္ဇာစရဏသမ္ပန္နော (၇)ပတ် | ဗုဒ္ဓေါ (၂)ပတ် | သတ္ထာဒေဝမနုဿာနံ (၃)ပတ် | ဝိဇ္ဇာစရဏသမ္ပန္နော (၇)ပတ် | သမ္မာသမ္ဗုဒ္ဓေါ (၈)ပတ် | အရဟံ (၉)ပတ် |
| ၈ | အရဟံ (၉)ပတ် | သုဂတော (၆)ပတ် | ဘဂဝါ (၁)ပတ် | ဗုဒ္ဓေါ (၂)ပတ် | သုဂတော (၆)ပတ် | ဝိဇ္ဇာစရဏသမ္ပန္နော (၇)ပတ် | သမ္မာသမ္ဗုဒ္ဓေါ (၈)ပတ် |
| ၉ | သမ္မာသမ္ဗုဒ္ဓေါ (၈)ပတ် | လောကဝိဒူ (၅)ပတ် | အရဟံ (၉)ပတ် | ဘဂဝါ (၁)ပတ် | လောကဝိဒူ (၅)ပတ် | သုဂတော (၆)ပတ် | ဝိဇ္ဇာစရဏသမ္ပန္နော (၇)ပတ် |
| ၁ကြွင်း | ၁ ကိစ္စ | ၄ ကိစ္စ | ၇ ကိစ္စ | ၃ ကိစ္စ | ၆ ကိစ္စ | ၂ ကိစ္စ | ၅ ကိစ္စ |
| ၂ကြွင်း | ၂ ကိစ္စ | ၅ ကိစ္စ | ၁ ကိစ္စ | ၄ ကိစ္စ | ၇ ကိစ္စ | ၃ ကိစ္စ | ၆ ကိစ္စ |
| ၃ကြွင်း | ၃ ကိစ္စ | ၆ ကိစ္စ | ၂ ကိစ္စ | ၅ ကိစ္စ | ၁ ကိစ္စ | ၄ ကိစ္စ | ၇ ကိစ္စ |
| ၄ကြွင်း | ၄ ကိစ္စ | ၇ ကိစ္စ | ၃ ကိစ္စ | ၆ ကိစ္စ | ၂ ကိစ္စ | ၅ ကိစ္စ | ၁ ကိစ္စ |
| ၅ကြွင်း | ၅ ကိစ္စ | ၁ ကိစ္စ | ၄ ကိစ္စ | ၇ ကိစ္စ | ၃ ကိစ္စ | ၆ ကိစ္စ | ၂ ကိစ္စ |
| ၆ကြွင်း | ၆ ကိစ္စ | ၂ ကိစ္စ | ၅ ကိစ္စ | ၁ ကိစ္စ | ၄ ကိစ္စ | ၇ ကိစ္စ | ၃ ကိစ္စ |
| ၀ကြွင်း | ၇ ကိစ္စ | ၃ ကိစ္စ | ၆ ကိစ္စ | ၂ ကိစ္စ | ၅ ကိစ္စ | ၁ ကိစ္စ | ၄ ကိစ္စ |



www.burmeseclassic.com

www.burmeseclassic.com

ိမ်တွင်းရေးကိစ္စ၊ အကြီးအကဲကိစ္စ၊ ဖခင်ကိစ္စ စသဖြင့် ေန္ဒနံ၊ အ-ဥ ကိစ္စမှန်သမျှ၊

၂ကိစ္စ- ကားကိစ္စ၊ အချစ်ရေးကိစ္စ၊ မိခင်ကိစ္စ၊ အလှူ ဂ်လာကိစ္စ၊ ငွေကြေးကိစ္စ၊ အကြွေးကိစ္စ စသဖြင့် ၂လ်ာနံ က၊ ခ၊ ဂ၊ ဃ၊ င ကိစ္စမှန်သမျှ၊

၃ကိစ္စ-စက်ပစ္စည်းကိစ္စ၊ စွပ်စွဲမှုကိစ္စ၊ ဆန်၊ ဆီ၊ ဆေးကိစ္စ၊ စုန်းပယောဂကိစ္စ၊ အောက်လက်ငယ်သားကိစ္စ စသဖြင့် ၃ဂ်ါနံ စ၊ ဆ၊ ဇ၊ ဈ၊ ည ကိစ္စမှန်သမျှ၊

၄ကိစ္စ-လူမှုရေးကိစ္စ၊ ရွှေကိစ္စ၊ သားသမီးကိစ္စ၊ စက် ကိစ္စ၊ ရေတွင်းရေကန်ကိစ္စ စသဖြင့် ရ၊ ယ၊ လ၊ ဝ ကိစ္စ မှန်သမျှ၊

၅ကိစ္စ-ပညာရေးကိစ္စ၊ မိတ်ဆွေကိစ္စ၊ ဆရာသမား ကိစ္စ၊ မိန်းမကိစ္စ၊ အမွေကိစ္စ၊ မြေယာကိစ္စ စသဖြင့် ပ၊ ဖ၊ ဗ၊ ဘ၊ မ ကိစ္စမှန်သမျှ၊

၆ကိစ္စ-ခရီးကိစ္စ၊ ဇနီးမယားကိစ္စ၊ စကားအပြောအဆို ကိစ္စ၊ သံ၊ သွပ်၊ သစ်ကိစ္စ စသဖြင့် သ၊ ဟ ကိစ္စမှန်သမျှ၊

၇ကိစ္စ-တရားတဘောင်ကိစ္စ၊ နတ်ကိစ္စ၊ ထီကိစ္စ၊ အဝတ်အထည်ကိစ္စ၊ ထီး၊ ဖိနပ်ကိစ္စ စသဖြင့် တ၊ ထ၊ ဒ၊ ဓ၊ န၊ ဠ ကိစ္စမှန်သမျှ။

ကျွန်ုပ်မှာ ဇယားကိုကြည့်ရင်း မရှင်းသဖြင့် ဦးဖိုးနှစ် ကို ကြည့်လိုက်မိပါသည်။

ဦးဖိုးနှစ်က-

"လွယ်ပါတယ် ငါ့တူရဲ့၊ ဥပမာ-အသက်(၃၅)နှစ်ရှိတဲ့ (၁၃၃၉)ခုနှစ်မှာမွေးတဲ့ လူတစ်ယောက်ဟာ ငွေရေးကြေး ရေးနဲ့ပတ်သက်တဲ့ အခက်အခဲတစ်ခု ရှိနေပြီဆိုပါတော့ကွာ။ ဒီဇယားသိဖို့ အချက်(၃)ချက် အရင်ရှာရမယ်။ (၁) အသက် ကြွင်း၊ (၂) ခုနှစ်ကြွင်း၊ (၃) ကိစ္စ ဆိုတာပဲ။ (၁) အသက် ၃၅+၉=၈ ကြွင်း၊ (၂) ၁၃၃၉+၇=၂ ကြွင်း၊ (၃) ငွေကြေး ကိစ္စဆိုတော့ ၂ကိစ္စ။ ဒီ(၃)ချက်ဆုံရာကို ဇယားမှာကြည့် လိုက်၊ အရပ်(၉)ပတ်လို့ တွေ့ရလိမ့်မယ်။ အဲဒါဟာ ပုတီး စိပ်ရမယ့် ဂုဏ်တော်နဲ့ အပတ်ရေပဲ။ (၂၇)ရက်လောက် အဓိဋ္ဌာန်နဲ့စိပ်ပေးရင် အဲဒီဒုက္ခကနေ လွတ်မြောက်သွားပါ လိမ့်မယ်ကွာ။ ကျန်တာကတော့ ငါ့တူကြီး သဘောပေါက် မှာပါ"ဟု ပြောလိုက်လေတော့သည်။

သင့်ဘဝ သာယာပါစေ

သတိုးဇော(သုံးဖက်လှ)


# ဆရာရန်အောင်ဟိန်း (B.Sc)

(ခရစ်ရှနားမူတီး ဗေဒင်နက္ခတ်ဗေဒင်ပညာရှင်)

ကေပီစနစ်အား ဆရာတစ်ဆူ ပါရဂူမြောက် တတ်မြောက်လိုက ဆက်သွယ်ပါ။

ရှင်းလင်းစွာ တတ်မြောက်၊ ကျွမ်းကျင်ရန် တာဝန်ယူသည်။

ကေပီစနစ်၊ ဂြိုဟ်သွားပြက္ခဒိန်များ၊ ကွန်ပျူတာပရိုဂရမ်(Softwear) များ ရနိုင်ပါသည်။

အသုံးပြုရန် လွယ်ကူရှင်းလင်းစေရပါမည်။

(စုံစမ်းနိုင်ပါသည်။)

ဖုန်း - ၀၉ ၅၃၁ ၁၉၈ ၂၆

**ဆက်သွယ်ရန်လိပ်စာ**

အမှတ်-၂၂၁/၂၂၃(ပထမထပ်)၊ (၃၁)လမ်း(အထက်လမ်း)၊ စင်ထရယ်ဟိုတယ်အနီး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။


www.burmeseclassic.com

www.burmeseclassic.com



မင်းနေထွန်း(ကန့်ဘလူ)

# စိုက်ခဲ့မိတဲ့ သစ်တစ်ပင်

ကျွန်တော့်ဇာတိမြေ ကန့်ဘလူသို့ ပြန်မရောက်ဖြစ်တာ ဘာလိုလိုနဲ့ (၅)နှစ်ကျော် (၆)နှစ်ရှိသွားပါပြီ။ ယခင်ကတော့ ဖေဖေရော၊ မေမေရော၊ မမကြီးဒေါ်တင်ဦးရော ကန့်ဘလူမှာ ရှိနေကြတာဆိုတော့ တစ်နှစ်ကို (၂)ခေါက်၊ (၃)ခေါက်လောက်ကတော့ ပြန်ပြန်ရောက်တတ်ပါတယ်။ ဖေဖေတို့၊ မေမေတို့ ဆုံးပါးသွားပြီးတဲ့နောက် မမကြီးကလည်း မမလေး ဒေါ်ခင်နုနုရှိရာ မန္တလေးကို မိသားစုလိုက် ပြောင်းသွားတာဆိုတော့ မွေးရပ်မြေကို ပြန်မရောက်တော့သလောက်ဖြစ်သွားပါတယ်။ စောစောက တင်ပြခဲ့သလို (၅)နှစ်ကျော် (၆)နှစ် ရှိသွားပြီဆိုပါတော့။

မွေးရပ်မြေကို ခေတ္တခဏ ပြန်ရောက်ဖြစ်သွားဖို့ အကြောင်းဖန်လာပုံကလည်း မျှော်လင့်မထားတဲ့ ပုံသဏ္ဌာန်နဲ့ပါပဲ။ အဲဒါကတော့ ကျွန်တော့်တူမက မွေးဖွားထားတဲ့ မြေးမလေး ဒေါက်တာဒေါ်သက်စုဝင်းက သူ့အိမ်ထောင်ပြုလိုက်ပြီးတဲ့နောက် ကွယ်လွန်သွားကြပြီဖြစ်တဲ့ သူ့မိခင်၊ သူ့ဖခင်တို့ရဲ့ အုတ်ဂူရှိရာ ကန့်ဘလူကို အကန်တော့သွားချင်လို့ ဘဘလိုက်ခဲ့ပါ ခေါ်တာနဲ့ ရောက်ဖြစ်သွားတာပါ။

ကျွန်တော် ပြန်မရောက်ဖြစ်တဲ့ (၅)နှစ်ကျော် (၆)နှစ်အတွင်းမှာ ဇာတိမြေ ကန့်ဘလူရဲ့ ရုပ်ဝတ္ထုအပြောင်းအလဲတွေက မယုံကြည်နိုင်လောက်အောင်ပါဘဲ။ လမ်းတွေ၊ အဆောက်အအုံတွေ၊ စေတီတွေ၊ ဘုရားတွေ၊ အားကစားကွင်းသစ်၊ ဆေးရုံကွင်းသစ်၊ ပြည်သူ့ဈေးကွင်းသစ်၊ အရာအားလုံးဟာ ဇာတိသားကျွန်တော့်အဖို့ မျက်စိလည်သွားပါတယ်။ ပြောရင် ယုံချင်မှယုံပါမယ်။ ကိုယ့်မြို့က ကိုယ့်အပေါင်းအသင်းမိတ်ဆွေတွေဆီ သွားချင်တာတောင်မှ လမ်းပြအဖော်ကလေးတစ်ယောက်ခေါ်ပြီး သွားရတဲ့ အခြေအနေကို ရောက်သွားပါတယ်။ ယခင်ကရှိတဲ့ လမ်းတွေ၊ အဆောက်အအုံတွေက ပျောက်နေပြီ။ ယခုလမ်းသစ်တွေနဲ့ အဆောက်အအုံအသစ်တွေက မျက်စိကိုလှည့်စားထားသလို လူနေအိမ်တွေကလည်း တိုက်ကြီးတာကြီးတွေ ဖြစ်နေတဲ့ အခါ ဘယ်သူဘယ်ဝါရဲ့တိုက်လဲဆိုတာ မြို့ခံမပါဘဲ မသွားတတ်တော့တဲ့ အခြေအနေကို ရောက်သွားတော့တာပါပဲ။

တချို့သူငယ်ချင်းမိတ်ဆွေတွေက တစ်ဆင့်စကား တစ်ဆင့်နားနဲ့ ကျွန်တော် ကန့်ဘလူကို ပြန်ရောက်နေကြောင်း ကြားရလို့ ကျွန်တော့်ဆီလာတွေ့သူတွေလည်း ရှိပါတယ်။ အထူးသဖြင့်တော့ အထက်တန်းကျောင်းသားဘဝက စိတ်တူကိုယ်တူ စာပေအနုပညာကို ရူးသွပ်စွာလေ့လာလိုက်စားခဲ့ကြဖူးတဲ့ စာပေရဲဘော်ရဲဘက်တွေ များပါတယ်။ အဲဒီအထဲကမှ စာပေရဲဘော်မဟုတ်တဲ့ ငယ်သူငယ်ချင်း ဦးဝင်းမောင်ရောက်ရှိလာခြင်းဟာ ဒီဆောင်းပါးကိုရေးဖို့အကြောင်း ဖြစ်ပေါ်လာတာပါပဲ။

ဦးဝင်းမောင်က လယ်ယာနဲ့စိုက်ပျိုးရေးဌာနက ပင်စင်စားစာရေးကြီးပါ။

ကျွန်တော့်ဆီ ရောက်လာရင်း ငယ်သူငယ်ချင်းတွေအကြောင်း သောင်းပြောင်းထွေလာ ပြောကြဆိုကြရင်း-

"ဟာ..သူငယ်ချင်း၊ ဟိုလေ..အရင်က စိုက်ပျိုးရေးမန်နေဂျာလုပ်သွားတဲ့ တို့သူငယ်ချင်း ဦးလှကျော်လေ မင်းမှတ်မိမှာပါ။ အဲဒီလှကျော် လေဖြတ်ပြီး အိပ်ရာထဲမှာလဲနေတာ (၆)နှစ် (၇)နှစ် ရှိနေပြီကွ။ နာတာရှည်ဂိလာနဖြစ်နေတယ်ပေါ့ကွာ။ အဲဒါ မင်း ရောက်တုန်းရောက်ခိုက် သွားပြီးတွေ့လိုက်ကြရအောင်လား။ ငါလည်း သူ့ဆီ မရောက်ဖြစ်တာ (၃၊ ၄)လလောက် ရှိသွားပြီ" လို့ ဆိုလာတာနဲ့ ချက်ချင်းပဲ နှစ်ယောက်သား ထသွားလိုက်ကြပါတယ်။

ကျွန်တော်တို့နှစ်ယောက် သူငယ်ချင်းလှကျော်ရဲ့အိမ်ကို ရောက်သွားတော့ သူ့ဇနီး မသန်းသန်းကြည်က လှိုက်လှဲပျူငှာစွာ ကြိုဆိုဧည့်ခံပါတယ်။ မျှော်လင့်မထားဘဲ ကျွန်တော် ရောက်လာတဲ့အတွက်ကြောင့်လည်း အံ့သြဝမ်းသာဖြစ်နေပုံပါပဲ။ အိပ်ရာထဲ (၆)နှစ်ကျော် (၇)နှစ်လဲနေတဲ့ ခင်ပွန်းသည်ကို နှစ်ရှည်လများပြုစုခဲ့ရတဲ့ ပင်ပန်းနွမ်းနယ်မှုတွေ တဒင်္ဂပျောက်နေပြီး တက်ကြွရွှင်လန်းနေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ရုတ်တရက်တော့ သူငယ်ချင်းလှကျော်က ကျွန်တော့်နာမည်ကို မဖော်နိုင်ပါဘူး။ အတော်ကြာကြာ စဉ်းစားနေပြီးမှ 'မွှောင်မွှောင်'လို့ မပီမသ လေးလေးပင်ပင်ကြီး ခေါ်လိုက်ပါတယ်။ ကျွန်တော်လည်း မျက်ရည်အဝိုင်းသားနဲ့ သူ့ကို ပြေးဖက်ပွေ့ပိုက်လိုက်မိပါတယ်။

သူငယ်ချင်းနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်နေစဉ် ဘေးမှာရှိနေကြတဲ့ သူ့ဇနီး သန်းသန်းကြည်ရော သူငယ်ချင်းဝင်းမောင်ပါ ကျလုလုမျက်ရည်တွေကို လက်ဖမိုးနဲ့ ဆွဲသုတ်နေကြတာကို တွေ့လိုက်ရပါတယ်။

ကျောင်းသားကျောင်းသူတွေဘဝက တစ်ဦးအိမ်တစ်ဦး ကူးလူးဆက်ဆံ သွားလာစားသောက် နေထိုင်ခဲ့ကြတဲ့ ငယ်သူငယ်ချင်း ဇနီးမောင်နှံတွေမို့လည်း ပြောစရာစကားတွေက တစ်ပုံတစ်ပင်ပါပဲ။ ကျွန်တော်နဲ့ သန်းသန်းကြည်၊ ဝင်းမောင်တို့ စကားလက်ဆုံကျနေမှုကို ဘေးက ပီတိမျက်နှာ ပါးစပ်အဟောင်းသားနဲ့ ကျွန်တော့်သူငယ်ချင်း လှကျော်က ခေါင်းညိတ်လိုက်၊ ရယ်လိုက်နဲ့ပေါ့။

အတော်လေးကြာတော့မှ ကျွန်တော်က-

'ဒါနဲ့ နေစမ်းပါဦး၊ ဟို··အိမ်လှေကားရင်းက အပင်က ဘာပင်မို့ အုတ်လိုင်းစီထားရတာလဲ'လို့ ကျွန်တော်က မေးမိပါတယ်။

ဒီအိမ်ဝင်းထဲကို ဝင်ကတည်းက ပတ်ဝန်းကျင်ကို ဝေ့ဝိုက်ကြည့်မိစဉ်က သတိထားလိုက်မိတဲ့မြင်ကွင်းကို သတိတရမေးလိုက်မိခြင်း ဖြစ်ပါတယ်။ ကျွန်တော့်အမေးကို ရယ်ရယ်ရွှန်းရွှန်း ပြန်ဖြေသူကတော့ သန်းသန်းကြည်ပါပဲ။

'ဟား··ဟား··ဟား··ဟား··ကျွန်မလေ ရွှေဆိုင်ဖွင့်တုန်းကပေါ့။ အရောင်းအဝယ်ကောင်းပြီး သူဌေးမကြီးဖြစ်ချင်လို့ ဗေဒင်ဆရာရဲ့လမ်းညွှန်မှုနဲ့ စိုက်ထားတဲ့ အင်ကြင်းပင်ပေါ့။ စိုက်သာစိုက်လိုက်ရတာပါ၊ ဦးမောင့်သူငယ်ချင်း ဒီလိုလေဖြတ်သွားလို့ ရွှေဆိုင်လည်း ဆက်မဖွင့်ဖြစ်တော့ပါဘူး'တဲ့။

သူက ရယ်ရယ်ရွှန်းရွှန်းဖြေလိုက်ပေမယ့် ဗေဒင်ဆရာရဲ့ လမ်းညွှန်မှုနဲ့ အင်ကြင်းပင်ဆိုတာကြောင့် ကျွန်တော့်ရင်မှာတော့ ဆောင့်ဆောင့်အောင့်အောင့်ဖြစ်သွားရပါတယ်။ သန်းသန်းကြည်လို သောကြာသမီး သောကြာနာမည်ကို တနင်္ဂနွေနံ(အင်)နဲ့ တနင်္လာနံ(ကြင်း) နှစ်နံစပ် အင်ကြင်း စိုက်ခိုင်းတာဟာ သာမန်ကြည့်ရင်တော့ မှန်ကန်မှုရှိသလိုလိုပါပဲ။

မြန်မာမှုဗေဒင်ပညာ ဓာတ်ဆင်ဓာတ်ရိုက်ယတြာမှာ ဒီအစီအမံ၊ ဒီလမ်းညွှန်ချက်မျိုး မရှိဘူး မဟုတ်ပါဘူး၊ ရှိပါတယ်။

တနင်္ဂနွေသားသမီးနာမည်ဆိုရင် အင်္ဂါနေ့ မနက် (၁၀)နာရီ (၃၀)မိနစ်မှ မွန်းတည့်(၁၂:၀၀)နာရီအတွင်း စောင်းလျားပင် စိုက်ရမယ်။ စိုက်ပေးသူက သောကြာနံ သားသမီးအမည် ဖြစ်ရမယ်။

တနင်္လာသားသမီးအမည်ဆိုရင် ဗုဒ္ဓဟူးနေ့ နံနက် (၁၀:၃၀)နာရီမှ မွန်းတည့်(၁၂:၀၀)နာရီအတွင်း လက်ပံ စိုက်ရမယ်။ စိုက်ပေးသူက စနေသားသမီးအမည် ဖြစ်ရမယ်။

အင်္ဂါသားသမီးအမည်ဆိုရင် ကြာသပတေးနေ့ နံနက် (၁၀:၃၀)နာရီမှ (၁၂:၀၀)နာရီအတွင်း ဖက်သန်းပင် စိုက်ရမယ်။ စိုက်ပေးသူက တနင်္ဂနွေသားသမီးအမည် ဖြစ်ရမယ်။

ဗုဒ္ဓဟူးသားသမီး အမည်ဆိုရင် သောကြာနေ့နံနက် (၁၀:၃၀)နာရီမှ (၁၂:၀၀)နာရီအတွင်း သနပ်ပင်စိုက်ရမယ်။ စိုက်ပေးသူက တနင်္လာသားသမီးအမည် ဖြစ်ရမယ်။

ကြာသပတေးသားသမီး အမည်ဆိုရင် စနေနေ့ နံနက် (၁၀:၃၀)နာရီမှ (၁၂:၀၀)နာရီအတွင်း ထနောင်းပင် စိုက်ရမယ်။ စိုက်ပေးသူက အင်္ဂါသားသမီးအမည် ဖြစ်ရမယ်။

သောကြာသားသမီး အမည်ဆိုရင် တနင်္ဂနွေနေ့နံနက် (၁၀:၃၀)နာရီမှ (၁၂:၀၀)နာရီအတွင်း အကျော်ပင် စိုက်ရမယ်။ စိုက်ပေးသူက ဗုဒ္ဓဟူးသားသမီးအမည် ဖြစ်ရမယ်။

စနေသားသမီး အမည်ဆိုရင် ကန့်စွန်းပင်စိုက်ရမယ်။ စိုက်ပေးသူက ကြာသပတေးသားသမီးအမည် ဖြစ်ရမယ်··စသဖြင့် ပညာရပ်နည်းဗျူဟာ ရှိတော့ရှိပါတယ်။

ဒါပေမဲ့··

ဒါပေမဲ့ အဲဒီနည်းဗျူဟာကို လှေနံဓားထစ် ပုံသေနည်းအတိုင်း နေ့နံသားတိုင်း၊ အမည်တိုင်း စိုက်ဖို့သင့်၊မသင့်ဆိုတာတော့ လမ်းညွှန်ပြသူ ဆရာတွေအနေနဲ့ တွေးတောဆင်ခြင်သင့်တာပေါ့။ ဗေဒင်မေးသူ၊ ယတြာပြုသူ၊ ဓာတ်ဆင်ဓာတ်ရိုက်ပြုသူတွေဆိုတာက ပညာရပ်ရဲ့ အတိမ်အနက်ကို မသိ လေတော့ ဆရာဖြစ်သူ လမ်းညွှန်စေခိုင်းတဲ့အတိုင်း ပြုလုပ်ဆောင်ရွက်ကြမှာပဲ ဖြစ်ပါတယ်။


အခုကိစ္စကို သုံးသပ်ကြည့်စေချင်ပါတယ်။ သန်းသန်းကြည်ဟာ သောကြာသားသမီးအမည်ဖြစ်တဲ့အတွက် အင်ကြင်းပင်စိုက်ခိုင်းလိုက်တဲ့ကိစ္စ။ အင်ကြင်းပင်စိုက်ပေးသူ



www.burmeseclassic.com

www.burmeseclassic.com


သူက ဗုဒ္ဓဟူးနေ့နံသားအမည်ဖြစ်တဲ့ သူငယ်ချင်းလှကျော် ဖြစ်ခဲ့ပါတယ်။




(နေ့နံအမည်) (စိုက်သည့်နေ့) (စိုက်သည့်အချိန်အခါ)

သန်းသန်းကြည်လို သောကြာသားသမီးအမည်အတွက် ဒီနည်းဗျူဟာ၊ ဒီအဋ္ဌန်းဟာ မှန်ကန်မှုရှိပါတယ်။ နင်းကြမ်းဖြစ်တဲ့ (အင်+ကြင်း)ကို အိမ်ရဲ့လှေကားရင်းမှာ စိုက်ခိုင်းတာ မှန်ပါတယ်။ စိုက်ရမယ့်နေ့ တနင်္ဂနွေနေ့မှာလည်း သန်းသန်းကြည်ရဲ့နေ့နံ သောကြာဟာ ဆပွတ်နေရာမှာ ရောက်ရှိနေတဲ့အတွက် မှန်ကန်မှုရှိပါတယ်။ တစ်ခါ စိုက်ပျိုးတဲ့ အချိန်နာရီရဲ့ နံဂြိုဟ်တနင်္လာချိန်မှာလည်း သန်းသန်းကြည်ရဲ့နေ့နံ သောကြာဟာ ပဥ္စပွတ်လို့ခေါ်တဲ့ နဝင်းမှာ ရောက်ရှိနေတဲ့အတွက် မှန်ကန်မှုရှိပါတယ်။

ဒါပေမဲ့ -




(နာမည်နံ) (နေ့) (အခါ)

အင်ကြင်းပင်ကို ကိုယ်ထိလက်ရောက် စိုက်ပေးခဲ့သူ လှကျော်အဖို့ကျတော့ အင်ကြင်းဆိုတာ ပဥ္စပွတ် နဝင်းတနင်္ဂနွေကနေပြီး ဆပွတ် တနင်္လာဆီကို ဖောက်ထိုးဆင်း ဖိချလိုက်တဲ့ နာမည်ပညတ် ဖြစ်နေစေပါတယ်၊ ဖြစ်သွားစေပါတယ်။ လှကျော်ကို ထိခိုက်ပျက်ပြုန်း ဆုံးရှုံးမှုဖြစ်သွားစေပါတယ်။

ဒါတင်လားဆိုတော့ မကသေးပါဘူး။ အင်ကြင်းပင် စိုက်ပျိုးတဲ့နေ့ တနင်္ဂနွေ အင်္ဂဝိဇ္ဇာတိုင်မှာလည်း လှကျော်လို့ အမည်သညာခေါ်တဲ့ ဗုဒ္ဓဟူးနံဂြိုဟ်ဟာ စတုရန်းခိုနေချိန် ဖြစ်ပါတယ်။ နေ့နံအမည် စတုရန်းခိုနေခြင်းဟာ မကောင်းတဲ့အနိဋ္ဌဖြစ်စဉ်တစ်ခုပါပဲ။

စတုရန်းအောက်ဂြိုဟ်၊ နေပျော်ခိုက၊ ကိုယ့်ကိုစွပ်စွဲ၊ တစ်နည်းကိုယ့်အောက်၊ မဖောက်ဟုတ်ငြား၊ ထိုသူများနှင့်၊ တရားတပေါင်၊ ဖြစ်မည်ရှောင်လော့၊ ထို့ပြင်တစ်ကြောင်း၊ ခြေ(၂)ချောင်းနှင့်၊ (၄)ကြောင်းပြင်ထွက်၊ သတင်းပျက်အံ့··လို့ ပညာရှင်များက ဝိဂြိုဟ်ပြုထားခြင်းခံရတဲ့နေရာပါ။ အနိဋ္ဌပါ။

တစ်ခါ အင်ကြင်းပင်စိုက်ပျိုးတဲ့အခါ တနင်္လာအချိန်ဆိုတာကလည်း လှကျော်လို့အမည်သညာခေါ်ဝေါ်တဲ့ ဗုဒ္ဓဟူးနံဂြိုဟ်ကို တြိရန်းခိုစေတဲ့အချိန် ဖြစ်သွားစေတယ်။ တြိရန်းခိုသွားစေပြီဆိုမှတော့ မကောင်းတဲ့အနိဋ္ဌ ဖြစ်သွားပြီပေါ့။

ဂြိုဟ်တြိရန်း၊ ပျော်စံမြန်းနေ၊ သေကျေပျက်စီး၊ မီးလည်းတစ်ကြောင်း၊ ခြေ(၂)ချောင်းနှင့်၊ (၄)ချောင်းပြင်ထွက်၊ နှိပ်စက်ဝေဒနာ၊ စွဲကပ်လာ၏··လို့ အဆိုရှိသကိုး။

နာတာရှည်ရောဂါ လှကျော်ခံစားရတာ ဘာဆန်းပါတော့မလဲ။ အိမ်ထောင်ဦးစီး လေဖြတ်ပြီး အိပ်ရာထဲ ဗုန်းဗုန်းလဲပြီဆိုတော့လည်း ဇနီးသည်ဖြစ်တဲ့ သန်းသန်းကြည်လည်း အင်ကြင်းပင်က မကယ်နိုင်တော့ပါဘူး။ သူလည်း ခင်ပွန်းသည်အတွက် ကိုယ်ပင်ပန်း စိတ်ပင်ပန်း ဖြစ်ရတော့တာပေါ့။ ရွှေဆိုင်ကြီးဖွင့်ပြီး သူဌေးမကြီးဖြစ်လိုတဲ့ စိတ်ကူးယဉ်နန်းတော်ကြီးလည်း ပြိုကွဲပျက်စီးသွားရပြီပေါ့။

'သန်းသန်းကြည်ရေ·· ညည်းအယုံအကြည်ရှိမယ်ဆိုရင် အဲဒီအိမ်လှေကားရင်းက အင်ကြင်းပင်ကို ခုတ်လှဲပစ်လိုက်တော့။ အဲဒီအင်ကြင်းပင်က ငါ့သူငယ်ချင်း ဒီလိုဖြစ်သွားစေဖို့ အကြောင်းပေါင်းမြောက်မြားစွာထဲက အချက်တစ်ခုဖြစ်နေတယ်။ ညည်းအတွက်လည်း ဘာမှအကျိုးပြုမှာမဟုတ်တဲ့အတူတူ ခုတ်လှဲပစ်လိုက်တာသာ အကောင်းဆုံးပဲ' ဆိုပြီး ဗေဒင်အယူအဆ သဘောတရားတွေကို ပြောပြ၊ ရှင်းပြရပါတော့တယ်။

ဒီတော့လည်း မျက်နှာအိုအိုလေးနဲ့ သန်းသန်းကြည်က 'ဦးမောင်ရယ်··အစောကသိရင် ဒီသစ်ပင် စိုက်ခဲ့ပါ

www.burmeseclassic.com

www.burmeseclassic.com

ဘူး'တဲ့ ပြောလာရှာတယ်။

ကျွန်တော့်သူငယ်ချင်း လှကျော်ကတော့ စကားကို သွက်သွက်လက်လက် ပီပီသသ မပြောရှာနိုင်သူပီပီ ခေါင်းတညိတ်ညိတ် နောင်တပြယုဂ်နဲ့ ကျွန်တော့်ကို ကြေကွဲမှု မျက်နှာနဲ့ ကြည့်နေရှာပါတယ်။

ဝင်းမောင်ကတော့ 'အေးကွာ၊ အစောကတည်းကသာ သိခဲ့ကြရင်'လို့ ဆို့ဆို့နင့်နင့်ဝင်ပြောလာပါတယ်။

ဖြစ်စဉ်က လွန်ခဲ့ပြီလေ။

သစ်ပင်လေးတစ်ပင်၊ သစ်ခက်လေးတစ်ခက်၊ သစ်ရွက်လေးတစ်ညွှန့်ရဲ့ ဓာတ်ထိပုံကို ကိုယ်တွေ့မကြုံဖူးသူတွေအနေနဲ့ကတော့ ယုံချင်မှ ယုံကြလိမ့်မပေါ့။ လူပေါင်းမြောက်မြားစွာ၊ အတွေ့အကြုံပေါင်းမြောက်မြားစွာကို ထိတွေ့နေရတဲ့ ကျွန်တော့်အဖို့ကတော့ ဓာတ်ထိ သစ်ပင်၊ သစ်ရွက်၊ သစ်ညွှန့်တွေကို အရမ်း,အရမ်း မညွှန်းရဲပါဘူး။ ကျွန်တော်တို့ လက်လှမ်းမမီသေးတဲ့ ဓာတ်ထိသစ်ပင်တွေ၊ ဓာတ်ထိ သစ်ရွက်တွေ၊ ဓာတ်ထိသစ်ညွှန့်တွေ မြောက်မြားစွာရှိနေပါသေးတယ်။ အချို့,အချို့သော သစ်ပင်၊ သစ်ရွက်၊ သစ်ခက်၊ သစ်ညွှန့်တွေဟာ နံ့တူပေမယ့် ဓာတ်မတူတာတွေ မြောက်မြားစွာရှိနေကြပါတယ်။ နံ့တူပေမယ့် အနိဋ္ဌအကျိုးပေးနဲ့ ဣဋ္ဌအကျိုးပေးဆိုပြီး ကွဲပြားခြားနားပါသေးတယ်။

ဥပမာအားဖြင့် တနင်္လာနံ့ဖြစ်တဲ့ ကညွတ်ဟာ ဣဋ္ဌအကျိုးကို ပေးစေတတ်ပေမယ့် နံ့တူတနင်္လာဖြစ်တဲ့ ကနစိုကျတော့ အနိဋ္ဌအကျိုးကို ပေးစေတတ်ပါတယ်။ ဒီလိုပါပဲ တနင်္လာနံ့ ကြက်ဆူဟာ ဣဋ္ဌကောင်းကျိုးကိုဖြစ်စေပေမယ့် နောက်တနင်္လာနံ့ နံ့တူဖြစ်တဲ့ ခရမ်းကစော့ကျတော့ အနိဋ္ဌ မကောင်းကျိုးကို ဖြစ်စေပါတယ်။ နံ့တူပြီး အကျိုးမတူတာတွေ အများဆို အများကြီးရှိပါတယ်။ သတိရှိဖို့ပါ။ ကြောက်စရာကောင်းပါတယ်။

ဣဋ္ဌလိုရင် ဣဋ္ဌကို သုံးကြရမှာဖြစ်သလို အနိဋ္ဌသုံးမိရင် ဣဋ္ဌဖြစ်မလာဘဲ ဆိုးကျိုးအနိဋ္ဌ ဖြစ်သွားစေပါတယ်။ တစ်ချိန်က ဣဋ္ဌဖြစ်တဲ့ ကြက်ဆူကို မလိုအပ်ဘဲ အနိဋ္ဌကိစ္စမှာ သုံးခဲ့လို့ တစ်တိုင်းတစ်ပြည်လုံး ဒုက္ခရောက်ခဲ့ကြရတာ အထင်အရှားသက်သေသာဓကဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

**ပညာရှင်အပေါင်းကို မညောင်းသောဂါရဝဖြင့်**

**မင်းနေထွန်း(ကန့်ဘလူ)**


**နေရာသစ်၊ လိ**



# လက္ခဏာဆရာကြီး

မူလ **ဆရာနေရောင်(ညေဝတီ)**

**(လက္ခဏာ၊ ဗေဒင်၊ ဓာတ်ရိုက်ဓာတ်ဆင်၊ ယတြာ၊ ဂမ္ဘီရပညာ)**

**(တနင်္ဂနွေနေ့မှအပ နေ့စဉ် နံနက် ၁၀:၀၀ နာရီမှ ညနေ ၅:၀၀ နာရီအထိ)**

အမှတ်-၇၁(B) (မြေညီထပ်)၊ စိတ္တသုခလမ်း(အောက်လမ်း)၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ (ကျောက်မြောင်းဈေးမှတ်တိုင် ဆင်းပါ)

**ဖုန်း - ၀၉ ၄၂၀ ၇၁၈၁၃၀**




www.burmeseclassic.com

www.burmeseclassic.com

ကိုကိုမောင်(အင်းလေး)

# အကြောင်းနဲ့ အကျိုး အကောင်းနဲ့ အဆိုး

အနော်ရထာလမ်းတစ်လျှောက် အနောက်မှအရှေ့သို့ လျှောက်လာရာမှ ဂမ္ဘီရမဂ္ဂဇင်းတိုက်သို့ စာမူဝင်ပို့ရန်ရှိသဖြင့် (၃၃)လမ်းအရောက်တွင် ဘယ်ဘက်သို့ချိုးပြီး (၃၃)လမ်းအတွင်း ဝင်လိုက်သည်။ လက်မှနာရီကို ကြည့်လိုက်တော့ နာရီလက်တံများက နံနက်(၉)နာရီတိတိကို ညွှန်ပြနေကြသည်။ မဂ္ဂဇင်းတိုက်မဖွင့်လောက်သေးဟု တွေးမိသဖြင့် အနီးအနားတွင် အသင့်တွေ့ရှိရသည့် လက်ဖက်ရည်ဆိုင်တစ်ဆိုင်အတွင်း ဝင်ထိုင်လိုက်သည်။ ပေါ့ဆိမ့်လက်ဖက်ရည်တစ်ခွက် လှမ်းမှာလိုက်ပြီး ပေးပို့ရန်အသင့်ဖြစ်နေသည့်စာမူကို တစ်ခေါက်ပြန်ဖတ်ကြည့်နေသည်။

ထိုစဉ် အစ်ကိုဟု တရင်းတနှီးခေါ်လိုက်သံကြောင့် မော့ကြည့်လိုက်ရာ နယ်မှ ရင်းနှီးသော စာပေညီငယ်တစ်ဦးဖြစ်နေသဖြင့် -

'ဟော..ညီလေး၊ တစ်ယောက်တည်းလား။ စကားပြောဖော်မရှိတာနဲ့ အတော်ပဲ။ လာ..ထိုင်ဦး။ ရန်ကုန်ကို ဘယ်တုန်းက ရောက်တာလဲ။ ချိန်းထားရင်တောင် လွဲချင်လွဲနေဦးမှာ'

'အခုလေးတင်ရောက်တာအစ်ကို၊ အိမ်ဆိုင်အတွက် လိုအပ်တဲ့ပစ္စည်းလေးတွေ လာဝယ်တာ။ ဂမ္ဘီရမဂ္ဂဇင်းအတွက် စာမူပေးဖို့ရှိတာနဲ့ ဒီဘက်ကို လှည့်ဝင်လာရင်း အစ်ကို့ကိုမြင်လိုက်လို့ ဝင်လာခဲ့တာ။ အစ်ကိုရော ဘယ်တုန်းက ရောက်တာလဲ'

'ညီလေးနဲ့ ရှေ့ဆင့်နောက်ဆင့်ပါပဲ။ ရုံးကိစ္စနဲ့လာရင်း ဂမ္ဘီရတိုက်ကို စာမူပေးဖို့ဝင်လာတာ။ စောသေးတယ်ထင်တာနဲ့ ဒီမှာဝင်ပြီး အချိန်ဖြုန်းနေတာ။ ကဲ..ကဲ..တစ်ခုခုမှာလိုက်ဦး'

'ဟုတ်ကဲ့အစ်ကို၊ ဟော့..ညီလေး၊ ရှုပါတစ်ခွက်ကွာ။ နို့စိမ်းပေါက်မယ်နော်'

မိတ်ဆွေဖြစ်သူက စားပွဲထိုးကောင်လေးကို ကော်ဖီမစ်လှမ်းမှာလိုက်ပြီးမှ -

'တစ်နေ့က နေပြည်တော်တိုင်းဂျာနယ်မှာ အစ်ကိုတို့ရဲ့ ပီမိုးနင်းအထိမ်းအမှတ် စာပေပြိုင်ပွဲနဲ့ ဆုချီးမြှင့်ပွဲအခမ်းအနားသတင်း ဖတ်လိုက်ရတယ်'

'ဟုတ်တယ် ညီလေး၊ စာဆိုတော်နေ့အထိမ်းအမှတ်လေ။ ရည်ရွယ်ချက်က စာပေမျိုးဆက်သစ် ပေါ်ထွန်းရေးပေါ့။ အစ်ကိုတို့ ကံကောင်းတယ်ဆိုရမယ်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးကိုယ်တိုင်က စာရေးဆရာဖြစ်နေတယ်လေ။ သူ့ရဲ့ကူညီပံ့ပိုးမှုကြောင့် အခမ်းအနားလည်း တင့်တင့်တယ်တယ် ကျင်းပနိုင်ခဲ့ပြီး ဆုရဝါသနာရှင်တွေကိုလည်း ထိုက်ထိုက်တန်တန် ဆုချီးမြှင့်နိုင်ခဲ့တယ်။ ညီလေးတို့မြို့နယ်ရော အခြေအနေကောင်းလား'

'မပြေပါဘူး အစ်ကိုရာ။ နဂိုကမှ လူအင်အား၊ ငွေအင်အား မတောင့်တင်းရတဲ့အထဲ အချင်းချင်းစည်းလုံးညီညွတ်မှု မရှိကြဘူး။ ပိုဆိုးတာက အပြုသဘောနဲ့ မမြင်တတ်ကြတာ။ ကိုယ်က အဖွဲ့ရဲ့ တိုးတက်ရာတိုးတက်ကြောင်း၊ ကောင်းရာကောင်းကြောင်း ဘယ်လောက်ပဲလုပ်လုပ် အကောင်းမမြင်မှတော့ အကောင်းထင်မခံရတော့ဘူးပေါ့ အစ်ကိုရာ။ အထူးသဖြင့် ကျွန်တော့်အပေါ် အမြင်မကြည်တာ။ ဒီအတိုင်းဆက်သွားနေရင် ရေရှည်ရပ်တည်ဖို့တောင် လွယ်ပါ့မလားလို့ တွေးမိတယ်'

'အစ်ကိုတို့၊ ညီလေးတို့ စာရေးဖြစ်ကြတာ ဝါသနာနဲ့စေတနာအရင်းခံနဲ့ ရေးကြတာပါ။ အခုလို စာရေးဆရာအသင်းဆိုပြီး ဖွဲ့စည်းကြတာကလည်း အချင်းချင်း ကူညီရိုင်းပင်းနိုင်ဖို့၊ ဝါသနာရှင် မျိုးဆက်သစ်တွေကို ပြုစုပျိုးထောင်ပေးဖို့ရည်ရွယ်ပြီး ဖွဲ့စည်းခဲ့ကြတာပါ။ မူလရည်ရွယ်ချက်လေး ပျောက်ပျက်မသွားဖို့တော့ လိုတာပေါ့ ညီလေးရာ။ စာရေးဆရာတစ်ယောက် ဖြစ်လာဖို့တောင် မလွယ်တာ၊ စာရေးဆရာတွေ အများကြီးနဲ့ ဖွဲ့စည်းရတဲ့ စာရေးဆရာအသင်းကြီးတစ်ခု ပေါ်ပေါက်လာဖို့ဆိုတာ ဘယ်လောက်ထိ ခက်လိမ့်မလဲ။ ညီလေးတွေးကြည့်လိုက်။ အချိန်တွေ၊ ကြိုးစားအားထုတ်မှုတွေ အများကြီးပေးဆပ်ပြီးမှ စာရေးဆရာအသင်းရယ်လို့ ဖြစ်လာရတာ။ ဒါကြောင့်အစ်ကို့



www.burmeseclassic.com

www.burmeseclassic.com

သဘောကတော့ ကိုယ်ရရှိပိုင်ဆိုင်ထားပြီးဖြစ်တဲ့ စာရေးဆရာဘဝ၊ ဖွဲ့စည်းတည်ဆောက်ထားပြီးဖြစ်တဲ့ စာရေးဆရာအသင်းကို လွယ်လွယ်နဲ့တော့ အပျက်မခံစေချင်ဘူး ညီလေး။ လောကရဲ့သဘာဝကလည်း ဖြစ်ဖို့သာခက်တာ ပျက်ဖို့အရမ်းလွယ်တာ။ ရှိပြီးသားအခြေအနေလေးကို ဆက်ထိန်းပြီး ကိုယ့်ရဲ့ တိုးတက်ရာတိုးတက်ကြောင်း၊ အသင်းရဲ့ တိုးတက်ရာတိုးတက်ကြောင်းကိုပဲ လုပ်ဆောင်စေချင်တယ်'

'အစ်ကို အခုရှင်းပြတဲ့ သဘောထားတွေ၊ ခံယူချက်တွေကို ကျွန်တော်လက်ခံပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ဒီလိုသဘောထားမျိုးရှိပါတယ်။ ဒါကြောင့်လည်း အသင်းရဲ့ တိုးတက်ရာတိုးတက်ကြောင်းတွေကို ကိုယ်စွမ်း၊ ဉာဏ်စွမ်း ရှိသလောက် ကြိုးစားဆောင်ရွက်နေတာပါ။ ဒါပေမဲ့ ကျွန်တော့်အပေါ် အမြင်မရှင်းကြတော့ ကျွန်တော်လုပ်သမျှကိုလည်း အကောင်းမမြင်နိုင်ကြတော့ဘူးပေါ့။ အထူးသဖြင့် ဒီနှစ်ထဲမှာ အဆင်မပြေမှုတွေ ပိုပြီးတွေ့ကြုံနေရတယ်။ ကျွန်တော့်နေရာမှာ အစ်ကိုသာဆိုရင် ဗေဒင်အင်္ဂဝိဇ္ဇာ အသိပညာပေးဆောင်းပါး ကောင်းကောင်းတစ်ပုဒ်တောင် ရနိုင်လောက်တယ်'

'ညီလေး အခု အသက်ဘယ်လောက်ထဲမှာလဲ။ ဘယ်နှစ်ခုနှစ်ဖွားမွေးတာလဲ'

'(၁၃၃၆)ခုနှစ်၊ သီတင်းကျွတ်လ အစ်ကို။ အခု နတ်တော်လထဲမှာဆိုတော့ (၃၈)နှစ်ပြည့်ပြီးသွားလို့ (၃၉)နှစ်ထဲရောက်လာပြီပေါ့။ ကျွန်တော့်မွေးနေ့က တနင်္လာပါ'

'ဩော်··ဘုမ္မိလေးသက်ရောက်ကာလနဲ့ ကြုံနေတဲ့အပြင် သက်ရောက်ဂြိုဟ်ကလည်း ညီလေးရဲ့မွေးနံဂြိုဟ်နဲ့ဆို အတွင်းရန်ဘက်ကျနေတာကို။ ဒါကြောင့် ဒီနှစ်ထဲမှာ အဆင်မပြေမှုတွေ များနေတာဖြစ်မယ်'

'ဘုမ္မိဂြိုဟ်ဆိုတာ မကောင်းတဲ့ဂြိုဟ်လို့ကြားဖူးတယ်။ အစ်ကို အသေအချာတော့မသိဘူး'

'ဟုတ်တယ် ညီလေး။ ဘုမ္မိဂြိုဟ်ရဲ့သဘောက မကောင်းတဲ့ အကျိုးတရားတွေ ဖြစ်ပေါ်လာအောင် အားပေးလေ့ရှိတယ်။ ဒါကြောင့် ဘုမ္မိကြုံတဲ့ကာလမှာ ကံဇာတာနိမ့်ကျနေတတ်တယ်။ ကျန်းမာရေးညံ့မယ်။ စီးပွားရေးတို့၊ အလုပ်အကိုင်တို့ အဆင်မပြေဖြစ်မယ်။ အိမ်တွင်းရေးကိစ္စတွေ၊ မိတ်ဆွေအပေါင်းအသင်းနဲ့ ပေါင်းသင်းဆက်ဆံတဲ့ကိစ္စတွေမှာ အဆင်မပြေဖြစ်မယ်။ အမှုအခင်းတွေ၊ အရှုပ်အရှင်းတွေ တွေ့ကြုံရမယ် စသည်ဖြင့် မကောင်းတဲ့အနိဋ္ဌာရုံတွေပေါ့ ညီလေးရယ်။ ဒီကာလမှာ အများဆုံးကြုံတွေ့ရတတ်တယ်'

'ဟုတ်ကဲ့ အစ်ကို။ ဆက်ပြီးရှင်းပြပေးပါဦး'

'ဘုမ္မိမှာ ဘုမ္မိ၊ ဘုမ္မိလေး၊ ဘုမ္မိနှစ်ထပ်၊ ဘုမ္မိကြီး ဆိုပြီး အတန်းအစား(၄)မျိုးခွဲထားတယ်။ အဆိုးဆုံးကာလကတော့ ဘုမ္မိကြီးကိုဖြတ်သန်းရတဲ့ကာလပေါ့။ အခု ညီလေး တွေ့ကြုံနေရတဲ့ ဘုမ္မိလေးဆိုတာက ဆိုးကျိုးပြုတဲ့နေရာမှာ တတိယအဆင့်ရှိတဲ့ ဘုမ္မိအမျိုးအစားပေါ့။ ရာနှုန်းပြည့်နဲ့ပြောရင် (၅၀)ရာခိုင်နှုန်းဆိုးကျိုးပြုနိုင်စွမ်းရှိတဲ့ဂြိုဟ်လို့ ပြောရမယ်ထင်တယ်။ အခု ညီလေးတွေ့ကြုံနေရတာတွေကို အစ်ကိုလေ့လာထားတဲ့ ဗေဒင်အင်္ဂဝိဇ္ဇာအမြင်တွေနဲ့ယှဉ်ပြီး သုံးသပ်ပြမယ်။ ဒီမှာကြည့် ညီလေး'

စာရေးသူက လက်ဆွဲအိတ်အတွင်းမှ စာရွက်နှင့် ဘောပင်ကိုထုတ်ယူကာ မူလမဟာဘုတ်၊ ကောဇာမဟာဘုတ်နှင့်

၇ ) ၁၃၃၆ ( ၁၉၀
၇
၆၃
၆၃
၀၆
၀
၆

| | | |
|---|---|---|
| | ၃ | |
| ၅ | ၁ | ၄ |
| ၂ | ၆ | ၀ |
| | ဘင်္ဂ | |

(မူလမဟာဘုတ်)

BURMESE CLASSIC .com

၇ ) ၁၃၇၄ ( ၁၉၆
၇
၆၇
၆၃
၄၄
၄၂
၂

| | | |
|---|---|---|
| | ၆ | |
| ၁ | ၄ | ၄ |
| ၅ | ၂ | ၃ |
| မရဏ | ဘင်္ဂ | |

(မွေးနံ)

(ကောဇာမဟာဘုတ်)


၈ ) ၃၉ ( ၄ ရောက်ဆဲအသက်
၃၂
၇ ကြွင်း

၂ - ၆ = သောက(အတွင်းရန်)



www.burmeseclassic.com

www.burmeseclassic.com




**တနင်္လာသား၊ အသက်(၃၉)နှစ်တွင်**
**သောကြာဂြိုဟ်ခွင်၌ ဘုမ္မိကျရောက်နေပုံ**

သက်ရောက်ဂြိုဟ်ခွင်ပုံစံများကို ချရေးလိုက်ပြီးမှ ဆက်ရှင်းပြသည်။

'အခု အစ်ကိုရေးပြထားတဲ့ ဂြိုဟ်ခွင်တွေကိုကြည့်ပြီး မဟာဘုတ်နည်းအရ သုံးသပ်ရင် အခု ညီလေးက အသက်(၃၉)နှစ်ထဲမှာရှိတော့ ဂြိုဟ်စားအရကြည့်ရင် ဗုဒ္ဓဟူးဂြိုဟ်စားတယ်။ ဗုဒ္ဓဟူးဂြိုဟ်ဟာ ညီလေးရဲ့မူလမဟာဘုတ်မှာ ရာဇဂြိုဟ်ခွင်မှာ ရပ်တည်နေပြီး ကောဇာမဟာဘုတ်မှာလည်း သိုက်ဂြိုဟ်ခွင်မှာ ရပ်တည်နေတာတွေ့မယ်။ ဒါ့အပြင် မွေးနံ့တနင်္လာဂြိုဟ်နဲ့ ဂြိုဟ်စားကျရောက်တဲ့ ဗုဒ္ဓဟူးဂြိုဟ်ကလည်း ကု-လား(၂-၄)နံတွဲအရ အပြင်မိတ်ဖြစ်နေပြန်တယ်။ ဒါကြောင့် ဂြိုဟ်စားအရကြည့်ရင်တော့ မညံ့ဘူး၊ ကောင်းတယ်လို့ ဆိုနိုင်တယ်'

'အစ်ကို စောစောကပြောတဲ့ ဘုမ္မိလေးဆိုတာကရော'

'အဲဒါက သက်ရောက်ဂြိုဟ်အနေအထားအရပြောတာ၊ အစ်ကိုရေးပြထားတဲ့ သက်ရောက်ဂြိုဟ်အနေအထားပြပုံကို ကြည့်လိုက်။ ကိုယ့်ရဲ့မွေးနံ့ကစပြီး လက်ယာရစ်ရေတွက်လို့ (၇)ခွင်မြောက်မှာ သက်ရောက်နေရင် အဲဒါကို ဘုမ္မိလေးကျတယ်လို့ သတ်မှတ်ထားတယ်။ ဘုမ္မိလေးရဲ့ သဘောက အစ်ကိုစောစောကပြောတဲ့အတိုင်း ဆိုးကျိုးကို အားပေးတဲ့နေရာမှာ တတိယအဆင့်ရှိတယ်။ ပြီးတော့ မွေးနံ့ဂြိုဟ် တနင်္လာနဲ့ သက်ရောက်ဂြိုဟ် သောကြာဟာ (၆-၂)နံတွဲအရ သော-က ဆိုတဲ့ အတွင်းရန်ဘက်ဖြစ်နေတယ်။ ညီလေးရဲ့ မူလမဟာဘုတ်အရကြည့်ရင် မွေးနံ့ဂြိုဟ်က မရဏခွင်မှာ ရပ်တည်နေပြီး သက်ရောက်ဂြိုဟ်က ဘင်္ဂဂြိုဟ်ခွင်မှာ ရပ်တည်နေတယ်။ ကောဇာမဟာဘုတ်မှာကျတော့ သက်ရောက်ဂြိုဟ်က အဓိပတိဂြိုဟ်ခွင်မှာရောက်နေလို့ အခြေအနေကောင်းပေမယ့် ညီလေးရဲ့မွေးနံ့ဂြိုဟ်က ဘင်္ဂဂြိုဟ်ခွင်မှာ ရောက်နေတဲ့အတွက် ဒီနှစ်ထဲမှာ သက်ရောက်ဂြိုဟ်အရကြည့်ရင် ကံမကောင်းတဲ့နှစ်လို့ပဲ ကောက်ချက်ချရလိမ့်မယ်'

'သဘောပေါက်ပြီ အစ်ကို။ ဘုမ္မိလေးရဲ့သတ္တိအရ ဒီနှစ်ထဲမှာ ကျွန်တော်ဘာလုပ်လုပ် အဆင်မပြေတာ ဖြစ်နေတာပေါ့နော်။ ဒီကာလကို ဘယ်တော့မှ လွန်မြောက်နိုင်မှာလဲ အစ်ကို'


'သက်ရောက်ကာလက တစ်နှစ်ပါပဲ ညီလေး။ ဒါကြောင့် မွေးလကျော်လွန်လို့ ညီလေးအသက်(၄၀)နှစ်ထဲရောက်တာနဲ့ ဘုမ္မိလေးကနေ လွတ်သွားလိမ့်မယ်'

'တစ်နှစ်တည်းဆိုတော့ တော်သေးတာပေါ့ အစ်ကိုရယ်။ ဒါတောင် (၃၉)နှစ်က ခုမှစတာဆိုတော့ (၁၀)လလောက်တောင် ခံစားရဦးမယ်'

'အစ်ကို အခုရှင်းပြနေတာ မဟာဘုတ်ခွင်နဲ့ သက်ရောက်ဆက်စပ်ပုံအရ ရှင်းပြနေတာ။ သက်ရောက်ကို ထပ်ပြီး အသေးစိတ်ထားတဲ့ သုံးတန်ပေါ်နိစ်နည်းဆိုတာ ရှိသေးတယ်။ အဲဒီနည်းအရလည်း ညီလေးရဲ့အခြေအနေကို ဆက်ပြီးသုံးသပ်ပြမယ်။ ဒီမှာကြည့် ညီလေး'

စာရေးသူက အာခြောက်သွားသဖြင့် လက်ဖက်ရည်လက်ကျန်လေးကို မော့သောက်လိုက်ပြီး ခံတွင်းရှင်းသည့်အနေဖြင့် ရေနွေးကြမ်းနှစ်ငုံ၊ သုံးငုံမျှသောက်ကာ စာရွက်လွတ်ပေါ်တွင် သုံးတန်ပေါ်နိစ်တိုင်(၃)တိုင်ကို ချရေးလိုက်သည်။

ဒီပုံမှာကြည့်ရင် နံတိုင်မှာ ညီလေးရဲ့မွေးနံ့ဟာ အညံ့နေရာဖြစ်တဲ့ တန်းကပ်နေရာမှာ ရပ်တည်နေပြီး သူ့ကို အထောက်အပံ့ပြုမယ့် ရံတိုင်က ကြာသပတေးဂြိုဟ်က






www.burmeseclassic.com

www.burmeseclassic.com

| | | | | |
|---|---|---|---|---|
| | ၅ | ၁ | ၁ | |
| | ၄ | ၀ | ၄ | |
| | ၃ | ၆ | ၀ | |
| တန်းကပ် | ၂ ←→ | ၅ | ၃ | |
| | ၁ | ၄ | ၆ | |
| | ၀ | ၃ | ၂ | |
| | ၆ | ၂ | ၅ | ကိန္ဒ |
| | နံတိုင် | ရံတိုင် | ဓေယျတိုင် | |

လည်း ခေ-မာ(၂-၅)ဆိုတဲ့ အပြင်ရန်ဖြစ်နေတဲ့အပြင် ဓေယျတိုင်ရဲ့ ကိန္ဒဂြိုဟ်လည်း ဖြစ်နေပြန်တယ်။ ဒါကြောင့် ဒီနှစ်ထဲမှာ ညီလေး ဘာပဲပြောပြော၊ ဘာကိုပဲလုပ်လုပ် အကောင်းမြင်မခံရဘဲ ပြောသမျှ၊ ပြုသမျှတွေဟာ ပြဿနာ ဘက်ကို ဦးတည်ပြီး စိတ်ဆင်းရဲစရာ၊ အချင်းချင်းမျက်နှာ ပျက်စရာတွေ ဖြစ်ခဲ့ရတာ။ အခု ဒီအခြေအနေတွေကို သိထားပြီဆိုတော့ အခုချိန်ကစပြီး မွေးလကျော်လွန်တဲ့အထိ အနေအထိုင်၊ အသွားအလာ၊ အပြုအမူ၊ အပြောအဆို အစစ အရာရာမှာ သတိနဲ့ယှဉ်ပြီး ပြောဆိုလုပ်ကိုင်ပေါ့ ညီလေးရာ'

'ဘယ်လိုပြုမူနေထိုင်သင့်တယ်၊ ဘယ်အချက်တွေမှာ ပိုပြီးသတိထားရမယ်ဆိုတာ ညီလေးကို အကြံဉာဏ်ပေးပါဦး အစ်ကို'

လက်မှနာရီကို ဒုတိယအကြိမ် မြှောက်ကြည့်လိုက်သည်။ အချိန်ရသေးသဖြင့် စာရွက်ပေါ်တွင် အင်္ဂဝိဇ္ဇာအခါ တိုင်တစ်ခုကို ချရေးလိုက်ပြီး ဌာနတစ်ခုစီ၏သဘာဝ၊ ဂြိုဟ်တို့၏ပရိယာယ်နှင့် အချင်းချင်းဆက်နွှယ်ပတ်သက်ပုံတို့ကိုပါ အကျဉ်းချုပ်ရေးပြလိုက်ပြီးမှ-

| | | |
|---|---|---|
| နဝင်း | ၆ | သောကြာဂြိုဟ် |
| စီးပွား | ၃ | အင်္ဂါဂြိုဟ် |
| စုတ် | ၀ | စနေဂြိုဟ် |
| မူလ | ၂ | တနင်္လာဂြိုဟ် |
| နာ | ၅ | ကြာသပတေးဂြိုဟ် |
| ခိုက် | ၁ | တနင်္ဂနွေဂြိုဟ် |
| ပျက် | ၄ | ဗုဒ္ဓဟူးဂြိုဟ် |

မွေးနံကို အခြေခံထားသည့် အင်္ဂဝိဇ္ဇာတိုင်တစ်ခုတွင် ဌာနအလိုက်ဂြိုဟ်များ ရပ်တည်နေမှုနှင့် အချင်းချင်းဆက်သွယ်မှု တနင်္လာသားအတွက် နမူနာပြရေးဆွဲထားခြင်းဖြစ်ပါသည်။

__ဌာနတစ်ခုစီ၏သဘောသဘာဝ__

နဝင်းဌာန-အောင်မြင်ခြင်း၊ ပြည့်စုံခြင်း၊ လွတ်မြောက်ခြင်း၊
စီးပွားဌာန-တိုးပွားခြင်း၊
စုတ်ဌာန-အိမ်ထောင်ရေး၊ အချစ်ရေး၊
မူလဌာန-မွေးနံ၊
နာဌာန-ဆုံးရှုံးနစ်နာမှု၊ ခံစားရမှု၊
ခိုက်ဌာန-အကျဉ်းအကျပ်၊ အခက်အခဲ၊
ပျက်ဌာန-မတည်ငြိမ်ခြင်း၊ ဖြစ်ပျက်ပြောင်းလဲခြင်း။

__ဂြိုဟ်တို့၏ သဘောသဘာဝများ__

တနင်္ဂနွေဂြိုဟ်-အိမ်ထောင်၊ အုပ်စု၊ အိုးအိမ်၊ အလုပ်အကိုင်၊
တနင်္လာဂြိုဟ်-ငွေကြေး၊ အကြွား၊ ဟန်ဆောင်မှု၊
အင်္ဂါဂြိုဟ်-စိတ်၊ စိတ်လှုပ်ရှားမှု၊
ဗုဒ္ဓဟူးဂြိုဟ်-လူ၊ လူမှုရေးကိစ္စ၊
ကြာသပတေးဂြိုဟ်-ပညာ၊ အတွေးအခေါ်၊
သောကြာဂြိုဟ်-ခရီး၊ စကား၊ လှုပ်ရှားမှု၊
စနေဂြိုဟ်-ထင်ပေါ်မှု၊ လောဘ၊ စပ်စုမှု။

'အစ်ကို··အခုရေးပြထားတာတွေကို လေ့လာကြည့်ရင် မွေးနံကိုအခြေခံထားပြီး ရရှိလာတဲ့ အင်္ဂဝိဇ္ဇာတိုင်တစ်ခုမှာ နေရာဌာနသတ်မှတ်ချက်၊ ဒီနေရာဌာနတစ်ခုစီရဲ့ ဂုဏ်သတ္တိ၊ နေရာဌာနအသီးသီးမှာ ရပ်တည်နေတဲ့ ဂြိုဟ်တစ်ခုချင်းရဲ့ သဘာဝနဲ့ ဂြိုဟ်တစ်ခုနဲ့တစ်ခု ဆက်နွှယ်ပုံတွေကို တွေ့ရမယ်။ အခုရေးပြထားတဲ့ အင်္ဂဝိဇ္ဇာတိုင်ဟာ ညီလေးအပါအဝင် တနင်္လာသားအားလုံးနဲ့ သက်ဆိုင်တယ်။ ဒီ သဘောသဘာဝ၊ အယူအဆတွေဟာ ညီလေးရဲ့ ဘဝတစ်လျှောက်လုံးကို စိုးမိုးထားတဲ့အချက်တွေပဲ။ ဒါကြောင့် တစ်သက်တာ လိုက်နာဆောင်ရွက်သင့်တဲ့ အချက်တွေပဲ ညီလေး'

'ဟုတ်ကဲ့ အစ်ကို၊ အစ်ကိုပေးမယ့်အကြံအတိုင်း ညီလေး လိုက်နာဆောင်ရွက်ပါ့မယ်'

'ဒီအင်္ဂဝိဇ္ဇာတိုင်မှာကြည့်ရင် အောင်မြင်မှု၊ ပြည့်စုံမှု၊ လွတ်မြောက်မှုကိုပေးမယ့် နဝင်းဌာနမှာ စကားအပြောအဆိုနဲ့ လှုပ်ရှားသွားလာမှု ကိုယ်စားပြုတဲ့ သောကြာဂြိုဟ်ရပ်တည်နေတာ တွေ့ရမယ်။ ပုံမှာ နဝင်းဌာနနဲ့ ခိုက်ဌာနကို မြားထိုးပြီးဆက်သွယ်မှုပြထားတဲ့သဘောက နဝင်းပျက်ရင် ခိုက်ဌာနကို ထိခိုက်မှုရှိမယ့်သဘောကို ပြထားတာ။ ခိုက်နေရာမှာ ရပ်တည်နေတာက အိမ်ထောင်၊ အုပ်စု၊ အိုးအိမ်နဲ့ အလုပ်အကိုင်ကို ကိုယ်စားပြုတဲ့ တနင်္ဂနွေဂြိုဟ် ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com

ညီလေးဘဝမှာ ကိုယ့်ရဲ့အောင်မြင်မှု၊ ကိုယ့်ဘဝရဲ့ ပြီးပြည့်စုံမှုအတွက် ကြိုးပမ်းဆောင်ရွက်တဲ့အခါ ဖြစ်ဖြစ်၊ ကိုယ်ကြုံတွေ့နေရတဲ့ အခက်အခဲအခြေအနေက လွတ်မြောက်မှုရအောင် ရုန်းကန်တဲ့နေရာမှာဖြစ်ဖြစ် နည်းမှန်လမ်းမှန် ဆောင်ရွက်တတ်ဖို့ လိုအပ်တယ်။ အဲဒီမှာ အမှားအယွင်းဖြစ်ခဲ့ရင်၊ တစ်နည်းအားဖြင့် နဝင်းပျက်ခဲ့ရင်ပေါ့။ ကိုယ်နဲ့ဆက်စပ်လုပ်ဆောင်ရတဲ့ အိမ်တွင်းရေးကိစ္စတွေ၊ အလုပ်အကိုင်ကိစ္စတွေ၊ အသင်းအဖွဲ့ကိစ္စတွေမှာ အချင်းချင်း အဆင်မပြေမှုတွေ၊ ပြဿနာတွေ ကြုံတွေ့လာရလိမ့်မယ်'

'ဟုတ်ကဲ့ အစ်ကို'

'စီးပွားရေးဌာနနဲ့ သူနဲ့ဆက်နွယ်နေတဲ့ ပျက်ဌာနမှာ ဘယ်ဂြိုဟ်တွေ ရပ်တည်နေလဲ။ ဘယ်လိုဖြစ်နေလဲဆိုတာ ဆက်ကြည့်ရအောင်။ ညီလေးရဲ့အင်္ဂဝိဇ္ဇာတိုင်မှာ စီးပွားဌာနမှာ ရပ်တည်နေတာက အင်္ဂါဂြိုဟ်၊ ပျက်ဌာနမှာ ရပ်တည်နေတာက ဗုဒ္ဓဟူးဂြိုဟ်၊ အင်္ဂါဂြိုဟ်ရဲ့ပရိယာယ်က စိတ်ခံစားရမှု၊ ဗုဒ္ဓဟူးဂြိုဟ်ရဲ့ပရိယာယ်က လူ၊ လူမှုရေးလို့ ဆိုထားတယ်။ ဌာနချင်းဆက်သွယ်မှုအရ စီးပွားဌာနထိခိုက်မှု ရှိခဲ့ရင် သူ့ရဲ့အကျိုးသက်ရောက်မှုကိုခံရမှာက ပျက်ဌာန။ ဒါကြောင့် ပျက်ဌာနမှာရပ်တည်နေတဲ့ဂြိုဟ်ရဲ့ ပရိယာယ်နဲ့ သက်ဆိုင်တဲ့ကိစ္စရပ်တွေမှာ ရလဒ်ဆိုးနဲ့ မကြုံရအောင် စီးပွားဌာနမှာ ရပ်တည်နေတဲ့ဂြိုဟ်ရဲ့ ပရိယာယ်နဲ့ဆိုင်တဲ့ကိစ္စတွေမှာ အမှားမရှိအောင် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ဖို့လိုတယ် ညီလေး'

'အစ်ကို အခုပြောခဲ့တာတွေက ဂြိုဟ်တွေရဲ့ပရိယာယ်အရ သုံးသပ်ပြတာပဲ ရှိသေးတယ်နော်။ ဌာနတွေရဲ့သဘာဝနဲ့လည်း ဆက်စပ်ပြီး ရှင်းပြပေးပါဦး'

'စီးပွားရေးဌာနရဲ့သဘာဝက တိုးပွားခြင်း၊ ပျက်ဌာနရဲ့ သဘာဝက မတည်ငြိမ်ခြင်း၊ ဖြစ်ပျက်ပြောင်းလဲခြင်းလို့ အစပိုင်းမှာ အစ်ကိုရေးပြထားတာရှိတယ်။ ဒါကြောင့် ညီလေးရဲ့ဘဝမှာ ကိုယ့်အတွက်ပဲဖြစ်ဖြစ်၊ ကိုယ့်မိသားစု၊ ကိုယ့်အသိုင်းအဝိုင်း၊ ကိုယ်ပါဝင်ပတ်သက်နေတဲ့ အသင်းအဖွဲ့အတွက်ပဲဖြစ်ဖြစ် ဒီလူတွေရဲ့ လူမှုရေး၊ ပညာရေး၊ စီးပွားရေးကိစ္စတွေမှာ တိုးတက်အောင်လုပ်မယ်ဆိုရင် စေတနာအရင်းခံနဲ့ မှန်မှန်ကန်ကန်လုပ်ဖို့လိုတယ်။ မမှန်တဲ့စိတ်စေတနာတွေနဲ့ မကောင်းမှုတွေပြုလုပ်ခဲ့ရင် ကိုယ်နဲ့ဆက်စပ်မှုရှိတဲ့ လူပုဂ္ဂိုလ်၊ အလုပ်အကိုင်အားလုံးမှာ မတည်ငြိမ်မှုတွေ၊ ပျက်စီးမှု၊ ပြောင်းလဲမှုတွေ ဖြစ်ပေါ်လာနိုင်တယ်'

'ဟုတ်ကဲ့ အစ်ကို'

'ညီလေးအတွက် ရေးပြထားတဲ့ အင်္ဂဝိဇ္ဇာတိုင်အရ ဌာနရဲ့ သဘာဝနဲ့ ဂြိုဟ်တွေရဲ့ပရိယာယ်ကို ဆက်စပ်ပြီး ကောက်ချက်ချရရင် ညီလေးဘဝမှာ ကိုယ့်ရဲ့တိုးတက်ရာတိုးတက်ကြောင်း၊ ကိုယ်နဲ့ပတ်သက်ဆက်နွယ်နေတဲ့ ဆွေမျိုးအသိုင်းအဝိုင်း၊ မိတ်ဆွေသူငယ်ချင်း၊ အသင်းအဖွဲ့တွေရဲ့ တိုးတက်ရာတိုးတက်ကြောင်း အမှုကိစ္စတွေကို ဆောင်ရွက်မယ်ဆိုရင် စိတ်ရင်းစေတနာမှန်ကန်ဖို့၊ စိတ်ရှည်သည်းခံဖို့၊ ဒေါသစိတ်ရှေ့ဆောင်ပြီး ထင်ရာမလုပ်မိဖို့ အထူးလိုအပ်လိမ့်မယ် ညီလေး။ ဒီလိုမဟုတ်ခဲ့ရင် လူမှုရေးကိစ္စတွေ၊ လူအချင်းချင်း ပြောဆိုဆက်ဆံမှုတွေမှာ အဆင်မပြေမှုတွေ၊ ကျရှုံးမှုတွေ၊ စိတ်ဝမ်းကွဲမှုတွေ စတဲ့မကောင်းတဲ့ အကျိုးရလဒ်တွေကိုပဲ ရလိမ့်မယ် ညီလေး'

'ကျွန်တော် အခုတစ်လော တွေ့ကြုံနေရတဲ့ အဆင်မပြေမှုတွေ၊ စာရေးဆရာအသင်းကိစ္စတွေနဲ့ပတ်သက်ပြီး အပြောအဆိုခံရ ရင်ထဲမှာခံစားရတာတွေဟာ အစ်ကိုရှင်းပြတာတွေ၊ ဟောက်ပြတာတွေနဲ့ ထပ်တူထပ်မျှပါပဲ။ ဒီအတိုင်းဆို ကျွန်တော့်စိတ်ကိုကျွန်တော် အတော်လေးထိန်းရဦးမယ်'

'နောက်ဆုံးအချက်အနေနဲ့ ညီလေးကို သတိပေးချင်တာ ရှိသေးတယ်။ ညီလေးရဲ့အင်္ဂဝိဇ္ဇာတိုင်မှာ စုဟ်ဌာနမှာ စနေဂြိုဟ်ရပ်တည်နေပြီး သူနဲ့ဆက်နွယ်နေတဲ့ နာဌာနမှာ ကြာသပတေးဂြိုဟ်ရပ်တည်နေတဲ့အချက်ပါ။ စုဟ်ဌာနရဲ့ သဘာဝက အိမ်ထောင်ရေး၊ အချစ်ရေးနဲ့ဆိုင်တဲ့ကိစ္စတွေ၊ မိတ်ဆွေတွေကြားမှာဆိုရင်တော့ ခင်မင်ရင်းနှီးမှုပေါ့။ ဒီဌာနမှာ ရပ်တည်နေတဲ့ စနေဂြိုဟ်ရဲ့ပရိယာယ်က ထင်ပေါ်မှု၊ သူနဲ့ဆက်နွယ်နေတဲ့ နာဌာနရဲ့သဘာဝက ဆုံးရှုံးနစ်နာမှု၊ စိတ်ခံစားရမှု၊ နာဌာနမှာရှိနေတဲ့ ကြာသပတေးဂြိုဟ်ရဲ့ ပရိယာယ်က ပညာတို့၊ အတွေးအခေါ်တို့နဲ့ ဆိုင်တဲ့ကိစ္စတွေ။ ဒါကြောင့် ဆက်စပ်တွေးခေါ်ကြည့်ရင် ညီလေးရဲ့ အိမ်ထောင်ရေး၊ အချစ်ရေးကိစ္စမှာဖြစ်ဖြစ်၊ မိတ်ဆွေအပေါင်းအသင်းတွေနဲ့ ပေါင်းသင်းဆက်ဆံရာမှာဖြစ်ဖြစ် ညီလေးရဲ့ ထင်ပေါ်ကျော်ကြားလိုမှု၊ ဒီထက်မက အောင်မြင်လိုမှုတွေနဲ့ ပတ်သက်ပြီး မာန်မာနစိတ်တွေ၊ မတော်လောဘစိတ်တွေ များနေမယ်ဆိုရင် ညီလေးရဲ့ ပညာရပ်ဆိုင်ရာတွေ၊ အတွေး အခေါ်ဆိုင်ရာတွေမှာ ဆုံးရှုံးနစ်နာမှုတွေ၊ စိတ်ဒုက္ခတွေက



www.burmeseclassic.com

www.burmeseclassic.com

ရောက်ရတာတွေ ကြုံတွေ့လာနိုင်တယ်'

'မလွယ်ပါလား အစ်ကိုရာ။ စာပေကိစ္စနဲ့ပတ်သက်ပြီး အပြောအဆိုခံရမှုတွေအပေါ်မှာ ညီလေးခံစားနေရတဲ့ စိတ်ခံစားမှုတွေက စိတ်မကောင်းဖြစ်တဲ့အဆင့်ကိုကျော်ပြီး ရင်ထဲမှာ တမြည့်မြည့် နာကျင်ခံစားရတဲ့အဆင့်ကို ရောက်နေပြီ။ ဒီခံစားမှုတွေကို ပြေပျောက်အောင် ဖြေဖျောက်နိုင်ပါ့မလားမသိပါဘူး အစ်ကိုရာ'

'ဘာပဲဖြစ်ဖြစ်ပေါ့ ငါ့ညီရာ၊ ဒီအချိန်မှာ ဒီအခြေအနေတွေ ဘယ်လိုအကြောင်းကြောင့် ဖြစ်လာရတယ်၊ ဘယ်လိုကိစ္စမျိုးတွေမဖြစ်အောင် ဘယ်လိုပြုမူနေထိုင်ရမယ်ဆိုတာတွေ အစ်ကို ပြည့်ပြည့်စုံစုံရှင်းပြပေးခဲ့ပြီပဲ။ ကိုယ်ကိုယ်တိုင်ကလောင်တစ်ချောင်း ပိုင်ဆိုင်နိုင်ခွင့်ရလို့ ကိုယ့်မြို့၊ ကိုယ့်ဒေသမှာ ဒီလိုစာရေးဆရာအသင်းရယ်လို့ အခိုင်အမာရပ်တည်နိုင်ဖို့ ဘယ်လိုကြိုးပမ်းခဲ့ရတယ်၊ ဘယ်လောက်အချိန်တွေ ပေးဆပ်ခဲ့ရတယ်ဆိုတာ အတိတ်ကိုပြန်ပြီး မျှော်တွေးကြည့်ရင် ညီလေးသိပါတယ်။ ဒီလောက်ထိ ကြိုးစားရုန်းကန်ခဲ့၊ ပေးဆပ်လာခဲ့ပြီးမှ ရှိပြီးသားအခြေအနေတစ်ခုကို မပျက်စီးစေနဲ့ပေါ့ ညီလေးရာ။ ဘယ်ကိစ္စမဆို အကြောင်းနဲ့အကျိုး ယှဉ်တွဲနေတာပဲ။ အကျိုးတရားကောင်းဖို့ဆိုရင် အကျိုးတရားကို ပြုပြင်ယူရမှာပေါ့'

'ကျွန်တော်သဘောပေါက်ပါပြီ အစ်ကို။ နာစရာရှိရင် လွမ်းစရာနဲ့ဖြေ ဆိုတဲ့စကားအတိုင်း ညီလေးခံစားနေရတဲ့ နာကြည်းမုန်းတီးမှုတွေကို စာပေကို ချစ်မြတ်နိုးတဲ့စိတ်၊ စာပေကို တန်ဖိုးထားလေးစားတဲ့စိတ်နဲ့ စာပေသမားအချင်းချင်း အရင့်အရင်က ခင်မင်ရင်းနှီးခဲ့၊ ပျော်စရာကောင်းခဲ့တဲ့ အဖြစ်ပေါင်းလေးတွေကို ပြန်အောက်မေ့သတိရရင်း ကျွန်တော့်စိတ်ကို ဖြေပါ့မယ်။ အစ်ကိုရှင်းပြခဲ့တဲ့ ကျွန်တော့်တစ်သက် သတိထားရမယ့် အချက်တွေကိုလည်း အမြဲသတိရနေပါ့မယ်။ ကဲ··အစ်ကို၊ (၁၀)နာရီထိုးသွားပြီ။ အခုလောက်ဆို ဂမ္ဘီရတိုက်လည်း ဖွင့်လောက်ပြီ။ သွားကြရအောင် အစ်ကို။ ဒီနေ့လက်ဖက်ရည်ဖိုးကိုတော့ ကျွန်တော်ပဲရှင်းပါရစေ'

ကျသင့်သည့်လက်ဖက်ရည်ဖိုးများ ပေးချေပြီး ညီအစ်ကိုနှစ်ယောက် စိတ်လက်ပေါ့ပါးလန်းဆန်းစွာဖြင့် ဂမ္ဘီရမဂ္ဂဇင်းတိုက်ရှိရာဘက်သို့ ဆက်လျှောက်ခဲ့ကြသည်။

ကိုကိုမောင်(အင်းလေး)

အရေပြားရောဂါအတွ ဆုံးမှာ လီယိုမက်
နှင်းခူ၊ ပွေး၊ ဝဲလိမ်းဆေး ဝိမဝဏ္ဏသွေးသန့်ဆေး

ခရုသင်း သမင်ဖြူ

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်010Y978/ 0102Y3654
ထုတ်လုပ်ခွင့်လိုင်စင်-အမှတ်(၄/၉၇)တဆထလ(၀၇)

ခရုသင်း၊ သမင်ဖြူ၊ နီ၊ နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရီရေးစစ်ရောဂါ၊ မှိုစွဲရောဂါ၊
ခြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိတ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူနှင့် အရေပြားရောဂါမျိုးမျိုး
**ကာလသားရောဂါ၊** ဆီးပူညောင်းကျ၊ ဂနိုရီးယားရောဂါ၊ ဆစ်ဖလစ်၊ ရင်ကရှိုက်၊ရေယုန်၊ မက်ခရု၊ ကြွက်နို့၊
ငါးမျက်စိ၊ ဝဲ၊ ရိုဖြူဆင်းရောဂါ အသားအရေမည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်းရောဂါများကို
**အဆင့်မြင့် အိန္ဒိယ ယူနာနီ** တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော
တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။

**လီယိုမက်** အရေပြားရောဂါအထူးကုဆေးတိုက်

အမှတ် (၂၂၁)၊ ၃၂-လမ်း(ထက်)၊ ၃-ထပ်၊ ရန်ကုန်မြို့။ **PH: 252598, 243851**

နယ်မှ ဝေဒနာရှင်များ ကြိုတင်ငွေပို့စနစ်ဖြင့် စာတိုက်မှတဆင့်မှာ ယူနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# [၂၀၁၃]ခုနှစ်၊ နက္ခတ်ဗေဒင်ဟောစာတမ်း

## နက္ခတ်အမြင်နှင့် လူသားဖြစ်စဉ်

ဆရာမဒေါ်ထက်ထက်

ဤဟောစာတမ်းတွင်ပါရှိသော အချိန်ဇယားတိုင်မှာ မြန်မာစံတော်ချိန်ဒေသ၊ အရှေ့လောင်ဂျီတွဒ်(၉၇)ဒီဂရီ (၃၀)မိနစ်ရှိ နေထွက်၊နေဝင်ချိန်များမှ လ၊အလိုက် ရာသီလဂ်ကို အနီးစပ်ဆုံး မှန်ကန်မှုရှိစေရန် တွက်ချက်ဖော်ပြထားပါသဖြင့် နက္ခတ်ဗေဒင်ပညာကို စိတ်ပါဝင်စားပြီး ဖတ်ရှုလေ့လာနေကြသော နက္ခတ်ဗေဒင်ပညာ ဝါသနာရှင်များအတွက် မိမိမွေးဖွားသည့် လ၊ မွေးရက်၊ မွေးချိန်ကို သိရုံဖြင့် 'ရာသီလဂ်'ကို ရှာဖွေပြီး ဖတ်ရှုနိုင်မည်ဖြစ်ပါသည်။

ဉပမာ-ဖေဖော်ဝါရီလ (၁၂)ရက်မှ မတ်လ (၁၃)ရက်အတွင်း မွေးဖွားသူ၏ မွေးချိန်မှာ နံနက်(၀၆း၃၁)နာရီမှ (၀၈း၃၁)နာရီအတွင်းဖြစ်လျှင် ကုမ်ရာသီလဂ်ပိုင်ရှင် ဖြစ်ပါသည်။ ဇွန်လ (၁၅)ရက်မှ ဇူလိုင်လ (၁၅)ရက်အတွင်း မွေးဖွားသူ၏ မွေးချိန်မှာ မွန်းလွဲ(၁၁း၂၀)နာရီမှ (၁၃း၂၀)နာရီအတွင်းဖြစ်လျှင် ကန်ရာသီလဂ်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မိမိမွေးရက်၊ မွေးချိန်နှင့် မွေးဖွားသည့်လကိုသိလျှင် အချိန်ဇယားတိုင်တွင် မိမိ၏ရာသီလဂ်ကို ရှာဖွေရရှိပြီး ဟောစာတမ်းကို အလွယ်တကူ ဖတ်ရှုနိုင်ပါသည်။ အကယ်၍ မိမိ မွေးချိန်၊ မွေးရက်၊ မွေးလ၊ မွေးဖွားရာဒေသကို အတိအကျသိရှိပြီး နက္ခတ်ဗေဒင်ပညာရှင်များနှင့် ဇာတာဖွဲ့ထားသောသူများအဖို့ မိမိဇာတာပါ ရာသီလဂ်အဟောကို တိုက်ရိုက်ဖတ်ရှုနိုင်ပါသည်။

(မှတ်ချက်-အသေးစိတ်ဆွေးနွေးလိုပါလျှင် နက္ခတ်ဗေဒင်ပြန့်ပွားရေး ဆရာမများနှင့် တွေ့ဆုံဆွေးနွေးနိုင်ပါသည်။)

| ဇန်နဝါရီလ (၁၄)ရက်မှ ဖေဖော်ဝါရီလ (၁၁)ရက်အတွင်း | |
|---|---|
| မိဿ | ၁၂း၃၈ - ၁၄း၃၈ |
| ပြိဿ | ၁၄း၃၈ - ၁၆း၃၈ |
| မေထုန် | ၁၆း၃၈ - ၁၈း၃၈ |
| ကရကဋ် | ၁၈း၃၈ - ၂၀း၃၈ |
| သိဟ် | ၂၀း၃၈ - ၂၂း၃၈ |
| ကန် | ၂၂း၃၈ - ၀၀း၃၈ |
| တူ | ၀၀း၃၈ - ၀၂း၃၈ |
| ဗြိစ္ဆာ | ၀၂း၃၈ - ၀၄း၃၈ |
| ဓနု | ၀၄း၃၈ - ၀၆း၃၈ |
| မကာရ | ၀၆း၃၈ - ၀၈း၃၈ |
| ကုမ် | ၀၈း၃၈ - ၁၀း၃၈ |
| မိန် | ၁၀း၃၈ - ၁၂း၃၈ |

| ဖေဖော်ဝါရီလ (၁၂)ရက်မှ မတ်လ (၁၃)ရက်အတွင်း | |
|---|---|
| မိဿ | ၁၀း၃၁ - ၁၂း၃၁ |
| ပြိဿ | ၁၂း၃၁ - ၁၄း၃၁ |
| မေထုန် | ၁၄း၃၁ - ၁၆း၃၁ |
| ကရကဋ် | ၁၆း၃၁ - ၁၈း၃၁ |
| သိဟ် | ၁၈း၃၁ - ၂၀း၃၁ |
| ကန် | ၂၀း၃၁ - ၂၂း၃၁ |
| တူ | ၂၂း၃၁ - ၀၀း၃၁ |
| ဗြိစ္ဆာ | ၀၀း၃၁ - ၀၂း၃၁ |
| ဓနု | ၀၂း၃၁ - ၀၄း၃၁ |
| မကာရ | ၀၄း၃၁ - ၀၆း၃၁ |
| ကုမ် | ၀၆း၃၁ - ၀၈း၃၁ |
| မိန် | ၀၈း၃၁ - ၁၀း၃၁ |

| မတ်လ (၁၄)ရက်မှ ဧပြီလ (၁၃)ရက်အတွင်း | |
|---|---|
| မိဿ | ၀၈း၁၀ - ၁၀း၁၀ |
| ပြိဿ | ၁၀း၁၀ - ၁၂း၁၀ |
| မေထုန် | ၁၂း၁၀ - ၁၄း၁၀ |
| ကရကဋ် | ၁၄း၁၀ - ၁၆း၁၀ |
| သိဟ် | ၁၆း၁၀ - ၁၈း၁၀ |
| ကန် | ၁၈း၁၀ - ၂၀း၁၀ |
| တူ | ၂၀း၁၀ - ၂၂း၁၀ |
| ဗြိစ္ဆာ | ၂၂း၁၀ - ၀၀း၁၀ |
| ဓနု | ၀၀း၁၀ - ၀၂း၁၀ |
| မကာရ | ၀၂း၁၀ - ၀၄း၁၀ |
| ကုမ် | ၀၄း၁၀ - ၀၆း၁၀ |
| မိန် | ၀၆း၁၀ - ၀၈း၁၀ |

| ဧပြီလ (၁၄)ရက်မှ မေလ (၁၃)ရက်အတွင်း | |
|---|---|
| မိဿ | ၀၅း၄၃ - ၀၇း၄၃ |
| ပြိဿ | ၀၇း၄၃ - ၀၉း၄၃ |
| မေထုန် | ၀၉း၄၃ - ၁၁း၄၃ |
| ကရကဋ် | ၁၁း၄၃ - ၁၃း၄၃ |
| သိဟ် | ၁၃း၄၃ - ၁၅း၄၃ |
| ကန် | ၁၅း၄၃ - ၁၇း၄၃ |
| တူ | ၁၇း၄၃ - ၁၉း၄၃ |
| ဗြိစ္ဆာ | ၁၉း၄၃ - ၂၁း၄၃ |
| ဓနု | ၂၁း၄၃ - ၂၃း၄၃ |
| မကာရ | ၂၃း၄၃ - ၀၁း၄၃ |
| ကုမ် | ၀၁း၄၃ - ၀၃း၄၃ |
| မိန် | ၀၃း၄၃ - [illegible] |



www.burmeseclassic.com

www.burmeseclassic.com

| မေလ (၁၄)ရက်မှ ဇွန်လ (၁၄)ရက်အတွင်း | |
|---|---|
| မိဿ | ၀၃း၂၄ - ၀၅း၂၄ |
| ပြိဿ | ၀၅း၂၄ - ၀၇း၂၄ |
| မေထုန် | ၀၇း၂၄ - ၀၉း၂၄ |
| ကရကဋ် | ၀၉း၂၄ - ၁၁း၂၄ |
| သိဟ် | ၁၁း၂၄ - ၁၃း၂၄ |
| ကန် | ၁၃း၂၄ - ၁၅း၂၄ |
| တူ | ၁၅း၂၄ - ၁၇း၂၄ |
| ဗြိစ္ဆာ | ၁၇း၂၄ - ၁၉း၂၄ |
| ဓနု | ၁၉း၂၄ - ၂၁း၂၄ |
| မကာရ | ၂၁း၂၄ - ၂၃း၂၄ |
| ကုမ် | ၂၃း၂၄ - ၀၁း၂၄ |
| မိန် | ၀၁း၂၄ - ၀၃း၂၄ |

| ဇွန်လ (၁၅)ရက်မှ ဇူလိုင်လ (၁၅)ရက်အတွင်း | |
|---|---|
| မိဿ | ၀၁း၂၀ - ၀၃း၂၀ |
| ပြိဿ | ၀၃း၂၀ - ၀၅း၂၀ |
| မေထုန် | ၀၅း၂၀ - ၀၇း၂၀ |
| ကရကဋ် | ၀၇း၂၀ - ၀၉း၂၀ |
| သိဟ် | ၀၉း၂၀ - ၁၁း၂၀ |
| ကန် | ၁၁း၂၀ - ၁၃း၂၀ |
| တူ | ၁၃း၂၀ - ၁၅း၂၀ |
| ဗြိစ္ဆာ | ၁၅း၂၀ - ၁၇း၂၀ |
| ဓနု | ၁၇း၂၀ - ၁၉း၂၀ |
| မကာရ | ၁၉း၂၀ - ၂၁း၂၀ |
| ကုမ် | ၂၁း၂၀ - ၂၃း၂၀ |
| မိန် | ၂၃း၂၀ - ၀၁း၂၀ |

| ဇူလိုင် (၁၆)ရက်မှ ဩဂုတ်လ (၁၆)ရက်အတွင်း | |
|---|---|
| မိဿ | ၂၃း၅၉ - ၀၁း၅၉ |
| ပြိဿ | ၀၁း၅၉ - ၀၃း၅၉ |
| မေထုန် | ၀၃း၅၉ - ၀၅း၅၉ |
| ကရကဋ် | ၀၅း၅၉ - ၀၇း၅၉ |
| သိဟ် | ၀၇း၅၉ - ၀၉း၅၉ |
| ကန် | ၀၉း၅၉ - ၁၁း၅၉ |
| တူ | ၁၁း၅၉ - ၁၃း၅၉ |
| ဗြိစ္ဆာ | ၁၃း၅၉ - ၁၅း၅၉ |
| ဓနု | ၁၅း၅၉ - ၁၇း၅၉ |
| မကာရ | ၁၇း၅၉ - ၁၉း၅၉ |
| ကုမ် | ၁၉း၅၉ - ၂၁း၅၉ |
| မိန် | ၂၁း၅၉ - ၂၃း၅၉ |

| ဩဂုတ်လ (၁၇)ရက်မှ စက်တင်ဘာလ (၁၆)ရက်အတွင်း | |
|---|---|
| မိဿ | ၂၁း၄၁ - ၂၃း၄၁ |
| ပြိဿ | ၂၃း၄၁ - ၀၁း၄၁ |
| မေထုန် | ၀၁း၄၁ - ၀၃း၄၁ |
| ကရကဋ် | ၀၃း၄၁ - ၀၅း၄၁ |
| သိဟ် | ၀၅း၄၁ - ၀၇း၄၁ |
| ကန် | ၀၇း၄၁ - ၀၉း၄၁ |
| တူ | ၀၉း၄၁ - ၁၁း၄၁ |
| ဗြိစ္ဆာ | ၁၁း၄၁ - ၁၃း၄၁ |
| ဓနု | ၁၃း၄၁ - ၁၅း၄၁ |
| မကာရ | ၁၅း၄၁ - ၁၇း၄၁ |
| ကုမ် | ၁၇း၄၁ - ၁၉း၄၁ |
| မိန် | ၁၉း၄၁ - ၂၁း၄၁ |

| စက်တင်ဘာလ (၁၇)ရက်မှ အောက်တိုဘာလ (၁၆)ရက်အတွင်း | |
|---|---|
| မိဿ | ၁၉း၄၈ - ၂၁း၄၈ |
| ပြိဿ | ၂၁း၄၈ - ၂၃း၄၈ |
| မေထုန် | ၂၃း၄၈ - ၀၁း၄၈ |
| ကရကဋ် | ၀၁း၄၈ - ၀၃း၄၈ |
| သိဟ် | ၀၃း၄၈ - ၀၅း၄၈ |
| ကန် | ၀၅း၄၈ - ၀၇း၄၈ |
| တူ | ၀၇း၄၈ - ၀၉း၄၈ |
| ဗြိစ္ဆာ | ၀၉း၄၈ - ၁၁း၄၈ |
| ဓနု | ၁၁း၄၈ - ၁၃း၄၈ |
| မကာရ | ၁၃း၄၈ - ၁၅း၄၈ |
| ကုမ် | ၁၅း၄၈ - ၁၇း၄၈ |
| မိန် | ၁၇း၄၈ - ၁၉း၄၈ |

| အောက်တိုဘာလ (၁၇)ရက်မှ နိုဝင်ဘာလ (၁၅)ရက်အတွင်း | |
|---|---|
| မိဿ | ၁၇း၅၅ - ၁၉း၅၅ |
| ပြိဿ | ၁၉း၅၅ - ၂၁း၅၅ |
| မေထုန် | ၂၁း၅၅ - ၂၃း၅၅ |
| ကရကဋ် | ၂၃း၅၅ - ၀၁း၅၅ |
| သိဟ် | ၀၁း၅၅ - ၀၃း၅၅ |
| ကန် | ၀၃း၅၅ - ၀၅း၅၅ |
| တူ | ၀၅း၅၅ - ၀၇း၅၅ |
| ဗြိစ္ဆာ | ၀၇း၅၅ - ၀၉း၅၅ |
| ဓနု | ၀၉း၅၅ - ၁၁း၅၅ |
| မကာရ | ၁၁း၅၅ - ၁၃း၅၅ |
| ကုမ် | ၁၃း၅၅ - ၁၅း၅၅ |
| မိန် | ၁၅း၅၅ - ၁၇း၅၅ |

| နိုဝင်ဘာလ (၁၆)ရက်မှ ဒီဇင်ဘာလ (၁၅)ရက်အတွင်း | |
|---|---|
| မိဿ | ၁၆း၀၉ - ၁၈း၀၉ |
| ပြိဿ | ၁၈း၀၉ - ၂၀း၀၉ |
| မေထုန် | ၂၀း၀၉ - ၂၂း၀၉ |
| ကရကဋ် | ၂၂း၀၉ - ၀၀း၀၉ |
| သိဟ် | ၀၀း၀၉ - ၀၂း၀၉ |
| ကန် | ၀၂း၀၉ - ၀၄း၀၉ |
| တူ | ၀၄း၀၉ - ၀၆း၀၉ |
| ဗြိစ္ဆာ | ၀၆း၀၉ - ၀၈း၀၉ |
| ဓနု | ၀၈း၀၉ - ၁၀း၀၉ |
| မကာရ | ၁၀း၀၉ - ၁၂း၀၉ |
| ကုမ် | ၁၂း၀၉ - ၁၄း၀၉ |
| မိန် | ၁၄း၀၉ - ၁၆း၀၉ |

| ဒီဇင်ဘာလ (၁၆)ရက်မှ ဇန်နဝါရီလ (၁၃)ရက်အတွင်း | |
|---|---|
| မိဿ | ၁၄း၂၈ - ၁၆း၂၈ |
| ပြိဿ | ၁၆း၂၈ - ၁၈း၂၈ |
| မေထုန် | ၁၈း၂၈ - ၂၀း၂၈ |
| ကရကဋ် | ၂၀း၂၈ - ၂၂း၂၈ |
| သိဟ် | ၂၂း၂၈ - ၀၀း၂၈ |
| ကန် | ၀၀း၂၈ - ၀၂း၂၈ |
| တူ | ၀၂း၂၈ - ၀၄း၂၈ |
| ဗြိစ္ဆာ | ၀၄း၂၈ - ၀၆း၂၈ |
| ဓနု | ၀၆း၂၈ - ၀၈း၂၈ |
| မကာရ | ၀၈း၂၈ - ၁၀း၂၈ |
| ကုမ် | ၁၀း၂၈ - ၁၂း၂၈ |
| မိန် | ၁၂း၂၈ - ၁၄း၂၈ |

## (၂၀၁၃)ခုနှစ်၊ ဇွန်လအတွက် နက္ခတ်ဗေဒင်ဟောစာတမ်း

### မိဿလဂ် (Aries)



အတွေးများတတ်သည်။ မည်သည့်ကိစ္စမဆို ကြံစည်,စိတ်ကူးသော်လည်း တစ်ခါတစ်ရံ အဖြေရှာမရဘဲ မွန်းကျပ်နေမည်။ စကားပြောများတတ်သည်။ လွယ်လွယ်နှင့် ခေါင်းမညိတ်တတ်သူမို့ အချစ်ရေး၊ အိမ်ထောင်ရေးကိစ္စတွင် ပင်ပန်းရမည်။ စီးပွားရေးအဆင်မပြေဖြစ်တတ်သည်။ မျက်စိ၊ သွား၊ ခံတွင်း ဝေဒနာ ခံစားရမည်။ ဦးခေါင်းမကြည်မလင်၊ ကိုက်ခဲခြင်း၊ သတိမေ့တတ်ခြင်းမျိုး ဖြစ်မည်။ ပညာရေးနှင့်ပတ်သက်သောခရီး သွားလာရမည်။ တစ်ခါတစ်ရံ ပညာမသင်လိုဘဲ၊ စိတ်မဝင်စားဘဲ ဖြစ်နေတတ်သည်။ အတူနေ တပည့်၊ လက်အောက်ငယ်သား ဒုက္ခပေးတတ်သည်။ ဘာသာရေးအသိနှင့် မထိန်းနိုင်ဘဲ သောက၊ ပြဿနာများသာ ကြုံမည်။ ညီအစ်ကိုမောင်နှမ၊ လုပ်ဖော်ကိုင်ဖက်များ၏ အမှုအခင်း၊ သောကများ ရှိနေမည်။ ရင်ဘတ်၊ နှလုံး၊ အဆုတ်၊ ဆီး၊ ကျောက်ကပ် ဒုက္ခပေးမည်။ စိတ်ဆိုးပြီး ဒေါသကြီးနေမည်။ အလုပ်အကိုင် အဆင်ပြေမည်။ အထူးသဖြင့် နိုင်ငံရပ်ခြား၊ [illegible]မျိုး



www.burmeseclassic.com

www.burmeseclassic.com

ကွဲများနှင့် ဆက်ဆံရသော ကုမ္ပဏီ၊ အသင်းအဖွဲ့ လုပ်ငန်းများ အဆင်ပြေပြီး ငွေကြေးအကျိုးအမြတ်ရရှိမည်။ စာရင်းအင်း၊ အတွက်အချက်၊ ငွေကြေးကိုင်တွယ်ရသော အဖွဲ့အစည်း၊ ကုမ္ပဏီ ဝန်ထမ်းများ အဆင်ပြေပြီး ငွေကြေးကံကောင်းမည်။ ဤကာလတွင် အဝတ်အထည်၊ အလှအပ၊ အနုပညာ၊ ရွှေ၊ စတိုးဆိုင်၊ စားသောက်ကုန် လုပ်ငန်းများ အထူးအောင်မြင်ပြီး အကျိုးအမြတ်ရရှိမည်။ ဟန်ဆောင်ကောင်းသူများ မိမိအနီးအနားတွင် ရှိတတ်သဖြင့် ငယ်ရွယ်သူများ အချစ်ရေးကိစ္စတွင် သတိထားသင့်ပါသည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ဖက်နှင့် ကတောက်ကဆဖြစ်တတ်သည်။

**ယတြာ**

စုတ်ပြဲနေသော အဝတ်အထည်များကို လွှင့်ပစ်ပါ။ သော့ပျက်၊ တံခါးပျက်ကို ပြင်ပါ။ ရေအမျိုးမျိုးလှူပါ။

**ဇွန်လအတွင်း ဆောင်ရန် နေ့ရက်များ**

၇၊ ၁၉၊ ၂၁။

**ဇွန်လအတွင်း ရှောင်ရန် နေ့ရက်များ**

၈၊ ၉၊ ၁၁။

## ပြိဿလဂ် (Taurus)



ကျန်းမာရေးကောင်းသော်လည်း သွား၊ မျက်စိ၊ မျက်နှာ၊ ခံတွင်းနှင့်ပတ်သက်သော ဝေဒနာများ၊ အသည်း၊ သည်းခြေနှင့်ပတ်သက်သော ဝေဒနာများ ခံစားရတတ်သည်။ အိမ်မှာမနေလိုဘဲ ခရီးသွားနေမည်။ ရည်ရွယ်ချက်ကင်းမဲ့သော သွားလာခြင်းမျိုးဖြစ်မည်။ နှလုံးမသာမယာဖြစ်ပြီ စိတ်ပုံ့လွင့်ကာ အသက်ရှူမဝဖြစ်နေတတ်သည်။ အချစ်ရေးနှင့် လူမှုရေးကို ဦးစားပေးဆောင်ရွက်နေမည်။ အသင်း၊ အဖွဲ့အစည်း၊ လူမှုရေး ပြဿနာများ တစ်ခုပြီးတစ်ခု ပေါ်ပေါက်ပြီး ဖြေရှင်းနေရမည်။ လက်ရှိနေရာမှ အခြားတစ်နေရာသို့ ပြောင်းရွှေ့ချင်သောဆန္ဒများ ဖြစ်ပေါ်နေတတ်သည်။ ငွေကြေးအကျပ်အတည်းများနှင့် ရင်ဆိုင်နေရပြီး စီးပွားရေးအဆင်မပြေ ဖြစ်နေတတ်သည်။ ဤကာလတွင် ငွေမချေးငှားသင့်သလို စီးပွားရေးလည်း တိုးချဲ့ရန် မသင့်သေးပါ။ ခန္ဓာကိုယ် ကိုက်ခဲနာကျင်မှုများ ခံစားရတတ်သည်။ ပညာရေး၊ သားသမီး၊ တပည့်၊ လက်အောက်ငယ်သားများအတွက် အပင်ပန်းခံဆောင်ရွက်နေရမည်။ မိသားစုအတွက် မိမိက မည်မျှပင်ကောင်းအောင် ဖြည့်ဆည်းဆောင်ရွက်ပေးသော်လည်း ပြစ်တင်ခံရတတ်သည်။ ဘာသာရေးကို ထိထိရောက်ရောက် မလုပ်နိုင်သော်လည်း အသိ၊ သတိဖြင့် နေထိုင်မည်။ အလုပ်အကိုင်အဆင်မပြေဖြစ်ကာ အထက်လူကြီး၊ ဆရာသမား၊ မိဘတို့၏ ငြိုငြင်ခြင်းကို ခံရတတ်သည်။ ရာထူးတိုးရန် အခွင့်အရေးရရှိသော်လည်း ရန်၊ အတိုက်အခံ၊ အနှောင့်အယှက် ကြုံရမည်။ အိမ်ထောင်ဖက်နှင့် ပဋိပက္ခဖြစ်ပြီး သောက၊ ပြဿနာ ကြုံရမည်။

**ယတြာ**

ထောပတ်ဆွမ်းကပ်လှူပါ။ အပူငြိမ်းဆေးလှူပါ။ အကိုက်အခဲပျောက်ဆေး၊ ဝမ်းနုတ်ဆေး လှူပါ။ ကုဋီ၊ အိမ်သာ ဆေးပေးပါ။

**ဇွန်လအတွင်း ဆောင်ရန် နေ့ရက်များ**

၁၉၊ ၂၁။

**ဇွန်လအတွင်း ရှောင်ရန် နေ့ရက်များ**

၇၊ ၈၊ ၉။

## မေထုန်လဂ် (Gemini)



မိမိကျွေးမွေးစောင့်ရှောက်ထားသူ ဒုက္ခပေးတတ်သည်။ ပြောမှားဆိုမှား ဖြစ်တတ်သလို ငွေချေးမှားတတ်သည်။ ငွေကြေးအကျပ်အတည်းကြုံမည်။ ငွေကြေးပျောက်ရှမည်။ မတော်တဆ ထိခိုက်ဒဏ်ရာ အနာတရရတတ်သည်။ ဆေးရုံ၊ ဆေးခန်းသို့ ရောက်ရတတ်သည်။ မထင်မှတ်သော အကျပ်အတည်းကြုံနိုင်သဖြင့် ဘာသာရေးသတိရှိသင့်ပါသည်။ အဆက်အသွယ်ကောင်းများ ရရှိပြီး အနုပညာ၊ မီဒီယာ၊ အလှအပ၊ အဝတ်အထည်၊ ဒီဇိုင်နာများ မိတ်သစ်တိုးမည်။ လူမျိုးကွဲ၊ လူမျိုးခြား အကျိုးပေးမည်။ ငယ်ရွယ်သူများ အချစ်ရေးနှစ်ခွဖြစ်နေတတ်သည်။ အချစ်ရေး၊ လူမှုရေး၊ အိမ်ထောင်ရေး ကိစ္စများတွင် သောကမအေးရသော်လည်း စိုးရိမ်စရာမရှိပါ။ ကုမ္ပဏီ၊ အသင်း၊ အဖွဲ့အစည်း၊ လုပ်ငန်းနှင့်ဆက်နွယ်၍ ပူပင်စရာကိစ္စများ ကြုံရတတ်သည်။ သို့သော် မမျှော်လင့်သော အကူအညီများ ရရှိပြီး အောင်မြင်မှုရရှိမည်။ ရင်ဘတ်၊ နှလုံး၊ အဆုတ် အတွင်း သွေးစီးဆင်းမှု မမှန်မကန်ဖြစ်နေတတ်သည်။ အိမ်ရာ၊ နေအိမ် ပြောင်းရွှေ့ရန်ကိစ္စ ပေါ်ပေါက်မည်။ မမျှော်



www.burmeseclassic.com

www.burmeseclassic.com

လင့်ဘဲ ခရီးထွက်ရတတ်သည်။ ခရီး၊ အိမ်၊ ခြံ၊ မြေကိစ္စများတွင် ရန်၊ အနှောင့်အယှက်များ ပေါ်ပေါက်တတ်သည်။

**ယတြာ**

ရေအမျိုးမျိုးလှူပါ။ ဘုရားတွင် သောက်တော်ရေ အမြဲကပ်လှူပါ။

**ဇွန်လအတွင်း ဆောင်ရန် နေ့ရက်များ**

၈၊ ၉၊ ၂၁။

**ဇွန်လအတွင်း ရှောင်ရန် နေ့ရက်များ**

၇၊ ၁၁၊ ၁၉။

## ကရကဋ်လဂ် (Cancer)



ပညာရေး၊ သင်တန်း စသည့်ကိစ္စများကို ဆောင်ရွက်နေရမည်။ ယင်းသို့ဆောင်ရွက်ရင်း ငွေကြေးကုန်ကျမှုများရှိမည်။ သို့သော် မိမိအတွက် အကျိုးဖြစ်ထွန်းမည်။ မိသားစု၊ မျက်နှာ၊ သွေး၊ မျက်စိ ကိစ္စတို့အတွက် ငွေကြေးကုန်ကျမည်။ အတွေးများတတ်သည်။ လုံ့လ၊ ဝီရိယနည်းပြီး ဖွဲ့မကောင်းပါ။ ခန္ဓာကိုယ်ရှိ အကြော၊ ကြွက်သားများ ဒုက္ခပေးမည်။ အတွေးများ ပျံ့လွင့်နေပြီး စုစည်းမရဘဲ ဖြစ်နေတတ်သည်။ ကျန်းမာရေးအနည်းငယ်ညံ့တတ်သည်။ မိသားစုအတွက် သောကဖြစ်စရာကြုံမည်။ စီးပွားရေး အိမ်၊ ခြံ၊ မြေနှင့်ပတ်သက်သော သောက၊ ပြဿနာများ ဖြေရှင်းရမည်။ ယင်းအတွက် ငွေကြေးကုန်ကျမည်။ မိသားစုနှင့် ခွဲခွာနေထိုင်ရမည်။ အိမ်အပြောင်းအရွှေ့ရှိမည်။ အိမ်၊ ခြံ၊ မြေ၊ ကား ရောင်းရန်ကိစ္စကြုံလျှင် အဆင်ပြေမည်။ သောက၊ အမှုအခင်းများ ဖြေရှင်း၍ အောင်မြင်မည်။ သို့သော် ငွေကြေးကုန်ကျမှု များမည်။ အိမ်မှာမနေလိုဘဲ ခရီးသွားချင်နေမည်။ လူမှုရေး၊ အသင်း၊ အဖွဲ့အစည်းကိစ္စများ လုပ်ကိုင်ရင်း စိတ်ပင်ပန်းရမည်။ လူမျိုးကွဲ၊ လူမျိုးခြား အကျိုးပေးမည်။ သွေးတိုးဝေဒနာများ ခံစားရမည်။ မိခင်၊ ဆွေမျိုးများနှင့်ပတ်သက်၍ ဆေးရုံ၊ ဆေးခန်း ရောက်ရမည်။ အခက်အခဲ၊ အကျပ်အတည်းများကို ဖြေရှင်းနေရသဖြင့် စိတ်မကြည်မလင်ဖြစ်နေတတ်သည်။ မိတ်ဆွေ၊ လုပ်ဖော်ကိုင်ဖက်တို့၏ ပြဿနာရာခြင်း ခံရတတ်သည်။

**ယတြာ**

ရေအမျိုးမျိုးလှူပါ။ ဆွမ်းသက်သက် ကပ်လှူပါ။ တယ်လီဖုန်းအခွန်အခ လှူပါ။

**ဇွန်လအတွင်း ဆောင်ရန် နေ့ရက်များ**

၇၊ ၉၊ ၂၁။

**ဇွန်လအတွင်း ရှောင်ရန် နေ့ရက်များ**

၈၊ ၁၁၊ ၁၉။

## သိဟ်လဂ် (Leo)



အတွေးအခေါ်၊ အကြံအစည်ကောင်းများ တိုးပွားနေမည်။ ညီအစ်ကိုမောင်နှမ၊ လုပ်ဖော်ကိုင်ဖက်တို့၏ အထောက်အပံ့၊ အကူအညီအမျိုးမျိုး ရရှိပြီး လုပ်ငန်းခွင် အဆင်ပြေမည်။ လုပ်ငန်းနှင့်ပတ်သက်သော ငွေကြေးများ ရရှိမည်။ အဆက်အသွယ်ကောင်းများရှိမည်။ ခေတ်မီအီလက်ထရွန်းနစ်ပစ္စည်းများ၊ တယ်လီဖုန်း၊ ကွန်ပျူတာ၊ လျှပ်စစ်ပစ္စည်းများ လက်ဆောင်ရတတ်သည်။ ခန္ဓာကိုယ် ပေါ့ပါးသွက်လက်နေမည်။ စာအုပ်၊ စာပေ၊ စာနယ်ဇင်းနှင့်ပတ်သက်သောကိစ္စများ ဆောင်ရွက်၍ အကျိုးစီးပွားဖြစ်ထွန်းမည်။ သားသမီး၊ တပည့်၊ လက်အောက်ငယ်သားများ၏ အခက်အခဲ၊ အကျပ်အတည်းများကို ဖြေရှင်းဆောင်ရွက်ပေးရမည်။ ငွေကုန်ကျမည်။ ငွေကြေးအတွက် သောက၊ ပြဿနာများ ကြုံတွေ့ရပြီး အခက်အခဲ၊ အကျပ်အတည်းများရှိမည်။ ပြောမှားဆိုမှားဖြစ်တတ်သလို အစားမှားခြင်းလည်း ကြုံတတ်သည်။ မိသားစုနှင့် ခွဲခွာနေထိုင်ရမည်။ ရွှေ၊ စားသောက်ကုန်၊ စတိုးဆိုင်လုပ်ငန်းများ အဆင်မပြေဖြစ်တတ်သည်။ အလုပ်နှင့်ပတ်သက်သောခရီးများ သွားရတတ်သည်။ မိဘ၊ ဆရာသမား၊ အကြီးအကဲတို့၏ ကူညီမှုကို ရရှိမည်။ မိမိပတ်ဝန်းကျင်တွင် ဆရာတစ်ဆူအဖြစ် ထင်ပေါ်ကျော်ကြားမည်။ ငယ်ရွယ်သူများ အချစ်ရေးတွင် စန်းပွင့်နေမည်။

**ယတြာ**

ဘုရားတွင် ဆွမ်းသက်သက် ကပ်လှူပါ။ ကုဋီ၊ အိမ်သာ သန့်ရှင်းရေးလုပ်ပါ။

**ဇွန်လအတွင်း ဆောင်ရန် နေ့ရက်များ**

၇၊ ၈၊ ၁၉၊ ၂၁။

**ဇွန်လအတွင်း ရှောင်ရန် နေ့ရက်များ**

၉၊ ၁၁။



www.burmeseclassic.com

www.burmeseclassic.com

## ကန်လဂ် (Virgo)



ကျန်းမာရေးအတွက် ငွေကြေးကုန်ကျမည်။ ငွေကုန်မည့်ကိစ္စကို အမြဲစဉ်းစားနေတတ်မည်။ အတွေးအခေါ်များပြီး ဆုံးဖြတ်ချက်လွဲတတ်သည်။ ညီအစ်ကိုမောင်နှမ၊ လုပ်ဖော်ကိုင်ဖက်တို့ကြောင့် အခက်အခဲ၊ အကျပ်အတည်း အနည်းငယ်ကြုံရပြီးမှ အောင်မြင်မည်။ အတော်အတန်ရောဂါ ဖြစ်ခဲမည်။ ဖြစ်လျှင်လည်း ဆေးကောင်းဝါးကောင်း၊ ဆရာကောင်းတို့နှင့် ဆက်သွယ်မိပြီး ရောဂါကုသ ပျောက်ကင်းမည်။ မည်သည့်ကိစ္စမဆို ပင်ပန်းခံရပြီးမှ အောင်မြင်မည်။ လုံ့လ၊ ဝီရိယ မကောင်းသော်လည်း ဇွဲကောင်းသဖြင့် အကျိုးခံစားခွင့်ရမည်။ ဖခင်၊ ဆရာသမား၊ အကြီးအကဲ၊ ရာထူးနှင့်ပတ်သက်သော ပြဿနာ၊ သောကများ ကြုံရမည်။ ငွေကြေးများဝင်နိုင်သောကာလဖြစ်သည်။ အိမ်၊ ခြံ၊ မြေ၊ ကား၊ နိုင်ငံခြား၊ ခရီးသွား၊ တွင်းထွက်၊ ကျောက်မျက်၊ စိုက်ပျိုးရေးနှင့်ပတ်သက်သော ကိစ္စများတွင် အောင်မြင်ပြီး အကျိုးရှိမည်။ လူမှုပတ်ဝန်းကျင်နယ်ပယ်တွင် ဆက်ဆံရေးကောင်းသူအဖြစ် နာမည်ဂုဏ်သတင်း ကျော်ကြားမည်။ နိုင်ငံရပ်ခြား၊ လူမျိုးကွဲ၊ လူမျိုးခြား ကောင်းကျိုးပေးမည်။ နေအိမ်၊ တိုက်တာ ရွှေ့ပြောင်းခြင်း၊ ရောင်းဝယ်ခြင်းကိစ္စ အဆင်ပြေပြီး အောင်မြင်မည်။ ပညာရေးကို စီးပွားရှာသကဲ့သို့ ရှာဖွေခဲ့ရပြီး အသီးအပွင့်များ ခံစားရမည်။ အလုပ်အကိုင်အဆင်ပြေပြီး မိသားစုအတွက် ငွေကြေးထောက်ပံ့ပေးနိုင်မည်။ ခွဲခွာနေသော မိသားစုနှင့် တွေ့ဆုံရမည်။ စိတ်သွားတိုင်းကိုယ်ပါ လိုရာဆန္ဒပြည့်နေမည့်ကာလဖြစ်သည်။

**ယတြာ**

အသက်အရွယ်ကြီးရင့်သူများ၊ ဂီလာနများကို ဆေးဖိုးဒါနပြုပါ။

**ဇွန်လအတွင်း ဆောင်ရန် နေ့ရက်များ**

၇၊ ၉၊ ၁၉၊ ၂၁။

**ဇွန်လအတွင်း ရှောင်ရန် နေ့ရက်များ**

၈၊ ၁၁။

## တူလဂ် (Libra)

အတူနေမိသားစုနှင့် အဆင်မပြေဖြစ်တတ်သည်။ မိသားစုအတွင်း လူမှုရေးအရှုပ်အရှင်းကိစ္စရပ်များ ဖြေရှင်းရမည်။ ငယ်ရွယ်သူများ မိသားစုသဖွယ် နေထိုင်သူများ၏ လှည့်ဖြားခြင်း ခံရတတ်သည်။ စီးပွားရေးကိစ္စများ နှောင့်နှေးတတ်သည်။



လုပ်လက်စလုပ်ငန်းများ ရပ်ဆိုင်းသွားတတ်သည်။ မျက်စိ၊ သွား၊ မျက်နှာ ဒုက္ခပေးတတ်သည်။ အိမ်ထောင်ရှင်များ ပဋိပက္ခဖြစ်ရတတ်သည်။ အကျပ်အတည်းကိစ္စများ ကြုံရမည်။ အထူးသဖြင့် ငွေကြေးအကျပ်အတည်း ကြုံရတတ်သည်။ အလုပ်အကိုင်အဆင်မပြေသလို ငွေကြေးနှင့်ပတ်သက်၍လည်း အဆင်မပြေမှု ကြုံရတတ်သည်။ ငွေမချေးငှားသင့်ပါ။ ဆုံးရှုံးတတ်သည်။ ညီအစ်ကိုမောင်နှမ၊ လုပ်ဖော်ကိုင်ဖက်များနှင့် ရန်၊ အတိုက်အခံ၊ အနှောင့်အယှက်၊ ပြိုင်ဆိုင်မှုနှင့် အမှုအခင်း၊ ပြဿနာများ ကြုံတွေ့ရတတ်သော်လည်း အုပ်ချုပ်သူ၊ အကြီးအကဲ၊ ဆရာသမားများ၏ အကူအညီရရှိပြီး ဖြေရှင်းအောင်မြင်မည်။ မိမိ အကြံအစည်၊ ဆုံးဖြတ်ချက်များ ကောင်းမွန်သော်လည်း စိတ်တို၊ ဒေါသကြီးတတ်သဖြင့် အမှားအယွင်းကြုံရတတ်သည်။ အတိတ်ဘုန်းကံကြောင့် မမျှော်လင့်ဘဲ ငွေကြေးများဝင်လာတတ်သည်။ အိမ်၊ ခြံ၊ မြေ၊ ကား၊ ခရီးသွား၊ အင်ဂျင်နီယာ၊ စက်မှု၊ ဆောက်လုပ်ရေး၊ စိုက်ပျိုးရေး ကိစ္စများတွင်လည်း လက်အောက်ငယ်သားများ အကူအညီရရှိပြီး အောင်မြင်မည်။

**ယတြာ**

ငွေကြေးကံ ကောင်းစေရန် ငွေပဒေသာပင် စိုက်ထူလှူဒါန်းပါ။

**ဇွန်လအတွင်း ဆောင်ရန် နေ့ရက်များ**

၉၊ ၁၉၊ ၂၁။

**ဇွန်လအတွင်း ရှောင်ရန် နေ့ရက်များ**

၇၊ ၈၊ ၁၁။

## ဗြိစ္ဆာလဂ် (Scorpio)



ကျန်းမာရေးအနည်းငယ်ညံ့သော်လည်း စိုးရိမ်စရာမရှိပါ။ လူမှုရေး၊ အသင်းအဖွဲ့ကိစ္စ၊ အချစ်ရေးကိစ္စများကို အလေးပေးဆောင်ရွက်နေမည်။ ငယ်ရွယ်သူများ အိမ်ထောင်ရေးကိစ္စများ ပေါ်ပေါက်မည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးသောက ကြုံရတတ်သည်။ ကုမ္ပဏီ၊ အများပိုင်လုပ်ငန်းများနှင့်ပတ်သက်၍ ငွေကြေးကိုင်တွယ်

www.burmeseclassic.com

www.burmeseclassic.com

နေရသူများ ပြဿနာ၊ အကျပ်အတည်းနှင့် ကြုံရတတ်သည်။ ငွေကြေးမချေးငှားသင့်ပါ။ အာရုံကြော၊ ကြွက်သား လည်ပင်း၊ နားနှင့်ပတ်သက်၍ ပူပင်သောကကြုံရမည်။ အဆက်အသွယ်ကောင်းများရှိသော်လည်း မိမိနှင့် အံမဝင်ဖြစ်တတ်သည်။ သွေးတိုးခြင်း၊ နှလုံးပူခြင်းများ ဖြစ်တတ်သဖြင့် မတည့်သောအစားအစာများကို ရှောင်သင့်သည်။ အစားမှားခြင်း၊ စကားမှားခြင်း ဖြစ်တတ်သည်။ လက်အောက်ငယ်သား၊ တပည့်၊ သားသမီးများနှင့် ပဋိပက္ခဖြစ်တတ်သည်။ နိုင်ငံခြား၊ လူမျိုးကွဲ၊ လူမျိုးခြား ထင်သလောက်အကျိုးမပေးပါ။ မည်သည့်ကိစ္စမဆို စိတ်ရောကိုယ်ပါ ပင်ပင်ပန်းပန်း လုပ်ကိုင်ရမည်။ ဘာသာရေးအသိနှင့် ခင်ပွန်းကြီးဆယ်ပါးကို ကန်တော့ပါ။ ဘာသာရေးအဓိဋ္ဌာန်ပြုဆောင်ရွက်လျှင် ငွေကြေးကံကောင်းနိုင်သည်။ စီးပွားရေးလုပ်ငန်း တိုးချဲ့ရန် မသင့်သေးပါ။ ခင်မင်ရင်းနှီးသူများ၏ ဒုက္ခပေးမှုကြောင့် လုပ်ငန်းခွင်တွင် နစ်နာစေတတ်သည်။ လူမှုရေးကိစ္စ ပေါ်ပေါက်တတ်သည်။ စိုးရိမ်စရာမရှိပါ။

**ယတြာ**

ရဟန်း၊ သံဃာများကို ကျန်းမာရေးဆိုင်ရာ စာအုပ်၊ စာပေများ လှူဒါန်းပါ။ ဘုရား၊ စေတီတွင် ထီးသင်္ကန်း၊ ရွှေသင်္ကန်း ကပ်လှူပါ။

**ဇွန်လအတွင်း ဆောင်ရန် နေ့ရက်များ**

၈၊ ၉၊ ၁၁၊ ၂၁။

**ဇွန်လအတွင်း ရှောင်ရန် နေ့ရက်များ**

၇၊ ၁၉။

## ဓနုလဂ် (Sagittarius)



ရွှေနှင့် အဖိုးတန်ရတနာ ဝင်မည်။ စီးပွားရေး၊ စတိုးဆိုင်၊ ဟောပြောခြင်း၊ ဆက်သွယ်ခြင်း၊ မီဒီယာ၊ ပွဲစား၊ စားသောက်ကုန် စသည့်ကိစ္စရပ်များနှင့်ပတ်သက်၍ အခက်အခဲ၊ အကျပ်အတည်းကြားမှ အထောက်အပံ့ကောင်းများရကာ အောင်မြင်မည်။ ဆုံးရှုံးနေသည့်ငွေကြေးများ ပြန်လည်ရရှိမည်။ မိသားစု၊ ညီအစ်ကိုမောင်နှမတို့၏ အထောက်အပံ့ကောင်းများရရှိပြီး တိုးတက်မည်။ စီးပွားရေးလုပ်ငန်းများကို တိုးချဲ့သင့်သည်။ သို့သော် ပင်ပန်းမှု၊ အကျပ်အတည်းကို ရင်ဆိုင်ဖြေရှင်းပြီးမှ အဆင်ပြေမည်။ မမျှော်လင့်သော ကံကောင်းခြင်းနှင့်ကြုံရပြီး ငွေကြေးများဝင်မည်။ လုပ်ငန်းခွင်အတွင်း လူမှုရေးအရှုပ်အရှင်းများ ဖြေရှင်းရမည်။ အများနှင့်ပတ်သက်သော ကုမ္ပဏီ၊ အသင်း၊ အဖွဲ့အစည်း၊ အထည်အလိပ်၊ အလှအပဆိုင်ရာလုပ်ငန်းများ အကျပ်အတည်း၊ အခက်အခဲနှင့် ကြုံတွေ့ပြီးမှ အောင်မြင်မည်။ ပညာရေးကိစ္စတွင် အတိုက်အခံ၊ အနှောင့်အယှက်များ ကြုံတွေ့ပြီးမှ အောင်မြင်မည်။ ဆွေမျိုး၊ မိတ်ဆွေများနှင့်ပတ်သက်သော လူမှုရေးလုပ်ငန်းများကို စိတ်မဝင်စားဘဲ အလေးထားဆောင်ရွက်ပေးရမည်။ သို့သော် ယင်းတို့၏ အထင်သေးခြင်းကို ခံရတတ်သည်။ နိုင်ငံရပ်ခြား၊ လူမျိုးကွဲ၊ လူမျိုးခြား ထင်သလောက်အကျိုးမပေးပါ။ အလိုလိုနေရင်း စိတ်တိုနေတတ်မည်။

**ယတြာ**

ခရီးသွား ရဟန်း,သံဃာများကို ခရီးစရိတ် လှူဒါန်းပါ။ ရေအမျိုးမျိုးလှူပါ။

**ဇွန်လအတွင်း ဆောင်ရန် နေ့ရက်များ**

၇၊ ၈၊ ၁၉၊ ၂၁။

**ဇွန်လအတွင်း ရှောင်ရန် နေ့ရက်များ**

၉၊ ၁၁။

## မကာရလဂ် (Capricorn)



အခက်အခဲ၊ အကျပ်အတည်းများမှ ရုန်းထွက်နိုင်မည်။ နိုင်ငံရပ်ခြားခရီးသွားခြင်း၊ ပညာသင်ရန် သွားရောက်ခြင်း၊ ငွေကြေးကိစ္စဆောင်ရွက်ခြင်းများ အဆင်ပြေပြီး အကျိုးဖြစ်ထွန်းမည်။ အိမ်၊ ခြံ၊ မြေ၊ အရောင်းအဝယ်ကိစ္စ အောင်မြင်မည်။ ရောဂါဝေဒနာနှင့်ပတ်သက်သော ပညာရှင်များနှင့် ကြုံဆုံရတတ်သည်။ ညီအစ်ကိုမောင်နှမတို့နှင့် မသင့်မမြတ်ဖြစ်ပြီး သောကကြုံရသော်လည်း စိုးရိမ်စရာမရှိပါ။ အာရုံကြော၊ ကြွက်သား ဒုက္ခပေးတတ်သည်။ မိမိပတ်ဝန်းကျင်တွင် ဟန်ဆောင်ကောင်းသူများ ရှိနေတတ်သဖြင့် သတိထားသင့်သည်။ လူလိမ်ခံရတတ်သည်။ လူမျိုးကွဲ၊ လူမျိုးခြား အကျိုးမပေးပါ။ ဘုန်းကံနိမ့်ပါးသောကာလဖြစ်၍ ဘာသာရေးကို အထူးအလေးပေးဆောင်ရွက်သင့်သည်။ သားသမီး၊ တပည့်၊ လက်အောက်ငယ်သားတို့၏ ယှဉ်ပြိုင်ခြင်းခံရတတ်သည်။ လုပ်ငန်းခွင်အတွင်း ရန်၊ အတိုက်အခံ ပေါ်ပေါက်မည်။ လုပ်ငန်းခွင် အဆင်မပြေမှုနှင့်ကြုံမည်။ ပျိုရွယ်သူများ နှလုံးသား



www.burmeseclassic.com

www.burmeseclassic.com

ထိခိုက်ဒဏ်ရာရတတ်သည်။ အပျော်အပါး၊ ပွဲလမ်းသဘင် သွားလာခြင်းကို ရှောင်သင့်သည်။

**ယတြာ**

ဘုရား၊ စေတီများတွင် ထုံးသင်္ကန်း၊ ရွှေသင်္ကန်း ကပ်လှူပါ။ စုတ်ပြဲနေသော အဝတ်အထည်များကို စွန့်ပစ်ပါ။

**ဇွန်လအတွင်း ဆောင်ရန် နေ့ရက်များ**

၇၊ ၈၊ ၉၊ ၂၁။

**ဇွန်လအတွင်း ရှောင်ရန် နေ့ရက်များ**

၁၁၊ ၁၉။

## ကုမ်လဂ် (Aquarius)



ကျန်းမာရေးကောင်းသော်လည်း ပူပင်သောကများနှင့် ရင်ဆိုင်နေရတတ်သည်။ ဖခင်၊ ဆရာသမား၊ အကြီးအကဲတို့၏ ကူညီခြင်းခံရမည်။ လုပ်ငန်းနှင့်ပတ်သက်သော အဆက်အသွယ်ကောင်းများရရှိပြီး နာမည်ဂုဏ်သတင်း ကျော်ကြားမည်။ စိတ်တို၊ ဒေါသကြီးသဖြင့် တပည့်၊ လက်အောက်ငယ်သားများနှင့် အနှောင့်အယှက်၊ ရန်၊ အတိုက်အခံ ကြုံရတတ်သည်။ ပညာရေးနှင့်ပတ်သက်၍ ခရီးသွားလာရမည်။ ပညာရှင်အဖြစ် ထင်ပေါ်မည်။ ဆရာတစ်ဆူအဖြစ် ရပ်တည်လုပ်ကိုင်ပြီး ပတ်ဝန်းကျင်တွင် အောင်မြင်မည်။ နှလုံး၊ သွေးတိုးနှင့်ပတ်သက်၍ ဝေဒနာခံစားရသော်လည်း စိုးရိမ်စရာမရှိဘဲ သက်သာမည်။ ဆေးကောင်းဝါးကောင်း၊ ဆရာကောင်းများနှင့် ကုသရမည်။ ဝမ်းဗိုက်၊ အစာအိမ် ဒုက္ခပေးမည်။ ဆွေမျိုး၊ မိတ်ဆွေတို့၏ လူမှုရေးကိစ္စများကို ဆောင်ရွက်ရမည်။ လူပင်ပန်း၊ စိတ်ပင်ပန်း ဖြစ်နေမည်။ ထိခိုက်ဒဏ်ရာ အနာတရ မကြာခဏရတတ်သည်။ ရန်၊ အတိုက်အခံ၊ ယှဉ်ပြိုင်မှုများ မကြာခဏကြုံတွေ့ရသော်လည်း ကယ်တင်ကူညီမည့်သူများ ရှိနေမည်။ အလှူဒါနပြုလုပ်ရမည်။ အထူးသဖြင့် ပညာရေး၊ သင်ကြားရေးကိစ္စများ ဆောင်ရွက်ရမည်။ နိုင်ငံခြား၊ ခရီးသွားကိစ္စ အဆင်မပြေပါ။ ဗီဇာအခက်အခဲနှင့် ကြုံရတတ်သည်။

**ယတြာ**

အိမ်တံခါး၊ ဝင်းထရံ ပျက်စီးနေသည်ကိုပြင်ပါ။ သော့ပျက်များကို လွှင့်ပစ်ပါ။

**ဇွန်လအတွင်း ဆောင်ရန် နေ့ရက်များ** - ၇၊ ၉၊ ၂၁။

**ဇွန်လအတွင်း ရှောင်ရန် နေ့ရက်များ**

၈၊ ၁၁၊ ၁၉။

## မိန်လဂ် (Pisces)



မိသားစုသဖွယ် ဆက်ဆံနေသူများ ဒုက္ခပေးတတ်သည်။ ဖခင်၊ ဆရာသမား၊ အကြီးအကဲတို့၏ ပြစ်တင်ခြင်းခံရတတ်သည်။ အပေါင်းအသင်းမှားတတ်သည်။ ပညာရေးကို စိတ်မဝင်စားဘဲ သင်ကြားနေရမည်။ ခါးကိုက်၊ ခါးနာ၊ အကြောညပ်ဝေဒနာ ခံစားရတတ်သည်။ သွေးထွက်သံယို၊ အနာတရ ဖြစ်တတ်သည်။ အပေါင်းအသင်း၊ လုပ်ဖော်ကိုင်ဖက်တို့၏ ချောက်တွန်းခြင်းခံရတတ်သည်။ အိမ်မှာမနေလိုဘဲ ခရီးသွားချင်နေမည်။ အထူးသဖြင့် လုပ်ငန်းကိစ္စနှင့်ပတ်သက်၍ ခရီးသွားရတတ်သည်။ မိခင်၊ ဆွေမျိုးများနှင့် အဆင်မပြေဖြစ်တတ်သည်။ ငယ်ရွယ်သူများ အပျော်အပါးသွားလာခြင်းကို ဆင်ခြင်သင့်သည်။ အဝတ်အထည်၊ အလှအပနှင့်ပတ်သက်သော ကိစ္စများ အကျိုးအမြတ်နည်းမည်။ ခန္ဓာကိုယ်ကိုက်ခဲနာကျင်ခြင်း၊ အကြောတက်ခြင်းတို့ကြောင့် ဆေးရုံ၊ ဆေးခန်း သွားရတတ်သည်။ ငွေကြေးအတွက် သောကကြုံရမည်။ ငွေကြေးအကျပ်အတည်းရှိမည်။ ငွေကြေးနှင့်ပတ်သက်၍ အမှုအခင်း၊ ပဋိပက္ခ ရင်ဆိုင်ရတတ်သည်။ အိမ်၊ ခြံ၊ မြေ အကျိုးဆောင်လုပ်ငန်းများတွင် လူမှုရေးအရှုပ်အရှင်းနှင့် အကျပ်အတည်းများ ရင်ဆိုင်ဖြေရှင်းရတတ်သည်။ စိတ်ရောလူပါ ပင်ပန်းပြီး ရောဂါဖြစ်တတ်သည်။ အသည်း၊ နှလုံး ဝေဒနာ ခံစားရမည်။

**ယတြာ**

ကုဋ္ဌီ၊ အိမ်သာ ဆေးပါ။ ဘုန်းတော်ကြီးကျောင်းများတွင် အုတ်တံတိုင်း၊ ဝင်းထရံ လှူပါ။

**ဇွန်လအတွင်း ဆောင်ရန် နေ့ရက်များ**

၉။

**ဇွန်လအတွင်း ရှောင်ရန် နေ့ရက်များ**

၇၊ ၈၊ ၁၁၊ ၁၉၊ ၂၁။

ဆရာမဒေါ်ထက်ထက်
(နက္ခတ်ဗေဒင်ပညာပြန့်ပွားရေး)

www.burmeseclassic.com

www.burmeseclassic.com




ဆရာကံထူး(ဝေဒသုတေသီ)

# ကုံစန်းဇာတာရှင် သင်သိပြီလား

စန်းပွင့်တယ်၊ စန်းထတယ် ဆိုသည့် စကားများသည် မြန်မာနားနှင့် မစိမ်းလှပေ။ ခဏ,ခဏ ကြားနေရသော စကားပင်ဖြစ်၏။ စန်းပွင့်လျှင် ချစ်သူခင်သူ ပေါမျာ:၏။ ချစ်သူတွေ့၏။ စန်းထလျှင် ဟုတ်ဟုတ်,မဟုတ်ဟုတ် လုပ်သမျှ အဆင်ပြေ၏။ အဘက်ဘက်တွင် တိုးတက်အောင်မြင်မှု ရရှိ၏။ စီးပွားရေးသမားများ စီးပွားတက်၏။ နိုင်ငံရေးသမား နာမည်ကောင်းရ၊ ဂုဏ်ပေါင်းခ,၏။ ပညာရေးသမား ပညာတိုးပွား အောင်မြင်သွား၏။ အဆိုတော်၊ သရုပ်ဆောင် အနုပညာရှင်များ အနုပညာရပ်ဝန်းတွင် လျှမ်းလျှမ်းတောက်ထင်ပေါ်ကျော်ကြားသွားရ၏။ ဘုန်းတော်ကြီးများ အလှူအတန်း၊ လာဘ်သပ်ပကာ ပေါများ၏။ တရားဟောလျှင် နာမည်ကျော်ကြား လူကြိုက်များ၏။ မည်သူမဆို မည်သည့်အလုပ်ပဲလုပ်လုပ် စန်းပွင့်,စန်းထချိန်မှန်လျှင် မှေးမှိန်နေလေ့မရှိ။ တိမ်ကောပျောက်ကွယ်သွားခြင်း မရှိတတ်ပေ။

စန်း (ခေါ်) တနင်္လာဂြိုဟ်(ငွေလမင်းကြီး)သည် ငွေကြေး၊ အချစ်ရေး၊ သွေး၊ အတွေးအမြင်နှင့် စိတ်ဆန္ဒကို ကိုယ်စားပြု၏။ စန်းပွင့်,စန်းထပြီဆိုလျှင် ငွေရေးကြေးရေး တွေးပူနေစရာမလို အလိုလိုပြေလည်လာရ၏။ ငွေရေးကြေးရေး ပြေလည်၍ အတွေးအမြင် ကြည်လင်၊ သွေးသား အရောင်ထွက်၊ စိတ်ကူးစိတ်သန်း ကောင်းမွန်လာတတ်၏။ ငွေကြေးပြည့်စုံပြီး အတွေးအမြင် ကြည်လင်ရွှင်လန်း၊ စိတ်ကူးစိတ်သန်း ကောင်းမွန်နေသူအတွက် အချစ်ရေးရာမှာ လေနုအေးအေး ဝှေ့ယမ်းလာမှာ သေချာ၏။ နတ်မေးစရာ မလိုပါဘူး။ လိုအင်ဆန္ဒပြည့်ဝ၍ စိတ်ပျော်ရွှင်နေလျှင် စိတ်ပျော်,ကိုယ်နု ဆိုသည့်အတိုင်း ရုပ်ခန္ဓာလည်း မိုးဆမ်းပန်းလို နှင်းဆမ်းပန်းပမာ လန်းဆန်းလာ၏။ လိုတိုရှင်းပြောပါက ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာ လန်းဖြာလာ၏။

စန်း (ခေါ်) တနင်္လာဂြိုဟ်(ငွေလမင်းကြီး)သည် (၁၂) ရာသီစက်ဝန်းကို တစ်လလျှင် တစ်ပတ်နှုန်းဖြင့် လှည့်ပတ်သွားလာနေ၏။ တစ်ရာသီတွင် နှစ်ရက်နှင့် တစ်မွန်းတည့်စီ ရပ်တည်လေ့ရှိ၏။ နာရီအားဖြင့် တစ်ရာသီတွင် နာရီပေါင်း (၆၀) ရပ်တည်နေလေ့ရှိ၏။ ထိုသို့ တစ်ရာသီလျှင် နှစ်ရက်တစ်မွန်းတည့် (နာရီပေါင်းခြောက်ဆယ်) ရပ်တည်ပြီး (၁၂) ရာသီစက်ဝန်းသို့ လှည့်ပတ်သွားလာရာဝယ် ကုံရာသီတွင် တနင်္လာဂြိုဟ် ရပ်တည်နေစဉ် မွေးဖွားလာသူကို ကုံစန်းဇာတာရှင်ဟု ဗေဒင်ပညာက သတ်မှတ်ခေါ်ဝေါ်၏။ ပုံတွင် ကြည့်လိုက်ပါ။




ပုံတွင် ကုံရာသီခွင်၌ စန်း (ခေါ်) တနင်္လာဂြိုဟ် ရပ်တည်နေသည်ကို (၂)ဂဏန်းဖြင့် သင်္ကေတပြု ပြထား

www.burmeseclassic.com

www.burmeseclassic.com

၏။ ထို့အတူ စာဖတ်သူ ဗေဒင်ဝါသနာရှင်များရဲ့ ဇာတာခွင်တွင် ဖော်ပြပါ ကုံရာသီခွင်၌ (၂)ဂဏန်းကိုတွေ့လျှင် စာဖတ်သူအနေနှင့် ကုံစန်းဇာတာရှင်ဖြစ်ကြောင်း နားလည်လိုက်ပါ။ အကယ်၍ အသင့်ဖွဲ့ပြီးဇာတာ မရှိသေးပါက နီးစပ်ရာ ဗေဒင်ဆရာဆီ အကူအညီတောင်းလိုက်ပါ။ (သို့မဟုတ်) ဇာတာဖွဲ့ပေးသော ကွန်ပျူတာ/မိတ္တူဆိုင်များတွင် ဇာတာတစ်စောင် ဖွဲ့လိုက်ပါ။ မည်သို့မျှ အဆင်မပြေနိုင်သူ စာဖတ်ပရိသတ်များအနေနှင့် မိမိခန္ဓာကိုယ် ဖွဲ့စည်းပုံအနေအထားကိုကြည့်ပြီး အနီးစပ်ဆုံးမှန်ကန်အောင် အဖြေထုတ်နိုင်မည့် နည်းလမ်းလေးကို ဗေဒင်ပညာအရ ကူညီဖော်ပြပေးပါမည်။

ကုံရာသီ၏ ဂြိုဟ်တည်ပုံ ရာသီရုပ်သည် ရေအိုးကို သွန်မှောက်၍ ထိုင်နေသော ရေထမ်းသမားရုပ်၊ ရာသီပိုင် အိမ်ရှင်ဂြိုဟ်က စနေဂြိုဟ်၊ ရုပ်တည်နေသောဂြိုဟ်က တနင်္လာဂြိုဟ်ဖြစ်၍ သုံးရုပ်ပေါင်းစပ်ကြည့်လိုက်သောအခါ ကုံစန်းဇာတာရှင်မှန်က ကြီးမားတုတ်ခိုင်သော ကိုယ်ခန္ဓာ၊ အရပ်ခပ်ရှည်ရှည်၊ အမွေးအမှင်ထူထပ်ပြီး သွေးကြောများ ပေါ်လွင်နေတတ်၏။ မျက်နှာပြင်ကြီးမားပြီး နှာတံပေါ်လွင်နေတတ်၏။ လည်ပင်းရှည်မျောမျောနှင့် တင်ပါးဆုံ၊ ပေါင်၊ ခါး၊ ခြေသလုံးများ ထူထူခြားခြား ကြီးမားနေတတ်၏။ ထို့ပြင် လူတစ်ဖက်သား စိတ်ညွှတ်လာအောင် ဆွဲဆောင်နိုင်သော ရုပ်ဆင်းအင်္ဂါလက္ခဏာလည်း ရှိတတ်ပါသည်။ ရိုးသားဖြောင့်မတ်ပြီး လိုအပ်လျှင် အကူအညီပေးတတ်သော စိတ်ကောင်း,စေတနာကောင်း ရှိ၏။ အနစ်နာခံ၍ အများကောင်းကျိုးကို သယ်ပိုးဆောင်ရွက်တတ်၏။ လျှို့ဒါန်းပေးကမ်းမှု၌ ရက်ရောတတ်၏။ ဤသဘောတရားများ မိမိတွင် ထင်ရှားဖြစ်ပေါ်နေပါကလည်း စာဖတ်သူအနေနှင့် ကုံစန်းဇာတာရှင်တစ်ယောက် ဖြစ်နိုင်ပါသည်။

ကုံစန်းဇာတာရှင် မှန်ခဲ့ပါက (၂၀၁၃)ခုနှစ်၊ ဧပြီလ (၁၃)ရက်နေ့မှ မေလ (၂၄)ရက်နေ့ထိ (၄၂)ရက်အတွင်း အဖိုးတန်ကျောက်မျက်ရတနာများ ဝင်လိမ့်မည်။ ရုဋ္ဌာမဏိ ဘုရား မ,စလိမ့်မည်။ ရန်သူပြိုင်ဘက်ဟူသမျှကို အလွယ်တကူ အနိုင်ရရှိပေလိမ့်မည်။ အဘက်ဘက်၌ အောင်မြင်ကာ ရွှေထည်လက်ဝတ်ရတနာများ တသဲသဲတဖွဲဖွဲ ဝင်လာပြီး ကိုယ်စိတ်နှစ်ဖြာ ပျော်ရွှင်ချမ်းမြေ့နေပေလိမ့်မည်။ မဂ္ဂဇင်းစာမျက်နှာ၌ ဤစာကို ဖတ်နေချိန်တွင် ဇာတာရှင် အဖို့ရာ 'လိမ့်မည်'မဟုတ်တော့ဘဲ 'ဖြစ်နေပြီ၊ ရနေပြီ' လည်း ဖြစ်သွားနိုင်ပါသည်။ လင်္ဂအနေအထားနှင့် အခြား, အခြားသော ဂြိုဟ်အပေါင်းတို့၏ ဝင်ရောက်နှောင့်ယှက်ခြင်း၊ ပံ့ပိုးကူညီခြင်းများကြောင့် တစ်ဦးနှင့်တစ်ဦး ရရှိပိုင်ဆိုင် အနိုင်ရခြင်း၊ ပျော်ရွှင်ချမ်းမြေ့ခြင်း ကွာဟနိုင်၏။ လုံးဝမရနိုင်၊ မပိုင်ဆိုင်၊ အနိုင်မရဟူ၍ မရှိနိုင်ပေ။ မှန်ကန်ပါက လက်ခုပ်သံမကြားရနိုင်ပေမယ့် ဖုန်းသံလေးတော့ ကြားချင်ပါ၏။ ဟယ်လို··။

ထို့အပြင် ဇာတာရှင်သည် ဩဂုတ်လ (၂၁)ရက်မှ အောက်တိုဘာလ (၆)ရက်နေ့ထိ (၄၇)ရက်အတွင်း ကြေးနီ၊ ရွှေ စသည့်အဖိုးတန်သတ္တုများ ရရှိလိမ့်မည်။ လုပ်တိုင်းအောင် ဆောင်တိုင်းမြောက်၍ ဉစ္စာနေမြတ်စွန်းလိမ့်မည်။ အောင်မြင်မှုအထွေထွေရရှိမည်။ အတိုက်အခံ၊ ရန်သူများ မိမိနှင့်ဝေးရာသို့ နောက်ဆုတ်သွားကြလိမ့်မည်။ ယခင်ဖြစ်ပွားနေသော ရောဂါဝေဒနာများ ကင်းရှင်းသွားလိမ့်မည်။ ပြဿနာ၊ အခက်အခဲဟု ထင်မှတ်နေရသည်များအားလုံး ပြေလည်ပြီးဆုံးသွားလိမ့်မည်။ ရွှေကြာပန်းအဖူးသို့ပုံ အဝေရာ မသမ်းဘူးလို့ယုံဆိုတဲ့ သီချင်းစာသားကို ကိုယ်တိုင် ဆိုညည်းခွင့်ရပေလိမ့်မည်။ ပေါ်တိုင်းမှန်၍ စိတ်ရွှင်လန်းနေပါက ထိုစဉ်ကာလ သတိတရရှိခဲ့လျှင် 'ဉ··ဣတိပိ အရဟံ ဘယ်တစ်ပြန် ညာတစ်ပြန် ဝင်ဟာ··ဝင်ဟာ' လို့ ဆရာကံထူး မှာတိုင်းသာ အပျော်တမ်းရွတ်ဆိုနေလိုက်ပါ။ (ဘုရားရှေ့ ထိုင်ရွတ်နေစရာ မလိုပါ။) မထင်မှတ်တဲ့ အရာများ ဝင်လာပေလိမ့်မည်။

အောက်တိုဘာလ (၇)ရက်မှ နိုဝင်ဘာလ (၂၇)ရက်ထိ (၅၂)ရက်အတွင်းမှာတော့ ကုံစန်းဇာတာရှင်များ အိမ်ထောင်ရေးသတိထားရမည့်ကာလပါ။ အချင်းချင်း အပြန်အလှန် နားလည်မှုလွဲမှားနိုင်၏။ ချစ်သူရည်းစားဘဝဆိုပါကလည်း လေပြည်နှော့ပြီး ချော့ရမည့်ကာလပါပဲ။ အိမ်ထောင်ရှင်များအတွက် ယတြာစကားဆိုရလျှင် ထိုကာလအတွင်း သစ္စာထိုက်တဲ့ သီလပရမတ္ထပါရမီမြောက်အောင် ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်ကို ဆောက်တည်ထားလိုက်ပါ။

မိမိအိမ်ထောင်ဖက်က အထင်လွဲစကား ဆိုလာသည့်အခါတိုင်း 'ငါသည် အောက်တိုဘာလ (၇)ရက်နေ့မှ နိုဝင်ဘာလ (၂၇)ရက်နေ့ထိ ကာမေသုမိစ္ဆာစာရကို အသက်တည်းဟူသော အကြောင်းကြောင့်လည်း မလွန်ကျူးပါ'ဟု သစ္စာဆို၍ သီလပရမတ္ထပါရမီအဖြစ် ဆောက်တည်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com


ဤစကားသည် မှန်သောသစ္စာစကား ဖြစ်ပါသည်။ ဤမှန်သောသစ္စာစကားနှင့် ဆောက်တည်အပ်သော သီလပရမတ္တပါရမီစွမ်းအားကြောင့် သံသယအမှန်းများ ပျောက်ကင်းပါစေ'လို့သာ ဘုရားရှေ့မှာ သစ္စာဆိုလိုက်ပါ။ အလိုလိုပြေပျောက်သွားပါလိမ့်မည်။

ချစ်သူများအတွက်တော့ သူပေးထားတဲ့ အနီရောင်ပစ္စည်းတစ်ခုခုရှိခဲ့ရင် သူ့ကို ပြန်ပေးလိုက်ပြီး 'နင် စိတ်ကောက်ပြေပျောက်တော့မှ ငါ့ကို ပြန်ပေးပါ'လို့ တိုတိုတုတ်တုတ်ပြောပြီး လှည့်ထွက်လာခဲ့ပါ။ ဖုန်းနှင့်ပြောက ဖုန်းချလိုက်ပါ။ အဆင်ပြေသွားပါလိမ့်မည်။ အဆိုပါပြဿနာများ ဖြစ်ပွားလာပြီး ပြေလည်အောင် မဖြေရှင်းနိုင်လျှင် အစာအိမ် (သို့မဟုတ်) မျက်စိတွင် ရောဂါဝေဒနာ ကျရောက်တတ်၏။ သတိပြုပါလေ။

(၂၀၁၃)ခုနှစ်၊ နိုဝင်ဘာလ (၂၈)ရက်နေ့မှ (၂၀၁၄) ခုနှစ်၊ စက်တင်ဘာလ (၄)ရက်နေ့ထိ (၉)လခန့်ကာလမှာတော့ ကံစန်းဇာတာရှင်များ တောဘုမ္မာ တေးသွားကို ဆိုညည်းပြီး ခရီးသွားရသလို ရှိတတ်၏။ ကထစ်ကရစ် နိမ့်လိုက်,မြင့်လိုက်၊ ဥစ္စာခနဲဆုံးရှုံးလိုက်၊ ဂုဏ်သိက္ခာကျဆင်းလိုက်၊ ဒဏ်ရာအနာတရဖြစ်လိုက် တစ်ခုမဟုတ်တစ်ခု ဖြစ်နေတတ်၏။ ထိုအတွက် ယတြာကား ဆင်ခြင်တုံတရားသာ အဓိကဟု ဆိုချင်ပါသည်။ ဤကာလအတွင်း ရင်းနှီးမြှုပ်နှံမှု များများမလုပ်သင့်၊ လုပ်ငန်းတိုးချဲ့ခြင်း မပြုသင့်၊ ချင့်ချင့်ချိန်ချိန် လုပ်ရကိုင်ရမည်ဟု သတိထားခြင်းသည်သာလျှင် ဇာတာရှင်အတွက် သက်သာရာသက်သာကြောင်းဖြစ်ပေသည်။

အဆိုးကာလဟုဆိုရမည့် အညံ့ကာလများ ကုန်ဆုံးပြီး (၂၀၁၄)ခုနှစ်၊ စက်တင်ဘာလ (၅)ရက်မှ အောက်တိုဘာလ (၁၉)ရက်နေ့ထိ (၄၉)ရက်အတွင်း ချဉ်းနင်းဝင်ရောက်လာသောအခါ၌ကား ဇာတာရှင်သည် အဘက်ဘက်၌ မြတ်စွန်းနေပေမည်။ အကျင့်သီလအာစာရ ယုတ်ညံ့ခဲ့မှုကား မြတ်စွန်းခြင်း လျော့နည်းသွားပြီး တစ်ဖက်တွင် အောက်တန်းကျသည့် အပြုအမူများကို ဇာတာရှင် ပြုလုပ်နေမိလျက်သားဖြစ်သွားတတ်၏။

(၂၀၁၄)ခုနှစ်၊ အောက်တိုဘာလ (၂၀)ရက်နေ့မှ နိုဝင်ဘာလ (၂၈)ရက်နေ့ထိ (၃၉)ရက်အတွင်းမှာ ဇာတာရှင်သည် အကြီးအကဲရာထူးတစ်နေရာသို့ ရောက်တတ်၏။ အစစအရာရာ ပျော်ရွှင်ချမ်းမြေ့မှု ရှိပေလိမ့်မည်။ ငွေကြေး



ဥစ္စာခနေ မြတ်စွန်းသည့်အပြင် ရောဂါဘယကင်းဝေးပြီး အိမ်,ခြံ,မြေများသည် ပိုင်ဆိုင်လာပေလိမ့်မည်။ အရာရာ အဆင်ပြေ၊ အထွေထွေအောင်မြင်ပြီးမြောက်၊ ဘေးမနှောင့် ရန်မခစေဖို့ ဆရာကံထူး အကြံပေးချင်ပါသည်။

ဇာတာရှင်နေအိမ်တွင် အနောက်ဘက်အရပ်က တံခါးပေါက်ဝနားတွင် ရေအိုးတစ်လုံး အဖုံးဖွင့်ချထားပြီး မိုးတိမ်ရောင်ကြာပန်းအပြာကလေး စိုက်ထောင်ထားလိုက်ပါ။ ဤယောစာတမ်းပါ နေ့ရက်အခါတစ်ခု၏ အစဆုံး တနင်္လာနေ့ တစ်ရက်တည်းသာလုပ်ပါ။ ဥပမာ-ပထမပိုဒ် (၂၀၁၃) ခုနှစ်၊ ဧပြီလ (၁၃)ရက်နေ့မှစ၍ ဆိုရာတွင် (၁၃)ရက်နေ့သည် စနေနေ့ဖြစ်၍ (၁၄)ရက်မှာ တနင်္ဂနွေနေ့ဖြစ်ပါသည်။ (၁၅)ရက်သည်သာ အစဦးဆုံးတွေ့သော တနင်္လာနေ့ ဖြစ်ပါသည်။ ထိုကာလ (၄၂)ရက်တာအတွက် ဧပြီလ (၁၅)ရက် တနင်္လာနေ့ တစ်ရက်တည်းသာ လုပ်ရပါမည်။ ခဏ,ခဏ လုပ်ရန်မလိုပါ။ လုပ်ခဲ့ပါကလည်း အပြစ်မရှိပေ။ အခြားသော အခါကာလများ၌လည်းထို့အတူပင် အစဦးဆုံး တနင်္လာနေ့တွင် စိတ်ကြည်ကြည်လင်လင်ထားပြီး ပြုလုပ်လိုက်ပါ။ လှန်ထားသောအိုး၌ ရေပြည့်ကြာတင့်သကဲ့သို့ အစစအရာရာ လိုအင်ဆန္ဒပြည့်ဝပြီး အသရေတင့် ဂုဏ်ထည်ဝင့်ကာ မြင့်သည်ထက် မြင့်လာပေလိမ့်မည်။

ရွှင်လန်းချမ်းမြေ့ကြပါစေဗျာ။

**<u>စကားကြွင်း</u>**

နီလာ (သို့မဟုတ်) မဟူရာကို အဆောင်လက်စွပ်လုပ်ပြီး ဝတ်ဆင်ထားလိုက်ပါ။ ကျန်းမာ၊ ရန်အောင်၊ လာဘ်ကိုဆောင်ပေးလိမ့်မည်။

**ခင်မင်လေးစားလျက်**

**ဆရာကံထူး(ဝေဒသုတေသီ)**

ဖုန်း - ၀၉ ၄၀ ၁၅၃၄၉၉၉



www.burmeseclassic.com

www.burmeseclassic.com



ဂမ္ဘီရပရိသတ်မေး၍

ဆရာရန်အောင်ဟိန်း ဖြေသည်

## ဂမ္ဘီရမဂ္ဂဇင်း (ဗေဒင် အမေး-အဖြေ ကဏ္ဍ)

ဂမ္ဘီရမဂ္ဂဇင်း၏ ဗေဒင် အမေး-အဖြေကဏ္ဍတွင် မေးမြန်းလိုပါက မေးလိုသောအချက်ကို အတိအကျ(လိုတိုရှင်း) ရေးသား၍ အောက်ဖော်ပြပါလိပ်စာအတိုင်း လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ဂမ္ဘီရ မဂ္ဂဇင်း

အမှတ်-၁၈၂(က)(မြေညီထပ်)၊ ၃၃-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

- မေးသူ၏အမည် ------------------------------
- မွေးနေ့ (နှစ်၊ လ၊ ရက်) ------------------------------
- မွေးဖွားရာ မြို့/ရွာ ------------------------------
- အချိန်နာရီ (နေ့/ည) ------------------------------

**မေးခွန်းများ**

(၁) ------------------------------------------------

(၂) ------------------------------------------------

(၃) ------------------------------------------------



www.burmeseclassic.com

www.burmeseclassic.com


ဂမ္ဘီရပဂိုဒ်သဝဏ်မေး၍

# ဆရာရန်အောင်ဟိန်း

ဖြေသည်

**မသီသီ**

**(၃-၄-၁၉၈၂၊ နံနက် ၈း၀၀ နာရီ၊ အရာတော်မြို့)**




(၁) *ဘဝတွင် ချမ်းသာပြည့်စုံစွာ နေရမည်လား။*

သင့်တင့်ပြည့်စုံသော အလတ်တန်းစားဘဝမျိုးတွင် နေရပါလိမ့်မည်။

(၂) *မိဘကို အနီးကပ် ပြုစုလုပ်ကျွေးခွင့် ရမည်လား။*

မိခင်အားမူ ရေရှည်လုပ်ကျွေးနိုင်ခွင့် ကြုံပါမည်။

(၃) *အိမ်ထောင်ကံ ကောင်း/မကောင်း။ ကာလ၊ အသက်။*

အိမ်ထောင်ကံ သင့်ပါသည်။ (၂၀၁၄)ခုနှစ်တွင် ရုတ်တရက် အိမ်ထောင်ကျတတ်သည်။ မကောင်းသေးပါ။ (၂၀၁၅)ခုနှစ်အတွင်းကို ပြုသင့်၏။ အိမ်ထောင်တစ်ဆက်ထက် ပိုတတ်ခြင်းကို သတိပြုရမည့် ဇာတာမျိုးဖြစ်၏။

**မထွေးထွေး**

**(၁၃-၄-၁၉၈၉၊ နံနက် ၆း၀၀ နာရီ၊ အရာတော်မြို့)**


(၁) *အစိုးရရုံးဝန်ထမ်း လျှောက်ထားသည်။ ရမည်လား၊ ကာလ။*

ရုံးဝန်ထမ်းအဖြစ် ရေရှည်လုပ်ဖြစ်မည့် ဇာတာမျိုး မဟုတ်ပါချေ။ ရရန်လည်း မမြင်ပါ။

(၂) *မိဘကို အနီး/အဝေး မည်သို့ပြုစုစောင့်ရှောက်နိုင်မည်နည်း။*

အနီးနေ၍ ပြုစုစောင့်ရှောက်နိုင်ရန် ရှိပါသည်။

(၃) *လက်ရှိချစ်သူ(သောကြာသား)နှင့် ဖူးစာဆုံမည်လား။*




အိမ်ထောင်ဖက်မှာ သောကြာ၊ စနေ၊ ဗုဒ္ဓဟူးထဲက ဖြစ်တတ်၍ ချစ်သူထဲမှလည်း ဖြစ်တတ်သောကြောင့် ဖူးစာဆုံနိုင်ပေသည်။

**E.M.Z**

**(၁-၁၂-၁၉၈၅၊ နံနက် ၅း၀၀ နာရီ၊ ပြန်တန်ဆာမြို့)**


(၁) *ဘဝတွင် ရပ်တည်ရမည့် အလုပ်အကိုင်။*

ရေ၊အရည် (လက်ဖက်ရည်ဆိုင်၊ အအေးဆိုင်၊ ရေသန့်)နှင့် ပတ်သက်သောလုပ်ငန်း၊ ပညာရေးနှင့်ပတ်သက်သောလုပ်ငန်း (ကျောင်းဆရာ၊ ကျူရှင်ဆရာ) လုပ်ရတတ်၏။

(၂) *ကိုယ်ချစ်၊သူချစ် အကျိုးပေးမှာလား။*

ကိုယ်ချစ်သကဲ့သို့ ရိုးသားသောတုံ့ပြန်မှုမျိုး ပြန်မရတတ်ပါ။

(၃) *ဘဝတွင် အေးအေးချမ်းချမ်း နေရမည်လား။*







www.burmeseclassic.com

www.burmeseclassic.com

ရိပ်သာတွင်နေသူပင် အေးချမ်းမှုမရတတ်ပါ။ လက်တွင် ကိတ်ပူး၍ ရာဟုမြင်သည့်အပြင် ပါပကတ္တရိသင့်၍ အေးချမ်းမှု မရတတ်ပါ။

**S.D.S**

**(၂၁-၃-၁၉၇၅၊ ည၊ မြန်တန်ဆာမြို့)**




* မွေးချိန်မပါ၍ စန်းမှထောက်ဟောပေးလိုက်၏။ မွေးချိန်ပါသကဲ့သို့ကား မတိကျနိုင်ပါ။

(၁) *လက်ရှိရုံးဝန်ထမ်းဘဝ ရာထူးတိုးကိန်း ရှိပါသလား။*

နောက်(၃-၄)နှစ်အကြာတွင် ရာထူးတိုးရန်ရှိပါသည်။

(၂) *အိမ်ထောင်ကံ၊ အိမ်ထောင်ကျကိန်း။*

စန်း၊ စနေပူးသော ပူနာပူးကိန်းကျပြီး စန်းမှ (၇)တန့်သခင် ၅တေး စန်းမှ (၁၀)တန့်တွင်ရပ်၍ အိမ်ထောင်ကျရန် ခဲယဉ်း၏။


(၃) *ထီဆုကြီးပေါက်မည့်ကံ ပါ/မပါ။*

ထီကိန်းအားနည်းပြီး ဆုသေးလေးများလောက်သာ ရတတ်၏။ (၂၀၁၄)ခုနှစ်၊ ဒုတိယနှစ်ဝက်အတွင်း ထီကံစမ်းကြည့်ပါလေ။

## မသျှင်မင်းငယ်

**(၃၀-၄-၁၉၉၅၊ နံနက် ၄း၀၀ နာရီ၊ မိုးညှင်းမြို့နယ်)**

(၁) *ပညာရေးအဆင့်အတန်း။*




ဘွဲ့တစ်ခုတော့ ရပါလိမ့်မည်၊

(၂) *မိဘကို ကျေးဇူးဆပ်ခွင့် ကြုံမည်လား၊ ကာလ။*


မိဘကို ကျေးဇူးဆပ်ခွင့်ကြုံပါမည်။ (၂၀၁၅)ခုနှစ်နောက်ပိုင်းဖြစ်၏။

(၃) *အိမ်ထောင်ကံ၊ ကာလ၊ ပုံသဏ္ဌာန်၊ အသက်။*

အိမ်ထောင်ကံ သင့်၏။ အိမ်ထောင်ကျ နောက်ကျတတ်၍ အသက်(၃၀)နှစ်ကျော်ပိုင်းရောက်မှ အိမ်ထောင်ကျတတ်၏။ မိမိထက် အသက်ကြီးမည်။ အသားလတ်၊ အရပ်,ကိုယ်ခန္ဓာ အလတ်စား၊ မျက်နှာပြည့်မည်။

## မအိအိ

**(၇-၁၁-၁၉၉၉၊ နံနက် ၉း၀၅ နာရီ၊ ရန်ကုန်မြို့)**




(၁) *ပညာရေးအခြေအနေ။ ပညာဖြင့် အသက်မွေးဝမ်းကျောင်းရမည်လား။*

ပညာရေး အဆင့်မြင့်မည်။ ပညာဖြင့် အသက်မွေးရတတ်သည်။

(၂) *ဘဝအဆင့်အတန်း၊ အခြေအနေ။*

ဘဝအဆင့်မြင့်မားစွာ နေရတတ်သည်။

(၃) *ကျန်းမာရေးအခြေအနေ။*

(၂၀၁၄)ခုနှစ်၊ ဖေဖော်ဝါရီလအထိ ကျန်းမာရေးအထူးသုံ့ခြင်းမျိုး မမြင်ပါ။

## ဦးနိုင်နိုင်

**(၃၁-၁၀-၁၉၆၀၊ ည ၁၁း၁၀ နာရီ၊ ကျုံပျော်မြို့)**


(၁) *လက်ရှိလုပ်ကိုင်နေသောစီးပွားရေး တိုးတက်မှုအခြေအနေ။*

ငွေကြေးအရ တိုးတက်မှုများ ရှိနေပါသည်။ (၂၀၁၄)ခုနှစ်ကုန်ထိဖြစ်သည်။ (၂၀၁၃)ခုနှစ်၊ စက်တင်ဘာလမှ နှစ်ကုန်ထိတွင် တံ့ဆိုင်း(တုံ့)မှု အချို့ရှိမည်။

(၂) *ယာဉ်မတော်တဆအန္တရာယ် ရှိ/မရှိ။*

www.burmeseclassic.com

www.burmeseclassic.com





(၂၀၁၃)ခုနှစ်၊ မတ်လမှ စက်တင်ဘာလအတွင်း မတော်တဆထိခိုက်မှု ကြုံရတတ်၏။

(၃) *ထီပေါက်ကံ၊ ကာလ။*

ထီပေါက်ကံရှိပါသည်။ (၂၀၁၄)ခုနှစ်အတွင်း ထီကံစမ်းကြည့်ပါလေ။

## ဒေါ်မြင့်မြင့်

**(၅-၅-၁၉၆၀၊ နံနက် ၉း၁၃ နာရီ၊ ရန်ကုန်မြို့)**




(၁) *လက်ရှိဝန်ထမ်းဘဝ ရာထူးတက်ကိန်း။*

ရာထူးတက်၊ နယ်ပြောင်းပါခြင်းကို လက်ခံနိုင်လျှင် (၂၀၁၃)ခုနှစ်၊ မတ်လမှ (၆)လအတွင်း ရနိုင်ရန်ရှိ၏။

(၂) *ဘဝတစ်သက်တာ နေရမည့် လူနေမှုအဆင့်အတန်း။*

လူလတ်တန်းစားထက် သာလွန်သောအဆင့်မျိုးတွင် နေရလိမ့်မည်။


(၃) *ကျန်းမာရေး။*

(၂၀၁၅)ခုနှစ်အထိ အညှိမတွေ့ပါ။ သိသာစွာ မညှိဟု ဆိုလိုသည်။

## မခိုင်ခိုင်

**(၇-၁၀-၁၉၈၇၊ နံနက် ၁၁း၀၀ နာရီ၊ ပဲခူးတိုင်းဒေသကြီး)**

(၁) *ဘဝတွင် ကြီးပွားတိုးတက်ရန် အခွင့်အလမ်းနှင့်*




*ကာလ။*

(၂၀၁၇)ခုနှစ်တစ်ဝိုက်တွင် ကြီးပွားတိုးတက်မှုကာလစတတ်ပါသည်။ ဘဝကံအရ အလတ်စားသာ ကြီးပွားတတ်၏။

(၂) *အိမ်ထောင်ကံ၊ ကာလ။*

အိမ်ထောင်ကျ နောက်ကျတတ်၏။ အသက်(၂၈)နှစ်တစ်ဝိုက်တွင် မြင်သော်လည်း မကောင်းသေး၊ မမြဲတတ်။ (၃၃)နှစ်တွင်ပေါ်မည့် အခွင့်အလမ်းကသာ သင့်လျော်၏။

(၃) *အေးချမ်းသာယာသောဘဝမျိုး ပိုင်ဆိုင်ခွင့်ရမည်လား။*

လဂ်တွင် စနေပူး၍ စန်းကို ရာဟု၊ ကိတ် ကြပ်ထားကာ ၁နွေ၊ ၃ဂ်၊ ပါပဂြိုဟ်များ မြင်ထား၍ ဘဝမှာ မည်သို့အေးချမ်းသာယာပါမည်နည်း။

## မခင်ချိုဝင်း

**(၂၃-၂-၁၉၅၉၊ နံနက်၊ ကြံခင်းမြို့နယ်၊ ဆတ်ရဲရွာ)**


* မွေးချိန်မပါ၍ တိကျမှုအားနည်းနိုင်၏။

(၁) *ကိုယ်ပိုင်အိမ်နှင့် နေရမည်လား။*

ကိုယ်ပိုင်အိမ်နှင့် နေရတတ်ပါသည်။ စန္ဒလဂ္ဂနမှ (၄)တန့်သခင် ၃ဂ်၊ (၄)တန့်ကို ပြန်မြင်ထားပြီး စန်းမှ (၄)တန့်တွင် ၅တေးရပ်၍ဖြစ်သည်။

(၂) *သားသမီးအကျိုး အမြဲခံစားရမည်လား။*

သားသမီး ကာရက၊ ၄ဟူးဂြိုဟ် စန်းမှ (၈)တန့်တွင်






www.burmeseclassic.com

www.burmeseclassic.com


ရပ်ပြီး စန်းမှ (၅)တန့်တွင် စနေရပ်၍ မခံစားရနိုင်ပါ။

(၃) *နိုင်ငံရပ်ခြားတွင် အမြဲနေရမည်လား။*

နိုင်ငံရပ်ခြားတွင် ဘ၀နောက်ပိုင်း၌ အခြေချနေထိုင်ရပါလိမ့်မည်။ စန်းမှ (၁၂)တန့်သခင် ၂လဂ်အား (၄)တန့်သခင် ၅တေး မြင်၍ဖြစ်သည်။

**မောင်ကောင်းထက်သာ**

**(၁၁-၃-၁၉၉၁၊ ည ၁၀း၃၀ နာရီ၊ ကြံခင်းမြို့)**




(၁) *နိုင်ငံခြား(အဓိက စင်ကာပူ)သို့ ရောက်နိုင်မည့်နှစ်။*

နိုင်ငံခြားကံ ထစ်ငေါ့ခက်ခဲမှုရှိတတ်၏။ (၂၀၁၄)ခုနှစ်၊ မတ်လကျော်မှသာ အဆင်ပြေရန်ရှိ၏။

(၂) *အနုပညာ(ဂီတ)ပြိုင်ပွဲ အနိုင်ရ၊ အောင်မြင်မည်လား။*

မအောင်မြင်နိုင်ပါ။ (၂၀၁၃)ခုနှစ်၊ မေလထိ ကိန်းမကောင်းလှပါ။

(၃) *အိမ်ထောင်ရေးကောင်းမည်လား။*


အိမ်ထောင်ကံကား မညံ့ပါ။ အကောင်းကြီးတော့ မဟုတ်ပါ။

**မနုနုဝေ**

**(၂၀-၃-၁၉၈၂၊ နံနက်)**

* မွေးချိန်မတိကျ၍ အဖြေတိကျမှု အားနည်းတတ်၏။

(၁) *ဘ၀မှာ အိုးပိုင်အိမ်ပိုင်နှင့် နေရမည်လား။*




စန္ဒြလဂ္ဂ(စန်း)မှ (၄)တန့်သခင်၊ ၃ဂြိုဟ် (၉)တန့်ဘာဝမှ ၄တန့်အား (၈)တန့်အထူးမြင်ကြ၍ ဘ၀တွင် အိုးအိမ်ပိုင်ဆိုင်ရတတ်၏။

(၂) *အိမ်ထောင်ဖက်ကောင်း တွေ့ဆုံရမည်လား။*


အိမ်ထောင်ဖက်ကောင်းတော့ ရတတ်၏။

(၃) *စက်ချုပ်ပညာဖြင့် ကိုယ်ပိုင်လုပ်ကိုင်ရပ်တည်နိုင်မည်လား။*

စန်းမှ (၁၀)တန့်သခင် ဖြကြာ စန်းနှင့်ပူး၍ အင်္ဂါ(စက်ကာရက)ဂြိုဟ်နှင့် တြိကောဏနေ၍ စက်ချုပ်လုပ်ငန်း(အထည်)ဖြင့် ကိုယ်ပိုင်ရပ်တည်နိုင်၏။

**မဖွေးဖွေး**

**(၂၅-၁၁-၁၉၇၂၊ ညနေ ၄း၂၈ နာရီ၊ ဟင်္သာတမြို့)**




(၁) *ဈေးရောင်းရင် ဘယ်နေ့နံ ရောင်းရမလဲ။*

စနေနံ၊ တနင်္ဂနွေနံ ပိုအကျိုးပေး၏။ ဓာတ်အရကား အထည်၊ စိုက်ပျိုးရေးထွက်ကုန်၊ ဖိနပ်၊ စားသောက်ကုန်၊ အချိုရည် အကျိုးပေး၏။

(၂) *ကိုယ်ပိုင် အိမ်၊ ခြံ၊ မြေနှင့် နေရမည်လား။*

ဤကံမျိုး အားနည်း၏။

(၃) *ရွှေလျှော်ဂဏ် ကံဓာတ်ကို သိချင်ပါသည်။*

ဒုက္ခရောက်ဖို့တော့ မရှိပါ။ မရှိမရှား အနေအထားမျိုးတွင် နေရပါမည်။ ကျန်းမာရေးညံ့လာတတ်ခြင်း သတိပြုပါ။ ဆီး၊ သားအိမ်၊ မီးယပ်၊ အစာလမ်းကြောင်းဆိုင်ရာ ရောဂါထဲမှ သတိပြုပါ။

**ဆရာရန်အောင်ဟိန်း(B.Sc)**

**(ခရစ်ရှနားမူတီးပဒ္ဓတိ ရှေ့ဆောင်နက္ခတ်ပညာရှင်)**

**အမှတ်-၂၂၁/၂၂၃(ပ-ထပ်)၊ ၃၁-လမ်း(အထက်)၊**

**(စင်ထရယ်ဟိုတယ်အနီး)၊**

**ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၃၁ ၃[illegible]၂၆**

www.burmeseclassic.com

www.burmeseclassic.com

# ကောပီစနစ်နှင့် ရာသီဥတုဆိုင်ရာဗေဒင်ပညာ



ဆရာရန်အောင်ဟိန်း(B.Sc)

(ယခင်လမှအဆက်)

**မေထုန်ရာသီ (GEMINI)**



မေထုန်ရာသီသည် အေးစက် (cold) ပြီး ကြမ်းတမ်းသောသဘော ကိုဆောင်သည်။ အပူချိန်ဇာတာ (Temperature Chart) တွင် အေးမြသောရာသီဥတုကို ဖော်ပြရန် အလေးသာသည်။ သို့သော် အပြောင်းအလဲမြန်သောသဘော အားကောင်း၍ အပူချိန် အမျိုးမျိုးကို အတက်အကျမြန်စွာ ဖော်ပြတတ်သည်။ ယင်းရာသီက မကာရရာသီကဲ့သို့ အလွန်အမင်း အေးမြခြင်းမျိုးကိုကား မဖော်ပြပေးပါချေ။ သို့သော် မိန်ရာသီကဲ့သို့ အေးမြသောရာသီထက်ကား ပိုမိုအေးမြမှုကို ဖော်ပြပေးပါမည်။ အေးမြခြင်းအပြင် အပူချိန်အပြောင်းအလဲမြန်ခြင်းကိုလည်း ဖော်ပြပေးတတ်ပါသည်။

မည်သည့်ရာသီမှ မေထုန်ရာသီကဲသို့ လေထန်ခြင်း (windy) မျိုးကို မဖော်ပြနိုင်ပါချေ။ သို့သော် ကန်ရာသီကား မေထုန်ရာသီနီးပါးမျှ လေထန်ခြင်းကို ဖော်ပြပေးနိုင်ပါသည်။ တူရာသီသည် လေထန်ခြင်းမျိုးကို ဖော်ပြပေးတတ်သော်လည်း မေထုန်နှင့် ကန်ရာသီများကဲ့သို့ကား မပြင်းထန်တတ်ပါချေ။ အပူချိန်ဇာတာနှင့် လေထုရွေ့လျားမှုပြဇာတာများတွင် ယင်းရာသီ လွှမ်းမိုးပါက ဆက်တိုက်လေတိုက်ခတ်ခြင်းမျိုး ကြုံရစေနိုင်ပါသည်။ ရာသီဥတုဇာတာများ(weather charts) တွင် မုန်တိုင်းကို ဖော်ပြပေးနေပါက လေတိုက်နှုန်းပိုမိုပြင်းထန်မှုကို ဖော်ပြပေတော့မည်။

မေထုန်ရာသီသည် ဖုန်ထသော ခြောက်သွေ့ခြင်းမျိုးကိုလည်း ဖော်ပြပေးတတ်ပါသည်။ မိုးရွာခြင်းမျိုးကို မဖော်ပြပေးသည့်အပြင် တိမ်များကိုပင် အဝေးသို့ နှင်ထုတ်ပေးတတ်ပေသည်။ ရာသီဥတုဇာတာတွင် မိုးရွာခြင်းကို ဖော်ပြနေသည့်တိုင်အောင် ရုတ်တရက်ရွာချခြင်းမျိုးကို ဖြစ်စေတတ်ပါသည်။ ထို့ပြင် ဝေါခနဲ ရုတ်တရက်ရွာချခြင်း (ဝါ) လေထန်ခြင်း ပူးတွဲဖြစ်စေသော မုန်တိုင်းမိုးမျိုး ဖြစ်စေတတ်ပါသည်။

**ကရကဋ်ရာသီ (CANCER)**



ကရကဋ်ရာသီသည်လည်း အေးမြသောရာသီတစ်ခု ဖြစ်သည်။ သို့သော် မကြမ်းတမ်းတတ်ပါချေ။ မကာရနှင့် ကုန်ရာသီတို့ကဲ့သို့ကား မအေးလွန်းတတ်ပါချေ။ မိန်ရာသီထက် ပိုအေးစေတတ်ပါသည်။ နွေရာသီတွင် မိုးရွာချ၍ အေးခြင်းမျိုး ဆောင်းရာသီတွင် နှင်းကျ၍ အေးခြင်းမျိုးနှင့် အလားတူပါသည်။ အပူချိန်ဇာတာတွင် ကရကဋ်ရာသီ လွှမ်းမိုးထားပါက အပူချိန်နိမ့်ပါးကျဆင်းခြင်းဆီ ဦးတည်သွားစေတတ်ပေသည်။

ကရကဋ်ရာသီကို တနင်္လာဂြိုဟ်စိုးမိုးထား၍ ငြိမ်မသက်ဖြစ်ခြင်းနှင့် လေပြေလေညင်း သွက်သွက်လေးတိုက်ခြင်းမျိုးကို ဖော်ပြပေသည်။ ယင်း၏လွှမ်းမိုးမှုကား ငြိမ်သက်ခြင်းမျိုးဆီလည်း ဦးတည်သွားစေတတ်ပါသည်။ ယင်းသို့သော လွှမ်းမိုးမှုမျိုးကို ဖြစ်စေတတ်သော စရရာသီများတွင် ယင်းမှာ တစ်ခုတည်းသော လှုပ်ရှားမှုပြရာသီဖြစ်သည်။

မိဿရာသီက လေတိုက်တတ်ခြင်းနှင့် မကာရရာသီက လေနှင့်မုန်တိုင်း တိုက်ခတ်ခြင်းတို့ကို ဖော်ပြပေသည်။ ဆိတ်ငြိမ်ခြင်း(silent) မျိုးကို ပြိဿနှင့် တူရာသီတို့က အထူးဖော်ပြတတ်ကြသော်လည်း ကရကဋ်ရာသီအား ရာသီဥတုငြိမ်သက်သွားခြင်းမျိုးအတွက် ထည့်သွင်းစဉ်းစားရပေမည်။

ကရကဋ်ရာသီမှာ ရာသီအားလုံးတွင် အစွတ်စိုဆုံး (wettest) ဖြစ်ပေသည်။ ဗြိစ္ဆာရာသီသည် စွတ်စိုခြင်းကို ဖော်ပြသော်လည်း ယင်း၏အစွန်းရောက်တတ်သောသဘောက ရေလျှံခြင်းမျိုးထိ ဖော်ပြတတ်ပါသည်။ ကရကဋ်ရာသီ

www.burmeseclassic.com

www.burmeseclassic.com

သည် လေထုစိုထိုင်းခြင်းပြဇာတာ(moisture chart) တွင် လွှမ်းမိုးပါက မိုးကြီး မှန်မှန်နှင့် သဲသဲမဲမဲ ရွာချခြင်းမျိုးကို ကို ဖော်ပြပေးပါသည်။ တိမ်မရှိခြင်း၊ ရုတ်တရက် မုန်တိုင်း တိုက်ခြင်းမျိုး မဖြစ်ပေါ်ခြင်း၊ မိုးဖွဲဖွဲလေးရွာခြင်း (သို့ မဟုတ်) နာရီအနည်းငယ်ကြာအောင် မိုးရွာခြင်း စသည် တို့ကိုကား မဖြစ်စေနိုင်ပါချေ။ ယင်း၏လွှမ်းမိုးမှု အား ကောင်းလွန်းပါက မိုးရွာပြီးရင်းရွာဖြစ်တတ်ကာ မိုးရေများ က အချိန်နှင့်အမျှ ရက်ပေါင်းများစွာကြာအောင် လွှမ်းလွှမ်း မိုးမိုး ကျရောက်နေတတ်ပါသည်။

**သိဟ်ရာသီ (LEO)**



သိဟ်ရာသီသည် ပူပြင်းသော ရာသီဥတုကို ဖော်ပြကြောင်း အသိ များကြပေသည်။ ခြောက်သွေ့ပြီး ပူ ပြင်းခြင်းကို ဖော်ပြပေသည်။ ယင်း ၏ အပူချိန်အောက်တွင် သတ္တဝါများ အသက်ရှူရပင် ကျပ် လာတတ်သည်အထိ ပူပြင်းခြောက်သွေ့စေတတ်သည်။ နေ ၏ရောင်ခြည်များသည် ပြင်းထန်စွာ ကျရောက်ရကား မြေ ပြင်ပေါ်တွင် နေရသည်မှာ ချွေးပြိုက်ပြိုက်ကျအောင် ပူစပ် ပူလောင် ဖြစ်စေတတ်သည်။ ဆောင်းရာသီ၌ပင် ယင်းရာသီ လွှမ်းမိုးက နေသာသောနေ့များတွင် နှင်းများကို အရည်ပျော် ကျစေကာ နှင်းတိမ်တိုက်များပင် ပျောက်ကွယ်သွားတတ် သည်။

ယင်းရာသီပြီးလျှင် ပြိဿရာသီသည် အငြိမ်သက်ဆုံး ရာသီဖြစ်သည်။ သိဟ်ရာသီစွမ်းအားက လေထုအား ထိန်း ချုပ်ထားနိုင်သည်။ ထို့ကြောင့် ဆောင်းရာသီတွင်ပင် ပူ နွေးသောပတ်ဝန်းကျင်မျိုးကို ဖြစ်စေကာ လေငြိမ်နေစေ တတ်သည်။ သို့သော် နွေဦးရာသီတွင် အပူချိန်ပြဇာတာ၌ ယင်းရာသီလွှမ်းမိုးပါက ကောင်းမွန်နွေးထွေးသော ရာသီ ဥတုကို ဖြစ်ပေါ်စေကာ အသီးအနှံတို့၏ ပန်းဖူး၊ ပန်းငုံများ ပွင့်လန်းလာစေတတ်ကာ အချိန်မတိုင်မီ ပွင့်အာလာတတ် ကြပေသည်။

မိဿရာသီသည် ကမ္ဘာမြေအား ခြောက်သွေ့စေပြီး လေထုစိုထိုင်းခြင်းပြဇာတာက အလားတူ မိုးရွာခြင်း နှောင့် နှေးမည်ကို ဖော်ပြပြီး မိုးသားများတက်ခြင်းကို ကာကွယ် ထားမည် ဆိုပါစို့။ ဤသို့ဆိုပါက နေသာပြီး တောက်ပ ရှင်းလင်းသော နေ့ရက်များကို ဖြစ်ပေါ်စေပါတော့မည်။ ယင်း၏လွှမ်းမိုးမှုက မုန်တိုင်းနှင့်လည်း ဆက်စပ်နေပေ သည်။ ထို့နောက် ကုံရာသီမှာ လျှပ်လျှပ်ရှရှအဖြစ်ဆုံးရာသီ (most electrical sign) ဖြစ်သည်။ အကျိုးရလဒ်အဖြစ် မုန်တိုင်းတိုက်ခြင်းမျိုးကို ဖြစ်စေသည်။ ဂြိုဟ်အများက သိဟ်ရာသီကို ညွှန်ပြနေကြခြင်း (ဝါ) စွတ်စိုသောအခြေ အနေတွင် ဇာတာ၌ သိဟ်ရာသီ အားကြီးလွှမ်းမိုးလင့်ကစား လျှပ်ပြက်ခြင်းနှင့် အခြားပြင်းထန်သောဖြစ်စဉ်များ ဖြစ်ပေါ် ကာ မိုးရွာတတ်ပေသည်။

**ကန်ရာသီ (VIRGO)**




ကန်ရာသီသည် ကုံရာသီနှင့် မကာရရာသီတို့ကဲ့သို့ကား မအေးမြ လှပါချေ။ လေတိုက်ခြင်းအကြောင်း ရင်းတွင် လေအေးများ တိုက်ခတ်စေ တတ်သည်။ အပူချိန်ပြဇာတာတွင် ယင်းရာသီလွှမ်းမိုးပါက ဆောင်းရာသီ (သို့မဟုတ်) နွေရာသီတွင် အေးစက်ခြောက် သွေ့ပြီး လေထန်ခြင်းကို ဖြစ်ပေါ်စေတတ်သည်။

လေထုလှုပ်ရှားမှုပြဇာတာတွင် ယင်းရာသီလွှမ်းမိုးပါ က ပုံမှန်လားရာအတိုင်း လေတိုက်ပေသည်။ လေတိုက်ခြင်း မှာ ပြောင်းလဲလွယ်တတ်သော်လည်း ယင်းရာသီက အလွန် အပြောင်းအလဲမြန်ခြင်းကိုကား မဖြစ်ပေါ်စေပါချေ။

မေထုန်ရာသီသည် လေတိုက်ခတ်မှုတွင် လားရာတစ် ခုသို့ တိုက်ခတ်ရာမှ ရုတ်တရက် ဆန့်ကျင်ဘက်လားရာဆီ တိုက်ခတ်ခြင်းမျိုး ဖြစ်စေတတ်သည်။ ယင်းက အဝတ်များ ကိုပင် ထွင်းဖောက်ကာ အရိုးခိုက်အောင် အေးစက်ခြင်း မျိုးကို ဖြစ်စေတတ်သည်။ ယင်းရာသီ၏ ထူးခြားချက်ပင် ဖြစ်သည်။

ခြောက်သွေ့ခြင်းကို ပုံမှန်ဖော်ပြခြင်းက လေနှင့် မြူ တိမ်များကို မဖြစ်ပေါ်စေနိုင်သော်လည်း စွတ်စိုမှုကို လွှမ်း မိုးဖော်ပြသော ကာလများတွင် ယင်းအချက်ကို ကျော်လွှား ကာ လေထန်စေပြီး မုန်တိုင်းပင် တိုက်စေသည်အထိ ဖြစ် စေတတ်ပေသည်။

**တူရာသီ (LIBRA)**



တူရာသီကို အေးစက်သည့် စာ ရင်းတွင်ကား မထည့်နိုင်။ ဆိုလို သည်မှာ မကာရနှင့် ကုံရာသီများ ကဲ့သို့ တရားလွန်အေးစက်ခြင်းကို မဖြစ်စေ၍ဖြစ်သည်။ ကရကဋ်ရာသီနှင့် မေထုန်ရာသီတို့ သည်ပင် အေးစက်ခြင်းမျိုးကို ဖော်ပြပေသည်။ အေးသည်



www.burmeseclassic.com

www.burmeseclassic.com

ဟုဆိုရမည်ဖြစ်သော်လည်း ပိုမိုပျော့ညံ့သော အေးမြခြင်းမျိုးဖြစ်သောကြောင့် ပူပြင်းသည့်အပူချိန်အောက် နိမ့်ရုံမျှသာဟု ဆိုရပေမည်။

လေရာသီတစ်ခုဖြစ်ပြီး စရရာသီဖြစ်ရကား လေတိုက်ခြင်းကို သဘာဝအလျောက် ဖော်ပြပေးသည်။ လေပြည်လေညင်းမျိုးကားမဟုတ်ဘဲ လေတိုက်သည်ဟုဆိုနိုင်သောသိသာစွာတိုက်ခတ်ခြင်းမျိုး ဖြစ်ပေသည်။ ယင်းသို့သောအခြေအနေမျိုးကို မေထုန်နှင့် ကန်ရာသီတို့၏ လွှမ်းမိုးမှုများကလည်း မဖော်ပြပေးနိုင်ပါချေ။ သို့သော် သောကြာဂြိုဟ်ပိုင်သော ယင်းရာသီသည် မုန်တိုင်းဇာတာ(storm chart) တွင် လေတိုက်ခြင်းကို ဖော်ညွှန်းပြပါက တိုနေဒိုး (tornado) (သို့မဟုတ်) ဟာရီကိန်း(hurricane) မုန်တိုင်းမျိုးကို ဖြစ်စေပါသည်။ ဇာတာသည် ယင်းသို့ မပြင်းထန်ပါမူ အေးမြကာ လန်းဆန်းစေသောလေမျိုးကို တိုက်ခတ်စေကာ ကန်ရာသီလေကဲ့သို့ မပြင်းထန်၊ မအေးစက်လွန်းတော့ပါချေ။


စိုထိုင်းဆဇာတာတွင် ခြောက်သွေ့မှုကို လွှမ်းမိုးဖော်ပြနေပါက ယင်းအခြေအနေနှင့် မကိုက်ညီ၍ ခြောက်သွေ့သောဥတုမျိုးသာ ဖြစ်စေပါသည်။ ယင်းက ကောင်းကင်မှတိမ်တိုက်များကို လေထုတ်က တွန်းထုတ်ကာ နေသာသောနေ့များကို ဖြစ်စေပါတော့မည်။ လေတိုက်ခြင်းကား အလုပ်အကိုင်ပျက်စေအောင် မပြင်းထန်စေနိုင်ပါတော့ချေ။



**ဗြိစ္ဆာရာသီ (SCORPIO)**

ဤရာသီသည် ပြင်းထန်၍ အစွန်းရောက်ခြင်းမျိုးကို ဖော်ပြသည်။ အပြုသဘောဆောင်လွန်းသကဲ့သို့ အပျက်သဘောလည်း ဆောင်လွန်းတတ်သည်။ ရာသီဥတုဇာတာတွင် ဤရာသီလွှမ်းမိုးဖော်ပြပါက အလွန်အေးခြင်း (သို့မဟုတ်) အလွန်ပူခြင်းမျိုးကို ဖော်ပြတတ်သည်။ ယင်း၏လွှမ်းမိုးမှုကအလယ်အလတ်စား အပူချိန်မျိုးကို မည်သည့်အခါမှ မဖော်ပြတတ်ပါချေ။

လေထုလှုပ်ရှားမှုပြဇာတာတွင် ယင်းရာသီ၏ လွှမ်းမိုးမှုက ပြင်းထန်လွန်းလှသည်။ လေတိုက်ခြင်းဆီ ကိုင်းညွှတ်ဖော်ပြလျှင် အဖျက်အားပြင်းလေ(destructive wind) ကို ဖြစ်စေပါတော့သည်။ ဇာတာတွင် လေကို မဖော်ညွှန်းပြဘဲ အပူပြင်းမည်ကို ဖော်ပြပါက လေငြိမ်၍ ပူပြင်းလွန်း




သောကြောင့် ညအခါများတွင်ပင် အိပ်စက်၍မရနိုင်အောင် ဒုက္ခပေးတတ်ပေသည်။ ယင်း၏စွမ်းအားက မုန်တိုင်းဇာတာတွင် လွှမ်းမိုးဖော်ပြလျှင် လေဆင်နှာမောင်း(tornadoes) နှင့် ဟာရီကိန်းလေပြင်းမုန်တိုင်း(hurricanes) တို့ကို ဖြစ်စေပါမည်။


ဗြိစ္ဆာရာသီသည် စွတ်စိုသောရာသီဖြစ်သောကြောင့် မိုးခေါင်ရေရှားခြင်းမျိုးကို မဖြစ်စေနိုင်ပါချေ။ ရာသီဥတုဇာတာများတွင် ခြောက်သွေ့ခြင်းကို ဖော်ပြသည့်တိုင် ဗြိစ္ဆာရာသီ လွှမ်းမိုးနေပါက မိုးလုံးဝခေါင်သွားခြင်းမျိုး မရှိတတ်ပါချေ။ ဗြိစ္ဆာရာသီသည် မိုးခေါင်၍ ခြောက်သွေ့လွန်းခြင်းမျိုးကို ဖော်ပြခဲလှပေသည်။ သို့သော် မိုးရွာခြင်းဇာတာ (သို့မဟုတ်) မုန်တိုင်းဇာတာတွင် မိုးရွာမည်ကို ဖော်ပြပါမူ လွှမ်းမိုးမှုပြင်းထန်လွန်းလှသောကြောင့် မိုးကြီးများ သဲသဲမဲမဲ ရွာချစေတတ်ပါသည်။ သို့ဖြစ်၍ ရုတ်တရက်ရွာချပြီး တိတ်သွားသောမိုးမျိုး မတွေ့ရတတ်ဘဲ ကြောက်မက်ဖွယ်ရေလျှံအောင် ရွာချတတ်ကာ တစ်ခါတစ်ရံ မုန်တိုင်းတိုက်ခြင်းမျိုးပင် ကြောက်မက်ဖွယ် ရောနှောဝင်ရောက်လာခြင်းမျိုးနှင့် ကြုံရစေတတ်ပေတော့သည်။


ဆရာရန်အောင်ဟိန်း(B.Sc)

www.burmeseclassic.com

www.burmeseclassic.com







ဆရာရန်အောင်ဟိန်း(B.Sc)

# (၂၀၁၃)ခုနှစ်၊ ဇွန်လအတွင်း

# နေသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ် လက်နှင့်မွန်းတည့်မျဉ်းဖြတ်ဇယား

(၂၀၁၃)ခုနှစ်၊ ဇွန်လအတွင်း၌ နေသိဒ္ဓိနက္ခတ်၏နယ်ပယ်ပေါ် လက်နှင့် မွန်းတည့်မျဉ်း ဖြတ်ကျော်မည့် အချိန်ဇယားကို အထူးတွက်ချက် ဖော်ပြပေးလိုက်ပါသည်။

ယင်းကာလများတွင် လာဘ,ဓနဆိုင်ရာ ဂါထာများရွတ်ပွားခြင်း၊ လာဘ,ဓနဆိုင်ရာ ယတြာအစီအရင်များ လုပ်ဆောင်ခြင်းဖြင့် လာဘ်လာဘများရွှင်လန်းကာ ကြီးပွားချမ်းသာ၍ ဓနဥစ္စာ တိုးတက်ကြွယ်ဝနိုင်ကြပါသည်။

အထူးမှာ (၂၆-၆-၂၀၁၃) ညနေ(၅း၅၅း၂၇)နာရီမှ (၂၇-၆-၂၀၁၃) ညနေ(၄း၀၈း၃၃)နာရီအတွင်းတွင် စန်း (ခေါ်) တနင်္လာဂြိုဟ်သည် နေသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ်သို့ ကောဇာသွားခြင်းဖြင့် ရောက်ရှိဖြတ်ကျော်နေပါလိမ့်မည်။

သို့ဖြစ်ပါ၍ လက်ဖြတ်ကျော်ခြင်းအတွက် (၂၆-၆-၂၀၁၃) ည(၉း၂၃း၅၇)နာရီမှ (၁၀း၀၉း၅၉) နာရီအတွင်းနှင့် မွန်းတည့်မျဉ်းဖြတ်ကျော်ခြင်းအတွက် (၂၇-၆-၂၀၁၃) နံနက်(၃း၀၃း၃၇)နာရီမှ (၃း၅၅း၁၆)နာရီအတွင်းတို့တွင် လာဘ,ဓနဆိုင်ရာ ဂါထာ,မန္တန်များ ရွတ်ပွားပူဇော်ခြင်း၊ ယတြာအစီအရင်များ လုပ်ဆောင်ခြင်းဖြင့် အကျိုးထူးနိုင်ကြပါသည်။

ဆရာရန်အောင်ဟိန်း(B.Sc)

www.burmeseclassic.com

www.burmeseclassic.com

## (၂၀၁၃)ခုနှစ်၊ ဇွန်လအတွင်း

### ဓနသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ် သက်ဖြတ်ဇယား

| ရက် | စဝင်ချိန် | ထွက်ခွာချိန် |
|---|---|---|
| ၁ | ၂၃:၀၂:၁၅ | ၂၃:၄၈:၁၆ |
| ၂ | ၂၂:၅၈:၁၉ | ၂၃:၄၄:၂၀ |
| ၃ | ၂၂:၅၄:၂၃ | ၂၃:၄၀:၂၅ |
| ၄ | ၂၂:၅၀:၂၇ | ၂၃:၃၆:၂၉ |
| ၅ | ၂၂:၄၆:၃၁ | ၂၃:၃၂:၃၃ |
| ၆ | ၂၂:၄၂:၃၅ | ၂၃:၂၈:၃၇ |
| ၇ | ၂၂:၃၈:၃၉ | ၂၃:၂၄:၄၁ |
| ၈ | ၂၂:၃၄:၄၃ | ၂၃:၂၀:၄၅ |
| ၉ | ၂၂:၃၀:၄၇ | ၂၃:၁၆:၄၉ |
| ၁၀ | ၂၂:၂၆:၅၂ | ၂၃:၁၂:၅၃ |
| ၁၁ | ၂၂:၂၂:၅၆ | ၂၃:၀၈:၅၇ |
| ၁၂ | ၂၂:၁၉:၀၀ | ၂၃:၀၅:၀၁ |
| ၁၃ | ၂၂:၁၅:၀၄ | ၂၃:၀၁:၀၆ |
| ၁၄ | ၂၂:၁၁:၀၈ | ၂၂:၅၇:၁၀ |
| ၁၅ | ၂၂:၀၇:၁၂ | ၂၂:၅၃:၁၄ |
| ၁၆ | ၂၂:၀၃:၁၆ | ၂၂:၄၉:၁၈ |
| ၁၇ | ၂၁:၅၉:၂၀ | ၂၂:၄၅:၂၂ |
| ၁၈ | ၂၁:၅၅:၂၄ | ၂၂:၄၁:၂၆ |
| ၁၉ | ၂၁:၅၁:၂၈ | ၂၂:၃၇:၃၀ |
| ၂၀ | ၂၁:၄၇:၃၃ | ၂၂:၃၃:၃၄ |
| ၂၁ | ၂၁:၄၃:၃၇ | ၂၂:၂၉:၃၈ |
| ၂၂ | ၂၁:၃၉:၄၁ | ၂၂:၂၅:၄၂ |
| ၂၃ | ၂၁:၃၅:၄၅ | ၂၂:၂၁:၄၆ |
| ၂၄ | ၂၁:၃၁:၄၉ | ၂၂:၁၇:၅၁ |
| ၂၅ | ၂၁:၂၇:၅၃ | ၂၂:၁၃:၅၅ |
| ၂၆ | ၂၁:၂၃:၅၇ | ၂၂:၀၉:၅၉ |
| ၂၇ | ၂၁:၂၀:၀၁ | ၂၂:၀၆:၀၃ |
| ၂၈ | ၂၁:၁၆:၀၅ | ၂၂:၀၂:၀၇ |
| ၂၉ | ၂၁:၁၂:၀၉ | ၂၁:၅၈:၁၁ |
| ၃၀ | ၂၁:၀၈:၁၃ | ၂၁:၅၄:၁၅ |

## (၂၀၁၃)ခုနှစ်၊ ဇွန်လအတွင်း

### ဓနသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ် မွန်းတည့်မျဉ်းဖြတ်ဇယား

| ရက် | စဝင်ချိန် | ထွက်ခွာချိန် |
|---|---|---|
| ၁ | ၄:၄၅:၅၀ | ၅:၃၇:၂၉ |
| ၂ | ၄:၄၁:၅၄ | ၅:၃၃:၃၃ |
| ၃ | ၄:၃၇:၅၉ | ၅:၂၉:၃၇ |
| ၄ | ၄:၃၄:၀၃ | ၅:၂၅:၄၁ |
| ၅ | ၄:၃၀:၀၇ | ၅:၂၁:၄၅ |
| ၆ | ၄:၂၆:၁၁ | ၅:၁၇:၅၀ |
| ၇ | ၄:၂၂:၁၅ | ၅:၁၃:၅၄ |
| ၈ | ၄:၁၈:၁၉ | ၅:၀၉:၅၈ |
| ၉ | ၄:၁၄:၂၃ | ၅:၀၆:၀၂ |
| ၁၀ | ၄:၁၀:၂၇ | ၅:၀၂:၀၆ |
| ၁၁ | ၄:၀၆:၃၁ | ၄:၅၈:၁၀ |
| ၁၂ | ၄:၀၂:၃၅ | ၄:၅၄:၁၄ |
| ၁၃ | ၃:၅၈:၄၀ | ၄:၅၀:၁၈ |
| ၁၄ | ၃:၅၄:၄၄ | ၄:၄၆:၂၂ |
| ၁၅ | ၃:၅၀:၄၈ | ၄:၄၂:၂၆ |
| ၁၆ | ၃:၄၆:၅၂ | ၄:၃၈:၃၁ |
| ၁၇ | ၃:၄၂:၅၆ | ၄:၃၄:၃၅ |
| ၁၈ | ၃:၃၉:၀၀ | ၄:၃၀:၃၉ |
| ၁၉ | ၃:၃၅:၀၄ | ၄:၂၆:၄၃ |
| ၂၀ | ၃:၃၁:၀၈ | ၄:၂၂:၄၇ |
| ၂၁ | ၃:၂၇:၁၂ | ၄:၁၈:၅၁ |
| ၂၂ | ၃:၂၃:၁၆ | ၄:၁၄:၅၅ |
| ၂၃ | ၃:၁၉:၂၁ | ၄:၁၀:၅၉ |
| ၂၄ | ၃:၁၅:၂၅ | ၄:၀၇:၀၃ |
| ၂၅ | ၃:၁၁:၂၉ | ၄:၀၃:၀၇ |
| ၂၆ | ၃:၀၇:၃၃ | ၃:၅၉:၁၂ |
| ၂၇ | ၃:၀၃:၃၇ | ၃:၅၅:၁၆ |
| ၂၈ | ၂:၅၉:၄၁ | ၃:၅၁:၂၀ |
| ၂၉ | ၂:၅၅:၄၅ | ၃:၄၇:၂၄ |
| ၃၀ | ၂:၅၁:၄၉ | ၃:၄၃:၂၈ |



www.burmeseclassic.com

www.burmeseclassic.com



မင်းမယော်ညွန့်

# နက္ခတ်ဗေဒ ရက်မြတ်ကောင်း အချိန်အခါ

## (၂၀၁၃)ခုနှစ်၊ ဇွန်လအတွက် ဈေးကွက်ခန့်မှန်းချက်

ပြိဿရာသီ၌ အင်္ဂါဂြိုဟ် တည်ရှိနေခြင်းကြောင့် ဆန်စပါး၊ နံ့သာနီ၊ ကုံကုမံ၊ ဝါဂွမ်း၊ အထည်အလိပ်၊ ရတနာကျောက်၊ မှန်ထည်,ဖန်ထည်ပစ္စည်းများ၊ ပလတ်စတစ်၊ ရာဘာပစ္စည်းများ ဈေးကစားမည်။ ကြေး၊ သကြား၊ ဓာတ်ဆီ၊ ရေနံ၊ ဓာတ်ငွေ့၊ ပန်းချီ၊ ပန်းပု၊ တူရိယာပစ္စည်းများ၊ လူ့အသုံးအဆောင်ပစ္စည်းများ အကျိုးအမြတ်နည်းမည်။ အခြားကုန်ပစ္စည်းများ ဈေးနှုန်းတည်ငြိမ်မှုရှိနေမည်။ မေထုန်ရာသီ၌ ဗုဒ္ဓဟူးနှင့် ကြာသပတေးဂြိုဟ် ရောက်ရှိနေခိုင် စစ်ဘေးဥပဒ်အန္တရာယ် ဖြစ်ပွားတတ်သည်။

### ၁-၆-၂၀၁၃ (စနေနေ့)
### (၁၃၇၅)ခုနှစ်၊ ကဆုန်လဆုတ် (၈)ရက်



အမှုကိစ္စပြီးသောယုဂ်ရရှိပြီး ရက်ရာဇာဖြစ်သဖြင့် ယနေ့ ဘုရား,စေတီတည်ရန်၊ သာသနာ့အလံလွှင့်ထူ၍ ထီးတော်တင်ရန်၊ အဆောက်အအုံ အုတ်မြစ်ချ, အုတ်စီ, ကျောက်သွေးလောင်း,တိုင်ထူ,အိမ်တက်လှေကားထောင်ရန်၊ ယာဉ်မော်တော်ကား ဝယ်ယူရန်၊ ကျောင်း,အိမ်ဆောက်လုပ်ရန်၊ ရဟန်းခံ,ရှင်ပြုရန်၊ သိပ္ပံ,ဝိဇ္ဇာပညာ သင်ကြားရန်၊ သီးနှံပျိုးခင်း စိုက်ပျိုးရန်၊ ဆေးဝါးဖော်စပ်ရန်၊ ဘုရားဆင်းတုတော် ထုလုပ်ရန်၊ ငွေကြေးကိစ္စဆောင်ရွက်ရန်၊ ကုန်ပစ္စည်းသိုလှောင်ရန်၊ အားကစားပြိုင်ပွဲ ကျင်းပရန်၊ အောင်ဘာလေထီကံစမ်းရန်၊ စာအုပ်စာပေ ထုတ်ဝေဖြန့်ချိရန်၊ အိမ်,ခြံ,မြေရောင်းဝယ်ရန်၊ စပါးရိတ်သိမ်းရန်၊ လေကြောင်းခရီးသွားရန်၊ အထက်လူကြီးများထံ အစီရင်ခံစာတင်သွင်းရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသောကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ကလေးကြီးလျှင် တရားဘာဝနာအလုပ်တွင် ဝါသနာပါ၍ တောပျော်ရသေ့,ရဟန်း ဖြစ်တတ်သည်။ နာမည်ပေးလိုပါက မောင်ဌေးနိုင်၊ မနန္ဒာထွန်း··ဟု ပေးနိုင်သည်။ ယတြာအရောင်အဖြစ်ဆောင်လိုက အနက်ရောင်ဖြစ်ပြီး တောင်အရပ်တွင် စန်းပွင့်မည်။


### ၂-၆-၂၀၁၃ (တနင်္ဂနွေနေ့)
### (၁၃၇၅)ခုနှစ်၊ ကဆုန်လဆုတ် (၉)ရက်

ကြံစည်သမျှ ပြီးမြောက်သောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ လယ်ယာစပါး ရိတ်သိမ်းရန်၊ ဥယျာဉ်ခြံလုပ်ငန်း စတင်ရန်၊ အားကစားပြိုင်ပွဲ ကျင်းပရန်၊ အောင်ဘာလေထီကံစမ်းရန်၊ ကောက်စိုက်,ပျိုးနုတ်ရန်၊ အိမ်,ခြံ,မြေ ရောင်းဝယ်ရန်၊ အလုပ်သစ်လျှောက်



www.burmeseclassic.com

www.burmeseclassic.com



ရန်၊ ဆိုင်သစ်ဖွင့်ရန်၊ ကုန်ပစ္စည်း ဝယ်ယူသိုလှောင်ရန်၊ လက်ထပ်မင်္ဂလာပွဲကျင်းပရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသောကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်ခိုင်၊ မဇေကရီခင်··ဟု ပေးနိုင်သည်။ ယတြာအရောင်မှာ အနီရောင်ဖြစ်ပြီး မြောက်အရပ်တွင် စန်းပွင့်မည်။

**၃-၆-၂၀၁၃ (တနင်္လာနေ့)**


**(၁၃၇၅)ခုနှစ်၊ ကဆုန်လဆုတ် (၁၀)ရက်**



အထက်မျှော်နက္ခတ် ရှိသဖြင့် ယနေ့ ကျောင်းကန်ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ သာသနာ့အလံလွှင့်ထူ၍ ထီးတော်တင်ရန်၊ အလှူမင်္ဂလာမဏ္ဍပ်နှင့် မုခ်ဦးပြာသာဒ် ဆောက်လုပ်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ အဆောက်အအုံအုတ်မြစ်ချရန်၊ အုတ်စီ၍ ကျောက်သွေးလောင်းရန်၊ အိမ်တိုင်ထူရန်၊ အိမ်သစ်တက်ရန်၊ လှေကားထောင်ရန်၊ သီးနှံမျိုးစေ့ချ၍ သစ်ပင်စိုက်ရန်၊ ပန်းချီ၊ပန်းပု စသောပန်း(၁၀)မျိုးလုပ်ငန်းဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသောကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၇း၃၀)နာရီမှ (၉း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကျော်ကျော်၊ မကေခိုင်ကြည်··ဟု ပေးနိုင်သည်။ ယတြာအရောင်မှာ အဝါရောင်ဖြစ်ပြီး မြောက်အရပ်တွင် စန်းပွင့်မည်။

**၄-၆-၂၀၁၃ (အင်္ဂါနေ့)**

**(၁၃၇၅)ခုနှစ်၊ ကဆုန်လဆုတ် (၁၁)ရက်**



မင်္ဂလာအပေါင်းနှင့် ပြည့်စုံသောယုဂ် ရှိသဖြင့် ယနေ့ အမည်ကင်ပွန်းတပ်ရန်၊ လက်ထပ်မင်္ဂလာပွဲနှင့် ရှင်ပြုပွဲ ကျင်းပရန်၊ ဆံရိတ်၊ဆံသရန်၊ အလှအပပြုပြင်ရန်၊ လက်ဝတ်ရတနာပစ္စည်း ရောင်းဝယ်ရန်၊ အိမ်၊ခြံ၊မြေ၊ယာဉ်၊ စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ မိတ်ဆုံပွဲနှင့် ဧည့်ခံပွဲ ကျင်းပရန်၊ ချစ်မှုရေးရာကိစ္စ ဆောင်ရွက်ရန်၊ စာအုပ်စာပေဖြန့်ချိရန်၊ အောင်ဘာလေထီထိုးရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသောကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဇော်သိန်းဦး၊ မဇေသူအောင်··ဟူ၍ ပေးနိုင်သည်။ ယတြာအရောင်မှာ အပြာရောင်ဖြစ်ပြီး အရှေ့အရပ်တွင် စန်းပွင့်မည်။

**၆-၆-၂၀၁၃ (ကြာသပတေးနေ့)**

**(၁၃၇၅)ခုနှစ်၊ ကဆုန်လဆုတ် (၁၃)ရက်**



ပစ္စည်းဥစ္စာပေါများသောယုဂ် ရှိသဖြင့် ယနေ့ အားကစားလုပ်ငန်း ဆောင်ရွက်ရန်၊ ကျောက်မျက်ရတနာတူးဖော်ရန်၊ အောင်ဘာလေထီကံစမ်းရန်၊ ပညာစသင်ရန်၊ စာအုပ်စာပေဖြန့်ချိရန်၊ ကုန်ရောင်းဝယ်ရန်၊ စပါးရိတ်သိမ်းရန်၊ ရေနံ၊ဓာတ်ငွေ့နှင့် ဓာတ်သတ္တု တူးဖော်ရန်၊ ရေတွင်း၊ရေကန်၊အဝီစိတွင်း တူးဖော်ရန်တို့အတွက်ကောင်းသည်။ ယနေ့မွေးဖွားသောကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းလွဲ(၁း၃၀)နာရီမှ ညနေ(၃း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မြသိုက်အောင်၊ မမြတ်သူဦး··ဟူ၍ ပေးနိုင်သည်။ ယတြာအရောင်မှာ အနက်ရောင်ဖြစ်ပြီး တောင်အရပ်တွင် စန်းပွင့်မည်။

**၇-၆-၂၀၁၃ (သောကြာနေ့)**

**(၁၃၇၅)ခုနှစ်၊ ကဆုန်လဆုတ် (၁၄)ရက်**



မင်းချီးမြှောက်ခံရသောယုဂ် ရှိသဖြင့် ယနေ့ စပါးရိတ်သိမ်းရန်၊ ကျောက်မျက်ရတနာပစ္စည်း ရောင်းဝယ်၊ဝတ်ဆင်ရန်၊ အောင်ဘာလေထီကံစမ်းရန်၊ ကုန်အရောင်းအဝယ်ပြုလုပ်ရန်၊ အားကစားပြိုင်ပွဲ ကျင်းပရန်၊ ရေနံ၊ဓာတ်ငွေ့နှင့် ဓာတ်သတ္တုသိုက် တူးဖော်ရန်၊ ရေတွင်း၊ရေကန်၊အဝီစိတွင်း တူးဖော်ရန်၊ ဂီတအနုပညာလုပ်ငန်းများဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသောကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးနိုင်လျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်သန်းမြင့်အောင်၊ မသင်းမြအေး··ဟူ၍ ပေးနိုင်သည်။ ယတြာအရောင်မှာ အနီရောင်ဖြစ်ပြီး အရှေ့အရပ်တွင် စန်းပွင့်မည်။



www.burmeseclassic.com

www.burmeseclassic.com

**၈-၆-၂၀၁၃ (စနေနေ့)**

**(၁၃၇၅)ခုနှစ်၊ ကဆုန်လကွယ်**



ဂုဏ်ကျက်သရေ တိုးပွားသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ သာသနာ့အလံလွှင့်ထူ၍ ထီးတော်တင်ရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ အလှူမဏ္ဍပ်၊မုခ်ဦးပြာသာဒ် ဆောက်လုပ်ရန်၊ ဆိုင်သစ်ဖွင့်၍ ဆိုင်းဘုတ်တင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ရတနာပစ္စည်း ရောင်းဝယ်၊ဝတ်ဆင်ရန်၊ အုတ်စီ၍ ကျောက်သွေးလောင်းရန်၊ အိမ်တိုင်ထူ၍ အိမ်သစ်တက်ရန်၊ လှေကားထောင်ရန်၊ မျိုးစေ့ချစိုက်ပျိုးရန်၊ လယ်ယာသီးနှံဆွတ်ခူးရန်၊ သစ်ပင်စိုက်ရန်၊ အထက်လူကြီးထံ အစီရင်ခံစာတင်သွင်းရန်၊ လေကြောင်းခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသောကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးမှာ ရူပရုပ်သွင်ကောင်းမည်။ နာမည်ပေးလိုပါက မောင်နေအေးကျော်၊ မဌွေးဌွေးခိုင်··ဟူ၍ ပေးနိုင်သည်။ ယတြာအရောင်မှာ အဝါရောင်ဖြစ်ပြီး တောင်အရပ်တွင် စန်းပွင့်မည်။

**၉-၆-၂၀၁၃ (တနင်္ဂနွေနေ့)**

**(၁၃၇၅)ခုနှစ်၊ နယုန်လဆန်း (၁)ရက်**



ချမ်းသာကြွယ်ဝသောယုဂ် ရရှိသဖြင့် ယနေ့ ရဟန်းခံရှင်ပြုနှင့် လက်ထပ်မင်္ဂလာပွဲကျင်းပရန်၊ နာမည်ကင်ပွန်းတပ်ရန်၊ ဆိုင်သစ်ဖွင့်ရန်၊ အစွမ်းထက်ဆေးဝါး ဖော်စပ်ရန်၊ ပညာစသင်ရန်၊ အလုပ်သစ်လျှောက်ရန်၊ ရတနာပစ္စည်း ရောင်းဝယ်၊ဝတ်ဆင်ရန်၊ ဆံသနှင့် ဗျူတီပါလာလုပ်ငန်း ဆောင်ရွက်ရန်၊ ကုန်ပစ္စည်းဝယ်ယူသိုလှောင်ရန်၊ ကုမ္ပဏီလုပ်ငန်း စတင်ရန်၊ အဝတ်သစ်ဝတ်ဆင်ရန်၊ ငွေကြေးကိစ္စ စတင်ဆောင်ရွက်ရန်၊ အိမ်၊ခြံ၊မြေ၊ယာဉ်၊စက်ပစ္စည်း ရောင်းဝယ်ရန်၊ သီးနှံမျိုးစေ့များ ကြဲပက်စိုက်ပျိုးရန်၊ ဥယျာဉ်ခြံမြေလုပ်ငန်း ဆောင်ရွက်ရန်၊ အနုပညာလုပ်ငန်း စတင်ရန်၊ ကျွဲ၊နွား တိရစ္ဆာန် ရောင်းဝယ်ရန်၊ လယ်ယာမြေထွန်ယက်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသောကလေးမှာ ရာဇဖွားဖြစ်ပြီး နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အေးကြည်ကျော်၊ မဇေကရီခိုင်··ဟု ပေးနိုင်သည်။ ယတြာအရောင်မှာ အပြာရောင်ဖြစ်ပြီး တောင်အရပ်တွင် စန်းပွင့်မည်။

**၁၁-၆-၂၀၁၃ (အင်္ဂါနေ့)**


**(၁၃၇၅)ခုနှစ်၊ နယုန်လဆန်း (၃)ရက်**



အဆောက်အအုံတည်ရသောယုဂ် ရရှိပြီး တိထီရက်မြတ်ရက်ဖြစ်သောကြောင့် ယနေ့ ကျောင်းဆောက်၊ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ဆံရိတ်၊ဆံသနှင့် ဗျူတီပါလာလုပ်ငန်း ဆောင်ရွက်ရန်၊ အိမ်၊ခြံ၊မြေ၊ယာဉ်၊စက်ပစ္စည်း ရောင်းဝယ်ရန်၊ ပြည်တွင်း၊ပြည်ပ ခရီးသွားရန်၊ အောင်ဘာလေထီကံစမ်းရန်၊ ကျွဲ၊နွားစသောတိရစ္ဆာန် ရောင်းဝယ်ရန်၊ အနုပညာလုပ်ငန်း စတင်ရန်၊ မျိုးစေ့ချစိုက်ပျိုးရန်၊ လယ်ယာမြေထွန်ယက်ရန်၊ စာပေရေးသားထုတ်ဝေရန်၊ ငွေကြေးဆိုင်ရာ လုပ်ဆောင်ရန်၊ ကုန်စည်ကူးသန်းရောင်းဝယ်ရန်၊ အထည်ရက်လုပ်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသောကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ကလေးမှာ ရဟန်းဖြစ်နိုင်ပြီး နာမည်ပေးလိုပါက မောင်ဇေသူအောင်၊ မဆွေသဇင်ဦး··ဟူ၍ ပေးနိုင်သည်။ ယတြာအရောင်မှာ အနက်ရောင်ဖြစ်ပြီး အနောက်အရပ်တွင် စန်းပွင့်မည်။

**၁၂-၆-၂၀၁၃ (ဗုဒ္ဓဟူးနေ့)**

**(၁၃၇၅)ခုနှစ်၊ နယုန်လဆန်း (၄)ရက်**



မိတ်ဆွေသင်္ဂဟ ပေါများသောယုဂ် ရရှိသဖြင့် ယနေ့ အမည်ကင်ပွန်းတပ်ရန်၊ မီဒီယာများတွင် လုပ်ငန်းကြော်ငြာ ထည့်သွင်းရန်၊ ဆိုင်သစ်ဖွင့်၍ ဆိုင်းဘုတ်တင်ရန်၊ သာသနာ့အလံလွှင့်ထူ၍ ထီးတော်တင်ရန်၊ ရဟန်းခံရှင်ပြုရန်၊ ရတနာပစ္စည်း ရောင်းဝယ်၊ဝတ်ဆင်ရန်၊ အဆောက်အအုံ အုတ်မြစ်ချရန်၊ အိမ်တိုင်ထူ၍ လှေကားထောင်ရန်၊ အိမ်သစ်တက်ရန်၊ သီးနှံမျိုးစေ့ချ၍ အပင်စိုက်ပျိုးရန်၊ လယ်ယာသီးနှံဆွတ်ခူးရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသောကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်လူမော်၊ မငြိမ်းမူ··

www.burmeseclassic.com

www.burmeseclassic.com

ဟူ၍ ပေးနိုင်သည်။ လုပ်ငန်းအတွက် ယတြာအရောင်မှာ အနီရောင်ဖြစ်ပြီး ယနေ့ မြောက်အရပ်၌ စန်းပွင့်မည်။

**၁၃-၆-၂၀၁၃ (ကြာသပတေးနေ့)**
**(၁၃၇၅)ခုနှစ်၊ နယုန်လဆန်း (၅)ရက်**




ဘ၀အဆင့်အတန်း တိုးတက်မြင့်မားစေသောယုဂ် ရရှိသဖြင့် ယနေ့ ကျောင်းဆောက်၊ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ အမည်ပေးကင်ပွန်းတပ်ရန်၊ ဆံရိတ်၊ ဆံသနှင့် ဗျူတီပါလာလုပ်ငန်း လုပ်ဆောင်ရန်၊ ရဟန်းခံရှင်ပြုပွဲနှင့် လက်ထပ်မင်္ဂလာပွဲ ကျင်းပရန်၊ လယ်ယာသီးနှံ ရိတ်သိမ်းဆွတ်ခူးရန်၊ ကုန်ပစ္စည်းများ ရောင်း၀ယ်သိုလှောင်ရန်၊ အိမ်၊ ခြံ၊ မြေ၊ ယာဉ်၊ စက်ပစ္စည်း ရောင်း၀ယ်ရန်၊ စာအုပ်စာပေဖြန့်ချိရန်၊ ခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသောကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းလွဲ (၁း၃၀)နာရီမှ ညနေ(၃း၀၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မြတ်ဦး၊ မမေသူအောင်··ဟူ၍ ပေးနိုင်သည်။ လုပ်ငန်းအတွက် ယတြာအရောင်မှာ အ၀ါရောင်ဖြစ်ပြီး ယနေ့ မြောက်အရပ်၌ စန်းပွင့်မည်။

**၁၆-၆-၂၀၁၃ (တနင်္ဂနွေနေ့)**
**(၁၃၇၅)ခုနှစ်၊ နယုန်လဆန်း (၈)ရက်**



မင်းချီးမြှောက်ခံရသောယုဂ် ရရှိသဖြင့် ယနေ့ ရဟန်းခံရှင်ပြုရန်၊ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေတွင်း၊ ရေကန်၊ အ၀ီစိတွင်း တူးဖော်ရန်၊ စာအုပ်စာပေ ရေးသားထုတ်၀េရန်၊ ပညာ စသင်ရန်၊ ကုန်ရောင်း၀ယ်ရန်၊ ကောက်စိုက်ရန်၊ စပါးရိတ်သိမ်းရန်၊ အားကစားပြိုင်ပွဲကျင်းပရန်၊ အိမ်၊ ခြံ၊ မြေ ရောင်း၀ယ်ရန်၊ လက်ထပ်မင်္ဂလာပွဲကျင်းပရန်၊ အမည်ကင်ပွန်းတပ်ရန်၊ အိမ်သစ်တက်ရန်၊ ဆိုင်သစ်ဖွင့်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသောကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်ကျော်ခန့်၊ မအေးနိုင်ကြည်··ဟူ၍ ပေးနိုင်သည်။ ယတြာအရောင်မှာ အနက်ရောင်ဖြစ်ပြီး အရှေ့အရပ်တွင် စန်းပွင့်မည်။

**၁၇-၆-၂၀၁၃ (တနင်္လာနေ့)**
**(၁၃၇၅)ခုနှစ်၊ နယုန်လဆန်း (၉)ရက်**



ဂုဏ်ကျက်သရေ တိုးပွားသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ သာသနာ့အလံလွှင့်ထူ၍ ထီးတော်တင်လှူရန်၊ အုတ်တံတိုင်းနှင့် ၀င်းထရံခတ်ရန်၊ အလှူမဏ္ဍပ်နှင့် မုခ်ဦးပြာသာဒ် ဆောက်လုပ်ရန်၊ နာမည်ကင်ပွန်းတပ်ရန်၊ ဆိုင်သစ်ဖွင့်၍ ဆိုင်းဘုတ်တင်ရန်၊ မီဒီယာများတွင် လုပ်ငန်းကြော်ငြာထည့်ရန်၊ ပန်းချီ၊ ပန်းပုနှင့် ပန်း(၁၀)မျိုးလုပ်ငန်း ဆောင်ရွက်ရန်၊ အိမ်တိုင်ထူ၍ လှေကားထောင်ရန်၊ ပြည်တွင်း၊ ပြည်ပ လေကြောင်းခရီးသွားရန်၊ သီးနှံပင်များ ဆွတ်ခူးရိတ်သိမ်းရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသောကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၇း၃၀)နာရီမှ (၉း၀၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကျော်ခိုင်ခန့်၊ မကေသွယ်ခင်··ဟု ပေးနိုင်သည်။ ယတြာအရောင်မှာ အနီရောင်ဖြစ်ပြီး တောင်အရပ်၌ စန်းပွင့်မည်။

**၁၈-၆-၂၀၁၃ (အင်္ဂါနေ့)**
**(၁၃၇၅)ခုနှစ်၊ နယုန်လဆန်း (၁၀)ရက်**



ချမ်းသာကြွယ်၀သောယုဂ် ရရှိသဖြင့် ယနေ့ အနုပညာလုပ်ငန်းများ စတင်ရန်၊ လက်ထပ်မင်္ဂလာပွဲနှင့် အလှူပွဲ ကျင်းပရန်၊ ဆံရိတ်၊ ဆံသရန်၊ မြေသန့်မင်္ဂလာပြုလုပ်ရန်၊ အိမ်ပြောင်း၊ အိမ်တက်ရန်၊ ဆေး၀ါးဖော်စပ်ရန်၊ ဆိုင်သစ်ဖွင့်ရန်၊ အလုပ်သစ်လျှောက်ရန်၊ ရတနာပစ္စည်း ရောင်း၀ယ်၊ ၀တ်ဆင်ရန်၊ ကုန်စည်သိုလှောင်ရန်၊ အ၀တ်အစားသစ် ၀တ်ဆင်ရန်၊ ဧည့်ခံပွဲကျင်းပရန်၊ အိမ်၊ ခြံ၊ မြေ၊ ယာဉ်၊ စက်ပစ္စည်း ရောင်း၀ယ်ရန်၊ ခရီးသွားရန်၊ စာအုပ်စာပေဖြန့်ချိရန်၊ မေတ္တာရေးရာစကား ပြောရန်၊ အောင်ဘာလေထီကံစမ်းရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသောကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဆွေသိန်းအေး၊ မဆုသစ်အောင်··ဟု ပေးနိုင်သည်။ ယတြာအရောင်မှာ အ၀ါရောင်ဖြစ်ပြီး တောင်အရပ်၌ စန်းပွင့်မည်။

www.burmeseclassic.com


www.burmeseclassic.com

## ၂၀-၆-၂၀၁၃ (ကြာသပတေးနေ့)
## (၁၃၇၅)ခုနှစ်၊ နယုန်လဆန်း (၁၂)ရက်




အဆောက်အအုံတည်ရသောယုဂ် ရရှိသဖြင့် ယနေ့ ကျွဲ,နွားတိရစ္ဆာန် ရောင်းဝယ်ရန်၊ အနုပညာလုပ်ငန်းများ လုပ်ဆောင်ရန်၊ မော်တော်ယာဉ်ကား ရောင်းဝယ်ရန်၊ ရဟန်းခံရှင်ပြုနှင့် လက်ထပ်မင်္ဂလာပွဲ ကျင်းပရန်၊ ပညာစသင်ရန်၊ နာမည်ကင်ပွန်းတပ်ရန်၊ ဆေးဝါးဖော်စပ်ရန်၊ ဥယျာဉ်ခြံလုပ်ငန်း ဆောက်လုပ်ရန်၊ ငွေကြေးအပ်နှံရန်၊ မြေသန့်မင်္ဂလာပြုလုပ်ရန်၊ အဆောက်အအုံ ဆောက်လုပ်ရန်၊ အောင်ဘာလေထီကံစမ်းရန်၊ စာပေကျမ်းဂန် ရေးသားထုတ်ဝေရန်၊ ပျိုးနုတ်ကောက်စိုက်ရန်၊ လယ်ယာသီးနှံ ရိတ်သိမ်းရန်၊ စပါးကျီသွင်း ့နှ်၊ အဝတ်အစားသစ်ဝတ်ရန်၊ အာမခံလုပ်ငန်း ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသောကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းလွဲ(၁း၃၀)နာရီမှ ညနေ(၃း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မြတ်မင်းအောင်၊ မမေမြင့်ဦး··ဟူ၍ ပေးနိုင်သည်။ လုပ်ငန်းအတွက် ယတြာအရောင်မှာ အဖြူရောင်ဖြစ်ပြီး ယနေ့အနောက်အရပ်၌ စန်းပွင့်မည်။

## ၂၁-၆-၂၀၁၃ (သောကြာနေ့)
## (၁၃၇၅)ခုနှစ်၊ နယုန်လဆန်း (၁၃)ရက်




မိတ်သင်္ဂဟပေါများသောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေတွင်း,ရေကန် တူးဖော်ရန်၊ စာပေရေးသားထုတ်ဝေရန်၊ ဂီတ,ရုပ်ရှင် စသောအနုပညာလုပ်ငန်း ဆောင်ရွက်ရန်၊ ပျိုးနုတ်,ကောက်စိုက်ရန်၊ စပါးကျီသွင်းရန်၊ ကုန်ရောင်းကုန်ဝယ်ရန်၊ သီပွဲ,ဝိဇ္ဇာပညာသင်ကြားရန်၊ ရဟန်းခံရှင်ပြုနှင့် လက်ထပ်မင်္ဂလာပွဲ ကျင်းပရန်၊ နာမည်ကင်ပွန်းတပ်ရန်၊ ဆေးဝါးဖော်စပ်ရန်၊ ငွေချေးငှားအပ်နှံရန်၊ ဆိုင်သစ်ဖွင့်ရန်၊ အိမ်,ခြံ,မြေ ရောင်းဝယ်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသောကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်သက်ပန်ဦး၊ မသုမေအောင်··ဟု ပေးနိုင်သည်။ လုပ်ငန်းအတွက် ယတြာအရောင်မှာ အဖြူရောင်ဖြစ်ပြီး မြောက်အရပ်၌ စန်းပွင့်မည်။

## ၂၃-၆-၂၀၁၃ (တနင်္ဂနွေနေ့)
## (၁၃၇၅)ခုနှစ်၊ နယုန်လပြည့်



အလုံးစုံထမြောက်သောယုဂ် ရရှိသော်လည်း မြေတူးခြင်း၊ အပင်စိုက်ခြင်း၊ အိမ်ဆောက်၊ ပန္နက်ရိုက်ခြင်းနှင့် မင်္ဂလာဆောင်ကိစ္စများ အခါမရပါ။ ရှောင်ကြဉ်ရမည်ဖြစ်ပြီး ယနေ့အားကစားပြိုင်ပွဲများ ကျင်းပရန်၊ အောင်ဘာလေထီကံစမ်းရန်၊ ပညာစသင်ရန်၊ စပါးရိတ်သိမ်းရန်၊ ဆေးဝါးဖော်စပ်ရန်၊ အိမ်,ခြံ,မြေ ရောင်းဝယ်ရန်၊ ကျောက်မျက်ရတနာများရောင်းဝယ်ရန်၊ စာပေကျမ်းဂန် ရေးသားထုတ်ဝေရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသောကလေးမှာ ရာဇဖွားဖြစ်ပြီး နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အုန်းခိုင်ကျော်၊ မဇကေရီခင်··ဟု ပေးနိုင်သည်။ ယတြာအရောင်မှာ အဝါရောင်ဖြစ်ပြီး ယနေ့ အရှေ့အရပ်၌ စန်းပွင့်မည်။

## ၂၅-၆-၂၀၁၃ (အင်္ဂါနေ့)
## (၁၃၇၅)ခုနှစ်၊ နယုလဆုတ် (၂)ရက်



ဘုန်းကံထက်မြက်သောယုဂ် ရရှိသဖြင့် ယနေ့ မြေသန့်မင်္ဂလာပြုလုပ်ရန်၊ အိမ်တက်မင်္ဂလာပြုလုပ်ရန်၊ ဘုရားတည်ရန်၊ ထီးတော်တင်ရန်၊ ဘုရားအနေကဇာတင်ရန်၊ ပညာစသင်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ အဆောက်အအုံဆောက်လုပ်ရန်၊ အိမ်လှေကားထောင်ရန်၊ မျိုးစေ့ချ၍ သစ်ပင်စိုက်ရန်၊ လက်ထပ်ပွဲ,ရှင်ပြုပွဲကျင်းပရန်၊ ပျိုးနုတ်,ကောက်စိုက်ရန်၊ အလုပ်သစ်လျှောက်ရန်၊ ရတနာပစ္စည်းရောင်းဝယ်ရန်၊ ဆိုင်သစ်ဖွင့်ရန်၊ ကုန်ပစ္စည်း ဝယ်ယူသိုလှောင်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသောကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဇော်သူအေး၊ မဆွေသက်အောင်··ဟု ပေးနိုင်သည်။ ယတြာအရောင်မှာ အဖြူရောင်ဖြစ်ပြီး တောင်အရပ်တွင် စန်းပွင့်မည်။

## ၂၆-၆-၂၀၁၃ (ဗုဒ္ဓဟူးနေ့)
## (၁၃၇၅)ခုနှစ်၊ နယုလဆုတ် (၃)ရက်

မင်းချီးမြှောက်ခံရသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရား

www.burmeseclassic.com

www.burmeseclassic.com



ဆင်းတုတော် ထုလုပ်ရန်၊ အနေကဇာတင်ရန်၊ သာသနာ့အလံလွှင့်ထူ၍ ထီးတော်တင်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ရတနာပစ္စည်း ရောင်းဝယ်,ဝတ်ဆင်ရန်၊ အဝတ်အစားဒီဇိုင်းသစ် ထုတ်လုပ်ရန်၊ အဆောက်အအုံဆောက်လုပ်ရန်၊ အိမ်ပြောင်း,အိမ်တက်ရန်၊ လက်ထပ်မင်္ဂလာပွဲ ကျင်းပရန်၊ အလုပ်သစ်လျှောက်ရန်၊ စာပေရေးသားထုတ်ဝေရန်၊ ပညာစသင်ရန်၊ ဥယျာဉ်,လယ်ယာခြံလုပ်ငန်း လုပ်ဆောင်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသောကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၃၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဝင်းမြင့်မောင်၊ မဝင်းဝင်းမေ··ဟူ၍ ပေးနိုင်သည်။ လုပ်ငန်းအတွက် ယတြာအရောင်မှာ အနက်ရောင်ဖြစ်ပြီး ယနေ့ တောင်အရပ်၌ စန်းပွင့်မည်။

**၂၇-၆-၂၀၁၃ (ကြာသပတေးနေ့)**

**(၁၃၇၅)ခုနှစ်၊ နယုလဆန်း (၄)ရက်**



ချမ်းသာကြွယ်ဝသောယုဂ် ရရှိသဖြင့် ယနေ့ အဝတ်အစားသစ် ဝတ်ဆင်ရန်၊ မော်တော်ယာဉ်ကား ရောင်းဝယ်ရန်၊ အလုပ်သစ်လျှောက်ရန်၊ ရဟန်းခံရှင်ပြုရန်၊ ထီးတော်တင်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ ရတနာပစ္စည်းများ ရောင်းဝယ်,ဝတ်ဆင်ရန်၊ အဆောက်အအုံဆောက်လုပ်ရန်၊ အိမ်သစ်တက်ရန်၊ သီးနှံမျိုးစေ့ ကြဲပက်စိုက်ပျိုးရန်၊ လေကြောင်းခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသောကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းလွဲ(၁း၃၀)နာရီမှ ညနေ(၃း၀၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မင်းမြတ်အောင်၊ မမေသူဦး··ဟူ၍ ပေးနိုင်သည်။ လုပ်ငန်းအတွက် ယတြာအရောင်မှာ အနီရောင်ဖြစ်ပြီး ယနေ့ တောင်အရပ်၌ စန်းပွင့်မည်။

**၂၈-၆-၂၀၁၃ (သောကြာနေ့)**

**(၁၃၇၅)ခုနှစ်၊ နယုလဆုတ် (၅)ရက်**

ချမ်းသာကြွယ်ဝသောယုဂ် ရရှိသဖြင့် ယနေ့ မြေသန့်မင်္ဂလာနှင့် အိမ်တက်မင်္ဂလာ ပြုလုပ်ရန်၊ အဆောက်အအုံဆောက်လုပ်ရန်၊ ပန္နက်ရိုက်,ကျင်းတူး,အုတ်မြစ်စီ,တိုင်ထူ



ရန်၊ ရဟန်းခံရှင်ပြုရန်၊ ဆံရိတ်,ဆံသရန်၊ ဘုရားတည်ရန်၊ ထီးတော်တင်ရန်၊ သီးနှံဆွတ်ခူးရန်၊ လယ်ယာသီးနှံ ရိတ်သိမ်းရန်၊ လေကြောင်းခရီးသွားရန်၊ ပညာစသင်ရန်၊ မော်တော်ယာဉ်ကား,လျှပ်စစ်ပစ္စည်းများ ဝယ်ယူရန်၊ စာပေရေးသားထုတ်ဝေရန်၊ ငွေကြေးဆိုင်ရာကိစ္စ ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသောကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစသော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဟန်သာဦး၊ မဟေမန်အောင်··ဟု ပေးနိုင်သည်။ လုပ်ငန်းအတွက် ယတြာအရောင်မှာ အပြာရောင်ဖြစ်ပြီး ယနေ့ အနောက်အရပ်၌ စန်းပွင့်မည်။

**၃၀-၆-၂၀၁၃ (တနင်္ဂနွေနေ့)**

**(၁၃၇၅)ခုနှစ်၊ နယုလဆုတ် (၇)ရက်**



အလိုဆန္ဒပြည့်ဝသောယုဂ် ရရှိသဖြင့် ယနေ့ ရဟန်းခံရှင်ပြုရန်၊ နာမည်ပေးကင်ပွန်းတပ်ရန်၊ ဆံရိတ်,ဆံသရန်၊ လက်ထပ်မင်္ဂလာပွဲကျင်းပရန်၊ အလှအပဗျူတီပါလာလုပ်ငန်းဆောင်ရွက်ရန်၊ ရတနာပစ္စည်း ရောင်းဝယ်,ဝတ်ဆင်ရန်၊ အိမ်,ခြံ,မြေ,ယာဉ်,စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားရန်၊ မိတ်ဆုံစည်းခံပွဲ ကျင်းပရန်၊ ဆိုင်သစ်ဖွင့်ရန်၊ ချစ်မှုရေးရာကိစ္စ ဆောင်ရွက်ရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ အောင်ဘာလေထီကံစမ်းရန်၊ သီးနှံမျိုးစေ့ ကြဲပက်ရန်၊ လယ်ယာလုပ်ငန်းဆောင်ရွက်ရန်၊ အလုပ်သစ်လျှောက်ရန်၊ အောင်ဘာလေထီကံစမ်းရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသောကလေးမှာ ရာဇဖွားဖြစ်ပြီး နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်ကျော်ကျော်၊ မအေးကြည်ခိုင်··ဟု ပေးနိုင်သည်။ လုပ်ငန်းအတွက် ယတြာအရောင်မှာ အနက်ရောင်ဖြစ်ပြီး ယနေ့ မြောက်အရပ်၌ စန်းပွင့်မည်။

ဝေဒ··တပသီ

**မင်းမဟော်ညွန့်**

**(လူထုအောင်မြေ-အခါတော်ပေး)**

**အပိုင်(၃)၊ ပေါက်ကုန်းရပ်၊ မင်္ဂလာ။**

www.burmeseclassic.com

www.burmeseclassic.com

# ကော်လက်စထရောကို ချေဖျက်ပေးသော စားသောက်ဖွယ်ရာများ

ဟိန်း(ဘူမိ)

(ယခင်လမှအဆက်)

**ထောက်ခံချက်**

**ငါးကြီးဆီ၏ ဆန့်ကြယ်သော**
**ကော်လက်စထရောတစ်မျိုးအပေါ် အကျိုးသက်ရောက်မှု**

သင့်တွင် အယ်လ်ပီ(အေ)[L.P(a)] အမည်ရှိသည့် ဆန်းကြယ်သောကော်လက်စထရောတစ်မျိုး မြင့်မားနေလျှင် အယ်-ဉ်-ဒီ-အယ်လ် ကော်လက်စထရောလည်း မြင့်မားနေပါက ငယ်ငယ်ရွယ်ရွယ်နှင့်ပင် သွေးကြောများ ပိတ်ဆို့ပြီး နှလုံးရောဂါဖြစ်မည့် အန္တရာယ်နှင့် ရင်ဆိုင်ရတတ်ပါသည်။ အချို့ကျွမ်းကျင်သူများက အသက်(၆၀)နှစ်အောက် နှလုံးရောဂါတိုက်ခိုက်ခြင်း ခံရသူများ၏ လေးပုံတစ်ပုံတွင် အယ်လ်-ပီ(အေ)[L.P(a)] အလွန်မြင့်မားနေတတ်သည်ဟု ဆိုကြပါသည်။ အမေရိကန်လူမျိုး (၁၀)ရာခိုင်နှုန်းမှ (၂၅) ရာခိုင်နှုန်းအထိသည် အယ်လ်-ပီ(အေ)မြင့်မားသော အန္တရာယ်နှင့် ကြုံနေရ၍ ယင်းမှာ မျိုးဗီဇကြောင့်ဖြစ်ရကြောင်း သူတို့က ဆိုပါသည်။

အစဉ်အလာသုံး အဆီနိမ့်စားဖွယ်ရာများသည် အယ်လ်-ပီ(အေ)ကော်လက်စထရောကို မတိုက်ဖျက်ပေးနိုင်ပါချေ။ ဒတ်ချ်သုတေသီတစ်ဦးဖြစ်သူ ဒေါက်တာဂျောန် ဒိုင်ယာဘာ့ဂ် (Dr. Jorn Dyerberg) က ငါးကြီးဆီကို ကိုးလဆက်တိုက်ကျွေးခြင်းဖြင့် အယ်လ်-ပီ(အေ) ကော်လက်စထရော ပုံမှန်ထက်မြင့်မားနေခြင်းကို ကျဆင်းစေနိုင်ကြောင်း တွေ့ရှိခဲ့သည်။ အမျိုးသားအုပ်စုတစ်စုအား စမ်းသပ်ချက်တွင် အယ်လ်-ပီ(အေ)ကော်လက်စထရော (၁၅) ရာခိုင်နှုန်းထိ မှတ်သားစဖွယ် ကျဆင်းသွားခဲ့သည်ဟု ဆိုပါသည်။ နေ့စဉ် ငါးကြီးဆီ(၄)ဂရမ်ကျွေးခဲ့ရာ မက်ကာရယ်ငါး(mackerel) (၇)အောင်စစားသည်နှင့် ညီမျှသည်ဟု ဆိုပါသည်။ မကြာသေးမီက ဂျာမန်တို့၏ လေ့လာခဲ့ချက်တစ်ရပ်တွင် ငါးကြီးဆီပမာဏ မြင့်မားစွာပေးခြင်းသည် အယ်လ်-ပီ(အေ)ကော်လက်စထရောကို ပျမ်းမျှ(၁၄) ရာခိုင်နှုန်းထိ ကျစေခဲ့ကြောင်း တွေ့ရသည်ဟု ဆိုပါသည်။ ယင်းအချက်မှာ နှလုံးသွေးကြောရောဂါ ခံစားရသူ လူနာ (၃၅)ဦးတို့အား ဆန်းစစ်လေ့လာခဲ့ခြင်းဖြစ်ပြီး လူနာအနည်းငယ်တွင်ကား အကျိုးမခံစားခဲ့ရကြောင်း တွေ့ရပါသည်။



အယ်လ်-ပီ(အေ)မြင့်တက်ခြင်းကို ကျယ်ကျယ်ပြန့်ပြန့်နှင့် ရိုးရှင်းစွာစမ်းသပ်ခြင်းမျိုးကား မလုပ်ကြည့်ရသေးပါချေ။ သို့သော် ငါးအဆီကို တစ်ပတ်လျှင်(၂)ကြိမ် (သို့မဟုတ်) (၃)ကြိမ်မျှ စားသုံးခြင်းဖြင့် အယ်လ်-ပီ(အေ)မြင့်တက်နေသူများအတွက် ဆီလျော်သင့်မြတ်သော အကြောင်းတစ်ရပ်ကား ဖြစ်နိုင်ပါသည်။ ယင်းဖြစ်စဉ်တွင် ငါးအဆီစားခြင်းဖြင့် နှလုံးရောဂါ၏ တိုက်ခိုက်ခြင်းမှ ကာကွယ်ခြင်းနည်းမှာ လျှို့ဝှက်ဆန်းကြယ်နေဆဲ ဖြစ်ပါသည်။

**အထူးအဆီနည်းစာများ၏**
**အရေးတကြီးကျရောက်နိုင်သောအန္တရာယ်**

သင် အဆီနည်းနည်းစားပါက သင့်ကော်လက်စထရောနှင့် သွေးကြောများအတွက် ပို၍ကောင်းမွန်စေမည်ဟု သင်တွေးမိကောင်း တွေးမိပေမည်။ ဤသို့ကား မဟုတ်ပါချေ။ ဟားဗာ့ဒ်ပါမောက္ခဖရန့်ဆက်(Frank Sacks, M.D) က အလွန်အဆီနည်းပါး(very low fat) သော စားဖွယ်ရာများက အဆီမှ ကယ်လိုရီကို (၁၀)ရာခိုင်နှုန်း (ဝါ) ယင်းထက်လျော့စေပါက ကောင်းမွန်သော အိတ်ချ်-ဒီ-အယ်လ် ကော်လက်စထရောကို ပျက်ပြားစေကာ နှလုံးရောဂါအန္တရာယ်နှင့် ရင်ဆိုင်ရနိုင်သည်ဟု ဆိုပါသည်။

www.burmeseclassic.com


www.burmeseclassic.com

အကြောင်းရင်းမှာ အဆီအလွန်နည်းသည့် အထူးစားဖွယ်ရာက သင်၏ မကောင်းသော အယ်လ်·ဒီ·အယ်လ် ကော်လက်စထရောနှင့် ကောင်းသော အိတ်ချ်·ဒီ·အယ်လ် ကော်လက်စထရော နှစ်မျိုးစလုံးကို လျှော့ကျသွားစေနိုင်၍ ဖြစ်ပါသည်။

ဤနေရာ၌ ဤသို့ဖြစ်ပျက်မည်ကို ဒေါက်တာဆက်က ပြောပြရာ၌ သင့်စားဖွယ်ရာများတွင် အဆီအလွန်ဖြတ်တောက်ပစ်လိုက်သည်နှင့် သင်၏ စုစုပေါင်းကော်လက်စထရော(၂၆၀)မှ (၂၁၀)ထိ လျှော့ကျသွားပေမည်။ သို့သော် ယင်းမှာ အဓိပ္ပာယ်မရှိပါချေ။ အဘယ်ကြောင့်ဆိုသော် သင်၏ ကောင်းမွန်သော အိတ်ချ်·ဒီ·အယ်လ်ကော်လက်စထရောသည် (၂၀)ရာခိုင်နှုန်း လျှော့ကျသွားသဖြင့် (၄၀)မှ (၃၂) သို့ ကျဆင်းသွား၍ဖြစ်သည်။ ယင်းအတွက် ကော်လက်စထရောအချိုး ကျသွားသဖြင့် များစွာသော အမေရိကန်များနည်းတူ နှလုံးရောဂါအန္တရာယ်ကို မြင့်မြင့်မားမား ကြုံရပေတော့မည်။ စုစုပေါင်း ကော်လက်စထရောတွင် ကော်လက်စထရောအချိုးက နှလုံးရောဂါဖြစ်,မဖြစ် ကြိုတင်ခန့်မှန်းချက်ပေးရာ၌ အသုံးဝင်ပေသည်။ ထို့ကြောင့် ဒေါက်တာဆက်က အဆီနည်းလွန်းသောအစာများ စားခြင်းကယခင်ကထက် ပိုကောင်းမလာနိုင်ဟု ဆိုရခြင်းဖြစ်ပါသည်။

အပြန်အားဖြင့် သံလွင်ဆီကဲ့သို့ မပြည့်ဝဆီမျိုး စားသုံးခြင်းက မကောင်းသော အယ်လ်·ဒီ·အယ်လ် ကော်လက်စထရောကို ကျဆင်းစေနိုင်သော်လည်း ကောင်းသော အိတ်ချ်·ဒီ·အယ်လ် ကော်လက်စထရောကိုကား မချေဖျက်ပစ်ပါချေ။ သို့ဖြစ်၍ တိရစ္ဆာန်မပြည့်ဝဆီ စားသုံးခြင်းကို လျှော့ချဖြတ်တောက်ပြီး သံလွင်ဆီကဲ့သို့ မပြည့်ဝဆီမျိုးကို စားသုံးပေးရန် ဒေါက်တာဆက်က အကြံပြုရခြင်းဖြစ်ပါသည်။ သူက မြေထဲပင်လယ်ဒေသ၏ စားသောက်ပုံကို ထောက်ခံပါသည်။ ယင်းတွင် အဆီမှ ကယ်လိုရီ(၃၅)မှ (၄၀)ထိ ရရှိစေသော်လည်း အများစုမှာ မပြည့်ဝဆီများမှ ရရှိခြင်း ဖြစ်၍ပါတည်း။

"အကယ်၍ ကျွန်ုပ်တွင် ကော်လက်စထရော (၁၆၀-၁၉၀)ပမာဏတွင်း၌ရှိလျှင် ကျွန်ုပ် ဘာဆက်လုပ်မည်နည်း။ ပို၍မြင့်တက်အောင် လုပ်ရမည်လား၊ (သို့မဟုတ်) ပိုနိမ့်သွားအောင် လုပ်ရမည်လား။ သို့သော် ကျွန်ုပ်တွင် ကော်လက်စထရောပမာဏ အလွန်နိမ့်ပြီး (၁၂၀)ခန့်တွင်ရှိပါက ပိုမြင့်အောင်တော့ အမှန်ပင်ကြိုးပမ်းရပေမည်" (ဒေါက်တာ



ဒေးဗစ်ဂျက်ကော့ဘ်၊ ကပ်ရောဂါဗေဒပညာရှင်၊ မစ်ချီဂန် တက္ကသိုလ်)


**<u>ကော်လက်စထရော အမြဲအလွန်နိမ့်ပါသလား။</u>**

အထက်ပါ "ဟုတ်ပါသည်" ဟူသော အဖြေမျိုး၊ မလိုအပ်သည့် မေးခွန်းမျိုးကို သုတေသီများ၏ မေးမြန်းခြင်း မြင့်တက်နေပေသည်။ ကော်လက်စထရော အလွန်နိမ့်ခြင်း (၁၆၀ အောက်)သည် အန္တရာယ်ရှိကောင်း ရှိနိုင်ပါသည်။ သက်လတ်ပိုင်းအရွယ် ကျန်းမာရေးကောင်းသော အမျိုးသားပေါင်း(၃၅၀,၀၀၀)အား အဓိကလေ့လာခဲ့ချက်တစ်ရပ်တွင် မင်နီဆိုတာတက္ကသိုလ်မှ ဒေါက်တာဂျိမ်းစ်နေတန်(Dr. James Naeton) နှင့် သူ၏တွဲဖက်များက ကော်လက်စထရော အလွန်နည်းပါးသော ယင်းတို့ထဲမှ (၆)ရာခိုင်နှုန်းတို့တွင် နှလုံးရောဂါဖြစ်နိုင်ချေကို ရှာမတွေ့ခဲ့ကြပါချေ။ နောက်(၁၂)နှစ်ကြာပြီးနောက်တွင်ကား ယင်းတို့ထဲမှ နှလုံးရောဂါကြောင့် သေပျောက်သည့်နှုန်းမှာ ကော်လက်စထရောမြင့်မား (၂၀၀ မှ ၂၃၉)သည့် အုပ်စု၏ တစ်ဝက်ခန့်ရှိကြောင်း တွေ့ခဲ့ရပါသည်။ သို့သော် ကော်လက်စထရောနိမ့်သူ အမျိုးသားများတွင် အခြားပြဿနာများရှိပြီး လေဖြတ်၍ ဦးနှောက်သွေးကြောပြတ်ခြင်း၊ နာတာရှည်အဆုတ်



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ဆို့ခြင်း ရောဂါကြောင့် သေဆုံးခြင်း (သို့မဟုတ်) မိမိကိုယ်ကို သတ်သေခြင်းတို့တွင် အခြားအုပ်စုထက် နှစ်ဆ ပိုကြောင်း တွေ့ရှိရပါသည်။

ထို့ပြင် အသည်းကင်ဆာဖြစ်ခြင်း(၅)ဆ၊ အရက်စွဲ၍ သေဆုံးခြင်း(၅)ဆ ရှိကြောင်းလည်း တွေ့ခဲ့ရပါသည်။ အခြားကမ္ဘာအနှံ့ လေ့လာခဲ့ချက်တစ်ရပ်တွင် အမျိုးသား၊ အမျိုးသမီးပေါင်း (၂၉၀,၀၀၀)တို့အား လေ့လာဆန်းစစ်ခဲ့ရာတွင် ကော်လက်စထရော အလွန်နည်းသူများသည် အကြောင်းအမျိုးမျိုးဖြင့် သေဆုံးမှုနှုန်းပိုများကြောင်း တွေ့ရှိရသည်ဟု မစ်ချီဂန်တက္ကသိုလ်မှ ဒေါက်တာဒေးဗစ်ဂျက်ကော့ဘ်(Dr. David Jacobs) က ဆိုခဲ့ပါသည်။

ဤနေရာတွင် ဘာဆက်လုပ်ရမည်နည်း။ မည်သူမှ မသိပါချေ။ သို့သော် မကြာသေးမီနှစ်များက ကော်လက်စထရော အလွန်နိမ့်ခြင်းက အန္တရာယ်မကင်း၊ စိတ်မချရကြောင်းကား အထောက်အထားများ တွေ့လာနေရပြီဖြစ်သည်။ သွေးကြောများအားနည်း၍ ပေါက်ထွက်ခြင်းကြောင့်



ဦးနှောက်သွေးယိုခြင်း (ဝါ) ဦးနှောက်သွေးကြောပြတ်၍ လေဖြတ်ခြင်းသည် ကော်လက်စလရော အလွန်နိမ့်ခြင်းကြောင့် ဖြစ်ပုံရကြောင်းလည်း တွေ့လာရပေသည်။

ဦးနှောက်ဆဲလ်များအား ကာရံပေးသောအလွှာသည် အနည်းဆုံးလိုအပ်သော ကော်လက်စထရောကိုရမှသာ ပုံမှန်လုပ်ဆောင်နိုင်ပေသည်။ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ ပုံမှန်သွေးတွင်းကော်လက်စထရောရှိသော ဂျပန်လူမျိုးများတွင် ဦးနှောက်သွေးယို၍ လေဖြတ်ခြင်းများပြားခြင်းမျိုး နည်းပါးသည်ကို တွေ့ရှိရခြင်းဖြစ်သည်။ ကော်လက်စထရောနိမ့်ခြင်းသည် အူမကြီးကင်ဆာနှင့် အသည်းပျက်စီးရန်တို့နှင့် ဆက်စပ်နေကြောင်း တွေ့ရှိရပါသည်။

ထို့နောက်တွင် အထောက်အထားအသစ်တစ်ခုမှာ ကော်လက်စထရောနိမ့်ခြင်းက သက်ကြီးပိုင်း စိတ်ဓာတ်ကျခြင်းနှင့် အနည်းဆုံးအားဖြင့် ဆက်စပ်နေကြောင်း တွေ့ရှိချက်ဖြစ်သည်။

ဆန်ဒီယာဂိုရှိ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ အဲလိဇဘက် အယ်လ်-ဘားရက်(Elizabeth L. Barrett - Connor) က ကော်လက်စထရောနိမ့်သော အမျိုးသားများသည် စိတ်ကျခြင်းလက္ခဏာကို ကော်လက်စထရောအသင့်အတင့်နှင့် မြင့်မားသူများထက် ပိုမိုခံစားရတတ်ကြောင်း တွေ့ရှိခဲ့ရပေသည်။ အမျိုးသား(၇၀)ဦးတွင် အသက်ပိုကြီးပြီး ကော်လက်စထရောနိမ့်ခြင်း (၁၆၀)အောက်ရှိသူများ၏ (၁၆)ရာခိုင်နှုန်းခန့်သည် စိတ်ကျခြင်းကို အပျော့စားမှ အပြင်းစားထိ ခံစားနေကြရကြောင်း တွေ့ရပေသည်။ ကော်လက်စထရောမြင့်သူ အမျိုးသားများတွင် (၃)ရာခိုင်နှုန်းမှ (၈)ရာခိုင်နှုန်းခန့်သာ စိတ်ကျရောဂါကို ခံစားရကြောင်း တွေ့ရပေသည်။

အဘယ့်ကြောင့်နည်း။

ဒေါက်တာဘားရက်ကွန်နော်က ကော်လက်စထရောနိမ့်သူများသည် စီရိုတိုနင်(serotonin) (ခေါ်) ဦးနှောက်ဓာတ်ပစ္စည်းတစ်မျိုး နည်းပါးသောကြောင့် အာရုံကို မစုစည်းနိုင်ဖြစ်ရကာ စိတ်ဓာတ်ကျခြင်းနှင့် ရန်လိုခြင်းများ ဖြစ်ပေါ်လာတတ်သည်ဟု ဆိုခဲ့ပါသည်။

အနည်းဆုံးစိတ်ချရသော ပမာဏကား အဘယ်နည်း။

သုတေသီများက သွေးတွင်းကော်လက်စထရော (၁၆၀)အောက်ရောက်သည်နှင့် ယခင်က မရှိခဲ့သော ပြဿနာများ အစပျိုးဖြစ်ပေါ်လာတတ်ကြောင်း သတိမှတ်



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ကြပါသည်။

**ကော်လက်စထရောကို ကုသရန်**

**စားသောက်ပုံစနစ်အား အကြံပြုခြင်း**

စားသောက်ခြင်း (ဝါ) ဓာတ်စာကုထုံးသည် မကောင်းသည့်ကော်လက်စထရောမြင့်မားသည့် အယ်လ်·ဒီ·အယ်လ် အမြင့်ဆုံး (ဝါ) အိတ်ချ်·ဒီ·အယ်လ် အနိမ့်ဆုံး အခြေအနေအတွက် အကောင်းဆုံးဖြစ်သည်။ သင့်လျော်သော စားဖွယ်ရာများကို စားသုံးခြင်းဖြင့် ကော်လက်စထရောကျစေပြီး အသင့်အတင့် (ဝါ) သင့်လျော်စွာနိမ့်ခြင်း(၁၈၀ မှ ၂၀၀ ကြား) ဖြစ်စေနိုင်ပါသည်။

အားလုံးသောစားဖွယ်ရာများသည် လူအားလုံးအပေါ် တစ်ထပ်တည်း အကျိုးပြုမည်ဟုကား မပြောနိုင်ပါချေ။ လူတစ်ဦးချင်းစီအလိုက် ကွာခြားမှုများ ရှိနိုင်ပါသည်။ သင့်အတွက် အကောင်းဆုံးစားဖွယ်ရာများကို စမ်းသပ်စားသုံးခြင်းဖြင့် ရှာဖွေယူရပါမည်။ စားဖွယ်ရာတစ်ခုတည်း (ဝါ) အနည်းအကျဉ်းပေါ်တွင်သာ ကန့်သတ်မှီခိုစားသုံးခြင်း မပြုသင့်ပါချေ။ ကော်လက်စထရော ချေဖျက်နိုင်သည့် များစွာသော စားဖွယ်ရာများကို အလျဉ်းသင့်သလို စားသုံးပေးရပါမည်။ သို့သော် အစားအစာတစ်ခုချင်းစီကို အလွန်အကျွံ မစားသင့်ကြောင်း မှတ်သားထားရမည်။ အစာများစွာကို နည်းနည်းစီ ပေါင်းစပ်စားသုံးခြင်းဖြင့် ကော်လက်စထရောအတွက် ကောင်းကျိုးခံစားရပါမည်။

အထူးအားဖြင့် -

* သစ်သီးများ၊ ဟင်းသီးဟင်းရွက်များ၊ ပဲတောင့်များ၊ အမျှင်ဓာတ်မြင့်မားသော စားဖွယ်ရာများ၊ အုတ်စပါးကဲ့သို့ အစေ့အဆန်များ၊ ပင်လယ်စာများ၊ အထူးသဖြင့် ငါးအဆီများ (ဥပမာ-ဆော်လမွန်၊ မက်ကာရယ်၊ ဆာဒင်း၊ တူနာ) တို့ကို များများစားပေးပါ။

* တိရစ္ဆာန်ပြည့်ဝဆီ၊ မလိုင်ပါနို့၊ ချိစ်၊ အသားအဆီ၊ ကြက်အရေခွံ စသည်တို့ကို ရှောင်ပါ။ ဤသို့ဖြင့် အယ်လ်·ဒီ·အယ်လ် ကော်လက်စထရောကို နိမ့်ကျစေပြီး အိတ်ချ်·ဒီ·အယ်လ် ကော်လက်စထရောကို မြင့်တက်စေသည်။

* ပြောင်းဖူးဆီ၊ ဆူးပန်းဆီကဲ့သို့ အိုမီဂါ(၆) ဟင်းသီးဟင်းရွက်ဆီမျိုးကို လျှော့စားပါ။ မာဂျရင်း၊ ဟင်းရွက်ကြော်နှင့် ပြုပြင်ထားသော စားဖွယ်ရာများကို ရှောင်ပါ။ ယင်းဆီများသည် အယ်လ်·ဒီ·အယ်လ် ကော်လက်စထရောအတွင်း ဝင်ရောက်ကာ အောက်စီဂျင်နှင့်ဓာတ်ပြု၍ အဆိပ်



သင့် အသွင်ပြောင်း၍ဖြစ်သည်။

* သံလွင်ဆီ၊ ကနိုလာဆီ(canola oil) ကဲ့သို့ မပြည့်ဝဆီမျိုးကို စားပါ။

* သစ်သီးများ၊ ဟင်းသီးဟင်းရွက်များ၊ အခွံမာသီးများ၊ သံလွင်ဆီတို့တွင် ပါဝင်သော ဓာတ်တိုးဆန့်ကျင်ဓာတ်ပေါင်းများနှင့် ဗီတာမင်(စီ)၊ ဗီတာမင်(အီး)နှင့် ဘီတာကယ်ရိုတင်းတို့ကို များစွာစားပေးပါ။ ယင်းတို့က အယ်လ်·ဒီ·အယ်လ်ကို ထိန်းသိမ်းပေးပြီး အဆိပ်သင့်မည့်ဘေးမှ ကာကွယ်တားဆီးပေး၍ သွေးကြောများ အန္တရာယ်မကြုံရအောင်၊ နှလုံးရောဂါမဖြစ်အောင် ဟန့်တားပေးသည်။

* သင် အရက်သောက်ပါက နေ့စဉ် ဝိုင်(၁)ခွက်၊ ဘီယာ(၁)ခွက်၊ အရက်ပြင်း(၁)ခွက် သောက်ခြင်းက အိတ်ချ်·ဒီ·အယ်လ် ကော်လက်စထရောအတွက် ကောင်းကျိုးပေးနိုင်ပါသည်။ သင် အရက်မသောက်သူဖြစ်ပါက ကော်လက်စထရောအတွက် အကျိုးရှိစေရန် ရည်ရွယ်၍ အရက်သောက်ရန် မကြိုးစားပါနှင့်။

* ရှီတိတ်မှို(shiitake mushroom)၊ ဘာလီ၊ ဆန်ဖွဲ့(rice bran)၊ ရေညှိ၊ အဆီထုတ်နို့၊ လက်ဖက်ရည်ကြမ်း စသည့် စားသောက်ဖွယ်ရာအချို့တို့သည် အန္တရာယ်ပေးသော ကော်လက်စထရောကို ကျဆင်းစေသည်။

ဟိန်း(ဘူမိ)

www.burmeseclassic.com

www.burmeseclassic.com

လွန်လေပြီးသောအတိတ်ကာလက ကာသိအမည်ရှိသော ရွာတစ်ရွာရှိ၏။ ထိုရွာတွင်နေထိုင်ကြကုန်သော ရွာသူရွာသားတို့သည် ထင်းခွေယာလုပ် ဓားမခုတ်ဟု ဆိုအပ်သော လုပ်ငန်းတို့ဖြင့် အသက်မွေးဝမ်းကျောင်းပြုကာ နေထိုင်ကြလေ၏။ ထိုရွာလေး၌ နေထိုင်ကြသူများအနက် မိသားစုသုံးဦးတည်းနေကြသော ဒံ့မ်ထောင်စုလေးတစ်ခုလည်း ရှိလေ၏။ မိခင်၊ ဖခင် နှစ်ဦးတို့သည် သူတို့၏သားလေးကို သဝိဋ္ဌကဟု အမည်ပေးထားကြ၏။ တစ်ဦးတည်း





www.burmeseclassic.com

www.burmeseclassic.com

သောသားလေးဖြစ်၍လည်း မျိုးမလောက်ချစ်ကြသည်။ ချစ်မည်ဆိုကလည်း ချစ်စရာပင်။ အဘယ်ကြောင့်ဆိုသော် သဝိဠကသည် ကြန်အင်လက္ခဏာနှင့်ပြည့်စုံ၏။ လိမ္မာရေးခြားလည်းရှိ၏။

သူ၏မိဘတို့သည် ၎င်းတို့၏သားလေး လူတစ်လုံးသူတစ်လုံးဖြစ်အောင် ပြုစုစောင့်ရှောက် ကျွေးမွေးကြသကဲ့သို့ မသူတော်တို့ကို ရှောင်ကြဉ်စေ၍ သူတော်ကောင်းတို့နှင့်သာ ဆက်ဆံမိခိုတတ်စေဖို့ ဆုံးမကြသည်။ လမ်းညွှန်ကြသည်။ ထို့ပြင် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့ကိုလည်း မလစ်ဟင်းရလေအောင် သွန်သင်ဆုံးမ၍ထားလေသည်။

သည်လိုနှင့် သဝိဠကသည် မိဘတို့၏မျက်မှောက်၌ ကြီးထွားလာခဲ့ရာ လူပျိုဖားဖားအရွယ်သို့ ရောက်ရှိလာတော့၏။ သဝိဠက၏မိဘတို့သည်လည်း တစ်စ,တစ်စဖြင့် သက်ကြီးရွယ်အိုပိုင်း ရောက်လာကြပြီဖြစ်သောကြောင့် မိဘတို့၏ တာဝန်ဝတ္တရားများကို သားဖြစ်သူ သဝိဠကက တာဝန်ယူလာရလေတော့၏။ သူသည် မိအို,ဖအိုကြီးတို့ကို လိုလေသေးမရှိအောင် ပြုစုလုပ်ကျွေး၏။ အပူချိန်တန်အပူ၊ အအေးချိန်တန်အအေး ဆောင်ရွက်ပေးသလို ခြေဆုပ်လက်နယ်လည်းပြုပေး၏။ မိဘတို့၏အဝတ်အစားကိုလည်း ကိုယ်တိုင်ပင် လျှော်ဖွပ်ပေးသည်။ ထမင်းဟင်းကိုလည်း အလားတူပင် ချက်ပြုတ်၍ကျွေးမွေးပြီး လိုလေသေးမရှိဟု ဆိုရပေမည်။ မိဘတို့၏ လက်ငုတ်ဖြစ်သော လယ်လုပ်ငန်း၊ ယာလုပ်ငန်းတို့မှာလည်း လစ်လပ်မှုမရှိအောင် ဆောင်ရွက်လုပ်ကိုင်လေ၏။

ထို့ကြောင့်ထင်၏၊ စီးပွားရေးလည်း တိုးပွားမြဲတိုးပွား ဖွံ့ဖြိုးလျက်ပင်ရှိလေ၏။ မိအို,ဖအိုကြီးများ စိတ်ဆင်းရဲမှုမရှိရလေအောင် ဆောင်ရွက်၏။ ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လျှုမှုဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာဟူသော ဆောင်ပုဒ်နှင့်အညီ သူ့အပေါ်ကျလာ သူ့ဝန်တာကို မှန်စွာကျေအောင် ထမ်းရွက်နေလေသည်။

ဤသို့ သဝိဠက၏ ဆောင်ရွက်ချက်၊ လုပ်ဆောင်ချက်ကို မျက်ဝါးထင်ထင်တွေ့မြင်နေကြသော ပတ်ဝန်းကျင်ရှိ ရွာသူရွာသားများက မချီးကျူးဘဲ မနေနိုင်အောင် ဖြစ်ကြရသကဲ့သို့ သူတို့၏သားသမီးများကိုလည်း သဝိဠကကို အတုယူကြရန် တိုက်တွန်းပြောဆိုကြ၏။ တကယ်လည်း သဝိဠကသည် ကာသိရွာ၏ စံပြလူငယ်တစ်ဦးဖြစ်၍နေပေသည်။ အကြောင်းမူကား အချို့သောသားသမီးတို့သည် ငယ်သော်ကားသား၊ ကြီးသော် မိဘတို့အတွက် အားကိုးအားပြုရသောသားမဖြစ်ဘဲ ဆိုးသွမ်းသောကျား ဖြစ်နေကြ၍ မိဘများစိတ်ဆင်းရဲကြရ၏။ အချို့သောသမီးလေးများသည် ငယ်သော်သမီး၊ ကြီးသော် မိဘတို့ ခိုနားရသော ထီးမဖြစ်ဘဲ မီးဖြစ်နေကြ၍ မိဘတို့ စိတ်ဒုက္ခရောက်ကြရရှာလေသည်။

သဝိဠကသည် မိဘတို့ စိတ်ချမ်းသာအောင်ထား၏။ မည်သည့်အခါမျှ စိတ်မချမ်းသာဖြစ်စေမည့် အပြုအမူတို့ကို မလုပ်ခဲ့ဖူးပေ။ မိဘတို့နှင့် ဆန့်ကျင်ဘက်ဖြစ်မည့် စကားတို့ကိုလည်း တစ်ခွန်းတလေမှ မဟခဲ့သလို မူးယစ်သောက်စား လောင်းကစားဆိုလည်း ဝေလာဝေးပင်။ ပတ်ဝန်းကျင်ရှိ ရွာသူရွာသားများနှင့်လည်း ခိုက်ရန်ဒေါသမဖြစ်စဖူး။ အပြောအဆို၊ အနေအထိုင်ကအစ ယဉ်ကျေးပျူငှာစွာပင် ဆက်ဆံပြောတတ်သော လူယဉ်ကျေးကလေးဖြစ်၍နေတော့သည်။ လူငယ်ထုတစ်ရပ်လုံး အတုယူရမည့် စံပြလူငယ်ရယ်လို့ အားလုံးကင်ပွန်းတပ်ခဲ့ကြခြင်းပင် မဟုတ်ပါလော။

အံ့လောက်စရာ၊ မိမာတာနှင့်၊ ပိတာအဖ၊ မြတ်ဂုဏအား၊ ဆပ်ငြားပါလို၊ မိကိုလက်ယာ၊ ဘမှာလက်ဝဲ၊ အမြဲထမ်းလျက်၊ ပခုံးထက်တွင်၊ သို့စဉ်နှစ်စွ၊ လုပ်ကျွေးကြလည်း၊ ရေးကပြုဖူး၊ မွေးကျေးဇူးကို၊ အထူးမြဲခိုင်၊ မဆပ်နိုင်တည်း။

အလွန်တရာကြီးမားလှသော အမိ၊ အဖတို့၏ ကျေးဇူးကို လောကီနည်းသက်သက် ကျေးဇူးဆပ်ရုံမျှဖြင့် မည်သို့နည်းနှင့်မှ မကျေနိုင်သော်လည်း သဝိဠက,ကတော့ ကြိုးစား၍ ဆပ်နေရှာသည်။ မိဘတို့၏အရေးသည် သူ့အရေး၊ မိဘတို့၏တာဝန်သည် သူ့တာဝန်၊ မိဘတို့၏ကိစ္စသည် သူ့ကိစ္စဟု သဘောထားသူလည်းဖြစ်၏။ သူ၏မိဘနှစ်ပါးမှလွဲ၍ အခြားဘာဆိုဘာမျှမရှိ။ သူ၏ဘဝတစ်ခုလုံးကို မိဘနှစ်ပါးအတွက်သာဟု သတ်မှတ်ထားလေသည်။

ထိုသို့ မိဘတို့အား ပြုစုရင်း၊ လုပ်ကျွေးရင်းဖြင့် စက္ကန့်ကို မိနစ်စား၊ မိနစ်ကို နာရီစား၊ နာရီကို ရက်စား၊ ရက်ကို လစား၊ လကို နှစ်စားလာလေရာ တဖြည်းဖြည်းနှင့် မိခင်, ဖခင်ကြီးတို့သည် အိုမင်းမစွမ်းဖြစ်လာကြတော့၏။ အထူးသဖြင့် မိခင်ကြီးသည် လူကြီးနာစွဲကပ်လာသောကြောင့် နီးစပ်ရာကျွမ်းကျင်သော သမားတော်များကိုပင့်၍ ကုသသည်။ ဆေးဖိုးမည်မျှပင်ကုန်ပါစေ သူ၏မိခင်ကြီး အသက်ရှင်ဖို့သာ အဓိကဖြစ်၍ အတတ်နိုင်ဆုံး ကြိုးစားကုသ



www.burmeseclassic.com

www.burmeseclassic.com

သည်။ မည်သို့ပင်ကုသပါသော်လည်း မိခင်ကြီးသည် သေခြင်းတရားကို မလွန်ဆန်နိုင်၍ သေမင်းနိုင်ငံသို့ လိုက်သွားရရှာလေ၏။

ထိုအခါ သဝိဋ္ဌကတစ်ယောက် မိဘနှစ်ပါးတို့အား ပြုစုလုပ်ကျွေးလို့မှ အားမရနိုင်သေးခင် မိခင်ကြီး ဆုံးပါးသွားရှာသည့်အတွက်ကြောင့် ယူကျုံးမရ ဖြစ်ရလေ၏။ နှမြောတ,သမဆုံး ဝမ်းနည်းလို့မဆုံး ဖြစ်ရလေသည်။ ဘယ်ပုဂ္ဂိုလ်၊ ဘယ်သတ္တဝါမဆို တစ်နေ့ ဒီလိုပဲ သေခြင်းတရားနှင့် ရင်ဆိုင်ကြမည်ဖြစ်ကြောင်း မည်သူမျှ ရှောင်လွှဲ၍ မရနိုင်ကြောင်း လူကြီးသူမများက ဝမ်းနည်းပူဆွေးနေသော သဝိဋ္ဌကကို နှစ်သိမ့်ကြ၊ ဖျောင်းဖျကြ၊ တရားပြကြတော့မှ သက်သာရာရခဲ့သည်။

နောက်ပြီးတော့ မိခင်ကြီးမရှိတော့သော်လည်း ဖခင်ကြီးရှိသေး၍ တော်သေးသည်ဟု သူဖြေသာသွားသည်။ ဖခင်ကြီးကိုပဲ အဖေလိုတစ်မျိုး၊ အမေလိုတစ်မျိုး သဘောထားကာ ခြေဆုပ်လက်နယ်ပြု၍ ပြုစုလုပ်ကျွေးနေတော့၏။ သည်လိုနှင့် သဝိဋ္ဌကသည် နှစ်ဆယ်ကျော် ငါးနှစ်ပတ်လည်အရွယ်သို့ ရောက်၍လာရာ ဖခင်ကြီးသည် သူ့အားကြည့်ရင်း သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့် ဆိုစကားနှင့်အညီ သားဖြစ်သူသည် အိမ်ထောင်ပြုရမည့်အရွယ်သို့ ရောက်နေပြီဟုစဉ်းစားပြီး သားဖြစ်သူကို အိမ်ထောင်ပြုရန် တိုက်တွန်းရ၏။

'ဒီမယ် သား··သားအနေနဲ့ မငယ်တော့ဘူး။ အိမ်ထောင်ပြုဖို့ အချိန်တန်ပြီ။ ဒါမှလည်း အဖေတို့ရဲ့မျိုးဆက် ကျန်နိုင်မယ်။ သားတစ်ယောက်တည်း အဖေ့ကို လုပ်ကျွေးနေရုံနဲ့ မပြီးသေးဘူး။ သားကိုပြုစုလုပ်ကျွေးမယ့် အိမ်သူသက်ထားတစ်ယောက် ရှိသင့်ပြီ'လို့ ပြောသောအခါ အစပထမမှာတော့ဖြင့် သဝိဋ္ဌကသည် ငြင်းဆန်သမှု ပြုနေသေး၏။ နောက်တော့ ဖခင်ကြီးနှင့် အတိုက်အခံလုပ်ရာကျနေလျှင် တစ်သက်လုံး မိဘစကားနားထောင်လာတဲ့သား၊ အခုအရွယ်လေးရလာမှ အိုမင်းရင့်ရော်လာသော ဖခင်ကြီး၏ စကားကို လွန်ဆန်ရာကျမည်စိုး၍ အပြန်ပြန်စဉ်းစား၍ လက်ခံခဲ့လေသည်။

သည်လိုနှင့် သဝိဋ္ဌကသည် အမျိုးတူ၊ အရွယ်တူ မိန်းကလေးတစ်ဦးနှင့် လက်ထပ်ခဲ့၏။ လက်ထပ်ပြီးပြန်တော့ သူသည် သားသမီးဝတ္တရားကျေသူဖြစ်သကဲ့သို့ လင့်ဝတ္တရားလည်း ကျေအောင်ဆောင်ရွက်လာရပြန်သည်။ မည်သို့ပင်ဖြစ်စေကာမူ ကျေးဇူးကြီးမားလှသော ဖခင်ကြီးကိုလည်း သူ မေ့ထားလို့မရစကောင်းပေ။ လောက၌ သားသေရင် သားအစားရနိုင်သေးသည်။ မယားသေလျှင် မယားအစားထိုး၍ရနိုင်သေးသည်။ မိဘဟူသည် အစားထိုး၍ရစကောင်းသောအရာမဟုတ်ဟူသော နိယာမသဘောတရားကို သူနားလည်သဘောပေါက်၏။

ထို့ကြောင့် ထင်းခုတ်၊ ယာလုပ်ငန်းက ပြန်လာတိုင်း ဖခင်ကြီးကို ဦးသုံးကြိမ်ချ၍ လိုအပ်သည်များကို ဆောင်ရွက်ပေးသည်။ ဖခင်ကြီးကြိုက်နှစ်သက်သော အစားအစာများကို ကိုယ်တိုင်ချက်ကျွေး၏။ ဆေးဝါးခတ်စာလေးများကိုလည်း အဆင်ပြေအောင်ဆောင်ရွက်ပေး၏။ ညအိပ်ရာဝင်ခါနီးတွင် ခြေဆုပ်လက်နယ်ပြုပေးသည်မှာ နိစ္စဓူဝပင်ဖြစ်၏။

မယားဖြစ်သူသည် လက်ထပ်ပြီး၍ အိမ်ရောက်စက မယားနေစ ကြောင်သေမှ ဟူသည်နှင့်အညီ လင်သားဖြစ်သူနှင့် ယောက္ခမအပေါ် တာဝန်ကျေပွန်ခဲ့သည်။ ဘုရားပုထိုးကဲ့သို့ ရိုသေလေးစားခဲ့သည်။ နှစ်လတွေကြာလာသောအခါ ထိုသို့မဟုတ်ချင်တော့။ သူ့လင်၏ ဝတ္တရားကိုသာ ဆောင်ရွက်ချင်လာသည်။ လင်၏အချစ်ကိုလည်း သူတစ်ယောက်တည်း ခံစားချင်သည်။ အခုတော့ ဒီလိုမဟုတ်ပေ။ ယောက္ခမနှင့် မျှဝေလို့ခံစားနေရသည်ဟု ထင်လာကာ ယောက္ခမဖြစ်သူကို မနှာလိုဖြစ်လာသည်။ မကျေနပ်ဖြစ်လာသည်။

ချွေးမဖြစ်သူ၏ စိတ်တို့သည် ကြမ်းတမ်းလာသည်။ မကြံစည်သင့်သည်ကို သူကြံစည်လာသည်။ သူ့လိုဘ၊ သူ့ဆန္ဒပြည့်ဝစေရန် အကြံထုတ်လေတော့၏။ လင်ယောကျ်ားဖြစ်သူ တောင်ယာလုပ်ငန်းသို့သွားလျှင် ယောက္ခမဖြစ်သူအား အလွန်အေးသောရေကိုလည်း ပေးသည်။ အလွန်ပူသောရေကိုလည်း ပေးသည်။ ထမင်းကိုလည်း ကြည့်လိုက်ပါဦး။ မပျော့မနပ်နှင့် စားမရအောင် ချက်ကျွေးပြန်သည်။ ဤကား ယောက္ခမဖြစ်သူအား တမင်အကွက်ဆင်၍ ဒေါသမထွက်,ထွက်အောင် တိုက်ပွဲစလိုက်ခြင်းဖြစ်၏။

ထိုအခါ ယောက္ခမဖြစ်သူက 'သမီးရယ်··ဘယ်လိုဖြစ်ရတာလဲ။ ထမင်းက မပျော့မနပ်နဲ့ စားရတာအဆင်မပြေလှပါဘူးကွယ်'လို့ပြောလိုက်လျှင် ချွေးမဖြစ်သူက 'ဒီလိုသက်ကြီးရွယ်အိုကြီးတွေဟာ ဘယ်လောက်ကောင်းအောင်လုပ်ပေးပေး အကောင်းမထင်ကြဘူး။ တော်တော်ခက်ပေါင်း



www.burmeseclassic.com

www.burmeseclassic.com

ရခက်တဲ့ လူအိုကြီး။ အလိုက်မသိတတ်တဲ့ အဘိုးကြီး' စသည်ဖြင့် ဗျစ်တောက်၊ဗျစ်တောက်နှင့် ပါးစပ်မှ ကြမ်းတမ်းရှန့်ရင်းသောစကားတို့ဖြင့် ပြောဆိုကာ ကြမ်းပြင်တစ်ခုလုံး၌ တံတွေးများကိုထွေး၍ ထားလေ၏။ ထမင်းနှင့် ဟင်းများကိုလည်း ကြဲပက်ထားလိုက်၏။

လင်ယောကျ်ားဖြစ်သူ တောမှပြန်လာလျှင်-

'ကြည့်ပါဦးတော်။ ရှင့်အဖေလုပ်ထားပုံများ ကျွန်မလည်း အတတ်နိုင်ဆုံး ပြုစုတာပါပဲ။ ဒါပေမဲ့ ဘယ်လောက်ကောင်းအောင်လုပ်ပေးပေး အကောင်းမထင်ပါဘူး။ ကြမ်းပြင်ပေါ် တံတွေးမထွေးပါနဲ့ဆိုလည်း မရဘူး၊ ထမင်းလုံးတွေကိုလည်း မကျအောင်စားပါ။ အဖေ့သား ရှာရဖွေရတာ မလွယ်ဘူးလို့ ပြောတဲ့အခါ ကျွန်မကိုတောင်ပြန်ပြီးတော့ကြိမ်းမောင်းလိုက်ပါသေးတယ်။ အို··ကျွန်မရှင်းရှင်းပဲပြောမယ်။ ရှင့်အဖေနဲ့နေရတာ ငရဲကျတာကမှတော်လိမ့်ဦးမယ်။ ကဲပါ၊ အိုမင်းရင့်ရော်နေပြီဖြစ်သော ရှင့်အဖေကြီးကိုလေ သုသာန်ခေါ်သွားပြီးတော့ သတ်သာပစ်လိုက်ပါတော့'ဟု ပြောလိုက်၏။

မယားဖြစ်သူ၏စကားကို ကြားလိုက်ရသောအခါ သဝိဋ္ဌကတစ်ယောက် အတော်လေးတုန်လှုပ်သွား၏။ အလွန်လည်း အံ့အားသင့်သွားသည်။ ကပျာကယာနှင့် မယားဖြစ်သူကိုကြည့်၍ 'မင်းပြောသလိုတော့ မလုပ်ပါရစေနဲ့ကွာ။ တို့များ ဝန်လေးလှပါတယ်'ဟု တောင်းပန်သမှုပြုလိုက်၏။

ထိုအခါ မယားဖြစ်သူသည် လင်၏အရိပ်အကဲကိုကြည့်၍ 'သူ ငါ့ကို စိတ်မဆိုးတဲ့အပြင် တောင်းပန်လို့ပင်နေပါသလား။ ငါ့အကြံ အောင်အောင်လုပ်မည်ဆိုပြီး မခို့တရို့အမူအရာလေးဖြင့် ဖွဲ့ကာနွဲ့ကာဖြင့် လူအိုတစ်ယောက်၏ တာဝန်ဟာ ကြီးမားလှ၍ ဝန်ထုပ်ဝန်ပိုးဖြစ်ရကြောင်း ပြောကာ အမြန်ရှင်းလင်း ဖယ်ရှားရေးကိုသာ တိုက်တွန်းနေလေတော့၏။

မိဘပြောတော့တစ်လ၊ မိန်းမပြောတော့ တစ်ည ဟူသကဲ့သို့ သဝိဋ္ဌကသည် စိတ်တွေမဝေခွဲတတ်အောင် ဖြစ်လာ၏။ မိန်းမစကားကိုပင် ဟုတ်သလို မှန်သလိုဖြင့် ယိုင်နဲ့လာပြီး ကျေးဇူးရှင်အဖေပါလားဟု သူ မမြင်တော့။ သူ့စိမ်းယောကျ်ား လူပိုလူအိုကြီးတစ်ယောက် ဖြစ်ရုံမျှမက အိမ်ရှိလူများကို ဒုက္ခလှလှကြီးပေးနေသူဟု ထင်မှတ်လာလေတော့၏။

လင့်မျက်နှာအမူအရာကိုကြည့်၍ မယားဖြစ်သူသည် ရွှေ့တစ်လှမ်းတိုးလာကာ 'အို မောင်ရယ်··ဘာတွေများတွေးပြီး ကြောက်နေရတာလဲ။ သိပ်လည်းကြောက်မနေပါနဲ့။ ကျွန်မပြောသလိုသာ လုပ်စမ်းပါ။ မနက်စောစောထပြီးတော့လေ ဘေးကအိမ်ရှိလူတွေကြားလောက်အောင် အဖေ ဟိုဘက်ရွာမှာ ကျွန်တော် နွားရောင်းထားတာ ငွေရစရာရှိတယ်။ ကျွန်တော်တောင်းတာ အဲဒီရွာကလူတွေက မပေးကြဘူး။ အဖေလိုက်တောင်းပေးမယ်ဆိုရင် ရနိုင်တယ်။ ဒါကြောင့် အဖေလိုက်တောင်းပေးပါဟု ပြောပါ။ ဒီလိုနဲ့ သူလိုက်လာရင် သုသာန်ကို လှည်းမောင်းသွားပြီးတော့ ဟိုရောက်တာနဲ့ ခိုးသားဓားပြဟန်ဆောင်ပြီး သတ်ပစ်လိုက်ပါ။ နောက်ပြီးတော့ ဘာသဲလွန်စမှမရှိအောင်လည်း တွင်းတူးပြီး မြှုပ်ခဲ့ပါ'ဟု ပြောလေ၏။ သဝိဋ္ဌကလည်း မယားပြောသမျှ အဟုတ်ကြီးထင်ကာ 'ကောင်းပြီ'ဟု ဝန်ခံကတိပေးလိုက်၏။

ထိုသို့ သဝိဋ္ဌကတို့ဇနီးမောင်နှံနှစ်ဦး တိုင်ပင်နေကြသည်ကို ချောင်း၍နားထောင်နေသူတစ်ဦးရှိလေ၏။ ထိုသူကား အခြားမဟုတ်၊ ခုနစ်နှစ်အရွယ်သာရှိသေးသော သူတို့၏ တစ်ဦးတည်းသောသားလေးပင်ဖြစ်၏။ သားဖြစ်သူသည် အသက်အရွယ်အားဖြင့် ငယ်ပင်ငယ်သော်ငြားလည်း တွေးတောဝေဖန်ပိုင်းခြားတတ်သောဉာဏ်ရှိ၏။ အဆိုးနှင့် အကောင်း၊ အကျိုးနှင့်အကြောင်းတို့ကို ဝေဖန်ပိုင်းခြားနိုင်သောပညာရှိ၏။

'အင်း··ငါ့အဖေသည် အမေပြောသောစကားကို နားယောင်ပြီး အဘိုးကိုသတ်ချေက ပိတုဃာတကကံကြီးထိုက်ရှာပေတော့မည်။ ငါတားမြစ်မှတော်မယ်'ဟု တွေးပြီးလျှင် အဘိုးဖြစ်သူနှင့် အိပ်လေသည်။

နံနက်မိုးသောက် အလင်းသို့ရောက်သောအခါ သဝိဋ္ဌကသည် မယားဖြစ်သူ ပြောထားသည့်အတိုင်း ဖခင်ကြီးအား ပရိယာယ်ဖြင့် ခေါ်လေ၏။ ဖခင်ဖြစ်သူသည် သား၏အကြံကို မသိရှာ၍ အဟုတ်ထင်ပြီး လှည်းပေါ်သို့ တက်လိုက်၏။ သားဖြစ်သူသည်လည်း အဘိုးအို လှည်းပေါ်တက်သည်နှင့် သူပါ လှည်းပေါ်တက်လိုက်၏။ ထိုအခါ သဝိဋ္ဌကသည် သူ၏အကြံ မအောင်မှာစိုး၍ သားငယ်ဖြစ်သူကို မလိုက်ရန် တားမြစ်လေ၏။ သို့သော် သားငယ်သည် တား၍မရပေ။ အဘိုးဖြစ်သူနား တိုးရွှေ့ကာ ထိုင်နေလေတော့၏။ သဝိဋ္ဌကလည်း သားဖြစ်သူအား ပြောမရသည့်အဆုံး လိုက်ပါခွင့်ပြုခဲ့ရတော့၏။

သို့နှင့် မကြာမြင့်မီမှာပင် သားအဖ၊ မြေးအဘိုး သုံး



www.burmeseclassic.com

www.burmeseclassic.com

ယောက်တို့သည် နွားလှည်းကိုမောင်း၍ ခရီးစတင်ခဲ့ကြလေသည်။ လှည်းပေါ်၌ ပါလာသူသုံးဦးတို့သည် အတွေးကိုယ်စီနှင့် လိုက်လာခဲ့ကြသည်။ မကြာမီ သုသာန်သို့ရောက်လာကြရာ လှည်းကို သုသာန်အဝင်ဝ၌ ရပ်လိုက်၏။ သဝိဋ္ဌကသည် ဖခင်ဖြစ်သူနှင့် သားကို လှည်းပေါ်မှာပင် နေခဲ့ကြရန်ပြောပြီး ပေါက်တူး၊ ဂေါ်ပြား၊ တောင်းတို့ကိုယူ၍ သုသာန်တောအုပ်အတွင်း ဝင်သွားလေ၏။

ဖခင်ဖြစ်သူ သဝိဋ္ဌကက သားငယ်ကို လှည်းပေါ်မှာ နေခဲ့ရန်ပြောသော်လည်း သားဖြစ်သူကမနေ၊ သူ့အဖေသွားရာနောက်သို့ နောက်ယောင်ခံ၍ လိုက်သွား၏။ ချုံကွယ်လေးတစ်ခုအနားရောက်လျှင် တွင်းကို အားစိုက်၍တူးနေသော ဖခင်ဖြစ်သူကို တွေ့လိုက်ရ၏။

သားဖြစ်သူသည် သူ့ဖခင်ကို သေချာစွာကြည့်ပြီး-

'အဖေ··လူတို့မွေ့လျော်ရာမဟုတ်သော သုသာန်အလယ်၌ သထွေးဥ၊ ကညင်ဥ၊ အာလူး၊ ပိန်းဥ၊ မျောက်ဥတို့သည် မရှိကုန်။ အဖေသည် ဘာအလိုရှိလို့ ဒီတွင်းကို တူးနေရာလဲ'ဟု မေးလိုက်၏။

'ဒီမယ်သား··သင့်ရဲ့ အဘိုးသည် အလွန်အားနည်းနေပြီ။ များစွာသောအနာတို့သည်လည်းကောင်း၊ အိုခြင်းဆင်းရဲသည်လည်းကောင်း နှိပ်စက်အပ်ပြီ။ ထို့ကြောင့် သင့်အဘိုးကို ငါသည် လေးထောင့်တွင်း၌ မြှုပ်သတ်မယ်။ ဘာကြောင့်လဲဆိုတော့ အိုမင်းနေပြီဖြစ်တဲ့ သင့်အဘိုး ဆင်းရဲပင်ပန်းစွာ အသက်ရှည်ခြင်းကို ငါ မနှစ်သက်လို့ ဒီလိုလုပ်ရခြင်းဖြစ်တယ်'

သားဖြစ်သူသည် ဖခင်၏စကားကို ကြားရသောအခါ



'ငါ့အဖေသည် အဘိုးဖြစ်သူကို ဆင်းရဲမှလွတ်စေအံ့ဟု ယုတ်မာသောအကြံကို ကြံအပ်ပြီ။ တကယ်တမ်းတွေးကြည့်တော့ အဖေ့လုပ်ရပ်ဟာ ပစ္စုပ္ပန်,သံသရာ နှစ်ဖြာသော စီးပွားကို ဆုတ်ယုတ်စေသော အလွန်ကြမ်းကြုတ်လှစွာသော ပိတုဃာတကကံကိုပြုဘိ၏'ဟု ပြောပြီးလျှင် သားငယ်ဖြစ်သူသည် ဖခင်လက်မှ ပေါက်တူးကိုယူ၍ မနီးမဝေးသော အရပ်၌ တွင်းတစ်ခုကို တူးလေ၏။

ထိုအခါ သဝိဋ္ဌကသည် တွင်းတူးနေသော သားအနီးသို့သွား၍ 'ချစ်သား··ဘာကြောင့် ဒီတွင်းကိုတူးနေရတာလဲ'ဟုမေးလေ၏။

'အဖေလည်း အဘိုးကိုသတ်ပြီးတော့ မြေမြှုပ်သကဲ့သို့ သားကလည်း အိုမင်းသောအရွယ်သို့ရောက်သော အဖေ့ကို သတ်ပြီး မြေမြှုပ်သတ်ဖို့ တွင်းတူးနေတာလေ။ သားသမီးဆိုတာ မိဘကို အတုယူလိုက်လုပ်ရတယ်မဟုတ်လား'ဟု ပြန်ပြောလိုက်၏။

သားဖြစ်သူ၏စကားကို ကြားရသောအခါ သဝိဋ္ဌကတစ်ယောက် ထိပ်ထိပ်ပျာပျာနှင့် တုန်လှုပ်သွား၏။

'ချစ်သား··အသင်သည် ရှန့်ရင်းကြမ်းကြုတ်သော စကားကို ဘာလို့ပြောရတာလဲ။ သားသည် အဖေ့ရင်မှ ဖြစ်သောသားဖြစ်ပါလျက် ငါ၏အစီးအပွားကို အလိုမရှိသည်ဖြစ်ဘိ၏'ဟု ပြော၏။

အမှန်စင်စစ် သဝိဋ္ဌကသည် သူကိုယ်တိုင်ပင် မ,ဘက်လိုက် မိုက်ဘက်ပါနေသည်သတိမထား၊ ဂရုမပြု။ ဖခင်ကြီးကိုသတ်လျှင် ပိတုဃာတကကံကြီး ထိုက်မည်ဆိုသည်ကိုလည်း သတိမမူပေ။ သားဖြစ်သူက သူ့ကိုသတ်ရန် တွင်းတူးနေပါသည်ဟု ပြောသောအခါ မလုပ်သင့်မလုပ်ထိုက်သည်ကို ပြုသည်ဟုထင်နေသည်။ အမှန်မတော့ သားဖြစ်သူက ဖခင်ဖြစ်သူအား သင်ခန်းစာယူနိုင်ရန် တစ်နည်းအားဖြင့် သတိသံဝေဂရပြီး အမြင်မှန်၊ လမ်းမှန်ပေါ်ရောက်အောင် ပရိယာယ်သုံး၍ ပညာပေးနေခြင်းဖြစ်၏။

သို့အတွက်ကြောင့် သားဖြစ်သူက-

'ဒီမယ်အဖေ၊ သားက အဖေ့ရဲ့အစီးအပွားကို အလိုမရှိလို့ မဟုတ်ပါဘူး။ အဖေ့ရဲ့အစီးအပွားကို အလိုရှိပါတယ်။ ယုတ်မာလှသော ပိတုဃာတကံကိုပြုသော အဖေ့ကို တားမြစ်လိုလို့ဖြစ်ပါတယ်။ တကယ်တော့ အဖေဟာ သားကိုသာ ဆုံးမရမှာဖြစ်ပါတယ်။ အဖေ့အနေနဲ့ မပြစ်မှား[illegible] မပြစ်မှားထိုက်သော မိဘတို့ကို ညှဉ်းဆဲမယ်ဆိုလို့ရှိရင်



www.burmeseclassic.com

www.burmeseclassic.com

သေသည့်၏အခြားမဲ့၌ ငရဲသို့လားရမှာ ဖြစ်တယ်ဆိုတာ ယုံမှားသံသယမရှိ အမှန်ပင် ငရဲသို့လားရမှာဖြစ်ပါတယ်။ အကယ်တန္တု မိဘတို့ကို ပြုစုလုပ်ကျွေးသော သားသမီးတို့ဟာလည်း သေသည့်၏အခြားမဲ့၌ နတ်ရွာသုဂတိသို့ လားရမှာ ဖြစ်ပါတယ်'လို့ ပြောလိုက်၏။

ထိုအခါမှပင် သဝိဋ္ဌကသည် သတိသံဝေဂတရားရသွား၏။ တကယ်တော့ သည်ကိစ္စဖြစ်ရတာဟာ သားရဲ့ မိခင် တိုက်တွန်းလို့ ဖြစ်ရတာပါဟု ပြောပြလေ၏။ သူဖြစ်စေလိုသောလမ်းကြောင်း လမ်းမှန်ပေါ်သို့ရောက်လာသော ဖခင်ဖြစ်သူကို ပြုံး၍ကြည့်ပြီး သားငယ်သည် အလွန်ဝမ်းသာပီတိဖြစ်နေ၏။

ပြီးတော့မှ ဖခင်ဖြစ်သူအား 'အဖေ··သားပြောမယ်။ အိမ်ပြန်ရောက်သောအခါ အမေ့ဆန္ဒ၊ အမေ့အကြိုက်တွေ မလိုက်ဘဲ ယဉ်ကျေးမှုမရှိတဲ့အမေ၊ စရိုက်ကြမ်းတဲ့အမေကို အဖေက ရိုက်နှက်ပြီးတော့ အိမ်ပေါ်က နှင်ချလိုက်ပါ။ ဒါမှသာ အမေ နောင်မလုပ်ရဲတော့မှာပေါ့'

သည်တော့မှ သဝိဋ္ဌကက 'ကဲ··ကောင်းပြီ သား၊ အဖေတို့ အိမ်ပြန်ကြမယ်'ဆိုကာ သားအဖ မြေးအဘိုး သုံးယောက်တို့သည် နွားလှည်းကိုမောင်း၍ အိမ်ပြန်ခဲ့ကြတော့သည်။

အိမ်တွင်ကျန်ခဲ့သော သဝိဋ္ဌက၏မယားအလှသည် ဤသို့ပြောဆိုနေ၏။ အသရေမရှိသော သက်ကြီးရွယ်အိုအဘိုးကြီးသည် ငါတို့အိမ်မှ ထွက်ခွာသွားလေပြီဟုဆိုပြီး အလွန်ပျော်နေ၏။ အိမ်ကိုလည်း နွားချေးအသစ်များလိမ်းကျံ၍ မွှမ်းမံထားသည်။ သားနှင့်လင်ဖြစ်သူတို့ ပြန်လာလျှင် စားဖို့ နို့ယနာထမင်းကိုပါချက်ပြီး လာရာလမ်းမဘက် မျှော်ကြည့်လိုက်ရာ မထင်မှတ်သောမြင်ကွင်းကြောင့် ဒေါပွသွားလေသည်။ နှုတ်မှလည်း ဤကဲ့သို့ပြောလိုက်၏။ အိမ်မှထွက်လေပြီးသော အသရေမရှိသောသူယုတ်ကို ဘာဖြစ်လို့များ ပြန်ခေါ်လာရတာလဲဟု ဆဲရေးကာပြောဆိုလိုက်၏။

သဝိဋ္ဌကသည် တစ်စုံတစ်ခုသောစကားကို မဆိုမူ၍ လှည်းကိုရပ်ပြီး နွားနှစ်ကောင်ကိုချွတ်၍ 'ယုတ်မာသော၊ အကျင့်ရှိသော မိန်းမယုတ်··နင်ဘာပြောတာလဲ'ဟု ထိုမိန်းမကို ပြင်းစွာရိုက်နှက်ထုထောင်းထိုးကြိတ်ပြီးလျှင် 'ဤနေ့မှစ၍ သည်အိမ်က ဆင်းပေတော့။ လုံးဝပြန်မလာနှင့်' ဆိုကာ နှင်ထုတ်လိုက်တော့၏။

ထို့နောက် သားအဖ မြေးအဘိုး သုံးယောက်တို့သည် ရေမိုးချိုး၍ ထမင်းအတူစားကြ၏။ ထိုယုတ်မာသောမိန်းမသည် နှစ်ရက်၊ သုံးရက် သူတစ်ပါးအိမ်၌ နေထိုင်လျက်ရှိ၏။ ဤအကြောင်းကိုသိသော သားဖြစ်သူက-

'အဖေ··သားရဲ့အမေဟာ ဒီလိုအိမ်ကနှင်ချရုံမျှဖြင့် အသိတရားရမှာ မဟုတ်ဘူး။ အဖေ့အနေနဲ့ အမေ့ကို နှလုံးမသာမယာဖြစ်အောင် ဟိုဘက်ရွာမှာ အဖေ့ဦးရီးသမီးတစ်ယောက် ရှိတယ်မဟုတ်လား'

'အေး··ရှိတယ်လေ၊ အဲဒါ ဘာဖြစ်လဲ'

'ဘာဖြစ်ရမလဲ။ အဲဒီဦးရီးသမီးနဲ့ အဖေတို့ လက်ထပ်မယ်ဆိုတဲ့သတင်း ဖြန့်လိုက်ရုံရှိတာပေါ့။ နောက်ပြီးတော့ ပန်းနံ့သာတွေကိုယူ၊ လှည်းပေါ်တင်ပြီးတော့သွား၊ တစ်နေ့လုံး လယ်တဲမှာပဲ နေလိုက်ပါ။ ညနေကျတော့မှ ပြန်လာခဲ့ပေါ့အဖေရာ'ဟု ပြောဆိုလိုက်၏။

သဝိဋ္ဌကသည် သားပေးသည့်အကြံအတိုင်း လုပ်ဆောင်ရာ ထိုသတင်း တစ်ရွာလုံးပျံ့နှံ့သွားလေတော့၏။

အိမ်နီးချင်းမိန်းမတို့သည် 'ဟဲ့ ကောင်မရဲ့··နင့်လင် အခြားရွာကမိန်းမနဲ့ အိမ်ထောင်ပြုတော့မလို့တဲ့။ နင်မကြားဘူးလား'ဟု မေးကြသောအခါ ထိုမိန်းမသည် 'ယခု ငါသည် ဘဝပျက်ချေပြီ။ ဤနေ့မှစ၍တစ်ဖန် ငါ၏လင်အိမ်၌ နေခွင့်သည်မရှိပြီ'ဟု ကြောက်လန့်တကြားဖြင့် သားထံအရင်သွားသည်။ သူ၏အမှားများကို ဝန်ချ၍တောင်းပန်သည်။ ထို့နောက် လင်ကိုလည်းကောင်း၊ ယောက္ခမကိုလည်းကောင်း တောင်းပန်လေ၏။

'နောက်နောင် ဒီလိုမဖြစ်စေရပါဘူး။ ယောက္ခမဖြစ်သူကို ဖခင်အရင်းကဲ့သို့ သဘောထားကာ ရိုရိုသေသေ လေးလေးစားစားဖြင့် ပြုစုလုပ်ကျွေးပါတော့မည်'ဟု ဝန်ခံကတိစကားပြောကြားကာ ရှိခိုးတောင်းပန်လေတော့၏။

သားပေးလိုက်သော သင်ခန်းစာကြောင့် သဝိဋ္ဌကတို့၏ အိမ်ဂေဟာလေးသည် ပြန်လည်၍ စိုပြည်လာခဲ့၏။ တစ်နည်းအားဖြင့် မြူမှုန်ကင်း၍ လမင်းကြီးသာသလို သူတို့အိမ်လေးသည် အမှောင်တွေကင်းပျောက် အလင်းသို့ရောက်လာသော သီရိမင်္ဂလာအိမ်လေး ဖြစ်လာလေတော့၏။

မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊
ခုနောင်ဘဝ ချမ်းသာရ။

မောင်နန္ဒာ(မန္တလေး)

*(ဇာတကအဋ္ဌကထာ တက္ကလဇာတ်ကို မှီငြမ်းရေးဖွဲ့စီတ်ကူးပုံဖော်ပါသည်။)*



www.burmeseclassic.com

www.burmeseclassic.com

ခံစားရသောဝေဒနာကို ပြောရလျှင်တော့ နေကပူ ရေကငတ်၊ အာခေါင်ကခြောက်၊ ခရီးပန်းလာသောကြောင့် လွယ်ထားသောအိတ်နှင့် ဒူးလေးကိုပင် မသယ်ချင်။ ကိုသံချောင်း အခုမှ နောင်တတွေရနေသည်။ ရွာမှာရှိစဉ်က တစ်ခါတလေ ရောက်လာတတ်သော မုဆိုးတချို့နှင့် နှစ်ကြိမ်လောက် တောပစ်လိုက်ခဲ့ဖူးသော ကိုသံချောင်းက ပိုးဝင်ကာ တောပစ်အရမ်းထွက်ချင်နေသည်။

တစ်ယောက်တည်းကျတော့လည်း မထွက်ရဲ။ တစ်မိုးသာ ကုန်သွားသည်၊ ဘယ်မုဆိုးမှ ရွာကို ရောက်မလာ။

သို့သော် ဆောင်းအကုန် နွေအကူး တစ်ရက်တွင် မုဆိုးနှစ်ယောက် ကိုသံချောင်းတို့ရွာကို ရောက်လာသည်။ သူကြီးအိမ်မှာ တည်းသည်ဟု ကြားသောကြောင့် ကိုသံချောင်း အပြေးရောက်လာသည်။

သူကြီးက ကိုသံချောင်းကို မြင်သည်နှင့်-

"သံချောင်း‥ မင်း ငါ့အိမ်လာတာ ငါသိတယ်ကွ"

"ဟုတ်ပါတယ် သူကြီး"

"ဒါက ငါ့မိတ်ဆွေမုဆိုးတွေကွ။ ဒါက စောဂျိမ်း၊ ဒါက ကျော်စိုး၊ တို့ရွာအရှေ့ဘက်က တောထဲကို တောပစ်ဖို့ လာတာကွ။ မင်း လိုက်ချင်လို့လား"

"ဟုတ်ပါတယ် သူကြီး"

"မင်း လိုက်ချင်ပေမယ့် သူတို့က ခေါ်ချင်ဦးမှကွ။ မုဆိုးဆိုတာ စည်းကမ်းကြီးတယ်ကွ"

ကိုသံချောင်းက မျက်နှာသေကလေးဖြင့်-

"သူကြီးရယ်‥မုဆိုးတွေ အမိန့်ပေးတဲ့အတိုင်း လိုက်နာပါ့မယ်။ ကြက်ကောက်၊ ငှက်ကောက်ကလေးဖြစ်ဖြစ် လိုက်ပါရစေ။ သူကြီး ပြောပေးပါ"





www.burmeseclassic.com

ထိုင်၍နားထောင်နေသော စောဂျိမ်းက ပြုံးသည်။

ပြီးမှ-

'သူက ဘာဖြစ်လို့ ဒါလောက်လိုက်ချင်နေရတာလဲ'

သူကြီးက-

'ဒီလိုကွ စောဂျိမ်းရ၊ မနှစ်က ရွာကိုရောက်လာတဲ့ မုဆိုးတွေနဲ့ တောပစ်ထွက်တာ ဒီကောင်လိုက်ဖူးတယ်။ အဲဒီကတည်းက ဒီကောင် ပိုးဝင်သွားတာ။ ဒူးလေးတစ်လက်တောင် သူ ဝယ်ထားသေးတယ်။ မြားတံတော့ သူ့ဟာသူ လုပ်တယ်ထင်တယ်။



www.burmeseclassic.com

တောပစ်အတွေ့အကြုံရချင်လို့ စောဂျိမ်းတို့နဲ့ လိုက်ချင်နေတာ'

'တောပစ်တာက လူများရင် အနှောင့်အယှက်ဖြစ်တယ်။ စိတ်တူကိုယ်တူနဲ့ စည်းကမ်းကို လိုက်နာမယ်ဆိုရင်တော့ အဖော်ကောင်းရပါတယ်။ သူက ဒီရွာသားလား'

'ဟုတ်တယ် စောဂျိမ်း'

'ဒါဆိုရင် တောကျွမ်းမှာပေါ့'

ကိုသံချောင်းက-

'ထင်းခုတ်၊ ဝါးခုတ် ထွက်ဖူးတယ်။ တောပစ်လည်း နှစ်ခါလောက် လိုက်ဖူးတယ်။ သိပ်တောနက်ရင်တော့ မကျွမ်းဘူး'

'ဒါလောက်ဆို မဆိုးပါဘူး။ ဒူးလေးတော့ ကောင်းကောင်းကိုင်တတ်တယ်ပေါ့'

'ကိုင်တတ်ပါတယ်'

'ကျုပ်တို့နဲ့လိုက်ရင်တော့ ကျုပ်တို့စကား နားထောင်ရမယ်။ ခင်ဗျားလုပ်ချင်သလို လုပ်လို့တော့မရဘူး'

'ဒါဆိုရင် မနက်စောစော ဒီကိုအရောက်လာခဲ့။ စောစောကလေး ထွက်ကြမယ်'

◆ ◆ ◆

နံနက်စောစော ဝေလီဝေလင်းအချိန်ကစ၍ မနားတမ်းလျှောက်လာခဲ့ကြသည်မှာ နေထန်းတစ်ဖျားအချိန်လောက်မှ တောကြက်တစ်ကောင်နှင့် ယုန်တစ်ကောင်သာ ရသေးသည်။ ထိုတောကြက်နှင့် ယုန်ကလည်း ကိုသံချောင်း ဒူးလေးကြောင့် ရလိုက်ခြင်းဖြစ်သည်။ သေနတ်များကိုင်ထားသော မုဆိုးရင့်မာကြီးများက ဟင်းစားကောင်တစ်ကောင်မျှ မရသေးဘဲ ဒူးလေးကိုင်ထားသော မုဆိုးပေါက်စက တောကြက်နှင့် ယုန်ရလိုက်သောကြောင့် ကိုသံချောင်းစိတ်ထဲတွင် အတော်ကျေနပ်နေသည်။

တစ်နေရာအရောက်တွင် တောင်သဖန်းပင်ကြီးတစ်ပင်ကို တွေ့လိုက်ရသည်။ ခပ်ဝေးဝေးကပင် မွှေးကြိုင်နေသော တောင်သဖန်းသီးအနံ့ကို ရနေသည်။

စောဂျိမ်းက တောင်သဖန်းပင်နား မရောက်မီ-

'ကျော်စိုး··အပင်အောက်မှာ ဟင်းစားကောင်ရနိုင်တယ်။ သတိထား'

ကျော်စိုးက ပါလာသော (၃၀·၀၆)သေနတ်ကို ကြိတ်၍ မောင်းတင်လိုက်သည်။ စောဂျိမ်းစကားကြောင့် ကိုသံချောင်းကလည်း ဒူးလေးကို အသင့်လုပ်ထားလိုက်သည်။

တောင်သဖန်းသီးများက တစ်ပင်လုံးညွတ်နေအောင် သီးနေသည်။ အပင်အောက်တွင်လည်း ကြွေကျနေသော တောင်သဖန်းသီးများက ဖွေးဖွေးလှုပ်နေသည်။ အပင်အောက်ပတ်ဝန်းကျင်တွင် တောကင်ပွန်းချုံ၊ သန်းသတ်ချုံများကြောင့် တောကောင်များ ရောက်နေလျှင်တောင် ဖြုန်းခနဲတွေ့ဖို့ မလွယ်ကူ။ ထို့ကြောင့် ချုံများကြားမှ တရွေ့ရွေ့တိုးရင်း အပင်အောက်ကိုရောက်အောင် သွားနေရသည်။

စောဂျိမ်းက ရှေ့မှဦးဆောင်ကာ ချုံတိုးနေရင်း တစ်နေရာအရောက်တွင် ရပ်လိုက်သည်။

ပြီးမှ လေသံတိုးတိုးဖြင့်-

'အပင်အောက်မှာရှိတယ်။ ဘာကောင်လဲတော့ မသဲကွဲသေးဘူး။ ပစ်ဆိုမှပစ်နော်'

ကျော်စိုးက ခေါင်းညိတ်ပြလိုက်သည်။ ပြီးမှ စောဂျိမ်းရပ်နေရာချုံဘေးမှ ရပ်ကြည့်လိုက်သည်။ တောင်သဖန်းပင်ကြီး၏ တစ်ဖက်တစ်ချက်တွင် ခေါင်းငုံ့ကာ စားနေသော သတ္တဝါတစ်ကောင်၏ဖင်ပိုင်းကို မြင်လိုက်ရသည်။ ထို့အတူ အပင်၏အနောက်ဘက် ချုံအကွယ်တွင် တလှုပ်လှုပ်ဖြင့် မည်းမည်းသာမြင်ရသော အကောင်တစ်ကောင်။ ယုန်နှစ်ကောင်ကလည်း တောင်သဖန်းသီးကို ချုံထဲကနေထွက်ဆွဲကာ ချုံထဲတွင်ယူစားနေသော မြင်ကွင်းကလည်း ရှိနေသေးသည်။

စောဂျိမ်းက တစ်ချက်စဉ်းစားလိုက်ကာ လက်ဟန်ခြေဟန်ပြ၍ ချုံများကိုတိုးကာ၊ငုံ့ကာဖြင့် လျှောက်သွားလိုက်သည်။ ချုံကောင်းသော အုန်းနဲ့ပင်တစ်ပင်အကွယ်သို့ ရောက်သည်နှင့် ရပ်လိုက်သည်။ အုန်းနဲ့ပင်အကွယ်မှ ချောင်းကြည့်လိုက်သောအခါ မြင်ကွင်းက ရှင်းသွားသည်။ စောစောက ဖင်တစ်ပိုင်းသာမြင်ရသောအကောင်က ဒရယ်ဖိုနှင့် ချုံအကွယ်မှ မည်းမည်းသာမြင်ရသောအကောင်က ချိုလက်လေးလုံးခန့်ထွက်နေသော ဆတ်ထီးတစ်ကောင်ဖြစ်သည်။

စောဂျိမ်းက အိတ်ထဲမှ မီးခြစ်ကိုထုတ်ကာ ခြစ်ကြည့်လိုက်သည်။ တော်သေးသည်၊ စောဂျိမ်းတို့က လေအောက်မှာ ရောက်နေသည်။ စောဂျိမ်းက ဒရယ်ကောင်ရှိရာသို့ သူ့တူမီးကြီးကို ထိုးချိန်လိုက်သလို နောက်တစ်ကောင်အတွက် ကျော်စိုးကို လက်ပြလိုက်သည်။ ကျော်စိုးကလည်း သူ့လက်စွဲတော် (၃၀·၀၆)ရိုင်ဖယ်ကြီးကို ထိုးချိန်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဒရယ်ဖိုက တောင်သဖန်းသီးများကို အေးဆေးစွာပင် ငုံ့စားနေသည်။ စောဂျိမ်းက အုန်းနဲ့ပင်ကိုင်းတကက်တစ်ခု ပေါ်တွင် သေနတ်ပြောင်းကိုတင်၍ ချိန်ထားခြင်းဖြစ်သည်။ ကျော်စိုးက အုန်းနဲ့ပင်တစ်ဖက်အစပ်မှရပ်ကာ ချိန်နေသည်။

"ဒိန်း"

"ဖောင်း"

စောဂျိမ်းထံမှ ကျည်ထွက်သံနှင့် ကျော်စိုးထံမှ ကျည်ထွက်သံက စက္ကန့်ပိုင်းလောက်သာခြားသည်။ သို့သော် စောဂျိမ်း ခလုတ်ဆွဲလိုက်ချိန်တွင် အုန်းနဲ့ပင်ကိုင်းက ငြိမ့်ခနဲဖြစ်ကာ လှုပ်သွားသောကြောင့် ပစ်မှတ်က လွဲသွားသည်။ ဒရယ်ဖို၏ဗိုက်အောက်တွင် မြေသားများဖွာခနဲဖြစ်သွားကာ ဒရယ်ကောင်က ရေ့ကချုံတောထဲသို့ ဒရောသောပါးပြေးဝင်သွားတော့သည်။

ကျော်စိုးပစ်လိုက်သော ပစ်မှတ်က ဆတ်ကောင်ကို တိတိကျကျထိလိုက်သောကြောင့် ဆတ်ကောင်က ဒူးညွတ်ကာ ခေါင်းစိုက်သွားပြီး ယာဘက်သို့ ခွေကျသွားသည်။ ထိုအချိန်တွင် ကိုသံချောင်းထံမှ ဒေါင်ခနဲအသံကြားလိုက်ရပြီး ချုံစပ်မှပြေးထွက်လာသော ယုန်တစ်ကောင်ကို မြားတံက စိုက်သွားသည်။ ယုန်က တစ်ချက်မျှတောင်မလှုပ်တော့။

ထိုအချိန်တွင် ကျော်စိုးပစ်လိုက်သော ဆတ်ကောင်က ဒယီးဒယိုင်ဖြင့် ထရပ်လိုက်ကာ လှစ်ခနဲပြေးထွက်သွားတော့သည်။ စောဂျိမ်းက သူပစ်လိုက်သောပစ်မှတ်ကလွဲသွား၍ မကျေမနပ်ဖြစ်နေရသည့်အထဲ ကျော်စိုးပစ်လိုက်သောဆတ်ကောင်က သေချာပြီဟုယူဆ၍ အနားသို့သွားရန် ခြေလှမ်းပြင်နေဆဲတွင် အခုလိုထပြေးသွားသောကြောင့် ပို၍စိတ်တိုသွားကာ-

"ဟာ..ဟော့ကောင်တွေ ဘာငိုင်နေတာလဲ။ လိုက်ကွ၊ လိုက်"

စောဂျိမ်းရော ကျော်စိုးပါ ဆတ်ကောင်နောက်သို့ ဒရောသောပါးပြေးလိုက်သွားကြသည်။ ထိုအခါကျမှ ကိုသံချောင်းလည်း ကယောင်ကတမ်းဖြင့် နောက်ကပြေးလိုက်သွားတော့သည်။ မြန်လိုက်သည့်ဖြစ်ခြင်း။ စစဦး နောက်က ပြေးလိုက်သွားစဉ်အချိန်ကသာ စောဂျိမ်းနှင့် ကျော်စိုးကို မြင်လိုက်ရသော်လည်း (၁)မိနစ်လောက်အတွင်း အရိပ်အယောင်တောင် မတွေ့ရတော့။ တောတိုးသွားသောကြောင့် အုန်းနဲ့ချုံ၊ ပိစပ်ချုံများ လှုပ်၍ကျန်နေခဲ့သည်ကိုပဲ ကိုသံချောင်း တွေ့လိုက်ရသည်။

ချုံများ လှုပ်ကျန်ခဲ့သည်ကိုကြည့်၍ နောက်ကနေ အပြေးလိုက်နေရင်း တစ်နေရာတွင် မျက်ခြည်ပြတ်သွားသောကြောင့် ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သောအခါ ဆတ် ကောင်၏ဒဏ်ရာမှ သွေးစက်များနှင့် အမွေးအမှင်များကို တစ်နေရာတွင် တွေ့လိုက်ရသည်။ သွေးစက်များအနီးမှ အနောက်ဘက်ကို ဦးတည်နေသော ကျော်စိုးနှင့် စောဂျိမ်းတို့၏ တောစီးဖိနပ်ခြေရာများဖြစ်သည်။

ကိုသံချောင်းက ခြေရာများအတိုင်း အနောက်ဘက်သို့ အပြေးလိုက်လာခဲ့သည်။ အုန်းနဲ့ချုံ၊ ပိစပ်ချုံများကိုလွန်၍ မည်းမှောင်နေသော ဝါးတောဆီကို ရောက်လာသည်။ ဝါးတောက ကြခတ်ဝါးတောဖြစ်၍ ရှုပ်နေအောင် ထူထပ်လှသည်။ ကြခတ်ဝါး၏သဘာဝက အကိုင်းအခက်ရှုပ်၍ အဖျားတွင် ချိတ်ကလေးများရှိသောကြောင့် လူတိုးလျှင် အဝတ်အစားများကို ချိတ်များက ငြိတတ်သည်။ တိရစ္ဆာန်များတိုးလျှင်လည်း အရေပြား၊ နားရွက်၊ အမွေးများကို ချိတ်တတ်သောကြောင့် ကြခတ်ဝါးတောကို လူရော တိရစ္ဆာန်ပါ ရှောင်တတ်ကြသည်။

ထို့ကြောင့် ကိုသံချောင်းက ဝါးတောစပ်တွင်ရပ်ကာ ခြေရာနှင့် သွေးစသွေးနများကို ရှာလိုက်သည်၊ မတွေ့။





www.burmeseclassic.com

www.burmeseclassic.com

နောက်ကလိုက်ရင်း လမ်းကြောင်းများ လွဲသွား၍လားဟု စဉ်းစားလိုက်ပြန်သည်။ နောက်ပြန်လှည့်လျှင် ကောင်းမည်လား၊ ရှေ့ဆက်ရမည်လား ကိုသံချောင်း ဝေခွဲမရ။ တောလိုက်ရင်း လူကွဲသွားပါက အချင်းချင်းနားလည်နိုင်သော အသံတစ်ခုကို ပေးရအောင်ကလည်း ဘာသံပေးရမည်ကို တိုင်ပင်မထားခဲ့။ ကိုသံချောင်း စဉ်းစားနေသည်။

တောကလည်း တိတ်ဆိတ်ငြိမ်သက်ကာ မျောက်အော်သံများနှင့် ကျေးငှက်သာရကာတို့၏ အသံများသာ ခပ်ဝေးဝေးက ကြားနေရသည်။ နေကလည်း အတော်မြင့်နေပြီ။ ရေငတ်လာသောကြောင့် လွယ်ထားသောကျောပိုးအိတ်တွင် ချည်ထားသည့် ရေဘူးကိုစမ်းလိုက်သည်၊ မတွေ့။ ရေဘူးလည်း ပြေးရင်းလွှားရင်း ဘယ်နေရာမှာ ပြုတ်ကျခဲ့သည်ကို မသိတော့။

ကိုသံချောင်းက တောလိုက်၊ ထင်းခုတ်၊ ဝါးခုတ်နှင့် တောထဲကို ရောက်ဖူးသည်ဆိုသော်လည်း နှံ့နှံ့စပ်စပ်တော့ မဟုတ်။ တောဆိုတာကလည်း သစ်ပင်ဝါးပင်၊ ချုံပင်များ ကလွဲ၍ ထူးထူးခြားခြားမရှိသောကြောင့် ဘယ်နေရာရောက်နေသည်ကို စဉ်းစားမရ။

ခြေရာနှင့် သွေးစသွေးနကိုကြည့်ရင်း ပြေးလာခဲ့သော အချိန်က တစ်နာရီကျော်လောက်ရှိမည်ဟု ကိုသံချောင်း တွေးမိသည်။ လောလောဆယ်ပြဿနာက ရေငတ်နေသော ပြဿနာဖြစ်သည်။ နွေခေါင်ခေါင်ဖြစ်၍ တောင်ကချောင်း များလည်း မတွေ့ရ။ တွေ့သောချောင်း များကလည်း ရေခန်းနေပြီဖြစ် သည်။ ဘယ်နေရာတွေ ရောက်နေ



မှန်းမသိ။ မျက်စိလည်နေသောကြောင့် တချို့နေရာများကို လျှောက်ရင်း၊လျှောက်ရင်း သုံး၊လေးခါပြန်ရောက်နေသည်။

စောဂျိမ်းနှင့် ကျော်စိုးကိုလည်း အရိပ်အယောင်ပင် မတွေ့တော့။ တစ်နေရာတွင် ဆူးသီးမဲအပင်ကို တွေ့လိုက်ရသည်။ ကိုသံချောင်း ဝမ်းသာသွားသည်။ ထိုအပင်မှ အသီးများက စား၍ရသည်။ အသီးအရွယ်က ဆီးကင်းခန့်သာရှိသည်။ စတော်ဘယ်ရီသီးအရသာမျိုးဖြစ်၍ အရည်ရွှမ်းသည်။ ကိုသံချောင်းက (၄၊ ၅)လုံးခူးလိုက်ကာ ဝါးစားလိုက်သည်။ ရေငတ်တော့ပြေသလိုဖြစ်သွားသည်။ မကျေနပ်သောကြောင့် နောက်ထပ်(၄၊ ၅)လုံးထပ်စားလိုက်သည်။ ထိုအခါကျမှ နေသာထိုင်သာရှိသွားသည်။

ကိုသံချောင်း ဒီတောထဲကို အကြိမ်ကြိမ်ရောက်ဖူးသည်။ ဒါပေမဲ့ အခုရောက်နေသောနေရာက ဘယ်နေရာမှန်း မမှတ်မိ။ ပတ်ဝန်းကျင်တစ်ဝိုက် ကျွန်း၊ ပျဉ်းကတိုး၊ အင်ကြင်း၊ ယမနေ၊ တောင်သရက်၊ သစ်အယ်၊ ညန့်ပင်၊ မျောက်ချောပင်၊ တယ်ပင်များစုံနေ၍ အောက်ခြေတွင်လည်း စိန်နားပန်းချုံ၊ ကြောင်ပန်းရွက်ချုံ၊ ဖန်ခါးပင်၊ တောင်ဝွေးသီးပင်၊ စောင်ချမ်းပင်၊ သနပ်ခါးပင်၊ သန်းပင်၊ ဆီးပင်၊ သစ်စေးပင်၊ ငါးဥဆူးသီးရုံ၊ သန်းသတ်ချုံ၊ စွန်လက်သည်းချုံ၊ ခေါင်ပဲချုံ စသည်ဖြင့်စုံနေသည်။ မြေညီမဟုတ် ဆင်ခြေလျှောတွေ၊ တောင်စောင်းတွေ၊ ချိုင့်ဝှမ်းတွေ၊ မြောင်တွေ ဖြစ်သည်။

ရေငတ်ပြေ ဆူးသီးမဲများဝါးစားပြီး လမ်းစတွေ့လို တွေ့ငြား လျှောက်လာရာ နာရီဝက်အတွင်း ရေကငတ်လာပြန်သည်။ ဗိုက်ကလည်း အဆာလွန်၍ အစာစားချင်စိတ်ပင် မရှိတော့။ တစ်နေရာအရောက်တွင်တော့ ရေသံသဲ့သဲ့ကို ကြားလိုက်ရသည်။ ခပ်လှမ်းလှမ်းဆီကဖြစ်သည်။ ကိုသံချောင်း ဝမ်းသာသွားသည်။ ရေသံကြားရာဆီသို့ ခပ်သွက်သွက်လျှောက်လိုက်သည်။

တောင်ကြောအတိုင်း လက်ဝဲဘက်မှလာသောအသံဖြစ်၍ တောင်ကြောပေါ်မှ လက်ဝဲဘက်သို့ ဖဲ့ဆင်းလိုက်သည်။ ဆင်ခြေလျှောအဆင်းအတိုင်းဖြစ်သည်။ ရေသံက တဖြည်းဖြည်းနီးလာပြီဖြစ်သည်။ တဖြည်းဖြည်း နိမ့်ဆင်းသွားရာမှ ရှေ့တွင် မှောင်မိုက်နေသော ငှက်ပျောတောကြီးကို တွေ့လိုက်ရသည်။ ရေသံက ငှက်ပျောတောဆီမှ လာနေသောကြောင့် ကိုသံချောင်းက ငှက်ပျောတောဘက်သို့ ဒူးလေးကို အသင့်အနေအထားကိုင်ကာ ဆင်းလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

နွေရာသီဖြစ်၍ အရိပ်ကောင်းလှကာ အေးမြနေသော ငှက်ပျောတောထဲတွင် တောကောင်များ နားနေတတ်သောကြောင့်ဖြစ်သည်။ တစ်ယောက်တည်းဖြစ်၍ ထိုနေရာမျိုးကို မသွားသင့်ဟု တွေးမိသော်လည်း ရေငတ်သည့်ဒဏ်ကို မခံနိုင်သောကြောင့် အရဲစွန့်ကာ ဆင်းလာခဲ့ခြင်းဖြစ်သည်။ ငှက်ပျောတောက တောင်ဆင်ခြေလျောအတိုင်း ပေါက်နေခြင်းဖြစ်၍ ခြေချော်မကျစေရန် ငှက်ပျောပင်များကို ဖက်တွယ်၍ ဆင်းလာခဲ့ရသည်။ တော်သေးသည်။ တောကောင်ဆို၍ တစ်ကောင်မျှမတွေ့။

ကိုက်(၂၀)လောက်ဆင်းလာပြီးနောက် ငှက်ပျောတောက ဆုံးသွားသည်။ ရှေ့ဆက်လျှောက်ရန်လည်း နေရာမရှိတော့။ ချောက်ကြီးကိုသာ တွေ့လိုက်ရသည်။ ချောက်ထဲတွင်တော့ ရေသံသဲ့သဲ့ကိုကြားနေရသည်။ ကိုသံချောင်း စိတ်ညစ်သွားသည်။ မတ်စောက်နေသောချောက်ကြီးဖြစ်၍ ဆင်းဖို့ရန်မလွယ်။ ရေရှိသောနေရာကလည်း မည်မျှနက်မှန်းမသိ။ ထိုနေရာမျိုးက ပိုးကောင်(မြွေဆိုး)များ ရှိတတ်သည်။

ကိုသံချောင်း စိတ်လျှော့ကာ အပေါ်ကို ပြန်တက်လာခဲ့သည်။ ရေငတ်နေသည့်အထဲ ပင်ပန်းလှသောကြောင့် တောင်ကြောပေါ်ရောက်သည်နှင့် ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။ ထိုအချိန်တွင် ဆီးပင်အုပ်စုအစပ်၌ တောကြက်မောင်နှံတစ်စုံက မြေကြီးကိုယက်ကာ အစာကောက်နေကြသည်။ ကိုသံချောင်းကိုမမြင်။ အေးဆေးစွာ အစာကောက်နေကြခြင်းဖြစ်သည်။

ကိုသံချောင်း လက်ယားနေသည်။ တခြားအချိန်အနေအထားမျိုးဆိုလျှင် ကိုသံချောင်းရဲ့ဒူးလေးစာမိမည်မှာ သေချာသလောက်ဖြစ်သော်လည်း ယခုအခါမှာတော့ ကိုယ့်ဒုက္ခနှင့်ကိုယ်ဆိုတော့ အသာလေးငြိမ်နေလိုက်သည်။ ပင်ပန်းနေသောကြောင့် လှုပ်တောင်မလှုပ်ချင်။ ချုံရိပ်ကကောင်းသောကြောင့် ပက်လက်လှန်ကာ မြေပေါ်တွင် လှဲချလိုက်သည်။ မျက်လုံးနှင့်တည့်တည့်က သစ်ပင်သစ်ကိုင်း သစ်ခက်များကိုကြည့်ရင်း မျက်ခွံများက တဖြည်းဖြည်းလေးလံလာသည်။ ကိုသံချောင်း အိပ်ပျော်သွားသည်။

◆ ◆ ◆

စောဂျိမ်းနှင့် ကျော်စိုးက သွေးစသွေးစက်များကိုကြည့်ကာ အပြေးလိုက်လာကြသည်မှာ (၁၅)မိနစ်ခန့်ရှိပြီဖြစ်သော်လည်း ဆတ်ကောင်ကို မမြင်ရသေး။ မြေကွက်ကျယ်ကျယ်တစ်ခုအရောက်တွင် ခြေရာပျောက်သွားသောကြောင့် ခဏရပ်လိုက်ကြသည်။

စောဂျိမ်းက-

"ကျော်စိုး··ဒါလောက်ပြေးပုံထောက်ရင် ဒီကောင် ချက်ကောင်းမထိလိုက်ဘူးထင်တယ်ကွ"

"လက်ပြင်ကို သေသေချာချာချိန်ပစ်လိုက်တာပဲ။ မလွဲပါဘူးဗျာ"

"ဟုတ်လား၊ ဒါတောင် ဒီကောင် ဒီလောက်အထိပြေးနိုင်သေးတယ်။ အံ့သြစရာပဲ"

ပတ်ဝန်းကျင်အနေအထားလိုက်ကြည့်နေရင်း ကြောင်ပန်းရွက်ချုံတစ်ခု၏ အရွက်များပေါ်တွင် ပေကျံနေသော သွေးစသွေးနများနှင့် သွေးလူးနေသော အမွေးအမှင်များကို တွေ့လိုက်ရသည်။ ကျော်စိုးက-

"စောဂျိမ်း··ဒီမှာဗျ"

စောဂျိမ်းက ချုံပတ်ဝန်းကျင်တွင် ခြေရာများကို ရှာလိုက်သည်။ တစ်နေရာတွင် ရောထွေးရှုပ်ယှက်ခတ်နေသော ခြေရာများ၊ မြေပြင်ပေါ်တွင် မည်းမည်းအကွက်များ။

"ဒီကောင် မဟန်နိုင်တော့ဘူးကွ။ ဒူးတောင် ခွေကျသွားသေးတယ်။ မည်းမည်းအကွက်တွေက သဲထဲမှာကျနေခဲ့တဲ့ သွေးကွက်တွေကွ။ ကျော်စိုး··လာ၊ ဒီကောင် ဒီနားတစ်ဝိုက်မှာ ရှိနိုင်တယ်ကွ"

စောဂျိမ်းက ကြောင်ပန်းရွက်ချုံ၏ ယာဘက်ချုံတောများအတိုင်း အနည်းငယ်မြင့်တက်သွားသော တောင်ကြောဆီသို့ သေနတ်ကို သတိအနေအထားဖြင့်ကိုင်ကာ ရှေ့ကလျှောက်သွားသည်။ ကျော်စိုးကလည်း (၃၀·၀၆)ရိုင်ဖယ်ကြီးကိုကိုင်ကာ နောက်လိုက်သွားသည်။ ချုံပုတ်များက ရှုပ်နေသည်။ တောကောင်များ ပုန်း၍နေနိုင်လောက်သည်။ စောဂျိမ်းက ချုံပုတ်များအတိုင်း သတိထား၍ ရှေ့ကလျှောက်နေရင်း တစ်နေရာအရောက်တွင် နောက်ကပ်ပါလာသော ကျော်စိုးကို လက်ပြလိုက်သည်။

ကျော်စိုးက စောဂျိမ်းအထာကိုသိပြီးဖြစ်၍ သေနတ်ကို အသင့်အနေအထားဖြင့် စောဂျိမ်းနားကို ကပ်လိုက်သည်။ စောဂျိမ်းက တစ်နေရာကို လက်ညှိုးထိုးပြလိုက်သည်။

ဆတ်ကောင်က သစ်ဆိမ့်ပင်တစ်ပင်ကိုမှီကာ စောဂျိမ်းတို့ရှိရာသို့ ပေ၍ကြည့်နေသည်။ လက်ပြင်တွင်ရှိသော ကျည်ရာမှသွေးများ တစိမ့်စိမ့်စီးကျလျက်ရှိသည်။ ပါးစပ်မှလည်း လျှာထွက်ကာ လေကို တစ်အားရှူနေသည်။ ကျော်စိုးက သေနတ်ကို ထိုးချိန်လိုက်သည်။ စောဂျိမ်းက-

www.burmeseclassic.com

www.burmeseclassic.com

'ကျည်မဖြုန်းနဲ့ကွ။ လဲတော့မှာ'

စောဂျိမ်းပြောသည့်အတိုင်း ဆတ်ကောင်က (၃)မိနစ်လောက်အတွင်း သစ်ဆိမ့်ပင်ကိုမှီနေရင်း ခွေကျသွားကာ အသက်ပျောက်သွားသည်။ နှစ်ယောက်သား ဆတ်ကောင်ကို ဝါးတစ်လုံးဖြင့်လျှိုကာ ရှေ့နောက်ထမ်းလာကြရင်း တောင်သဖန်းပင်ရှိရာသို့ ခပ်သုတ်သုတ်လျှောက်လာကြသည်။ ဆတ်ကောင်နောက်ကိုလိုက်တုန်းက ဇောနှင့်မို့ မောရမှန်းမသိသော်လည်း ဆတ်ကောင်ကိုထမ်းကာ ပြန်လာရသောခရီးက တော်တော်နှင့်မရောက်နိုင်ဟု ထွေးမိလိုက်ကြသည်။ တောင်သဖန်းပင်အောက်သို့ရောက်ချိန်တွင် တိတ်ဆိတ်ငြိမ်သက်နေသည်။ ကိုသံချောင်းပစ်ထားသော ယုန်သေက ပုရွက်ဆိတ်များပင် တက်နေသည်။

စောဂျိမ်းက အပင်အောက်တွင် လှည့်ပတ်ကြည့်လိုက်ရင်း-

'ကျော်စိုး..ဟို သံချောင်းဆိုတဲ့ကောင်လည်း မတွေ့ပါလား'

'အေးဗျ၊ ဒီလူ ကျွန်တော်တို့နောက်များ လျှောက်လိုက်လာသလားမသိဘူး။ ဒါပေမဲ့ ဒီလူက ဒီနယ်သားဆိုတော့ မျက်စိမလည်နိုင်လောက်ပါဘူး။ ရောက်လာမှာပါ'

'အေး..သူ့ကိုစောင့်ရင်း ဝမ်းဖြည့်ကြရအောင်ကွာ။ ဗိုက်ထဲက ဆန္ဒပြနေပြီ'

စောဂျိမ်းနှင့် ကျော်စိုး စားသောက်ပြီးချိန်အထိ ကိုသံချောင်း ရောက်မလာသေး။

နှစ်ယောက်သား အနားယူပြီးမှ-

'ကျော်စိုး..အချိန်တွေရှိသေးတယ်ကွ။ ကိုသံချောင်းက ဘယ်လျှောက်သွားနေသလဲမသိဘူး။ သူ့မပါလည်း တို့နှစ်ယောက် ဒီနားတစ်ဝိုက်လှည့်ကြရအောင်။ ကိုသံချောင်း ပြန်လာရင် တို့မပြန်သေးမှန်းသိရအောင် ဆတ်ကောင်နဲ့ ယုန်ကို တောင်သဖန်းကိုင်းတစ်ခုမှာ ချိတ်ထားခဲ့မယ်။ မကောင်းဘူးလား'

'ကောင်းတယ် စောဂျိမ်း'

စောဂျိမ်းနှင့် ကျော်စိုးတို့နှစ်ယောက် (၁)နာရီလောက်အတွင်း ချေတစ်ကောင်နှင့် တောကြောင်တစ်ကောင်ရလိုက်သည်။ နယ်ခံမဟုတ်သောကြောင့် တောတွင်းတွင် ခပ်ဝေးဝေးမသွားရဲဘဲ ချေကို တစ်ယောက်တစ်လှည့်ထမ်းကာ တောင်သဖန်းပင်အောက်ကို ပြန်လာခဲ့ကြသည်။ နေလည်း အတော်စောင်းပြီ။ ကိုသံချောင်းကိုလည်း အရိပ်အယောင်ပင် မတွေ့ရသေး။ ကျော်စိုးက-

'စောဂျိမ်း..ဘယ်လိုလုပ်ကြမလဲ'

'အဲဒါပဲကွ၊ အဲဒါကြောင့် ငါ လူပိုမခေါ်ချင်တာ။ ဒါတောင် ကိုယ်လုပ်ချင်တာမလုပ်နဲ့။ တို့စကားနားထောင်လို့ မှာထားသေးတာ'

'ကိုသံချောင်းက နယ်ခံဆိုတော့ မျက်စိလည်တာတော့ မဖြစ်နိုင်ဘူးထင်တယ်'

'ဒါဆိုရင် ဒီအပင်အောက်ကို ပြန်လာသင့်တာပေါ့'

'နေအတော်စောင်းပြီ စောဂျိမ်း။ ဘာဆက်လုပ်ကြမလဲ။ တော်ကြာ ကျွန်တော်တို့ပဲ တောထဲ အိပ်နေရဦးမယ်'

'နယ်ခံမပါဘဲ ကိုယ်မကျွမ်းတဲ့တောကိုတော့ မအိပ်ချင်ဘူးကွာ။ တို့ လမ်းမှတ်မိတာပဲ ပြန်ကြမယ်'

'သူကြီးကိုတော့ သူ့တပည့်အကြောင်း ပြောပြရမှာပဲ'

◆◆◆

ကိုသံချောင်း ဘယ်လောက်ကြာအောင် အိပ်ပျော်သွားသည်မသိ၊ သူ့ပခုံးကို တစ်စုံတစ်ယောက်က လှုပ်နှိုးလိုက်သောကြောင့် လန့်နိုးသွားသည်။ ကြည့်လိုက်တော့ သူ့ကို လှုပ်နှိုးလိုက်သူက အဘိုးအိုတစ်ယောက်။ သျှောင်တစောင်းထုံးထားသည်။ ခေါင်းပေါ်တွင် ကွမ်းသီးလုံးသာသာခန့် ဆံစုကလေးရှိသည်။ လုံချည်တိုတိုဝတ်ထားသည်။ ခြေသလုံးအလယ်တွင် ထိုးကွင်းမင်ကြောင်တစ်ပိုင်းတစ်စကို တွေ့ရသည်။ အဘိုးအိုက-

'မှောင်ရီသန်းနေပြီကွ။ ညဘက်ရောက်လာရင် မင်းကို တောကောင်တွေက အန္တရာယ်ပေးလိမ့်မယ်'

'ကျွန်တော် ဘယ်ရောက်နေတာလဲ အဘ'

'မင်း ရိုးမတောထဲမှာပဲ မျက်စိလည်နေတာ'

'ဟုတ်မယ်ထင်တယ်'

'မင်းအဖော်တွေရော'

'တောလိုက်ရင်း လူကွဲသွားလို့'

'မင်းက ဘယ်ကိုပြန်မှာလဲ'

'ကျောက်ဖျာကိုပါ'

'အဝေးကြီးပဲ။ ကဲ..ဒါဆိုရင် ဒီညတော့ အဘတို့အိမ်ကို လိုက်ခဲ့တော့။ မနက်ကျမှပြန်ပေါ့'

'ဗျာ..အဘတို့အိမ်၊ အဘက ဘယ်ရွာကလဲ'

'အဘက ဒီတောထဲမှာ နေတာပဲ'

'ဒီတောထဲမှာ'

'အေးလေ၊ ဘာဖြစ်လို့လဲ။ ကဲ..နောက်မှစကားပြော



www.burmeseclassic.com

www.burmeseclassic.com

ကြတာပေါ့။ မှောင်လာရင် တောကောင်တွေ ကြောက်ရတယ်။ လာ..သွားကြမယ်'

အဘိုးအိုက ရှေ့ကနေသွားနေ၍ ကိုသံချောင်းက နောက်ကနေ ဟိုငေးဒီငေးဖြင့်လိုက်သွားသည်။ ကိုသံချောင်း စိတ်ထဲတွင် ခန့်မှန်းခြေ(၁၀)မိနစ်လောက်သာ လျှောက်လိုက်ရသည်။ မီးများလင်းထိန်နေသော အိမ်ကြီးတစ်လုံးကိုတွေ့လိုက်ရသည်။ ရေနံချေးများဝနေသော ခြေတံရှည်အိမ်ကြီးဖြစ်သည်။ အောက်လင်းမီးကြီးများကို အပေါ်တွင်တစ်လုံး အောက်တွင်တစ်လုံး ထွန်းထားသည်။ အောက်တွင် ကွပ်ပျစ်တစ်လုံးရှိသည်။

ပတ်ဝန်းကျင်တစ်ဝိုက်ကတော့ အမှောင်ထုများဖုံးလွှမ်းနေသော တောကြီးသာဖြစ်သည်။ ခြံစည်းရိုးက ကျွန်းတိုင်ကြီးများကိုခြမ်းကာ စိုက်ထားသောစည်းရိုးဖြစ်သည်။

'မောင်ရင်..ထမင်းဆာရောပေါ့'

'ထမင်းလည်းဆာတယ်။ လောလောဆယ် ရေအရင်သောက်ချင်တယ်'

'ဩော်..အေး..အေး'

အဘိုးအိုက အိမ်ပေါ်ကိုမော့ကြည့်ကာ လှမ်းအော်လိုက်သည်။

'လုံမရေ..ရေတစ်ခွက်ယူခဲ့ပါဟေ့'

သိပ်မကြာလိုက် ဆံတောက်ကလေးနှင့် (၁၇၊ ၁၈)နှစ်အရွယ် မိန်းကလေးတစ်ယောက်က ရေခွက်ကိုကိုင်ကာ ဆင်းလာသည်။ ယွန်းနှင့်လုပ်ထားသော ရေခွက်ဖြစ်သည်။ ကိုသံချောင်းက ရေခွက်ကိုယူကာ အငမ်းမရမော့သောက်လိုက်သည်။ တစ်စက်မကျန်အောင်သောက်ပြီးမှ ရေခွက်ကို မိန်းကလေးလက်ထဲသို့ ထည့်လိုက်သည်။ ရေခွက်ကိုပေးရင်း ကိုသံချောင်းက မိန်းကလေးကို သေသေချာချာကြည့်မိသည်။ အသားဖြူဖြူနှင့် ချောမောလှပသော မိန်းကလေးဖြစ်နေသည်။

အဘိုးအိုက-

'လုံမလေး..သူ့အတွက် ထမင်းပြင်ပေးလိုက်ပါ။ ကဲ..မောင်ရင်၊ ဒီကွပ်ပျစ်မှာ ထိုင်ပြီးနားတော့။ မင်းလည်း တစ်နေ့လုံး ပင်ပန်းလာရောပေါ့'

ကိုသံချောင်းက လွယ်ထားသောဒူးလေးနှင့် အထုပ်အပိုးများချကာ ကွပ်ပျစ်ပေါ်တွင်ထိုင်လိုက်သည်။ အဘိုးအိုက အိမ်ပေါ်ကို တက်သွားသည်။ မကြာခင်အချိန်အတွင်း လက်ဆေးရေ၊ ထမင်းပန်းကန်၊ ဟင်းပန်းကန်များကို မိန်းကလေးက လာချပေးသည်။ ကိုသံချောင်းက မိန်းကလေးကို တစ်ခုခုပြောချင်နေသော်လည်း ပါးစပ်ကထွက်မလာ။

ဟင်းများက ဖွယ်ဖွယ်ရာရာဖြစ်သော်လည်း အသားဟင်း လုံးဝမပါ။ သက်သတ်လွတ်ဟင်းများသာဖြစ်သည်။ သီးစုံပဲကုလားဟင်း၊ ဘူးရွက်ကြော်ချက်၊ သရက်သီးသုပ်နှင့် သခွားသီးတို့စရာတို့ဖြစ်သည်။ နောက်တစ်ခုက ငရုတ်သီး၊ ကြက်သွန်ဖြူ၊ နီနှင့် ဆားတို့ကို ရောထောင်းထားသော ပန်းကန်တစ်ခု။ ကိုသံချောင်းက ငတ်ငတ်နှင့် အဝစားပစ်လိုက်သည်။

စားပြီးနောက် ပန်းကန်များကို မိန်းကလေးက လာသိမ်းသွားသည်။ ကိုသံချောင်းက ကျေးဇူးတင်စကားပြောချင်သော်လည်း စကားတစ်လုံးမျှထွက်မလာ။ မိန်းကလေးထွက်သွားပြီးနောက် အဘိုးအိုလည်း ဆင်းမလာတော့။ ကိုသံချောင်းတစ်ယောက် ဟိုငေးသည်ငေးနှင့် ကွပ်ပျစ်ပေါ်တွင် လှဲလိုက်သည်။ လှဲလိုက်ပြီး သိပ်မကြာလိုက် တခေါခေါနှင့်ဟောက်ကာ ကိုသံချောင်းအိပ်ပျော်သွားတော့သည်။

'မောင်ရင်..ထ..ထ'

တစ်စုံတစ်ယောက်က လာနှိုးနေသလို ခံစားလိုက်ရသောကြောင့် ကိုသံချောင်းက မထချင်ထချင်နှင့် ထလိုက်




www.burmeseclassic.com

www.burmeseclassic.com

သည်။ နိုးနေသူက အဘိုးအိုဖြစ်သည်။ ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ မိုးမလင်းသေး။ ရောင်နီဖျော့ဖျော့ကိုတော့ မြင်နေရသည်။

'မောင်ရင်··ရွာကို ပြန်မှာမဟုတ်လား'

'ဟုတ်ကဲ့အဘ'

'ဒါဆိုရင် အခုကတည်းကသွားတော့။ မိုးလင်းလာလို့ နေထွက်လာရင် ပင်ပန်းတယ်'

'ကျွန်တော် လမ်းမမှတ်မိဘူး'

'ကိစ္စမရှိဘူး။ အဘ လမ်းပြလိုက်မယ်'

ကိုသံချောင်းက လူးလဲထကာ ဒူးလေးနှင့် အထုပ်အပိုးများကို ပခုံးပေါ်တင်လိုက်သည်။ အဘိုးအိုက ရှေ့က သွားကာ ကိုသံချောင်းက နောက်ကလိုက်သွားသည်။

အိမ်ကြီးနှင့် ခပ်လှမ်းလှမ်းရောက်တော့ အဘိုးအိုက-

'မောင်ရင်··ဒီအတိုင်းတည့်တည့်လျှောက်သွား၊ ဘယ်မှမကွေ့နဲ့။ မောင်ရင်နေတဲ့ ကျောက်ဖျာရွာကို ရောက်လိမ့်မယ်။ တစ်ခုတော့ရှိတယ်။ မောင်ရင်က မုဆိုးဆိုတော့ လမ်းမှာတွေ့တဲ့ တောကောင်ကိုပစ်ရင် ပစ်မိလိမ့်မယ်။ အေး··အဲဒါဆိုရင်တော့ မင်း ဘယ်တော့မှ ရွာကို ပြန်ရောက်မှာ မဟုတ်တော့ဘူး။ အဲဒါတော့ သတိထား'

ကိုသံချောင်းက အဘိုးအိုကို တစ်ခုခုပြောချင်နေသော်လည်း ဆွံ့အနေသူလို စကားက ထွက်မလာ။ အဘိုးအိုက စကားပြောပြီး ချာခနဲလှည့်ထွက်သွားသည်။ ကိုသံချောင်းက နောက်ကိုလှည့်၍ အိမ်ကြီးဆီသို့ ကြည့်လိုက်သည်။ အလင်းရောင်ဖျော့ဖျော့တွင် ရေနံချေးများဝနေသော အိမ်မည်းမည်းကြီးကို ထီးတည်းမြင်လိုက်ရသည်။ ညကတွေ့လိုက်ရသော အသားဖြူဖြူနှင့် မိန်းမပျိုကိုတော့ လုံးဝမတွေ့ရတော့။

အဘိုးအိုပြောလိုက်သည့်လမ်းအတိုင်း တည့်တည့်လျှောက်လာလိုက်သည်မှာ တစ်နာရီလောက်အကြာတွင် ရွာကိုတွေ့လိုက်ရသည်။ လမ်းတွင် တောကောင်ကြီးကြီးမားမား မတွေ့သော်လည်း တောကြက်တို့၊ ယုန်တို့တော့ လမ်းမှာတွေ့သည်။ အဘိုးအိုပြောသည့်အတိုင်း မပစ်ရဲသောကြောင့် မပစ်ခဲ့ရ။

ရွာကိုရောက်တော့ သူကြီးက ကိုသံချောင်းကိုဟောက်တော့သည်။ စောဂျိမ်းနှင့် ကျော်စိုးကလည်း ကိုသံချောင်းအတွက် စိတ်ပူနေသောကြောင့် ဝိုင်းမေးကြသည်။ ကိုသံချောင်းက သူတွေ့ကြုံခဲ့ရသော အဖြစ်အပျက်ကို ပြောပြလိုက်သောအခါ အားလုံးက အံ့သြကုန်ကြသည်။ စောဂျိမ်းက ကိုသံချောင်းစကားကို မယုံသောကြောင့် ရွာတွင်ရောက်နေသော သစ်ထုတ်လုပ်ရေးမှ ဝန်ထမ်းများကို ခြေတံရှည်အိမ်မည်းကြီးအကြောင်း မေးလိုက်သည်။



အဖြေကား ဤတောဤတောင်ထဲတွင် တာဝန်အရ သူတို့ သွားလာနေတာကြာပါပြီတဲ့။ (၁၀)မိုင်ပတ်လည်အတွင်း ရိုးမတောင်ကြီးကို ရောက်သည်အထိ သစ်ထုတ်လုပ်ရေးလုပ်သားများ၏ ယာယီတဲများကလွဲ၍ ဘာအဆောက်အအုံ၊ ဘာအိမ်မျှ မရှိပါတဲ့။ စောဂျိမ်းက ကိုသံချောင်းကို စိတ်ဖောက်ပြန်နေ၍ ပေါက်ကရလျှောက်ပြောနေသည်ဟု ယူဆသည်။

ကျော်စိုးက ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်၍ ထိုကဲ့သို့ ဂမ္ဘီရဆန်သော အတွေ့အကြုံမျိုးကို ကိုယ်တိုင်မကြုံဖူးသော်လည်း တောတောင်များ၏ လျှို့ဝှက်ဆန်းကြယ်သော အဖြစ်အပျက်များကို ကြားဖူး၊ ဖတ်ဖူးသည်။

မည်သို့ဆိုစေ ယခုတစ်ခေါက် မိမိတို့တောပစ်အဖွဲ့တွင် ပါမလာသော တင်ဝင်းကိုတော့ ထိုအဖြစ်အပျက်ကို ပြောပြရဦးမည်ဟု ကျော်စိုးက စိတ်ထဲတွင် တေးထားလိုက်သည်။

ဘာဖြစ်လို့လဲဆိုတော့ မိမိတို့တောပစ်အဖွဲ့တွင် တင်ဝင်းက မုဆိုးလည်းလုပ်ရင်း အတွေ့အကြုံများကို စာနှင့်ပြန်ရေးတင်ပြနေသော စာရေးဆရာတစ်ယောက်ဖြစ်နေသောကြောင့်ပင်။

မောင်မြင့်မား(ဗိုလ်ကုန်းလေး)

www.burmeseclassic.com

လွန်ခဲ့သောနှစ်ပေါင်းငါးဆယ်က အဖြစ်အပျက်သည် တွေးလိုက်တိုင်း ယခုပင်ကြုံတွေ့လိုက်ရသလို ရင်ခုန်နေရဆဲဖြစ်သည်။ ထိုစဉ်က အသက်နှစ်ဆယ်ကျော်အရွယ် တက္ကသိုလ်ကျောင်းသားဘဝဖြစ်သည်။ ထိုစဉ်က ကျိုက်ထီးရိုးသို့ ဘုရားဖူးသွားစဉ် အလွန်ထိတ်လန့်ဖွယ် အဖြစ်တစ်ခုကြုံခဲ့ရသည်။ ထိုအဖြစ်အပျက်ကို ကျွန်တော်နှင့်အတူ ခရီးသွားဖော်နှစ်ဦးမှလွဲ၍ အခြားသူများမသိအောင် ဖုံးကွယ်ထားခဲ့သည်။ အကယ်၍ ထိုအဖြစ်အပျက်ကို ပြောပြမည်ဆိုကလည်း ကြားရသူတိုင်းက ယုံကြမည်မဟုတ်ပါ။ စိတ်ကူးယဉ်ဇာတ်လမ်းဟု ပြောကြမည်မှာ ဧကန်ဖြစ်သည်။ သူများ မယုံကြည်မည့်အတူ ရင်ထဲမှာ မျိုသိပ်ထားခြင်းသည် အကောင်းဆုံးဖြစ်မည်ဟုယူဆ၍ လျှို့ဝှက်ထားခဲ့ခြင်းဖြစ်သည်။ ယခုအခါ ဂမ္ဘီရစာပေများ ပေါ်ထွက်လာပြီဖြစ်၍ စာဖတ်ပရိသတ်များ ဂမ္ဘီရစာပေကို လက်ခံနေကြပြီဖြစ်ရာ လွန်ခဲ့သောနှစ်ပေါင်းငါးဆယ်က ကိုယ်တွေ့ကြုံခဲ့ရသော အဖြစ်အပျက်တစ်ခုကို ရေးသားတင်ပြပါက စိတ်ဝင်စားကြမည်ဟု မျှော်လင့်၍ တင်ပြလိုက်ရခြင်းဖြစ်ပါသည်။



ရန်ကုန်တက္ကသိုလ်ပင်းယဆောင်တွင် နေခဲ့ရစဉ်က ကျွန်တော်နှင့် မခွဲမခွာပေါင်းသင်းခဲ့သော သူငယ်ချင်းနှစ်ဦး ရှိပါသည်။ ဦးတင်ဆွေ (တောင်ငူ)(ကွယ်လွန်ပြီဟု သိရသည်)နှင့် သထုံသား ဦးနှစ်ဆန်းတို့ဖြစ်သည်။ သူငယ်ချင်းသုံးဦး စာသင်ခန်းဝင်လည်းအတူ၊ အပြင်သွားလည်း သုံးယောက် မခွဲမခွာရှိခဲ့ကြသည်။ ထိုနှစ်က လွတ်လပ်

www.burmeseclassic.com

ရေးနေ့နှင့် စနေ၊ တနင်္ဂနွေ ဆက်နေသဖြင့် ကျောင်းပိတ်ရက် သုံးရက်ရခဲ့သည်။ အဆောင်နေ ကျောင်းသားများ အနက် မိဘနှင့်နီးသောကျောင်းသားများ အိမ်ပြန်ကြသည်။ ကျွန်တော်တို့ဌာနက စီစဉ်မှုဖြင့် ပဲခူးရှိ ဘုရားများ လေ့လာရေးခရီးထွက်ရန် ဆရာများက စီစဉ်ပေးသည်။

ကျွန်တော်တို့ သုံးယောက်ကလည်း ကျောင်းပိတ်ရက်များ အသုံးချရေးအတွက် ဆွေးနွေးကြပါသည်။ ဦးတင်ဆွေက ပဲခူးခရီးစဉ်ကိုလိုက်ရန် အဆိုသွင်းသည်။ ကိုနှစ်ဆန်းက ထိုအဆိုကိုပယ်ချကာ သထုံပြန်မည်ဖြစ်၍ သူငယ်ချင်းနှစ်ယောက် အလည်လိုက်ရန်ခေါ်သည်။ ကျွန်တော်က ဘာမျှအကြံမပြုသဖြင့် ကျွန်တော့်ထံမှ မဲတစ်မဲရလျှင် နိုင်မည်ဖြစ်၍ သူတို့နှစ်ယောက်က ကျွန်တော့်ကို သူ့ဘက်ပါအောင် မဲဆွယ်ကြတော့သည်။ တောင်ငူသား ကိုတင်ဆွေက ပထမဆုံး မဲဆွယ်ပါသည်။

'ကိုယ့်လူ၊ ဘာမှတွေးမနေနဲ့။ ပဲခူးခရီးစဉ်မှာ အင်းလျားသူပါမှာ ဧကန်ပဲ။ အဲဒါ ခင်ဗျားအတွက် အခွင့်ကောင်းတစ်ခုပဲ'

ဦးတင်ဆွေပြောသည်မှာ မှန်ပါသည်။ ကျွန်တော်သည် အင်းလျားသူနှင့် ရင်းနှီးနေပြီဖြစ်၍ ကြိုးစားလိုက်ပါက ချစ်သူအဆင့်သို့ ရောက်နိုင်မည်ဖြစ်ပါသည်။ ဦးနှစ်ဆန်းကလည်း အားကျမခံ စည်းရုံးလိုက်သည်။

'ဒီမှာ သူငယ်ချင်း၊ ကျိုက်ထီးရိုးဘုရားဟာ ဖူးရခဲတယ်နော်။ အခုလိုအဆင်ပြေခိုက် လိုက်ပြီးဖူးသင့်တယ်။ ကျောင်းဖွင့်ရင် အင်းလျားက မမကို တွေ့ရမှာ သေချာနေတာပဲဗျာ။ အချိန်တွေလည်း ရှိပါသေးတယ်။ နောက်ပြီး ကျိုက်ထီးရိုးမှာ အချောအလှတွေ တန်းစီပြီးတွေ့ရမယ်'

ဦးနှစ်ဆန်းပြောသည်မှာ သဘာဝကျပါသည်။ အင်းလျားဆောင်တွင်နေသဖြင့် အင်းလျားကမမဟု တင်စားအခေါ်ခံရသူမှာ နောက်ထပ်တွေ့မြင်ရရန် အခွင့်အရေးများ ရှိနေပါသည်။ ကျွန်တော့်ရင်ထဲက မဲတစ်ပြားသည် သူတို့နှစ်ယောက်အတွက် အရေးကြီးသဖြင့် သူတို့အမြင် သူတို့ရှုထောင့်မှ ဆွေးနွေးကြခြင်းဖြစ်ပါသည်။ ထိုခရီးစဉ်သည် ကျွန်တော့်အပေါ်တွင် လုံးဝမူတည်နေသည်။ ကျွန်တော်၏ ဆုံးဖြတ်ချက်သည် အခရာဖြစ်၍ သေသေချာချာစဉ်းစားရသည်။ ဦးတင်ဆွေပြောသလို ပဲခူးခရီးစဉ်တွင်လိုက်ပါက အင်းလျားမမနှင့် လွတ်လပ်စွာစကားပြောခွင့်ရနိုင်မည်ဖြစ်သည်မှာ အမှန်ပင်ဖြစ်သည်။ ဦးနှစ်ဆန်းပြောသကဲ့သို့ နောက်ပိုင်းအချိန်တွေ ရှိနေသေးသည်ဟူသော စကားမှာလည်း မမှားပါ။ အပြန်ပြန်အလှန်လှန် သုံးသပ်ပြီးနောက် ဦးနှစ်ဆန်းကို ထောက်ခံလိုက်ပါသည်။ ကျွန်တော့်အယူအဆ လုံးဝမှန်ပါသည်။ ဘုရားဖူးကို ဦးစားပေးလိုက်ခြင်းကြောင့် နောင်သောအခါ အင်းလျားကမမသည် ကျွန်တော့်ဇနီးသည် ဖြစ်ခဲ့ရပါသည်။

ကျွန်တော်က ကျိုက်ထီးရိုးခရီးစဉ်ကို ရွေးလိုက်သဖြင့် သူငယ်ချင်းသုံးယောက် ဘုရားဖူးထွက်ခဲ့ကြပါသည်။ ဘုရားဖူးခရီးကို ရွေးလိုက်ခြင်းအတွက် မှန်ကန်သည်ဟု ယူဆခဲ့သော်လည်း ကျိုက်ထီးရိုးဘုရားနှင့်နီးမှ ဤခရီးစဉ်တွင် လိုက်ပါခဲ့သည်မှာ မှားပြီဟု သိလိုက်ရသည်။ ထိတ်လန့်အံ့သြဖွယ်၊ ကြောက်လန့်တုန်လှုပ်စရာများနှင့် ရင်ဆိုင်တွေ့ရမှ နောင်တ,ရနေ၍လည်း ထူးခြားမည်မဟုတ်တော့ပါ။ ကျွန်တော်တို့သူငယ်ချင်းသုံးဦးမှာ သထုံသို့ပြန်မည့်ကားနှင့် လိုက်ရန် ချိန်းဆိုခဲ့ပါသည်။ ကားပိုင်ရှင်မှာ ဦးနှစ်ဆန်း၏ ဦးလေးဖြစ်၍ အလုပ်ကိစ္စများ မပြီးပြတ်သဖြင့် နံနက်ဆယ်နာရီကျော်မှ လာခေါ်သဖြင့် ရန်ကုန်မှ အထွက်နောက်ကျခဲ့ပါသည်။ ကိုယ်ပိုင်ကားဖြစ်၍ အေးဆေးစွာမောင်းခဲ့ရာ ညနေစောင်းမှ ကျိုက်ထိုသို့ ရောက်ပါသည်။ ဦးနှစ်ဆန်းက ကျိုက်ထိုတွင် သူစားနေကျထမင်းဆိုင်သို့ခေါ်သဖြင့် ကျွန်တော်တို့နှစ်ယောက်က လိုက်ခဲ့ရသည်။

ဦးနှစ်ဆန်း၏အနောက်မှ လိုက်လာစဉ် ဘူတာရုံအနီးတွင် အမျိုးသမီးတစ်ဦးကို တွေ့လိုက်ရသည်။ ထိုအမျိုးသမီးကို မြင်လိုက်ရသည်နှင့် အံ့သြထိတ်လန့် တုန်လှုပ်ခဲ့ရသည်။ သူမကလည်း အလားတူ ကျွန်တော့်ကို မြင်လိုက်ရ၍ ရုတ်တရက် ထိတ်လန့်တုန်လှုပ်သွားပါသည်။ တစ်ဦးကိုတစ်ဦး စူးစိုက်ကြည့်နေရင်း အမျိုးသမီးက နှုတ်ဆက်တော့မယောင် ပြုံးလာသဖြင့် ကျွန်တော်ကလည်း ပြုံးပြလိုက်ရသည်။ ကျွန်တော်သည် အင်းလျားမမဟုထင်သော်လည်း အနီးရောက်မှ မဟုတ်မှန်း သိလိုက်ရသည်။ သူမကို ပြုံးပြမိသဖြင့် အားနာမိပါသည်။ သူမကို တောင်းပန်ရန်ရှိသဖြင့် ထမင်းဆိုင်သို့သွားနေသော သူငယ်ချင်းနှစ်ဦးကို သွားနှင့်ပါ။ လိုက်ခဲ့ပါမည်ဟု သင်္ကေတပါသော လက်ပြခြင်းဖြင့် နှုတ်ဆက်လိုက်သည်။ အမျိုးသမီးကို တောင်းပန်ရသည်။

'တောင်းပန်ပါတယ်ဗျာ၊ အသိတစ်ယောက်နဲ့ လူချင်းမှားပြီး နှုတ်ဆက်မိတာပါ။ ရုပ်ချင်းက အလွန်တူလို့ မှားမိတာပါ'

www.burmeseclassic.com

www.burmeseclassic.com

‘အို··အားနာစရာမဟုတ်ပါဘူးရှင်။ ကျွန်မကလည်း ကျွန်မသိတဲ့လူတစ်ဦးနဲ့တူလွန်းလို့ စူးစိုက်ကြည့်မိတာပါ’

‘တိုက်ဆိုင်လိုက်တာဗျာ။ ကျွန်တော့်နာမည် ချစ်ဆွေပါ။ ရန်ကုန်တက္ကသိုလ်ကျောင်းပိတ်ရက်မှာ ဘုရားဖူးထွက်လာခဲ့တာပါ။ သူငယ်ချင်းနှစ်ယောက် ပါပါသေးတယ်။ သူတို့ ထမင်းဆိုင်ကစောင့်နေမယ် ပြောပါတယ်’

‘ကျွန်မနာမည် စောဥမ္မာပါ၊ ရွှေစေတီကပါ။ ဒီည ပြန်မှာပါ။ ကျွန်မ ဘူတာရုံက ထမင်းဆိုင်မှာ မှာထားပြီးပြီ။ ကျွန်မနဲ့အတူ ညစာစားသွားပါရှင်’

‘သူငယ်ချင်းတွေ စောင့်နေလိမ့်မယ်။ အားလည်းနာတယ်ဗျာ’

‘ဘာမှအားမနာနဲ့။ ကိုချစ်ဆွေကိုမြင်မြင်ချင်း ကျွန်မမိတ်ဆွေနဲ့တူလွန်းလို့ စကားပြောချင်နေတာ။ လာပါရှင်၊ လိုက်ခဲ့ပါ’

ထမင်းဆိုင်တွင်ထိုင်မိမှ စောဥမ္မာမှာထားသောဟင်းများမှာ အစုံဖြစ်သည်။ သူမတစ်ဦးတည်း ကုန်နိုင်ဖွယ်ရာမရှိသဖြင့် ခေါ်ခြင်းဖြစ်ကြောင်း သဘောပေါက်ပါသည်။ ထမင်းစားရင်း စကားပြောခဲ့ကြရာ ထမင်းစားပြီးသောအခါ အတော်အတန်ရင်းနှီးမှုရပြီဖြစ်သည်။ လက်ဖက်စားရင်း စောဥမ္မာက ပြောပါသည်။

‘အစ်ကိုနဲ့ တွေ့ရတာလည်း ထူးဆန်းတယ်။ အခုလိုရင်းနှီးခဲ့ကြတာလည်း ပိုပြီးထူးဆန်းတယ်။ အစ်ကို့ကို အကူညီတောင်းပါရစေ’

‘ဟုတ်ကဲ့၊ အခုလိုမိတ်ဆွေဖြစ်ချိန်မှာ ကူညီချင်ပါတယ်။ ကျွန်တော်တတ်နိုင်တဲ့ အကူအညီမျိုးဆိုရင် ကူညီဖို့ကတိပေးပါတယ်’

‘ဒီနေ့ဟာ ကျွန်မ ရွှေစေတီကို ပြန်ရက်မဟုတ်ပါဘူး။ တစ်ရက်စောပြီးပြန်မိလို့ ကြိုဆိုမယ့်လူတွေရောက်မလာလို့ ရွှေစေတီကိုပြန်ဖို့ခက်နေတာ။ အစ်ကိုလိုက်ပို့နိုင်မလားဟင်’

‘ပို့တာက ပို့နိုင်ပါတယ်။ ဒါပေမဲ့ သူငယ်ချင်းတွေအားကိုးနဲ့လိုက်တာရတာဆိုတော့ လိုက်လို့မဖြစ်ပါဘူး။ နောက်ပြီး ဒီဒေသကို ပထမဆုံးရောက်ဖူးတာဆိုတော့ ညဘက်မှာ မသွားတတ်လို့ပါ’

‘ကျွန်မကလည်း အစ်ကို့ရဲ့ ရိုးသားပြီး သစ္စာရှိမယ့်ရုပ်ရည်မျိုးမို့ အားကိုးမိတာပါ။ ကျိုက်ထီးရိုးကို တက်တဲ့လမ်းက တစ်လမ်းတည်းပဲ။ ဘာမှမှားစရာမရှိဘူး။ ဒီညက လပြည့်ညဆိုတော့ အားလုံးမြင်မြင်ထင်ထင်ပဲ။ ရွှေစေတီမရောက်ခင် ရေမြောင်ကြီးကိုသွားတဲ့ ဖြတ်လမ်းရှိတယ်။ ဖြတ်လမ်းကလိုက်ရင် သူငယ်ချင်းတွေနဲ့အတူတူ ရေမြောင်ကြီးကို ရောက်မှာပဲ’

ကျွန်တော်စဉ်းစားပါသည်။ ကျွန်တော်နှင့် မိတ်ဆွေဖြစ်စ အလွန်ချောမောလှပသော နန်းဆန်ဆန်မိန်းကလေးကို ညဘက်တစ်ဦးတည်း မလွှတ်ရက်ပါ။ လိုက်ပို့ရန်ဆုံးဖြတ်လိုက်မိသည်။

‘ရေမြောင်ကြီးကို ကျွန်တော် ဘယ်အချိန်ရောက်နိုင်မလဲ’

‘ညဆယ်နာရီမထိုးခင် ရောက်မှာပါ’

‘ဒါဆို ကျွန်တော်လိုက်ပို့ပါ့မယ်။ သူငယ်ချင်းတွေကိုသွားပြီး မှာကြားလိုက်မယ်’

ကျွန်တော်သည် စောဥမ္မာထံမှခွင့်တောင်းပြီး သူငယ်ချင်းနှစ်ယောက် ထမင်းစားနေသောဆိုင်သို့လိုက်ပြီး ရေမြောင်ကြီးတွင် ဆုံတွေ့ရန်၊ ဆယ်နာရီအရောက်လာမည့်အကြောင်းပါ ပြောလိုက်ရာ သူငယ်ချင်းများက စိတ်မချ၍ ကျွန်တော့်ကို တစ်ယောက်တည်း မလွှတ်ချင်သော်လည်း ကျွန်တော်က အထပ်ထပ်ပြောမှ အစစသတိထားပြီးသွားရန် မှာကြားပြီး ခွင့်ပြုလိုက်ပါသည်။

‘ကျွန်တော့်တွင် ကျောပိုးအိတ်တစ်လုံးသာပါသဖြင့် စောဥမ္မာလက်ဆွဲအိတ်ကိုယူကာ ကင်ပွန်းစခန်းသို့သွားသည့်ကားဖြင့် လိုက်ခဲ့သည်။ နာရီဝက်ခန့်အကြာတွင် ကင်ပွန်းစခန်းသို့ရောက်ပါသည်။ နေဝင်တော့မည်ဖြစ်သဖြင့် ကင်ပွန်းစခန်းတွင်မနားတော့ဘဲ ခရီးဆက်ခဲ့ကြသည်။ ကျိုက်ထီးရိုးဘုရားအတက်လမ်းအတိုင်း တက်ခဲ့ပြီးမှ ညာဘက်လမ်းခွဲသို့ ကွေ့ဆင်း၍ လာခဲ့ကြသည်။

‘အစ်ကိုက ကျွန်မထက် အသက်ကြီးပုံအရ မောင်ကြီးလို့ခေါ်ခွင့်ပြုပါ။ ညီမလေးတစ်ဦးလို သဘောထားပြီး ကူညီတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။ မောင်ကြီးအရင်က ကျွန်မကို တကယ်မမြင်ဖူးခဲ့တာလား။ ကျိုက်ထိုမှာ တွေ့စကအရင်က သိဖူး၊ ရင်းနှီးဖူးတဲ့ပုံကို တွေ့ရတယ်’

‘ကျွန်တော်က ဒီအရပ်ကို တစ်ကြိမ်မှမရောက်ဖူးတော့ စောဥမ္မာကို မမြင်ဖူးပါဘူး။ ဒါပေမဲ့ ရုတ်တရက်မြင်လိုက်ရတော့ ကျွန်တော်ရင်းနှီးတဲ့ မိန်းကလေးမှတ်ပြီး နှုတ်ဆက်မလို ဖြစ်ခဲ့ရတယ်။ သူကလည်း စောဥမ္မာလို သိပ်လှတော့ ဝေခွဲမရအောင်ဖြစ်ရတယ်။ အခုကြည့်ရင်တော့ နှစ်ယောက်တူနေတယ်။ အဝေးကကြည့်တော့ ရုပ်သာငယ်ထင်



www.burmeseclassic.com

www.burmeseclassic.com

တယ်။ အနီးကပ်ကြည့်မှ စကားပြောပုံ လေယူလေသိမ်း ကအစ တူညီနေတယ်လေ'

'တိုက်ဆိုင်လိုက်တာ မောင်ကြီးရယ်၊ ကျွန်မက မောင်ကြီးကို မြင်လိုက်ရတော့ အရင်ကရင်းနှီးဖူးတဲ့ ဗိုလ်မှူးလေးနန္ဒပဲ ထင်ခဲ့တာ။ တကယ်ကိုခွဲမရအောင်တူနေတယ်။ ကဲပါ၊ ဒါထားလိုက်ပါ။ မောင်ကြီးနဲ့ရင်းနှီးတဲ့ အမျိုးသမီးကရော ဘယ်ကလဲ၊ ဘာလုပ်ကိုင်ပါသလဲ သိပါရစေ'

'ရန်ကုန်တက္ကသိုလ်ကျောင်းသူတစ်ဦးပါ။ သူက ဒီနေရာကို ဘယ်နည်းနဲ့မှ မလာဘူးဆိုတာ သိလျက်နဲ့ ရုပ်ချင်းတူလို့ လူမှားရတာပါ'

'အဲဒါတော့ ဟုတ်တယ်၊ ကျွန်မလည်း ကိုနန္ဒမရှိနိုင်တော့ဘူးဆိုတာ သိလျက်နဲ့ တူလွန်းလို့ လူမှားခဲ့ရတာ'

တောင်တက်လမ်းဖြစ်၍ နှစ်ဦးလုံး စကားပြတ်သွားသည်။ စောဥမ္မာသည် တောင်ကမူတစ်ခုပေါ်သို့ အပြေးတက်သွားပြီး သစ်ပင်ကိုမှီ၍ ထိုင်လိုက်သည်။

'မောလို့ ခဏနားပါရစေ မောင်ကြီး၊ ဟောဒီလမ်းက ရေမြောင်ကြီးကိုရောက်တဲ့ ဖြတ်လမ်းပဲ။ ကျွန်မကို ရွှေစေတီ ပို့ပြီးရင် မောင်ကြီး ဒီလမ်းအတိုင်းသာသွား၊ ရေမြောင်ကြီးကိုရောက်တယ်။ မှားစရာလမ်း မရှိဘူး။ ဟောဟိုက မီးလက်နေတာ စေတီပဲ။ စေတီရဲ့အောက်လိုဏ်ခေါင်းအောက်က ဖြတ်သွားမှ ကျွန်မတို့အိမ်ကိုရောက်မှာ။ ကဲ··ရောက်တော့မှာဆိုတော့ သွားကြရအောင်'

စောဥမ္မာက အမြန်ထ၍ရပ်လိုက်ရာ ခြေခေါက်ပြီး ယိုင်လဲကျသွားပါသည်။ ကျွန်တော်သာ ဆီး၍မပွေ့လိုက်ပါက တောင်ကုန်းအောက်သို့ကျပြီး ဆူးချုံထဲသို့ ရောက်သွားမည်ဖြစ်ပါသည်။ ကျွန်တော့်မှာ စောဥမ္မာပြုတ်မကျသွားစေရန် ပွေ့လိုက်ရသော်လည်း စောဥမ္မာကိုအားနာပြီး မကြည့်ရဲအောင်ရှိပါသည်။ စောဥမ္မာမှာ ဘာမှမဖြစ်သလို မြူးမြူးကြွကြွ တောင်အောက်သို့ ပြေးဆင်းသွားပါသည်။ စောဥမ္မာက ဘာမှမဖြစ်သလို ထွက်ခွာသွားသော် ကျွန်တော့်မှာ ရင်ခုန်စွာဖြင့် သူမနောက်သို့ လိုက်ခဲ့ရသည်။ စောဥမ္မာ၏ လျင်မြန်စွာ ဆင်းလိုက်မှုကြောင့် တောင်ကုန်းအောက်သို့ မရောက်မီ ခြေခေါက်၍လဲကျသွားသဖြင့် ကျွန်တော်ပြေး၍ ထူလိုက်ရသည်။ စောဥမ္မာ၏ခြေထောက်မှာ အလွန်နာနေသဖြင့် ဘေးမှတွဲ၍ခေါ်မည့်သူ မရှိပါက လမ်းမလျှောက်နိုင်တော့ပါ။ ကျွန်တော့်အတွက်လည်း ခရီးဆက်ရန်ရှိနေသဖြင့် စောဥမ္မာကို တွဲ၍လျှောက်ခဲ့ရသည်။

'ဟိုရှေ့နားဆိုရင် ရောက်ပါပြီ။ မဝေးတော့ပါဘူး'

စောဥမ္မာက ကျွန်တော့်ကိုမှီ၍လျှောက်ရင်း ပြောပါသည်။ မကြာမီ ဂူပေါက်ဝတစ်ခုသို့ ရောက်ပါသည်။

'ဒီဂူထဲကိုဝင်သွားရင် ကျွန်မတို့ဂေဟာကို ရောက်ပါပြီ။ ဒါပေမဲ့ မောင်ကြီးကို ရွှေစေတီကို ပို့ပေးချင်ပါသေးတယ်။ ဘုရားဖူးပြီးရင် မောင်ကြီး ခရီးဆက်နိုင်ပါပြီ။ ဪ··ဒါထက် မောင်ကြီး ရွှေစေတီကိုမှတ်မိသေးရဲ့လား'

'ကျွန်တော် အရင်က မရောက်ဖူးပါဘူး'

'ဟုတ်သားပဲ၊ မောင်ကြီးနန္ဒနဲ့မှားပြီး ပြောမိပြန်ပြီ။ တောင်းပန်ပါတယ်'

ရွှေစေတီရှေ့တွင် နှစ်ယောက်အတူ ရှိခိုးပူဇော်ကြပါသည်။ ညသည် တိတ်ဆိတ်၍ လရောင်သည် ပတ်ဝန်းကျင်ကို ငွေရည်ဖျန်းနေချိန် အလွန်လှပသော အမျိုးသမီးတစ်ဦးနှင့်အတူ ဘုရားဖူးရလိမ့်မည်ဟု တစ်ခါမှ မစဉ်းစားမိသော်လည်း ယခုလက်တွေ့ ကြုံတွေ့နေရသဖြင့် မယုံကြည်နိုင်အောင် ရှိနေပါသည်။ လရောင်အောက်တွင် နှင်းထုက ဝေဝေဆာလျက်ရှိသည်။ ရွှေစေတီမှ ခေါင်းလောင်းသံက လေအဝှေ့ဝယ် တွင်တွင်ချိုလွင်သံထွက်ပေါ်နေသည်။ ဘုရားရှိခိုး၍ ပြီးသည့်အချိန် လမ်းမဆီက မြင်းခွာသံကြားရသည်။ မြင်းတစ်စီး ဤနေရာသို့ ဦးတည်လာနေကြောင်း သိလိုက်ရသည်။ ကျွန်တော်၏အနီးသို့ ရောက်သည်နှင့် စစ်သူကြီးအဝတ်အစားနှင့်လူသည် မြင်းကြီးပေါ်က ခုန်ဆင်းလိုက်သည်။ စစ်သူကြီး မြင်းပေါ်က လွှားခနဲခုန်ဆင်းလိုက်သည်နှင့် စောဥမ္မာမှ ထိတ်ထိတ်ပျာပျာနှင့်ထရပ်ကာ စစ်သူကြီးကို ဦးညွတ်၍ အရိုအသေပေးနေသည်ကို တွေ့လိုက်ရသည်။

'အို··သခင်ကြီးပါလား။ သခင်ကြီးမင်းခေါင် ဟိုမှာသုံးရက်နေမယ်ဆို'

'မင်းကိုစိတ်မချလို့ ငါပြန်လာကြည့်တာ စောဥမ္မာရေ။ အခုတော့ ငါထင်တဲ့အတိုင်း ဖြစ်နေပါလား။ ဟိုလူက ဘယ်သူလဲ'

ကျွန်တော်သည် စစ်သူကြီး၏ ဒေါသဖြင့် ပြောလိုက်သောစကားကြောင့် စစ်သူကြီး၏မျက်နှာကို မကြည့်ရဲအောင် ရှိနေပါသည်။ စစ်သူကြီးသည် ကျွန်တော့်မျက်နှာကို လရောင်ဘက်မှ သေသေချာချာကြည့်နေသည်။

'နန္ဒ··မင်း နန္ဒမဟုတ်လား။ ငါ ဘယ်လိုသတ်သတ် မင်းက မသေနိုင်ပါလားနန္ဒရယ်။ မင်းကပဲ ပြန်ရှင်နိုင်မလား၊ ငါကပဲ သတ်နိုင်မလားဆိုတာ ကြည့်ကြရသေးတာ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ အနီးကပ်ကြည့်မှ စကားပြောပုံ လေယူလေသိမ်း ကအစ တူညီနေတယ်လေ'

'တိုက်ဆိုင်လိုက်တာ မောင်ကြီးရယ်၊ ကျွန်မက မောင်ကြီးကို မြင်လိုက်ရတော့ အရင်ကရင်းနှီးဖူးတဲ့ ဗိုလ်မှူးလေး နန္ဒပဲ ထင်ခဲ့တာ။ တကယ်ကိုခွဲမရအောင်တူနေတယ်။ ကဲပါ၊ ဒါထားလိုက်ပါ။ မောင်ကြီးနဲ့ရင်းနှီးတဲ့ အမျိုးသမီးကရော ဘယ်ကလဲ၊ ဘာလုပ်ကိုင်ပါသလဲ သိပါရစေ'

'ရန်ကုန်တက္ကသိုလ်ကျောင်းသူတစ်ဦးပါ။ သူက ဒီနေရာကို ဘယ်နည်းနဲ့မှ မလာဘူးဆိုတာ သိလျက်နဲ့ ရုပ်ချင်းတူလို့ လူမှားရတာပါ'

'အဲဒါတော့ ဟုတ်တယ်၊ ကျွန်မလည်း ကိုနန္ဒမရှိနိုင်တော့ဘူးဆိုတာ သိလျက်နဲ့ တူလွန်းလို့ လူမှားခဲ့ရတာ'

တောင်တက်လမ်းဖြစ်၍ နှစ်ဦးလုံး စကားပြတ်သွားသည်။ စောဥမ္မာသည် တောင်ကမူတစ်ခုပေါ်သို့ အပြေးတက်သွားပြီး သစ်ပင်ကိုမှီ၍ ထိုင်လိုက်သည်။

'မောလို့ ခဏနားပါရစေ မောင်ကြီး၊ ဟောဒီလမ်းက ရေမြောင်ကြီးကိုရောက်တဲ့ ဖြတ်လမ်းပဲ။ ကျွန်မကို ရွှေစေတီ ပို့ပြီးရင် မောင်ကြီး ဒီလမ်းအတိုင်းသာသွား၊ ရေမြောင်ကြီးကိုရောက်တယ်။ မှားစရာလမ်း မရှိဘူး။ ဟောဟိုက မီးလက်နေတာ စေတီပဲ။ စေတီရဲ့အောက်လိုဏ်ခေါင်းအောက်က ဖြတ်သွားမှ ကျွန်မတို့အိမ်ကိုရောက်မှာ။ ကဲ··ရောက်တော့မှာဆိုတော့ သွားကြရအောင်'

စောဥမ္မာက အမြန်ထ၍ရပ်လိုက်ရာ ခြေခေါက်ပြီး ယိုင်လဲကျသွားပါသည်။ ကျွန်တော်သာ ဆီး၍မပွေ့လိုက်ပါက တောင်ကုန်းအောက်သို့ကျပြီး ဆူးချုံထဲသို့ ရောက်သွားမည်ဖြစ်ပါသည်။ ကျွန်တော့်မှာ စောဥမ္မာပြုတ်မကျသွားစေရန် ပွေ့လိုက်ရသော်လည်း စောဥမ္မာကိုအားနာပြီး မကြည့်ရဲအောင်ရှိပါသည်။ စောဥမ္မာမှာ ဘာမှမဖြစ်သလို မြူးမြူးကြွကြွ တောင်အောက်သို့ ပြေးဆင်းသွားပါသည်။ စောဥမ္မာက ဘာမှမဖြစ်သလို ထွက်ခွာသွားသော် ကျွန်တော့်မှာ ရင်ခုန်စွာဖြင့် သူမနောက်သို့ လိုက်ခဲ့ရသည်။ စောဥမ္မာ၏ လျှင်မြန်စွာ ဆင်းလိုက်မှုကြောင့် တောင်ကုန်းအောက်သို့ မရောက်မီ ခြေခေါက်၍လဲကျသွားသဖြင့် ကျွန်တော်ပြေး၍ ထူလိုက်ရသည်။ စောဥမ္မာ၏ခြေထောက်မှာ အလွန်နာနေသဖြင့် ဘေးမှတွဲ၍ခေါ်မည့်သူ မရှိပါက လမ်းမလျှောက်နိုင်တော့ပါ။ ကျွန်တော့်အတွက်လည်း ခရီးဆက်ရန်ရှိနေသဖြင့် စောဥမ္မာကို တွဲ၍လျှောက်ခဲ့ရသည်။

'ဟိုရှေ့နားဆိုရင် ရောက်ပါပြီ။ မဝေးတော့ပါဘူး'

စောဥမ္မာက ကျွန်တော့်ကိုမှီ၍လျှောက်ရင်း ပြောပါသည်။ မကြာမီ ဂူပေါက်ဝတစ်ခုသို့ ရောက်ပါသည်။

'ဒီဂူထဲကိုဝင်သွားရင် ကျွန်မတို့ဂေဟာကို ရောက်ပါပြီ။ ဒါပေမဲ့ မောင်ကြီးကို ရွှေစေတီကို ပို့ပေးချင်ပါသေးတယ်။ ဘုရားဖူးပြီးရင် မောင်ကြီး ခရီးဆက်နိုင်ပါပြီ။ ဩော်··ဒါထက် မောင်ကြီး ရွှေစေတီကိုမှတ်မိသေးရဲ့လား'

'ကျွန်တော် အရင်က မရောက်ဖူးပါဘူး'

'ဟုတ်သားပဲ၊ မောင်ကြီးနန္ဒနဲ့မှားပြီး ပြောမိပြန်ပြီ။ တောင်းပန်ပါတယ်'

ရွှေစေတီရှေ့တွင် နှစ်ယောက်အတူ ရှိခိုးပူဇော်ကြပါသည်။ ညသည် တိတ်ဆိတ်၍ လရောင်သည် ပတ်ဝန်းကျင်ကို ငွေရည်ဖျန်းနေချိန် အလွန်လှပသော အမျိုးသမီးတစ်ဦးနှင့်အတူ ဘုရားဖူးရလိမ့်မည်ဟု တစ်ခါမှ မစဉ်းစားမိသော်လည်း ယခုလက်တွေ့ ကြုံတွေ့နေရသဖြင့် မယုံကြည်နိုင်အောင် ရှိနေပါသည်။ လရောင်အောက်တွင် နှင်းထုကဝေဝေဆာလျက်ရှိသည်။ ရွှေစေတီမှ ခေါင်းလောင်းသံက လေအဝှေ့ဝယ် တွင်တွင်ချိုလွင်သံထွက်ပေါ်နေသည်။ ဘုရားရှိခိုး၍ ပြီးသည့်အချိန် လမ်းမဆီက မြင်းခွာသံကြားရသည်။ မြင်းတစ်စီး ဤနေရာသို့ ဦးတည်လာနေကြောင်း သိလိုက်ရသည်။ ကျွန်တော်၏အနီးသို့ ရောက်သည်နှင့် စစ်သူကြီးအဝတ်အစားနှင့်လူသည် မြင်းကြီးပေါ်က ခုန်ဆင်းလိုက်သည်။ စစ်သူကြီး မြင်းပေါ်က လွှားခနဲခုန်ဆင်းလိုက်သည်နှင့် စောဥမ္မာမှ ထိတ်ထိတ်ပျာပျာနှင့်ထရပ်ကာ စစ်သူကြီးကို ဦးညွှတ်၍ အရိုအသေပေးနေသည်ကို တွေ့လိုက်ရသည်။

'အို··သခင်ကြီးပါလား။ သခင်ကြီးမင်းခေါင် ဟိုမှာ သုံးရက်နေမယ်ဆို'

'မင်းကိုစိတ်မချလို့ ငါပြန်လာကြည့်တာ စောဥမ္မာရေ။ အခုတော့ ငါထင်တဲ့အတိုင်း ဖြစ်နေပါလား။ ဟိုလူက ဘယ်သူလဲ'

ကျွန်တော်သည် စစ်သူကြီး၏ ဒေါသဖြင့် ပြောလိုက်သောစကားကြောင့် စစ်သူကြီး၏မျက်နှာကို မကြည့်ရဲအောင် ရှိနေပါသည်။ စစ်သူကြီးသည် ကျွန်တော့်မျက်နှာကို လရောင်ဘက်မှ သေသေချာချာကြည့်နေသည်။

'နန္ဒ··မင်း နန္ဒမဟုတ်လား။ ငါ ဘယ်လိုသတ်သတ် မင်းက မသေနိုင်ပါလားနန္ဒရယ်။ မင်းကပဲ ပြန်လာနိုင်မလား၊ ငါကပဲ သတ်နိုင်မလားဆိုတာ ကြည့်ကြရသေးတာ



www.burmeseclassic.com

www.burmeseclassic.com

ပေါ့’

စစ်သူကြီးက သူ၏ဓားကို ဆွဲထုတ်လိုက်သည်နှင့် စောဉမ္မာ အော်လိုက်သည်။

‘မလုပ်နဲ့၊ မသတ်ပါနဲ့။ သခင်ကြီး လူမှားပါ့မယ်။ ဒါ ဗိုလ်မှူးလေးနန္ဒ မဟုတ်ပါဘူး။ သူက တက္ကသိုလ်ကျောင်းသားတစ်ဦးပါ’

စောဉမ္မာမှာ နှုတ်ကအော်နေသလို ပြေးလာပြီး ကျွန်တော့်ရှေ့မှ ကာထားပါသည်။

‘ငါမမှားဘူး၊ ဒီလူဟာ နန္ဒမှ နန္ဒအစစ်ပဲ။ ဒီကောင့်ကို ငါသတ်ရမှကျေနပ်မယ်။ ဒီကောင်ကိုသတ်ပြီးရင် နင့်အလှည့်ပေါ့’

ကျွန်တော် ဘာလုပ်ရမှန်းမသိခင် စောဉမ္မာက ကျွန်တော့်ကို တွန်းပို့လိုက်သည်။

‘မောင်ကြီး ပြေးတော့လေ။ ဖြတ်လမ်းကနေ လွတ်အောင်ပြေးပါ’

စောဉမ္မာက ကျွန်တော့်ကိုအော်ပြောပြီး စစ်သူကြီး၏လက်မှဓားကို လုနေသည်။

‘ဖယ်စမ်း စောဉမ္မာ၊ နင့်ကိုပါ သတ်မိတော့မယ်’

‘သတ်လိုက်ပါ သခင်ကြီးရယ်၊ ချစ်သူနဲ့ မပေါင်းရတဲ့ဘဝမှာ သေတာက မြတ်ပါတယ်။ သခင်ကြီးအနေနဲ့ အပြစ်မရှိတဲ့လူကို သတ်တာထက် အပြစ်ရှိတဲ့ကျွန်မကိုသတ်တာပိုကောင်းပါတယ်’

စောဉမ္မာက စစ်သူကြီးကို အော်ဟစ်တားဆီးနေစဉ် ကျွန်တော်ပြေးထွက်ခဲ့သည်။ စစ်သူကြီး၊ နန္ဒနှင့် စောဉမ္မာတို့ ဇာတ်လမ်းထက် မိမိအသက်ရှင်ရေးအတွက် ဦးစားပေးပြေးခဲ့ရသည်။ ရွှေစေတီလမ်းအတိုင်းသာ ပြေးနေရသော်လည်း ရေမြောင်ကြီးဖြတ်လမ်းကို မတွေ့ရသေးပါ။ လရောင်က ထိန်ထိန်သာနေသဖြင့် မှောင်ရိပ်ခို၍ ပြေးနေရသည်။ မကြာမီ စောဉမ္မာလဲကျသည့်တောင်ကုန်းကို တွေ့လိုက်သည်နှင့် ရေမြောင်ကြီးဖြတ်လမ်းကို မြင်လိုက်ရသည်။ ဖြတ်လမ်းကိုဖြတ်ကူးရန် ခြေလှမ်းလိုက်စဉ် မြင်းခွာသံကြားရသဖြင့် လမ်းဘေးသစ်ပင်ကပ်၍ ကွယ်နေလိုက်ရသည်။ စစ်သူကြီးသည် မြင်းညိုကြီးကို ကဆုန်စိုင်းလျက် ဓားကိုဝင့်ကာ ဖြတ်သန်းသွားသည်ကို မြင်လိုက်ရသည်။ ကျွန်တော့်ကိုသတ်ရန် လိုက်ခြင်းဖြစ်၍ ရင်ခုန်လျက် ရှိနေပါသည်။ စစ်သူကြီးသည် ဖြတ်လမ်းသို့မသွားဘဲ ကင်ပွန်းစခန်းဆီသို့ ဦးတည်သွားမှ သက်ပြင်းချနိုင်တော့သည်။

ဖြတ်လမ်းသို့ရောက်သော်လည်း အရှိန်အဟုန်ကိုလျှော့ချ၍မဖြစ်သဖြင့် အစွမ်းကုန်ပြေးနေရသည်။ ကင်ပွန်းစခန်းလမ်းတွင် ကျွန်တော့်ကို မတွေ့ပါက ဖြတ်လမ်းသို့ ရောက်လာနိုင်သဖြင့် ရေမြောင်ကြီးရောက်မှ စိတ်ချရမည်မို့ အားရှိသမျှပြေးခဲ့ရာ လမ်းကကျဉ်းသဖြင့် လဲလိုက်၊ ထလိုက်၊ ပြေးလိုက်ဖြင့် တစ်ကိုယ်လုံး ဖူးရောင်ပေါက်ကွဲလျက် ဒဏ်ရာဒဏ်ချက်အပြည့် ရှိနေပါသည်။ ပြေးရင်းလွှားရင်း ရေသံကြားရသည်။ တောင်ကျရေဖြစ်မည်။ နောက် လူသံများ ကြားရသည်။ မီးရောင်များနှင့် ဈေးဆိုင်များကို အနီးကပ်မြင်လိုက်ရမှ ရေမြောင်ကြီးရောက်ပြီ။ ငါအသက်မသေနိုင်ဟု စိတ်လျှော့လိုက်ပါသည်။ စိတ်လျှော့လိုက်သည်နှင့် အရုပ်ကြိုးပြတ်ပစ်လဲကာ အမှောင်ထုထဲသို့ လျှောကျသွားပါတော့သည်။

မောပန်းလွန်းသဖြင့် သတိလစ်သွားခြင်းဖြစ်သည်။ ဒဏ်ရာများကနာခြင်း၊ အစာမရှိ၍ ဆာလောင်ခြင်း၊ ချွေးထွက်လွန်းသဖြင့် ပင်ပန်းကာ အိပ်မောကျသွားခြင်းဖြစ်သည်။ အိပ်ရာကနိုးသည်နှင့် ညက အဖြစ်အပျက်များကို မမှတ်မိတော့ဘဲ မည်သည့်နေရာရောက်နေသည်ကို စဉ်းစားသော်လည်း စဉ်းစားမရပါ။ အိပ်ရေးဝသဖြင့် စိတ်ကြည်လင်ခိုက် ပတ်ဝန်းကျင်ကို စူးစမ်းမိမှ ရေကျသံကို ပထမကြားရသည်။ မျက်စိဖွင့်ကြည့်လိုက်သည်နှင့် မိမိဝါးထရံကာ ဝါးတဲတစ်လုံးတွင် အိပ်ပျော်ခဲ့ကြောင်း သိလိုက်ရသည်။ ကျွန်တော်၏ဘေးတစ်ဖက်တစ်ချက်တွင် ဦးနှစ်ဆန်းနှင့် ဦးတင်ဆွေတို့ကို မြင်လိုက်ရမှ ရေမြောင်ကြီးရောက်နေသည်ဟု သိလိုက်ရသည်။ ရုတ်တရက် အိပ်ရာမှ ထထိုင်လိုက်သည်။

‘ကိုချစ်··အိပ်ရာက နိုးပြီလား’

ဦးနှစ်ဆန်း၏အသံဖြစ်သည်။

‘ဒါ ဘယ်နေရာလဲ။ ရေမြောင်ကြီးလား’

‘ဟုတ်ပါတယ်’

‘ကျိုက်ထီးရိုးဘုရားအရောက် ဆက်မတက်ကြဘူးလား’

‘ကျွန်တော်တို့နှစ်ယောက် ဘုရားပေါ်တက်ဖို့ ခင်ဗျားကို စောင့်နေကြတာ။ ခင်ဗျားက အချိန်မီရောက်လာပေမယ့် အခြေအနေမကောင်းတာ တွေ့လိုက်ရလို့ မနက်မှ ဘုရားပေါ် တက်ဖို့ဆုံးဖြတ်ပြီး ဒီမှာ တစ်ညအိပ်လိုက်ကြရတာ။ ဪ··ဒါထက် စောဉမ္မာက တော်တော်ချောမလေးလား’



www.burmeseclassic.com

www.burmeseclassic.com

'ဗျာ··ကျုပ် စောဥမ္မာနဲ့တွေ့တာ ခင်ဗျားဘယ်လိုသိသလဲ'

'ညက ခင်ဗျားနှုတ်က ယောင်ပြီးထွက်လာတဲ့အသံတွေပါဗျာ။ စစ်သူကြီးရယ်၊ ဗိုလ်မှူးလေးနန္ဒရယ်၊ စောဥမ္မာဇာတ်လမ်းကို ကြားလိုက်ရတယ်။ အဲဒီမှ ကိုယ့်သူငယ်ချင်းက သုံးပွင့်ဆိုင်ဇာတ်လမ်းရဲ့ ဇာတ်ကောင်ဖြစ်သွားပြီလို့ သိလိုက်ရတာပေါ့။ ဒီဇာတ်လမ်းက အခုမှဖြစ်တဲ့ဇာတ်လမ်းမဟုတ်ပါဘူး။ ဒီနယ်မြေမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ဇာတ်လမ်းပါ။ ဒါပေမဲ့ ဒီဇာတ်လမ်းမဖြစ်တာ ဆယ်နှစ်လောက်တော့ရှိပြီ'

'ဘယ်လိုဇာတ်လမ်းလဲဗျ။ ပြောစမ်းပါဦး'

ဦးတင်ဆွေက အိပ်ရာကနိုးနိုးချင်း မေးလိုက်ခြင်းဖြစ်သည်။ သူကဆက်ပြောပါသည်။

'ညက အဘိုးကြီးတစ်ယောက်က ပြောသံကြားလိုက်ရတာကတော့ မနုဟာဘုရင်လက်ထက်က တကယ်ဖြစ်ပျက်ခဲ့တဲ့ဇာတ်လမ်းဆိုဗျ'

'ဟုတ်ပါတယ်ဗျာ၊ ဒီဒေသခံတွေက ဒီဇာတ်လမ်းအကြောင်း ကောင်းကောင်းသိကြပါတယ်။ အလွန်စိတ်ဝင်စားဖို့ကောင်းတယ်။ ဇာတ်ပွဲမှာ နောက်ပိုင်း ဇာတ်အဖြစ်တောင် ကပြလေ့ရှိကြတယ်။ သိပ်လူကြိုက်များတာပဲ။ ကျွန်တော်လည်း ကလေးဘဝက ကြည့်ခဲ့ဖူးတယ်'

'ဇာတ်လမ်းကို မသိရဘူးလား'

'စစ်သူကြီးမင်းခေါင်က အမတ်ကြီးရဲ့သမီး စောဥမ္မာကို စွဲလမ်းနေတယ်။ လူကြီးစုံရာနဲ့ လက်ထပ်မယ့်ဆဲဆဲ စောဥမ္မာရဲ့ငယ်ချစ် ဗိုလ်မှူးလေးနန္ဒနောက်ကို စောဥမ္မာက လိုက်သွားတယ်။ စစ်သူကြီးက တပ်အင်အားနဲ့ ချက်ချင်းလိုက်ရာတာ ရွှေစေတီဘုရားမှာတွေ့ပြီး ဗိုလ်မှူးလေးနန္ဒကို သူကိုယ်တိုင် ကွပ်မျက်လိုက်တယ်။ နောက်မှ စောဥမ္မာကို လက်ထပ်ယူလိုက်တယ်။ အဲဒီအဖြစ်အပျက်ဟာ နှစ်ပေါင်းများစွာကြာခဲ့ပြီ။ ဒါပေမဲ့ နန္ဒနဲ့တူတဲ့လူ၊ စောဥမ္မာနဲ့ ရုပ်ချင်းတူတဲ့လူ ပေါ်လာတိုင်း ဒီနယ်မြေမှာ အဲဒီလိုဇာတ်လမ်းမျိုးတွေ ဖြစ်လေ့ရှိတယ်။ ဒီဇာတ်လမ်းမကြားရတာ အခုဆိုရင် ဆယ်နှစ်လောက်ရှိပြီ။ အခုမှ မမျှော်လင့်ဘဲ ဒီဇာတ်လမ်းမျိုးဖြစ်ရတယ်။ ဇာတ်လမ်းကတော့ ဒါပါပဲဗျာ'

'ကျုပ်က နန္ဒနဲ့ တူနေလို့လားဗျာ'

'ညကမှ ပြန်စဉ်းစားကြည့်တော့ နန္ဒနဲ့ခင်ဗျား ရုပ်ချင်းတူနေသလို စောဥမ္မာနဲ့ အင်းလျားမမတို့လည်း ရုပ်ချင်းတူလိမ့်မယ်'

'ရုပ်ချင်းတူတယ်လို့ပြောရအောင် နန္ဒနဲ့ စောဥမ္မာကို မြင်ဖူးလို့လား'

'သထုံဘုရားတွေမှာ သူတို့ရုပ်ပုံတွေနဲ့ ဇာတ်လမ်းဖွဲ့ထားတဲ့ သမိုင်းစာအုပ်ငယ်လေးတွေ ရောင်းတယ်။ ကျွန်တော့်အိမ်မှာလည်း ရှိပါတယ်။ ဟုတ်တယ်ဗျ။ ပြန်စဉ်းစားမှ ကိုချစ်က နန္ဒနဲ့တူသလို အင်းလျားမမကလည်း စာအုပ်ထဲမှာပါတဲ့ စောဥမ္မာနဲ့ တကယ်ကိုတူနေတယ်ဗျာ။ မနေ့က စောဥမ္မာကိုသာ ကျွန်တော်တွေ့လိုက်ရင် ကိုချစ်ကို လွှတ်မိမှာမဟုတ်ဘူး။ ခင်ဗျားကိုသာမလွှတ်လိုက်ရင် ဒီဇာတ်လမ်းဖြစ်လာစရာ မရှိဘူးပေါ့။ ကျွန်တော့်အပြစ်ပါဗျာ'

'အပြစ်မတင်ရက်ပါဘူးဗျာ။ စောဥမ္မာနဲ့ တွေ့ခွင့်ရလိုက်လို့ ကိုနှစ်ဆန်းကို ကျေးဇူးတောင်တင်မိပါတယ်'

'အင်းလျားမမနဲ့တူတာလည်း ထည့်ပြောပါဦးလေ'

ဦးတင်ဆွေက ဝင်၍ပြောသည်။

'အင်းလျားမမနဲ့ တကယ်တူလို့လည်း လူမှားကြတာပေါ့။ ဒါကြောင့်လည်း ကျွန်တော်ကူညီဖြစ်သလို သူကလည်း ဗိုလ်မှူးနန္ဒနဲ့တူလို့ အကူအညီတောင်းတာပေါ့ဗျာ။ နောက်ပြီး စစ်သူကြီးမင်းခေါင်ကလည်း သူ့ဇနီးသည်ကို အလွန်ချစ်တော့ နန္ဒကို သူကိုယ်တိုင် သတ်ပြီးတာတောင် အားမရလို့ တွေ့ရာသင်္ချိုင်း ဓားမဆိုင်းဆိုသလို တွေ့တဲ့နေရာမှာ သတ်ဖို့ချည်း ကြိုးစားနေတာပေါ့။ ကဲ··တော်ပြီ။ ဘုရားပေါ်တက်ဖို့ ရှိသေးတယ်။ ကိုချစ်··လမ်းလျှောက်နိုင်ပါ့မလား'

'ပြောရရင် ခင်ဗျားတို့နှစ်ယောက် ယုံမှာမဟုတ်ဘူး။ မိုးလင်းတာနဲ့ ဒဏ်ရာတွေဟာ ယူပစ်လိုက်သလို ပျောက်ကုန်တယ်။ ကျွန်တော့်မှာ အခု ဘာဒဏ်ရာမှ မရှိတော့ဘူး။ လမ်းလည်း ကောင်းကောင်းလျှောက်နိုင်တယ်။ မောလည်း မမောတော့ဘူး'

သူငယ်ချင်းသုံးယောက် ပျော်ပျော်ပါးပါး ဘုရားသို့ တက်ခဲ့ကြပါသည်။ ထိုအဖြစ်သည် နှစ်ပေါင်းငါးဆယ်ကျော်ခဲ့ပြီဖြစ်သော်လည်း မမေ့နိုင်စရာဇာတ်လမ်းပါ။ တွေးလိုက်တိုင်း ရင်ခုန်တုန်လှုပ်ရပါသည်။ ဩော်··လရောင်ရွှန်းမြ လွမ်းစရာညလေးတစ်ညပါတကား။

ကောင်းသော်


*(ကျိုက်ထီးရိုးဘုရားသို့ လိုက်ပို့ပေးခဲ့သော မွန်ပြည်နယ်မှ ဆရာကြီးဦးနှစ်ဆန်းသို့ အမှတ်တရရေးဖွဲ့ပါသည်)*



www.burmeseclassic.com

www.burmeseclassic.com

'အေးကွ၊ မင်းပြောပြဆိုလို့သာ ငါပြန်ပြောပြရမှာ ကြက်သီးတောင် ထချင်ချင်ပဲဟေ့။ မဟုတ်ဘူးဟေ့ကောင်၊ ရိုးတိုးရိပ်တိပ်ခြောက်လှန့်ရုံဆို မင်းသူငယ်ချင်းငါက သွေးမပျက်ပါဘူးကွာ။ မင်းသိတဲ့အတိုင်းပဲ။ အထက်တန်းကျောင်းသားဘဝကတည်းက ခပ်မိုက်မိုက်နေလာတဲ့ကောင်ပါကွ။





www.burmeseclassic.com

www.burmeseclassic.com

တော်ရုံဆို မကြောက်တတ်ပါဘူး။ ခုဟာကတော့ ပြန်တောင်ပြောမပြချင်လောက်အောင်ကို ကြောက်စရာကောင်းတာ။ အမယ်လေးလေး..ညွှန်းရအောင် ငါ့ကောင်မလေးအကြောင်း ပြောနေတာမှ မဟုတ်တာ၊ မညွှန်းရပေါင်။ မင်းဘာသာ ထုပ်တန်းပေါ်က ခြောက်လှန့်သူပဲဖြစ်ဖြစ်၊ ထုပ်တန်းပေါ်က လိပ်ပြာရှင်ပဲခေါ်ခေါ် ဒါက မင်းသဘောပဲ။ ငါကတော့ တိုတိုနဲ့လိုရင်းပဲ ပြောပြမယ်။ ဒီလိုကွ'

◆◆◆

ဒီနေ့က ဆုထူးအောင်တို့ရဲ့ Part-2 နောက်ဆုံးနေ့။ သူငယ်ချင်းတွေအားလုံး စာမေးပွဲကို စုံစုံညီညီဖြေဆိုနိုင်ကြသည်မို့ အပျော်ကြီးပျော်နေကြသည့်နေ့။ ဆုထူးအောင်တို့အဖွဲ့ထဲတွင် မိန်းကလေးကငါးယောက်၊ ယောကျ်ားလေးက လေးယောက်။ စုံတွဲဆိုလို့ တစ်တွဲသာပါပြီး ကျန်တာအားလုံး လူလွတ်လူပျော်တွေဆိုတော့လည်း ကဲကြ၊ ပျော်ကြ၊ အော်ကြနှင့်။

ပြောရလျှင် ယနေ့မှ သူငယ်ချင်းတွေစုပြီး မပျော်ကြလျှင်လည်း နောက်ထပ်ပျော်စရာနေ့က ရှိတော့မည်မဟုတ်၊ ဆုထူးအောင်တို့တစ်တွေက နောက်တစ်နှစ်ကျလျှင် ဟောက်(စ်)ဆာဂျင်(house surgeon) ဆင်းရတော့မည့် ဆရာဝန်လောင်းလျာတွေ။ သည်တော့ ဒီနေ့ အပြတ်ပျော်ကြမှဖြစ်မည်။

'တို့တွေ ဟိုနားက ပိတ်ထားတဲ့အခန်းထဲကို သွားကြရအောင်'

ကျောင်းဝင်းအတွင်းမှ ပိတ်ထားတာကြာပြီဖြစ်တဲ့ အခန်းတစ်ခန်းကို လက်ညှိုးညွှန်ပြရင်း ကောင်းထက်က ဆော်ဩလိုက်၏။

'အာ..နင်ကလည်း မမူးဘဲ ရစ်နေပြန်ပြီ။ အဲဒီအခန်းက နာမည်ကြီးတဲ့။ ဘာဖြစ်လို့ပိတ်ထားသလဲဆိုတာ နင်တို့သိရဲ့လား'

စပ်စုမသန္တာမိုးက သရဲဇာတ်ကားထဲက ဇာတ်ကြောင်းပြောပြသူရဲ့ ပုံစံမျိုးဖြင့် မျက်လုံးတွေကိုမှေးကျဉ်းကာ အသံတိမ်တိမ်နှင့် အရှေ့သို့တိုးကပ်လာရင်း ဆိုလိုက်၏။

'ပြောစမ်းပါဦး မစပ်စုရဲ့။ ဘယ်လိုအကြောင်းတော်များ ရှိခဲ့လို့လဲ'

'ဟိုအရင်တုန်းကပေါ့ဟာ ငါတို့မသိခဲ့တဲ့ ဟိုး..ဟိုး..ဟိုးအရင်တုန်းကပေါ့။ အဲဒီအခန်းကို အခုလို မပိတ်ထားရသေးဘူး။ သူလိုငါလို အခန်းတွေလိုပဲ ဖွင့်ထားတာပေါ့။ တစ်နေ့သည်နေ ကျောင်းဆင်းချိန်လောက်မှာ အဲဒီအခန်းကို ကောင်မလေးတစ်ယောက် ဝင်သွားတယ်။ ဆေးကျောင်းသူလေးပေါ့ဟယ်။ ကောင်မလေးက ငိုထားလိုက်တာ မျက်လုံးတွေကို နီရဲလို့။ သူဝင်သွားတာကို ဘယ်သူမှမသိကြဘူး။ နောက်တော့ အစောင့်က တံခါးတွေ ပိတ်သွားတယ်'

သန္တာမိုးက ဇာတ်ကြောင်းပြောရတာ မော၍လား၊ ဒါမှမဟုတ် ဇာတ်ရှိန်ပို၍မြင့်စေလို၍လားမပြောတတ်။

ထိုနေရာ၌ ခေတ္တနားနေသဖြင့် သိချင်နေသူ အေးသီရိက-

'ဟဲ့...ကောင်မလေး အထဲမှာရှိနေတာကို ဒီအစောင့်က မသိဘူးလား။ ဒီလောက်နမော်နမဲ့နိုင်ရလား'

'ဩော်..နင်ကလည်း မသိလို့နေမှာပေါ့။ ဒါပေမဲ့ မနက်မိုးလင်းလို့ သန့်ရှင်းရေးလည်းဝင်ရော ကောင်မလေးရှိနေတာကိုတွေ့လို့ အော်လိုက်ကြတာများ'

'အမယ်လေးဟယ်..ကောင်မလေးကိုတွေ့တာပဲ ဘာအော်စရာရှိလဲ'

စိတ်မရှည်တဲ့ သန့်သန့်ဖြူက ဆောင့်ကြီးအောင့်ကြီးနှင့် ဝင်ပြောသည်။

ထိုစကားကြောင့် အရှိန်ပျက်သွားဟန်တူတဲ့ သန္တာမိုးက-

'နင်ကလည်း ဆုံးအောင်နားထောင်ပါဦး။ အော်မှာပေါ့ဟဲ့။ ဘာဖြစ်လို့လဲဆိုတော့ သူတို့တွေ့လိုက်တာက ကောင်မလေးကို ထုပ်တန်းမှာ ကြိုးဆွဲချလျက်သားကြီးနဲ့ တွေ့လိုက်ရတာကိုး'

'ဟင်..ဒါ..ဒါဆို သတ်သေသွားတာပေါ့။ ဟုတ်လား'

ကြောက်တတ်သူ မေမြတ်ဝါက သန့်သန့်ဖြူ၏ အနားသို့တိုးရင်း ဆိုလိုက်သည်။ သန္တာမိုးက မေမြတ်ဝါ၏ အမူအရာကိုကြည့်ပြီး သားကောင်တွေ့တဲ့ မုဆိုးရဲ့အပြုံးမျိုးနှင့် ခပ်ယဲ့ယဲ့ပြုံးလိုက်ရင်း-

'ဒါပေါ့ဟ၊ စိတ်ညစ်လွန်းလို့ သူ့ကိုယ်သူ သတ်သေသွားတာလေ။ နောက်မှသိရတာက သူ့မိသားစုဝင်တွေက အဆင်မပြေဘူးတဲ့။ ကျောင်းဆက်ထားနိုင်ဖို့ မသေချာဘူးပေါ့ဟာ။ နောက်ပြီး အရေးထဲမှ အရာပေါ်ဆိုသလို သူကလည်း စာမေးပွဲကျ၊ ချစ်သူကလည်း ပစ်သွားဆိုတော့ စိတ်ညစ်လွန်းလို့ သတ်သေသွားတော့တာပဲ။ အဲဒီကတည်းက အဲဒီအခန်းကို ပိတ်ထားခဲ့ရတာ အခုထက်ထိပဲ။ ဘာဖြစ်

www.burmeseclassic.com

www.burmeseclassic.com

လို့ပိတ်ထားရတာလဲဆိုတော့ အဲဒီအခန်းက သရဲခြောက်လို့ပေါ့'

ဇာတ်လမ်းဆုံးလုခါနီးမှာ သန္တာမိုးက မေမြတ်ဝါ၏ အနားသို့ကပ်ကာ ခပ်ကျယ်ကျယ်ပြောလိုက်တာကြောင့် မေမြတ်ဝါခမျာ ကြောက်လွန်းလို့ ဆတ်ခနဲတုန်သွားသည်။

'အဲဒီဇာတ်လမ်းကို ငါတော့ မကြားမိပေါင်။ နင့်ကို ဘယ်သူပြောပြတာလဲ'

'အောင်မယ်..နင်က တစ်ချိန်လုံး အိပ်ငိုက်နေတတ်တဲ့သူပဲ။ ဘယ်လိုလုပ် ဒီလိုသတင်းမျိုးကို သိနိုင်မှာလဲ။ ငါက အရာရာကို မျက်စိရှင်ရှင်၊ နားရှင်ရှင်နဲ့ အကဲခတ်နေတဲ့သူဆိုတော့ သိတာပေါ့ဟဲ့'

တစ်ချိန်လုံး ငေါင်စင်းစင်းနဲ့ နားထောင်နေသူ ဖြိုးပိုင်က မကျေမနပ် မေးလိုက်ပေမယ့် သန္တာမိုးက အမူအရာမပျက်တဲ့အပြင် ခပ်နှပ်နှပ်ပင် ပြန်ဖြေလိုက်သေးသည်။

'ကဲပါ။ ဘယ်သွားမယ်၊ ဘာလုပ်မယ် ဆိုတာကို မပြောခင် ဒါလေးတွေကုန်အောင် တီးကြရအောင်'

အားလုံးငြင်းဟယ်ညံဟယ် ဖြစ်ကြမည်ကို ကြိုတွေးမိတဲ့ သဇင်ချိုက စကားနည်းရန်စဲဖြစ်အောင် ကြားဝင်လိုက်၏။ သဇင်ချို၏ တိုက်တွန်းစကားကိုတော့ မည်သူကမျှ ငြင်းချက်မထုတ်ကြ။ သူမ ပြောသည့်အတိုင်း ခေါင်းညိတ်နာခံလိုက်ကြပြီး မှာထားတဲ့ ခေါက်ဆွဲကြော်၊ ကြာဆံကြော်တွေကို အပြတ်အသတ်ဝါးတီးဆွဲကြတော့သည်။

◆ ◆ ◆

မေမြတ်ဝါက မသွားကြပါရန် မည်သို့တားတား အားလုံးက သန္တာမိုးရဲ့ ယုံတမ်းပုံပြင်ကို ဆန့်ကျင်တဲ့အနေဖြင့် ပိတ်ထားတဲ့အခန်းကို တစ်ခေါက်တော့ မရောက်ရောက်အောင်သွားကြည့်ကြမည်။ ယနေ့တစ်နေ့သာ အားလပ်တာကြောင့် ယနေ့ပင်သွားရောက်ကြည့်ရှုကြမည်ဟု ညီညီညွတ်ညွတ်ဆုံးဖြတ်လိုက်ကြသည်။

'နင်တို့ကလည်းဟယ်..ပျော်ရမယ့်နေ့မှာ ပျော်စရာပဲ လုပ်ကြပါလား။ ဘာလုပ်ဖို့ ပိတ်ထားတဲ့အခန်းထဲကို ဝင်ကြမှာလဲ'

'မေမြတ်ဝါကလည်း ဒါလည်း ပျော်စရာကောင်းပါတယ်ဟ'

'တော်ကြပါတော့ဟာ။ ကန်တင်း(န်)ကို ပြန်သွားကြရအောင်။ ငါ ဝယ်ကျွေးမယ်လေ'

'တကယ်လား။ ငါတို့အားလုံးကို တကယ်ဝယ်ကျွေးမှာလား'

'ဟင့်အင်း၊ အားလုံးတော့ ဝယ်မကျွေးနိုင်ပါဘူး'

'အမယ်..ကျွေးလည်းမကျွေးနိုင်ဘဲနဲ့များ။ ကဲ..လာလေဟာ။ ဝင်ကြရအောင်။ နေ့ခင်းကြောင်တောင်ကြီးကို ကြောက်နေလိုက်တာ'

အေးသီရိက အတင်းဆွဲခေါ်သဖြင့် မေမြတ်ဝါလည်း ကြောက်ကြောက်လန့်လန့်နှင့် လိုက်လာခဲ့ရသည်။

အခန်းက ပိတ်ထားသည်ဟုဆိုသော်လည်း သော့ခတ်ထားရုံမျှသာဖြစ်ပြီး အခန်းသော့ကို နှစ်ကြီးသမား ဆုထူးအောင်က ကိုင်ဆောင်ထားရ၍ အထဲဝင်ဖို့ရာ အခက်အခဲမရှိ။ အထဲရောက်တော့ အခန်းတွင်းသို့ လူမဝင်တာ အမှန်ပင် ကြာမြင့်နေပြီဖြစ်ကြောင်းကို အခန်းတွင်းမှ ဖုန်အလိမ်းလိမ်းတက်နေတဲ့ ပစ္စည်းတွေက သက်သေခံလျက်ရှိသည်။ အခန်းထဲတွင် ခန္ဓာကိုယ်အကြောင်း ရှင်းလင်းပြသထားသည့် ရုပ်ပုံကားချပ်တစ်ခု၊ ပလတ်စတစ်နှင့် ပြုလုပ်ထားတဲ့ လူ့အရိုးစုတစ်စု စားပွဲခုံတစ်လုံးနှင့် ကုလားထိုင်တစ်ခုံသာ ရှိသည်။ နံရံနှင့် ထုပ်တန်းတို့တွင် ပိုးချည်မျှင်များ၊ ဖုန်မှုန့်များဖြင့် ရှုပ်ပွညစ်ထိုင်းလျက်ရှိ၏။

'မိသန္တာ..ဘယ်မလဲ နင့်သရဲက၊ ဘာမှလည်းမရှိဘူး'

ဖြိုးပိုင်၏ ခပ်ထေ့ထေ့အော်သံကို သန္တာမိုးက အရေးမစိုက်ပေမယ့် မေမြတ်ဝါခမျာတော့ ဖြန့်ဖျားထိတ်လန့်သွားရရှာသည်။

'ကိုဖြိုးရယ်..အဲဒီလိုကြီးမအော်စမ်းပါနဲ့။ ငါကြောက်လို့ပါ'

'အာ..မေမြတ်ဝါ၊ နင်ကလည်း နေ့ခင်းကြောင်တောင်ကြီးမှာတောင် ဒီလောက်ကြောက်နေရလား။ ဘာမှမရှိဘူး။ ထိတ်စရာ၊လန့်စရာ တစ်ပြားမှမလိုဘူး'

'ကဲပါ၊ ဘာသရဲမှ မရှိရင်လည်း ပြန်ထွက်ရအောင်။ ဒီမှာ ဖုန်တွေ၊ ပိုးချည်မျှင်တွေနဲ့ ကျန်းမာရေးနဲ့ မညီညွတ်ဘူးဟ'

အသန့်ကြိုက်သူ သန့်သန့်ဖြူ၏စကားကို မေမြတ်ဝါကလည်း အသည်းအသန်ထောက်ခံနေသဖြင့် အပြင်သို့ပြန်ထွက်ရန် အားလုံးဆုံးဖြတ်လိုက်ကြသည့်အခိုက်-

'နေဦး၊ ဒီအထဲကို ဘယ်သူမှဝင်ဖူးတာမဟုတ်ဘူး။ ဒီတော့ ငါတို့ ဒီစားပွဲပေါ်က ဆိုင်းဘုတ်လေးနဲ့အတူ ဓာတ်ပုံလေးတစ်ပုံ ရိုက်ကြရအောင်'

ဓာတ်ပုံခရေဇီ သဇင်ချိုက ထိုသို့ပြောလိုက်ရုံး တစ်



www.burmeseclassic.com

www.burmeseclassic.com

ဆက်တည်းဆိုသလို လက်ထဲတွင်ကိုင်ထားသော ဟန်းဖုန်းကိုဖွင့်ကာ ကင်မရာပါသော သင်္ကေတလေးကို တို့ထိလိုက်သည်။

'ရိုက်မယ်ဆိုလည်း မြန်မြန်ရိုက်ကြပါဟယ်။ ကဲ..ကဲ..ငါရိုက်ပေးမယ်'

အပြင်သို့ ထွက်ချင်လှပြီဖြစ်တဲ့ မေမြတ်ဝါက ထိုသို့ပြောလိုက်ပြီး သဇင်ချိုရဲ့လက်ထဲက ဟန်းဖုန်းလေးကို ဆွဲယူလိုက်ကာ သူတို့အုပ်စုကို ချိန်လိုက်သည်။ ပြတင်းပေါက်များ ပိတ်ထားသဖြင့် အခန်းက အနည်းငယ်မှောင်နေတာကြောင့် ဖလက်(ရှ်)အလင်းကိုဖွင့်လိုက်ပြီး လှပတဲ့ဓာတ်ပုံတစ်ပုံ ရရှိစေရန် သေသေချာချာချိန်ပြီး ရိုက်ယူလိုက်သည်။ သဇင်ချိုက ဓာတ်ပုံခရေဇီသမားဆိုတော့ မလှလျှင်မဖြစ်။ ချပ်ခနဲ မြည်သံနှင့်အတူ ဟန်းဖုန်းရဲ့ ကင်မရာစက်ခရင် (Screen) လေး ခဏမှောင်သွားပြီးတဲ့နောက် ဓာတ်ပုံပေါ်လာသဖြင့် မေမြတ်ဝါလည်း ကြည့်မနေတော့ဘဲ သဇင်ချိုရဲ့ လက်ထဲကို ဟန်းဖုန်းကမ်းပေးလိုက်သည်။

'ရော့..မယ်မင်းကြီးမ၊ ဓာတ်ပုံလည်း ရပြီဆိုတော့ အပြင်ကို မြန်မြန်ထွက်ကြရအောင်'

'အေး..အေး..သွားကြတာပေါ့။ ဟင်'

သဇင်ချိုက ဟန်းဖုန်းကိုလှမ်းယူကာ အပြင်သို့ထွက်ရန် ခြေလှမ်းပြင်ရင်း ဓာတ်ပုံလှ၊မလှ ကြည့်လိုက်သည့်အခိုက် မြင်လိုက်ရတဲ့အရာတစ်ခုကြောင့် အထိတ်တလန့် ရှေ့ဆက်လျှောက် ခြေလှမ်းတွေကို ရပ်တန့်လိုက်မိသည်။ ပုံစံက ဓာတ်ပုံထဲတွင် ကြောက်စရာတစ်ခုခုကို တွေ့လိုက်ရတဲ့ဟန် အပြည့်။

သူမ၏အမူအရာကြောင့် အနီးမှ ကောင်းထက်က-

'အမယ်လေး..အပိုတွေမလုပ်နဲ့။ ငါတို့က မလန့်ဘူး။ နင့်ဘော်ဘော် မေမြတ်ဝါပဲ လန့်မှာ'

'ကောင်းထက်..ငါ နောက်နေတာမဟုတ်ဘူး။ ဒီမှာကြည့်'

သဇင်ချိုက ထိုသို့ဆိုရင်း သူမလက်ထဲက ဟန်းဖုန်းတွင်းပါ ကင်မရာကို ကောင်းထက်လက်တွင်းသို့ ထိုးပေးလိုက်သဖြင့် နံဘေးကသူငယ်ချင်းတွေလည်း ဘာများဖြစ်ပါလိမ့်ဟူတဲ့အတွေးနဲ့ ခေါင်းတွေပူးကပ်လျက်နှင့် ဓာတ်ပုံကို ဝိုင်းကြည့်လိုက်ကြသည်။

'ဟင်..နောက်ကထိုင်ခုံမှာ လူတစ်ယောက်ထိုင်နေပါလား'

သန့်သန့်ဖြူက တုန်တုန်ယင်ယင် ရေရွတ်လိုက်ရင်း ထိုင်ခုံကို မဝံ့မရဲလှည့်ကြည့်လိုက်သည်။ ထိုင်ခုံတွင် မည်သူမျှရှိမနေပေ။ သို့ပေမယ့် ဓာတ်ပုံထဲတွင်တော့ တန်းစီရပ်နေတဲ့ သူတို့အဖွဲ့၏နောက် ခပ်လှမ်းလှမ်းရှိထိုင်ခုံ၌ လောင်းကုတ်ရှည်နှင့် မိန်းကလေးတစ်ယောက် ခပ်ဝါးဝါးထိုင်လျက်ရှိသည်။ အားလုံး ထိုဓာတ်ပုံကို မြင်လိုက်ကြသည့်အခါ ကြက်သီးတဖြန်းဖြန်းထသွားကြသည်။ သည်အခန်းထဲတွင် သူတို့၏ သာမန်မျက်စိနှင့် မမြင်တွေ့နိုင်သူတစ်ယောက် ရှိနေချေပြီ။

'ဟာ..သွား..သွားကြရအောင်ဟယ်။ လာ'

သဇင်ချိုက ထိုသို့ပြောပြီး အခန်းပြင်သို့ ခပ်သွက်သွက်ပြေးထွက်သွားသည်။ ကံကောင်းထောက်မစွာနှင့် မေမြတ်ဝါက အခန်းပြင်သို့ ဦးဆုံးထွက်ခွာသွားတာကြောင့် ထိုဓာတ်ပုံအကြောင်း မသိရှိလိုက်သဖြင့် တော်သေးသည်ဟု ဆိုရမည်။ ဓာတ်ကြောင်းပြောသူ သန္တာမိုးကိုယ်တိုင်လည်း မိမိလုပ်ကြံပြောမိသည့်ဓာတ်လမ်းမှာ ဤသို့ အမှန်အကန်ဖြစ်နေလိမ့်မည်ဟု မမျှော်လင့်မိတာကြောင့် ကြောက်ကြောက်နှင့် သန့်သန့်ဖြူ၏လက်ကိုဆွဲကာ အခန်းပြင်သို့ ခပ်သွက်သွက်ပြေးထွက်လာခဲ့သည်။

'ကိုဖြိုး..ထွက်လာတော့လေ၊ ကောင်းထက်နဲ့ ဆုထူးအောင်လည်း ထွက်လာကြတော့လေဟာ။ နင်တို့ မကြောက်ကြဘူးလား'

အခန်းပြင်ခပ်လှမ်းလှမ်းသို့ရောက်မှ အသံကျယ်ကျယ်နှင့် အော်ခေါ်နေကြတဲ့ မိန်းကလေးတစ်သိုက်ကို ဆုထူးအောင် ဂရုမစိုက်သေးဘဲ အခန်းထဲတွင် ကျန်နေသေးတဲ့ ကောင်းထက်နှင့် ဖြိုးပိုင်ကို လှမ်းကြည့်လိုက်သည်။ သည်လိုမျိုး တွေ့ရုံမျှဖြင့်တော့ ဆုထူးအောင် ထွက်မပြေးချင်။ တစ္ဆေကြောက်သူတစ်ယောက်၊ သရဲဘာကြောင်သူတစ်ယောက် အဖြစ်မခံချင်။ ဒါဟာလည်း ယောကျ်ားမာနတစ်ရပ်မဟုတ်လား။

'ဟိတ်ကောင်တွေ..မင်းတို့တော့မသိဘူး၊ ငါတော့ ဒီကျောင်းမှာ နေနေတာကြာပြီ။ တစ်ခါမှ မကြုံဖူးသေးဘူး။ ငါ အဲဒါကို ဘာလဲဆိုတာ ရှင်းရှင်းလင်းလင်း တွေ့ဖူးချင်တယ်ကွာ။ ရှာကြည့်ရအောင်။ မင်းတို့ရော'

'ရှာမယ်ကွာ၊ ငါလည်း ကောင်မလေးတွေ ပြောတာကို သိပ်မယုံဘူး'

'ငါရောပဲ၊ မေမြတ်ဝါရဲ့အမြင်မှာ ငါ့ကို ကြောက်လို့



www.burmeseclassic.com

www.burmeseclassic.com

မထင်စေချင်ဘူး'

ကောင်းထက်ရဲ့အပြောကို ဖြိုးပိုင်က ထောက်ခံလိုက်ပြီး ဆုထူးအောင်ရဲ့အကြံကိုလုပ်ကိုင်ရန် သုံးယောက်သား ညီညီညွတ်ညွတ်ဆုံးဖြတ်လိုက်ကြသည်။

♦ ♦ ♦

ကင်မရာက တစ်လုံးတည်း၊ လူကသုံးယောက်၊ ခက်ရချည့်။ ဤတစ္ဆေကလည်း ခေတ်မီတစ္ဆေ။ လူ့မျက်လုံးဖြင့် လိုက်ရှာသော်လည်း လုံးဝမတွေ့။ ကင်မရာထဲက ဓာတ်ပုံတွင်သာ ပုံရိပ်ထင်စေခဲ့သည်မဟုတ်လား။ သို့ကြောင့်လည်း ပိုက်ဆံမကုန်တဲ့ ဓာတ်ပုံရိုက်ခြင်းကို တချပ်ချပ်ပြုလုပ်ရင်း တစ္ဆေကို နေရာလပ်မကျန်အောင် ရှာဖွေနေမိသည်။ နေ့ခင်းကြောင်တောင်ကြီး အခန်းတံခါးပိတ်ကာ အခန်းထဲတွင် ကင်မရာတစ်လက်နှင့် တချပ်ချပ်ရိုက်ရင်း တစ္ဆေကို လိုက်လံရှာဖွေနေသည့် သူတို့သုံးယောက်အဖြစ်ကို တစ်စုံတစ်ယောက်ကသာ တွေ့မြင်သွားလျှင် ရူးသွပ်သွားကြသူများဟု ထင်မှတ်ကောင်းထင်မှတ်လိမ့်မည်။ သို့ပေမယ့် စိတ်ပူစရာမလို။ ဤအခန်းဘက်သို့ တော်ရုံလူ ရောက်ဖို့မလွယ်သလို ကျောင်းဆောင်တွေနှင့်လည်း အတော်အလှမ်းဝေးလွန်းလှသည့်နေရာဖြစ်၍ သူတို့ကို လာရောက်ချောင်းကြည့်မည့်သူမရှိ။ ယုတ်စွအဆုံး အပြင်သို့ပြေးထွက်သွားကြတဲ့ ကောင်မလေးတစ်ဖွဲ့ပင် ယခုလောက်ဆို Canteen ကို ပြေးသွားကြလောက်ပြီ။ ထို့ကြောင့် ဤအနီးတစ်ဝိုက်၌ သူတို့သုံးယောက်တည်း။

'ဘာမှမတွေ့ပါဘူးကွာ။ အလကားပါ'

ဆုထူးအောင်က ကင်မရာကို ကိုင်ကာ မောမောနှင့် ထိုင်ခုံမှာ



ထိုင်ချလိုက်ရင်း ပြောလိုက်သည်။

'အေး..ဘယ်မှာမှရှာမတွေ့တာတော့ အမှန်ပဲ။ ဒါပေမဲ့ စောစောကဓာတ်ပုံထဲမှာ မိန်းကလေးတစ်ယောက်ရဲ့ပုံ ဝိုးတဝါးပါလာတာက ဘာသဘောလဲ။ တစ္ဆေခြောက်တာတော့ တကယ်ပဲလို့ ငါထင်တယ်'

ကောင်းထက်က အခန်းပတ်လည်ကို ဝေ့ဝဲကြည့်ရင်း ဆိုလိုက်သဖြင့် ဆုထူးအောင် နှုတ်ခမ်းကို တွန့်လိုက်သည်။ ဒီကောင်က ဒီလိုချည်းပဲ။ သတ္တိနည်းနည်းကောင်းတာက လှဲ့လျှင် မိန်းကလေးများနှင့် ဘာမျှမကွာ။ သူများပြောတာနှင့် ဘာကိုမျှစဉ်းစားတွေးခေါ်မနေတော့ဘဲ ဖွတ်ယုံတတ်သည်။

'ကဲ..ဒါဆို ငါတို့ ဓာတ်ပုံလျှောက်ရိုက်နေတာ တစ်ခန်းလုံးနှံ့နေပြီ။ ဘယ်မှာလဲ သရဲက၊ မရှိပါဘူးကွာ'

'ဒါပေမဲ့ စောစောကပါလာတာတော့ အသေအချာပဲ မဟုတ်လား အောင်ကြီးရ'

'ဒါကတော့ အလင်းအမှောင်ကြောင့် အရိပ်ထင်သလို ဖြစ်နေတာနေမှာပေါ့'

ဆုထူးအောင်ကို မည်သို့မျှပြောမရသဖြင့် ကောင်းထက် စကားကိုမဆက်ဘဲ ငြိမ်နေလိုက်တော့သည်။ ဖြိုးပိုင်တစ်ယောက်ကတော့ လက်နှိပ်ဓာတ်မီးသေးလေးနှင့် ချောင်ကြိုချောင်ကြားတွေကိုထိုးကြည့်ကာ မမြင်ရသူတစ်ယောက်ကို ရှာဖွေနေဆဲ။

ကောင်းထက်နှင့် အနည်းငယ်ငြင်းခုံလိုက်ရသဖြင့် ဆုထူးအောင် ပို၍မောပန်းသွားရသည်။ ဆုထူးအောင်က ခန္ဓာကိုယ်နည်းနည်းဝတဲ့သူဆိုတော့ သူတို့နှစ်ယောက်နှင့် ယှဉ်လျှင် ပို၍မောလွယ်သည်။ သို့ကြောင့်လည်း ထိုင်ခုံတွင် ထိုင်ကာ အမောဖြေနေရခြင်းဖြစ်၏။

'ဓာတ်ပုံထဲမှာတော့ စောစောကမိန်းကလေးက ဒီထိုင်ခုံမှာထိုင်နေတဲ့ပုံပဲ'ဟု တွေးလိုက်မိတဲ့အခိုက် ကျောထဲ၌ စိမ့်ခနဲအေးသွားသလိုလို၊ ကြက်သီးထသလိုလို ခံစားလိုက်ရသည်။ ဘာကြောင့်မှန်းမသိ အသည်းထဲတွင်လည်း အေးစိမ့်လာသဖြင့် ပတ်ဝန်းကျင်ကို မသင်္ကာသလို ဖြစ်လာမိသည်။

ဘာကြောင့် ဒီလိုခံစားချက်တွေ ရုတ်တရက်ဖြစ်ပေါ်လာတာပါလိမ့်။ သင်္ကာမကင်းတဲ့ မျက်လုံးတွေနဲ့ မျက်နှာကြက်ကို မော့ကြည့်လိုက်မိသည်။

'ဟူး..တော်သေးပါရဲ့'



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာကြက်တွင် ဘာမျှမရှိ။ ထိုအခါမှ စောစောက ထိတ်လန့်စိတ်တွေ လျော့ပါးသွားကာ သက်ပြင်းချနိုင်တော့သည်။ မသိစိတ်က ချောက်ချားဖွယ်ရာအတွေးအချို့နှင့်အတူ မိမိကိုယ်ကို ခြောက်လှန့်နေခြင်းဖြစ်မည်။ သို့ပေမယ့် ဆက်ဆော့တဲ့လက်တွေက ငြိမ်ငြိမ်မနေဘဲ မရိုက်ရသေးတဲ့ မျက်နှာကြက်ကို ကင်မရာဖြင့်ထိုးချိန်ကာ ရိုက်ချလိုက်သည်။

'ချပ်'

◆ ◆ ◆

ဆုထူးအောင်က ထိုနေရာသို့ရောက်တော့ စကားကို ရှေ့မဆက်နိုင်သေးဘဲ ရဲဆေးတင်ဟန်နှင့် လက်ဖက်ရည်ကို တစ်ကျိုက်တည်း မော့သောက်လိုက်သည်။ သူ့နဖူးစတွင် ချွေးစေးများ ရီးလေးခိုနေသည်ကို ကြည့်ရုံဖြင့် သူ ယခုချိန်အထိ ထိုအဖြစ်အပျက်ကို မမေ့နိုင်သေးကြောင်း ထင်ရှားနေ၏။

'ဓာတ်ပုံရိုက်ပြီးတော့ ဓာတ်ပုံထဲမှာ ဗိညာဉ်မိန်းကလေးကို တွေ့လိုက်ရလို့လား'

စာရေးသူက စကားလမ်းကြောင်းခင်းပေးလိုက်တော့ သူက-

'ဟုတ်တယ် သူငယ်ချင်းရေ၊ ဟုတ်တယ်။ မော့ကြည့်တုန်းကတော့ ဘာမှမရှိတာ အသေအချာပဲ။ အဲ‥ဒါပေမဲ့ ဓာတ်ပုံကိုလည်း ကြည့်လိုက်ရော ငါ့ခေါင်းတည့်တည့်က မျက်နှာကြက်မှာ သူက တစောင်းကြီးလဲနေပြီး ငါ့ကို ငုံ့ကြည့်နေတာဟ။ လောင်းကုတ်အင်္ကျီဖြူဖြူပေါ်မှာ ဆံပင်တွေက ဖရိုဖရဲကျလို့။ ကြောက်စရာကြီးကွာ။ မျက်နှာကြီးကလည်း ဘယ်လိုချည်းမှန်းလည်း မပြောတတ်ပါဘူးကွာ။ တကယ့်ကိုကြောက်စရာကောင်းတာပဲ။ အဲဒါကြီးလည်းမြင်ရော ငါလည်း ဟန်တောင်မဆောင်နိုင်တော့ဘဲ အခန်းအပြင်ကို တစ်ခါတည်းပြေးထွက်သွားမိလိုက်တာ ဘယ်လိုလုပ် Canteen ရောက်လာမှန်း မသိလိုက်ဘူး။ Canteen ရောက်တော့ သူငယ်ချင်းတွေကိုပြမိတော့ သူငယ်ချင်းတွေကလည်း Bluetooth နဲ့ ဝိုင်းကူးကြလို့ နာမည်တောင်ကြီးသွားသေးတယ်။ နောက်တော့ တခြားလူတွေကလည်း နာမည်ကြီးချင်တာနဲ့ သရဲဓာတ်ပုံတွေကို Photoshop နဲ့ အမျိုးမျိုးလုပ်ပြီး သတင်းလွှင့်တော့ ငါ့ဓာတ်ပုံကိုလည်း ဘယ်သူကမှ သရဲအစစ်လို့ မယုံကြတော့ဘူး။ ဒါပေမဲ့ အစစ်အမှန်ကြုံခဲ့ရတဲ့ ငါ့အတွက်ကတော့ ဘယ်တော့မှ ဒီအဖြစ်အပျက်ကြီးကို မေ့နိုင်တော့မှာမဟုတ်ဘူး သူငယ်ချင်းရေ'

ဆုထူးအောင်က စကားဆုံးတော့ ရေနွေးကြမ်းကို စိတ်ငြိမ်ဆေးအမှတ်နှင့် တစ်ခွက်ပြီးတစ်ခွက် သောက်ပြန်သည်။ သူ့အဖြစ်က အရင်းလည်းပါ၊ အမြတ်လည်းဆုံး ဆိုတာမျိုး ဖြစ်ခဲ့ရသည်မဟုတ်လား။ အခြားသူတစ်ဦးတစ်ယောက်သာ ဆိုလျှင် သူ့အဖြစ်ကို ယုံချင်မှယုံမည်ဖြစ်သော်လည်း စာရေးသူနှင့် သူက ဟိုးငယ်ငယ်ကတည်းက အတူတကွကြီးပြင်းလာသူတွေဖြစ်တာကြောင့် သူ့အကြောင်းကို ကောင်းကောင်းသိသည်။ သူက မဟုတ်တာကို အဟုတ်လုပ်မပြော၊ ပြောလျှင်လည်း ဟန်တွေပန်တွေ လုပ်မနေဘဲ ဗွင်းဗွင်းကြီး။

'ကဲပါ သူငယ်ချင်းရယ်၊ လောကမှာ အတုနဲ့အစစ်ဆိုတာ ဒီလိုပါပဲ။ အတုဆိုတာ အပေါ်ယံလေးပဲ လုပ်ရတာဆိုတော့ သူများအမြင်မှာတော့ ပိုပြီးလှပနေသလို ထင်ရတာပေါ့။ အစစ်ကျတော့ အပေါ်ယံလည်း လှအောင်လုပ်ရအရည်အသွေးလည်း ကောင်းအောင်လုပ်ရတော့ အတုနဲ့ရုတ်တရက်ယှဉ်ကြည့်ရင် သူက မှိန်နေသလိုတောင် ထင်ရတတ်တယ်မဟုတ်လား။ ဒါပေမဲ့ လောကမှာ အမှန်တရားလောက်အဖိုးတန်တာ ဘယ်အရာမှမရှိပါဘူး။ ကဲ‥မင်းလည်း မင်းရဲ့အကြောင်းကို ပြန်ပြောင်းပြောရလို့ ပင်ပန်းနေရောပေါ့။ ဒါကြောင့် ငါ့ကို ကုန်ကြမ်းပေးတဲ့မင်းကို ငါက ဒကာခံပါ့မယ်။ မင်းကြိုက်တာသာ မှာစား'

'အောင်မယ်‥ဒီလက်ဖက်ရည်ဆိုင်လောက်နဲ့ မရဘူးကွ။ ဒီနေ့က မင်းမွေးနေ့လည်း ဟုတ်တယ်ဆိုတော့ ငါတို့သွားနေကျ စားသောက်ဆိုင်ကိုသွားပြီး ဝါးတီးဆွဲကြတာပေါ့။ ဖြစ်တယ်ဟုတ်'

'အေးပါ၊ ဒီပုံအတိုင်းဆို မင်း ဒီတစ်သက်တောင် ပိန်မှာမဟုတ်တော့ဘူး။ ကဲ‥ဒါဆိုလည်း သွားကြတာပေါ့ကွာ'

ဆုထူးအောင်က စောစောက ထိတ်လန့်နေသလောက် အစားအစာဆိုတဲ့အသံ ကြားလိုက်တာနှင့် အရာအားလုံးကို မေ့လျော့ပြီး အားအင်တွေပြည့်ဖြိုးကာ လန်းဆန်းတက်ကြွသွားသည်။ သူပြောသကဲ့သို့ပင် ဤနေ့က စာရေးသူရဲ့မွေးနေ့လည်းဖြစ်တာကြောင့် ဆယ်တန်းကျောင်းသားဘဝကတည်းက အတူသွားရောက်စားသောက်နေကျ စားသောက်ဆိုင်ဖြစ်တဲ့ Prince Restaurant သို့ သူငယ်ချင်းနှစ်ယောက် ရွှင်ရွှင်မြူးမြူးဖြင့် ချီတက်ခဲ့ကြပါတော့သည်။

စေတနာရှေ့ထားလျက်

ဂါဦးနွန်းဆို



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သ၌ ကျွန်ုပ်သည် ကျွန်ုပ်၏မိတ်ဆွေတစ်ဦး ဖြစ်သော ပွဲရုံပိုင်ရှင် ဦးမောင်ကြီးနှင့်အတူ ဂျူဗလီဟော ခန်းမတွင် ယနေ့မနက်ပြုလုပ်မည့် လေလံပွဲသို့ သွားရောက်ရန် ချိန်းဆိုထားသည့်အတွက် ကျွန်ုပ်သည် မနက်အိပ်ရာ နိုးပြီးလျှင် မျက်နှာသစ်၊ ကိုယ်လက်သန့်စင်၍ ထမင်း ကြမ်းနှင့် ငါးခြောက်ဖုတ်ကို အဆာပြေစားလေ၏။ ထို့နောက် ကျွန်ုပ်သည် အဝတ်အစားလဲပြီးလျှင် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ပွဲရုံပိုင်ရှင် ဦးမောင်ကြီး၏ နေအိမ်ရှိရာ ဗိုလ်တထောင်သို့ ကျွန်ုပ်၏အိမ်မှ ထွက်လာခဲ့လေ၏။

ကျွန်ုပ်သည် ရိုးကုမ္ပဏီတွင် စာရေးအဖြစ် အလုပ်လုပ်နေစဉ်ကတည်းက ပွဲရုံပိုင်ရှင်ဦးမောင်ကြီးနှင့် ရင်းနှီးခင်မင်ခဲ့ကြခြင်းဖြစ်၏။ အသက်အရွယ်အရ ကျွန်ုပ်သည် ရိုးကုမ္ပဏီမှ အလုပ်ထွက်၍ အနားယူသည့်အချိန်ထိ ဦးမောင်ကြီးနှင့် ကျွန်ုပ်သည် တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးစွာ မိတ်ဆွေအဖြစ် ဆက်ဆံနေကြလေ၏။ ကျွန်ုပ်နှင့် ဦးမောင်ကြီးတို့သည် ငယ်ပေါင်းကြီးဖော်ကဲ့သို့ တပူးတတွဲတွဲရှိကြလေ၏။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်နှင့် ဦးမောင်ကြီးသည် ဝါသနာတူသူများ ဖြစ်ကြလေ၏။ ကျွန်ုပ်တို့နှစ်ဦးလုံးသည် ရှေးဟောင်းပစ္စည်းများကို ခုံမင်နှစ်သက်ကြသူများဖြစ်၏။ ဝယ်ယူ၍ စုဆောင်းတတ်ကြ၏။





www.burmeseclassic.com

www.burmeseclassic.com

ဦးမောင်ကြီးသည် ပွဲရုံပိုင်ရှင်တစ်ဦးဖြစ်သည့်အတွက် ငွေကြေးချောင်လည်သူဖြစ်၏။ ၄င်းဝါသနာပါသည့် ရှေးဟောင်းပစ္စည်းများ ဝယ်ယူစုဆောင်းရန်အတွက် လက်နှေးတတ်သူ မဟုတ်ပေ။ ကျွန်ုပ်မှာမူ တစ်ကိုယ်တည်း နေထိုင်သူဖြစ်လင့်ကစား အလုပ်အကိုင်မရှိ၊ ဝင်ငွေမရှိသည့်အတွက် ကျွန်ုပ်အလုပ်လုပ်နိုင်စဉ်အချိန်က ချွေတာစုဆောင်းထားသည့်ငွေဖြင့် တိုင်းတိုင်းတွာတွာ သုံးစွဲနေရသူဖြစ်၏။ ထို့ကြောင့် ရှေးဟောင်းပစ္စည်းများကို ဝါသနာပါသော်လည်း လေလံပွဲတင်ဈေးပြိုင်ပေး၍ ဝယ်ယူနိုင်လောက်သည့်အခြေအနေ ကျွန်ုပ်တွင်မရှိပေ။ ဦးမောင်ကြီးကသာ ဝယ်ယူနိုင်သူ ဖြစ်လေ၏။ ထို့ကြောင့် ဦးမောင်ကြီးနှင့်အတူ လေလံပွဲများသို့လိုက်၍ မျက်စိအရသာခံပြီးကြည့်ရ၏။ ဦးမောင်ကြီးဝယ်ယူသည့် ရှေးဟောင်းပစ္စည်းများကိုသာ ကိုင်တွယ်ကြည့်၍ သွားရည်ကျနေရသူသာ ဖြစ်လေ၏။

ကျွန်ုပ်သည် ကျွန်ုပ်၏နေအိမ်မှ ထွက်လာပြီးနောက် ဦးမောင်ကြီး၏အိမ်သို့ ရောက်သောအခါ ဦးမောင်ကြီး၏အိမ်တံခါးသည် စေ့ရုံသာ စေ့ထားသည့်အတွက် တံခါးကိုတွန်းဖွင့်၍ဝင်လိုက်ရာ ဧည့်ခန်းရှိ ဆက်တီခုံတွင် ဦးမောင်ကြီးသည် ကော်ဖီထိုင်သောက်နေသည်ကို တွေ့ရလေ၏။



# သိဒ္ဓိစိုး

## မဟူရာဘီလူးရုပ်တု



www.burmeseclassic.com

www.burmeseclassic.com

ဦးမောင်ကြီးသည် အိမ်ထဲသို့ဝင်လာသော ကျွန်ုပ်အား တွေ့လိုက်ရသောအခါ ပြုံးပြုံးရွှင်ရွှင်ဖြင့် ခရီးဦးကြိုပြုလေ၏။

'ဟော..ဦးဘမောင် ရောက်လာပြီပဲ။ လာ..ထိုင်ဗျာ' ဟုပြော၍ ဦးမောင်ကြီးသည် ၎င်း၏ဇနီးသည်အား ကျွန်ုပ်အတွက် ကော်ဖီတစ်ခွက်ဖျော်ယူခဲ့ရန် လှမ်းပြောလိုက်လေ၏။

ကျွန်ုပ်လည်း ဦးဘမောင်၏အနီးရှိခုံတွင် ဝင်၍ထိုင်လိုက်လေ၏။ မကြာမီ ဦးဘမောင်၏ဇနီးက ကျွန်ုပ်အတွက် ကော်ဖီတစ်ခွက်လာချပေး၏။ ကျွန်ုပ်လည်း ဦးမောင်ကြီးနှင့်အတူ ကော်ဖီသောက်၏။ ကော်ဖီသောက်ပြီးသောအခါ ဦးမောင်ကြီးသည် ၎င်း၏ကားကို ၎င်းကိုယ်တိုင်မောင်း၍ ကျွန်ုပ်က ၎င်း၏ဘေးထိုင်ခုံတွင် ထိုင်၍စီးကာ ဦးဘမောင်၏အိမ်မှ ဗိုလ်တထောင်ကမ်းနားလမ်းအတိုင်း ဂျူဗလီဟောသို့ လာခဲ့ကြလေ၏။

ဂျူဗလီဟောရှေ့သို့ရောက်လျှင် ဦးဘမောင်သည် ၎င်း၏ကားကို ဂျူဗလီဟောရှိ ကားရပ်သည့်နေရာတွင်ရပ်၍ ကျွန်ုပ်နှင့် ဦးမောင်ကြီးသည် ဂျူဗလီဟောခန်းမတွင်းသို့ ဝင်ရောက်လာခဲ့ကြလေ၏။ ဂျူဗလီဟောတွင်း၌ လေလံဆွဲမည့် လေလံသမားအတော်များများ ရောက်ရှိနေကြပြီဖြစ်၏။ ထို့ကြောင့် ဦးမောင်ကြီးနှင့် ကျွန်ုပ်သည် ကျွန်ုပ်တို့နှင့် ရင်းနှီးနေကြသည့် ရှေးဟောင်းပစ္စည်း လေလံဆွဲသူအချို့ ရှိရာ နေရာသို့သွား၍ ထိုင်ခုံလွတ်တွင်ထိုင်ကာ ထိုလေလံသမားများနှင့် ယခုလေလံပွဲတွင်ရောင်းချမည့် ပျူခေတ်သုံး ရေတကောင်းအိုးအကြောင်းကို စကားလက်ဆုံကျ၍နေကြလေ၏။

ကျွန်ုပ်နှင့် ဦးမောင်ကြီးတို့သည် လေလံသမားအချို့နှင့် စကားကောင်းနေသည့်အချိန်တွင် အခြားလေလံဆွဲမည့်သူများလည်း ဂျူဗလီဟောခန်းမတွင်းသို့ တဖြည်းဖြည်းဝင်ရောက်လာနေကြလေ၏။ မနက်(၁၀)နာရီထိုးသောအခါ လေလံပစ်မည့်သူများ ရောက်ရှိလာပြီးလျှင် လေလံပွဲစတင်လေတော့၏။ လေလံပွဲကို မြန်မာစစ်တုရင်ခုံနှင့် စစ်တုရင်ရုပ်တုများ အစုံအလင်ပါသည့် လက်ဆွဲသေတ္တာပြားလေးကို စတင်ရောင်းချ၍ ဖွင့်လှစ်ခဲ့လေ၏။ လူငယ်လေးတစ်ယောက်က ထိုစစ်တုရင်ခုံကို (၅)ထောင်ပေး၍ ဝယ်ယူသွားလေ၏။ ထို့နောက် ရှေးဟောင်းပစ္စည်း တစ်မျိုးပြီးတစ်မျိုးကို ဆက်တိုက်လေလံပစ်၍ ရောင်းချလေ၏။ တရုတ်ကြွေရေနွေးကရားအိုးလည်း ပါ၏။ မြေဆေးတံလည်း ပါ၏။ (၁၂)ရာသီပွဲတော်များပုံ ဖောင်းကြွဖော်ထားသည့် ရေဖလား၊ ဆေးလိပ်ပြာခွက်တစ်ခွက်၊ ကြေးမောင်းကြီးတစ်လုံး၊ ပင်လယ်ဝါး(၆)လုံး၊ ဆင်စွယ်ရိုးတပ်ဓားမြှောင်(၂)ချောင်း စသည်တို့ကို လေလံတင်၍ ရောင်းချခဲ့လေ၏။

ထို့နောက် ယနေ့လေလံပွဲတွင် အဓိကရောင်းချမည့် ပစ္စည်းဖြစ်သော ပျူခေတ်သုံး မြေရေတကောင်းအိုးကို လေလံဈေး(၅)ထောင်ဖြင့် ဈေးစခေါ်၍ ရောင်းချရာ လေလံပွဲသို့ တက်ရောက်လာကြသူများသည် ထိုပျူခေတ်သုံးရေတကောင်းအိုးကို သူ့ထက်ငါ တစ်ဦးထက်တစ်ဦး ဈေးပိုခေါ်၍ ပြိုင်ဆိုင်ဝယ်ယူကြလေတော့၏။ နောက်ဆုံးတွင် ဗြိတိသျှလူမျိုး အရေးပိုင်ဟောင်းတစ်ယောက်က တစ်သိန်းနှစ်သောင်းလေးထောင့်တစ်ရာဖြင့် ပျူခေတ်သုံး မြေရေတကောင်းလေးကို ဝယ်ယူသွားခဲ့လေ၏။

ထို့နောက် ငွေကွမ်းအစ်တစ်လုံးကို ဆက်၍လေလံပစ်လေ၏။ ငွေကွမ်းအစ်ကို လေလံပစ်၍ ရောင်းပြီးသောအခါ လေလံစားပွဲပေါ်သို့ သစ်သားဖြင့်လုပ်ထားသည့် ကလပ်လေးတစ်ခုကို တင်လိုက်လေ၏။ ကလပ်တွင် အနီရောင် ကတ္တီပါစလေးတစ်စ ခင်းထား၏။ ကတ္တီပါစပေါ်တွင် (၅) လက်မခန့် အမြင့်ရှိသော မဟူရာကျောက်ဖြင့် ထွင်းထုထားသည့် ဘီလူးရုပ်တုလေးတစ်ရုပ် တင်ထားလေ၏။ မဟူရာကျောက်ဖြင့်ထုထားသော ဘီလူးရုပ်လေးသည် နက်မှောင်၍ အလွန်လက်ရာမြောက်၏။ မျက်လုံးနေရာတွင် ပတ္တမြားနှစ်လုံးမြှုပ်ထား၏။ ဘီလူးထိုင်ဟန်မှာ မြင်နေကျပုံမဟုတ်ဘဲ တင်ပျဉ်ချိတ်ထိုင်ဟန် ထုထား၏။ လက်နှစ်ဖက်မှာ တံတောင်ဆစ်ကွေး၍ အပေါ်သို့မြှောက်ထား၏။ ဘယ်ဘက်လက်တွင် မီးတုတ်ကို ကိုင်ထား၏။ ညာဘက်လက်တွင် သန်လျက်ကိုင်ထားဟန်နှင့်ဖြစ်၏။ ဘီလူးရုပ်တုကိုထုထားသည့် မူလကျောက်သားသည် မဟူရာကျောက်ဖြစ်၍ မျက်လုံးတွင်လည်း ပတ္တမြားမြှုပ်ထားသည့်အတွက် ရုပ်တု၏မူလခေါ်ကြေးသည်ပင် တစ်သိန်းအောက် မလျော့နိုင်ဟု ကျွန်ုပ်အနေဖြင့် ခန့်မှန်းမိ၏။ ထို့ပြင် လက်ရာနှင့် ရှေးဟောင်းတန်ဖိုးကိုပါ ထည့်တွက်ပါက ဤဘီလူးရုပ်လေးသည် လွန်စွာတန်ဖိုးမြင့်မည့် ရုပ်တုလေးဖြစ်လိမ့်မည်ဟု ကျွန်ုပ်အတပ်သိလေ၏။

လေလံပစ်သူသည် လေလံပစ်ရာစင်မြင့်ထက်သို့ ပြန်တက်လာပြီးလျှင် သစ်သားတူလေးဖြင့် စားပွဲခုံကို ခေါက်..

www.burmeseclassic.com

www.burmeseclassic.com

ဒေါက်ဟု ခေါက်လိုက်လေ၏။ နောက် လေလံပစ်သူသည် ၎င်း၏လက်ကို ဘေးသို့ဆန့်၍ လက်ဝါးဖြန့်ကာ ဘီလူးရုပ်တုလေးကို ညွှန်ပြလိုက်ပြီးနောက် မဟူရာဘီလူးရုပ် (၃) သောင်းဟု လေလံဈေးစခေါ်၍ ခန်းမတွင်းရှိလူများကို ဝှေ့ယမ်း၍ကြည့်ကာ လေလံပစ်သူက ဈေးပေးမည့်သူကို ရှာဖွေကြည့်လေ၏။ အံ့သြဖွယ်အလွန်ကောင်း၏။ အဘယ် ကြောင့်ဆိုသော် ဂျူဗလီဟောခန်းမကြီးအတွင်းရှိ လူအားလုံးသည် မူလတန်ကြေးနှင့် ရှေးဟောင်းလက်ရာတန်ကြေး နှစ်ခုပေါင်းပါက ငွေ(၂)သိန်းကျော် (၃)သိန်းခန့်တန်မည့် ဘီလူးရုပ်လေးကို ငွေသုံးသောင်းဖြင့် လေလံဈေးစ၍ခေါ်သည်ကို တစ်ဦးတစ်ယောက်မျှ တုတ်တုတ်ပင်မလှုပ်ဘဲ ထိုင်နေကြလေ၏။ စောစောက တစ်ဦးနှင့်တစ်ဦး အပြိုင်အဆိုင်ဈေးပေး၍ လေလံပစ္စည်းလုဝယ်နေကြ၍ ဆူညံနေကြသူများသည် ယခုတစ်ခါတွင် မည်သည့်အသံမျှမထွက်ဘဲ လွန်စွာတိတ်ဆိတ်၍နေကြလေ၏။

ထို့ကြောင့် လေလံပစ်သူသည် ဈေးပေးမည့်သူ မရှိသောကြောင့် သုံးသောင်းတစ်ကြိမ်ဟု နှုတ်မှအော်၍ လက်ကလည်း သစ်သားတူဖြင့် စားပွဲခုံကို ဒေါက်··ဒေါက်ဖြင့် ထုလိုက်လေ၏။ ထို့နောက် လေလံပစ်သူသည် ဒုတိယအကြိမ်အဖြစ် မဟူရာဘီလူးရုပ်ကို သုံးသောင်းဟု ဈေးခေါ်ရန်အတွက် ၎င်း၏ပါးစပ်ကို ဟန်ပြင်လိုက်စဉ်အချိန်မှာပင် ကျွန်ုပ်၏မိတ်ဆွေ ပွဲရုံပိုင်ရှင်ဦးမောင်ကြီးသည် ထိုင်ခုံတွင် ထိုင်နေရာမှ ဆတ်ခနဲမတ်တတ်ထရပ်လိုက်လေ၏။

ပြီးနောက် ၎င်း၏ညာလက်ကို ခေါင်းပေါ်သို့ဆန့်၍ မြှောက်လိုက်ပြီးလျှင် 'သုံးသောင်းပေးတယ်'ဟု ပြောလိုက်လေ၏။ ထိုအခါ ဂျူဗလီဟောခန်းမတွင်းရှိ လေလံပွဲသို့ ရောက်လာကြသူအားလုံးသည် ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်ကြီးအား အထူးအဆန်းသတ္တဝါတစ်ကောင်သဖွယ် ဝိုင်း၍ ကြည့်နေကြလေ၏။ ထိုအခါ လေလံပစ်သူသည် စားပွဲခုံကို သစ်သားတူဖြင့်ထု၍ (၃)သောင်းတစ်ကြိမ်၊ (၃)သောင်း နှစ်ကြိမ်ဟု အော်လေ၏။

ထို့နောက် လေလံပစ်သူသည် (၃)ကြိမ်မြောက် မအော်မီအချိန်တွင် ဦးမောင်ကြီး၏ဘေးတွင် ကပ်၍ထိုင်နေသည့် ကျွန်ုပ်တို့နှင့် ရင်းနှီးနေသည့် လေလံဆွဲသူတစ်ဦးဖြစ်သော ဂျူးလူမျိုးတစ်ဦးဖြစ်သူ ကိုရာဘီသည် ဦးမောင်ကြီး၏လက်ကို အတင်းဆွဲ၍ ပြန်ထိုင်ခိုင်းလေ၏။

၎င်း၏နှုတ်မှလည်း 'ကိုမောင်ကြီးရယ်··မဟုတ်တာကို မလုပ်စမ်းပါနဲ့ဗျာ။ ဒုက္ခတွေ့လိမ့်မယ်'ဟု ပြောလေ၏။

ဦးမောင်ကြီးသည် ကိုရာဘီ၏စကားကို နားမထောင်ဘဲ ပေ၍ရပ်နေ၏။ ကျွန်ုပ်၏ မိတ်ဆွေဦးမောင်ကြီး၏မျက်လုံးသည် လေလံစားပွဲပေါ်ရှိ မဟူရာဘီလူးရုပ်တုလေးကိုသာ မက်မက်မောမောစိုက် ကြည့်နေလေ၏။

ထိုအချိန်တွင် လေလံပစ်သူက 'သုံးသောင်း သုံးကြိမ်'ဟု အော်လိုက်ပြီးနောက် ၎င်း၏လက်ထဲမှ သစ်သားတူလေးဖြင့် စားပွဲခုံကို သုံးကြိမ်ထုလိုက်လေတော့၏။

'ဒေါက်··ဒေါက်··ဒေါက်'

ကျွန်ုပ်၏မိတ်ဆွေ ပွဲရုံပိုင်ရှင်ဦးမောင်ကြီးသည် မဟူရာဘီလူးရုပ်တုလေးကို ငွေသုံးသောင်းဖြင့် လေလံဆွဲ၍ ဝယ်ယူနိုင်ခဲ့ပြီဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်နှင့် ဦးမောင်ကြီးတို့သည် လေလံပွဲပြီးအောင်စောင့်မနေတော့ဘဲ လေလံပစ်သူအား ငွေသုံးသောင်းပေးချေ၍ မဟူရာဘီလူးရုပ်တုလေးကို ယူဆောင်ကာ ဂျူဗလီဟောခန်းမတွင်းမှ ပြန်ထွက်လာခဲ့ကြလေ၏။ ဦးမောင်ကြီးသည် ဂျူဗလီဟောရှေ့မှ ၎င်း၏ကားလေးကိုမောင်း၍ လသာဘက်ရှိ တရုတ်စားသောက်ဆိုင်ကြီးတစ်ဆိုင်ရှေ့သို့ရောက်လျှင် ကားကိုရပ်ကာ ကျွန်ုပ်အား တရုတ်စားသောက်ဆိုင်တွင် မနက်စာထမင်းကျွေးလေ၏။ ကျွန်ုပ်သည် အစားသောက်ကောင်းများမစားရသည်မှာ ကြာပြီဖြစ်သောကြောင့် ဦးမောင်ကြီးဧည့်ခံကျွေးမွေးသည့် မနက်စာကို အားရပါးရစားပစ်လိုက်လေတော့၏။

တရုတ်စားသောက်ဆိုင်တွင် နံနက်စာစားပြီးနောက် ဦးမောင်ကြီးသည် ၎င်း၏ကားကို ဒိန်ချဉ်ဆိုင်တစ်ဆိုင်ရှေ့သို့ မောင်းသွားပြီးနောက် ကျွန်ုပ်အား ဒိန်ချဉ်တိုက်၏။ ဒိန်ချဉ်ဆိုင်တွင် ဒိန်ချဉ်ထိုင်သောက်ရင်း ဦးမောင်ကြီးအား ကျွန်ုပ် မဟူရာဘီလူးရုပ်တုလေးနှင့်ပတ်သက်၍ လေလံခန်းမထဲမှ ထူးခြားမှုကို မေးကြည့်ဖြစ်ခဲ့လေ၏။

'ဦးမောင်ကြီးရေ··မဟူရာဘီလူးရုပ်တုလေးနဲ့ ပတ်သက်ပြီး ကျုပ်နားမလည်နိုင်တာတစ်ခုရှိနေတယ်။ အဲဒါဘာလဲဆိုတော့ ဘီလူးရုပ်တုလေးက ငါးလက်မလောက်ပဲရှိတယ်ဆိုပေမယ့် မဟူရာကျောက်သားစစ်စစ်နဲ့ ထုထားတယ်ဗျာ။ ပြီးတော့ မျက်လုံးနေရာမှာလည်း ပတ္တမြား(၂)လုံးမြှုပ်ထားသေးတယ်'ဟု ကျွန်ုပ်ကပြောလိုက်ရာ ကျွန်ုပ်၏စကားမဆုံးမီ ဦးမောင်ကြီးက ကျွန်ုပ်၏စကားကို ကြားဖြတ်၍ ဝင်ပြောလေ၏။

'ဟုတ်တယ်လေ ဦးဘမောင်၊ အဲဒါက ဘာဖြစ်လို့လဲ'


www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလေ၏။

ထိုအခါ ကျွန်ုပ်က-

'ကျုပ်ရဲ့စိတ်ထင်ပြောရရင် ရုပ်တုထွင်းထုထားတဲ့ မဟူရာကျောက်ရဲ့တန်ဖိုးကပဲ တစ်သိန်းနီးပါးလောက်တန်မယ်ဗျာ။ မျက်လုံးနေရာမှာမြှုပ်ထားတဲ့ ပတ္တမြားတစ်လုံးကို အကြမ်းဖျင်း (၅)သောင်းပဲတွက်ဦး ပတ္တမြား(၂)လုံးဆိုတော့ (၁)သိန်းတော့တန်လိမ့်မယ်။ ရုပ်တုလက်ရာတန်ကြေးနဲ့ ရှေးဟောင်းတန်ကြေးကို ထည့်မတွက်ဘဲနဲ့တောင် (၂)သိန်းလောက်တန်တဲ့ မဟူရာဘီလူးရုပ်တုလေးရဲ့တန်ကြေးကို လေလံပွဲလာတဲ့လူအားလုံး ခန့်မှန်းနိုင်ကြပါတယ်။ အဲဒါကို ငွေသုံးသောင်းတည်းနဲ့ ဈေးပြိုင်ပေးမယ့်လူမရှိဘဲ ဦးမောင်ကြီးတစ်ယောက်တည်းပဲ လေလံဈေးပေးပြီး ဦးမောင်ကြီးက မဟူရာဘီလူးရုပ်တုလေးကို ဈေးအချိုဆုံးနဲ့ ရခဲ့တာကို အံ့သြလို့ပါ။ ဒီထက်အံ့သြဖို့ကောင်းတာကတော့ မဟူရာဘီလူးရုပ်တုလေးကို လေလံတင်တဲ့အချိန်မှာ ဂျူဗလီဟောခန်းမထဲမှာ ရှိနေကြတဲ့လူတွေအားလုံး တစ်ယောက်မှ စိတ်ဝင်စားဟန်မရှိကြဘူး။ အဲဒါ ဘာဖြစ်လို့တုံးဗျ' ဟု ဦးမောင်ကြီးအား ကျွန်ုပ်၏စိတ်တွင် သံသယဖြစ်မိသည့်အချက်ကို မေးလိုက်မိလေတော့၏။

ကျွန်ုပ်၏စကားဆုံးသွားသောအခါ ဦးမောင်ကြီးသည် နံရံကိုကျောပေး၍ ကျွန်ုပ်နှင့်ဘေးစောင်းထိုင်နေရာမှ ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင်ဖြစ်အောင် ကိုယ်ကို လှည့်၍ထိုင်လိုက်လေ၏။

ထို့နောက် ၄င်းက-

'ဦးဘမောင် မဟူရာဘီလူးရုပ်လေးကို ခန့်မှန်းတဲ့ဈေးက နည်းနေသေးတယ်။ မဟူရာ(၄)မျိုးရှိတဲ့ထဲမှာ ကျုပ်တို့ရလာတဲ့ ဘီလူးရုပ်တုကိုထုထားတဲ့ မဟူရာက အကောင်းဆုံးအမျိုးအစားထဲမှာ ပါတယ်။ မဟူရာရဲ့တန်ကြေးကို (၅)သိန်းလောက်ရှိတယ်' ဟု ဦးမောင်ကြီးက ပြောလိုက်ရာ ကျွန်ုပ်၏နှုတ်မှ 'ဗျာ' ဟု ယောင်၍အသံပြုလိုက်မိလေ၏။

ထိုအခါ ဦးမောင်ကြီးက-

'မဗျာနဲ့ဦး၊ မျက်လုံးနေရာမှာမြှုပ်ထားတဲ့ ပတ္တမြား(၂)ပွင့်က ကျုပ်တို့နိုင်ငံရဲ့ မိုးကုတ်ကျောက်တွင်းကထွက်တဲ့ ပတ္တမြားတွေပဲ။ အဲဒီပတ္တမြားလေးတစ်လုံးကို အခုပေါက်ဈေးနဲ့ဆို (၂)သိန်းလောက်တန်နေတယ် ကိုဘမောင်ရေ' ဟု ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်ကြီးကပြောလိုက်ပြီးလျှင် မဟူရာဘီလူးရုပ်တုလေးကို ကျွန်ုပ်အား ထုတ်၍ပြလေ၏။

ထိုအခါ ကျွန်ုပ်လည်း မဟူရာဘီလူးရုပ်တုလေးကို သေချာကိုင်၍ ကြည့်ရှုမိလေ၏။

ထို့နောက် ကျွန်ုပ်က-

'ဦးမောင်ကြီးက မဟူရာဘီလူးရုပ်တုရဲ့ တန်ကြေးကို ဒီလောက်သိနေပုံထောက်တော့ လေလံပွဲမတိုင်မီကတည်းက ဒီမဟူရာဘီလူးရုပ်တုလေးအကြောင်းကို သိပြီးသားဖြစ်လိမ့်မယ်ထင်တယ်' ဟု ဦးမောင်ကြီးအား ပြောလိုက်လေ၏။

'သိတာပေါ့ဗျာ။ ဒါကြောင့်လည်း ကျုပ်က ဟောဒီ မဟူရာဘီလူးရုပ်လေးကို လေလံပွဲမှာ ဝယ်ခဲ့တာပေါ့' ဟု ဦးမောင်ကြီးက ကျွန်ုပ်အား ပြန်ပြောလေ၏။

ထိုအခါ ကျွန်ုပ်က-

'မဟူရာဘီလူးရုပ်တုလေးရဲ့တန်ကြေးကို ဦးမောင်ကြီးကြိုသိသလို လေလံပွဲကိုလာတဲ့ တခြားလူတွေလည်း သိပြီးသားဖြစ်မှာပေါ့'

ဟု ခန့်မှန်း၍ ပြောလိုက်ရာ ဦးမောင်ကြီးက-

'ဟုတ်တယ်၊ မဟူရာဘီလူးရုပ်တုလေး ဘယ်လောက်တန်တယ်ဆိုတာကို ကျုပ်သိသလို တော်တော်များများလည်း သိကြတယ်' ဟု ပြန်၍ဖြေလေ၏။

'မဟူရာဘီလူးရုပ်တုလေးကို ငွေသုံးသောင်းပေးပြီး ဝယ်တာနဲ့ သိန်းနဲ့ချီပြီး အကျိုးအမြတ်ရမှာကိုသိလျက်နဲ့ တခြားလူတွေက ဘာဖြစ်လို့မဝယ်ကြတာလဲဗျာ'

ဟု ကျွန်ုပ်က ဦးမောင်ကြီးအား နားမလည်နိုင်စွာဖြင့် မေးလိုက်ရာ ဦးမောင်ကြီးသည် ၄င်း၏နှုတ်ခမ်းထောင့်တစ်ဖက်ကို တွန့်၍ ခပ်ထေ့ထေ့ပြုံးလိုက်ပြီးလျှင်-

'မဟူရာဘီလူးရုပ်လေးကို ဈေးချိုချိုနဲ့ဝယ်ရင် ရလျက်သားနဲ့ တခြားလူတွေ မဝယ်ရဲကြတာက မဟူရာဘီလူးရုပ်တုလေးကို လက်ဝယ်ပိုင်တဲ့ပိုင်ရှင်ဟာ ခိုက်တယ်ဆိုတဲ့ ရာဇဝင်ကို သိနေကြလို့ ဘယ်သူမှမဝယ်ရဲကြတာပဲဗျို့' ဟု ဦးမောင်ကြီးက မဟူရာဘီလူးရုပ်တုလေးအား အခြားလူများ မဝယ်ရဲသည့်အကြောင်းကို ပြောလေ၏။

ထို့ကြောင့် ကျွန်ုပ်က-

'မဟူရာဘီလူးရုပ်လေးက ပိုင်ရှင်ကို ခိုက်စေတယ်ဆိုတာ ဘယ်လိုခိုက်တာမျိုးလဲ။ သူ့ရဲ့ရာဇဝင်ကို ပြောပြပါလား' ဟု မဟူရာဘီလူးရုပ်တုပိုင်သူသည် မဟူရာဘီလူးရုပ်တုကြောင့် ဒုက္ခတွေ့ရပုံအကြောင်းကို ကျွန်ုပ်က ဦးမောင်ကြီးအား မေးလိုက်လေတော့၏။

'ဒီလို ဦးဘမောင်ရဲ့.. ဒီမဟူရာဘီလူးရုပ်တုလေး



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းကို မန္တလေးက ရှေးဟောင်းပစ္စည်း အရောင်းအဝယ်လုပ်တဲ့သူတွေက ကောင်းကောင်းသိနေကြတယ်။ မဟူရာဘီလူးရုပ်တုလေးဟာ ရှမ်းပြည်နယ်ဘက်ကနေ ဗြိတိသျှစစ်တပ်မှာ အမှုထမ်းဆောင်နေတဲ့ မျက်နှာကြီးအရာရှိ မစ္စတာစမစ်က ပထမဆုံးရခဲ့တယ်။ မေဂျာစမစ်က စစ်တပ်ကနေ ပင်စင်ရပြီး အင်္ဂလန်ကိုပြန်ဖို့ စီစဉ်နေတဲ့အချိန်မှာ မဟူရာရုပ်တုလေးကို ရခဲ့တာပဲ။ ဒါနဲ့ မေဂျာစမစ်လည်း မဟူရာဘီလူးရုပ်တုလေးကို အင်္ဂလန်ရောက်မှ ဈေးကောင်းကောင်းနဲ့ ပြန်ရောင်းဖို့ အင်္ဂလန်ပြန်ဖို့ ခရီးထွက်တဲ့နေ့မှာ သူနဲ့အတူ မဟူရာဘီလူးရုပ်လေးကို တစ်ပါတည်းယူသွားတယ်။ အဲဒီနေ့က ရန်ကုန်ဆိပ်ကမ်းကနေ အိန္ဒိယကိုသွားမယ့်သင်္ဘောနဲ့ အိန္ဒိယကို လိုက်သွားမယ်။ အိန္ဒိယရောက်မှ လေယာဉ်ပျံနဲ့ အင်္ဂလန်ကိုပြန်မယ်ဆိုတဲ့ အစီအစဉ်နဲ့ မေဂျာစမစ်ဟာ စစ်တပ်ကလိုက်ပို့တဲ့ဂျစ်ကားနဲ့ ရန်ကုန်ဆိပ်ကမ်းကို လိုက်လာခဲ့တယ်။ ရန်ကုန်ဆိပ်ကမ်းကိုရောက်တော့ မေဂျာစမစ်စီးလာတဲ့ဂျစ်ကားက ဆိပ်ခံတံတားနားက မြစ်ကမ်းထိပ်မှာရပ်ဖို့ ကားဒရိုင်ဘာအဖြစ် မောင်းလာတဲ့ တပ်ကြပ်ကြီးက ကားကိုရပ်မယ့်နေရာဆီ ချိုးကွေ့လိုက်တဲ့အချိန်မှာ ကားက ဘရိတ်ပေါက်ပြီး ရန်ကုန်မြစ်ထဲကို ထိုးဆင်းသွားတယ်။ အဲဒီလို မြစ်ထဲကို ကားတစ်စီးထိုးဆင်းသွားတဲ့အတွက် ရန်ကုန်ဆိပ်ကမ်းမှာ ရှိနေကြတဲ့ ကုန်တင်ကုန်ချ အထမ်းသမားတွေ၊ ဈေးသည်တွေ အဲဒီအနီးအနားကလူတွေလည်း ရုတ်ရုတ်သဲသဲဖြစ်ကုန်တာပေါ့။ ပြီးတော့ ရန်ကုန်တစ်ဖက်ကမ်းကို ကူးတို့ကူးနေတဲ့ လှေသမားတွေက ကားကျသွားတဲ့နေရာ မြစ်ထဲကိုဆင်းပြီး ရေငုပ်ရှာကြတယ်။ သိပ်မကြာပါဘူး၊ ရေငုပ်ပြီးရှာနေကြတဲ့ လှေသမားတွေ ရေပေါ်ကို ပြန်တက်လာကြတယ်။ ကမ်းပေါ်မှာလည်း မြစ်ထဲကားထိုးကျသွားလို့ ဝိုင်းကြည့်နေကြတဲ့လူတွေ အများကြီးရှိတယ်။ ပုလိပ်တွေလည်း ရောက်နေကြတယ်။ ဒါနဲ့ ရေထဲဆင်းဆယ်တဲ့ လှေသမားတစ်ယောက်က ကမ်းပေါ်တက်လာပြီး ပုလိပ်တွေကိုပြောကြတယ်။ ကားက မြစ်ထဲထိုးဆင်းပြီး အရင်တံတားဟောင်းကကျန်နေတဲ့ လူတစ်ရပ်လောက်ရှိတဲ့ ကျောက်တုံးကြီးနဲ့ ဝင်ဆောင့်မိပြီး ကားပေါ်မှာပါလာတဲ့ လူနှစ်ယောက်က ကျောက်တုံးကြီးဘေးနားမှာရှိတဲ့ တံတားဟောင်းကဖြတ်ထားတဲ့ သံငုတ်တွေပေါ် ဝမ်းလျားမှောက်ကျပြီး သံငုတ်ထိုးမိလို့ သေကုန်ပြီလို့ ပြောကြတယ်။ အဲဒီအချိန်က ရေတက်နေတဲ့အချိန်ဆိုတော့ မမြင်ရ



ဘူး။ ညနေပိုင်း ရေပြန်ကျသွားတဲ့အချိန်မှာ လှေသမားတွေပြောတဲ့အတိုင်း မေဂျာစမစ်နဲ့ ကားမောင်းပို့ပေးတဲ့ တပ်ကြပ်ကြီးတို့နှစ်ယောက်လုံး ဗိုက်ကနေ ကျောအထိ သံချွန်တွေ ထိုးစိုက်မိပြီး သေဆုံးနေကြတာကို တွေ့ကြရတယ်၊

နောက်တော့ မဟူရာဘီလူးရုပ်တုလေးဟာ မျက်နှာဖြူလူမျိုး အရေးပိုင်တစ်ဦးလက်ထဲကို ရောက်သွားတယ်။ မဟူရာဘီလူးရုပ်တုလေး လက်ထဲရောက်လို့ တစ်ပတ်ကြာတဲ့အခါမှာ အဲဒီအရေးပိုင်ရဲ့အိမ် ညဥ့်သန်းခေါင်မှာ မီးလောင်တယ်၊ တစ်အိမ်လုံး ပြာကျသွားတယ်။ မိသားစုတွေတော့ အကုန်လွတ်တယ်။ ဒါပေမဲ့ အရေးပိုင်ကတော့ မီးထဲပါသွားရှာတယ်။ အဲဒီနောက်မှာ တရုတ်ကုန်သည်တစ်ဦးလက်ထဲကို မဟူရာဘီလူးရုပ်တုလေး ရောက်သွားတယ်။ မဟူရာဘီလူးရုပ်တုလေးရပြီး ရက်ပိုင်းအတွင်းမှာပဲ တစ်ညမှာ အဲဒီတရုတ်ကုန်သည်ဟာ ပျော်ပွဲစားရုံကပြန်လာရင်း လူမှားပြီး ဓားထိုးခံလိုက်ရလို့ ပွဲချင်းပြီးသေသွားတယ်'

ဟု ဦးမောင်ကြီးက မဟူရာဘီလူးရုပ်လေးကိုရပြီးနောက် မဟူရာဘီလူးရုပ်ပိုင်ရှင်တို့ အသေဆိုးနဲ့ သေကြရသည့်အကြောင်းကို ပြောပြကာ ကျွန်ုပ်အားပြောပြလေ၏။

ကျွန်ုပ်သည် ဦးမောင်ကြီးပြောပြသည့် မဟူရာဘီလူးရုပ်တုလေးကြောင့် ဒုက္ခရောက်ခဲ့ရသည့်အကြောင်းကို ကြားသိရပြီးလျှင် ကျွန်ုပ်က–

'ဒါနဲ့ ဒီအကြောင်းတွေကို ဦးမောင်ကြီး ဘယ်ကကြား ထားတာလဲ'



www.burmeseclassic.com

www.burmeseclassic.com

ဟု မေးလိုက်ပြန်ရာ ဦးမောင်ကြီးက-

‘ကျုပ်တို့မိတ်ဆွေ ဂျူးလူမျိုး ကိုရာဘီက ကျုပ်ကို ဒီအကြောင်းတွေ ကြိုပြီးပြောပြထားလို့ သိနေတာပါ’

ဟု ပြောလိုက်လျှင်-

‘သြော်..ဒါကြောင့် ကိုရာဘီက လေလံပွဲမှာ မဟူရာဘီလူးရုပ်တုလေးကို မဝယ်ဖို့ တားခဲ့တာကိုး’ ဟု ကျွန်ုပ်က မှတ်ချက်ပြုလိုက်လေ၏။

ထို့နောက် ကျွန်ုပ်က ကျွန်ုပ်၏ ထင်မြင်ချက်တစ်ခုကို ဦးမောင်ကြီးအား တစ်ဆက်တည်း ပြောလိုက်ပြန်လေ၏။

‘ကိုရာဘီက မဟူရာဘီလူးရုပ်အကြောင်း အရင်သိသူပါ။ မဟူရာဘီလူးရုပ်တုဟာ လူကိုခိုက်တယ်ဆိုတာကို ယုံကြည်တယ်ဆိုရင်တောင် ကိုရာဘီနေရာမှာ ကျုပ်ဆိုရင် မဟူရာဘီလူးရုပ်ကို ဝယ်မယ်ဗျာ။ ပြီးတော့ ရုပ်တုအတိုင်း မထားတော့ဘဲ ပတ္တမြားနှစ်လုံးကိုဖြုတ်ပြီး ရောင်းမယ်။ ဘီလူးရုပ်ကိုလည်း ကျောက်သွေးသမားတွေလက်ထဲအပ်ပြီး မဟူရာလက်စွပ်၊ လည်ဆွဲဖြစ်အောင် ဖြတ်တောက်ပြီးသွေးခိုင်းမယ်။ ပြီးတော့မှ ပြန်ရောင်းစားမယ်ဆိုရင် သိန်း(၁၀)ဂဏန်းလောက် ရနိုင်တာပဲ။ ဘာဖြစ်လို့ အဲဒီလိုမလုပ်ကြတာလဲ’ ဟု ကျွန်ုပ်၏အကြံကို ဦးမောင်ကြီးအား ပြောလိုက်လေ၏။

ထိုအခါ ဦးမောင်ကြီးက-

‘စောစောက မဟူရာဘီလူးရုပ်တုအကြောင်း ဦးဘမောင်ကို ပြောပြနေတာ မဆုံးသေးဘူး။ ဆက်ပြီးနားထောင်ပါဦး။ ကျုပ်စကားကို ဆုံးအောင်နားထောင်လိုက်ရင် ဦးဘမောင်အတွက် အဖြေရှင်းသွားပါလိမ့်မယ်’ ဟုဆိုကာ ဦးမောင်ကြီးက ၎င်း၏စကားကို ဆက်၍ပြောလေ၏။

‘အဲဒီတရုတ်ကုန်သည်ဟာ လူမှားပြီး အသတ်ခံရပြီးတဲ့နောက်မှာ တရုတ်တန်းက ပွဲစားတစ်ဦးရဲ့လက်ထဲကို မဟူရာဘီလူးရုပ်တုလေးက လက်ပြောင်းပြီး ရောက်သွားတယ်။ တရုတ်တန်းကပွဲစားဟာ သူ့လက်ထဲကို မဟူရာဘီလူးရုပ် ရောက်လာတဲ့အချိန်မှာ ဦးဘမောင် ကျုပ်ကိုပြောခဲ့သလိုမျိုး အကြံရပြီး မဟူရာဘီလူးရုပ်ရဲ့ မျက်လုံးနေရာက ပတ္တမြား(၂)လုံးကိုထုတ်ပြီး ရောင်းဖို့အတွက် အကြံနဲ့ မဂိုလမ်း(ယခု ရွှေဘုံသာလမ်း)က ရတနာဆိုင်တစ်ဆိုင်ကို မဟူရာဘီလူးရုပ်လေးကို ယူသွားတယ်။ အဲဒီပွဲစားက မဂိုလမ်းထဲက ရတနာဆိုင်ရှိတဲ့ဆီကို လမ်းလျှောက်ပြီးသွားနေတဲ့လမ်းမှာ မဂိုလမ်းထဲမှာရှိတဲ့ ဆိုင်တစ်ဆိုင်ရဲ့ မျက်နှာစာနဲ့ မလွတ်တဲ့ သစ်ပင်ကြီးတစ်ပင်ကို သစ်ပင်ခုတ်တဲ့သူတွေက ခုတ်လှဲနေတဲ့အချိန်ဖြစ်နေတယ်။ သစ်ပင်ကလည်း ပင်စည်ကနေ ပြတ်လုပြတ်ခင်ဖြစ်ပြီး လဲကျတော့မယ့်အချိန်ဖြစ်နေတာနဲ့ သူလည်း မဟူရာဘီလူးရုပ်ထည့်ထားတဲ့ ကတ္တီပါအိတ်လေးကိုကိုင်ပြီး သစ်ပင်ကြီးလဲကျလာရင် သစ်ပင်ရဲ့ အဖျားကိုင်းနဲ့ လွတ်မယ့်နေရာကနေ သစ်ပင်လဲကျချိန်ကို ရပ်စောင့်နေတယ်။ အဲဒီအချိန်မှာပဲ သစ်ပင်ကြီးဟာ ကျွတ်..ကျွတ်..ဝုန်းဆိုပြီး သူ့ရှေ့မလှမ်းမကမ်း လမ်းမပေါ်ကို လဲကျသွားတယ်။ သစ်ပင်ကြီးလဲကျသွားတယ်ဆိုတာနဲ့ မဟူရာဘီလူးရုပ်ရဲ့မျက်လုံးနေရာက ပတ္တမြားကိုထုတ်ပြီး ရောင်းဖို့လာတဲ့ပွဲစားလည်း သူ့မျက်နှာကို လက်ဝါးနဲ့အုပ်ပြီး အားခနဲ စူးစူးဝါးဝါးအော်ပြီး ပစ်လဲကျသွားတယ်။ ဒါနဲ့ အနီးအနားကလူတွေလည်း သူ့ဆီ အပြေးအလွှားသွားပြီး ကြည့်ကြရတာပေါ့။ လူတွေလည်း အထိတ်တလန့်ဖြစ်သွားတယ်။ ဖြစ်ပုံက သစ်ပင်ကြီးဟာ မြေပြင်ပေါ်ကို လဲကျသွားတဲ့အခါ သစ်ပင်ရဲ့အဖျားပိုင်းမှာရှိနေတဲ့ ဆွေးနေတဲ့သစ်ကိုင်းခြောက်က ပလက်ဖောင်းနဲ့ အရင်ထိမိပြီး သစ်ကိုင်းဆွေးဟာ လဲကျလာတဲ့အရှိန်နဲ့ ဖြောင်းဆို ကျိုးပဲ့သွားပြီး လွင့်လာတဲ့ သစ်ကိုင်းစ(၂)စဟာ မဟူရာရုပ်တုကိုင်ပြီး ပလက်ဖောင်းပေါ်မှာရပ်နေတဲ့ ပွဲစားရဲ့ မျက်လုံးနှစ်လုံးတည့်တည့်ကို လေးညို့ကပစ်လိုက်တဲ့မြားလို စိုက်ဝင်သွားတဲ့အတွက် အဲဒီပွဲစားလည်း မျက်လုံး(၂)လုံး ထုတ်ပစ်လိုက်ရတာ မျက်စိဟောက်ပက်ကြီးနဲ့ ဖြစ်သွားပြီ။ ဒါကြောင့် လေလံပွဲမှာ မဟူရာဘီလူးရုပ်ကိုဝယ်ရင် ခိုက်မှာကြောက်ပြီး ဘယ်သူမှစိတ်မကူးဝံ့ကြဘူး။ ထိလည်း မထိရဲကြဘူး’ ဟု ဦးမောင်ကြီးက ပြောလိုက်လျှင် ကျွန်ုပ်လည်း အခြားသူများက မဟူရာဘီလူးရုပ်ကို မဝယ်ရဲကြသည့်အကြောင်းကို နားလည်သွားလေတော့၏။

ထို့နောက် ကျွန်ုပ်သည် ချိန်ချိန်ဆဆဖြင့် တွေးပြီးလျှင်-

‘အင်း..မဟူရာဘီလူးရုပ်တုက ပိုင်ရှင်ကို ခိုက်တယ်ဆိုတာဟာလည်း ဖြစ်ခဲ့ပြီးတာတွေနဲ့ပြန်ကြည့်ရင် ဟုတ်နေသလိုလိုပဲ။ တိုက်ဆိုင်မှုကြောင့်ပဲဖြစ်ဖြစ်၊ မဟူရာဘီလူးရုပ်တုက လူကို ဒုက္ခပေးနိုင်လောက်အောင် ခိုက်နေတာပဲဖြစ်ဖြစ် ကျုပ်အနေနဲ့ ဦးမောင်ကြီးကို အကြံပေးချင်တာက ဒီမဟူရာဘီလူးရုပ်တုကို ဦးမောင်ကြီးအိမ်မှာ မထားစေချင်ဘူးဗျာ။ တစ်ယောက်ယောက်ကို အမြန်ဆုံးပြန်ရောင်းပြီး



www.burmeseclassic.com

www.burmeseclassic.com

တခြားရှေးဟောင်းပစ္စည်းတစ်ခုခုကို ပြန်ဝယ်တာပဲ ပိုကောင်းလိမ့်မယ်လို့ ထင်တယ်ဗျာ' ဟု ကျွန်ုပ်က စိုးရိမ်စိတ်ဖြင့် ဦးမောင်ကြီးကို ပြောလိုက်လေ၏။

ထိုအခါ ဦးမောင်ကြီးသည်-

'ဟား..ဟား..ဟား..ဟား'

ဟု ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီးလျှင်-

'ဦးဘမောင်ကပါ အယူသည်းနေပြန်ပြီ။ ခိုက်တယ်ဆိုတာ လူတွေရဲ့စိတ်အစွဲအလမ်းတစ်ခုပါဗျာ။ တကယ်မဖြစ်နိုင်ပါဘူး။ ကျုပ်ကတော့ အဲဒါမျိုးကို လုံးဝအယုံအကြည်မရှိဘူး။ တိုက်ဆိုင်မှုတွေပါ။ ဒီခေတ်ကြီးမှာ ဒါမျိုးတွေကို လက်မခံစမ်းပါနဲ့။ ဥပါဒါန်ကြောင့် ဥပဒ်ရောက်လိမ့်မယ်။ ခင်ဗျားက မိတ်ဆွေဝတ္တရားအတိုင်း ကျုပ်ကို သတိပေးပေမယ့် ကျုပ်ကတော့ ဟောဒီမဟူရာရုပ်တုကို ကျုပ်ဝါသနာအတိုင်း တန်ဖိုးထားပြီး သိမ်းထားရမှာပဲ။ ကျုပ်အတွက် မပူပါနဲ့ ဦးဘမောင်ရယ်၊ ဦးဘမောင်လည်း ခေတ်ပညာတတ်တစ်ယောက်ပဲ၊ ဒီရုပ်တုကခိုက်လို့ လူတွေသေတယ်ဆိုတာကို စဉ်းစားကြည့်ပါဦး။ ဟောဒီမဟူရာဘီလူးရုပ်တုကို လူတွေကဖန်တီးပုံဖော်လို့ ရုပ်တုဖြစ်လာရတဲ့ အနုပညာပစ္စည်းလေးတစ်ခုပါ။ လူတွေက ဖန်တီးထုလုပ်ထားတဲ့ မဟူရာဘီလူးရုပ်တုက လူကို ဒုက္ခပြန်ပေးနိုင်တယ်ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး။ ဟောဒီမဟူရာဘီလူးရုပ်တုဟာ သာမန်လူ့အသုံးအဆောင်ပစ္စည်းတွေထဲက လူတွေ အသုံးချခံနေရတဲ့ အရာဝတ္ထုလေးတစ်ခုပါပဲ။ ဒီ့ထက်မပိုပါဘူးဗျာ' ဟု ဦးမောင်ကြီးက ကျွန်ုပ်၏စကားကိုချေပ၍ ပြောလိုက်လေတော့သည်။

ကျွန်ုပ်နှင့် ဦးမောင်ကြီးတို့သည် ဒိန်ချဉ်ဆိုင်မှအပြန်တွင် ကျွန်ုပ်သည် ဦးမောင်ကြီး၏ကားနှင့်အတူ ဦးမောင်ကြီး၏အိမ်သို့ လိုက်ပါသွားခဲ့လေ၏။ ဦးမောင်ကြီးသည် ကမ်းနားလမ်းအတိုင်း ၎င်း၏ကားကိုမောင်း၍ လာခဲ့လေ၏။ ဗိုလ်တထောင်ရှိအိမ်သို့ ရောက်ခါနီး လမ်းကွေ့တစ်ခုသို့ ရောက်သောအခါ ဦးမောင်ကြီး၏ ကားစက်ခေါင်းထဲမှ မီးခိုးလုံးများ အူ၍ထွက်လာလေ၏။ ထို့ကြောင့် ဦးမောင်ကြီးသည် ကားကို လမ်းဘေးသို့ အမြန်ချရပ်လိုက်ပြီးလျှင် ကားပေါ်မှ ကျွန်ုပ်တို့နှစ်ဦးပြေးဆင်း၍ ဦးမောင်ကြီးက ကားစက်ဖုံးကို ဖွင့်လိုက်ရာ ကားအင်ဂျင်အနီးတွင် မီးတောက်များကို တွေ့လိုက်ရလေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း လမ်းပေါ်မှ သဲများကျုံးယူ၍ မီးတောက်ကို ငြိမ်းသတ်ရ၏။ မီးတောက်သည် တဖြည်းဖြည်း အရှိန်ကောင်းလာသည့်အတွက် ကျွန်ုပ်တို့နှစ်ဦးလည်း မငြိမ်းနိုင်ဘဲ ဖြစ်လေရာ လမ်းကလူများကပါ ဝိုင်းကူ၍ငြိမ်းပေးမှ မီးငြိမ်းသွားလေ၏။ ဝိုင်ယာများပူး၍ မီးလောင်သွားခြင်းဖြစ်၏။ ကားမှာ စက်ပြန်၍နှိုးမရတော့သောကြောင့် လူအချို့ကို အကူအညီတောင်း၍ ကားကို ဦးမောင်ကြီးအိမ်အထိ တွန်းယူသွားရလေ၏။ ကျွန်ုပ်သည် ဦးမောင်ကြီးတို့အိမ် ရောက်ပြီးနောက် သိပ်မကြာမီမှာပင် ကျွန်ုပ်၏အိမ်သို့ ပြန်လာခဲ့လေ၏။

ထိုညက ကျွန်ုပ်သည် အိပ်ရာမဝင်မီ မဟူရာဘီလူးရုပ်အကြောင်းကို စဉ်းစားခဲ့မိသေး၏။ ကျွန်ုပ်သည် ဗေဒင်ယုံ၊ နတ်ယုံသူတစ်ဦး မဟုတ်ပေ။ ထို့ကြောင့် ကျွန်ုပ်သည် ပြဿဒါး၊ ရက်ရာဇာရွေး၍ အလုပ်မလုပ်ဖူးပေ။ ကျွန်ုပ်လုပ်ရမည့် အလုပ်ကိုသာ နေ့မရွေးဘဲလုပ်၏။ ထိုအတွက် ကျွန်ုပ်သည် ထူးထူးခြားခြား ထိခိုက်နစ်နာမှုမျိုး မရှိခဲ့ဖူးပေ။ ဗေဒင်ဆရာများ ပြောလေ့ရှိသည့် ခိုက်သည်ဟူသော စကားကိုလည်း ကျွန်ုပ်အနေနှင့် လက်ခံနိုင်ခဲ့ခြင်းမရှိပေ။ ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်ကြီးသည်လည်း ကျွန်ုပ်ကဲ့သို့ပင် ထိုကိစ္စမျိုးအား အယုံအကြည်ရှိသူ မဟုတ်ပေ။ ဦးမောင်ကြီးသည် ကျွန်ုပ်ထက်ပို၍ စဉ်းစားတွေးခေါ်ဉာဏ်စွမ်း ထက်မြက်သူဖြစ်၏။ ထို့ကြောင့် ဦးမောင်ကြီးသည် ဘုမသိ၊ ဘမသိဖြင့် လူပြောသူပြောဖြင့်သာ ရှောင်ကြဉ်နေရသော စွဲလမ်းယုံကြည်မှုများအား ပစ်ပယ်၍ လက်တွေ့ကျကျ နေထိုင်သူတစ်ဦးဖြစ်၏။

၎င်း၏အတွေးအခေါ်သည် ဓမ္မဓိဋ္ဌာန်ကျ၏။ လက်တွေ့ဆန်၏။ ထို့ကြောင့် ဦးမောင်ကြီးအား ခေတ်မီသောသူ၊ ခေတ်ပညာတတ်တစ်ဦးပီသသူဟု ဆိုရမည်ဖြစ်၏။ ထိုမဟူရာဘီလူးရုပ်သည် ပိုင်ရှင်အား ခိုက်စေသည့်ပစ္စည်းဖြစ်သည်ဟု အများက လက်ခံယုံကြည်ခဲ့သော်လည်း ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်ကြီးကမူ မဟူရာဘီလူးရုပ်မှာ လူ့အသုံးအဆောင် ဝတ္ထုပစ္စည်းတစ်ခုသာဖြစ်သည်ဟု ဓမ္မဓိဋ္ဌာန်ကျကျ တွေးခေါ်သုံးသပ်၍ မဟူရာဘီလူးရုပ်ကို ရအောင်ဝယ်ခဲ့သူဖြစ်၏။

ကျွန်ုပ်သည် မဟူရာဘီလူးရုပ်၏ ရာဇဝင်ကို သိပြီးနောက် မဟူရာဘီလူးရုပ်သည် အကျိုးမပေးဘဲ ပိုင်ရှင်ကို ခိုက်စေသည်ဟူသော စကားကို လက်ခံချင်မိနေလေ၏။ အဘယ်ကြောင့်ဆိုသော် မဟူရာဘီလူးရုပ်ကို လက်ဝယ်ရှိ



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်ခဲ့သူ ပိုင်ရှင်လေးဦးစလုံးသည် အသေဆိုးနှင့် သေခဲ့ကြသည်ချည်းဖြစ်လေ၏။ ထို့ကြောင့် မဟူရာဘီလူးခိုက်သည်ဆိုသည်ကို ကျွန်ုပ်အနေနှင့်လည်း ယုံကြည်ရခက်သော်လည်း လက်ခံချင်ဖွယ်ကောင်းနေလေ၏။ ထို့နောက် ကျွန်ုပ်တစ်ခုစဉ်းစားမိသည်မှာ လောကတွင်တည်ရှိနေသော သက်ရှိ၊သက်မဲ့ အရာများသည် လူကို ကောင်းကျိုးပေးသည့်အရာများရှိသကဲ့သို့ ဆိုးကျိုးပေးသည့်အရာများလည်း အမှန်တကယ်ရှိ၍နေလေ၏။ ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်ကြီး၏လက်ထဲသို့ ရောက်ရှိနေသော မဟူရာဘီလူးရုပ်သည် လူကို ကောင်းကျိုးပေးသည့်အရာဝတ္ထုမဟုတ်ဘဲ ဒုက္ခပေးနိုင်သည့် သက်မဲ့အရာဝတ္ထုတစ်ခုသာ ဖြစ်ကောင်းဖြစ်နိုင်သည်ဟု စဉ်းစားမိလေ၏။ ထို့ကြောင့် လက်တွေ့ဆန်၍ အလွန်ခေါင်းမာသည့် ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်ကြီးအား အချိန်ယူဖျောင်းဖျကာ ၎င်း၏လက်ထဲမှ မဟူရာဘီလူးရုပ်ကို လက်လွှဲရောင်းချရန် ပြောဆိုမည်ဟု ဆုံးဖြတ်လိုက်ပြီးနောက် အိပ်ရာဝင်ခဲ့လေ၏။

မနက်မိုးလင်းသို့ ရောက်သောအခါ ကျွန်ုပ်သည် ထမင်းကြော်တစ်ပန်းကန် အဆာပြေအဖြစ် စားပြီးနောက် ရေနွေးကြမ်းထိုင်သောက်နေလေ၏။ ထိုအချိန်တွင် သတင်းစာပို့သည့်ကောင်လေးသည် အိမ်အပြင်မှနေ၍ ကျွန်ုပ်၏အိမ်ထဲသို့ လိပ်ထားသည့်သတင်းစာကို ပစ်ထည့်သွားလေ၏။ ထိုအခါ ကျွန်ုပ်သည် ရေနွေးကြမ်းသောက်နေသည့် စားပွဲမှထ၍ ကြမ်းပြင်ပေါ်ရှိ သတင်းစာကို ကောက်ယူလိုက်ပြီးလျှင် စားပွဲခုံသို့ပြန်ထိုင်ကာ သတင်းစာဖတ်ရန်အတွက် လိပ်ထားသည့်သတင်းစာကို ဖြန့်လိုက်လေ၏။



ထိုအခါ သတင်းစာမျက်နှာဖုံးရှိ သတင်းခေါင်းစဉ်တစ်ခုကို ဖတ်လိုက်ရသောအခါ ကျွန်ုပ်သည် လွန်စွာထိတ်လန့်တုန်လှုပ်သွားလေတော့၏။

ကျွန်ုပ်ဖတ်လိုက်ရသည့် သတင်းစာခေါင်းစဉ်မှာ ရွှေတောင်ပွဲရုံပိုင်ရှင် ဦးမောင်ကြီးသည် မနေ့ညက လင်မယားနှစ်ယောက် စကားများရန်ဖြစ်နေသည်ကို ဝင်ရောက်ဖျန်ဖြေပေးရာမှ ဓားဖြင့်ထိုးမိ၍ သေဆုံးခြင်းဟူသော ခေါင်းစဉ်ကိုဖတ်လိုက်ရသောကြောင့်ဖြစ်၏။

ထို့နောက် ကျွန်ုပ်သည် ထိုခေါင်းစဉ်အောက်မှသတင်းကို အလောတကြီး ဆက်၍ဖတ်ကြည့်လိုက်ရာ-

မနေ့ည (၇)နာရီခန့်တွင် ဗိုလ်တထောင်ရှိ ရွှေတောင်ပွဲရုံပိုင်ရှင် ဦးမောင်ကြီး၏ တစ်အိမ်ကျော်တွင် လင်မယားအရက်မူးပြီး မယားဖြစ်သူအား ရန်ရှာ၍ ရိုက်နှက်နေသောကြောင့် ရွှေတောင်ပွဲရုံပိုင်ရှင် ဦးမောင်ကြီးက မနေသာ၍ လင်မယားချင်း ရန်ဖြစ်နေသည့်အိမ်သို့သွားကာ ရန်ပွဲကိုကြားမှဝင်ရောက်၍ ဖြေရှင်းပေးစဉ် အရက်မူးနေသော လင်ဖြစ်သူက မယားလုပ်သူကို လှမ်း၍ထိုးလိုက်သော ဓားမြှောင်သည် ကြားတွင်ရှိနေသည့် ဦးမောင်ကြီး၏ ရင်ဘတ်တည့်တည့်သို့ တဆုံးထိုးစိုက်မိပြီး ရွှေတောင်ပွဲရုံပိုင်ရှင် ဦးမောင်ကြီးသည် နေရာတွင် ပွဲချင်းပြီးသေဆုံးသွားရှာသည်ဟု သတင်းစာတွင် ဖော်ပြထားသောသတင်းကို ဖတ်ရှုရပြီးနောက် ကျွန်ုပ်သည် မယုံကြည်နိုင်လောက်အောင် အံ့ဩနေမိလေ၏။

ထို့နောက် ကျွန်ုပ်သည် အဝတ်အစားကို ကပျာကယာလဲ၍ ဦးမောင်ကြီး၏အိမ်သို့ မြင်းလှည်းတစ်စီးငှား၍ အမြန်သွားရလေ၏။ ဦးမောင်ကြီး၏အိမ်သို့ ရောက်သောအခါ ဝမ်းနည်းပူဆွေးနေသည့် ဦးမောင်ကြီး၏ဇနီးနှင့်အတူ ၎င်း၏ဆွေမျိုးအချို့ကို တွေ့ရလေ၏။ ဦးမောင်ကြီး၏အလောင်းမှာမူ ရန်ကုန်ဆေးရုံကြီးရှိ ရင်ခွဲရုံသို့ မနေ့ညကတည်းက ပို့ထားပြီးဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်သည် ဦးမောင်ကြီး၏ဇနီးအား အချိန်အတန်ကြာအောင် အားပေးစကားပြောကြားပြီးလျှင် ဦးမောင်ကြီး ဝယ်ယူစုဆောင်းထားသည့် ရှေးဟောင်းပစ္စည်းများထားရှိရာ စာဖတ်ခန်းတွင်းသို့ မယောင်မလည်ဖြင့် ဝင်ရောက်သွားပြီးလျှင် မဟူရာဘီလူးရုပ်တုလေးကို အသာဝှက်၍ယူပြီးနောက် ဦးမောင်ကြီး၏ဇနီးကို နှုတ်ဆက်၍ ပြန်လာခဲ့လေ၏။

ဦးမောင်ကြီး၏အိမ်မှ ထွက်လာပြီးလျှင် ကျွန်ုပ်သည်

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်တထောင်ဘုရားရှိရာဆီသို့ ဆက်၍လျှောက်လာခဲ့လေ၏။ ဗိုလ်တထောင်ဘုရားသို့ရောက်လျှင် ကျွန်ုပ်သည် ဘုရားအရင်မဖူးသေးဘဲ ရန်ကုန်မြစ်ကမ်းဘောသို့ သွားရောက်ကာ ဦးမောင်ကြီး၏အိမ်မှ ဝှက်၍ယူဆောင်လာသည့် မဟူရာဘီလူးရုပ်တုကို ထုတ်ယူလိုက်ပြီးလျှင် ကျွန်ုပ်သည် မဟူရာဘီလူးရုပ်ကို သေချာကိုင်ကြည့်နေမိလေ၏။

မဟူရာဘီလူးရုပ်တု၏အရောင်သည် ကျောက်သင်ပုန်းအရောင်ကဲ့သို့ နက်မှောင်၍ အရောင်ပြောင်လက်နေ၏။ မျက်လုံးနေရာတွင်တပ်ထားသည့် ပတ္တမြားနှစ်လုံးမှာ သွေးရောင်ကဲ့သို့ နီရဲနေလေ၏။ သွားစေ့၍ ပါးစပ်ဖြဲထားသည့် ဘီလူး၏ နှုတ်ခမ်းထောင့်တစ်ဖက်စီတွင် အထက်သို့နှစ်ချောင်း၊ အောက်သို့နှစ်ချောင်း ချွန်၍ထွက်နေသည့် အစွယ်လေးချောင်းပါသည်ကို တွေ့ရပြန်လေ၏။ ဘီလူး၏မျက်နှာကို ပုံဖော်ထွင်းထုထားသည်မှာ နှာခေါင်းပေါက်အတွင်းမှနေ၍ အခိုးအငွေ့များ ထွက်တော့မယောင်နှင့် လွန်စွာဒေါသထွက်နေသည့် မျက်နှာပုံဖြစ်၏။

ကျွန်ုပ်သည် မဟူရာဘီလူးရုပ်တုကို ကိုင်၍ကြည့်နေရင်း ကျွန်ုပ်၏နှာခေါင်းဝတွင် ညှီနံ့လိုလို၊ သွေးစိမ်းနံ့လိုလို အနံ့တစ်မျိုးကို ရှူရှိုက်မိလေ၏။ ထိုအခါ ကျွန်ုပ်သည် ဘာကြောင့်မှန်းမသိရဘဲ ဆံပင်မွေးများ အပေါ်သို့ထောင်၍ ကြက်သီးတဖြန်းဖြန်းထကာ စိတ်ထဲတွင် တစ်မျိုးကြီးဖြစ်သွားလေ၏။

ထို့ကြောင့် ကျွန်ုပ်သည် လွန်စွာခိုက်၍ ပိုင်ရှင်တိုင်းကို ပြန်သတ်သည့် မဟူရာဘီလူးရုပ်တုကို ရန်ကုန်မြစ်တွင်းသို့ အားရှိသလောက်ပစ်၍ ရေမြှုပ်ပစ်လိုက်လေတော့၏။ မဟူရာဘီလူးရုပ်ကို ရန်ကုန်မြစ်တွင်းမှတစ်ဆင့် ပင်လယ်၊ သမုဒ္ဒရာထဲထိ မျောပါသွားကာ လူတို့အား နောက်တစ်ကြိမ် ဒုက္ခပေး၍ မသတ်နိုင်စေရန်အတွက် မဟူရာဘီလူးရုပ်တုကို ဇာတ်သိမ်းပေးလိုက်ပြီးလျှင် ကျွန်ုပ်သည် ဗိုလ်တထောင်စေတီတော်မြတ်ကြီးအား ဖူးမြော်၍ ရွှေသင်္ကန်းများ ကပ်လှူကာ ဘဝတစ်ပါးသို့ ရောက်ရှိသွားပြီဖြစ်သော ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ရွှေတောင်ပွဲရုံပိုင်ရှင် ဦးမောင်ကြီးအား အမျှအတန်းပေးဝေ၍ ကောင်းရာသုဂတိလားစေရန်အတွက် ဆုတောင်းပေးလိုက်မိလေတော့သတည်း။

သဗ္ဗေသတ္တာ ကမ္မဒါယာဒါ

သိဒ္ဓိစိုး


နယ်လှည့်သာသနာပြု ဖိုးမမွှသိဒ္ဓိ၏တပည့်

# ဆရာမပွင့်သစ္စာထင် (Eco.)

[မွေးရာပါ အကြားအမြင်]



သင့်ရဲ့ကံ အဆိုး/အကောင်း၊ အလှည့်အပြောင်း သိလိုလျှင်

ဆရာမ ပွင့်သစ္စာထင် ရှိတယ်။

ထီပေါက်ကိန်း၊ ရာထူးတိုးကိန်း၊ အိမ်ထောင်ရေးကံ၊ နိုင်ငံခြားခရီး၊
ကလေးအမည်ပေး၊ လုပ်ငန်းအမည်ပေး... စသည်တို့ကို မှန်ကန်တိကျစွာ
လမ်းညွှန်ပေးပါသည်။

**လိုအပ်ပါက ယတြာကို အခမဲ့ဆောင်ရွက်ပေးပါသည်။**

အမှတ်(၃)ရပ်ကွက်၊ အရှေ့ဘိုကုန်း၊ ကလောမြို့။ • ၀၉ ၄၂၈ ၃၁၇၂၉၉




www.burmeseclassic.com

www.burmeseclassic.com

# မောင်မောင်ချစ်ဦး(မုံရွာ)

# နှစ်ခါပြန်သေရသူ



ကျွန်တော်သည် ဂမ္ဘီရဝတ္ထုများကို ဂမ္ဘီရလိုင်းဝင် မဂ္ဂဇင်းများတွင် ရေးသားနေသူဖြစ်ပါသည်။ ကျွန်တော် ရေးသားခဲ့သော ဂမ္ဘီရဝတ္ထုတိုများတွင် ကိုယ်တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်များ၊ တစ်ဆင့်ကြားရသော်လည်း ခိုင်မာ၍ ယုတ္တိရှိသော အဖြစ်အပျက်များနှင့် မြတ်စွာဘုရားလက်ထက်တော်က ဇာတ်ဝတ္ထုများကို စိတ်ကူးနှင့်ပေါင်းစပ်၍ ခံစားရေးဖွဲ့ခဲ့ခြင်းများသာ ဖြစ်ပါသည်။

မဖြစ်နိုင်သော၊ ယုတ္တိမတန်သော အဖြစ်အပျက်များကိုမူ လက်ရှောင်ခဲ့ပါသည်၊ ရေးသားခြင်းမပြုခဲ့ပါ။ သို့သော် ယခုရေးသားမည့် နှစ်ခါပြန်သေရသူ ဇာတ်လမ်းအဖြစ်အပျက်သည် အချိန်ကာလအတော်ကြာကြာက တစ်ဆင့်စကားဖြင့် သိရှိထားသော်လည်း မဖြစ်နိုင်သော၊ ယုတ္တိမတန်သော အဖြစ်အပျက်ဟူ၍ ယူဆထားသဖြင့် မရေးခဲ့ဘဲ နေခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

သို့သော်လည်း ဤအဖြစ်အပျက်ကိုပြောပြသူ မုံရွာမြို့ မိုးညွင်းသမ္ဗုဒ္ဓေဈေးနေ စစ်ပြန်ကြီး ဦးနေဝင်းနှင့် ဇနီးဖြစ်သူ ဒေါ်နွဲ့နွဲ့ရီတို့မှ အမှန်တွေပါ ရေးဖြစ်အောင် ရေးစမ်းပါဟူ၍ မကြာခဏဆိုသလို တိုက်တွန်းပြောဆိုခဲ့သော်လည်း ရေးသားရမည်မှာ ဖြစ်နိုင်ဖွယ်မရှိဟူ၍ ယူဆနေမိသဖြင့် လက်တွန့်နေပြီး မရေးသားဖြစ်ခဲ့ပါ။

သို့သော်လည်း ဦးနေဝင်းနှင့် ဒေါ်နွဲ့နွဲ့ရီတို့ လင်မယားမှ တွေ့တိုင်းကြုံတိုင်းဖြစ်စေ၊ အိမ်သို့လာ၍ဖြစ်စေ ဒီအဖြစ်အပျက်ဟာ အမှန်တွေပါ။ တကယ်ဖြစ်ပျက်ခဲ့တာပါ။ ရေးစမ်းပါဗျာဟူ၍ ပြောဆိုတိုက်တွန်းနေပါသည်။ နောက်ဆုံးတော့ ကျွန်တော်လည်း ရေးသားချင်လာ၍ မရဲတရဲနှင့်ပင် ရေးသားလိုက်ရပါသည်။

စာရှုသူများခင်ဗျား‥ လူတစ်ယောက်သည် နှစ်ခါမသေ တစ်ခါသာသေရမည်ဟူ၍ ပြောကြဆိုကြသော်လည်း တစ်ခါ,တစ်ခါ ဆန်းကြယ်စွာပင် သေပြီးဖြစ်၍ ရင်ခွဲရုံသို့ ပို့ထားရာမှ ပြန်လည်၍အသက်ဝင်ရှင်လာခြင်း၊ သေဆုံး၍ မြေမြှုပ်သင်္ဂြိုဟ်ရန်အတွက် သင်္ချိုင်းကုန်းသို့ပို့ရာမှ သင်္ချိုင်းကုန်းအရောက်တွင် ပြန်လည်၍ အသက်ဝင်ရှင်လာခြင်းများကို မြင်ဖူး၊ ကြားဖူးကြမည် ထင်ပါသည်။

ထိုသူများမှာ တစ်ခါသေဆုံးပြီးဖြစ်၍ နောက်ထပ်အကြောင်းအမျိုးမျိုးကြောင့် သေဆုံးရပါက နှစ်ခါပြန်သေရသူဟူ၍ သတ်မှတ်ပြောဆိုကြပါသည်။

ယခု ကျွန်တော်ရေးသားမည့် နှစ်ခါပြန်သေရသူမှာတော့ အထက်ပါဇာတ်လမ်းမျိုးမဟုတ်ပါ။ တကယ်သေဆုံး၍ သင်္ချိုင်းကုန်းတွင် မြေမြှုပ်ပြီး (၃)လအကြာမှ ပြန်လည်သေဆုံးရခြင်းပင် ဖြစ်ပါသည်။

ဤသို့ဆိုလျှင် စာရှုသူများ မျက်စိလည်၍ နားရှုပ်သွားကြမည်ဖြစ်သည့်အပြင် ကျွန်တော့်ကိုလည်း ငြီးဟူ၍ပင် ထောပနာပြုကြမည်လား မသိပါ။

သို့သော် စာရှုသူများ မျက်စိမလည် နားမရှုပ်စေရန်အတွက် ကျွန်တော်ရေးသားမည့် အောက်ပါဇာတ်လမ်းလေးကို ဆုံးအောင်ဖတ်ပါဟု တိုက်တွန်းလိုက်ရပါသည်။

♦ ♦ ♦

(၁၉၈၀)ပြည့်နှစ်ဝန်းကျင်ခန့်ကဖြစ်ပါသည်။

တပ်မတော်မှ တပ်ကြပ်ကြီးခင်ထွန်းဦးစီးသည့် တပ်စိတ်နှစ်စိတ်သည် (…)ပြည်နယ်ရှိ အေးသာယာရွာလေးတွင် အခြေပြုစခန်းထိုင်ထားပါသည်။ ဤရွာလေးသည် တပ်ကြပ်ကြီးခင်ထွန်းတို့ တပ်ရင်းတစ်ရင်းလုံး တာဝန်ယူထားသည့်နယ်မြေ၏ အစွန်ကျသော ရွာလေးဖြစ်သလို အခြား,အခြားသော ရွာများနှင့်လည်း အလှမ်းဝေးသဖြင့် ခေါင်သည့်ရွာဟုပင် ဆိုရမည်ဖြစ်ပါသည်။

ထို့ပြင် အိမ်ခြေမှာလည်း (၁၀၀)ခန့်နှင့် လူဦးရေမှာလည်း (၅၀၀)မျှပင်မပြည့်တတ်သဖြင့် ရွာငယ်လေးတစ်ရွာပင်ဖြစ်သည်။ သို့သော် ဤရွာလေးသည် စိုက်ရေးပျိုးရေးကောင်းလှသလို ပတ်ဝန်းကျင်ရှိ တောတောင်များလည်း သစ်ဝါးများပေါများသဖြင့် စီးပွားရေးအဆင်ပြေသလို နေချင့်စဖွယ်ကောင်းလှသောရွာပင် ဖြစ်ပါသည်။

တစ်ခုထူးခြားသည်မှာ ဤပြည်နယ်၊ ဤဒေသသည် သောင်းကျန်းသူတို့ လှုပ်ရှားရာဖြစ်သော်လည်း (အနက်ရောင်ဒေသဖြစ်သော်လည်း) အေးသာယာရွာလေးနှင့် ရွာပတ်ဝန်းကျင်သို့ မည်သည့်သောင်းကျန်းသူမျှ လာရောက်ခြင်းမရှိပေ။ ထို့ကြောင့် အနက်ရောင်ဒေသနယ်မြေရှိ အေးသာယာရွာလေးသည် နာမည်နှင့်လိုက်အောင်ပင် အေးဆေးသာယာ၍ နေချင့်စဖွယ်ပင်ဖြစ်ပါသည်။

ထိုသို့ အေးဆေးသာယာ၍ နေချင့်စဖွယ်ကောင်းလှသော အေးသာယာရွာလေးသည် တစ်နေ့တွင်တော့ ကြီးမားလှသော ပြဿနာတစ်ရပ် ဖြစ်ပေါ်၍လာပါတော့သည်။

ထိုတစ်နေ့ကား အေးသာယာရွာ၏ ကျေးရွာပြည်သူ့ကောင်စီဥက္ကဋ္ဌဖြစ်သူ အဘဦးစံသည် စခန်းကုန်းပေါ်သို့ တက်လာပြီး ရောက်ရောက်ချင်းပင်–

'ဆရာကြီးရေ‥ကျုပ်တို့ရွာတော့ ဒုက္ခဖြစ်ပြီထင်ပါရဲ့ဗျာ'

အချီးမပါ နိဒါန်းမပါဘဲ ပြောလာ၍ တပ်ကြပ်ကြီးခင်ထွန်းသည် ရင်ထိတ်၍သွားပါသည်။ နယ်မြေဒေသ လုံခြုံရေးနှင့် အေးချမ်းသာယာရေးကို တာဝန်ယူထားရသော တပ်ကြပ်ကြီးခင်ထွန်းသည် ရန်သူများဝင်လာလို့လားဟူသောအတွေးကို ရုတ်တရက်တွေးလိုက်မိပြီး ရပ်ရွာအတွက် စိုးရိမ်၍သွားမိပါသည်။

သို့သော် ဟန်ကိုယ့်ဖို့ဆိုသည့်အတိုင်း မည်သို့မျှမဖြစ်သည့် အနေအထားဖြင့် ဟန်လုပ်ရပါသည်။

'ကဲပါ ဥက္ကဋ္ဌကြီးရယ်၊ ထိုင်ပါဦးဗျာ။ အမောအပန်းဖြေပြီးမှ ပြောစရာရှိတာကို ပြောပါဗျာ'

တပ်ကြပ်ကြီးခင်ထွန်းသည် ဥက္ကဋ္ဌဦးစံအား ဝါးတွင်းလျှားထိုင်ခုံတွင် ထိုင်ခိုင်းသော်လည်း ဥက္ကဋ္ဌဦးစံကမူ ထိုင်



www.burmeseclassic.com

www.burmeseclassic.com

သေးဘဲ မတ်တတ်ရပ်လျက်ပင် ပြောပါသည်။

'အရေးကြီးတယ် ဆရာကြီး'

'ဟုတ်ကဲ့၊ ကောင်းပါပြီ ဥက္ကဋ္ဌကြီးရယ်။ ထိုင်ပါဦး ဗျာ။ ထိုင်ပြီးမှ ပြောပါဗျာ'

'ဟုတ်ကဲ့၊ ဟုတ်ကဲ့ ဆရာကြီး'

ဥက္ကဋ္ဌဦးစံထိုင်သည်နှင့် တပ်ကြပ်ကြီးခင်ထွန်းသည် အလိုက်သိစွာပင် ရေအိုးမှရေတစ်ခွက်ကို ခပ်ပေးလိုက်သည်။ ဦးစံသည် ရေဆာနေသည်ထင့် တပ်ကြပ်ကြီးခင်ထွန်းခပ်ပေးသောရေကို မနားတမ်းပင် မော့သောက်လိုက်ပါသည်။

'ကျေးဇူးပဲ ဆရာကြီးရေ၊ ခုမှပဲ အမောပြေသွားတော့တယ်'

'ဟုတ်ကဲ့၊ အမောပြေပြီဆိုရင်တော့ ဥက္ကဋ္ဌကြီးပြောမယ့် အရေးကြီးတယ်ဆိုတဲ့ကိစ္စကို ပြောပြပါဦးဗျာ'

'ဒီလိုပါဆရာကြီး..အခု ကျွန်တော်တို့ရွာမှာ ကလေးငယ်တွေ သေနေကြတယ်ဗျာ'

ဥက္ကဋ္ဌကြီးဦးစံ၏စကားကြောင့် တပ်ကြပ်ကြီးခင်ထွန်း၏ စိုးရိမ်ပူပန်နေမှုများ ပြေပျောက်၍သွားပါသည်။ စောစောကမူ အချိန်ကာလကြာကြာအထိ အေးချမ်းသာယာလာခဲ့သော အေးသာယာရွာလေးသည် ရန်သူသောင်းကျန်းများ၏ ရန်ကြောင့်များလားဟူ၍ စိုးရိမ်မိနေရာမှ ယခုတော့ ရွာထဲတွင် ကလေးငယ်များသေနေသည်ဟုပြောလာ၍ စိုးရိမ်မှုများ ပြေလျော့သွားခြင်းပင်ဖြစ်ပါသည်။

သို့သော် ပြည်သူ့တပ်မတော်သားဆိုသည်က ပြည်သူလူထု၏အကျိုးစီးပွားကို အစဉ်ဦးထိပ်ထားပြီး ပြည်သူလူထု၏ ဘာသာအယူဝါဒ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများကို လေးစားလိုက်နာရမည့်အပြင် လိုအပ်ပါက ၎င်းတို့၏လူမှုရေးကိစ္စရပ်များကိုပါ ကူညီရမည်မဟုတ်ပါလား။

ထို့ကြောင့်-

'ကျွန်တော် ဘယ်လိုကူညီရမလဲ ဥက္ကဋ္ဌကြီး၊ ပြောပါ။ အားမနာပါနဲ့'

လိုလိုချင်ချင်ပင် ပြောကြားလမ်းဖွင့်ပေးလိုက်ပါသည်။

'ဟုတ်ကဲ့၊ ဒီပြဿနာကိစ္စကတော့ ဆရာကြီးတို့ကူညီမှသာ ဖြစ်မယ့်ကိစ္စပါ။ ဒါကြောင့် အခုလိုလာခဲ့ရတာပါပဲ ဆရာကြီး'

'ဟုတ်ကဲ့၊ ပြောပါ ဥက္ကဋ္ဌကြီး'

'ဒီလိုပါဆရာကြီး..အခု ကျွန်တော်တို့ရွာမှာ ကလေးငယ်တွေ ဆက်တိုက်ဆိုသလို သေဆုံးနေပါတယ် ဆရာကြီး'

'ဘာရောဂါကြောင့်လဲ ဥက္ကဋ္ဌကြီး'

'ရောဂါကြောင့်မဟုတ်ဘူး ဆရာကြီး'

'ဒါဖြင့်'

'ဖုတ်ကစားနေတာပါ ဆရာကြီး'

'ဗျာ..ဖုတ်'

ဥက္ကဋ္ဌဦးစံ၏ ဖုတ်ဟူသောစကားကြောင့် တပ်ကြပ်ကြီးခင်ထွန်းသည် လွန်စွာအံ့အားသင့်သွားကာ စကားပင်ဆက်မပြောနိုင်ဘဲ ရှိသွားပါသည်။

'ဟုတ်ကဲ့၊ ဖုတ်ပါ ဆရာကြီး'

တပ်ကြပ်ကြီးခင်ထွန်းသည် ဥက္ကဋ္ဌဦးစံများ နောက်နေတာလား၊ ပြောင်နေသည်လား ထင်မိလိုက်ပြီး ဥက္ကဋ္ဌဦးစံ၏ မျက်နှာအား သေသေချာချာပင် အကဲခတ်လိုက်သည်။ သို့သော် ရပ်ကွက်လူကြီးတစ်ယောက်၏ ရှိရမည့်အင်္ဂါရပ်နှင့်အညီ ပြုမူနေတတ်သူ ဦးစံ၏မျက်နှာကား နောက်ပြောင်နေခြင်းမဟုတ်ကြောင်း သိသာထင်ရှားပါသည်။

သို့သော် တပ်ကြပ်ကြီးခင်ထွန်း၏ စိတ်ထဲတွင်တော့ ဖုတ်ဟူသည်ကိုတော့ ဘဝင်မကျမိပါ။ ဖုတ်ဆိုသည်မှာ ပြိတ္တာတစ်မျိုးဖြစ်ပြီး ဥပစ္ဆေဒကကံဖြင့် သေဆုံးသူများ၏ ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်၍နေခြင်းကို ဆိုလိုကြောင်း တပ်ကြပ်ကြီးခင်ထွန်း သိပါသည်။ သို့သော် ရှေးယခင်ကာလက ရှိကောင်းရှိမည်ဖြစ်သော်လည်း ယခုလိုခေတ်ကာလမျိုးတွင်တော့ ရှိတော့မည်မထင်ပါ။ ယုံတမ်းစကားနှယ် ဖြစ်၍နေပေပြီ။

စိတ်ကူးယဉ်ဝတ္ထုများ၌သာရှိတော့မည့် ဇာတ်ကောင်ဖုတ်ကို ဥက္ကဋ္ဌဦးစံမှ ပြောဆိုလာခြင်းကို တပ်ကြပ်ကြီးခင်ထွန်းအနေနှင့် နားမလည်နိုင်အောင် ဖြစ်ရပါသည်။

'ဥက္ကဋ္ဌကြီးပြောတာ ကျွန်တော် နားမလည်ဘူးဗျာ။ ကျွန်တော်နားလည်အောင် ရှင်းပြပါဦး'

'ဒီလိုပါ ဆရာကြီး..ခုတစ်လော ကျွန်တော်တို့ရွာမှာ ကလေးငယ်တွေ အသေအပျောက်များတာကြောင့် ကျွန်တော်လည်း စိတ်ထဲမသိုးမသန့်ဖြစ်ပြီး မသင်္ကာတာကြောင့် ရွာဦးကျောင်းဆရာတော်ကို မေးမြန်းလျှောက်ထားကြည့်ပါတယ်။ အဲဒီအခါ ဆရာတော်က သေဆုံးသွားပြီဖြစ်တဲ့ရွာထဲက လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်ထဲကို ဖုတ်ဝင်ပြီး အဲဒီဖုတ်ကောင်ဟာ ည,ညမှာ ရွာထဲဝင်လာတယ်။ ပြီးတော့ ကလေးငယ်တစ်ယောက်ယောက်ကို သွေးစုပ်တယ်ဆိုပဲဗျ။

www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့် ကလေးငယ်တွေဟာ သွေးစုပ်ခံရပြီး သေတာတဲ့ဗျ’

‘ဟုတ်ရဲ့လား ဥက္ကဋ္ဌကြီးရယ်’

‘ဟာ··ဟုတ်ပါတယ်ဗျာ။ ဆရာတော်ကိုယ်တိုင်က ပြောကြားတာပါ’

ဆရာတော်ကပြောတာဆိုသဖြင့် တပ်ကြပ်ကြီးခင်ထွန်း ငြိမ်သွားပါသည်။ စိတ်ထဲတွင်တော့ ဘဝင်မကျမိကြောင်း မျက်နှာပြင်တွင် အထင်းသားပေါ်နေပါသည်။

‘အဲဒါ ဆရာတော်ကပြောတာတော့ ဋ္ဌေးလို့နာမည်ပါတဲ့အလောင်းကို ဖုတ်ဝင်တာတဲ့။ အဲဒီအလောင်းကိုပြန်ဖော်ပြီး အလောင်းကို ဖျက်ဆီးပစ်လိုက်မှ ဖုတ်သေမှာတဲ့ဗျ’

တပ်ကြပ်ကြီးခင်ထွန်းသည် ဥက္ကဋ္ဌဦးစံ၏ စကားကြောင့် ဘုရားပင် တ,မိလိုက်ပါသည်။ အင်း··မလွယ်သောကိစ္စတစ်ရပ်ပါလားဟူ၍လည်း စိတ်ထဲမှ မှတ်ချက်ချမိလိုက်ပါသည်။

‘ဥက္ကဋ္ဌကြီး··ဒီကိစ္စမလွယ်ဘူးနော်။ အလောင်းကိုပြန်ဖော်ရမယ်ဆိုတော့ သူတို့ရဲ့မိသားစုကတော့ ခွင့်ပြုပါ့မလားဗျာ’

‘ဖြစ်ပါတယ် ဆရာကြီး။ ဒီသုံး,လေးလအတွင်းမှာ ဋ္ဌေးအမည်ပါတဲ့ မိန်းမနှစ်ယောက် သေထားတာရှိပါတယ်။ သူတို့ရဲ့အလောင်းကိုပြန်ဖော်ပြီး ဖုတ်ဝင်,မဝင်ကြည့်မယ်လို့၊ တကယ်လို့ ဖုတ်ဝင်နေတာတွေခဲ့ရင် အလောင်းကို ဖျက်ဆီးပစ်မယ်လို့ဆိုပြီး ကျန်ရစ်တဲ့မိသားစု ကာယကံရှင်တွေဆီမှာ ခွင့်တောင်းပြီးသား။ သူတို့လည်း ခွင့်ပြုပြီးသားပါဆရာကြီး။ ရပ်ရွာအကျိုးအတွက်ကိုး ဆရာကြီး’

‘ကဲ··ဥက္ကဋ္ဌကြီးပြောသလို အလောင်းကို ဖော်ပါပြီတဲ့ ဖုတ်ဝင်,မဝင်ဆိုတာ ဘယ်လိုသိမှာလဲ ဥက္ကဋ္ဌကြီး’

‘ဒါတော့လွယ်ပါတယ် ဆရာကြီး၊ အလောင်းကိုဖော်ကြည့်လို့ အလောင်းဟာ ပုံပျက်ပန်းပျက်နဲ့ ပုပ်ပွနေမယ်ဆိုရင်တော့ ဖုတ်မဝင်ဘူး။ တကယ်လို့ အလောင်းဟာ လုံးဝမပျက်စီးဘဲ သေဆုံးခဲ့စဉ်ကပုံစံအတိုင်းပဲ ရှိနေမယ်ဆိုရင်တော့ ဖုတ်ဝင်တာပဲ။ အဲဒီအလောင်းကိုတွေ့ရင်တော့ ဖုတ်ပါသေအောင် အလောင်းကိုဖျက်ဆီးပစ်ရမှာပဲ ဆရာကြီး’

‘ဒါဖြင့်လည်း ကောင်းပါပြီ။ ကျွန်တော်တို့က ဘယ်လိုကူညီရမလဲ ဥက္ကဋ္ဌကြီး’

‘အလောင်းဖော်တဲ့အချိန်မှာ ဘာမှမဖြစ်ရအောင် လိုက်ပါစောင့်ရှောက်ပေးဖို့ပါ’

‘ရပါတယ် ဥက္ကဋ္ဌကြီး၊ လိုက်ပါစောင့်ရှောက်ပေးပါမယ်ဗျာ။ ဒါနဲ့ ဘယ်နေ့မှာ အလောင်းဖော်မှာလဲဗျ’

‘မနက်ဖြန်မနက်ပါ’

‘ဗျာ··မနက်ဖြန်မနက်၊ ဟုတ်လား’

‘ဟုတ်ပါတယ်ဆရာကြီး။ မနက်ဖြန်မနက် (၇)နာရီလောက်ကို ဆရာကြီးတို့အဖွဲ့ သင်္ချိုင်းကုန်းကို လာခဲ့ကြပါဗျာ’

‘ဟုတ်ကဲ့ ဥက္ကဋ္ဌကြီး၊ စိတ်ချပါဗျာ။ ဆက်ဆက်လာခဲ့ပါ့မယ်’

◆◆◆

တပ်ကြပ်ကြီးခင်ထွန်းတို့အဖွဲ့ သင်္ချိုင်းကုန်းသို့ရောက်တော့ ရွာထဲမှ ရွာသူရွာသားများအားလုံးနီးပါးမျှ သင်္ချိုင်းကုန်းသို့ ရောက်နေသလားဟု ထင်ရလောက်အောင် ပွဲတော်လေးတမျှ စည်ကားနေသည်ကို တွေ့ရသည်။ တစ်ယောက်နှင့်တစ်ယောက် ပြောသံဆိုသံ၊ ပြောင်သံနောက်သံများနှင့် ကလေးငိုသံများကြောင့် ဆူညံ၍နေလေသည်။

မစည်ကားအပ်သောအရပ်(သင်္ချိုင်းကုန်း)တွင် စည်ကားနေခြင်းမှာ ဖုတ်ဝင်သည်ဟုတ်,မဟုတ် အလောင်းဖော်စစ်ဆေးရာတွင် ကြည့်ရှုကြရန်ပင် ဖြစ်ပါသည်။

ဥက္ကဋ္ဌဦးစံသည် တပ်ကြပ်ကြီးခင်ထွန်းတို့အဖွဲ့ကိုမြင်သည်နှင့် ပျာပျာသလဲပင် ဆီးကြိုဖိတ်ခေါ်လိုက်ပါသည်။

‘လာကြ··လာကြ ဆရာကြီးတို့’

‘ဟုတ်ကဲ့ ဥက္ကဋ္ဌကြီး၊ လုပ်ငန်းစကြတော့မလား’

‘ဟုတ်ကဲ့ ဆရာကြီး၊ စပါတော့မယ်’

တပ်ကြပ်ကြီးခင်ထွန်းသည် မိမိ၏တပ်စိတ်မှူးဖြစ်သူ တပ်ကြပ်ချစ်ဝေအား အချက်ပြလိုက်သည်။ သင်္ချိုင်းသို့မလာမီ စခန်းမှာကတည်းက သေသေချာချာစည်းဝါးကိုက် ဇာတ်တိုက်ထားပြီးဖြစ်၍ တပ်ကြပ်ချစ်ဝေ ဦးစီးသည့် တပ်စိတ်သည် ပရိသတ်အတွင်းသို့ ဝင်ရောက်သွားကြပါသည်။

တပ်ကြပ်ကြီးခင်ထွန်းမှာမူ ဥက္ကဋ္ဌဦးစံနားတွင် ရှိနေပါသည်။ တပ်ကြပ်ကြီးခင်ထွန်းသည် တိုက်ပွဲကြီးငယ်များကို အကြိမ်ကြိမ်ပင် ဆင်နွှဲခဲ့သူဖြစ်သည်။ မိမိ၏မျက်စိရှေ့မှာပင် တိုက်ပွဲကျဆုံးသူ၊ ခြေပြတ်လက်ပြတ်ဖြစ်သူ၊ ဒဏ်ရာရသူများကို မျက်ဝါးထင်ထင် မြင်တွေ့ရသလို ထိုသူများကိုလည်း ပယ်ပယ်နယ်နယ် ကိုင်တွယ်ခဲ့ဖူးပါသည်။ ရွံ့သည့်စိတ်၊ ကြောက်သည့်စိတ်ဟူ၍ နည်းနည်းမျှပင် မရှိခဲ့ပါပေ။

သို့သော် ယခုလိုသေဆုံးပြီးဖြစ်၍ မြေမြှုပ်ထားသော



www.burmeseclassic.com

www.burmeseclassic.com

အလောင်းကို ပြန်လည်ဖော်ယူကြည့်ရှုစစ်ဆေးသည်ကိုတော့ မတွေ့ဖူး၊ မမြင်ခဲ့ဖူးပါ။ ယခုတော့ မျက်ဝါးထင်ထင်မြင်တွေ့ရတော့မည်ဖြစ်၍ ကြောက်သလိုလို၊ ရွံ့သလိုလို ဘာလိုလို ညာလိုလို ဖြစ်လာသည်တော့ အမှန်ပင်ဖြစ်ပါသည်။ စစ်သားပဲကွာဟု အားတင်း၍ ဟန်လုပ်နေရသော်လည်း နှလုံးတုန် ရင်ခုန်နေသည်ကတော့ အမှန်ပင်ဖြစ်ပါသည်။

'စတူးတော့ဟေ့'

ဥက္ကဋ္ဌဦးစံက ပြောလိုက်သည်နှင့် မြေပုံဘေးနားတွင် အသင့်ရပ်နေကြသော ပေါက်ပြားကိုင်ထားကြသည့် လူရွယ် (၄)ယောက်တို့သည် မြေပုံကို တက်ညီလက်ညီတူးဖော်ကြသည်။ မြေပုံထိပ်ရှိမှတ်တိုင်ကိုကြည့်လိုက်တော့ မခင်မာဌေး၊ အသက်(၄၀)နှစ်ဟူ၍ တွေ့ရပါသည်။ မခင်ဌေးဟူသည့် နာမည်ထဲတွင် ဌေးပါသည့်အတွက် တူးဖော်ခြင်းပင်ဖြစ်ပါသည်။

မြေပုံကို တူးဖော်နေစဉ်မှာပင် ရွာသားလူငယ်အချို့မှ-

'အခြေအနေမကောင်းရင်တော့ ပြေးရမှာနော်'

'ပြေးရရင်တော့ နောက်ကျတဲ့ခြေထောက် သစ္စာဖောက်ပဲကွ'

'ဘာဖြစ်လဲကွာ။ လူနဲ့ဖုတ် အပြေးပြိုင်ကြတာပေါ့ကွာ။ ဟဲ..ဟဲ'

နောက်ပြောင်နေသည်ကို ကြားရသော တပ်ကြပ်ကြီးခင်ထွန်းသည် မသိမသာပြုံးမိလိုက်ပြီး 'အင်း..တကယ်လို့ မြေပုံဖော်လို့ ဖုတ်ကောင်ထလာရင် သေနတ်နဲ့ပစ်လည်း သေမှာမဟုတ်လို့ ငါလည်း သူတို့ပြောသလို ပြေးရမှာပဲ'ဟူ၍ စိတ်ထဲမှတွေးတောကာ မသိမသာပင် ပြေးရမည့်ပြေးလမ်းကြောင်းကို မျက်စိဝေ့ဝိုက်၍ ကြည့်ထားမိလိုက်ပါသည်။

'ဒုတ်..ဒုတ်..ဒုတ်'

မကြာမီမှာပင် မြေပုံတူးဖော်နေသောအဖွဲ့၏ ပေါက်ပြားအသွားနှင့် ခေါင်းတလားအဖုံးကို ပေါက်မိသွား၍ ဒုတ်..ဒုတ်ဟူ၍ အသံမြည်သွားပါသည်။

'ဟာ..ခေါင်းပေါ်ပြီ'

'ခေါင်းပေါ်လာပြီတဲ့'

'ခေါင်းတွေ့ပြီတဲ့'

မြေပုံတူးဖော်ကြသူများနှင့် ကျင်းအနီးအနားမှ ဝိုင်းဝန်းကြည့်နေကြသူများထံမှ အသံများထွက်ပေါ်လာသလို မြေပုံအနီးမှ မသိမသာ ရှဲ၍သွားကြသည်ကို တပ်ကြပ်ကြီးခင်ထွန်းက မြင်လိုက်ရ၍ မသိမသာပြုံးမိလိုက်သည်။ သို့သော် တပ်ကြပ်ကြီးခင်ထွန်းပင်လျှင် နောက်သို့တစ်လှမ်းဆုတ်မိလိုက်သည်။ သို့သော် ကျင်းထဲမှခေါင်းကိုတော့ လှမ်းမြင်နေရပါသည်။ ခေါင်းမှာ အနည်းငယ်ဆွေးမြည့်စပြုနေပြီဖြစ်သည်။

'အဘ..ခေါင်းအဖုံး ခွာလိုက်ရတော့မလား'

မြေပုံတူးဖော်သောအဖွဲ့ထဲမှ တစ်ယောက်က ဥက္ကဋ္ဌဦးစံသို့ ခွင့်တောင်းလိုက်သည်။

'အေး..အေး..ခွာလိုက်တော့။ သေသေချာချာလုပ်ကြဟေ့'

'ဟုတ်ကဲ့ အဘ'

မြေပုံတူးဖော်သောအဖွဲ့သည် ပေါက်ပြားများဖြင့် ခေါင်းအဖုံးကို ခွာလိုက်သည်။ ဆွေးမြည့်စပြုနေပြီဖြစ်သော ခေါင်းအဖုံးသည် ချက်ချင်းပင်ပွင့်၍သွားတော့သည်။ ခေါင်းအဖုံးပွင့်သွားသည်နှင့် လွန်စွာဆိုးရွားလှသော အပုပ်နံ့သည် ထောင်းခနဲထ၍သွားပါသည်။

'ဟာ'

'အို'

'ဟင်..နံလိုက်တာ'

စသည့်အသံများ ထွက်ပေါ်လာပြီး နှာခေါင်းပိတ်သူပိတ်၊ နောက်သို့ သိသိသာသာကြီး ဆုတ်သူဆုတ်နှင့် ဖြစ်သွားကြသည်။ ဥက္ကဋ္ဌဦးစံနှင့် တပ်ကြပ်ကြီးခင်ထွန်းတို့မှာ တာဝန်ရှိကြသူများဖြစ်ကြ၍ နှာခေါင်းကိုပိတ်ကာ ခေါင်းထဲမှရှိနေသောအလောင်းကို ကြည့်လိုက်သည်။

'အို..'

တပ်ကြပ် ကြီးခင်ထွန်း၏ အာမေဍိတ်သံသည် မတိုးမကျယ်ထွက်ပေါ်လာပါသည်။

ခေါင်းထဲမှအလောင်းကား ပုပ်ပွသည်ထက်ကျော်လွန်ကာ ရိုးရွဲ၍နေပြီး အရိုးများပင်ပေါ်နေပြီဖြစ်၍ ရှု၍မကောင်းမြင်၍မကောင်းအောင် ဖြစ်နေပေပြီ။ အော်ဂလီဆန်စရာပင်။

'ဟေ့ကောင်တွေ..ပြန်ဖုံး၊ ပြန်ဖုံး၊ အမြန်ဖုံးတော့'

ဥက္ကဋ္ဌဦးစံက မြေပုံတူးဖော်သောအဖွဲ့ကို အလောတကြီးပြောလိုက်သလို မြေပုံတူးဖော်သည့် အဖွဲ့မှာလည်း လျှင်လျှင်မြန်မြန်ပင် ခေါင်းအဖုံးကိုပိတ်၍ မြေဖို့လိုက်ကြသည်။ ထိုအခါမှပင် အပုပ်နံ့များ လျော့၍သွားသည်။ သို့သော် လုံးဝတော့ပြယ်သွားခြင်းမရှိသေးဘဲ အနည်းငယ်မျှ နံနေဆဲသာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဥက္ကဋ္ဌဦးစံ ပြောခဲ့သလိုဆိုလျှင် ယခုတူးဖော်ခဲ့သော အလောင်းမှာ ပုပ်ပွနေပြီဖြစ်၍ ဖုတ်ဝင်ခြင်း မရှိတော့ပါ။

ဤသို့ဆိုလျှင် တကယ်တမ်း ဖုတ်သာရှိရိုးမှန်လျှင် နောက်တူးဖော်မည့်အလောင်းသည် သေချာပေါက်ဖုတ်ဝင် နေသည့်အလောင်း ဖြစ်တော့မည်သာ ဖြစ်ပါသည်။

ဥက္ကဋ္ဌဦးစံ၊ တပ်ကြပ်ကြီးခင်ထွန်းနှင့် မြေပုံတူးဖော်သည့်အဖွဲ့များသည် နောက်တူးဖော်မည့်မြေပုံဆီသို့ ပြောင်းကြသည်။ ထိုအဖွဲ့နှင့်အတူ ကြောက်လည်းကြောက်၊ ကြည့်လည်းကြည့်ချင်ကြသည်။ ကြောက်ကြည့်ချင်ပရိသတ်များသည်လည်း လိုက်ပါလာခဲ့ကြပါသည်။

'ဟောကောင်တွေ..ဟိုကျရင် သတိထားတူးကြနော်'

ဥက္ကဋ္ဌဦးစံက သူ့လူများကို သွားရင်းမှ သတိပေးစကား ပြောကြားလိုက်သည်။ မှန်ပါသည်၊ တပ်ကြပ်ကြီးခင်ထွန်း တွက်သလို ဥက္ကဋ္ဌဦးစံလည်း တွက်မည်သာ။

ဖုတ်ကောင်သည် သေချာပေါက်ရှိနေပြီဖြစ်ရာ ပထမဦးဆုံးတူးဖော်သော အလောင်းသည် ပုပ်ပွရိရွဲနေပြီဖြစ်၍ ဖုတ်ဝင်မှု မရှိပါ။

နောက်ထပ်၍ တူးဖော်မည့်အလောင်းတွင်သာ ဖုတ်ဝင်နေမည်မှာ သေချာပေါက်ဖြစ်၍ ဥက္ကဋ္ဌဦးစံက သတိပေးစကား ပြောကြားလိုက်ခြင်းပင် ဖြစ်ပါသည်။

'စိတ်ချပါအဘ၊ ဟုတ်ပြီဆိုတာနဲ့ ပေါက်ပြားစာကျွေးပစ်လိုက်မယ်ဗျာ။ ဟဲ..ဟဲ'

မြေပုံတူးဖော်သောအဖွဲ့ထဲမှ တစ်ယောက်က ဤကဲ့သို့ ခပ်ကြွားကြွားပြောလာသည်။ ထိုစကားကြောင့် တပ်ကြပ်ကြီးခင်ထွန်းက ပြုံးလိုက်ပြီး 'အင်း..ဒီလိုကြွားတွေပေါ့၊ ဖြစ်ပြီဟေ့ဆိုတာနဲ့ ရှေ့ဆုံးကပြေးကြတာ'ဟု စိတ်ထဲမှမှတ်ချက်ချလိုက်သည်။

ယခုတူးဖော်ရမည့်မြေပုံရှင်ကတော့ မငွေငွေလွင်၊ အသက်(၃၅)နှစ်ဟူ၍ ဖြစ်ပါသည်။

'ဆရာကြီး..ဒီငွေငွေလွင်က စောစောကတူးခဲ့တဲ့ ခင်မာငွေးထက် နှစ်လလောက် စောသေတာ'

ဥက္ကဋ္ဌဦးစံက တပ်ကြပ်ကြီးခင်ထွန်းနားသို့ကပ်၍ တိုးတိုးပြောကြားသည်။

'ကဲ..တူးကြတော့ဟေ့'

ဥက္ကဋ္ဌဦးစံက ပြောလိုက်သည်နှင့် မြေပုံတူးဖော်သောအဖွဲ့သည် စောစောကအတိုင်း တက်ညီလက်ညီတူးဖော်ကြပါသည်။ မြေကြီးမှာ ခပ်ပွပွဖြစ်၍ သိပ်ကြာကြာမတူးလိုက်ရပါ။ ခဏအတွင်းမှာပင် ခေါင်းပေါ်၍လာပါသည်။

'အဘ..ခေါင်းပေါ်လာပြီ'

မြေပုံတူးဖော်သောအဖွဲ့မှ တစ်ယောက်က ဥက္ကဋ္ဌဦးစံသို့ လှမ်းပြောလိုက်ရာ ဥက္ကဋ္ဌဦးစံနှင့် တပ်ကြပ်ကြီးခင်ထွန်းတို့သည် ကျင်းအနီးသို့ တိုးကပ်၍ ကျင်းထဲသို့ ကြည့်လိုက်ကြသည်။ ခေါင်းမှာ စောစောကတူးဖော်ခဲ့သည့်ခေါင်းထက် တော်တော်ကြီးပင် ကောင်းသေးကြောင်း တွေ့ရသည်။

'အဖုံးကို သေသေချာချာခွာကြ ဟောကောင်တွေ၊ ငါက ဘာမှမပြောသေးဘဲနဲ့ ဘာမှမလုပ်ကြနဲ့နော်'

ဥက္ကဋ္ဌဦးစံက သူ့လူများကို သေသေချာချာ မှာကြားပြောဆိုပါသည်။

ထိုစဉ်မှာပင် လာရောက်ကြည့်ရှုကြသူ လူငယ်လူရွယ်များမှ-

'ပြေးကြစို့ မောင်တို့ရေ'

'အေးဟေ့..အေးဟေ့'

'ညီစေနော်'

'ညီစေ..ညီစေ'

အကြောက်တရားကို ဟန်လုပ်ဖုံးကွယ်ရင်းမှ သံချပ်ပမာ ပြောဆိုနေကြသည့်အတွက် တပ်ကြပ်ကြီးခင်ထွန်းက ပြုံးမိလိုက်သေးသည်။ အကယ်၍ တကယ်သာ ဖုတ်ဟုတ်ခဲ့လျှင် ဤသံချပ်အဖွဲ့သည် ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ပြေးကြမည်ဖြစ်ကြောင်းပါ ရိပ်စားမိလိုက်သည်။

ဥက္ကဋ္ဌဦးစံကတော့ ထိုလူငယ်များကိုကြည့်၍ ခပ်ပြုံးပြုံးလုပ်၍နေပါသည်။

ထိုစဉ်မှာပင်-

'အဘ..ခေါင်းအဖုံး ခွာလိုက်ရမလား'

မြေပုံတူးဖော်သောအဖွဲ့မှ တစ်ယောက်က ဥက္ကဋ္ဌဦးစံသို့ ပြောလိုက်သည်။

'အေး..ခွာလိုက်တော့။ ဂရုစိုက်ကြဟေ့နော်'

'ဟုတ်ကဲ့ အဘ'

မြေပုံတူးဖော်သောအဖွဲ့သည် ပေါက်ပြားများဖြင့် ခေါင်းအဖုံးကို ထိုးကော်၍ ခွာကြသည်။ ခေါင်းမှာ တော်တော်ပင်ကောင်းသေး၍ စောစောက ခင်မာငွေး၏ခေါင်းလို လွယ်လွယ်ကူကူ မပွင့်ပါ။ ခဏကြာမှသာ ပွင့်သွားသည်။ အံ့သြဖွယ်ရာပင် အပုပ်နံ့လုံးဝမထွက်ပါပေ။

ဥက္ကဋ္ဌဦးစံ၊ တပ်ကြပ်ကြီးခင်ထွန်းနှင့် လာကြည့်ကြသူ



www.burmeseclassic.com

www.burmeseclassic.com

များသည် မြေကျင်းထဲသို့ ကြည့်လိုက်ကြသည်နှင့်-

'ဟင်'

'အို'

'အလိုလေးလေး..ဟုတ်မှဟုတ်ရဲ့လား'

စသည့် အံ့သြသည့်အာမေဍိတ်သံများ ဆူညံစွာထွက်ပေါ်လာကြပြီး ကြည့်ကြသူများသည် ကျင်းအနီးအနားမှနေ၍ တော်တော်များများပင် ဆုတ်သွားကြသလို ကျင်းထဲရောက်ရှိနေသည့် မြေပုံတူးဖော်သော အဖွဲ့သည်လည်း မျောက်ကပင် အရှုံးပေးရလောက်အောင် လျင်မြန်စွာဖြင့် အပေါ်သို့ ခုန်တက်လာကြပါသည်။ ဖုတ်ဆိုတော့လည်း ကြောက်ကြသည်ကိုး..။

မယုံနိုင်စရာပင်၊ တကယ်လည်းမဖြစ်နိုင်သည့်ဖြစ်ရပ်ဖြစ်နေသည်။ မျက်မြင်ကိုယ်တွေ့ မဟုတ်ပါက ယုံနိုင်ဖွယ်ရာမရှိသည့် မြင်ကွင်းပင်ဖြစ်သည်။ အံ့သြစရာကောင်းလွန်းလှပါသည်။

တပ်ကြပ်ကြီးခင်ထွန်းသည် မိမိများ အကြည့်မှားသည်လားဟု စိတ်ထဲ ဇဝေဇဝါဖြစ်မိပြီး မျက်စိကိုပွတ်သပ်ကာ ထပ်မံကြည့်လိုက်သည်။ အကြည့်ကားမမှားပါ။ အထင်းသား အရှင်းသား မြင်တွေ့နေရပါသည်။ အားလုံးသည် ဆန်းကြယ်လှသည့်မြင်ကွင်း၊ မဖြစ်နိုင်သည့်(မယုံနိုင်သည့်) မြင်ကွင်းဖြစ်၍ အံ့အားသင့်နေကြပါသည်။

အလောင်းကား စောစောကအလောင်းလို ပုံပျက်ပန်းပျက် ဖြစ်မနေသည့်အပြင် လူကောင်းပကတိ အိပ်နေသည့် အတိုင်းပင် ဖြစ်နေသည်။ လိမ်းကျံထားသည့် သနပ်ခါးလည်း အဖွေးသားပင် ရှိနေပါသေးသည်။ ယုံနိုင်ဖွယ်ရာမရှိသည့် ဖြစ်ရပ်မြင်ကွင်းပင်ဖြစ်ပါသည်။

'ဒါ..ဒါဟာ ဖုတ်..ဖုတ်ဝင်နေတာပဲကွ'

ဥက္ကဋ္ဌဦးစံက အထိတ်တလန့် ပြောကြားလိုက်ရာ-

'ဟာ..ဖုတ်ဝင်နေတာပဲဟေ့'

'ဟင်..ဖုတ်..ဖုတ်တဲ့'

'ပြေးကြဟေ့..ပြေးကြ'

လာကြည့်ကြသူများသည် တစ်ယောက်တစ်ပေါက် ဆူညံစွာဖြင့် အထိတ်တလန့်ပြောဆိုကြပြီး စာချို့လည်း ရွာသို့ ပြန်ပြေးကြပါသည်။ မြေပုံကျင်းနားနှင့် မနီးမဝေးတွင်တော့ သတ္တိကောင်းသူအချို့နှင့် တာဝန်ရှိကြသော ဥက္ကဋ္ဌဦးစံ၊ တပ်ကြပ်ကြီးခင်ထွန်း၊ မြေပုံတူးဖော်သည့်အဖွဲ့သာလျှင် ကျန်ခဲ့ကြပါသည်။

'ဥက္ကဋ္ဌကြီး..ဘယ်လိုလုပ်ကြမလဲ'

'ဒါဟာ ဖုတ်ဝင်နေတာပဲ ဆရာကြီး။ ဆရာကြီးပဲစဉ်းစားကြည့်လေ။ စောစောက တူးခဲ့တဲ့ခင်မာဌေးရဲ့အလောင်းက ဒီဌေးဌေးလွင်ထက် နှစ်လလောက်နောက်ကျသေတာတောင်မှ ပုပ်ပွပြီး အရိုးကျနေပြီ။ ခင်မာဌေးထက် နှစ်လလောက်စောပြီးသေတဲ့ ဒီဌေးဌေးလွင်က ဘာမှမဖြစ်သေးတဲ့အပြင် သနပ်ခါးတောင်မပျက်ဘူး။ ဒီတော့ ဒါ ဖုတ်ဝင်နေတာ အမှန်ပဲဗျာ'

'အဲဒီတော့ ဖုတ်ပျောက်ဖုတ်ထွက်သွားအောင် ဘယ်လိုလုပ်မလဲ ဥက္ကဋ္ဌကြီး'

'ဟုတ်ကဲ့ဆရာကြီး၊ ကျွန်တော်စီစဉ်ထားပါတယ်။ ကဲဟေ့..လုပ်ငန်းစကြတော့။ ခပ်မြန်မြန် ခပ်သွက်သွက်လုပ်ကြဟေ့'

ဥက္ကဋ္ဌဦးစံက ပြောလိုက်သည်နှင့် မြေပုံတူးဖော်သည့်အဖွဲ့ထဲမှ လူတစ်ယောက်သည် ချုံပုတ်အနားတွင် ထောင်ထားသော ပလတ်စတစ်ပုံးကို လျင်မြန်စွာသွားယူပြီး အဖုံးဖွင့်၍ ကျင်းထဲသို့ သွန်ချလိုက်သည်။ ဓာတ်ဆီပင်ဖြစ်ပါသည်။ ပုံးထဲရှိ ဓာတ်ဆီအားလုံး ကုန်သွားသည်နှင့် မီးခြစ်ခြစ်၍ ကျင်းထဲသို့ ပစ်ချလိုက်ရာ ဝုန်းခနဲမြည်သံနှင့်အတူ မီးတောက်ကြီးသည် ကျင်းနှုတ်ခမ်းထက်သို့ပင် ရောက်ရှိ၍လာပါသည်။ မည်းမှောင်သောမီးခိုးလိပ်တို့သည် ကောင်းကင်ထက်သို့ တက်သွားကြသည်။

မီးတောက်ကြီးနှင့်အတူ အား..အင်းဟူသည့် မတိုးမကျယ် အသံသည်လည်း ထွက်၍လာပါသည်။ လူသေကောင်၏ခန္ဓာကိုယ်ထဲ၌ ခိုဝင်အောင်းနေသော ဖုတ်ကောင်ပါ မီးလောင်၍ မချိမဆံ့ခံစားရင်းမှ အော်ဟစ်ညည်းညူခြင်းပင်ဖြစ်တန်ရာသည်။

'အဲဒါပေါ့ ဆရာကြီး၊ တစ်ခါသာသေရတာမဟုတ်ဘဲ နှစ်ခါသေရတာလေ။ နှစ်ခါပြန်သေရတဲ့လူပေါ့ဗျာ'


ဥက္ကဋ္ဌဦးစံက တပ်ကြပ်ကြီးခင်ထွန်းအား တိုးတိုးပြောလာပါသည်။ တပ်ကြပ်ကြီးခင်ထွန်းကတော့ အံ့သြဆန်းကြယ်လွန်းလှသော ဖုတ်ဝင်သည့်ဖြစ်ရပ်ကိုကြည့်ရင်းမှ တွေတွေကြီးပင် ရပ်၍နေလေသည်။ စိတ်ထဲတွင်တော့ နောက်နောင် ဤသို့သောဖုတ်ဝင်သည်မျိုး မဖြစ်ပါစေနှင့်။ ရွာထဲက ကလေးငယ်များလည်း မသေဆုံးပါစေနှင့်ဟူ၍ ဆုတောင်းနေပါတော့သည်။

မောင်မောင်ချစ်ငြိမ်း(မုံရွာ)



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သောနှစ်ဆယ့်ငါးနှစ်ခန့်ကဖြစ်ပြီး ထိုစဉ်က ကျွန်တော်သည် မြေလတ်မြို့ကြီးတစ်မြို့ရှိ စက်ရုံကြီးတစ်ရုံတွင် ဝင်ရောက်တာဝန်ထမ်းဆောင်နေသော အချိန်ဖြစ်သည်။

စက်ရုံကြီးတစ်ရုံဟုဆိုသော်လည်း အမှန်တကယ်အားဖြင့် စက်ရုံစုဟု ခေါ်ဆိုရမည်ဖြစ်ပါသည်။ စက်ရုံဝင်းကြီးက မြို့နှင့်အနည်းငယ်အလှမ်းကွာဝေးသော ရွာကြီးတစ်ရွာ၏အစွန် ဧရာဝတီမြစ်ကမ်းဘေးတွင်တည်ရှိပြီး ဘေးပတ်ဝန်းကျင်တွင်လည်း ယာကွက်များသာရှိသောကြောင့် သီးခြားလိုဖြစ်နေသည်။

ယခင်က စတီးဘရားသားကုမ္ပဏီမှ အိန္ဒိယလူမျိုးများ



www.burmeseclassic.com

www.burmeseclassic.com

က စတင်တည်ထောင်ပိုင်ဆိုင်ကြပြီး နောက်ပိုင်းတွင် ပြည်သူပိုင်သိမ်းပြီးနောက် နိုင်ငံတော်ပိုင်ဖြစ်လာသော စက်ရုံကြီးဖြစ်သည်။

ထိုအချိန်က ရောဝတီမြစ်ကြောင်းကိုသာ အားကိုးကြပြီး လှေ၊ သင်္ဘော၊ မော်တော်များနှင့် ကူးသန်းသွားလာရောင်းဝယ်ကြသောကြောင့် အများအားဖြင့် စတီးဘရားသားပိုင် စက်ရုံများသည် မြစ်ကမ်းနံဘေးတွင် တည်ဆောက်ထားသည်က များသည်။

စက်ရုံများ၏ အနီးပတ်ဝန်းကျင်တွင်လည်း တမာပင်ကြီးများ စိုက်ထားကြပြီး ကြိတ်ခွဲထုလုပ်ရာမှ ထွက်ရှိလာသည့် အမှုန်အမွှားများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရောဂါများအတွက် တမာပန်းရနံ့က သက်သာစေနိုင်သည်ဟု လူကြီးများပြောသံကြားဖူးသည်။

စက်များလည်ပတ်ရန်အတွက် အင်ဂျင်စက်ကြီးများအား လောင်စာဆီမသုံးစွဲဘဲ ရေနွေးငွေ့သုံး ဘွိုင်လာကြီးများဖြင့် လည်ပတ်စေသောကြောင့် များစွာအမြတ်အစွန်းရသော လုပ်ငန်းတစ်ခုဖြစ်သည်။

ရှေ့မီနောက်မီလူကြီးများ၏ ပြောပြချက်အရ လွန်ခဲ့သောနှစ်ပေါင်းများစွာက မြို့သို့ အလွန်ပြင်းထန်သော လေမုန်တိုင်းကြီးတစ်ခု ဝင်ရောက်တိုက်ခိုက်ခဲ့ရာ တစ်မြို့လုံးရှိ အဆောက်အအုံများ ပြိုလဲပျက်စီးခဲ့သည်။

ထိုအထဲတွင် စတီးဘရားသားလက်အောက်ရှိ ဝါစက်ကြီးတွင်လည်း မုန်တိုင်းဒဏ်ကို အလူးအလဲခံခဲ့ရသည်။ ဂိုဒေါင်များ ပြိုကျပျက်စီးပြီး စက်ရုံများမှ သွပ်ပြားများကလည်း စက်ရုံတစ်ခုလုံး ပလူပျံအောင် လွင့်ပျံကုန်သည်။

ညနေစောင်းဖြစ်သောကြောင့် ကြောက်အားလန့်အားနှင့် ထွက်ပြေးကြသော အလုပ်သမားများနှင့် တချို့ကလည်း လောဘဇောတက်ကာ လွင့်ပျံလာသော သွပ်ပြားများအား ထွက်ကောက်ကြရာ လေမုန်တိုင်းအရှိန်ဖြင့်လွင့်လာသော သွပ်ပြားများက ဟင်းလင်းပြင်တွင်ရောက်နေသော လူတော်တော်များများ၏ ဦးခေါင်းများပြတ်သူပြတ်၊ သေသူသေ ဖြစ်ကုန်ကြသည်။

မုန်တိုင်းငြိမ်သွား၍ စစ်ကြည့်သောအခါ စက်ရုံတစ်ခုလုံး လူတော်တော်များများသေကုန်၍ အသက်မသေဘဲ ကျန်ရစ်ခဲ့သူများမှာလည်း ခြေပြတ်၊လက်ပြတ် ဒဏ်ရာရသူများက မနည်းလှ။

ထို့ကြောင့် စက်ရုံဝင်းတစ်ခုလုံး နေရာအနှံ့လူတွေသေကုန်ကြ၍ ယခင်က နေ့လယ်နေ့ခင်းပင် ခြောက်လှန့်တတ်သည်ဟုဆိုသည်။

ကျွန်တော်တို့တာဝန်ထမ်းဆောင်သည့် ကာလများတွင်တော့ ယခင်ကလောက် မဆိုးတော့။ စက်ရုံအတွင်း ဝါဆိုသင်္ကန်းကပ်ခြင်း၊ နှစ်ဆန်း(၁)ရက်နေ့တွင် ဘုန်းကြီးများပင့်၍ ပရိတ်တရားများနာယူခြင်း စသဖြင့် အလှူဒါနများပြုလုပ်၍ အမျှအတန်းများ ပေးဝေသောကြောင့် တဖြည်းဖြည်းနှင့် အခြောက်အလှန့်များ သက်သာလာခြင်းဖြစ်သည်။

သို့ရာတွင် စက်ဝင်းကြီးတစ်ခုလုံး ညအချိန်တွင် လှည့်လည်သွားလာနေတတ်သော အလုပ်သမားများက စိန်မျက်လုံးဟု အမည်ပေးထားသည့် မျက်လုံးကြီးနှစ်လုံးကိုတော့ ညဆိုင်းတာဝန်ကျသည့် အလုပ်သမားများနှင့် လုံခြုံရေးဝန်ထမ်းအတော်များများက မြင်ဖူးကြသည်။

အတော်အတန်ကြီးမား ပြောင်လက်နေသော မျက်လုံးပုံသဏ္ဌာန် အလုံးကြီးနှစ်လုံးဖြစ်ပြီး စက်ရုံဝင်းကြီးတစ်ခုလုံး တစ်နေရာမှတစ်နေရာ သွားလာနေတတ်ခြင်းဖြစ်သည်။

စက်ရုံဝင်းကြီးမှာ ကျယ်ဝန်းလှပြီး ရွာအစွန်တွင် ဖြစ်သည့်အတွက် ပစ္စည်းများမပျောက်ရှစေရေးအတွက် တစ်နေ့လျှင် သုံးဆိုင်းနှုန်းဖြင့် လုံခြုံရေးအစောင့်များကို အလှည့်ကျတာဝန်ချထားရသည်။

စက်ဝင်းပတ်လည်တွင် လုံခြုံရေးတဲလေးများ ဆောက်ပေးထားပြီး တစ်နေရာနှင့်တစ်နေရာ လှမ်း၍မြင်သာသောနေရာများတွင် တာဝန်ချထားခြင်းဖြစ်သည်။

စက်ရုံဝင်ပေါက်၏ ပင်မတံခါးကြီး နေရာတွင်လည်း လုံခြုံရေးတဲတစ်လုံး ဆောက်ပေးထားပြီး လူဝင်၊လူထွက်နှင့် ယာဉ်အဝင်အထွက်ကိုပါ ကြီးကြပ်စစ်ဆေးပေးရသည်။

ပင်မအဝင်ပေါက်ကြီးတစ်ဖိုက်တွင် ကြီးမားလှသည့် ကုက္ကိုပင်ကြီးများ အုံ့ဆိုင်းစွာရှိနေပြီး နေပြောက်မထိုးအောင်ပင် အရိပ်ကောင်းလှသည်။

ပင်မဝင်ပေါက်ကြီးနှင့် မလှမ်းမကမ်းတွင် ကျွန်တော်တို့ လုပ်ငန်းဆောင်ရွက်ရာ ရုံးခန်းရှိသည်။ လုံခြုံရေးများအား (၈)နာရီလျှင်တစ်လှည့် လဲပေးရပြီး တစ်ဆိုင်းလျှင် ငါးယောက်ခန့် ပုံမှန်စောင့်ကြရသည်။

အခြားနေရာများတွင် တစ်လတစ်ကြိမ်နေရာနှင့် အချိန်အား ပြောင်းလဲနေရာချထားပေးသော်လည်း ပင်မဂိတ်ကြီးနေရာတွင်တော့ ဦးသောင်းဆိုသည့် လုံခြုံရေးအဘိုးကြီးအား အချိန်နှင့်နေရာမပြောင်းဘဲ တာဝန်ချထားခဲ့သည်မှာ [illegible]



www.burmeseclassic.com

www.burmeseclassic.com

ကြာမြင့်ပြီဖြစ်ပါသည်။

ဦးသောင်းကလည်း စက်ရုံကြီးတွင် အနှစ်နှစ်ဆယ်ခန့်ကြာ လုံခြုံရေးတာဝန်ကို ထမ်းဆောင်ခဲ့သောကြောင့် အလုပ်တာဝန်အပေါ်တွင် အလွန်သံယောဇဉ်ကြီးလှသည်။

မူလပင်ကိုစိတ်ထား ကောင်းမွန်သူတစ်ဦးဖြစ်သည့်အပြင် အရက်သေစာသောက်စားခြင်းမရှိဘဲ ပတ်ဝန်းကျင်နှင့်လည်း အဆင်ပြေအောင် ပေါင်းသင်းဆက်ဆံတတ်သဖြင့် တာဝန်ထမ်းဆောင်ခဲ့သော အနှစ်နှစ်ဆယ်ခန့်အတွင်း အပြစ်တစ်စုံတစ်ရာပင် မရှိခဲ့ပါ။

အသက်ခြောက်ဆယ်ခန့် ရှိပြီဖြစ်သော်လည်း ကျန်းမာသန်စွမ်းဆဲဖြစ်ပြီး သူ့ထက် အသက်နှစ်ဆယ့်ငါးနှစ်ခန့်ငယ်သော ဇနီးနှင့် ဆယ်နှစ်အရွယ် သားလေးတစ်ဦးသာရှိသည်။

ပထမဇနီး ဆုံးသွားသဖြင့် နောက်ထပ်အိမ်ထောင်ထူခဲ့ခြင်းဖြစ်ပြီး သေဆုံးသွားသောဇနီးနှင့် သားသမီးမကျန်ခဲ့ပါ။ အလုပ်အားလျှင်တော့ ဆေးလိပ်ကို တစ်လိပ်ပြီးတစ်လိပ် သောက်နေတတ်သည်။

ပင်မဂိတ်ကြီးတွင် တာဝန်ယူရသောကြောင့် တာဝန်ကြီးသလို တစ်နေကုန် အလုပ်နားရသည် မရှိသော်လည်း ဦးသောင်းကတော့ အပြုံးမပျက်ဘဲ နေ့စဉ်ပုံမှန်တာဝန်ထမ်းဆောင်လာခဲ့သည်မှာ နှစ်ကာလအတန်ကြာခဲ့ပြီဖြစ်ပါသည်။

◆ ◆ ◆

မနက်(၈)နာရီထိုး၍ ကျွန်တော် စက်ရုံသို့ရောက်သည်နှင့် အဝင်ဂိတ်တဲလေးတွင် ဦးသောင်းအား ရေနွေးအိုးတစ်လုံးနှင့် တွေ့ရတတ်ပြီး ကျွန်တော့်အားမြင်သည်နှင့် အမြဲနှုတ်ဆက်တတ်သည်။

‘မောင်မြင့်အေး··လာပြီလားဟေ့။ စောပါသေးတယ်ကွာ။ ရေနွေးကြမ်းသောက်ပါဦး’

‘ဟုတ်ကဲ့ ဦးလေးသောင်း’

ကျွန်တော်ဝင်ထိုင်ပြီး ရေနွေးတစ်ခွက်၊ နှစ်ခွက်သောက် ဦးသောင်းနှင့် စကားစမြည်ခဏပြောပြီးမှ ရုံးခန်းသို့ ဆက်သွားလေ့ရှိသည်။

ဤသို့ဖြင့်နေလာခဲ့ရာ တစ်နေ့မနက်တွင်တော့ ကျွန်တော် စက်ရုံဝင်းထဲသို့ ဝင်လိုက်သည်နှင့် ဦးသောင်းအား တွေ့လိုက်ရပြီး မျက်နှာမကောင်းသည်ကို တွေ့လိုက်ရသဖြင့် မေးလိုက်မိသည်။

‘ဦးလေးသောင်း··နေမကောင်းဘူးလား။ ဘာပြဿနာရှိလို့လဲ’

‘နေကောင်းပါတယ်ကွာ။ ဘာပြဿနာမှလည်း မရှိပါဘူး။ ရေနွေးသောက်ဦးလေကွာ’

‘မသောက်တော့ပါဘူး ဦးလေး။ ဒီနေ့ လုပ်စရာလေးတွေ နည်းနည်းများလို့ပါ’

ကျွန်တော် ရေနွေးပင်မသောက်တော့ဘဲ ရုံးထဲသို့တန်းဝင်ခဲ့သည်။ ထိုနေ့တစ်နေ့လုံး အလုပ်ရှုပ်နေသဖြင့် ဦးလေးသောင်းထံ မရောက်တော့ပါ။

နောက်ရက်တွေလည်း နေ့တိုင်းလိုလိုပင် ဦးသောင်း မျက်နှာမကောင်းဘဲ ဖြစ်နေသည်ကို ကျွန်တော်တွေ့နေရသဖြင့် မေးချင်သော်လည်း ပြောမပြလိုသည့် လူမှုရေးကိစ္စများ ဖြစ်နေပါက အားနာစရာကောင်း၍ မမေးဖြစ်ခဲ့ပါ။

သုံးရက်ခန့်ကြာသွားပြီး တစ်မနက်မှာတော့ ကျွန်တော် ရှစ်နာရီထိုး စက်ရုံအဝသို့ရောက်ရှိ၍ ထုံးစံအတိုင်း ကြည့်မိရာ ဦးသောင်းကို မတွေ့ရဘဲ အခြားလုံခြုံရေးတစ်ဦး ထိုင်နေသည်ကို တွေ့လိုက်ရသဖြင့် မေးလိုက်မိသည်။

‘ကိုအောင်မြင့်ရေ··ဒီနေ့ ဒီမှာ ခင်ဗျားအလှည့်လား။ ဦးသောင်းနဲ့ လဲလိုက်တာထင်တယ်။ ဒါမှမဟုတ်ရင်လည်း ဦးသောင်းများ နေမကောင်းလို့လား’

‘မဟုတ်ပါဘူး ကိုမြင့်အေးရာ၊ ခင်ဗျားက အခုမှလာတာဆိုတော့ မသိသေးဘူးထင်တယ်။ ဒီနေ့မနက် ဂိတ်မှာ ဂျူတီချိန်းပြီး ခုနစ်နာရီလောက်မှာ ဦးသောင်း မူးလဲသွားလို့ အခု ဆေးရုံကို ခေါ်သွားကြပြီ’

‘ဘယ်လိုဖြစ်တာလဲဗျာ။ အခုရော ဘာသတင်းကြားသေးလဲ’

‘ဘာသတင်းမှတော့ မကြားရသေးဘူး။ မနက်က အလုပ်ထဲလာတဲ့ အလုပ်သမားတွေတွေ့တာတဲ့။ သူတို့တွေ့တော့ ဦးသောင်း ပက်လက်လန်လဲနေပြီး သတိမေ့နေပြီ။ အဲဒါကြောင့် ဆေးရုံကို အမြန်ခေါ်သွားကြတာ’

‘စက်ရုံမန်နေဂျာကိုရော သတင်းပို့ပြီးပြီလား’

‘ပို့ပြီးပြီ ကိုမြင့်အေး၊ ဆေးရုံကို လိုက်သွားပြီထင်တယ်’

‘တစ်ခုခုအစားမှားတာများ ဖြစ်နေမလားဗျာ’

ကျွန်တော် စက်ဘီးဖြင့် ဆေးရုံသို့ အမြန်ထွက်ခဲ့သည်။ ဆေးရုံတွင် စက်ရုံမန်နေဂျာလည်း ရောက်နေပြီး ဝန်ထမ်းတချို့လည်း တွေ့လိုက်သည်။ ရောက်ရောက်ချင်း စက်ရုံမန်နေဂျာအား ကျွန်တော် အလျင်စလို မေးလိုက်မိသည်။

‘အစ်ကို··အခြေအနေဘယ်လိုရှိလဲ’

www.burmeseclassic.com

www.burmeseclassic.com

'အခြေအနေက သိပ်မကောင်းဘူးကွ။ အခုထိ သတိပြန်မရသေးဘူး'

ခဏအကြာတွင် ဆေးရုံမှတာဝန်ရှိသူတစ်ဦး ထွက်လာပြီး ဦးသောင်းသေဆုံးသွားကြောင်း လာရောက်ပြောကြားခဲ့ပါသည်။

ထို့ကြောင့် ဦးသောင်း၏အလောင်းအား မြင်းလှည်းငှား၍ အိမ်သို့ ပြန်သယ်ခဲ့ပါသည်။ ဆရာဝန်၏ ဆေးစစ်ချက်အရ ဦးနှောက်သွေးကြောပြတ်၍ ရုတ်တရက်သေဆုံးခြင်းဖြစ်ကြောင်း သိရပါသည်။

နောက်တစ်နေ့တွင် ဦးသောင်းအား စက်ရုံမန်နေဂျာဦးဆောင်ပြီး ဝန်ထမ်းများနှင့် အလုပ်သမားများ စည်ကားစွာဖြင့် သင်္ဂြိုဟ်ပေးခဲ့ပါသည်။

ဦးသောင်းသေဆုံးတော့မှ တစ်ယောက်စကား တစ်ယောက်ကြားကာ ဦးသောင်းမသေဆုံးခင်က ဘာကြောင့်မျက်နှာမသာမယာဖြစ်နေသည်ကို သိကြရတော့သည်။

နေ့စဉ် ဦးသောင်း အလုပ်ဆင်းတိုင်း ဇနီးဖြစ်သူက အိမ်နီးနားချင်းမှ လူငယ်တစ်ဦးနှင့် ဖောက်ပြန်နေသည်ကို ဦးသောင်းသိသွား၍ မည်သူ့ကိုမှ အသိမပေးသလို ဇနီးကိုလည်း အလွန်ချစ်သောကြောင့် မပြောရက်ဘဲ မစားနိုင်မသောက်နိုင် တရှောင်ရှောင်ဖြစ်ကာ နောက်ဆုံး ချော်လဲပြီး ဦးနှောက်သွေးကြောပြတ်ကာ သေဆုံးသွားခြင်းဖြစ်သည်။

♦ ♦ ♦

ဦးသောင်းသေဆုံးပြီး ဆယ်ရက်ခန့်အကြာ တစ်နေ့မနက်ပိုင်း ကျွန်တော် စက်ရုံသို့ ရောက်သောအခါ ဂိတ်အဝင်ဝတွင် လုံခြုံရေးတာဝန်ကျနေသော ကိုအောင်မြင့်ကို တွေ့လိုက်ရသဖြင့် မေးလိုက်မိသည်။

'ကိုအောင်မြင့်··ဒီဂိတ်ကို အခု ညဘက်တွေ ဘယ်သူတာဝန်ကျနေလဲ'

'စက်အနောက်ဘက် ကမ်းနားကဂိတ်မှာ တာဝန်ကျနေတဲ့ ဦးမြကြည်ကို လောလောဆယ် တာဝန်ပေးထားတယ်။ ဒါထက် ကိုမြင့်အေးကို တစ်ခုပြောရဦးမယ်ဗျ။ အခုမနက် ကျွန်တော် ဂျူတီချိန်းတော့ ညကတာဝန်ကျတဲ့ ဦးမြကြည်က ပြောတယ်။ ညဘက်တွေမှာ ခုရက်ပိုင်း ဂိတ်တဲထဲမှာ နေလို့မရဘူးတဲ့'

'ဘယ်လိုတွေဖြစ်တာလဲလို့ ခင်ဗျားမေးမကြည့်ဘူးလား'

'ညဘက်တွေရောက်လို့ လူခြေတိတ်ချိန်ရောက်ရင် ဂိတ်တဲထဲကို ဝင်လိုက်တာနဲ့ လူကို တွန်းထုတ်လိုက်သလိုလို၊ ခုံပေါ်ထိုင်ရင်လည်း ကိုယ်လုံးကို တစ်ယောက်ယောက်က တွန်းချလိုက်သလိုလို ဂိတ်တဲထဲမှာ နေလို့မရဘူးတဲ့။ ရွာထဲက ခွေးတွေကလည်း ဂိတ်ပေါက်ဝလာပြီး တစ်ချိန်လုံး အူနေကြတယ်။ ကြာတော့ ဦးမြကြည်က စိတ်တိုလာပြီး ခွေးတွေကို ခဲနဲ့ပစ်ပြီး ကုလားထိုင်တစ်လုံးနဲ့ မြေကွက်လပ်ကို ထွက်ထိုင်နေလိုက်တယ်လို့ပြောတယ်။ အပုပ်နံ့လိုလိုလည်း ရတယ်တဲ့'

'အဲဒီကိစ္စမျိုးကလည်း တော်တော်ခက်တယ်ဗျ။ နှစ်ပေါင်းများစွာကြာအောင် အလုပ်လုပ်ခဲ့တဲ့နေရာဆိုတော့လည်း စွဲနေသလား မသိပါဘူးဗျာ'

'ဦးမြကြည်ကတော့ပြောတယ် သူလည်း တပ်ကအငြိမ်းစားယူထားတဲ့ စစ်မှုထမ်းတစ်ဦးဆိုတော့ ဒီလိုမျိုးဝန်ထမ်းဆိုရင် အသုဘချတဲ့အခါ တာဝန်ရှိတဲ့ အကြီးအကဲတစ်ဦးဦးက အမိန့်ပြန်ပေးရတယ်တဲ့။ အမိန့်မပြန်ရင် သူလည်း သေမှန်းမသိဘဲ စွဲလမ်းစိတ်နဲ့ အလုပ်လာဆင်းချင်ဆင်းနေမှာပေါ့။ ပြီးတော့ သူက စက်ရုံမန်နေဂျာရဲ့ အမိန့်တစ်ခုကိုပဲ နားထောင်တတ်တော့ မန်နေဂျာရဲ့အမိန့်မရမချင်း အလုပ်တက်၊ဆင်းနေမှာပေါ့ဗျာ'

'အေးဗျာ··ကျွန်တော်လည်း စက်ရုံမန်နေဂျာကို ပြောပြပါဦးမယ်။ ဘယ်လိုလုပ်သင့်သလဲဆိုတာ ညဂျူတီချိန်းရင်သာ ဦးမြကြည်ကို ပြောလိုက်ပါ။ တစ်ရက်၊ နှစ်ရက်သည်းခံပါဦးလို့'

ရုံးထဲရောက်သည်နှင့် ဦးသောင်းကိစ္စအား စက်ရုံမန်နေဂျာသို့ သေချာရှင်းပြလိုက်ပါသည်။

'ခက်တာပဲကွာ၊ အခုမှ သွားပြီးအမိန့်ပြန်တော့လည်း ဘယ်ရတော့မလဲ။ တစ်ခုပဲရှိတယ်၊ လောလောဆယ်တော့ ဒီဂိတ်တဲကို ဖျက်ပစ်လိုက်ပြီး တခြားသစ်တွေနဲ့ ဂိတ်ပေါက်ရဲ့ဟိုဘက်မှာ ဂိတ်တဲအသစ်တစ်လုံး ဆောက်ပေးရမှာပဲ'

တစ်ရက်၊ နှစ်ရက်အတွင်း မူလဂိတ်တဲလေးအား ဖျက်ပစ်လိုက်ပြီး အသစ်များနှင့် ဂိတ်ဝင်ပေါက်ကြီး၏ အခြားတစ်ဖက်တွင် ဂိတ်တဲအသစ် ဆောက်ပေးလိုက်ရသည်။

နောက်တစ်နေ့တွင် အခြေအနေအား ကိုအောင်မြင့်ကို တွေ့၍ မေးကြည့်ရာ-

'ဂိတ်တဲအသစ်ထဲမှာတော့ ဘာမှမဖြစ်တော့ဘဲ အဆင်ပြေတယ်လို့ ဦးမြကြည်ကပြောတယ်။ ဒါပေမဲ့ ညဘက်ရောက်လို့ လူခြေတိတ်ချိန်ရောက်ရင် ရုံးဘေးက ကုက္ကိုပင်

www.burmeseclassic.com

www.burmeseclassic.com

ကြီးအောက်မှာ ဆေးလိပ်မီးတရဲရဲနဲ့ ငုတ်တုတ်ထိုင်နေတာ မြင်တယ်လို့ပြောတယ်။ ကိုမြကြည်ကတော့ သရဲတစ္ဆေဆို ဘာမှမကြောက်တတ်လို့ သူ့ဟာသူ ဘုရားစာပဲရွတ်နေတယ်လို့ပြောတယ်’

သည်လိုနှင့် မေ့မေ့ပျောက်ပျောက်ဖြစ်သွားပြီး တစ်လခန့်အကြာတွင် ဝန်ထမ်းများအားလုံးစုပေါင်း၍ ဝါဆိုသင်္ကန်းကပ်ကြရန် စီစဉ်ခဲ့ကြသည်။

◆◆◆

ဝါဆိုသင်္ကန်းမကပ်မီ ကြိုတင်၍ အဖွဲ့များခွဲကာ စက်ရုံမန်နေဂျာမှ တာဝန်များခွဲဝေပေးခဲ့သည်။ ကျွန်တော်ကတော့ ချက်ပြုတ်ရေးနှင့် ဈေးဝယ်ရန် တာဝန်ပေးခြင်းခံရသည်။

‘ကဲ..ဝန်ထမ်းအားလုံးကို တာဝန်တွေခွဲပေးလိုက်ပြီးပြီ။ ကိုယ့်တာဝန်ကိုယ် ကျေအောင်လုပ်ကြပါ။ အလှူလုပ်မယ့်ဂိုဒေါင်က ပစ္စည်းတွေကိုလည်း အခုကတည်းကစပြီး ရွှေ့ထားပါ။ ချက်ကြပြုတ်ကြမယ့်နေရာကိုတော့ ဒီရုံးမှာပဲ ချက်ကြမယ်။ ဘုန်းကြီးပင့်မယ့်ကိစ္စကို စက်ရုံမှူးတွေက ကြည့်စီစဉ်ကြပါ’

အလုပ်တာဝန်ခွဲဝေပေးပြီးပြီမို့ ကျွန်တော်တို့အဖွဲ့ကတော့ ဘုန်းကြီးများအား နေ့ဆွမ်းကပ်ရန် ဆွမ်းချက်ရမည့်တာဝန်နှင့် ဝန်ထမ်းများအား ကျွေးမွေးရန် ကြက်သားအုန်းနို့ခေါက်ဆွဲ ချက်ကြရမည်ဖြစ်ပါသည်။

အလှူနေ့မတိုင်မီရက်တွင် ကျွန်တော်တို့အဖွဲ့ မနက်ပိုင်း ဈေးဝယ်ကြပြီး ညအချိန်ရောက်မှ ဆွမ်းဟင်းနှင့် အုန်းနို့ခေါက်ဆွဲဟင်းရည် ချက်ကြပြုတ်ကြမည်ဖြစ်သည်။

တစ်ညလုံး မအိပ်ကြဘဲ ချက်ရပြုတ်ရမည်ဖြစ်သောကြောင့် အားလုံး ကိုယ့်အလုပ်နှင့်ကိုယ် ရှုပ်နေကြသည်။ ရုံး၏အပြင်ဘက်တွင် လေးပေမီးချောင်းကြီးများကို လင်းထိန်နေအောင် ထွန်းထားသဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး လင်းထိန်နေသည်။

တစ်ယောက်နှင့်တစ်ယောက် စကြနောက်ကြနှင့် မောရပန်းရမှန်း မသိကြဘဲ ချက်ပြုတ်နေကြရာမှ ညဆယ်နာရီကျော်ခန့်တွင် ကြက်သားကိုင်ရန် တာဝန်ယူထားသော ဦးလှမောင်ထံမှ ဗျစ်တောက်,ဗျစ်တောက်နှင့် ပြောနေသံကို ကြားလိုက်ရသည်။

‘ဘယ်လိုဖြစ်တာလဲကွာ၊ ငါ အခုလေးတင် ကြက်တွေကို ရေနွေးဖျောပြီး အမွေးနုတ်ထားတာ အားလုံး ဆယ့်ငါးကောင်ပါ။ အခု ဆယ့်နှစ်ကောင်ပဲရှိတော့တယ်။ သုံးကောင်တောင် ပျောက်နေတယ်။ ခွေးဝင်ဆွဲတယ်ဆိုရအောင်လည်း ဝင်းထရံတွေက ခွေးဝင်မရအောင် သေချာခတ်ထားတာ။ မီးချောင်းတွေကလည်း ဒီလောက်လင်းထိန်နေတာ တစ်ယောက်မဟုတ် တစ်ယောက်တော့ မြင်ကိုမြင်ရမယ်’

‘ဘာဖြစ်နေတာလဲ ဦးလေး။ တစ်ယောက်တည်း ပွစိ, ပွစိနဲ့’

‘ညနေကမှဝယ်လာတဲ့ ကြက်တွေကို ရေနွေးဖျော အမွေးနုတ်ပြီး အဲဒီစားပွဲခုံပေါ် တင်ထားတာ ဆယ့်ငါးကောင်ရှိတယ်။ သေချာရေပြီး တင်ထားတာကွ။ အခု ခုတ်ရထစ်ရအောင် ယူလိုက်တော့ ဆယ့်နှစ်ကောင်ပဲရှိတော့တယ်။ သုံးကောင်တောင် ပျောက်နေတယ်’

‘ဟုတ်ရဲ့လား ဦးလေးရယ်၊ ရေတာမှားနေလို့များလား၊ ဒါမှမဟုတ် အတုံးတုံးထားတဲ့အိုးထဲလည်း သေချာပြန်ကြည့်ပါဦး’

‘မဟုတ်ဘူးကွ၊ တစ်ကောင်မှကို မခုတ်ရသေးဘူး။ အခုမှ ဘုန်းကြီးဆွမ်းဟင်းနဲ့ အုန်းနို့ခေါက်ဆွဲဟင်းချက်ဖို့ ခွဲမလို့ရှိသေးတယ်’

ထိုအချိန်တွင် စက်ရုံဝင်းထဲမှ ဓာတ်မီးတဝင်းဝင်းနှင့် လူတစ်ယောက်လာနေသဖြင့် စောင့်ကြည့်ကြရာ အနားရောက်မှ ပင်မဂိတ်ပေါက်ကြီးနှင့် အနီးဆုံးဂိတ်တွင် တာဝန်ကျနေသော လုံခြုံရေးဦးတင်မောင် ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

‘ကိုမြင့်အေးတို့၊ ကိုလှမောင်တို့..ဘာတွေဖြစ်နေကြတာတုံးဗျ’

‘ဒီမှာဗျာ..ကြက်ဆယ့်ငါးကောင်တင်ထားတာ အခု ခုတ်ဖို့ထစ်ဖို့ ရေကြည့်လိုက်တော့မှ သုံးကောင်တောင် ပျောက်နေမှန်း သိရတော့တယ်။ စောစောကလေးတင် ကျွန်တော် ရေနွေးဖျော အမွေးနုတ်ပြီး စားပွဲပေါ် သေချာရေပြီး တင်ထားတာ’

‘အဲဒါ ကျွန်တော် အခုလာပြောတာဗျ။ စောစောကလေးကတင် ခင်ဗျားတို့နားကို ခွေးနက်ကြီးတစ်ကောင် တစ်ခုခုဝင်ဆွဲပြီး ထွက်ပြေးတာမြင်လိုက်လို့ ဘာတွေပါသွားသေးလဲ လာပြီးသတိပေးတာ။ ကျွန်တော် အဝေးကကြည့်တာတောင် နည်းတဲ့ခွေးကြီးမဟုတ်ဘူး’

‘ဘယ်လိုဗျ..ခွေးနက်ကြီး၊ ဟုတ်လား။ ကိုတင်မောင် မျက်စိမှားတာများလားဗျာ။ ဒီမှာ ကျွန်တော်တို့အားလုံး



www.burmeseclassic.com

www.burmeseclassic.com

ရှိနေတာပဲ။ တစ်ယောက်မဟုတ်တစ်ယောက်တော့ မြင်ရမှာပေါ့။ မီးတွေလည်း ဒီလောက်လင်းထိန်နေတာကို'

'ခက်လိုက်တာ ကိုလှမောင်ရယ်၊ ကျုပ် မျက်စိမမှားလို့ အခု ခင်ဗျားတို့ကြက်သုံးကောင်တောင် ပျောက်သွားပြီ မဟုတ်လား။ ကျုပ် ဒီလောက်မျက်စိမမွဲသေးပါဘူးဗျာ'

'ဒါဆို နေပါဦးဗျာ၊ ဂိတ်ကြီးက ကိုမြကြည်ကို ကျွန်တော် သွားမေးကြည့်ဦးမယ်'

ဦးလှမောင် မကျေမနပ်ဖြင့် ဂိတ်ကြီးဘက်ထွက်သွားပြီး ခဏအကြာတွင် ပြန်လာသည်။

'ဘယ်လိုလဲ ကိုလှမောင်ရဲ့၊ ဂိတ်ကြီးက ကိုမြကြည်ကရော တွေ့လိုက်တယ်တဲ့လား'

'သူလည်း မတွေ့လိုက်ဘူးလို့ ပြောလိုက်တယ်။ ပြီးတော့ ဒီရွာထဲမှာ ဒီလောက်ကြီးတဲ့ ခွေးအနက်လည်း တစ်ကောင်မှ မရှိနိုင်ဘူးတဲ့။ ခွေးတွေ ဝင်နိုင်,ထွက်နိုင်တဲ့ အပေါက်လည်း ဒီနားမှာမရှိဘူး'

အခြေအနေကို အနည်းငယ်ရိပ်မိလိုက်သောကြောင့် ကျွန်တော် မနေသာတော့ဘဲ ဝင်ပြောလိုက်သည်။

'ကဲဗျာ··ပြောမနေကြပါနဲ့တော့။ ပြန်ရမှာလည်း မဟုတ်တော့တာ။ ဦးလေးကိုလှမောင်၊ အဲ··ဒီကြက်တွေ ရုံးထဲ ယူလာခဲ့ဗျာ။ အထဲမှာ ခုတ်ထစ်ပြီး ဆား၊ နနွင်းနယ်ထား၊ မနက်စောစောကျမှ ထချက်ကြတာပေါ့။ ဦးတင်မောင်လည်း ပြန်ချင်ပြန်လေ'

ဦးတင်မောင်ပြန်သွားတော့မှ ကြက်များကို ရုံးခန်းထဲသို့ယူ၍ အတုံးများတုံးကာ ဆား၊ နနွင်းများနယ်ထားလိုက်ကာ မနက်စောစော လေးနာရီထိုးမှ ဆွမ်းဟင်းနှင့် အုန်းနို့ခေါက်ဆွဲဟင်း ထချက်လိုက်သည်။

မနက်ဆယ်နာရီတွင် သံဃာတော်များကြွလာသဖြင့် ထီး၊ ဖိနပ်၊ သင်္ကန်းများ ဆက်ကပ်လှူကြပြီး တရားတော်များ နာယူကြကာ မြင်အပ်,မမြင်အပ်သောပုဂ္ဂိုလ်များ၊ မလွတ်မကျွတ်သေးသောပုဂ္ဂိုလ်များအား အမျှအတန်းပေးဝေခဲ့သည်။

ထို့နောက် သံဃာတော်များအား ဆွမ်းဆက်ကပ်ကြပြီး သံဃာတော်များ ပြန်ကြွသွားသောအခါမှ ညက အဖြစ်အပျက်ကို စက်ရုံမန်နေဂျာအား တိုးတိုးတိတ်တိတ်ပြောပြလိုက်သည်။

'မင်းပြောသလိုဆို ညက ကြက်တွေပျောက်ကုန်တာ ဦးသောင်း မကျွတ်မလွတ်ဘဝနဲ့ လာဆွဲသွားတာလို့ထင်တာလား'

'အတိအကျတော့ မဟုတ်ပေမယ့် အရင်နှစ်တွေကလည်း အဲဒီနေရာမှာ ချက်ကြပြုတ်ကြလုပ်နေတာဘဲ အစ်ကို စဉ်းစားကြည့်လေ။ ဒီနှစ်ကျမှ ထူးထူးခြားခြားပျောက်သွားတာဆိုတော့ ထူးဆန်းမနေဘူးလား'

'ကဲပါကွာ··ဒါဆိုရင်လည်း ဟုတ်သော်ရှိ မဟုတ်သော်ရှိ ငါ အဲဒီနားသွားပြီး အမျှဝေလိုက်ပါ့မယ်။ မင်းလည်း လိုက်ခဲ့'

စက်ရုံမန်နေဂျာနှင့် ကျွန်တော်တို့နှစ်ယောက် ပင်မဂိတ်ပေါက်ကြီးဘက်သို့ ထွက်လာခဲ့ကြပြီး ဦးသောင်းကို မကြာခဏတွေ့ရတတ်သည်ဆိုသော ကုက္ကိုပင်ကြီးအောက်သို့ ရောက်လျှင် စက်ရုံမန်နေဂျာမှ အသံထွက်၍ ပြောလိုက်သည်။

'ဒီနေ့မနက် ကျွန်တော်တို့ပြုလုပ်ခဲ့တဲ့ အလှူအတွက် ဦးသောင်းကိုလည်း အမျှအတန်းပေးဝေပါတယ်။ ဒါကြောင့် ဦးသောင်းတစ်ယောက် ရောက်လေရာဘဝမှ အမျှရပြီး ကောင်းရာမွန်ရာဘဝသို့ ရောက်ပါစေ။ ဦးသောင်းရေ··အမျှ··အမျှ··အမျှ။ ဦးသောင်းလည်း ဒီစက်ရုံကြီးနဲ့ ဘာမှ မသက်ဆိုင်တော့လို့ အခုအချိန်ကစပြီး သွားချင်တဲ့ဘုံဘဝကို လွတ်လွတ်လပ်လပ်သွားနိုင်ပါတယ်။ ဒီစက်ရုံနဲ့သက်ဆိုင်ရာ လူကြီးတစ်ယောက်အနေနဲ့ ကျွန်တော်ခွင့်ပြုလိုက်ပါတယ်'

စကားသံအဆုံးတွင် လေမတိုက် မိုးမတိုက်ပါဘဲ ကုက္ကိုပင်ကြီး၏ အကိုင်းတချို့ ဝုန်းခနဲလှုပ်သွားခဲ့ပြီး ငှက်များ အလန့်တကြားထပျံသွားသည်ကို တွေ့လိုက်ရသည်။

နောက်ပိုင်းရက်များတွင်တော့ ညစဉ်ညတိုင်းတွေ့နေသော ဆေးလိပ်မီးတရဲရဲအား မတွေ့ရတော့ပါဟု ညအချိန်ပင်မဂိတ်တွင် တာဝန်ကျသော လုံခြုံရေးများအားလုံးက ပြောခဲ့ကြပါသည်။

နှစ်ရှည်လများ လုပ်ကိုင်ခဲ့သည့် လုပ်ငန်းအစွဲအလမ်း နှောင်ကြိုးကြောင့် မကျွတ်မလွတ်ဘဝနှင့် ရှိနေရာမှ ဦးသောင်းတစ်ယောက် အမျှအတန်းရရှိပြီး ကောင်းရာမွန်ရာဘဝသို့ ရောက်ရှိသွားသလား၊ ဒါမှမဟုတ် သူအလွန်လေးစားခဲ့သော စက်ရုံမန်နေဂျာ၏ ခွင့်ပြုချက်ရသွား၍ စက်ရုံကြီးနှင့်ဝေးရာသို့ ထွက်ခွာသွားခဲ့လေသလား မည်သူမှ မပြောတတ်တော့ပါ။

တင်အေးကျော်

www.burmeseclassic.com

www.burmeseclassic.com



တံတား။
အများသိထင်ရှားတဲ့တံတား။

လူသိများပြီး ထင်ရှားတာက သမိုင်းအစဉ်အလာ ရှိတယ်လေ။

သူ့အမည်အပြည့်အစုံက ကုန်းသာတံတားတဲ့။

ရမည်းသင်းမြို့မြောက်ဘက်အထွက် ရွှေဒါးဆိုင်ရွာနဲ့ မနီးမဝေး ကုန်းသာချောင်းပေါ်ဖြတ်ပြီး တည်ဆောက်ထား

www.burmeseclassic.com

www.burmeseclassic.com

တာမို့ အများက ကုန်းသာတံတားလို့ ခေါ်ကြတာပါ။

ဒီတံတားက ထင်ရှားတယ်ဆိုတော့ တည်ဆောက်ထားပုံက တခြားတံတားတွေနဲ့ မတူလှလို့လား၊ ခံ့ညားထည်ဝါလို့လား၊ မဟုတ်ပါ။ သာမန်ချောင်းကူးတံတားလေးသာ ဖြစ်ပါတယ်။

ဒါပေမဲ့ သူနဲ့ပတ်သက်ပြီး နယ်ခံရမည်းသင်းမြို့သား

| ရမည်းသင်း |



တွေ ဒေသခံ ရွှေဒါးရှာသူရှာသားတွေအတွက်တော့ အမှတ်ရစရာလေးတွေများတဲ့ တံတားတစ်စင်းပါ။

ကုန်းသာတံတားဟာ ဗြိတိသျှနယ်ချဲ့လက်အောက် မြန်မာနိုင်ငံကျရောက်စဉ်ကတည်းကရှိတဲ့ တံတားတစ်စင်းမို့ သူ့သက်တမ်းက ရှည်လှပြီ။ အဲသလိုပဲ ဖက်ဆစ်တွေ မြန်မာနိုင်ငံမှာ ဝင်မွေစဉ်ကလည်း သူရှိတာဆိုတော့ ဒီသာမန်တံတားလေးတစ်စင်းဟာ အားလုံးနဲ့တွေ့ထိဖူးပြီး ထိတွေ့စဉ်ကအဖြစ်အပျက်တွေကလည်း ဒေသခံနယ်သူနယ်သားတွေအတွက် မမေ့စရာတွေ များလှပါတယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း(၆၀)ကျော် ကာလလောက်က အဖြစ်အပျက်တွေနဲ့ အဲဒီထက်စောတဲ့ ကာလတွေက အဖြစ်အပျက်တွေမို့ ကြာခဲ့ပါပြီ။ တချို့,တချို့လည်း မေ့နေလောက်ပြီ။ ကိုယ်တိုင်ကြုံတွေ့၊ သိခဲ့တာနဲ့ သက်ကြီးစကားသက်ငယ်ကြား ဆိုတာလို ကြားသိခဲ့ဖူးတာကတော့ နယ်ချဲ့ကို မြန်မာ့မြေပေါ်က တိုက်ထုတ်စဉ်ကရော ဖက်ဆစ်ကို မောင်းထုတ်စဉ်ကပါ ကုန်းသာတံတားလို့ အမည်ထင်ရှားရှိခဲ့တဲ့ ဒီတံတားပေါ်မှာ ဗမာ့တပ်မတော်နဲ့ ရန်သူတွေ ထိတွေ့တိုက်ပွဲဖြစ်ခဲ့တဲ့ဖြစ်စဉ်တွေ ရှိခဲ့ဖူးတယ်။ အဲဒီဖြစ်စဉ်တွေ မှာ နယ်ချဲ့တွေရော ဖက်ဆစ်တွေပါ သောက်သောက်လဲကျဆုံးခဲ့ဖူးတယ် ဆိုတာပဲ။ အဲဒီအချိန်က ဗမာ့တပ်မတော် (ယခု မြန်မာ့တပ်မတော်)မှာ တိုင်းရင်းသားပေါင်းစုံ ညီနောင်တွေအားလုံး ပါဝင်တိုက်ပွဲဝင်ခဲ့ကြပါတယ်။ မြောက်မြားလှတဲ့ အသက်,သွေး,ချွေးတွေ ပေးဆပ်ပြီး လွတ်လပ်ရေးရအောင် ယူခဲ့ရတဲ့ကာလ မြန်မာပြည်တစ်နံတစ်လျားမှာ နေရာလပ်မကျန်အောင် ရှိခဲ့ဖူးတယ်။

ဒီလိုပဲ ရမည်းသင်းမြို့ရဲ့မြောက်ဘက် မန္တလေးဘက်ထွက်ပေါက် ကုန်းသာဆိုတဲ့ တံတားလေးပေါ်နဲ့ တံတားတစ်ဝိုက် ရန်သူနဲ့ တပ်မတော် ထိတွေ့ပြီး တိုက်ပွဲတွေ အကြိမ်ကြိမ် ဖြစ်ခဲ့ဖူးတာကြောင့် ထုံးစံအတိုင်း ရန်သူတွေ အကျအဆုံးများစွာနဲ့ ဒရောသောပါးထွက်ပြေးကြသလို မိမိဘက်ကလည်း အထိအခိုက် အလျောက် ဖိတ်စဉ်ခဲ့ဖူးတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့် ဒီကုန်းသားတံတားနဲ့ပတ်သက်ပြီး သမိုင်းအစဉ်အလာရှိတယ်လို့ ပြောတာပါ။ တံတားရဲ့လက်ဝဲဘက်ကို ကြည့်မယ်ဆိုရင် နွားစားကျက်ကွင်းကြီး စိမ်းညို့ညို့ ပေပင်တန်းကြီးတွေနဲ့ လှပတဲ့မြင်ကွင်းကို တွေ့မြင်နိုင်ပြီ။ တံတားရဲ့လက်ယာဘက်ကိုကြည့်ရင်တော့ အညာမြေလတ်ဒေသရဲ့ သဘောသဘာဝအတိုင်း အလေ့ကျပေါက်နေတဲ့ ဆီးချုံတွေနဲ့ တစ်မျှော်တစ်ခေါ်ကျယ်ဝန်းတဲ့ နွားစားကျက်ကြီးကို တွေ့နိုင်ပါတယ်။ ခုတော့ စပျစ်ခြံ၊ ကွမ်းခြံများနှင့် ရောင်းတမ်းဝင် ဆီးခြံကြီးများ တိုးတက်ဖြစ်ထွန်းနေပါသည်။

ပေပင်တန်းဆိုလို့ မောင်ကောင်း ဆယ်ကျော်သက်အရွယ် အလယ်တန်းကျောင်းသားဘဝက ပေသီးပစ်ဖို့ သူငယ်ချင်းတွေနဲ့ ရွှေဒါးရွာကိုရောက်တော့ ကုန်းသာတံတားနဲ့ပတ်သက်ဆက်စပ်တဲ့ ထိတ်လန့်စရာကြုံခဲ့ရဖူးတာ သတိရမိတယ်။

◆◆◆

'ဟေ့ကောင်တွေ၊ ညနေ(၇)နာရီ အဘွားလေး မစန်းဆိုင်မှာ ဆုံကြမယ်နော်'

'အေး··မင်းတို့အားလုံး နောက်မကျစေနဲ့။ ငါ နောင်ဂျိမ်သုပ် ဝယ်ကျွေးမယ်'

ကြည်တော်ကုန်းရပ်ကွက် မူလတန်းကျောင်းကွက်လပ်တွင် ဘောလုံးကစားပြီးနောက် လုစုမခွဲမီ မောင်ကိုက ည(၇)နာရီတွင် အဘွားလေးမစန်းဆိုင်၌ ပြန်လည်ဆုံကြမည်ဟုပြောလိုက်ရာ မောင်ကောင်းက ပဲကြီးလှော်သုပ်ဝယ်ကျွေးမည်ဟု ကတိပေးလိုက်ခြင်းဖြစ်သည်။ (နောင်ဂျိမ်သုပ်ဆိုသည်မှာ ဒေသအခေါ်ဖြစ်ပြီး ပဲကြီးလှော်၊ ရိပ်ရိပ်လှီးထားသော ကြက်သွန်နီနဲ့ ကုလားအော်သီးအတောင့်အတိုင်းထည့်ကာ သုပ်ထားသည့် ပဲကြီးလှော်သုပ်ကို ခေါ်ခြင်းဖြစ်သည်။ လက်ဖက်၊ ချင်း၊ ကြက်သွန်ကြော်၊ နှမ်း၊ မြေပဲစသည့် အကောင်းကြိုက်သူ ဌေးစာများ မပါ,ပါ။)

အဘွားလေးမစန်းဆိုသူမှာ အဘွားလေးလည်းမဟုတ်၊ အဘွားကြီးအရွယ်လည်းမဟုတ်ပါ။ အသက်(၂၇)နှစ်အရွယ်မျှသာဖြစ်ပါသည်။ သို့သော် ဖိုးပြူး၏ဘကြီး ဦးဖိုးလူ၏အိမ်သူသက်ထား ဇနီးမယားမို့ မောင်ကောင်းတို့အုပ်စုက အဆင့်မြှင့်ခေါ်ဆိုရာမှ အဘွားလေးဖြစ်သွားခြင်းဖြစ်သည်။

အဘွားလေးမစန်းဆိုင်သည် အိမ်ဆိုင်လေးဖြစ်ပြီး ကြံသကာ၊ ထန်းလျက်၊ ဆီးထုပ်၊ ချိုချဉ်မှအစ လက်ဖက်သုပ်၊ ချင်းသုပ်၊ ကလေးကြိုက်မုန့်ထုပ်များလည်း ရောင်းသည်။ အဘွားလေးမစန်းဆိုင်သည် ကြည်တော်ကုန်းရပ်ကွက် မူလတန်းကျောင်းရှေ့တည့်တည့်တွင်ရှိပြီး မောင်ကောင်းတို့ သူငယ်ချင်းတစ်စု၏ အိမ်များနှင့်လည်း နီးသည်။ ညစဉ်ညတိုင်း မောင်ကောင်း၊ ဖိုးပြူး၊ ဘိုနီ၊ ငလုံး၊ မောင်ကို၊ တင်မောင်၊ ဘိုဘိုတို့၏ ဆုံရပ်ဖြစ်သည်။

နီကြန့်ကြန့် လက်ဆွဲဖန်မီးအိမ်လေးအောက်တွင် ဟိုရောက်ဒီရောက်စကားတွေ ဝိုင်းဖွဲ့ပြောဖြစ်ကြသည်။ အဘွားလေးမစန်းနဲ့ ဘကြီးဦးဖိုးလူ ဘယ်လိုကဘယ်လိုစပြီးတွေ့ဖြစ်ပြီး ညားကြသလဲဆိုတဲ့ အမေး,အဖြေကိုလည်း ခဏ, ခဏ မေးဖြစ်နောက်ဖြစ်ကြသည်။ အဘွားလေးမစန်းက ပျော်တတ်တော့ စိတ်မဆိုး။ တစ်ခါတလေ မထင်မှတ်ဘဲ တစ်တစ်ခွခွပြောလိုက်မှသာ ဟားတိုက်ရယ်မော လူစုခွဲကာ အိမ်ပြန်ဖြစ်ကြသည်။

'ဟေ့··ငကောင်း၊ မင်း နောင်ဂျိမ်သုပ်ဝယ်ကျွေးမယ်ဆို'

'အေးလေ၊ ဟိုမှာ အဘွားလေးမစန်း သုပ်နေပါပြီကွာ'

'အဘွားလေးမစန်း··ထုံးစံအတိုင်း ကြက်သွန်နီများများ၊ ဆီရွှဲရွှဲ၊ ပဲကြီးလှော်လည်း မနည်းစေနဲ့။ ကုလားအော်သီးလေးတွေလည်း တစ်ဆုပ်လောက်ထည့်ဗျာ'

'လာပြီ ငတ်ကြီးကျ၊ အဲသလောက်များများကြိုက်ရင် ငါ့ကိုပါ နင့်အိမ်ခေါ်သွားပါလား'

ဘယ်ချောင်တိုးနေရာကနေ ရောက်လာမှန်းမသိသော ငလုံးသည် မောင်ကောင်းကိုမေးလိုက်ရာ မောင်ကောင်းက အဘွားလေးမစန်းဘက် မေးငေါ့ပြကာ ပဲကြီးလှော်သုပ်နေသည်ကိုပြလိုက်သည်။ ငလုံးသည် သူ့ဝသီအတိုင်း ဟိုဟာများများ၊ ဒီဟာများများထည့် စသဖြင့်ပြောလာရာ အဘွားလေးမစန်းက ငလုံးကို ကောပစ်လိုက်သည်။

'အဘွားလေးမစန်းကိုတော့ ကြိုက်ပါတယ်။ ဘကြီးလူရဲ့ ဘယ်ဝိုက်လက်သီး ကြောက်သဗျ။ အိမ်တော့ မခေါ်သွားရဲဘူး'

'ဟေ့··ငလုံး၊ အဘွားလေးကို စနေတာရပ်ပြီး ငါပြောတာ နားထောင်ကြဦး'

အဘွားလေးမစန်းနဲ့ ငလုံး အချေအတင် စကားနိုင်လုနေကြလျှင် တော်တော်နဲ့မပြီးပြတ်ဘဲ ဂျာမန်ဝက်အူလို အရှည်တတ်တာ မောင်ကိုကသိသဖြင့် ဟန့်တားလိုက်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

'မနက်ဖြန် တနင်္ဂနွေနေ့ ငါတို့ ရွှေဒါးသွားပြီး ပေသီးပစ်ကြမယ်။ တင်မောင်နဲ့ ဘိုဘိုကိုတော့ ငါပြောပြီးပြီ။ ဖိုးပြူး၊ မောင်ကောင်း၊ ဘိုနီ၊ ငလုံး··မင်းတို့ ဘယ်လိုလဲ လိုက်မှာလား'

'ဒါ မေးစရာလား ကျောက်တင်ရာ။ အားလုံး လိုက်မှာပေါ့ဟ'

မောင်ကို၏အမေးကို ဖိုးပြူး ကျွဲမြီးတိုသွားသလားမသိ မေးစရာလိုသေးလား မောင်ကိုရာဟု ပြောရမယ့်အစား မေးစရာလိုသေးလား ကျောက်တင်ရာဟု ပြောလိုက်သည်။ ဤပြောကြားချက်သည် ဖိုးပြူး ကျွဲမြီးတိုသွားသဖြင့် မောင်ကို၏အဖေ ဦးကျောက်တင်အမည်ကို ထည့်သုံးလိုက်ခြင်းဖြစ်ကြောင်း မောင်ကောင်းတို့အားလုံး သိကြသည်။ မောင်ကောင်းတို့သည် တစ်ယောက်နှင့်တစ်ယောက် မူရင်းအမည်များကို မခေါ်ကြဘဲ ဖခင်၊ အဘိုးတို့၏အမည်များကို အစားထိုးခေါ်တတ်ကြသည်။

ဥပမာ-ဖိုးပြူးကို သူ့အဘိုးက ဦးဘဦးမို့ ဘဦးဟုလည်းကောင်း၊ ဘိုနီ၏အဘိုးက ဦးသုခဆိုတော့ ဘိုနီကို သုခဟုလည်းကောင်း၊ ဘိုဘိုကိုတော့ သူ့ဖခင်က ဦးဘကျော်မို့ ဘကျော်ဟုလည်းကောင်း အစားထိုးခေါ်ကြတယ်။ ကျန်လူတွေလည်း ဒီအတိုင်းပဲ။

'ကောင်းပြီ၊ အားလုံးလိုက်မှာဆိုရင် မောင်ကောင်းနဲ့ ဖိုးပြူး မင်းတို့နှစ်ယောက်က စကောက်အဖွဲ့ဝင်တွေဆိုတော့ ရေဘူးကိုယ်စီ ရှိကြတယ်။ ရေအပြည့်ထည့်ခဲ့။ အားလုံး ကိုယ်စားနိုင်သလောက် ထမင်းတစ်ထုပ်စီထည့်ခဲ့။ ငလုံးနဲ့ တင်မောင် အတူစီး လူ(၇)ယောက် စက်ဘီး(၆)စီးပေါ့'

မောင်ကိုလည်း မောင်ကောင်းနဲ့ ဖိုးပြူးတို့မှာ ဘွိုင်း(စ်)ကောက်အဖွဲ့ဝင်များမို့ ရေဘူးကိုယ်စီရှိကြောင်း သိသဖြင့် ရေထည့်ခဲ့ရန် မှာခြင်းဖြစ်ပြီး ငလုံးတွင် စက်ဘီးမရှိသဖြင့် တင်မောင်နှင့် တွဲစီးရန် စီစဉ်ပေးခြင်းဖြစ်သည်။ ငလုံးတွင် စက်ဘီးမရှိသော်လည်း သူငယ်ချင်းများ ဘယ်သွားသွား သူငယ်ချင်းတစ်ယောက်ယောက်နဲ့ တွဲစီးဖြစ်၍ အဆင်ပြေပါသည်။

'မနက်ဖြန်သွားမှာတော့ ဟုတ်ပါပြီ။ ဘယ်အချိန် စထွက်မှာလဲဟ'

'အေး··ဟုတ်သားပဲ။ အချိန်ပြောဦး'

'ဒီလိုလုပ်ကွာ။ မနက်(၇)နာရီစထွက်မယ်။ စုရပ်က ငကောင်းတို့အိမ်ရှေ့'

'တို့တစ်တွေ မနက်(၇)နာရီ စထွက် စကားတပြောပြောနဲ့ စက်ဘီးမှန်မှန်နင်းသွားရင် နေထွက်တပြုဆို ရွှေဒါးရွာ ရောက်ပြီ'

'ဟကောင် ငပြူး၊ နေထွက်တပြုဆိုတာ ဘာလဲကွ။ ကမ္ဘာသုံးစကားလား'

ငုတ်တုတ်ကြီးထိုင်နေသော ဘိုဘိုက တကယ်မသိသဖြင့် ဖိုးပြူးကို မေးလိုက်သည်။

'ငါ့တပည့်တွေထဲမှာ မင်းဗဟုသုတအနည်းဆုံးပဲ။ မသေမချင်းမှတ်ထားဟေ့။ နေထွက်တပြုဆိုတာ ကမ္ဘာသုံးစကားမဟုတ်ဘူး။ တို့မြန်မာသုံး၊ အညာသုံး၊ ထန်းတောသုံး စကားကွ။ မနက်(၈)နာရီလောက်ကိုပြောတာ။ (၉)နာရီမကျော်သေးခင်ဆို ထန်းပင်ကျရေလို့ခေါ်တဲ့ ထန်းရည်ချိုရတယ်။ ပင်ကျရေချိုအေးမွှေးနဲ့ အမဲကြော်က သိပ်လိုက်တာ။ ရွှေဒါးရွာနဲ့ ထန်းတောက နီးနီးလေး။ အဲဒီမှာ တို့ဟူးကြော်၊ အမဲကြော်၊ ကြက်ကြော် အားလုံးဝယ်လို့ရတယ်။ တို့မှာ ထမင်းထုပ်ပါတော့ အတော်ပဲ'

'ဟဲ့··ကောင်လေးတွေ၊ ခုမှ အလယ်တန်းကျောင်းသား ရှိသေးတယ်။ ထန်းတောအကြောင်းပြောနေလိုက်တာ ဖိုးပြူးက ဆရာကြီးတစ်ဆူလိုပဲ။ ငါ နင့်ဘကြီးနဲ့ တိုင်ပြောလိုက်မှာနော် ဖိုးပြူး'

'ထန်းရည်ခါးမသောက်ရပါဘူး အဘွားလေးရာ။ ထန်းရည်အချိုသောက်မယ့်အကြောင်း ပြောနေကြတာပါ'

'သူငယ်ချင်းတို့ရေ··မနက်ဖြန်မနက် ခရီးဆက်ကြမှာဆိုတော့ ဒီနေ့ည အိမ်စောစောပြန်ကြစို့ကွာ။ အိမ်ရောက်ရင် သံကုန်ဟစ်ပြီး စာအော်ကျက်ကြမယ်။ ဒါမှ မနက်ဖြန်မနက် အိမ်က အထွက်ကောင်းမှာ'

'ဟုတ်တယ်၊ ငပြူးပြောတာ မှန်တယ်။ ငပြူးဆိုတဲ့ ကောင်က တော်လည်းတော်တယ်။ တို့ထက်လည်း အကွက်မြင်တယ်။ အစစအရာရာနှံ့စပ်ပြီး သူမသိတာ ဘာမှမရှိဘူး။ အရမ်းတော်တယ်၊ ကျောင်းစာမှအပပေါ့'

'ခွေးကောင် ငကောင်း၊ ငါ့ကို မြှောက်လိုက် ပင့်လိုက် ရိုက်ချလိုက်နဲ့ သေပေတော့'

အဲဒီညက ဖိုးပြူးကို နောက်ဆုံးအကြိမ် နောက်ဆုံးကျည်ဆန်နှင့် မောင်ကောင်းက ပစ်ထည့်လိုက်ရာ ဖိုးပြူး ချက်ကောင်းထိသွားပြီး မောင်ကောင်းနောက်ပြေးလိုက်ရင်း အဖွဲ့လူစုခွဲဖြစ်ကြသည်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

'အားလုံး စက်ဘီးကို ဘေးကပ်ပြီးစီးကြမယ်။ တစ်စီးချင်း ရှေ့နောက်လိုက်ကွာ။ ပေတစ်ရာလမ်းမကြီးပေါ် လုံးဝမတက်ကြနဲ့။ ရှေ့နောက်လာတဲ့ကားတွေရှိတယ်။ ဂရုစိုက်ရှောင်ကြပေါ့'

မှန်ပါသည်။ ရွှေဒါးရွာသည် ရမည်းသင်းမြောက်ဘက်အထွက် ရန်ကုန်-မန္တလေး ကားလမ်းမကြီးပေါ်တွင်ရှိရာ ကားလမ်းအတိုင်း စက်ဘီးစီးသွားရမည်မို့ ယာဉ်အန္တရာယ်ရှိသည်။ အန္တရာယ်ကင်းရန် တစ်ဦးနဲ့တစ်ဦး သတိပေးနေရသည်။

'ဟေ့ကောင် ငလုံး၊ မင်းက ငပြားဖြစ်ချင်လို့လား။ ပေတစ်ရာလမ်းလယ်က မစီးနဲ့၊ ဘေးကပ်စီး။ တင်မောင်ဆိုတဲ့ကောင်ကလည်း စက်ဘီးကယ်ရီယာမှာ မိန့်မိန့်ကြီးထိုင်ပြီး ဘာတွေးနေတာလဲ။ ငလုံးကိုလည်း သတိပေးလေကွာ'

'နေရာတကာ ဆရာမလုပ်စမ်းပါနဲ့ ငကောင်းရာ။ မင်းသာ မင်းစက်ဘီးကို ဂရုစိုက်စီးစမ်းပါ'

သူငယ်ချင်းတစ်စု ပြောကြဆိုကြ တစ်ယောက်နဲ့တစ်ယောက် စကြနောက်ကြရင်း နံနက်(၈)နာရီသာသာ ဖိုးပြုံးစကားနှင့် ပြောရမည်ဆိုလျှင် နေထွက်တပြုတွင် ရွှေဒါးရွာနှင့် မနီးမဝေးထန်းတောသို့ ရောက်ကြသည်။

ဆရာကြီးဖိုးပြုံးပြောသလိုပင် ထန်းပင်ကျရေက ချိုမြမြလေးမွှေးပါသည်။ သောက်ရင်းစားရင်း နေထွက်တပြုကျော်လာတော့ မြူအိုးအတွင်းရှိ ပင်ကျရည်ချိုမြမြမွှေးဟာ တစ်စတစ်စ ပြင်းရှရှဖြစ်လာကာ တခြားလူကို ခွက်မလှည့်ချင်တော့ပါ။ အဲဒီကတည်းက မောင်ကောင်းတို့အဖွဲ့ အိမ်ရှေ့စံ ကနောင်မင်းသား ဘာကြောင့်ထန်းတောကိုယ်ပိုင်ထားသလဲဆိုတာ သဘောပေါက်မိကြသည်။ [မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့နှင့် မနီးမဝေးတွင် ကနောင်မင်းထန်းတော (သို့မဟုတ်) အိမ်ရှေ့မင်းထန်းတောဟု အမည်ရသည့် သမိုင်းဝင်ထန်းတော ယနေ့အထိ အထင်အရှားရှိပါသည်။]



မောင်ကောင်းတို့အဖွဲ့ ထန်းပင်ကျရည်ချိုမြမြလေးသောက်ပြီးနောက် ကြက်ကြော်၊ အမဲကြော်၊ တိုဟူးကြော်ငါးကျပ်ဖိုးဝယ်ရာ အင်ဖက်ကြီးနဲ့ တစ်ထုပ်ကြီးရသည်။ ထန်းတောမှာ အဆာပြေစားသောက်ခဲ့ပြီးဖြစ်၍ ပေသီးပစ်ပြီးမှ စားကြရန် အားလုံးသဘောတူကြသည်။

'အစ်ကိုကောင်း၊ အစ်ကိုတင်မောင်··ငါ မောသေးတယ်။ ငါ ဒီတံတားအုတ်ခုံပေါ်မှာ ခဏနားပြီးမှ လိုက်ခဲ့မယ်။ မင်းတို့စက်ဘီးတွေ တံတားအုတ်ခုံမှာပဲ ကပ်ထောင်ထားခဲ့ကြ'

'အေး··နေခဲ့၊ ငါတို့ ထမင်းထုပ်တွေနဲ့ အကြော်ထုပ်ကို ထပ်ပြီး အုတ်ခုံပေါ်မှာ ထားခဲ့မယ်။ တို့ ပေသီးပစ်မယ့် ပေပင်တန်းနဲ့ တံတားက နီးနီးလေးလှမ်းမြင်နေရတာပဲ။ အရေးအကြောင်းရှိ လှမ်းခေါ်လိုက်ပေါ့'

တင်မောင်၊ မောင်ကောင်းနဲ့ ဘိုဘိုတို့သည် ညီအစ်ကိုတစ်ဝမ်းကွဲများ ဖြစ်ကြသည်။ အတူလာကြသူများအနက် ဘိုဘိုက အသက်အငယ်ဆုံး၊ အပျော့ဆုံးမို့ အားလုံးကသူ့ကို ဂရုစိုက်ကာ ဦးစားပေးကြသည်။

'ဟေ့ ဖိုးပြုံး··ဒီနားမှာ ထန်းတောရှိတာ၊ အကြော်အလှော်တွေရောင်းတာ မင်းဘယ်လိုသိတာလဲဟင်။ မင်းကတော့ မောင်ကောင်းပြောသလိုပဲ အရာရာနှံ့စပ်ပါ့ကွာ'

'ဒီလိုဟေ့··ဒီလို··ငါ့အစ်ကို ကိုထွန်းကြည်(မီးသတ်တပ်ကြပ်ကြီးထွန်းကြည်) မီးသတ်ကားကြီးပြင်တယ်။ ပြီးတော့ စက်စမ်းဖို့သွားတော့ ငါနဲ့ ကိုရွှေ(မီးသတ်တပ်ကြပ်)ကို အဖော်ခေါ်တယ်။ ကားစက်စမ်းတာက ရွှေဒါးကုန်းသာတံတားအထိစက်စမ်းတာ ကားကောင်းသွားတော့ အစ်ကိုထွန်းကြည်နဲ့ ကိုရွှေတို့က ထန်းတောထဲဝင်နားရင်း ထန်းရည်လည်းသောက် အကြော်လည်းစားကြတာပေါ့။ လူကြီးနှစ်ယောက်က အရည်ရော အဖတ်ပါ စားသောက်ပြီး ငါကတော့ ကြက်ကြော်နဲ့ တိုဟူးကြော် ဝါးခဲ့ရတယ်။ ဒါကြောင့် ငါ ဒီထန်းတော ဒီနေရာမှာ ရှိတာသိလို့ မင်းတို့ကို ပြောပြတာ'

'အဲဒီတုန်းက အစ်ကိုထွန်းကြည်နဲ့ ကိုရွှေတို့ ထန်းရည်သောက်နေပုံကို ပြန်မြင်ယောင်မိသေးတယ်။ အစ်ကိုထွန်း



www.burmeseclassic.com

www.burmeseclassic.com

ကြည်ကတော့ ထန်းရည်ကို ဝါးဆစ်ခွက်ထဲငှဲ့ထည့်ပြီး အမဲကြော်ဝါးလိုက်၊ ထန်းရည်သောက်လိုက် အေးအေးဆေးဆေး မှန်မှန်ပဲ။ ကိုရွှေက အဲသလိုမဟုတ်ဘူး။ လက်တစ်ဖက်က ကြက်ကြော်တစ်ဖက်က ထန်းရည်အိုး(မြူအိုး)ကိုကိုင်ပြီး ကြက်ကြော်တစ်ကိုက် ထန်းရည်တစ်ကျိုက် အိုးလိုက်ကိုင်တာ ကိုကြီးကျော်စတိုင်အတိုင်းမို့ ငါတော့ တစ်အားအားကျတယ်။ သောက်လည်းသောက်ချင်လိုက်တာကွာ။ အစ်ကိုထွန်းကြည် ပြဿနာရှာမှာစိုးလို့ ငြိမ်နေရတယ်'

'ဒါနဲ့ ငါက ဟန်လုပ်ပြီး ဒီလောက်ခါးတဲ့ဟာကြီး ဘာအရသာရှိလို့ ခင်ဗျားတို့ မက်မက်မောမောသောက်သလဲလို့မေးတော့ ထန်းရည်ဆိုင်မှာ ခဏနားနေတဲ့ ထန်းသမားကြီးက လူလေးရယ်..ထန်းရည်ဆိုတာ နေကျော်သွားရင် ပြင်းလည်းပြင်း၊ ခါးလည်းခါးသွားရောတဲ့။ နေမကျော်သေးခင် နေထွက်တပြုမှာသာ အရောက်လာခဲ့ ချိုမြမြမွှေးတဲ့ ထန်းရည်ချိုချိုလေး ရတယ်တဲ့'

'ဟော့ကောင် ငပြူး..ငကောင်းဆိုတဲ့ကောင်က မင်းကို သိပ်သိတယ်။ သိပ်နှံ့စပ်တယ်လို့ အရှုံးဘုံမြှောက်ပြောတိုင်း မင်းကိုယ်မင်း သိပ်ထင်မနေနဲ့။ ကိုရွှေကပဲ ကိုကြီးကျော်စတိုင်နဲ့ မြူအိုးကို အပြတ်ကိုင်သတဲ့။ ကဲ..ကိုကြီးကျော်ကို မင်းက မြင်ဖူးလို့လား'

'ဟာ..ဘိုနီဆိုတဲ့ကောင်က ဒုံးဝေးပြီ။ တို့ ကြည်တော်ကုန်းရပ်ကွက်ထဲက ဦးပါ၊ ဒေါ်ညိန်းတို့အိမ်မှာ တစ်နှစ် လေးခါလောက် နတ်ကနားပေးတာ မင်း မကြည့်ဖူးဘူးလား။ အဲဒီမှာ အများအားဖြင့် ကိုသောင်းညွန့်က ကိုကြီးကျော်နတ် အမြဲဝင်တယ်။ အဲဒီလိုဝင်ပြီဆို ဘေးက ဒေါ်ညိန်းက ငွေဖလား(ကြက်ပွဲရေစင်ဖိုးထည့်ရန်) ကိုင်တယ်။ ငါက ထန်းရည်အိုး(မြူအိုး) ကိုင်တယ်။ ငကောင်းက ကြက်ကြော်ပန်းကန် ကိုင်တယ်။ ကိုကြီးကျော်ဝင်နေတဲ့ ကိုသောင်းညွန့်က ငါ့ကို မေးထိုးလိုက်ရင် ငါက ထန်းရည်အိုးဆက်ရတယ်။ ကိုကြီးကျော်ဝင်နေတဲ့ ကိုသောင်းညွန့်က အိုးလိုက်ကိုင်တာပဲ။ ငကောင်းကိုမေးထိုးရင်း ငကောင်းက ကြက်ကြော်ပန်းကန် ရှေ့ထိုးပေးရတယ်။ မယုံရင် ငကောင်းမေးကြည့်'

'ဟုတ်တယ်'

မောင်ကောင်းက ရှည်ရှည်ဝေးဝေးမပြောဘဲ ဟုတ်တယ်ဟု ဖိုးပြူးစကားကို ထောက်ခံလိုက်သည်။

'ဒါတော့ မင်းပြောမှလား ငပြူးရာ၊ ငါက တကယ့်ကိုကြီးကျော်အစစ်ကို မြင်ဖူးလားလို့မေးတာ'

◆◆◆

'ဟော့..ဘိုဘို'

'ဟော့ကောင် ဘိုဘို..ခဏနားမယ်ဆိုတဲ့ကောင် ဘာလုပ်နေတာလဲ၊ လာလေကွာ'

'ငကောင်းရေ..ဘိုဘိုဆိုတဲ့ကောင် ခေါ်မကြား အော်မကြားနဲ့။ အိပ်ပျော်နေတာလား၊ သွားကြည့်ဦး။ သူ အိပ်နေတာ အရေးမကြီးဘူး။ အကြော်ထုပ်နဲ့ ထမင်းထုပ်တွေ ခွေးဆွဲသွားရင် ငတ်ကြဦးမယ်'

ငလုံးသည် တံတားဆင်ခြေလျှောတွင် ဘိုဘိုပက်လက် အိပ်နေသည်ကိုမြင်နေရပြီး ခေါ်ကြည့်ရာ တုတ်တုတ်မျှ မလှုပ်သဖြင့် မောင်ကောင်းကိုပြောလိုက်သည်။ ငလုံးပြောတာ အားလုံးကြားသဖြင့် တံတားဘက်သို့ ကြည့်မိကြသည်။

'ဟော့..အကုန်လုံးလာခဲ့ကြဦး။ ဘိုဘိုပါးစပ်က အမြှုပ်တွေထွက်ပြီး မျက်လုံးကြီးပြူးနေတယ်။ ဘာဖြစ်လဲမသိဘူး'

မောင်ကောင်းသည် ပေသီးပစ်နေရာက အရင်ဆုံး တံတားဆီသို့ သွားကြည့်ရာ ဘိုဘို၏ ပုံမှန်မဟုတ်သော အခြေအနေကို မြင်လိုက်ရသဖြင့် ကြောက်အားလန့်အားနှင့် သူငယ်ချင်းများကို ခေါ်လိုက်သည်။ ချက်ချင်းဆိုသလိုပင် အားလုံးရောက်လာသည်။

'မောင်ကောင်း..တို့ အမြန်အိမ်ပြန်မှဖြစ်မယ်'

'ဒီကောင်ကို ဘယ်လိုသယ်ကြမလဲ'

'ပျော်ဘွယ်ဘက်ကလာတဲ့ ဂျစ်ကားတွေရှိတယ်။ မူဆာကြီးတို့၊ ဝါးဝါးတို့ မောင်းတဲ့ကားဆိုရင် တို့သူငယ်ချင်းတွေပဲ အကူအညီတောင်းရင် အဆင်ပြေမှာပါ'

'တို့ ကြည်တော်ကုန်းရပ်ကွက်ထဲက ကိုအာလူး(ကိုသိန်းမောင်)ကားလည်း ဒီလမ်းအတိုင်းလာမှာပဲ။ တစ်စီးမဟုတ်တစ်စီး ရမှာပါ။ ကားမရခင် မြင်းလှည်းလာလည်း မြင်းလှည်းနဲ့ သယ်မယ်'

'ဟော..ဟိုမှာ ရွာထဲက လူတစ်ယောက်လာတယ်။ အဲဒီဦးကြီးကို ဒီကောင် ဘာဖြစ်သလဲ သိရအောင် မေးကြည့်ကြစို့။ ရွာထဲမှာ ဆေးဆရာရှိလည်း ပြကြည့်ကြတာပေါ့'

'ဟုတ်တယ် ငလုံး၊ သွားခေါ်ကွာ'

ငလုံးသည် ခြေမြန်လက်မြန်သမားပီပီ ပြေးသွားပြီး



www.burmeseclassic.com

www.burmeseclassic.com

ဦးကြီးကို အကျိုးအကြောင်းပြောပြကာ တစ်ပါတည်းခေါ်ခဲ့သည်။

'ဒီမှာ ငါ့တူတို့၊ ဒီသူငယ်ကိုကြည့်ရတာ ပုံမှန်မဟုတ်ဘူး။ တစ္ဆေသရဲပူးကပ်နေတဲ့ပုံစံကွယ့်။ အိမ်အမြန်ရောက်အောင်သာ ခေါ်သွားကြ။ တတ်ကျွမ်းတဲ့ဆရာသမားတွေနဲ့ပြမှ ဖြစ်မယ်ထင်တယ်'

'ဒါနဲ့ ဦးကြီး၊ ဒီနားမှာ တစ္ဆေသရဲရှိလားဟင်'

'ဦးကြီးတော့ ဒီရွှေဒါးရွာမှာမွေး၊ ရွှေဒါးရွာမှာ နေလာတာ ဒီနေ့ထိပဲ တစ်ခါမှ တစ္ဆေသရဲပူးကပ်တာ မတွေ့ဖူးဘူး။ ဒီသူငယ်အခြေအနေကြည့်ပြီး ထင်တာပြောတာပါကွယ်'

'ဦးကြီးမိဘတွေနဲ့ အစ်ကို၊ အစ်မတွေ ပြောဖူးတာတော့ ဟောဒီကုန်းသာတံတားပေါ်မှာ မျိုးချစ်တပ်မတော်ကနယ်ချဲ့တွေကို မောင်းထုတ်စဉ်ကရော ဖက်ဆစ်တွေကို မောင်းထုတ်စဉ်ကပါ အကြီးအကျယ်ထိတွေ့တိုက်ပွဲတွေ ဖြစ်ခဲ့တယ်။ အဲဒီဖြစ်စဉ်တွေကြောင့် ရန်သူတွေ ဒီတံတားပေါ်မှာ အကြီးအကျယ်ကျဆုံးခဲ့ဖူးတယ်တဲ့'

'အဲဒီဖြစ်စဉ်တွေဟာ လွန်ခဲ့တဲ့ အနှစ်(၆၀)၊ (၇၀) လောက်က ဖြစ်စဉ်တွေပါကွယ်။ ဟော..ဟော..ပြောရင်းဆိုရင်း မြင်းလှည်းတစ်စီး လာနေတယ်။ အဲဒီမြင်းလှည်းမြို့ဘက်သွားမှာဆိုတော့ ဒီသူငယ်ကို သယ်ယူသွားဖို့ အဆင်ပြေတာပေါ့။ တစ်ယောက်ယောက် ပြေးတားလိုက်၊ တားလိုက်'

ဦးကြီးသည် သူသိသမျှပြောပြပြီး ခပ်လှမ်းလှမ်းမှလာနေသော မြင်းလှည်းကို ညွှန်ပြလိုက်သည်။

'ဟေ့..သူငယ်ချင်းတို့ရေ၊ ကိုမောင်လှကြီးမြင်းလှည်းဟ'

ကံကောင်းချင်တော့ တစ်ရပ်ကွက်တည်းသားချင်း မြင်းလှည်းနဲ့မှ ဆုံဖြစ်ကြသည်။

'ဟေ့..ပွဲတိုင်းကျော်တွေ ဘာဖြစ်ကြသတုံးဟ'

'ဘိုဘို ဘာဖြစ်မှန်းမသိဘူး၊ အိမ်အမြန်ပို့ပေးဗျာ'

မြင်းလှည်းဆရာသည် မောင်ကောင်းတို့နှင့် တစ်ရပ်ကွက်တည်းသားချင်းမို့ ခင်မင်ရင်းနှီးကြသည်။ ဘိုဘို သယ်ယူရေးအတွက်လည်း အဆင်ပြေသွားသည်။

မောင်ကောင်းနဲ့ တင်မောင်တို့အဖွဲ့ ဘိုဘိုတို့အိမ်ရောက်တော့ မွန်းလွဲ(၁)နာရီထိုးပြီ။ ဘိုဘိုကတော့ ပါးစပ်မှ အမြှုပ်တွေထွက်ကာ မျက်လုံးပြူးကြောင်ကြောင်နှင့် ဘာတွေပြောနေမှန်းမသိ ဂူးဂူးဝါးဝါးအသံများ ထွက်နေသည်။

◆◆◆

'အလို..ငါ့သားလေး။ ဘိုဘို ဘာဖြစ်လို့လဲ မောင်တင်မောင်၊ မောင်ကောင်း..မင်းတို့ညီလေး ဘာဖြစ်ခဲ့တာလဲ၊ ဘာဖြစ်တာလဲ။ အမေ့ကို မြန်မြန်ပြောစမ်း'

'ကျွန်တော်တို့ ရွှေဒါးရွာနားက နွားစားကျက်ကွင်းထဲမှာ ပေသီးသွားပစ်ကြတယ်။ ကျွန်တော်တို့ ပေသီးပစ်နေတုန်း ဘိုဘိုက မောတယ်၊ ခဏနားမယ်ဆိုပြီး တံတားဆင်ခြေလျှောမှာ ထိုင်နေခဲ့တယ် အမေ။ ပေသီးပစ်တာ (၁)နာရီလောက်ကြာတော့ သူ့ကို ကျွန်တော်ခေါ်ကြည့်ပါတယ်၊ ပြန်မထူးဘူး။ ဒါနဲ့ သူ့အနားသွားကြည့်တော့ ဒီပုံအတိုင်းတွေ့ရတာပဲ အမေ'

(မြေလတ်ဒေသသားများသည် အဘွားကို အမေ၊ အမေကို အစ်မဟု ခေါ်လေ့ရှိကြသည်။ ထို့ကြောင့် ဘိုဘို၏အဘွား ဒေါ်ရွှေဖောင်ကို အမေဟုခေါ်၍ ရှင်းပြနေခြင်းဖြစ်သည်။ ဒေါ်ရွှေတုတ်၊ ဒေါ်ငွေသောင်၊ ဒေါ်ငွေအောင်၊ ဒေါ်ရွှေဖောင်ဆိုသည့် ညီအစ်မလေးဦးက ပွားစည်းလာသော တင်မောင်၊ ဘိုဘို၊ မောင်ကောင်း ဆွေမျိုးစု ဆွေစဉ်မျိုးဆက်ကား များလှသည်။)

'အမေဖောင်ရေ၊ အမေ့မြေး ပွဲတိုင်းကျော်တွေကို ဘာမှမေးမနေနဲ့။ ဘယ်သူမှ ဂဃနဏမသိဘူး။ အရင်ဆုံး ဝါတိုးကျောင်းဆရာတော်ကြီးဆီ အကျိုးအကြောင်းလျှောက်ပြီး မေးကြည့်ကြရအောင်။ လာ..လာ..မြင်းလှည်းပေါ်တက်၊ ကျွန်တော်လိုက်ပို့မယ်'

ကိုမောင်လှကြီးငယ်စဉ်က ဝါတိုးဘုန်းကြီးကျောင်းတွင် ကိုရင်ဝတ်ဖူးသည်။ ဒါကြောင့် ဝါတိုးဘုန်းတော်ကြီးကျောင်း ပထမဆရာတော်ကြီး၏တပည့်ဖြစ်ဖူးသည်။ ဆရာတော်ကြီးသည် ပယောဂ၊ တစ္ဆေသရဲ၊ နတ်တိုက်၊ စုန်းတိုက်၊ အပမှီ စသည့်ထူးခြားဖြစ်စဉ်များ ခံစားနေရသူများကို မေတ္တာရေစင်ပက်ဖျန်းရုံမျှနှင့် ချမ်းသာရာရကြောင်း ကိုယ်တွေ့သိထားဖူးသဖြင့် ဘိုဘိုရဲ့အဘွား ဒေါ်ရွှေဖောင်အား ဆရာတော်ကြီးကျောင်းသို့ ခေါ်သွားခြင်းဖြစ်သည်။ ကျောင်းရောက်လာသော ဒေါ်ရွှေဖောင်ကို ဆရာတော်ကြီးက ရေမန်းအနည်းငယ် မန်းပေးလိုက်သည်။ အဘွားအိမ်ရောက်ရောက်ချင်း ဆရာတော်ကြီး မှာကြားလိုက်သည့်အတိုင်း ဘိုဘို၏မျက်နှာကို မေတ္တာရေစင် ရေမန်းနှင့် သုံးချက်တောက်လိုက်ရာ သူ့ကို ဝိုင်းကြည့်နေကြသည့်သူများကို

www.burmeseclassic.com

www.burmeseclassic.com

ကြည့်ရင်း 'ဟော့ကောင်တွေ၊ ငါ့စက်ဘီးရော'ဟု အသံပီပီသသနှင့် သူဘာမှမဖြစ်သလို မေးလိုက်သည်။

'အမယ်လေး..သူ့အတွက် တို့ကတော့ ပူလိုက်ရတာ။ သူကတော့ ငါ့စက်ဘီးရောတဲ့။ သေလိုက်စမ်းကွာ'

ဘိုဘို သတိရပြီး စကားစတင်ပြောသံကြားလိုက်ရသည့် သူငယ်ချင်းအားလုံး ဝမ်းသာသွားကြသည်။ တစ်ယောက်တစ်ပေါက်ပြောသံတွေလည်း ညံသွားသည်။

'သူငယ်ချင်းတို့..အားလုံးငြိမ်ကြကွာ။ ဘိုဘိုပြောတာ တို့နားထောင်ကြည့်ရအောင်'

မောင်ကောင်းသည် ဖိုးပြူး၊ ငလုံးနှင့် ဘိုနီတို့ တစ်ယောက်တစ်ပေါက် ဟိုပြောဒီပြောပြောနေကြသဖြင့် ငြိမ်ငြိမ်နေရန် ပြောဆိုသတိပေးလိုက်ပြီး တစ်ဆက်တည်း ဘိုဘိုဘက်လှည့်ကာ 'ကဲ..ဘိုဘို၊ မင်းဘာဖြစ်တာလဲ။ တို့ကိုပြောပြကွာ'လို့ ပြောလိုက်သည်။

'ရွှေဒါးအထိ စက်ဘီးစီးရတာ မောလာတယ်။ မဟန်နိုင်အောင်မောတာနဲ့ ကုန်းသာတံတားဆင်ခြေလျှော အုတ်ခုံပေါ် ခဏမှေးလိုက်တာ။ ငါ့တစ်ကိုယ်လုံး ချွေးတွေတစ်အားထွက်လာပြီး မူးနောက်နောက်ဖြစ်လာတယ်။ မျက်ခုံးတွေလေးပြီး အိပ်ချင်တာနဲ့ အမဲကြော်တွေထည့်ထားတဲ့ အစ်ကိုကောင်းအိတ်ရယ်၊ ရေဘူးနှစ်ဘူးရယ်ထပ်ပြီး ခေါင်းအုံးလုပ်ပြီး ခဏမှေးလိုက်တာ အိပ်ပျော်သွားတယ်။ မကြာခင်ပဲ အိပ်မက်,မက်တယ်။ အိပ်မက်ထဲမှာ စုတ်ပြတ်နေတဲ့ ယူနီဖောင်းဝတ်စုံဝတ် ဖက်ဆစ်နှစ်ယောက် ငါခေါင်းအုံးအိပ်နေတဲ့အိတ်ကို လာလုတယ်။ ငါက မပေးဘူး၊ မပေးဘူး။ ဒါ ငါ့အစ်ကိုအိတ်ဆိုပြီး ပြန်လုတယ်။ တစ်ယောက်က ငါ့ရှေ့ကပျောက်သွားပြီး တစ်ယောက်က ငါ့လည်ပင်းညှစ်ဖို့ ကြိုးစားတယ်။ ငါကလည်း ဖွတ်ရုန်းတယ်။ ငါ အဲဒီလိုဖြစ်နေချိန်မှာ ငလုံးနဲ့ ဘိုနီကို လှမ်းမြင်နေရလို့ အော်ခေါ်တာ ဒီကောင်တွေက လှည့်မကြည့်ဘူး။ အဲသလိုနဲ့ အိပ်မက်ထဲမှာ အော်ရင်းဟစ်ရင်း အိပ်မက်ကလန့်နိုးသွားတယ်'

'ဟော့ကောင်ဘိုဘို၊ ဖက်ဆစ်ဂျပန်ခေတ်က မင်းအစ်ကိုတွေဖြစ်တဲ့ ငါနဲ့ တင်မောင်တို့တောင် ငါးနှစ်,ခြောက်နှစ်သားလောက်ပဲရှိသေးတာ။ မင်းဆို အမေ့ဗိုက်ထဲပဲရှိဦးမယ်။ မင်းဘာသိလို့ ဖက်ဆစ်ယူနီဖောင်း၊ ဖက်ဆစ်တွေလို့ ပြောနိုင်ရတာလဲ ငဖြီးရဲ့။ ဖြီးမယ်ဆိုလည်း ယုံအောင်ဖြီးဟ'

'ငါ ဖြီးတာမဟုတ်ဘူး အစ်ကိုကောင်း၊ ငါ ဓာတ်ရှင်ထဲမှာ ဖက်ဆစ်တွေကို မြင်ဖူးပါတယ်။ မှတ်မိသလောက်



ပြောရရင် မင်းသားကြီးတင်ညွန့်က မျိုးချစ်တပ်မတော်က မင်းသားကြီးရဲဘော်သက်ရှည်က ဖက်ဆစ်တပ်ကကွာ'

[လွန်ခဲ့သောနှစ်ပေါင်း(၆၀)ကျော်က ရုပ်ရှင်ကို ဓာတ်ရှင်ဟု ခေါ်ပါသည်။]

'ဒီလိုဆိုတော့လည်း ဟုတ်သားပဲ။ ကဲ..ဆက်ပြောပါဦး'

ဘိုဘို၏စကားက မှန်နေသဖြင့် ဆက်ပြောခိုင်းလိုက်သည်။

'တံတားဘေး ကပ်ထောင်ထားတဲ့ စက်ဘီးတွေကလည်း ရှိနေတယ်။ အကြော်ထုပ်၊ ထမင်းထုပ်တွေက တစ်ဖက် ရေဘူးတွေကတစ်ဖက်မို့ မင်းတို့နောက်လိုက်ရကောင်းမလား၊ ဒီအုတ်ခုံမှာ ထိုင်စောင့်ရင်ကောင်းမလားဆိုပြီး စဉ်းစားနေတုန်း ဟိုကောင် ပေါ်တင်ကြီးရောက်လာတယ်'

'ဟကောင်..ဘယ်ကောင်က ပေါ်တင်ကြီးရောက်လာတာလဲဟ'

'ဖက်ဆစ်နှစ်ယောက်ထဲကတစ်ယောက် ရင်ဘတ်မှာ သွေးတွေစီးကျနေတဲ့ကောင်၊ တစ်ကိုယ်လုံး စုတ်ပြတ်ပြာနှမ်းနေတဲ့ကောင်၊ သူတစ်ယောက်တည်း ရောက်လာတာ'

'ဘိုဘို..မင်း နေကောင်းပါတယ်နော်'

'ငလုံး..မနောက်နဲ့ကွ။ ငါ အကောင်းပြောနေတာ'

'အေးပါ..အေးပါ၊ သေချာအောင်မေးကြည့်တာ စိတ်မဆိုးပါနဲ့ကွာ'

'ဟော့ကောင်တွေ၊ ငါပြောတာ မယုံရင် ဘာမှမမေးကြနဲ့'

'ယုံပါတယ်ကွာ၊ ယုံပါတယ်။ ဆက်ပြောစမ်းပါ။ တို့နားထောင်ချင်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com

ဘိုဘို စိတ်ဆိုးသွားမှန်းသိသဖြင့် မောင်ကောင်းက အသာဝင်ထိန်းကာ ဆက်ပြောခိုင်းလိုက်သည်။

'အိပ်မက်ကလန့်နိုးပြီး ပြန်အိပ်ရမှာကြောက်လို့ မအိပ်ဘဲ ထိုင်နေတာ။ စောစောက ငါပြောတဲ့ ဖက်ဆစ်ကောင် ငါ့နား ဘွားခနဲပေါ်လာတာမြင်တော့ တစ်အားကြောက်မိပြီး ငါ ထရပ်လိုက်တယ်။ ဝူးဝူးဝါးဝါးနဲ့ ဘာတွေပြောနေတာလဲဆိုတာ မဝေခွဲတတ်ပေမယ့် သူ့အမူအရာဟာ ငါ စလွယ်သိုင်းလွယ်ထားတဲ့အိတ်ကို တောင်းနေတာဆိုတော့ ငါ သဘောပေါက်တယ်။ ငါက မပေးတော့ သူက လုတယ်၊ မပေးဘူး။ ဒါ ငါ့အစ်ကိုအိတ်လို့ပြောပြီး လုရင်း,လုရင်း တံတားအုတ်ခုံပေါ် လဲကျသွားတယ်။ ဘယ်လောက်ကြာကြာ သတိလစ်သွားသလဲမသိဘူး၊ အစ်ကိုကောင်း လှုပ်နှိုးလိုက်မှ သတိရတယ်။ ဒါပေမဲ့ ဟိုဖက်ဆစ်တစ္ဆေကောင် ငါ့ကို ကပ်လိုက်,ခွာလိုက်နဲ့ ဒုက္ခပေးတာ၊ အမေ ရေနဲ့ တောက်လိုက်မှ ကောင်းကောင်းသတိရတယ်'

'အေး..မင်းကောင်းသွားတာ တို့ဝမ်းသာပါတယ်။ မနက်ဖြန် နေထွက်တပြူအရောက် ကုန်းသာတံတားသွားရဦးမယ်'

'ဟေ့ကောင်တွေ၊ ဘာကိစ္စသွားကြဦးမှာလဲ။ ခြေရှည်ကြပြန်ပြီ။ ငါတော့ မလိုက်တော့ဘူး'

'မင်း မလိုက်လို့မရဘူး။ မနက်ဖြန် အရုဏ်ဆွမ်းကပ်ပြီး တံတားပေါ်ကနေ ဟိုကျေးဇူးရှင်တွေကို မင်းကိုယ်တိုင် အမျှပေးဝေရမတဲ့ ကိုယ့်လူ'

'ဒါဆိုလည်း လိုက်ရမှာပေါ့'

**ဝင်းဒေသာင်(ရမည်းသင်း)**

ဘိုဘို သရဲစီးတယ်ဆိုတဲ့ အသံကြားကြားချင်း အိမ်နားနီးချင်း ဘဘဖိုးထင် ရောက်လာပါတယ်။ ဘဘအသက်က (၈၅)နှစ်ကျော်ပြီ။ သန်တုန်းမြန်တုန်း ဖက်ဆစ်ကို မြန်မာ့မြေပေါ် ကမောင်းထုတ်ရာမှာ ကိုယ်တိုင်ပါဝင်ခဲ့သူမို့ မော်ကွန်းဝင်စစ်ပြန်ကြီးတစ်ယောက်ပါ။ အဲဒီတုန်းက ဘဘဖိုးထင် ပြောခဲ့တဲ့စကားက မှတ်သားစရာမို့ သီးခြားဖော်ပြလိုက်တာပါ။ ဘဘပြောခဲ့တဲ့စကားက လွန်ခဲ့တဲ့နှစ်(၆၀)ကျော်ကပြောခဲ့တဲ့ စကားပေမယ့် မှတ်သားလောက်ပါတယ်။

'ဒီမှာ မရွှေဖောင် နိဗ္ဗာန်မရောက်မီစပ်ကြားကာလ လူသေရင် ဒေဝဂတိနတ်၊ ဗြဟ္မာမနုဿဂတိ၊ လူပေတဂတိ၊ ပြိတ္တာ၊ တစ္ဆေ၊ သရဲ၊ တိရစ္ဆာနဂတိ၊ ခွေး၊ ကြက်၊ ဝက် နိရတာငရဲဂတိ ဆိုတဲ့ ဂတိ(၅)ပါးကို လားကြရတယ်ဆိုတာ ကျုပ်တို့ဘုရားရှင်က ဟောခဲ့တယ်။

အဲဒီဂတိတွေဆီ လားရာမှာလည်း ကောင်းတာလုပ် ကောင်းတဲ့အကျင့်အကြံတွေကြံမှ ကောင်းတဲ့ဂတိကို လားကြမှာ။ မကောင်းတာတွေလုပ်၊ မကောင်းတဲ့အကျင့်အကြံတွေ ကြံကြံသူတွေကတော့ သူတို့နဲ့ ထိုက်သင့်ရာပေတဂတိ တိရစ္ဆာနဂတိ ငရဲဆိုတဲ့ဂတိတွေ လားကြမှာတဲ့။

မိဘ,ဘိုးဘွားတွေလက်ထက်က ကျူးကျော်စစ်ဆင်နွှဲပြီး ကျုပ်တို့နိုင်ငံကို မတရားသိမ်းပိုက်ခဲ့တဲ့ နယ်ချဲ့တွေလည်း အိမ်ရှင်ဖြစ်တဲ့ ကျုပ်တို့ကို မတရားဖိနှိပ်အနိုင်ကျင့်ခဲ့ကြတယ်။ ရွှေကိုယူသည်၊ ငွေကိုယူသည်။ ပြီးတော့ လူကိုယူသည်။ ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်ပျက်၊ ကြေးဆင်းတုတော်တွေ၊ ခေါင်းလောင်းတွေ အရည်ကျိုပြီး ကျည်ဆန်လုပ် ဘုရားဌာပနာတွေဖောက်ခဲ့ကြတယ်။ မကောင်းတာမှန်သမျှ အကုန်လုပ်ခဲ့ကြတယ်ဆိုတာ ကျုပ်တို့မျက်မြင်ပဲ။

ဖက်ဆစ်ခေတ်ရောက်ပြန်တော့လည်း နယ်ချဲ့တွေလိုပဲ ရွှေကိုယူတယ်၊ ငွေကိုယူတယ်၊ လူကိုယူတယ်၊ ဘုရားဌာပနာတွေဖောက်တယ်။ မကောင်းတာမှန်သမျှ လုပ်ခဲ့ကြတယ်။ အဲဒီတော့ မရွှေဖောင်မြေး ဘိုဘို တံတားအုတ်ခုံမှာ ထိုင်နေရင်းက ပေါ်တင်ကြီးမြင်တွေ့ခဲ့တဲ့ကောင်ဟာ ကျုပ်တို့တိုင်းပြည်ကို လာမွှေသွားတဲ့ ဖက်ဆစ်ဘဲက ဖက်ဆစ်တစ်ယောက်ဖြစ်မှာ သေချာတယ်။ ဖက်ဆစ်ဆိုမှတော့ ဒီကောင် ဘာကောင်းတာလုပ်မှာလဲဗျာ။ ဒါကြောင့် ပေတဂတိလားပြီး ပြိတ္တာ၊ တစ္ဆေ၊ သရဲ ဖြစ်နေဟန်တူတယ်။

ဒါကြောင့် ဘိုဘို ခေါင်းအုံးအိပ်နေတဲ့အိတ်ကို တောင်းနေတာ။ အဲဒီအိတ်ထဲမှာ အမဲကြော်တွေထည့်ထားဆို ဖက်ဆစ်မိစ္ဆာတွေများ သေပြီး နှစ်လေး,ငါး,ခြောက်ဆယ်တိုင်အောင် ကျုပ်တို့ကို ဒုက္ခပေးတုန်းကိုး။

ကဲ..ငါ့မြေးတွေကို စုံစုံညီညီတွေ့တုန်း ဘဘပြောချင်တာလေးတွေ ပြောရဦးမယ်။ မင်းတို့တွေ မကြာမီ အရွယ်ရောက်ပြီး လုပ်ငန်းအသီးသီးလုပ်ဖို့ လုပ်ငန်းခွင်ဝင်ကြရတော့မယ်။ မင်းတို့လက်ထက် မင်းတို့လုပ်ငန်းခွင်ရောက်တဲ့အခါ နိုင်ငံတော်ရဲ့လွတ်လပ်ရေးမဆုံးရအောင် ကျတဲ့နေရာက ကာကွယ်စောင့်ရှောက်ကြဖို့ မမေ့နဲ့ကွယ့်။

အေး..မကာကွယ် မစောင့်ရှောက်ဘဲ ပေါ့ပေါ့နေကြရင်တော့ နာပြီမှတ်ဟ' (စာရေးသူ)



www.burmeseclassic.com

www.burmeseclassic.com

သည်နှစ်သင်္ကြန်တွင်းကဖြစ်သည်။ စာရေးသူတို့မိသားစု စာရေးသူနှင့် သမီးလေးယောက်စလုံး သင်္ကြန်တွင်း နေ့တရားစခန်း ဝင်ဖြစ်ခဲ့ပါသည်။ စာရေးသူတို့ နေ့တရားစခန်း ဝင်သည့်ကျောင်းမှာ ဝင်ဒါမီယာရှိ ဇေယျသိဒ္ဓိကျောင်းဖြစ်သည်။ နောက်ဆုံးနေ့ဖြစ်သော မဟာသင်္ကြန်အတက်နေ့ ညနေတွင် တရားစခန်းသိမ်းပါသည်။

'မေမေ‥တရားစခန်းသိမ်းရင် အိမ်ကို တန်းမပြန်သေးဘူး။ ရွှေတိဂုံဘုရားကို သွားဖူးချင်တယ် မေမေ'

သမီးကြီးက ဤသို့ပြောလိုက်သဖြင့်-

'အိမ်း‥ကောင်းတာပေါ့'

ဟု ကျွန်မက ပြန်ပြောလိုက်သည်။






www.burmeseclassic.com

www.burmeseclassic.com

'ဒါဆိုရင် သမီးတို့ ဒီကျောင်းကနေ ဘုရားကို လမ်းလျှောက်ကြမယ်'

အငယ်ဆုံးသမီးက ဤသို့ပြောလိုက်သည်။

'ဟုတ်တယ်၊ တရားထိုင်ထားတော့ လမ်းလျှောက်တာ ပိုကောင်းတာပေါ့'

ထိုသို့ဖြင့် ကျွန်မတို့မိသားစုသည် ဇေယျာသိဒ္ဓိကျောင်းမှ ရွှေတိဂုံဘုရားဆီသို့သွားခဲ့ရာ အုတ်လမ်းကလေးအတိုင်း တက်လာခဲ့ပါသည်။

ထိုသို့တက်လာရင်း ပထမဦးဆုံးရောက်သွားသည့်နေရာမှာ ကမ္ဘာအေးလေးဘုရား ဖြစ်ပါသည်။

'မေမေ..သမီးတို့ ကမ္ဘာအေးလေးဘုရားကို မရောက်တာကြာပြီ။ ဝင်ဖူးကြမယ်နော်'

'အေး..ဖူးတာပေါ့'

ကျွန်မတို့မိသားစု ကမ္ဘာအေးလေးဘုရားကို ဝင်ရောက်ဖူးမြော်ခဲ့ပါသည်။

ကမ္ဘာအေးလေးဘုရားကို ဖူးပြီး ရင်ပြင်တော်ကို လျှောက်ကြည့်ရာ မောင်ကံ၊ ဇနီးနှင့် သား ရုပ်တုကို တွေ့ရှိရပါသည်။ ထိုရုပ်တွင် မောင်ကံက တရုတ်မင်းညီမင်းသားဝတ်သည့် ဝတ်စုံကို ဝတ်ဆင်ထားပြီး ဣန္ဒြာသယလိုတရလုံ့ကို ကိုင်ထားပါသည်။ ၎င်း၏ဘေး၌ ကလေးငယ်တစ်ဦးကို ပွေ့ချီ၍ ထိုင်လျက်အနေအထားဖြင့် ၎င်း၏ဇနီးသည် ကျင်စာရီ၏ရုပ်တုကို တွေ့ရှိရပါသည်။

ထိုရုပ်တုကို တွေ့သောအခါ စာရေးသူက သေချာစွာကြည့်နေမိသည်။

'မေမေ..မောင်ကံလို့ရေးထားတဲ့ရုပ်တုကို ဘာဖြစ်လို့ကြည့်နေတာလဲ'

'သြော်..မောင်ကံရုပ်တုကို တွေ့တော့ အဘွားကို သတိရလို့'

'ဘာဖြစ်လို့ အဘွားကို သတိရတာလဲ'

'အဘွားက မေမေတို့ငယ်ငယ်က အိပ်ရာဝင်ခါနီးမှာ မောင်ကံအကြောင်း ပြောပြောပြလို့ အဘွားကို သတိရတာပါ'

'သမီးတို့လည်း မောင်ကံအကြောင်း မသိဘူး မေမေ။ ပြောပြပါ'

'အေးပါ..အိမ်ရောက်ရင် ပြောပြမယ်'

◆ ◆ ◆

'မေမေငယ်ငယ်တုန်းက အဘွားက မေမေ့ကို တစ်ဦးတည်းသောသမီးမို့ သူ့ရဲ့ပေါင်ပေါ်မှာတင်သိပ်ရင်း မောင်ကံကျောက်ရုပ်ဖြစ်သွားတဲ့အကြောင်းတွေ ပြောပြခဲ့တယ်။ တကယ်တော့ အဘွားဟာ မေမေ့အတွက်တော့ ဂမ္ဘီရမေမေပါပဲ။ အဘွားရဲ့ အတွေးအခေါ်တွေ၊ အဘွားစုဆောင်းထားတဲ့ ဖြစ်ရပ်ဆန်းကြယ်တွေကို ငယ်ငယ်ကလေးကတည်းက ကြားဖူးနားဝဖြစ်ခဲ့တယ်။ အဲဒီဆန်းကြယ်တဲ့ ဖြစ်ရပ်တွေထဲမှာ စီးမျောခဲ့တယ်။ ဒါကြောင့် အသက်ကြီးလာတဲ့အခါမှာလည်း သဘာဝလွန်ဖြစ်ရပ်တွေ၊ ဂမ္ဘီရဆန်တဲ့အဖြစ်အပျက်တွေကို စိတ်ဝင်စားလာခဲ့တယ်။ အဲဒီဖြစ်ရပ်တွေနဲ့ တွေ့ကြုံခွင့်၊ သိရှိခွင့်ရတဲ့အခါမှာ အခြားလူတွေကို မျှဝေခံစားစေချင်တယ်။ အဲဒီစိတ်နဲ့ စာရေးရင်း စာရေးဆရာဖြစ်ခဲ့တယ်ဆိုပါတော့'

မောင်ကံအကြောင်းပြောတိုင်း ကျွန်မ သတိရနေတဲ့ စကားကတော့–

'သမီး..ဘယ်တော့မှ အနန္တောအနန္တငါးပါးကို မပစ်မှားလေနဲ့။ မောင်ကံဟာ အနန္တောအနန္တငါးပါးကို ပစ်မှားလို့ ဘုရားမှာ ကျောက်ရုပ်ဖြစ်သွားခဲ့တာပေါ့'

'ဘာဖြစ်လို့ကျောက်ရုပ်ဖြစ်သွားတာလဲ မေမေ'

'ရွှေတိဂုံစေတီတော်မှာ ဌာပနာထားတဲ့ ဆံတော်ကိုဝင်ခိုးလို့ ကျောက်ရုပ်ဖြစ်သွားတာပေါ့ကွယ်'

'ဖြစ်မှဖြစ်ရလေ။ မောင်ကံက အဲဒီလို ဘုရားရှင်ရဲ့ ဆံတော်တွေ ဝင်ခိုးတာကို ဘယ်သူမှ မတားဘူးလား'

'တားတာပေါ့ကွယ်။ နတ်တွေကတားတာမှ ရိုးရိုးတားတာတောင်မဟုတ်ဘူး၊ မြွေကြီးနဲ့တားလို့ အဲဒီနေရာကို တားမြွေလို့ ခေါ်ကြတယ်။ ကာလဒေသရွေ့လျားလာလို့ တာမွေဖြစ်သွားတယ်လို့ ရှေးလူကြီးတွေပြောတာ မှတ်သားရတယ်'

'သြော်..ဟုတ်လား မေမေ'

'ဒါပေမဲ့ မောင်ကံက တားမရပါဘူး သမီးရယ်။ ဆက်ပြီးသွားတာ ကန်ကြီးတစ်ကန်ရဲ့ ကန်ပေါင်ပေါ်ရောက်သွားတယ်။ အဲဒါတော့ နတ်တွေက သတိပေးတဲ့အနေနဲ့ အဲဒီကန်ပေါင်ကြီးက ပဲ့ကျသတဲ့။ အဲဒီနေရာကို ကန်ပဲ့လို့ခေါ်ကြသတဲ့။ ကာလရွေ့လျားပြီး ကန်ဘဲ့လို့ ဖြစ်သွားတယ်တဲ့'

'သြော်..သြော်'

'ဒါကတော့ မောင်ကံနဲ့ပတ်သက်တဲ့ အကြောင်းတွေပေါ့ကွယ်။ မေမေလည်း ရှေးလူကြီးတွေပြောတာ မှတ်သားထားရတာ။ နောက်ပြီး သူက သူ့ဆရာဝိဇ္ဇာဓိုရ်ရဲ့ စကား

www.burmeseclassic.com

www.burmeseclassic.com

ကိုလည်း နားမထောင်ဘူးကွယ့်။ သူ့ဆရာက သူ့ကိုပြောတယ်။ မင်း လူစွမ်းကောင်းဖြစ်သွားရင် ဆံပင်ကို ကျစ်ဆံမကျစ်ပါနဲ့၊ နောက်ပိတ်ဖိနပ်မစီးနဲ့လို့လည်း မှာသေးတယ်။ သူဟာ ဆရာ့စကား နားမထောင်တဲ့အတွက် အန္တရာယ်ဆိုးကြီးနဲ့ ရင်ဆိုင်ရတာပေါ့ကွယ်'

တကယ်တော့ မောင်ကံဟာ လူစွမ်းကောင်းဖြစ်ရမယ့် ကံဇာတာပါလာသူပါ။ သာမန်လူသားကလေး မောင်ကံဟာ ဝိဇ္ဇာဓိုရ်တစ်ဦးနဲ့ တွေ့ဆုံခဲ့ပါတယ်။ ဝိဇ္ဇာဓိုရ်ရဲ့ ခိုင်းစေရာကို မညည်းမညူလုပ်ပေးရင်း တပည့်ကောင်းတစ်ယောက်အဖြစ်နဲ့ ဝိဇ္ဇာဓိုရ်ကြီးရဲ့အနားမှာ နေထိုင်ခဲ့ပါတယ်။

ဝိဇ္ဇာဓိုရ်ကြီးက-

'ငါ့တပည့်မောင်ကံ··ငါဟာ ဝိဇ္ဇာလမ်းစဉ်ကို ပေါက်မြောက်အောင်ကြိုးစားနေတဲ့အချိန်ဖြစ်တယ်။ ဝိဇ္ဇာလမ်းစဉ် ပေါက်မြောက်အောင် အချိန်တော်တော်ကြာကြာ ကြိုးစားအားထုတ်ရမယ်။ ဒီအတောအတွင်း မင်း ငါ့ကို အတတ်နိုင်ဆုံး ကူညီပါ'

'ကောင်းပါပြီ ဝိဇ္ဇာကြီး။ ဆရာရင်းတစ်ယောက်လို ပြုစုပါ့မယ်'

ထိုသို့ကတိစကားပြောပြီး ဝိဇ္ဇာဓိုရ်ကြီး ခိုင်းစေသမျှ မနားမနေလုပ်ကိုင်ပေးခဲ့ပါတယ်။ ဝိဇ္ဇာဓိုရ်ကြီးလိုအပ်တဲ့ ဆေးပင်ဝါးပင်များကို ခူးပေးကာ ဆရာဝိဇ္ဇာဓိုရ်ကြီး စိတ်တိုင်းကျအောင် လုပ်ဆောင်ပေးခဲ့ပါတယ်။

ဝိဇ္ဇာဓိုရ်ကြီးကလည်း ဝိဇ္ဇာပိုင်းဆိုင်ရာ အတတ်ပညာများကို ကြိုးစားအားထုတ်ပြီး လေ့လာလိုက်စားခဲ့ရာ နှစ်အတန်ကြာသော်-

'အိမ်း··ငါ့ရဲ့ကြိုးစားအားထုတ်မှုဟာ မကြာခင် ပြီးမြောက်အောင်မြင်တော့မယ်။ ငါ့ရဲ့ဝိဇ္ဇာလမ်းစဉ် ပေါက်မြောက်သွားရင် ငါ့ကို ဝတ်ကြီးဝတ်ငယ်ပြုတဲ့ မောင်ကံကိုလည်း သူကောင်းပြုရမယ်'

ဤသို့တွေးတောဆင်ခြင်ခဲ့ပါတယ်။

များမကြာမီအချိန်မှာ-

'အိမ်း··ငါတော့ ဝိဇ္ဇာလမ်းစဉ်ပေါက်မြောက်အောင်မြင်သွားပြီ။ ထွက်ရပ်စခန်းကို သွားရတော့မယ်။ ဒီတော့ မောင်ကံကိုခေါ်ပြီး လုပ်စရာတွေကို လုပ်ဆောင်ပေးမှဖြစ်မယ်'

ဟု ဆိုပြီး မောင်ကံကို ခေါ်လိုက်ပါတယ်။

'ဆရာဝိဇ္ဇာဓိုရ်ကြီး··ကျွန်တော်မျိုးမောင်ကံ ရောက်ပါပြီ'

'အိမ်း··ငါ့တပည့်မောင်ကံ၊ ဆရာဝိဇ္ဇာဓိုရ်ကြီးဟာ ဝိဇ္ဇာလမ်းစဉ်ကို ပေါက်မြောက်အောင်မြင်ခဲ့ပြီ။ ငါ့တပည့်ဟာ အစစအရာရာ လုပ်ဆောင်ပေးခဲ့တဲ့အတွက် မင်းကို ဣန္ဒြာသယ လိုတရလုံ့တံကို ငါပေးခဲ့မယ်။ အဲဒီလုံ့ဟာ လိုတရတဲ့အတွက် မင်းလိုချင်သမျှအရာအားလုံးကို ပိုင်ဆိုင်ရလိမ့်မယ်။ ဒါပေမဲ့ အနုန္ထောအနန္တငါးပါးကို မမေ့ပါနဲ့။ ဆံပင်ကို ကျစ်ဆံမြီးမကျစ်ပါနဲ့။ နောက်ပိတ်ဖိနပ်မစီးပါနဲ့'

'ကောင်းပါပြီ ဆရာဝိဇ္ဇာဓိုရ်ကြီး'

ဝိဇ္ဇာဓိုရ်ကြီးသည် မောင်ကံအား ဣန္ဒြာသယလုံ့တံကို ပေးပြီး ၎င်းသွားရမည့်လမ်းစဉ်အတိုင်း ထွက်ခွာသွားခဲ့တယ်။

မောင်ကံသည် အစက သာမန်လူတစ်ယောက်ဖြစ်ပြီး မထင်ရှား၊ မကျော်ကြားခဲ့ပေ။ ဣန္ဒြာသယလုံ့တံရပြီးနောက် လိုတရသည့် အဖြစ်များကို တစ်စ,တစ်စ ပြုလုပ်အစွမ်းပြခဲ့ရာ လူစွမ်းကောင်းမောင်ကံအဖြစ် ထင်ရှားလာခဲ့ပါတယ်။

၎င်း၏အစွမ်းသတ္တိကြောင့် တဖြည်းဖြည်း ထင်ရှားကျော်ကြားခဲ့ရာ မောင်ကံ၏အကြောင်းကို ဘုရင်ကြီးကသိသွားပြီး မောင်ကံအား လူစွမ်းကောင်းအဖြစ် အပါးတော်၌ထားခဲ့တယ်။ ထို့နောက် မောင်ကံအား သံအဖွဲ့နှင့်အတူ တရုတ်ပြည်သို့ စေလွှတ်ခဲ့တယ်။

တရုတ်ပြည်သို့ရောက်ပြီးနောက် တရုတ်မင်းကြီးသည် မောင်ကံ၏ အစွမ်းသတ္တိ၊ လုံ့တံ၏ အစွမ်းသတ္တိများကို တွေ့မြင်ရသောအခါ-

'လူစွမ်းကောင်းတစ်ယောက်ရဖို့ဟာ ကျောက်ကောင်းတစ်စေ့ရဖို့ထက် ပိုပြီးအခွင့်အရေးရှားပါးတယ်။ လူစွမ်းကောင်းမောင်ကံကို လက်လွှတ်လို့မဖြစ်ဘူး။ ငါ့တိုင်းပြည်က မခွာနိုင်အောင် နည်းလမ်းစဉ်းစားမှပဲ'

'အင်း··မောင်ကံကို ငါ့သမီးတော် ကျင်စာရီနဲ့ ပေးစားလိုက်ရင် လူစွမ်းကောင်းဟာ ငါ့တိုင်းပြည်က ခွာနိုင်တော့မှာမဟုတ်ဘူး'

တရုတ်မင်းကြီးဟာ ဤသို့စဉ်းစားမိပြီး ၎င်း၏သမီးတော် ကျင်စာရီနှင့် လက်ထပ်ထိမ်းမြားပေးခဲ့တယ်။ မောင်ကံကိုလည်း မင်းသားအဆောင်အယောင်များ အပ်နှင်းကာ ၎င်းတို့ တရုတ်မင်းညီမင်းသားဝတ်ဆင်သည့် ဝတ်စုံတော်ကို ပေးသနားခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ သူသည် တရုတ်လူမျိုးတို့၏ ထုံးစံအတိုင်း
ဆံပင်ကို ဆံကျစ်‚ကျစ်ခဲ့ရတယ်။ ခြေနင်းဖိနပ်မှာလည်း
နောက်ပိတ်ဖိနပ်ကို ဝတ်ဆင်ခဲ့ရတယ်။

မောင်ကံဟာ မင်းသားအဆောင်အယောင်ကို ဝတ်
ဆင်ရင်း-

'အင်း‥ငါ့ဆရာက ဆံပင်မကျစ်နဲ့၊ နောက်ပိတ်ဖိနပ်
မဝတ်နဲ့လို့တော့ ပြောခဲ့တယ်။ ဒါပေမဲ့ ငါ့မှာလည်း ဒီလို
မဝတ်ဘဲ နေလို့မှမရတာ၊ ဘယ်တတ်နိုင်မလဲ'

စဉ်းစားမိသော်လည်း ငြင်းမရသည့်အတွက် ဝတ်စား
ဆင်ယင်ခဲ့ရတယ်။

တစ်နေ့တွင် တရုတ်မင်းကြီးက ဤသို့စဉ်းစားမိခဲ့
တယ်။

'အင်း‥မောင်ကံဟာ လိုတရလှံ့ပိုင်ရှင်ဖြစ်လို့ ဒီလှံနဲ့
သူသွားလိုတဲ့နေရာကို သွားနိုင်တယ်။ သူလိုချင်တဲ့ပစ္စည်း
ကိုလည်း ယူနိုင်တယ်။ ဒီတော့ ငါ့ဆီမှာ အဝတ်အထည်၊
ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားကအစ ရတနာမျိုးစုံရှိတယ်။
ဒါပေမဲ့ ငါတို့တိုင်းပြည်မှာ မြတ်စွာဘုရားရှင်ရဲ့ဓွယ်တော်ပဲ
ရှိတယ်။ ဆံတော်ကတော့ မောင်ကံတို့မြန်မာပြည်မှာရှိတဲ့
ရွှေတိဂုံဘုရားမှာ ဌာပနာထားတယ်လို့ သိရတယ်။ ငါတို့
တိုင်းပြည်ကို မြန်မာပြည်မှာရှိတဲ့ဆံတော်ကို ယူခိုင်းရင်
ကောင်းမယ်။ ဒီဆံတော်သာ ငါတို့တရုတ်ပြည်ကို ယူလာ
နိုင်ရင် ငါ့ကို တိုင်းသူပြည်သားများကလည်း ချီးကျူးထော
ပနာပေးကြမယ်။ ငါလည်း ဘုန်းတန်ခိုးကြီးမယ်။ ဒီအစီ
အစဉ်ကိုဖြစ်အောင် မောင်ကံကို ဆောင်ကြဉ်းခိုင်းရမယ်'

တရုတ်မင်းကြီးက ဤသို့စဉ်းစားပြီးနောက် မောင်ကံ
ကို ခေါ်ကာ-

'မောင်ကံ‥မင်းရဲ့လှံ့တံရဲ့တန်ခိုးနဲ့ မင်းတို့မြန်မာပြည်
က ရွှေတိဂုံဘုရားမှာ ဌာပနာထားတဲ့ မြတ်စွာဘုရားရှင်ရဲ့
ဆံတော်ကို ယူဆောင်ပေးပါ'

'အရှင်မင်းကြီး‥ ဒီကိစ္စကတော့ မဖြစ်နိုင်ပါဘူး
ဘုရား။ ရွှေတိဂုံဘုရားဟာ အလွန်တန်ခိုးကြီးတဲ့ဘုရားပါ။
ဌာပနာတိုက်ထဲမှာဖြစ်လို့ အစောင့်အရှောက်များရှိပါတယ်
ဘုရား။ ဒါကြောင့် ဤကိစ္စဟာ မဖြစ်နိုင်ကြောင်းပါဘုရား။
အခြားမည်သည့်ကိစ္စမဆို စေခိုင်းလိုရာစေခိုင်းပါဘုရား'

'မောင်ကံ‥မဖြစ်နိုင်ဘူးဆိုတဲ့စကားကို မပြောနဲ့။ မင်း
ကြီး စေခိုင်းတဲ့အတိုင်း ဖြစ်အောင်လုပ်ရမယ်။ ဒါကြောင့်
ငါမင်းကြီး မင်းကို အမိန့်တော်ချမှတ်မယ်။ မြန်မာပြည်က
ရွှေတိဂုံစေတီတော်မှာ ဌာပနာထားတဲ့ဆံတော်ကို ပင့်ဆောင်
လာစေ။ တစ်ချက်လွှတ်အမိန့်တော်'

တစ်ချက်လွှတ်အမိန့်တော်ဟု မိန့်သဖြင့် မည်သို့မှ
မငြင်းဆန်နိုင်တော့ဘဲ-

'မှန်လှပါဘုရား‥အမိန့်တော်မြတ်အတိုင်း ဆောင်
ကြဉ်းပေးပါမယ်ဘုရား'

ဟု နာကြားပြီးနောက် အဆောင်တော်သို့ ပြန်လာရာ
မင်းသမီးကျင်စာရီနှင့် တွေ့ဆုံခဲ့ရာ-

'မောင်တော်‥မျက်နှာလည်းမကောင်းပါလား။ ဘာ
ဖြစ်လာလို့လဲ မောင်တော်'

မောင်ကံက မင်းကြီးမိန့်တော်မူသည့်အတိုင်း ပြော
လိုက်ရာ-

'ဘုရားဆံတော်ကို ခိုးခိုင်းတာပေါ့။ ဟုတ်လား မောင်
တော်'

'ဟုတ်တယ် ကျင်စာရီ'

'ဖြစ်ပါ့မလား မောင်တော်ရယ်။ နှမတော်ဖြင့် စိတ်
ပူပင် စိုးရိမ်မိပါတယ်ဘုရား'

'မင်းကြီးရဲ့ တစ်ချက်လွှတ်အမိန့်ဆိုတော့ ဘယ်လိုလုပ်
ပြီး ငြင်းဆန်ရမလဲ။ ငြင်းဆန်ရင်လည်း အသတ်ခံရမှာပဲ'

'နှမတော်တို့တော့ အဖြစ်ဆိုးနဲ့တိုးတော့မယ်နဲ့တူတယ်
မောင်တော်ရယ်'

မင်းသမီးကျင်စာရီလည်း ခင်ပွန်းသည် မင်းသား
မောင်ကံကိုဖက်၍ ငိုကြွေးခဲ့တယ်။

ထိုအခါ မောင်ကံလည်း ချစ်ဇနီးမင်းသမီးကို ပွေ့ဖက်
ချော့မော့ပြီး-

'မောင်တော်ဟာ လူစွမ်းကောင်းတစ်ယောက်ပါ။ မင်း
ကြီးပြောတဲ့အတိုင်း ဆံတော်ကို ပင့်ဆောင်နိုင်မှာပါ။ အား
မလျှော့ပါနဲ့၊ အားတင်းထားပါ နှမတော်'

'မှန်လှပါဘုရား'

'ဒါနဲ့ မောင်တော်လည်း သွားရတော့မှာမို့လို့ သား
တော်လေးကိုလည်း နှုတ်ဆက်ပါရစေဦး'

ဤသို့ပြောကာ အိပ်ပျော်နေသည့်သားတော်လေးအား
နမ်းရှုပ်နှုတ်ဆက်လိုက်သည်။

ထို့နောက်-

'နှမတော်ရေ‥မောင်တော်သွားလိုက်ဦးမယ်'

ထိုသို့ပြောဆိုနှုတ်ဆက်ပြီးနောက် လိုတရကြွက်သေး
လှံ့တံ၏တန်ခိုးဖြင့် မြန်မာပြည်သို့ ပြန်လာခဲ့သည်။ ထို့



www.burmeseclassic.com

www.burmeseclassic.com

နောက် ရွှေတိဂုံဘုရားသို့ သွားရာလမ်း၌ နတ်များက မြွေကြီးအသွင်ဖန်ဆင်း၍ တားခဲ့ပါသည်။

မောင်ကံမှာ-

'အင်း‥ငါ့ကို မသွားအောင် အမျိုးမျိုးတားနေကြတယ်။ ငါ့မှာလည်း သားကလေးနဲ့ မယားကို တရုတ်ပြည်မှာ ထားခဲ့ရတယ်။ ဘုရားရှင်ရဲ့ဆံတော်သာ ပါမသွားရင် မင်းကြီးရဲ့ အမျက်တော်ရှခံရပြီး ငါအသတ်ခံရမယ်။ ဒီတော့ မြွေကြီးတွေ ဘယ်လောက်တားပါစေ။ ငါ နောက်ဆုတ်လို့မဖြစ်ဘူး။ သွားကိုသွားရမယ်'

ဤသို့ဆုံးဖြတ်ချက်ချပြီးနောက် မြွေကြီးတားသည့်ကြားမှ ဆက်၍သွားရာ ရွှေတိဂုံရင်ပြင်တော်ပေါ်သို့ ရောက်သွားခဲ့တယ်။ မောင်ကံဟာ ဘုရားဌာပနာတိုက်ရှိသည့်နေရာသို့ သွားသည့်အပေါက်မှတစ်ဆင့် ဌာပနာတိုက်အတွင်းသို့ ဝင်ရောက်လာခဲ့သည်။ ဌာပနာတိုက်အတွင်းသို့ ရောက်သောအခါ သူလှမ်းမြင်လိုက်ရသည်မှာ ပထမဦးစွာ ဓားစက်၊ လှံစက်၊ ယန္တရားစက်များ လှုပ်ရှားလည်ပတ်နေခြင်းပင်ဖြစ်ပါတယ်။ အဲဒီနောက်တွင် အခန်းကျယ်ကြီးတစ်ခု။

ထိုအခန်းအလယ်ဗဟိုတွင် ဆယ်ပေပတ်လည်ခန့်ရှိသော ရေတွင်းတစ်တွင်း၊ ထိုရေတွင်းသည် ပင်လယ်ရေအတက်အကျ အနိမ့်အမြင့်နှင့် ဆက်စပ်နေပြီး ၄င်းရေတွင်းအလယ်၌ အလျား(၆)ပေခွဲခန့်ရှိ ကျောက်မျက်ရတနာများဖြင့် စီခြယ်ထားသော ကရဝိက်လှေတစ်စင်းကို တွေ့ရှိရသည်။ ထိုလှေသည် ဒီရေအတက်အကျအလိုက် လှုပ်ရှားနေသည်။ ထိုကရဝိက်လှေပေါ်တွင် ဆံတော်ဟုယူဆရသော ဌာပနာများ ကိန်းဝပ်စံပယ်လျက်ရှိသည်ကို တွေ့ရှိရပြီး မီးထွန်းထားခြင်း မရှိသော်လည်း တစ်ခန်းလုံး လင်းထိန်နေပါသည်။

ထိုအချိန်က ဘူတာဝါဟနအတတ်ပညာ (ခေါ်) စက်ကွဲအတတ်ပညာသည် အိန္ဒိယမှာလည်း ထွန်းကားနေချိန်ဖြစ်သည်။ အဇာတသတ်မင်း၏ ဓာတ်တော်တိုက်၌ စက်ကွဲအတတ်ဖြင့် ပြုလုပ်ထားသည့် သန်လျက်ကိုင် သစ်သားရုပ်သည် လေအဟုန်ကဲ့သို့ လှည့်လည်စောင့်ကြပ်နေကြောင်း သိရှိရပါသည်။ ဤသို့ဖြစ်လျှင် ရွှေတိဂုံစေတီတော်ကြီး၏ ဌာပနာတိုက်အတွင်း ဓာတ်တော်၊မွေတော်များနှင့် ဆံတော်မြတ်ကို အကာအကွယ်ပြုရန် စက်ကွဲပညာရှင်များက ဓားစက်၊ လှံစက်များ ထားရှိခြင်းမှာ ယုံမှားသံသယဖြစ်ဖွယ် မရှိပါ။

'အင်း‥ဓားစက်၊ လှံစက်တွေဟာ အဆက်မပြတ်လည်ပတ်နေပါလား။ ရိုးရိုးလူတစ်ယောက်သာ ဒီအထဲကိုဝင်ရင် ခေါင်းတခြား၊ကိုယ်တခြား အပိုင်းပိုင်းဖြစ်သွားလိမ့်မယ်ထင်တယ်။ ဒါပေမဲ့ ငါဟာ ဓားစက်၊ လှံစက်တွေကိုကြောက်ပြီး မဝင်လို့တော့မဖြစ်ဘူး'

ထိုသို့စဉ်းစားပြီးနောက် 'ဟယ်‥ဘာပဲဖြစ်ဖြစ် အတွင်းသို့ဝင်မှပဲ'ဟု စဉ်းစားကာ လှံတံဖြင့် ခုန်ဝင်လိုက်စဉ် စက်ယန္တရားဖြင့်ထိပြီး လွင့်စဉ်ကျသွားခဲ့သည်။

ဘုရားရှင်၏ဆံတော်ကို ခိုးယူရန် ကြံစည်သည့် အကုသိုလ်ကံကြောင့်-

'ဟင်‥ခြေထောက်တွေ လှုပ်လို့မရတော့ပါလား'

မောင်ကံသည် သူ၏ခြေထောက်ကိုကြည့်လိုက်ရာ-

'ဟာ‥ငါ့ခြေထောက်တွေ ကျောက်ဖြစ်သွားပါလား'

ထိုမှစ၍ တဖြည်းဖြည်း ကျောက်သားအဘိ ဖြစ်သွားခဲ့သည်။

မောင်ကံသည် အလွန်ကြီးမားသော အနန္တရိယကံကြီးကို ပြစ်မှားခဲ့မိ၍ သူ၏ဘဝသည် ကျောက်ရုပ်အဖြစ် ဘဝနိဂုံးချုပ်ခဲ့လေပြီ။

ထိုအကြောင်းကို တရုတ်မင်းကြီးနဲ့တကွ တရုတ်မင်းသမီး ကျင်စာရီ ကြားသိသွားခဲ့သည်။ တရုတ်မင်းသမီးကျင်စာရီသည် သားကလေးကိုပိုက်ကာ မောင်ကံရှိရာလိုက်ခဲ့ပါသော်လည်း မောင်ကံကို သည်တစ်သက်တာအတွက် တွေ့ခွင့်မရှိခဲ့တော့ပေ။ ကြေကွဲသောနှလုံးသားနဲ့ အတူ ပြန်ခဲ့ရရှာတယ်။

ဤသည်မှာ ဘုရားရှင်၏ဆံတော်ကို ပြစ်မှားမိသဖြင့် လူမိုက်တို့၏ လျှောက်သောလမ်းအတိုင်း ဘဝ၏နေဝင်ချိန်သို့ အချိန်မတိုင်မီ ရောက်သွားသူ၏ ဘဝနိဂုံးပင်ဖြစ်ပါတော့သတည်း။

<u>မှတ်ချက်</u>

မောင်ကံ၏ ပုံတူကျောက်ရုပ်မှာ ယခင်က ရာဟုထောင့် အုတ်စေတီတော်အနီးတွင် ရှိသည်ဟူ၍လည်းကောင်း၊ ရာဟုထောင့် အောင်မြေအနီးတွင် ရှိသည်ဟူ၍လည်းကောင်း ပြောခဲ့ကြပါသည်။

ယခု သွေးဆေးကန်ဘုရား ကမ္ဘာအေးလေးဘုရားရင်ပြင်တော်ပေါ်တွင် ဣန္ဒာသယ လိုတရလှံတန်ခိုးရှင် မောင်ကံ၊ ဇနီးနှင့် သားရုပ်တုများ ရှိနေပါသည်။

ရိုရိုဒွေး



www.burmeseclassic.com

www.burmeseclassic.com

သံသရာဆိုသည်မှာ ရှည်လျားလွန်းလှပါသည်။ ရှည်လျားလွန်းလှသော သံသရာခရီးရှည်ကြီးထဲတွင် ကျင်လည်နေရသော သတ္တဝါအပေါင်းတို့သည် လောဘ၊ ဒေါသ၊ မောဟ အစရှိသော မာန်မာနတရားများ ထားရှိနေသမျှ ကာလပတ်လုံး လောဘအကုသိုလ်ကံကြောင့် ပြိတ္တာနဲ့ အသူရကာယ် ဖြစ်ကြရ၏။ ဒေါသအကုသိုလ်ကံကြောင့် ငရဲကျရ၏။ မောဟအကုသိုလ်ကံကြောင့် တိရစ္ဆာန်ဖြစ်ကြရပြီး သံသရာခရီးရှည်ကြီးထဲတွင် အတောမသတ်နိုင်လောက်အောင် ရှည်လျားချင်တိုင်း ရှည်လျားနေကြရပြီး လွင့်မျောချင်တိုင်း လွင့်မျောနေကြရသည်သာ ဖြစ်သည်။


မြတ်စွာဘုရားသည် သံသရာ၏အစကို ဟောကြားတော်မမူခဲ့သော်လည်း သံသရာ၏အဆုံးကို ရောက်ရှိနိုင်ဖို့အတွက်ကိုမူကား ဟောကြားလမ်းညွှန်ပေးခဲ့ပါသည်။

ထို့ကြောင့် ဆရာတော်,သံဃာတော်များက "သံသရာ ဘယ်ကစ မသိတာကစ၊ သံသရာ ဘယ်မှာဆုံး အသိတစ်လုံးမှာဆုံး" ဟု ဟောကြားခဲ့ပါသည်။

သံသရာ၏အဆုံးကို သိစေနိုင်သော ထိုအသိတစ်လုံးကို မရနိုင်သေးသမျှတော့...။

* * *

ကျွန်ုပ်သည် ငယ်စဉ်အခါက ကျွန်ုပ်တို့ ဟုမ္မလင်းမြို့နယ်၊ ရေလဲ(မြင်သာ)ရွာနှင့် မဲဇလီရွာအကြားတွင်ရှိသော ချင်းတွင်းမြစ်ကမ်းဘေးက မြေနုဖြစ်ပေါ်နေသော နေရာများအား သွားရောက်၍ မြေပဲခင်းစိုက်ပျိုးခဲ့ရပါသည်။ မြေပဲခင်းအား စပြီးထွန်ယက်ချိန်မှ စိုက်ပျိုးပြီးဆုံးချိန်အထိ အခင်းထဲမှာပဲ တဲထိုးပြီး ညအိပ်ညနေ နေရပါသည်။ ရိက္ခာ





www.burmeseclassic.com

www.burmeseclassic.com

ကုန်သောအခါ ရွာပေါ်သို့တက်ပြီး သယ်ယူရပါသည်။

ထိုစဉ်အခါက ချင်းတွင်းမြစ်ကြောင်းသည် မုံရွာ၊ ကလေးဝ၊ မော်လိုက်၊ ဖောင်းပြင် အစရှိသည်ဖြင့် ဆန်တက်လာခဲ့ပြီး ကျွန်ုပ်တို့ရွာနှင့် မဲဇလီရွာ နှစ်ရွာအကြား ရောက်လာသောအခါ အရှေ့မြောက်ဘက်တွင်ရှိသော ထိုပေါ်ကျော်ဘက်ဆီသို့ ကွေ့ဝိုက်ပြီး ဆန်တက်သွားကာ ဟုမ္မလင်းမြို့သို့ ရောက်ရှိသွားခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် ကျွန်ုပ်တို့ရွာအား ရှောင်ကွင်းသွားခြင်းသာဖြစ်ပါသည်။

ကျွန်ုပ်တို့ရွာက သောက်သုံးရသောရေမှာ နွေရာသီတွင် ရေအနက်ဆုံးဆို၍ ခါးလယ်သာသာလောက်သာရှိသော ပုရစ်ချောင်းထဲက ရေပင်ဖြစ်ပါသည်။ အဆိုပါ ပုရစ်ချောင်းမှာ အရှေ့မှအနောက်သို့ တည့်မတ်စွာစီးဆင်းလာပြီး ကျွန်ုပ်တို့ရွာနဲ့ မဲဇလီရွာအကြားသို့ ရောက်သောအခါ ချင်းတွင်းမြစ်ထဲ စီးဝင်သွားခြင်းဖြစ်ပါသည်။

အဆိုပါ ကျွန်ုပ်တို့ရွာနှင့် မဲဇလီရွာ နှစ်ရွာအကြားတွင် တောင်အရပ်မှနေပြီး မြောက်အရပ်သို့ ကန့်လန့်ဖြတ်စီးဆင်းလာသော ချောင်းတစ်ချောင်းလည်း ရှိပါသေးသည်။

ထိုချောင်းမှာ နောင်ဂရောင်းချောင်းဟု ခေါ်ပါသည်။ နောင်ဂရောင်းချောင်းသည် ပုရစ်ချောင်းထဲ ဦးစွာစီးဝင်ပြီးကာမှ ပုရစ်ချောင်းနှင့်အတူ ချင်းတွင်းမြစ်ထဲ စီးဝင်သွားကြခြင်းဖြစ်ပါသည်။

ချင်းတွင်းမြစ်ထဲ စီးဝင်သွားသောနေရာ၏ အထက်ဘက်ကို ကျွန်ုပ်တို့ရွာက ပိုင်ဆိုင်၍ မြေပဲခင်းများ စိုက်ပျိုးကြသလို အောက်ဘက်အခြမ်းတွင် မဲဇလီရွာက ပိုင်ဆိုင်သဖြင့် မဲဇလီရွာသားများက ထွန်ယက်စိုက်ပျိုးကြပါသည်။

ကျွန်ုပ်တို့၏ မြေပဲခင်းမှာ ထိုနေရာတွင် ဖြစ်ပါသည်။ မဲဇလီရွာနှင့်သော်လည်းကောင်း၊ ကျွန်ုပ်တို့ရွာနှင့်သော်လည်းကောင်း မဝေးလှပါ။ လှမ်းပြီးကြည့်လျှင် မြင်ရပါသည်။

တစ်နေ့သော နေဝင်ရီတရောအချိန်တွင် ကျွန်ုပ်တစ်ဦးတည်း မြေပဲခင်းမှနေပြီး ရွာသို့ ပြန်တက်လာခဲ့ပါသည်။ မြေပဲခင်းတွင် ရိက္ခာကုန်နေ၍ ပြန်ယူရန်ဖြစ်ပါသည်။ မြေပဲခင်းတွင် ကိုအောင်ကြဲနှင့် ကိုဘထွေးတို့ ကျန်ခဲ့ကြပါသည်။

ရွာသို့အပြန်လမ်းကြောင်းသည် ပုရစ်ချောင်းနှင့် နောင်ဂရောင်းချောင်းတို့ ဆုံသည့်နေရာကို ကျော်ဖြတ်ရစမြဲဖြစ်ပါသည်။ ထိုနေရာကို ကျွန်ုပ်တို့က နောင်ဂရောင်းချောင်းအပေါက်ဝဟု ခေါ်ကြပါသည်။ ကျွန်ုပ်သည် နောင်ဂရောင်းချောင်းအပေါက်ဝသို့ ရောက်လာသောအခါ နောင်ဂရောင်းချောင်းအတွင်းမှ မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ရုတ်တရက်ကြားလိုက်ရပါတော့သည်။

'ခွပ်..ခွပ်..ခွပ်..ခွပ်'

'ဟာ..'

ကျွန်ုပ်သည် အံ့ဩထိတ်လန့်သွားရပါတော့သည်။ ကျွန်ုပ်ရှိရာ ပုရစ်ချောင်းဘက်ဆီသို့ ဦးတည်ပြီး ထွက်လာနေကြောင်းကို မြင်းဟည်သံများ၊ လူသံသူသံများ၊ ကြိမ်းဝါးသံများက သက်သေပြနေပါသည်။ အပေါက်ဝဘက်သို့ တစ်စစဖြင့် နီးကပ်လာခဲ့သည်။

မကြာမီအချိန်အတွင်း နောင်ဂရောင်းချောင်းအတွင်းမှ နေပြီး လူငါးယောက် မြင်းကိုယ်စီစီးကာ ငှက်ကြီးတောင်ဓားများကိုကိုင်၍ အတင်းတရကြမ်း ပြေးထွက်လာကြသည်ကို တွေ့ရှိရပါတော့သည်။ ကျွန်ုပ်သည် မှောင်ရီဖျိုးဖျအချိန်ဆိုသော်လည်း သူတို့အား ကောင်းစွာတွေ့မြင်ရပါသည်။

သူတို့အထဲတွင် ခေါင်းဆောင်ဖြစ်ဟန်တူသော လူက အနက်ရောင်ရှမ်းဘောင်းဘီကို ဝတ်ဆင်ထားပြီး ရင်စေ့အင်္ကျီလက်ရှည်ကို ဝတ်ဆင်ထားသည်။ အသက်(၆၀)ကျော်ခန့်ဟု ခန့်မှန်းရပြီး လူပုံစံက ထောင်ထောင်မောင်းမောင်းဖြစ်လေသည်။ တင်းမာသောမျက်နှာထားနှင့် တောက်ပနေသော မျက်ဝန်းတို့က ရက်စက်ကြမ်းကြုတ်မည့်ပုံစံကို ဖော်ပြနေပါသည်။ ထူးခြားသောအရာမှာ ကျန်အဖွဲ့တော်သားလေးယောက်ကဲ့သို့ ရှည်လျားလှသော ဆံပင်များကို သျှောင်တစောင်းထုံးထားခြင်းမရှိ။ ဒီအတိုင်း ဖားလျားချထားခြင်းပင်ဖြစ်ပါသည်။ အခြားသောလေးယောက်မှာ ပင်နီရောင်ရှမ်းဘောင်းဘီများကို ဝတ်ဆင်ထားကြပြီး ဆံပင်များကိုလည်း ဦးခေါင်းထက်၌ သျှောင်တစောင်းထုံးထားကြပါသည်။ ခေါင်းဆောင်ဖြစ်ဟန်တူသူက-

'စစ်သာမောင်တဲ့ဟေ့.. တစ်မောင်ပဲရှိတယ်။ ပုရစ်ချောင်းရေ မပျောက်သမျှ စော်ဘွားအနွယ်ဝင် စစ်သာမောင်ရဲ့နှမကို အရယူမယ်ဆိုတဲ့ ရာရာစစနဲ့အကောင် အခု ဘယ်ရောက်နေပြီလဲ၊ တွေ့ရင်တော့လားကွာ.. တွေ့ရာသင်္ချိုင်းဓားမဆိုင်းဘဲဟေ့'

အဆိုပါလူတစ်စုသည် လူတစ်ဦးတစ်ယောက်ကို လိုက်လံသတ်ဖြတ်ရန်အတွက် သဲကြီးမဲကြီးလိုက်ရှာနေကြကြောင်း ခေါင်းဆောင်လုပ်သူ၏ ကြိမ်းဝါးသံအရ သိရပါတော့သည်။

သူတို့တစ်တွေသည် ကျွန်ုပ်တို့ အရပ်ဒေသခံလူများ



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ကြကြောင်းကိုမူ ကျွန်ုပ်က ကောင်းစွာသိပါသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့အရပ်ဒေသတွင် ရှမ်းဘောင်းဘီဝတ်ဆင်သူများ မရှိကြသလို မြင်းဆိုသည်မှာလည်း လုံးဝမရှိသော အရပ်ဒေသဖြစ်ပါသည်။

မကြာခင် စစ်သာမောင်ဆိုသော လူကြီးက ကျွန်ုပ်ကို မြင်တွေ့သွားလေရာ-

'ဟေ့ သူငယ်··ဒီချောင်းအတိုင်း ပြေးထွက်လာတဲ့ လူတစ်ယောက်ကို မတွေ့မိဘူးလား။ လိမ်ပြောမယ်မကြံနဲ့နော်။ တော်ကြာ မင်းပါ အဆစ်ပါသွားမယ်'

ထိုအခါ ကျွန်ုပ်က ကြောက်ကြောက်လန့်လန့်နှင့်-

'မလိမ်ပါဘူး ဘဘရယ်၊ ကျွန်တော်လည်း ဘဘတို့နဲ့အတူ ရှေ့ဆင့်နောက်ဆင့်ဆိုသလို အခုပဲ ရောက်လာခဲ့တာပါ။ ဘယ်သူ့ကိုမှလည်း မမြင်မိပါဘူး'

ဟု ပြောလိုက်သောအခါ ခေါင်းဆောင်ဖြစ်ဟန်တူသော စစ်သာမောင်ဆိုသူက-

'ကဲဟေ့·· ဒါဆိုရင် ချောင်းကမ်းဘေးအတိုင်း မဲဇလီရွာဘက်ကို ဆက်လိုက်ကြမယ်ဟေ့။ ငါကလည်း ပုရစ်ချောင်းရေ မပျောက်သမျှ မင်းကို မရမကရှာပြီး သတ်ရမှာပဲကွ' ဟုဆိုကာ မဲဇလီရွာဘက်ဆီသို့ ဦးတည်ပြီး မြင်းကိုယ်စီဖြင့် ဒုန်းစိုင်းကာ ထွက်သွားကြပါတော့သည်။

'ခွပ်··ခွပ်··ခွပ်··ခွပ်'

ကျွန်ုပ်သည် အဆိုပါအဖွဲ့သားများအားကြည့်ကာ ထူးဆန်းအံ့သြဖွယ်ရာ ဖြစ်ခဲ့ရပါတော့သည်။ သူတို့တစ်တွေသည် ဘယ်အရပ်ဒေသကလူတွေ ဖြစ်ကြသနည်း။

ကျွန်ုပ်သည် အဆိုပါပဟေဠိဆန်သော အဖွဲ့သားများ၏အကြောင်းကို စဉ်းစားကာ ရွာဘက်ဆီသို့ ဦးတည်ပြီး လျှောက်လှမ်းခဲ့ရာ မကြာမီ ကျွန်ုပ်၏နေအိမ်သို့ ရောက်ခဲ့ပါတော့သည်။

အိမ်သို့ရောက်သောအခါ မြေပဲခင်းသို့ အပြန်သယ်ယူသွားရန်အတွက် လိုအပ်သော ဆန်၊ ဆီ၊ ဆား၊ ငပိ၊ ငရုတ်၊ ကြက်သွန်မှအစ ငါးခြောက်၊ ကုလားပဲ၊ အာလူးစသည်တို့အား ထုပ်ပိုးပြင်ဆင်နေရင်း ဖခင်ဖြစ်သူ ဦးအောင်ချယ်အား။

'အဖေရေ··အခု ရွာကိုပြန်လာစဉ် နောင်ဂရောင်းချောင်းထဲက လူငါးယောက် မြင်းကိုယ်စီနဲ့ ပြေးထွက်လာတာ တွေ့ခဲ့ရတယ်ဗျ'

ဟူ၍ ပြောလိုက်သောအခါ ဖခင်ဖြစ်သူက-

'ဦးစစ်သာမောင်တို့အဖွဲ့ကို တွေ့ခဲ့ပြီနဲ့တူတယ်' ဟု ပြောလေသည်။ ထိုအခါ ကျွန်ုပ်က-

'ဩော်··အဖေနဲ့လည်း တွေ့ဖူးတာပေါ့နော်။ သူတို့က ဘယ်ကလဲ'

ဟု မေးလိုက်ရာ ဖခင်က-

'သူတို့က ဘယ်ကနေပြီးမှ ရောက်ရောက်လာကြသလဲတော့ မသိပါဘူးကွာ။ သူတို့အဖွဲ့ကို အဖေကသာ တွေ့ဖူးတာမဟုတ်ပါဘူး၊ မင်းအဘိုး ဦးဖိုးသန့်နှင့်လည်း တွေ့ဖူးပါတယ်။ အဖေတွေ့ခဲ့တုန်းက ငါ့သားက အသက် (၄)နှစ်အရွယ်လောက်ပဲ ရှိသေးပါတယ်။ အခု ငါ့သားက အသက်(၁၄)နှစ်ရှိပြီဆိုတော့ လွန်ခဲ့တဲ့(၁၀)နှစ်လောက်တုန်းက တွေ့ဆုံခဲ့ရခြင်းပါပဲ။ အဲဒီတုန်းက အဖေဟာ အခု ငါ့သားတွေ့ခဲ့တဲ့ နောင်ဂရောင်းချောင်းအပေါက်ဝကို ကျွဲသွားရှာရင်း အခုလိုမှောင်ရီဖျိုးဖျချိန်မှာ တွေ့ဆုံခဲ့ရတာပါပဲ။

အဲဒီလို တွေ့ဆုံခဲ့ရတဲ့ အကြောင်းအရာတွေကို မင်းအဘိုးဆီ သွားပြောပြတော့ မင်းအဘိုးလည်း တွေ့ဖူးပါသတဲ့။ မဲဇလီရွာကနေ ငါတို့ရွာကို ပြန်လာတော့ ပုရစ်ချောင်းအတိုင်း လှေနဲ့ဆန်တက်လာခဲ့သတဲ့။ ညနေမှောင်ရီဖျိုးဖျအချိန်မှာ အခုနောင်ဂရောင်းချောင်းရဲ့အပေါက်ဝ (ပုရစ်ချောင်းသို့ စတင်စီးဆင်းဝင်ရောက်သည့်နေရာ)ကို ရောက်ခဲ့တယ်ဆိုရင်ပဲ နောင်ဂရောင်းချောင်းအတွင်းပိုင်းကနေပြီး မြင်းခွာသံတွေ၊ မြင်းဟည်သံတွေ၊ ပြီးတော့ လိုက်ပါလာတဲ့ လူတွေရဲ့ ကြိမ်းဝါးသံတွေကို ကြားရတော့တာပဲတဲ့။

ငှက်ကြီးတောင်ဓားတွေ ကိုယ်စီကိုင်ထားတဲ့ အဲဒီအဖွဲ့ ရောက်လာတယ်ဆိုရင်ပဲ ဆံပင်ကို ဖားလျားချထားတဲ့ အသက်(၆၀)ကျော်လောက်ရှိသူက စစ်သာမောင်တဲ့ဟေ့၊ တစ်မောင်ပဲရှိတယ်။ ပုရစ်ချောင်းကြီး မပျောက်သမျှ စော်ဘွားအနွယ်ဝင် စစ်သာမောင်ရဲ့နှမကို အရယူမယ်ဆိုတဲ့ ရာရာစစနဲ့အကောင် အခု ဘယ်ရောက်နေပြီလဲ။ တွေ့ရင်တော့လားကွာ··တွေ့ရသချိုင်း ဓားမဆိုင်းပဲဟေ့ဆိုပြီး မြင်းကိုယ်စီနှင့် ရှာကြသတဲ့။ အဲဒီအခါ မင်းအဘိုးကိုလည်း တွေ့သွားရော ဟေ့လူကြီး·· ဒီချောင်းထဲက ထွက်ပြေးလာတဲ့ လူတစ်ယောက်ကို မတွေ့မိဘူးလား။ လိမ်ပြောမယ် မကြံနဲ့နော်။ တော်ကြာ ခင်ဗျားပါ အဆစ်ပါသွားမယ်လို့ ပြောသတဲ့။ မင်းအဘိုးကလည်း ခုမှပဲ ဒီနေရာကို ရောက်ခဲ့ကြောင်း၊ ဘယ်သူ့ကိုမှလည်း မမြင်မိကြောင်း ပြန်ပြောလိုက်သတဲ့။

အဲဒီအခါ အရပ်ထောင်ထောင်မောင်းမောင်းနဲ့ ဗလ



www.burmeseclassic.com

www.burmeseclassic.com

ကောင်းတဲ့ စစ်သာမောင်ဆိုတဲ့သူက သူနဲ့အတူ လိုက်ပါလာတဲ့ လူ(၄)ယောက်ကို ကဲဟေ့··ဒါဆိုရင် ချောင်းကမ်းဘေးအတိုင်း မဲဇလီရွာဘက်ကို ဆက်လိုက်ကြမယ်ဟေ့။ ဒင်းကလည်း ပုရစ်ချောင်းရေမပျောက်သမျှ ငါ့နှမကို မရမက အရယူမယ်ဆိုတော့ ငါကလည်း ဟောဒီ ပုရစ်ချောင်းမပျောက်သမျှ မင်းကို မရမကရှာပြီး သတ်ဖြတ်ရမှာပဲကွ ဆိုပြီး မဲဇလီရွာဘက်ကို ဦးတည်ပြီး ငှက်ကြီးတောင်ဓားတဝင့်ဝင့်နဲ့ ထွက်ခွာသွားကြသတဲ့။ သားရဲ့အဘိုး တွေ့ခဲ့တုန်းကဆိုရင် အဖေက ငယ်ပါသေးသတဲ့။ အခု အဖေက အသက်(၄၀)ကျော်လာပြီလေ။ ဒီတော့ သားရဲ့အဘိုး သူတို့နဲ့တွေ့ခဲ့တာ လွန်ခဲ့တဲ့နှစ်ပေါင်း(၄၀)လောက်ကပဲပေါ့'

ထိုအခါ ကျွန်ုပ်က-

'အဖေကလည်းဗျာ··မဖြစ်နိုင်တဲ့ ကိစ္စတွေပဲ။ လွန်ခဲ့တဲ့နှစ်ပေါင်း(၄၀)လောက်က အသက်(၆၀)ကျော်လောက်ရှိတဲ့ စစ်သာမောင်ဆိုတဲ့ လူကြီးဟာ သူ မကျေနပ်နိုင်တဲ့ လူတစ်ဦးတစ်ယောက်ကို ရှာဖွေနေခဲ့တယ် ထားပါတော့။ အခုလောက်ဆိုရင် တွေ့လောက်ပြီပေါ့။ မတွေ့ဘူးဘဲထားပါဦး၊ လွန်ခဲ့တဲ့နှစ်ပေါင်း(၄၀)လောက်က အသက်(၆၀)ကျော်လောက်ရှိခဲ့တဲ့လူဟာ အခုချိန်မှာ အသက်(၁၀၀)ကျော်လောက် ရှိပါတော့မယ်လေ။ သေမယ်ဆိုရင်လည်း သေပြီးလောက်နေပါပြီ။ မသေသေးဘဲ ဆက်ရှိနေဦးမယ်ဆိုရင်လည်း အသက်(၁၀၀)ကျော်အရွယ်မှာ ရှိရတော့မှာပေါ့။ ဒါပေမဲ့ အခုဟာက အခုချိန်ထိ အသက်(၆၀)ကျော်အရွယ်မှာပဲ ဆက်ပြီးရှိနေသေးတဲ့ သဘောပါပဲ။

ပြီးတော့ လွန်ခဲ့တဲ့နှစ်ပေါင်း(၄၀)လောက်ကစပြီး ယနေ့အထိ သူတို့ရှာနေတဲ့ လူတစ်ယောက်ကို အခုချိန်ထိ ဆက်လက်ရှာဖွေနေဆဲဆိုတာ မဖြစ်နိုင်ပါဘူး။ အဲဒီအပြင် သားတို့သောက်သုံးနေတဲ့ ဒီပုရစ်ချောင်းရေဆိုတာ ဘယ်လိုလုပ်ပြီး ပျောက်ပျက်သွားနိုင်မှာလဲ။ ဘယ်လိုမှ မဖြစ်နိုင်တဲ့ အရာတွေချည်းပါပဲဗျာ'

ဟု ပြောလိုက်လျှင် ဖခင်က-

'အမှန်ကတော့ သူတို့တစ်တွေဟာ လူ့ဘဝမှာတုန်းက လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတရားတွေ ဖုံးလွှမ်းပြီး သေဆုံးခဲ့ကြရာကနေ အစွဲအလမ်းတစ်ခုခုကြောင့် မကျွတ်လွတ်နိုင်ကြသေးဘဲ ပရလောကသားဘဝမှာ ကျင်လည်နေကြရတဲ့သူတွေပါပဲသားရယ်။ ပုရစ်ချောင်းရေမပျောက်သမျှ ရှိနေမလား မဆိုနိုင်ပါဘူး'

ကျွန်ုပ်သည် ထိုအခါကျမှ ကြက်သီးမွေးညင်းများထကာ ကြောက်လန့်တကြား ဖြစ်မိရပါတော့သည်။

အဆိုပါ ပရလောကသားများသည် ကျွန်ုပ်၏အဘိုးနှင့် မတွေ့ဆုံခင်ကတည်းက လွန်ခဲ့သောနှစ်ပေါင်းမည်မျှလောက်ကပင် စတင်ပြီး ရှာဖွေခဲ့ကြပါသနည်း။ ယခုအချိန်အထိပင် အဘောမသတ်နိုင်အောင် ဆက်လက်ရှာဖွေနေကြဆဲပါကလား။ နောက်ထပ်နှစ်ပေါင်းမည်မျှကြာသည်အထိ ဆက်လက်ပြီး ရှာဖွေနေကြဦးမည်နည်း။ ပုရစ်ချောင်းရေမပျောက်သမျှ ဆက်ပြီးရှာဖွေနေကြဦးမည်လား။

ပုရစ်ချောင်း မပျောက်သမျှကာလပတ်လုံး စော်ဘွားနှမကို မရ,ရအောင်ယူမယ်ဆိုသူနှင့် ပုရစ်ချောင်း မခြောက်သမျှ လိုက်လံရှာဖွေသတ်ဖြတ်မယ်ဆိုသူတို့ ပုရစ်ချောင်းကို သက်သေထားပြီး ကြုံးဝါးကြွေးကြော်နေကြသော အဆိုပါ ပရလောကသားများသည် အကယ်၍ ပုရစ်ချောင်းကြီးသည် အကြောင်းအမျိုးမျိုးကြောင့် တည်ရှိမနေတော့ဘဲ ပျောက်ဆုံးသွားခဲ့လျှင်ကား သူတို့တစ်တွေ ဘာများဆက်ပြီးဖြစ်လာနိုင်ကြလေမည်နည်း။

ကျွန်ုပ်သည် စဉ်းစားရင်း,စဉ်းစားရင်း မည်သို့မျှ ဉာဏ်မမီနိုင်တော့ပါတကား။

* * *

ကျွန်ုပ်သည် အရွယ်ရောက်လာသောအခါ ဝန်ထမ်းဘဝသို့ ရောက်ခဲ့ရပါသည်။ တိတိကျကျပြောရလျှင် (၁၉၇၈)ခုနှစ်ကစပြီး ဝန်ထမ်းဘဝကို ရောက်ခဲ့ရခြင်းဖြစ်ပါသည်။ တစ်နယ်တစ်ကျေးသို့ သွားရောက်ပြီး တာဝန်ထမ်းဆောင်ခဲ့ရပါသဖြင့် ဇာတိချက်ကြွေ မွေးရပ်မြေနှင့် နှစ်ပေါင်းအတန်ကြာသည်အထိ ကင်းကွာခဲ့ရပါသည်။

(၁၉၉၁)ခုနှစ်တွင် ခွင့်ယူပြီး ရွာသို့ပြန်လာစဉ် ရွာ၏အနေအထားမှာ အတော်ကလေးပင် ပြောင်းလဲနေပါတော့သည်။ ချင်းတွင်းမြစ်ရေ၏ တိုက်စားမှုကြောင့် လူနေအိမ်အချို့ ကမ်းပါးပြိုရာနောက်သို့ ပါသွားသည်။

ပြီးတော့ ကျွန်ုပ်တို့ရွာက သောက်သုံးနေသော ပုရစ်ချောင်းနေရာအစား ချင်းတွင်းမြစ်ကြီးအဖြစ် ပြောင်းလဲဖြစ်ပေါ်နေပါတော့သည်။ ပုရစ်ချောင်းကား ပျောက်ဆုံးခဲ့ရပါတော့သည်။

ထိုအခါ ကျွန်ုပ်ငယ်စဉ်အခါက တွေ့ကြုံခဲ့ရသော ပုရစ်ချောင်းကို သက်သေထားပြီး လှုပ်ရှားပြေးလွှား ကြုံးဝါးနေကြသော ပရလောကသားများ၏အကြောင်းကို ပြန်



www.burmeseclassic.com

www.burmeseclassic.com

လည်အမှတ်ရလာပါတော့သည်။

ကျွန်ုပ်၏အဘိုး ဦးဖိုးသန့်နှင့် ဖခင်ဦးအောင်ချယ်တို့ကား ကွယ်လွန်ခဲ့ကြပြီဖြစ်ပါသည်။ သို့ဖြစ်၍ တစ်ဝမ်းကွဲ ညီများအား အဆိုပါ ပရလောကသားတို့၏အကြောင်းကို မေးမြန်းစပ်စုကြည့်ရာ သူတို့က-

'အစ်ကို ရွာကထွက်သွားပြီးတဲ့နောက်ပိုင်း အဲဒီ ဦးစစ်သာမောင်ဆိုတဲ့ ပရလောကသားတွေကို သူများတွေက နှစ်ခါ,သုံးခါလောက် တွေ့ဖူးကြပါသေးတယ်။ ကျွန်တော်ကတော့ မတွေ့ဖူးပါဘူးဗျာ။ နေဝင်ရီတရော အချိန်ရောက်ပြီဆိုတာနဲ့ အဲဒီ နောင်ဂရောင်းချောင်းပေါက်ဝဘက်ကို မသွားဝံ့တာနဲ့ဘဲ မတွေ့ရတာလည်း ဖြစ်မှာပေါ့လေ။

ပုရစ်ချောင်းရေ ရှိနေသမျှ စော်ဘွားနမကို အရယူဖို့ ကြိုးစားရင်း မနားတမ်းထွက်ပြေးနေရသူက ထွက်ပြေးနေရသလို နမကို မပေးစားနိုင်ဘဲ တုတ်ဆွဲ၊ ဓားဆွဲနဲ့ လိုက်လံသတ်ဖြတ်ဖို့ ကြိုးစားနေတဲ့သူတွေကလည်း မနားတမ်းလိုက်နေကြတဲ့ အနေအထားပါ။ ဦးစစ်သာမောင်ဆိုတဲ့လူရဲ့ အသက်အရွယ်ကလည်း (၆၀)ကျော်အရွယ်ကကို တက်မလာပါဘူး။

အဲဒီရဲ့နောက်ပိုင်း ချင်းတွင်းမြစ်ကြောင်းကြီးကလည်း ကျွန်တော်တို့ရွာက သောက်သုံးနေတဲ့ ပုရစ်ချောင်းဖျားထဲသို့ ဟုမ္မလင်းမြို့ရဲ့ အောက်နားတစ်နေရာကနေပြီး ဝင်ရောက်ခဲ့တဲ့အခါ ပုရစ်ချောင်းပျောက်ပြီး ချင်းတွင်းမြစ်ကြီးအဖြစ်လည်း ပြောင်းလဲသွားရော ခုနက ပရလောကသားတွေကိုလည်း ဘယ်သူကမှ မတွေ့ကြရတော့ပါဘူးဗျာ။ သူတို့အချင်းချင်း အဆင်ပြေသွားကြပြီလား၊ ဒါမှမဟုတ် ကျွတ်တမ်းဝင်သွားကြပြီလား မဆိုနိုင်ပါဘူးဗျာ'ဟု ရှည်လျားစွာရှင်းပြခဲ့ကြပါသည်။

မည်သို့ပင်ဖြစ်စေကာမူ ကျွန်ုပ်အနေဖြင့် အဆိုပါ ပရလောကသားများသည် ပုရစ်ချောင်းကို သက်သေထား၍ လှုပ်ရှားပြေးလွှားနေရသော သည်းထိတ်ရင်ဖိုဖွယ်ရာ ဇာတ်လမ်းသည် ယခုအခါ ပုရစ်ချောင်းရေ ပျောက်ဆုံးခဲ့ပြီမို့ နိဂုံးကမ္ပတ် အဆုံးသတ်သွားပြီးဟု ထင်မှတ်လိုက်ရပါသောကြောင့် များစွာမှစိတ်ချမ်းသာခဲ့ရပါတော့သည်။

ချစ်ဆိုင်

*ဟုမ္မလင်းမြို့နယ်၊ ရေလဲမြင်သာရွာမှ မိဘဆွေမျိုးသားချင်းများအား အမှတ်တရ။*


# ဂမ္ဘီရ ဆရာလှမျိုး (B.Sc) (လယ်/ပြ၊ ငြိမ်း)

## ဒေအာင်ကောင်းမြ(သာကေတ)

**ကြိုတိုင်းဒေအာင် ဇေဒင်ဟောစန်းနှင့် နဝင်းယတြာဓာတ်နန်းမှ (၇)နေ့သားသမီးတို့၏ စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေး၊ အချစ်ရေး၊ ပညာရေး၊ အကြွေးကိစ္စ၊ အတိုက်အခံ ရန်အနှောက်အယှက် ကိစ္စအဝဝအတွက် အစွမ်းထက် နဝင်းဓာတ်ယတြာ၊ ကံပွင့်လာဘ်ပွင့်၊ အန္တရာယ်ကင်း အစီအရင်များ၊ (လက္ခဏာစစ်ဆေး၊ ထီဂဏန်းရွေး၊ အကျိုးပေးအဆောင်နှင့် အလုပ်၊ ဆိုင်လုပ်ငန်း၊ ကလေးအမည်ပေးခြင်း) တစ်နှစ်တာ ဆောင်ရန်၊ ရှောင်ရန် ဟောစာတမ်းရေးပေးခြင်းတို့ကို အထူးဆောင်ရွက်ပေးပါသည်။ နယ်မှ ဟောစာတမ်းမှာပါက ညဏ်ပူဇော်စ (၁၀၀၀၀)ကျပ် ကြိုတင်ပေးပို့ပါ။**

**ဟောခန်းလိပ်စာ** – (၁၇) အောင်သပြေအနောက် (၁)လမ်း၊ (၇) အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။

• ၀၉ ၄၂၀၀ ၄၇၈၆၉

(အဝေးမှ လာရောက်ပါက ကြိုတင်ဖုန်း ဆက်သွယ် ရက်ချိန်းယူပါ။)

လမ်းညွှန် – ၃၅၊ ၆၅၊ ၃၂၊ ရွှေညွှန့်သည်(၂)၊ ၄၈၊ ၅၇ အထူး၊ ၁၇၃၊ ၂၁၆၊ ၄၆(စိမ်း)၊ ၁၈၀၊ ၁၄၆၊ ၁၀၄၊ ၁၀၇၊ ၈၉၊ တာမွေ-ကျောက်တန်း ကားများစီး ၈ ဂိတ်မှတ်တိုင်ဆင်း၊ ၃၄၊ ၆၂ စီး ဓမ္မာရုံမှတ်တိုင်ဆင်းပါ။

နေ့စဉ် - နံနက်(၈)နာရီမှ (၂)နာရီအထိ (ဗုဒ္ဓဟူးနေ့တိုင်း နားသည်)


www.burmeseclassic.com

www.burmeseclassic.com

'မင်းက ငါ့ကို သေစေချင်နေတာ မဟုတ်လားကွ၊ ဟင်..'

'အို..အစ်ကိုကြီးရယ်၊ ပြောရက်လိုက်တာ၊ သိင်္ဂီ ဘယ်တော့မှ ဒီလို..'

'ဟေ့..ဝန်ခံလိုက်စမ်းပါကွ။ မင်း ငါ့ကို သေစေချင်နေတာပါ။ ဒီမှာ ငါ ဘယ်တော့မှ မသေဘူးကွ၊ သိလား။ ငါ ပြန်ပြီးနေကောင်းလာမှာကွ။ ဘယ့်နှယ် စိတ်ပျက်သွားပြီမဟုတ်လား။ ဟင်း..ဟင်း..မရဘူး သိင်္ဂီ၊ မရဘူးကွ'

'အို..မဟုတ်ဘူး၊ လုံးဝ မဟုတ်ဘူး အစ်ကိုကြီး'



မသိင်္ဂီသည် စကားမဆက်နိုင်တော့ဘဲ တရှုပ်ရှုပ်သာ ငိုကြွေးနေတော့သည်။ ဦးမိုးမြင့်သည် မျက်စိများ ဝေဝါးနေသဖြင့် ဇနီးသည်၏ မျက်နှာကို သဲကွဲစွာမမြင်ရ။ ငိုရှိုက်သံကိုသာ ကြားနေရသည်။ အလကား မိကျောင်းမျက်ရည်ဟုလည်း စိတ်ထဲမှ ရေရွတ်နေမိလေသည်။

မသတ်ခြင်းဆိုယပ်တောင်ကလေး

ကျော်ဖြိုး

စင်စစ်တွင် ဦးမိုးမြင့်သည် တိုက်ဖွိုက် ဖြစ်ပြီး အိပ်ရာထဲတွင် လဲနေသည်မှာ တစ်ပတ်ခန့်ရှိပြီဖြစ်သည်။ ထိုအတွင်း မသိင်္ဂီသည် ဇနီးဝတ္တရားမပျက် သူ့ကို ပြုစုခဲ့သည်။ သို့ရာတွင် လွန်ခဲ့သောငါးနှစ်က လက်ထပ်ခဲ့သည့် ဇနီးအပေါ်တွင် အမြင်မကြည်ခဲ့သည်မှာ ကြာပြီဖြစ်သည်။ ဟန်ဆောင်ကောင်းသော မိန်းမမိုက်ဟုသာ မြင်နေမိလေသည်။

* * *

နောက်တစ်နေ့ နံနက်ခင်းတွင်ဖြစ်သည်။

ဦးမိုးမြင့်သည် ထူးခြားစွာပင် လန်းလန်းဆန်းဆန်း နိုးလာခဲ့သည်။ သူ့တစ်ကိုယ်လုံးမှာလည်း မီးဖိုတွင်းမှ ဖန်သားပမာ နီရဲတောက်ပလျက်ရှိသည်။ အပြင်းဖျားနေစဉ်က အမှောင်တိုက်အတွင်း ကျသွားလိုက်၊ နှင်းမှုန်တွေကြား ဝေဝါးစွာရောက်သွားလိုက်၊ လေဟာနယ်အတွင်း လွင့်မျောလိုက်နှင့် ဖြစ်နေခဲ့သည်။

ယခုတော့လည်း အရာရာသည် ကြည်မြပီသလွန်းနေတော့သည်။ အဝတ်လှန်းစင်ပေါ်ရှိ မျက်နှာသုတ်ပဝါအနီ

www.burmeseclassic.com

www.burmeseclassic.com

ရောင်ကိုပင် တောက်ပလွန်းသော မီးလျှံပမာ မြင်နေရသည်။ မီးဖိုခန်းအတွင်းမှ ပိုးဟပ်ကလေးများ၏ လှုပ်ရှားသွားလာနေသံကိုလည်း ကြားနေရသည်။ မသိင်္ဂီလက်အတွင်းမှ ဇွန်းချလိုက်သံကိုလည်း အနီးကပ်ပစ်လိုက်သော သေနတ်သံပမာ ကျယ်လောင်စွာကြားလိုက်ရလေသည်။

စိတ်ထဲတွင် ပျော်သလိုဖြစ်သွားပြီးနောက် သူ့ကိုယ်သူ သေများသွားပြီလားဟု တွေးမိပြီး ထိတ်လန့်သွားသည်။ ထို့နောက် စိတ်ကို တည်ငြိမ်အောင်ထိန်း၍ အိပ်နေရာက ထကြည့်လိုက်သည်။ သူ့တစ်ကိုယ်လုံးသည် ငှက်မွေးပမာ လွန်စွာပေါ့ပါးလျက်ရှိကြောင်း သတိထားလိုက်မိသည်။ ခုတင်ပေါ်မှဆင်းလိုက်ရာ သူ၏ခန္ဓာကိုယ်ကြီးသည် ခုတင်ပေါ်တွင် အိပ်လျက်အတိုင်း ကျန်ခဲ့သည်ကို အံ့သြဘနန်းတွေ့လိုက်ရသည်။ ဦးမိုးမြင့်သည် အိပ်ခန်းတံခါးကြီးကိုလည်း ဖွင့်ရန်မလိုဘဲ အလွယ်တကူ ဖြတ်သန်းထွက်နိုင်ခဲ့သည်။ ထူးဆန်းလှသောအဖြစ်ကြောင့်လည်း အပျော်ကြီးပျော်နေမိသည်။

ထိုစဉ်တွင် ဆေးလင်ပန်းကိုင်၍ လာနေသော မသိင်္ဂီ၏ ခြေသံကို ကြားလိုက်ရသည်။ ထို့ကြောင့် စိတ်၏အလျင်မျိုးဖြင့် အိပ်ခန်းအတွင်း ပြန်သွားကာ ခုတင်ပေါ်ရှိ သူ၏ခန္ဓာကိုယ်ကြီးထဲသို့ အသာပြန်ဝင် လဲလျောင်းနေလိုက်လေသည်။

* * *

မသိင်္ဂီသည် တံခါးကို ညင်သာစွာဖွင့်ကာ အိပ်ခန်းအတွင်းသို့ ခြေဖွနင်း၍ ဝင်လာခဲ့သည်။ ဆေးလင်ပန်းအားခုတင်ဘေးရှိ စားပွဲပေါ်သို့ အသာလှမ်းချလိုက်သည်။ ထို့နောက် စိုးရိမ်ပူပန်ဟန်ဖြင့် ဦးမိုးမြင့်၏နဖူးကို အသာစမ်းရင်း တိုးညင်းစွာမေးလိုက်သည်။

'အစ်ကိုကြီး··သက်သာတယ်မဟုတ်လားဟင်'

ဦးမိုးမြင့်သည် ယခုမှနိုးလာဟန်ဖြင့် မျက်လုံးအသာဖွင့်ကြည့်လိုက်သည်။ ထို့နောက် အောင်နိုင်သူ၏ လေသံမျိုးဖြင့် ပြောလိုက်သည်။

'ဒီမှာ··မီးဖိုထဲက ပန်းကန်စင်ကို မင်း နေရာရွှေ့လိုက်တယ်မဟုတ်လား'

မသိင်္ဂီက အံ့သြတုန်လှုပ်စွာဖြင့် ပြန်ပြောလိုက်သည်။

'အစ်ကိုကြီးရယ်··ဒီလောက်တောင် ဖျားနေလျက်ကြီးနဲ့ ဘာလို့လျှောက်သွားရတာလဲ'

'ငါ ဒီအိပ်ရာထဲကနေ ဘယ်ကိုမှ ထ,မသွားခဲ့ဘူးကွ'

'ဒါ··ဒါဖြင့် အစ်ကိုကြီး ဘယ်လိုလုပ်ပြီးသိတာလဲဟင်'

ဦးမိုးမြင့်သည် လှောင်ပြုံး,ပြုံးလိုက်ပြီး မျက်လုံးအစုံကို မှိတ်ထားလိုက်သည်။ တစိမ့်စိမ့်တွေးပြီး တုန်လှုပ်နေပေတော့ဆိုသည့်သဘောဖြင့် စကားတစ်ခွန်းမျှလည်း ဆက်မပြောတော့။ မသိင်္ဂီသည် ဆေးတိုက်ဖို့ကိုပင် သတိမရနိုင်တော့ဘဲ အိပ်ခန်းတွင်းမှ တုန်လှုပ်ချောက်ချားစွာဖြင့် ပြန်ထွက်သွားတော့သည်။

စင်စစ်တွင် မသိင်္ဂီသည် သူမထက် အသက်ဆယ်နှစ်ခန့်ကြီးသော ဦးမိုးမြင့်အား မိဘများ၏စီမံမှုအရ လက်ထပ်ခဲ့ခြင်းဖြစ်သည်။ သို့သော် သူမအနေဖြင့် ယနေ့ထိ မယားဝတ္တရားမပျက်အောင် နေထိုင်ခဲ့သည်။ ဦးမိုးမြင့်အနေဖြင့်လည်း တစ်နေ့ ချစ်လာလိမ့်နိုးနိုးဖြင့် မျှော်လင့်ခဲ့သည်။ ကြာတော့ စိတ်ပျက်လာမိသည်။ ယခုတော့ ခံပြင်းဒေါသများဖြင့် ပေါက်ကွဲလုအခြေအနေသို့ ရောက်ရှိနေပြီဖြစ်လေသည်။

ဦးမိုးမြင့်သည် တစ်ယောက်တည်းကျန်ခဲ့ရင်း အတွေးရေလျဉ်ကြောတွင် မျောနေမိသည်။ ယခုကဲ့သို့ အကြားအမြင်အာရုံများထက်မြက်ကာ ဝိညာဉ်သဘောဖြင့် သွားလာလှုပ်ရှားနိုင်စွမ်းကို ယခင်ကတည်းက ရရှိခဲ့လျှင် အလွန်ကောင်းမည်ဟုလည်း အားမလိုအားမရဖြစ်နေမိသည်။ နာရီအနည်းငယ်ကြာသောအခါ တစ်ကိုယ်လုံးရွှဲနစ်အောင် ချွေးများထွက်လာကာ အဖျားကျသွားလေသည်။ နောက်နှစ်ရက်ကြာသောအခါ ကုလားထိုင်တွင် ထထိုင်နိုင်လာခဲ့သည်။ ထိုလကုန်သောအခါတွင်ကား ဦးမိုးမြင့်တစ်ယောက် အလုပ်ခွင်သို့ ပြန်ဝင်နေပြီဖြစ်လေသည်။

* * *

ဦးမိုးမြင့်သည် ရုံးခန်းအတွင်း ထိုင်ငိုက်နေရာမှ မှေးခနဲဖြစ်သွားပြီး တစ်မိနစ်ခန့်အကြာတွင် သူ့ခန္ဓာကိုယ်ကြီးထဲမှ အသာထထွက်လိုက်သည်။ ထို့နောက် စားပွဲရှေ့တွင်သွားရပ်၍ သူ့ခန္ဓာကိုယ်ကြီးကို ပြန်ကြည့်လိုက်သည်။ ဗိုက်ရွဲရွဲနှင့် သက်လတ်ပိုင်းအရွယ် သူ့အတ္တဘောကြီးမှာ လက်တင်ကြိမ်ကုလားထိုင်ပေါ်တွင် နှစ်ခြိုက်စွာအိပ်ပျော်လျက်ရှိသည်။ အသက်ရှူလိုက်တိုင်း ခုန်နေသော သူ့နှလုံးသားကိုလည်း အင်္ကျီလက်ဝဲဘက်အိတ်ထဲရှိ ပတ်ကားဘောပင်အောက်တွင် အတိုင်းသားတွေ့မြင်နေရသည်။ ဦးမိုးမြင့်တစ်ယောက် ပြောမပြနိုင်လောက်အောင် အူမြူးသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com

သူသည် ယခုဆိုလျှင် အနည်းငယ်မျှ မေးလိုက်ရုံဖြင့် မိမိကိုယ်ခန္ဓာအတွင်းမှ လွယ်ကူစွာ ခွဲထွက်နေနိုင်လေပြီ။

တိုက်ဖွိဒ်ဒဏ်ကို အပြင်းထန်ဆုံး ခံစားခဲ့ရပြီးနောက်၌ ဦးမိုးမြင့်တစ်ယောက် ယခုကဲ့သို့ ဝိညာဉ်စေလွှတ်ခြင်း (Astrall Projection) ကို မမျှော်လင့်ဘဲ ပြုလုပ်လာနိုင်ခြင်း ပင်ဖြစ်သည်။ အစဉ်အလာအားဖြင့် ဤကဲ့သို့သောစွမ်းအင်မျိုးကို သမထနည်းဖြင့်သာ ကျင့်ကြံရရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဦးမိုးမြင့်၏အဖြစ်မှာ ထူးခြားဆန်းကြယ်နေတော့သည်။ မည်သို့ပင်ဖြစ်စေ ဦးမိုးမြင့်သည် လွန်စွာအားရကျေနပ်လျက်ရှိသည်။ ယခုအခါတွင် သူ့အဖို့ ခန္ဓာကိုယ်အတွင်းမှ ထွက်လိုက်၊ ဝင်လိုက် လုပ်ရသည်မှာ ဖိနပ်ကို ချွတ်လိုက်၊ စွပ်လိုက် လုပ်ရသကဲ့သို့ပင် အလွန်လွယ်ကူနေလေပြီ။

သို့သော် လက်ရှိအခြေအနေအရ သူ့အစွမ်းကို လုံးဝဖုံးကွယ်ထားရပေဦးမည်။ မည်သူ့ကိုမျှ အသိပေး၍မဖြစ်။ အထူးသဖြင့် မသိင်္ဂီ လုံးဝမသိဖို့လိုသည်။ ထိုအစွမ်းကို အသုံးပြု၍ သံသယဖြစ်နေသည်များကို ဖော်ထုတ်ပြီး ဆုံးမပစ်ရမည်ဖြစ်သည်။ ထိုစဉ် သူ့ခေါင်းထဲသို့ အကြံတစ်ခုက ဖျတ်ခနဲဝင်လာခဲ့သည်။ ထို့ကြောင့် ဖိုင်တွဲတစ်ခုပေါ်တွင် တင်ထားသော စာရွက်ဖြတ်သည့် ဓားကလေးအား အသာကောက်ကိုင်ကြည့်လိုက်သည်။ သူ့လက်များသည် ဓားကလေးအား မဆုပ်ကိုင်မိဘဲ ဖောက်ထွက်သွားကာ လေကို ဆုပ်ဖမ်းလိုက်သကဲ့သို့ ဖြစ်သွားရသည်။

ဦးမိုးမြင့်သည် စိတ်အာရုံကိုစူးစိုက်၍ အကြိမ်ကြိမ်ထပ်မံကြိုးစားရာ နောက်ဆုံးတွင် ဓားကလေးမှာ လှုပ်သည်ဆိုရုံမျှ လှုပ်သွားသည်။ နောက်တစ်ကြိမ်တွင်မူ ဓားကလေးသည် လေထဲသို့ လေးလက်မခန့်ပါလာပြီးနောက် ပြန်ပြုတ်ကျသွားပြန်သည်။ သူသည် ထိုနေ့ညနေပိုင်း တစ်ချိန်လုံး ကြိုးစားလေ့ကျင့်ခဲ့ရာ ဓားကလေးအား ကောင်းစွာဆုပ်ကိုင်လာနိုင်ခဲ့သည်။ နောက်ဆုံးတွင် ထိုဓားကလေးဖြင့် ဖိုင်တွဲတစ်တွဲကို အားစိုက်ထိုးကြည့်လိုက်ရာ ဖိုင်တွဲတစ်ခုလုံးအား ဖောက်ဝင်ပြီး ဓားဦးသည် စားပွဲခုံအတွင်းသို့ပင် စိုက်ဝင်သွားလေတော့သည်။ ဦးမိုးမြင့်သည် အားရကျေနပ်စွာ အော်ဟစ်ရယ်မောရင်း ကလေးတစ်ယောက်ပမာ ရုံးခန်းအတွင်း လှည့်ပတ်ပြေးလွှား၍ တွေ့သမျှပစ္စည်းများအား ကိုင်မြှောက်ကြည့်နေလေတော့သည်။

* * *

'ခေါင်းနည်းနည်းနောက်နေလို့ ခဏလှဲလိုက်ဦးမယ်ကွာ။ ထမင်းလည်း အပြင်မှာ စားလာခဲ့ပြီးပြီ'

ထိုနေ့ညဦးပိုင်း အိမ်ပြန်အရောက် ဧည့်ခန်းဝမှကြိုလာသော မသိင်္ဂီအား လှမ်းပြောလိုက်သည်။

'ဟုတ်ကဲ့ အစ်ကိုကြီး'

မသိင်္ဂီသည် အလိုက်သင့်ပြန်ပြောရင်း လက်ဆွဲအိတ်ကိုလှမ်းယူ၍ စားပွဲပေါ် သွားတင်ထားလိုက်သည်။ ထို့နောက် မီးဖိုဘက်သို့ လှည့်ထွက်သွားလေသည်။ ဦးမိုးမြင့်သည် မသိင်္ဂီ၏ကျောပြင်အား လှမ်းကြည့်ရင်း ကျေနပ်စွာ ပြုံးလိုက်သည်။ ထို့နောက် နှစ်ယောက်ထိုင်ဆိုဖာကြီးပေါ်သို့ လှဲချကာ အညောင်းဆန့်လိုက်သည်။

နောက်တစ်မိနစ်ခန့်အကြာတွင် သူသည် ခန္ဓာကိုယ်ထဲမှ ထထွက်ကာ မီးဖိုခန်းဘက်သို့ လျှောက်သွားခဲ့သည်။ မသိင်္ဂီလက်ထဲမှ ပန်းကန်ပြားအား ဆွဲလုပြီး လေထဲ၌ သုံး၊ လေးပတ် ဝှေ့ယမ်းပြလိုက်လျှင် သူမခမျာ သွေးပျက်လုမတတ် လန့်သွားရှာမှာပဲဟုလည်း တွေးလာမိသည်။ ထိုစဉ် မီးဖိုခန်းအတွင်းမှ မသိင်္ဂီ၏စကားသံကို ကြားလိုက်ရသဖြင့် ရုတ်တရက် ကြက်သေ၊သေသွားရသည်။

'သွားတော့လေ‥ သူပြန်ရောက်နေပြီ။ ကိုကို သိပ်အတင့်ရဲတာပဲ။ ခုနေ သူထလာရင် မိုးမီးလောင်တော့မှာပဲ'

ဦးမိုးမြင့်သည် စိတ်စောစွာဖြင့် မီးဖိုထဲသို့ အပြေးတစ်ပိုင်းဝင်သွားရာ ပြတင်းပေါင်ပေါ်တွင် လက်ထောက်၍ အပြင်သို့ ကိုယ်ကိုကိုင်းလျက်ရှိသော မသိင်္ဂီကို တွေ့လိုက်ရလေသည်။

'ကဲ‥ပြောလို့လည်းမရဘူး။ စိတ်ညစ်လိုက်တာနော်။ သွားပါတော့ ကိုကိုရယ်၊ ရှိကြီးခိုးပါရဲ့'

ဦးမိုးမြင့်သည် မသိင်္ဂီအနီးတွင် သွားကပ်ရပ်လိုက်သည်။ မုန်းတီးစက်ဆုပ်စိတ်များမှာလည်း ဆူဝေလျှံတက်လာတော့သည်။ 'အခုမှ အချစ်ဟောင်းတွေ ပြန်ပေါင်းထုတ်နေကြတာကိုး။ ငါ့သံသယတွေ မှန်နေပြီပေါ့ မိသိင်္ဂီရယ်။ သိကြရောပေါ့' ဟုလည်း စိတ်ထဲက ကြိမ်းဝါးနေမိသည်။ ဒေါသကိုလည်း မနည်းထိန်းထားရလေသည်။

မသိင်္ဂီ၏ကိုကိုဆိုသူမှာ အသားလတ်လတ်နှင့် သန်မာတောင့်တင်းသော လူရွယ်တစ်ဦးဖြစ်သည်။ ရုပ်ရည်မှာလည်း ရည်မွန်ပြေပြစ်ပြီး မေးလ်စပို့ရှပ်နှင့် ဂျင်းဘောင်းဘီတို့ကို သပ်ရပ်စွာဝတ်ထားလျက်ရှိသည်။ သူသည် မသိင်္ဂီ၏လက်များကို ယုယစွာကိုင်ထားပြီး မျက်နှာကိုလည်း ဖူးဖူးချင်းထိလုမတတ် ငုံ့ထားသည်။ မသိင်္ဂီမှာလည်း သူ့တို့

www.burmeseclassic.com

www.burmeseclassic.com

အိမ်ထောင်သက်တစ်လျှောက်လုံး တစ်ခါမျှမတွေ့ဖူးခဲ့သည့် အချစ်ရည်ရွှန်းလဲ့သောအပြုံးဖြင့် ပြန်လည်စိုက်ကြည့်လျက် ရှိလေသည်။

'ကိုကိုသိပါတယ်ကွာ၊ အားလုံးသိတယ်။ ဒီလောက် ရက်စက်တဲ့လူကြီးလက်ထဲမှာ သိင်္ဂီကို ဆက်မထားချင်တော့ဘူးကွာ။ အမြဲတမ်းရန်လိုနေပြီး သိင်္ဂီစိတ်ဆင်းရဲအောင် နှိပ်စက်နေဦးမှာပဲ'

'ဟုတ်ပါတယ် ကိုကိုရယ်၊ ကဲ..သွားပါတော့နော်။ တော်ကြာ..'

မသိင်္ဂီသည် စကားဖြတ်လိုက်ပြီး ဦးမိုးမြင့်မျက်နှာ တည့်တည့်ကိုဖော်၍ နောက်လှည့်လိုက်သည်။

'ဒီအကြောင်းတွေ နောက်မှပြောပါတော့ ကိုကိုရယ်။ သိင်္ဂီလည်း အရှင်လတ်လတ် ငရဲကျနေသလို ဘဝမျိုးမှာ မနေချင်တော့ပါဘူး။ သိပ်မလောပါနဲ့ဦး ကိုကိုရယ်..နော်။ သိင်္ဂီ ခေါင်းအေးအေးနဲ့ ကြံပါရစေဦး'

'အို..ကိုကိုတော့ ဆက်သည်းမခံနိုင်တော့ဘူးကွာ။ အားလုံးစီစဉ်လာခဲ့ပြီးပြီ။ မနက်ဖြန် အင်ကြင်းမြိုင်ကို သွားကြမယ်။ အဲဒီက ကန်သာယာတည်းခိုခန်းမှာ ခဏဝင်ခိုကြမယ်။ ပြီးမှ မီးစင်ကြည့်ကကြတာပေါ့။ ငြင်းမနေပါနဲ့တော့ကွာ။ သိင်္ဂီ စိတ်ရောကိုယ်ပါ အညှဉ်းဆဲခံနေရတာကို မကြည့်ရက်တော့ဘူး။ ကိုကို့နောက်သာ လိုက်ခဲ့တော့နော်'

မသိင်္ဂီသည် ရုတ်တရက် စကားမပြန်နိုင်ဘဲ ငိုင်ကျသွားသည်။ ခြံစည်းရိုးပုဏ္ဏရိက်ပင်များအကြား ဟိုသည် ပျံဝဲနေသော ပိုးစုန်းကြူးလေးများအား ရည်ရွယ်ချက်မဲ့စွာ ငေးစိုက်ကြည့်နေမိသည်။ အံကိုလည်း တင်းတင်းကြိတ်ထားသည်။ ထို့နောက် သူမကိုကို၏ခေါင်းကို အသာဆွဲယူကာ အနားအနီးသို့ ကပ်ပြောလိုက်သည်။

'ကောင်းပြီလေ၊ သိင်္ဂီလိုက်ခဲ့ဖို့ ဆုံးဖြတ်လိုက်ပြီ။ ကဲ.. ကိုကိုပြန်တော့နော်'

'ဝမ်းသာလိုက်တာ သိင်္ဂီရယ်။ မနက်ဖြန်နေ့ခင်း တစ်နာရီအရောက် ဟသ်ာကားဂိတ်ကို လာခဲ့နော်။ ဟိုလူကြီးကိုတော့ ကြည့်လိမ့်ခဲ့ပေါ့ကွာ။ နောင်ခါလာနောင်ခါချေးပဲ။ ဘာပြဿနာပဲဖြစ်လာလာ ရင်ဆိုင်ဖြေရှင်းလိုက်မယ်။ ကိုကို ဘယ်လောက်ပျော်နေလဲဆိုတာ ရင်ထဲဝင်ကြည့်စေချင်လိုက်တာ'

'ကဲပါ ကိုကိုရယ်..နောက်မှ အတိုးချပြီးပျော်ပါ။ ခုတော့ ပြန်လိုက်ဦးနော်'

လူရွှယ်သည် မသိင်္ဂီ၏ပါးအား တစ်ချက်လှမ်းနမ်းလိုက်ပြီး ချာခနဲလှည့်ထွက်သွားလေသည်။ အပူအပင်ကင်းစွာဖြင့် အုတ်စီလမ်းကလေးအတိုင်း ထွက်သွားသည့် ခြေသံကို ဦးမိုးမြင့် အတိုင်းသားကြားနေရသည်။ လူရွှယ်သည် ခြံဝအရောက်တွင်ရပ်၍ စီးကရက်မီးညှိလိုက်သည်။ ဂက်စ်မီးခြစ်မှ ပေါ်ထွက်လာသော မီးတောက်သည် ကြယ်တံခွန် ပမာ တောက်ပရှည်လျားလှသည်ဟု ဦးမိုးမြင့် မှတ်ထင်လိုက်လေသည်။ မသိင်္ဂီမှာမူ ထိုနေရာတွင်ပင် ကျောက်ရုပ်ပမာ တောင့်တောင့်ကြီးရပ်လျက် ကျန်ရစ်ခဲ့သည်။ လှမ်းရိုက်လိုက်ချင်သည့်စိတ်ကို ဦးမိုးမြင့် မနည်းထိန်းထားရလေသည်။ ထိုစဉ် မသိင်္ဂီသည် နောက်သို့ ချာခနဲလှည့်ထွက်လိုက်သဖြင့် ဦးမိုးမြင့်သည် ကိုယ့်ကိုယ်ကိုယို့၍ရှောင်လိုက်သည်။ ထို့နောက် ဧည့်ခန်းထဲသို့ ပြန်ပြေးကာ ဆိုဖာပေါ်ရှိ သူ့ခန္ဓာကိုယ်ကြီးထဲသို့ ပြန်လည်ဝင်ရောက်လဲလျောင်းရင်း အိပ်ချင်ဟန်ဆောင်နေလိုက်တော့သည်။

* * *

ဦးမိုးမြင့်သည် အင်ကြင်းမြိုင်သို့ နေ့လယ်စာစားချိန်တွင် ရောက်သွားခဲ့သည်။ အလုပ်ကိစ္စနှင့် အရေးပေါ်ခရီးထွက်မည်ဟု မသိင်္ဂီကိုပြောခဲ့သည်။ ထို့နောက် ရုံးသို့ ခေတ္တသွားကာ ကိစ္စအချို့ မှာကြားပြောဆိုပြီးမှ အင်ကြင်းမြိုင်သို့ ထွက်ခဲ့ခြင်းဖြစ်သည်။ ကန်သာယာတည်းခိုခန်းတွင်လည်း အခန်းတစ်ခန်းကို အလွယ်တကူပင် ရခဲ့သည်။ ဧည့်မှတ်ပုံတင်စာအုပ်ထဲတွင် မသိင်္ဂီတို့စုံတွဲ၏ အမည်များကို တွေ့လိုက်ရသဖြင့် ကျေနပ်သွားမိသည်။ တယ်လီဖုန်းဖြင့် ကြိုတင်အခန်းငှားထားကြောင်း မှတ်ချက်ကိုလည်း သတိထားလိုက်မိသည်။ မသိင်္ဂီ၏ကိုကိုအမည်ကိုလည်း မောင်မောင်ထူးဟု သိလိုက်ရသည်။ ၎င်းတို့အား အခန်းအမှတ်သုံးနှင့် လေးကို ပေးထားသဖြင့် မောင်မောင်ထူးနှင့် ကပ်လျက် အခန်းအမှတ်ငါးကို ဦးမိုးမြင့်က ယူလိုက်လေသည်။ ဦးမိုးမြင့်အတွက် ယခုအထိ အစစအရာရာ အဆင်ချောလျက်ရှိတော့သည်။

အခန်းသော့ရပြီးနောက် ကောင်တာစာရေး ညွှန်လိုက်သည့်အတိုင်း အိတ်ကိုဆွဲ၍ ဦးမိုးမြင့် ထွက်လာခဲ့သည်။ လိုရမည်ရဝယ်ခဲ့သော ပလတ်စတစ်ယပ်တောင်လေးကိုလည်း ချိုင်းကြားတွင် ညှပ်ယူခဲ့သည်။ အခန်းတွင်း၌ ခေတ္တနားပြီးနောက် နေ့လယ်စာကို အပြင်တွင် ထွက်စားလိုက်သည်။ အပြန်တွင် ညနေစာအတွက် ခေါက်ဆွဲခြောက်ဝယ်

www.burmeseclassic.com

www.burmeseclassic.com

လာခဲ့သည်။ တည်းခိုခန်းမှ ရေသန့်တစ်ဘူးတောင်းယူပြီး အခန်းတွင်းဝင်၍ တံခါးကို အသေပိတ်ထားလိုက်တော့သည်။

* * *

ဦးမိုးမြင့်သည် မေးခနဲဖြစ်သွားရာက စကားပြောသံများကြောင့် လန့်နိုးသွားရသည်။ လက်မှနာရီကိုကြည့်လိုက်တော့ ညနေငါးနာရီထိုးပြီးနေလေပြီ။ သူသည် အိပ်ရာထဲတွင်ပင် လဲလျောင်းရင်း နားစွင့်ထားလိုက်သည်။

‘ကျွန်တော် မောင်မောင်ထူးပါ။ ဒါက ကျွန်တော့်ဇနီး မသီဂီ။ တယ်လီဖုန်းနဲ့ ကြိုပြီးအခန်းငှားထားပါတယ်။ အဲဒါ..’

‘သြော်..ဟုတ်ကဲ့။ ကျွန်တော်စီစဉ်ထားပါတယ်။ အစ်မကြီးအတွက် အခန်းသုံးနဲ့ ဆရာ့အတွက် အခန်းလေးမှာ နေရာချထားပေးပါတယ်။ ရှေ့က စင်္ကြံလမ်းအတိုင်း သွားရင် အခန်းတွေက ညာဘက်မှာပါ။ နှစ်ယောက်ခန်း အလွတ်မရှိလို့ တစ်ခန်းစီပေးထားရတာတော့ ခွင့်လွှတ်ပါဗျာ’

‘ကိစ္စမရှိပါဘူး၊ ရပါတယ်။ အခန်းရတာကိုပဲ ကျေးဇူးတင်လှပါပြီ’

မောင်မောင်ထူးသည် အခန်းသော့များကိုယူပြီး မသီဂီကိုလက်ဆွဲ၍ ထွက်လာခဲ့သည်။

‘ဟိုလူကြီး ခရီးထွက်သွားတာ သေချာတယ်နော်။ သံသယဝင်တဲ့အရိပ်အယောင် မတွေ့ခဲ့ဘူးမဟုတ်လား’

‘သေချာပါတယ် ကိုကိုရယ်၊ သူ လုံးဝမရိပ်မိပါဘူး။ သီဂီတစ်ယောက်လုံး ပါလာပြီပဲဟာ။ ဘာတွေများ တွေးပူနေရသေးတာတုံး’

‘ဟုတ်ပါတယ်လေ။ စိတ်ညစ်စရာတွေ မတွေးတာကောင်းပါတယ်။ ရော့..သီဂီအခန်းသော့။ ခဏနားပြီးရင် ညစာကို ဒီမှာပဲ စားလိုက်ကြတာပေါ့နော်’

‘ကောင်းပါတယ် ကိုကိုရယ်။ သီဂီလည်း အပြင်သိပ်မထွက်ချင်ဘူး။ ခုချိန်မှာ သိပ်သိပ်လေ ကောင်းလေပဲ’

အတိုင်းသားကြားနေရသော စကားသံများကြောင့် ဦးမိုးမြင့်သည် ကြိတ်မနိုင်ခဲမရဖြစ်လာရသည်။ ရင်ထဲက ပူလာသဖြင့် ရေတစ်ခွက်ထသောက်လိုက်ရသည်။ ထို့နောက် စားပွဲပေါ်ရှိ အေးစက်နေသော ခေါက်ဆွဲကြော်ထုပ်အား လှမ်းယူကာ အမှိုက်ခြင်းထဲသို့ ပစ်ထည့်လိုက်သည်။

စားလိုစိတ်လည်း မရှိတော့။ ဒေါသငွေ့များကလည်း ထောင်းထောင်းထလာတော့သည်။ အံကြိတ်ရင်း စိတ်ကို ထိန်းလျက် ခုတင်ပေါ် ပြန်လှဲချလိုက်ရသည်။

ထိုစဉ် မသီဂီတို့ အခန်းတံခါးများပြန်ပိတ်သံ ပေါ်လာသည်။ ထို့နောက် နှစ်ယောက်သားထွက်သွားသော ခြေသံများကို ကြားလိုက်ရသည်။ အချိန်မကျသေးခင် ဆက်သည်းခံလိုက်ပေဦးဟု ဦးမိုးမြင့် သူ့ကိုယ်သူ ပြန်သတိပေးလိုက်သည်။ နာရီဝက်ခန့်အကြာတွင် မသီဂီတို့စုံတွဲ ပြန်ရောက်လာသံကို ကြားလိုက်ရသည်။

‘ကဲ..သီဂီနားလိုက်ဦးနော်။ အပျင်းပြေ ဗီဒီယိုကြည့်ဦးမလား။ ဧည့်ခန်းမှာ သွားကြည့်လို့ရတယ်လေ’

‘မကြည့်တော့ပါဘူး ကိုကိုရယ်။ ငြီးစီစီကြီးဖြစ်နေလို့ နားလိုက်ဦးမယ်’

‘အင်းလေ..ဒီတစ်ည သည်းခံပြီး အခန်းအောင်းနေကြတာပဲ ကောင်းပါတယ်။ မနက်ကျရင် ကိုကိုတို့ လွတ်ရာကျွတ်ရာကို ခရီးဆက်နိုင်ပါပြီ။ ကဲ..သီဂီ အခန်းထဲဝင်တော့နော်’

ခဏကြာလျှင် တံခါးပိတ်သံများကို ကြားလိုက်ရသည်။ တစ်ဆက်တည်းလိုပင် မီးခလုတ်ပိတ်သံများ ပေါ်ထွက်လာခဲ့သည်။ ဦးမိုးမြင့်သည် သူ့အခန်းမီးများအား ကြိုတင်ပိတ်ထားပြီးဖြစ်သည်။ သူသည် ခုတင်ပေါ်တွင် တောင့်တောင့်ကြီးလှဲလျက် နားကို အစွမ်းကုန်စွင့်ထားခဲ့သည်။ အိပ်ရာထက်တွင် ဘယ်လူးညာလိမ့်လုပ်နေသည့် မသီဂီ၏အသံ။ အခန်းတွင်း ခေါက်တုံ့ခေါက်ပြန်လျှောက်နေသည့် မောင်မောင်ထူး၏ခြေသံ။ ဧည့်ခန်းဘက်မှ အသံဗလံများ၊ စားသောက်ခန်းမှ ဇွန်းသံ၊ ခွက်သံ၊ ရယ်မောသံများ၊ ယုတ်စွအဆုံး ညသတ္တဝါကလေးများ၏ လှုပ်ရှားသံများမှအစ ပီသကျယ်လောင်စွာ ကြားနေရလေသည်။

နာရီဝက်ခန့်အကြာတွင် မသီဂီထံမှ ယောင်ယမ်းညည်းညူသံ ပေါ်ထွက်လာသည်။ မောင်မောင်ထူးကတော့ ဟောက်၍ပင်နေလေပြီ။ ဦးမိုးမြင့်သည် သူ့အခန်းတွင်းသို့ တစ်ချက်ဝေ့ကြည့်လိုက်သည်။ ပြင်ပမှမီးရောင်များကြောင့် အခန်းတွင်းရှိ ပစ္စည်းများအား မှိန်ပျပျမြင်နေရသည်။ သူ့လက်ဆွဲအိတ်ကြီးမှာ စားပွဲကလေးပေါ်တွင် ရှိနေသည်။ တိုက်ပုံအင်္ကျီကိုလည်း ကြည့်မှန်ဘေးတွင် ချိတ်လျက်သား တွေ့ရသည်။ စားပွဲ၊ ကုလားထိုင်နှင့် အမှိုက်ခြင်းတို့မှာလည်း နေသားတကျရှိနေကြသည်။ ပလတ်စတစ်ယပ်

www.burmeseclassic.com

www.burmeseclassic.com

တောင်ကလေးမှာမူ ခုတင်ဘေး ကြမ်းပြင်ပေါ်သို့ကျလျက် ရှိလေသည်။

ဦးမိုးမြင့်သည် ကျေနပ်အားရစွာပြုံးလိုက်သည်။ သူ့အကြံကို အကောင်အထည်ဖော်ရပေတော့မည်။ ယခင်က မည်သူမျှမတွေးတောခဲ့ဖူးသော သူ့အကြံကို လွယ်ကူအေးဆေးစွာဖြင့် ပိပိရိရိလုပ်နိုင်ပေတော့မည်။ ထို့ကြောင့် သူသည် စိတ်ရောကိုယ်ပါ လျှော့ချထားလိုက်တော့သည်။

* * *

ဦးမိုးမြင့်သည် ခန္ဓာကိုယ်ကြီးထဲမှ ညင်သာစွာပင် ထထွက်လိုက်သည်။ ထို့နောက် ပိတ်ထားသောတံခါးကို ဖြတ်သန်းကာ အခန်းတွင်းမှ ထွက်လာခဲ့တော့သည်။ ဧည့်ခန်းအနီးရောက်မှ ခြေဖော့နင်းလာမိသော သူ့အဖြစ်သူ ပြန်တွေးပြီး အားရစွာရယ်မောလိုက်မိသည်။ သူ့ဝိညာဉ်ကို မည်သူမြင်တွေ့နိုင်ပါမည်နည်း။ သူ့အသံကိုလည်း မည်သူကြားနိုင်ပါအံ့နည်း။ ဧည့်ခန်းတွင်းသို့ ရောက်သောအခါ ဗီဒီယိုထိုင်ကြည့်နေကြသူအချို့ဘေးနားမှ အသာဖြတ်လျှောက်၍ စားသောက်ခန်းတွင်းသို့ ဝင်လိုက်သည်။

အလုပ်သမားလူငယ် လေး,ငါးယောက်သည် စားပွဲတစ်လုံးတွင် ညစာစားလျက်ရှိကြသည်။ သူသည် ၎င်းတို့အနီးမှဖြတ်၍ မီးဖိုခန်းဘက်သို့သွားပြီး အတွင်းဘက်သို့ လှမ်းကြည့်လိုက်သည်။ သူလိုချင်သည့်အရာကို အခန့်သင့်တွေ့လိုက်ရသဖြင့် အလွန်ဝမ်းသာသွားရသည်။ ထိုအရာကား ထက်မြနေသော သားလှီးဓားတစ်ချောင်း၊ ထိုဓားမျိုးကို မည်သည့်နေရာတွင်မဆို အလွယ်တကူဝယ်၍ ရနိုင်လေသည်။ သို့သော် ဤတည်းခိုခန်းမှပစ္စည်းကို သုံးခြင်းဖြင့် သဲလွန်စလမ်းလွှဲနိုင်သည်မဟုတ်လော။

ဦးမိုးမြင့်သည် နှစ်သိမ့်စွာပြုံးရင်း လေ၏လျှင်မြန်ခြင်းမျိုးဖြင့် သားလှီးဓားအား ဆွဲယူလိုက်သည်။ သူ့ကိုယ်ကြီးမှာ ပျောက်နေသော်လည်း ဓားကို အခြားသူများ မမြင်တွေ့နိုင်အောင် ယူဆောင်သွားနိုင်မည့်နည်းကို စဉ်းစားလိုက်သည်။ အလုပ်သမားလူငယ်များဝိုင်းဘက်သို့လည်း လှမ်းအကဲခတ်လိုက်သည်။ ၎င်းတို့သည် စားသောက်ရင်း အချင်းချင်းနောက်ပြောင်လျက်ရှိကြသည်။

ထိုအခိုက်တွင်ပင် ဦးမိုးမြင့်သည် စားသောက်ခန်းတွင်းမှ တစ်ဟုန်ထိုးပြေးထွက်ခဲ့တော့သည်။ ဧည့်ခန်းဝအရောက်တွင် ရပ်လိုက်သည်။ ဗီဒီယိုကြည့်နေကြသူများအနီးမှ ဤပုံစံအတိုင်း ဖြတ်သွား၍တော့မဖြစ်။ ချွန်မြထက်မြက်နေသော သားလှီးဓားကြီးတစ်ချောင်း လေထဲတွင် တရွေ့ရွေ့သွားနေသည်ကို တွေ့မြင်သွားကြလျှင် ကမ္ဘာပျက်သလို ဖြစ်သွားပေလိမ့်မည်။ ထို့ကြောင့် ဦးမိုးမြင့်သည် ခါးကုန်းလိုက်ပြီး နံရံအနီး ကြမ်းပြင်နှင့်ကပ်၍ ဓားကို သယ်ယူသွားတော့သည်။ အခန်းများရှိရာ စင်္ကြံလမ်းသို့ရောက်မှ ကိုယ်ကို ပြန်မတ်ရပ်လိုက်သည်။

သူ့စိတ်မှာ ဂနာမငြိမ်ဘဲ တုန်လှုပ်ချောက်ချားလျက်ရှိသည်။ လူသတ်ရတော့မည်မဟုတ်လော။ မုန်းတီးမှုနှင့် ဒေါသများ တရိပ်ရိပ်တက်လာသဖြင့် အံကြိတ်၍ စိတ်တင်းလိုက်သည်။ ထို့နောက် သူ့ရှေ့ရှိ တံခါးကိုဖြတ်၍ အခန်းတွင်းသို့ ဝင်သွားတော့သည်။ ခုတင်ပေါ်မှလူမှာ တုတ်တုတ်မျှမလှုပ်။ ဦးမိုးမြင့်သည် ဓားကို ဆကြည့်လိုက်သည်။ ထို့နောက် ခုတင်အနီးသို့ တစ်လှမ်းချင်းသတိထား၍ ချဉ်းကပ်သွားသည်။ သူ့ရင်မှာ တဒိန်းဒိန်းခုန်လျက်။

စက္ကန့်ပိုင်းအတွင်း သူ့လုပ်ငန်းကြီး ပြီးမြောက်ပေတော့မည်။ ထိတ်လန့်တကြား စူးစူးဝါးဝါးအော်သံကိုလည်း ကြားရပေဦးမည်။ နောက်နေ့နံနက်တွင် အခန်းတွင်းမှ ဝိညာဉ်မဲ့ သူ့ချစ်သူကိုသာ မသိဂ်ီတွေ့လိုက်ရပါက ရူးများသွားလေမလားဟုလည်း တွေးလိုက်မိသည်။

ဦးမိုးမြင့်သည် တုန်လှုပ်နေသောလက်များဖြင့် အိပ်မောကျနေသူ၏လည်ပင်းကို ကိုင်ညှစ်လိုက်သည်။ ထို့နောက် ဓားဖြင့် ကြိတ်ဖိကာ အားပါးတရ လှီးဖြတ်လိုက်သည်။ သူ့လက်မောင်းတစ်ခုလုံး သွေးများဖြင့် စိုရွှဲသွားတော့သည်။ အသံတစ်ချက်မျှ ထွက်မလာသဖြင့် အံ့သြသွားရသေးသည်။ သို့သော် သူ့လုပ်ငန်းကြီး အောင်မြင်ပြီးဆုံးသွားလေပြီ။ သူ့တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လျက်ရှိသည်။ ထို့ကြောင့် စိတ်ကိုငြိမ်အောင်ထိန်းရင်း ကြမ်းပြင်ပေါ်သို့ ဒူးထောက်ထိုင်ချလိုက်ရသည်။

'အလို..ဘုရား..ဘုရား.. ဟင်..အောင်မယ်လေး.. ကယ်ကြပါဦးဗျာ'

ဦးမိုးမြင့်သည် ကမ္ဘာ့အပြင်ဘက်သို့ လွင့်စဉ်ထွက်သွားသကဲ့သို့ ရင်ထဲတွင် လှိုက်ခနဲဖြစ်သွားရသည်။ အဘယ်ကြောင့်ဆိုသော် သူ့လက်တစ်ဖက်သည် ခုတင်ဘေးတွင်ကျနေသည့် ပလက်စတစ်ယပ်တောင်ကလေးပေါ်သို့ ထောက်မိလိုက်သောကြောင့်ပင် ဖြစ်လေတော့သည်။


ကျော်ဇော(စားကူး)

Ref: Davis Grubb ၏ The Horsehair Trunk.



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ (၁၉၄၅)ခုနှစ်ဝန်းကျင်။

ဒုတိယကမ္ဘာစစ်မီးသည် မြန်မာနိုင်ငံ၌ အရှိန်ကောင်းကောင်းနှင့် တောက်လောင်နေဆဲ။ စစ်ဖြစ်ပြီဆိုလျှင် စစ်၏အန္တရာယ်ဆိုးကျိုးများကို အများဆုံး ခံကြရသူများမှာ မြေဇာပင်ဖြစ်သော ပြည်သူများပင်။ ယခုလည်း ရန်ကုန်မြို့နှင့် အခြားမြို့ကြီးများက ပြည်သူတို့သည် ဗုံးဒဏ်၊ စက်သေနတ်ဒဏ်များလွတ်ရာ



www.burmeseclassic.com

www.burmeseclassic.com

ကျေးလက်တောရွာများသို့ အဖိုးတန်နှင့် အတွင်းပစ္စည်းအချို့သာ ယူဆောင်၍ ထွက်ပြေးကြရလေသည်။

ကျေးလက်တောရွာနေ ပြည်သူများမှာလည်း စစ်ကြီးနှင့်အတူပါလာသော ပလိပ်ရောဂါ၊ ဝမ်းရောဂါ စသောကူးစက်ရောဂါဆိုးကြီးများကို ခံစားနေကြရ၍ နေ့စဉ်နှင့်အမျှ အများအပြား ပျက်စီးသေကျေကြရလေသည်။ အချို့ရွာများဆိုလျှင် ရွာလုံးကျွတ် သေကျေပျက်စီးကြရသောသတင်းဆိုးကြီးများကို ဝမ်းနည်းဖွယ်ရာ ကြားသိနေကြရလေသည်။ ထို့အပြင် တောမီးလောင် တောကြောင် လက်ခမောင်းခတ် ဆိုသလို တောကြောင် သူခိုး၊ ဓားပြများ၏ဘေးရန်ကလည်းမအေး။ ထို့အတွက် ပူပင်နေကြရသူများမှာ တောရွာနေ ကြေးရတတ်လူတန်းစားများပင်ဖြစ်၏။

ထိုသို့ ခေတ်ပျက်ခေတ်ဆိုးကြီး ဖြစ်နေချိန်တွင် သစ်တောအရာရှိ ဦးဘအုန်းနှင့် အမှုထမ်းအရာထမ်းများသည် မြန်မာနိုင်ငံအလယ်ပိုင်းရှိ မြေလတ်မြို့ကလေးတစ်မြို့နှင့်မနီးမဝေး တောတွင်းသစ်ထုတ်ရေးစခန်းတစ်ခုတွင် တာဝန်ထမ်းဆောင်နေကြရလေသည်။ စစ်ကြီးအတွင်း နယ်မြေမငြိမ်သက်မှုကို အခွင့်ကောင်းယူ၍ သစ်ခိုးဂိုဏ်းများမှ တရားမဝင်သစ်ခိုးခုတ်ယူခြင်းနှင့် သစ်ခိုးထုတ်သယ်ယူခြင်းများ မပြုလုပ်နိုင်ရန်အတွက် ထိုသစ်တောအမှုထမ်းများသည် ၎င်းတို့တာဝန်ကျရာနယ်မြေအတွင်း နေ့ညမပြတ်ကင်းလှည့်လည် စစ်ဆေးနေရလေသည်။ ထို့အပြင် သစ်ထုတ်လုပ်ရေးစခန်းအတွင်း ကူးစက်ရောဂါများ ဖြစ်ပွားမှုမရှိစေရန် သန့်ရှင်းရေးအမှုထမ်းများ၏ ကျန်းမာရေးနှင့်ခိုင်းဆင်၊ ကျွဲ စသည့် တိရစ္ဆာန်တို့၏ ကျန်းမာရေးကိုပါ အထူးဂရုစိုက်ကြရန် ဦးဘအုန်းမှစစ်ဆေး၍ ညွှန်ကြားထားလေသည်။

ယခုလည်း လကွယ်ညတစ်ည ဖြစ်သည့်အားလျော်စွာ အမှောင်ထုကို အခွင့်ကောင်းယူ၍ သစ်ခိုးဂိုဏ်းများမှ တရားမဝင်သစ်များ ခိုးခုတ်သယ်ယူခြင်းများ မပြုလုပ်နိုင်ရန် ဦးဘအုန်းနှင့် အမှုထမ်းများက ကင်းလှည့်စစ်ဆေးရန် တာဝန်ရှိလေသည်။ ထို့ကြောင့် ညနေ နေဝင်ဖျိုးဖျအချိန်ကတည်းမှစ၍ ၎င်းတို့၏ တောတွင်းစခန်းမှ ခြေကျင်ခရီးဖြင့် စခန်းနှင့်အနီးဆုံးရှိ ၎င်းတို့အခြေစိုက်သော ရွာသို့လည်းကောင်း၊ ထိုရွာမှတစ်ဆင့် တစ်ရွာနှင့်တစ်ရွာ ကူးသန်းသွားလာနေမြဲဖြစ်သော လှည်းလမ်းကြောင်းတစ်လျှောက်ရွာမှ လှည်းနှစ်စီးငှား၍ ထွက်လာခဲ့ကြလေသည်။

ရှေ့ဆုံးမှ လှည်းပေါ်တွင် လှည်းမောင်းသူ ရွာသား၊ ဦးဘအုန်းနှင့် အမှုထမ်းလေးဦး၊ ဒုတိယလှည်းပေါ်တွင် လှည်းမောင်းသူ ရွာသားနှင့် တောခေါင်း ဦးမောင်ဝန် အပါအဝင် အမှုထမ်းလေးဦးတို့ကြောင့် သစ်တောအမှုထမ်းရှစ်ဦးနှင့် လှည်းမောင်းသူ ရွာသားနှစ်ဦး စုစုပေါင်း လူဆယ်ဦး လှည်းနှစ်စီးဖြင့် ထွက်လာခဲ့ကြလေသည်။ ပတ်ဝန်းကျင်ရှိရွာများမှာ တစ်ရွာနှင့်တစ်ရွာ မဝေးလှဟု ဆိုနိုင်သော်လည်း အနီးဆုံးတစ်ရွာနှင့်တစ်ရွာပင် သုံး,လေး,ငါးမိုင် ဝေးလေသည်။

ညမှာ လကွယ်ည၏ သန်းခေါင်ကျော်ခန့်ဖြစ်၍ အမှောင်ထုက ပတ်ဝန်းကျင်တစ်ခုလုံးကို စိုးမိုးထားလေသည်။ တစ်ခါတစ်ရံ ဟိုအဝေးတောအုပ်များဆီမှ တောခွေးများ ဆွဲဆွဲငင်ငင်ဖြင့် ဝိုင်း၍အူသံတို့ကို ကြားရတတ်သလို ညဥ့်ငှက်ဆိုးများကလည်း ဂစ်‥ဂစ်ဖြင့် အော်သံပေး၍ ခေါင်းပေါ်မှ ဖြတ်သွားတတ်ကြလေသည်။ လေအငွေ့တွင်လည်း သစ်ရွက်တို့၏ တရှဲရှဲမြည်သံနှင့်အတူ အအေးဓာတ်က ကျောထဲ စိမ့်ဝင်သွားတော့၏။ ထို့အပြင် ယခုလိုအချိန်၊ ယခုလိုနေရာမျိုးတွင် ကပ်ရောဂါဆိုးကြီးများကြောင့် ရွာလုံးကျွတ် သေကျေပျက်စီးကြရသောသတင်းများ၊ ခိုးသားဓားပြတို့ သောင်းကျန်းထကြွနေသော သတင်းများကို တွေး၍ သတိရလိုက်မိပါက စိတ်အားငယ်တတ်သူအဖို့ ပို၍စိတ်ချောက်ချားစရာပင်။ ထို့ကြောင့်လည်း သေရေးရှင်ရေးကိစ္စမဟုတ်လျှင် ယခုလိုအချိန်၊ ယခုလိုနေရာမျိုးတွင် သွားလာကြမည်မဟုတ်ပေ။ မတတ်သာ၍ သွားလာကြရလျှင်လည်း အုပ်စုဖွဲ့၍သာ သွားလာကြမည်ဖြစ်ပေသည်။

ထိုစဉ် အဝေးတစ်နေရာမှ မီးတုတ်မီးရောင်များ ခပ်မှိန်မှိန်ဖြင့် တွေ့နေရ၍ လူတစ်စု ခရီးသွားနေကြခြင်းဖြစ်မည်ဟု ဦးဘအုန်းမှ စဉ်းစားမိ၍ ထိုမီးအလင်းရောင်များရှိရာဘက်သို့ ၎င်းတို့၏လှည်းများကို အမြန်မောင်း၍ သွားစေခဲ့လေသည်။ ထိုမီးအလင်းရောင်များနှင့် ကိုက်တစ်ရာအတွင်းသို့ ရောက်သောအခါ စုစုပေါင်း လှည်းအစီးနှစ်ဆယ်ခန့် အုပ်စုဖွဲ့၍ ခရီးသွားနေကြခြင်းကို တွေ့ကြရလေသည်။ ထို့ကြောင့် မသင်္ကာစရာတစ်ခုဖြစ်၍ ထိုလှည်းတန်းများကို စစ်ဆေးလိုသဖြင့် လက်နှိပ်ဓာတ်မီးများဖြင့်ထိုး၍ အော်ဟစ်ရပ်တန့်ခိုင်းလေ၏။

"ဗျို့‥ လှည်းဆရာတို့၊ လှည်းခဏရပ်ပါဦး။ ခဏလောက်ရပ်ကြပါဦး"



www.burmeseclassic.com

www.burmeseclassic.com

လှည်းများမှာ ရပ်တန့်ခိုင်းလိုက်မှ ပို၍မြန်မြန်မောင်းနေလေသလားဟု ထင်မှတ်ရ၏။ မရပ်သေးပေ။ ထို့ကြောင့် ဦးဘအုန်းမှ ‘အစိုးရအမှုထမ်းများဖြစ်တဲ့အကြောင်းပြောပြီး ရပ်ခိုင်းမှပေါ့။ နို့မို့ရင် မသူတော် တောကြောင်တွေထင်ပြီး ဘယ်ရပ်ပေးရဲပါ့မလဲကွဲ့’ ဟုပြောသဖြင့် အမှုထမ်းများကလည်း ‘ကျုပ်တို့ သစ်တောအမှုထမ်းတွေပါ လှည်းဆရာတို့။ လှည်းခဏရပ်ကြပါဦး’ ဟု ပြောဆိုရပ်တန့်ခိုင်းမှ လှည်းများလည်း ရပ်တန့်သွားခဲ့လေသည်။

ထို့နောက် သစ်တောအမှုထမ်းများ၏ လှည်းနှစ်စီး ထိုလှည်းတန်းများအနီးသို့ ရောက်သောအခါ ထိုလှည်းပေါ်ပါလာသော ရွာခွေးများက အမှုထမ်းများကို တဝုန်းဝုန်းနှင့် ထိုး၍ဟောင်ကြလေတော့သည်။ အမှုထမ်းများလည်း လှည်းပေါ်မှဆင်းလာကြပြီး ဆူညံနေသော ခွေးဟောင်သံများကြားမှ အော်ဟစ်မေးမြန်းကြရ၏။

‘ညကြီးအချိန်မတော် ဘယ်သူတွေလဲ။ ဘယ်ရွာကလဲ။ ဘယ်သွားကြမလို့တုံး’ ဟု မေးခွန်းများကို ဆက်တိုက်မေးလိုက်ကြလေသည်။

ဟောင်နေသောခွေးများကို လှည်းပေါ်ပါလာသူတို့က ဝိုင်း၍ကြိမ်းမောင်းကြသဖြင့် ခွေးဟောင်သံများ အတော်ပင်ငြိမ်သက်သွားလေ၏။ ထိုစဉ် ရှေ့ဆုံးလှည်းမှ ပြန်ဖြေသံကြားလိုက်ရ၏။

‘ကျွန်တော်က လက်ပံကုန်းရွာက သူကြီးမောင်ညိုပါ။ ရွာမှာ ဝမ်းရောဂါတွေဖြစ်လို့ မနေဝံ့တာနဲ့ ရွာပြောင်းဖို့လာခဲ့ကြတာပါ’

ထို့ကြောင့် ဦးဘအုန်းနှင့် အမှုထမ်းများ အသံလာရာ ရှေ့ဆုံးလှည်းရှိရာသို့ လျှောက်လာခဲ့ကြလေသည်။ ထို့နောက် ဦးဘအုန်းက ‘သေသေချာချာ ပြောပြပေးပါဦး သူကြီးရဲ့။ ဘာတွေများဖြစ်ကြလို့တုံး’

‘ဒီလိုပါခင်ဗျာ။ ကျွန်တော်တို့ လက်ပံကုန်းရွာမှာ လွန်ခဲ့တဲ့လေးရက်လောက်ကစပြီး တစ်ဦးစ၊ နှစ်ဦးစ ဝမ်းရောဂါဖြစ်ကြရာက အခုဆို တစ်ရွာလုံး လူပေါင်းနှစ်ရာနီးပါးရှိရာက လေးဆယ့်ရှစ်ယောက်တိတိ တိမ်းပါးသွားခဲ့ကြပါပြီ။ အမှုထမ်းများက ‘သြော်·· ဖြစ်မှဖြစ်ရလေဗျာ။ စိတ်မကောင်းစရာပါလား။ သြော်··ဒုက္ခ··ဒုက္ခ’ စသည်ဖြင့် တစ်ယောက်တစ်ပေါက် ကရုဏာသက်စွာ ပြောလိုက်ကြလေသည်။

‘တချို့ ရွာထဲကမိသားစုတွေဆို မနေ့တစ်နေ့ကပဲ ပြေးကုန်ကြပါပြီ။ ကျွန်တော်ကတော့ သူကြီးလည်းဖြစ်နေပြန်တော့ ကိုယ့်ရွာကိုယ် သံယောဇဉ်လည်း ဖြစ်မိတာကတစ်ကြောင်း၊ ရွာလည်း မပျက်စေချင်တာကတစ်ကြောင်းမို့ အားလုံးကို ဖျောင်းဖျပြောဆိုခဲ့ပြီး အခြေအနေကောင်းအောင် ကြိုးစားကြည့်ပါသေးတယ်။ ဒါပေမဲ့ အသက်အန္တရာယ်နဲ့နီးတဲ့ ရောဂါကြီးက ကူးစက်ကြပြန်တော့ သူတို့ခမျာလည်း မနေဝံ့ကြတော့ဘဲ ပြေးကြတော့တာပါပဲခင်ဗျာ’

ဦးဘအုန်းလည်း ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေရင်း-

‘ဒါဆို သူကြီးတို့ ဘယ်ရွာများပြောင်းကြမယ် စိတ်ကူးထားကြသလဲ’

‘ဟိုအနောက်ဘက်က သူဌေးကုန်းရွာကို ပြောင်းကြမလို့ပါ’

‘ကောင်းပါပြီ။ အခုပြောင်းလာကြတဲ့အိမ်ထောင်စုက ဘယ်နှစ်စုလဲ။ လူဦးရေစုစုပေါင်း ဘယ်လောက်များ ပါ,ပါလိမ့်’

သူကြီးဖြစ်သူမှာ အတော်ပင် စေ့စပ်သေချာဟန်ရှိပြီး ချက်ချင်းပင် အတိအကျပြောနိုင်လေသည်။

‘စုစုပေါင်း လှည်း(၁၇)စီး၊ အိမ်ထောင်စု(၁၃)စု၊ အရွယ်ရောက်ယောကျ်ားဦးရေ(၂၆)ယောက်၊ မိန်းမဦးရေ(၃၁)ယောက်၊ ကလေးတွေက၊ အင်း··ယောကျ်ားလေး(၁၀)ယောက်၊ မိန်းကလေးက (၁၃)ယောက်ဆိုတော့ကာ··ပေါင်း(၈၀)တိတိပါ’

ထို့ကြောင့် ဦးဘအုန်းလည်း စိတ်ဖြင့် မှတ်သားထားလိုက်ပြီး သူ၏အမှုထမ်းများကိုလည်း မှတ်သားထားစေလေသည်။ တောခေါင်း ဦးမောင်ဝန်ကမူ တောအုပ်တစ်ယောက်ကို လက်နှိပ်ဓာတ်မီးပြခိုင်းပြီး သူ၏ ကိုယ်ပိုင်မှတ်စုစာအုပ်တွင် ဖောင်တိန်တစ်ချောင်းဖြင့် အသေအချာ ရေးမှတ်ထားလေသည်။

လှည်းအများစုမှာ ပေါင်းမိုးလှည်းများဖြစ်ကြ၍ လှည်းလေးငါးစီးခန့်သာ ပေါင်းမိုးမပါကြ။ လှည်းပေါ်တွင် ပါလာသော ရွာသူရွာသားများကို ကြည့်ရသည်မှာ အားလုံး မျက်နှာညှိုးနွမ်းနေကြပြီး ယခုထက်တိုင် စိုးရိမ်ကြောက်ရွံ့နေကြဟန်လည်းရှိသည်။ လှည်းပေါ်ပါလာကြသူများမှာ အရွယ်စုံပင်ဖြစ်၍ အသက်(၇၀)ကျော် (၈၀)အရွယ် ကိုယ်ခန္ဓာပိန်လှီ၍ အရိုးပေါ်အရေတင် ဖြစ်နေကြသော အဘိုးအိုအဘွားအိုများ၊ သားသည်မိခင်အချို့မှာလည်း ကလေးတို့၏



www.burmeseclassic.com

www.burmeseclassic.com

ကလေးငယ်များကို ရင်ခွင်တွင်ပိုက်၍ သိပ်ထားကြသလို အချို့ကလည်း နို့ချိုတိုက်ကျွေးနေလေသည်။ ဆော့ကစားတတ်သော ကလေးအရွယ်များကမူ လှည်းပေါ်မှနေ၍ အမှုထမ်းများကို ငေးကြည့်နေလေ၏။

မိန်းမပျိုလေးများမှာမူ သောကစိတ်ကြောင့် အလှများပင် မပြင်နိုင်ဘဲ ဆံပင်ဖရိုဖရဲများနှင့် လှည်းပေါ်တွင် ကျုံ့ကျုံ့လေးထိုင်နေကြပါသည်။ အရွယ်ရောက် ရွာသားများမှာ လက်တွင် မီးတုတ်များကို စွဲကိုင်ထားကြပြီး အများစုမှာ အပေါ်ပိုင်းအင်္ကျီမပါ ကိုယ်ဗလာကျင်းနှင့် ခါးဝတ်ပုဆိုးများမှာလည်း အကွက်ပင် မပေါ်ချင်တော့။ ထိုရွာသားများမှာ အမှုထမ်းများကိုကြည့်၍ တစ်ချက်,တစ်ချက် ဟောင်နေကြသော သူတို့၏ အိမ်မွေးခွေးများကို တဟဲ့ဟဲ့ဖြင့် မောင်းနေကြလေသည်။

လှည်းကျဉ်းကျဉ်းလေးပေါ်တွင် စားအိုးစားခွက်များ၊ အဝတ်အစားထည့်ထားဟန်တူသော ထန်းခေါက်ဖာငယ်များ၊ အိမ်သုံးပစ္စည်းအချို့နှင့် အိမ်မွေးခွေးများပါ တင်ဆောင်ထားကြသဖြင့် လူများမှာ အတော်ကျပ်ကျပ်တည်းတည်း ထိုင်၍ လိုက်ပါလာခဲ့ရခြင်းဖြစ်သည်။ ထိုရွာသူရွာသားများကိုကြည့်ရုံဖြင့် ပူပင်သောကရောက်လာခဲ့ကြသူများဖြစ်မှန်း သိသာလှပေသည်။

ထို့ကြောင့်လည်း ဦးဘအုန်းက ဒုက္ခရောက်၍ အသက်လုပြေးလာကြသူများကို မိမိတို့အဖွဲ့မှ ရပ်တန့်စစ်ဆေး မေးမြန်းခြင်းဖြင့် စိတ်အနှောင့်အယှက်ပေးမိသလို ဖြစ်မည်စိုး၍ "ကဲ..ကဲ.. သူကြီးမင်းတို့၊ ကျွန်တော်များအနေနဲ့ကလည်း အချိန်မတော်ကြီး လှည်းတန်းကြီးကိုတွေ့ရလို့ ဝတ္တရားအရ မေးမြန်းရတာကို ခွင့်လွှတ်ကြပါ။ နောင် တစ်ရက်,နှစ်ရက်နေရင် သူကြီးတို့ပြောင်းမယ့် သူဌေးကုန်းရွာကို ကျွန်တော်တို့အဖွဲ့တွေလည်း လာခဲ့ကြပါဦးမယ်။ အဲဒီအခါကျရင်လည်း လိုအပ်တဲ့အကူအညီတွေ ပေးပါ့မယ်။ အားလုံးသွားလို့ရပါပြီ။ သွားလမ်းသာလို့ လာလမ်းဖြောင့်ကြပါစေဗျာ"ဟု နှုတ်ဆက်ရင်း ဆုတောင်းပေးလိုက်လေသည်။

ထို့နောက် သူဌေးကုန်းရွာဘက်သို့ အသော့နှင် ထွက်ခွာသွားသော လှည်းများကိုကြည့်၍ သစ်တောဝန်ထမ်းများ စိတ်မကောင်းဖြစ်ကြရလေသည်။ ဦးဘအုန်း၏နှုတ်မှလည်း "ဩော်..စစ်..စစ်၊ ဒီစစ်ပွဲကြီးပြီးမှပဲ လူတွေလည်း ချမ်းသာကြမှာပါလေ။ အင်း.."ဟု ရေရွတ်ညည်းညူရင်း အဖွဲ့သားများနှင့်အတူ ကျန်ဒေသများသို့ ဆက်လက်လှည့်လည်ပြီး တောတွင်းစခန်းသို့ ပြန်လာခဲ့ကြလေတော့သည်။

ဦးဘအုန်းနှင့် အမှုထမ်းများက လက်ပံကုန်းရွာမှ သူကြီးကို သူဌေးကုန်းရွာသို့ လာခဲ့ပါဦးမည်။ အကူအညီများလည်း ပေးပါဦးမည်ဟု ကတိပေးထားခဲ့သော်လည်း လက်တွေ့တွင်မူ အလုပ်တာဝန်များ များပြားနေသဖြင့် မည်သူမျှ သူဌေးကုန်းရွာသို့ မရောက်သလို အနီးအနားရွာများသို့လည်း မရောက်ကြပေ။ ရွာနီးချုပ်စပ်မှ မည်သည့်ရွာသား တစ်ဦးတစ်ယောက်မျှလည်း စခန်းသို့ မလာကြသဖြင့် သတင်းအဆက်အသွယ်မရသည်မှာ ယနေ့ဆိုလျှင် လေးရက်ပင်ရှိလေပြီ။

ဦးဘအုန်းနှင့် အမှုထမ်းများ စဉ်းစားမိသည်မှာ လက်ပံကုန်းရွာသားများ ပြောင်းသွားကြသော သူဌေးကုန်းရွာမှာလည်း နာမည်သည်သာ သူဌေးကုန်းဖြစ်၍ အမှန်တကယ် ချမ်းသာကြသော ရွာကြီးတစ်ရွာမဟုတ်ပေ။ ထို့ကြောင့် လက်ပံကုန်းရွာသူရွာသားများ လိုအပ်ချက်များကို ပြည့်စုံအောင် ဖြည့်ဆည်းပေးနိုင်ရန်မှာ မလွယ်ကူနိုင်ချေ။ မိမိတို့သစ်တောအမှုထမ်းများဘက်မှ တတ်နိုင်သည်မှာ တောအတွင်းရှိ သစ်ဝါးများကို ခုတ်ယူစေပြီး ရွာနှစ်ရွာမှ ရွာသားများ၏အကူအညီဖြင့် ယာယီလူနေအိမ်များ ဆောက်လုပ်စေခြင်းပင်ဖြစ်သည်။ ထို့ကြောင့်လည်း ယနေ့နံနက် အလုပ်အနည်းငယ်ပါးသည်နှင့် ဦးဘအုန်းသည် တောခေါင်း ဦးမောင်ဝန်နှင့် လက်အောက်ခံအမှုထမ်းနှစ်ဦးကို ခေါ်ယူ၍ ၎င်းတို့အခြေစိုက်ရွာမှတစ်ဆင့် လှည်းဖြင့် သူဌေးကုန်းရွာဘက်သို့ ထွက်လာခဲ့လေသည်။

ဤသို့ဖြင့် သူဌေးကုန်းရွာထိပ်သို့ ရောက်လာခဲ့သောအခါ ရွာထဲတွင် ထူးထူးခြားခြား တစ်စုံတစ်ရာမတွေ့ရ။ ယခင် ၎င်းတို့အဖွဲ့ လာစဉ်အတိုင်းပင် ရွာသူရွာသားများမှာ ဆန်ဖွပ်သူဖွပ်၊ ထင်းခွဲ၊ ရေငင်သူငင်၊ နွားစာစဉ်းသူစဉ်းနှင့် မြင်ကွင်းများက မပြောင်းလဲ။ ကလေးများမှာလည်း ယခင်နည်းတူ ဆော့ကစားမြဲ ကစားနေကြသည်။ အမှန်ဆိုပါက လူပေါင်းရှစ်ဆယ်လောက် တိုးလာသောရွာမှာ ထူးခြားမှုတော့ရှိသင့်သည်။ လက်ပံကုန်းရွာသူရွာသားများကို ဒုက္ခသည်များအဖြစ် နေရာချထားခြင်းမျိုးလည်း မတွေ့ရ။ ထို့ကြောင့် လက်ပံကုန်း ရွာသူရွာသားများအကြောင်းကို ဂဃနဏသိနိုင်ရန် ဦးဘအုန်းသည် လှည်းကို သူကြီးအိမ်သို့ မောင်းခိုင်းလိုက်လေသည်။

သူကြီးအိမ်မှာ နှစ်ထပ်ပျဉ်ထောင် ခြေတံရှည်အိမ်ကြီး


www.burmeseclassic.com

www.burmeseclassic.com

၍ သူကြီးသည် အောက်ထပ်တွင် ရွာလူကြီးသုံး၊လေးဦးနှင့် အတူ အကြမ်းဝိုင်းဖွဲ့နေလေသည်။ ဦးဘအုန်းနှင့် အမှုထမ်းများကိုတွေ့လျှင် သူကြီးသည် ထိုင်ရာမှထလာပြီး-

'မာရဲ့နော် ဆရာကြီးတို့.. ဆရာကြီးတို့အမှုထမ်းတွေလည်း ရွာဘက်မရောက်တာ ကြာပြီနော်'

'မာပါရဲ့ဗျာ'

ဦးဘအုန်းမှ အဖြေပေးလိုက်ပါသည်။

'ဒါနဲ့ အကြောင်းကိစ္စများ ထူးလို့ပါလား ဆရာကြီး'

'ထူးပြီလား သူကြီးရယ်။ တခြားတော့မဟုတ်ပါဘူး၊ လက်ပံကုန်းရွာသားတွေကိစ္စလေ'

လက်ပံကုန်းရွာသားများကိစ္စဟူ၍ ကြားလိုက်ရသည်နှင့် သူကြီးမှာ အနည်းငယ် လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး-

'ဟို..ဝမ်းရောဂါနဲ့ ဆုံးသွားကြလေတဲ့ ရွာသူရွာသားတွေကိစ္စလား ဆရာကြီး'

'ဟုတ်ပါ့ဗျာ။ ဆုံးတဲ့လူတွေခများလည်း ဆုံးသွားကြသလို တချို့လည်း သူကြီးတို့ရွာဆီ အသက်လုပြေးလာကြရတယ်မဟုတ်လား'

ဦးဘအုန်းထံမှ စကားကိုကြားရသည့်အခါ နဂိုကပင် မျက်လုံးအတန်ငယ်ပြူးသော သူကြီးသည် ပို၍မျက်လုံးပြူးသွားကာ ပါးစပ်ပင်ဟ၍ သွားလေသည်။ ထို့နောက်-

'ကြံကြီးစီရာ ဆရာကြီးရယ်။ ဘယ်ရွာကမှ ကျွန်တော်တို့ရွာကို ပြောင်းမလာကြပါဘူး။ ဆရာကြီးတို့ကို ဘယ်သူကများ ပြောခဲ့ပါလိမ့်။ သြော်..ထိုင်ကြပါဦးခင်ဗျာ။ ထိုင်ကြပါဦး'

အားလုံးက ထိုကိစ္စကို စိတ်ဝင်စားနေကြ၍ အိမ်ရှင်သူကြီးက နေရာထိုင်ခင်းပေးရန်ပင် မေ့လျော့နေသလို ဦးဘအုန်းတို့ အဖွဲ့ကလည်း ဝင်ထိုင်ကြရန်ပင် သတိမရကြ။ ထို့နောက် အားလုံးဝင်ထိုင်လိုက်ကြပြီး သူကြီးက အကြမ်းဝိုင်းဖြင့် ဧည့်ဝတ်ပြုရင်း-

'စောစောက ဆရာကြီးစကားကို ဆက်ပါဦး'

'လက်ပံကုန်းရွာက သူကြီးဦးမောင်ညို ဦးဆောင်ပြီး ဒီရွာကို ပြောင်းလာကြတဲ့ညက ကျွန်တော်တို့အမှုထမ်းတွေနဲ့ လမ်းမှာဆုံခဲ့ကြတာပါ'

ဦးဘအုန်းထံမှ ထိုစကားကို ကြားရသောအခါ သူကြီးနှင့် ရွာလူကြီးများ အံ့အားသင့်ကုန်ကြလေသည်။

ထို့နောက် သူကြီးက-

'အဲဒီရွာလူကြီး ဦးမောင်ညိုနဲ့ ဆရာကြီး အရင်တုန်းက အသိအကျွမ်းများလား'

'မသိပါဘူး သူကြီး'

'နို့..ဆရာကြီးက သူကြီးဦးမောင်ညိုမှန်း ဘယ့်နှယ့်သိခဲ့ပါသလဲဗျာ'

'သူက သူ့ကိုယ်သူ သူကြီးဦးမောင်ညိုဖြစ်ကြောင်း ပြောပြလို့ပါ'

'ဗျာ'

'ဘုရားရေ'

'ဘုရား..ဘုရား'

သူဌေးကုန်းရွာသူကြီးနှင့် ရွာလူကြီးများ ဘုရားတ၊ ကုန်ကြလေသည်။ ပြီးနောက် ရွာလူကြီးက-

'ဆရာကြီးတို့လူစုနဲ့ ဘယ်တုန်းက ဘယ်နေရာမှာများ ဆုံခဲ့ကြပါလိမ့်'

'လကွယ်နေ့ည သန်းခေါင်ကျော် နာရီပြန်တစ်ချက်လောက်ကပါ'

နောက်ထပ်ရွာလူကြီးတစ်ဦးက-

'တစ်ခုခုတော့ လွဲနေပြီထင်ပါရဲ့ဗျာ'

ထိုစဉ် သူဌေးကုန်းရွာသူကြီးက-

'တစ်ဆိတ်လောက် ဆရာကြီးရယ်၊ ဆရာကြီးတို့တွေ့ခဲ့ကြတဲ့ သူကြီးဦးမောင်ညိုရဲ့ပုံပန်းကို ပြောပြပါလားဗျာ'

ထို့ကြောင့် ဦးဘအုန်းက သူကြီးဦးမောင်ညို၏ ပုံပန်းကို ပြောပြလိုက်လေသည်။ ထိုအခါ သူဌေးကုန်းရွာသူကြီးသည် ခေါင်းတညိတ်ညိတ်ဖြင့်-

'ဟုတ်ပါရဲ့ဗျာ။ ဆရာကြီးတွေ့ခဲ့တာ ကိုမောင်ညို၊ အဲ..သူကြီးဦးမောင်ညို ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ဒါပေသိ တစ်ခုခက်နေတာက ကိုမောင်ညိုတို့တစ်ရွာလုံးနီးပါး ဆုံးသွားကြတာ ဒီနေ့ဆို ရှစ်ရက်တိတိရှိပြီ ဆရာကြီး။ ဆရာကြီးတို့အဖွဲ့နဲ့ တွေ့ခဲ့တဲ့ရက်က လကွယ်နေ့ညဆိုတော့ လွန်ခဲ့တဲ့လေးရက်ကပဲ။ ဒီလိုဆိုတော့ ကိုမောင်ညိုနဲ့ ရွာသားတွေ ဆုံးသွားပြီး လေးရက်လောက်ကြာမှ ဆရာကြီးတို့နဲ့ တွေ့ခဲ့ကြတာဆိုတော့..'

'ဗျာ'

ဒီတစ်ကြိမ် အံ့အားသင့်သွားကြသူများမှာ ဦးဘအုန်းနှင့် အမှုထမ်းများအဖွဲ့ပင်တည်း။ ထို့နောက် ရွာလူကြီးတစ်ဦးက ဝင်၍-

'ဆရာကြီးတို့ တောများ အခြောက်ခံရလေသလားဗျာ'

www.burmeseclassic.com

www.burmeseclassic.com

ဦးဘအုန်းက-

'မဟုတ်ရပါဘူးဗျာ။ ကျုပ်တို့ သူတို့ ရွာသားတွေနဲ့ တွေ့ခဲ့ကြရတာက လှည်းလမ်းကြောင်းမှာပါ။ ကြိုးဝိုင်းနားမှာ၊ တောထဲမှာမှ မဟုတ်ရပဲဗျာ'

သူဌေးကုန်းရွာသူကြီးကမူ-

'ဧကန္တ ဆရာကြီးတို့အဖွဲ့ ပြိတ္တာဘုံသားတွေနဲ့ တွေ့ခဲ့ကြပြီနဲ့ တူပါရဲ့ဗျာ။ ဘုရား··ဘုရား·· ကံကြီးပေလို့သာပေါ့'

ထိုအခါ တောခေါင်း ဦးမောင်ဝန်က ဝင်၍-

'အင်း··ခက်တာပဲသူကြီးရယ်။ တွေ့ခဲ့လို့တောင် ကျုပ်တို့အဖွဲ့က မေးမြန်းခဲ့လို့ သူတို့ရွာသူကြီးက ပြောင်းလာတဲ့ ရွာသူရွာသားဦးရေကိုတောင် ပြောပြသွားခဲ့ပါသေးဗျာ။ ဟောဒီ ကျွန်တော့်စာအုပ်ထဲမှာတောင် ရေးမှတ်ထားခဲ့ပါသေးတယ်'

ဦးမောင်ဝန်က သူ၏စာအုပ်ကို သူကြီးအား ပြလေ၏။ သူကြီးလည်း စာအုပ်ကို ခေတ္တယူကြည့်ပြီး-

'ဘယ်လိုမှ စိတ်ထဲမထားကြပါနဲ့ ဆရာကြီးတို့ရယ်။ ဆရာကြီးတို့စာရင်းအရဆိုရင် လူ(၈၀)တောင် ရွာပြောင်းလာကြတာပဲ။ သူတို့ရွာမှာ အသက်ရှင်ကျန်တဲ့လူ (၈၀) မရှိပါဘူးဗျာ။ ရောဂါဆိုးကြီး စဖြစ်ခါစက ပြောင်းပြေးကြတဲ့ လူ(၂၀)၊ (၂၅)ယောက်လောက်ပဲ အသက်ရှင်ကြတာပါ။ နောက် သူကြီးကိုမောင်ညိုလည်း ဆုံးတဲ့အထဲ ပါသွားလေရဲ့'

ဦးဘအုန်းက-

'ဒါဆို အဲဒီအသက်ရှင်ကျန်တဲ့ လူ(၂၀)၊ (၂၅)ယောက်က ဘယ်ရွာကို ပြောင်းသွားကြတာတုံး'

'ရွာသာယာရွာနဲ့ သပြေတန်းရွာကိုပါ။ အဲဒီရွာက လူကြီးများနဲ့ အဆက်အသွယ်ရခဲ့လို့ ကျွန်တော်တို့ သိကြရတာပါ'

သို့သော် ဦးဘအုန်းနှင့်အဖွဲ့မှာ ဘဝင်မကျနိုင်သေးသဖြင့်-

'အင်း·· တကယ်လို့များ အဲဒီရွာနှစ်ရွာကို မပြောင်းကြဘဲ တခြားရွာတွေများ ပြောင်းသွားကြရင်ရောဗျာ'

ထိုအခါ သူကြီးမှ-

'အင်း··ဟုတ်ပါရဲ့လေ။ ဆရာကြီးတို့ကလည်း မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ရသူတွေဆိုတော့ လွယ်လွယ်နဲ့ ယုံကြည်ဖို့ခက်ပြီကိုး။ ဒီကိစ္စ ဆရာကြီးတို့စိတ်ထဲ ရှင်းရှင်းလင်းလင်း သိရအောင် ကျွန်တော် အခုပဲ ရွာက ကာလသားတွေကို ရွာနီးချုပ်စပ်ကရွာတွေမှာ စုံစမ်းခိုင်းလိုက်ပါ့မယ်။ တကယ်လို့ ပြောင်းလာကြတာမှန်ရင် ဒီအနီးအနားက ရွာတွေမှာပဲ ဝင်ခိုနေကြမှာပေါ့။ တောကြောင်တွေကလည်း သောင်းကျန်းနေလေတော့ သူတို့တစ်တွေလည်း ရွာပြင်မှာတော့ သီးခြားနေရဲကြမယ် မဟုတ်ပါဘူး။ ပြီးတော့ ဒီလို လူစုလူဝေးကြီးနဲ့ မြို့အထိရောက်အောင်လည်း ပြေးရဲကြမယ်မထင်ပါဘူး။ လည်လည်ဝယ်ဝယ်မရှိလေတော့ စားရေးသောက်ရေး ရှာဖို့ခက်ကြမှာပဲဗျာ။ ကောင်းပါပြီလေ။ အခု ဆရာကြီးတို့အဖွဲ့လည်း ခရီးပန်းလာကြတော့ ရောက်တုန်းရောက်ခိုက် ထမင်းစားပြီးမှ ပြန်ကြပေတော့'

ထို့နောက် သူကြီးက-

'ကဲ·· ကိုသာအောင်ရေ·· ဖိုးနီတို့ကာလသားတွေကို ကျုပ်ဆီလွှတ်လိုက်ကြပါဗျာ'

ထိုအခါ ဦးသာအောင်လည်း ထ၍ ရွာထဲသို့ထွက်သွားကာ ခဏအကြာ ကာလသားများအတူ သူကြီးထံ ပြန်ရောက်လာလေသည်။ ထိုအခါ သူကြီးမှ ကာလသားခေါင်းကိုဖိုးနီအား ရွာနီးချုပ်စပ်ရွာများအားလုံးသို့ သွားရောက်၍ လွန်ခဲ့သောလကွယ်နေ့ ညက လက်ပံကုန်းရွာ (သို့မဟုတ်) အခြားရွာများမှ ရွာပြောင်းလာကြသူများ ရှိ၊မရှိ စုံစမ်းခဲ့ရန်နှင့် အကယ်၍ ရှိပါက ပြောင်းရွှေ့လာသော ရွာသူရွာသားများဦးရေကို ကောက်ယူလာခဲ့ရန် မှာကြားလိုက်လေသည်။

ဦးဘအုန်းတို့အဖွဲ့ သူကြီးအိမ်တွင် နံနက်စာ စားသောက်မြီးချိန်အထိ ဖိုးနီတို့ကာလသားများ ရောက်မလာကြသေး၍ သူကြီးနှင့် ရွာလူကြီးများက ထန်းလျက်ခဲ၊ ရေနွေးကြမ်းနှင့် ထပ်မံဧည့်ခံပါသည်။ ထို့နောက် သူဌေးကုန်းရွာသူကြီးကပင် စကားဝိုင်းကို စတင်လိုက်လေသည်။

'ဆရာကြီးတို့ စိတ်ကျေနပ်အောင်သာ လူလွှတ်စုံစမ်းခိုင်းရတာပါ။ ကျွန်တော်တို့အထင်ကတော့ ဆရာကြီးတို့ ပြိတ္တာဘုံသားတွေနဲ့ တွေ့ခဲ့တယ်ထင်တာပါပဲ။ ဆရာကြီးတို့လည်း တောထဲ၊တောင်ထဲ အမှုထမ်းနေကြသူတွေပဲဗျာ။ ကြားဖူးကြမှာပါ'

ဦးဘအုန်းတို့အဖွဲ့ ကြားဖူးပါသည်။ တောထဲ၊တောင်ထဲ လူစုကွဲနေကြလျှင် တစ်ဦးနှင့်တစ်ဦး နာမည်အော်မခေါ်ရပါ။ အကယ်၍ ပြိတ္တာဘုံသားများက ထိုနာမည်ကို မှတ်သားထားပြီး ခေါ်လိုက်သောအခါ တစ်ဖက်လူက ထူးမိ



www.burmeseclassic.com

www.burmeseclassic.com

လျှင် ထူးမိသောလူမှာ ဒုက္ခရောက်တတ်သည်။ ရုတ်တရက် အကြီးအကျယ် ဖျားနာသေဆုံးတတ်သည်ဟု ကြားခဲ့ဖူးကြပါသည်။ အချို့ဆိုလျှင် ပြိတ္တာဘုံသားများရွာသို့ ရောက်ရှိသွားကြပုံများကိုလည်း ကြားဖူးခဲ့ကြပါသည်။ သို့သော် ကိုယ်တွေ့မဟုတ်၍ မယုံချင်ကြပါ။ သူဌေးကုန်းရွာမှ ရွာသူကြီးနှင့် ရွာလူကြီးများမှ ဦးဘအုန်းတို့ အမှုထမ်းများ ဘေးအန္တရာယ် တစ်စုံတစ်ရာမကျရောက်သည်ကို တွေ့ကြရ၍ ဘုရားတ,နေကြခြင်းဖြစ်လေသည်။

ထိုစဉ် စုံစမ်းခိုင်းလိုက်သော ကာလသားများ သူကြီးအိမ်ရှေ့သို့ ရောက်လာခဲ့ကြ၏။ ကာလသားများ လှည်းပေါ်မှဆင်း၍ အိမ်ဝိုင်းထဲမဝင်မီ သူကြီးက 'ဘယ့်နှယ့်လဲဟေ့။ နေရာကျခဲ့ကြရဲ့လား'ဟု လှမ်းအော်၍မေးလေသည်။ သူကြီးသည် ဆန္ဒစောနေပုံရ၏။

ကာလသားများက လက်ခါ ခေါင်းခါပြကြပြီး လူကြီးများရှိရာ အကြမ်းဝိုင်းသို့ ရောက်လာ၍-

'ဒီအနီးနားကရွာတွေ အကုန်စုံစမ်းခဲ့ကြပါတယ်။ ရွာပြောင်းလာတာ မရှိကြပါဘူး'

သူကြီးက ပို၍သေချာစေရန်-

'မင်းတို့ရောက်ခဲ့တဲ့ရွာတွေ ပြောပြဦးကွာ'

ထိုအခါ ကာလသားများက သူတို့သွားရောက်ခဲ့သော ရွာအမည်များကို သူကြီးအား ရွတ်ပြလေသည်။ သူကြီးက-

'အင်း..ဒါဆိုရင်တော့ ဒီအနီးအနားက ရွာတွေကုန်နေမှပဲ။ နောက် ဘာသတင်းတွေများ ကြားခဲ့ရသေးသတုံး'

ထိုအခါ ကာလသားခေါင်း ဖိုးနီမှ-

'လက်ပံကုန်းရွာသူကြီး ဦးမောင်ညိုကတော့ လွန်ခဲ့တဲ့ (၈)ရက်လောက်ကပဲ ဆုံးသွားခဲ့တာ သေချာပါတယ်။ ရွာတွေက သူကြီးအချင်းချင်း အဆက်အသွယ်ရှိကြတယ်လေ။ တချို့ လက်ပံကုန်းရွာသားတွေဆိုရင် ရွာပြောင်းဖို့ ပစ္စည်းတွေတောင် လှည်းပေါ်တင်ထားပြီးကြပြီတဲ့။ ဒါပေမဲ့ သူတို့ မပြောင်းနိုင်ကြတော့ဘူး။ ဆုံးသွားကြလေတယ်ဗျာ။ အတော် စိတ်မကောင်းစရာပါပဲ'

ထိုအခါမှ ဦးဘအုန်းတို့အဖွဲ့လည်း မယုံချင်ယုံချင်နှင့် ယုံလိုက်ရလေတော့သည်။ ထို့နောက် ၎င်းတို့အမှုထမ်းများအားလုံး သူကြီးနှင့် ရွာလူကြီးများကို နှုတ်ဆက်ကာ ပြန်လာခဲ့ကြလေသည်။

အပြန်လမ်း လှည်းပေါ်တွင်မူ အားလုံး ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်နေကြလေသည်။ အားလုံးသည် သနားစရာကောင်းသော လက်ပံကုန်းရွာသူရွာသားများအကြောင်းပင် တွေးနေကြခြင်းဖြစ်မည်ဟု ဦးဘအုန်း စဉ်းစားမိလေသည်။ ဦးဘအုန်းကိုယ်တိုင်လည်း ဤအကြောင်းပင် တွေးနေမိခြင်းဖြစ်သည်။ ဦးဘအုန်း စဉ်းစားနေသည်မှာ ထိုရွာသားများသည် ၎င်းတို့မသေဆုံးမီက ရွာပြောင်း၍ ပြေးလိုစိတ်ရှိမည်။ သို့သော် အချိန်မီ ဘေးလွတ်ရာရွာသို့ မပြောင်းနိုင်မီ သေဆုံးခဲ့ကြရ၍ ထိုနေ့ညက ပြိတ္တာဘုံသားများအဖြစ် ထိုစွဲလမ်းစိတ်ဖြင့် ရွာပြောင်းခဲ့ကြခြင်းလော။

မည်သို့ပင်ဖြစ်စေ သေဆုံးခါနီး မသင့်မတင့် နှလုံးသွင်းခဲ့ကြမိ၍သာ ယခုလို အပါယ်ဘုံဘဝသို့ ရောက်ကြရခြင်းဖြစ်လေသည်။ ထိုပြိတ္တာဘုံသားများသည် တမင်ပင် မိမိတို့အဖွဲ့နှင့် ဆုံနိုင်ရန် ဖန်တီး၍ ၎င်းတို့ပြိတ္တာဘုံဘဝရောက်နေကြသည်ကို အသိပေးလိုချင်၍လော၊ အမျှအတန်းများ ရယူချင်၍လောဟူ၍ မေးခွန်းပေါင်းများစွာကို ဦးဘအုန်း စဉ်းစားနေလေသည်။

ယခု မိမိတို့အဖွဲ့ သူဌေးကုန်းရွာသို့ လာရောက်ရခြင်းမှာ ထိုလက်ပံကုန်းရွာသားများကို လူသားစင်စစ်ထင်၍ အကူအညီများ တတ်စွမ်းသမျှပေးရန် လာခဲ့ကြခြင်းဖြစ်လေသည်။ သို့သော် လက်ပံကုန်းရွာသားများမှာ လူသားစင်စစ်များ မဟုတ်ကြဘဲ ပြိတ္တာဘုံသားများ ဖြစ်နေကြပါက မိမိတို့အနေဖြင့် ကူညီနိုင်သည်မှာ တစ်ခုသာရှိတော့သည်။ ဤသည်မှာကား မိမိတို့ သံသရာတစ်လျှောက်ကပြုခဲ့သော ဒါန၊ သီလ၊ ဘာဝနာ အစရှိသော ကုသိုလ်ကောင်းမှုနှင့် ယခုဘဝပြုလုပ်ခဲ့သော ဒါန၊ သီလ၊ ဘာဝနာ အစရှိသော ကုသိုလ်ကောင်းမှုများကို ၎င်းတို့အား အမျှအတန်းပေးဝေရန်သာ ရှိတော့သည်ဟု တွေးမိ၍ ဦးဘအုန်းသည် သူပြုခဲ့သော ကုသိုလ်ကောင်းမှုအစုစုတို့ကို ထိုနေ့ညက မြင်တွေ့ခဲ့ရသော ရွာသူရွာသားများမျက်နှာကို ပြန်လည်မြင်ယောင်ရင်း အမျှအတန်းပေးဝေလိုက်လေတော့သည်။

(၁၉၆၄ခုနှစ်တွင် ကွယ်လွန်သွားခဲ့သော ငွေခေးရသစ်တောအရာရှိ ဦးဘအုန်း၏ ကိုယ်တွေ့ဖြစ်ရပ်မှန်ကို အခြေခံ၍ ရေးသားထားပါသည်။ ဇာတ်လမ်းပါ ရွာအမည်များမှာ ပြောင်းလဲထားသော ရွာအမည်များဖြစ်ပါသည်။ ပြောင်းလဲထားသော ရွာအမည်များ ပြင်ပတွင် တိုက်ဆိုင်မှုရှိပါက ခွင့်လွှတ်ကြပါရန် အနူးအညွတ် တောင်းပန်ပါသည်။)

ဒေါ်မောင်မောင်သိန်း

www.burmeseclassic.com

www.burmeseclassic.com



# ထမင်းတစ်လုပ်၏ ကုသိုလ်

မြေလတ်ပိုင်း မြင်ကွန်းမြို့နယ် တောရွာတစ်ရွာ၌ ဆရာကြင်ဟူ၍ ခေါ်မည်တွင်သော ဆီဆုံဆရာကြီးတစ်ဦး ရှိ၏။ သူ့ကို တစ်ရွာလုံးသာမက ရွာနီးချုပ်စပ်ကပါ ဆရာကြင်ဟူ၍လည်းကောင်း၊ ဆီဆုံဆရာကြီးဟူ၍လည်းကောင်း ခင်မင်ရင်းနှီးစွာ ခေါ်ဝေါ်သမုပြုကြလေသည်။

ဆီဆုံဆိုသည်မှာ မြေပဲ၊ နှမ်းတို့ကို ဆီထွက်အောင် နွားတပ်၍ကြိတ်ရသော သစ်သားဆုံကြီးပင်ဖြစ်၏။ ဆရာကြင်သည် လူကြီးလက်နှစ်ဖက်ဖြင့် မဖိနိုင်အောင် ကြီးမားသောကုက္ကိုတုံးကြီးကို ဆီဆုံပြုလုပ်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသော ဆရာကြီးပင်ဖြစ်၏။

တစ်နေ့သော် မကြာမီကရောင်းချလိုက်သော ဆီဆုံဖိုးငွေရရန် အခြားရွာတစ်ရွာသို့ လှည်းဖြင့် ရောက်ရှိသွား၏။ ဆီဆုံဝယ်သူနှင့် ငွေရေးကြေးရေးစကားပြောကြသောအခါ တစ်ဦးနှင့်တစ်ဦး သဟဇာတမဖြစ်ဘဲ သဘောချင်းအနည်းငယ်ကွဲလွဲနေလေရာ ဆရာကြင်ကပင် အလျှော့ပေးလိုက်သည်။

ထိုအခါ ကျေးလက်တောရွာတို့၏ ဓလေ့ထုံးစံအတိုင်း အိမ်ရှင်က ဆရာကြင်အား နံနက်စာထမင်း၊ ဟင်းလျာများဖြင့် ချက်ပြုတ်ကျွေးမွေးဧည့်ခံလေသည်။ ဟင်းလေး [illegible]မျိုး



www.burmeseclassic.com

www.burmeseclassic.com

ဖြင့် တည်ခင်းကျွေးမွေးခြင်းဖြစ်ပေရာ စားကောင်းသောက်ဖွယ်များဖြစ်၍ ဆရာကြင်သည် ဆာဆာနှင့် အားပါးတရ စားသောက်လေတော့သည်။ ယင်းသို့မစားသောက်မီ ပထမဦးစွာ ဆရာကြင်သည် သူ၏ပြုနေကျထုံးစံအတိုင်း မည်သည့်ဟင်းကိုမျှ မခပ်ယူသေးဘဲ ထမင်းချည်းသက်သက် အဆုပ်ကလေးသုံးဆုပ်လုပ်၍ စကားမပြောဘဲ ထမင်းဆုပ်လုံးကလေးများကို တစ်လုံးချင်း ပြီးအောင်စားလိုက်၏။ ပြီးမှ ဟင်းကျွေးဟင်းလျာနှင့် အများနည်းတူ နယ်ဖတ်စားခြင်းဖြစ်လေသည်။

ဆရာကြင်သည် မြိန်ယှက်စွာစားသောက်နေရာမှ (၁၀) မိနစ်ခန့်ကြာသော် လည်ချောင်းထဲမှ ယားကျိကျိဖြစ်လာပြီး ထမင်းဟင်းသီးသွား၏။ အသံလည်း တခွီးခွီးဖြစ်လာ၍ ထမင်းပွဲမှ ထလိုက်ရသည်။ ရင်ထဲမှာ ဆို့နင့်နင့်၊ လည်ချောင်းထဲမှယားကာ အော့အန်ကြည့်၏။ တံတွေးများသာ ကျလာသည်။ အခံရခက်သည်မှာ မပြေ။ ထို့နောက် ပါးစပ်ထဲ လက်ညှိုးထိုး၍ ဟပ်ပြီးအန်ချလိုက်ရာ ပါးစပ်ထဲမှ လည်ချောင်းအပြည့် ကြွက်စုတ်သေတစ်ကောင်ကျလာ၏။ တံတွေးတပျစ်ပျစ်ထွေးကာ ချွေးများပင်ပြန်လာသည်။

ထို့အတူ ဆရာကြင်၏ စိတ်ထဲမှလည်း ငါ့ကို ရွာသူမများ ပြုစားလေရော့သလားဟူ၍ သံသယဖြစ်နေမိ၏။ အိမ်ရှင်ယောကျ်ားကြီးမှာ မည်သို့မျှမပြောဆိုတတ် ယောင်အမ်းအမ်းဖြစ်ကာ ပလုတ်ကျင်းရန် ရေကိုသာ တွင်တွင်ခပ်၍ ပေးရှာ၏။ မျက်နှာမှာ မကောင်းလှ။ အလွန်အားနာနေမိသည်။

ယင်းနောက် အိမ်ရှင်ယောကျ်ားကပင်-

'ခင်ဗျားရောဂါ ကျသွားပြီပဲဗျာ။ ထမင်းထပ်ပြီးသုံးဆောင်လိုက်ပါဦး' ဟု တိုက်တွန်းသော်လည်း ဆရာကြင်သည် စားလိုစိတ်မရှိတော့သဖြင့် ချက်ချင်းပင် နွားလှည်းတပ်၍ အိပ်ပြန်ခဲ့တော့သည်။

◆◆◆

နောက်တစ်နေ့ ဆရာကြင်တစ်ယောက်တည်း ဆီဆုံအသစ်တစ်လုံး ထွင်းနေခိုက် ဧည့်သည်မိန်းမကြီးတစ်ယောက် ရောက်ရှိလာ၏။ ထိုမိန်းမကြီးသည် ရောက်ရောက်ချင်းပင် ဆိုင်းမဆင့်ဗုံမဆင့် 'ဘကြီးကို ကျွန်မတောင်းပန်ချင်လို့ပါ' ဟုဆိုကာ ငှက်ပျောဖီးနှင့် လက်ဖက်ထုပ်ကလေးကို ခရီးရောက်မဆိုက် တောင်းထဲမှ ထုတ်လိုက်၏။

ထိုစဉ် ဆရာကြင်သည် ဆီဆုံထွင်းသော ဓားကောက်ကြီးကိုကိုင်၍ နားမလည်ဟန်ဖြင့် 'ဘာကိစ္စတုံး' ဟု မေးလိုက်သည်။

မိန်းမကြီးမှာ စကားကိုမထွက်ရဲဘဲ 'ဟို..အင်' ဟု ထစ်အအဖြစ်နေပြန်ရာ ဆရာကြင်က သတိရသွားဟန်ဖြင့် 'ဩော်..မနေ့က ဟိုအဝှာရဲ့ဇနီးလား' ဟု မေးလိုက်၏။

ထိုမိန်းမကြီးသည် ရပ်သိရွာသိ ပညာသည်ကြီးဖြစ်ကြောင်း ထိုနေ့ကပင် စုံစမ်းသိရှိခဲ့ပြီးဖြစ်သည်။

'ဘကြီးကို ကျွန်မလုပ်မိတာ ခွင့်လွှတ်ပါ'

မိန်းမကြီးသည် ပြောပြောဆိုဆိုနှင့် တဘက်ကလေး ပခုံးတင်ကာ ငှက်ပျော၊ လက်ဖက်နှင့် ကန်တော့လေ၏။

'သည်းခံပါဘကြီး၊ ကျွန်မလည်း ရုတ်တရက်ဆိုတော့ မဆင်မခြင်လုပ်လိုက်မိတာပါ။ ကျွန်မခင်ပွန်းလည်း ရိပ်မိသွားလို့ ကျွန်မဖွင့်ပြောခဲ့ပြီးပါပြီ။ သူကလည်း ကန်တော့ပြီးတောင်းပန်ဖို့ခိုင်းပါတယ်။ ဒီလာခါနီးမှာပဲ ဒီပညာကို ဘုရားရှေ့မှာ သစ္စာဆိုပြီး ကျွန်မလှူခဲ့ပါတယ်'

'သာဓုဗျာ..သာဓု..သာဓု'

'ဒီပညာကလည်း ကျွန်မ ဘယ်ကမှသင်ရတာမဟုတ်ပါဘူး။ ဝမ်းတွင်းစုန်းဆိုပါတော့ ဘကြီးရယ်။ ကျွန်မလည်း မရှက်ပါဘူး၊ ပြောပါရစေတော့။ အစကတော့ ဒီလိုစွမ်းမှန်းလည်း မသိဘူးပေါ့နော်။ နောက်တော့ မခံချင်လို့ တစ်ယောက်ယောက်ကို စိတ်ထဲက မြည်တွန်ကျိန်ဆဲလိုက်ရင် အဲဒီလူတော့ တစ်ခါတည်း ဒုက္ခဖြစ်မယ်သာမှတ်'

မိန်းမကြီးက သူ့စုန်းပညာစွမ်းကို နောက်ကြောင်းပြန်၍ပင် အားရပါးရပြောပြနေပြန်၏။

'နောက်တော့ ကျွန်မလည်း အင်း..ငါတယ်ဟုတ်ပါလားဆိုပြီး ကျွန်မစိတ်နဲ့ မတွေ့တဲ့လူမှန်သမျှ မသက်သာဘူးပဲ။ ကျွန်မယောကျ်ားကတော့ မသိဘူးပေါ့။ ခုတော့ သူလည်းရိပ်မိ ရှက်လည်းရှက်၊ ကျွန်မကလည်း အကုန်ဖွင့်ပြောပြီး ဘုရားကို တစ်ခါတည်းလှူဖို့ ကတိပြုတာနဲ့ သူလည်း အခုလိုခွင့်လွှတ်တာပါပဲ'

'သာဓုဗျာ..သာဓု..သာဓု'

'ဒါထက် ခုမှတော့ မထူးပါဘူး၊ ပြောပါရစေတော့။ ကျွန်မတစ်သက်နဲ့တစ်ကိုယ်မှာ ဘယ်ဆရာမှ ကျွန်မပြုစားတာကို မဖျက်နိုင်ပါဘူး။ အမှန်အတိုင်းပြောရရင် ကျွန်မပညာကို တန်ပြန်ဖျက်ပစ်နိုင်တာဆိုလို့ ဘကြီးတစ်ယောက်ပဲ တွေ့ဖူးသေးတယ်။ ကျွန်မလည်း ကျွတ်ချိန်တန်လို့ ထင်ပါရဲ့။ ကဲ..ကျွန်မအကြောင်းတော့ ပြောပြီးပြီ။ ဘကြီးရဲ့



www.burmeseclassic.com

www.burmeseclassic.com

ပညာစွမ်းကိုသိချင်လို့ ကန်တော့လည်း ကန်တော့ချင်တာနဲ့ လာခဲ့တာပါ'

ဆရာကြင်သည် ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေရာမှ သူ၏ပညာစွမ်းကို ဘယ်လိုပြောရမှန်းမသိ ဖြစ်နေ၏။

ယင်းနောက် တစ်ခါက သူတွေ့ကြုံပြုလုပ်ခဲ့သမျှ ပြန်လည်စဉ်းစားတွေးတောမိကာ-

'အေး..ဘကြီးလည်း ဆရာတစ်ယောက်တော့မဟုတ်ပါဘူး။ ငါ့ကိုယ်ငါ ဘယ်လိုပြောရမှန်းတောင် မသိပါဘူး။ ညည်းပြောသလို ဘကြီးလည်း စုန်း၊ ပယောဂနိုင်တဲ့ဆရာဖြစ်နေသလားမသိဘူး။ တစ်ခုတော့ထူးထူးဆန်းဆန်းဖြစ်ခဲ့ဖူးတယ်။ မနှစ်ကပေါ့ကွယ်။ ခုလိုနွေခေါင်ကြီးမှာ ဘကြီးလှည်းနဲ့ မြင်ကွန်းမြို့ဘက်က ပြန်လာတာ လူတစ်ယောက်က လှည်းကြုံစီးပြီး လိုက်လာတယ်။ ဘကြီးအိမ်ခြံပေါက်ဝလည်းရောက်ရော တစ်ခါတည်း အဲဒီလူဟာ လှည်းပေါ်က ကျွမ်းပြန်ကျသွားတော့တာပဲ။ ပြီးတော့ သူက ဖုတ်ဖက်ခါထပြီး ပြောသွားသေးတယ်။ ခွင့်လွှတ်ပါ ဆရာရယ်။ ဆရာ့စည်းဝိုင်းထဲ ကျွန်တော်ဝင်လို့မရဘူးတဲ့'

'ဒီလိုဆို ဘကြီးဟာ စုန်းမတင်မကဘူး၊ အောက်လမ်းဆရာကိုတောင် နိုင်တဲ့ဆရာပေါ့'

မိန်းမကြီးက တအံ့တသြချီးကျူးရင်း ပြောလိုက်ခြင်းဖြစ်သည်။

'အေး..ထင်စရာပေါ့။ ဘကြီးဟာ ဘယ်ဆရာဆီကမှ ပညာမသင်ဖူးဘူး။ ဘာဆေး၊ ဘာအင်းမှလည်း မလုပ်ဖူးဘူး။ အေး..ဒါပေမဲ့ တစ်ခုတော့ရှိတယ်။ ဘကြီးဟာ လူမှန်းသိတတ်တဲ့ အရွယ်ကစပြီး ဆရာဘုန်းကြီးကရော မိဘတွေကရောပြောလို့ ထမင်းစားတိုင်း,စားတိုင်း ဝတ်လုပ်ထားတာတစ်ခုတော့ရှိတယ်'

'သြော်..ဟုတ်ပြီ။ ဒါကြောင့် ကျွန်မခင်ပွန်းကပြောတာ။ သူထမင်းစားခါနီး ဘာလုပ်တယ်မသိဘူး တစ်မျိုးတော့ တစ်မျိုးပဲတဲ့'

'အေး..ဟုတ်တယ်။ ထမင်းစားတော့မယ်ဆိုရင် ပထမဆုံး ထမင်းချည်းပဲ သုံးဆုပ်,ဆုပ်ပြီးထားတယ်။ ဘာဟင်းမှ မစားခင်ပေါ့။ ထမင်းဆုပ်သုံးဆုပ်ထဲက ပထမထမင်းဆုပ်ကို ဗုဒ္ဓံ သရဏံ ဂစ္ဆာမိဆိုပြီး စားတယ်။ ဒုတိယထမင်းဆုပ်ကို ဓမ္မံ သရဏံ ဂစ္ဆာမိဆိုပြီး စားတယ်။ အဲ..ပြီးတော့ နောက်ဆုံးတစ်ဆုပ်ကိုလည်း သံဃံ သရဏံ ဂစ္ဆာမိလို့ ရွတ်ဆိုပြီး စားတယ်။

ပြီးတော့ ဗိုက်ထဲကဆာလောင်နေတဲ့ပိုးတွေကိုလည်း ငါဒါနပြုတယ်လို့ စိတ်ထဲမှာထားတယ်။ ရှိသမျှသတ္တဝါတွေအားလုံးလည်း ငါ့လိုပဲစားကြရပါစေ။ သောက်ကြရပါစေ။ အစာရေစာဝလို့ ချမ်းသာကြပါစေလို့လည်း စိတ်ထဲကမေတ္တာထားပြီး စားတာပဲ'

'သြော်..ဒီလိုလား။ ဘကြီးထမင်းတစ်လုတ်က ကုသိုလ်တွေ အများကြီးပေါ့နော်'

'အေး..ဟုတ်တယ်။ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝပေါ့ကွယ်။ ဒါပေမဲ့ ဘကြီးက ထုံးစံမို့ လုပ်ရိုးလုပ်စဉ်လုပ်တာပဲ။ လူကြီးမိဘတွေကတော့ ငယ်ငယ်ကပြောကြတယ်။ ဒီလိုလုပ်စားရင် လူမပြုစားနိုင်ဘူး၊ အဆိပ်မသင့်ဘူး။ အန္တရာယ်ကင်းတယ်။ အကြံအစည်အောင်တယ်။ ဒုဗ္ဘိက္ခန္တရကပ်မဆိုက်ဘူး စသဖြင့်ပြောကြတာပေါ့ကွယ်။ ပထမတုန်းကဒါတွေယုံလှတယ်လို့ မဟုတ်ပါဘူး။ ခုလိုပေါ့ တဖြည်းဖြည်းယုံစရာတွေတွေ့လာတော့ ပိုပြီးအားတက်လာတာပေါ့လေ။ ဘကြီး နေ့စဉ်ဝတ်မပျက်လုပ်တာကတော့ ဒါပါပဲ။ ရတနာသုံးပါးကျေးဇူးလို့ ဆိုရမှာပေါ့ကွယ်'

'ဝမ်းသာလိုက်တာ ဘကြီးရယ်။ ကျွန်မလည်း ဒီနေ့ကစပြီး ဘကြီးလိုပဲ ဝတ်ထားပြီးလုပ်ပါတော့မယ်လို့ ကတိပေးပါတယ် ဘကြီး'

မိန်းမကြီးမှာ ပြောပြောဆိုဆိုနှင့် ခြံတဘက်ကလေးကို တရိုတသေ ပခုံးပေါ်တင်ကာ ဆရာကြင်၏ရှေ့မှောက်မြေပြင်မှာပင် ကျုံ့ကျုံ့ကလေးထိုင်ချလိုက်ပြီး ဆရာကြင်အား ရိုသေစွာဦးချကန်တော့ရင်း နှုတ်ဆက်၍ ခြံဝင်းထဲမှ ပြန်လည်ထွက်ခွာသွားလေ၏။ ထိုအခါ ဆရာကြင်၏နှုတ်ဖျားမှ ထွက်ပေါ်လာသော ဆုပေးသံများက လှိုက်လှဲတုန်ခါလို့နေပေတော့သတည်း။

'သာဓုဗျာ..သာဓု..သာဓု။ ချမ်းသာပါစေ၊ အသက်ရှည်ပါစေ၊ အန္တရာယ်ဘေးအပေါင်းနဲ့လည်း ကင်းဝေးပါစေ'

**ရွှေတာလေး(လွယ်လင်)**

*မြင်ကွန်းမြို့နယ်၊ ပေပင်စမ်းရွာမှ ဆရာတော်ဦးဝါယမ၏ ထုတ်ဖော်ပြောပြချက်ကို ပြန်လည်ခံစားရေးဖွဲ့ခြင်းဖြစ်ပါကြောင်း။*

**ကျမ်းကိုး**

ဓမ္မာစရိယဦးဌေးလှိုင်၏ ဓမ္မဒူတ(ဒုတိယတွဲ)စာအုပ်(၁၉၈၈)ခုနှစ်၊ မေလထုတ်၊ ပထမအကြိမ်။



www.burmeseclassic.com

www.burmeseclassic.com

ရွှေပြုန်း×××ငွေပြုန်း×××ပွဲရတောင်ပြုန်း၊ ပျော်မဆုံးလှတဲ့ တို့အညာပွဲတော်×××လာစေချင်ဖိတ်ခေါ် သမ္မန်လှေနဲ့ စီးခတ်လို့လျော်၊ မီးရထားနဲ့လာနော်×××လာနော်×××ကား

# ရွှေပြုန်း

သစ္စာမြဒီ၊





www.burmeseclassic.com

www.burmeseclassic.com

ကလေးနဲ့ လာလိုလာနော်×××လှည်းယဉ်လေးနဲ့ ပိုလို့ပိုလို့ ပျော် ×××စိတ်နှလုံးကြိတ်ပြီး ပိတ်ဖုံးလို့မရ××× တစ်ပြည်လုံး×××တစ်နယ်လုံး×××ရွှေပြုန်းပွဲမှာပျော်×××။

နတ်ပွဲဓာတ်စက်မှဖွင့်နေသော သီချင်းသံက လေထဲမှာ လွင့်ပျံ၍နေပါသည်။ ဝါလကင်းလွတ် သီတင်းကျွတ်ပြီဆိုမှဖြင့် ဒီလိုနတ်သီချင်းများကို မကြာ,မကြာကြားရလေ့ရှိသည်။ (၃၇)မင်းနတ်များကို ယုံကြည်နှစ်သက်ကြသူများက ဝါကျွတ်အချိန်အခါမှာ တစ်ပိုင်တစ်နိုင် ပျော်ပွဲပေးကြကကြသည်။ အိမ်တွင် တစ်နိုင်တင်မြှောက်သူများလည်းရှိသည်။ ငွေကြေးပြည့်စုံသူများကလည်း တောင်ပြုန်းနှင့် ရတနာ့ဂူပွဲများအထိ ခြေဆန့်ကြသည်။ နတ်ကတော်များ ငွေရှာသောကာလလည်းဖြစ်သည်။ ကျေးလက်တောရွာများမှာလည်း မိမိတို့ရိုးရာဒေသအလိုက် တင်မြှောက်ပ,သကြလေ့ရှိသည်။

ဒီလိုအချိန်ကိုရောက်လေတိုင်း ကျွန်မ အထူးသတိရမိသူကတော့ မဆယ်တင်ပင် ဖြစ်လေသည်။ ပန်းဆင်ကျေးရွာမှာ မဆယ်တင်ဟုဆိုလျှင် မသိသူ,မရှိ။ ကလေးမှအစ ခွေးအဆုံး အားလုံးသိကြသည်။ တစ်ကိုယ်တည်း အပျိုကြီးဖြစ်၍လည်း ကျေးရွာကိစ္စအဝဝကို ပင်တိုင်ဆောင်ရွက်ရသူလည်းဖြစ်သည်။ ရှင်ပြုရှိ၍ ရှင်လောင်းလှည့်ရန် အပျိုစုရသည်မှာလည်း မဆယ်တင်၊ နာရေးရှိ၍ လူစုကာ ချက်ပြုတ်ကူညီရသူမှာလည်း မဆယ်တင်၊ မင်္ဂလာဆောင်ရှိ၍ ရွာရှိ အပျိုများကို ပန်းကမ်းဖိတ်ရသည်မှာလည်း မဆယ်တင်ပင်ဖြစ်သည်။ ဒီလိုလုပ်ကိုင်ကူညီပေးရသည်ကိုလည်း သူကိုယ်တိုင်က ဟိုစပ်စပ်ဒီစပ်စပ် ပါလေ့ရှိသူမို့ သဘောကျသည်။

သူ ဒီလိုလုပ်ကိုင်ဆောင်ရွက်ပေးရသော ကိစ္စအားလုံးထဲတွင် သဘောအကျဆုံးအလုပ်ကတော့ နတ်တင်ခြင်း၊ နတ်မြှောက်ခြင်း၊ နတ်ပူးခြင်း အစရှိသည့် နတ်ကိစ္စများပင်ဖြစ်လေသည်။

လူပုံအသားဖြူဖြူဝဝနှင့် ရယ်လိုက်လျှင် သူမမျက်လုံးများကို မမြင်ရတော့ပေ။ စကားပြောလျှင် ခြေဟန်လက်ဟန်ဖြင့် တစ်ဖက်လူ စိတ်ဝင်စားအောင် ပြောဆိုလေ့ရှိသည်။ မဆယ်တင်က မိခင်အိုကြီးနှင့်အတူနေထိုင်၍ လုပ်ကိုင်စားသောက်နေသူဖြစ်သည်။ မိုးတွင်းဆို ကောက်စိုက်၊ မြက်နုတ်၊ ကောက်ရိတ်ချိန်မှာ ကောက်ရိတ် စသည့်ရာသီအလိုက် အလုပ်များကို လုပ်ကိုင်သည်။ မဆယ်တင်တို့နေထိုင်သည့်ခြံက ကျယ်ဝန်း၍ သဲဆန်သည့်အတွက် သီးပင်,စားပင်များ စိုက်ပျိုးဖြစ်ထွန်းသည်။ ထို့ကြောင့် ခြံထွက်သီးနှံများနှင့် ရွာထွက်ဟင်းသီးဟင်းရွက်၊ ပန်းများကိုလည်း မြို့ဈေးသို့ သွားရောက်ရောင်းချလေ့ရှိသည်။

ယခုလို ဝါကျွတ်ချိန်ခါမှာ ကျွန်မတို့ရွာ၌လည်း ရိုးရာနတ်တင်ကြ၊ မြှောက်ကြသည်မှာ အိမ်တိုင်းစေ့နီးပါးဟုပင် ဆိုနိုင်သည်။ ဒီနေ့လည်း ရွာလယ်ပိုင်းက မလှကြည်တို့အိမ်မှာ ရိုးရာတင်၍ စားတော်တိုက်ပွဲရှိသည်မို့ မဆယ်တင် အိမ်အလုပ်ပြီးအောင် ခပ်သုတ်သုတ်လုပ်နေရသည်။

သူ ပျာယာခတ်နေသည်ကို သူ့မိခင် ဒေါ်အေးမေက မျက်စိစပါးမွေးစူးလှ၍-

'ဟဲ့··ဆယ်တင်၊ လှကြည်အိမ်က နတ်တင်မှာကို နတ်ကတော်အသေးမထက် နင်ကပိုပြီးပျာယာခတ်မနေနဲ့။ တော်ရုံတန်ရုံကိစ္စတွေကိုလည်း ခပ်အေးအေးနေပါအေ။ ညည်း ဒီလို ဟိုစပ်စပ်ဒီစပ်စပ် ပါနေတာကို ကြည့်ကောင်းလို့ကြည့်နေတယ် ထင်မနေနဲ့'

'အင်းပါ အမေရယ်··မနေ့ကတည်းက သမီးကိုလာဖို့ ပြောထားတာမို့လို့ပါ။ ကိုယ့်ကို မခေါ်ဘဲနဲ့တော့ အလကား မသွားပါဘူး အမေရဲ့'

အိမ်အလုပ်များပြီးတော့ မိခင်ဖြစ်သူ ဒေါ်အေးမေမျက်စောင်းကို မမြင်ချင်ယောင်ဆောင်၍ မဆယ်တင် ထွက်ခဲ့သည်။

'အင်း··အမေပြောလည်း ပြောစရာပဲ။ ငါကလည်း နတ်တင်တဲ့နေရာဆို မသွားဘဲနဲ့မနေနိုင်'

မဆယ်တင်တစ်ယောက်တည်း ဆီမန်း,မန်းသလို ပြောလာသည်။

ဒီနေ့မနက် ခြံထွက်ဒန့်သလွန်သီးတွေကို မဆယ်တင်ကိုယ်တိုင်ခူး၍ လေးတောင့်တစ်စီးဖြင့် အစည်းများစည်းသည်။ ဒါမှ နောက်တစ်နေ့ ရန်ကုန်ကောက်ကားအမီ ဖောက်သည်ပေးနိုင်မည်ဖြစ်သည်။ ကားမမီခဲ့လျှင် ဈေးကောက်ပေး၍ ကိုယ်တိုင်ထိုင်ရောင်းပါက ဈေးကောင်းလည်းမရ၊ အိမ်အပြန်လည်း နောက်ကျပေလိမ့်မည်။

'အဘွား··မကြီးဆယ်တင် ရှိလားဟင်'

မေးသံကြားသဖြင့် မဆယ်တင် အိမ်ရှေ့ထွက်ကြည့်လိုက်သည်။

'သြော်··စာဥ၊ ဘာတွေအရေးကြီးလာတာလဲဟ'

'မကြီး··ညီမသမီးလေး အိပ်နေရင်းနဲ့ လန့်လန့်ပြီးနေ



www.burmeseclassic.com

www.burmeseclassic.com

လို့၊ မနဲ့လေးကို ပုခက်မအပ်ရသေးဘူး။ လုပ်ပေးပါဦး မကြီးရယ်၊ အိမ်မှာ ဘဲဥပြုတ်ခဲ့တယ်'

'အေး··အေး··ငါ ပြီးလုပါပြီ။ လာခဲ့မယ်။ အဆင်သင့်သာ လုပ်ထားလိုက်နော်'

စာဥထွက်သွား၍ ခြံဝအရောက်၌ ဒေါ်အေးမေ အိမ်နောက်ဖေး ရောက်လာသည်။

'ဆယ်တင်··ညည်း နတ်ကတော်တစ်ပိုင်း ဖြစ်နေပြီနော်။ လောကမှာ ကိုးကွယ်ပူဇော်အားထားရမှာ ရတနာ(၃)ပါးကလွဲလို့ ဘာမှမရှိဘူး။ လူ့စည်း၊ ဘီလူးစည်းဆိုတာ ညည်း ကြားဖူးသားပဲ။ ကိုယ့်စည်းကိုယ့်ကမ်းနဲ့ မနေဘဲနဲ့ ဒီနတ်ကိစ္စတွေကို လျှောက်လုပ်နေတာ ညည်း သရဏဂုံပျက်နေပြီ။ ဒီအလုပ်တွေကို အမေမကြိုက်ဘူး။ ဆင်ခြင်ပါ သမီးရယ်'

အမေ့ဆီက ဒီလိုစကားမျိုးတွေကို တစ်ခါမှမကြားဖူး၍ မဆယ်တင် အံ့ဩသွားမိသည်။ အမေ့မျက်နှာ မကောင်းသဖြင့် သူလည်း စိတ်မကောင်းဖြစ်မိသည်။ ပြောပြီးသားဖြစ်၍ ဒီတစ်ခါတော့ သွားလိုက်ဦးမည်။ နောက်ဆိုရင်တော့ အမေစိတ်ချမ်းသာအောင် ဆင်ဆင်ခြင်ခြင်နေတော့မည်ဟု စိတ်ဆုံးဖြတ်လိုက်သည်။

စားဝတ်နေရေးကို ရှန်းကန်ရှာဖွေနေရသည့် လူသားတိုင်းအတွက် တစ်နှစ်ဆိုသည့် ရာသီစက်ဝန်းက ဘာမျှမကြာလှချေ။ တစ်မျှော်တစ်ခေါ် လယ်ကွင်းပြင်ကြီးက ရွှေရောင်စပါးတို့ဖြင့် လေသိမ်းတိုင်းလှုလို့နေပေပြီ။ ကောက်ရိတ်ချိန်သို့ ရောက်ပြန်လေပြီဖြစ်သည်။

ဒီနယ်တစ်ဝိုက်တွင် ဓလေ့တစ်ခုရှိသည်။ ကောက်ရိတ်ချိန်၌ ရွာဦးနတ်စင်တွင် နတ်ပွဲ(ပျော်ပွဲ)ပေးရခြင်းပင်ဖြစ်သည်။ ထိုသို့ပျော်ပွဲပေးမှသာ ကောက်ရိတ်ရာ၌ မြွေပါးကင်းပါးအန္တရာယ်၊ ကျွဲ၊နွားတို့၏ ရောဂါအန္တရာယ်တို့ကင်းပ၍ ရွာတွင်း၊ရွာပြင် ဘေးဥပဒ်ကင်းသည်ဟု အယူအဆရှိကြသည်။ ထို့ကြောင့် ကောက်ရိတ်ချိန်ဆိုမှဖြင့် နတ်ပွဲဆိုင်းသံတညံညံကို ရွာတိုင်းလိုလို၌ ကြားရပေတော့မည်။

ယခုနှစ်လည်း ပန်းဆင်ရွာ၊ ရွာဦးနတ်စင်၌ ပျော်ပွဲပေးမည်ဖြစ်သည်။ မဆယ်တင် ဦးဆောင်၍ ရွာထဲမှအိမ်များကို တစ်အိမ်တက် တစ်အိမ်ဆင်း အလှူငွေကောက်ခံကြသည်။ ရရှိလာသော အလှူငွေကို အုန်းသီး၊ ငှက်ပျောသီးဖိုး၊ နတ်ကတော်အဖွဲ့အတွက် ကျွေးမွေးစရိတ်၊ နတ်ပွဲအတွက် လိုအပ်သော စားသောက်ဖွယ်ရာ အချိုရည်၊ အရက်ပုလင်းဖိုးစသည်ဖြင့် ခွဲဝေဝယ်ခြမ်း ချက်ပြုတ်ကြရသည်။ နတ်ပွဲငှားရမ်းခအတွက်တော့ ကုန်ကျစရိတ်မလိုပေ။ နတ်ကတော်စိန်တင်မြင့်နှင့်အဖွဲ့မှ မေတ္တာဖြင့် ကူညီမည်ဖြစ်သည်။

ပန်းဆင်ရွာ၏ ရွာဦးနတ်စင်က ချောင်းကမ်းပါးဘေးတွင်ရှိသည်။ နတ်စင်၏ဘေးတွင် ဥသျှစ်ပင်ကြီးတစ်ပင်ရှိ၍ ဥသျှစ်ပင်ဘေး ဆယ်ပေအကွာလောက်တွင် ချောင်းရှိသည်။ လူနေအိမ်ခြေများနှင့်လည်း အနည်းငယ်အလှမ်းဝေး၍ နတ်စင်နှင့်ခပ်လှမ်းလှမ်းတွင် ညောင်ပင်ကြီးတစ်ပင်လည်းရှိသည်။ ရွာထဲရှိအိမ်များမှ စွန့်ပစ်လဲလှယ်ထားသော ဖောင်းတော်အနီပတ်ထားသည့် အုန်းသီးများ၊ မြင်းရုပ်များကို ညောင်ပင်ကြီး၏ အကိုင်းများတွင် ချိတ်ဆွဲစွန့်ပစ်ထားသည်မှာ ရုပ်သေးရုပ်စင်အလား ထင်မှတ်မှားရပါသည်။

မဆယ်တင်တို့ မိန်းမတစ်သိုက်က ညောင်ပင်အရိပ်တွင် ချက်ကြပြုတ်ကြနှင့် အလုပ်ရှုပ်နေကြသည်။ ညနေရောက်လာမည့် နတ်အဖွဲ့ကို ထမင်းကျွေးရန်နှင့် နတ်ပွဲကရာတွင် လိုအပ်သည့် ငါးကြော်၊ ကြက်ကြော်၊ မုန့်ဆီကြော်များကို ကြော်သူကကြော်၊ ကောက်ညှင်းပေါင်း၊ ကောက်ညှင်းထုပ် ထုပ်သူကထုပ်၊ ဘဲဥ၊ ကြက်ဥပြုတ်သူကပြုတ်နှင့် ချွေးတလုံးလုံးဖြင့် မအားနိုင်ကြပေ။

တစ်ဖက်ညောင်ရိပ်တွင်လည်း ကလေးတစ်သိုက်မှာ ပြေးလွှားဆော့ကစား၍ နတ်ပွဲဆိုင်းကားအလာကို စောင့်ဆိုင်းနေကြသည်။ ရွာနတ်စင်ရှေ့၌လည်း လူပျိုကာလသားတချို့ မဏ္ဍပ်ထိုးနေကြသည်။ မဏ္ဍပ်တွင်ချည်ရန် ငှက်ပျောပင်ခုတ်သူခုတ်၊ အုန်းလက်ခုတ်သူခုတ်နှင့် စုပေါင်းကူညီဝိုင်းဝန်းလုပ်ဆောင်တတ်သည့် ချစ်စရာတောဓလေ့၊ ရွာဓလေ့များက မြတ်နိုးဖွယ်ကောင်းလှသည်။

ညနေလေးနာရီလောက်မှာတော့ အများမျှော်လင့်စောင့်စားနေသည့် စိန်တင်မြင့်နတ်ဆိုင်းကား ရောက်ရှိလာသည်။ မိုးချုပ်စတွင် အကြိုကနိုင်ရေးအတွက် ပြင်ကြဆင်ကြသည်။ ထိုခေတ်အခါက ပန်းဆင်ရွာတွင် လျှပ်စစ်မီးမရရှိသေး၍ ရွာရှိလူကုံထံများအိမ်မှ အောက်လင်းဓာတ်မီး ငှားရသေးသည်။ နတ်ပွဲတွင် တင်မြှောက်မည့် ကန်တော့ပွဲများကို စိန်တင်မြင့်ကိုယ်တိုင်ပင် ပြင်ဆင်နေသည်။ ဆိုင်းဝိုင်းဘေးတွင် လမိုင်းပွဲပြင်၍ အမွှေးတိုင်ထွန်းသည်။

'ကိုတင်မြင့်··ကျွန်မ ဘာလုပ်ပေးရဦးမလဲ'

အသံကြောင့် စိန်တင်မြင့် မော့ကြည့်လိုက်သည်။

ပြီးတော့ အခြောက်သံဖြင့်–



www.burmeseclassic.com

www.burmeseclassic.com

'သြော်··ဆယ်တင်၊ ငါက ညည်း လာမှလာပါ့မလား လို့။ ညည်းအမေက မကြိုက်ဘူးဆို' ဟု ပြန်ပြောသည်။

'ညည်းရှိရင် ကျုပ်သက်သာတာပေါ့။ ကျုပ်ပြင်ထားတဲ့ပွဲတွေ လိုက်တင်အေ'

မဆယ်တင်ကို စိန်တင်မြင့်က ပွဲများတင်ခိုင်းပြီး တစ်ဆက်တည်းပင်-

'ဆိုင်းဆရာနတ်စင်နားက ကိုးမြို့ရှင်ပွဲကို ဘယ်သူမှ မကိုင်စေနဲ့နော်။ ကလေးတွေကိုလည်း ကြည့်ထားဦး။ ကလေးဆိုတာ ဆော့ချင်ရာဆော့၊ ပြောချင်ရာပြောနဲ့ တော်ကြာ မတော်တရော်တွေဖြစ်မှာစိုးလို့' ဟု ဆိုင်းဆရာကိုလည်း လှမ်းပြောလိုက်သည်။

ရွာနတ်စင်နား ဥသျှစ်ပင်ပေါ်မှ လော်ကြီးက နတ်သီချင်းများ ထွက်ပေါ်လာသည်။ ကလေးများလည်း ပျော်ရွှင်မြူးထူးစွာ ကခုန်ကြတော့သည်။ စိန်တင်မြင့်လည်း အုန်းပွဲ၊ ငှက်ပျောပွဲများ ပြင်ပြီး၍ နတ်ပွဲအပြင်အဆင်ကို မဏ္ဍပ်အပြင်ဘက်မှ ရပ်ကြည့်နေသည်။

ထိုအခိုက် မဆယ်တင်က နတ်စင်ရှေ့ရှိ ကိုးမြို့ရှင်ပွဲကို ကောက်ကာငင်ကာယူမြှောက်၍ ပွစိ,ပွစိဖြင့် ဆိုနေစဉ်-

'အမယ်လေး'

အလန့်တကြား အော်သံနှင့်အတူ မဆယ်တင်တစ်ယောက် ခွေခနဲလဲကျသွားသည်။

ကိုယ့်အလုပ်နှင့်ကိုယ် တလှုပ်လှုပ်လုပ်ကိုင်နေကြသော လူများလည်း ရုတ်ရုတ်သဲသဲနှင့် မဆယ်တင်အနီးသို့ စိုးရိမ်ထိတ်လန့်စွာဝိုင်းအုံလာကြသည်။ စိန်တင်မြင့်လည်း အပြေးတစ်ပိုင်းနှင့် ရောက်ရှိလာသည်။

'ဟင်'

'ဟာ'

'ဖြစ်မှဖြစ်ရလေ ဆယ်တင်ရယ်'

မဆယ်တင်၏ဖြစ်အင်မှာ ကြည့်ရက်မြင်ရက်စရာမရှိပေ။ မျက်လုံးများက အဆမတန်ပြူးထွက်လျက် လျှာက တွဲလောင်းထွက်ကျကာ ဖင်မှ ချေးများ၊ သေးများ ထွက်၍ သေဆုံးနေပြီဖြစ်သည်။ မည်သည့်အကြောင်းကြောင့် သေဆုံးခဲ့သည်ဆိုသည်ကို ကာယကံရှင် မဆယ်တင်မှလွဲ၍ မည်သူမျှ သိနိုင်မည်မဟုတ်ပေ။

တောရွာဓလေ့အရ ကျေးရွာပြင်ပ၌ သေဆုံးခဲ့ပါက ရွာထဲသို့ အလောင်းမသွင်းရပေ။ ထို့ကြောင့် မဆယ်တင်အလောင်းကို ညောင်ပင်ကြီးအောက်၌သာ အလောင်းစင်ပြင်၍ ထားခဲ့ရသည်။ ရွာအနောက်ပိုင်းမှ လှမ်းမျှော်ကြည့်လျှင် မီးရောင်တလက်လက်ဖြင့် ကနေသော နတ်စင်ပွဲနှင့် ဖယောင်းတိုင်ထွန်းထားသော မဆယ်တင်အလောင်းစင်ကို ယှဉ်တွဲမြင်ရသည်မှာ သံဝေဂရဖွယ်၊ ဝမ်းနည်းကြေကွဲဖွယ်ကောင်းလှသည်။ မိခင်ကြီးဒေါ်အေးမေသည်လည်း သမီးစိတ်ဖြင့်ပင် တစ်လခန့်အကြာ၌ ကွယ်လွန်ခဲ့သည်။

ဤထိတ်လန့်ဖွယ်၊ ဝမ်းနည်းဖွယ်ကောင်းသော အဖြစ်အပျက်တို့ ပြီးဆုံးခဲ့သည်မှာ အနှစ်သုံးဆယ်ကျော် ကြာမြင့်ခဲ့ပြီ ဖြစ်ပါသည်။

လောက၌ သစ်ရိပ်ဝါးရိပ်သည် အေးမြ၏။ သစ်ရိပ်ဝါးရိပ်ထက် အမိ,အဖတို့၏အရိပ်က ပို၍အေးမြ၏။ ထိုအရိပ်တို့ထက် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့၏အရိပ်က အဆများစွာသာလွန်အေးမြပေသည်။ တရားဓမ္မဥသုံ့အလုံးစုံကို ဆရာမကူဘဲ ကိုယ်တော်တိုင် သိမြင်တော်မူသော မြတ်စွာဘုရားရှင်အား ကိုးကွယ်ဆည်းကပ်ပူဇော်ခြင်းသည် ဘုရားရှင်၏အရိပ်ကို ခိုလှုံခြင်းမည်၏။

ကျေးဇူးတော်ရှင် မြတ်စွာဘုရား ဟောကြားတော်မူသော ဂုဏ်တော်(၆)ပါးနှင့် ပြည့်စုံတော်မူသည့် တရားတော်တို့ကို စောင့်ထိန်းလိုက်နာ ကျင့်ကြံပွားများ အားထုတ်ခြင်းသည် တရားတော်၏အရိပ်ကို ခိုလှုံရာရောက်ပေ၏။

ဘုရားရှင်၏ တပည့်သားသံဃာတော်အရှင်မြတ်တို့ကို ပစ္စည်းလေးပါးဖြင့် စွမ်းနိုင်သမျှ လှူဒါန်း၍ ဟောကြားဆုံးမသော တရားတော်တို့ကို လိုက်နာခြင်းသည် သံဃာတော်အရှင်မြတ်တို့၏အရိပ်ကို ခိုလှုံရာရောက်ပေ၏။

ထိုအရိပ်သုံးပါးတို့၏အောက်၌ နေထိုင်ခဲ့သော် ဘေးဥပဒ်အန္တရာယ် တစ်စုံတစ်ရာမျှ ကျရောက်မည်မဟုတ်ချေ။ အစမထင် သံသရာမှ လုပ်ဆောင်ခဲ့သော အကုသိုလ်ကံများ အကျိုးပေးခဲ့ပါကလည်း ကြီးသည့်အမှုငယ်၍ ငယ်သည့်အမှု ပပျောက်ပေလိမ့်မည်။


မဆယ်တင်သည် ဗုဒ္ဓဘာသာဝင်မိဘနှစ်ပါးမှ ပေါက်ဖွားခဲ့သည့်အတွက် ထိုအရိပ်(၃)ပါးအောက်သို့ ရောက်ရှိပြီးဖြစ်ခဲ့သည်။ သို့သော် သူမသည် ထိုအရိပ်သုံးပါးကို မခိုလှုံဘဲ ခိုလှုံရာအရိပ်မှားခဲ့သည့်အတွက် မည်သူမျှထင်မှတ်မထားသော အဖြစ်ဆိုးနှင့် ကြုံခဲ့ရသည်။ တစ်နည်းအားဖြင့်ဆိုသော် သူမသည် ဘုရား၊ တရား၊ သံဃာတည်းဟူသော အရိပ်(၃)ပါးမှ ထွက်ခဲ့သူပင် ဖြစ်ပါတော့သည်။

မေလွှင်ဦး(သတ္တဗေဒ)



www.burmeseclassic.com

www.burmeseclassic.com



# ရှစ်ခွင်ကျော်

(ဖောင်တော်သီ)

# နှစ်ဘဝဆက် အသေဆိုး

ဖောင်တော်သီရွာမှာတော့ ကျွန်တော်တို့မိသားစုဟာ သူကြွယ်အဆင့်လို့ မဆိုနိုင်ပေမယ့် တောသူဌေးအဆင့်လောက်တော့ သတ်မှတ်နိုင်ပါတယ်။ မိဘနှစ်ပါးရဲ့ အမြော်အမြင်ကြီးမှု၊ စီးပွားရေးအမြင်ကျယ်မှုပါပဲ။

ကျွန်တော်တို့မိသားစုမှာ လယ်နှစ်ထွန်တုံး(ဧကနှစ်ဆယ်)၊ ကျွဲနှစ်အုပ်(အကောင်နှစ်ဆယ်)၊ နွားနှစ်ရှဉ်း(လေးကောင်)နဲ့ အတွင်းပစ္စည်း ရွှေ၊ငွေ၊လက်ဝတ်ရတနာများစွာ ပိုင်ဆိုင်ထားပါတယ်။

ကျွန်တော်တို့ညီအစ်ကို အရွယ်ရောက် အိမ်ထောင်ပြုရင်တောင် ထိုက်တန်တဲ့အမွေ ခွဲဝေပေးနိုင်တဲ့အဆင့်ပါ။ ဒါကြောင့် လယ်ပြီးရင်ကိုင်း၊ ကိုင်းပြီးရင် စပါးပေးတွေသိမ်းအလုပ်တွေနဲ့ လုံးချာလည်နေတဲ့ မိဘနှစ်ပါး ပင်ပန်းတာ မကြည့်ရက်ပါဘူး။ ခက်တာက ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်စလုံး လူလားမမြောက်သေးတဲ့ ကလေးအရွယ်မို့ စိတ်မချမ်းသာပေမယ့် လက်ပိုက်ကြည့်နေရခြင်းပါ။

ပင်ပန်းတယ်ဆိုတာ လယ်အလုပ်ကြောင့် မဟုတ်ပါဘူး။ လယ်အလုပ် ဘာပင်ပန်းတာမှတ်လို့။ စာရင်းငှားလေးယောက်တောင် ငှားထားတာပဲဟာ။ တစ်ပတ် တစ်ကြိမ်၊ နှစ်ကြိမ် ကန်သင်းရိုးပေါ်ကလျှောက်ပြီး လက်ညှိုးထိုး ခိုင်းစားရုံပါ။

ကျွန်တော်ဆိုလိုတာက စပါးပေးပေးတဲ့အလုပ်ပါ။ မိုးဦးကျ စပါးပေးယူစဉ် အိမ်အထိ လာယူကြပေမယ့် ပြန်သိမ်းတဲ့အခါကျတော့ တလင်းရိုးအရောက် အဖေရော အမေပါ လှည်းတစ်စီးစီနဲ့ လိုက်ကောက်ရခြင်းကိုပါ။

ဦးဒေါင်းစု၊ ပျဉ်းမလွင်၊ ဆင်ကူး၊ ကုန်းဝိုင်းကြီး၊ မျောက်ချောကုန်းလို အနီးနားရွာတွေ နေ့ချင်းပြန်သွားလို့ရပေမယ့် ပဲခူးရိုးမတောင်ခြေက ဘောနီ၊ ရွှေညောင်ပင်၊ ကုက္ကိုင်း၊ ပွဲတမော့လို ရွာတွေကျတော့ ညအိပ်ပြီးသွားရ



www.burmeseclassic.com

www.burmeseclassic.com

ပါတယ်။

ဒါကိုကြည့်ပြီး သနားလို့-

'အဖေနဲ့အမေ ပင်ပန်းလိုက်တာဗျာ'

ဆိုတော့ အဖေက-

'ပင်ပန်းပေမယ့် အိမ်ပြန်ရောက်လို့ ငါ့သားနှစ်ယောက်ကိုမြင်ရရင် အမောကိုပြေသွားတာပါကွာ။ သားတို့ကများ အပြုံးကိုယ်စီနဲ့ပြေးကြိုရင် အားသစ်တွေ တို့ထဲလောင်းထည့်လိုက်သလိုတောင် ခံစားရပါတယ်' လို့ ရွှင်လန်းအားရစွာနဲ့ ပြန်ပြောတတ်ပါတယ်။

ကျွန်တော်တို့မိသားစု ဒါလောက်စီးပွားရေးကောင်းနေတာ စိတ်ချမ်းသာရသလားဆိုတော့ မချမ်းသာနိုင်ပါဘူး။ ဘာကြောင့်ဆို ညီလေးကြောင့်ပါ။ ကျွန်တော့်နာမည်က စိန်ကုလား၊ ညီလေးနာမည်က စိန်ချစ်တီးပါ။

ကျွန်တော့်ညီလေးဟာ ခုဆိုရင် ခြောက်နှစ်သားကျော်နေပါပြီ။ စကားပြောဖို့နေနေသာ အဖေ၊ အမေ၊ အစ်ကိုလို့တောင် မခေါ်တတ်သေးပါဘူး။ နောက်တစ်ချက်က ကျွန်တော့်ညီလေးဟာ မွေးရာပါလည်ပင်းက ကန့်လန့်ဖြတ်ဓားဒဏ်ရာ၊ ရင်ဘတ်နဲ့ နောက်ကျောက လှံချက်မိဒဏ်ရာလို မျိုးကြီးတွေနဲ့ မွေးဖွားလာပြီး သုံးနှစ်သားအထိ ပြည်တွေတစိုစို၊ သားငံရည်တွေ တမြားမြားနဲ့ အနံ့ဆိုးတွေ ထွက်နေလို့ပါပဲ။

အနာကြီးတွေဟာ သုံးနှစ်သားအရွယ်ထိ ဘယ်ဆေးဆရာနဲ့မှ ကုလို့မပျောက်တဲ့ ကံနာ၊ ဝဋ်နာလို့ သိရပါတယ်။

အနာတွေက ရွံစရာ။ အနံ့အသက်ကလည်း မကောင်းနဲ့။ သူစိမ်းမပြောနဲ့ ကိုယ့်ဆွေမျိုးသားချင်းတွေကတောင် ချော့၊ ချီ၊ ပိုးမယ့်လူတောင်မရှိဘဲ ကျွန်တော်တို့သားအဖသုံးယောက်ပေါ်မှာပဲ ကြီးပြင်းခဲ့ရပါတယ်။ ဒါကြောင့် ညီလေးဟာ ကျွန်တော့်အပေါ် အစ်ကိုလို၊ ကစားဖော်သူငယ်ချင်းလို၊ ဆေးထည့်ပေးလို့ ဆေးဆရာလိုခင်တွယ်ပြီး မျက်စိအောက်က အပျောက်မခံဘဲ သံယောဇဉ်ဖြစ်ရပါတယ်။

အတိတ်ကံမကောင်းရှာတဲ့ညီလေး ဒီဘဝ ဒီဝဋ်ကြွေးတွေက လွတ်မြောက်ပါစေလို့ နေ့စဉ် ဆုတောင်းရပါတယ်။ အတိတ်ကံမကောင်းခဲ့တာ ဘာကြောင့်ဆိုတာ အမေပြောတာကတော့…။

◆◆◆

ပေါက်တပင်ရွာကို ရွာလို့သတ်မှတ်ပြောဆိုနေကြတာ သဘာဝမကျပါဘူး။ ရွာတောင်ဖျား ကတုတ်ချောင်းသာမခြားရင် တစ်ဆက်တစ်စပ်တည်းရှိနေလို့ ပေါက်တပင်ရပ်ကွက်လို့ပဲ ပြောဆိုသင့်ပါတယ်။

ပေါက်တပင်ရပ်ကွက်မှာ ပန်းပဲလုပ်ငန်းလုပ်တဲ့ ဦးကံပွင့်ဆိုတာ ရှိပါတယ်။ သူ့ဇနီးက ဒေါ်တင်တင်လို့ခေါ်ပြီး ကိုကျော်ဝင်း၊ ကိုကျော်မင်း၊ မမြရင်နဲ့ မမြခင်ဆိုပြီး ကြီးစဉ်ငယ်လိုက် မောင်နှမလေးယောက်ရှိပါတယ်။ ပန်းပဲလုပ်ငန်းအပြင် လယ်လုပ်ငန်း၊ ကိုင်းလုပ်ငန်းတွေပါ တွဲဖက်လုပ်ကိုင်လို့ ကျွန်တော့်မိဘများနဲ့ စီးပွားရေးတန်းတူရှိကြောင်းသိရပါတယ်။

ကိုကျော်ဝင်း၊ မမြရင်၊ မမြခင်တို့မောင်နှမသုံးယောက်ကတော့ မိဘရဲ့ပန်းပဲအလုပ်၊ လယ်ယာကိုင်းကျွန်းအလုပ်တွေမှာ စိတ်ရောကိုယ်ပါ နှစ်မြုပ်ပြီး ဝိုင်းကူလုပ်ကြပေမယ့် တစ်မိပေါက်တစ်ယောက်ထွန်းတဲ့ ကိုကျော်မင်းကတော့ ဖဲ၊ အရက်၊ မိန်းမ ဘာတစ်ခုမှမလွတ်ကင်းဘဲ လက်ဖြန့်တောင်းလို့ရရင်ရ မရရင်တော့ ခိုးဆိုးတိုက်မှာ မွှေလျော်ပြီး စိတ်မထင်ရင် လူသတ်ဝံ့တဲ့အထိ လက်ယဉ်တဲ့ ကိုကျော်မင်းပါ။

မိန်းမပေးစားလိုက်ရင်တော့ ခြေငြိမ်သွားမယ်အထင်နဲ့ တစ်ရပ်တည်းသူ မကြည်မြင့်နဲ့ပေးစား စီးပွားခွဲ အမွေပေးလိုက်ပေမယ့်လည်း မောင်သီး၊ မောင်သင်းညီအစ်ကိုနှစ်ယောက်ရဲ့ အဖေဘဝရောက်တဲ့ထိ ဒုစရိုက်လောကကို ခင်တွယ်နေဆဲရှိပါတယ်။

ကာလတစ်ခုမှာတော့ ကိုကျော်မင်း ဖဲရှုံးပါတယ်။ နေ့စဉ်ရက်စက်ဆိုသလို ရှုံးနေတော့ ကြံမိကြံရာကြံတော့တာပါပဲ။

◆◆◆

(၁၉၄၀)ပြည့်လွန်နှစ်တွေဟာ ဂျပန်ဝင်ပြီး အင်္ဂလိပ်ကိုတိုက်ထုတ်တဲ့အချိန်ကာလပေါ့။ အင်္ဂလိပ်မျက်နှာဖြူတွေကို အမှီသဟဲပြုပြီး စီးပွားရှာနေတဲ့ အိန္ဒိယနွယ်ဖွား သူဌေးသူကြွယ်တွေဟာ ခေတ်ပျက်ကြီးထဲ မြို့ပေါ် မနေဝံ့လို့ ရွှေငွေဥစ္စာ၊ အဖိုးတန်ပစ္စည်းတွေ တစ်နိုင်တစ်ပိုင်နဲ့ တောရွာတွေဘက်ကို လာရောက်ပုန်းခိုကြပါတယ်။

ကိုကျော်မင်းရဲ့ ငွေတွင်းတွေပါ။

အင်အားချည့်နဲ့တဲ့အဖွဲ့တွေကို ရိုက်၊ တိုက်၊ လူသတ်တစ်ကိုယ်တော်စွန့်စားမှုနဲ့ ကိုကျော်မင်းလက်ဖျား ငွေပဒေသာပင်ပေါက်ခဲ့ပါတယ်။

ကိုကျော်မင်းရဲ့လုပ်ရပ်တွေ မိသားစုသိသွားလို့အဖေ



www.burmeseclassic.com

www.burmeseclassic.com

ဦးကံပွင့်က လာရောက်တားမြစ်ပါတယ်။ အမေ ဒေါ်တင်တင်က မျက်ရည်ခံထိုးပြီး မေတ္တာရပ်ခံပါတယ်။ အစ်ကို၊ အစ်မ၊ မောင်နှမတွေက ဝိုင်းတောင်းပန်ပါတယ်။

ငွေတွင်းတိမ် ငွေရလွယ်တဲ့ ကိုကျော်မင်းကတော့-

'ခင်ဗျားတို့နဲ့ မဆိုင်ပါဘူး။ ကိုယ့်ထမင်းကိုယ်စားပြီး အေးအေးနေကြစမ်းပါ။ ကျုပ်အလုပ် ဝင်မရှုပ်ကြစမ်းပါနဲ့'

မိသားစုနားဝ မိုးကြိုးပစ်ချလိုက်သလိုပါ။

စိတ်မထိန်းနိုင်တဲ့ ဦးကံပွင့်ကတော့-

'တားမရရင်တော့ မင်းသဘောပဲ။ မင်းကတော့ အသေဆိုးနဲ့ သေမယ့်ကောင်'လို့ နှုတ်ထွက်ပြောလိုက်ပါတယ်။

ဦးကံပွင့်ရဲ့စကားလုံးတွေဟာ ကျိန်စာတိုက်စကားလုံးလို့ ဆိုရမှာပါ။ ဘာကြောင့်ဆို ရက်ပိုင်းအတွင်းမှာပဲ ထုံးစံအတိုင်း တစ်ကိုယ်တော်စွန့်စားခန်းဖွင့်ပြီး စစ်ပြေးဒုက္ခသည်တစ်ဖွဲ့ကို ယုန်သူငယ်ဆိုပြီး ဓားပြတိုက်တာမှာ မာန်ဟုန်ပြင်းတဲ့ ကျားသတ္တဝါတွေနဲ့တိုးပြီ တုတ်၊ ဓား၊ လှံတုံ့ပြန်ချက်တွေကြောင့် နေရာတင် ပွဲချင်းပြီးသေဆုံးပြီး ပေါက်တပင်ရွာပြင်သုသာန်မှာ မြေမြှုပ်သင်္ဂြိုဟ်လိုက်ပါတယ်။

ကိုကျော်မင်းဘဝ နိဂုံးချုပ်ပါ။

♦ ♦ ♦

(၁၉၄၂)ခုနှစ် ဆောင်းလယ်ကာလမှာ အဖေနဲ့အမေလှည်းတစ်စီးစီနဲ့ ရိုးမတောင်ခြေက ရွှေညောင်ပင်ကုက္ကိုင်းရွာက စပါးသိမ်းပြီးအပြန် မှောင်ရီပျိုးစမှာ ပေါက်တပင်သုသာန်ဘေး လှည်းလမ်းအတိုင်း မောင်းလာစဉ်မှာ ဇရပ်ထဲကလူတစ်ယောက် လက်ပြပြီး လှမ်းတားပါတယ်။

အမေဟာ လှည်းမရပ်ဘဲ ဆက်မောင်းရင်း ကြည့်လိုက်တဲ့အခါ လှည်းနောက် မြင်သာလောက်တဲ့ နေရာအရောက်မှာတော့ မျက်နှာရော တစ်ကိုယ်လုံးပါ သွေးတွေမြင်မကောင်းအောင် ပေကျံနေတဲ့ လူတစ်ယောက်ဖြစ်နေပါတယ်။ သရဲအခြောက်ခံရပြီဆိုတာတော့ အမေသိလိုက်ပါပြီ။

အမေ့သတ္တိကတော့ ချီးကျူးစရာပါ။ ပေါ်လိုက်၊ ပျောက်လိုက်နဲ့ အိမ်ခြံဝအထိ လိုက်လာတာတောင် မတုန်မလှုပ်ဘဲ ဣန္ဒြေရရမောင်းနှင်လာနိုင်လို့ပါပဲ။

အဲဒီနေ့ညက အမေ့အိပ်မက်ထဲမှာ ညနေကမြင်တွေ့ရတဲ့သရဲ အမေ့အနားချဉ်းကပ်လာလို့ ပေကျံနေတဲ့ မျက်နှာပြင်က သွေးတွေကို တဘက်နဲ့သုတ်ပြီးချိန်မှာတော့-

'ဟင်..နင်..နင်..ကျော်မင်း'

'ဟုတ်ပါတယ်။ ကျွန်တော် ဒီအိမ်မှာ နေပါရစေ'

'မဖြစ်ဘူး၊ မဖြစ်ဘူး'

အမေ အတန်တန်ငြင်းပါတယ်။ ဒါပေမဲ့ ကိုကျော်မင်းကျတဲ့မျက်ရည်ကိုတော့ အမေ တောင့်မခံနိုင်ပါဘူး။

အမေ အိပ်မက်ရတဲ့နေ့ဟာ စိန်ချစ်တီးရယ်လို့ဖြစ်လာမယ့် ကျွန်တော့်ညီလေးရဲ့ လူ့ဘဝအစပါ။

♦ ♦ ♦

'ကျော်မင်းဟာ အပြင်မှာသာ ဆိုးတာပါကွယ်။ သူ့မိသားစုအပေါ်တော့ ကောင်းရှာပါတယ်။ ခေတ်ပျက်ကြီးထဲမှာ ကိုကံပွင့်တို့ ဓားပြအတိုက်ခံရတာမှ အကြိမ်မနည်းဘူး။ ဘယ်ဓားပြမှ ရွှေတစ်ရွေးသားတောင် ရမသွားဘူး။ ကျော်မင်းလက်ချက်နဲ့ ထွက်ပြေးကုန်ကြတာလေ'

တစ်ရက်မှာတော့ အမေဟာ စိန်ချစ်တီးမျက်နှာကို သနားကရုဏာမျက်လုံးနဲ့ တစိမ့်စိမ့်ကြည့်ရင်းပြောနေတာ သတိထားမိပါတယ်။ အမေဟာ သားသမီးအပေါ် မေတ္တာထားတာချင်း ညီမျှတယ်လို့ ဆိုနိုင်ပေမယ့် သနားကရုဏာပိုစိတ်ကတော့ ကျွန်တော့်ထက် အလေးသာမယ် ထင်ပါတယ်။ ကျွန်တော် အပြစ်မမြင်ပါဘူး။ ကျွန်တော်ကိုယ်တိုင်လည်း အမေ့လိုပဲ ညီလေးအပေါ် သနားကရုဏာလွှမ်းခြုံထားလို့ပါ။

အမေပြောပြလို့ ညီလေးရဲ့အတိတ်ဘဝ ကိုကျော်မင်းရဲ့ ဆိုးသွမ်းလုယက် တိုက်ခိုက်တဲ့ဘဝဟာ ညီလေးအပေါ် အရိပ်လာမထင်ပါဘူး။ ဘာကြီးပဲဖြစ်နေနေ လက်ရှိဘဝမှာ ကျွန်တော့်ညီလေးမဟုတ်လား။ ဒါကြောင့် အရွယ်နဲ့မမျှအောင် ဒဏ်ရာဒဏ်ချက်ကြီးတွေနဲ့ ပြည်ပုပ်တစိုစို၊ ပြည်ပုပ်နံ့တထောင်းထောင်းထနေပေမယ့်လည်း ဒုက္ခိတညီလေးအပေါ် ချစ်ခြင်းမေတ္တာ၊ သနားကရုဏာတွေ ပိုနေရခြင်းပဲဖြစ်ပါတယ်။

ညီလေးဟာ ပေါက်တပင်ရွာ ပန်းပဲဆရာကြီးဦးကံပွင့်သား လူဆိုးလူမိုက် ကိုကျော်မင်းဝင်စားတာဖြစ်ကြောင်း ကျွန်တော်၊ ကျွန်တော့်အဖေ၊ ကျွန်တော့်အမေကလွဲလို့ ဘယ်သူမှ အသိမခံပါဘူး။ ညီလေး ရှစ်နှစ်သားအထိ ရေငုံနှုတ်ပိတ်ပြီး လုံလုံခြုံခြုံနဲ့ ဖုံးဖိထားနိုင်ခဲ့ပါတယ်။

ဟုတ်ရင်ကျော် ပုပ်ရင်ပေါ်ဆိုစကားအတိုင်း အချိန်တန်တော့လည်း ညီလေးရဲ့လူဝင်စားသတင်းဟာ တစ်နယ်လုံး

www.burmeseclassic.com

www.burmeseclassic.com

ပျံ့သွားပါတယ်။ မောင်းမတီးဘဲ သတင်းထုတ်ပြန်လိုက်လို့ပါ။

သတင်းထုတ်ပြန်လိုက်တဲ့သူကတော့ ရှစ်နှစ်သားအထိ လုံးဝစကားမပြောတတ်တဲ့ ကျွန်တော့်ညီလေး စိန်ချစ်တီး ကိုယ်တိုင်ပါပဲ။

♦♦♦

နွေကျောင်းပိတ်ရက်တစ်ရက်မှာ ကျွန်တော်တို့အိမ်က ငှားထားတဲ့ ကျွဲ၊ နွား ကျောင်းသားလေး နေထိုင်မကောင်းဖြစ်လို့-

'သားရေ..ဒီနေ့တော့ ငါ့သားကြီးကိုယ်တိုင် သွားကျောင်းကွာ'

ဆိုတာကြောင့် ချည်တိုင်မှာချည်ထားတဲ့ ကျွဲ၊ နွားတွေ ကြိုးဖြေလွှတ်အပြီး-

'အား..အီး..အူး'

ညီလေးဟာ အသံပြုပြီး သူပါ လိုက်မယ့်အကြောင်း ခြေဟန်လက်ဟန်နဲ့ပြောပါတယ်။

အိမ်ပေါ်က အမေလှမ်းမြင်ပြီး-

'ဟိုကောင်လေး လိုက်မသွားနဲ့'

လို့ လှမ်းအော်တားမြစ်လို့ ညီလေးမျက်နှာညိုပြီး ညီလေးမျက်ဝန်းက မျက်ရည်တွေ ကျဆင်းလာပါတယ်။ သိတယ်ဟုတ်လား။ ကျွန်တော် မခံစားနိုင်ဘူးလေ။

'လိုက်ပါစေ အမေရာ။ ဂါးမကြီးပေါ် တင်ခေါ်သွားပါ့မယ်'

အဖေ့သဘောနဲ့ဆို ခွင့်ပြုမှာမဟုတ်လို့ ကျွန်တော် အသနားခံတဲ့သဘောနဲ့ ပြောလို့ ခွင့်လွှတ်လိုက်ခြင်းပါ။

ဒီနေ့မှ ဂါးမကြီးရော ညီလေးပါ ထူးခြားနေပါတယ်။ ညီလေးမျက်နှာ ရွှင်လန်းနေသလို ဂါးမကြီးကလည်း ခေါင်းခါခါ လည်ခါခါနဲ့ ခြေလှမ်းတွေ သွက်နေပါတယ်။

ကျွဲ၊ နွား စားကျက်ရောက်တဲ့အခါ ကျွဲ၊ နွားတွေ လွှတ်ကျောင်းပြီး ကျွန်တော်နဲ့ ညီလေးကတော့ ကျွဲကျောင်းသား၊ နွားကျောင်းသားများ အရိပ်ခိုပျော်မွေ့ရာ ကွင်းထီးတည်းကြီးထဲက အုံ့ဆိုင်းနေတဲ့ကုက္ကိုပင်ကြီးအောက် အနားယူအပန်းဖြေကြပါတယ်။

ကျွန်တော်တို့ ကျွဲ၊ နွား ကျောင်းသားလေး,ငါးယောက်ထဲက ပေါက်တပင်ရွာသား ကိုအောင်မြင့်ကို ညီလေးဟာ မျက်တောင်မခတ်ဘဲ အတန်ကြာစိုက်ကြည့်ပြီး-

'ဟေ့ကောင် အောင်မြင့်'

'ဟာ'

ကျွန်တော့်ပါးစပ်က လွှတ်ခနဲထွက်သွားခြင်းပါ။ မွေးချိန်ကစပြီး လွန်ခဲ့တဲ့မိနစ်စက္ကန့်ပိုင်းအထိ စကားတစ်လုံးမှ မပြောဖူးတဲ့ ကျွန်တော့်ညီလေးပါးစပ်က စကားတစ်ခွန်း ကြားလိုက်ရလို့ပါပဲ။

'ဟေ့ကောင်စိန်ကုလား၊ မင်းညီလေး စကားမပြောတတ်ဘူးဆို'

ကျွန်တော် ကိုအောင်မြင့်ကို လက်ကာပြပြီးတားလိုက်ပါတယ်။ ညီလေးပြောမယ့် စကားသံလေးတွေ ကြားချင်လို့ပါ။

'မင်းအစ်ကိုစိန်ကုလားထက် အသက်ကြီးတဲ့ငါ့ကို မင်းက ဟေ့ကောင်အောင်မြင့်လို့ခေါ်ရအောင် မင်းက ဘာကောင်လဲ'

'ဟ..ငါ မင်းဦးလေး ကျော်မင်းလေကွာ'

'ဟာ'

ဒီတစ်ခါတော့ ကိုအောင်မြင့်နှုတ်ဖျားက ထွက်ပေါ်လာတဲ့ အံ့သြခြင်းသင်္ကေတပါပဲ။ ကိုအောင်မြင့် မျက်လုံးပြူး ပါးစပ်ကြီးဟနေပါတယ်။

'မင်း ငါ့အစ်ကိုကျော်ဝင်းသားပဲ။ ငါမသိဘဲနေမလား'

ကျွန်တော် သိပ်ပျော်တယ်ဗျာ။ ကိုအောင်မြင့်ကိုလည်း သိပ်ကျေးဇူးတင်တယ်။ အခြေအနေခန့်မှန်းလို့ မသေချာသေးပေမယ့် ညီလေးပြောလာမယ့် စကားသံတွေ ကြားချင်နေပါသေးတယ်။

'ကြည်မြင့်တို့သားအမိတွေနဲ့ တွေ့ချင်တယ်ကွာ'

'ဘယ်ကကြည်မြင့်လဲ'

ကိုအောင်မြင့် ကျွန်တော့်ကို မျက်စိမှိတ်ပြီး သွေးတိုးစမ်းမေးပါတယ်။

'ငါ့သား ဖိုးသီး၊ ဖိုးသင်းတို့အမေ ငါ့မိန်းမကြည်မြင့်ပေါ့ဟ'

ကိုအောင်မြင့် ညီလေးနဲ့ ပြောစကားကိုဖြတ်ပြီး ကျွန်တော်တို့အုပ်စုကို 'ငါ နွားတွေကြည့်ထားပေးကြကွာ' လို့ တစ်ခွန်းသာပြောပြီး ရွာဘက်ဆီကို အပြေးထွက်ခွာသွားပါတယ်။ ကိုအောင်မြင့် ဘာလုပ်တာပါလိမ့်လို့ ကျွန်တော်တို့ မျက်လုံးတွေနဲ့ အဖြေရှာနေပါတယ်။

တစ်နာရီလောက်အကြာမှာတော့ နွားလှည်းနှစ်စီး ကျွန်တော်တို့ရှိရာ ကုက္ကိုပင်ဆီကို ဒုန်းစိုင်းမောင်းလာပါတယ်။ နွားလှည်းနှစ်စီးလုံး လူတွေပြည့်လို့ပါ။ အနီးရောက် လှည်း



www.burmeseclassic.com

www.burmeseclassic.com

ပေါ်ကဆင်းကြတော့လည်း မြင်ဖူး၊ တွေ့ဖူးပြီး ရင်းနှီးမှုမရှိတဲ့လူတွေပါ။

'ကြည်မြင့်'

ညီလေးဟာ လှည်းပေါ်ကဆင်းလာတဲ့ အသက်လေးဆယ်အရွယ် အမျိုးသမီးကို အားရဝမ်းသာအော်ခေါ်ပြီး ပြေးဖက်ပါတယ်။ အမျိုးသမီးကြီးမျက်နှာ အစွမ်းကုန်ပြုံးထားပေမယ့် မျက်ဝန်းမှာ မျက်ရည်စတွေနဲ့ပါ။

'ဖိုးသီး..ဖိုးသင်း၊ ဟာ..ငါ့သားတွေ ဘာကြောင့်ကြည့်တာလဲ။ ငါ မင်းတို့အဖေ ကျော်မင်းပါဟ' လို့ပြောပြီး ကျွန်တော်နဲ့ ရွယ်တူနှစ်ယောက်ရဲ့ပခုံးကို ပြောပြောဆိုဆို ဖက်လိုက်စဉ်မှာ တစ်ယောက်က တွန်းလွှတ်လိုက်ပါတယ်။

ဒါကို ဒေါ်ကြည်မြင့်ဆိုတဲ့ အမျိုးသမီးကြီးက ဒေါသနဲ့ 'ဟဲ့..တိရစ္ဆာန်ကောင်၊ အဲဒါ နင့်အဖေ' လို့ ငေါက်လိုက်မှ နောက်တွန့်သွားပါတယ်။

လှည်းနှစ်စီးနဲ့ပါလာတဲ့ လူအုပ်ကြီးဟာ ညီလေးကို ပွေ့ဖက်နမ်းရှုံ့ပြီး လှည်းပေါ် ခေါ်တင်သွားလို့-

'ကိုအောင်မြင့်..ကျွန်တော့်ကျွဲ၊ နွားတွေ ကြည့်ထားပေးဗျာ'

'ဟ..ဟော့ကောင်စိန်ကုလား၊ ငါလည်း လိုက်မယ်။ ကျန်တဲ့ကောင်တွေ ကြည့်ထားကြကွာ' လို့ ဆက်ပြောပြီး သူပါ လိုက်ပါခဲ့ပါတယ်။

ချောင်းကူးတံတားအကျော် ပေါက်တပင်ရွာထိပ်ရောက်တော့ လှည်းတွေရပ်၊ လူတွေဆင်းပြီး အသက်ခြောက်ဆယ်ကျော် ဘကြီးတစ်ယောက်က 'ကဲ..မင်းပဲရှေ့က ဦးဆောင်ပြီး သွားကွာ' လို့ ပြောဆိုပြီး ညီလေးကို ရှေ့က တင်လိုက်ပါတယ်။

ညီလေးဟာ ရွာလယ်လောက်ရောက်တဲ့အခါ ဦးကံပွင့်ပန်းပဲဖို တစ်အိမ်ကျော်ထဲ တန်းဝင်လိုက်ပါတယ်။ ညီလေးဝင်တဲ့အိမ်ကိုပဲ လှည်းနှစ်စီးနဲ့ လိုက်ပါတဲ့လူတွေ စုပြုံတက်ပြီး မေးခွန်းပေါင်းစုံ မေးတော့တာပါပဲ။ ကိုကျော်မင်းလူဝင်စားဘဝကို အတည်ပြုလိုတဲ့ မေးခွန်းတွေပါ။

ပေါက်တပင်ရွာဘုရားပွဲ၊ ထီးတင်ပွဲ၊ ကထိန်၊ ရှင်လောင်းလှည့် စုပေါင်းရိုက်ဓာတ်ပုံတွေထဲက ကိုကျော်မင်းပုံကို ရွေးခိုင်းပါတယ်။ ညီလေးဟာ ကိုကျော်မင်းပုံသာမက အခြားပုံတွေပါ လက်နဲ့ထောက်ပြီး 'ဒါက စိုးမောင်၊ ဒါက ချစ်ဆွေ၊ ဒါက အောင်ကျော်' လို့ အမှားအယွင်းမရှိ ပြောဆိုနေတဲ့အချိန်မှာ ဝိုင်းကြည့်နေတဲ့ ပရိသတ်တွေရဲ့ မျက်လုံးတွေ ပြူးကျယ်ပြီး ပါးစပ်ကြီးတွေ ဟောင်းလောင်းဖြစ်ကုန်ပါတယ်။ အံ့သြခြင်းအထိမ်းအမှတ်ပါ။

'အောင်တင့်လာပြီဟေ့'

အိမ်ပေါ်က အင်တာဗျူးနေတဲ့ လူအုပ်ကြီးဟာ ကိုအောင်တင့်ဆိုတဲ့လူကို ဝိုင်းကြည့်ကြပါတယ်။

ကိုအောင်တင့်ဟာ သူပွေ့လာတဲ့ အထုပ်ကြီးကို လူလယ်ကောင်မှာချပြီး ဖြေနေတုန်းမှာပဲ-

'ဟာ..အဲဒါ ငါ့ပုဆိုးတွေလေ။ ဘယ်လိုဖြစ်သွားတာလဲ'

ညီလေးဟာ စပ်လိုက်ကကြီးကိုကြည့်ပြီး ပြောလိုက်တာပါ။

'အေး..ဟုတ်တယ်၊ သားပုဆိုးတွေကို စပ်လိုက်ကာချုပ်ပြီး ကျောင်းလှူထားတာ။ ဟုတ်ပါပြီ။ ငါ့သား ကျော်မင်းမှ ကျော်မင်းအစစ်ပါ' လို့ မှတ်ချက်ပေး အတည်ပြုလိုက်တာကတော့ ဦးကံပွင့်ပါပဲ။

ကျွန်တော့်အတွက်တော့ နားနဲ့ကြားဖူးရာက ညီလေးရဲ့လူဝင်စားဖြစ်စဉ်ကို မျက်စိနဲ့မြင်လို့ ယုံလိုက်ပါတယ်။

◆◆◆

မိဘမေတ္တာ ကြီးမားလှပါဘိ။

'ဘဝခြားပေမယ့် ကြီးမားလှတဲ့ သံယောဇဉ်နဲ့ ငါ့သားဆိုတာက ဆိုးတာမှန်ပေမယ့် မိသားစုအပေါ်မှာတော့ ကောင်းရှာပါတယ် ။ ဂျပန်ခေတ်ထဲမှာ တို့အိမ် ဓားပြတိုက်ခံရတာ ဆယ်ကြိမ်မကဘူး။ အဲဒီဆယ်ကြိမ်လုံး ဓားပြတွေ လက်ထဲ ရွှေတစ်ရွေးသားတောင် ပါမသွားဘဲ ကျော်မင်းဓားနဲ့ခုတ်၊ လှံနဲ့ထိုးလိုက်တဲ့ ဒဏ်ရာတွေပဲ ပါသွားတယ်' လို့ ဦးကံပွင့်ပြောနေချိန်မှာ အမေ ညီလေးကိုနို့တိုက်ရင်း ပြောဖူးတဲ့စကားကို သတိရလိုက်ပါတယ်။

'တို့ ဒီနေ့ စီးပွားရေးဟန်မပျက်နေနိုင်တာ ငါ့သား ကျော်မင်းကျေးဇူးကြောင့်။ အဲဒီတော့ အဖေ့ဆန္ဒကို မကန့်ကွက်ကြပါနဲ့' လို့ပြောပြီး ကျွန်တော့်မိဘနှစ်ပါးကို ခေါ်တွေ့ပါတယ်။

ကျွန်တော့်ညီလေးအတွက်ဆိုတဲ့ပြီး လယ်ဆယ်ဧက၊ ကျွဲတစ်ရှဉ်း၊ လှည်းတစ်စီးနဲ့ ဘဝဟောင်းက ညီလေးပိုင်ဆိုင်ခဲ့တဲ့ ရွှေ၊ ငွေ၊ လက်ဝတ်ရတနာတွေပါ အမွေပေးလိုက်လို့ အသက်ရှစ်နှစ်သားသာရှိသေးတဲ့ ကျွန်တော့်ညီလေးဟာ နေ့ချင်းညချင်း လယ်ရှင်ယာရှင် သူဌေးပေါက်စလေးဖြစ်သွားပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

တစ်သက်လုံး ကံမကောင်းခဲ့တဲ့ညီလေး ရှေ့ဆက်ဘဝ ခရီးလမ်းမှာ ကံကောင်းခြင်းရလဒ်တွေနဲ့ပဲ ကြုံတွေ့ပါစေလို့ ဆုတောင်းရပါတယ်။

♦ ♦ ♦

ကျွန်တော့်ဆုတောင်း မပြည့်ပါဘူး။

ညီလေးဟာ ဘဝဟောင်းက ဦးကျော်မင်းရဲ့ ဇ,လေးတွေ ပါလာပါတယ်။ အရွယ်ရောက်လာတဲ့အခါ အရက်၊ မိန်းမ၊ လောင်းကစား ဘာတစ်ခုမှ မလွတ်ကင်းပါဘူး။ တစ်ဖက်သားကို ရိုက်နှက်ထိုးကြိတ်ရာမှာလည်း သိပ်ပြီး လက်ယဉ်ပါတယ်။

ပိုးမွေးသလို မွေးခဲ့ရတဲ့အမေဆို မျက်ရည်နဲ့မျက်ခွက်ပါ။ ကျွန်တော်ဆို ရင်ထုမနာဖြစ်ရပါတယ်။ ညီလေးမိန်းမ မအိဆို လင်ဆိုးမယား တဖားဖားဆိုသလိုပါ။

တစ်ရက်မှာတော့ ညီလေးဟာ အရက်ကလည်းမူး၊ ဖဲကလည်းရှုံးရှုံးနဲ့ ပြန်လာစဉ်မှာ ရွာလယ်ဆွမ်းလောင်းဇရပ်ပေါ် ပုဆိုးခြုံကွေးနေတဲ့လူကို ဆဲဆိုကန်ကျောက်ပြီး နှိုးပါတယ်။ ခြေတစ်ဖက်မသန်တဲ့ ဒုက္ခိတစံရွှေပါ။

'ငါ့ကို အရက်တစ်ပုလင်း ရှာပေးစမ်း'

'ခင်ဗျားမူးနေပြီ၊ မသောက်ပါနဲ့ ကိုစိန်ချစ်တီးရာ။ ကျွန်တော်လည်း အဖျားတက်လို့ ကွေးနေတာပါ။ အဖျားကျဆေးတောင်ဝယ်ဖို့ ပိုက်ဆံမရှိလို့ ပေခံနေရတာပါ'

'မင်း ရှာပြီးမဝယ်ပေးဘူးပေါ့'

'ခင်ဗျား မရစ်နဲ့ဗျာ။ သွားတော့'

ဒုက္ခိတစံရွှေ ဒီလိုပြောရကောင်းလားဆိုပြီး လိမ့်ကန်ရင်း သူ့ခါးမှာထိုးထားတဲ့ဓားမြှောင် လွတ်ကျသွားလို့ ဒုက္ခိတစံရွှေ ကုန်းကောက်ပြီး-

'စွပ်'

'အား'

'စွပ်··စွပ်··စွပ်'

'စံရွှေ··ကျွန်တော့်ကို ဓားနဲ့ထိုးနေလို့ လာကြပါဦး'

ညီလေးရဲ့ နောက်ဆုံးနှုတ်ထွက်စကားသံပါ။ နာနာကြည်းကြည်းနဲ့ ဒုက္ခိတစံရွှေရဲ့ ဓားချက်ပေါင်းများစွာနဲ့ နေရာတင် ပွဲချင်းပြီးသေဆုံးသွားပါတော့တယ်။

ကိုယ့်ဓားနဲ့ကိုယ် အထိုးခံရတဲ့ ကျွန်တော့်ညီလေးရဲ့ ဒုတိယဘဝနိဂုံးပဲ ဖြစ်ကြောင်းပါခင်ဗျာ။

ရှစ်ခွင်ကျော်-ဖောင်တော်သီ


ယတြာဆရာမ ဒေါက်တာခင်မျိုးတင့်

(နက္ခတ္တဗေဒ၊ မြန်မာ့ဗေဒင်၊ နဝင်းစီးပညာ)

Ph.D (Hon - Doctor of Astrology)

အရေးကြီးတဲ့ကိစ္စရှိရင် လာခဲ့ပါ။

အမျိုးသမီးများ၏ အခက်အခဲများကို ဦးစားပေးဆောင်ရွက်ပေးပါသည်။

စာမေးပွဲ၊ အောင်ပွဲဝင်ယတြာများ၊ ထိရောက်ထက်မြက်သော နဝင်းစီးပွဲယတြာများ ဆောင်ရွက်ပါသည်။

အခန်း(၄)၊ အနောက်ဘက်မုခ်၊ ရွှေသိန်းနှစ်ကောင်အနီး၊ မဟာဝိဇယစေတီ၊ ရန်ကုန်မြို့။ ☎ ၀၉၅၀၇၅၈၂၇



ဒေါက်တာယတြာဆေဒီ

Ph.D (India)., M.Sc (Chemistry)

ရှေ့ဖြစ်တွေ၊ နောက်ဖြစ်တွေ လုပ်မနေနဲ့

ဘာဖြစ်နေလဲ၊ ဘာဖြစ်ချင်လဲ၊ ဘာလုပ်ပေးရမလဲ

လက်ရှိကြုံတွေ့နေတဲ့ အခက်အခဲတွေ ဖြေရှင်းဖို့အတွက်

ထိထိမိမိ ဓာတ်ရိုက်၊ ဓာတ်ဆင် ယတြာဆောင်ရွက်လိုလျှင်···

ကြိုတင်ရက်ချိန်းယူပါ

လူမှုရေးပိုင်း၊ ဂုဏ်သိက္ခာပိုင်းနှင့် ပတ်သက်၍ ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။

အမှတ်(၆၆)၊ အခန်း(၄)၊ ဒုတိယထပ်၊ ကုန်ဈေးတန်းလမ်း၊(အောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၉၅၀၁၀၇၃၅




www.burmeseclassic.com

www.burmeseclassic.com

အော်ဒါမှာသူရှိလျှင် တောတောင်ပေါ်တက်ကာ လှဲဖြတ်ခွဲစိတ်ပြီး ဖျဉ်းစားမနှင့် ရွေပေးကြသည်။ စရွေးကျွမ်းကျင်ကြ၍ သူတို့ရွေပေးသောတိုင်များမှာ စက်ကျနှင့်ခွဲမရလောက်အောင် ကောင်းလှသည်။



သူတို့မိဘများက လက်လုပ်လက်စားများဖြစ်ပြီး တောတောင်ကိုသာမှီ၍ လုပ်ကိုင်စားခဲ့ကြသည်။ သားသမီးတို့မှာလည်း မိဘများနှင့်အတူ လိုက်ပါလုပ်ဆောင်ရင်းကပင် ကျွမ်းကျင်လာခဲ့ကြခြင်းဖြစ်သည်။ သူတို့ရွာထဲတွင် တောင်ပေါ်သစ်တောကိုအမှီပြုကာ လုပ်ကိုင်စားသောက်ကြသည့် လက်လုပ်လက်စားများဦးရေ တော်တော်များများ ရှိခဲ့သော်လည်း သူတို့လောက် သေသေသပ်သပ်မရှိလှပေ။ တိုင်ခွဲလျှင် တိုင်ဖြစ်လျှင်ပြီးရော သဘောထားလုပ်ပေးခဲ့ကြ၍ ငွေသိန်းတို့၏ လက်ရာကိုတော့ မမီကြပါချေ။

ငွေသိန်းနှင့် ငွေအောင်တို့ ညီအစ်ကိုက ရွာထဲတွင် စရွေးအကောင်းဆုံးဖြစ်ကြ၏။ စက်တုံး၊ ထမ်းပိုးတုံး၊ လေးပတ်လည်၊ ခြောက်ပတ်လည်၊ ရှစ်ပတ်လည်တိုင်များအား

"ဟေ့..ငွေသိန်း၊ ငါ့အိမ်က နေလို့မဖြစ်တော့ဘူးကွ။

www.burmeseclassic.com

www.burmeseclassic.com

ဒီနှစ်နွေမှာ အသစ်ပြန်ဆောက်ရမှာမို့ မင်းတို့ညီအစ်ကို ‚ကို ပျဉ်းကတိုးတောင်တစ်စုံစာ လာမှာရတာပဲ။ တခြားကောင် တွေက မင်းတို့လောက် စေ့စပ်သေချာမှုမရှိတော့ သူတို့ကို မမှာချင်ဘူးကွာ'

'လုပ်ပေးရမှာပေါ့ ဦးလေးသိန်းရယ်။ ပျဉ်းကတိုးအနီ သားလိုချင်သလား၊ အနက်သားလိုချင်သလား ကြိုက်ရာမှာ ပါဗျာ'

'အို··ပျဉ်းကတိုးအနက်သားရရင်တော့ ပိုကောင်းတာ ပေါ့ကွာ။ ပျဉ်းကတိုးအနက်သားက အနီသားထက် ပိုပြီးမာ ကျောလေတော့ အိမ်တိုင်များဆောက်ထားခဲ့လျှင် တစ်သက် နေရာပဲမဟုတ်လား'

'ကောင်းပြီလေ။ အနက်သားရှာပြီး ခွဲပေးပါ့မယ်။ ဘယ်နေ့လောက်ယူချင်တာလဲ ဦးလေးသိန်းရဲ့'

'တပေါင်းလဆန်းရက်ထဲရရင် ပိုကောင်းတယ်ဟေ့။ ဒါမှ မိုးလွတ်လေလွတ် အိမ်ပြန်ဆောက်နိုင်မယ်လေကွာ'

ငွေသိန်းတို့ညီအစ်ကိုမှာ နွေဘက်ရောက်လျှင် တိုင်ခွဲ ပေးရန် အပ်လာကြသဖြင့် ရွာတွင်နေရသည်မရှိလှဘဲ တော တောင်ထဲတက်ကာ ညအိပ်ပြီး ခွဲပေးခဲ့ကြရသည်။

ကျေးလက်ဆိုတော့ အုတ်၊ ဘိလပ်မြေတို့နှင့် တိုက်တာ ဆောက်ကာ ခိုင်ခိုင်ခံ့ခံ့ဆောက်ပြီး မနေနိုင်ကြ၍ ပျဉ်ထောင် အိမ်အတွက် ခိုင်မာသော ပျဉ်းကတိုးတိုင်များ မှာယူကြ ကာ လေမိုးဒဏ်ခံနိုင်သည့်အိမ်များ ဆောက်လုပ်ကြရလေ သည်။

'အစ်ကိုရေ··တိုင်အော်ဒါတွေတော့ သုံး‚လေးဦး မှာ လာကြပြီလေ။ ဒီနွေမှာ အပြီးခွဲပေးကြရမှာပဲ။ ဒီတော့ ဘယ်သူ့တိုင်ကို အရင်သွားခွဲကြမလဲ အစ်ကို'

'အို··ဦးလေးသိန်းက အရင်ဆုံးမှာထားတာဆိုတော့ ဦးလေးသိန်းအတွက် ပျဉ်းကတိုးအနက်သား အရင်ခွဲပေးရ မယ် ငွေအောင်ရ'

'ဟင်··ပျဉ်းကတိုးအနက်သားက တော်တော်ရှားတာ ပဲ အစ်ကိုရ။ တောခပ်နက်နက်ထဲထိ လိုက်ရှာပြီး ခွဲကြရ မှာပဲ'

'အေးလေကွာ၊ ဦးလေးသိန်းက တကူးတက ငွေပို ပေးပြီးမှာတာဆိုတော့ ရအောင်ရှာဖွေပြီး ခွဲပေးရမှာပဲဟေ့'

ညီအစ်ကိုနှစ်ယောက်လည်း လေးပင်ပတ်လည်အိမ် ကြီးအတွက် တိုင်လုံးရေတော်တော်များများ ခွဲပေးရမည်ဖြစ် ၍ ရက်ကြာပေမည်။ တောထဲ၌ ညအိပ်ပြီးခွဲနိုင်ရန် အိမ်မှ စားရိက္ခာအပြည့်အစုံယူသွားရန်လိုသဖြင့် ဝယ်ခြမ်းစုဆောင်း နေကြရသည်။

'ဟေ့··ငွေအောင်··မင်း သပ်တွေ၊ တူတွေ အစုံထည့် ပြီးပြီလား'

'ထည့်ပြီးပြီလေ။ ကျွန်တော်က စားရိက္ခာထုပ်နဲ့ ဖျဉ်း ဓားမ ထမ်းလာခဲ့မယ်။ အစ်ကိုက တူနဲ့လွှထမ်းခဲ့ဗျာ'

ညီအစ်ကိုနှစ်ယောက်လည်း ပစ္စည်းကိရိယာအစုံနှင့် စားရိက္ခာအထုပ်ကိုလွယ်ပိုးကာ တောတက်လာခဲ့ကြသည်။

'ကျွန်တော်တို့ခွဲပေးရမှာက ပျဉ်းကတိုးအနက်သား ဆိုတော့ တော်တော်ရှာဖွေကြရမှာပဲ အစ်ကိုရ'

'အေးလေကွာ··ပျဉ်းကတိုးအနီသာပေါတာ၊ အနက်က သိပ်ရှားတယ်ကွ။ ဒါပေမဲ့ကွာ ဈေးပိုပေးထားတာဆိုတော့ တောနက်ထဲအထိ မတွေ့တွေ့အောင်ရှာပြီး ခွဲပေးရမှာပေါ့'

ညီအစ်ကိုနှစ်ယောက် ရွာမှ စောစောထွက်လာခဲ့ကြရာ နံနက်ကိုးနာရီအချိန်ခန့်တွင် ကြောကြီးထိပ်သို့ ရောက်လာခဲ့ ကြသည်။ တောင်တက်ကလည်းဖြစ်ပြန်၊ ပစ္စည်းများလည်း သယ်ပိုးယူလာခဲ့ကြရ၍ မောပန်းလာခဲ့ကြသည်။

'အစ်ကိုရေ··ကြောထိပ်မှာ အရိပ်ကောင်းကောင်းတွေ့ ရင် ခဏနားပြီး အမောဖြေရင်း ရေလေးဘာလေးသောက် ကြရအောင်ဗျာ'

'အေးကွာ။ လေးကလေး၊ တောင်တက်လည်းဖြစ်၊ နေကပူတော့ ပင်ပန်းကြပြီကွ'

ကြောထိပ်ပေါ်ရောက်လျှင် ပစ္စည်းများကိုချကာ နား နေကြသည်။

'အစ်ကို··ဒီမှာစောင့်ကျန်နေခဲ့ဗျာ။ ကျွန်တော် အောက် ဘက်ထဲဆင်းသွားပြီး ရေသွားရှာဦးမယ်'

'အေး··အေး··ခွားယူသွားဟေ့'

ကွမ်းတစ်ရာညက်ခန့်ကြာလျှင် ငွေအောင် ဝါးဘူးနှင့် ရေထည့်၍ မြောင်ထဲမှ ပြန်တက်လာခဲ့သည်။ ကြောကြီး ထိပ်တွင် လူသံသူသံတို့က တိတ်ဆိတ်နေသည်။ တောပျော် ငှက်ကလေးများ၏ အော်မြည်သံများသာ ကြားနေရသည်။ တောင်ခြေကျေးလက်မှ ရွာသားများက ထင်း၊ ဝါးများကို ကြောကြီး၏ အရှေ့ဘက်စောင်း၌သာ ရှာဖွေခုတ်ယူကြ သည်။ ဝေးလှသောကြောကြီးထိပ်ပေါ်သို့ တက်မလာခဲ့ကြ ချေ။ သူတို့ညီအစ်ကိုသာလျှင် ပျဉ်းကတိုးအနက်သားတိုင်ခွဲ ယူရန် တက်လာခဲ့ကြခြင်းဖြစ်သည်။

'ငွေအောင်ရေ··ငါတို့ ကြောကြီးရဲ့အနောက်ဘက်ထဲ

www.burmeseclassic.com

www.burmeseclassic.com

ဆင်းလာနေပြီကွ။ ပျဉ်းကတိုးအနက်ပင်ကို သေချာကြည့်သွားကွာ။ ဒီလို တောနက်လာတော့ တွေ့နိုင်တယ်ဟေ့'

ပျဉ်းကတိုးအနက်က အကြောတွေယှက်နေသဖြင့် ခွဲစိတ်ရသည်လည်း ခက်ခဲလှသည်။ သစ်တုံးတွင် ဓားနှင့် မြောင်းပေးပြီးမှ သပ်ရိုက်၍ တဖြည်းဖြည်းခွဲယူရသည်။

'ဟော..အစ်ကို၊ ဒါ ပျဉ်းကတိုးအနက်ပင်မဟုတ်လား'

'အေး..အနက်ပင်ကော့ဟုတ်တယ်။ ဒါပေမဲ့ ပင်စည်လုံးက သေးတယ်ကွာ။ ဟိုင်ခွဲရင်လည်း တိုင်နှစ်လုံးစာပဲရမှာကွ။ ဒီအပင်လှဲလို့ မဖြစ်သေးပါဘူးကွာ။ ဒါထက်ကြီးတဲ့ အပင်ကို ဆက်ရှာကြမှပဲဟေ့'

သူတို့ တောင်ကုန်းတောင်စောင်းများအား ဆင်းလိုက်တက်လိုက်နှင့် အပင်ပန်းခံကာ လိုက်ရှာနေကြရသည်။

'တော်တော်ရှားပါးတာပဲဗျာ။ ခုချိန်ထိမတွေ့သေးဘူး'

'အေးကွ၊ ငါတို့ရှာဖွေလာခဲ့ကြတာ တောလည်း တော်တော်နက်လာပြီ'

'ဒီတောင်ကုန်းပေါ်မှာတော့ တွေ့နိုင်ကောင်းပါရဲ့ကွာ။ သစ်ပင်ကြီးတွေ တော်တော်ပေါတာပဲကွ'

'ဟာ..တွေ့ပြီ ဒွေးအောင်ရေ'

'ဟာ..ဟုတ်ပါရဲ့။ အပင်ကြီးက ကြီးလည်းကြီး၊ မြင့်လိုက်တာလည်း လွင့်နေတာပဲနော်'

'အေး..ဒီလိုအပင်ကြီးပြီး ရင့်မှ တိုင်အတွက်ကောင်းတာလေကွာ။ ပြီးတော့ ဒီတစ်ပင်လှဲလိုက်ရုံနဲ့ ပိုင်းဖြတ်ပြီး တိုင်တစ်စုံစာကို တစ်နေရာတည်းတင် ခွဲယူနိုင်မယ်ကွ'

'ဟုတ်တယ် အစ်ကိုရေ။ ဦးလေးသိန်းတို့ ခွဲထားပြီးသားတိုင်တွေကိုလည်း တစ်နေရာတည်းက လွယ်လင့်တကူ ဆွဲယူနိုင်တာပေါ့လေ'

'ကဲဟေ့ ငါ့ညီရေ..ဒီအပင်ကြီးကိုပဲ ဖြတ်လှဲပြီး တိုင်ခွဲယူကြရမှာပဲကွ'

ထိုသစ်ပင်တွေ့သောအချိန်မှာ မွန်းတည့်ချိန်လောက်ဖြစ်၍ နေ့လယ်စာစားချိန် ရောက်လာလေသည်။

'ငါတို့ သစ်ပင်လှဲတာတော့ နေ့ခင်းကျမှပဲ လှဲကြတာပေါ့။ အခုတော့ အိမ်ကထုပ်ယူလာတဲ့ ထမင်းထုပ်ကို အောက်ဘက်မြောင်ထဲ ဆင်းကြပြီး ရေတွေ့မှ စားလိုက်ကြတာပေါ့'

နှစ်ယောက်သား ဖြတ်လှဲမည့်သစ်ပင်ရင်းတွင် ပစ္စည်းများချထားခဲ့ကာ နေ့လယ်စာစားရန် အောက်ဘက်အနိမ့်ထဲ ဆင်းလာခဲ့ကြ၏။

'ဟာ..ဒီမြောင်ထဲမှာ စမ်းရေတွေ ရှိနေသေးတာပဲ'

'ဟန်ကျတယ်ဟေ့။ သစ်ပင်လှဲမယ့်နေရာနဲ့ ရေနဲ့နီးတော့ ချက်ပြုတ်စားသောက်ရမှာ လွယ်ကူတာပေါ့ကွာ'

ရေစပ်သို့ရောက်၍ ထမင်းထုပ်ကို ဖြေကြသည်။

'ဟင်းက ငါးပိချက်ပဲကွ'

'ဒါဖြင့် တို့မြိန်မြိန်စားရအောင်။ ငါရှာလိုက်ဦးမယ်ကွာ။ ခဏစောင့်ဦးဟေ့'

ငွေသိန်းလည်း မြောင်ထဲလိုက်ရှာရာ မြင်းခွာရွက်၊ ကန့်ဂလာရွက်၊ မြောင်ရေစပ်တွင်ပေါက်နေသော မိုးမခရွက်နုများကိုခူးယူကာ ရေသန့်သန့်ဆေးယူလာခဲ့သည်။ ဖြန့်ထားသောထမင်းထုပ်ဖက်ပေါ်တွင်ပုံထားကာ တောပိုင်တောင်ပိုင်များအား စားဦးစားဖျားတင်မြှောက်ပြီးမှ ညီအစ်ကိုနှစ်ယောက် ဆာဆာနှင့် စားခဲ့ကြလေသည်။

'ငါတို့ နေ့ခင်း ပူပူမှာတော့ ဒီမြောင်ထဲမှာပဲ နေရိပ်ခိုနေကြပြီး နေစောင်းသွားမှ ကုန်းပေါ်ပြန်တက်ပြီး အပင်ကြီးကို လှဲကြတာပေါ့ကွာ'

ညနေစောင်းအချိန်တွင် သူတို့ အပင်ကြီးကို လှဲဖြတ်နေကြတော့သည်။

'ဟောဒီကုန်းစောင်းပေါ်အတိုင်း လဲကျအောင် လှဲချရမှာပဲကွ။ ဒါမှ ပိုင်းဖြတ်ပြီး တိုင်ခွဲယူကြရမှာလေ'

သစ်ပင်ကြီးက ကြီးမားလှသဖြင့် တော်တော်နှင့်မလဲပေ။ နားနားပြီး ဖြတ်နေကြရသည်။

'ဟော..သစ်ပင်ကြီးလှုပ်လာပြီဟေ့။ သတိထားပြီး ဆွဲဟေ့'

နှစ်ယောက်သား ပြတ်လုပြတ်ခင်ဖြစ်နေသောအပင်ကြီး လဲကျစေရန် လွှကို ခပ်သွက်သွက်ဆွဲပေးနေကြသည်။

'သစ်ပင်ကြီးယိုင်လဲလာပြီကွ။ လွတ်အောင်ရှောင်ဟေ့'

'ဗျော..ဗျော..ဖြုန်း'

'ကုန်းစောင်းပေါ်အတိုင်းကို ကွက်တိလဲကျတာပဲဟေ့'

'ကဲ..တော်ပြီဟေ့။ အချိန်လည်းနည်းသွားပြီ။ ငါတို့ ညစာချက်ပြုတ်စားရဦးမှာဆိုတော့ မနက်လင်းမှပဲ ပိုင်းဖြတ်ကြတာပေါ့ကွာ'

ညီအစ်ကိုနှစ်ယောက် အောက်မြောင်ထဲဆင်းကာ ထမင်းချက်ကြသည်။ ဟင်းကတော့ ဆူလွယ်နပ်လွယ်ပါလာသောငါးခြောက်ကို မီးဖုတ်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

'ဟောဒီမှာ ငွေးအောင်ရေ၊ ဒီရေထည့်ထားတဲ့ဝါးဘူးကို မီးဖိုမှာထောင်ပြီး ရေနွေးတည်ကွာ။ ညရောက်တော့ မအိပ်သေးမီ သောက်ကြရတာပေါ့'

မကြာမီ ရေနွေးဆူပွက်လာ၍ လက်ဖက်ခြောက်ခတ်ပြီး နှပ်ထား၏။ ပြီးမှ ညစာကို ရေနွေးသောက်၍ စားသောက်ခဲ့ကြလေသည်။ ညဘက်တွင် သစ်ပင်ကြီးအနီး၌ နေရာယူကြကာ မီးထည့်ထားပြီး အိပ်ခဲ့ကြသည်။

တစ်နေကုန် ခရီးကပန်း၊ သစ်ပင်လှဲနှင့် မောမောနှင့် အိပ်ပျော်ခဲ့ကြတော့သည်။

◆◆◆

နောက်နေ့လင်းလျှင် လဲနေသောသစ်ပင်ကြီးကို တိုင်းထွာ၍ဖြတ်ကြသည်။ သစ်ပင်ကြီးကို သစ်လုံးများဖြတ်ရသည်နှင့် မွန်းတည့်ချိန်ရောက်လာခဲ့သည်။

'ငွေးအောင်ရေ··နေ့လယ်စာ စားကြရအောင်ဟေ့။ သစ်လုံးကိုတော့ ညနေပိုင်းရောက်မှပဲ ခွဲယူကြတာပေါ့ကွာ'

ညနေပိုင်းတွင် သစ်လုံးတစ်လုံးကို သပ်ရိုက်၍ စတင်ခွဲကြတော့သည်။ ပျဉ်းကတိုးအနက်သားဖြစ်၍ အကြောတွေက ယှက်နေသဖြင့် ခက်ခက်ခဲခဲရိုက်ခွဲနေကြရသည်။ တစ်ညနေပိုင်းခွဲခဲ့ရာ သစ်တစ်လုံးသာ ခွဲစိတ်နိုင်ခဲ့လေသည်။

'ကဲ··ခွဲပြီးသားခွဲခြမ်းတွေကို တိုင်ရွေကြမယ်ဟေ့။ နောက်မှပဲ ကျန်တဲ့သစ်လုံးတွေ ဆက်ပြီးခွဲကြမယ်'

သစ်ခွဲခြမ်းတစ်ခြမ်းအား သစ်သားချောင်းနှစ်ချောင်းကို အရင်း၌တစ်ချောင်း အဖျားဘက်၌ တစ်ချောင်းခံပြီးတင်ကာ ဖျဉ်းဓားမဖြင့် လေးဖက်ကျခြောက်ပတ်လည်တိုင်များ ဖျဉ်းယူခဲ့ကြသည်။ သစ်တစ်လုံးကို တိုင်လေးလုံးရရှိလေသည်။ ကျန်သစ်လုံးများကိုဆက်ခွဲကာ တိုင်ရွေခဲ့ကြသည်။

တိုင်ရွေပြီးသောတိုင်များကို ဦးလေးသိန်းအား စွတ်နှင့်တက်ဆွဲယူစေခဲ့သဖြင့် တိုင်ရစ်လုံးဆွဲယူသွားလေပြီ။ ကျန်သောတိုင်များကို နောက်ရက်များ၌ ဆက်လက်ခွဲစိတ်၍ တိုင်ဖျဉ်းနေခဲ့ကြလေသည်။

'ဗျင်း··ဗျင်း··ဝေါ··ဝေါ··ဝေါ'

'ဖောင်း··ဖောင်း··ဖောက်'

ညီအစ်ကိုနှစ်ယောက် မောမောနှင့် အိပ်မောကျနေကြရာမှ တဖျင်းဖျင်း တဖောင်းဖောင်းအသံများကြောင့် လန့်နိုးလာခဲ့ကြသည်။

'ဟာ··ငွေးအောင်ရေ၊ ကောင်းကင်ကြီးတစ်ပြင်လုံးရဲထိန်နေပါလား။ တောမီးလောင်နေတာပဲကွ'

'ဟာ··အပူရှိန်တောင်ဟပ်လာနေတော့ တောမီးကတော်တော်နီးလာနေပြီပဲ'

'အစ်ကို··ဒါဆို မဖြစ်တော့ဘူး။ တောမီးက တစ်ရှိန်ထိုးပြေးပြေးလောင်လောင်နဲ့ လောင်လာတာဆိုတော့ ကျွန်တော်တို့ မီးလွတ်အောင် ပြေးကြတော့မှပဲဗျ'

'အေး··ဟုတ်တယ်ဟေ့။ ပြေးနိုင်မှ လွတ်ကြမယ်ဟေ့'

နှစ်ယောက်သား မီးနှင့်ဝေးရာသို့ အသားကုန်ပြေးလာခဲ့ကြရာ လဲလိုလဲ၊ ကွဲလိုကွဲနှင့် ခရီးအတော်ဝေးဝေးသို့ ရောက်လာခဲ့ကြသည်။

'အစ်ကို··ကျွန်တော်တို့ ဘယ်နေရာကို ရောက်လာကြတာလဲဟင်'

'ဟာ··ဘယ်သိတော့ပါမလဲကွာ။ မီးလွတ်အောင်သာ ပြေးမိပြေးရာ ပြေးခဲ့ကြတာပဲ'

မနားတမ်းပြေးလာခဲ့ကြသဖြင့် မီးနှင့်အတော်ဝေးဝေး ရောက်ခဲ့ကြ၏။

ရေတွေ့သောမြောင်တစ်မြောင်အား၌ ရေသောက်ပြီး မှေးနေကြစဉ် သူတို့နားထဲ၌ သေနတ်သံတွေကို တဒိုင်းဒိုင်း တဖောင်းဖောင်းအသံများ ကြားလာကြသဖြင့် ထိုနေရာမှ ဆက်လက်ပြေးထွက်လာခဲ့ကြရပြန်သည်။

'ဟာ··ဒီတောင်ကုန်းပေါ်က ကြေးစည်သံကြားရပါလား။ ဇေက္က ဘုန်းကြီးတောရကျောင်းများ ရှိနေသလားပဲကွ'

ထိုတောင်ကုန်းပေါ်လိုက်ကြည့်ကြရာ တောရကျောင်းကို မတွေ့ကြရချေ။

'ဟင်··ဒီမှာ ဘုရားပျက်တစ်ဆူပါလား'

'ဟာ··ဘုရားရှေ့မှာ အရုဏ်ဆွမ်းကပ်လှူထားတာပါ





www.burmeseclassic.com

www.burmeseclassic.com

လား။ ဒီလောက်တောကြီးထဲကို ဘယ်သူကများ စောစော လာပြီး အရုဏ်ဆွမ်းကပ်လှူထားတာပါလိမ့်'

ထိုအချိန်တွင် လင်းလာနေပြီဖြစ်၍ ပတ်ဝန်းကျင်ကို လင်းလင်းရှင်းရှင်းမြင်နေရပြီ။

'ထူးဆန်းလိုက်တာကွာ။ ဘုရားစေတီပျက် အနီးအနား မှာ ကျောင်းလည်းမတွေ့ရ၊ လူနေအိမ်၊ တဲတွေလည်း မရှိပါ ဘဲနဲ့ စောစောအရုဏ်ဆွမ်းကပ်လှူတာတွေ့ရတော့ တော် တော်အံ့ဩစရာပဲကွာ'

ညီအစ်ကိုနှစ်ယောက်လည်း ထိုဘုရားပျက်နားမှ ဆင်း လာခဲ့ကြရာ သုံး,လေးမိုင်ခန့်အရောက်တွင် တောပေါ်သို့ တက်လာကြသော လူတစ်စုနှင့်တွေ့၍ သူတို့တွေ့မြင်ခဲ့သည် တို့ကို ပြောပြခဲ့ကြလေသည်။

'ဟာ..မင်းတို့တွေ့ခဲ့တဲ့ ဘုရားပျက်က ဟိုတစ်ချိန်က တောရဘုန်းကြီးကျောင်းနဲ့ ဘုရားစေတီပေါ့ကွာ။ ဂျပန်ခေတ် မှာ ဂျပန်တွေက အဲဒီကျောင်းကို သူတို့ရဲ့တပ်စခန်း လုပ် ခဲ့ကြပြီးနေနေတော့ ဗြိတိသျှလေတပ်က ဗုံးကြဲတိုက်ခိုက် ခဲ့တယ်လေ။ ဂျပန်တွေ အတုံးအရုံးသေကျေခဲ့ကြတယ်။ တောရဘုန်းကြီးကျောင်းကြီးလည်း မီးလောင်ပျက်စီးသွား ပြီး ဘုရားစေတီလည်း ပျက်စီးပြိုပျက်ခဲ့ရတယ်။ ဒါကြောင့် ဘုရားစေတီရဲ့အောက်ဘက် မြောင်ထဲမှာ သေဆုံးခဲ့ကြတဲ့ ဂျပန်တွေဟာ မကျွတ်မလွတ်ခဲ့ကြဘဲ တိုက်ပွဲဖြစ်သလို သေ နတ်သံတွေ ကြားခဲ့ကြရတာပဲ။ ဘုရားစေတီပျက်ကလေးမှာ တော့ လူသူမနီးပေမယ့် အမြဲတမ်းပဲ အရုဏ်ဆွမ်းကပ်ထား တာကို တွေ့မြင်ခဲ့ရတာပဲ။ ဘယ်သူဘယ်ဝါက လာပြီးကပ် လှူတယ်လို့ မသိရပေမယ့် အစောင့်အရှောက်တွေက ဘုရား စေတီပျက်မှာ လာကပ်လှူခဲ့တယ်လို့ပဲ ထင်မှတ်ရတာပဲ'

'အေးဗျာ..ဘုရားကုန်းအောက်ဘက် မြောင်ထဲမှာ တော့ တိုက်ပွဲဖြစ်နေသလားလို့တောင် ထင်မှတ်ရတယ်။ သေနတ်သံတွေ ကြားခဲ့ရပြီး တောင်ကုန်းပေါ်တက်ရောက် တော့ စေတီပျက်ကလေးမှာ အရုဏ်ဆွမ်းကပ်ထားတာကို ထူးထူးဆန်းဆန်းတွေ့ခဲ့ရတာကတော့ သိပ်ကိုထူးဆန်းလွန်း လှသဗျာ'

ငွေသိန်းတို့ညီအစ်ကိုလည်း သူတို့ရောက်ရှိနေသော နေရာကို မေးစမ်းကာ ထိုနေရာမှ သူတို့အရပ်သို့ ပြန်လာခဲ့ ကြလေတော့သည်။

တင့်ထူး(ဇေယျဝတီ)








www.burmeseclassic.com

www.burmeseclassic.com

ငယ်ကချစ်ဟောင်း အနှစ်တစ်သောင်း မမေ့ကောင်း ဟူသောစကားသည် ရှေးကပင်ရှိလာခဲ့သည်။ အရာရာတို့သည် ကာလကြာလျှင် မေ့တတ်၏။ မေ့၍မရနိုင်သောအရာ တစ်ခုကို ထုတ်ပြပါဟုဆိုလျှင် အဓိကအားဖြင့် အချစ်ရေးသာဖြစ်သည်ဟု ရှေးဘိုးဘေတို့ မှတ်တမ်းတင်ခဲ့ကြသည်။

ထိုမှတ်တမ်းသည် လူတိုင်းမှာပင် ရှိကြ၏။ အချစ်နှင့်မကင်းသော သတ္တဝါတို့သည် ဘဝတိုင်းကို အချစ်နှင့်သာ စလာကြသောကြောင့် အချစ်သည် သတ္တဝါတိုင်းမှာပင် ရှိကြသည်ဖြစ်ရာ သတ္တဝါတစ်ယောက်အပါအဝင်ဖြစ်သော ကိုထွန်းမြအောင်၏ ရင်ထဲတွင်လည်း ထိုမှတ်တမ်းကြီးတစ်ခု တည်လျက်ရှိလေသည်။

ကာလညောင်း၍ လ၊ နှစ်တို့ ဟောင်းလာခဲ့ပြီဖြစ်သော်လည်း သတိရ၍ အတွေးစကလေး ပေါ်လာလေတိုင်း ရင်ထဲတွင် ဆွေးဆွေးမြည့်မြည့်ခံစားရ၏။

ကြိတ်၍လည်း မျက်ရည်ကျခဲ့ရ၏။ သက်မ,ကိုလည်း အကြိမ်ကြိမ်ချခဲ့ရ၏။ မခံမရပ်နိုင်သည်အထိလည်း ရင်ထဲ၌ လောင်ကျွမ်းခဲ့ရ၏။ ကုစားရန် ဆေးသည်ပင် မရှိပေ။

ဦးဇွာပထမ ဝေဒနာကို မခံစားနိုင်သည်အဆုံး ကာလနှင့် ကုစားရန်၊ ကာလနှင့်ကုစားလျှင် ရလိမ့်မည်။ ကြာညောင်းလာသောအခါ မေ့ပစ်နိုင်လိမ့်မည်ဟု ကြားဖူးသည်





www.burmeseclassic.com

www.burmeseclassic.com

ကို တကယ်ထင်ပြီး မှားယွင်းစွာဖြင့် ယုံကြည်ခဲ့သည်။ သို့သော် ထင်သလိုကား တစ်ခုမျှမဟုတ်ပေ။ ကြာလေ ဆွေးလေသာဖြစ်၏။ အကြိတ်အခဲ အမြစ်သဖွယ်တည်လျက် သာရှိနေလေ၏။ မည်သည့်အခါမှ မေ့ဖျောက်၍ ရနိုင်လိမ့်မည်ဟူ၍လည်း မထင်ပေ။

◆ ◆ ◆

သည်အဖြစ်ကား ကြာခဲ့ပြီ။ လူအသက်တစ်ဝက်ကျော်မျှပင် ရှိလာခဲ့ပြီ။ ထိုအချိန်က ကိုထွန်းမြအောင်၏အသက်သည်ပင် လူပျိုဖြန်းအရွယ် (၁၇)နှစ်မျှသာရှိသေး၏။ အချစ်နှင့်ပတ်သက်ပြီး ရင်ခုန်တတ်သောအရွယ်ဟုဆိုလျှင်လည်း မှန်သည်။ အချစ်ကို စူးစမ်းခြင်း၊ မြည်းစမ်းခြင်းသဘောကိုလည်း ဆောင်သည်။

ကိုထွန်းမြအောင်တို့မှာ ညီအစ်ကိုလေးယောက်ရှိသည်။ မိဘနှစ်ယောက်လုံး မရှိကြတော့ပေ။ အငယ်ဆုံးညီလေးကို မွေးဖွားပြီး နောက်သုံးနှစ်အလွန်တွင် အမေကွယ်လွန်သွားသည်။ နောက်တစ်နှစ်မပြည့်မီပင် အဖေလည်း ကွယ်လွန်သွားပြန်သည်။ ထို့ကြောင့် အဘွားက ကျွေးမွေးစောင့်ရှောက်လာခဲ့ရသည်။

ကိုထွန်းမြအောင်က အရွယ်ရောက်လာ၍ အဘွား၏ လယ်ယာလုပ်ငန်းများကို ဝင်ကူရသည်။ လယ်ယာလုပ်ငန်းဟူသည်မှာ ရွာများနှင့်အလှမ်းဝေးသော တောစတောင်ခြေများတွင် အလုပ်လုပ်ရသည်။ လယ်ယာလုပ်ငန်းဟူသည်မှာ နွားကျောင်းသားဘဝမှ စကြရသည်။

ယခုဆိုလျှင် ကိုထွန်းမြအောင် လယ်ယာလုပ်ငန်းခွင်သို့ ခြေလှမ်းစ၍ ဝင်လာပြီဖြစ်သဖြင့် နွားကျောင်းခြင်းနှင့်အတူ လယ်ထွန်ခြင်း စသည်တို့ကို စတင်ရသည်။ လူငှားက လယ်ထွန်ခေါင်းဆောင်ဖြစ်ပြီး ကိုထွန်းမြအောင်က နောက်လိုက် သင်ထွန်မှ စလာရသည်။ လယ်ထွန်ဖြုတ်သည်နှင့် ကိုထွန်းမြအောင်က နွားနောက်လိုက်ပြီး လယ်နားတခိုတွင် ရှိသည့် တောစတောင်စွယ်များတွင် နွားကျောင်းရသည်။

တောစတောင်စွယ်များတွင် နွားကျောင်းရင်းဖြင့်ပင် ဤဇာတ်လမ်းကို စတင်ခဲ့ခြင်းဖြစ်သည်။ ကိုထွန်းမြအောင်တို့၏လယ်ပြင်သည် ရခိုင်ရိုးမကြီး၏တောင်ခြေတွင် တည်သောကြောင့် တောင်တန်းတောင်စွယ်၊ စမ်းချောင်း၊ စမ်းအိုင်၊ ကျောက်တန်းကျောက်ဂူကြီးများလည်း ပေါသည်။

ကိုထွန်းမြအောင်က နွားများကို တောင်တန်းတောင်စွယ်များသို့ မောင်းတင်ထားလိုက်ပြီး စမ်းချောင်း၊ စမ်းအိုင်များတွင် ရေချိုးလိုက်၊ ကျောက်တန်းကျောက်စွယ်ကြီးများပေါ်တက်ပြီး ရေထဲသို့ ကျွမ်းထိုးချလိုက်နှင့် ကလေးစိတ်မပျောက်သေးသော လူငယ်တို့၏သဘောအလျောက် ပျော်နေတတ်သည်။

တစ်နေ့သောအခါတွင် စမ်းချောင်းကြီး၏ ရေညာဘက်ဆီမှ ဖြူ၊ နီ၊ ဝါ၊ ပြာ အရောင်အသွေးစုံသော ပန်းပွင့်ကလေးများ၊ သစ်ရွက်ကလေးများ ရေနှင့်မျောပါလာပြီး မွှေးရနံ့များသည်လည်း သင်းကြိုင်၍နေသည်။ တစ်ဆက်တည်းလိုပင် ပန်းပွင့်ကလေးများ မျောပါလာသည့် ရေညာဘက်ဆီမှ မိန်းကလေးတစ်ယောက်ဆိုသည့် သီချင်းသံသဲ့သဲ့မျှကို ကြားရသည်။

ကိုထွန်းမြအောင်မှာ လူပျိုပေါက်ကာလသားလေးဖြစ်သည့်အလျောက် ထိုအမွှေးအကြိုင်နံ့နှင့် သီချင်းသံကိုသာယာပြီး ရေညာထက်ဆီကို လှမ်းမျှော်စူးစမ်းစွာဖြင့် ကြည့်နေမိ၏။ ထိုအခိုက်မှာပင် ရုပ်ရည်အင်မတန်ချောမောလှပသော အစိမ်းရောင်ဝမ်းဆက်ဖြင့် ကိုထွန်းမြအောင်နှင့် ရွယ်တူမျှ မိန်းမတစ်ယောက် လျှောက်လာနေသည်ကို တွေ့လိုက်ရသည်။

မိန်းမပျိုလေးသည် နွဲ့နှောင်းညင်သာစွာဖြင့် လျှောက်လာပြီး အနားသို့ရောက်လျှင် ကိုထွန်းမြအောင်အား တစ်ချက်မျှပြုံးပြကာ "နွားကျောင်းနေတာလား"ဟု မေးလျှင် ကိုထွန်းမြအောင်လည်း အလိုက်သင့်စွာဖြင့်ပင် ခေါင်းညိတ်ပြလိုက်သည်။ မိန်းကလေးသည် အကြောင်းမဲ့စွာဖြင့်ပင် သူ၏လက်၊ခြေများကို စမ်းအိုင်မှာ လှုပ်ယမ်းဆေးကြောသလို တစ်အောင့်မျှလုပ်နေပြီးနောက် ကိုထွန်းမြအောင်၏ ရှေ့က ကျောက်တုံးမှာ ထိုင်သည်။

မိန်းကလေးသည်ကား ကြည့်လေလှလေဖြစ်သည်။ ယဉ်ကျေးသိမ်မွေ့ခြင်းလည်းရှိသည်။ ကိုထွန်းမြအောင်နှင့် စကားပြောနေကြရင်း အကြည့်ချင်းဆုံမိရာတွင် ကိုထွန်းမြအောင်၏ ရင်တစ်ခုလုံးတုန်လျက် အသက်ရှူများလုမတတ်ပင်ဖြစ်သွားမိသည်။ ကိုထွန်းမြအောင်နှင့် နာရီဝက်မျှစကားပြောနေခဲ့ပြီးနောက် မိန်းကလေးသည် ပြန်ခါနီးတွင် လက်ဆွဲနှုတ်ဆက်လိုက်သဖြင့် လျှပ်စစ်လက်ထိသို့ပင် ဖြစ်သွား၏။ ကိုထွန်းမြအောင်၏ဘဝတွင် ဣတ္ထိယတို့နှင့် ပထမဆုံးအကြိမ် တွေ့ထိဖူးခြင်းပင်ဖြစ်၏။

ထိုနေ့ထိုရက်မှစ၍ ကိုထွန်းမြအောင်နှင့် မိန်းကလေးသည် သမီးရည်းစားအရင်းအချာကြီးများ ဖြစ်လာကြ၏။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ကိုထွန်းမြအောင်မှာ လူက လယ်ထဲကို ရောက်နေသည်ဖြစ်စေ၊ အိမ်ကိုရောက်နေသည်ဖြစ်စေ စိတ်သည်ကား တောင်စွယ် ဤစမ်းချောင်းနှင့် မိန်းကလေးဆီကိုသာ လျှင်ဖြစ်၏။

ကိုထွန်းမြအောင် စမ်းချောင်းထဲက ကျောက်အိုင်သို့ ရောက်လာတိုင်းလည်း မိန်းကလေးသည် ဦးစွာပန်းပွင့်နှင့် သစ်ရွက်ကလေးများကို ရေနှင့်မျှောချပြီး သီချင်းသံပေးကာ ကိုထွန်းမြအောင်၏ထံသို့ ရောက်လာတတ်မြဲဖြစ်သည်။ ထို့နောက် တောတန်းကလေးကို အတူလျှောက်ပြီး စမ်းရေသောက်ရင်း၊ ပန်းကောက်ရင်း ကြည်နူးပျော်ရွှင်စွာဖြင့်ပင် အပျော်ကမ္ဘာလေးကို ဖန်တီးခဲ့ကြသည်။

ဤကဲ့သို့ အပျော်ကမ္ဘာလေးကို ဖန်တီးခဲ့ကြသောနေ့ရက်များမှာ လယ်ရာသီကုန်လွန်သည့်အထိပင်ဖြစ်၏။ လယ်သိမ်းပြီးသွားသောအခါ နွားကျောင်းရန် မလိုတော့ပေ။ ကိုထွန်းမြအောင်တို့အရပ်တွင် လယ်သိမ်းပြီးလျှင် ကျွဲ၊ နွားများကို စိတ်ရှိသဘောရှိ လွှတ်ပေးထားလေ့ရှိသည်။

ထိုအခါ နွားကျောင်းရန်မလိုတော့၍ ကိုထွန်းမြအောင်နှင့် မိန်းကလေးတို့မှာ သာ၍ပင်လွတ်လပ်စွာဖြင့် တောတန်းတောင်စွယ်တို့ကို ပျော်ရွှင်မြူးထူးစွာ လျှောက်လည်နေကြလေ၏။ စမ်းရေသောက်ကြ၏။ ပန်းကောက်ကြ၏။ တစ်ယောက်နှင့်တစ်ယောက် လက်ခုပ်ဖြင့် စမ်းရေကိုခပ်ပြီးလည်း တိုက်ကျွေးကြ၏။

ချစ်သက်နှင့် ရက်ကလေးများ ရင့်သန်ရှိလာသောအခါ ကိုထွန်းမြအောင်က ဒေသ၏သဘာဝအတိုင်း ချစ်သက်လက်ဆောင်တစ်ခုကို ယုံတမ်းဖလှယ်ရန် တောင်းဆို၏။ ချစ်သက်ယုံတမ်းလက်ဆောင် ဖလှယ်ကြခြင်းမှာ ရွှေ၊ ငွေ မဟုတ်ဘဲ မိမိတို့ဝတ်ဆင်လေ့ရှိသော အဝတ်တစ်စုံချင်းသာဖြစ်သည်။

မိန်းကလေးသည် တစ်အောင့်ကြာမျှ တွေဝေနေပြီးနောက် သူ၏အစိမ်းရောင်ဝမ်းဆက်တစ်စုံကိုပေး၏။ ကိုထွန်းမြအောင်ကလည်း ပိုးဝတ်စုံတစ်စုံကို ပေးလိုက်၏။ ဤကဲ့သို့ တစ်ယောက်နှင့်တစ်ယောက် နှစ်နှစ်ကာကာချစ်ကြိုက်နေကြသော်လည်း အဘယ်ကြောင့်ရယ်မသိ ကိုထွန်းမြအောင်သည် မိန်းကလေးကို ဘယ်ရွာက၊ ဘယ်သူ့သမီးဟူ၍ တစ်ကြိမ်တစ်ခါမျှ မမေးမိဘဲ အချစ်စိတ်မှာသာ နစ်မျော၍နေလေသည်။

တစ်နေ့သောအခါတွင် ကိုထွန်းမြအောင်သည် မိန်းကလေးနှင့် အပျော်လွန်ရင်း၊ လျှောက်လည်ရင်းဖြင့် ဘယ်ကဘယ်လို တစ်ရက်နှင့်တစ်ည ကုန်လွန်မှန်းမသိ ဖြစ်သွားခဲ့၏။ ကိုထွန်းမြအောင် တောထဲမှ ထွက်လာသောအခါ ရွာသူရွာသားများ ဓား၊ လှံကိုယ်စီဖြင့် လိုက်ရှာနေကြသည်ကို တွေ့ရလေ၏။

ထို့ကြောင့် ကိုထွန်းမြအောင်ကို ဖမ်းခေါ်ပြီး အဘွားဆီကို ပို့ပေးကြလေသည်။ အဘွားမှာလည်း ရွာသူရွာသားများ မြေးပျောက်ကိုလိုက်ရှာ၍ ပြန်ရလာသည်ကို တွေ့မြင်လိုက်ရသောအခါ စိုးရိမ်ခြင်း၊ အံ့ဩခြင်း၊ ဝမ်းသာခြင်း အထူးထူးသော အမူအရာများဖြင့် ကိုထွန်းမြအောင်အား အနားသို့ခေါ်ပြီး မေးမြန်းလေသည်။

"ထွန်းရေ"

"ဘုရား"

"နေလို့ရောကောင်းရဲ့မဟုတ်လား"

"ဟုတ်ပါရဲ့"

ရေ(ထွန်းရေ)မှာ ငယ်၊ လေး၊ ထွန်းငယ်၊ ထွန်းလေး ဟူ၍ဖြစ်၏။ အဘွားမှာ မင်းမျိုးမင်းနွယ်ဖြစ်၍ ခေါ်လျှင် ဘုရားဟူ၍သာ ထူးရ၏။ ဟုတ်ကဲ့၊ ကျွန်တော်ဟူ၍လည်း မသုံးရပေ။

"ထွန်းရေ..ညက ဘယ်မှာစားပြီး ဘယ်မှာအိပ်သလဲ"

"လယ်ပြင်အထက်က စမ်းချောင်းတောမှာပါ"ဟု ကိုထွန်းမြအောင်က လိမ်ရန်မဝံ့သဖြင့် အမှန်ကိုပြောလိုက်၏။

"အောင်မယ်လေး..ဖြစ်ရလေ ငါ့မြေးရယ်။ အဲဒီလယ်ပြင်ကို ချေးခံကွင်းလို့ ခေါ်တယ်ကွယ့်။ ဘုရားအလောင်းတော်နစဉ် ကြိုးကြာမင်းဟာ အဖော်အသင်းငါးရာနဲ့အတူ အိပ်တန်းပြုပြီး မစင်စွန့်ခဲ့တာကို အစွဲပြုပြီး ချေးခံကွင်းလို့ခေါ်ကြတာ။ မြေကြမ်းတဲ့နေရာမှာလည်း ကမ်းကုန်တယ်။ လူငှားနဲ့ လယ်တည်တုန်းကလည်း အပုပ်နံ့တွေထုတ်လွှတ်လို့ မကြာခဏ ရပ်နားခဲ့ရတယ်။ ဒါကြောင့် အထက်ပိုင်းကို အခုထိ လယ်မတည်နိုင်ဘဲ တောအတိုင်းလွှတ်ထားရတာ။ လယ်ထွန်ရင်းနဲ့ တောင်၊ ချောက်ကြိုမြောင်ကြားက သွေးချောင်းစီးဖူးတာလည်း ဆယ်ကြိမ်မကရှိခဲ့တယ်။ လယ်ကိုဖြတ်ပြီး ဟိုဘက်တောင်၊ ဒီဘက်တောင်ကို လူတစ်ဖက်မကကြီးတဲ့ မြွေကြီးတွေ သွားတာကိုလည်း မကြာခဏ တွေ့ရတယ်ကွယ့်။ ဒါ့အပြင် တောတန်းရိုးတန်းဆီက မြွေကြီးတွေ တွန်သံဟာလည်း နားနဲ့မဆံ့အောင်ပါဘဲ။ ဒါ တောင် ငါ့မြေးက အဲဒီတောထဲမှာ ညအိပ်ခဲ့သလား။ တော်

www.burmeseclassic.com

ပြီ၊ ဒီလောက်ဆိုရင် ငါသိပြီ။ ဒီနေ့ကစလို့ ငါ့မြေး ချေးခံကွင်းကို လုံးဝမသွားရဘူး"

ထိုနေ့မှစပြီး ကိုထွန်းမြအောင်ကို အစောင့်အရှောက်နှင့်တကွ အိမ်မှာ အကျယ်ချုပ်ချထားလိုက်၏။ ခြံပြင်ကိုမျှပင် ထွက်ခွင့်မပြုတော့ပေ။ ထိုအခါ မိန်းကလေးသည် ညတွင်ရောက်လာပြီး (အိပ်မက်ထဲ၌) ကိုထွန်းမြအောင်အား ခေါ်၏။ နေ့ခင်း ခြံထဲသို့ဆင်းလျှင်လည်း မိန်းကလေးသည် လေဟာပြင်တွင် မတ်တတ်ရပ်လျက် လက်နှစ်ဖက်ဖြင့် ယပ်၍,ယပ်၍ ခေါ်၏။ ကိုထွန်းမြအောင်အား ခေါ်၍မရသည့်အဆုံး မိန်းကလေးသည် ညှိုးငယ်သောမျက်နှာဖြင့် ငိုယိုလျက် တောတန်းဘက်သို့ ပြန်သွားလေသည်။

ကိုထွန်းမြအောင်သည် ညဘက်တွင် မိန်းကလေးနှင့် (အိပ်မက်ဖြင့် ယောင်ယမ်းပြီး) စကားပြောသည်ကိုလည်းကောင်း၊ နေ့ဘက်တွင် လေဟာပြင်က မိန်းကလေးနှင့် စကားပြောသည်ကိုလည်းကောင်း အဘွား သိ၊ မြင်၊ ကြားသွားပြီးနောက် ဆရာတစ်ယောက်အား ပင့်ခေါ်ပြီး ကိုထွန်းမြအောင်အား ရေမန်း၊ အင်းပြာတိုက်ခြင်း၊ ချည်မန်းအချုပ်စွပ်ခြင်းများကို ပြုလုပ်လိုက်ကြ၍ ထိုနေ့အချိန်မှစပြီး မိန်းကလေးသည် လုံးဝမလာတော့ပေ။ ကိုထွန်းမြအောင်ကိုလည်း သည်အတိုင်းပင် တစ်နွေကုန်အောင် (အကျယ်ချုပ်ဖြင့်) ထားကြလေသည်။ တစ်နွေကာလကို ကျော်လွန်ပြီးမှ အပြင်လောကကို သွားလာခွင့်ပြု၏။

ကိုထွန်းမြအောင်လည်း အပြင်ကို လွတ်လပ်စွာဖြင့် ထွက်ခွင့်၊ သွားလာခွင့် ရရှိပြီးနောက် ပတ်ဝန်းကျင်ကို ကြည့်ရှုအကဲခတ်ပြီး အဆင်ပြေသောတစ်နေ့တွင် လယ်ပြင်ရှိရာ ချေးခံကွင်းဘက်သို့ လျှောက်လာခဲ့၏။ ရွာနှင့် ချေးခံကွင်းသည်ကား တစ်နာရီကျော်ခရီးရှိသည်။ ထိုခရီးတစ်လျှောက်တွင် လယ်၊ ချောင်းများ၊ တောင်တန်းတောင်စွယ်လေးများကိုလည်း ဖြတ်လျှောက်၍ သွားရသည်။

မိုးတစ်ကြိမ်,နှစ်ကြိမ် ရွာပြီးစအချိန်ဖြစ်၍ တောတန်းတောင်စွယ်တို့သည် ရွက်အိုမြေခ အရိုးဖြိုင်ဖြိုင်ကျသည့်အဖြစ်မှ ကင်းလွတ်ကာ ရွက်နုများဝေလျက် ဖြူနီဝါပြာပန်းပွင့်ကလေးများဖြင့်ပင် တောတန်းတောင်စွယ်များကို အလှဆင်လျက် ရှိနေကြလေသည်။ ငှက်ကလေးတို့၏ သားပျောက်ဖော်ကွဲ ခေါ်သံများကိုလည်း ကျီကျီကျာကျာဖြင့် ကြားနေရသည်။ ဖက်ရေသောက် တောကြက်ဖတို့လည်း တွန်ကြသည်။

အပြာရောင်သန်းနေသော ကောင်းကင်အောက်တွင် မိုးဦးမိုးဖြင့် လန်းနေသည့် တောတန်းတောင်စွယ်တို့မှာလည်း ကျက်သရေရှိလှ၏။ ငှက်ကလေးတို့၏ အသံသည်လည်း သာယာဘိသည်။ မြင်မြင်သမျှသော အရာတို့သည် အလုပ်ခွင်ကို ဝင်ကြမည့် လယ်သမားတို့၏ဘဝကို တစ်အားဖြစ်စေသည်။

ကိုထွန်းမြအောင်သည် ပတ်ဝန်းကျင်တောတောင် ရှုမျှော်ခင်းများကို ကြည့်ရှုခံစားရင်း ချေးခံကွင်းဘက်ဆီသို့ ခပ်သွက်သွက်လှမ်း၏။ အတတ်နိုင်ဆုံး လူများနှင့်မတွေ့အောင် တောလမ်းကလေးကိုသာ ရွေး၍လျှောက်သည်။ ဘေးလူများနှင့်တွေ့ဆုံ၍ စကားပြောဆိုရမည့်အဖြစ်ကို မလိုလားပေ။

ကိုထွန်းမြအောင်၏ စိတ်အစဉ်သည်ကား စမ်းချောင်းနံဘေးဆီက သူ၏ချစ်သူမိန်းကလေးဆီသို့သာ ရှေးရှုလျက် ဦးတည်နေ၏။ လယ်ကွင်းအဆုံး အင်တိုင်းတောကိုဖြတ်၍ စမ်းချောင်းကလေးကို ဆန်တက်၏။ သူနှင့် မိန်းကလေးတို့ အတူတကွ ပျော်ရွှင်မြူးထူးစွာဖြင့် လျှောက်လည်နေခဲ့ကြသော တောတောင်များကိုကြည့်ရှုရင်း မိန်းကလေးနှင့် တွေ့ဆုံနေကျ စမ်းအိုင်နှင့် ကျောက်ဂူဆီသို့ ရောက်လာခဲ့သည်။

အရာရာသည် ပြောင်းလဲလျက်ရှိနေသည်။ သူနှင့် မိန်းကလေးတို့ စတင်၍တွေ့ဆုံခဲ့ကြသည်မှာ မိုးတွင်းကာလဖြစ်၏။ ထိုအချိန်မှစ၍ နှစ်ယောက်အတူ နွားကျောင်းရင်း နေ့စဉ်နှင့်အမျှ စမ်းချောင်းနှင့် တောတန်းကလေးများကို လျှောက်လည်ရင်း အပျော်ဆုံးရက်ကလေးများကို ဖြတ်သန်းခဲ့ကြသည်။

ထို့နောက် လယ်သိမ်းချိန် ဆောင်းကာလမှာပင် ကိုထွန်းမြအောင်နှင့် မိန်းကလေးတို့ လမ်းခွဲခဲ့ရသောအဖြစ်ကို ရင်ဆိုင်ခဲ့ကြရသည်။ ယခုဆိုလျှင် တစ်နွေပင် ကုန်ဆုံးခဲ့လေ





www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်အား အောက်ပါအဖြစ်အပျက်ကို ပြောပြလာသူမှာ မိတ်ဆွေဟောင်းကြီး ကိုတင်မောင်(မုဒုံ-ရွှေဇင်မောင်) ဖြစ်လေသည်။

# ကျော်ကလေးတော့်ရဲ့ မော်ကွန်း

မော်လမြိုင်

မော်လမြိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးပြီး မြို့နယ်မဂ္ဂဇင်းထုတ်ဝေခြင်း၊ ရန်ကုန်မှ စာရေးဆရာများကို ဖိတ်ကြား၍ စာပေရေးရာများကို ဟောပြောစေခဲ့သည်မှာ နှစ်စဉ်ဖြစ်ပြီး နတ်တော်လ စာဆိုရာသီတိုင်းတွင် ပြုလုပ်နေကျဖြစ်လေသည်။

စာပေဟောပြောပွဲသို့ ပေါင်မြို့နယ်၊ မုဒုံမြို့နယ်၊ ဘားအံမြို့နယ်တို့မှ စာပေဝါသနာရှင်များ လာရောက်၍ အားပေးနားထောင်ပေးကြသဖြင့် စည်ကားသော စာပေဟောပြောပွဲဟု ဆိုရပါမည်။

ကျွန်ုပ်နှင့် ကဗျာဆရာ ရွှေမြိုင်-မောင်ဖူးဝါတို့ နှစ်ဦးသည် သူ့အိမ်တွင် ထမင်းစားပြီး ဟောပြောပွဲကျင်းပရာ မော်လမြိုင်ဆရာဖြစ်ကောလိပ်ခန်းမရှိရာသို့ လာခဲ့ကြသည်။



ဟောပြောပွဲခန်းမရှေ့ ကျွန်ုပ်တို့နှစ်ဦး ရောက်သွားပြီး မိတ်ဆွေတစ်ဦးနှင့် စကားပြောနေတုန်း ခန်းမထဲမှ ထွက်လာသည့် လူတစ်ဦးက ကျွန်ုပ်နှင့် မောင်ဖူးဝါအား ဖက်လဲတကင်း နှုတ်ဆက်လာလေသည်။ ဘယ်သူများလဲလို့ ကြည့်လိုက်တော့ ကိုတင်မောင် (မုဒုံ-ရွှေဇင်မောင်) ဖြစ်နေလေသည်။

အသက်ကြီးသွားပေမယ့် မပျက်စီး၊ မပြောင်းလဲသေးသည့် ငယ်ပေါင်းကြီးကို တွေ့ရ၍ ကျွန်ုပ်တို့လည်း ဝမ်းသာ



www.burmeseclassic.com

www.burmeseclassic.com

အယ်လဲ ပြန်လည်နှုတ်ဆက်ပြီး ရှေးဟောင်းနှောင်းဖြစ်ကို ပြောဆိုနိုင်ရန် လမ်းထိပ်လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့ကြလေသည်။

'ဟော့··ကိုရွှေဇင်မောင်ကြီး၊ စာမရေး ဘာမရေးတာလည်းကြာပြီ၊ အခုမှပြန်ပေါ်လာတာ ပိုးပြန်ထလာပြီလားဗျ'

'နောက်ပေါက်လူငယ်တွေနဲ့ ပေါင်းမိပြီး ပြန်မိုက်သွားတာပဲဗျ။ ခင်ဗျားတို့နှစ်ဦးလည်း ဟိုတုန်းကတည်းကလည်း မိုက်၊ အခုလည်း မိုက်နေတုန်းပဲနော်'

'ဒီလိုပေါ့ဗျာ၊ ဒီလိုပိုး ကိုယ်ထဲဝင်သွားပြီးရင် မသေတော့ဘူးဗျ။ ဒါကြောင့် ဆက်မိုက်နေကြတာ'

ကျွန်ုပ်တို့လည်း ရှေးဟောင်းနှောင်းဖြစ်များ သူတစ်ခွန်း၊ငါတစ်ခွန်း ပြောဆိုနေကြလေသည်။

'ဟော့လူတွေ··ခင်ဗျားတို့နှစ်ယောက် ရွာပျောက်ရွာဆိုတာ ကြားဖူးလားဗျ'

'ဗျာ··ရွာပျောက်ရွာ၊ ကြီးကြီးစည်ရာဗျာ။ ရွာပျောက်တာတော့ မကြားဖူးပါဘူး။ ပျူရာဇဝင်မှာတော့ ပန်ထွာမင်းသမီးစံတဲ့မြို့ ရန်သူလာဝိုင်းရင် စည်ကြီးတီးပြီး မိုးပေါ်ပျံသွားတာတော့ ဖတ်ဖူးတယ်ဗျ'

'ကျွန်တော် ခင်ဗျားတို့ကို နောက်နေတာမဟုတ်ဘူးဗျ။ သည်အဖြစ်အပျက်ကို ကိုယ်တိုင်ကိုယ်ကျ ကြုံခဲ့ရတဲ့သူက ကျွန်တော့်အဖေရဲ့အစ်ကိုကြီး။ ကျွန်တော့်ဘကြီးဘုန်းကြီးအရင်းကြီးဗျ။ အခုထိ ဘုန်းကြီးဝတ်နဲ့ရှိသေးတယ်။ ကျွန်တော်တို့ငယ်ငယ်က မကြာ၊မကြာ ပြောပြလို့ အိပ်ရာဝင်ပုံပြင်လိုဖြစ်နေပြီး သေသေချာချာကို မှတ်မိနေတာဗျ'

'စိတ်ဝင်စားလာပြီ ကိုရွှေဇင်မောင်ရေ၊ ပြောမယ်ဆိုလည်း သေသေချာချာပြော'

'ကိုရွှေဇင်မောင်ရေ··ဂမ္ဘီရဇာတ်လမ်းတွေ လိုက်ရှာနေတဲ့သူကိုမှ ခင်ဗျားသွားပြောမိတော့ သေသေချာချာ ပြောပြလိုက်ပေတော့ဗျို့'

ကျွန်ုပ်ရော ရွှေမြိုင်-မောင်ဖူးဝါရော တောင်းဆိုလိုက်၍ သူ့ဘကြီးကြုံခဲ့ရသည့် ရွာပျောက်ရွာအကြောင်းကို ပြောပြလာလေသည်။

'ကျွန်တော့်ဘကြီးနာမည်က ဦးစောအောင်တဲ့ဗျ'

* * *

ကျွန်ုပ်တို့ နေ့စဉ်ကြားသိ တွေ့ကြုံနေရသည့်ဖြစ်စဉ်တို့ထဲတွင် မယုံနိုင်ဖွယ် ထူးခြားဆန်းကြယ်သည့် အဖြစ်အပျက်များ ရှိနေတတ်ကြသည်။

တချို့ဖြစ်စဉ်အကြောင်းအရာတို့သည် သိပ္ပံပေတံ၊ သိပ္ပံမျက်စိဖြင့် တိုင်းတာသိမြင်၍ မရနိုင်သော ဖြစ်စဉ်များပါဝင်နေတတ်သည်။ ဒါကို သုတေသီတို့က (Strange Phenomena) သိပ္ပံပေတံဖြင့် တိုင်းတာ၍မရသော ဖြစ်ရပ်များဟု ခေါ်ဆိုကြသည်။

မောင်စောအောင် (၁၆)နှစ်သားလောက်ကဖြစ်သည်။

မိဘများက မုဒုံမြို့နယ်ရှိ သာယာအေးဆိုသည့်ရွာကြီးတစ်ရွာမှဖြစ်ပြီး မိဘတို့မှာ တောသူဌေးများလည်း ဖြစ်ကြလေသည်။ ထိုသာယာအေးရွာမှ ရေးမြို့နယ်သို့သွားလျှင် ကုန်းကြောင်း နေ့ဝက်ခရီးသွားပါက ရောက်နိုင်လေသည်။ မောင်စောအောင်တို့ငယ်ငယ်က ရွာစာသင်ကျောင်းမရှိသေး၍ ဘုန်းတော်ကြီးကျောင်းတွင်သာ စာသင်ရသည်။

သည်နေ့ ဥပုသ်နေ့ဖြစ်၍ ကျောင်းပိတ်ထားသည်။ မိဘများက သီလယူရန် ဘုန်းကြီးကျောင်းသို့ သွားနေကြသည်။ အိမ်တွင် လုပ်စရာရှိတာလုပ်ပြီး ညီငယ် မောင်စောမောင်ကိုခေါ်၍ ထမင်းစားကြလေသည်။ ထမင်းစားပြီး ညီအစ်ကိုနှစ်ယောက် အိမ်ရှေ့ကွပ်ပျစ်တွင် လှဲနေကြသည်။ ညီငယ် မောင်စောမောင်ကတော့ ကလေးပီပီ အိပ်ပျော်သွားလေသည်။ မောင်စောအောင် အိပ်ပျော်လုပျော်ခင်တွင် နွားကျောင်းပြန်လာသော ဖိုးအောင်ရဲ့နွားခေါက်သံကို ကြားလိုက်ရသည်။

'အစ်ကိုစောအောင်··စားကျက်က နွားသိမ်းတော့ နွားနှစ်ကောင်လျှော့နေတယ်အစ်ကို။ ရှာတာလဲ နှံ့နေပြီ။ ဘယ်မှာမှမတွေ့ဘူး။ အစ်ကိုပါလိုက်ပြီးရှာပေးပါဦး အစ်ကိုရာ'

'အေး··အေး··နွားတွေသွင်းလိုက်ဦး ဖိုးအောင်၊ ပြီးရင် အစ်ကိုပါ လိုက်ပြီးရှာပေးမယ်'

နွားနှစ်ကောင်မပါဘူးဆို၍ မောင်စောအောင် အိပ်ချင်စိတ်ပြေသွားလေသည်။ ဖိုးအောင် နွားသိမ်းပြီး၍ နွားလှန်ထားသည့်စားကျက်သို့ နှစ်ဦးသား ထွက်လာခဲ့ကြသည်။ စားကျက်အနီးအနားတွင် ရှာကြသော်လည်း အစအနမျှပင်မတွေ့ချေ။ နွားနှစ်ကောင် ဘယ်ခြေရှည်နေမှန်းမသိ ဖြစ်နေ၍ ခေါင်းခြောက်နေကြသည်။

'ဖိုးအောင်ရေ··တို့နှစ်ယောက် ပူးရှာနေလို့ မဖြစ်ဘူးကွ။ တစ်ယောက်တစ်နေရာရှာကြမယ်။ မင်းတွေ့ရင်လည်း မင်းမောင်းပြီးပြန်၊ ငါတွေ့ရင်လည်း ငါ မောင်းပြီးပြန်မယ်။ မတွေ့၊တွေ့တွေ့ မှောင်အောင်တော့မနေနဲ့ ဖိုးအောင်။ အိမ်



www.burmeseclassic.com

www.burmeseclassic.com

ရောက်အောင်ပြန်'

'ဟုတ်ကဲ့ အစ်ကို'

'ဒါဆို မင်းက ဒီဘက်တွေကိုရှာ၊ အစ်ကိုက ရေးဘက်သွားတဲ့ တောဘက်ကိုရှာမယ်။ သွားတော့'

မောင်စောအောင်နှင့် ဖိုးအောင်တို့ တစ်ယောက်တစ်နေရာဆီ လိုက်ရှာကြသည်။ မောင်စောအောင်က ရေးနယ်ဘက်သို့ရှာရန် ထွက်သွားလေသည်။ နွားများသွားတတ်သည့်နေရာများကို လိုက်ရှာသော်လည်း အစအနကိုမျှမတွေ့ဖြစ်နေသည်။

နေကလည်း ဝင်တော့မည်ဖြစ်၍ မောင်စောအောင်ဆက်မရှာနိုင်တော့ဘဲ ပြန်ရန် လမ်းရှာသော်လည်း ဘယ်လမ်းကပြန်ရမှန်းမသိ ဖြစ်နေလေသည်။

ပထမတော့ နွားပျောက်ဇောဖြင့် ပြန်လမ်းမှတ်မထားမိ။ အခုပြန်မည်ဆိုတော့ လမ်းပျောက်နေပြီ။ စမ်းတဝါးဝါးနှင့် ရွာကိုပြန်ရောက်ရန် လျှောက်လာစဉ် နေကလည်းဝင်သွားပြီဖြစ်၍ အမှောင်ထုက လာတော့မည်ဖြစ်လေသည်။ ရှေ့နားမလှမ်းမကမ်းတွင် ခြံဝင်းခတ်ထားသည့် ရွာကြီးတစ်ရွာကို မောင်စောအောင် တွေ့လိုက်ရသည်။ မောင်စောအောင်လည်း ထိုရွာနားတွင် တဝဲဝဲလုပ်နေမိသည်။

'ဟေ့လူလေး··အပြင်မှာ ဘာလုပ်နေတာလဲ။ တော်ကြာ မှောင်လာရင် အပြင်မှာက အန္တရာယ်ရှိတယ်ကွယ့်။ ရွာထဲဝင်လာ။ ရွာတံခါးလည်း တော်ကြာပိတ်တော့မှာ'

မှောင်လာပြီဆိုတော့ တောထဲမှာ မနေသင့်တော့ဘူး။ အိမ်တစ်အိမ်မှာ အသနားခံပြီး တစ်ညခိုနားမှပဲ။ မနက်ကျမှ နွားပျောက်ဆက်ရှာမယ်လို့ စဉ်းစားပြီး ရွာထဲသို့ ဝင်လာတော့သည်။

မောင်စောအောင် ရွာထဲရောက်ပြီး ဘယ်ကိုသွား၍ဘယ်ကိုလာရမှန်းမသိ ဖြစ်နေလေသည်။ မောင်စောအောင်ရွာထဲရောက်ပြီး ရွာတံခါးလည်း ပိတ်သွားတော့သည်။ ရွာလမ်းထောင့်တိုင်း မီးများထွန်းညှိထားသည်ကို တွေ့ရလေသည်။ အိမ်တိုင်းမှာလည်း သပ်ရပ်ကောင်းမွန်သည့်အိမ်များသာ ဖြစ်နေသည်ကို တွေ့ရလေသည်။ ဘယ်အိမ်တွင် တစ်ညဝင်နားရမလဲဟုတွေးရင်း လျှောက်လာလေသည်။

'ဟေ့လူလေး··အဘတို့အိမ်ထဲ ဝင်လာခဲ့ကွယ့်'

မောင်စောအောင် ခေါ်သံကြား၍ ထိုအိမ်သို့ ဝင်သွားပြီး ကြည့်လိုက်ရာ သူ့အား ရွာထဲသို့ ခေါ်သွင်းလာသည့် အဘဖြစ်နေ၍ ထိုအိမ်ထဲသို့ ဝင်လာတော့သည်။ အိမ်ရှေ့ခန်းတွင် ထိုအဘကြီးနှင့် အမယ်ကြီးတစ်ဦး ထမင်းစားနေတာကို တွေ့ရလေသည်။

'ကဲ··လူလေးလည်း ထမင်းဆာနေရောပေါ့။ တစ်ခါတည်းဝင်စားလိုက်ကွယ့်။ စားပြီးမှ အဖန်ရည်သောက်ပြီး စကားပြောကြတာပေါ့'

မောင်စောအောင်လည်း တစ်နေ့လုံး နွားပျောက်ရှာထား၍ ဝမ်းက ဟာနေပြီဖြစ်သည်။ ထို့ကြောင့် မရှက်နိုင်မမူနိုင်တော့ဘဲ ထမင်းပွဲသို့ ဝင်ထိုင်လိုက်တော့သည်။

'လူလေး··အဘတို့ထမင်းဝိုင်းမှာ အသားဟင်းတော့မပါဘူးကွယ့်။ လူလေးစားနိုင်ပါ့မလားမသိဘူး'

'စားနိုင်ပါတယ်အဘ။ ရွာမှာ မွေးနေ့ရောက်တိုင်းကျွန်တော် သက်သတ်လွတ်စားနေကျမို့ စားနိုင်ပါတယ်အဘ'

မောင်စောအောင်လည်း ဆာနေတာကတစ်ကြောင်း၊ အသားမပါပေမယ့် အသီးအရွက်များကိုသာ ဖွယ်ဖွယ်ရာရာချက်ထား၍ စားလို့ကောင်းကာ သုံးပန်းကန်ကုန်သွားလေသည်။ ထမင်းစားပြီး၍ အဖန်ရည်ဝိုင်းထိုင်ကြလေသည်။

'လူလေးက ဘယ်ရွာကလဲကွယ့်။ ဒီဘက်ကို ဘာကိစ္စနဲ့ ရောက်လာတာလဲ'

'ကျွန်တော် မုဒုံမြို့၊ သာယာအေးရွာမှာ နေပါတယ်အဘ။ နေ့လယ်က နွားနှစ်ကောင်ပျောက်သွားလို့ လိုက်ရှာကြရင်း အဘတို့ရွာဘက်ကို ရောက်လာရတာ။ ဒီရွာနာမည်က ဘယ်လိုခေါ်ပါသလဲခင်ဗျ'

'တောင်ပေါက်ရွာလို့ခေါ်တယ်ကွယ့်။ လူလေးသိအောင် ပြောထားရဦးမယ်ကွယ့်၊ ဒီရွာကလူတွေက တံခါးကြီးပိတ်ထားရင် ဘယ်မှထွက်ခွင့်မရှိတော့ဘူးကွယ့်။ ကိုယ့်ရွာအတွင်းမှာပဲ လုပ်ကိုင်နေကြရတယ်။ ရွာတံခါးက အဘတို့ ဖွင့်တာ,ပိတ်တာ လုပ်လို့မရဘူး။ သူ့အလိုလို ပွင့်ချင်ပွင့်သွားတာ။ တစ်လကြာရင်ကြာမယ်၊ နှစ်လကြာရင်ကြာမယ်။ သုံးလ၊ ခြောက်လ ကြာရင်ကြာမယ်။ တစ်နှစ်ကြာရင်ကြာမယ်။ နှစ်နှစ်ကြာရင်လည်း ကြာတတ်တယ်ကွယ့်။ အဘတို့တောင် မပြောနိုင်ကြဘူး။ ပြောနိုင်တာတစ်ခုတော့ရှိတယ်လူလေး၊ နောက်နေ့လို ရွာတံခါးပွင့်မယ်ဆိုရင် အခုလိုနေ့ကတည်းက လူတိုင်းရဲ့စိတ်ထဲမှာ အလိုလိုသိနေကြတာပဲ။ ဒီလိုသိတယ်ဆိုတာနဲ့ လူငယ်တွေ [illegible]က်နေ့ မုဒုံမြို့ကို ဈေးဝယ်သွားဖို့ ပြင်ဆင်ကြတော့တယ်။ အခု လူလေးဒီရွာကို ဝင်ခဲ့ပြီဆိုတော့ တံခါးပွင့်မှ ပြန်ထွက်[illegible]တော့



www.burmeseclassic.com

www.burmeseclassic.com

မယ်ကွယ့်။ စိတ်မပျက်နဲ့ပေါ့ လူလေးရယ်။ အဘတို့အိမ်မှာပဲနေပြီး တံခါးပွင့်တဲ့အထိ စောင့်ပေါ့ကွယ်။ အားနာစရာမလိုဘူးနော်။ အဘတို့ကိုလည်း ကိုယ့်အဖေ၊အမေလို သဘောထားပေါ့။ ဪ..လူလေးကို တစ်ခုမှာစရာရှိသေးတယ်။ ဒီရွာမှာနေသူတွေအားလုံး ငါးပါးသီလမြဲကြတယ်။ အသက်နဲ့လဲပြီး လုံခြုံကြတယ်။ တစ်ပါးပါးကိုမျှ မကျိုးပေါက်စေနဲ့ကွယ့်။ ကျိုးပေါက်ရင် ဘယ်သူဖြစ်ဖြစ် ဒီရွာမှာ နေလို့မရတော့ဘူး။ ချက်ချင်း ရွာက ထွက်ခွာသွားကြရတာပဲ။ လူလေးလည်း နေတုန်း ငါးပါးသီလကို ထိန်းနိုင်အောင် ကြိုးစားပါကွယ်'

'ဟုတ်ကဲ့ပါအဘ၊ ကျွန်တော် ငါးပါးသီလလုံခြုံအောင် ထိန်းသိမ်းပါ့မယ်။ အဘပြောသလိုဆိုရင် ကျွန်တော် ဒီရွာမှာ အကြာကြီးနေရမှာပေါ့နော် အဘ'

'အဘ..အတပ်တော့မပြောနိုင်ဘူးကွယ့်။ တစ်လလည်း ဖြစ်ချင်ဖြစ်မယ်၊ တစ်နှစ်လည်း ဖြစ်ချင်ဖြစ်မှာပေါ့ကွယ်။ နေသမျှတော့ ငါးပါးသီလကို ထိန်းပါကွယ်။ ကဲ..လူလေး ပင်ပန်းလာတော့ စောစောအိပ်တော့နော်'

'ဟုတ်ကဲ့ပါ အဘ'

မောင်စောအောင်လည်း ထမင်းအဆိပ်တက်လာတာက တစ်ကြောင်း၊ နွားပျောက်ရှာထား၍ ပင်ပန်းနေသည်က တစ်ကြောင်း အဘွားချပေးသည့် ခေါင်းအုံးပေါ်တွင် ခေါင်းချလိုက်သည်နှင့် ပျော်သွားလေသည်။

* * *

ညက တစ်ရေးမှုမနိုးဘဲ အိပ်လိုက်ရ၍ နံနက်စောစော နိုးလာပေမယ့် အိပ်ရေးဝ၍ လန်းဆန်းနေလေသည်။ မောင်စောအောင် အိပ်ရာကနိုးလာတော့ အဘက အဖန်ရည် တောင်သောက်နေပြီဖြစ်သည်။

'လူလေး..နိုးလာပြီလား။ မျက်နှာသစ်ပြီး အဖန်ရည်နဲ့ ကောက်ညှင်းပေါင်း လာစားကွယ့်။ အဘတော့ အဖန်ရည်သောက်ပြီးရင် အသီးအရွက်သွားခူးရဦးမယ်။ လူလေး နားနားနေနေနေပေါ့။ ပျင်းရင်လည်း ရွာထဲလိုက်ကြည့်ပေါ့ကွယ်။ ရွာကမေးရင် အဘပုညအိမ်မှာ တည်းနေတာလို့ပြောပေါ့'

'ကျွန်တော်လည်း လိုက်လို့ရရင် လိုက်ချင်ပါတယ် အဘ။ တစ်ခါတည်း ရွာကိုလည်း လည်သလိုဖြစ်သွားတာပေါ့'

'လိုက်လို့ရပါတယ်ကွယ်။ လူလေး ပင်ပန်းနေမှာစိုးလို့ပါ။ လိုက်ချင်လည်း စားပြီးသောက်ပြီး သွားကြတာပေါ့'

စားသောက်ပြီး၍ အဘပုညနှင့် မောင်စောအောင်တို့ အိမ်ပေါ်မှ ဆင်းလာကြသည်။ ရွာလမ်းအတိုင်း အနောက်ဘက်သို့လျှောက်ပြီး နာရီဝက်လောက်အကြာတွင် ခြံသို့ ရောက်လာသည်။ တစ်ခြံနှင့်တစ်ခြံ ဝင်းခတ်ထားခြင်းမရှိဘဲ စည်းပေါင်လေးသာ တင်ထားလေသည်။ အသီးအနှံတို့က ဖွံ့ထွားပြီး စိမ်းစိုနေသည်။

'အဘတို့ခြံတွေက ဝင်းခတ်ထားတာ မရှိဘူးနော်။ တိရစ္ဆာန်တွေ ဝင်မစားဘူးလား အဘ'

'ခြံခတ်စရာမလိုပါဘူးကွယ်၊ သူ့ခြံ၊ကိုယ့်ခြံ မှတ်မိနေကြတာပဲ။ တိရစ္ဆာန်တွေလည်း ဝင်မစားကြပါဘူး။ ကိုယ့်ခြံက အသီးအနှံ ကိုယ်ခူးကြတာပဲကွယ့်။ လူလေးမြင်တဲ့အတိုင်းပဲ။ ကံငါးပါးလုံခြုံကြတော့ ကိုယ့်ခြံက အသီးအနှံတွေ ခူးလို့တောင် မကုန်ကြဘူးလေ။ သူများခြံကို ဘာလို့ မျက်စောင်းထိုးကြမှာလဲကွယ့်'

အဘလွယ်လာသော ပလိုင်းထဲတွင် သီးနှံများ ပြည့်သွား၍ မောင်စောအောင် ယူ၍သယ်လာပြီး အိမ်ဘက်သို့ ပြန်လာကြတော့သည်။ ခြံဝန်းကျင်ပတ်လည် အဝေးသို့ ကြည့်လိုက်တော့ တောင်များဝန်းရံနေတာကို တွေ့ရလေသည်။

'ဟိုးအရှေ့ဘက်က တောင်အမြင့်ကြီးကို တွေ့လား လူလေး'

'ဟုတ်ကဲ့အဘ။ ဟိုး..ညို့မှိုင်းမှိုင်းနဲ့ တောင်အမြင့်ကြီးကို ပြောတာမဟုတ်လား'

'ဟုတ်တယ်လူလေး။ အဲဒါ ရေးမြို့နယ်မှာ နာမည်ကြီး ဆေးတောင်ဆိုတာပေါ့။ ဒီတောင်ပေါ်မှာ ရှားပါးတဲ့ ဆေးပင်၊ ဂမုန်းပင်ပေါင်းစုံ ပေါက်နေတယ်ကွယ့်။ သီလ၊ သမာဓိ မရှိတဲ့လူဆို ဒီတောင်ပေါ်ကို တက်လို့မရဘူးကွယ့်။ အန္တရာယ်တစ်ခုခု တွေ့ကြတာပဲ'

စကားတပြောပြောနှင့် အဘပုညနှင့် မောင်စောအောင်တို့ ရွာထဲသို့ ပြန်ရောက်လာကြပြီဖြစ်သည်။ သူတို့နှင့် မျက်နှာချင်းဆိုင် မလှမ်းမကမ်းမှာတော့ ငယ်ငယ်ချောချော မိန်းကလေးတစ်ဦး ပလိုင်းလွယ်၍ လျှောက်လာလေသည်။

'အဘတို့..ခြံထဲက ပြန်လာကြတာလားရှင့်'

'ဟုတ်တယ် သမီးနှင်းနွယ်ရေ..ခြံထဲမှာ အသီးအနှံလေးသွားခူးတာကွယ့်။ ဪ..သမီးနဲ့ မိတ်ဆက်ပေးရဦး

www.burmeseclassic.com

www.burmeseclassic.com

မယ်။ ဒီသားနာမည်က မောင်စောအောင်တဲ့။ အဘပုညတို့အိမ်မှာ တည်းနေတယ်။ မောင်စောအောင်ရေ..သူလေးက ကိုသီလရဲ့သမီး မနှင်းနွယ်တဲ့။ မှတ်ထားနော်'

'ဟုတ်ကဲ့အစ်ကို၊ ညီမတို့အိမ်လည်း လာလည်ပါနော်။ ရွာလယ်မှာ ဦးသီလအိမ် ဘယ်အိမ်လဲလို့မေးရင် ရပါတယ်ရှင်'

'ဟုတ်ကဲ့ခင်ဗျာ။ ကျွန်တော်မပြန်ခင် လာလည်ပါ့မယ်ခင်ဗျာ'

'အဘ..သမီးသွားတော့မယ်နော်။ သွားပါဦးမယ် အစ်ကို'

မောင်စောအောင်ရဲ့စိတ်တို့သည် မနှင်းနွယ်နောက်သို့ ပါသွားပြီလား မသိတော့ချေ။ တောခေါင်ခေါင် သည်လိုရွာမျိုးမှာ မဟာဆန်ဆန် လှပချောမွေ့သူလေးကို တွေ့လိုက်ရလို့ပဲဖြစ်လေသည်။

'လူလေး..ပြန်ကြစို့လေ။ ဘာကိုရပ်ပြီးကြည့်နေတာလဲကွယ့်'

မောင်စောအောင် မနှင်းနွယ်ကို ငေးမောကြည့်နေမိ၍ အဘပုည သတိပေးလိုက်မှ သတိပြန်ဝင်လာလေသည်။

'အဘ ဆေးတောင်ကို ရောက်ဖူးလားခင်ဗျ'

'ဟဲ..ဟဲ..ဟိုတုန်းကတော့ မကြာခဏရောက်ဖူးတယ်ကွယ့်။ အဓိဋ္ဌာန်ရက်ရှည်လည်း သွားဝင်ဖူးတယ် လူလေး။ ဒီဆေးတောင်ပေါ်မှာ အဘတို့ ဝိဇ္ဇာစေတီတစ်ဆူ တည်ထားသေးတယ်လူလေး။ သားကြုံရင် သွားရမှာပေါ့ကွယ်။ ဆေးတောင်ကိုမှ စိတ်ဝင်စားရဲ့လား လူလေးရဲ့။ ကဲ..သွားကြစို့'

'ဟာ..စိတ်ဝင်စားပါတယ်အဘ'

'ဟား..ဟား..ဟား..မနှင်းနွယ်လေးကိုလား၊ ဆေးတောင်ကိုလား လူလေးရယ်'

'ဆေးတောင်ကိုပါ အဘရယ်'

'ဟုတ်ပါပြီ၊ ဆေးတောင်ကိုပါပဲ ထားပါတော့။ တို့များရွာသားတွေက သားငါးမစားကြဘဲ အသီးအနှံတွေပဲ စားနေကြတော့ လူလေး စားနိုင်ရဲ့လားကွယ့်'

'စားနိုင်ပါတယ် အဘရယ်။ အမေချက်တဲ့ဟင်းတွေက အသားဟင်းထက်တောင် စားလို့ကောင်းနေပါတယ် အဘရယ်'

'ဝမ်းသာပါတယ် လူလေးရယ်'

မောင်စောအောင်သည် အဘပုညတို့အလုပ်ကို ဝိုင်းကူလုပ်ကိုင်ပေးရင်း အားသည့်အခါ မနှင်းနွယ်တို့အိမ်သွား၍ စကားပြောဆိုနေလေသည်။ တွေ့ဖန်များ၊ မြင်ဖန်များတော့ လူငယ်တို့သဘာဝ တစ်ဦးပေါ်တစ်ဦး သံယောဇဉ်တွယ်ငြိကာ ချစ်သူဘဝသို့ ရောက်ခဲ့လေတော့သည်။

* * *

'ရွာတံခါးမကြီးဖွင့်ရင် အစ်ကို ရွာပြန်မှာပေါ့နော်'

မောင်စောအောင်နှင့် မနှင်းနွယ်တို့ ခြံထဲ အသီးအနှံ သွားခူးရင်း စကားပြောဆိုနေကြလေသည်။ မောင်စောအောင် ဘာမှမပြောနိုင်သေး။ မိမိ၏ မိဘ၊ ညီအစ်ကိုမောင်နှမတို့၏သံယောဇဉ်၊ ချစ်ရလွန်းသူ မနှင်းနွယ်လေးရဲ့ ချစ်စရာ၊ သနားစရာမျက်နှာလေးတို့က အားပြိုင်နေကြလေသည်။ နောင်ခါလာ နောင်ခါချေးပဲ၊ ငါ မနှင်းနွယ်လေးနဲ့ မခွဲနိုင်တော့ဘူး။ ဒီတောင်ပေါက်ရွာကြီးမှာပဲ ငါချစ်ရတဲ့ မနှင်းနွယ်လေးနဲ့ပဲ အတူနေတော့မယ်။ အခြေအနေကြည့်ပြီးမှ ပြန်သင့်ရင်ပြန်မယ်။

'အစ်ကို မပြန်တော့ပါဘူး ညီမရယ်။ ညီမတို့ရဲ့ရွာမှာပဲ အစ်ကိုချစ်ရတဲ့ ညီမနဲ့ပဲ အတူတစ်သက်လုံး နေတော့မယ်နော်'

'တကယ်ပြောတာလား အစ်ကိုရယ်။ ညီမ တကယ်ပဲ ဝမ်းသာရမှာလားရှင်ရယ်'

'တကယ်ပြောတာပါ ညီမရယ်..အစ်ကို ညီမနဲ့ မခွဲနိုင်တော့ပါဘူး။ ဒါကြောင့် အစ်ကို ဆုံးဖြတ်လိုက်တာပါ'

မနှင်းနွယ်လေးလည်း ဝမ်းသာလွန်း၍ မောင်စောအောင်ရင်ခွင်ထဲ မျက်နှာအပ်ခါ ငိုရှာလေသည်။

'တိတ်ပါညီမရယ်..ဘာလို့ငိုနေတာလဲ။ အစ်ကိုမပြန်တော့ဘူးလို့ ပြောနေမှပဲ ညီမရယ်'

'ဝမ်းနည်းလို့ငိုတာ မဟုတ်ပါဘူး အစ်ကိုရယ်။ ညီမ ဝမ်းသာလွန်းလို့ ကျတဲ့မျက်ရည်ပါ အစ်ကို'

'ဩော်..အရူးမလေးရယ်၊ တိတ်တော့နော်'

မောင်စောအောင်သည် မနှင်းနွယ်ကိုယ်လုံးလေးကို တိုး၍ဖက်လိုက်ပြီး ပါးနှစ်ဖက်ကို အသာအယာ မွှေးကြူလိုက်လေသည်။ မနှင်းနွယ်လေးက ရှက်လွန်း၍ မောင်စောအောင်ခါးကိုဖက်၍ ရင်ခွင်ထဲတွင် မျက်နှာဝှက်ထားရှာလေသည်။

အဘပုညနှင့် ဒေါ်ခေမာတို့ မိဘပြုလုပ်ကာ မနှင်းနွယ့်မိဘနှစ်ပါးထံ သွား၍တောင်းရမ်းပြီး မောင်စောအောင်နှင့် မနှင်းနွယ်တို့ အကြင်လင်မယား ဖြစ်သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ချစ်သူနှစ်ဦးမှာ ပျော်တပြုံးပြုံးနှင့် သွားအတူ၊လာအတူ မိုးမမြင်၊လေမမြင် ဖြစ်နေကြသည်။

မနှင်းနွယ်ရဲ့ မိခင်၊ဖခင်တို့ကလည်း မောင်စောအောင်ကို ငါးပါးသီလလုံခြုံဖို့၊ မကျိုးမပေါက်ဖို့ကို နေ့စဉ် ကြုံသလိုဆုံးမနေကြသည်။ ကိုစောအောင်ကလည်း တောင်ပေါက်ရွာ၏ သံမဏိစည်းကမ်းဖြစ်သည့် ငါးပါးသီလကို ရွာသူရွာသားတိုင်း မကျိုးပေါက်သလို ကိုစောအောင်လည်း စောင့်ထိန်း၍ ချစ်ဇနီးလေး မနှင်းနွယ်နှင့် ပျော်ရွှင်စွာနေထိုင်လာကြသည်မှာ သုံးနှစ်ကျော်၍ လေးနှစ်အတွင်း ဝင်လာပြီး သားဦးလေးတစ်ယောက်ပင် ရရှိခဲ့ပြီဖြစ်လေသည်။ သားဦးလေးပင် တစ်နှစ်ကျော်ကျော် ရှိလာပြီဖြစ်သည်။

'သမီး..မနက်ဖြန် ရွာတံခါးမကြီးပွင့်လိမ့်မယ်။ သမီးတို့ဇနီးမောင်နှံ မုဒုံကိုသွားပြီး ဈေးသွားဝယ်ချင် ဝယ်ကြပေါ့။ ကလေးကိုတော့ အမေတို့ ကြည့်ထားပေးမယ်'

'အတော်ပဲအစ်ကို၊ ညီမလည်း ဝယ်စရာလေးတွေရှိတာနဲ့ သွားရအောင် .အစ်ကို'

ကိုစောအောင် စဉ်းစားရလေပြီ။ မုဒုံမြို့က ကိုယ့်မြို့ ကိုယ့်ဒေသမို့ သွားချင်လေသည်။ သွားလျှင် အိမ်ကမိသားစု၊ အသိမိတ်ဆွေတို့ကို တွေ့ချင်တွေ့နိုင်သည်။ တွေ့လျှင် ငါ တင်းခံနိုင်ပါ့မလား။ မတင်းခံနိုင်၍ မုဒုံမြို့မှာ နေခဲ့လျှင် ငါချစ်ရတဲ့ နှင်းနွယ်နဲ့ သားလေးကို ငါ ခွဲရတော့မယ်။ မနှင်းနွယ်လည်း ပူဆွေးရမယ်။ သားလေးလည်း မျက်နှာငယ်ရမယ်။ ငါလည်း စိတ်ဆင်းရဲရမယ်။ ငါ ညီမနဲ့ သားလေးကို ခွဲနိုင်လား၊ မခွဲနိုင်လား စဉ်းစား စောအောင်။

နောက်ဆုံး မလိုက်တာအကောင်းဆုံးဟု ကိုစောအောင် ဆုံးဖြတ်လိုက်လေသည်။

'ညီမရယ်..အစ်ကိုမလိုက်တော့ပါဘူး။ လိုက်ခဲ့ရင် အစ်ကို့စိတ်ကို အစ်ကို နိုင်မှာမဟုတ်ဘူးကွယ့်။ ဒီတော့ နေခဲ့တော့မယ်နော်။ ညီမပဲ သူငယ်ချင်းတွေနဲ့ သွားကြတော့နော်'

'ဒါဆို ညီမသွားမယ်နော် အစ်ကို။ ဝယ်ခြမ်းပြီးတာနဲ့ အမြန်ဆုံးပြန်လာမယ်နော်'

မနှင်းနွယ်နှင့် သူငယ်ချင်းတစ်သိုက် ထွက်ခွာသွားကြသည်ကို ကိုစောအောင်က ကလေးကိုချီ၍ မနှင်းနွယ်တို့ကို ငေးကြည့်၍ကျန်ခဲ့လေသည်။ တောင်ပေါက်ရွာသူရွာသားတို့သည် ငါးပါးကို လုံခြုံအောင်နေတတ်ကြ၍ ဈေးဝယ်သည့်နေရာတွင် ဈေးဆစ်ခြင်းမရှိကြချေ။ ဈေးသည်ပြောသည့်ဈေးနှင့်သာ ဝယ်ကြသည်။ မတန်မဆဈေးဆိုလျှင်တော့ သူတို့ မဝယ်ကြချေ။

'အမေ..အလုပ်မရှိရင် ကျွန်တော် အဘပုညတို့အိမ်ဘက် ခဏသွားမယ်နော်'

'သွားလေ သား၊ မင်းလည်း နှင်းနွယ်မရှိတော့ ပျင်းနေမှာပေါ့။ အမေ မြေးလေးကို ကြည့်ထားလိုက်မယ်'

ကိုစောအောင်သည် မနှင်းနွယ်ကလည်းမရှိ၊ ကလေးကလည်း အိပ်နေ၍ ပျင်းနေတဲ့အတူတူ အဘပုညနှင့် အမေခေမာတို့အိမ်ဘက်သို့ ထွက်လာလေသည်။ အဘပုညတို့အိမ်ရောက်တော့ အဘတို့က ထမင်းအတင်းခေါ်ကျွေးနေ၍ အဘတို့နှင့် ထမင်းစားပြီး ခဏထိုင်စကားပြောကာ ပြန်လာတော့သည်။

ကိုစောအောင် အိမ်ရောက်တော့ မနှင်းနွယ် ပြန်ရောက်နေပြီဖြစ်သည်။

'အစ်ကို့အတွက်ရော သားလေးအတွက်ပါ အင်္ကျီနဲ့ လုံချည်တွေ ဝယ်လာတယ် အစ်ကို၊ ဝတ်ကြည့်ပါဦး တော်ရဲ့လားလို့'

'ဘာလို့ဝယ်လာရတာလဲ ညီမရယ်၊ အစ်ကို ဘယ်မှလည်းသွားစရာရှိတာမှမဟုတ်ဘဲ'

'ဟွန်း..ဝတ်စေချင်လို့ပေါ့ အစ်ကိုရယ်။ ကဲ..တော်၊ မတော် ဝတ်ကြည့်လေ'

မနှင်းနွယ်ကျေနပ်စေရန် ကိုစောအောင် အင်္ကျီနဲ့ လုံချည်ကို ဝတ်ပြလိုက်သည်။

'အတော်ပဲနော် အစ်ကို။ ညီမ မှန်းပြီးဝယ်လာတာရှင့်'

'ညီမက တော်တာပဲကွ'

မနှင်းနွယ်ကျေနပ်စေရန် ပြောလိုက်ရသည်။

* * *

ကိုစောအောင်နှင့် မနှင်းနွယ်တို့ ကြမ္မာဆိုးဝင်ရောက်လာမည့်အချိန်ကို နှစ်ဦးလုံး မသိခဲ့ပေ။ သူတို့နှစ်ဦးရဲ့ အိမ်ထောင်သက်(၅)နှစ်အရောက်မှာ အမှုမဲ့အမှတ်မဲ့ ပြောဆိုလိုက်သော စကားလေးတစ်ခွန်းကြောင့် သူတို့နှစ်ဦး ဝေးရမည်ကို မသိခဲ့ပေ။

တစ်နေ့နံနက်ခင်း မနှင်းနွယ်သည် ကလေးကို ပုခက်တွင်သိပ်ပြီး ဟင်းရွက်သွားခူးရန် ပြင်လေသည်။

'အစ်ကို..ညီမ ဟင်းရွက်သွားခူးဦးမယ်နော်။ သားလေးကို ကြည့်ထားနော်'

'သွားလေ ညီမ'



www.burmeseclassic.com

www.burmeseclassic.com

မနှင်းနွယ်ထွက်သွားပြီး ဆယ်မိနစ်လောက်အကြာ ပုခက်တွင်းမှ သားလေး သေးပေါက်ချပြီး ငိုတော့သည်။ ကိုစောအောင်လည်း ကလေးကို ဘောင်းဘီလဲပေးပြီး တတ်သမျှသီချင်းဆို၍ ချော့သိပ်လေသည်။ ကလေးက နို့ဆာနေ၍ ငိုမြဲငိုနေလေသည်။

‘သားလေးရယ်‥တိတ်ပါကွယ်။ သားလေးမေမေ ပြန်လာရင် မုန့်တွေအများကြီးဝယ်လာမယ်။ သားလေးစားဖို့ မုန့်ပါလာမယ်×××အိပ်တော့ကွယ်×××သားသားရယ်’

ကိုစောအောင်သည် သားကို တိတ်စေရန် ပါးစပ်ထဲတွေ့ရာကို သီချင်းဆိုပြီး ချော့သိပ်လေသည်။ ထိုသီချင်းသံကို မနှင်းနွယ်အမေ ကြားလိုက်ရ၍ အုံ့ညြတုန်လှုပ်သွားပြီး အလုပ်ကိုသာ ဆက်လုပ်နေသည်။ မကြာခင် နှင်းနွယ်ပြန်ရောက်လာလေသည်။

‘ညီမရယ်‥သားလေး နို့ဆာနေပြီထင်တယ်။ အစ်ကို သီချင်းဆိုသိပ်တာလည်း မအိပ်ဘူးကွယ်။ နို့တိုက်ပါဦး’

မနှင်းနွယ်က ကလေးကိုချီပြီး နို့တိုက်လိုက်မှ အငို တိတ်သွားလေသည်။

‘သမီးနှင်းနွယ်’

‘ရှင်‥အမေ’

‘သမီး ဟင်းရွက်ခူးသွားတုန်းက မောင်စောအောင်ကို ပြန်လာရင် မြေးလေးအတွက် မုန့်ဝယ်လာမယ်လို့ ပြောခဲ့သေးသလား သမီးရယ်’

‘ဟင့်အင်း အမေ၊ သမီး မပြောခဲ့ပါဘူးရှင်’

‘ဒါဆို မောင်စောအောင် ကလေးကို သီချင်းနဲ့ ဆိုသိပ်နေရင်းက သားလေးအိပ်ပါကွယ်၊ သားမေမေလာရင် မုန့်ဝယ်ခဲ့မယ်လို့ ဆိုနေတယ် သမီးရယ်။ သမီးမပြောခဲ့ဘဲ မြေးလေးကို မုသားပြောဆိုလိုက်ပြီကွယ့်။ ဒါကြောင့် မောင်စောအောင် ဒီရွာမှာ နေခွင့်မရှိတော့ဘူး သမီးရယ်။ မောင်စောအောင်နဲ့ သမီးတို့ ဒီအချိန်ကစပြီး လမ်းခွဲရတော့မယ်။ မနက်ကျရင် ရွာတံခါးမကြီးလည်း ပွင့်လိမ့်မယ်ကွယ့်’

‘ဟုတ်လား အစ်ကိုရယ်၊ သားကို ဒီလိုပဲပြောလိုက်သလား။ ညီမ ရင်ထိတ်လိုက်တာကွယ်’

မနှင်းနွယ်က မျက်နှာပျက်ပြီး ငိုမဲ့မဲ့ဖြင့် ကိုစောအောင်ကို မေးလိုက်လေသည်။

‘ဟုတ်ပါတယ် ညီမရယ်။ အစ်ကိုလည်း သားလေး အိပ်ပါစေဆိုပြီး ပါးစပ်ထဲတွေ့ရာ အမှုမဲ့ သားလေးကို ပြောဆိုမိတာပါ နှင်းနွယ်ရယ်’

ကိုစောအောင်မှာလည်း အပြစ်ရှိသူမို့ မျက်နှာမကောင်းစွာဖြင့် ဝန်ခံလိုက်ပါသည်။

‘ဝေးကြပြီပေါ့ အစ်ကိုရယ်။ ညီမတို့ရွာရဲ့ သံမဏိစည်းကမ်းကိုမှ အစ်ကို ကျူးလွန်လိုက်တာကိုကွယ်။ အမှုမဲ့အမှတ်မဲ့ထွက်သွားတဲ့ အစ်ကို့စကားတစ်ခွန်းက အစ်ကိုနဲ့ ညီမကို ဝေးစေပြီပေါ့အစ်ကိုရယ်။ ညီမ အစ်ကို့ကို အသက်မက ချစ်မိပါတယ်။ ဒါပေမဲ့ ရွာရဲ့စည်းကမ်းကိုတော့ လိုက်နာရလိမ့်မယ်။ အမေပြောတယ်မဟုတ်လား။ မနက် ရွာတံခါးကြီးပွင့်မယ်ဆိုတော့ ညီမနဲ့ သားလေးကိုထားခဲ့ပြီး အစ်ကို့ရွာကို ပြန်ပါတော့နော်။ သားလေးရဲ့နောင်ရေးကို နောက်ဆံမတင်းပါနဲ့။ ညီမတာဝန်ရှိပါစေ အစ်ကိုရယ်’

မနှင်းနွယ်လေးက သားလေးကို ပါးနှင့်အပ်ရင်း တရှိုက်မက်မက် ငို၍ပြောရှာသည်။ မပြေးသော် ကံရာရှိနေပြီဖြစ်သည့် ကိုစောအောင် မည်သို့ပင်တောင်းပန်သော်လည်း တောင်ပေါက်ရွာ၏စည်းကမ်းမို့ ဝမ်းနည်းစွာနှင့်ပဲ စွန့်လွှတ်ကြရသည်ဖြစ်ကြောင်းကို မနှင်းနွယ်၏ မိဘတို့ကလည်း ဝမ်းနည်းစွာဖြင့် ပြောဆိုကြလေ၏။ ကိုစောအောင်မှာ ကံစီမံရာ ခံရရုံပဲရှိတော့သည်။

မနက်ဖြန်တွင် ကိုစောအောင်မှာ သူ့အလွန်ချစ်ခင်တွယ်တာရသော ချစ်ဇနီး မနှင်းနွယ်လေးနှင့် ချင်ရလွန်းသည့် သားဦးလေးတို့ကိုခွဲခွာ၍ ထွက်ခွာရတော့မည်။

မထင်မှတ်သော မုသားစကားလေးတစ်ခွန်းကြောင့် သံယောဇဉ်တွယ်နေသော တောင်ပေါက်ရွာ၊ ချစ်ဇနီးနှင့် သားလေး၊ မိဘအရင်းလို ချစ်ခင်ခဲ့ရသည့် အဘပုညနှင့် အမိဒေါ်ခေမာ၊ ဦးသီလ၊ ဒေါ်ပန်းနုတို့နှင့် ရွာသူရွာသားတွေကို ရာသက်ပန်စွန့်ခွာရပေတော့မည်။

ကိုစောအောင် နောင်တတွေ ပွေ့ပိုက်မိခဲ့သော်လည်း နှောင်းခဲ့ပြီဖြစ်ပါသည်။

* * *

‘လူလေးရယ်‥ကံမကုန်သေးရင် ပြန်ဆုံကြဦးမှာပေါ့ကွယ်။ လူလေးရဲ့ အမှုမဲ့ပြောလိုက်တဲ့ မုသားစကားလေးတစ်ခွန်းက ကိုယ်ချစ်တဲ့သူတွေနဲ့ ကွဲရတာကို သတိတရားထားပြီး ကိုယ့်မြို့၊ကိုယ့်ရွာပြန်ရောက်ရင် ကံငါးပါးကို ကိုယ်တိုင်ထိန်းသိမ်း၊ သူများတွေကိုလည်း ထိန်းသိမ်းနိုင်အောင် ကြိုးစားပေါ့ လူလေးရယ်။ သာဓု‥သာဓု‥သာဓု’

တောင်ပေါက်ရွာကြီးမှ ထွက်ခွာခါနီး ကိုစောအောင် အဘပုညနှင့် အမေခေမာတို့ကို သွားကန်တော့ရာ အဘ



www.burmeseclassic.com

www.burmeseclassic.com

ပုည မျက်ရည်ဝဲဝဲနှင့် ဆုံးမလိုက်သည့်စကား။ အမေ ဒေါ်ခေမာကတော့ ဆုမပေးနိုင်ရှာဘဲ မျက်ရည်ကိုသာ သုတ်နေရှာသည်။

'စိတ်ချပါ အဘနဲ့ အမေတို့ရယ်။ ကျွန်တော် တောင်ပေါက်ရွာကြီးရဲ့ ဥပဒေအရ ထွက်ခွာသွားရပေမယ့် အဘတို့၊ မနှင်းနွယ်တို့မိသားစုနဲ့ တောင်ပေါက်ရွာသူရွာသားတွေကို တစ်သက်လုံး မေ့လို့ရမှာမဟုတ်ပါဘူးခင်ဗျာ။ ရွာပြန်ရောက်ရင်လည်း ကံငါးပါးကို တစ်သက်လုံး သေသည်အထိ လုံခြုံအောင် ထိန်းသိမ်းပါ့မယ်။ နီးစပ်ရာလူများကိုလည်း ကျွန်တော့်အဖြစ်ကိုပြောပြပြီး ထိန်းသိမ်းခိုင်းပါ့မယ်ခင်ဗျာ'

ကိုစောအောင်လည်း မျက်ရည်မဆည်နိုင်ဘဲ ငို၍ကန်တော့လေသည်။ မနှင်းနွယ်လည်း ကလေးကိုသာ တစ်ဖက်ကချီထား၍ ကျလာသည့်မျက်ရည်ကို သုတ်နေရှာသည်။ ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား ငိုခြင်းနောက်ဆုံး ရှိချေသည်ဟု ဆိုရမလို ဖြစ်နေလေသည်။

ကိုစောအောင်သည် ရောက်လာစဉ်က ဝတ်ခဲ့သည့် အဝတ်အစားဖြင့်သာ ရွာလမ်းမကြီးအတိုင်း ရွာပြင်သို့ ထွက်လာလေသည်။ ရွာပြင်ရောက်တော့ မနှင်းနွယ်က ကိုစောအောင်ကို ကန်တော့လေသည်။

'သွားပါတော့ အစ်ကိုရယ်။ ကြာရင် နှင်းနွယ် သေရပါလိမ့်မယ်။ မထင်မှတ်တဲ့ မှသားစကားလေးတစ်ခွန်းကြောင့် ညီမတို့ခွဲရတာ ရင်နာလို့မဆုံးပါဘူး အစ်ကိုရယ်။ ဒါတွေကို သင်ခန်းစာယူပြီး ကံငါးပါးကို လုံခြုံအောင်ထိန်းပါတော့နော်'

မနှင်းနွယ်က မျက်ရည်သုတ်ပြီး မုဒုံမြို့သို့ပြန်ရန် လမ်းကိုညွှန်ပြပေးလေသည်။ ကိုစောအောင်လည်း ဘာတစ်ခွန်းမှမပြောနိုင်တော့ဘဲ မျက်ရည်စတွေဖြင့် မုဒုံမြို့ဘက်သို့ နေ့ကွေးသောခြေလှမ်းဖြင့် ထွက်ခွာသွားတော့သည်။

* * *

'ကိုရွှေဇင်မောင်··ဇာတ်လမ်းက ဆုံးသွားပြီလားဗျ။ ရွာရောက်တော့ ဘာတွေဖြစ်သေးလဲ တောင်ပေါက်ရွာကို သွားမရှာဘူးလား'

'ပြောစရာသိပ်မကျန်တော့ပါဘူးဗျာ။ ဆန်းတာတစ်ခု ပြောဖို့ကျန်ခဲ့တယ် ကိုလှယဉ်။ အဘဦးစောအောင် တောင်ပေါက်ရွာကထွက်လာပြီး ခပ်လှမ်းလှမ်းရောက်တော့ ပြန်ကြည့်လိုက်မိတယ်။ ဒါပေမဲ့ ဒီနေရာမှာ ဘာရွာမှမတွေ့ရတော့ဘူးတဲ့ဗျာ။ မဆန်းလား။ ချုံပုတ်တွေနဲ့ သစ်ပင်တွေသာတွေ့ရပြီး ရွာနဲ့တူတာဆိုလို့ ဘာတစ်ခုမှမတွေ့ရဘူးတဲ့ဗျာ။ အဘိုး (၅)နှစ်ကျော်မှ ပြန်ရောက်လာကြတော့ အိမ်က အဖွဲ့ဩဝမ်းသာနဲ့ မေးမြန်းကြပေါ့။ အဘိုးပျောက်သွားပြီး တစ်လလောက်ကြာမှ သေပြီဆိုပြီး ရက်လည်ဆွမ်းတောင် ကျွေးလိုက်သေးတယ်။

သူက သူ့ညီ ကျွန်တော့်အဖေ ဦးတင်မောင်ကိုပြောပြပြီး တောင်ပေါက်ရွာကို ရှာကြသေးတယ်။ မုဒုံဈေးကြီးရောက်တိုင်း ရှာတာပဲ။ မတွေ့တော့ဘူးဗျ။ တောင်ပေါက်ရွာနဲ့ ကျွန်တော်တို့ရွာကို တစ်နာရီလောက်လျှောက်ရင် ရောက်တယ်လို့ အဘိုးပြောပြတယ်။ တောင်ပေါက်ရွာတံခါးကြီးဖွင့်မှ ရွာကိုမြင်ရတယ်ဆိုတော့ ဘယ်အချိန်,ဘယ်အခါဖွင့်မှန်းမသိတော့ ရေတွင်းထဲ အပ်ပျောက်ရှာသလိုဖြစ်နေတာပေါ့ဗျာ။ အဘိုးတို့သွားရှာတိုင်း တောအုပ်နဲ့ လယ်ကွင်းတွေသာ တွေ့ကြရတယ်။

နှစ်နှစ်လောက်ရှာပြီး အဘိုးလည်း လက်လျှော့ပြီး သာသနာ့ဘောင်ကိုဝင်လိုက်တာ ယနေ့တိုင်ပဲဗျ။ ကျွန်တော်တို့ရွာသူရွာသားတွေကို သူ့ကိုယ်တွေ့နဲ့ယှဉ်ပြီး ကံငါးပါးလုံခြုံဖို့၊ ငါးပါးသီလမြဲဖို့ အမြဲပြောပြသွန်သင်ခဲ့လို့ အဖေတို့လက်ထက်က တစ်ရွာလုံးနီးနီး ကံငါးပါးလုံခြုံကြတယ်ဗျ'

'ဟာ··သုံးနာရီတောင်ထိုးတော့မယ်ဗျ။ ဟောပြောပွဲလည်း ပြီးတော့မှာဆိုတော့ ကျွန်တော်တို့အဖွဲ့လည်း ပြန်ကြတော့မှာ။ သွားကြစို့ ကိုလှသန်း။ ကိုဖူးဝါရေ··နောက်နှစ်မှထပ်တွေ့ကြသေးတာပေါ့နော်'

* * *

ရွှေဇင်မောင်ပြောပြခဲ့သည့် သူ့အဘိုးဦးစောအောင်ရဲ့ အဖြစ်တို့မှာ ဖြစ်နိုင်,မဖြစ်နိုင် ကျွန်ုပ်တို့ မသိသော်လည်း သည်လောကကြီးမှာ ကျွန်ုပ်တို့လိုက်မမီတဲ့ ထူးခြားဆန်းကြယ်မှုတွေ ရှိနေတာကိုတော့ လက်ခံရမည်ဖြစ်ပါသည်။

အဘိုးဦးစောအောင်တစ်ဖြစ်လဲ ရဟန်းတော်တစ်ပါး၏ ဆန်းကြယ်မှုအဖြစ်အပျက်ကို ကျွန်ုပ်သိလိုက်ရတော့ ကံငါးပါးမလုံခြုံမှုကို ကြောက်ရွံ့မိတော့သည်။ တတ်နိုင်သလောက် အသေးအဖွဲ့ကအစ ကံငါးပါးလုံခြုံနိုင်အောင် စောင့်ထိန်းနိုင်ဖို့ ကျွန်ုပ်တို့ ကြိုးစားရမည်မဟုတ်ပါလားခင်ဗျာ။


ကောင်းကျိုးလိုရာပြည့်ပါစေ

မောင်လှယဉ်(မော်လမြိုင်)




www.burmeseclassic.com

www.burmeseclassic.com



ရွာကလေး၏အမည်မှာ လက်ပံတောရွာဟု ခေါ်ပါသည်။ ထိုရွာလေးတွင် တောင်သူ၊ လယ်လုပ်သူ၊ ကိုင်းလုပ်သူ၊ ငါးရှာသူ စသည့်လက်လုပ်လက်စား တောသူတောင်သားများ နေထိုင်ကြ၏။ ကိုဘိုသိုက်နှင့် မမြနုတို့ ဇနီးမောင်နှံသည်လည်း ထိုရွာလေးတွင် လက်လုပ်လက်စားဘဝနှင့် နေထိုင်လာခဲ့ကြသည်မှာ သူတို့၏ အိမ်ထောင်သက်တမ်း (၆)နှစ်သို့ပင် တိုင်ခဲ့ပေပြီ ဖြစ်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ ကိုဘိုသိုက် တောထဲမှအပြန် အိမ်အတွက် ဟင်းစားရရန်အလို့ငှာ ချောင်းစပ်ရေတိမ်တွင် ချိတ်တံကို ကိုင်၊ ပုဆိုးကိုတိုတိုဝတ်ပြီး ငါးရှာရာမှ ချိတ်တံတွင် ယက်ကန်ယက်ကန်နှင့် ပုစွန်လုံးတစ်ကောင် ကားရားကားရား ပါလာသဖြင့် ဝမ်းသာအားရ ရှိသွားရတော့၏။

'ဟာ..ဒီကနေ့ ငါကံကောင်းလိုက်ပုံများကတော့ တစ်ခါမှမရစဖူးတဲ့ ပုစွန်လုံးတောင် ရလို့ပါလား။ ဒီပုစွန်လုံးသာ ငါ့မိန်းမ မြနုကို ပေးလိုက်လို့ကတော့'

ထိုသို့သောအတွေးများနှင့် ကိုဘိုသိုက်တစ်ယောက် ခြေလှမ်းကြဲကြီး အသော့နှင်လျက် သူ့အိမ်ဝိုင်းရှိရာအရောက် ပြန်လာခဲ့ပါတော့သည်။

'မြနုရေ..ဟေး..မြနု၊ ဒီကနေ့တော့ ဟင်းကောင်း စားရပြီသာ မှတ်ပေရော့ မိန်းမရေ'

'ဩော်..တော့်နှယ်၊ ဘာများထူးထူးဆန်းဆန်းရလာလို့တုံး။ တကတည်း မှိုရတဲ့မျက်နှာနဲ့'

'မှိုရတဲ့မျက်နှာ မဟုတ်ဘူးဟ၊ ပုစွန်လုံးရတဲ့မျက်နှာ။ ပုစွန်လုံးရလာတဲ့မျက်နှာကွ'

'အယ်..တော်လုချည်လား။ ဒီလိုတော့လည်း ကျုပ်ယောကျ်ားက အဟုတ်ပါပဲလား တော်ရေ့'

နွားစာခွက်ထဲ နွားစာဖြည့်ပေးနေရာမှ ကိုဘိုသိုက်စကားကြောင့် မမြနုမှာ ဝမ်းမြောက်စွာနှင့် ကိုဘိုသိုက်အနားသို့ အပြေးရောက်လာပါသည်။

'ကိုင်း..ရော့၊ သွားချက်ချည်ကွာ။ တစ်ခါမှမစားရစဖူးရှိလှတဲ့ဟင်းစား၊ အဝစားလိုက်ရအောင်။ အမြန်သာ ချက်ပေတော့ မိန်းမရေ။ ကျုပ် နွားစာဆက်ဖြည့်ကျွေးချ[illegible]မယ်'

ဤသို့နှင့် မမြနု မီးဖိုဆောင်သို့ တက်သွားပြီး ယောကျ်ားဖြစ်သူရလာသည့် ပုစွန်လုံးအား လက်ချောင်းများ ချိုးဖို့ပြင်လိုက်ရာ ပုစွန်လုံး၏ဝမ်းဗိုက် ဖောင်းနေသဖြင့် ပုစွန်လုံးအား ပက်လက်လှန်ကြည့်လိုက်မိသည်တွင် ပုစွန်လုံး၏ အခွံအောက်မှ ရွစိ,ရွစိနှင့်လှုပ်နေသည့် သားပေါက်ကလေးများအား တစ်ပြုံတမကြီး တွေ့မြင်လိုက်ရ၍ မမြနုတစ်ယောက် နှုတ်မှ ဘုရားတ,မိသွားရတော့၏။

'အယ်..တော့၊ ဘုရား..ဘုရား။ ကိုသိုက်..ကိုသိုက်ရေ၊ လာပါဦး။ အမြန်လေး လာပါဦး'

'ဘာတုန်းပဲ မြနုရာ။ အထိတ်တလန့်ရှိရန်ကောဟာ။ ကိုင်း..ပြော၊ ဘာဖြစ်တာတုန်းပဲ'

'ဒီမယ် ကြည့်စမ်းလိုက်ဦး။ တော်ဖမ်းလာခဲ့တဲ့ ပုစွန်လုံးက သားတွေနဲ့တော့'

'ဟေး..ဟုတ်ကလား။ ဒါဆိုတော့ ကျုပ်တို့ ဘယ့်နှယ်လုပ်ကြမတုံး'

'ပြန်သာလွှတ်ပေးလိုက်ပါတော်။ ကျုပ် မစားရက်ပါဘူး'

'ဘယ့်နှယ်ပြန်လွှတ်ပေးလိုက်ဖို့ ပြောနေရတာတုန်း မြနုရာ'

'ဩော်..ကိုသိုက်ရယ်၊ တော့်နှယ် အတွေးတိမ်ရန်ကောတော်။ ကျုပ်တို့မယ် နဂိုကမှ သားသမီးမထွန်းကားရတဲ့ထဲ ခုလိုမျိုး သားနဲ့သတ္တဝါကိုသာ သတ်စားမိရင်လား တစ်သက်လုံးတောင် သားသမီးရမှာ မဟုတ်ဘူးတော့'

'အေးလေ၊ ဒီလိုဆိုမှဖြင့်လည်း ပြန်လွှတ်လိုက်ရုံသာ ရှိတော့တာပေါ့'

'မြန်မြန်သာ ပြန်လွှတ်ပေးလိုက်ပါတော်။ အိမ်မယ် ဟိုဘက်ဝိုင်းက ဝိုင်းစိန်မလာပေးထားလို့ ငါးခူဟင်းစားလေး အသင့်ရှိနေပါတယ်။ ကဲ..သွားပါတော်။ ပြန်သာလွှတ်ပေးလိုက်ပါ ကိုသိုက်ရယ်'

'အေးပါဟာ၊ စိတ်ထဲ စနိုးစနောင့်ဖြစ်မနေပါနဲ့။ ကျုပ် အသေအချာကို ပြန်လွှတ်ပေးလိုက်ပါ့မယ်။ ကိုင်း..သွားလိုက်ဦးမယ်'

◆ ◆ ◆

ဤသို့နှင့် ရာသီမသိ ပန်းကိုကြည့်ဆိုသည့်စကား အတိုင်း ပတ်ဝန်းကျင်ကိုကြည့်လိုက်တော့ ခဝဲပန်းပွင့်တွေက ဝေဝေဆာဆာပွင့်နေကြပေပြီ။ ဆောင်းအငွေ့အသက်တို့ ပျံ့လွင့်လာချေပြီဖြစ်ပါသည်။

'ဝေါ့..ဝေါ့..ဝေါ့'

'အယ်..မြနု၊ ဘာဖြစ်တာတုန်းပဲဟာ။ မင်းမလည်း တဝေါ့ဝေါ့နဲ့'

'ကိုသိုက်ရယ်..ကျုပ်မယ် ခုတစ်လော ရင်တွေတုန်ပြီး ခေါင်းတွေမူးမူးနေတယ်တော်။ ဘာမှကိုစားချင်စိတ်မရှိတာ'

'ဒါဆို မင်း တောထဲလိုက်လို့ဖြစ်မယ်မဟုတ်ဘူးဘဲ။ ခဏနေ ကျုပ် ဆရာမကြီးဒေါ်မိုးကို လွှတ်အကြည့်ခိုင်းလိုက်မယ်လေ။ အိမ်မှာသာ နေရစ်လိုက်တော့'

မမြနုအိမ်ဝိုင်း၌ကျန်နေစဉ် သိပ်မကြာခင်အချိန်လေး တွင် ကျေးရွာနပ်(စ်)အဖြစ် တစ်ရွာလုံးကအားကိုးနေသော



www.burmeseclassic.com

www.burmeseclassic.com

ဆရာမကြီးဒေါ်မိုးရောက်လာပြီး စမ်းသပ်ကြည့်ရှုအပြီးတွင် ဝမ်းသာအားရနှင့် ပြောချလိုက်ပုံကဖြင့်-

'မြနုရေ..ညည်းတို့အိမ်မတော့ မိသားစုတိုးပြီပေါ့။ ကိုဘိုသိုက်ကြီးတော့ ဝမ်းသာလိုက်မယ့်ဖြစ်ခြင်းအေရယ်။ မြနု..ညည်းရော ဝမ်းမသာဘူးလား'

'ဟာ..ဘယ့်နှယ်ပြောလိုက်ပါလိမ့် ဆရာမကြီးရယ်။ ကျုပ်မယ် သားသမီးလိုချင်လွန်းလို့ မျိုးကိုစုံအောင်လုပ်နေမိတာ။ ခု ရပြီဆိုတော့လေ။ ဝမ်းသာချက်ကတော့ ဘယ်လိုမှကို ပြောမဖြစ်ပါဘူးတော်။ တကယ့်ကိုပါပဲ'

'ကဲ..ကဲ..မအတ္တ ဝမ်းသာလုံးစို့ပြီး ကျုပ်ပေးတဲ့ ဆေးတွေလည်း သောက်ဖို့မမေ့နေဦးမယ်။ ကိုယ့်ကိုယ်ကိုယ်လည်း ဂရုစိုက်ဦး၊ ကြားလား။ ဒီကြားထဲ အလေးအပင်တွေ မသယ်မိစေနဲ့ဦး။ ကျုပ် မကြာ,မကြာ လာကြည့်ပေးပါဦးမယ်'

'ဆေးသောက်ဖို့တော့ စိတ်ချပါ။ ဒါလေးလိုချင်နေတဲ့ဟာ ဒီအတွက် ဆေးသောက်ဖို့ပဲ။ ဘယ်မေ့လိမ့်မတုံး'

သို့နှင့် ဆရာမကြီးဒေါ်မိုး ပြန်သွားပြီးလို့မှ သိပ်မကြာလိုက်ပါ။ ကိုဘိုသိုက်တစ်ယောက် ပျော်ရွှင်မြူးထူးစွာနှင့် အူယားဖားယား အိမ်ဝိုင်းထဲသို့ အပြေးဝင်လာပါတော့သည်။ ကိုဘိုသိုက်ပုံစံကို မြင်လိုက်ရသည်နှင့် မမြနု သဘောပေါက်လိုက်ပါပြီ။ သူ့အထင်မမှားဘူးဆိုရင် ဒေါ်မိုးကို ကိုဘိုသိုက် တွေ့ခဲ့ပြီး ဖြစ်ပေလိမ့်မည်။

'မြနု..ကျုပ်မယ် ဝမ်းသာလုံးကိုစို့လို့ဗျ။ ဒီလိုတော့လည်း ကျုပ်မိန်းမက အတော်သားပါလား။ ကိုင်း..ဒီကနေ့ကစပြီး အလုပ်မှန်သမျှ ကျုပ်ကိစ္စသာထားလိုက်။ ဒီမယ်..ကျုပ်ကိုသာခိုင်း၊ ကျုပ်အကုန်လုပ်ပေးမယ်။ သာသာလေးသာနေပေတော့ မိန်းမရေ'

'ကဲပါ၊ ဒီနေ့ရော ဘာဟင်းစားရလာခဲ့တုံး'

'ဟာ..ဆရာမကြီးဆီက မင်္ဂလာသတင်းကြားပြီးကတည်းက ကျုပ် ပုစွန်ထုပ်ကြီးငါးကောင် သာအေးတို့ ပိုက်ဆွဲရာက ဝင်ဝယ်တာ။ သူက ပိုက်ဆံမယူဘူးတဲ့။ မြနုဗိုက်အတွက် အာဟာရဖြစ်အောင် ယူသွားပါတဲ့။ ကျုပ်ရသမျှ ဟင်းစားတွေ သူ့အမေအတွက် မျှမျှပေးနေကြမို့ပါဆိုပြီး ဇွတ်ပေးလိုက်လို့ ကျုပ်ယူခဲ့ရတယ်။ ပြီးတော့ ဒီမယ် ဆင်ဘူး၊ ရေထယ်ဘူးသီးနုလေးတောင် တောင်ဘက်ယာခင်းထဲက ဆွတ်လာခဲ့သေး။ ဟင်းခါးရည်ချက်သောက်ဖို့လေ'

'ကိုသိုက်ရယ်..ကျုပ်လုပ်နေကျအတိုင်း လုပ်ပါ့မယ်တော်။ ဗိုက်ကလေးဗန်းပြပြီး ကျုပ် တော့်ကိုခိုင်းသလိုဖြစ်နေမဆိုးလို့ပါ။ တော့်မှာလည်း တောထဲ ပင်ပန်းလာတဲ့ဟာ'

'သာသာလေးနေစမ်းပါ မြနုရယ်။ မင်းမယ် မပေါ့မပါးကြီးနဲ့ဟာ။ ကျုပ်လုပ်တတ်ပါတယ်။ ကျုပ်မယ် ကိစ္စကြီးစရာ ဘာရှိတာမှတ်လို့ပဲ'

ပြောပြောဆိုဆိုပင် ကိုဘိုသိုက် မီးဖိုဆောင်ဘက်သို့ ထွက်သွားပါတော့သည်။ မကြာမီအချိန်တွင်းမှာပင် ပူပူနွေးနွေးထမင်းဝိုင်းလေးပြင်ပြီး သူတို့ဇနီးမောင်နှံနှစ်ဦးမှာ ရေနွေးကြမ်းတစ်အိုးနှင့်အတူ ဝါးကြမ်းခင်းပေါ်ထိုင်လျက် ကြည်နူးဝမ်းသာစွာဖြင့် အားပါးတရ မြိန်ယှက်စွာစားနေကြပါတော့သည်။

♦ ♦ ♦

အချိန်ကာလသည် ကိုဘိုသိုက်နှင့် မမြနုတို့အတွက် တဒင်္ဂအခိုက်အတန့်လေးပင် ကြာခဲ့သည်ဟုပင် ထင်ခဲ့ကြရပါသည်။ သူတို့နှစ်ဦး၏ဘဝထဲသို့ သာယာချိုမြလှသော ဆည်းလည်းသံစဉ်လေးတစ်ခု ရောက်ရှိလာခဲ့သည်မှာ (၈)လ ကျော်မြောက်လာခဲ့ပါလေပြီ။

သူတို့နှစ်ဦး၏ ဘဝထဲတွင် ထိုဆည်းလည်းလို ချိုမြလှသည့် သမီးလေးရောက်ရှိလာခဲ့ပြီးကတည်းက မမြနု တောထဲသို့ လုံးဝကိုလိုက်မသွားနိုင်ရှာတော့ပေ။ အိမ်၌သာ သမီးလေးကိုထိန်းရင်း နွားစာစဉ်း၊ နွားရေဖြည့်၊ ဆေးရိုးလှန်း၊ ပဲပြာ၊ နွားချေးကျုံး၊ ထမင်းဟင်းချက်နှင့်ပင် တစ်နေကုန်နေပါတော့သည်။

တစ်နေ့ ကိုဘိုသိုက် တောထဲမှပြန်ခါနီးအချိန်ထိ သမီးလေး ဂျီကျနေ၍ ဘာအလုပ်မှ ဖြောင့်ဖြောင့်မလုပ်နိုင်သည့်ပြင် ဟင်းပင်မချက်ဖြစ်သဖြင့် ရှိသည့်ပဲကြီးလေးကိုဖျစ်၍ ပဲကြီးနှပ်ဟင်းချက်အပြီး အိမ်ဝိုင်း၏တောင်ဘက် ခရိုးနားရှိ ဖရုံညွှန့်လေးတစ်အိုးစာ ဟင်းချိုခတ်ဖို့ချိုးယူရင်း မီးဖိုဆောင်ဘက်သို့ ကူးမည်ပြုစဉ် သမီးလေးအား ထည့်သိပ်ထားသော အဝတ်ပုခက်ရှိရာ အိမ်ရှေ့ဆောင်ဘက်အား လှမ်းကြည့်မိလိုက်ချိန်တွင် မမြနုမှာ နွေခေါင်ခေါင်ကြီး၌ သူမ ငယ်ထိပ်အား မိုးကြိုးပစ်ခံလိုက်သည့်နှယ် အသည်းအူတွေ တစ်ပြုံလုံး ပြောင်းပြန်လန်သွားသလို ခံစားလိုက်ရပါတော့သည်။

'အမယ်လေး..လေး..နည်းတဲ့မြွေကြီးမှ ဟုတ်ပါရိုးလား။ ငါ့သမီးလေး..ငါ့သမီးလေးတော့ ကိုယ်ကျိုးနည်း

www.burmeseclassic.com

www.burmeseclassic.com

ရှာပြီ ထင်ပါရဲ့။ ဘယ့်နှယ်လုပ်ရပါ့၊ ဘုရား··ဘုရား'

မမြနု အသည်းအူတွေ ပြောင်းပြန်ဖြစ်မည်ဆိုလျှင်လည်း ဖြစ်လောက်ပါသည်။ သူမြင်လိုက်ရသည့်မြင်ကွင်းမှာ သမီးလေးအား သိပ်ထားသော စောင်အဝတ်ပုခက်၏ ထုံးထားသည့် ကြိုးစနှစ်ဖက်ကို ခွထောက်ထားရာ ဝါးလုံးကို ထုတ်တန်း၌ ရစ်ပတ်၍ ပုခက်တွင်းမှ ကလေးဆီသို့ ဦးတည်ကာ မြွေကြီးက ပါးပျဉ်းခွက်ထားသည်။ မြင်ရသော မြင်ကွင်းမှာ တကယ့်ကိုကြောက်ခမန်းလိလိဖြစ်စရာပင်။

'ဒုက္ခပါပဲ၊ ဘယ်လိုများလုပ်ရပါ့။ မတော်လို့ ငါ··ငါ ခြောက်လိုက်ကာမှ လန့်ပြီး သမီးလေးကိုများ ပေါက်ချလိုက်လေမှဖြင့်။ ကိုဘိုသိုက်တစ်ယောက်ကလည်းလေ ဒီကနေ့လိုနေ့မျိုးကျမှ ကြာ··ကြာနိုင်ရန်ရော'

ထိုသို့ မမြနု ချီတုံချတုံဖြစ်နေစဉ်မှာပင် ပုခက်တွင်းမှ သမီးလေး၏ ခိုးခိုးခစ်ခစ်ရယ်သံအား ကြားလိုက်ရပြန်သဖြင့် မမြနုခမျာ ထပ်မံ၍အံ့ဩမိရပြန်ပါသည်။

'ခစ်··ခစ်··ခစ်··ခစ်'

မြွေကြီးက သူ့ပါးပျဉ်းကြီးကို အကြိမ်ကြိမ်ယိမ်းခါပြလိုက်၊ ကလေးက တခစ်ခစ်ရယ်လိုက်ဖြစ်နေ၍ ကလေးအား ကပြကာ မြူနေသကဲ့သို့ ရှိနေတော့၏။ သို့ပါသော်လည်း မည်သို့ပင်ဆိုစေကာမူ မြင်နေရသောမြင်ကွင်းမှာ အသည်းယား ရင်ဖိုစရာဖြစ်နေသောကြောင့် မိခင်တစ်ယောက်ဖြစ်သည့် မမြနုအဖို့ တံတွေးတောင် မျိုမချရဲလောက်အောင်ပင် ရှိနေရတော့၏။

ထိုအချိန်မှာပင် 'မြနုရေ··ဟေး··မြနု'ဟူ၍ အိမ်ဝိုင်းအဝင်ခရီးဆီမှ ယောကျ်ားဖြစ်သူ ကိုဘိုသိုက်၏အသံကို ကြားလိုက်ရ၍ မမြနုမှာ ပို၍ပြူးပြူးပျာပျာဖြစ်သွားရ၏။ တစ်ချိန်တည်းမှာပင် သမီးလေး၏ ပုခက်ရှိရာသို့ လည်ပြန်ကြည့်လိုက်မိတော့ စောစောက သူမြင်ရသည့် ဧရာမမြွေကြီးအား မတွေ့ရတော့ပေ။ သို့နှင့် ကပျာကယာ ကလေးပုခက်ဆီသို့ အပြေးရောက်သွားပြီး ကလေးအား လှန်လှောကာ ဟိုစမ်း,သည်စမ်း လုပ်ကြည့်ပြီးမှ ကောက်ချီလိုက်မိသည်။ သူချီမ,လိုက်မှပင် ကလေးက အသံထွက်၍ ငိုပါလေတော့သည်။

'ဟဲ့··သမီးက ငိုလှချည်လား။ မအိပ်ရသေးဘူးလား မြနုရဲ့'

'အိပ်ပြီး နိုးတာ တော်ရေ့၊ တော့်သမီး ဒီနေ့ ဂျီတိုက်ပုံကဖြင့် ကျုပ်မယ် အိမ်အလုပ်ကို ဖြောင့်ဖြောင့်လုပ်ရတယ်ကို မရှိပါဘူးတော်။ အိပ်တာကလည်း ကြက်အီးတစ်ပေါက်တောင်မကြာဘူး။ ခုတင်နိုးပြီးငိုလို့ ကျုပ်မယ် လာချီရတာ။ ဟင်းတောင် တစ်အိုးပဲကျက်တယ် တော်ရေ'

မမြနုမှာ ယောကျ်ားဖြစ်သူ တောထဲက မောရပန်းရာမှ ပြန်လာရ၍ အငေါက်မခံရလေအောင် အဆင်ပြေစေရန် စကားကို ဆင်ခြင်၍သာ ပြောနေရရှာသည်။ အမှန်ဆိုလျှင်မူ ယခုမှပင် သက်မ,ချလိုက်နိုင်သည့် သူမအဖြစ်ကိုသာ ကိုဘိုသိုက်သိခဲ့ပါလျှင် မည်မျှများ မိုးမီးလောင်လိမ့်မည်နည်းဟူ၍လည်း တွေးလိုက်မိ၏။ နောက်တစ်ခုက သူမ စောစောကတွေ့လိုက်ရသော ဧရာမမြွေကြီးမှာလည်း အခုအစရှာမရအောင် ကြက်ပျောက်ငှက်ပျောက်ဖြစ်နေ၍ ထူးဆန်းသလိုရှိနေသည်ဟု သူမစိတ်ထဲ ဇဝေဇဝါနှင့် အဖြေရှာနေမိတော့၏။

ကိုဘိုသိုက် တောထဲသွားခိုက် မမြနု ထမင်းဟင်းတည်ခိုက် မြွေကြီးမှာ နေ့စဉ်ရက်ဆက်ဆိုသလို ကလေးဆီရောက်ရောက်လာ၏။ ကလေးကိုလည်း မည်သည့်အန္တရာယ်မှ မပြုဘဲ ကလေးအား လာစောင့်ရှောက်ပုံ၊ ကလေးနှင့် ကစားရင်း ကလေးထိန်းပေးပုံသို့ပေါက်နေ၍ မမြနု ထိုအကြောင်းအား ကိုဘိုသိုက်ကို အသိမပေးဘဲ နေလိုက်မည်ဟု ဆုံးဖြတ်မိသော်လည်း သတ္တဝါဆိုသည်မှာ အစိုးမရ။ လူတောင် စိတ်အခန့်မသင့်လျှင် စိတ်တိုကာ ရန်ပြုတတ်သေးသည်။

ယခု မြွေဆိုသော အဆိပ်ရှိသည့်သတ္တဝါ သူ့သမီးလေးထံ လာလာနေသည်။ တစ်နေ့မဟုတ်တစ်နေ့တော့ သမီးလေးအတွက် အန္တရာယ်ရှိလာနိုင်၏။ သည်အကြောင်းကို ကိုဘိုသိုက်အား လုံးဝမပြောလို့တော့မဖြစ်။ တဖြည်းဖြည်းတော့ ပြောဖို့ကြိုးစားမည်ဟူ၍ မမြနု စိတ်မောစွာပင် ဆုံးဖြတ်ထားလိုက်မိ၏။

◆ ◆ ◆

သည်ကနေ့တော့ ကံဆိုးချင်၍ပဲလားမသိ၊ ကိုဘိုသိုက်တစ်ယောက် ကိုယ်တွေ,လက်တွေမအီမသာနှင့် ထိုင်းထိုင်းမှိုင်းမှိုင်း ကိုက်ခဲနေသည့်အပြင် ဦးခေါင်းမှာလည်း မကြည်မလင်ဖြစ်နေ၍ အလုပ်လုပ်ချင်စိတ်မရှိတော့သဖြင့် တောထဲမှ လုပ်ဖော်ကိုင်ဖက်များအားပြောကာ အိမ်သို့ အစောကြီးပြန်ရောက်လာခဲ့၏။ ရောက်ရောက်ချင်းဆိုသလို မြနုကိုတောင် လှမ်း၍အသံပြုမနေတော့ဘဲ အိမ်ပေါ်တက်အိပ်မည်ဟူသောအတွေးနှင့် အိမ်ပေါ်သို့ တန်းနေအောင် တက်သွားခဲ့



www.burmeseclassic.com

www.burmeseclassic.com

ရာ သူ့သမီးလေး ပုခက်အတွင်း လှုပ်ယမ်းနေသည်ကိုတွေ့သောကြောင့် ကလေးအိပ်ရင်းမှ လူးလွန့်နေသည်အထင်နှင့် ပုခက်အား လွှဲမည်အလုပ်တွင် မြင်လိုက်ရသောမြင်ကွင်းကြောင့် ကိုဘိုသိုက်ခင်ဗျာ မျက်လုံးများပြူးကျယ်သွားရုံမက ခေါင်းကိုက်ရောဂါများပင် လွင့်စဉ်ထွက်သွားပါတော့သည်။

'ဟာ..မြွေကြီး၊ မြွေကြီး..မြနုရေ၊ မြန်မြန်...မြန်မြန်လာပါဦး။ သမီးလေးတော့ မြွေကိုက်ခံရပြီဟာ။ အမယ်လေး..လေး..နည်းတဲ့မြွေကြီးမှ မဟုတ်ပါဘဲလား။ ပုခက်ထဲတောင်ဝင်ပြီး ကလေးကိုဒုက္ခပေးတဲ့ ဒင်းကိုတော့လား တောက်'

ကိုဘိုသိုက် သူ့ရှေ့ကမြင်ကွင်းကိုကြည့်၍ ဒေါသတကြီးနှင့် တောက်တစ်ချက် ပြင်းထန်စွာခေါက်ရင်း အံကြိတ်ပြီး လက်သီးကိုပါ ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်မိတော့၏။

ကိုဘိုသိုက် ဒေါသမဖြစ်ခံနိုင်ပါရိုးလား။ သူတို့ဇနီးမောင်နှံနှစ်ဦး ခဲရာခဲဆစ် ပလူမွေးပလူတောင်မွေးခဲ့ရသည့် သမီးလေးကိုမှ ဇရာမမြွေကြီးနှယ် လုပ်မှလုပ်ရက်လေခြင်းဟူသော ဒေါသအိုးပေါက်ကွဲမိမှတော့ စဉ်းစားစရာဘာမှ မလိုတော့ပေ။ ထို့ကြောင့် အိမ်နံရံတွင်ထိုးထားသော ဓားရှည်ကိုဆွဲယူကာ လူသံကြား၍ ပုခက်တွင်းမှ အိမ်ခေါင်တိုင်ဆီသို့တက်ရန် ပုခက်အား ခွထောက်ထားသော ဝါးလုံးပေါ်သို့တက်နေပြီဖြစ်သော မြွေကြီးအား တစ်အားကုန်လွှဲ၍ခုတ်ချလိုက်ပါတော့သည်။

'ကိုင်း..မှတ်ပြီလား။ မှတ်ပြီလားဟ'

အိမ်ပေါ်မှ ခုတ်သံထစ်သံ၊ အော်သံနှင့် ဗုန်း..ဒိုင်း..အုံး..ဂွမ်း..ဆူညံသံများကြောင့် မမြနု မီးဖိုဆောင်မှ အပြေးအလွှား အိမ်ပေါ်သို့ ပြေးတက်သွားခဲ့ရ၏။

'ဟယ်..အမယ်လေး၊ ကိုသိုက်..တော်..တော်..မြွေကြီး..မြွေကြီးကို သတ်လိုက်ပြီ။ ဒုက္ခပါပဲ။ ကိုယ်ကျိုးတော့ နည်းတော့မယ် ထင်ပါရဲ့တော်'

'ကိုယ်ကျိုးနည်းတာ,များတာ နောက်ထား၊ ဖွေ့အရင် သမီးလေးကို ချီလိုက်စမ်းပါ။ ကျုပ်သမီးလေး အသက်မှရှိသေးရဲ့လားပဲ'

ကိုဘိုသိုက်က သမီးကိုချီခိုင်း၍ မမြနု ပုခက်တွင်းမှ ကလေးကို ကောက်ချီလိုက်ပါသည်။ ပုခက်တွင်း၌နေစဉ် ဘာသံမျှမထွက်သောကလေး မြနုလက်ပေါ်ရောက်မှ ကော့ကလန့်ထိုး၍ ငိုပါတော့သည်။

'အယ်..တော်သေးရဲ့၊ ကျုပ်သမီးလေး..ကျုပ်သမီးလေး ဘာမှမဖြစ်ရှာဘူးဘဲ။ ပေး..ပေး..ကျုပ်ချီကြည့်စမ်းပါ့မယ်'

'ကိုသိုက်ရယ်..တော့်မယ် သွေးသံရဲရဲနဲ့ဟာ။ ကလေးယူချီလို့ ဘယ်ဖြစ်မှာတုံး။ ပြီးတော့ ဟိုမယ်ကလည်း ရှုမကောင်းမြင်မကောင်း အပိုင်းအပိုင်းအတစ်တစ်နဲ့။ ကျုပ်စိတ်မကောင်းလိုက်တာတော်။ တော့်နှယ်..ဇက်ရဲလက်ရဲနိုင်လိုက်တာ။ ကလေးမှ လန့်မသွားလို့သာ တော်သေး'

'ဇက်ရဲလက်ရဲတော့ ဟုတ်မလားဟ၊ ကလေးအတွက် စိတ်ပူလို့ လုပ်မိတာပေါ့ မြနုရာ။ ဘာမှစိတ်မကောင်းဖြစ်မနေပါနဲ့ဟာ။ သတ္တဝါတစ်ခု ကံတစ်ခုပဲလေ။ ကိုင်း..ဒါတွေအားလုံး ကျုပ်ရှင်းလိုက်ပါ့မယ်။ သမီးလေးကိုသာ မီးဖိုဘက် ခေါ်သွားလှည့်'

◆ ◆ ◆

မြွေကြီးသေပြီးသွားသည်မှာ တစ်ပတ်ပြည့်သွားပြီဖြစ်၍ မေ့မေ့ပျောက်ပျောက်ရှိသွားခဲ့ရာမှ တစ်ညတွင် ကိုဘိုသိုက်တို့ မိသားစုသုံးဦး အတူအိပ်ခန်းတွင်း အိပ်နေစဉ်တွင် မမြနုမှာ ရုတ်ခနဲအိပ်ရာမှ ထထိုင်လိုက်ရင်း အနားရှိ သူ၏ယောကျ်ား ကိုဘိုသိုက်အား တုန်တုန်ယင်ယင်နှင့် လှုပ်နှိုးလိုက်ပါသည်။

'ကိုသိုက်..ကိုသိုက်..အမြန်ထစမ်းပါ၊ အမြန်လေး ထစမ်းပါတော်'

'အယ်..မြနုရယ်၊ ဘာဖြစ်တာတုံးပဲဟာ။ ညကြီးသန်းခေါင်'

'ကျုပ်..ကျုပ်..အိပ်မက်,မက်တယ်။ အိပ်မက်က မကောင်းဘူး ကိုသိုက်ရဲ့။ တော်.. တော်သတ်လိုက်တဲ့ မြွေ..မြွေကြီးက ကျုပ်ကိုလာပြောတယ်။ ငါ့သမီးလေးဆီ ငါလာတာကို နင်တို့က မကြည်ဖြူကြဘူး။ နင်တို့ ကလေးရပါစေဆိုတဲ့ စေတနာရယ်၊ ငါ့သမီးလေးလည်း လူ့လောကကို ရောက်ဖူးပါစေဆိုတဲ့ မိခင်စိတ်နဲ့ နင်တို့ဆီကို ဝင်စားခိုင်းလိုက်တာ ခုတော့ နင့်ယောကျ်ားက ငါ့ကို ရက်ရက်စက်စက်သတ်တယ်။ နင်တို့လို ရက်စက်တတ်တဲ့ လင်မယားနဲ့ ငါ့သမီးလေးကို မထားခဲ့ဘူး။ ငါလာခေါ်မယ်တဲ့တော်ရေ့'

'မဟုတ်နိုင်တာ မြနုရယ်၊ မြွေကြီးသေတာဖြင့် ကြာ..ကြာလှပြီ။ ခုမှ ကယောင်ချောက်ချား ပြောမနေစမ်းပါနဲ့ဟာ။ ကိုင်း..အိပ်..အိပ်။ မနက်ကြီးကျ ကျုပ်မ[illegible] မြသောင် အရေးတကြီးမှာထားလို့ သွားရဦးမှာ။ ကလေးအိပ်



www.burmeseclassic.com

www.burmeseclassic.com

တုန်း အိပ်စမ်းပါ မြနုရာ'

မနက်လင်းလျှင်လင်းချင်း ကိုဘိုသိုက် တောထဲသို့ ခပ်စောစောပင် ထွက်သွားပါသည်။ အချိန်သိပ်မကြာခင်မှာပင် တောင်ဘက်ယာခင်းဆီမှ မမြနုအခေါ်လွှတ်သည်ဆိုကာ မပုလေးလာခေါ်သဖြင့် အပြေးအမြန် အိမ်သို့ပြန်လာခဲ့ရ၏။

အိမ်ဝိုင်းတွင်း ခြေချမိသည်နှင့် မြနု၏အော်ငိုသံကို ကြားလိုက်ရ၍ ခပ်သုတ်သုတ်အိမ်ပေါ်သို့ တက်မိလိုက်တော့-

'အမယ်လေး··သမီးလေးကို မကယ်နိုင်ကြတော့ဘူးလား။ ကိုသိုက်··ကိုသိုက်ရေ။ တော့်သမီးကို မြွေကြီးလာခေါ်သွားပြီတော့။ ကျုပ်ပြောတော့ တော်က ကယောင်ချောက်ချားဆို၊ ခုတော့ တကယ်ခေါ်သွားပြီတော်ရေ့'

မမြနု ထိုမျှသာ ပြောလိုက်နိုင်ပါသည်။

'မြနု··မြနုရယ်၊ သတိထားပါဦးဟာ။ ငါ့အပြစ်ပါ။ ကျုပ်မှားတာပါ။ လာ··လာကြပါဦး။ ကျုပ်မိန်းမကို ကယ်ကြပါဦး'

အသံတုန်တုန်နက်နက်ကြီးနှင့် အော်ခေါ်လိုက်သော ကိုဘိုသိုက်အသံကြောင့် တဲအနီးပတ်ဝန်းကျင်ရှိလူအများရောက်ရှိလာကြသည်။ သတိမေ့သွားသော မမြနုကိုလည်း သိနားလည်သူတို့က ဝိုင်းပြုစုနေကြ၏။

ရောက်ရှိလာသူအားလုံး ကလေးအား ရောဂါနှင့်ဆုံးသွားသည်ဟုသာ မှတ်ယူခဲ့ကြပါသည်။ ကာယကံရှင်မိဘနှစ်ပါးဖြစ်သူတို့ကတော့ ဘာရောဂါမှမရှိပါဘဲ အသက်ဆုံးပါးသွားခဲ့ရသော သမီးလေးဖြစ်သူအတွက် အတော်ပင်ယူကျုံးမရဖြစ်နေမိကြရတော့၏။

သူတို့မျက်မြင်ကြုံဆုံခဲ့ရသမျှ မြင်ကွင်းအားလုံးအားလည်း-

* တကယ်ပဲလား၊
* အဟုတ်ဖြစ်နိုင်ပါ့မလား၊
* သူတို့၏စိတ်အထင်လား၊
* သူတို့၏စွဲလမ်းမှုများလား··စသည်,စသည်ဖြင့် ဝေခွဲမရအောင် ရှိနေရင်းမှပင် သူတို့ဘဝထဲသို့ မြွေဘဝမှ လူဝင်စားအဖြစ် ရောက်ရှိလာခဲ့သော မြွေဝင်စားသမီးလေးဖြစ်သူအား ပူဆွေးမှုများစွာနှင့်သာ နှမြောတ,သရှိနေရစ်ရှာပါတော့သည်။

အင်ကြင်းမွှေး(နေပြည်တော်)


ဂမ္ဘီရဆရာလှမျိုး (B.Sc)၏ ဆဋ္ဌမမြောက်
ဂြိုဟ်ရှစ်ခွင်သက္ကတ်ပေဒင် နှင့် ယတြာများ

ထွက်ပြီ

တစ်အုပ်ဝယ်ထား၊ တစ်မိသားစုလုံး ဘယ်နှစ်မှာ ဘယ်ဂြိုဟ်ခွင် သက္ကတ်(သက်ရောက်)နေပြီလဲ...
ဖတ်လို့ရ၊ ကိုယ်တိုင် ယတြာချေလို့ရမည့် ပေဒင်ပညာပေးစာအုပ်။

တစ်နှစ်စာမဟုတ်...
ဘဝတစ်သက်စာ....

ဖြန့်ချိရေး - ကြံတိုင်းအောင်စာပေ
- အမှတ်(၁၇)၊ အောင်သပြေအနောက်(၁)လမ်း၊
- ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၄၂၀၀ ၄၇၈၆၉

ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ မော်လမြိုင် စာအုပ်ဆိုင်များသို့ ဖြန့်ချိလိုက်ပြီ။

နယ်မှ (၅)အုပ်ထက်မနည်း ငွေပို့မှာလျှင် အရောက်ပို့ပေးမည်။

တန်ဖိုး - ၁၂၀၀ ကျပ်




www.burmeseclassic.com

www.burmeseclassic.com



သိမ်ကုန်းတစ်ရွာလုံး အုန်းအုန်းကျွက်ကျွက်။ မအုန်းကျွက်၍လည်းမဖြစ်၊ အဖြစ်က တကယ့်သည်းထိတ်ရင်ဖို။ သိမ်ကုန်းရွာက အိမ်ခြေတစ်ထောင်ကျော်ရှိပြီး ရန်ကုန်-မန္တလေး လမ်းမကြီး၏ ဝဲယာတွင် တိုက်တာများ၊ အိမ်ကြီးအိမ်ကောင်းများ ပြည့်နေသည့် စံပြရွာကြီး။ အ·ထ·က၊ ရဲစခန်း၊ စာတိုက်၊ ဆေးရုံ၊ အော်တိုအိတ်ချိန်းတို့ ရှိသည်။

ရွာအလျားကပင် အရှေ့-အနောက် တစ်မိုင်ကျော်ရှည်လျားပြီး လမ်းပန်းဆက်သွယ်ရေးကောင်း၊ စီးပွားဖြစ်ထွန်းသည့်ဒေသ။

သည်နှစ် မိုးအလွန်ကောင်းသည်။ အကောင်းလွန်အလွန်ကောင်း၍ မိုးများသည်။ မိုးဦးနောက်ကျ၊ မိုးလယ်ကောင်းလွန်း၍ သိမ်ကုန်းတစ်ရွာလုံးသာမက တစ်မြို့နယ်လုံး ရေမြုပ်နေပြီ။

တစ်ရွာလုံး ရေမြုပ်၍သာ ဤပြဿနာဖြစ်ပေါ်ခဲ့ရပြီ။ ဤပြဿနာကြောင့် တစ်ရွာလုံး ရေမြုပ်ခြင်းတော့မဟုတ်၊

ပြဿနာအစက ဒေါ်နွဲ့ရီ။ ဒေါ်နွဲ့ရီဆိုသည်က သိမ်ကုန်းတစ်ရွာလုံး၏ ကြေးရတတ်လူချမ်းသာစာရင်းဝင် ဆန်စက်ပိုင်ရှင် ဦးသိန်းလွင်၏ဘွားတော် ယောက္ခမ။

ရေကြီးရေမြုပ်ပြီး တတိယနေ့၌ ဦးသိန်းလွင်အိမ်တွင် လူများ ရှုပ်ယှက်ခတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျတော့မည်ထင်ရသည့်ရေက မကျ၊ ဆက်၍တက်လာပြီ။ သည်လိုပုံနှင့် မိုးကြီးအချုပ်ခံ၍မဖြစ်တော့။

ရေဘေးအန္တရာယ်ကြောင့် ဆန်စက်လုပ်သားများသာမက ရွာမှ လုပ်အားပေးများပါခေါ်၍ ဆန်အိတ်၊ စပါးအိတ်များကို နေရာရွှေ့ပြောင်းသယ်ကြချကြရပြီ။ သည်အချိန်ထိ ဒေါ်နွဲ့ရီ ရှိနေသေးသည်။ အားလုံးစိတ်ချရသည့်အဆင့်ထိ ရွှေ့ပြောင်းပြီးမှ ဆန်စက်လုပ်သားများနှင့် ရွာမှ လုပ်အားပေးကြသူများကို ထမင်းပွဲဖြင့် ဧည့်ခံသည်။

စားကြသောက်ကြ တရှန်းရှန်းဖြစ်နေ၍ ဒေါ်နွဲ့ရီအား ဂရုမပြုမိကြ။ စားသောက်ပြီး တီဗွီကြည့်၊ ဗီဒီယိုပြတော့လည်း သတိမပြုမိသေး။

သတိပြုမိတော့ ညအိပ်ချိန်။

အိမ်ရှိလူကုန် ခြေကုန်လက်ပန်းကျ၍ မလှုပ်ချင်ကြတော့။ သို့သော် ဦးသိန်းလွင်က စည်းစနစ်ကျသည်။ အတုယူဖွယ်တစ်ခုက အိပ်ရာဝင်တိုင်း အိမ်ရှိလူကုန် ဘုရားရှိခိုးကြရသည်။ သည်ဘုရားရှိခိုးချိန်တွင်သာ အိမ်ရှိလူကုန် ဆုံတွေ့ကြရ၊ ကောင်းမှုကုသိုလ်ပြုရသဖြင့် ပျက်ကွက်ခြင်းအလျှင်းမရှိစေရ။

ဤအလေ့အကျင့်က ဤအိမ်ကြီးတွင် ဆယ်စုနှစ်ပေါင်း မနည်းတော့။ ယနေ့ဘုရားခန်းတွင် လူတစ်ယောက်လိုနေသည်။ ပျက်ကွက်နေသူကလည်း လူမမယ်လေးတစ်ယောက်မဟုတ်။

ဤဂေဟာတွင် သက်ကြီးစာရင်းဝင် အသက်(၇၀) ကျော်အရွယ်ရှိ ဒေါ်နွဲ့ရီ။

'ဟင်း..လိုနေတဲ့သူက အမေပဲ'

'ဟုတ်သား၊ ဘွားဘွားကြီးရော'

စတင်သတိထားမိသူက ဒေါ်နွဲ့ရီ၏သမီးကြီး ဦးသိန်းလွင်၏ဇနီး ဒေါ်ငွေး။

ဘုရားဝတ်ပြုချိန်တွင် လုပ်ငန်းတာဝန်နှင့် ပြင်ပထွက်ကြမည့်သူများ ခွင့်တိုင်ကြရသည်။ အိမ်တွင် ရှိနေပါလျက် ပျက်ကွက်ခွင့် မရှိစေရ။

ဘာကြောင့် ဒေါ်နွဲ့ရီ ပျက်ကွက်နေရသနည်း။

တစ်နေကုန် လူတရှန်းရှန်းနှင့်မို့ မျက်စိနောက်၍ လူကြီးပီပီ ပင်ပန်းကာ အိပ်ရာထဲ လဲလျောင်းနေသည်လား။ ဒေါ်ငွေးမှာ အတွေးရောင်စဉ် အမျှင်ခုနစ်တန်း။

'သမီးရေ..အမေ ပင်ပန်းလို့များ အိပ်ရာထဲ လှဲနေသလားကွယ်။ သွားကြည့်လိုက်ပါဦး။ အိပ်ပျော်နေရင်လည်း မနိုးပါနဲ့တော့'

မိခင်၏ သတိပေးစကားကြောင့် သမီးကြီးခင်စမ်းလွင်က ဘုရားခန်းမှ ထွက်သွားပြီး အတန်ကြာမှပြန်လာသည်။

'မတွေ့ခဲ့ဘူး မေမေ။ သမီးရှာတာ တစ်အိမ်လုံးအနှံ့ပဲ။ အပြင်များ သွားနေသလား'

သမီးကြီးက ဓာတုဗေဒနှင့် ဘွဲ့ရပြီးသား။ စေ့စပ်သေချာတိကျသည်။

'ကိုင်း..အမေကြီး ပျက်ကွက်ပေါ့ကွယ်။ အားလုံးနေရာယူကြ၊ ဘုရားရှိခိုးပြီးမှ ရှာကြတာပေါ့'

ဦးသိန်းလွင်၏စကားအဆုံး ဘုရားရှိခိုးဝတ်တက်သံများက အပြိုင်။

ဤနှယ်ဖြစ်ရပ်မျိုး ဤအိမ်တွင် ဆယ်စုနှစ်သုံးစုအတွင်း တစ်ကြိမ်မှ မဖြစ်ခဲ့စဖူး။

◆◆◆

## (တစ်)

'ပြဿနာက တစ်နေ့က စတာပါ။ ညဘက် ဘုရားရှိခိုးတော့ အမေမပါဘူးလေ။ ကျွန်တော်တို့အားလုံး ဘုရားရှိခိုးပြီးတာနဲ့ အမေသွားတတ်တဲ့နေရာတွေ၊ အိမ်တွေအနှံ့ လှေနဲ့ လိုက်ရှာကြပါတယ်။ တစ်ရွာလုံး ရေကြီးနေတော့ လှေနဲ့ပဲ သွားကြရတယ်။ ဒီလို ရေတွေဖွေးနေတဲ့အချိန်မှာ ဒီသက်ကြီးရွယ်အိုကြီးက ဘယ်သွားဘာလုပ်မှာလဲ။ ကျွန်တော်တို့တောင် လှေနဲ့သွားနေရတဲ့အချိန်'

'ဒါနဲ့ အိမ်ဝင်း၊ စက်ဝင်း၊ ခြံထဲမှာရော သေသေချာချာမှ ရှာမိကြရဲ့လားဗျာ'

ဦးသိန်းလွင်၏ စကားအဆုံး ဒုရဲအုပ်ဇော်ဇော်က မေးလိုက်မိသည်။ ဦးသိန်းလွင်၏ယောက္ခမကြီး ဒေါ်နွဲ့ရီပျောက်ဆုံးနေကြောင်း၊ စိတ်ထားကောင်းသော မိသားစုဖြစ်၍ တစ်ရွာလုံးက ဝိုင်းဝန်းရှာဖွေပေးနေကြကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်မောင် ပြောထား၍ သိပြီးဖြစ်သည်။

တစ်ရွာလုံးရှိ လူကုန်နီးပါး သိမ်ကုန်း၊ ရိုးပေါက်၊ ရိုးမြောင်နှင့် ဆက်စပ်တူးမြောင်းတစ်လျှောက် ဝါးနက်ကုန်း၊ အုန်းနဲ့ကုန်း၊ သနပ်ပြင်၊ အင်းတိုင် စသောရွာများအထိ လူလွှတ်၊ သတင်းမေး၊ စုံစမ်း၊ လိုရမယ်ရ၊ ချောင်း၊ မြောင်း၊ တူးပေါက်ရိုး၊ လိုဏ်များအတွင်း ကွန်ပစ်၊ ရေငုပ်၊ အလောင်းရှာ၊ ဒေါ်နွဲ့ရီ၏ခေါင်းအုံး ရေမျော၊ အလောင်းတွေ့လိုတွေ့ငြား ကြိုးစားရှာကြသည်။ တတိယမြောက်နေ့အထိ ဦးသိန်းလွင်က ရဲစခန်း လူပျောက်မတိုင်၊ အဖွဲ့ဖွင့်



www.burmeseclassic.com

www.burmeseclassic.com

သေး။

'ဒီလောက်ရေမိုးကြားထဲ ဒီသက်ကြီးရွယ်အိုအဘွားကြီးက ဘယ်ကိုသွားလည်မှာလဲ။ အိမ်လည်တတ်တဲ့အကျင့်လည်း မရှိဘူးလေ။ မျက်စိလည်လို့ လမ်းမှားရအောင်လည်း ဒီရွာက သူ့ချက်မြှုပ်။ အဲ··ပြန်ပေးဆွဲသွားတယ် ဆိုပါစို့။ ဒါကလည်း ဒီခေတ်မှာ ဘယ်ရဲစခန်းမှာမှ မရှိတော့တဲ့အမှု။ ရှိတယ်ထားဦး ဘယ်မှာလည်း ငွေတောင်းတဲ့စာ။ ကျွန်တော့်အထင်တော့ အသက်ကြီးသာလို့ အထိုင်အထမှာ မူးမိုက်ရေထဲများ ကျသွားသလားဆိုတဲ့ အတွေးတစ်ခုပဲရှိတယ်။ တကယ်လို့များ ကျွန်တော့်အတွေးမှန်တယ်ဆိုရင် သက်သက် ရဲကိုဒုက္ခပေးသလိုဖြစ်မှာစိုးပြီး မတိုင်တာပါ'

သူ့ဆင်ခြေနှင့်သူတော့ ဟုတ်နေသည်။

ဒုရဲအုပ်ဇော်ဇော်က အတွေ့အကြုံရှိပြီးသား။ တရားဝင် တိုင်ချက်မဖွင့်သေးသော်လည်း မလိုလည်းလိုလည်း သတင်းကောက်ကြောင်း လိုက်ပြီးသား။

မိသားစုငွေကြေးဇယား အရှုပ်အရှင်းမရှိ။ အမွေခန်းကိစ္စ မည်သို့စီမံခန့်ခွဲထားသည်။ အဘွားကြီး၏မိသားစုအတွင်း အရေးပါမှု၊ မိသားစုဝင်များ၊ အိမ်ဖော်နှင့် လုပ်သားများ၏ ကိုယ်ရေးရာဇဝင်၊ အလုပ်ရှင်၊ အလုပ်သမား ဆက်ဆံရေးအစ ရှိသည်။

အဖြေက ရှင်းနေသည်။

သံသယဖြစ်ဖွယ် စိုးစဉ်းမျှမရှိ၊ မတွေ့။

သို့ဆိုပါလျှင် ဘာပဲဖြစ်ဖြစ်လေ ပြဿနာတစ်ခု ဖြစ်လာပြီဆိုရင် တာဝန်ရှိအဖွဲ့အစည်းကို သတင်းပို့ ပူးပေါင်းဆောင်ရွက်တာ အကောင်းဆုံးပါဦး။ ဦးရဲ့ အခုလုပ်ပြီးခဲ့သမျှ အခြေအနေတွေအားလုံး ကောင်းပါတယ်။ အဲ··ရဲကို အကြောင်းမကြား၊ သတင်းမပို့ခဲ့တာကလွဲလို့ပေါ့။ အခုသိပြီဆိုတော့ ကျွန်တော့်စခန်းက နယ်ထိန်းတွေ၊ ဆက်စပ်မြို့နယ်ရဲစခန်းတွေနဲ့ ပဏာမလူပျောက်ရှာပေးပါ့မယ်။ ဦးအနေနဲ့ ဒီအတောအတွင်း ထူးခြားမှုတွေရှိလာ၊ သိလာမယ်ဆိုရင် ရဲကို အကြောင်းကြားပေးစေချင်ပါတယ်။ ကျွန်တော်တို့ အကောင်းဆုံးကြိုးစားပေးပါ့မယ်ခင်ဗျ။ ခွင့်ပြုပါဦး'

တော်တော်ရည်မွန်သည့်ရဲဟု ဦးသိန်းလွင် မှတ်ချက်ချလိုက်ပြီး သက်ပြင်းမောရှည်ကြီးတစ်ချက်ပါ ချလိုက်မိသည်။ အမေပျောက်၍ ညစဉ် တွတ်ထိုးနေမည့် ချစ်ဇနီးဒေါ်ငွေး၏အသံကို ကြိုတင်ကြားယောင်နေမိသည်။

♦ ♦ ♦

(နှစ်)

ဒေါ်နွဲ့ရီတစ်ယောက် တကယ့်တောမိ။

အိမ်နှင့်စက်ဝင်းထဲ ရေများဝင်လာ၍ အလုပ်သမားများ လုပ်အားပေးများ ဆူညံပွက်လောရိုက် သယ်ကြပြောင်းကြ ရွှေ့ကြ ပျားပန်းခပ်အလုပ်များနေသော မိသားစုနှင့် လုပ်သားများကြား သူ ဘာမှမလုပ်ရ။ အသက်အရွယ်အရလည်း လုပ်ရမည့်အလုပ်မဟုတ်တော့။

သည်နှစ်သင်္ကြန်စာအရ မိုးဦးညှံ့၊ မိုးလယ်၊ မိုးနှောင်းကောင်းမည်ဟု သင်္ကြန်စာကဆိုထားသည်။ ပြီးခဲ့သည့်နှစ်က ဝါထပ်နှစ်၊ ဝါထပ်လျှင် ရေကြီးမည်။ ဤသည်က ဗုဒ္ဓဘာသာ မြန်မာတိုင်းအသိ။

သူတို့တစ်တွေ အလုပ်ပြီးလျှင် မောမောပန်းပန်းနှင့် ဆာလောင်ကြမည်။ အလုပ်သမားများနှင့် လုပ်အားပေးများအတွက် ထမင်းက မလောက်၊ ထပ်ချက်ရဦးမည်။

အိမ်ဖော် ခင်မာရီ တစ်ယောက်တည်းနှင့်မဖြစ်။

မိုးမရွာသော်လည်း ရေကတက်နေ၍ လျှပ်စစ်မီးဖိုမသုံးဝံ့၊ မသုံးရဲ။ လူအများစာအတွက် ချက်ပြုတ်မည်ဆိုက စပါးခွံမီးဖိုသာ အကောင်းဆုံး။

မြေးအကြီးမ ခင်စန်းလွင်နှင့်တိုင်ပင်ပြီး ငါးခြောက်ကြော်နှင့် ပဲကုလားဟင်းချက်ရန် လုပ်ငန်းစပြီ။

အသက်ခုနစ်ဆယ်ကျော်လူကြီး ဖြစ်နေ၍လားမသိ အထိုင်အထမကောင်း။ ခဏ,ခဏထိုင်၊ ခဏ,ခဏထ၊ ဆီးသွားချင်လာသည်။ ရေကြီးသည်က အကြောင်းမဟုတ်။ အဓိကပြဿနာက သန့်စင်ခန်း။ ရေလောင်းအိမ်သာက ရေတက်လာပြီဖြစ်၍ မိလ္လာဆင်းပိုက်မှ ရေနှင့် အညစ်အကြေးများ တက်လာပြီ၊ သုံးမရတော့။

လူငယ်များအတွက်မူ ကုန်းမြင့်စက်ဝင်းတွင်းရှိ သန့်စင်ခန်းသို့ အပြေးအလွှားသွားနိုင်သည်။ သူလို ဂိလာမနတနပုဂ္ဂိုလ်အတွက်က မလွယ်။

သည်တော့ တုန်တုန်ချိချိနှင့် အိမ်ရှေ့ဘက်ထွက်လာပြီး အိမ်ရှေ့မြောက်ဘက်တွင် အုတ်ရေကန်နှင့် မော်တာတပ်ဆင်ထားသည့် တုံကင်။

သရက်၊ ပိန္နဲ၊ အုန်းပင်ကြီးများနှင့် သူ့တစ်ရပ်ခန့်ရှိ ငွေပန်းချုံအနား အသာသွား၊ ထိုင်၊ ဟိုကြည့်သည်ကြည့်နှင့် ကိစ္စပြီးလိုက်သည်။

ဒေါ်နွဲ့ရီ ထလိုက်သည်၊ ထ,မရတော့။ တစ်ချက်အား သွင်း၍ အားတင်းထလိုက်သည်၊ မရ။ တုံးလုံးဘလဲကျ



www.burmeseclassic.com

www.burmeseclassic.com

သွားသည်။ တော်သေးရဲ့၊ မည်သည့်ထိခိုက်သွေးထွက်သံယိုမှုမှမဖြစ်။

ဘေးတစောင်းအနေအထားဖြင့် သက်သောင့်သက်သာလဲနေခြင်း။ အော်ဟာစ်အသံပြုသည်။ အသံက လုံးဝမထွက်။ အိမ်ဖော် ခင်မာရီနှင့် မြေးမကြီး ခင်စန်းလွင်တို့ အုတ်ကန်သို့လာ၍ ရေခပ်ကြသည်။ လဲနေသောသူ့ကို မမြင်ကြ။ တဟီဟီ ရယ်မော၍ ပြန်သွားကြသည်။

ဆန်စက်လုပ်သားများ၊ လုပ်အားပေးရွာသားများ အုတ်ကန်သို့လာ၍ တဗွမ်းဗွမ်းရေချိုးကြ၊ နောက်ပြောင်ကြ၊ ဟားတိုက်ရယ်မောလိုက်၊ အော်ကြငေါက်ကြ၊ တေးသီကြ။

သို့သော် မည်သူကမှ သူ့ကိုမတွေ့။ သည်လောက်လူအများကြီး၊ မျက်စိအများကြီး။ အများနှင့်တစ်ယောက်။

တစ်ယောက်ယောက်ကတော့ သူ့ကိုမြင်နိုင်မည်။ အသံပေးသည်၊ အသံပြုသည်။ အသံမထွက်။ လှုပ်ရှား၍လည်း မရတော့။ တကယ့်ပြဿနာ။

အော်မရ၊ ဟာစ်မရ၊ လှုပ်မရ။ သို့သော် လူအများ တဗွမ်းဗွမ်းချိုးသောရေများက သူ့ကို တစ်စက်ကလေးပင် မစင်။ သည်လောက်ခြေထောက်တွေအများကြီး။ ဘယ်ခြေထောက်ကမှ သူ့ကို တက်မနင်း။ ငါဘာတွေဖြစ်နေတာလဲဟု ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်မိသည်။

အုတ်ကန်နှင့် အတန်လှမ်းသော ကွမ်းသီးပင် ပုစုစုအကြား သူလဲနေခြင်း။

စောစောက သူလဲခဲ့သည့်နေရာနှင့် ယခုနေရာ မတူ။ တစ်ခုသေချာသည်က လမ်းမလျှောက်နိုင်၊ မထနိုင်ဘဲ သည်နေရာသို့ ဘယ်ပုံဘယ်နည်းဖြင့် ရောက်နေရသနည်း။

သူ အိပ်ပျော်ခဲ့သည်လား အိပ်မပျော်ဘဲရှိနေလား ဝေခွဲမရ။ တဖြည်းဖြည်း မှောင်လာပြီ။

ပေါက်ပေါက်နှင့်ပက်သည်လား သဲနှင့်ဖွဲနှင့်ပက်သည်ဆိုရမည်လားမသိ၊ တဝီဝီအော်မြည်နေသော ခြင်တပ်ကြီးက သူ့အပေါ်တွင် အုပ်စုလိုက် ပျံဝဲနေကြသည်။

သို့သော် ခြင်တစ်ကောင်မှ သူ့ကိုအကိုက်မခံရ။ မှေးခနဲဖြစ်သွားပြီး အိပ်ရာမှနိုးလာသည်။ စောစောက နေရာမဟုတ်ဘဲ ရွှေ့ပြောင်းခံနေရကြောင်း သိရသည်။

သူ ကျင်ငယ်စွန့်သည်က တစ်နေရာ၊ လဲကျသွားသည်က တစ်နေရာ၊ ယခုရောက်နေသည်က တစ်နေရာ။ တကယ်တမ်းတွင် လူကြီးတစ်ယောက်အား ကာယကံရှင်မသိဘဲ ဤသို့နေရာရွှေ့ပြောင်းခြင်းဆိုသည်က လွယ်သောအလုပ်မဟုတ်။ စိုးရိမ်စိတ် နည်းနည်းဝင်လာသည်။ ပြီးတစ်အိမ်သားလုံးသာမက တစ်ရွာလုံးရှိလူများ၊ အိမ်နီးချင်းများ၊ ဆွေမျိုး,အပေါင်းအသင်းများ သူ့အား အမည်အော်ခေါ်နေခြင်း၊ လှေငယ်တစ်စင်းနှင့် ချောင်းထဲ၊ ရိုးထဲ ရေစုန်ရေဆန် ကွန်ပစ် ရေငုပ်ရှာဖွေခြင်းများကိုလည်း မြင်တွေ့ကြားသိနေရသည်။

သမီးဖြစ်သူ ဒေါ်ငွေး၊ မြေးမကြီး ခင်စန်းလွင်တို့၏ မျက်ရည်မခန်းသောပါးပြင်၊ သောကမျက်နှာ၊ အပူမျက်ဝန်း။

လူအများကို သူက မြင်တွေ့နေရပြီ။ သူ့ကို လူအများက မမြင်ကြ။ သူရောက်နေသည်က အပြာရောင်ခြယ်သထားသော ခန်းမတစ်ခု။

သို့သော် လေးဖက်လေးတန် မြင်ကွင်းများကို မြင်နေရသည်။ အစားစားချင်စိတ်လည်းမရှိ။ အခန်းထဲတွင် သူမှတစ်ပါး အခြားမည်သူမှမရှိ၊ မတွေ့။

အမှောင်ထုကြီးက ကြီးစိုးလာသည်။ အိမ်ကြီးဆီမှ မီးများလင်းလာပြီ။ လူတွေက တရုန်းရုန်း။ လူများဝင်ထွက်နေကြသည်မှာ တကယ့်ပျားပန်းခပ်။ သေချာပြီ၊ ပျောက်ဆုံးနေသောသူ့ကို မိသားစုက သဲသဲမဲမဲရှာနေကြပြီ။

♦ ♦ ♦

(သုံး)

သည်တစ်ခါ ရွာဦးကျောင်းမှ ကပ္ပိယကြီးဦးချစ်ဟန်ပင့်လာသည့်ဆရာကြီး။ ဥပဓိရုပ်ကတော့ကြမ်းသည်။ ခန္ဓာက ပုကွတုတ်ခိုင်၍ ခေါင်းတုံးဆံထောက်နှင့်။ မျက်နှာကလေးထောင့်၊ တကယ့်ဆယ်ပြားစေ့။ တိုက်ပုံစုတ်နွမ်းနွမ်းလေးအား အောက်ခံအင်္ကျီမပါဘဲဝတ်၊ တိုက်ပုံအင်္ကျီလက်ကို လက်လေးလုံးခန့်ခေါက်တင်၊ လုံချည်ကွက်ကျဲကြီးကို တိုတိုဝတ်ထားသည်။

ခေါက်တင်ထားသော တိုက်ပုံအင်္ကျီ လွတ်နေသောနေရာနှင့် ရင်ဘတ်ဟာပြဲအတွင်း၌ ဆေးနီ၊ ဆေးနက်များ၊ ဗျည်းစမများ ရေးထိုးထားသည်ကို တွေ့ရသည်။

သည်ပုံစံကိုကြည့်၍ ဦးသိန်းလွင် မှတ်ချက်ချမိသည်က ဆေးကုမယ့်ဆရာ သွားပင့်ခိုင်းပါတယ်။ ဆန်စက်ထဲတွင် အိတ်တင်အိတ်ချ အိတ်ထမ်းလူကြမ်းလိုသည်ဟူ၍ ကပ္ပိယကြီးဦးချစ်ဟန် နားကြားများလွဲလေရော့သလား ထင်မိသည်။

ကပ္ပိယကြီးက-



www.burmeseclassic.com

www.burmeseclassic.com

'ကျောင်းဒကာ··ကျုပ်ကို အပြစ်မတင်နဲ့။ မနေ့ညက မှ ကျောင်းရောက်လာတဲ့ဧည့်သည်၊ ဆရာတော်က ဒကာကြီးအိမ်ခေါ်သွားဆိုလို့ ကျောင်းဒကာကလည်း ကျုပ်ကို ဆေးဆရာ ပင့်ခိုင်းထားသမို့။ ဥပမိရုပ်ထက် ပညာအဓိက ပဲလေ။ ပြဇာတ်ကမှာမှမဟုတ်ဘဲ'

ဦးသိန်းလွင် တုံဏှိဘာဝေ။ ဆရာစုံနေပြီ။ ဗေဒင်၊ လက္ခဏာ၊ အကြားအမြင်၊ ခေါင်းစွဲ၊ နတ်ကတော်မှသည် စာကလေးဗေဒင်အဆုံး။ ယခုလည်းကြည့်၊ ဒေါ်ငွေးကတော့ လုပ်ချလိုက်ပြန်ပြီ။

ဦးသိန်းလွင်က ပီဘိဗုဒ္ဓဘာသာစစ်စစ်။ ရတနာမြတ်သုံးပါး၊ အနန္တောအနန္တငါးပါး၊ ဗုဒ္ဓမြတ်စွာမှလွဲ၍ ကျန် မယ်တော်၊ ဘိုးတော်၊ သိုက်၊ စက် စသည် မယုံကြည်၊ မကိုးကွယ်။

လက်ရှိအခြေအနေအရ အိမ်တွင် သိုက်ပွဲ၊ နတ်ပွဲ၊ ဘိုးတော်၊ မယ်တော်ပွဲများ။

ခေါင်းမူးလာသည်အထိ အငွေ့တလူလူ ထွန်းညှိထားသည့် အမွှေးတိုင်၊ နံ့သာတိုင်များ၊ သည်ကြားထဲ ဖယောင်းတိုင်မီးက နေ့ညမပြတ်။

လက်ရှိအနေအထားအရ ပျောက်ဆုံးနေသည့်ယောက္ခမကြီး မတွေ့မချင်း ဇနီးသည်ဒေါ်ငွေးအကြိုက် လိုက်ပေးနေရဦးမည်လေ။ ဘာလိုလိုနှင့် ဒေါ်နွဲ့ရီပျောက်ဆုံးနေသည်မှာ ယနေ့ဆိုလျှင် တစ်ပတ်တိတိရှိသွားပြီ။

အလောင်းတွေ့သည်၊ အလောင်းပေါ်သည့်သတင်းပင် မရ။ ဘိုးတော်၊ မယ်တော်၊ သိုက်၊ ဗေဒင်၊ အကြားအမြင် ဆရာ,ဆရာမများ ဟောပြောချက်ကမူ တစ်ထပ်တည်း။

အသက်မသေဘဲ ကောင်းမွန်စွာရှိနေသည်တဲ့။ ကြာတော့ ရှုးချင်စိတ်ပင်ပေါက်လာသည်။

ဟော··လာပြန်ပြီ၊ နောက်တစ်မျိုး။

◆ ◆ ◆

ချီကတည်းက ယဉ်သကိုဆိုသည့်ကိန်း။ ဆယ်ပြားစေ့ မျက်နှာဘိုးတော်ကြီးက ယခင်ပြင်ထားသည့် အုန်း၊ ငှက်ပျောပွဲများအားလုံးကို တွန်းလှဲပစ်ချ ဝုန်းဒိုင်းကြဲလိုက်ပြီးမှ အမြင့်(၅)ပေခန့်ရှိ အုန်း၊ ငှက်ပျောပွဲများ တင်ထားသည့် စင်မြင့်လေးပေါ်သို့ လွှားခနဲခုန်တက်လိုက်ပြီး တင်ပျဉ်ခွေ ထိုင်နေလိုက်သည်။

'ဟင်··ဟာ'

'အို··ဟယ်'

(၅)ပေအမြင့်ခန့်ရှိ စင်မြင့်ထက်မှ သတ္တုဇလုံတွင်းရှိ အုန်း၊ ငှက်ပျောပွဲပေါ် မိန့်မိန့်ကြီးထိုင်နေသော ဆယ်ပြားစေ့ ဘိုးတော်ကြီး၏ အပြုအမူက တကယ့်တအံ့တဩ။

တစ်အိမ်လုံး အာမေဍိတ်သံများ ဆူညံသွားသည်။ ပွဲဆိုသည်ကလည်း အုန်းတစ်လုံး၊ ငှက်ပျောသုံးဖီး၊ လက်ဖက်၊ ကွမ်း၊ အမွှေးနံ့သာတိုင်၊ အလင်းတိုင်များ ထွန်းညှိထားခြင်းသာ။

ဤကန်တော့ပွဲအပေါ် ထိုင်နေဖို့ဝေးစွ မတ်တတ်ရပ်ဖို့ပင်မလွယ်။

ယခုတော့ အနိမ့်ဆုံးပေါင်(၂၀၀)ခန့်ရှိလူဝကြီး အင်္ကျီဟာပြဲ ဆယ်ပြားစေ့ဆရာကြီးက လွှားခနဲ အုန်း၊ ငှက်ပျော ထည့်ထားသည့်ဇလုံ(ပွဲ)ပေါ် မိန့်မိန့်ကြီး။

တိုက်ပုံအင်္ကျီစုတ်ဟာပြဲနှင့် ပွဲပေါ်တင်ပျဉ်ခွေထိုင်လိုက်ပြီး ဆေးပြင်းလိပ်ထုတ် မီးညှိဖွာရှိုက်လိုက်ပြီးမှ အသံဝါကြီးဖြင့် -

'ကယ်သင့်သူကိုကယ်ဖို့ ငါရောက်လာပြီ။ အဘလာပြီ၊ ဘာမှမပူနဲ့။ ဖယ်ဆရာဖယ်၊ ရှားဆရာရှား၊ ဖုံးအုပ်ကွယ်ဝှက်ထားသည်များ မြင်ရစေ့မယ်ဗျာ။ မနက်ဖြန်မနက် ပြန်ရောက်စေရမယ်။ ငါ့အမိန့်'

ဤမျှတိုတိုတုတ်တုတ်ပြောပြီး စကားအဆုံး တင်ပျဉ်ခွေထိုင်လျက်မှ ကြမ်းပြင်ပေါ် လွှားခနဲခုန်ဆင်းလိုက်ပြီး-

'ဘာမှမဟုတ်ဘူး။ ဖင်စည်းကမ်းမရှိလို့ ရွာတော်ရှင် ဝှက်ထားတာ။ ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနား၊ ငါးပါးအနန္တ မမေ့ကြနဲ့။ ပြီးပြီ၊ ပြန်မယ်'

စောစောက လုံးဝအယုံအကြည်မရှိသော ဦးသိန်းလွင်နှင့် အိမ်ပေါ်ရောက် ဧည့်သည်များပါ အဘိုးကြီးကို ဝိုင်းကန်တော့ကြသည်မှာ ဖင်များထောင်လျက်။

'ဆရာကြီးခင်ဗျာ··ပြောမှားဆိုမှားရှိရင် တောင်းပန်ပါတယ်။ မရိုမသေ မလေးမစား မဟုတ်ပါဘူး။ မသိလို့ပါ။ ဒီတစ်ညတော့ ဒီအိမ်မှာပဲ အိပ်စေချင်ပါတယ်။ ကပ္ပိယကြီး··တောင်းပန်ပေးပါဦး'

တောင်းပန်သံများက ပွက်လောရိုက်လျက်။ သို့သော် ဆယ်ပြားစေ့ဘိုးတော်က လုံးဝလက်မခံ၊ ဘူးဆို ဖရုံမသီး။

'ရတနာသုံးပါး၊ အနန္တောအနန္တငါးပါး၊ ရုပ်နဲ့နာမ် ဆိုတာရှိသလို လောကကြီးမှာ ဓာတ်နဲ့ နတ်ဆိုတာလည်းရှိတယ်။ နတ်နဲ့နဂါး မလှည့်စားနဲ့။ မရိုမသေ မလေးမစား မလုပ်နဲ့။ မယုံရင်နေ မစော်ကားနဲ့။ မနက်ဖြန်မနက် ပျောက်



www.burmeseclassic.com

www.burmeseclassic.com

နေတဲ့အဘွားကြီး ပြန်ရောက်လာစေရမယ်။ ဒါ့အပြင် ဘာမှ အနှောင့်အယှက်မရှိ။ လာ··ကပ္ပိယကြီး၊ ပြန်မယ်'

တကယ့်လူ့ဘုကန့်လန့်၊ ခွ။

မည်သူက မည်သို့သောအကြောင်းပြ တောင်းပန်ချက်ကိုမှ လက်မခံ။ ဘုန်းကြီးကျောင်း ပြန်သွားပြီ။

ဘာများရောတတ်နိုင်ပါဦးမည်နည်း။

တစ်ခုပဲရှိသည်။ မနက်ဖြန် ဒေါ်နွဲ့ရီ ဆယ်ပြားစေ့ဘိုးတော်ပြောသလို အိမ်ပြန်ရောက်,မရောက် စောင့်ကြည့်ရတော့မည်။

♦♦♦

BURMESE CLASSIC .com

(လေး)

နောက်တစ်နေ့နံနက်။

နံနက်စောစော (၅း၀၀)နာရီခန့်တွင် ဦးသိန်းလွင် အိမ်အုတ်ရေကန်နံဘေးတွင် ခုနစ်ရက်တိတိပျောက်ဆုံးနေသော ဒေါ်နွဲ့ရီကို ခွေခွေလေးလဲနေသည်ကို မြင်တွေ့လိုက်ရသည်။

မည်သည့်မှက်၊ ခြင်၊ ယင် ကိုက်ထားသည့် အဖုအပိမ့်မှမရှိ၊ မတွေ့။ ဒေါ်နွဲ့ရီ၏အမူအရာက တကယ့်တည်တည်ငြိမ်ငြိမ်။

'မင်းတို့ကွယ်··အခုမှ လာခေါ်ကြရသလား။ မင်းတို့ငါ့ကို ရှာနေ၊ ပြောနေ၊ ဆိုနေတာတွေ အကုန် ငါမြင်ကြားနေရတယ်။ ငါ့ပါးစပ်က ပြောမရအဆိုမရလို့သာ။ မင်းတို့ငါ့ကို တကယ်မတွေ့ကြဘူးလား'

အားလုံး အံ့အားသင့် ဝမ်းသာလျက်-

'အမေ··အမေ··ဘယ်ပျောက်သွားနေတာလဲဟင်'

'အဘွား··အဘွား'

ဒေါ်ဌေးနှင့်သမီးတို့က မိခင်နှင့်အဘွားအား မျက်ရည်လည်ရွဲ နှုတ်ဆက်သံများ။

'အို··လာ··လာ··အိမ်ပေါ်ကျမှ အေးအေးဆေးဆေး ပြောကြဆိုကြတာပေါ့'

ဆန်စက်မှ အသက်အကြီးဆုံးလုပ်သားကြီး ဦးမြ၏ သတိပေးမှုကြောင့် ဒေါ်နွဲ့ရီအား တွဲ၍ အိမ်ပေါ်သို့ခေါ်သွားကြတော့သည်။

အံ့ဖွယ်ကောင်းသည်မှာ နေအိမ်မှ ခုနစ်ရက်တိတိ ပျောက်ဆုံးခဲ့သော ဒေါ်နွဲ့ရီမှာ လုံးဝပင်ပန်းနွမ်းနယ်မှုမရှိဘဲ လန်းဆန်းနေခြင်းပင်။

အိမ်သားများမေး၍ ဒေါ်နွဲ့ရီပြောသည်မှာ-

'အမေလည်း အိမ်ထဲမှာ လူတရှန်းရှန်းနဲ့ဆိုတော့ အိမ်ရှေ့ထွက်လာခဲ့တယ်။ အမေ့အကြောင်း သမီးသိသားပဲ။ လူထူလေ အလုပ်များလေ ဆီးသွားချင်ပဲလေ။ သန့်စင်ခန်းကလည်း ရေတွေပြည့်နေလို့ သုံးမရဘူးလေ။ လူငယ်တွေလို ပေါ့ပေါ့ပါးပါးလည်းမဟုတ်တော့ အိမ်ရှေ့ မယောင်မလည်နဲ့ထွက်၊ တုံကင်နဲ့ အုတ်ကန်ဘေးက ကွမ်းသီးပင်စုအကြားအီးသာထိုင်လိုက်တာပေါ့။ ပြီးတော့ ထ,မယ်အလုပ် အမေ့ပခုံးကို လက်တစ်ဖက်က လာထောက်ထားတော့ ထလို့မရတော့ဘူးလေ။ ဒါနဲ့ မော့ကြည့်လိုက်တော့ အထက်အောက်ဝတ်စုံဖြူဝတ်ထားပြီး သျှောင်တစောင်းနဲ့ ပခုံးနှစ်ဖက်ကိုလည်း ပုတီးကြီးတစ်ကုံးစီ ဆွဲထားသေးတယ်။ သူ့မျက်နှာကြီးက အတော့်ကိုစိတ်ဆိုးနေတဲ့ပုံ။ ဒါပေမဲ့ ပါးစပ်ကတော့ဘာမှမပြောဘူး။ သူ့မျက်လုံးအကြည့်ကို အမေမခံနိုင်လို့ မျက်လွှာတောင်ချထားရသေးတယ်။ ဒီနောက် အမေ အိပ်ပျော်သွားသလိုပဲ။

သတိရလို့ကြည့်လိုက်တော့ အခန်းကျယ်ကြီးတစ်ခုထဲရောက်နေတယ်။ ဘာပရိဘောဂမှမရှိဘူး။ အမေ ထိုင်လျက်အိပ်လို့ရတဲ့ ခုံလေးတစ်လုံးပဲရှိတယ်။ အခန်းကို အပြာရောင်ခြယ်ထားတယ်။ တစ်ခုထူးဆန်းတာက အခန်းဆိုပေမယ့်လည်း သမီးတို့လှုပ်ရှားသွားလာနေတာတွေကို အမေ အကုန်မြင်နေ၊ ကြားနေရတယ်။ နှုတ်ကတော့ အသံပြုလို့ မရဘူးကွယ့်။ မေမေအိပ်ရတဲ့ ခုံလေးပေါ်ကပဲ မင်းတို့ကို ငေးကြည့်နေရတာပဲ။

ဟင့်အင်း··အမေ့နား ဘယ်သူမှမလာသလို စကားပြောမယ့်သူလည်း မရှိပါဘူး။ သြော်··အစားအသောက်လား။ သမီးတို့ကသာ အမေ့ကို ခုနစ်ရက်ပျောက်တယ်ပြောတာ၊ အမေကတော့ မိနစ်ပိုင်းလောက်ပဲ အောက်မေ့တယ်။ အိပ်ရာကနိုးလာတော့ အမေ့နားမှာ ဖီးကြမ်းငှက်ပျောသီးနှစ်လုံးတွေ့တယ်။ အဲဒီနှစ်လုံးပဲ စားရသေးတယ်။ ဗိုက်က ခုထိ မဆာတော့ဘူး။ အမေ့ကို ဘယ်သူမှမရှိဘဲ ဘယ်သူကချုပ်ချယ်မှာလဲကွယ်။ နောက်တော့ ဟိုအင်္ကျီဟာပြဲနဲ့ဆရာကြီး ရောက်လာတာပဲ။ ဆရာကြီးကို ဝတ်စုံဖြူနဲ့ ပုဂ္ဂိုလ်ကြီးက အရိုအသေပေးပြီး အမေ့ကိုလည်းကြည့်လိုက်၊ ဗမာစကားမဟုတ်တဲ့ စကားတွေပြောလိုက်နဲ့ အမေလည်း သူတို့ကိုငေးနေရင်း မကြားတစ်ချက် ကြားတစ်ချက် မှေးခနဲဖြစ်၊ ဆတ်ခနဲနိုးလာတော့ သမီးတို့ အမေ့ကို တွေ့တာပဲ။ အမေ့အဖြစ်ကတော့ ဒါပါပဲကွယ်'

'အောင်မယ်လေး အမေရယ်၊ ကံကြီးပြီး ရှင်တော်



www.burmeseclassic.com

www.burmeseclassic.com

ကောင်းနဲ့တွေ့လို့ မသေကောင်းမပျောက်ကောင်းပါလား'

ဒေါ်နွဲ့ရီ၏ ရှင်းပြချက်အပြီးတွင် ဒေါ်ငွေးနှင့် သမီး ခင်စန်းလွင်တို့ မျက်ရည်လည်မဆုံး။

'ဒါ..ဒါဆို အမေ့ကျေးဇူးရှင်က အဲဒီအင်္ဂါဟပြဲကြီးနဲ့ ဟို..ဟို..ဆယ်ပြားစေ့ဘိုးတော်ပေါ့နော်'

'ဟုတ်တယ် သမီး၊ အမေ အဲဒီကျေးဇူးရှင်ကြီးကို သွားကန်တော့ချင်တယ်ကွယ်'

'သွားမယ်လေ အမေ။ သူက သမီးတို့မိသားစုကျေးဇူးရှင်ပဲ'

သမီးနှင့် အမေ၊ မြေးနှင့် အဘွားတို့ ဆယ်ပြားစေ့ဘိုးတော်အား သွားကန်တော့ရန် စီစဉ်နေကြစဉ် ကပ္ပိယဦးချစ်ဟန်ကြီး ရောက်လာတော့သည်။

'ဗျို့..ဒေါ်နွဲ့ရီ၊ ဟို..အင်္ဂါဟပြဲဆရာကြီး ပြန်ကြွသွားပြီလားဗျ'

'ရှင်..ဦးချစ်ဟန်၊ ဆရာကြီး ဒီဘက် ဒီမနက် လုံးဝ မလာပါဘူး။ ကျွန်မတို့မိသားစုတောင် အခုပဲ ကျောင်းကို လာကန်တော့ကြတော့မလို့'

'အင်း..တော်တော်ထူးဆန်းတဲ့ ဆရာကြီးပဲ။ ဒီဘက်ကို သွားဦးမယ်ဆိုလို့ လိုက်လာခဲ့တာဗျ၊ မကြာသေးဘူး။ အဲ..ကျုပ်ကိုလည်း စကားတစ်ခွန်းပြောခဲ့သေးတယ်ဗျ'

'ဘာများတုံး ကပ္ပိယကြီးရဲ့'

အားလုံးပင် ကပ္ပိယကြီးပြောလာမည့်စကားကို ငံ့လင့်နေကြသည်။

'သြော်..မယုံကြည်ရင်နေ မစော်ကားပါနဲ့တဲ့။ မိမိရဲ့ အပြုအမူဟာ တစ်ဖက်သားကို စော်ကားမိသလို ပြီြငြင်တာ မဖြစ်စေနဲ့တဲ့။ ရတနာမြတ်သုံးပါး၊ အနန္တောအနန္တငါးပါး မမေ့နဲ့။ နတ်နဲ့နဂါး မလှည့်စားနဲ့တဲ့ဗျ။

အဲ..နောက်ဆုံးစကားတစ်ခွန်း ရှိသေးတယ်ဗျ။ ဘာတဲ့၊ သြော်..ဝိဇ္ဇာစကား ပြဋ္ဌာန်းမလည်း။ ဝိဇ္ဇာမှာ လိပ်စာ မရှိဘူးတဲ့ဗျ'

ကပ္ပိယကြီးက ပြောပြောဆိုဆို လှည့်ထွက်သွားပြီ။

ထိုအချိန်မှစ၍ ယနေ့တိုင် ဆယ်ပြားစေ့ဘိုးတော်ကား လုံးဝစုံးစုံးမြုပ်။

ဝိဇ္ဇာတွင် လိပ်စာမရှိပါတကား။

မေတ္တာရည်လျက်

ကျော်မင်းညွှန့်(လှည်းကူး)

---

သတိပြု

ချယ်ရီမဂ္ဂဇင်းတိုက်သို့ စာမူများ ပေးပို့ရာတွင်
စာမူအား မိတ္တူကူး၍ တိုက်ရိုက်ပေးပို့ခြင်း
မပြုလုပ်ကြပါရန် အရေး(အရေး)
မေတ္တာရပ်ခံပါသည်။
(စာမူအား ကူး၍ တိုက်ရိုက်ပေးပို့ခဲ့သော
ဆရာ/ဆရာမများသို့
တိုက်ရိုက်ရည်ညွှန်းပါသည်။)
(အယ်ဒီတာအဖွဲ့)



www.burmeseclassic.com